www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၃-မတ်လ

**အဖုံး/အတွင်းဖလင်**
STARS / AZ

**မျက်နှာဖုံးဒီဇိုင်း/ပန်းချီ**
တင်မောင်မြင့်

**အုပ်ရေ**
၅၀၀

**တန်ဖိုး**
၃၀၀၀

**ပုံနှိပ်သူ**
ဦးကျော်ကျော်(သုခရွှေစင်ပုံနှိပ်တိုက်)
အမှတ်၉၄(က)၊ တာဝတိံသာလမ်း
ပုဇွန်တောင်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးနေမျိုး(နေမျိုးစာပဒေသာစာပေ)
အမှတ်၁၊ သုမင်္ဂလာလမ်း ၅ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# တတိယအမြွှာ

ခင်သန့်

# The Third Twin

by

**Ken Follett**

www.burmeseclassic.com

www.burmeseclassic.com

သုတစ်အိမ် မှ စီစဉ်သည်

## အခန်း (၁)

ဘော်လ်တီမိုးမြို့ပေါ်၌ အပူရှိန်ကလွှမ်းခြုံနေသည်။ သစ်ရိပ်၊ ဝါးရိပ်ပေါသည့် ဆင်ခြေဖုံးများတွင်တော့ မြက်ခင်းကလေးများဖြင့်အေးမြနေ၏။သို့သော် လူကုံထံရပ်ကွက်များတွင်မူ အိမ်ထဲ၌ လေအေးပေးစက်ဖွင့်နေရသည်။ဇက်တင်အာလကျန်ရှန်နီးပြီဖြစ်သော်လည်း ရွက်ကြွေရာသီမှာ တော်တော်နှင့်ရောက်လာမည့်ပုံမပေါ်။

ရှေ့မီးလုံးတစ်လုံးကွဲပြီး လျှပ်စစ်သုံးတိတ်ပြားဖြင့် ကြက်ခြေခတ်ကပ်ထားသောသံချေးတက်နေသည့် အဖြူရောင်ဒတ်ဆန်းကားတစ်စီးမြို့လယ်၏မြောက်ဘက်အလုပ်သမားရပ်ကွက်တစ်ခုအတွင်းသို့ မောင်းဝင်လာသည်။ကားတွင်းလေအေးပေးစက်မပါသဖြင့်ယာဉ်မောင်းသူမှာ ပြတင်းပေါက်မှန်များကိုအကုန်ချထားရသည်။ ယာဉ်မောင်းသူမှာ အသက်၂၂နှစ်ခန့်လူချောတစ်ယောက်ဖြစ်ပြီး ခြေထောက်တွင်ဖြတ်ထားသည့်ဂျင်းဘောင်းဘီကို သန့်ရှင်းဖြူစင်သည့် တီရှပ်၊ရှေ့ဘက်တွင် လိုမြိုရေးဟု စာတန်းပါသည့်တော့စ်ဘောဦးထုပ်တို့ကိုဆင်မြန်းထား၏။ပေါင်တွင် ကပ်ချည်ထားသည့် ပလတ်စတစ်သေနတ်အိတ်မှာချွေးများဖြင့်ချော်နေသည်။သို့သော် သူကယင်းတို့ ဂရုမစိုက်၊ သူ့စိတ်မှာရွှင်မြူးနေသည်။

ရေဒီယိုကိုဖွင့်ထားရာ ကာလပေါ်သီချင်းများလာနေ၏။သူ့ဘေးကထိုင်ခုံပေါ်တွင် ဖိုင်တစ်ခုကိုဖွင့်၍ချထားသည်။ထိုဖိုင်ကို သူမကြာခဏလှမ်းကြည့်၏။ဖိုင်ထဲတွင် မနက်ဖြန်ဖြေဆိုရမည့်စာမေးပွဲအတွက်လေ့လာရန် ပညာရပ်ဆိုင်ရာဝေါဟာရများရိုက်ထားသည့်စာရွက်တစ်ရွက်ရှိသည်။ စာကျက်ရသည်မှာသူ့အတွက် လွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



၏။ ။ပယောက်ကျက်လိုက်ရုံဖြင့်ထိုအကြောင်းအရာများကိုသူရသွားတော့သည်။

မီးပွိုင့်ရောက်တော့ ရွှေရောင်ဆံပင်နှင့်အမျိုးသမီးတစ်ယောက် မောင်းလာသည့် ပေါ်ရှေးအမျိုးအစားကားတစ်စီး သူ့ဘေးတွင်ဆိုက်လာသည်။ သူက ထိုမိန်းကလေးကို ပြုံးပြကာ..

"ကားက ကောင်းလှချည်လား"

ဟုပြောလိုက်သည်။အမျိုးသမီးမှာဘာမျှမပြောဘဲ မျက်နှာကိုတစ်ဘက်သို့လွှဲလိုက်သည်။ သူမမှာ နှုတ်ခမ်းထောင့်ကလေးဖြင့်ပြုံးလိုက်မှန်းသူသိလိုက်၏။မိမိထက်အသက်နှစ်ဆလောက်ကြီးမှန်းသိသာသည်။ ဤလိုကားမျိုးစီးသည့် မိန်းမများထိုအသက်အရွယ်လောက်ပင်။

"ဒီကနေ နောက်မီးပွိုင့်ရောက်အောင် ကားပြိုင်မောင်းမလား"

သူကပြောလိုက်သည်။ထိုအခါသူမကရယ်၏။ မြူဆွယ်ဟန်ဂီတသံပါသည့်ရယ်သံမျိုး။ပြီးတော့သွယ်လျသောလက်ချောင်းကလေးများဖြင့် ဂီယာကိုထိုး၍ခုံးပျံလွှတ်သည့်ပမာ ကားကိုမောင်းထွက်သွားတော့သည်။

သူက ပခုံးတွန့်လိုက်သည်။ အစမ်းလေ့ကျင့်နေခြင်းမျှသာဖြစ်၏။

ထို့နောက်သူသည်သစ်သားစည်းရိုးများကာထားသည့် ဂျုံဖော တက္ကသိုလ်ဆီသို့မောင်းလာခဲ့သည်။ထိုတက္ကသိုလ်မှာ မိမိတက်ခဲ့သည့်ကောလိပ်ထက်များစွာခမ်းနားသည်။ ဂိတ်ဝကိုဖြတ်ကျော်လာတော့ အမျိုးသမီးရှစ်ယောက်၊ ဆယ်ယောက်ခန့်အားကစားဝတ်စုံဖြင့် ပြေးနေကြသည်ကိုတွေ့ရသည်။ ဘောင်းဘီတိုခပ်ကျပ်ကျပ်၊ နီကီဘီနပ်၊ ချွေးစိုနေသည့်တီရှပ်၊ ခေါင်းစီးကြိုးများနှင့်ဖြစ်သည်။ ဟောက်ကီအသင်းဖြစ်မည်ထင်၏။ ခပ်တောင့်တောင့်ရှေ့ဆုံးမှတစ်ယောက်မှာ အသင်းခေါင်းဆောင်ဖြစ်ပြီး ဤအားကစားရာသီအတွက် လေ့ကျင့်ပေးနေခြင်းဖြစ်မည်။

ထိုအမျိုးသမီးများကျောင်းဝင်းအတွင်းသို့ဝင်လာကြသည်။သူသည် ထိုမိန်းမများကိုကြည့်ပြီး စိတ်ကူးတွေယဉ်၍ဘာမျှမမြင်ရတော့။ ထိုမိန်းမများအဝတ်လဲခန်း၌ရေချိုးနေကြပုံ၊ ဆံပင်ကိုတဘက်နှင့်သုတ်နေပုံ၊ အတွင်းခံဘောင်းဘီဝတ်နေပုံ၊ အသင်းခေါင်းဆောင်က အဝတ်အစားမလုံ့တလုံနှင့်လှည့်ပတ်သွားကာ သူမ၏ကြွက်သားများပြနေပုံများတို့ကို မြင်ယောင်ကြည့်နေမိသည်။

သူတို့အလန့်တကြားဖြစ်ကုန်လျှင် မည်သို့နေကြမည်ပါလိမ့်။သူတို့ သွေးရူးသွေးတန်းဖြစ်ကုန်ကြမည်။ မျက်လုံးပြူးကာ ကြောက်သူကကြောက်၊ အော်ဟစ်ငိုသူကငို၊ အရူးတစ်ပိုင်းဖြစ်သူကဖြစ်နေကြလိမ့်မည်။ပြေးမိပြေးရာပြေးကြရင်း တစ်ယောက်နှင့်တစ်ယောက်ဝင်တိုက်၊ မိန်းမဝဝကြီးတစ်ယောက်ကချော်လဲပြီးငိုနေ၊ အခြားတစ်ယောက်ကသူမကိုခလုတ်တိုက်၊ ပုန်းသူကပုန်း၊ တံခါးပေါက်ပြေးရှာသူကရှာ၊ အန္တရာယ်



မှဝေးရာသို့ပြေးနေကြပေလိမ့်မည်။

သူကကားကိုဘေးသို့ထိုးရပ်ပြီး ဂီယာကိုဖြုတ်လိုက်သည်။ အသက်ရှူသံတွေ ပြင်းနေ၏။ မိမိ၏ တဒိန်းဒိန်းရင်ခုန်သံကို ပြန်၍ကြားနေရသည်။ အခြေအနေမှာအကောင်းဆုံးဖြစ်နေသည်။ သူတို့ ဘာကိုကြောက်ကြမည်ပါလိမ့်။ အမျိုးမျိုးစဉ်းစားပြီးနောက် နောက်ဆုံးတွင်အဖြေရသွားသည်။ မီးလောင်အောင်လုပ်ရမည်။ ထိုအဆောက်အဦးကြီးမီးလောင်လျှင် သူတို့ကြောက်ကြလိမ့်မည်။ မီးခိုးများကြောင့်ချောင်းဆိုးသူကဆိုး၊ မွန်သူကမွန်၊အဝတ်အစားမလုံ့တလုံဖြင့် သေပြေးရှင်ပြေး ပြေးနေကြပေမည်။

"ဘုရား..ဘုရား.."

သူသည်ရှေ့တူရူသို့စိုက်ကြည့်နေရင်း ထိုမြင်ကွင်းများကိုရုပ်ရှင်ကြည့်ရသည့်ပမာ မြင်ယောင်နေမိတော့သည်။

ခဏကြာတော့ သူစိတ်ပြေသွားသည်။ ဆန္ဒကတော့ပြင်းပြနေဆဲ။ အာသီသကမပြေသေး။ရေငတ်နေစဉ် ဘီယာအကြောင်းစဉ်းစားရသကဲ့သို့ဖြစ်သည်။တီရှပ်အကျီဖြင့် မျက်နှာမှချွေးတို့ကိုသုတ်ပစ်လိုက်သည်။ ဤစိတ်ကူးတွေကိုမေ့ပစ်ကာ ကားမောင်းထွက်သွားရန် စိတ်ကူးလိုက်သေး၏။သို့ရာတွင်အခြေအနေက အလွန်ကောင်းနေသည်။ အန္တရာယ်ကတော့အလွန်ကြီးသည်။မိမိကိုမိသွားလျှင် နှစ်ရှည်ထောင်ကျနိုင်၏။သို့သော် သူ့ဘဝတွင်အန္တရာယ်ကိုကြောက်၍နောက်ဆုတ်သည်ဟူ၍မရှိခဲ့။

ဆန္ဒကို အတင်းတွန်းလှန်ပစ်သော်လည်း ဖွတ်တိုးချင်စိတ်သာရှိသည်။ထို့ကြောင့် ကားကိုကျောင်းဝင်းအတွင်းသို့ချိုးကွေ့ဝင်ခဲ့သည်။

ဤနေရာကို ယခင်ကတည်းကရောက်ခဲ့ဖူးသည်။တက္ကသိုလ်ဝင်းမှာ ကောတစ်ရာကျယ်၍ မြက်ခင်းတွေ၊ ပန်းခြံတွေ၊ သစ်ပင်တန်းတွေနှင့်။အဆောက်အဦးတွေကတော့ အုတ်တိုက်နီနီကလေးများဖြစ်သည်။ ကွန်ကရစ်တွေ၊ မှန်တွေနှင့် ခေတ်မီအဆောက်အဦးအနည်းငယ်တော့ရှိ၏။အဆောက်အဦးတစ်ခုနှင့် တစ်ခုလမ်းကျဉ်းကလေးများနှင့်ဆက်သွယ်ထား၏။ထိုလမ်းများတွင် ကားရပ်နားစထည့်သွင်းရသည့်စက်ကလေးများရှိနေသည်။

ဟော်ကီအဖွဲ့ကိုမတွေ့ရတော့။ သို့သော် အားကစားရုံကိုစကာနင့်ရှာတွေ့ခဲ့သည်။ယင်းမှာ ပြေးလမ်းဘေးမှ ခပ်မြင့်မြင့်အဆောက်အဦးတစ်ခုဖြစ်၏။အဆောက်အဦးအပြင်ဘက်တွင်လည်း သံပြားပိုင်းပစ်ဟန်ရုပ်တုတစ်ခုရှိနေသည်။

ကားရပ်နားခပေးရသည့်မီတာပုံးတစ်ခုရှေ့တွင် သူကကားကိုရပ်လိုက်သည်။သို့သော် ရပ်နားခကိုစက်ထဲသို့မထည့်ခဲ့။ ကားရပ်နားခမီတာပုံးထဲသို့သူဘယ်တော့မှငွေထည့်လေ့မရှိ။ဟော်ကီအသင်းခေါင်းဆောင် ခပ်တောင့်တောင့်အမျိုးသမီးမှာ

www.burmeseclassic.com

www.burmeseclassic.com



အား ကစားရုံလှေကားပေါ်တွင်ရပ်နေပြီး အမျိုးသားတစ်ယောက်နှင့်စကားပြောနေ၏။

သူကလှေကားပေါ်သို့ပြေးတက်သွားပြီး ယော်ကီအသင်းခေါင်းဆောင်အနီးရောက်တော့ ပြုံးပြကာတံခါးကိုတွန်းပြီးဝင်လာခဲ့သည်။

အဝင်ဝခန်းမထဲတွင် လူတွေများလှသည်။ယောကျ်ား၊ မိန်းမများခေါင်းစည်းကြိုးတွေဖြင့် ဝင်ထွက်သွားလာနေကြသည်။ လက်ထဲတွင်လည်း တင်းနစ်၊ ကြက်တောင်ရိုက်တံတွေ၊ အားကစားကျောပိုးအိတ်တွေနှင့်။ကောလိပ်အားကစားအသင်းများ တနင်္ဂနွေနေ့တွင်လေ့ကျင့်နေကြသည်ထင်၏။

အခန်းအလယ်လောက်တွင် လုံခြုံရေးတစ်ယောက်စားပွဲတစ်လုံးနှင့်ထိုင်ကာကျောင်းသားကတ်များကို စစ်ဆေးနေသည်။ ထိုအချိန်တွင် အပြေးသမားအုပ်စုတစ်စုဝင်လာပြီး အချို့ကလည်း လုံခြုံရေးအားကတ်ပြားထောင်ပြသည်။အချို့ကလည်း ပြရန်မေ့သွားကြသည်။လုံခြုံရေးက ပခုံးတွန့်ကာဖတ်လက်စစာအုပ်ကိုဆက်ဖတ်နေ၏။

လူစိမ်းသည် မှန်ပုံးများဖြင့်ထည့်ထားသည့် ဂျူးဖောတက္ကသိုလ်မှရရှိသောအားကစားဆုဖလားများကိုလိုက်ကြည့်နေ၏။ ခဏကြာတော့ဘောလုံးအသင်းတစ်သင်းဝင်လာသည်။ယောကျ်ားဆယ်ယောက်နှင့် မိန်းမတစ်ယောက်ပါလာ၏။လူစိမ်းကထိုအခန်းဆုံးပြီးမြေအောက်ထပ်နှင့်လှေကားဖြင့်ဆင်းသည်အထိလိုက်သွားသည်။ ထိုအုပ်စုမှာ သူကိုကစားခဲ့ကြသည့်ဘောလုံးပွဲအကြောင်း ရယ်ကာမောကာပြောနေကြသည်။သူ့ကိုလည်းသတိမထားမိကြ။

သူကပုံမပျက်နေပြီး မျက်စိကိုလျှင်လျှင်ထားသည်။လှေကားရင်းတွင် အခန်းငယ်တစ်ခန်းရှိပြီး ထိုအခန်းထဲ၌ ကိုကာကိုလာရောင်းသည့်စက်ဗူးတစ်လုံး၊ ပိုက်ဆံပေးဆက်ရသည့်ဖုန်းတစ်လုံးရှိသည်။ထိုအခန်းအဆုံးတွင် အမျိုးသားများအဝတ်လဲခန်းရှိသည်။ဘောလုံးအဖွဲ့ထဲမှအမျိုးသမီးက စင်္ကြံအတိုင်းဆက်လျှောက်သွားသည်။အမျိုးသမီးအဝတ်လဲခန်းသို့သွားသည်ထင်၏။

လူစိမ်းကဖုန်းကိုကောက်ယူပြီး အကြွေစေ့ရှာနေဟန်လုပ်နေသည်။ဘောလုံးသမားများမှာ အဝတ်လဲခန်းထဲသို့ တန်းစီပြီးဝင်နေကြသည်။ သူတို့ထဲမှ အမျိုးသမီးကအခန်းတစ်ခန်းထဲသို့ တံခါးဖွင့်ဝင်သွားသည်ကိုတွေ့လိုက်ရသည်။ အခန်းထဲတွင် အမျိုးသမီးအားလုံးရေချိုးသူချိုး၊ချွေးတွန်းသူတွန်း၊ကိုယ်ကို တဘက်ဖြင့်သုတ်သူသုတ်နှင့်လုပ်နေကြပေလိမ့်မည်။သူတို့နှင့်နီးကပ်နေပြီဖြစ်၍ သူ့တစ်ကိုယ်လုံးသွေးတွေဆူလာသည်။မျက်ခုံးမှချွေးများကိုလက်နှင့်သုတ်လိုက်ရ၏။သူတို့သေမတတ်ကြောက်အောင်လုပ်မှ မိမိအရသာတွေ့မည်။

စိတ်ကိုတည်ငြိမ်အောင်လုပ်နေရ၏။ အလျှင်စလိုလုပ်ခြင်းဖြင့် အစီအစဉ်ပျက်၍မဖြစ်။ ခဏကြာအောင် အစီအစဉ်ဆွဲမှဖြစ်မည်။



လူတွေအားလုံးမရှိတော့မှသူကဘောလုံးအဖွဲ့မှ အမျိုးသမီးသွားရာ စင်္ကြံအတိုင်းလျှောက်လာခဲ့သည်။ စင်္ကြံ၏တစ်ဖက်တစ်ချက်တွင် တံခါးပေါက်နှစ်ပေါက်ရှိပြီး စင်္ကြံအဆုံးတွင်တံခါးပေါက်တစ်ပေါက်ရှိသည်။အမျိုးသမီးဝင်သွားသော တံခါးပေါက်မှာ လက်ယာဘက်တံခါးပေါက်ဖြစ်၏။စင်္ကြံအဆုံးမှ တံခါးပေါက်ကိုဖွင့်ကြည့်လိုက်တော့ ဖုန်တသောသောနှင့်စက်ပစ္စည်းများထားရာ အခန်းကျယ်ကြီးတစ်ခုဖြစ်ကြောင်းတွေ့လိုက်ရသည်။ ရေကူးကန်အတွက်ဘွိုင်လာများ၊ ရေစစ်များထားရာအခန်းဖြစ်မည်။

သူကအခန်းထဲကိုဝင်ပြီးတံခါးကို ပြန်ပိတ်လိုက်သည်။ စက်လည်သံသွဲ့သွဲ့ကလေးကို ကြားနေရ၏။ ကြမ်းပြင်ပေါ်တွင်လဲကာ မိမိအားအလန့်တကြား ကြည့်နေသောမိန်းကလေးတစ်ယောက်ကို မြင်ယောင်ကြည့်နေမိသည်။ မိန်းကလေးမှာ မိမိနှင့်ကိုက်အနည်းငယ်ဝေးသောနေရာတွင်ရှိနေပေလိမ့်မည်။သူမမှာရည်းစားရှိသူလည်းဖြစ်ကောင်းဖြစ်မည်။ရည်းစားမရှိသည့်ခန့်သန့်သန့်လေးတစ်ယောက်လည်း ဖြစ်ကောင်းဖြစ်မည်။

ယခုလိုမျိုးယခင်ကလည်းလုပ်ခဲ့ဖူးသည်။သို့သော် ယခုလောက်မကြီးကျယ်။ မိန်းကလေးတွေအား ခြောက်လှန့်ရသည့်အလုပ်ကိုသူအမြဲတမ်းနှစ်သက်ခဲ့သည်။ အထက်တန်းကျောင်းတုန်းကလည်းမိန်းကလေးတစ်ယောက်တည်းရှိနေလျှင် ထိုမိန်းကလေးအော်ငိုတောင်းပန်သည်အထိသူခြောက်လှန့်တတ်သည်။ ထို့ကြောင့်လည်းသူကျောင်းတစ်ကျောင်းပြီး တစ်ကျောင်းပြောင်းခဲ့ရသည်။အခြားသူများလိုပင် သူလည်း မိန်းကလေးတွေနှင့်လျှောက်လည်သည်များရှိခဲ့သည်။ သို့သော် ထိုအလုပ်ကအရသာသိပ်မတွေ့လှ။

လူတစ်ယောက်လျှင် ဝါသနာတစ်မျိုးစီ။ သူသိသောလူတစ်ယောက်ဆိုလျှင်မိန်းကလေးတို့၏ ခြေထောက်များသည်ချစ်စရာအကောင်းဆုံးဟုယူဆ၏။ ဗိနပ်ဆိုင်တွင်မိန်းကလေးများဖိနပ်စီးတော်ကြည့်နေသည်ကိုကြည့်ကာထိုလူသွေးတွေဆူလာတတ်သည်ဟုဆိုသည်။

မိမိဝါသနာကမူ ခြောက်လှန့်မှုပင်ဖြစ်သည်။မိန်းကလေးတစ်ယောက် တုန်နေအောင်ကြောက်နေပြီဆိုလျှင်သူ့စိတ်တွေမွှန်လာတော့သည်။မိန်းကလေးကြောက်ရွံ့မှုမရှိလျှင်အရသာမတွေ့တော့။

လှည့်ပတ်ကြည့်လိုက်တော့ နံရံကပ်လှေကားတစ်ခုကိုတွေ့ရသည်။ လှေကား၏ထိပ်တွင် အပေါ်သို့ထွက်သည့်မင်းတုပ်ထိုးထားသော သံတံခါးပေါက်တစ်ခုရှိသည်။သူကလှေကားပေါ်သို့ အမြန်တက်သွားပြီးမင်းတုပ်ကိုဖြုတ်ကာ ထိုသံတံခါးကိုအပေါ်သို့တွန်းဖွင့်လိုက်၏။ကားရပ်သည့်နေရာတွင်ရပ်ထားသည့် ခရိုက်စလာကား

www.burmeseclassic.com

www.burmeseclassic.com



တစ်စီး၏တာယာတစ်လုံးနှင့် မျက်နှာချင်းဆိုင်လျက်သားဖြစ်သွား၏။ မိမိအဆောက်အဦး၏နောက်ဘက်သို့ရောက်နေပြီဖြစ်ကြောင်းသိလိုက်သည်။ထို့နောက် တံခါးကိုပြန်ပိတ်ပြီး အောက်သို့ပြန်ဆင်းခဲ့သည်။

ထို့နောက်ထိုအခန်းမှပြန်ထွက်လာခဲ့၏။ စင်္ကြံပေါ်မှလျှောက်လာစဉ် မျက်နှာချင်းဆိုင်မှလာသောမိန်းမတစ်ယောက်က သူ့အားခပ်တင်းတင်းကြည့်သည်။သူအနည်းငယ်စိုးရိမ်သွားမိ၏။အမျိုးသမီးအဝတ်လဲခန်းအနီးတွင် ဘာယောင်လည်လည်လုပ်နေသနည်းဟုသူ့အားမေးမည်လားဟု စိုးရိမ်သွားသည်။ထိုသို့သောအဖြစ်မျိုးဖြစ်လာမည်ဟုသူမတွက်မိခဲ့။ထိုသို့ဖြစ်လာလျှင်တော့ အစီအစဉ်တွေပျက်ရတော့မည်။ သို့သော် ထိုမိန်းမကသူ၏ဦးထုပ်မှလုံခြုံရေးဟူသောစာတန်းကိုကြည့်ကာ မျက်နှာလွှဲသွားပြီး အဝတ်လဲခန်းထဲသို့ဝင်သွားတော့သည်။

သူပြုံးလိုက်မိ၏။ဤဦးထုပ်ကို အမှတ်တရပစ္စည်းအရောင်းဆိုင်မှ သူဝယ်လာခဲ့ခြင်းဖြစ်သည်။ဘေးဂိတ်ပွဲများ၌လုံခြုံရေးသမားများကိုဂျင်းဘောင်းဘီများဝတ်လျက်တွေ့ရတတ်သည်။ စုံထောက်များမှာလည်း သူတို့၏ကတ်ပြားများကိုထုတ်မပြမချင်း ရာဇဝတ်ကောင်ရုပ်ပေါက်နေတတ်ကြ၏။လေဆိပ်ရဲများမှာလည်း ဆွယ်တာများဝတ်လျက်တွေ့ရတတ်သည်။လုံခြုံရေးဆိုသောလူများကို အကဲခတ်ရအခက်သား။

သူကအမျိုးသမီးအဝတ်လဲခန်းနှင့် မျက်နှာချင်းဆိုင်အခန်းတံခါးကိုဖွင့်လိုက်သည်။ ယင်းမှာ ခပ်ကျဉ်းကျဉ်းစတိုခန်းဖြစ်နေ၏။ သူက မီးခလုတ်ကိုဖွင့်ပြီး တံခါးကိုပြန်ပိတ်လိုက်သည်။

သူ့ပတ်လည်ရှိစင်များပေါ်တွင်အားကစားပစ္စည်းအဟောင်းများတင်ထားသည်ကိုတွေ့ရသည်။တစ်ခန်းလုံးနံနေ၏။မျက်နှာကျက်ကို ကန့်လန့်ဖြတ်၍ အဖြူရောင်ပိုက်လုံးတစ်လုံးရှိနေသည်။စင်္ကြံကိုဖြတ်လျက် အဝတ်လဲခန်းသို့သွားသည့်လေပိုက်ဖြစ်၏။

သူက ပိုက်နှင့်ပန်ကာဆက်သည့်နေရာမှဂျက်ကိုဖြုတ်ကြည့်သည်။ ဖြုတ်၍မရ။ သို့သော် မိမိကားမှနတ်ခေါင်းများဖြုတ်သည့်ပွတာစ်ခု သူ့တွင်ပါလာသည်။ ထိုဂျက်ကိုဖြုတ်နိုင်လျှင် ပိုက်သည်ပြင်ပမှလေများကိုစုပ်မည့်အစား ဤစတိုခန်းထဲမှလေများကိုစုပ်၍ပို့ပေးသလိုရှိနေမည်။

မီးကိုပန်ကာအောက်မှရှို့ရမည်။ ဓာတ်ဆီ၊မီးခြစ်နှင့်မီးမွှေးရန် သတင်းစာစက္ကူ ၄ စသည်တို့ကိုယူလာမှဖြစ်မည်။

မီးရှို့ရာမှ မီးခိုးတွေအလိပ်လိုက်ထွက်လာလိမ့်မည်။ ရေဆွတ်ထားသည့်



အဝတ်စဖြင့်နှာခေါင်းကိုပိတ်ပြီး တစ်ခန်းလုံး မီးခိုးတွေပြည့်လာသည်အထိစောင့်ရမည်။ပြီးတော့မှလေထုတ်သည့်ပိုက်ကိုဖြုတ်ရမည်။ မီးခိုးများပိုက်မှတစ်ဆင့် အမျိုးသမီးအဝတ်လဲခန်းထဲသို့ ရောက်သွားကြလိမ့်မည်။ပထမတော့ဘယ်သူမျှသတိပြုမိကြမည်မဟုတ်။ နောက်မှတစ်စုံတစ်ယောက်က အနံ့ရပြီး..

"ဘယ်သူဆေးလိပ်သောက်နေသလဲ"

ဟု ပြောပေမည်။

မိမိကလည်းအခန်းတံခါးကိုဖွင့်ထွက်ပြီး စင်္ကြံထဲသို့ မီးခိုးတွေအန်ထွက်လာအောင်လုပ်ရမည်။ ထို့နောက် မိန်းမများသည် တစ်စုံတစ်ခုဖြစ်သည်ဟူ၍ အဝတ်လဲခန်းတံခါးကိုဖွင့်ကာ အဆောက်အဦးတစ်ခုလုံးမီးလောင်သည်အထင်နှင့် ယောက်ယက်ခတ်သွားကြလိမ့်မည်။

ထို့နောက် အဝတ်လဲခန်းထဲသို့မိမိဝင်ရမည်။အဝတ်လဲခန်းထဲတွင် အမျိုးသမီးများအဝတ်အစားမလုံ့တလုံရှိနေကြမည်။အချို့ကလည်း ရေပန်းအောက်မှ ရေစက်လက်နှင့်ထွက်လာကာ တဘက်များကိုအတင်းဆွဲယူမည်။အချို့ကလည်း အဝတ်အစားများကို အတင်းကောက်စွတ်ကြမည်။အများစုမှာမူ မီးခိုးတွေကြောင့်မမြင်မကန်းနှင့်လှည့်ပတ်ပြေးပြီးတံခါးပေါက်ကိုလိုက်ရှာကြမည်။ အော်ဟစ်ငိုယိုသံများဖြင့်ဆူညံနေမည်။ မိမိကမူ လုံခြုံရေးဝန်ထမ်းအနေဖြင့် သူတို့အားအော်ဟစ်ကာ..

"အဝတ်အစားတွေဝတ်မနေကြနဲ့၊ အရေးကြီးနေပြီ၊ မြန်မြန်ထွက်ကြ။ အဆောက်အဦးတစ်ခုလုံးမီးလောင်နေပြီ၊ ပြေး.. ပြေး.."

မိမိကသူတို့အား ဟိုဆွဲဒီဆွဲ လိုက်ဆွဲမည်။ တစ်စုံတစ်ခုတော့ဖြစ်နေပြီဟု သူတို့သိမည်။ သို့ရာတွင် တကယ်တာပြစ်နေသည်ကိုတော့သိကြမည်မဟုတ်။ရှာကိုယ်တော်တင်၊သောပေါ်ကီအသင်၊အမျိုးသမီးခေါင်းဆောင်ရှိနေလျှင်တော့ အခြေအနေကိုချိန်ဆကာလုပ်ရမည်။ မိမိအားရန်ပြုလာနိုင်သည်။ သို့သော် မိမိက သူမအားလက်သီးနှင့်ထိုးချပစ်လိုက်မည်။

မိမိအနေဖြင့်လှည့်ပတ်သွားကာ မိမိ၏အဓိကသားကောင်ကိုလိုက်ရှာမည်။ ထိုသားကောင်မှာအလွန်လှပသည့်မိန်းကလေးဖြစ်ရမည်။ကြောက်တတ်သူလည်းဖြစ်ရမည်။ မိမိကသူမအားလက်မှဆွဲလျက်..

"ဒီဘက်ကိုလာ.. ကျွန်တော်က လုံခြုံရေးဝန်ထမ်းပါ"

ဟုပြောမည်။ သူမအား စင်္ကြံမှတစ်ဆင့် အခြားတစ်ဖက်သို့ခေါ်သွားပြီး ဘွိုင်လာနှင့်စက်ကိရိယာများထားသည့်အခန်းထဲသို့ဝင်ရမည်။ ထိုအခန်းထဲသို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



ဤလွတ်ပြီဟု သူမထင်သွားစဉ် သူမမျက်နှာအားရိုက်ချလိုက်မည်။ ပြီးတော့ ဗိုက်ကို လက်သီးနှင့်ထိုးကာ ညစ်ပတ်နေသောကွန်ကရစ်ကြမ်းပြင်ပေါ်သို့တွန်းလှဲမည်။ ထို့နောက် ကြောက်လန့်နေသော သူမအား..

၀ ၀ ၀

## အခန်း (၂)

မစ္စက်ဖာရာမီက..

"အိမ်ပြန်ချင်ပြီ"

သူမ၏သမီးဂျင်နီက..

"မပူပါနဲ့ အမေရယ်၊ အမေ့ကိုသမီးတို့ ဒီက မကြာခင်ခေါ်ထုတ် သွားမှာပါ"

ဂျင်နီ၏ညီမဖြစ်သူ ပတ်တီက ဂျင်နီအား တစ်ချက်လှမ်းကြည့်ပြီး..

"ဘယ်လိုလုပ်ခေါ်လို့ရမှာလဲ"

အမေ၏ ကျန်းမာရေးအားမစံမှ ရရှိသည့်ငွေမှာ ဤဘဲလာဗစ္စတာ ဘိုးတွားရိပ်သာ၌ထားရန်မျှသာလျှင်လောက်သည်။ ဂျင်နီ့ပတ်စပ်ကိုကိုက်ထားမိသည်။ ရောထောင်းနေပြီဖြစ်သောမိခင်ကိုကြည့်ကာငိုချင်လာမိသည်။ ယခင်က မိခင်မှာ ကျန်းမာသန်စွမ်းသူတစ်ယောက်ဖြစ်ခဲ့၏။ မျက်နှာကမည်းမည်း၊ မျက်နက်ဝန်းကြီးများနှင့် နှာတံက ပြောင့်စင်းသည်။ ပါးစပ်မှာပြည့်ကျယ်၍ လှပသောမေးစေ့များနှင့်ဖြစ်သည်။

ထိုရုပ်လက္ခဏာများ၊ ဂျင်နီနှင့်ပက်တီတွင်ပါလာခဲ့ကြသည်။ မိခင်မှာ သေးသွယ်သော်လည်း၊ သူတို့ညီအစ်မမှာဖခင်ကဲ့သို့အရပ်မြင့်ကြသည်။ သားအမိသုံးယောက်စလုံးစိတ်ခက်နိုင်မာသည်၊ ယခုမူမိခင်မှာ စိတ်ခက်မနိုင်မာနိုင်တော့။ သူမ အယ်လ်ဇိုင်းမားရောဂါဖြစ်နေပြီလေ။

မိခင်မှာ အသက်ခြောက်ဆယ်မပြည့်သေး၊ ဂျင်နီကတော့ နှစ်ဆယ့်ဘိုးနှစ်။

www.burmeseclassic.com

www.burmeseclassic.com



ပက်တီမှာနှစ်ဆယ့်ခြောက်နှစ်ရှိပြီ။မိခင်မှာ ကျန်းကျန်းမာမာရှိနေသင့်သော်လည်း ယခုမနက်ကျမှ ဤရောဂါကြောင့် ဤရိုပ်သာသို့ ပို့ခဲ့ကြရခြင်းဖြစ်သည်။

"ငါ ဒီနေရာကြီးကိုမကြိုက်ဘူးဟယ်"

မိခင်ကဆိုသည် ဂျင်နီက..

"ကျွန်မလည်းမကြိုက်ပါဘူးအမေရယ်။ လောလောဆယ်ဒီနေရာပဲတတ်နိုင်လို့ပါ"

ပက်တီက..

"အမေကလည်း ကျွန်မတို့ဒါထက်ဆိုးတဲ့နေရာတောင်နေလာခဲ့ကြသေးတာပဲ"

ဤသည်မှာလည်းမှန်သည်။ ဖခင်ဒုတိယအကြိမ်အိမ်ထောင်ကျသွားပြီးနောက်သားအမိသုံးယောက်မှာ အခန်းတစ်ခန်းတည်းဟော့ပလိပ်ကို မှန်တင်ခုံပေါ်တင်ကာ စကြံပေါ်ရှိရေဘုံဘိုင်မှရေကိုသုံးပြီး နေလာခဲ့ကြရသည်။ သို့သော် မိခင်ကသမီးနှစ်ယောက်အား ဆံပင်အလှပြင်လုပ်ငန်းဖြင့်ရှာကျွေးခဲ့သည်။

မိခင်က နားမလည်နိုင်သလို မျက်မှောင်ကြုံ့လျက်..

"ဂျင်နီ..ဂျင်နီ.. နင့်နှာခေါင်းမှာ ဘာကြောင့် နှာကွင်းတတ်ထားရတာလဲ"

ဂျင်နီက နှာခေါင်းမှ ငွေကွင်းကလေးကိုစမ်းသပ်လျက် ရှက်ပြုံးကလေးဖြင့်..

"သမီးငယ်ငယ်ကတည်းက နှာခေါင်းမှာ အပေါက်ဖောက်ခဲ့တာပဲ၊ အဲဒါကြောင့် အမေစိတ်ဆိုးတာလေ၊မမှတ်မိတော့ဘူးလား၊ အဲဒီတုန်းကအမေသမီးကို လမ်းပေါ်ဆွဲထုတ်သွားမလားင်တောင်အောက်မေ့တယ်"

"အဲဒါတွေ ငါမမှတ်မိတော့ဘူး"

ထို့နောက် မကျန်းမာသော မိခင်ကြီးအား မထားချင်ထားချင်နှင့်ထားလျက် ညီအစ်မနှစ်ယောက်ထွက်လာခဲ့ကြသည်။ အပြင်ကိုရောက်တော့ ဂျင်နီက..

"မနက်ဖြန်ဘဏ်မှာငါသွားပြီးငွေချေးမယ်၊ အမေ့ကိုဒီ့ထက်ကောင်းတဲ့နေရာမှာ ငါတို့ရွှေ့ထားမယ်၊ ကျန်းမာရေးအာမခံငွေအပြင် ငါငွေထပ်စိုက်မယ်"

ပက်တီက..

"အဲဒီလိုဆိုတော့ နင်က အဲဒီအကြွေးကိုဘယ်လိုပြန်ဆပ်မှာလဲ"

"ငါက တွဲဖက်ပါမောက္ခဖြစ်တော့မှာ၊ အဲဒါပြီးရင်ပါမောက္ခဖြစ်မယ်၊ နောက်ပြီးကျောင်းသုံးပြဋ္ဌာန်းစာအုပ်တစ်အုပ်ရေးခွင့်လည်းရမယ်၊နိုင်ငံတကာကုမ္ပဏီကြီးသုံးခုကလည်း အကြံပေးအရာရှိလုပ်ပေးဖို့ကမ်းလှမ်းထားတယ်"

ပက်တီက မျက်ရည်ကြားမှ ပြုံးလျက်..

"နင့်ကို ငါယုံပါတယ်ဟာ၊ ဒါပေမဲ့ ဘဏ်ကနင့်ကိုချေးမှာလား"



**"အဲဒီတော့လည်း ငါ့ကားကိုရောင်းပစ်မယ်ဟာ"**

**မိမိကားကို** ဂျင်နီမြတ်နိုးသည်။သက်တမ်းနှစ်ပေါင်းနှစ်ဆယ်ရှိပြီဖြစ်သော **မာစီဒီး၂၃၀စီအမျိုးအစား** တံခါးနှစ်ပေါက်ပါအနီရောင်စီဒင်ကားဖြစ်သည်။ ထိုင်ခုံများမှာလည်းအနက်ရောင်သားရေဖုံးများဖြစ်သည်။ ပြီးတော့ ဂျင်နီကဆက်၍..

"ရောင်းလိုက်ရင် ငါဝယ်တုန်းကဈေးထက်တော့ နှစ်ဆရမှာပဲ"

"အဲဒီတော့ နောက်ထပ်ကားတစ်စီး နင်ထပ်ဝယ်ဦးရမယ်မဟုတ်လား"

"ဟုတ်တယ် အလွတ်ကျူရှင်လိုက်ပြတာမျိုးလည်း လုပ်လို့ရတာပဲ၊ ဒါဟာငါလုပ်တဲ့တက္ကသိုလ်ရဲ့စည်းမျဉ်းကိုဖောက်ဖျက်ရာတော့ကျတယ်၊အိမ်တွေမှာတစ်ယောက်ချင်းကိုလိုက်ပြရင် တစ်နာရီဒေါ်လာလေးဆယ်လောက်ရမယ်၊ အခြားတက္ကသိုလ်တွေမှာပါဝင်ဖြေချင်တဲ့ပိုက်ဆံရှိကျောင်းသားတွေကိုစာပြရရင် တစ်ပတ်ကိုဒေါ်လာသုံးရာလောက်တော့ရနိုင်တယ်၊ ဝင်ငွေကိုမကြေညာရင် ဝင်ငွေခွန်လည်းလွတ်မယ်၊ နင်ရောထည့်နိုင်မလား"

ပက်တီက မျက်နှာကိုလွှဲသွားပြီး..

"မပြောတတ်ဘူးဟယ်"

"နင့်ယောကျ်ားကငါ့ထက်ရှာနိုင်တာပဲ"

ပက်တီမှာ အိမ်ထောင်နှင့် ကလေးနှင့်ဖြစ်သည်။ ပက်တီက စဉ်းစားရင်း..

"အမေ့ရောဂါကမျိုးရိုးလိုက်တတ်တယ်ဆို၊ ရုပ်မြင်သံကြားထဲမှာ ငါကြည့်လိုက်ရတယ်"

ဂျင်နီက ခေါင်းညိတ်လျက်..

"ဗီဇချို့ယွင်းမှုအေဒီသုံး(ဗီ–၃)လေ၊ အဲဒါဟာအယ်လ်ဇိုင်းမားရောဂါဖြစ်တာနဲ့ သက်ဆိုင်နေတယ်"

ယင်းမှာခရိုမိုဇုန်းတစ်မျိုးတည်းတွင်တည်ရှိနေတတ်ကြောင်း ဂျင်နီမှတ်မိနေသည်။ ထိုအကြောင်းတွေကိုပြောပြလျှင်တော့ ပက်တီ နားလည်မည်မထင်။

"ဒါဆိုရင် ငါတို့လည်းအမေ့လိုဖြစ်ကြမှာလား"

**"ဖြစ်နိုင်စရာအများကြီးရှိတာပေါ့"**

**အတန်ကြာအောင် နှစ်ယောက်သားစကားမပြောဖြစ်ကြ။စိတ်ဆင်းရဲသွားသည်နှင့်စကားပြောချိန်လည်းမရှိ။ ပက်တီက..**

**"ငါ့ကလေးတွေငါငယ်ငယ်နဲ့မွေးလို့တော်သေးတာပေါ့၊ငါ အဲဒီလိုမျိုးဖြစ်တဲ့အချိန်ကျရင် သူတို့ကိုသူတို့ထိန်းနိုင်တဲ့အရွယ်ရောက်ပြီ"**

**ပက်တီ၏စကားတွင်မိမိအားအပြစ်တင်သံစွက်နေသည်ဟု** ဂျင်နီသိလိုက်သည်။ **ယခုအသက်နှစ်ဆယ့်ကိုးနှစ်ရှိပြီ။အမေ့လိုဖြစ်လာလျှင်** သားယောက်သမီးခံ

www.burmeseclassic.com

www.burmeseclassic.com



လည်းမရှိဟု ပက်တီကဆိုလိုခြင်းဖြစ်သည်။ ဂျင်နီက..

"ဗီဇနဲ့ပတ်သက်လို့ အားရစရာတွေတွေ့ထားကြပါပြီ၊ ငါတို့အမေ့အရွယ်ရောက်တဲ့အချိန်ကျရင် ငါတို့ရဲ့ဒီအင်န်အေတွေမှာ သေစေနိုင်တဲ့ဗီဇတွေမပါအောင်လုပ်နိုင်ကြမှာပါ"

"ရုပ်မြင်သံကြားထဲမှာပါတဲ့ ပေါင်းစပ်ဒီအင်န်အေဆိုတာလား"

ဂျင်နီက သူမ၏ညီမကိုပြုံးကြည့်လျက်..

"ဟုတ်တယ်"

"တွေ့လား၊ ငါလည်းသိပ်မအ,ပါဘူးဟ"

"နင် အ,တယ်လို့လည်း ဘယ်တုန်းကမှမယူဆခဲ့ပါဘူး"

"လူတွေရဲ့ဒီအင်န်အေဟာလူတွေကိုဘယ်သူဘယ်ဝါဆိုတဲ့ ဝိသေသဖြစ်လာအောင်လုပ်နေတာ၊ တကယ်လို့ငါ့ရဲ့ဒီအင်န်အေကိုပြောင်းပစ်မယ်ဆိုရင် ငါဟာတခြားလူတစ်ယောက်ဖြစ်သွားမယ်၊ ဟုတ်တယ်မဟုတ်လား"

"လူကို ဘယ်သူဘယ်ဝါရယ်လို့ ဝိသေသဖြစ်အောင်လုပ်တာ ဒီအင်န်အေတစ်ခုထဲမဟုတ်ပါဘူး၊ အဲဒီလူကြီးပြင်းအောင် ပြုစုပျိုးထောင်မှုလည်းပါတယ်၊ ငါလုပ်နေတဲ့အလုပ်က အဲဒီကိစ္စတွေပေါ့"

"အခုရတဲ့အလုပ်က အဆင်ပြေရဲ့လား"

"လုပ်ရတာ ပျော်ဖို့ကောင်းတယ်၊ ငါ အတော်ကံကောင်းတယ်ပက်တီ၊ ရာဇဝတ်မှုကျူးလွန်စိတ်ဗီဇထဲမှာရှိနိုင်,မရှိနိုင်ဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး ငါရေးတဲ့ဆောင်းပါးကိုလူတော်တော်များများဖတ်ကြတယ်"

ထိုဆောင်းပါးမှာ သူမမင်နီဆိုးတားတက္ကသိုလ်တွင်ရှိနေစဉ်က ပုံနှိပ်ဖော်ပြခြင်းခံရသည်။ထိုဆောင်းပါးကို သူမ၏အထက်မှပါမောက္ခ၏နာမည်နှင့်ဖော်ပြခဲ့သော်လည်း ထိုဆောင်းပါးကိုသူမကိုယ်တိုင်ရေးခဲ့ခြင်းဖြစ်သည်။

"ဒုစရိုက်မှုကျူးလွန်ချင်စိတ်ဟာ မျိုးရိုးလိုက်တတ်တယ်လို့ပြောချင်တာလား"

"ရာဇဝတ်ကောင်စရိုက်လက္ခဏာပါတဲ့ ဗီဇလမ်းကြောင်းလေးခုကို ငါလေ့လာကြည့်တယ်၊ အဲဒီလမ်းကြောင်းလေးခုဆိုတာက စွာတာတ်တာတို့၊မကြောက်တတ်တာတို့၊ တစ်ဖက်သားအပေါ် ကျူးကျော်စော်ကားချင်တဲ့သဘောတို့၊ လှုပ်ရှားတက်ကြွမှုလွန်တာတို့ကိုပြောတာ။ဒါပေမဲ့ငါ့အယူအဆကတော့ ဒီလိုမျိုးဗီဇပါလာရင်တောင် ကလေးဘဝကတည်းက စနစ်တကျပြုပြင်သွားမယ်ဆိုရင် ရာဇဝတ်ကောင်ဖြစ်လာမယ့်လူကိုလူကောင်းတစ်ယောက်ဖြစ်အောင် လုပ်နိုင်တယ်ဆိုတာပဲ"

"ဒါမျိုးကို နင်ဘယ်လိုလုပ်သက်သေပြမလဲ"



"တစ်နေ့ရာစီမှာကြီးပြင်းကြရတဲ့ ရုပ်တူအမြွာတွေကိုလေ့လာရမှာပေါ့၊ ရုပ်တူအမြွာတွေမှာ ဒီအင်န်အေချင်းတူတယ်၊ အဲဒီအမြွာတွေကိုမွေးမွေးချင်းတစ်ယောက်ယောက်ကယူမွေးစားလို့ဖြစ်စေ၊ အကြောင်းတစ်မျိုးမျိုးနဲ့နှစ်ယောက်ကွဲသွားပြီး တစ်နေ့ရာစီမှာကြီးပြင်းကြရတာမျိုးပေါ့၊ ဒါကြောင့်မို့ ငါအခုတစ်ကွဲစာစ်ပြားကြီးပြင်းလာရာကတစ်ယောက်ကလူကောင်း၊တစ်ယောက်က လူဆိုးဖြစ်သွားတဲ့ရုပ်တူအမြွာတွေကိုလေ့လာနေတယ်၊ ပြီးရင်ပြုစုပျိုးထောင်ပုံဘယ်လိုခြားနားသလဲဆိုတာ ငါလေ့လာမယ်"

"နင့်အလုပ်က အတော်အရေးပါတာပဲ"

"ဆိုပါတော့"

"ဒါဆိုရင် အခုခေတ် အမေရိကန်လူမျိုးတွေ ဘာကြောင့်ဆိုးသွမ်းကုန်ရသလဲဆိုတာလေ့လာဖို့လိုတယ်"

ဤသည်မှာ မြုပ်နေသောအဖြေတည်း။ပက်တီကသူမ၏ကားဆီသို့လျှောက်သွားသည်။ ကားနောက်ခန်းထဲတွင်လည်း ကလေးကစား စရာတွေအပြည့်။ ဂျင်နီက..

"ကလေးတွေကို ငါ သတိရတယ်ဆိုတဲ့အကြောင်းပြောလိုက်စမ်းပါအွယ်"

ထို့နောက်တွင်တော့ဂျင်နီလည်းမိမိကားဖြင့်ပြန်လာခဲ့သည်၊ ထိုညနေလုပ်မည့်အစီအစဉ်အားလုံးကို သူမဖျက်လိုက်ချင်သည်။သို့သော် အိမ်တွင်လည်းငုတ်တုတ်မနေချင်။တင်းနစ်ကစားမည်ဟု ဆုံးဖြတ်လိုက်၏။တင်းနစ်ခပ်ကြမ်းကြမ်းကစားလိုက်ရလျှင် စိတ်ပြေလက်ပျောက်ရှိမည်။

○ ○ ○

သူမ၏ တင်းနစ်ရိုက်ဘက်က တက္ကသိုလ်စာကြည့်တိုက်မှုးဂျက်ဘတ်ဂျန်ဖြစ်သည်။ တစ်ချိန်က ဝင်ဘယ်လ်တန်တွင်ပင်ကစားခဲ့သူဖြစ်သည်။ယခုတော့ ထိပ်ကပြောင်ပြီး အသက်ငါးဆယ်ရှိပြီ။ သို့ရာတွင် ငယ်လက်တွေကာ မကျသေး။ ဂျင်နီကတော့ဝင်ဘယ်လ်တန်တွင် မကစားဖူးခဲ့။ သူမအမြင့်ဆုံးကစားခဲ့ဖူးသည်မှာ တက္ကသိုလ်ကျောင်းသားဘဝက အမေရိကန်အိုလံပစ်အသင်းတွင်ဖြစ်သည်။သို့တစေ သူမကရိုက်ချက်ပို၍သန်သည်။ ပို၍မြန်သည်။

သူတို့နှစ်ယောက် ဂျုံးဖောတက္ကသိုလ်ဝင်းအတွင်းရှိ တင်းနစ်ကွင်းတွင် ကစားခဲ့ကြခြင်းဖြစ်သည်။နှစ်ဖက်လက်ညီ၍ လူတွေပင်ဝိုင်းကြည့်ရသည့်ပွဲ။မည်သည့် ဝတ်စုံဖြင့်ကစားရမည်ဟုသတ်မှတ်ထားခြင်းမရှိသော်လည်း ဂျင်နီမှာခပ်ပျော့ပျော့အဖြူရောင်ဂျင်းဘောင်းဘီတို၊ ပိုလိုရှပ်အဖြူများနှင့်ကစားလေ့ရှိသည်။ဂျင်နီ၏ ဆံပင်များမှာရှည်လျား၍နက်မှောင်သည်။ပက်တီ၏ဆံပင်ကဲ့သို့ နူးညံ့ဖြောင့်တန်းခြင်းမရှိဘဲ ကောက်ပြီးထူထဲသည်။သူမကဆံပင်ကို ဦးထုပ်တွင်းထိုးထည့်ကာ အုပ်ပြီးဆောင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီ၏ စပေးဘောများမှာ မြန်ဆန်လွန်းလှသည်။ လက်နှစ်ဖက်နှင့်ကိုင်၍ လက်ပြန်ရိုက်ချက်များမှာလည်း ပြင်းထန်လှသည်။ဂျင်နီ၏စပေးဘောများကို ဂျက်မဆယ်နိုင်။တစ်ပွဲ၊နှစ်ပွဲကစားပြီးတော့ သူမလက်ပြန်ရိုက်ချက်များ ရိုက်ခွင့်သိပ်မရတော့။ဂျက်ကအင်အားကိုချိုးခြိုကာ သူမ၏အမှားကိုစောင့်၍ကစားသည်။သာမန်ဆိုလျှင် ဂျင်နီသူ့ကိုနိုင်မည်ဟုထင်၏။ယနေ့တော့ အာရုံကနှောက်နေသည်။ ပထမတစ်ယောက် တစ်ပွဲစီနိုင်၏။ တတိယပွဲတွင် ငါး၊ လေးနှင့် သူကနိုင်သွားသည်။

ဂျင်နီ ဘောလုံးကိုကြည့်ကာ ခါးထောက်ပြီး ဒေါသဖြစ်နေ၏။ နောက်တော့မှစိတ်ကိုလျှော့ကာ ပြုံးလိုက်ပြီးပိုက်ဆီသို့လျှောက်သွားကာ ဂျက်နှင့်လက်ဆွဲနှုတ်ဆက်လိုက်သည်။ ပရိသတ်ထံမှလည်းလက်ခုပ်သံပေါ်လာသည်။

လူငယ်တစ်ယောက်ကသူမထံသို့လျှောက်လာပြီး..

"ဒီပွဲသိပ်ကြည့်ကောင်းတာပဲ"

သူက ပြုံးလျက်ဆိုသည်။ ဂျင်နီသူ့ကိုတစ်ချက်လှည့်ကြည့်လိုက်၏။ ထိုလူမှာ အရပ်မြင့်မြင့်နှင့်အားကစားသမားပုံပေါက်နေသည်။ ဆံပင်ကကောက်ပြီး တိုတိုညှပ်ထားသည်။ မျက်လုံးပြာများကလည်းချစ်စရာ။သူမထံစိတ်ဝင်စားစွာလာနေခြင်းဖြစ်သည်။သူမက စိတ်မကြည်မသာသဖြင့်

"ကျေးဇူးတင်ပါတယ်"

ဟု ခပ်ပြတ်ပြတ်ပြောလိုက်၏။

ထိုအခါသူကကိုယ့်ကိုယ်ကိုယ်ယုံကြည်စိတ်အပြည့်ဖြင့် အေးအေးဆေးဆေးပြုံးပြနေသည်။ ထိုအပြုံးကိုကြည့်ခြင်းဖြင့်သူစကားပြောလျှင် မည်သည့်အဓိပ္ပာယ်နှင့်ပြောပြောမိန်းကလေးအတော်များများသဘောကျကြမည် ဖြစ်ကြောင်းဖော်ပြနေသည်။ သူကဆက်၍..

"ကျွန်တော်လည်းတင်းနစ်နည်းနည်းပါးပါးကစားတတ်ပါတယ်၊ ကျွန်တော်တောင်စဉ်းစားနေတယ်"

"နည်းနည်းပါးပါးကစားတတ်ရုံနဲ့ ကျွန်မနဲ့လာမကစားနဲ့"

ပြောပြီး သူမကသူ့ဘေးမှကပ်၍ထွက်လာခဲ့သည်။ နောက်ဘက်တွင် ဟာသနှောသည့်အသံဖြင့်...

"ကြည်နူးစရာညစာစားပြီး တစ်ညလောက်ပျော်ကြရအောင်ဆိုရင်တော့ မငြင်းဘူးထင်တယ်"

သူမမပြုံးဘဲမနေနိုင်။ သူ တကယ်အလေးအနက်ပြောနေသည် ဆိုလျှင်တော့ မိမိမှာ လိုအပ်သည်ထက် ပို၍ရိုင်းသွားသည်ထင်၏။ သူမက သမင်လည်ပြန်လှည့်၍..

"အင်း...အခုလို ကမ်းလှမ်းတာကိုတော့ ကျေးဇူးတင်ပါတယ်"



သူမ တင်းနစ်ကွင်းမှထွက်လာပြီး အဝတ်လဲခန်းဆီသို့လျှောက်လာသည်။ ယခုအချိန် မေမေဘာလုပ်နေပါလိမ့်။ ထမင်းတော့စားပြီးလောက်ပြီ။ခုနစ်နာရီခွဲပြီ။ မိမိတို့စောစောစားနေကျ။ ဧည့်ခန်းထဲမှ ရုပ်မြင်သံကြားကိုကြည့်နေသည်လား။ သူမမေ့လျော့တတ်သည်ကို သည်းခံခွင့်လွှတ်တတ်သည့် အခြားသက်တူရွယ်တူအဘွားကြီးတစ်ယောက်နှင့်မိတ်ဆွေဖြစ်နေပြီလား။ ယခင်ကတော့အမေ မိတ်ဆွေပေါသည်။ ယခုတော့ ထိုလူများကို မမှတ်မိသဖြင့် မိတ်ဆွေများမရှိတော့ပြီ။

ဟော်ကီကစားကွင်းကိုဖြတ်လာစဉ် လစ်ဆာနှင့်တွေ့သည်။လစ်ဆာမှာ မိမိဂျုံးဖော့တက္ကသိုလ်သို့လွန်ခဲ့သည့်တစ်လမှစရောက်လာကတည်းက ပထမဆုံးတွေ့ရသည့်သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်သည်။ သူမသည်စိတ်ပညာဌာနဓာတ်ခွဲခန်းမှပညာရှင်တစ်ဦးဖြစ်သည်။သူမသည်သိပ္ပံပညာဘွဲ့ရပြီးသားဖြစ်သော်လည်း ပညာရေးဘက်တွင် မလုပ်ချင်။ ဂျင်နီလိုပင်ဆင်းရဲသောအသိုင်းအဝိုင်းမှ ပေါက်ဖွားလာပြီး ဂျုံးဖော်တက္ကသိုလ်၏ အားကစားအဖွဲ့ချုပ်တွင်လည်း အားကစားအဖွဲ့ဝင်ဖြစ်သည်။ ဂျင်နီက...

"ချာတိတ်တစ်ကောင်က ငါ့ကိုလာပင့်မလို့လုပ်နေတယ်"

"သူ့ပုံက ဘယ်လိုနေသလဲ"

"ရုပ်ရှင်မင်းသားဘရက်ပစ်နဲ့ တော်တော်တူတယ်၊ ဒါပေမဲ့ ဘရက်ပစ်ထက်နည်းနည်းပိုအရပ်မြင့်တယ်"

"မင်းမှာ သူ့အသက်ထက် အရေအတွက်များတဲ့ ရည်းစားတွေရှိတယ်လို့ မပြောလိုက်ဘူးလား"

လစ်ဆာမှာ အသက်နှစ်ဆယ့်လေးနှစ်သာရှိသေးသည်။ ဂျင်နီက နောက်ကိုသမင်လည်ပြန်လှည့်ကြည့်တော့ ထိုလူကိုမတွေ့ရတော့။ သူမက

"မပြောလိုက်ပါဘူး၊ ငါတို့ဆက်လျှောက်ကြမယ်၊ အဲဒီလူလိုက်လာနေဦးမယ်"

"လိုက်လာတော့ ကောင်းတာပေါ့"

"လာစမ်းပါကွာ"

"ဂျင်နီရယ်၊ နင်ထွက်ပြေးတာ ဒီတစ်ယောက်ပဲရှိသေးတယ်"

"တော်စမ်းပါကွာ"

"ငါ့ရဲ့ဖုန်းနံပါတ်ကို နင်ပေးလိုက်ရောပေါ့"

"နင့်ရဲ့အတွင်းခံအကျီဆိုက်နံပါတ်ကိုပေးလိုက်ရင် ပိုကောင်းတာပေါ့၊ ဒါမှ သူ အူကြောင်ကြောင်ဖြစ်သွားမှာ"

လစ်ဆာမှာ အတွင်းခံအကျီအတော်ကြီးကြီးဝတ်ရသည်။ လစ်ဆာက

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်လျှောက်နေရာမှ ရပ်လိုက်သည်။မိမိအပြောလွန်သွား၍ လစ်ဆာစိတ်ဆိုးသွားပြီလားဟု ဂျင်နီတွေးလိုက်မိ၏။ ထို့ကြောင့် တောင်းပန်ရန်ပြင်လိုက်သည်။ ပြီးတော့မှ လစ်ဆာက..

"အေး.. အဲဒီအကြံသိပ်ကောင်းတယ်၊ကျွန်မဒုဖဒီဝတ်တယ်၊နောက်ထပ်သိချင်ရင် ဒီနံပါတ်ကိုဆက်လိုက်ပါ၊ အဲဒီလိုပေးလိုက်ရင်အူကြောင်ကြောင်ဖြစ်သွားမှာ"

ထို့နောက် လစ်ဆာမှာ နောက်ပြန်လှည့်ကြည့်ပြီး..

"ဘယ်လူချောချောတစ်ကောင်မှလည်း ငါတို့နောက်လိုက်မလာပါလား၊ ဘာရက်ပစ်တော့ ငါတို့ကိုမျက်ခြေပြတ်သွားပြီထင်တယ်"

"ကောင်းတာပေါ့၊ လူကတော့ ငါကြိုက်တဲ့ပုံစံမျိုး၊ ချောလည်းချောတယ်၊ ဆွဲဆောင်မှုလည်းရှိတယ်၊သူ့ကိုယ်သူလည်းတော်တော်ထင်ထားတဲ့ပုံ၊ လုံးဝယုံကြည်စရာတော့မရှိဘူး"

"မယုံရဘူးလို့ နင်ဘယ်လိုလုပ်ပြောနိုင်တာလဲ၊နင်နဲ့သူတွေ့တာ စက္ကန့်နှစ်ဆယ်ပဲရှိသေးတယ်"

"ယောကျ်ားမှန်သမျှ ဘယ်သူမှမယုံရဘူး"

"နင်ပြောတာလည်း ဖြစ်နိုင်တာပဲ၊ ဒီညဆိုင်မှာထွက်စားဦးမှာလား"

"အေး..တစ်နာရီလောက်ပါပဲ၊ ရေအရင်ချိုးမယ်"

သူမ၏အကျီမှာချွေးတို့ဖြင့်စိုရွှဲနေသည်။ လစ်ဆာမှာ ဘောင်းဘီတိုနှင့် အပြေးဖိနပ်ကိုဝတ်ထားသည်။

"ငါလည်းထွက်မယ်၊ငါဟော်ကီအသင်းနဲ့လိုက်ပြီးလေ့ကျင့်နေတာ၊ ဘာဖြစ်လို့တစ်နာရီတည်းနေမှာလဲ"

"ငါ ဒီနေ့ သိပ်ပင်ပန်းနေတယ်၊ မေမေ့ကိုရိပ်သာသွားပို့ရတယ်လေ"

"ဟုတ်လားဂျင်နီ၊စိတ်မကောင်းပါဘူးဟယ်"

နှစ်ယောက်သား အားကစားရုံထဲသို့ဝင်သွားပြီး မြေအောက်ထပ်သို့ဆင်းလာရင်း ဂျင်နီက အကြောင်းစုံကိုပြောပြနေသည်။ အဝတ်လဲခန်းထဲဝင်တော့ မှန်ထဲတွင်ပေါ်နေသော သူတို့နှစ်ယောက်၏အသွင်သဏ္ဌာန်မှာတခြားစီဖြစ်နေ၏။လစ်ဆာမှာသာမန်အရပ်ထက်ပုသည်။ဂျင်နီမှာအရပ်ခြောက်ပေနီးပါးမျှရှိ၏။ လစ်ဆာ၏ဆံပင်မှာရွှေရောင်ဖြစ်၍ကောက်သည်။ ဂျင်နီ၏ဆံပင်မှာမည်းမှောင်သန်မာလှသည်။ လစ်ဆာ၏မျက်နှာကလေးမှာချစ်စရာကောင်းပြီး မဲ့ခြောက်ကလေးများရှိသည်။ နှာခေါင်းကသေး၍ နှုတ်ခမ်းမှာလေးကိုင်းသဏ္ဌာန်ဖြစ်သည်။လူတော်တော်များများက သူမအားအရမ်းလှသည်ဟုဆိုသည်။ ယောကျ်ားများကလည်း သူမအားချောသည်ဟုပြောကြသည်။ ချစ်စဖွယ်လေးဟုတောင်ဆိုကြသည်။



အားကစားအဝတ်အစားများကိုချွတ်နေရင်းလစ်ဆာက..

"နင့်အဖေရော.. နင့်အဖေအကြောင်း နင်တစ်ခါမှမပြောဖူးဘူး"

ဂျင်နီသက်ပြင်းချမိသည်။ထိုသို့အမေးခံရမည်ကို ဂျင်နီငယ်ငယ်ကတည်းက ကြောက်မိသည်။သို့သော် အနေးနှင့်အမြန်အမေးခံရမည်ကိုလည်းသိထားသည်။ ဖခင်သေသွားသည်၊ ဖခင်ပျောက်သွားသည်၊ နောက်အိမ်ထောင်ပြုသွားသည်။ဆော်ဒီအာရေးဗီးယားတွင် သွားအလုပ်လုပ်နေသည်စသည်ဖြင့်တစ်သက်လုံး လိမ်ပြောလာခဲ့သည်။ သို့သော် နောက်ပိုင်းကျတော့အမှန်အတိုင်းဖွင့်ပြောလာမိသည်။ သူမက..

"ငါ့အဖေထောင်ကျနေတယ်"

"အို..ဘုရား..ဘုရား.. ငါမေးမိတာ မှားပါတယ်"

"ရပါတယ်ဟာ၊ ငါ ငယ်ငယ်ကတည်းကသူထောင်ကျနေတာ၊သူက ဖောက်ထွင်းသူခိုးလေ၊ ဒါက တတိယအကြိမ်ကျတာ"

"ဘယ်နှစ်နှစ်ကျတာလဲ"

"မမှတ်မိတော့ပါဘူးဟယ်၊ ဒါလည်းသိပ်အရေးမကြီးပါဘူးလေ၊သူ ထောင်ကလွတ်လာလည်း ဘာမှအသုံးကျတာမှမဟုတ်ဘဲ၊ ငါတို့ကိုလည်း တစ်ခါမှကြည့်ရှုစောင့်ရှောက်တယ်လို့မရှိဘူး။နောက်ထပ်လည်း ကြည့်ရှုစောင့်ရှောက်တော့မှာမဟုတ်ဘူး"

လစ်ဆာက သူမအား စူးစမ်းသလိုကြည့်ရင်း..

"ဒါကြောင့် နင်က ပြစ်မှုဆိုင်ရာဇီဇဘာသာရပ်ကို စိတ်ဝင်စားတာလား"

"ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်းမဟုတ်ဘူးပေါ့၊ အပျော်တမ်းစိတ်ပညာလေ့လာတဲ့လူကိုငါသိပ်မုန်းတယ်"

နှစ်ယောက်သား ရေချိုးခန်းဆီသို့လာခဲ့သည်။ ဂျင်နီမှာခေါင်း လျှော်နေသဖြင့်အတော်ကြာသွားသည်။ လစ်ဆာနှင့်မိတ်ဆွေဖြစ်ရသဖြင့်မိမိအတော်ပင် ကျေနပ်မိသည်။ လစ်ဆာတစ်ယောက်ဂျူးဖောတက္ကသိုလ်ကို ရောက်သည်မှာတစ်နှစ်ကျော်လေပြီ။ ယခုနှစ် ကျောင်းဖွင့်စမိမိရောက်လာတော့လစ်ဆာက မိမိအားလိုက်၍ပြသည်။ ဓာတ်ခွဲခန်းတွင် လစ်ဆာနှင့်အလုပ်လုပ်ရသည်ကိုလည်း ဂျင်နီကျေနပ်သည်။ လစ်ဆာမှာအတော်ပင်စေ့စပ်သေချာ၏။ အလုပ်ပြီး၍ သူမနှင့်လျှောက်လည်ရသည်မှာလည်း ပျော်စရာကောင်းသည်။လစ်ဆာသည် စိတ်ထဲတွင်ရှိသမျှအကုန်ထုတ်ပြောတတ်သူလည်းဖြစ်၏။

ဂျင်နီ ဆံပင်ကို လေမှုတ်ကိရိယာနှင့်မှုတ်နေစဉ် ထူးထူးဆန်းဆန်းအသံများကြားလိုက်ရသည်။ သူမက လေမှုတ်ကိရိယာကိုပိတ်လိုက် နားထောင်ကြည့်လိုက်၏။ ကြောက်လန့်တကြားအော်ဟစ်သံများဖြစ်သည်။စိုးရိမ်စိတ်များပေါ်လာပြီး တုန်ယင်

www.burmeseclassic.com

www.burmeseclassic.com



လာမိ၏။ရုတ်တရက်ပင်ကြောက်သွားသည်။ ရေချိုးလက်စတစ်ကိုယ်လုံးလည်း စိုရွှဲနေ၏။မြေအောက်ခန်းထဲသို့လည်းရောက်နေသည်။ ထို့နောက် ဆံပင်ကိုရေပြန်ဆေးပြီး အပြင်သို့ထွက်ကြည့်လိုက်၏။

အပြင်ကိုရောက်ရောက်ချင်း မီးလောင်သည့်အနံ့ကိုရလိုက်သည်။ မီးရောင်ကိုတော့မမြင်။သို့သော် မျက်နှာကျက်တစ်ဝိုက်တွင်အဖြူရောင်နှင့်အနက်ရောင်မီးခိုးများကိုတွေ့လိုက်ရသည်။လေမှုတ်ခန်းထဲမှလာခြင်းဖြစ်မည်။သူမအတော်ကြောက်သွား၏။မီးလောင်ခံရသည့်အတွေ့အကြုံမရှိခဲ့။

ခေါင်းအေးအေးထားနိုင်သည့်မိန်းမများက သူတို့၏အိတ်များကို ကောက်ယူကာတံခါးပေါက်ဆီသို့ပြေးထွက်ကြသည်။ကျန်လူများမှာမူ ကြောက်လန့်တကြားအော်ဟစ်ကာဟိုပြေးဒီပြေးလုပ်နေကြသည်။လုံခြုံရေးအမျိုးသားတစ်ယောက်မှာ နှာခေါင်းကိုလက်ကိုင်ပဝါစည်းပြီး ဟိုလျှောက်သည်လျှောက်နှင့် အော်ဟစ်အမိန့်ပေးနေရာ အမျိုးသမီးများမှာ ပို၍ကြောက်ကုန်ကြသည်။

ဂျင်နီမှာ အဝတ်အစားပြန်ဝတ်နေချိန်လည်းမရ။ အဝတ်အစားမရှိဘဲနှင့်အဆောက်အဦးအပြင်ဘက်မထွက်ရဲ။ ကြောက်စိတ်က တစ်ကိုယ်လုံးလွှမ်းခြုံနေသည်။ သို့သော်မိမိကိုယ်ကိုစိတ်အေးအောင်ကြိုးစားနေ၏။သူမအဝတ်အစားဘီရိုလိုက်ရှာသည်။ လစ်ဆာကိုတော့ရှာမတွေ့တော့။သူမကအဝတ်အစားတွေကိုဆွဲထုတ်ပြီး ဂျင်းဘောင်းဘီကိုဝတ်ကာတီရှပ်ကိုစွပ်ချလိုက်သည်။

ထိုသို့လုပ်နေသည်မှာ စက္ကန့်ပိုင်းမျှသာကြာသည်ထင်၏။ထိုအချိန်အတွင်းမှာပင်အခန်းထဲ၌ လူများမရှိတော့။ တစ်ခန်းလုံးလည်း မီးခိုးများဖြင့် ပြည့်နေတော့သည်။ တံခါးဝေါက်ကိုလည်းမမြင်ရ။ ချောင်းတွေ လည်းဆိုးလာနေသည်။ အသက်မရှုနိုင်သဖြင့်ပို၍ကြောက်လာမိသည်။ တံခါးပေါက်ရှိရာကိုလည်း မိမိသိသဖြင့် စိတ်အေးအေးထားရန် မိမိကိုယ်ကိုအားတင်းနေရ၏။သော့နှင့်ပိုက်ဆံများကဂျင်းဘောင်းဘီအိတ်ထဲတွင်ရှိသည်။ တင်းနစ်ရိုက်တံကိုကောက်ကာ အသက်ကိုအောင့်ထားပြီး ထွက်ပေါက်ဆီသို့ ခပ်သုတ်သုတ်လျှောက်လာသည်။

စင်္ကြံထဲတွင်လည်း မီးခိုးတွေပြည့်နေပြီး မီးခိုးမွှန်သဖြင့် မျက်ရည်တွေကျကာဘာမျှမမြင်ရတော့။ ဂျင်နီသည် ဤမီးခိုးများအတွင်း၌ အသက်ရှူရန်နှင့်လမ်းကိုမြင်ရန် ဘာမျှမစွမ်းဆောင်နိုင်။မိမိသေရသည့်အရေးထက်စာလျှင် အဝတ်အစားမပါသည်က ဘာမျှအရေးမဟုတ်။

ရှေ့တည့်တည့်တွင်လှေကားရှိမည်။အခန်းကိုဖြတ်သွားစဉ် ကိုကာကိုလာ



အရောင်းစက်ကိုဝင်တိုက်မိပြန်သည်။ လှေကားမှာ ဘယ်ဘယ်တွင်ရှိမည်။ ဘယ်ဘက်ကိုလိုက်လာရာ ယောကျ်ားအဝတ်လဲခန်းဆီသို့ သွားရာတံခါးပေါက်သို့ ရောက်သွားသည်။ မိမိလမ်းမှားနေလေပြီ။

အသက်ကိုဆက်၍အောင့်မထားနိုင်တော့။အသက်ကိုတစ်ချက်ရှူလိုက်မိသည်။မီးခိုးတွေကိုရှူလိုက်မိသဖြင့် ချောင်းတွေဆိုးလာသည်။နံရံဆီသို့ဒယိမ်းဒယိုင်ပြန်လျှောက်လာသည်။ချောင်းတွေကဆိုး၊ နှာခေါင်းတွေကပူ၊ မျက်စိတွေလည်း ကျိန်းစပ်နေသည်။မိမိလက်ကိုပင်မိမိမမြင်ရတော့။မိမိလူဖြစ်လာခဲ့သည်မှာ နှစ်ဆယ့်ကိုးနှစ်ရှိပြီ။ အသက်ကလေးတစ်ချက်ရှူရေးကို ဤမျှမတောင့်တမိခဲ့။

နံရံကိုစမ်းကာ ကိုကာကိုလာစက်ရှိရာသို့ ပြန်လာခဲ့ပြီး ယင်းကိုကျော်လိုက်ရာ လှေကားအောက်ဆုံးထစ်ကိုဝင်ခလုတ်တိုက်မိသည်။တင်းနစ်ရိုက်တံသည် လက်ထဲမှ လွတ်ကျသွားပြီးပျောက်သွားသည်။ထိုရိုက်တံကိုသူမအလွန်မြတ်နိုးသည်။ ထိုရိုက်တံဖြင့် အဆင့်မြင့်စိန်ခေါ်ပွဲတစ်ပွဲကိုအနိုင်ရခဲ့ဖူးသည်။သို့သော် ယင်းကို ရှာမနေနိုင်တော့။လှေကားကိုလေးဘက်ထောက်တက်ကာလာခဲ့သည်။

မြေညီထပ်ကိုရောက်တော့ မီးခိုးများအတော်ပါးပြီး အဝင်တံခါးပေါက်ပွင့်နေသည်ကိုတွေ့လိုက်ရ၏။ လုံခြုံရေးအစောင့်တစ်ယောက်က တံခါးပေါက်အပြင်ဘက်တွင်ရပ်လျက် သူမအား"လာ.. လာ.."ဟုအော်ခေါ်နေ၏။သူမလည်း ချောင်းတွေဆိုးကာ ဒယိမ်းဒယိုင်နှင့် အပြင်သို့ထွက်လာခဲ့သည်။

ထို့နောက်လှေကားပေါ်တွင် နှစ်မိနစ်၊ သုံးမိနစ်ခန့်ရပ်လျက် အသက်ကိုရှူကာ အဆုတ်ထဲမှမီးခိုးများကိုချောင်းဆိုးထုတ်ပစ်နေသည်။ပုံမှန်အနေအထားပြန်ဖြစ်လာသော အခါခပ်လှမ်းလှမ်းဆီမှ အရေးပေါ်ဥဩသံကိုကြားလိုက်ရသည်။ လှည့်ပတ်ရှာကြည့် လိုက်တော့လစ်ဆာကိုမတွေ့ရ။

သူမအထဲတွင်တော့ ကျန်မနေခဲ့တန်ရာ။ ဂျင်နီမှာ တုန်တုန်ယင်ယင်နှင့်ပင် လူအုပ်ထဲသို့လျှောက်သွားပြီး လစ်ဆာကိုလိုက်ရှာနေသည်။ အန္တရာယ်ကင်းကြပြီဖြစ်၍ ရယ်သံမောသံတွေကိုကြားနေရသည်။ ကျောင်းသားအတော်များများမှာ အဝတ်အစားသိပ်မလုံ့တလုံတွေနှင့်။ ကိုယ့်အိတ်ကိုဆွဲလာနိုင်ကြသောလူများက ပါလာသောအဝတ်အစားများကို အဝတ်အစားမပါလာသောလူများအား မျှဝေပေးနေကြသည်။အဝတ်အစားပါမလာသူများမှာ ဖုံတွေချွေးတွေပေနေသော တီရှပ်များကိုရသည့်အတွက်ပင် စေတနာရှင်သူငယ်ချင်းများအား ကျေးဇူးတင်နေရသည်။အတော်များများကတော့ တဘက်ကလေးများပတ်လျက်ရှိနေကြ၏။

ထိုလူအုပ်ထဲတွင်လစ်ဆာတစ်ယောက်မပါ။ထို့ကြောင့်စိတ်ပူလာတံခါး

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဝမှလုံခြုံရေးအစောင့်ထံလှည့်ပြီး..

"ကျွန်မသူငယ်ချင်းတစ်ယောက် အထဲမှာကျန်နေခဲ့တယ်"

စိုးရိမ်ကြောက်ရွံ့စိတ်ဖြင့် အသံမှာလည်းတုန်နေ၏။ လုံခြုံရေးအစောင့်က..

"သူ့ကိုကျုပ်ဝင်မခေါ်ရဲဘူး"

"တော်တော်သတ္တိကောင်းတဲ့ယောကျ်ားပဲ"

ဂျင်နီကပြောပစ်လိုက်မိသည်။တကယ်တော့သူ့အားမည်သို့လုပ်ပေးပါဟူ၍လည်းမိမိမပြောတတ်။ဤလူသည်ဘာမျှအသုံးချ၍မရသည့်လူတော့ မဟုတ်တန်ရာ။ ထိုလူမှာလည်းစိတ်မကောင်းဖြစ်သွားပြီး..

"အဲဒီအလုပ်ကဟိုလူတွေလုပ်ရမှာ"

သူကပြောရင်းမောင်းဝင်လာနေသော မီးသတ်ကားကိုလက်ညှိုးထိုးပြသည်။

လစ်ဆာအတွက်ဂျင်နီအတော်ပင်စိတ်ပူမိသည်။သို့သော် မည်သို့လုပ်ရမှန်းလည်းမသိ။မီးသတ်ရဲဘော်များ ကားပေါ်မှဆင်းကာ အသက်ရှူမျက်နှာဖုံးစွပ်နေသည်ကို စိတ်မရှည်နိုင်စွာဖြင့် အကြောင်သားကြည့်နေမိသည်။သူတို့လုပ်ကိုင်နေသည်မှာ နှေးကွေးနေသဖြင့်သူတို့ကိုကိုင်လှုပ်ပြီး အော်ပစ်လိုက်ချင်စိတ်ပေါက်မိသည်။ နောက်ထပ် မီးသတ်ကားတစ်စီးဝင်လာပြီး ယင်းနောက်မှ ဘော်လ်တီမိုးမြို့ရဲအဖွဲ့၏ရဲကားတစ်စီးဝင်လာသည်။မီးသတ်သမားများမီးသတ်ပိုက်ကို အဆောက်အဦးထဲသို့ဆွဲသွင်းသွားစဉ်မီးသတ်အရာရှိကလုံခြုံရေးအစောင့်အား..

"ဘယ်ကစလောင်တယ်လို့ထင်သလဲ"

"အမျိုးသမီးအဝတ်လဲခန်းထဲကပါ"

"အဲဒါက ဘယ်နေရာမှာလဲ"

"မြေအောက်ထပ်ရဲ့နောက်ဘက်မှာ"

"အဲဒီမြေအောက်ခန်းထဲကနေထွက်ပေါက်ဘယ်နှပေါက်ရှိသလဲ"

"တစ်ပေါက်တည်းပါပဲ၊ ဒီမြေညီထပ်ခန်းမထဲကို လှေကားကနေတက်လာတဲ့ တစ်ပေါက်တည်းရှိတယ်"

အဆောက်အဦးပြုပြင်ရေးဝန်ထမ်းက သူ့နားမှာရပ်လျက်

"စက်ခန်းထဲကနေအပေါ်ကိုတက်တဲ့ လှေကားတစ်ခုလည်းရှိသေးတယ်လေ၊ အဲဒီကတက်ရင်အဆောက်အဦးနောက်ဖေးကိုထွက်တဲ့အပေါက်တစ်ပေါက်ကိုရောက်တယ်"

ဂျင်နီက မီးသတ်အရာရှိအား...

"ကျွန်မသူငယ်ချင်းတစ်ယောက် အထဲမှာကျန်နေခဲ့ပါတယ်ရှင်"



"ယောကျ်ားလား၊ မိန်းမလား"

"မိန်းကလေးပါ၊ အသက်၂၄နှစ်ပဲရှိသေးတယ်၊ အရပ်ပုပု၊ ရွှေရောင်ဆံပင်နဲ့"

"အထဲမှာကျန်နေရင်တော့ ကျွန်တော်တို့တွေ့မှာပါ"

ဂျင်နီ ခေတ္တမျှ စိတ်အေးသွားရသည်။ သို့ရာတွင် သူပြောလိုက်သည်မှာ အသက်ရှင်လျက်တွေ့ရမည်ဟူသော သဘောမျိုးမဟုတ်ကြောင်းသိလိုက်ရသည်။ အဝတ်လဲခန်းတွင်တွေ့ရသောလုံခြုံရေးဝန်ထမ်းကို မတွေ့ရ။ထို့ကြောင့်ဂျင်နီက မီးသတ်အရာရှိအား..

"အထဲမှာ လုံခြုံရေးဝန်ထမ်းတစ်ယောက်လည်းရှိသေးတယ်၊ အဲဒီလူကိုအခုအပြင်မှာမတွေ့ရဘူး၊ အရပ်မြင့်မြင့်လူပဲ"

အဆောက်အဦးလုံခြုံရေးဝန်ထမ်းက..

"ဒီအဆောက်အဦးမှာကျုပ်အပြင်တခြားလုံခြုံရေးဝန်ထမ်းမရှိပါဘူး"

"အဲဒီလူဟာဦးထုပ်မှာလုံခြုံရေးလို့ရေးထားတယ်၊အဲဒီလူကပဲ အထဲထဲကလူတွေကိုအပြင်မြန်မြန်ထွက်ကြ၊ မြန်မြန်ထွက်ကြလို့အော်နေတာပဲ"

"သူ့ဦးထုပ်ပေါ်မှာဘာတွေပဲရေးထားရေးထား"

"အားလေ.. ငြင်းလည်းမနေပါနဲ့၊ ကျွန်မက ထင်လို့လည်းဖြစ်ချင်ဖြစ်မှာ၊ အဲဒီလူကလည်းအန္တရာယ်ရှိနိုင်တယ်"

ဂျင်နီကပြောသည်။ကာကီဘောင်းဘီကိုခြေသလုံးအထိလိပ်တင်ထားသည့် မိန်းမတစ်ယောက်က သူတို့ပြောသည်ကို ရပ်နားထောင်ရင်း

"အဲဒီလူကိုကျွန်မလည်းမြင်လိုက်တယ်၊ ဒီကောင်ကလူယုတ်မာ၊ ကျွန်မကိုတောင်လက်နဲ့စမ်းသွားသေးတယ်"

မီးသတ်အရာရှိက..

"စိတ်အေးအေးထားကြပါ၊ အားလုံးကိုတွေ့အောင်ရှာပေးမှာပါ၊ အခုလိုပူပေါင်းကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ်"

ဂျင်နီက လုံခြုံရေးဝန်ထမ်းအား အတန်ကြာမျှစိုက်ကြည့်နေမိသည်။ လုံခြုံရေးဝန်ထမ်းအားအော်ငေါက်ပြောဆိုနေသဖြင့် လုံခြုံရေးဝန်ထမ်းက မိမိအားစိတ်ချောက်ချားပြီး ကြောင်နေသူတစ်ဦးပမာသတ်မှတ်သွားသည်ထင်၏။သူမစိတ်ပျက်လက်ပျက်နှင့်ပြန်လှည့်လာခဲ့၏။မိမိယခုဘာလုပ်ရမည်နည်း မီးသတ်ရဲဘော်များအဆောက်အအုံထဲပြေးဝင်သွားကြသည်။မိမိမှာမူဖိနပ်မပါ၊ တီရှပ်ကလေးကိုသာဝတ်ဆင်ထားရသည်။မိမိအထဲကိုဤအတိုင်းဝင်ရောက်သွားလျှင်လည်း သူတို့မိမိကိုအပြင်သို့ဆွဲထုတ်ပစ်ကြလိမ့်မည်။ ဒေါသဖြင့်လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။ လစ်ဆာဘယ်မှာရှိနိုင်သလဲ။ စဉ်းစားစမ်း၊ စဉ်းစားစမ်း။

အားကစားရုံမှာစိတ်ပညာဌာနနှင့်ကပ်နေသည်။လစ်ဆာတင်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပညာဌာနတွင်ရောက်နေသည်လား။တနင်္ဂနွေနေ့မို့ တံခါးတွေတော့ သော့ခတ်ထားမည်။သို့ရာတွင် လစ်ဆာထံ၌သော့ရှိကောင်းရှိမည်။အဝတ်အစားမလဲ့တလဲ့နှင့်မို့ ဓာတ်ခွဲခန်းထဲသို့ ဂျူတီကုတ်ဝင်ရှာပြီး ဝတ်ကာသူမစားပွဲတွင်ထိုင်နေသည်လား။ ဂျင်နီ လေ့ကားမှပြေးတက်ပြီး..

"လစ်ဆာ.. နင်အထဲမှာရှိသလား"

ဓာတ်ခွဲခန်းထဲတွင် လူသူကင်းမဲ့လျက်ရှိသည်။ လစ်ဆာ၏ကုလားထိုင်မှာ စားပွဲအောက်တွင်ထိုးကပ်ထားသည်။ကွန်ပျူတာမှာလည်းပိတ်လျက်သား။စကြံအဆုံးရှိအမျိုးသမီးနားနေခန်းတွင်ရှိလိုရှိငြားသွားကြည့်သော်လည်း။မရှိ။

"သေစမ်းပါဟယ်.. နင်ဘယ်သချိုင်းရောက်နေသလဲ"

ဂျင်နီ မောကြီးပန်းကြီးနှင့် အပြင်ပြန်ထွက်လာသည်။လစ်ဆာတစ်နေရာတွင် မြေကြီးပေါ်ထိုင်၍ အမောဖြေနေသည်လားဟူသောအတွေးဖြင့် အားကစားရုံတစ်ဝိုက်လိုက်ရှာရန်စဉ်းစားလိုက်သည်။ အဆောက်အဦးကိုပတ်၍ အမှိုက်ပုံးများပေါလှသည့် ခြံဝင်းတစ်လျှောက်လိုက်ရှာကြည့်သည်။နောက်ဖေးဘက်တွင်ကားရပ်သည့်နေရာလေးတစ်ခုရှိသည်။ ဤတွင်လူသွားလမ်းလေးအတိုင်းခပ်သုတ်သုတ်ထွက်ပြေးသွားသူတစ်ယောက်ကိုမြင်လိုက်ရ၏။အရပ်ကအတော်မြင့်သဖြင့်လစ်ဆာတော့မဖြစ်နိုင်။ယောကျ်ားတစ်ယောက်ဖြစ်သည်မှာသေချာသည်။ ထိုလူမှာပျောက်နေသည့် လုံခြုံရေးသမားတစ်ယောက်ဖြစ်မည်။ ထိုလူကိုသေသေချာချာမမြင်လိုက်ရ။ကျောင်းသားသမဂ္ဂအဆောက်အဦးထောင့်ချိုးတွင်ပျောက်ကွယ်သွားတော့သည်။

အဆောက်အဦးကိုပတ်၍ဆက်ရှာသည်။ဟိုမှာဘက်ဆီတွင်အပြေးပြိုင်လမ်းတစ်ခုရှိသည်။ထိုနေရာတွင်လူသူမရှိ။ တစ်ပတ်ပြည့်တော့ အဆောက်အဦးရှေ့သို့ပြန်ရောက်လာသည်။

လူတွေပိုများလာပြီး မီးသတ်ကားများနှင့်ရဲကားများလည်း ထပ်ရောက်လာသည်။လစ်ဆာကိုမူရှာမတွေ့သေး။မီးလောင်နေသည့်အဆောက်အဦးထဲတွင် သူမရှိနေသည်မှာသေချာသလောက်ရှိသည်။ အန္တရာယ်တစ်ခုခုတော့ဖြစ်နေသည်ဟု သူမသိလိုက်သည်။ထိုသို့အဖြစ်မခံနိုင်။

စောစောက သူမနှင့်စကားပြောခဲ့သော မီးသတ်အရာရှိအားတွေ့သဖြင့် သူမသူ့ကိုလက်ဆွဲကာ..

"လစ်ဆာအထဲမှာကျန်နေတယ်ဆိုတာသေချာပါတယ်၊ကျွန်မအနှံ့လိုက်ရှာပြီးပြီ၊ ဘယ်မှာမှမတွေ့ဘူး"

အရာရှိကသူမအားစူးစူးရဲရဲကြည့်ကာ သူမပြောသည်မှာမှန်နိုင်သည်ဟုယုံကြည်သွားဟန်ရှိသည်။ သူကဘာမှပြန်မပြောဘဲ ရေဒီယိုဆက်သွယ်ရေးစနစ်ဖြင့်..



"လူဖြူအမျိုးသမီးတစ်ယောက် အထဲမှာကျန်နေတယ်လို့ ယုံကြည်ရတယ်၊ နာမည်ကလစ်ဆာ၊ ထပ်ပြောမယ်လစ်ဆာ"

"ကျေးဇူးတင်ပါတယ်ရှင်"

ဂျင်နီကပြောလိုက်သည်။ အရာရှိကခေါင်းတစ်ချက်ဆတ်ကာလှည့်ထွက်သွားသည်။

မိမိပြောသည်ကိုသူယုံကြည်သွား၍ဝမ်းသာမိသည်။သို့သော် စိတ်ကမချနိုင်သေး။ အိမ်သာခန်းထဲတွင် သော့ပိတ်မိပြီးမထွက်နိုင်ဖြစ်နေပြီလား။မီးတွေဝိုင်းနေသဖြင့် အော်ဟစ်အကူအညီတောင်းသော်လည်းမည်သူမျှမကြားဖြစ်နေပြီလား။သို့မဟုတ်ကလည်း တစ်နေရာတွင်လဲကျကာခေါင်းကိုထိပြီး သတိမေ့မျောသွားသဖြင့် သူမအနီးသို့မီးတွေဝိုင်းလာနေပြီလား။

အဆောက်အဦးအတွင်းသို့ အခြားဝင်ပေါက်တစ်ခုရှိသေးသည်ဟု အဆောက်အဦးပြင်ဆင်ရေးဝန်ထမ်းပြောသည်ကို သွားအမှတ်ရသည်။အဆောက်အဦးကိုပတ်၍ကြည့်စဉ် ထိုအပေါက်ကိုမတွေ့ခဲ့။နောက်တစ်ကြိမ်ထပ်ရှာရန်ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် အဆောက်အဦးနောက်ဖေးဘက်သို့လာခဲ့၏။

ချက်ချင်းပင်တွေ့လိုက်သည်။ အပေါက်မှာ အဆောက်အဦးနှင့်ကပ်လျက်အောက်တည့်တည့်တွင်ဖောက်ထားသည်။ကားတစ်စီးကွယ်နေ၍ မတွေ့ခြင်းဖြစ်သည်။ အပေါက်သံဆန်ကာအဖုံးမှာပွင့်ပြီး နံရံတွင်ထောင်လျက်ရှိသည်။ ဂျင်နီမှာဒူးထောက်ပြီး ထိုလေးထောင့်အပေါက်ကိုမှီပြီးအောက်သို့ငုံ့ကြည့်လိုက်သည်။

လှေကားမှာအောက်ဘက်ရှိညစ်ပတ်သောအခန်းတစ်ခန်းဆီသို့ဆင်းသွားသည်။မီးချောင်းတစ်ချောင်းလည်း ထွန်းထား၏။ မီးခိုးတွေတော့ရှိသည်။ သို့သော်သိပ်မများ။မြေအောက်ခန်း၏အခြားနေရာများနှင့်သီးခြားကင်းလွတ်သည့်နေရာဖြစ်နိုင်သည်။ သို့သော်မီးခိုးနံ့ကြောင့်ချောင်းတွေဆိုးပြီးမွန်ကာလှေကားကို မမြင်မကန်းလိုက်ရှာနေခဲ့ရပုံကို ပြန်လည်သတိရပြီးရင်တွေခုန်နေသည်။

"အထဲမှာလူရှိသလား"

သူမက အော်ခေါ်ကြည့်သည်။အသံလိုလိုတော့ကြားရသည်။သို့သော်မသေချာ။သူမကထပ်၍ အသံကျယ်ကျယ်ဖြင့်..

"ဟေး.."

ပြန်ထူးသံမကြားရ။ သူမအနည်းငယ်တွေဝေနေ၏။ အဆောက်အဦးရှေ့ဘက်သို့ပြန်သွားပြီးမီးသတ်အရာရှိအားသွားပြောလျှင်ကောင်းမည်။သို့သော် အချိန်သိပ်ကြာပြီးမေးလားစမ်းလားလုပ်နေဦးမည်။သို့ဆိုလျှင်အောက်သို့ဆင်းပြီးကြည့်ရန်သာရှိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုတင်းပြီးလှေကားပေါ်သို့ခြေချလိုက်သည်။ဒူးတွေတုန်ပြီးလဲကျမလို ဖြစ်မိ၏။ခဏနားလိုက်သည်။အနည်းငယ်အားရှိလာတော့မှ လှေကားနောက်တစ်ထစ်ကို ဆင်းလိုက်သည်။ ဤတွင် မီးခိုးတွေမွှန်ပြီး ချောင်းတွေဆိုးသဖြင့် အပေါ်သို့ ပြန်တက်လာပြန်သည်။

ချောင်းဆိုးရပ်တော့ တစ်ကြိမ်ဆင်းပြန်၏။ပထမတစ်ထစ်ဆင်းပြီးတော့ ဒုတိယတစ်ထစ်ကို ဆင်းလိုက်သည်။ မီးခိုးတွေကြောင့် ချောင်းတွေဆိုးလာလျှင်တော့ အပေါ်ပြန်တက်ပြေးဦးမည်။တတိယအထစ်အထိအဆင်ပြေနေသည်။ထို့နောက် မြန်မြန်ဆင်းပြီး နောက်ဆုံးလှေကားထစ်မှ ကြမ်းပြင်ပေါ်သို့ခုန်ချလိုက်၏။

စက်ကိရိယာများဖြင့်ပြည့်နေသော အခန်းကျယ်ကြီးတစ်ခုထဲသို့ရောက်သွားသည်။ ရေစုပ်စက်နှင့် ရေစစ်ကိရိယာများပြည့်နေ၏။ မီးခိုးနံ့တွေကတော့ရနေဆဲ။ သို့သော်ကောင်းကောင်းအသက်ရှူ၍ရသေးသည်။လစ်ဆာကို ချက်ချင်းပင်တွေ့လိုက်သည်။သို့သော် မြင်လိုက်ရသည့်မြင်ကွင်းကြောင့်အံ့အားသင့်သွားရ၏။ လစ်ဆာမှာ တစ်စောင်းလဲနေပြီး ဒူးတုတ်၍ကွေးထားသည်။ အဝတ်အစားလည်းမပါ။သွေးလိုလို အရာတွေလည်းတွေ့ရသည်။ လှုပ်လည်းမလှုပ်။

ရုတ်တရက် ဂျင်နီမှာကြောက်ပြီး တစ်ကိုယ်လုံးတောင့်တင်းသွားသည်။ ပြီးမှစိတ်ကိုထိန်းကာ..

"လစ်ဆာ.."

အော်ခေါ်ကြည့်သည်။မိမိအသံတွင် ထိတ်လန့်ချောက်ချားသံတွေပါနေကြောင်းသတိပြုမိလိုက်သည်။အသက်ကိုရှူ၍ စိတ်ကိုဖြေကာ အခန်းကိုဖြတ်ကူးပြီး သူငယ်ချင်း၏ဘေးတွင် ဒူးထောက်ထိုင်ကာ..

"လစ်ဆာ.."

လစ်ဆာမျက်လုံးဖွင့်ကြည့်သည်။ ဂျင်နီက..

"တော်ပါသေးရဲ့၊ နင်သေပြီမှတ်နေတာ"

လစ်ဆာက ဖြည်းဖြည်းချင်းထထိုင်သည်။ဂျင်နီကိုလည်းမကြည့်။ သူမ နှုတ်ခမ်းများဖူးယောင်နေ၏။

"သူ.. သူ.. ငါ့ကိုစော်ကားသွားတယ်"

သူမကို အသက်ရှင်လျက်ပြန်တွေ့ရသဖြင့် ဂျင်နီစိတ်အေးသွားရာမှ ထိုစကားကြောင့် ကြောက်လန့်တကြားရင်တွေတုန်မိသည်။

"ဖြစ်မှဖြစ်ရလေ၊ ဒီနေရာမှာလား"

လစ်ဆာက ခေါင်းညိတ်လျက်..

"သူက ဒီဘက်ကပြေးရင်ရတယ်ဆိုလို့"



ဂျင်နီ မျက်စိကိုမှိတ်ထားမိသည်။ ယခုလိုစော်ကားခံရသည့်အတွက် လစ်ဆာ ခံစားရမည့်ဝေဒနာနှင့်အရှက်ကို ကိုယ်ချင်းစာမိသည်။ ဝေ့လာသောမျက်ရည်ကိုမကျအောင်တင်းထားလိုက်ရ၏။ ရုတ်တရက်ရင်ထဲတွင်ပျို့ကာစကားပင်မပြောနိုင်တော့။ ပြီးမှ စိတ်ကိုဖြေကာ..

"အဲဒီကောင်က ဘယ်သူလဲ"

"လုံခြုံရေးငနဲပေါ့"

"မျက်နှာမှာ ပဝါစည်းထားတဲ့ကောင်လား"

"မျက်နှာကပဝါကိုချွတ်လိုက်တယ်၊ သူ့မျက်နှာကအမြဲပြုံးနေတယ်"

လစ်ဆာက ပြောပြီးမျက်နှာကိုလွှဲသွားသည်။ဒီအတိုင်းပဲဖြစ်မည်။ ကာကီဘောင်းဘီဝတ်ထားသောအမျိုးသမီးက လုံခြုံရေးအစောင့်သူမအား စမ်းသွားသေးသည်ဟုပြောခဲ့သည်မဟုတ်လား။ ဤအဆောက်အဦးထဲတွင် အခြားလုံခြုံရေးဝန်ထမ်းမရှိဟု အပေါက်ဝမှလုံခြုံရေးဝန်ထမ်းပြောသည်မှာလည်းအမှန်ပဲဖြစ်မည်။

"အဲဒါလုံခြုံရေးဝန်ထမ်းမဟုတ်ဘူး"

ဂျင်နီကပြောလိုက်သည်။ထိုလူထွက်ပြေးသွားသည်ကို စောစောကမိမိမြင်လိုက်သည်။တက္ကသိုလ်ဝင်းအတွင်း အားကစားရုံတွင်း၌ ဤမှုယုတ်မာစွာလုပ်ရဲပလေဟု ဒေါသစိတ်ကလွှမ်းမိုးလာသည်။ နောက်မှ ချက်ချင်းပြေးလိုက်သွားပြီး လည်ပင်းကိုညှစ်သတ်ချင်စိတ်ပေါက်မိသည်။

ထို့နောက်ကျယ်လောင်သောအသံများကိုကြားလိုက်ရသည်။လူတွေအော်ဟစ်သံ၊ ကျယ်လောင်သောခြေသံများနှင့်ရယ်သံများကို ကြားရသည်။ မီးသတ်သမားများ ရေပိုက်များနှင့်ပက်နေကြခြင်းဖြစ်သည်။ ဂျင်နီက..

"ကြားလား.. ငါတို့ဒီနေရာမှာနေရင်အန္တရာယ်ရှိနိုင်တယ်၊ဒီထဲကမြန်မြန်ထွက်ကြမယ်"

လစ်ဆာက အားနည်းသောအသံကလေးဖြင့်..

"ငါ့မှာ အဝတ်အစားမပါဘူး"

"အဝတ်အစားအတွက်မပူပါနဲ့၊ အားလုံးလည်းအဝတ်အစားသိပ်ပါကြတာ မဟုတ်ဘူး"

ဂျင်နီလှည့်ပတ်ကြည့်လိုက်တော့ လစ်ဆာ၏အတွင်းခံအဝတ်အစားများကို တွေ့လိုက်ရသည်။ သူမကသွားကောက်ပြီး..

"အဲဒီအတွင်းခံတွေဝတ်လိုက်၊ ညစ်တော့ညစ်ပတ်နေပြီ ဒါပေမဲ့ ဘာမှမပါဘဲ ထက်စာရင် တော်သေးတာပေါ့"

လစ်ဆာမှာ ထိုနေရာတွင်ထိုင်လျက်တွေတွေကြီးဖြစ်နေသည်။ ဂျင်နီ စိတ်ပူ

www.burmeseclassic.com

www.burmeseclassic.com



နေသည်များကို မိမိဘာသာဖြေလိုက်ရ၏။ လစ်ဆာမလိုက်ဟုငြင်းလျှင် မည်သို့လုပ်မည်နည်း။သူမအား ပွေ့ချီသွားရန်သာရှိသည်။သို့သော် သူ့ကိုချီ၍ လှေကားကိုတက်နိုင်ပါမည်လား။ သူမအသံကိုမြင့်၍..

"အိုကွာ.. ထစမ်း"

ပြောရင်းလစ်ဆာ၏လက်ကိုဆွဲထူသည်။ လစ်ဆာက သူမကိုကြည့်လျက်..

"စိတ်ဆင်းရဲလိုက်ရတာ ဂျင်နီရယ်"

ဂျင်နီက သူမအား ပခုံးမှဆွဲကာတင်းတင်းဖက်ထားလိုက်မိသည်။ ပြီးတော့..

"စိတ်မကောင်းလိုက်တာ လစ်ဆာရယ်၊ ငါတကယ့်ကိုစိတ်မကောင်းဘူး"

ထုထဲသောတံခါးကြီးကြားမှ မီးခိုးတွေများဖြာလာပြန်သည်။ဂျင်နီကြောက်စိတ်ဝင်လာကာ..

"တို့ ဒီနေရာကမြန်မြန်ပြေးမှဖြစ်မယ်၊ မီးတွေလောင်ကုန်ပြီ၊ကဲ ဒါတွေဝတ်စမ်းပါကွာ"

နောက်ဆုံးတွင် လစ်ဆာလှုပ်ရှားလာသည်။အတွင်းခံအဝတ်အစားများကိုလည်းဝတ်လိုက်၏။ဂျင်နီကသူမလက်ကိုဆွဲကာ နံရံကပ်လှေကားဆီသို့ခေါ်သွားသည်။လစ်ဆာကအရင်တက်သွားသည်။ ဂျင်နီလိုက်တက်သွားစဉ်မှာပင် တံခါးကြီးဝုန်းခနဲပွင့်သွားပြီး မီးသတ်သမားတစ်ယောက်မီးခိုးတွေကြားထဲမှဝင်လာသည်။သူ့မီနပ်တစ်ဝိုက်တွင်လည်းရေတွေချည်းဖြစ်၏။ ဂျင်နီတို့ကိုမြင်တော့ သူအလန့်တကြားဖြစ်သွားသည်။ ဂျင်နီကသူ့ထံလှမ်းအော်ကာ..

"ကျွန်မတို့ဘာမှမဖြစ်ဘူး၊ ကျွန်မတို့ဒီအပေါ်ကထွက်မယ်"

ပြီးတော့ လစ်ဆာနောက်မှ အပေါ်သို့တက်လိုက်သွားသည်။ခဏကြာတော့ အပြင်ဘက်သန့်ရှင်းသောလေထုထဲသို့ ရောက်သွားကြတော့သည်။ ဂျင်နီတစ်ဝက်တစ်ပျက်စိတ်အေးသွားရသည်။ လစ်ဆာအားမီးအတွင်းမှ ကယ်ဆယ်နိုင်ခဲ့သော်လည်း သူမအား အားပေးကူညီဖို့လိုနေသည်။

ဂျင်နီကသူမပခုံးကိုဖက်၍ အဆောက်အဦးမျက်နှာစာဘက်ဆီသို့လာခဲ့ကြ၏။ မီးသတ်ကားနှင့်ရဲကားများပြည့်နေတော့သည်။ အမျိုးသမီးအများစုမှာ ရသမျှကိုရှာကြံကာသူတို့ခန္ဓာကိုယ်ကိုလုံခြုံအောင်လုပ်ထားကြသည်။ လစ်ဆာတစ်ယောက်သာ အတွင်းခံအဝတ်အစားကလေးများနှင့် အများကြားတွင်ထူးခြားနေ၏။

"ဘောင်းဘီကလေးဘာလေးများအပိုမရှိကြဘူးလားရှင်"

လူအုပ်ကြားတွင်လျှောက်သွားရင်း ဂျင်နီကလိုက်တောင်းသည်။ အပိုရှိသမျှလည်းအားလုံးမျှဝေဝတ်ထားကြပြီဖြစ်၏။ ဂျင်နီက မိမိအပေါ်အင်္ကျီကိုလစ်ဆာအားပေးဝတ်ချင်သော်လည်း မိမိတွင်အတွင်းခံကမပါ။နောက်ဆုံးတွင် အရပ်ရှည်ရှည်



လူမည်းအမျိုးသားတစ်ယောက်ကသူ၏အပေါ်အင်္ကျီကိုလစ်ဆာ အားပေးပြီး...

"ကျုပ်ကို ပြန်တော့ပေးဗျာ၊ ကျုပ်နာမည် မစ်ရှဲဂါတာမီးပါ၊ သရော်ဒွာနကလေ"

"ကျွန်မ မှတ်ထားပါ့မယ်ရှင်"

ဂျင်နီကကျေးဇူးတင်စွာပြောသည်။ လစ်ဆာက ထိုအင်္ကျီကို ဝတ်လိုက်၏။ သူမမှာပုသဖြင့် အင်္ကျီမှာ ဒူးအထိရောက်နေသည်။ ဂျင်နီကအိပ်မက်ဆိုးမှ လန့်နိုးသလိုခံစားရသည်။သူမကလစ်ဆာအား အရေးပေါ်ကားဆီသို့ခေါ်သွားသည်။ရဲသုံးယောက်မှာ ရဲကားတစ်စီးကိုမှီ၍ရပ်နေကြ၏။ ဂျင်နီကအသက်ကြီးကြီး ခပ်ဝဝရဲအား..

"ဒီမိန်းကလေးနာမည်က လစ်ဆာပါ၊ သူ အစော်ကားခံခဲ့ရလို့"

ဤသို့သော ရာဇဝတ်မှုကြီးတစ်ခု ဖြစ်ပွားသွားသည်ကိုကြားလိုက်ရလျှင် သူတို့အလန့်တကြားဖြစ်သွားမည်ဟု ဂျင်နီထင်နေသည်။ သို့သော်သူတို့က ဘာမှမဖြစ်သလိုလုပ်နေ၏။ ပြီးတော့ သုံးယောက်သား ထိုကိစ္စကိုချိန်ဆနေရာ အတော်ကြာသွားသည်။ ဂျင်နီသူတို့ကိုဆွဲရိုက်ပစ်လိုက်ချင်၏။ထို့နောက် အသက်ကြီးကြီးရဲက ကားခေါင်းတွင် မှီရပ်နေရာမှ ထလျက်..

"ဘယ်မှာဖြစ်သွားတာလဲ"

"အဆောက်အဦးမြေအောက်ခန်းထဲမှာ၊ နောက်ဖေးဘက်က စက်ခန်းထဲမှာပါ"

အခြားတစ်ယောက်ဖြစ်သည့် လူမည်းရဲက..

"ဟို မီးသတ်သမားတွေရေနဲ့ထိုးပက်လို့ သက်သေခံအထောက်အထားတွေပျောက်ကုန်လောက်ပြီဆရာ"

အသက်ကြီးကြီးရဲက..

"ဟုတ်တယ်ကွ၊ မင်းမြန်မြန်ဆင်းလိုက်သွားစမ်း လင်နီ၊ အခင်းဖြစ်တဲ့နေရာမှာ ဘာမှမလုပ်မိစေနဲ့"

လင်နီဆိုသူ ကမန်းကတန်းထွက်သွားသည်။ ရဲကြပ်ကြီးက လစ်ဆာအား..

"အဲဒီလူကို ခင်ဗျားသိသလား"

လစ်ဆာက ခေါင်းခါသည်။ ဂျင်နီက..

"အရပ်မြင့်မြင့်လူဖြူတစ်ယောက်ပဲ၊ အနီရောင်ဦးထုပ်ကိုဆောင်းထားတယ်၊ သူ့ရဲ့ဦးထုပ်ရှေ့ဘက်မှာလုံခြုံရေးလို့စာတန်းပါတယ်။ မီးစလောင်သောအခြင်း အမျိုးသမီးအဝတ်အစားလဲခန်းထဲမှာ ကျွန်မသူ့ကိုတွေ့လိုက်တယ်၊လစ်ဆာကိုကျွန်မရှာမတွေ့ခင်ကလေးမှာပဲ သူထွက်ပြေးသွားတာကိုလည်း ကျွန်မတွေ့လိုက်တယ်"

ရဲက ကားထဲမှရေဒီယိုစကားပြောခွက်ကို လှမ်းယူလိုက်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



စကားပြောခွက်တွင် တစ်ခွန်းနှစ်ခွန်းပြောကာပြန့်ထားလိုက်သည်။ သူက..

"ဒီကောင်ညှံ့လို့ဦးထုပ်ကိုဆက်ဆောင်းထားရင်တော့ ကျုပ်တို့သူ့ကိုတွေ့မှာပဲ"

ထို့နောက် တတိယရဲက..

"မင်း ဒီမိန်းကလေးကို ဆေးရုံပို့လိုက်ကွာ"

ထိုရဲသားမှာလူဖြူတစ်ယောက်ဖြစ်၍ မျက်မှန်တပ်ထားသည်။သူက လစ်ဆာအား..

"ခင်ဗျားကားရှေ့ခန်းကလိုက်မလား၊ နောက်ခန်းကလိုက်မလား"

လစ်ဆာက ဘာမျှမပြောဘဲ စိတ်မသက်သာဟန်ဖြင့်ကြည့်နေသည်။ ဂျင်နီကဝင်၍..

"ရှေ့ခန်းကပဲလိုက်ပေါ့၊ မင်းကိုတရားခံလို့ထင်နေဦးမယ်"

လစ်ဆာ၏မျက်နှာပေါ်တွင် စိုးရိမ်ကြောက်ရွံ့စိတ်များပေါ်လာသည်။ နောက်ဆုံးတွင် သူမက..

"နင်ရောလိုက်မလား"

"နင်လိုက်စေချင်ရင် လိုက်မှာပေါ့၊ ဒါပေမဲ့ ငါအခန်းခဏပြန်ပြီး နင့်အတွက်အဝတ်အစားတွေယူလိုက်ဦးမယ်၊ ပြီးမှငါဆေးရုံလိုက်ခဲ့မယ်လေ"

လစ်ဆာက ရဲသားကိုကြည့်ကာစိုးရိမ်ဟန်ရှိနေသည်။ ဂျင်နီက..

"နင် ဘာမှမဖြစ်တော့ပါဘူးလစ်ဆာရယ်"

ရဲသားက ကားတံခါးကိုဖွင့်ပေးသည်။ လစ်ဆာဝင်ထိုင်လိုက်၏။ ဂျင်နီက ရဲသားအား..

"ဘယ်ဆေးရုံကိုပို့မှာလဲ"

"စန်တာထရီဇာဆေးရုံကို"

"ငါ အခုပဲအဲဒီကိုလိုက်လာခဲ့မယ်"

ကားထွက်သွားစဉ် ဂျင်နီက နောက်မှအော်ပြောလိုက်သည်။ ပြီးတော့ မိမိကားရပ်ထားသည့်နေရာသို့အပြေးလာခဲ့သည်။လစ်ဆာနှင့်တစ်ပါတည်းပါမသွားသဖြင့် စိတ်မကောင်းဖြစ်မိသည်။ ကားပေါ်တွင်ပါသွားသောလစ်ဆာမှာ အတော်လေးစိုးရိမ်ထိတ်လန့်နေပုံရ၏။ မိမိအတွက်လည်းအဝတ်သန့်သန့်လဲရန်လိုသော်လည်း လစ်ဆာဘေးတွင် မိမိရှိနေရန်က ပို၍အရေးကြီးနေသည်။သေနတ်ကိုင်ထားသောယောကျ်ားတစ်ယောက်၏ဘေးတွင်သူမနေချင်ရှာမည်မဟုတ်။ မိမိကားထဲသို့ဝင်ထိုင်လိုက်စဉ် မိမိအလွန်ပင်ပန်းနေပြီဖြစ်ကြောင်း သတိထားလိုက်မိသည်။ ထို့နောက်ကားကိုမောင်းထွက်လာခဲ့၏။



သူမနေသည့်နေရာမှာ ကျောင်းဝင်းနှင့်သိပ်မဝေး။ သူမနေသည့် တိုက်ခန်းမှာ တိုက်တန်းကလေးတစ်ခု၏အပေါ်ထပ်အခန်းတစ်ခန်းဖြစ်သည်။ ဂျင်နီကားကိုရပ်၍ တိုက်ခန်းထဲသို့ဝင်ခဲ့၏။အထဲရောက်တော့မျက်နှာတွေ၊ လက်တွေကိုဆေးကြောသန့်စင်ပြီး အဝတ်အစားခပ်လတ်လတ်များကိုလဲလှယ်လိုက်သည်။ပုပုဝိုင်းဝိုင်းဖြစ်သောလစ်ဆာနှင့်တော်မည့် မိမိအဝတ်အစားများကိုလည်းရွေးနေ၏။ပိုလိုရှပ်တစ်ထည်နှင့်အားကစားဘောင်းဘီရှည်တစ်စုံကိုရွေးထုတ်လိုက်သည်။ ပြီးတော့ ဖိနပ်တစ်ရံကိုပါယူပြီး အိတ်ထဲသို့ထိုးထည့်ကာပြေးထွက်လာခဲ့တော့သည်။

ဆေးရုံသို့ကားကိုမောင်းလာစဉ်သူမစိတ်ကပြောင်းလာ၏။မီးစလောင်သည်နှင့် မိမိလုပ်ချင်ရာကိုသာ အာရုံရောက်နေသည်။ ယခုမှဒေါသဖြစ်ရမှန်းသိတော့သည်။ လစ်ဆာမှပျော်ရွှင်စိတ်ချမ်းသာစွာနေလာခဲ့ရာမှ ယခုတော့ထိတ်လန့်ချောက်ချားကာ ရဲကားထဲတွင်တစ်ယောက်တည်းပါသွားရရှာလေပြီ။

ကားကိုမောင်းသွားရင်းဘေးတစ်လျှောက်တွင် ဦးထုပ်အနီဆောင်းထားသောအကောင်အားလိုက်ရှာနေမိသည်။သူ့ကိုတွေ့လျှင်တော့လားကားကို ပလက်ဖောင်းအပေါ်မောင်းတက်ကာတိုက်သတ်ပစ်လိုက်မည်။

တကယ်တော့ သူ့ကိုမိမိမှတ်မိသည်လည်းမဟုတ်။ထိုင်နေမှာ ဦးထုပ်ပေါ်မှစာတန်းကိုဖျက်ပစ်ထားကောင်းထားမည်။ ဦးထုပ်ပါမဆောင်းဘဲနေကောင်းနေမည်။ ထိုလူမည်သည့်အဝတ်အစားတွေဝတ်ထားပါလိမ့်။ သူ့ကိုမမှတ်မိသဖြင့် စိတ်ဆင်းရဲရသည်။ တီရှပ်တစ်မျိုးဝတ်ထားသည်ထင်၏။ ဂျင်းဘောင်းဘီအပြာရောင်ကအစိုလား၊အရှည်လားမသိ။ယခုလောက်ဆိုလျှင်သူလည်း မိမိကဲ့သို့အဝတ်အစားတွေလဲထားကောင်းလဲထားမည်။

ဆေးရုံကအတော်ကြီးသည်။ ဂျင်နီကကားရပ်သည့်နေရာတွင် မိမိကားကိုရပ်ခဲ့ပြီးအရေးပေါ်ဌာနကိုလိုက်ရှာသည်။လစ်ဆာအားဆေးရုံကုတင်ပေါ်တွင် ဆေးရုံအဝတ်အစားများဝတ်လျက် ကြောင်တောင်တောင်လေးကြည့်နေသည်ကိုတွေ့လိုက်ရ၏။လစ်ဆာကိုခေါ်သွားသောရဲမှာ လစ်ဆာ၏ခုတင်ဘေးတွင်ထိုင်လျက် ဒူးပေါ်တွင်မှတ်စုစာအုပ်ဖွင့်ကာရေးမှတ်နေသည်။ ဂျင်နီက ပါလာသည့်အိတ်ကိုချလျက်..

"ဒီမှာ နင့်အတွက်အဝတ်အစားတွေပါလာတယ်၊ ဘာဖြစ်နေလဲ"

လစ်ဆာမှာ ငိုင်၍နေပြီးနှုတ်ဆိတ်နေသည်။ သူမချောက်ချားနေဆဲ။ စိတ်ကိုဖြေကာ တည်ငြိမ်အောင်ကြိုးစားနေဟန်တူသည်။ ရဲသားက..

"မင်းတို့နဲ့ပတ်သက်ပြီး အသေးစိတ်တွေသိချင်လို့မေးနေတယ်၊ စကားလောက်ထပ်မေးပါရစေဦး"

"ဩော်..ရပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီက တောင်းပန်သည့်လေသံဖြင့်ပြောလိုက်သည်။နောက်တော့မှ လစ်ဆာ၏မျက်နှာကိုအကဲခတ်လိုက်မိ၏။ လစ်ဆာအား အခြားယောကျ်ားတစ်ယောက်နှင့်လွှတ်ထားမိသည့်အတွက်မိမိယူကြုံးမရဖြစ်မိသည်။ ယခုလည်း သူတို့ကိုထားခဲ့ပြီးရှောင်ပေးရန်မိမိလုပ်နေပြန်လေပြီ။ ထို့ကြောင့်...

"လစ်ဆာက ကျွန်မကိုသူ့အနားမှာနေစေချင်မှာပေါ့"

လစ်ဆာက ခေါင်းကိုမသိမသာဆတ်ခနဲညိတ်ပြသည်။ ထို့ကြောင့် ဂျင်နီက ခုတင်စွန်းတွင်ထိုင်ချကာလစ်ဆာ၏လက်ကလေးကို ဆုပ်ကိုင်ထားလိုက်သည်။ ရဲက မကျေနပ်သည့်အမူအယာဖြစ်သွားသည်။ သို့သော် ငြင်းမနေတော့ဘဲ..

"အခုလိုစော်ကားတာကို မိန်းကလေးအနေနဲ့ ဘယ်လိုခံစားသလဲလို့ ကျွန်တော်မေးနေတာပါ"

ရဲက · လစ်ဆာဘက်ကိုလှည့်လျက်..

"ခင်ဗျားအော်သလားလစ်ဆာ"

"ကျွန်မကို ကြမ်းပြင်ပေါ်လှဲချလိုက်တဲ့အချိန်မှာ တစ်ချက်ကျွန်မအော်ပါသေးတယ်၊နောက်ပြီးသူကဓားကြီးကိုထုတ်လို့.."

လစ်ဆာကတိုးညှင်းစွာပြောနေသည်။ ရဲသားမှာ ဘာမျှမထူးခြားသလို အမူအရာမျိုးနှင့် သူ၏မှတ်စုစာအုပ်ကိုငုံ့ကြည့်ရင်းက..

"သူ့ကိုပြန်ပြီးသတ်ပုတ်တာမျိုးကောရှိသေးသလား"

လစ်ဆာက ခေါင်းခါလျက်..

"သူ ကျွန်မကိုဓားနဲ့ထိုးမှာစိုးလို့"

"ဒါဆိုရင် ခင်ဗျားဟာ ပထမတစ်ချက်အော်ပြီးကတည်းက နောက်ထပ်ဘယ်လိုမှုခုခံမှုမျိုးမလုပ်ဘူးပေါ့"

လစ်ဆာမှာ ခေါင်းကိုရမ်းလျက်ငိုနေတော့သည်။ ဂျင်နီကသူမလက်ကလေးကိုဖျစ်နေ၏။ ရဲသားအား ဂျင်နီက..

"ဒါတွေ ရှင်ဘာလို့လျှောက်မေးနေတာလဲ"

ဟု ပြောပစ်လိုက်ချင်သည်။ သို့သော် မပြောဘဲအသာငြိမ်နေလိုက်၏။ မိမိ၏ရဲသားကို ရန်မရှာသင့်။သူလည်းသူ့အလုပ်သူလုပ်နေသည်ပဲလေ။

ရဲသားသည် အမူနှင့်ပတ်သက်၍ ရှက်ဖွယ်ကောင်းသော မေးခွန်းများကိုဆက်၍မေးနေ၏။ ဂျင်နီကမျက်စိကိုမှိတ်ထားလိုက်မိ၏။ ယခုကိစ္စတွင် အမျိုးသမီးရဲတစ်ယောက်ကသာ မေးဖို့ကောင်းသည်။ နောက်ဆုံးတွင် ဂျင်နီသည်းမခံနိုင်ဘဲ..

"ဒါတွေဟာ ဆရာဝန်တစ်ယောက်ကသာ မေးရမှာမဟုတ်လား"

"ကျွန်တော့်အနေနဲ့ ကနဦးသတင်းပို့ချက်ရေးရမယ်လေ"



ဂျင်နီက သူ့ကိုအော်မပစ်မိရန် စိတ်ကိုထိန်းရင်း..

"ကဲ.. ရှင်နောက်ဆုတ်တော့၊အခုအချိန်မှာ ကျွန်မသူငယ်ချင်းသိပ်စိတ်ဆင်းရဲနေတယ်"

ရဲသားကဆက်၍..

"အခုလို စော်ကားသွားတဲ့လူကိုအရင်ကမြင်ဖူးသလားလစ်ဆာ"

"ဟင့်အင်း"

"မီးခိုးတွေနဲ့ဘာမှမမြင်ဘူးလဲပြောတယ်။အဲဒီလူမျက်နှာမှာပဝါစည်းထားတယ်လို့ပြောတယ်"

"ပထမတော့ ကျွန်မဘာမှမမြင်ရပါဘူး၊ ဒါပေမဲ့ အဲဒီအခန်းထဲမှာမီးခိုးသိပ်မရှိဘူး၊ ဒါကြောင့်သူ့ကိုကျွန်မမြင်ရတယ်"

"ဒါဆို နောက်တစ်ကြိမ်တွေ့ရင်ခင်ဗျားမှတ်မိမှာပေါ့"

"ဟုတ်ကဲ့.."

"သူ့ကို အရင်ကစားသောက်ဆိုင်တွေ၊ဘာတွေမှာမမြင်ခဲ့ဖူးဘူးနော်"

"ဟင့်အင်း"

"စားသောက်ဆိုင်တွေဘာတွေရောသွားတတ်သလား လစ်ဆာ"

"သွားတတ်ပါတယ်"

"ခင်ဗျား အပျိုလားလစ်ဆာ"

ဂျင်နီက ထရပ်ပြီး..

"တော်ပါတော့၊ ရှင် ဒီလိုမျိုးမေးခွန်းမျိုးတွေ မေးစရာအကြောင်းမရှိဘူး"

"ကျွန်တော့်အလုပ်ကိုကျွန်တော်လုပ်နေတာပါ"

"ရှင်ဟာ ကိုယ့်အလုပ်ကိုကိုယ်ကောင်းကောင်းနားလည်ပုံမရဘူး၊ ဘာမှလည်းတတ်ပုံမရဘူး"

ထိုစဉ် ဆရာဝန်ဝင်လာသည်။ ဆရာဝန်က လစ်ဆာအားစစ်ဆေးမည်လုပ်တော့ရဲသားမှာထွက်မသွားသေး။ ဂျင်နီက ဆရာဝန်အား ရဲသားကိုထွက်သွားခိုင်းရန်ပြောတော့မှ ရဲသားထွက်သွားသည်။

ဆရာဝန်၏ပြုမူဆက်ဆံပုံမှာလည်း ကြမ်းတမ်းရိုင်းပျနေ၏။ဂျင်နီက သိမ်သိမ်မွေ့မွေ့ဆက်ဆံရန်ပြောတော့ ဆရာဝန်က အရေးပေါ်ခန်း တွင်သေလုမျောပါး လူနာတွေများနေ၍ဟုဆိုသည်။ထို့အပြင်လစ်ဆာအပေါ်စော်ကားသည့် သဘောပြောလာသဖြင့် လစ်ဆာကငေါက်ခနဲထထိုင်ပြီး..

"ငါ အိမ်ပြန်တော့မယ်"

"အေး.. အဲဒါကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီကပြောကာ မိမိယူလာသောအိတ်ကိုဖွင့်လျက်အဝတ်အစားများကို ထုတ်ကာခုတင်ပေါ်သို့ ချပေးလိုက်သည်။ ဆရာဝန်မှာခေတ္တမျှအံ့အားသင့်နေပြီး နောက်တော့မှ ဒေါသဖြင့်..

"ခင်ဗျားတို့ကြိုက်သလိုလုပ်ကြပေါ့လေ"

လစ်ဆာ အဝတ်အစားများကိုလဲပြီးနောက်..

"နင့်ကိုငါကားနဲ့လိုက်ပို့ပေးမယ်"

"နင် ဒီညငါ့အခန်းမှာ လာအိပ်ပါလား။ ငါတစ်ယောက်တည်း မအိပ်ရဲဘူး"

"ရတယ်လေ၊ အိပ်တာပေါ့"

အခန်းအပြင်ဘက်တွင် ရဲသားကစောင့်နေတယ်။ သူစစ်ဆေးခဲ့သည်များမှာ မမှန်ကြောင်းသူသိနေပုံရသည်။ သူက..

"ကျွန်တော် နည်းနည်းဆေပ်မေးချင်သေးလို့"

ဂျင်နီက ခပ်အေးအေးပင်..

"ကျွန်မတို့ပြန်တော့မယ်၊ လစ်ဆာသိပ်စိတ်ဆင်းရဲနေတယ်၊ လောလောဆယ် ရှင့်မေးတာတွေကို မဖြေနိုင်သေးဘူး"

ရဲသားမှာ ကြောက်လန့်တကြားဖြစ်ကာ..

"သူဖြေရမှာပေါ့၊ သူကတိုင်ထားတာပဲမဟုတ်လား"

လစ်ဆာက..

"ကျွန်မဘာမှဖြစ်တာမဟုတ်ပါဘူး၊ မှားပြီးပြောမိတာပါ၊ ကျွန်မအိမ်ပြန်တော့မယ်"

"မှားပြီးပြောမိတယ်ဆိုရင် ပြစ်မှုမြောက်တယ်ဆိုတာ ခင်ဗျားမသိဘူးလား"

ဂျင်နီက ဒေါသဖြင့်..

"ဒီအမျိုးသမီးဟာ ရာဇဝတ်ကောင်မဟုတ်ဘူး၊ ရာဇဝတ်မှုတစ်ခုကျူးလွန်ခံရတဲ့သူ၊ တကယ်လို့ရှင့်အထက်အရာရှိကအမှုကိုဘာအတွက်ကြောင့် ပြန်ရုပ်သိမ်းသွားသလဲလို့မေးရင် ဘော်ဘ်ဘီမိုးမြို့ရဲ့ ပတ်တရောင်ရဲသားတစ်ယောက်က သူ့ကို ရက်ရက်စက်စက်စိတ်ဆင်းရဲအောင်လုပ်လို့ သာပြောလိုက်၊ အခု ကျွန်မသူ့ကို အိမ်ပြန်ခေါ်သွားမယ်၊ ကဲ.. ရှင့်ပြုပါဦး"

ထိုသို့ထွက်လာစဉ် နောက်မှ..

"ငါက ဘာလုပ်လို့လဲ"ဟုပြော၍ ကျန်ရစ်ခဲ့သည်ကို ကြားလိုက်ရသည်။

○ ○ ○

## အခန်း (၃)

ဘာရင်တန်ကျွန်းမှာ အသက်ကြီးကြီး သူ၏မိတ်ဆွေနှစ်ယောက်အားကြည့်လျက်..

"ကျုပ်တို့အားလုံး တစ်ခါမှတစ်နှစ်ကိုဒေါ်လာနှစ်သိန်းရအောင် မရှာနိုင်ခဲ့ကြဘူး၊ အခုဒေါ်လာခြောက်သန်းပေးမယ်လို့ ကမ်းလှမ်းလာတာကို ဒီမှာထိုင်ပြီး ဒီကိစ္စကိုလက်မခံဘူးလို့ပြောနေကြရတယ်"

ပရက်စတန်ဘာတ်က..

"ကျုပ်တို့က ဒီကိစ္စကိုပိုက်ဆံရဖို့လုပ်နေကြတာမှမဟုတ်ဘဲ"

ဆီးနိတ်အမတ်ဂျင်ပရစ်က..

"ကျုပ် သဘောမပေါက်တာက ဒီကုမ္ပဏီရဲ့သုံးပုံတစ်ပုံကိုကျုပ်ပိုင်တယ်၊ အဲဒါဟာ ဒေါ်လာသန်းတစ်ရာ့ရှစ်ဆယ်တန်ဖိုးရှိတယ်၊ ဒါတောင်ကျုပ်မှာသုံးနှစ်လောက် ဟောင်းနေတဲ့ကားကြီးကိုစီးနေရဆဲပဲ"

သူတို့သုံးယောက်မှာ ဂျနတီကို ခေါ် ဇီဝနည်းပညာကုမ္ပဏီလေးတစ်ခုကို ပိုင်ဆိုင်ထားကြသူများဖြစ်သည်။ ကုမ္ပဏီ၏နေ့စဉ်လုပ်ငန်းအဝဝကို ပရက်စတန်က လုပ်သည်။ဂျင်ကတော့ မူဝါဒပိုင်းဆိုင်ရာကိုကိုင်သည်။ဘာရင်တန်ကမူ ပညာရှင်ဖြစ်သည်။

ကုမ္ပဏီ၏ မူလပိုင်ရှင်မှာ ဘာရင်တန်ဖြစ်သည်။ ယခုလည်း ဘာရင်တန်ကပင် အခြားကုမ္ပဏီတစ်ခုနှင့်ပူးပေါင်းရန် အဆိုတစ်ခုကိုတင်ပြနေသည်။ ဆန့်ဖရန်

www.burmeseclassic.com

www.burmeseclassic.com



စစ္စကိုမြို့သို့လေယာဉ်နှင့်အသွား လင်းစ်မင်းကုမ္ပဏီမှအမှုဆောင်အရာရှိချုပ်နှင့်ဆုံမိသည်။ထိုကုမ္ပဏီမှာ ဂျာမန်ဆေးကုမ္ပဏီတစ်ခုဖြစ်၍ထိုအရာရှိချုပ်အား မိမိကုမ္ပဏီနှင့်ပူးပေါင်းရေးကိုစိတ်ဝင်စားအောင်ပြောနိုင်ခဲ့သည်။ယခု သူ၏လုပ်ဖော်ကိုင်ဖက်များအား ထိုအဆိုကိုတင်ပြနေခြင်းဖြစ်သည်။ သူတို့ကိုနားချရသည်မှာ မိမိထင်သည်ထက်ပို၍ခက်ခဲနေ၏။

သူတို့မှာ ဘော်လ်တီမိုးမြို့ဆင်ခြေဖုံးရပ်ကွက်ရှိ အိမ်တစ်လုံးထဲတွင်ရောက်နေကြခြင်းဖြစ်၏။ထိုအိမ်ကိုဂျုံးဖောတက္ကသိုလ်ကပိုင်ဆိုင်ပြီး ဧည့်ပါမောက္ခများအားငှားထားခြင်းဖြစ်သည်။ဘာရင်တန်မှာဘာကလေတက္ကသိုလ်၊ ဟားဗတ်တက္ကသိုလ်နှင့်ဂျုံးဖောတက္ကသိုလ်များတွင် ပါမောက္ခဖြစ်နေရာတစ်နှစ်လျှင် ဘော်လ်တီမိုးမြို့သို့ သီတင်းခြောက်ပတ်လာရသည်ဖြစ်ရာ ထိုအချိန်တွင် ထိုအိမ်ကိုအသုံးပြုလေ့ရှိသည်။ ထိုအခန်းကျဉ်းကလေးထဲတွင်သူပိုင်ပစ္စည်းနည်းနည်းပါးပါးသာရှိသည်။ခရီးဆောင်ကွန်မျူတာတစ်လုံး၊သူ၏ဇနီးဟောင်းနှင့်သားကလေးတို့၏ဓာတ်ပုံ၊ သူနောက်ဆုံးရေးခဲ့သည့်စာအုပ်အပိုကော်ပီများဖြစ်သည်။ စာအုပ်အမည်မှာ 'အနာဂတ်အမွေဗီဇပြုပြင်နည်းဖြင့်အမေရိကန်နိုင်ငံကို ပြုပြင် ပြောင်းလဲရေး' ဖြစ်သည်။

ထို့အပြင် ရုပ်မြင်သံကြားတစ်လုံးလည်းရှိသည်။ ရုပ်မြင်သံကြားတွင် အကယ်ဒမီဆုပေးပွဲသတင်းပြနေ၏။

ပရက်စတန်မှာခပ်ပိန်ပိန်နှင့်လေးလေးနက်နက်ရှိသူဖြစ်သည်။ သိပ္ပံလောကတွင် ထင်ရှားသည့်ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သော်လည်း သူ့ပုံကစာရင်းကိုင်တစ်ယောက်နှင့်တူနေ၏။ သူက..

"ဆေးခန်းဖွင့်တာပိုက်ဆံရတယ်"

ဂျနတီကို ကုမ္ပဏီတွင်သန္ဓေဆိုင်ရာဆေးခန်းသုံးခုရှိသည်။ထိုဆေးခန်းများကသန္ဓေမရသူများကို သန္ဓေရအောင်လုပ်ပေးခြင်း၊ ဖန်ပြွန်သန္ဓေတည်နည်းဖြင့် ဆောင်ရွက်ပေးခြင်း၊ ၁၉၇၀ပြည့်လွန်နှစ်များက ပရက်စတန်စတင်လုပ်ဆောင်ပေးခဲ့သည့် သုတေသနလုပ်ငန်းများကိုလည်းဆောင်ရွက်သည်။သူကဆက်၍..

"အမေရိကန်ဆေးလောကမှာ သန္ဓေရအောင်လုပ်ပေးတဲ့လုပ်ငန်းဟာ အတော်လေးကျယ်ပြန့်လာတယ်၊ ကျုပ်တို့ဂျနတီကိုကုမ္ပဏီအနေနဲ့ အဲဒီဈေးကွက်ကြီးကိုလွှမ်းနိုင်ဖို့အတွက် လင်းစ်မင်းကုမ္ပဏီက လမ်းခင်းပေးသွားမှာ၊ သူတို့က ကျုပ်တို့ကိုတစ်နှစ်ဆေးခန်းငါးခုနှုန်းနဲ့ ဆယ်နှစ်အထိတိုးဖွင့်သွားစေချင်တယ်"

ဂျင်ပရစ်မှာထိပ်ပြောင်၍ နှာခေါင်းမှာအလွန်ကြီးပြီး မျက်မှန်ကလည်း ထူထည်းလှသည်။ သူ၏အရုပ်ဆိုးသောမျက်နှာကြီးမှာ နိုင်ငံရေးကာတွန်းဆရာများအကြိုက်ဖြစ်နေသည်။သူနှင့် ဘာရင်တန်တို့မှာ နှစ်ဆယ့်ငါးနှစ်မျှပေါင်းလာသော



မိတ်ဆွေများဖြစ်၏။

"ကျုပ်တို့လည်း ဘာကြောင့်ပိုက်ဆံမပေါ်ရတာလဲမသိဘူး"

"သုတေသနလုပ်ငန်းမှာအသုံးများနေတာကိုး"

ဂျနတီကိုကုမ္ပဏီတွင် ကိုယ်ပိုင်ဓာတ်ခွဲခန်းရှိသည်။တက္ကသိုလ်များရှိ ဇီဝနှင့်စိတ်ပညာဌာနများအတွက်လည်း ကန်ထရိုက်ယူ၍သုတေသနလုပ်ပေးသည်။ ဘာရင်တန်မှာ မိမိတို့ကုမ္ပဏီနှင့်ပညာရေးလောကကိုဆက်သွယ်ပေးသူဖြစ်သည်။

ဘာရင်တန်က..

"ဒါဟာကျုပ်တို့အတွက်အခွင့်အလမ်းတစ်ရပ်လို့ ခင်ဗျားတို့ဘာကြောင့်မမြင်ရတာလဲ"

ဂျင်ကရုပ်မြင်သံကြားကို လက်ညှိုးထိုးပြလျက်..

"အသံနည်းနည်းချဲ့လိုက်စမ်း ဘာရင်တန်၊ ခင်ဗျားရဲ့သတင်းလာနေတယ်"

ရုပ်မြင်သံကြားထဲတွင် ဘာရင်တန်အား တွေ့ဆုံမေးမြန်းခန်းလာနေသည်။ သူ၏နောက်ဆုံးစာအုပ်နှင့်ပတ်သက်၍မေးမြန်းနေခြင်းဖြစ်သည်။ထို့နောက် ဘာရင်တန်က ရုပ်မြင်သံကြားကိုပိတ်လိုက်ပြီး..

"ဒါကို ကျုပ်လုပ်လာတာဆယ်နှစ်ရှိပြီ၊ဘာထူးခြားလာသလဲ။ဘာမှမထူးခြားဘူး"

ပရက်စတန်က..

"ထူးခြားလာပါတယ်၊ ခင်ဗျား ဗီဇတွေကိုလုပ်လာနိုင်တယ်။ ပြဿနာကိုရှာဖွေလာနိုင်တယ်၊ ခင်ဗျားကစိတ်လောနေတာပဲ"

ဘာရင်တန်က စိတ်ထွက်သွားပြီး..

"စိတ်လောနေတယ်ဟုတ်လား၊ အဲဒါပေါ့ဗျ၊ နောက်နှစ်ပတ်ဆိုရင်ကျုပ်အသက်(၆၀)ပြည့်ပြီ၊ကျုပ်တို့အသက်ကြီးကြပြီလေ၊ကျုပ်တို့ လုပ်ဖို့အချိန်သိပ်မကျန်တော့ဘူး"

ဂျင်က..

"မစိုးရိမ်ပါနဲ့ပရက်စတင်၊ ကျုပ်တို့ငယ်ငယ်ကအကြောင်းတွေကို မမှတ်မိဘူးလား၊ကျုပ်တို့လိုက်ကြည့်တော့အမေရိကန်နိုင်ငံဟာအခြေအနေဆိုးတော့မယ်လို့ပြောခဲ့ကြတယ်လေ၊ အဲဒီအတွက်လူမှုအခွင့်အရေးတွေပေးကြတယ်၊ မကျဆိုကိုလူမျိုးတွေဝင်လာကြတယ်၊ အကောင်းစားကျောင်းတွေမှာဆိုရင်ဂျူးရပ်ကွက်က ကလေးတွေနဲ့ပြည့်နေကြတယ်၊ ကျုပ်တို့ကလေးတွေကလည်းဆေးခြောက်ရှူ စစ်မှုထမ်းရမယ့်တာဝန်ကိုရှောင်ဖြစ်နေကြတယ်လေ၊ ကျုပ်တို့ထင်တဲ့အတိုင်းပဲ၊ အဲဒီနောက်ပိုင်းဘာဖြစ်လာကြသလဲ၊အဆိုးဆုံးကတော့ တရားမဝင်မူးယစ်ဆေးဝါးလုပ်ငန်းဟာ အမေရိ

www.burmeseclassic.com

www.burmeseclassic.com



ကန်နိုင်ငံရဲ့အကြီးဆုံးလုပ်ငန်းတစ်ခုဖြစ်လာတဲ့ကိစ္စပဲ၊ ဒီပြဿနာကိုဖြေရှင်းတာဟာ ကျုပ်တို့ပဲရှိတယ်၊ ကျုပ်တို့နဲ့စိတ်တူ၊ သဘောတူလူတချို့ပေါ့၊ ကျန်တဲ့လူတွေကတော့ မျက်စိမှိတ်ပြီးကောင်းလာပါစေလို့ ဆုတောင်းနေရုံပဲလုပ်နေကြတာ"

မိမိတို့လည်း မပြောင်းလဲသေးဟု ဘာရင်တန်တွက်မိသည်။ ပရက်စတာန်မှာ အမြဲတမ်းစိုးရိမ်တတ်သည်။ဂျင်ကတော့ သူလုပ်သမျှဟုတ်ပြီဟုထင်တတ်သည်။ သူတို့နှစ်ဦးကိုမိမိသိလာသည်မှာ အတော်လည်းကြာပြီ။သူတို့၏ ချို့ယွင်းချက်များကိုလည်း နားလည်ခွင့်လွှတ်နိုင်ခဲ့သည်။ မိမိကသူတို့နှစ်ဦးကိုမျှအောင်တည့်မတ်ပေးနိုင်သူလည်းဖြစ်သည်။

သူက..

"ကျုပ်တို့ပြောတာ ဘယ်ရောက်သွားပြီလဲ ပရက်စတန်"

"သူတို့က မနက်ဖြန်ကစလို့ တစ်ပတ်ပြည့်တဲ့အချိန်မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ကျုပ်တို့ကုမ္ပဏီကိုဝယ်မယ့်အကြောင်း ကြေညာချင်နေတယ်"

"မနက်ဖြန်ကစပြီး တစ်ပတ်ဟုတ်လား၊ သိပ်ကောင်းတာပေါ့"

ဘာရင်တန်ကဝမ်းသာအားရဆိုသည်။ ပရက်စတန်ကခေါင်းခါလျက်..

"ကျုပ်ကတော့ သံသယရှိနေဆဲပဲ"

ဘာရင်တန်က ညည်းသံပြုသည်။ ပရက်စတန်ကဆက်၍...

"အကုန်ဖွင့်ပြီးသူတို့စာရင်းတွေထဲကို ထည့်ပေးရမှာ။ အနာဂတ်အမြတ်တွေအတွက် အကျိုးသက်ရောက်စေမယ့်ကိစ္စတွေကိုလည်း ဖွင့်ပေးရမှာ။ ပြီးဆုံးသွားတဲ့ မြေယာတွေကိစ္စ၊ ဆိုင်းထားတဲ့ အမှုတွဲတွေကိစ္စစတာမျိုးပေါ့"

"အဲဒါမျိုးတွေ ကျုပ်တို့မှာမရှိဘူး"

ဂျင်ကဆိုသည်။ ပရက်စတန်က..

"ဒီကုမ္ပဏီမှာ လျှို့ဝှက်ချက်တွေရှိတယ်ဆိုတာ ကျုပ်တို့အားလုံးသိနေကြတာပဲ"

ခေတ္တမျှ အားလုံး စကားမပြောနိုင်ဖြစ်သွားကြသည်။ ပြီးတော့မှ ဂျင်က..

"ဒါတွေကအတော်ကြာခဲ့ပြီပဲ"

"ကြာပြီဆိုပေမယ့်အဲဒီတုန်းကကျုပ်လုပ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး အထောက်အထားတွေကအခုရှိနေကြတာပဲ"

"ဒါပေမဲ့ ဒီအထောက်အထားတွေကိုလင်းစ်မင်းကုမ္ပဏီကတွေ့မှမဟုတ်တာ၊ အထူးသဖြင့် တစ်ပတ်အတွင်းတော့တွေ့မှာမဟုတ်သေးဘူး"

ပရက်စတန်ကဘယ်ပြောနိုင်မလဲဟူသော သဘောမျိုးဖြင့် ပခုံးတွန့်ပြသည်။ ဘာရင်တန်က..



"ဒီလောက်တော့ ကျုပ်တို့ စွန့်ရမှာပဲ၊ လင်းစ်မင်းကုမ္ပဏီကထည့်ဝင်လာမယ့်မတည်ငွေနဲ့ကျုပ်တို့ရဲ့ သုတေသနကိုဆက်လုပ်သွားနိုင်မယ်၊နောက်နှစ်နှစ်လောက်ဆိုရင် ကျုပ်တို့ဆေးခန်းကိုလာမယ့် လူဖြူအမေရိကန်အမျိုးသမီးတွေကိုမီးဖပြုပြင်နည်းနဲ့လုပ်ထားတဲ့အမေရိကန်လူတော်ကလေးတွေမွေးအောင်သန္ဓေပေးနိုင်တော့မှာပါ"

ပရက်စတန်က..

"အဲဒီတော့ကောဘာထူးမှာလဲ၊ဆင်းရဲသားတွေက ပိုပြီးတော့တောင်ကလေးမွေးမြန်သေးတယ်"

"ခင်ဗျားက ဂျင်ရဲ့နိုင်ငံရေးမူဝါဒကိုမေ့သွားပြီထင်တယ်"

ဘာရင်တန်ကဆိုသည်။ ဂျင်က..

"ဝင်ငွေခွန်ကို၁၀ရာခိုင်နှုန်းတစ်ပြေးညီကောက်မယ်၊အမျိုးသမီးတွေ အကျိုးအတွက်သန္ဓေတားဆေးမထိုးမနေရသတ်မှတ်မယ်"

ဘာရင်တန်က..

"ခင်ဗျားစဉ်းစားကြည့်စမ်းပရက်စတန်၊လူလတ်တန်းစားတွေကနေ တကယ့်လူတော်လူကောင်းလေးတွေမွေးစေရမယ်၊ ဆင်းရဲသားတွေကျတော့ သန္ဓေတားပစ်ရမယ်၊ ဒီလိုနဲ့အမေရိကန်နိုင်ငံမှာ လူမျိုးရေးမျှသွားအောင် ကျုပ်တို့လုပ်ရမယ်၊ ဒါဟာ အစကတည်းကကျုပ်တို့ရဲ့ရည်ရွယ်ချက်မဟုတ်လား"

"ကျုပ်တို့ဟာသိပ်ပြီး စိတ်ကူးယဉ်ဆန်လွန်းနေတယ်"

ပရက်စတန်ကဆိုသည်။ ဘာရင်တန်က..

"ကျုပ်တို့လုပ်နေတာလည်း မှန်နေတာပဲ"

"ဟုတ်တယ်၊ ကျုပ်တို့လုပ်တာမှန်တယ်၊ ဒါပေမဲ့ကျုပ်အသက်ကြီးလာတာနဲ့အမျှလောကကြီးဟာရှုပ်ထွေးလာပြီ၊ ကျုပ်အသက်အစိတ်လောက်က ကြံထားတာတွေတောင် ဖြစ်လာနိုင်ပါတော့မလားလို့တွေးမိလာတယ်"

ဘာရင်တန်က..

"ကျုပ်တို့စီစဉ်ထားတာတွေအောင်မြင်နိုင်ပါတယ်၊ကျုပ်တို့နှစ်ပေါင်းသုံးဆယ်လောက်လုပ်လာခဲ့တဲ့ကိစ္စဟာ အောင်မြင်ဖို့လက်တစ်ကမ်းလိုပါတော့တယ်၊ အရင်ကကျုပ်တို့စွန့်စားခဲ့တာတွေ၊အဲဒီကာလတစ်လျှောက်လုံး ကျုပ်တို့လုပ်ခဲ့တဲ့သုတေသနတွေ၊သုံးခဲ့တဲ့ငွေတွေ အခုအသီးအပွင့်တွေဖြစ်လာတော့မှာပါ၊ဘာမှကြောက်နေစရာမလိုဘူး ပရက်စတန်"

"ကြောက်တာမဟုတ်ပါဘူး၊ကျုပ်က တကယ့်လက်တွေ့ပြဿနာတွေကိုထောက်ပြနေတာပါ၊ ဂျင်ကသူ့ရဲ့နိုင်ငံရေးမူဝါဒကိုတင်ပြကောင်းတင်ပြနိုင်တယ်၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒါတကယ်ဖြစ်လာမယ်ဆိုတဲ့သဘောမှမဟုတ်သေးတာ"

ဂျင်က..

"အေး..အဲဒီမှာလင်းစ်မင်းကုမ္ပဏီအခန်းကဝင်လာပြီ၊ အဲဒီကုမ္ပဏီကိုရောင်းသွားမယ့်ကျုပ်တို့ရှယ်ယာကရတဲ့ငွေတွေဟာ ကျုပ်တို့အတွက် အကောင်းဆုံးဆုလာဒ်တွေဖြစ်လာမယ်"

"ဘာအဓိပ္ပာယ်လဲ"

ပရက်စတန်ကနားမလည်သလိုကြည့်ရင်းမေးသည်။ဘာရင်တန်က သဘောပေါက်သဖြင့် ပြုံးနေသည်။ ဂျင်ကဆက်၍..

"အိမ်ဖြူတော်လေ..ကျုပ်ကသမ္မတအရွေးခံမှာ"

၀ ၀ ၀

# အခန်း (၄)

ည (၁၂)နာရီထိုးကာနီးတွင် ဘော်လ်တီမိုးမြို့အနီးရှိ ဟော်လင်းဈေးကွက်လက်ဆင်တန်လမ်းပေါ်တွင် စတီလိုဂန်ကသူ၏သံချေးတက်ဒုတ်ဆန်းကားကလေးကိုရပ်လိုက်သည်။ အစ်ကိုဖြစ်သူ ရစ်ကီထံတွင် ညအိပ်မည်ဟုလာခဲ့ခြင်းဖြစ်သည်။ ရစ်ကီမှာဆေးကျောင်းသားဖြစ်သည်။ရစ်ကီ၏အိမ်ဆိုသည်မှာ ကျောင်းသားများ ငှားရမ်းသည့်အိမ်ကြီးတစ်လုံး၏ အခန်းတစ်ခန်းသာဖြစ်သည်။ရစ်ကီမှာ အပျော်အပါးမက်သူဖြစ်သည်။ အရက်သောက်သည်၊ ကသည်၊ ပါတီပွဲတက်သည်။သူ့သူငယ်ချင်းများကလည်းထိုအတိုင်းပင်။အပျော်အပါးလိုက်စားသူမှာရေရာလှသည်မရှိ။ ရည်းစားတစ်ယောက်ကိုချိန်းထားပြီးကာမှဖျက်လျှင်ဖျက်တတ်သည်မျိုး။ စတီကတော့ ညနေပိုင်းတွင် တစ်ယောက်တည်းအချိန်ဖြုန်းလေ့ရှိသည်။

နောက်နေ့တွင်ဝတ်ရန် အဝတ်အစားအပိုတစ်စုံထည့်လာသောအိတ်ကိုယူလျက်စတီကားပေါ်မှဆင်းလိုက်သည်။ပြီးတော့ ကားတံခါးကိုသော့ခတ်ပြီးလျှောက်လာခဲ့၏။ လူငယ်ငါးယောက်နှင့်မိန်းကလေးတစ်ယောက်မှာ စီးကရက်သောက်ကာလမ်းသလားနေကြ၏။အားလုံးလူငယ်တွေချည်းဖြစ်သည်။ စတီမှာလူဖြူဖြစ်သော်လည်း ဤလူမည်းအရပ်မှာ မိမိရပ်ကွက်လိုဖြစ်နေ၏။ သူတို့အထဲမှအထွားဆုံးဆိုသောလူထက်ပင် မိမိကနှစ်လက်မခန့်ပို၍မြင့်သည်မဟုတ်လား။

ဤနေရာတွင်တစ်ဖက်မှလျှောက်လာသောအရပ်မြင့်မြင့်လူမည်းမိန်းမလျာကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုစဉ် ရဲကားတစ်စီးဆိုက်လာ၏။ကားထဲမှ

www.burmeseclassic.com

www.burmeseclassic.com



ရဲသားနှစ်ယောက်ဆင်းလာသည်။ရဲတစ်ယောက်ကထိုမိန်းမလျာကြီးအား ခြေထောက်ကိုတံထွေးဖြင့်လှမ်းထွေးလိုက်သည်။မိန်းမလျာကြီးကပြန်ဆဲလိုက်သည်။ထိုအခါ မိန်းမလျာကြီးအားဆွဲ၍ဗိုက်ကိုလက်သီးဖြင့်တအားထိုးလိုက်ရာမိန်းမလျာကြီးမှာ ကုတ်ကွေးသွားတော့သည်။

ထိုမြင်ကွင်းကိုကြည့်၍မနေနိုင်သဖြင့် စတီကဝင်တားရာစတီနှင့်ရဲတို့အချင်းများကုန်ကြတော့သည်။ နှစ်ဖက်အခြေအနေတင်းမာနေစဉ် ရဲကားထဲမှ ဝါယာလက်စက်သံပေါ်လာပြီး သူတို့အားပြန်ခေါ်နေသဖြင့် ရဲများပြန်ထွက်သွားတော့သည်။ လူငယ်များက စတီအားဝိုင်းဩဘာပေးကြသည်။မိန်းမလျာကြီးကလည်း စတီအားအလွန်ကျေးဇူးတင်ကြောင်းပြောပြီးအကူအညီလိုလျှင် မိမိထံလာရန်ပြောကာထွက်သွားသည်။ ထိုစဉ်အစ်ကိုဝမ်းကွဲဖြစ်သူရစ်ကီရောက်လာသည်။ ရစ်ကီက..

"ဒီတစ်ဝိုက်မှာ မင်းတောင်မိတ်ဆွေတွေ၊ ဘာတွေနဲ့ပါလား"

စတီကရယ်လျက်..

"ကျွန်တော်ဒုက္ခရောက်တော့မလို့အစ်ကိုရာ..ရဲတစ်ယောက်ကဟိုမိန်းမလျာကြီးကို ထိုးကြိတ်နေတာမြင်တော့ ကျွန်တော်လည်းအရူးထပြီး သွားတားမိတယ်"

ရစ်ကီက လန့်သွားဟန်ဖြင့်...

"မင်း ဘာမှမဖြစ်တာတော်သေးတာပေါ့ကွာ"

"ဟုတ်တယ်"

နှစ်ယောက်သားရစ်ကီအိမ်သို့ရောက်သွားသည်။

ရေမွှေးနံ့လိုလို၊ သိုးနေသည့်ဟင်းနံ့လိုလိုအနံ့များရနေ၏။ လှေကားပေါ်အတူတက်လာကြရင်းစတီက..

"ကျွန်တော်လည်းဘယ်နေနိုင်မလဲအစ်ကိုရာ၊ အဲဒီမိန်းမလျာကြီးကို ဘာဖြစ်လို့လက်သီးနဲ့ထိုးစရာအကြောင်းရှိသလဲ၊ သူ့ဘာသာသူ မိနီစကတ်ဝတ်တာ၊ မိတ်ကပ်လိမ်းတာဘယ်သူ့အပူပါလို့လဲ"

"ဟုတ်တာပေါ့"

"နောက်ပြီး အဲဒီရဲကလည်းယူနီဖောင်းကြီးဝတ်ထားပြီး ဘာဖြစ်လို့ဒီလိုလုပ်တာလဲ၊ ရဲတွေဟာရဲဆိုတဲ့သိက္ခာကိုစောင့်ထိန်းတဲ့အနေနဲ့သူတို့ရဲ့ အမူအကျင့်တွေဟာအဆင့်အတန်းမြင့်မြင့်ဖြစ်သင့်တယ်"

"ဝေးပါသေးတယ်ကွာ"

"ဒါကြောင့်မို့လည်း ကျွန်တော်ရှေ့နေဖြစ်ချင်တာ၊ အဲဒီလိုမကောင်းတဲ့အချက်တွေကို ပြုပြင်ချင်လို့"

ရစ်ကီက စတီ၏ပခုံးကိုဖက်ကာ အခန်းထဲဝင်လာရင်း..

"ငါ့ညီက အတွေးအခေါ်သမားပဲ"

"မဟုတ်ပါဘူးဗျာ"



"ကော်ဖီသောက်မလား"

"သောက်တာပေါ့"

စတီက ခုံရှည်ပေါ်တွင်ထိုင်ချရင်း..

"အစ်ကိုနဲ့တွဲနေတဲ့ ကောင်မလေးအခြေအနေကရော.."

"ထင်သလောက်မစွံပါဘူးကွာ၊ လှတော့လှပါတယ်။ငါထင်သလို သူ့ငါ့ကိုအရမ်းချစ်တယ်ဆိုရင် ဒီညနေငါအခုလိုစောစောပြန်လာဖြစ်မှာမဟုတ်ဘူး၊ မင်းရော ဘယ့်နှယ့်လဲ"

"ကျွန်တော် ဂျူးဖေတက္ကသိုလ်ဝင်းထဲ လျှောက်ကြည့်တယ်၊ ကောင်မလေးတစ်ယောက်ကို တွေ့ခဲ့ရတယ်၊ သူ တင်းနစ်ကစားတာ ကျွန် တော်ရပ်ကြည့်နေတယ်၊ အရပ်ကမြင့်မြင့်၊ တောင့်တောင့်၊ ဖျတ်လတ်နေတာပဲ၊ ရိုက်လိုက်တဲ့စပေးဘောတွေဟာ အမြှောက်နဲ့ပစ်လိုက်သလိုပဲ"

ရစ်ကီက ရယ်ကျဲကျဲဖြင့်..

"မိန်းကလေးတစ်ယောက်တင်းနစ်ကစားတာကြည့်ပြီး ကြိုက်သွားတယ်ဆိုတဲ့လူမျိုးငါ တစ်ခါမှမတွေ့ဖူးဘူး၊ ရုပ်ကရောလှရဲ့လား"

"မျက်နှာကပြည့်တင်းတယ်၊မျက်လုံးကအညိုရင့်ရောင်၊ မျက်ခုံးက မည်းမည်း၊ ဆံပင်လည်းကောင်းတယ်၊ ဘယ်ဘက်နှာခေါင်းပေါက်မှာ ငွေကွင်းကလေးတစ်ခုတပ်ထားတယ်"

"တကယ်ပြောတာလား၊ ထူးထူးဆန်းဆန်းနော်"

"အဲဒီလိုပဲပြောရမှာပေါ့"

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"အဲဒါတော့ကျွန်တော်မသိဘူး၊ ကျွန်တော်ရှေ့ကဖြတ်လျှောက်သွားတာခြေလှမ်းတောင်မပျက်ဘူး၊ သူ့ကိုနောက်ထပ်လဲတွေ့ချင်မှတွေ့ရတော့မှာပါ"

ရစ်ကီကကော်ဖီထည့်ရင်း..

"မတွေ့တာလည်း ကောင်းပါတယ်ကွာ၊ မင်းမှာပုံမှန်တွဲနေတဲ့ကောင်မလေးရှိတယ်မဟုတ်လား"

"ဆိုပါတော့၊ သူကကျွန်တော်နဲ့ကျောင်းအတူတူတက်နေကြတာလေ"

ဆွဲဆောင်မှုရှိသောတင်းနစ်အားကစားမယ်ကလေးကို မိမိသဘောကျမိလိုက်မိသည့်အတွက် မိမိကိုယ်ကိုလည်းမလုံမလဲဖြစ်မိသည်။

"တကယ်ပဲ အဲဒီကောင်မလေးမင်းရှေ့ကဖြတ်လျှောက်သွားပြီးတဲ့နောက် မင်းဘာလုပ်သလဲ"

"ဘားဆိုင်သွားပြီး ဘီယာနှစ်ခွက်နဲ့အသားသွပ်ပေါင်မုန့်တစ်ခုစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့"

"မင်းပြောမှသတိရတယ်၊ ငါဆာနေတယ်ကွ၊ မင်းကောစားဦးမလား"

"ကောင်းတာပေါ့"

ရစ်ကီက စားပွဲပေါ်သို့စားသောက်ဖွယ်များယူချကာ နှစ်ယောက်သား ခေါင်းမဖော်တမ်းစားတော့သည်။ အိပ်မပျော်မီ ရစ်ကီက..

"မင်း ဂျုံးဖောတက္ကသိုလ်ကိုဘာသွားလုပ်တာလဲ"

"ကျွန်တော့်ကို သူတို့ကလေ့လာချင်လို့တဲ့၊ စိတ်ပိုင်းဆိုင်ရာစစ်ဆေးချင်တယ်တဲ့"

"ဘာဖြစ်လို့မင်းကိုမှစစ်ဆေးချင်ရတာလဲ"

"အဲဒါတော့မသိဘူး၊ ကျွန်တော့်မှာထူးခြားမှုရှိလို့လို့တော့ပြောတာပဲ၊ ကျွန်တော်အဲဒီကိုရောက်မှရှင်းပြမယ်တဲ့"

"မင်းကဘာဖြစ်လို့လက်ခံလိုက်ရတာလဲ၊ သက်သက်အချိန်ကုန်ခံလို့"

စတီတွင်ခိုင်မာသောအကြောင်းရင်းရှိသည်။သို့သော် ရစ်ကီကိုတော့ပြော၍မဖြစ်။ သို့သော် အမှန်တစ်ဝက်ပါသောအဖြေကိုတော့ပေးလိုက်သည်။

"သိချင်လို့ပါ၊အစ်ကိုရော ကိုယ့်အကြောင်းကိုယ်မသိချင်ဘူးလား၊ငါဟာဘယ်လိုကောင်လဲ၊ ငါ့ဘဝမှာဘာအလိုချင်ဆုံးလဲဆိုတာမျိုးတွေပေါ့"

"ငါကတော့ဆရာဝန်အကျော်အမော်တစ်ယောက်ဖြစ်ချင်တယ်၊ ရင်သားအစားထိုးကုသမှုနဲ့ တစ်နှစ်၊ တစ်နှစ်ငွေတွေသန်းချီပြီးရချင်တယ်၊ ငါကတော့ ငါ့ကိုယ်ငါသာမန်လူသားတစ်ယောက်ပဲထင်တယ်"

"ဒါတွေဟာ ဘာအတွက်လဲဆိုတာ ကိုယ့်ကိုယ်ကိုယ်မေးမကြည့်ဘူးလား"

ရစ်ကီက ရယ်လျက်..

"မေးမကြည့်ပါဘူး စတီရာ၊ မင်းကတော့ မေးကြည့်တယ်ပေါ့၊ ဟုတ်လား၊ မင်းကအတွေးအခေါ်သမားပဲ၊ တို့ငယ်ငယ်တုန်းကဆိုရင် မင်းဟာဘုရားတရားအကြောင်း တွေသိပ်စူးစမ်းတာပဲ"

ဤသည်မှာလည်း မှန်သည်။ သူအသက်၁၅နှစ်တုန်းကဘုရားကျောင်းတွေကိုလျှောက်သွားခဲ့သည်။ ခရစ်ယာန်ဘုရားကျောင်း၊ ဂျူးဘုရားကျောင်း၊ မွတ်ဆလင်ဘုရားကျောင်းများကိုသွားကာ သက်ဆိုင်ရာဘာသာရေးနှင့်ပတ်သက်၍ ထိုဘုရားကျောင်းမှဘုန်းကြီးများကိုမေးကြည့်သည်။ထို့ကြောင့် ဘာသာတရားဘက်တွင် အားနည်းသောမိဘများကပင်အံ့သြမိကြသည်။ ရစ်ကီကဆက်၍..



"မင်းမှာထူးခြားတာတော့အမှန်ပဲကွ၊ မင်းဟာဟုတ္တိပတ္တိမကြိုးစားဘဲအမှတ်တွေထိပ်ဆုံးကချည်းရနေတယ်"

ဤသည်မှာလည်း အမှန်ပင်ဖြစ်သည်။ စတီမှာ စာကိုခွန်တိုက်အားတိုက်မကျက်ရဘဲဓာနှင့်ရသည်။ ပြီးတော့ အမှတ်ကထိပ်ဆုံး။ တစ်ခါတစ်ရံ သူများတွေမနောက်ပြောင်လွန်းသဖြင့် အမှတ်နည်းအောင် တမင်မှား၍ဖြေခဲ့ရသည်လည်းရှိသည်။

သူ၏စိတ်ပိုင်းဆိုင်ရာကိုစစ်ဆေးမည်ဆိုသည်နှင့်ပတ်သက်၍ လက်ခံလိုက်ရသည့် အခြားအကြောင်းတစ်ခုလည်းရှိသေးသည်။ ထိုအကြောင်းကိုရစ်ကီမသိ။ မိမိ၏ဉပဒေတက္ကသိုလ်တွင်လည်းတစ်ယောက်မှမသိ။သူ၏မိဘနှစ်ပါးသာလျှင်သိသည်။

စတီမှာ လူတစ်ယောက်ကိုသတ်မိတော့မလို ဖြစ်ခဲ့ရဖူးသည်။

ထိုစဉ်ကသူ့အသက်၁၅နှစ်သာရှိသေးသည်။ အရပ်မှာအတော်ရှည်နေပြီဖြစ်ပြီးပိန်တော့ပိန်သည်။ ဘတ်စကက်ဘောအသင်းတွင် သူကအသင်းခေါင်းဆောင်။ ထိုနှစ်တွင် ပြိုင်ပွဲတစ်ခု၌ အကြိုဗိုလ်လုပွဲကစားစဉ် ဝါရှင်တန်ဆင်းရဲသားရပ်ကွက်တစ်ခုမှ ကျောင်းတစ်ကျောင်း၏အသင်းနှင့်ယှဉ်ရသည်။ တစ်ဘက်အသင်းမှလူများမှာ ခပ်ဆိုးဆိုး၊ ခပ်မိုက်မိုက် လူရမ်းကားများဖြစ်သည်။ ထိုအထဲမှ အဓိကတစ်ယောက်မှာ ဟန်ဒရစ်ဆိုသည့်ကောင်လေးဖြစ်ပြီး တစ်ချိန်လုံးစတီအားလိုက်၍ညစ်နေသည်။ ဟန်းဒရစ်မှာကစားရာတွင်တော့ အတော်ပင်တော်သည်။ သို့ရာတွင် သူကညစ်ဖို့သာအာရုံစိုက်နေ၏။ တစ်ချက်ညစ်ပြီးတိုင်း သူက..

"မှတ်ပြီလား"

ဆိုသည့်သဘောမျိုးဖြင့် ပြုံးပြုံးကြီးလုပ်နေသည်။ စတီမှာ အတော်ပင်ခေါ်သဖြစ်နေ၏။ သို့ရာတွင် ဒေါသကိုမျိုသိပ်ထားလိုက်သည်။ ထိုပွဲတွင် သူလည်းညံ့ပြီး ရှုံးလည်းရှုံးခဲ့သည်။ ဆုရနိုင်သည့်အခွင့်အရေးလည်းလက်လွတ်ခဲ့ရတော့သည်။

ပိုဆိုးသည်က အသင်းသားများကို လာကြိုသည့် ဘတ်စ်ကားများရပ်ထားသည့်နေရာ၌ ဟန်းဒရစ်နှင့်တစ်ကြိမ်ပြန်ဆုံခဲ့ခြင်းဖြစ်သည်။ကားတစ်စီးမှာ ဘီးထဲနေသဖြင့် ခွများထည့်ထားသည့်အိတ်ကိုအောက်တွင်ဖွင့်ချထားသည်။

စတီက ဟန်းဒရစ်ကိုလှည့်မကြည့်။ ဟန်းဒရစ်ကသူသောက်နေသည့် စီးကရက်အတိုနှင့်စတီအားလှမ်းပေါက်လိုက်ရာစတီ၏အပေါ်အင်္ကျီပေါ်သို့ကျသွားသည်။

ထိုအင်္ကျီကိုစတီအလွန်ပင်မက်မောသည်။စနေနေ့တိုင်းမက္ကဒေါ်နယ်အသားညှပ်ပေါင်မုန့်ဆိုင်ကြီးတစ်ခုတွင်သွားအလုပ်လုပ်ပြီးစုထားသည့်ငွေဖြင့် တမြန်နေ့ကမှဝယ်ထားသည့်အင်္ကျီဖြစ်သည်။ယခုတော့-ထိုအင်္ကျီရင်ဘတ်နေရာ၌ မီးကျွမ်းထား

www.burmeseclassic.com

www.burmeseclassic.com



သောအကွက်ကြီးကျန်နေတော့သည်။မြင်သာထင်သာနေရာတွင်ဖြစ်၍ကောင်းလည်း မကောင်းတော့။ ထို့ကြောင့် စတီသူ့ကိုထိုးပစ်လိုက်သည်။

ဟန်းဒရစ်ကလည်း အပြင်းအထန်ပြန်လည်ထိုးကြိတ်ကန်ကြောက်သည်။ စတီဒေါသမွှန်နေ၍ သူ့အားပြန်ထိုးသည်များကို သိပင်မသိလိုက်။ဟန်းဒရစ်မှာ မျက်နှာတစ်ခုလုံးသွေးများဖြင့် ရဲနေပြီးသူ့မျက်လုံးများကဖွင့်ချထားသော ခွအိတ်ဆီသို့ရောက်သွားသည်။ သူကချက်ချင်းပင်တာယာကော်သည့်သံချောင်းကို ကောက်ယူလိုက်သည်။ ပြီးတော့ ထိုသံချောင်းဖြင့်စတီ၏မျက်နှာအား နှစ်ကြိမ်ဖြတ်ရိုက်လိုက်သည်။

ရိုက်ချက်များမှာ အတော်နာသဖြင့်စတီလည်းဘာမှမမြင်နိုင်တော့။ ဟန်းဒရစ်လက်ထဲမှ သံချောင်းကို အတင်းလုယူလိုက်သည်။ ထို့နောက်ပိုင်း သူဘာမှမသိတော့။ သူနောက်ဆုံးသတိရလိုက်ချိန်တွင်သွေးစွန်းနေသောသံချောင်းကြီးကို လက်ထဲမှကိုင်လျက်လဲကျနေသော ဟန်းဒရစ်အပေါ်မှခွရက်သားဖြစ်နေသည်ကိုသာ သိလိုက်တော့သည်။

"ဟာ.. ဘုရား..ဘုရား.. ဟိုတစ်ယောက်ကသေပြီထင်တယ်"

ဟု တစ်စုံတစ်ယောက်ပြောသံကိုလည်းကြားလိုက်ရ၏။

ဟန်းဒရစ်မှာမသေခဲ့။သို့ရာတွင် နောက်နှစ်နှစ်ကြာသောအခါ ဆေးခြောက်တင်သွင်းသူတစ်ယောက်က အကြွေး ၈၅ ဒေါ်လာမပေးသဖြင့်သူ့ကိုသတ်ပစ်လိုက်သည်။သူ့ကိုသတ်ချင်သူမှာစတီဖြစ်ပြီးသတ်ဖို့လည်းကြိုးစားခဲ့သည်။သတ်လောက်သည့်အကြောင်းရင်းလည်း မရှိဘဲလျက်သူကစထိုးသည်။သံချောင်းကိုကောက်ယူသူမှာ ဟန်းဒရစ်ဖြစ်သော်လည်း ထိုသံချောင်းဖြင့်ပင် စတီကသူ့ကိုသေလုမတတ်ဖြစ်အောင် ရိုက်နှက်ခဲ့သည်။

စတီအား ထောင် ၆လချရန်စီရင်ချက်ချသည်။သို့သော် ထောင်ဒဏ်ကို ပလပ်ပေးလိုက်၏။ အမှုပြီးသောအခါ အခြားကျောင်းတစ်ကျောင်းသို့ပြောင်းရသည်။ ထိုကျောင်းတွင်လည်း အမှတ်ကောင်းကောင်းနှင့်အောင်ခဲ့သည်ချည်း။ထိုစဉ်က သူသည် ကလေးတစ်ယောက်ဖြစ်နေ၍ သူ့အမှုနှင့်ပတ်သက်ပြီးလျှို့ဝှက်ပေးထားခဲ့သည်။

ထို့ကြောင့်လည်း ယခု ဥပဒေတက္ကသိုလ်သို့တက်သောအခါ ထိုအမှုကြောင့်အနှောင့်အယှက်မဖြစ်ခဲ့။ မိခင်နှင့်ဖခင်ကတော့ အိပ်မက်ဆိုးကြီးပမာခံစားခဲ့ကြရသည်။

စတီအနေနှင့်မူ အသက်ပြင်းတတ်သောလူ့သဘာဝကြောင့်မိမိ လူသတ်မှုမဖြစ်ခဲ့ခြင်းဖြစ်သည်။ဟန်းဒရစ်မှာ လူသားတစ်ယောက်သာဖြစ်သည်။အပေါ်အင်္ကျီလေးတစ်ခုအတွက် မိမိသူ့ကိုသတ်မည်ကဲ့သို့ဖြစ်ခဲ့ရသည်။



ခပ်လှမ်းလှမ်းဆီမှ ရစ်ကီ၏အိပ်မောကျနေသည့် အသက်ရှူသံပြင်းပြင်းကို နားထောင်ရင်း စတီမှာညောင်စောင်းပေါ်တွင်အိပ်မပျော်ဘဲရှိနေသည်။ငါဟာဘယ်လိုလူစားမျိုးပါလိမ့်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ကိုယ်တကယ်တန်းလက်ထပ်ချင်တဲ့ ယောကျ်ားမျိုးနဲ့နင်တွေ့ဖူးသလား"

လစ်ဆာက မေးသည်။ နှစ်ယောက်သားလစ်ဆာ၏တိုက်ခန်းတွင်ထိုင်ကာ ကော်ဖီမစ်သောက်နေကြခြင်းဖြစ်၏။ အခန်းထဲရှိပစ္စည်းအားလုံးမှာ လစ်ဆာလိုပင် ချစ်စရာကလေးတွေချည်း။ပန်းပွင့်ပုံဒီဇိုင်းကလေးများ၊တာရုတ်ပြည်လုပ်တာရုတ်ပန်းအိုးကလေးများ၊ ဒီဇိုင်းအပြောက်လည်စည်းဖြင့် ဝက်ဝံရုပ်ကလေးများဖြစ်သည်။

လစ်ဆာက အလုပ်တစ်ရက်နားမည်ဖြစ်၏။ ဂျင်နီကမူအလုပ်သွားရန် အဝတ်အစားလဲပြီးဖြစ်သည်။ ယနေ့အလုပ်ကလည်းအရေးကြီးသည်။ ဂျင်နီမှာလည်း စိတ်စောနေမိ၏။ ပထမဦးဆုံးစမ်းသပ်လေ့လာခံမည့်ပုဂ္ဂိုလ်ဓာတ်ခွဲခန်းသို့ ရောက်လာမည်ဖြစ်သည်။ ထိုလူကို စမ်းသပ်ခြင်းဖြင့် မိမိအယူအဆမှန်သည်လား၊ မှားသည်လား သိရမည်။

သို့တစေ ဂျင်နီအလုပ်သို့တတ်နိုင်သမျှနောက်ကျပြီးသွားချင်သည်။ လစ်ဆာ မှာအားငယ်နေရှာသေးသည်။ မိမိအနေဖြင့် အကောင်းဆုံးလုပ်ပေးနိုင်သည်မှာ လစ်ဆာ အားပုံမှန်အတိုင်းပြန်ဖြစ်လာအောင် ထိုင်ပြီးစကားတွေပြောပေးနေခြင်းပင်ဖြစ်သည်။ တစ်မနက်လုံးနေပေးသွားဖို့တော့ကောင်းသည်။သို့သော် ထိုသို့နေ၍မဖြစ်သေး။ ဓာတ်ခွဲခန်းတွင် လစ်ဆာမိမိအားမကူညီနိုင်သည့်အတွက် စိတ်တော့မကောင်း။ သို့ရာတွင် ဤသည်မှာသိပ်အရေးမကြီးလှ။

ဂျင်နီက လစ်ဆာမေးသည်ကို ဖြေသည့်အနေဖြင့်..



"တစ်ယောက်တော့ရှိခဲ့တယ်၊ တကယ်လက်ထပ်ချင်တဲ့ လူတစ်ယောက်ပေါ့၊ သူက ရှေးဟောင်းသုတေသနပညာရှင်၊ အခုလည်းပဲ သူဒါပဲလုပ်နေတယ်"

ပြောရင်း ဂျင်နီ သူ့ကိုမြင်ယောင်နေမိသည်။ လစ်ဆာက..

"သူ့အကြောင်း နင် တစ်ခါပြောဖူးပါတယ်၊ သူ့ပုံစံက ဘယ်လိုနေလဲဟင်"

"သိပ်တော်တာပဲဟာ၊ ငါ့ကိုရယ်စရာတွေလည်းပြောတယ်၊ငါ နေမကောင်း ရင်လည်းဂရုစိုက်တယ်၊ သူ့အကျီတွေကိုလည်း သူ့ဘာသာမီးပူတိုက်ဝတ်တယ်"

"နောက်တော့ ဘယ်လိုဖြစ်သွားလို့လဲ"

ထိုအကြောင်းကိုပြန်စဉ်းစားမိလျှင် ဂျင်နီရင်နာသည်။

"ငါ့ကိုထားခဲ့ပြီးနောက်တစ်ယောက်နဲ့တွဲသွားတယ်လေ"

"အဲဒီမိန်းမပုံစံကဘယ်လိုမျိုးမို့လဲ"

ထိုအမျိုးသမီးအကြောင်းကို ဂျင်နီပြန်မပြောချင်။ သို့သော် လစ်ဆာစိတ်ပြေဖို့ အရေးကြီးသည်။ ထို့ကြောင့်..

"တော်တော်လေးလှပါတယ်၊ ရွှေညိုရောင်ဆံပင်၊ ငါးရံ့ကိုယ်လုံး၊ ကာက်ရှုမီး ယားဆွယ်တာနဲ့ မိကျောင်းသားရေဖိနပ်ကိုစီးထားလိုက်ရင်ငေးကြည့်ရလောက်တယ်၊ ဦးနှောက်တော့သိပ်မရှိဘူး၊ ပိုက်ဆံတော့နည်းနည်းရှိတယ်"

"အဲဒါတွေ ဘယ်တုန်းကဖြစ်သွားတာလဲ"

"ငါ ပါရဂူဘွဲ့ယူဖို့လုပ်နေတုန်းက ငါ့ရည်းစားနဲ့ငါအတူနေကြတယ်လေ၊ ဒုစရိုက်စိတ်ဓာတ်ဟာ ဗီဇလိုက်သလားဆိုတဲ့ဆောင်းပါးကိုငါရေးတဲ့အချိန်မှာ သူငါ့ဆီ ကထွက်သွားတယ်၊ အဲဒီအချိန်မှာပဲ ဘာရင်တန်ကဂျုံးဖောတက္ကသိုလ်မှာ အလုပ် လုပ်ဖို့ကမ်းလှမ်းတော့ ငါလည်းလက်ခံလိုက်တယ်"

"ယောကျ်ားတွေဟာ အလကားပါဟယ်"

"ငါ့လူကတော့ အဲဒီလောက်မဟုတ်ပါဘူး၊သူကတော်ပါတယ်၊သူတခြား တစ်ယောက်ကိုကျသွားတာတစ်ခုပဲ၊ ဒါလည်းသူရွေးချယ်မှုမှားယွင်းသွားတာပေါ့လေ၊ ငါတို့ကလက်ထပ်ထားကြတာမှမဟုတ်ဘဲ။ သူငါ့ကိုကတိဖျက်သွားတာမှမဟုတ်တာ၊ ငါ့အပေါ်သစ္စာဖောက်တာ တစ်ကြိမ်၊နှစ်ကြိမ်လည်းရှိသေးတယ်၊နောက်မှသူငါ့ကို ဖွင့်ပြောတယ်"

စိတ်ထဲတွင်တော့ သူသည်တကယ်ပင်မှန်းစရာကောင်းသူတစ်ယောက် အဖြစ် ဂျင်နီမှတ်ချက်ချမိသည်။

"ငါတို့ဝိတိုရီယခေတ်ကိုပြန်ရောက်ချင်တယ်၊အဲဒီတုန်းကဆိုရင် ယောကျ်ား တစ်ယောက်ဟာ မိန်းမတစ်ယောက်ကိုနမ်းမိရင်သူ့ကိုယ်သူ စေ့စပ်ပြီးသားအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်လိုက်ကြရတယ်၊ အဲဒီတုန်းကမိန်းကလေးတွေဟာ ကိုယ့်အခန်းကဏ္ဍနဲ့ ကိုယ်နေနိုင်ခဲ့ကြတယ်"

လစ်ဆာ၏အမြင်များ အနည်းငယ်တင်းမာလာသည်။သို့သော် ဂျင်နီက ဘာမျှမပြော။ သူမက..

"ဒါထက် နင်ကရော တကယ်နှင်ယူချင်သူကိုတွေ့ခဲ့ဖူးသလား"

"တစ်ယောက်မှ မတွေ့ခဲ့ဘူး"

"နင်နဲ့ငါဟာအဆင့်အတန်းရှိတဲ့လူတွေပါ၊တစ်နေ့တော့ ငါတို့နဲ့လိုက်ဖက်မယ့်သူပေါ်လာမှာပါ"

ထိုစဉ် တံခါးဝင်ပေါက်တယ်လီဖုန်းသံမြည်လာသည်။ သူတို့နှစ်ယောက်လန့်သွားကြ၏။ လစ်ဆာက လန့်ပြီးထခုန်လိုက်ရာမှ စားပွဲကိုတိုက်မိပြီး ကြွေပန်းအိုးတစ်လုံးကျကွဲသွားသည်။ သူမက..

"ဟယ်တော်.."

လစ်ဆာမှာ ထိပ်ထိပ်ပြာပြာဖြစ်နေဆဲ။ ဂျင်နီက..

"ငါ ဖုန်းကိုင်လိုက်မယ်လေ၊ အပေါက်ဝမှာဘယ်သူလဲမသိဘူး"

လစ်ဆာကဖုန်းကိုကိုင်လိုက်သည်။ သူမကမျက်မှောင်ကြုတ်လျက် အဝင်ဝတံခါးပေါက်နှင့်ဆက်ထားသည့် ရုပ်မြင်သံကြားပေါ်၌ပေါ်နေသောလူကို လှေလာအကဲခတ်နေသည်။

"ရပါတယ်"

လစ်ဆာက ပြောပြီး အိမ်ရှေ့တံခါးကိုဖွင့်သည့်ခလုတ်ကိုနှိပ်လိုက်သည်။

ဂျင်နီက..

"ဘယ်သူလဲဟဲ့"

"ဖိုမဆိုင်ရာမှုခင်း၌ာနက ရဲစုံထောက်ပါ"

လစ်ဆာအား ဟိုမေးသည်မေးနှင့်နှိပ်စက်ကြဦးမည်လားဟုဂျင်နီ စိုးရိမ်လိုက်မိသည်။ ထိုအဖြစ်မျိုးကို ဂျင်နီလက်မခံ။ ထို့ကြောင့် လစ်ဆာအား..

"နင်ကမလာနဲ့လို့ ပြောလိုက်ပါလားဟ"

"သူကလူမည်းအမျိုးသမီးတစ်ယောက်မို့လို့ပါ"

"နင် နောက်နေတာလားး"

လစ်ဆာက ခေါင်းကိုရမ်းပြသည်။အတော်ပင်ပါးနပ်ကြပါပေသည်။ မိမိတို့နှစ်ယောက်မှာအရှက်မပြကြသေး။ အကယ်၍ လူဖြူယောက်ျားတစ်ယောက်ကိုသာလွှတ်လိုက်မည်ဆိုလျှင်အထဲသို့ဝင်ခွင့်ရမည်မဟုတ်။ ထို့ကြောင့် လူမည်းအမျိုးသမီး



တစ်ယောက်ကိုလွှတ်လိုက်ကြခြင်းဖြစ်သည်။မိမိတို့နှစ်ယောက်မှာ လူလတ်တန်းစားပဲဖြစ်သဖြင့် ,လူမည်းအမျိုးသမီးတစ်ယောက်ကိုတော့ ယဉ်ကျေးမှုသဘောအရလက်ခံသွားကြလိမ့်မည်ဟုသူတို့တွက်ကြသည်ထင်၏။ အကယ်၍ ထိုမိန်းမ လစ်ဆာအား မဟုတ်မဟတ်တွေမေးလာလျှင်တော့ သူ့ကိုလည်းဆွဲထုတ်ပစ်လိုက်မည်။

ထိုမိန်းမမှာအသက်၄၀ခန့် တုတ်တုတ်ခိုင်ခိုင်အမျိုးသမီးတစ်ယောက်ဖြစ်နေသည်။ နို့နှစ်ရောင်ဘလောက်အင်္ကျီ၊ရောင်စုံပိုးပဝါနှင့်လက်ဆွဲအိတ်တစ်လုံးလည်းပါလာသည်။

"ကျွန်မက ရဲစုံထောက်မစ်ရှဲပါ၊ ကျွန်မကိုမစ်ရှ်လို့လည်းခေါ်ကြတယ်"

လက်ဆွဲအိတ်ထဲတွင် ဘာပါပါလိမ့်ဟု ဂျင်နီတွေးနေမိသည်။ရဲစုံထောက်တို့သည် သေနတ်ကိုသာဆောင်လာတတ်ပြီး စာရွက်စာတန်းများဆောင်လေ့မရှိ။ ဂျင်နီက..

"ကျွန်မက ဒေါက်တာဂျင်နီဖာရာမီပါ၊ သူကတော့ လစ်ဆာပါ"

ရဲစုံထောက်အမျိုးသမီးက..

"ဟိုနေ့က ဖြစ်ပျက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မအတော်ပဲစိတ်မကောင်းဖြစ်ရပါတယ်လစ်ဆာ၊ကျွန်မတို့တပ်ဖွဲ့ဟာ အမျိုးသမီးတွေကိုစော်ကားတဲ့အမှုတစ်နေ့တစ်မှုလောက်ကိုင်နေရတယ်၊ အဲဒီလိုစော်ကားခံရတဲ့မိန်းကလေးတွေဟာလည်း စိတ်တွေဆင်းရဲပြီး အတော်ကလေးခံစားကြရတယ်၊ငါ့ညီမလည်း စိတ်ဆင်းရဲနေမယ်ဆိုတာသိပါတယ်"

မနေ့ကနဲ့တခြားစီပါလားဟု ဂျင်နီတွေးလိုက်မိသည်။ လစ်ဆာက..

"အဲဒီကိစ္စကို ကျွန်မမေ့ထားလိုက်ပါပြီ"

ခပ်တင်းတင်းပြောလိုက်သော်လည်း သူမမျက်လုံးထဲမှမျက်ရည်တွေဝေ့လာ၏။ ရဲစုံထောက်က..

"ကျွန်မထိုင်ပါရစေနော်"

"ရပါတယ်"

ရဲစုံထောက်က မီးဖိုချောင်စားပွဲတွင် ထိုင်လိုက်သည်။ ဂျင်နီက သူမအားအကဲခတ်ရင်း..

"ရှင့်သဘောထားကတော့ ဟိုပတ္တရောင်ရဲနဲ့မတူပါလား"

မစ်ရှ်က ခေါင်းကုတ်ရင်း..

"အဲဒီရဲက ရှင်တို့အပေါ် ဆက်ဆံသွားပုံနဲ့ပတ်သက်ပြီး ကျွန်မတောင်းပန်ပါတယ်၊စော်ကားခံရတဲ့မိန်းကလေးတွေကို ဘယ်လိုဆက်ဆံရမလဲဆိုတာ တခြားရဲတွေလိုပဲ ပတ္တရောင်ရဲတွေကိုလည်းသင်ပေးထားပါတယ်၊ ဒါပေမဲ့သင်ပေးထားတာကို

www.burmeseclassic.com

www.burmeseclassic.com



သူမေ့သွားလို့ထင်ပါရဲ့၊ ရဲတပ်ဖွဲ့တစ်ခုလုံးအတွက်ကျွန်မရှက်မိပါတယ်"

လစ်ဆာက မျက်ရည်စတွေနှင့်..

"အဲဒါဟာ နောက်တစ်ကြိမ်ထပ်ပြီး အစော်ကားခံရသလိုဖြစ်သွားတယ်"

"နောက်တစ်ခါ ဒါမျိုးမဖြစ်စေရပါဘူး၊ဒါကြောင့်လည်း အစော်ကားခံရတဲ့မိန်းကလေးတွေရှက်ပြီးမပြောလို့ တရားခံဖော်ထုတ်မရဆိုတဲ့စာတန်းကပ်ပြီးပိတ်လိုက်ရတဲ့အမှုတွေ အများကြီးရှိခဲ့တာပါ၊ ဒါဟာလည်း တရားရေးစနစ်က အဲဒီမိန်းကလေးတွေကိုမိုက်မိုက်ရိုင်းရိုင်းဆက်ဆံခဲ့လို့ အမှုသည်တွေက အမှုကိုပြန်ရုပ်သိမ်းသွားကြတာပါ"

ဂျင်နီက..

"ယုံပါတယ်"

သူမက သူမ၏ပိုက်ဆံအိတ်ထဲမှ ကတ်ပြားလေးတစ်ခုကိုထုတ်လျက်..

"ဒါ..အစော်ကားခံရတဲ့မိန်းကလေးတွေနဲ့ ကလေးတွေပြုစုစောင့်ရှောက်တဲ့ဖုန်းနံပါတ်ပါ၊ အဲဒီလူတွေဟာ အဲဒီဌာနကိုလာရောက်ဆွေးနွေးဖို့လိုအပ်ပါလိမ့်မယ်"

လစ်ဆာက ကတ်ပြားလေးကိုယူပြီး..

"လောလောဆယ်တော့ ကျွန်မအဲဒါတွေကိုအားလုံးမေ့ထားချင်တယ်"

မစ်ရှိက ခေါင်းကုတ်လျက်..

"ကျွန်မပြောတဲ့အကြံကို လက်ခံစေချင်ပါတယ်၊ ဒီကတ်ပြားလေးကိုစားပွဲအံဆွဲထဲမှာထည့်ထားပါ၊ ရှင်စိတ်ပြေလောက်တဲ့အချိန်ကျရင်အကူအညီတောင်းချင်လာပါလိမ့်မယ်"

"ကောင်းပါပြီ"

ဂျင်နီက မစ်ရှိအား ဧည့်ဝတ်ပြုမှုကောင်းမည်ဟုတွေးကာ..

"ကော်ဖီသောက်မလား"

"တစ်ခွက်လောက် သောက်ချင်ပါတယ်"

"ကျွန်မ အသစ်ထပ်ဖျော်လိုက်ပါ့မယ်"

ဂျင်နီကထွက်သွားပြီး ကော်ဖီဖျော်လိုက်သည်။

မစ်ရှိက..

"ရှင်တို့နှစ်ယောက် အလုပ်အတူတူလုပ်ကြတာလား"

"ဟုတ်ပါတယ်၊ ကျွန်မတို့က အမြွှာပူးတွေကိုလေ့လာနေကြတာပါ"

ဂျင်နီက ပြောလိုက်သည်။ မစ်ရှိက..

"အမြွှာပူးတွေ...ဟုတ်လား"

"ဟုတ်ပါတယ်၊ သူတို့ရဲ့တူညီတဲ့အချက်တွေနဲ့ မတူညီတဲ့အချက်တွေကို



လေ့လာပါတယ်၊ နောက်ပြီးသူတို့ရဲ့မွေးရာပါအကျင့်တွေနဲ့ သူတို့ကိုပြုစုစောင့်ရှောက်မှုကြောင့် ဖြစ်ပေါ်လာတဲ့အကျင့်တွေကိုလည်းတိုင်းတာပါတယ်"

"ဒီနေရာမှာ လစ်ဆာက ဘာလုပ်ရပါသလဲ"

"ကျွန်မက သိပ္ပံပညာရှင်တွေလေ့လာဆန်းစစ်ဖို့ အမြွှာတွေကိုရှာပေးရပါတယ်"

"အဲဒါ ဘယ်လိုရှာရပါသလဲ"

"မွေးစာရင်းမှတ်တမ်းတွေကတစ်ဆင့်ရှာရပါတယ်၊ အဲဒီမှတ်တမ်းတွေကလည်း ပြည်နယ်ပြန်ကြားရေးဌာနတွေမှာရှိတယ်၊ အမြွှာတွေဟာ မွေးဖွားမှုအားလုံးရဲ့တစ်ရာခိုင်နှုန်းရှိတယ်၊ ဒါကြောင့် မွေးစာရင်း (၁၀၀) ကိုကြည့်တိုင်း အမြွှာတစ်စုံတော့တွေ့ရပါတယ်၊ မွေးစာရင်းထဲမှာ မွေးတဲ့နေ့နဲ့မွေးတဲ့အရပ်ပါတယ်၊ အဲဒါကို ကျွန်မတို့ကကူးပြီး အဲဒီနောက်လိုက်ကြတယ်"

"ဘယ်လိုလိုက်တာလဲ"

"ကျွန်မတို့မှာ အမေရိကန်နိုင်ငံသားအားလုံးရဲ့ ဖုန်းနံပါတ်တွေကို စီဒီရွှမ်နဲ့သိမ်းထားတာရှိတယ်၊ကားမောင်းလိုင်စင်ထုတ်ပေးတဲ့ဌာနတို့၊အကြွေးဝယ်ကတ်ထုတ်ပေးတဲ့ဌာနတို့ကိုလည်း မေးမြန်းစုံစမ်းကြည့်လို့ရတယ်"

"အဲဒီတော့ အမြွှာတွေကိုတွေ့ရောလား"

"မတွေ့ပါဘူး၊တွေ့ဖို့ဆိုတာကသူတို့ရဲ့အသက်အရွယ်တွေပေါ်မှာမူတည်ကယ်၊ ၁၀နှစ်သားအရွယ်တွေကိုတော့ ၉၀ရာခိုင်နှုန်းရှာလို့ရတယ်၊ အသက် ၈၀ အရွယ်တွေကိုတော့ ၅၀ရာခိုင်နှုန်းလောက်ပဲရှာလို့ရတယ်၊ အသက်ကြီးတဲ့လူတွေဟာ ဟိုကိုပြောင်း၊ဒီကိုပြောင်းနဲ့၊နာမည်ပြောင်းသွားတဲ့သူလည်းရှိတယ်၊ သေကုန်တဲ့သူတွေလည်းရှိတယ်"

မစ်ရှိက ဂျင်နီကိုကြည့်လျက်..

"သူတို့ကိုတွေ့တော့ လေ့လာတယ်ဆိုပါတော့"

ဂျင်နီက...

"ကျွန်မတို့ကတော့ ရုပ်ချင်းတူပြီး တစ်နေရာစီမှာကြီးပြင်းကြရတဲ့ အမြွှာတွေကို အထူးဂရုပြုလေ့လာပါတယ်၊ အဲဒီလိုလူမျိုးကိုတော့ အရှာရခက်တယ်"

ပြောရင်း သူမကကော်ဖီကရားကိုစားပွဲပေါ်တင်ကာ မစ်ရှိအတွက်ကော်ဖီငှဲ့ပေးလိုက်သည်။မစ်ရှိက ကော်ဖီကိုတစ်ကျိုက်သောက်လျက် လစ်ဆာအား..

"ဆေးရုံမှာတုန်းက ဆေးကုသမှုခံခဲ့ရသေးလား"

"ဟင့်အင်း... ကျွန်မအဲဒီမှာသိပ်မနေခဲ့ဘူး"

"သူတို့ ရှင့်ကိုတားဆေးလေးဘာလေးပေးလိုက်ဖို့ကောင်းတယ်၊ ကိုယ်ဝန်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သွားရင် ဘယ့်နှယ့်လုပ်မလဲ"

လစ်ဆာမှာ တစ်ချက်တုန်သွားပြီး..

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မစဉ်းစားထားပြီးပြီ"

"ကိုယ်ပြနေကျဆရာဝန်ဆီသွားလိုက်ပါဦး၊သူကဆေးပေးမှာပေါ့၊ ကတ်သလစ်ဆရာဝန်ဆိုရင်တော့ အဲဒါပြဿနာပဲ၊ အဲဒါမှမဟုတ်ရင်တော့ စောင့်ရှောက်ရေးဌာနကပို့အဆင်ပြေတယ်"

"ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး သဘောပေါက်တဲ့လူကို အခုလိုပြောရတာကောင်းပါတယ်"

လစ်ဆာက ပြောလိုက်ခြင်းဖြစ်သည်။ မစ်ရှ်ကဆက်၍..

"မီးကမတော်တဆလောင်သွားတာ မဟုတ်ဘူး၊ကျွန်မမီးသတ်တပ်ဖွဲ့ခေါင်းဆောင်ကိုမေးကြည့်ပြီးပြီ၊ အဝတ်လဲခန်းနဲ့ကပ်နေတဲ့စတိုခန်းထဲမှာ တစ်ယောက်ယောက်ကတမင်ရှို့သွားတာ၊ လေပိုက်ကိုဖြုတ်ပြီးအဝတ်လဲခန်းထဲကို မီးခိုးတွေဝင်သွားအောင်လုပ်သွားတာ၊ အခုလိုစော်ကားသွားတဲ့ကောင်ဟာ စော်ကားဖို့ကိစ္စကိုစိတ်ဝင်စားလို့မဟုတ်ဘူး၊ ကြောက်လန့်အောင်လုပ်ရမှ သူတို့အာသာပြေတဲ့လူစားမျိုး၊ ဒါကြောင့် မို့ဒီလိုမီးရှို့လိုက်တာဟာ သူ့အတွက် ပျော်စရာအလုပ်တစ်ခုပဲလို့ ကျွန်မယူဆတယ်"

ဂျင်နီက ထိုသို့မစဉ်းစားမိခဲ့။ သူမက..

"ဒီကောင်ဟာမီးလောင်တာကိုအခွင့်အရေးယူသွားတယ်လို့ကျွန်မထင်နေတာ"

မစ်ရှ်က ခေါင်းရမ်းလျက်..

"ချိန်းတွေ့ပြီးမှ စော်ကားတဲ့လူမျိုးဟာ အခွင့်အရေးသမားပါ၊ မိန်းကလေးကိုမူးယစ်ဆေးဝါးနဲ့ဖြစ်စေ၊အရက်နဲ့ဖြစ်စေ၊မူးအောင်တိုက်ပြီး မရုန်းကန်နိုင်တော့မှ စော်ကားတာပါ၊အခုလို မျက်နှာစိမ်းကိုစော်ကားတဲ့လူမျိုးကျတော့ အဲဒီလိုမဟုတ်ဘူး၊ သူတို့ကအစီအစဉ်ဆွဲပြီးမှလုပ်တာ၊ရုတ်ရုတ်သဲသဲဖြစ်သွားတာကို သူတို့သိပ်သဘောကျတယ်၊အဲဒီလိုဖြစ်အောင်လည်းလုပ်တယ်၊သူတို့ဟာ အင်မတန်ပါးတာ၊အဲဒီလိုလူကတော့ ပိုကြောက်စရာကောင်းတယ်"

ဂျင်နီက ခေါသပိုထွက်သွားပြီး..

"အဲဒီမီးလောင်တုန်းက ကျွန်မကံကောင်းလို့မသေတယ်"

မစ်ရှ်က လစ်ဆာအား...

"အဲဒီကောင်ကိုရှင်မမြင်ဖူးဘူးလို့ကျွန်မထင်တယ်၊အဲဒီကောင်ဟာ လူစိမ်းသက်သက်မဟုတ်လား"

"သူ့ကိုစောစောကတော့ကျွန်မမြင်ဖူးလိုက်သလိုထင်တယ်၊ ဟော်ကီအသင်းနဲ့ကျွန်မလိုက်ပြီးအပြေးကျင့်နေတုန်း ကားတစ်စီးထိုးရပ်ပြီး အကောင်တစ်ကောင်ကျွန်မတို့ကိုစိုက်ကြည့်နေတယ်၊အဲဒီကောင်ပဲဖြစ်မယ်လို့ကျွန်မထင်တယ်"

"ကားကဘာကားမျိုးလဲ"

"ကျွန်မ သိသလောက်တော့ကားကအဟောင်းကြီး၊အဖြူရောင်မှာသံချေးမတွေတက်နေတယ်၊ဒတ်ဆန်းကားလားမသိဘူး"

ထိုအချက်အလက်များကို မစ်ရှ်ရေးမှတ်လိမ့်မည်ဟု ဂျင်နီထင်ခဲ့သည်။ သို့ရာတွင် သူမက ဆက်၍စကားပြောနေ၏။

"ကျွန်မအထင်တော့ဒီကောင်ဟာအင်မတန်ဉာဏ်ကောင်းပြီး သူလုပ်ချင်တာကို ရက်ရက်စက်စက်ပြတ်ပြတ်သားသားလုပ်တတ်တဲ့အကောင်လို့ထင်တယ်"

ဂျင်နီက..

"ဒီလိုကောင်မျိုးကိုတစ်သက်လုံးထောင်ချပစ်ထားဖို့ကောင်းတယ်"

ဒီတော့မှ မစ်ရှ်က သူမအတွက်အကွက်ဝင်ပြီး..

"သူ့ကိုထောင်ချလို့မရနိုင်ဘူး၊သူကလွတ်နေပြီလေ၊ ဒါမျိုးနောက်ထပ်လည်း သူလုပ်ဦးမှာ"

ဂျင်နီက နားမလည်နိုင်သဖြင့်..

"ဘာဖြစ်လို့ ရှင်ဒီလိုပြောနိုင်ရတာလဲ"

"အဲဒီလိုစော်ကားတတ်တဲ့လူအတော်များများဟာ ဆက်တိုက်လုပ်သွားတတ်ကြတာပဲ၊ ခုနကျွန်မပြောတဲ့ချိန်းတွေ့ပြီးမှစော်ကားတတ်တဲ့လူစားမျိုးသာ အဲဒီလိုဆက်တိုက်မလုပ်တာ၊ အဲဒီလိုလူစားမျိုးကတော့တစ်ကြိမ်လောက်ပဲ ကျူးလွန်တတ်ကြတယ်၊သူစိမ်းမိန်းကလေးကိုစော်ကားတတ်တဲ့လူမျိုးကျတော့ သူတို့အဖမ်းမခံရမချင်းတစ်ကြိမ်ပြီးတစ်ကြိမ် ကျူးလွန်တတ်ကြတယ်၊ ရှင့်ကိုစော်ကားသွားတဲ့ ငနဲဟာသူ့ကိုကျွန်မတို့ မဖမ်းနိုင်ဘူးဆိုရင်နောက်ထပ်(၇)ရက်သို့မဟုတ် (၁၀)ရက်လောက်ကြာရင်နောက်တစ်ကြိမ်ကျူးလွန်လိမ့်ဦးမယ်"

"ဘုရား..ဘုရား.."

လစ်ဆာက ညည်းလိုက်သည်။ မစ်ရှ်ဘာကိုဦးတည်နေမှန်း ဂျင်နီသဘောပေါက်လိုက်၏။ မိမိထင်သည့်အတိုင်းမစ်ရှ်ကလစ်ဆာအား ထိုသို့စုံစမ်းထောက်လှမ်းဖို့အတွက်ကူညီပါရန်ပြောလာသည်။ မည်သို့ပင်ဖြစ်စေလစ်ဆာအား ဖိအားပေးအနိုင်ကျင့်လာမည်ကိုတော့ဂျင်နီလက်မခံ။သို့တစေ ယခုလိုသူပြောလာသည်မျိုးကိုတော့ကန့်ကွက်ရန်မလွယ်။ မစ်ရှ် က..

"ဒီကောင်နဲ့ပတ်သက်ပြီး သူ့ရဲ့ဒီအင်န်အေနမူနာကိုတော့ ကျွန်မတို့ရဖို့လိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လစ်ဆာက ရွှံ့ရှာသည့်မျက်နှာထားဖြင့်...

"ကျွန်မတစ်ကိုယ်လုံးရေချိုးဆေးကြောလိုက်ပြီးပြီ၊သူနဲ့ပတ်သက်ပြီး ကျွန်မကိုယ်ပေါ်မှာ ဘာမှမကျန်ခဲ့ပါစေနဲ့လို့ပဲ ဘုရားမှာဆုတောင်းနေမယ်"

မစ်ရှိုက မလျှော့ဘဲ...

"၄၈ နာရီကနေ ၇၂နာရီအထိ သက်သေခံတွေကိုကိုယ်ပေါ်မှာ ရှာလို့ရပါသေးတယ်"

ဂျင်နီက..

"ကျွန်မတို့မနေ့ကတွေ့ခဲ့တဲ့ ဆရာဝန်ဟာ အတော့်ကိုအသုံးမကျတဲ့ကောင်ပဲ"

မစ်ရှိုက ခေါင်းညိတ်လျက်..

"အဓော်ကားခံရတဲ့မိန်းကလေးတွေကိုဆိုရင် ဆရာဝန်တွေကသိပ်မုန်းတတ်တာ၊ တရားရုံးမှာသူတို့သက်သေသွားခံတဲ့အခါအချိန်ကုန်၊ငွေကုန်မို့လို့၊ဒါပေမဲ့ ရှင့်ကိုအဲဒီဆေးရုံမပို့သင့်တာတော့အမှန်ပဲ၊ အဲဒါလဲ ဟိုပတ္တရောင်ရဲ့ရဲ့ အမှားတစ်ခုပဲ၊ ဒီနားမှာ အဓော်ကားခံရတဲ့အမျိုးသမီးတွေကိုကုပေးတဲ့ဆေးရုံ (၃)ရုံရှိတယ်၊စောစောကဆေးရုံကတော့အဲဒီဆေးရုံတွေထဲမှာမပါဘူး"

လစ်ဆာက..

"ဒါဖြင့် ကျွန်မ ဘယ်ဆေးရုံသွားရမှာလဲ"

"ကရုဏာဆေးရုံ၊ အဲဒီဆေးရုံမှာ အဓော်ကားခံရတဲ့အမျိုးသမီးတွေကိုစမ်းသပ်စစ်ဆေးတဲ့ဌာနတစ်ခုရှိတယ်၊ ကျွန်မတို့ကတော့ဆာဖီလို့ခေါ်တယ်"

ဂျင်နီက ခေါင်းညိတ်သည်။ကရုဏာဆေးရုံမှာ မြို့လယ်တွင် အတော်ကြီးသောဆေးရုံကြီးတစ်ရုံဖြစ်သည်။ မစ်ရှိုက ဆက်၍...

"အဲဒီဆေးရုံမှာဆိုရင်အမျိုးသမီးတွေကို စစ်ဆေးတဲ့သူနာပြုတွေက မိန်းမတွေချည်းပဲ၊ဒီလိုကိစ္စမျိုးတွေကို သက်သေခံအထောက်အထားရှာတဲ့နေရာမှာ ကျွမ်းကျွမ်းကျင်ကျင်ရှိအောင် သင်တန်းပေးထားတဲ့ဆရာမတွေပေါ့၊ မနေ့က ရှင်တို့တွေ့ခဲ့တဲ့ ဆရာဝန်တောင် သူတို့လောက်မကျွမ်းကျင်ဘူး၊ အဲဒီလူတောင်ပြောမြောက်ပြော လျှောက်ပြောနေတာဖြစ်မယ်"

မစ်ရှိုမှာ ဆရာဝန်တွေကို လေးစားပုံမပေါ်။မစ်ရှိုကသူမ၏ လက်ဆွဲအိတ်ကိုဖွင့်လိုက်သည်။ ဂျင်နီကသိချင်သဖြင့်အသာကဲကြည့်မိ၏။ အတွင်း၌ ခရီးဆောင်ကွန်ပျူတာလေးတစ်လုံးပါလာသည်။ မစ်ရှိုက ထိုကွန်ပျူတာလေးကိုအဖုံးဖွင့်လျက်ခလုတ်ကိုဖွင့်လိုက်သည်။ ပြီးတော့..

"ဒီထဲမှာပုံတူဖော်ထုတ်ရေးအီလက်ထရွန်းနစ်နည်းပညာဆိုတဲ့ ပရိုဂရမ်တစ်ခုရှိတယ်၊ ကျွန်မတို့အနီးစပ်ဆုံးတူတဲ့ပုံကိုထုတ်လို့ရတယ်၊ဒီကိရိယာကို စကော့တလန်ယား၊ဓါတ်ထောက်အဖွဲ့ကတီထွင်ထားတာ၊ ဒါနဲ့ဖော်ထုတ်လိုက်မယ်ဆိုရင် တရားခံရဲ့ပုံမကျကို ပန်းချီဆရာမသုံးဘဲဖော်ထုတ်လို့ရတယ်"



မစ်ရှိုကပြောရင်း လစ်ဆာအားမျှော်လင့်တကြီး လှမ်းကြည့်သည်။ လစ်ဆာက ဂျင်နီအားကြည့်လျက်..

"နင်ဘယ်လိုသဘောရသလဲ"

"အကျပ်ကိုင်တော့မခံနဲ့၊ နင့်ဘာသာပဲစဉ်းစားပေါ့၊ နင်စိတ်ချမ်းသာသလိုလုပ်"

မစ်ရှိုက ဂျင်နီအား စူးစူးရဲရဲကြည့်လိုက်သည်။ ပြီးတော့မှလစ်ဆာ အား...

"ကျွန်မ အကျပ်ကိုင်တာမဟုတ်ပါဘူး၊ ရှင်တို့ကျွန်မကိုအခုပြန်ဆိုပြန်ပါ့မယ်၊ကျွန်မတောင်းပန်နေတာပါ၊ကျွန်မဒီတရားခံကိုမိအောင်ဖမ်းချင်တယ်၊အဲဒီအတွက်ရှင်တို့အကူအညီလိုတယ်၊အဲဒီအကူအညီမရရင်ဘယ်လိုမှဖမ်းလို့ရမှာမဟုတ်ဘူး"

ဂျင်နီမှာ အတော်လေးစားသွားဟန်ရှိသည်။ မစ်ရှိုမှာ သူဝင်လာကတည်းကစကားကို သူလိုချင်သလိုထိန်း၍ပြောနိုင်သူဖြစ်သည်။သို့ရာတွင် အနိုင်ကျင့်ကောက်ကျစ်ပြီး ပြောသည်မျိုးမဟုတ်။စကားပြောကျွမ်းကျင်ပြီး သူလိုချင်သည်ကိုရအောင်ပြောနိုင်သူဖြစ်သည်။

လစ်ဆာက...

"အဲဒါတော့ ကျွန်မလည်း မပြောတတ်တော့ဘူး"

မစ်ရှိုက..

"ဒီကွန်ပျူတာကို လာကြည့်ပါလား၊ ဒါမှစိတ်ထဲမှာမကျေမနပ်ဖြစ်နေတယ်ဆိုရင်ရပ်လိုက်ကြတာပေါ့၊ အဲဒီလိုမှကျွန်မလိုက်ဖမ်းရမယ် တရားခံရဲ့ပုံတူကိုကျွန်မရမယ်၊ အဲဒါပြီးရင်တော့ကရုဏာဆေးရုံကိုရှင်သွားဖို့ စဉ်းစားရုံပါပဲ"

လစ်ဆာက အနည်းငယ်တွေဝေနေပြီးနောက်...

"ကောင်းပြီလေ..."

ဂျင်နီက....

"စိတ်ထဲမှာမကြည်မလင်ဖြစ်လာတယ်ဆိုရင်တော့ ချက်ချင်းသာရပ်ပစ်လိုက်နော်"

လစ်ဆာက ခေါင်းညိတ်သည်။ မစ်ရှိုက ဆက်၍....

"ပထမဦးဆုံးအဲဒီလူရဲ့မျက်နှာပုံကြမ်းကစမယ်၊ အဲဒါကသူ့ မျက်နှာနဲ့တူမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူး၊ ဒါပေမဲ့ အဲဒီကအခြေခံမယ်၊ပြီးတော့မှတစ်ခုချင်းစီသွားမယ်၊ အဲဒီတရားခံရဲ့မျက်နှာပြင်ကို ပြန်မြင်ယောင်ကြည့်ပြီး ယေဘုယျမျက်နှာအနေအထားကို ပြောပြပါ၊ အေးအေးဆေးဆေးအချိန်ယူပြီးစဉ်းစားပါ"

လစ်ဆာက မျက်လုံးကိုမှိတ်ပြီးထားသည်။

"ဒီလူဟာလူဖြူတစ်ယောက်ပဲ၊ကျွန်မအသက်လောက်ရှိတဲ့ယ်။ဆံပင်ကတိုတို၊ ဆံပင်မှာတိတိကျကျအရောင်ရယ်လို့မရှိဘူး၊ မျက်လုံးတွေကအပြာနုရောင်လို့ထင်တယ်၊နှာတံပေါ်ပေါ်"

မစ်ရှိက ကွန်ပျူတာ၏မောက်စ်ကလေးကိုကစားနေသည်။ ဂျင်နီက ထသွားပြီး မစ်ရှိ၏နောက်ကရပ်လျက်ကွန်ပျူတာဖန်သားပြင်ကိုကြည့်နေသည်။ ဖန်သားပြင်၏ညာဘက်ထောင့်တွင်မျက်နှာပုံကိုလေးပိုင်းပိုင်းထား၏။ လစ်ဆာပြောသမျှ မျက်နှာအမှတ်အသားများကိုမစ်ရှိကလိုက်ထည့်နေသည်။ ဆံပင်တိုတို၊ မျက်လုံးကဖျော့ဖျော့၊ နှာတံစင်းစင်း၊ လစ်ဆာက ဆက်၍...

"မေးစေ့ကလေးထောင့်စပ်စပ်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးမရှိဘူး၊ ဘယ်လိုပုံပေါ်သွားပြီလဲ"

မစ်ရှိကခလုတ်တစ်ခုကိုနှိပ်လိုက်ရာဖန်သားပြင်တစ်ခုလုံးပေါ်တွင် မျက်နှာတစ်ခုပေါ်လာသည်။အသက်(၃၀)ကျော်လောက်ရှိလူဖြူအမျိုးသားတစ်ယောက်၏ပုံဖြစ်၏။ ထိုသူ၏ရုပ်သဏ္ဍာန်မှာယေဘုယျယောကျ်ားအများစု၏မျက်နှာမျိုးဖြစ်သည်။ မစ်ရှိက ကွန်ပျူတာအား လစ်ဆာဘက်သို့လှည့်ပြလိုက်သည်။ ပြီးတော့...

"ကဲ..အခု မျက်နှာကိုအသေးစိတ် တစ်ပိုင်းပြီးတစ်ပိုင်းဖော်သွားမယ်၊ အခုကျွန်မနဖူးပြင်နဲ့ ဆံစပ်အနေအထားအမျိုးမျိုးကိုပြမယ်၊ အဲဒီအထဲက တူတဲ့တစ်ခုကိုရွေးပေးရုံပဲ၊ ရမလား"

"ရတယ်"

မစ်ရှိက မောက်စ်ကိုနှိပ်လိုက်သည်။ဖန်သားပြင်ပေါ်မှမျက်နှာမှာ ပြောင်းသွားပြီးတော့ရုတ်တရက်နဖူးပြင်ပေါ်တွင်ဆံစပ်ကလေးပေါ်လာသည်။ လစ်ဆာက....

"မဟုတ်သေးဘူး"

မစ်ရှိက ခလုတ်ကိုနှိပ်လိုက်ပြန်သည်။ သည်တစ်ကြိမ်တွင် နဖူးဆံစပ်မှာတည့်တည့်ဖြောင့်ဖြောင့်ဖြစ်၏။

"မဟုတ်သေးဘူး"

နောက်တစ်ကြိမ်ပေါ်လာသည့်မျက်နှာပုံပေါ်တွင်နဖူးပေါ်မှဆံပင်မှာ လှိုင်းတွန့်ကလေးဖြစ်၏။ လစ်ဆာက...



"အဲဒါ နည်းနည်းတူတယ်၊ ဒါပေမဲ့သူကဆံပင်ခွဲထားတယ်"

မနောက်ပေါ်လာသည့်ပုံတွင် ဆံပင်မှာကောက်နေသည်။

လစ်ဆာက...

"ဒီပုံကပထမပုံထက်ပိုတူတယ်၊ ဒါပေမဲ့ သူ့ဆံပင်ကအနက်"

မစ်ရှိက..

"ဒီလိုမျိုး တစ်ခုပြီးတစ်ခုအကုန်တပ်ကြည့်ပြီးသွားမှ ရှင်အတူဆုံး ထင်တဲ့ပုံကို ပြန်ယူကြည့်မယ်၊ မျက်နှာတစ်ခုလုံးပုံပေါ်လာပြီးပြီဆိုရင် ကျွန်မတို့အသေးစိတ်ပြန်မှန်းကြတာပေါ့၊ ဆံပင်ကနက်သလား၊ အရောင်ဖျော့သလား၊ ဘယ်ဘက်ကိုခွဲထားသလဲ၊ မျက်နှာကအရွယ်ရင့်နေသလား၊အရွယ်နုနေသလားဆိုတာမျိုးပေါ့"

ဂျင်နီက အတော်ပင်သဘောကျနေမိသည်။ သို့ရာတွင် ထိုသို့လုပ်ရန်မှာအတော်ပင်ကြာလိမ့်ဦးမည်။ သူမမှာလည်းအလုပ်ရှိနေ၏။ သူမက...

"ငါသွားမယ်ဟာ၊ နင်နေလို့ဖြစ်တယ်မဟုတ်လား လစ်ဆာ"

"ရပါတယ်"

လစ်ဆာကဆိုသည်။ လစ်ဆာအနေဖြင့် တရားခံအား လိုက်လံရှာဖွေမှုတွင် ပူးပေါင်းဆောင်ရွက်နေသည်က အကောင်းဆုံးဖြစ်မည်။မစ်ရှိကိုလှမ်းကြည့်တော့မျက်နှာပေါ်တွင် အောင်မြင်နေသည်ဟူသော အမူအရာမျိုးရိပ်ခနဲတွေ့လိုက်ရ၏။ လစ်ဆာကိုကာကွယ်သည့်အနေဖြင့် မစ်ရှိအားအတိုက်အခံပြုခဲ့သည်မှာ မိမိမှားခဲ့လေပြီလား။ မစ်ရှိမှာတကယ်ပင်စိတ်ကောင်း၊နှလုံးကောင်းရှိဟန်တူသည်။

ဂျင်နီက....

"ငါ နင့်ဆီကိုဖုန်းပြန်ဆက်မယ်"

လစ်ဆာက ဂျင်နီ့အားဖက်၍ နှုတ်ဆက်ပြီး...

"နင် ငါနဲ့လာနေပေးတာကျေးဇူးတင်လို့မဆုံးအူးဟယ်"

မစ်ရှိက နှုတ်ဆက်ရန်လက်ကိုကမ်းလိုက်ပြီး...

"အခုလိုတွေ့ရတာဝမ်းသာပါတယ်ရှင်"

ဂျင်နီက လက်ဆွဲနှုတ်ဆက်ရင်း....

"ကံကောင်းပါစေ၊ အဲဒီကောင်မိပါစေလို့ ဆုတောင်းပါတယ်"

"ကျွန်မလည်း ဒီလိုပါပဲ"

မစ်ရှိက ဆိုသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဧက ၁၀၀ ကျယ်သောဂျိုးဖောတက္ကသိုလ်ခြံဝင်းကြီးအနောက် တောင်ထောင့်ရှိ နေရာတစ်နေရာတွင် စတီက မိမိကားကိုရပ်လိုက်သည်။ (၁၀)နာရီထိုးကာနီးပြီဖြစ်၍ ကျောင်းသားများပေါ့ပါးသည့်နွေရာသီဝတ်စုံများဖြင့် ကျောင်းတက်ရန် ဥဒဟိုသွားလာနေကြသည်။တက္ကသိုလ်ဝင်းကိုဖြတ်လျှောက်ရင်း တင်းနစ်အားကစားမယ်ကလေးအားလိုက်ရှာကြည့်မိသည်။ သူမကိုပြန်တွေ့ရဖို့ကတော့ သိပ်မလွယ်။ သို့တစေ အနက်ရောင်ဆံပင်နှင့် မိန်းကလေးတွေကိုတွေ့တိုင်း နှာခေါင်း၌ ငွေကွင်းကလေးပါ, မပါလိုက်ကြည့်နေမိပြန်သည်။

စိတ်ပညာဌာနမှာ ခေတ်မီလေးထပ်အဆောက်အဦးတစ်ခုဖြစ်သော်လည်း ကျောင်းအတွင်းရှိ အခြားအဆောက်အဦးဟောင်းများနည်းတူ အုတ်တိုက်နီနီကလေးဖြစ်သည်။ ဝင်ပေါက်ဝတွင်နာမည်ကိုပေးလိုက်တော့ သူ့အား ဓာတ်ခွဲခန်းသို့သွားရန် လမ်းညွှန်လိုက်သည်။

နောက် ၃နာရီလုံးလုံး သူထင်သည်ထက်ပို၍ စစ်ကြောမေးမြန်းခြင်းများကို ခံခဲ့ရသည်။ ကိုယ်အလေးချိန်၊ အရပ်အမြင့်စသည်များကိုတိုင်းတာသည်။ လက်ဗွေယူသည်။ သိပ္ပံပညာရှင်များ၊ကျွမ်းကျင်ပညာရှင်များနှင့်ကျောင်းသားများက သူ၏နားရွက်များကိုဓာတ်ပုံရိုက်ခြင်း၊သူ၏လက်မောင်းများကိုတိုင်းတာခြင်း၊ မီးလောင်ခံထားရသည့်လူများ၏ ဓာတ်ပုံများ၊ ခြေနှင့်လက်ဖြတ်ခံထားရသည့်လူများ၏ ဓာတ်ပုံများကိုပြကာ သူ၏ကြောက်လန့်မှုများကိုစစ်ဆေးခြင်း စသည်များလုပ်သည်။



အားလပ်ချိန်တွင်ဘာလုပ်သနည်း။ ဘာသာရေးအယူအဆနှင့် ရည်းစားများ၊အကြောင်း။မည်သည့်အလုပ်မျိုးလုပ်ချင်သည်စသည်ဖြင့်မေးကြသည်။တံခါးလှူမ်ခေါင်းလောင်းပျက်လျှင်ပြင်တတ်သလား။ သတို့သားကောင်းတစ်ယောက်ဖြစ်နိုင်သည်ဟု မိမိကိုယ်ကိုယူဆပါသလား။ မိမိကလေးရလျှင်မိမိကလေးအားရိုက်နက်မည်လား။ အချို့သောတေးဂီတများကိုနားထောင်လျှင်ရုပ်သဏ္ဌာန်တွေ၊ အရောင်စုံတွေကိုမြင်လာတတ်သလား စသည်ဖြင့်စုံအောင်မေးသည်။ သို့ရာတွင် မိမိကိုမှဘာကြောင့်ရွေးချယ်စစ်ဆေးကြသည်ကို မည်သူမျှမပြောကြပေ။

ယခုလို လာရောက်အစစ်ဆေးခံသည်မှာ မိမိတစ်ယောက်တည်းမဟုတ်။ ဓာတ်ခွဲခန်းထဲတွင် ကလေးမလေးနှစ်ယောက်နှင့်ကောင်းဘွိုင်ဖိနပ်၊အပြာရောင်ကျုပ်ဖဘောင်းဘီ၊ အနောက်တိုင်းရုပ်အကျီများဝတ်ဆင်ထားသည့် သက်လတ်ပိုင်းအရွယ်အမျိုးသားတစ်ယောက်ကိုလည်းတွေ့ရသည်။

နေ့လယ်ပိုင်းကျတော့သူတို့အားလုံးကိုဧည့်ခန်းထဲသို့ခေါ်ပြီး နေ့လယ်စာကျွေးသည်။ ဒီတော့မှ ကောင်းဘွိုင်ဖိနပ်စီးထားသူသက်လတ်ပိုင်းအရွယ် အမျိုးသားမှာတစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်ဖြစ်နေသည်ကိုတွေ့ရသည်။ထိုနှစ်ယောက်မှာ အမြွာများဖြစ်ပြီး ဆင်တူဝတ်ထားကြခြင်းဖြစ်သည်။

စတီက ကောင်းဘွိုင်နှစ်ယောက်နှင့် မိမိကိုယ်ကိုမိတ်ဆက်သည်။ ဒီတော့မှသူတို့နှစ်ယောက်မှာ ဘင်နီနှင့်အာနီးတို့ဖြစ်ကြောင်းသိရ၏။မိန်းကလေးနှစ်ယောက်မှာ လည်းစူးနှင့်အဲလိဇဘက်တို့ဖြစ်ကြောင်းသိရသည်။စားသောက်နေရင်းစတီက အမျိုးသားများအား...

"ခင်ဗျားတို့နှစ်ယောက် အမြဲတမ်းဒီလိုဆင်တူဝတ်တတ်ကြသလား"

သူတို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး...

"မသိဘူးလေ၊ ကျုပ်တို့လည်းအခုမှတွေ့ကြတာ"

"ခင်ဗျားတို့ဟာအမြွာပူးတွေဖြစ်ပြီးတော့ခုမှတွေ့ကြရသလား"

"ကျွန်တော်တို့ကိုမွေးပြီးပြီးချင်း တစ်ယောက်တစ်ကွဲအမွေးစားခံလိုက်ရတယ်"

"ဒါဆို မတော်တဆအခုလိုဆင်တူဝတ်မိကြတာပေါ့"

"အဲဒီလိုနဲ့တူပါတယ်"

အာနီးက...

"နောက်ပြီးကျုပ်တို့နှစ်ယောက်စလုံးကလက်သမားတွေချည်းပဲ၊ ကျုပ်တို့သောက်တဲ့ဆေးလိပ်တွေကလည်း ကုလားအုပ်တံဆိပ်တွေချည်းပဲ၊နောက်ပြီး ကျွန်တော်တို့မှာကလေးနှစ်ယောက်စီရှိကြတယ်၊ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေး

www.burmeseclassic.com



တစ်ယောက်"

ဘင်နီက…

"မိန်းကလေးတွေရဲ့နာမည်က နှစ်ယောက်စလုံးကာရိုလိုင်းချည်းပဲ၊ ဒါပေမဲ့ ကျွန်တော့်သားကတော့ဂျွန်၊ သူ့သားနာမည်ကရစ်ချတ်"

စတီက…

"ဟောဗျာ.. မင်းတို့နှစ်ယောက်မှာ ကုလားအုတ်တံဆိပ်စီးကရက်ကိုမှ နှစ်သက်တာချင်း တူစရာအကြောင်းမရှိဘူး"

"ဘယ်ပြောနိုင်မလဲဗျ"

အဲလိဇဘက်ဆိုသော မိန်းကလေးက စတီအား…

"ရှင်ရဲ့အမြွာညီအစ်ကိုကကောဘယ်မှာလဲ"

"ငါ့မှာအမြွာညီအစ်ကိုမရှိပါဘူး၊ သူတို့ဒီမှာလေ့လာနေတာကအမြွာပူးအကြောင်းလား"

ထိုကလေးမကလေးကပင်…

"ဟုတ်တယ်၊ စူးနဲ့ကျွန်မက ဒိုင်ဇိုင်ဂေါတစ်တွေလေ"

စတီမျက်ခုံးကိုပင့်ကြည့်လိုက်မိသည်။ ထိုကလေးမလေးမှာ အသက် (၁၁) နှစ်သာရှိသေးသည်။

"အဲဒီစကားလုံးကို ငါနားမလည်ဘူး၊ဘာအဓိပ္ပာယ်လဲ"

"ကျွန်မတို့က မတူကြဘူးလေ၊ ကျွန်မတို့က ရုပ်ကွဲအမြွာတွေ၊ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် မတူကြတာ"

သူမက ဘင်နီနှင့် အာနိုးအားညွှန်ပြလျက်…

"သူတို့ကတော့ မိုနိုဇိုင်ဂေါတစ်တွေလေ၊သူတို့ရဲ့ဒီအင်န်အေတွေက အတူတူပဲ၊ ဒါကြောင့် သူတို့တစ်ယောက်နဲ့တစ်ယောက်တူကြတာပေါ့"

"ဒါနဲ့ပတ်သက်လို့ မင်းတော်တော်သိနေပုံပဲ၊ လေးစားလောက်ပါတယ်"

"ကျွန်မတို့အရင်ကလည်းဒီလိုတစ်ခါလာခဲ့ဖူးသေးတယ်"

သူမပြောနေစဉ်စတီ၏ကျောဘက်ဆီမှတံခါးပွင့်လာသည်။အဲလိဇဘက်ဆိုသည့်ကလေးမလေးက မော့ကြည့်ပြီး….

"ဟဲလို… ဒေါက်တာဂျင်နီဖာရာမီ"

စတီလှည့်ကြည့်လိုက်တော့ တင်းနစ်ကစားသည့်မိန်းကလေးဖြစ်နေကြောင်း တွေ့လိုက်ရသည်။ သူမ၏တောင့်တင်းသောခန္ဓာကိုယ်မှာဒူးအထိရှည်သည့် ခါတ်ခွဲခန်းဝတ်စုံအဖြူအောက်တွင်ပျောက်နေသည်။ သို့ရာတွင် အခန်းထဲသို့လျှောက်လာသော သူမ၏ဟန်ပန်မှာအားကစားသမားတစ်ယောက်၏ပုံစံအတိုင်းပင်။ တင်းနစ်ကွင်းထဲက



မစတိုင်းအမူအရာ မှာ တည်ကြည်နေ၏။ သူမကိုစိုက်ကြည့်ရင်း မိမိ၏ကံကောင်းပုံကို မယုံ နိုင်လောက်အောင်ဖြစ်ရသည်။

သူမ ကလေးမလေးများအားနှုတ်ဆက်ပြီးနောက်ကျန်လူများနှင့် သူ့ကိုယ်သူ မိတ်ဆက်သည်။ စတီကို လက်ဆွဲနှုတ်ဆက်ရင်း နောက်တစ်ကြိမ် ပြန်ကြည့်ကာ…

"ဒါဖြင့် ရှင်က စတီလိုဂန်ပေါ့"

"ခင်ဗျား တင်းနစ်ရိုက်တာ သိပ်ကောင်းတာပဲ"

"ဒါပေမဲ့ ကျွန်မရှုံးသွားတယ်လေ"

ပြောပြီး သူမထိုင်သည်။ ထူထဲသော သူမဆံပင်များပခုံးပေါ်တွင်ဝဲနေ၏။ မာတ်ခွဲခန်းမီးရောင်ဖြင့်သူမဆံပင်တစ်ချောင်း၊ နှစ်ချောင်းဖြူနေကြောင်း စတီသတိထားလိုက်မိသည်။ နားခေါင်းတွင်လည်းငွေကွင်းအစား ရွှေကွင်းကလေးတပ်ထားသည်ကိုတွေ့လိုက်ရသည်။ မိတ်ကပ်တွေလိမ်းထားပြီးလိုင်နာကြောင့် မျက်လုံးများမှာ ညို့အားပါနေ၏။

သူမကယခုလိုအချိန်ကုန်ခံ၍ သိပ္ပံစမ်းသပ်မှုကို လာရောက်ခံယူကြသည့်အတွက်အားလုံးကိုကျေးဇူးတင်ကြောင်းပြောပြီး ကျွေးမွေးသည့်အစားအသောက်များကောင်းပါရဲ့လားဟုမေးသည်။ ခဏတဖြုတ်ပဋိသန္ဓာရစကားများပြောပြီးနောက် သူမကအမျိုးသားနှစ်ယောက်နှင့်ကလေးမလေးနှစ်ယောက်အား နေ့လယ်ပိုင်းစမ်းသပ်ရန်လွှတ်လိုက်သည်။

သူမမှာ စတီနှင့်နီးကပ်စွာထိုင်နေသည်။ သူမမှာ အနည်းငယ်ရှင့်နေသည်ဟု စတီထင်၏။

"အခုအချိန်မှာ ရှင် ဘာတွေစဉ်းစားနေသလဲ"

"ကျွန်တော့်ကိုရွေးပြီးခေါ်တာဟာကျွန်တော်ကျောင်းမှာစာတော် တာကြောင့်လို့ ထင်တယ်"

"မဟုတ်ပါဘူး၊ ရှင်စာမေးပွဲတွေမှာအမှတ်အများကြီးရတယ်ဆိုတာမှန်ပါတယ်၊ ဒါပေမဲ့ရှင့်ရဲ့အရည်အချင်းဟာ ရှင်ကျောင်းမှာရတဲ့အမှတ်တွေထက်အများကြီးတော်တယ်၊ ရှင့်ရဲ့ဉာဏ်ရည်အဆင့်အတန်းဟာ တိုင်းလို့မရနိုင်အောင်ပဲ၊ ရှင်ဟာကျောင်းမှာစာကိုဟုတ်တိပတ်တိမကျက်ဘဲ အမှတ်ထိပ်ဆုံးကရခဲ့တာချည်းပဲမဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် ဒီကိုရောက်လာရတာဟာ အဲဒီအတွက်ကြောင့်မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ လူတွေရဲ့အရည်အချင်းနဲ့စိတ်ထားတွေဟာ ဗီဇကြောင့်ပါတာ ဘယ်လောက်များသလဲဆိုတာလေ့လာနေတာပါ၊ လူတွေဉာဏ်ကောင်းတာတို့၊

www.burmeseclassic.com

www.burmeseclassic.com



ချစ်တတ်တာတို့၊ အားကစားမှာတော်တာတို့၊ စိတ်လောကြီးတာတို့ဟာ ဒီအင်န်အေနဲ့ပဲဆိုင်သလား။ ဒါမှမဟုတ်ပြုစုပျိုးထောင်မှုနဲ့ပဲပတ်သက်သလား၊ အဲဒီနှစ်ချက်စလုံးကြောင့်ဖြစ်တယ်ဆိုရင် အဲဒီနှစ်ခုဟာတစ်ခုပေါ်တစ်ခု ဘယ်လိုအကျိုးသက်ရောက်သလဲဆိုတာတွေကိုလေ့လာတာပါ"

"ဒါက ဟိုးရှေးရှေးကတည်းက အငြင်းပွားလာတဲ့ကိစ္စပဲ၊ ကျွန်တော့်ကိုဒီလိုဖြစ်အောင်မွေးလာလို့ဒီလိုဖြစ်နေရတာလား၊ ဒါမှမဟုတ်ကျွန်တော့်ကို ကြီးပြင်းအောင်ပြုစုစောင့်ရှောက်တဲ့အပေါ်မှာမူတည်ပြီးကျွန်တော်ဒီလိုဖြစ်နေရတာလား၊တစ်နည်းအားဖြင့် သဘာဝလား၊ ပယောဂလားဆိုတာမဟုတ်လား"

ကောလိပ်တွင်သူဒဿနိကယူခဲ့သည်။ထိုခေါင်းစဉ်ဖြင့် စကားရည်လုပွဲတစ်ခုဝင်ခဲ့ဖူးသည်။

သူမခေါင်းညိတ်လိုက်သည်တွင်သူမ၏ထူထဲသောဆံပင်ကြီးများ ပင်လယ်လှိုင်းလုံးကြီးများပမာ လှုပ်ခတ်သွား၏။ထိုဆံပင်များကို ကိုင်ကြည့်ချင်စိတ်ပေါက်မိသည်။

"ဒီပြဿနာကို ကျွန်မတို့က သိပ္ပံနည်းကျ ဖြေရှင်းချင်တယ်၊ ရုပ်ချင်းတူတဲ့အမြွှာတွေမှာ ဗီဇကအတူတူပဲ၊ တစ်ထပ်တည်းပဲ၊ ရုပ်ချင်းမတူတဲ့အမြွှာတွေမှာတော့တစ်နေရာတည်းမှာ အတူတူရှိခဲ့ကြရပေမယ့် ဗီဇကမတူကြဘူး၊ အဲဒီနှစ်မျိုးစလုံးကိုကျွန်မတို့ လေ့လာတယ်၊ ပြီးတော့ သူတို့ကိုတစ်နေရာစီမှာကြီးပြင်းကြတဲ့တဲ့ အမြွှာတွေနဲ့ နှိုင်းယှဉ်ကြည့်တယ်၊ တူညီတဲ့အချက်ဘယ်လောက်ပါသလဲဆိုတာပေါ့"

ထိုကိစ္စ မိမိနှင့်မည်သို့ပတ်သက်နေသည်ကို တွေးကြည့်နေမိသည်။ နောက်ပြီးဂျင်နီ အသက်ဘယ်လောက်ရှိပြီကိုလည်းမှန်းကြည့်နေမိသည်။ ယမန်နေ့က သူမဆံပင်ဦးထုပ်ထဲထည့်ဆောင်းပြီး တင်းနစ်ကွင်းဘေးတွင်ရှိနေစဉ်က သူမမိမိအသက်လောက်သာရှိမည်ဟုထင်ခဲ့သည်။ ယခုမူ သူမမှာအသက် (၃၀)နီးပါးရှိမည်ဟုခန့်မှန်းမိသည်။ သို့သော်သူမအပေါ်စိတ်၏ခံစားချက်ကပြောင်းလဲမသွား။မိမိထက်အသက်ကြီးသည့်မိန်းမတစ်ယောက်အပေါ် ယခင်ကတစ်ခါမျှမညှတ်မိခဲ့။ သူမကဆက်၍....

"ဒီနေရာမှာ ပတ်ဝန်းကျင်နဲ့ပဲသက်ဆိုင်တယ်ဆိုရင် အမြွှာနှစ်ယောက်ဟာတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ တစ်နေရာတည်းမှာ ကြီးပြင်းကြရတဲ့ အမြွှာတွေဟာတစ်ယောက်နဲ့တစ်ယောက်အစစအရာရာတူနေလိမ့်မယ်၊ တစ်နေရာစီမှာကြီးပြင်းကြရတဲ့သူတွေကျတော့ တစ်ယောက်နဲ့တစ်ယောက် အစစအရာရာကွဲနေကြလိမ့်မယ်၊ ဒါပေမဲ့ ကျွန်မတို့တွေ့ရတာကအဲဒါနဲ့ဆန့်ကျင်ဘက်ဖြစ်နေတယ်၊ ရုပ်ချင်းတူတဲ့ အမြွှာတွေဟာသူတို့တစ်နေရာစီမှာကြီးပြင်းရပေမယ့်အစစအရာရာတူနေတာတွေ့ကြရလိမ့်မယ်၊ တစ်နေရာစီမှာကြီးပြင်းကြရတဲ့ရုပ်တူအမြွှာတွေဟာ တစ်နေရာတည်းမှာ



ကြီးပြင်းရတဲ့ရုပ်ကွဲအမြွှာတွေထက် တစ်ဦးနဲ့တစ်ဦးတူနေတာကိုတွေ့ရတယ်"

"ဘင်နီနဲ့အာနိုးတို့လိုဆိုပါတော့"

"ဟုတ်ပါတယ်၊ သူတို့နှစ်ယောက်ဟာ တစ်နေရာစီမှာ ကြီးပြင်းကြရပေမယ့်တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်တူတယ်ဆိုတာရှင်တွေ့မှာပေါ့၊ ဒီဌာနဟာတစ်နေရာစီမှာ ကြီးပြင်းကြရတဲ့ ရုပ်တူအမြွှာပေါင်းတစ်ရာကျော်ကိုလေ့လာခဲ့တယ်၊ လူပေါင်းနှစ်ရာပေါ့၊အဲဒီအထဲကနှစ်ယောက်ဆိုရင် ကဗျာဆရာတွေ၊သူတို့ကတစ်တွဲ၊နောက်နှစ်ယောက်ကျတော့ အိမ်မွေးတိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး လုပ်စားတဲ့သူတွေ၊ဟစ်ယောက်ကခွေးတွေကိုလေ့ကျင့်ပေးတဲ့သူ၊ တစ်ယောက်ကတော့ခွေးတွေကိုမွေးတဲ့သူ၊သူတို့ကလည်းတစ်တွဲပဲ၊ ဂီတသမားအမြွှာနှစ်ယောက်လည်းရှိသေးတယ်၊တစ်ယောက်ကတော့ စန္ဒရားဆရာ၊ နောက်တစ်ယောက်ကတော့ ဂစ်တာသင်တန်းဆရာ၊ဒါတွေဟာထင်ရှားတဲ့ဥပမာတွေပေါ့၊ရှင်မြင်တဲ့အတိုင်း ဒီမနက်ကျွန်မတို့သိပ္ပံတိုင်းတာမှုတွေနဲ့ ဉာဏ်ရည်တွေ၊ ခန္ဓာကိုယ်အတိုင်းအတာတွေကို တိုင်းခဲ့ကြတယ်၊ အဲဒီမှာတစ်ပုံစံတည်းဖြစ်နေကြတယ်၊ ရုပ်တူအမြွှာတွေဟာ တစ်နေရာစီရောက်နေကြရပေမယ့်အစစအရာရာအင်မတန်တူကြတာ"

"ဒူးနဲ့အဲလိဇဘက်ကျတော့ တော်တော်လေးကွဲကြတယ်နော်"

"မှန်တယ်၊ သူတို့နှစ်ယောက်ကတော့မွေးလာကလည်းတစ်ဦးတည်းသောဖိဘကမွေးတာ၊ ကျောင်းနေတော့လည်းတစ်ကျောင်းတည်းမှာတက်တယ်၊ စားတော့လည်းတစ်မျိုးတည်းပဲ၊ နေ့လယ်စာစားတုန်းကဒူးတစ်ယောက်က တစ်ချိန်လုံးငိုင်နေပြီး အဲလိဇဘက်ကတော့သူ့အကြောင်းတွေပြောပြတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ မိုနိုဇိုင်ဂေါလစ်ဆိုတဲ့ စကားလုံးရဲ့အဓိပ္ပာယ်ကို တောင်ရှင်းပြနေသေးတယ်"

ဂျင်နီကရယ်သည်။ ဖြူဖွေးသောသွားကလေးများနှင့် ပန်းရောင်လျှာကလေးကိုပင်မြင်လိုက်ရသည်။ သူပြော၍သူမရယ်သည့်အတွက်စတိ စိတ်ချမ်းသာသည်။ သူကဆက်၍....

"ဒါပေမဲ့ ကျွန်တော်ကိုဘာကြောင့်ရွေးခေါ်တယ်ဆိုတာတော့ ခင်ဗျားကိုမပြောသေးဘူးနော်"

သူမ မနေတတ်၊ မထိုင်တတ်သလိုဖြစ်သွားပြီး...

"ပြောရမှာတော့နည်းနည်းခက်တယ်၊ ဒါမျိုးအရင်ကတစ်ခါမှမရှိဖူးသေးဘူး"

ရုတ်တရက် သူ သဘောပေါက်လိုက်သည်။ ဤအချက်ကို စောစောက

www.burmeseclassic.com

www.burmeseclassic.com



မတွေးမိခဲ့။

"ကျွန်တော်မသိသေးတဲ့ ကျွန်တော့်ရဲ့အမြွာတစ်ယောက်ရှိနေတယ်လို့ ခင်ဗျားတို့ယူဆသလား"

"ကျွန်မရှင့်ကိုဘယ်လိုပြောရမလဲတောင်မသိဘူး၊ ရှင်ပြောတာဟုတ်တယ်လို့ပဲဆိုပါတော့"

"ဟောဗျာ"

စတီ မည်သို့နားလည်ရမည်ပင်မသိဖြစ်နေရသည်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်"

"တောင်းပန်စရာမလိုဘူးထင်ပါတယ်"

"တောင်းပန်ဖို့လိုတာပေါ့၊ များသောအားဖြင့် ကျွန်မတို့ဆီကိုလာတဲ့သူတွေဟာသူတို့မှာအမြွာတွေရှိတယ်ဆိုတာသိထားပြီးသားပါ၊ ဒါပေမဲ့ကျွန်မက အဲဒီလိုလူတွေကို ရှာဖွေစုဆောင်းတဲ့နေရာမှာတခြား နည်းလေးတစ်မျိုးသုံးတယ်၊ အဲဒီမှာ ရှင်က ပထမဆုံးပေါ့၊ တကယ်တော့ ရှင့်မှာအမြွာရှိမှန်းရှင်မသိဘူးဆိုတာကျွန်မ သိနေပါတယ်၊ ဒါပေမဲ့ ကျွန်မအနေနဲ့အံ့သြသွားမယ့်သတင်းမျိုးမပေးချင်သေးလို့ပါ"

"ကျွန်တော်ကလည်း ကျွန်တော့်မှာ ညီအစ်ကိုတစ်ယောက်ရှိနေစေချင်တယ်၊ အဲဒီအမြွာကယောကျ်ားလေးလား"

စတီမှာတစ်ဦးတည်းသောသားဖြစ်၍မိဘများအသက်၃၀ကျော်အရွယ်လောက်ကသူ့ကိုမွေးခဲ့ကြခြင်းဖြစ်သည်။

သူမက...

"ဟုတ်ပါတယ်၊ နောက်ပြီးရှင်တို့နှစ်ယောက်ကရုပ်တူအမြွာတွေလေ"

"ရုပ်တူအမြွာညီအစ်ကိုပေါ့၊ ဒါပေမဲ့ဘာကြောင့် ကျွန်တော်ကမသိရတာလဲ"

သူမရှက်သွားဟန်တူသည်။ စတီကဆက်၍...

"နေပါဦး၊ ဒီလိုဆိုတော့ ကျွန်တော်ကအမွေးစားခံလိုက်ရတာများလား"

သူမခေါင်းညိတ်သည်။ ဖေဖေနှင့်မေမေမှာမိမိ၏မိဘများမဟုတ်ဆိုသောအဖြစ်က ပို၍ပင်အံ့သြစရာကောင်းနေသည်။ သူကပင်...

"ဒါမှမဟုတ်လည်းကျွန်တော့်ရဲ့အမြွာညီအစ်ကိုကိုတခြားတစ်ယောက်ယောက်ကများမွေးစားသွားတာလား"

"ဖြစ်နိုင်တာပဲ"

"ဒါမှမဟုတ်လည်း ဘင်နီနဲ့အာနိုးလိုနှစ်ယောက်စလုံးအမွေးစားခံလိုက်ရတာလား"



"နှစ်ယောက်စလုံးပဲထင်တယ်"

သူမက စတီအားနက်ဝန်းသောမျက်လုံးကြီးများဖြင့်ငေးကြည့်နေ၏။ ရင်ထဲ၌ ဘလောင်ဆူနေသည့်ကြားက သူမ၏ချစ်စရာကောင်းပုံကိုမတွေးဘဲအနေနိုင်ခဲ့။ သူမ မိမိအား ထိုသို့တစ်သက်လုံးစိုက်ကြည့်သွားစေချင်သည်။ သူမက...

"ကျွန်မအတွေ့အကြုံအရကိုယ်အမြွာပူးမှန်းမသိတဲ့လူတွေ ကိုယ်ဟာအမွေးစားခံထားရတယ်ဆိုတာသိပါတယ်၊ ဒါပေမဲ့တချို့ကျတော့တစ်မျိုးဖြစ်နေပြန်တယ်"

"ကျွန်တော့်ကို မွေးစားတယ်ဆိုရင် ကျွန်တော့်အဖေနဲ့ အမေကကျွန်တော့်ကိုလျှို့ဝှက်ထားစရာအကြောင်းမရှိဘူး၊ သူတို့အဲဒါမျိုးလုပ်လေ့မရှိဘူး"

"ရှင့်မိဘတွေအကြောင်းပြောပြစမ်းပါဦး"

သူက ပြန်စဉ်းစားလိုက်သည်။

"ကျွန်တော့်အမေက ထူးခြားပါတယ်၊ခင်ဗျားသူ့နာမည်ကိုကြားဖူးမှာပါ၊ လိုရိန်းလိုဂန်လေ"

"သတင်းစာဆောင်းပါးရှင်မဟုတ်လား"

"ဟုတ်ပါတယ်၊ သတင်းစာအစောင်ပေါင်းလေးရာလောက်မှာရေးနေတာပေါ့၊ အမျိုးသမီးတွေရဲ့ကျန်းမာရေးနဲ့ပတ်သက်လို့ သူရေးတဲ့စာအုပ်(၆)အုပ်ဟာ အရောင်းရအသွက်ဆုံးစာရင်းဝင်ခဲ့တယ်၊ အမေဟာ ချမ်းသာတယ်၊ ကျော်ကြားတယ်၊ သူ့ရဲ့ကြိုးစားမှုကြောင့် ဒီလိုဖြစ်လာရတာပါ"

"ရှင်ကဘာလို့ဒီလိုပြောတာလဲ"

"အမေကသူ့ဆီစာရေးတဲ့သူတွေအပေါ် သိပ်ပြီးအလေးထားတယ်၊ ရေးလာသမျှစာတွေကိုလည်း ပြန်စာရေးပေးတယ်၊ သူတို့က အမေ့ကိုကယ်တင်ရှင်လို့သဘောထားကြတယ်၊ သူတို့မလိုချင်တဲ့ကိုယ်ဝန်တွေကိုလည်းမရအောင် လုပ်ပေးတယ်၊ သူတို့သားသမီးတွေမူးယစ်ဆေးဝါးမစွဲအောင်လည်းအကြံပြုတယ်၊ အင်မတန်ဆိုးတဲ့လင်ယောကျ်ားတွေကိုလည်းလူကောင်းဖြစ်လာအောင်လုပ်ဖို့အကြံပြုတယ်၊ သူတို့လိုအပ်တဲ့သတင်းအချက်အလက်တွေကိုလည်းပေးပြီးတော့ဘာလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်ဖို့ပြောပြတယ်၊တစ်ဖက်သားရဲ့ခံစားချက်ကိုနားလည်ပြီး အနိုင်ကျင့်မခံရအောင် အကြံပေးတယ်၊ ဒါဟာ အင်မတန်ကောင်းတဲ့အတွေးအခေါ်ပဲ"

"ရှင့်အဖေကျတော့ရော"

"အဖေကတော့ သာမန်ပါပဲ၊ သူကစစ်ထဲမှာလေ၊ ပင်တဂွန်စစ်ဌာနချုပ်မှာအလုပ်လုပ်တယ်၊ သူကဗိုလ်မှူးကြီးပါ၊ သူကလူထုဆက်ဆံရေးဌာနကလေ၊ ဗိုလ်ချုပ်ကြီးတွေအတွက်မိန့်ခွန်းရေးပေးရတာတို့ဘာတို့ပေါ့"

"စည်းကမ်းသမားဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



စတီက ရယ်လျက်...

"သူက တာဝန်တွေကိုသိပ်လေးစားတာ၊ ဒါပေမဲ့ကြမ်းကြမ်းတမ်းတမ်းတော့ မရှိဘူး၊ ကျွန်တော့်ကိုမွေးခင်တုန်းက သူ အာရှမှာဆောင်ရွက်ခဲ့တာလေးတွေရှိတယ်၊ ဒါပေမဲ့ ဒီကိုပြန်ရောက်တော့ သူဒါမျိုးတွေမလုပ်ဘူး"

"ရှင့်ကိုရော စည်းကမ်းတွေဘာတွေနဲ့ကြပ်မတ်ရတာမျိုးရှိသလား"

"ကျွန်တော်ကအတန်းထဲမှာ နည်းနည်းဆိုးတယ်၊ပြဿနာလည်းအမြဲဖြစ်တယ်"

"ဘယ်လိုဖြစ်တာလဲ"

"စည်းကမ်းဖောက်တာတို့၊ စကြံပေါ်မှာလျှောက်ပြေးတာတို့၊ အနီရောင်ခြေအိတ်တွေဝတ်တာတို့၊အတန်းထဲမှာ ပီကေစားတာတို့၊ကျွန်တော်အသက် ၁၃နှစ်သားလောက်မှာကျောင်းစာကြည့်တိုက်ထဲ ဇီဝဗေဒစာအုပ်စင်ကြားထဲမှာ ကောင်မလေးတစ်ယောက်ကိုဖက်နမ်းခဲ့ဖူးတယ်"

"ဘာဖြစ်လို့အဲဒီလိုလုပ်တာလဲ"

"သူကတအားလှတာကိုး"

သူမကရယ်ပြန်သည်။

"တခြားစည်းကမ်းတွေကို ဘာဖြစ်လို့ဖောက်ရတာလဲလို့ ကျွန်မ မေးတာပါ"

သူက ခေါင်းကိုရမ်းလျက်...

"စည်းကမ်းတွေကိုကျွန်တော်လိုက်နာလို့မရဘူး၊ ကျွန်တော်လုပ်ချင်တာလုပ်တာပဲ၊ စည်းကမ်းတွေဟာသိပ်စိတ်ညစ်ဖို့ကောင်းတယ်၊ ကျွန်တော်သိပ်ငြီးငွေ့တာပဲ၊ နို့မို့ဆိုရင်ကျွန်တော့်ကိုကျောင်းထဲကဆွဲထုတ်တာကြာပြီ၊ ကျွန်တော်ကအမြဲတမ်းအမှတ်ကောင်းတယ်၊ဘောလုံးအသင်းတို့၊ဘတ်စ်ကတ်ဘောအသင်းတို့၊ ဘေ့စ်ဘောအသင်းတို့၊ ပြေးခုန်ပစ်တို့မှာလည်း အမြဲတမ်းအသင်းခေါင်းဆောင်၊ ဘယ်လိုလဲတော့ မသိဘူး၊ ကျွန်တော်ဟာလူတော့လူထူးပဲ"

"လူတိုင်း တစ်ယောက်တစ်မျိုးတော့ထူးကြတာချည်းပါပဲ"

"ဟုတ်မှာပါ၊ ခင်ဗျား ဘာဖြစ်လို့နှာခေါင်းမှာကွင်းတပ်ထားရတာလဲ"

သူမက ထူထဲနက်မှောင်သောမျက်ခုံးများကိုပင့်လျက်...

"ကျွန်မလည်း အသက် ၁၄နှစ်လောက်ကခပ်တေတေနေလာခဲ့တာ၊ ဆံပင်ကိုအစိမ်းရောင်ဆိုးတာတို့၊ ခြေအိတ်ကိုဆုတ်ဖြဲပြီးဝတ်တာတို့မျိုးပေါ့၊ နှာခေါင်းကွင်းကလည်း အဲဒီတုန်းကတည်းကတပ်ခဲ့တာ"

"မတပ်ချင်လည်း မတပ်ဘဲနေလို့ရသားပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အားလုံးကိုလေးစားလိုက်နာနေရတာကလည်း



ပျင်းစရာကြီးမို့၊ ဒါကိုတော့ တမင်ထားထားတာ"

စတီ ပြုံးလိုက်သည်။ ဩော်..မိမိထက်အသက်ကြီးသော်လည်း မိမိသူ့ကို သဘောကျနေမိပါကလား။ ပြီးတော့မှ မိမိတို့ပြောနေသည့် အကြောင်းအရာများကို ပြန်သတိရကာ....

• "ကျွန်တော့်မှာအမြွှာညီအစ်ကိုရှိတယ်လို့ ခင်ဗျားဘယ်လိုလုပ်ပြောနိုင်တာလဲ"

"ဆေးမှတ်တမ်းတွေ၊ တခြားမှတ်တမ်းတွေမှာ အမြွှာတွေကိုရှာတဲ့ကွန်ပျူတာ ပရိုဂရမ်တစ်မျိုး ကျွန်မတီထွင်ထားတယ်၊ ရုပ်တူအမြွှာတွေဟာ ဦးနှောက်လှိုင်းတွေတူကြတယ်၊ နှလုံးခုန်နှုန်းတွေတူကြတယ်၊ လက်ဗွေတွေတူကြတယ်၊ သွားတွေတူကြတယ်၊ သွားတွေကိုရိုက်ထားတဲ့ဓာတ်မှန် မှတ်တမ်းတွေ၊ ကွန်ပျူတာကတစ်ဆင့် ထုတ်ကြည့်တော့ ရှင်နဲ့သွားအတိုင်းအတာတစ်ထပ်တည်းတူတဲ့ တခြားတစ်ယောက်ကို ကျွန်မတွေ့တယ်"

"ဒါနဲ့ အမြွှာရယ်လို့ဘယ်လိုပြောလို့ရမလဲ"

"ဒါလောက်နဲ့တော့မရသေးဘူးပေါ့၊ သူ့သွားတွေမှာပေါက်နေတဲ့နေရာတွေဟာရှင့်ရဲ့သွားပေါက်တဲ့နေရာတွေနဲ့တစ်ထပ်တည်းပဲ"

"ပြီးတော့ အဲဒီလူကဘယ်လိုလူလဲ"

"အဲဒီလူနာမည်က ဒင်းနစ်ပင်ကာတဲ့"

"သူက အခုဘယ်မှာလဲ"

"ဗာဂျီးနီးယားပြည်နယ်၊ ရစ်ချ်မွန်မြို့မှာ"

"သူ့ကိုခင်ဗျားတွေ့ပြီးပြီလား"

"ကျွန်မ မနက်ဖြန်ရက်ချ်မွန်မြို့ကိုသွားပြီး သူ့ကိုတွေ့မလို့၊ သူ့ကိုလည်း ကျွန်မအမျိုးမျိုးစမ်းသပ်ကြည့်မယ်၊ သွေးနမူနာလည်းယူခဲ့မယ်၊ ဒါမှရှင့်ရဲ့ဒီအင်န်အေနဲ့ယှဉ်ကြည့်လို့ရမှာ၊ အဲဒါဆိုရင်တော့ ကျွန်မတို့အသေအချာပြောနိုင်ပြီ"

စတီက မျက်မှောင်ကြုတ်လျက်..

"ဗီဇဆိုင်ရာနယ်ပယ်မှာ ခင်ဗျား ဘယ်အပိုင်းကိုစိတ်ဝင်စားတာလဲ"

"ကျွန်မစိတ်ဝင်စားတာကဆိုးသွမ်းတဲ့သဘာဝနဲ့ အဲဒီအကျင့်မှာမျိုးရိုးလိုက်တတ်သလားဆိုတာပဲ"

"ကျွန်တော် သဘောပေါက်ပါပြီ၊ သူကဘာလုပ်လို့လဲ"

"ရှင်.."

"ဒင်းနစ်ပင်ကာက ဘာလုပ်လို့လဲလို့ မေးတာပါ"

"ရှင်ပြောတာ ကျွန်မသဘောမပေါက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုဒီကိုလာဖို့မခေါ်ဘဲ ခင်ဗျားသူ့ကိုသွားတွေ့မယ်ဆိုကတည်းက သူထောင်ကျနေတယ်ဆိုတာတွက်လို့ရတယ်"

သူမမှာ အလိမ်ပေါ်သွားသူတစ်ယောက်ပမာ မျက်နှာကလေးအနည်းငယ်ရဲသွားသည်။ ရဲသွားသောပါးကလေးများကြောင့် သူမပို၍ချစ်စရာကောင်းသည်ဟုထင်လိုက်မိ၏။ သူမက..

"ရှင်ပြောတာဟုတ်ပါတယ်"

"သူက ဘာကြောင့်ထောင်ကျနေတာလဲ"

သူမ အနည်းငယ်တွေဝေပြီးမှ..

"လူသတ်မှုပါ"

"ဘုရား..ဘုရား..ငါ့မှာအမြွာညီအစ်ကိုတစ်ယောက်ရှိရုံမကဘူး၊သူက လူသတ်သမားတဲ့၊ ဘုရား..ဘုရား.."

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မလုပ်ပုံကိုင်ပုံမှားသွားတယ်၊ ကျွန်မ လေ့လာနေတဲ့ ဒီလိုကိစ္စမျိုးမှာ ရှင့်ကိုပထမဆုံးစမ်းသပ်တာပါ"

"ကျွန်တော်ဒီကိုလာရတာကလည်း ကျွန်တော့်အကြောင်းနဲ့ပတ်သက်ပြီး တစ်ခုခုသိရမလားလို့ပါ၊ ဒါပေမဲ့ကျွန်တော်သိချင်တာထက်ပိုပြီးသိနေရတယ်"

မိမိ တခြားကောင်လေးတစ်ယောက်အားသတ်မိတော့မလိုဖြစ်သွားသည့်အကြောင်းဂျင်နီမသိသေး။ ဂျင်နီက..

"ရှင်ဟာ ကျွန်မအတွက်သိပ်အရေးကြီးပါတယ်"

"ဘယ်လိုကြောင့်တုန်း"

"ဆိုးသွမ်းတဲ့အကျင့်ဟာ မျိုးရိုးလိုက်တတ်သလားလို့သိချင်လို့ပါ၊ ကျွန်မ စာတမ်းတစ်စောင်ရေးဖူးတယ်၊ အဲဒီထဲမှာလူတွေရဲ့အမူအကျင့်စရိုက်တွေဟာ မျိုးရိုးလိုက်တတ်တယ်၊ ဆန္ဒလွန်ကဲတာတို့၊ ရဲတင်းတာတို့၊ လုပ်ချင်တာကိုအတင်းလုပ်တာတို့၊ အရမ်းကာရောလုပ်တတ်တာတို့ဆိုတာမျိုးတွေပေါ့၊ ဒါပေမဲ့ရာဇဝတ်ကောင်ဖြစ်သွားတဲ့သူတွေဟာသူတို့မိဘ တွေရဲ့ဆုံးမသွန်သင်မှုအပေါ်တည်၊ မတည်ဆိုတာလည်းစဉ်းစားစရာပဲ၊ကျွန်မရဲ့အယူအဆကိုသက်သေပြနိုင်ဖို့တစ်ယောက် ကရာဇဝတ်ကောင်ဖြစ်၊ နောက်တစ်ယောက်ဥပဒေကိုလေးစား လိုက်နာတဲ့လူဖြစ်နေတဲ့အမြွာတွေကိုလိုက်ရှာနေတာပါ၊ ရှင်နဲ့ဒင်းနစ်ဟာ အဲဒီအတွက်ပထမဆုံးအမြွာပဲ၊ ရှင်ကလူကောင်းသူကောင်းတစ်ယောက်၊ သူကတော့ထောင်ကျနေတယ်၊ ရှင်ကတော့အမေရိကန်လူငယ်တိုင်းဖြစ်ချင်နေတဲ့လူငယ်မျိုးဖြစ်နေတယ်၊ အမှန်အတိုင်းပြောရရင် အခုလိုလေ့လာခွင့်ရတဲ့အတွက်စိတ်လှုပ်ရှားလွန်းလို့ ကျွန်မငြိမ်ငြိမ်တောင်မထိုင်နိုင်ဘူး"

အမျိုးသမီးတစ်ယောက် ငြိမ်ငြိမ်မထိုင်နိုင်ဟုကြားလိုက်ရသဖြင့် စတီလည်း



ဂနာမငြိမ်ဖြစ်ရသည်။ ထို့ကြောင့်မလုံမလဲဖြင့် မျက်နှာကိုတစ်ဖက်သို့လွှဲထားလိုက်ရ၏။ သို့ရာတွင် သူမပြောသည့်စကားများက မိမိအတွက်စိတ်အနှောက်အယှက်ဖြစ်စရာ။မိမိမှာ လူသတ်သမားတစ်ယောက်နှင့် ဒီအင်န်အေချင်းတူနေသည်တဲ့ဆိုသည်။ ကိုစဉ် စတီ၏ကျောဘက်မှ တံခါးပွင့်လာသဖြင့် ဂျင်နီမော့ကြည့်ကာ...

"သြော်..ဘာရင်တန်ပါလား၊ဒါထက် မိတ်ဆက်ပေးရဦးမယ်၊ဒါက ပါမောက္ခဘာရင်တန်ဂျုန်းပါ၊ ဂျုံးဖောတက္ကသိုလ်ရဲ့အမြွာများလေ့လာရေးဌာနက ဌာနမှူးပေါ့"

ပါမောက္ခမှာ အရပ်ပုပု၊ အသက်ဖိဝနီးပါးခန့်ရှိပြီး ဆံပင်အနည်းငယ်ဖြူကာ လူချောတစ်ယောက်ဖြစ်သည်။ အစက်အပြောက်ကလေးများပါသည့် မီးခိုးရောင်ဟန်ဖိုးကြီးဝတ်စုံကိုဝတ်ဆင်ထား၏။ အနီရောင်လည်စည်းတွင်ထဲတွင်လည်း အဖြူရောင် အပြောက်ကလေးများပါသည်။ အတော်ပင်သပ်သပ်ရပ်ရပ်ရှိ၏။ သူ့ကိုစတီရုပ်မြင်သံကြားထဲတွင် မြင်ဖူးသည်။ အမေရိကန်နိုင်ငံအကျပ်အတည်းဖြစ်တော့မည်ဟူသော အကြောင်းကို ဟောပြောသွားစဉ်ကဖြစ်သည်။ သူ၏အယူအဆကို စတီသိပ်မကြိုက်။ သို့ရာတွင် ယဉ်ကျေးသောမိဘများက ပေါက်ဖွားလာသူပီပီ မတ်တပ်ရပ်ကာ လက်ဆွဲနှုတ်ဆက်ရန်လက်ကိုကမ်းပေးလိုက်သည်။ ဘာရင်တန်ဂျုန်းမှာ တစ္ဆေသရဲကိုမြင်ရသည့်ပမာ ကြောက်လန့်တကြားဖြင့်...

"ဘုရား...ဘုရား..."

သူ့မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ ဂျင်နီက...

"ဘာရင်တန် ဘာဖြစ်လို့လဲ"

စတီကလည်း...

"ကျွန်တော်ဘာလုပ်မိလို့လဲ"

ပါမောက္ခကြီးမှာ ခေတ္တမျှနှုတ်ဆိတ်နေသည်။ သို့နောက်မှ ကျွန်ဆယ်ကာ...

"တောင်းပန်ပါတယ်၊ ဘာမှမဟုတ်ပါဘူး၊ ခေါင်းထဲမှာစဉ်းစားစရာတစ်ခုပေါ်လာလို့၊ မေ့ပြီးမှားသွားတာတစ်ခုရှိလို့ခွင့်ပြုပါဦး"

သူကကတုန်ကယင်ဖြစ်နေသည်။ တောင်းပန်ပြီးတော့တံခါး ပေါက်မှတစ်ဆင့်ထွက်သွားတော့သည်။စတီကဂျင်နီအားကြည့်လိုက်၏။ ဂျင်နီကဘာမှမတတ်နိုင်မှုမသာသဘောဖြင့် လက်ဝါးနှစ်ဖက်ကိုဖြန့်ကာပခုံးတွန့်ပြရင်း...

"ဘာမှန်းလဲမသိဘူး"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဘာရင်တန်မှာ မိမိစားပွဲတွင်ထိုင်ကာ မောဟိုက်နေသည်။

သူ့ရုံးခန်းမှာထောင့်ကျကျအခန်းတစ်ခန်းဖြစ်၏။ ပလတ်စတစ်လျှာထိုးကွက်ခင်းသောကြမ်းပြင်၊ အဖြူရောင်နံရံများ၊ ဗိုင်ဘီရို၊ စာအုပ်စင်များရှိသည်။ သူ၏ကွန်ပျူတာပေါ်၌ ကြောင်လိမ်လေ့ကားသဏ္ဍာန် ဒီအင်န်အေ၏ပုံသဏ္ဍာန်ကိုဖော်ပြနေသည်။ ပြတင်းပေါက်မှကြည့်လိုက်လျှင်အားကစားရုံကိုအပေါ်စီးမှမြင်ရသည်။ အားကစားရုံမှာမနေ့ကမီးလောင်ထားသဖြင့်ပိတ်ထားရသည်။ လမ်းတစ်ဖက်တွင် လူငယ်နှစ်ယောက်ပူပြင်းသည့်ကြားက တင်းနစ်ကွင်း၌တင်းနစ်ရိုက်နေကြသည်။ ဘာရင်တန်က မျက်လုံးကို ပွတ်သပ်လိုက်ပြီး...

"သေလိုက်စမ်းပါကွာ"

သူက ညည်းညူနေ၏။ သူမကို မိမိကိုယ်တိုင်အလုပ်ခေါ်ခန့်ထားခြင်းဖြစ်သည်။ ဆိုးသွမ်းမှုဟူသောသူမ၏စာတမ်းမှာ ဆိုးသွမ်းမှုစရိုက်ကိုအသားပေးရေးထားသဖြင့်အတော်ပင်ထူးခြားသည်။ ထိုကိစ္စမှာ ဂျနတီကိုကုမ္ပဏီ၏အရေးပါသောစီမံကိန်းတစ်ခုဖြစ်၏။ မိမိကသူမ၏သုတေသနလုပ်ငန်းကိုမိမိဌာနတွင် လာရောက်လုပ်ကိုင်စေလိုသည်။ ထို့ကြောင့် ဂျုံးဖောတက္ကသိုလ်ကို သူမအားအလုပ်ခန့်ထားရန် ပြောပေးပြီး ဂျနတီကိုကုမ္ပဏီ၏ထောက်ပံ့ငွေဖြင့် သူမ၏သုတေသနလုပ်ငန်းကို ဆက်လုပ်စေခဲ့သည်။

မိမိအကူအညီကြောင့်ပင် သူမကြီးကြီးကျယ်ကျယ်လုပ်လာနိုင်ခဲ့ခြင်းဖြစ်



သည်။ ဆင်းရဲသောအသိုင်းအဝိုင်းမှပေါက်ဖွားလာသူဖြစ်၍လည်း သူမ၏အောင်မြင်မှုမှာလေးစားလောက်ပေသည်။ ဂျုံးဖောတက္ကသိုလ်သို့ သူမရောက်လာ၍ လေးပတ်ကြာတော့ မိမိ၏ဆုံးဖြတ်ချက်မှန်ကြောင်းတွေ့ရသည်။ သူမမှာအလုပ်ကြိုးစား၍ သူမ၏ စီမံချက်ကိုလည်း လျင်မြန်စွာဆောင်ရွက်နိုင်ခဲ့သည်။

သူမမှာခပ်တင်းတင်းနေတတ်သော်လည်း အများကသူမအားခင်ကြသည်။ ဘာရင်တန်ကိုယ်တိုင်ကမူ သူမအပေါ်လုံးဝခိုက်နေသည်။ သူမမှာဉာဏ်ကောင်းသလောက် ရုပ်ရည်ကလည်းမက်မောစရာ။ မိမိအဖို့ သူမအားဖခင်တစ်ယောက်လိုအားပေးလမ်းညွှန်ချင်စိတ်ကတစ်ဖက်၊ သူမအားငြိတွယ်ချင်သည့်စိတ်ကတစ်ဖက် လွန်ဆွဲနေသည်။

ယခုတော့ စိတ်တည်ငြိမ်လာသောအခါ ဖုန်းကိုကောက်ကိုင်၍ ပရက်စတန်ထံဆက်လိုက်သည်။ ပရက်စတန်မှာမိမိ၏ငယ်ပေါင်းတစ်ယောက်ဖြစ်၏။မိမိတို့နှစ်ယောက် ၁၉၆၀ပြည့်လွန်နှစ်များဆီကတွေ့ခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က သူသည်စိတ်ပညာဆိုင်ရာပါရဂူဘွဲ့အတွက်ကြိုးစားနေစဉ် မိမိကလည်း ကမ္ဘာ့ဇီဝပညာရှင်တစ်ယောက်ဖြစ်သည်။ သူတို့နှစ်ယောက်စလုံး၏နေပုံထိုင်ပုံမှာထိုစဉ်က ခေတ်လူငယ်များကြားတွင်တစ်မျိုးတစ်ဘာသာဖြစ်နေသည်။ သူတို့ကခေတ်သစ် တေးဂီတသည်ပူစတွကိုလှည့်စားသည့်သဘော၊ ဆေးခြောက်ဟူသည်မှာ ဘိန်းဖြူ၏ပထမလှေကားဖြစ်စသည်ဖြင့်ယူဆလာကြသည်။

ယခုအချိန်လောက်ဆိုလျှင်ဂျနတီကို ကုမ္ပဏီရုံးချုပ်၌ပရက်စတန်ရှိနိုင်သည်။ ပရက်စတန်၏ အတွင်းရေးမှူးမလေးက ပရက်စတန်အစည်းအဝေးတက်နေသည်ဟုဆိုသည်။ ထို့ကြောင့် ဘာရင်တန်ကမိမိအားပြန်ဆက်သွယ်ရန်မှာခဲ့သည်။

"မင်္ဂလာပါ ဘာရင်တန်၊ ဘာကိစ္စလဲ"

"ဟဲ့ဒီအနားမှာဘယ်သူရှိသလဲ"

"...မိခင်ကုမ္ပဏီက အကြီးတန်းစာရင်းကိုင်လီဟိုးရှိတယ်၊ ဂျနတီကိုကုမ္ပဏီရဲ့စာရင်းတွေ အပြီးသတ်နေတာ"

"အဲဒီလူကို တခြားရှောင်နိုင်းလိုက်စမ်းပါ"

ပရက်စတန်က ဖုန်းကို ပါးစပ်နှင့်ခွာပြီး...

"မစ္စတာလီရေ... အလုပ်က နည်းနည်းကြာဦးမှာ၊ နောက်ပြီးကျမှ ခင်ဗျားကို လာခေါ်မယ်"

ခဏနေပြီးတော့ ပရက်စတန်က တယ်လီဖုန်းထဲသို့...

"ခုန ကျုပ်နှင်ထုတ်လိုက်ရတဲ့သူက မက်ချမက်ဒီဂန်ရဲ့ ညာလက်ရုံးပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



မက်ဒီဂန်းဆိုတာက လင်းစ်မင်းကုမ္ပဏီရဲ့ အရာရှိချုပ်လေ၊ ခင်ဗျား မေ့နေသလားလို့၊ ကုမ္ပဏီနှစ်ခုပေါင်းဖို့ကိစ္စ ခင်ဗျားမနေ့ညကလိုပဲ စိတ်ထက်သန်နေတုန်းပဲလား"

ဘာရင်တန် စိတ်မရှည်နိုင်တော့သဖြင့် သူ့စကားကိုဖြတ်ကာ...

"စတီဗင်လိုဂန် ဒီကိုရောက်လာတယ်"

ခေတ္တမျှ စကားမပြောနိုင်အောင်ဖြစ်သွားပြီး ပရက်စတန်က...

"ဂျူးဖောတက္ကသိုလ်ကိုလား"

"ဟောဒီစိတ်ပညာဌာနကိုဗျ"

"ဘုရား...ဘုရား... ဘယ်လိုဖြစ်လို့လဲ"

"သူ့ကို ဓာတ်ခွဲခန်းမှာ စစ်ဆေးစမ်းသပ်ဖို့ရောက်လာတာလေ"

"ဘာလို့ဒီလိုဖြစ်တာလဲ"

"မသိဘူးဗျာ၊ လွန်ခဲ့တဲ့ ၅ မိနစ်လောက်ကပဲကျုပ် သူနဲ့သွားတိုးတယ်၊ ကျုပ်ဘယ်လောက်အံ့သြသွားမလဲဆိုတာခင်ဗျားသာစဉ်းစားကြည့်ပေတော့"

"ခင်ဗျား သူ့ကိုမှတ်မိလို့လား"

"မှတ်မိတာပေါ့"

"သူ့ကိုဘာဖြစ်လို့စမ်းသပ်ရတာလဲ"

"ကျုပ်တို့စမ်းသပ်နေတဲ့ အမြွှာတွေထဲမှာသူပါလာတယ်လေ"

"အမြွှာတွေ... ဟုတ်လား၊ အမြွှာတွေ၊ သူ့ရဲ့တခြားအမြွှာကဘယ် သူလဲ"

ပရက်စတန်က အော်ဟစ်ပြောဆိုနေသည်။ ဘာရင်တန်က...

"အဲဒါတော့ မသိသေးဘူး၊ ဒီလိုကိစ္စမျိုးဟာ အနေးနဲ့အမြန်ဖြစ်လာဦးမှာ သေချာတယ်"

"ဒါဆိုလည်း ကျုပ်တို့ လင်းစ်မင်းကုမ္ပဏီနဲ့ မပေါင်းဘဲနေလိုက်ရုံပေါ့"

"ဘယ်ဖြစ်မလဲဗျ၊ ခင်ဗျားတို့ ဒါကိုအကြောင်းပြပြီးကုမ္ပဏီပေါင်းမယ့်ကိစ္စကို ဖျက်လိုဖျက်ဆီးလုပ်တာတော့ ကျုပ်လက်မခံဘူးပရက်စတန်၊ ဒီကိစ္စကိုမပျက်အောင် လုပ်ဖို့ကျုပ်တို့နည်းလမ်းရှာရမှာပဲ"

သူ ဖုန်းမဆက်မီလျှင်အကောင်းသားဟုတွေးမိသည်။ သို့ရာတွင် သူ့ကို **အသိမပေး၍လည်းမဖြစ်**။ ပရက်စတန်မှာနည်းလမ်းကောင်းတွေကို ကြံတတ်သူလည်း **ဖြစ်သည်**။

**"စတီလိုဂန်ကို တက္ကသိုလ်ထဲ ဘယ်သူခေါ်လာတာလဲ"**

**"တွဲဖက်ပါမောက္ခအသစ်** ဂျင်နီဖာရာမီဆိုတဲ့ပုဂ္ဂိုလ်ပါ"

**"ဆိုးသွမ်းမှုဆိုတဲ့စာတမ်းကို** ရေးတဲ့ကောင်လား"



"ဟုတ်တယ်၊ ဒါပေမဲ့သူကမိန်းမပါ၊ပြောရရင်**တော့အတော်လှတဲ့မိန်းကလေး** တစ်ယောက်ပါ"

"သူ့ဖာသာလှလှ၊ မလှလှအရေးမကြီးပါဘူး"

"ဒီစီမံကိန်းအတွက်လေ့လာဖို့စတီကိုသူခေါ်လိုက်ပုံရတယ်၊ ကျုပ်**စတီကို** တွေ့တော့အဲဒီအမျိုးသမီးနဲ့အတူတွေ့ခဲ့တာ၊ ဟုတ်,မဟုတ်ကျုပ်မေးကြည့်လိုက်ဦးမယ်"

"ဒါက အဓိကအချက်ပဲ၊ သူဘယ်လိုရောက်လာတာလဲဆိုတာစုံစမ်းပါ၊ နောက်ကျုပ်တို့ဘယ်လောက်ထိအန္တရာယ်ရှိနိုင်တယ်ဆိုတာ စဉ်းစားကြရမယ်"

ပရက်စတန်အနည်းငယ်စိတ်အေးသွားသည်။ ယခုအချိန်တွင် ထိုပြဿနာ ထက် ထိုပြဿနာကိုမည်သို့ဖြေရှင်းရမည်ကိုသာအာရုံစိုက်နေမိသည်။ဘာရင်တန်က...

"ကျုပ် အခုပဲ အဲဒီအမျိုးသမီးကိုခေါ်တွေ့လိုက်မယ်"

"ကျုပ်ဆီကိုလည်း ဖုန်းပြန်ဆက်ဦးနော်"

"စိတ်ချပါ"

ဘာရင်တန် ဖုန်းကိုချလိုက်သည်။ ဂျင်နီထံသို့ ချက်ချင်းဖုန်းမဆက်သေး။ ခေတ္တထိုင်၍ စဉ်းစားနေသည်။

သူ၏စားပွဲပေါ်တွင်သူ့ဖခင် ဒုဗိုလ်ကလေးဘဝကရေတပ်ယူနီဖောင်းဖြင့် ရိုက်ထားသည့်ဓာတ်ပုံထောင်ထားသည်။ဖခင်တို့၏စစ်သင်္ဘောကြီးနစ်မြုပ်သွားသည့် အချိန်တွင် သူ့အသက်ဖြစ်နှစ်သာရှိသေးသည်။သူလည်းအမေရိကန်နိုင်ငံရှိ အခြားကလေးများ ကဲ့သို့ပင်ဂျပန်တွေကိုမုန်းတီးခဲ့သည်။ သူ့ဖခင်မှာလည်း သူ့အတွက် သူရဲကောင်းကြီးတစ်ယောက်ဖြစ်ခဲ့၏။ အရပ်မြင့်၍ချောမောပြီး တောင့်တင်းသန်မာကာ သတ္တိလည်းရှိသည်။ဖခင်မှာ ဂျပန်တို့လက်ချက်နှင့်သေရသည်ဟုသိရသောအခါ သူ အတော်ပင် ဒေါသထွက်ခဲ့ရ၏။ သူအသက်ကြီး၍ ရေတပ်ထဲဝင်ကာ ဂျပန်တွေ သန်းပေါင်းများစွာကိုသတ်နိုင်သည့်အချိန်အထိ စစ်ကြီးမှာမပြီးပါစေနှင့်ဟု ဘုရားသခင်ထံဆုတောင်းခဲ့ဖူးသည်။

သူမည်သူ့ကိုမှမသတ်ဖူးခဲ့။ သို့သော် မည်သည့်ဂျပန်လူမျိုးကိုမျှ အလုပ်သမားအဖြစ်မငှားခဲ့။ သူ့ကျောင်းတွင်လည်းဂျပန်ကျောင်းသားများကိုလက်မခံခဲ့။ မည်သည့်ဂျပန်စိတ်ပညာရှင်ကိုမျှလည်းအလုပ်မခန့်ခဲ့။

ယခုဂျင်နီအားစမ်းသပ်စစ်ဆေးခံမည့်လူများရရန်မည်သို့ရှာဖွေစုဆောင်းသည်ကိုမေးမည်။ ပြီးတော့မိမိနှင့်ညစာလိုက်စားရန်ခေါ်မည်။

သူဂျင်နီထံဖုန်းဆက်လိုက်သည်။ သူမကချက်ချင်းဖုန်းကိုင်သည်။ ဘာရင်ဟန် အသံကိုနှိမ့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ဂျင်နီလား... ဘာရင်တန်ပါ"

သူမမှာ ဘာမဆိုတဲ့တိုးပြောတတ်သည်။ သူမက...

"ဘာဖြစ်လို့လဲဆရာ"

"မင်းနဲ့စကားနည်းနည်းပြောချင်လို့"

"ရပါတယ်"

"မင်း ဆရာ့အခန်းကိုလာခဲ့ပါလား"

"အခုလာခဲ့မယ်ဆရာ"

သူမကိုစောင့်နေရင်း မိမိနှင့်ဖြစ်ပျက်ခဲ့သည့်မိန်းမများအကြောင်းကို တွေးနေမိသည်။ ကြာပြီဖြစ်၍ကောင်းကောင်းလည်းမမှတ်မိချင်တော့။ ထိုမိန်းမများမှာ တစ်ယောက်တည်းမကာ၁၀ယောက်လည်းမကခဲ့။ ရာများကျော်မည်လားမသိ။ အသက် ၁၉နှစ်အရွယ်ကတည်းကတစ်နှစ်လျှင်ခုနစ်ယောက်ခွဲနှုန်းရှိခဲ့သည်။ တစ်ထောင်ခန့်များရှိမည်လားမသိ။တစ်နှစ်လျှင် ၂၅ရာခိုင်နှုန်း၊နှစ်ပတ်လျှင်တစ်ယောက်နှုန်း၊နှစ်ပေါင်း ၄၀တိုင်ခဲ့ပြီ။သို့သော် ဂျင်နီကိုတော့ မိမိကြိုးစားမည်မဟုတ်။ စတီလိုဂန်အား သူမမည်သို့ခေါ်သည်ကိုသာမေးမည်။

ဂျင်နီ တံခါးခေါက်ပြီး ဝင်လာသည်။ သူမမှာ ဘာလောက်စ်နှင့် စကပ်ပေါ်မှ အဖြူရောင်ဓာတ်ခွဲခန်းဝတ်စုံကိုဝတ်လာ၏။ ဘာရင်တန်က..

"အခုလိုလာတာကျေးဇူးတင်ပါတယ်ကွာ"

ပြောပြီးသူမအတွက်ထိုင်ခုံတစ်လုံးဆွဲပေးသည်။ သူကိုယ်တိုင်လည်း စားပွဲရှေ့သို့ထွက်ကာ ခုံတစ်လုံးဆွဲ၍ထိုင်သည်။ ထို့ကြောင့်လည်း သူမနှင့်မိမိကြား စားပွဲခြားနေမှုမရှိတော့။ သူက ထိုင်ပြီး ပြုံးပြလျက်...

"ဆရာ့အပြုအမူတွေကိုးရိုးကားယားဖြစ်သွားတဲ့အတွက် တောင်းပန်ချင်လို့ပါ၊ ဩစတြေးလျနိုင်ငံဆစ်ဒနီတက္ကသိုလ်ကဖိုင်တွေကို ဒီကွန်ပျူတာနဲ့လှမ်းဖွင့်ကြည့်နေတာလေ၊ အဲဒါဟိုလူငယ်နဲ့မင်းမိတ်ဆက်ပေးတော့ ဒီမှာကွန်ပျူတာ့လည်း မပိတ်ခဲ့ရသေးဘူး၊တယ်လီဖုန်းကိုလည်း ပြန်မတင်ခဲ့မိဘူးဆိုတာသတိရလို့၊အဲဒါကိုယ့်ကိုယ်ကိုယ်မကျေနပ်ဖြစ်ပြီးရိုင်းသလိုဖြစ်သွားတယ်"

ဖြေရှင်းချက်ကတော့ သိပ်မကောင်းလှ။ သို့သော်သူမလက်ခံသွားပုံရသည်။ သူမကလည်း...

"တော်ပါသေးရဲ့၊ ကျွန်မဆရာစိတ်ဆိုးအောင်များ တစ်ခုခုလုပ်မိသွားသလားလို့"

ယခုအချိန်ထိအခြေအနေက မဆိုးသေး။ သူကဆက်၍...

"မင်းအလုပ်တွေနဲ့ပတ်သက်ပြီး ဆရာလည်းလာမေးတာပဲ၊မင်းလည်း လုပ်



ကကိုင်တာအတော်လေးသွက်သားပဲ၊ မင်းအလုပ်ဝင်တာလေးပတ်ပဲရှိသေးတယ်၊ မင်းရဲ့ပရောဂျက်ကိုစနိုင်ပြီနော်၊ လေးစားပါတယ်"

"ကျွန်မ တရားဝင်မစခင်ဟပ်နဲ့ဖရန့်တို့နဲ့နွေရာသီကတည်းကအတော်ကြာကြာဆွေးနွေးထားပြီးသားပါ၊ လက်တွေ့လုပ်ရမယ့်ကိစ္စတွေကိုကျွန်မတို့ ကြိုတင်အစီအစဉ်ချပြီးသား"

ဟပ်မှာ ဌာနမှူးဖြစ်၍ ဖရန့်မှာ အချိန်ပြည့်ပါမောက္ခဖြစ်သည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းလေးထပ်ပြောပါဦး၊ ဘာအခက်အခဲများရှိသလဲ၊ ဆရာ့အနေနဲ့ကူညီနိုင်တာရှိမလားဆိုတာသိချင်လို့ပါ"

"လူတွေကိုလိုက်ရှာစုဆောင်းရတာတော့အခက်ဆုံးပဲ၊ အစမ်းသပ်ခံမယ့်လူတွေကလည်း စေတနာ့ဝန်ထမ်းလာလုပ်ပေးကြတာဆိုတော့ စတီလိုဂန်လိုလေးစားလောက်တဲ့ အမေရိကန်လူလတ်တန်းစားတွေလောက်သာ သိပ္ပံစမ်းသပ်စစ်ဆေးမှုတွေကိုကူညီခြင်းဟာ နိုင်ငံကြီးသားပီသတယ်လို့ခံယူတတ်ကြတာ၊ တခြားကလေကချေတွေကတော့ ခေါ်လို့ကိုမရဘူး"

သူမက ဆက်၍...

"နောက်တစ်ခုကဥပဒေကိုလေးစားလိုက်နာတဲ့အမေရိကန် လူလတ်တန်းစားမိသားစုတွေထဲမှာ အကျင့်ဆိုး၊ စရိုက်ဆိုးတွေကိုဘယ်လှေလာလို့ရမှာလဲ၊ ဒါကြောင့် ကျွန်မရဲ့ပရောဂျက်မှာ လူရွေးရတဲ့ပြဿနာကိုပဲ ဖြေရှင်းနေရတယ်"

"ဖြေရှင်းလို့ကောရသလား"

"ရတယ်လို့တော့ထင်တာပဲ၊ လူသန်းပေါင်းများစွာရဲ့ဆေးမှတ်တမ်းတွေကို အာမခံကုမ္ပဏီကြီးတွေနဲ့ အစိုးရဌာနတွေရဲ့ကွန်ပျူတာတွေထဲမှာသိမ်းထားတာရှိတယ်၊ အဲဒီအထဲမှာကျွန်မတို့လိုချင်တဲ့ရုပ်တူအမြွှာ၊ ရုပ်မတူအမြွှာဆိုတဲ့အချက်အလက်တွေရှိတယ်၊ ဦးနှောက်လှိုင်းအတိုင်းအတာတွေ၊ နှလုံးခုန်နှုန်းအတိုင်းအတာ စတာတွေလည်းပါတယ်၊ ဥပမာဆိုပါတော့ နှလုံးခုန်နှုန်းအတိုင်းအတာချင်းတူတာနှစ်ခုကိုသိပြီဆိုရင်အမြွှာတွေကိုတွေ့တာပေါ့၊ အဲဒီကွန်ပျူတာတွေဟာပိုကြီးမယ်ဆိုရင် ဒီနှစ်ယောက်တစ်နေရာစီမှာ ကြီးပြင်းလာကြသလားဆိုတာလည်း သိရမယ်၊ တချို့ဆိုရင်သူတို့မှာအမြွှာညီအစ်ကိုရှိတယ်ဆိုတာတောင် မသိတာမျိုးတွေတွေ့ရနိုင်တယ်"

"အတော့်ကိုထူးတယ်နော်၊ရိုရိုးကလေးနဲ့အတော်ကလေးပညာရပ်ဆန်တယ်"

တစ်ကွဲတစ်ပြားစီကြီးပြင်းကြသောရုပ်တူအမြွှာများသည် ဒီဇဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



သုတေသနအတွက်အလွန်ပင်အရေးပါလှသည်။ သူတို့အားရှာဖွေလေ့လာရန် သိပ္ပံပညာရှင်တို့ကအတော်ပင်ကြိုးစားခဲ့ကြသည်။ယခုအထိသူတို့အား ရှာဖွေသည့်နည်းမှာအများသိအောင်ကြေညာ၍ခေါ်သည့်နည်းသာရှိသည်။

မဂ္ဂဇင်းတွေထဲတွင်အမြွာများကို လေ့လာနေသည့်အကြောင်းဖတ်ရသည့်အခါ စေတနာဖြင့်ကူညီရန်သူတို့ကမ်းလှမ်းလာကြသည်။ ဂျင်နီပြောသလိုပင် ထိုနည်းဖြင့်လုပ်ရာ၌ လူလတ်တန်းစား လူကောင်းသူကောင်းများကသာ ပေါ်လာသည်ဖြစ်ရာဆိုးသွမ်းစရိုက်တွေကိုလေ့လာဖို့အတော်ပင်ခက်ခဲသည်။

သို့သော် မိမိအတွက်ကတော့ ကပ်ဆိုက်သလိုရှိနေသည်။ သူက ဂျင်နီနှင့်မျက်လုံးချင်းဆိုင်၍ကြည့်ရင်းမိမိစိတ်ညစ်နေသည့်အရိပ်အရောင်တွေကိုဖုန်းကွယ်နေရသည်။ ပြဿနာမှာ မိမိစိုးရိမ်နေသည်ထက်ပင် ပိုဆိုးနေသေးသည်။ ညကပင်ပရက်စတန်က…

"ဒီကုမ္ပဏီမှာ လျှို့ဝှက်ချက်တွေရှိနေတယ်ဆိုတာ အားလုံးအသိပဲ"

ဟု ပြောခဲ့သေးသည်မဟုတ်လား။ ဂျင်ပရစ်ကတော့ ဤလျှို့ဝှက်ချက်ကိုမည်သူမျှ ဖော်ထုတ်နိုင်လိမ့်မည်မဟုတ်ဟုဆိုခဲ့သည်။ ဂျင်နီကို သူထည့်တွက်ခဲ့ပုံမရ။ ဘာရင်တန်က…

"ကွန်ပျူတာအချက်အလက်တွေထဲမှာတူနေတဲ့အတိုင်းအတာတွေကို ရှာဖို့ဆိုတာသိပ်မလွယ်လှဘူး"

"မှန်ပါတယ်၊ဒီလိုအချက်အလက်တွေကိုမှတ်တမ်းထဲမှာရှာရတာခက်ပါတယ်"

"ဒါတွေဟာ ကွန်ပျူတာဆော့ဖ်ဝဲအတိုင်းအတာအပေါ်မှာမူတည်တဲ့ပြဿနာပဲ၊ ဒီတော့မင်းဘာလုပ်သလဲ"

"ကျွန်မဘာသာ ကိုယ်ပိုင်ဆော့ဖ်ဝဲတစ်ခုရေးလိုက်တာပေါ့"

ဘာရင်တန် အံ့သြသွားပြီး…

"မင်းရေးလိုက်တယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆရာသိတဲ့အတိုင်းပရင်ဆေတန်တက္ကသိုလ်တုန်းက ကျွန်မကွန်ပျူတာသိပ္ပံယူခဲ့တာပဲ၊ မင်နီဆိုးတားတက္ကသိုလ်မှာတုန်းကလည်း ကျွန်မရဲ့ပါမောက္ခနဲ့ ကျွန်မဟာ ပုံစံတူတွေရှာလို့ရတဲ့ ကွန်ယက်ပုံစံဆော့ဖ်ဝဲတစ်ခုရေးခဲ့တယ်"

သူမ ဤမျှအထိ တော်နိုင်ပါ့မည်လား။ ဘာရင်တန်က…

"အဲဒီတော့ ဆော့ဖ်ဝဲရဲ့အခြေအနေ ဘယ်လိုနေသလဲ"

"အဲဒါက ပုံစံတွေကို နှိုင်းယှဉ်ရွေးချယ်တဲ့နေရာမှာ မြန်အောင်လို့သုံးတာလေ၊ ကျွန်မတို့ရှာနေတဲ့ပုံစံအစုံလိုက်တွေဟာတစ်ခုနဲ့တစ်ခုဆင်တူတာလောက်ပဲ၊ တစ်ထပ်



တည်းဟုတ်စရာမှမလိုဘဲ၊ ဥပမာဆိုပါတော့ သွားကိုဓာတ်မှန်ရိုက်တဲ့အခါရိုက်တဲ့ဓာတ်မှန်ပညာရှင်ကလည်း တစ်ယောက်စီ၊ ဓာတ်မှန်စက်ကလည်း တစ်ခုစီဆိုရင်တစ်ထပ်တည်းမတူနိုင်ဘူး၊ ဒါပေမဲ့ မျက်စိနဲ့ကြည့်ရင်တော့ ဒီနှစ်ခုဟာအတူတူပဲဆိုတာသိကယ်၊ အဲဒီဓာတ်မှန်တွေကိုကူးယူပြီးကွန်ပျူတာထဲထည့်ထားမယ်ဆိုရင် ဒီဆော့ဖ်ဝဲမှာအဲဒီတူတဲ့နှစ်ခုကိုရှာပေးနိုင်တယ်"

"ဒီလိုဆိုရင်မင်းမှာမြို့တော်ခန်းမလောက်ကြီးတဲ့ကွန်ပျူတာကြီးတစ်ခုလိုမှာပေါ့"

"အခုဟာက တစ်ခုစီယှဉ်ကြည့်တဲ့အခါ မြန်အောင်ပုံရိပ်ထဲမှာတစ်စိတ်တစ်ပိုင်းကိုကြည့်ရုံနဲ့မှတ်မိနိုင်တဲ့သဘောပဲဆိုပါတော့၊ ကိုယ့်မိတ်ဆွေတစ်ယောက်ကိုမှတ်မိဖို့ တစ်ကိုယ်လုံးကိုလိုက်ကြည့်နေစရာမလိုဘူး၊ မျက်နှာကိုကြည့်လိုက်ရုံနဲ့မှတ်မိနိုင်တယ်၊ ကားနဲ့ပတ်သက်ပြီးစိတ်ဝင်စားတဲ့လူတွေဆိုရင်လည်း ကားရှေ့မီးလုံးကိုကြည့်လိုက်ရုံနဲ့ ဘာကားအမျိုးအစားလဲဆိုတာပြောနိုင်တယ်၊ ကျွန်မညီမဆိုရင်မက်ဒေါနားသီချင်းတွေထဲမှာ ဘယ်သီချင်းပဲဖြစ်ဖြစ် ၁၀စက္ကန့်လောက်နားထောင်လိုက်ရုံနဲ့ဘာသီချင်းဆိုတာပြောနိုင်တယ်"

"ဒါဆိုရင် မှားနိုင်တာလည်းရှိတာပေါ့"

ဂျင်နီက ပခုံးတွန့်၍…

"ပုံရိပ်တစ်ခုလုံးကိုအကုန်မကြည့်တဲ့အတွက် တူညီတဲ့အချက်တွေကို မျက်စိလျှမ်းသွားတာလည်းရှိမယ်၊ ကျွန်မအနေနဲ့ဒီရှာဖွေတဲ့အလုပ်ကို အမှားအယွင်းနည်းနည်းလေးနဲ့ ပြီးသွားနိုင်တယ်လို့ထင်ပါတယ်"

"ပရိုဂရမ်တစ်ခုထဲမှာ ဓာတ်မှန်ရော၊ အီးစီဂျီရော၊ လက်ဗွေတွေရော၊ တစ်ခါတည်းအကုန်ကူးယူထားလို့ဘယ်ရမလဲ"

"အီလက်ထရွန်းနစ်ပုံစံတွေမှာဘာကိုပဲကိုယ်စားပြုထားပါစေ ကျွန်မဆော့ဖ်ဝဲကမှတ်မိတယ်"

"ဒီတော့ မင်းရဲ့ပရိုဂရမ်က အောင်မြင်တယ်ဆိုပါတော့"

"အောင်မြင်တဲ့သဘောရှိတယ်၊ ဆေးဘက်ဆိုင်ရာအာမခံကုမ္ပဏီကြီးတစ်ခုရဲ့အချက်အလက်တွေစုဆောင်းထားတဲ့ကွန်ပျူတာကြီးတစ်ခုမှာ ဒီကိစ္စကိုစမ်းသပ်ကြည့်ဖို့ ခွင့်ပြုချက်ရထားပြီးပြီ၊ အဲဒီမှာ တူတဲ့အမြွာစုံတွဲရာပေါင်းများစွာရှိတယ်၊ ဒါပေမဲ့ကျွန်မကတစ်ကွဲတစ်ပြားစီကြီးပြင်းရတဲ့အမြွာတွေကိုပဲစိတ်ဝင်စားတာ"

"မင်းကအဲဒါကိုဘယ်လိုရွေးထုတ်မလဲ"

"မျိုးရိုးနာမည်တူတဲ့အမြွာတွေနဲ့ ယောကျ်ားနာမည်ကိုယူရတဲ့အိမ်ထောင်သည် မိန်းမတွေကို ကျွန်မဖယ်ထုတ်ပစ်တယ်၊ ကျန်တာတွေကတော့ တစ်နေရာစီမှာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပြင်းကြရလို့ မျိုးရိုးနာမည်မတူကြတာပေါ့"

တော်ပါပေတယ်ဟု ဘာရင်တန် တွေးနေမိသည်။ သူမအပေါ်လေးစားမှုနှင့် သူမရှာဖွေတွေ့ရှိသွားမည်ကို စိုးရိမ်စိတ်မှုတို့အကြား ဘာရင်တန်လွန်ဆွဲနေသည်။ သူက...

"အဲဒီတော့ ကျွန်တဲ့ ဘယ်လောက်ရှိသလဲ"

"သုံးတွဲရှိတယ်၊ စိတ်ပျက်စရာတော့အကောင်းသား၊ နောက်ထပ်ရလိမ့်ဦးမယ်လို့ကျွန်မမျှော်လင့်တယ်၊ တစ်ဦးမှာတော့အမြွှာတစ်ယောက်ဟာ ဘာသာရေးကြောင့်သူ့ရဲ့မျိုးရိုးနာမည်ကိုပြောင်းပစ်လိုက်တယ်၊ သူကမွတ်ဆလင်ဘာသာဝင်သွားပြီး အာရပ်နာမည်ကိုယူလိုက်သည်၊ တခြားအမြွှာတစ်စုံကတော့ ခြေရာခံလို့မရအောင်ပျောက်သွားတယ်၊ ကံကောင်းချင်တော့တတိယအမြွှာတစ်စုံဟာ ကျွန်မလိုချင်တဲ့အမြွှာမျိုးဖြစ်နေတယ်၊ စတီလိုဂန်ဟာ ဥပဒေကိုလေးစားလိုက်နာတဲ့ နိုင်ငံကြီးသားတစ်ယောက်ဖြစ်နေပြီ၊ ဒင်းနစ်ပင်ကာကတော့လူသတ်သမားဖြစ်နေတယ်လေ"

ထိုအကြောင်းကို ဘာရင်တန်သိသည်။ တစ်ညနေတွင် ဒင်းနစ်ပင်ကာသည် ရုပ်ရှင်ပြနေစဉ်မီးကြိုးကိုဖြတ်ပစ်လိုက်သည်။ ရုပ်ရှင်ကြည့်ပရိသတ်ရုတ်ရုတ်သဲသဲဖြစ်နေစဉ်သူက မိန်းမအတော်များများကို စော်ကားခဲ့သည်။ မိန်းကလေးတစ်ယောက်သူ့ကို တန်ပြန်သတ်ပုတ်သောအခါ ထိုမိန်းကလေးကို သူသတ်ပစ်လိုက်သည်။

သို့ဆိုလျှင် ဒင်းနစ်ကို ဂျင်နီတွေ့သွားလေပြီ။ ဘုရား.. ဘုရား.. ဒီမိန်းမအတော်အန္တရာယ်များပါလား။ သူမကြောင့်အကုန်ငါးပါးမှောက်ကုန်တော့မည်။ ကုမ္ပဏီနှစ်ခုပေါင်းမည့်ကိစ္စ၊ဂျင်ပရုစ်၏နိုင်ငံရေးအလုပ်များ၊ ဂျင်နတီကိုကုမ္ပဏီ တို့အပြင် ဘာရင်တန်၏ပညာရေးနယ်ပယ်၌ နာမည်ရနေသည်များပါပျက်စီးရတော့ မည်။ စိုးရိမ်စိတ်ကြောင့် ဒေါသဝင်လာ၏။မိမိလုပ်ဆောင်ခဲ့သည် အားလုံးမိမိလက် အောက်က တပည့်တစ်ယောက်ကြောင့် အပျက်စီးမခံနိုင်။ သို့တစေ ဘာဖြစ်လာမည် ကိုလည်း မခန့်မှန်းနိုင်။

ဂျုံးဖောတက္ကသိုလ်တွင် သူမရောက်လာသည်မှာကံကောင်းသည်။ သူမလုပ်မည့် သုတေသနကိုလည်းမိမိသိပြီးသား။သို့ဖြင့် ယခုတော့ထွက်ပေါက်မရှိဖြစ်နေသည်။ သူမ၏ဖိုင်တွေအားလုံးမီးရှို့ပစ်လိုက်ရလျှင်ကောင်းမည်လား။သူမကားမှောက်၍ သေအောင်ပြုလုပ်လိုက်လျှင်ကောင်းမည်လား။ ဤသည်များမှာ စိတ်ကူးယဉ်သက်သက်သာဖြစ်သည်။ သူမ၏ဆော့ဖ်ဝဲနှင့်ပတ်သက်၍ စိတ်ပျက်သွားအောင်လုပ်လျှင်တော့ဖြစ်နိုင်စရာရှိသည်။ ဘာရင်တန်က....

"စတီလိုဂန်အာရော သူအမွေးစားခံထားရတယ်ဆိုတာသိသလား"

"ဟင့်အင်း...မွေးစားတဲ့မိဘတွေဟာ ဒီအကြောင်းကိုဖုံးကွယ်ထားတတ်



ကြတယ်ဆိုတာသူသဘောပေါက်တယ်၊ ဒါပေမဲ့သူ့အမေကတော့သူ့ကို အမှန်အတိုင်းပြောမှာပါတဲ့၊ တစ်ခုတော့ရှိတယ်ပေါ့လေ၊ သာမန်မွေးစားတာမျိုးမဟုတ်ဘဲ ကလေးကိုဂယ်ယူတာမျိုးဆိုရင်တော့ဒါကိုလိမ်ပြောထားချင်ထားမယ်"

"အဲဒါမှမဟုတ်ရင်တော့ရှာဖွေတဲ့ကွန်ပျူတာပရိုဂရမ်ကမှားနေတာလည်းဖြစ်နိုင်တယ်၊ ကောင်လေးနှစ်ယောက်ဟာသွားတွေတူတာနဲ့ သူတို့ဟာအမြွှာတွေပါလို့ဘယ်ပြောနိုင်မလဲ"

"ကျွန်မလုပ်တဲ့စနစ်က မမှားနိုင်ပါဘူး၊ ဒါပေမဲ့လူတွေကိုသူတို့ အမွေးစားခံထားရတဲ့လူတွေပါလို့ လိုက်ပြောရမှာလည်းခက်နေတယ်၊ သူတို့ရဲ့အတွင်းရေးကို အခုလိုစွက်ဖက်ရတဲ့အတွက်လည်းစိတ်မလုံဘူး၊ အခုမှပဲပြဿနာရဲ့အတိုင်းအတာကိုကျွန်မသဘောပေါက်တော့တယ်"

ဘာရင်တန်က နာရီကိုကြည့်လျက်....

"ဆရာလည်းအချိန်သိပ်မရဘူး၊ဒါပေမဲ့ ဒီကိစ္စကိုနည်းနည်းထပ်ဆွေးနွေးချင်တယ်။ ဒီညမင်းညစာလိုက်စားနိုင်မလား"

"ဒီညလား"

"ဟုတ်တယ်"

သူမ အနည်းငယ်တွေဝေနေသည်ကိုတွေ့လိုက်ရသည်။ သူမတစ်ခါကလည်းညစာလိုက်စားဖူးခဲ့သည်။သူမနှင့်စတွေ့တုန်းကဖြစ်၏။သူမဂျုံးဖောတက္ကသိုလ်သို့ တစ်ခါရောက်လာစဉ်ကလည်း တက္ကသိုလ်ဝင်းအတွင်းရှိကလပ်တစ်ခုတွင် အရက်အတူသောက်ခဲ့ဖူးသည်။ စနေနေ့တစ်ညတွင် လမ်း၌အမှတ်မထင်ဆုံသဖြင့် ဘော်လ်တီမိုးမြို့၏အနုပညာပြတိုက်ကိုသူမအားလိုက်ပြခဲ့ဖူးသည်။ မိမိတို့နှစ်ယောက် ဖောက်ပြန်ခြင်းမရှိခဲ့ကြ။ သို့ရာတွင် သုံးကြိမ်စလုံးမိမိနှင့်နေထိုင်သွားလာရသည်ကို သူမကျေနပ်နေပုံရသည်။ နောက်ပြီး မိမိကသူ၏ဆရာ။ သူမအနေနှင့် ငြင်းဆန်ဖို့ခက်သည်။ သူမက...

"ရပါတယ်"

"တို့ ဟာမ္ဗတန်ဆိုင်ကိုသွားကြမယ်လေ၊ ဘော်လ်တီမိုးမြို့မှာတော့ အကောင်းဆုံးစားသောက်ဆိုင်ပေါ့"

"ကောင်းပါတယ်"

ပြောရင်း သူမ မတ်တပ်ရပ်သည်။ ဘာရင်တန်က...

"ဒါဆိုရင် မင်းကို ည ၈နာရီလာခေါ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ"

ထို့နောက် ဘာရင်တန်၊ ပရက်စတာန်ထံသို့ ဖုန်းဆက်လိုက်သည်။ သူက ဆိုင်းမဆင့်ဗုံမဆင့်ဖြင့်...

"ကျုပ်ထင်တာထက်တောင် ပိုဆိုနေသေးတယ်၊ မိန်းကလေးက ဆေးမှတ်တမ်းတွေထဲမှာရှိတဲ့ အမြွှာတွေရဲ့မှတ်တမ်းကိုရှာဖို့ ကိုယ်တိုင်ကွန်ပျူတာပရိုဂရမ်ဆွဲထားတယ်တဲ့၊ ပထမဆုံးစမ်းသပ်ကြည့်လိုက်တာမှာ စတိနဲ့ဒင်းနစ်တို့ကိုသူတွေ့သွားတာ"

"သေစမ်းပါကွာ"

"ဂျင်ပရှစ်ကို ပြောမှဖြစ်မယ်"

"ကျုပ်တို့သုံးယောက်ဆုံပြီးမှ ဘာလုပ်ရမယ်ဆိုတာဆုံးဖြတ်ထားကြတာပေါ့၊ ဒီညဆုံကြမလား"

"ကျုပ် ဂျင်နီကိုညစာလိုက်ကျွေးမလို့"

"အဲဒီလိုလုပ်တာနဲ့ပြဿနာပြေလည်သွားရောလား"

"ဒီလိုလုပ်ရုံနဲ့ ဘာမှဖြစ်နိုင်စရာအကြောင်းမရှိပါဘူး"

"ကျုပ်တို့ လင်းစ်မင်းကုမ္ပဏီနဲ့ ပူးပေါင်းဖို့ကိစ္စရက်ရွှေ့လိုက်ရင်ကောင်းမယ်ထင်တယ်"

"ဒါကိုတော့ ကျုပ်သဘောမတူနိုင်ဘူး၊ ဒီမိန်းကလေးဟာအတော်တော်ညဏ်ပြေးတယ်၊ ဒါပေမဲ့မိန်းကလေးတစ်ယောက်တည်းနဲ့ တစ်ပတ်အတွင်းမှာ ဒီကိစ္စကိုဖော်ထုတ်နိုင်မှာမဟုတ်ပါဘူး"

သို့တစေသူတယ်လီဖုန်းကိုချလိုက်ရင်းမိမိပြောသလိုဟုတ်မဟုတ် သံသယရှိနေမိသည်။

○ ○ ○

## အခန်း (၇)

ဇီဝဗေဒစာသင်ခန်းထဲတွင်လှုပ်လှုပ်ရွရွဖြစ်နေသည်။ မည်သူမျှ အာရုံစူးစိုက်၍မရ။ တလှုပ်လှုပ်လုပ်နေကြ၏။ ဘာကြောင့် ဤသို့ဖြစ်နေသည်ကို ဂျင်နီသိနေသည်။ သူမကိုယ်တိုင်လည်း ဂဏှာမငြိမ်ချင်။ မီးလောင်မှုနှင့် အစော်ကားခံရမှုတို့အတွက်ဖြစ်၏။ စာသင်၍ကောင်းကောင်းမရ။ ဖြစ်ပျက်ခဲ့သည်များကိုအာရုံရောက်နေကြခြင်းဖြစ်သည်။ ဂျင်နီက...

"လူသားတွေမှာ အသိဉာဏ်ဖြစ်ပေါ်မှုနဲ့ပတ်သက်ပြီးအကြောင်း သုံးမျိုးရှိတယ်၊ တစ်မျိုးကဗီဇ၊ ဒုတိယတစ်မျိုးကပတ်ဝန်းကျင်အခြေအနေ၊ တတိယတစ်မျိုးကအမှားအမှန်ပိုင်းခြားနိုင်မှု"

သူမစကားကိုဖြတ်လိုက်သည်။ အားလုံးမှတ်စုစာအုပ်ထဲတွင် လိုက်မှတ်နေကြ၏။ မိမိပြောလိုက်သည်မှာထိရောက်သွားပေသည်။ အချက်အလက်များကိုနံပါတ်တပ်ပြောလိုက်လျှင် ကျောင်းသားတွေလိုက်ရေးတတ်ကြ၏။ အကယ်၍သာ သူမက...

"ဗီဇကွဲပြားမှု၊ ပတ်ဝန်းကျင်ကွဲပြားမှု၊ အမှားအမှန်ပိုင်းခြားနိုင်မှု"

ဟု ပြောလိုက်လျှင်မည်သူမျှ လိုက်ရေးမည်မဟုတ်။ ဤအချက်ကိုသိသဖြင့် သူမပို့ချသည့်အခါ အချက်အလက်မှန်သမျှကို နံပါတ်တပ်၍ ပို့ချနေလေ့ရှိသည်။ မိမိစာသင်ကောင်းပုံကို ကိုယ့်ကိုကိုယ်ပင် အံ့သြမိ၏။

"ညီမျှခြင်းနဲ့ရေးမယ်ဆိုရင် ဒီလိုရေးလို့ရမယ်"

သူမကသင်ပုန်းပေါ်တွင်မြေဖြူဖြင့် ရေးချပြသည်။

www.burmeseclassic.com

www.burmeseclassic.com



Vt=Vg +Ve +Vm

" V1 ဆိုတာက တစ်ယောက်နဲ့တစ်ယောက်အလုံးစုံခြားနားမှု၊ Vg ဆိုတာက ဗီဇပါဝင်ဖွဲ့စည်းမှု၊ Ve ဆိုတာက ပတ်ဝန်းကျင်မတူမှု၊ Vm ဆိုတာက အမှားကြုံကြိုက်မှုအရေအတွက်၊ လူတွေတစ်ယောက်နဲ့တစ်ယောက်ခြားနားမှုတွေဟာ ဘာမဆိုဒီအပေါ်မှာပဲတည်တယ်၊ အရပ်မတူတာတို့၊ ကိုယ်အလေးချိန်မတူတာတို့၊ ဘာသာယဉ်ကျေးမှုမတူတာတို့တွေပေါ့။ ဒီညီမျှခြင်းမှာ ငြင်းစရာတွေ့ကြသလား"

အားလုံးက လိုက်ရေးနေပေသည်။ သူမအမေးကိုတစ်ယောက်မျှ မဖြေတော့မှ သူမက ဆက်၍ ...

"အဲဒီသုံးခုစုစုပေါင်းဟာ တစ်ခုချင်း၊တစ်ခုချင်းအတွက်ပိုပြီး ကြီးမားတယ်၊ အဲဒါဘာကြောင့်လဲ"

ကျောင်းသားတစ်ယောက်ကဖြေသည်။များသောအားဖြင့် ကျောင်းသားတွေကပြောလေ့ရှိ၏။ ကျောင်းသူတွေကတော့ရှက်တတ်ကြသည်။

" ဗီဇနဲ့ပတ်ဝန်းကျင်ဟာ အပြန်အလှန်အကျိုးပြုပြီး အကျိုးသက်ရောက်မှုတွေပိုများလာတာကြောင့်ပါ"

"မှန်တယ်၊ဗီဇဆိုတာ ပတ်ဝန်းကျင်အတွေ့အကြုံရအောင် လှုံ့ဆော်ပေးတယ်၊ ဉာဏ်ကောင်းတာခြင်းမတူတဲ့ နို့စို့ကလေးတွေမှာ မိဘတွေရဲ့ယုယမှုခံရတာခြင်းမတူနိုင်ဘူး၊ လမ်းလျှောက်တတ်တဲ့အရွယ်မှာ တက်တက်ကြွကြွရှိတဲ့ကလေးဟာ တစ်အိမ်တည်းနေအခြားကလေးတွေထက် ပတ်ဝန်းကျင်အတွေ့အကြုံကိုပိုရတတ်ကြတယ်၊ ရဲတင်းသွက်လက်တဲ့လူငယ်ကလေးတွေဟာ တစ်အိမ်တည်းနေတခြားခပ်ထိုင်းထိုင်းလူငယ်တွေထက်စာရင် မူးယစ်ဆေးဝါးစွဲဖို့ပိုများတယ်၊ ဒါကြောင့် ညီမျှခြင်းရဲ့လက်ကျာဘက်အခြမ်းကို ဗီဇနဲ့ပတ်ဝန်းကျင်ရောထွေးခြားနားမှုလို့ခေါ်နိုင်တယ်"

သူမက သင်ပုန်းပေါ်တွင်ချရေးပြပြီး လက်ပတ်နာရီကိုကြည့်လိုက်သည်။ ၄ နာရီထိုးရန် ၅မိနစ်သာလိုတော့သည်။ ပြီးတော့ သူမက...

"မေးစရာရှိကြသေးလား"

ဤတွင် မိန်းကလေးတစ်ယောက်ကထမေးသည်။ ထိုအမျိုးသမီးမှာ သူနာပြုတစ်ယောက်ဖြစ်၍ အသက် ၃၀ ကျော်မှကျောင်းပြန်တက်ခြင်းဖြစ်သည်။ သူမမှာ ရှက်လည်းရှက်တတ်၏။ သူမက...

"အော်စမွန်ကျတော့ရော"

အတန်းထဲမှ အသက်ငယ်ငယ်ကလေးများက ထရယ်ကြသည်။ ကျောင်းသူအမျိုးသမီးကဆက်၍...



"သူတို့မိသားစုဟာ ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ ခေတ်သစ်ဂီတဝိုင်းတွေထဲကလူတွေချည်းပဲ၊ အော်စမွန်တို့မိသားစုဟာဂီတသမားတွေပါ၊ ဒါပေမဲ့သူတို့ဟာ အမြွှာတွေမဟုတ်ကြလို့ ဗီဇတွေလည်းတူမှာမဟုတ်ဘူး၊ ပတ်ဝန်းကျင်ရဲ့ရိုက်ခတ်မှုကြောင့် ဂီတသမားတွေဖြစ်ကုန်ကြတာလို့ထင်ရတယ်"

အသက်အတော်ကလေးငယ်သည့်ကျောင်းသားများကရယ်နေကြပြန်သည်။ ဤတွင်ဂျင်နီက....

"သူပြောလိုက်တာက တော်တော်ကလေးအရေးကြီးတဲ့အချက်ပါ၊ ဒီကိစ္စကို ဘယ်သူမှမစဉ်းစားမိတာအံ့သြတယ်၊ နူးညံ့သိမ်မွေ့တဲ့မိဘတွေဟာ သူတို့သားသမီးတွေကိုအကျော်အမော်လူတော်လူကောင်းဖြစ်စေချင်ကြတယ်၊ ရက်စက်တတ်တဲ့မိဘတွေကျတော့ ကလေးတွေဟာ စိတ်ရောဂါတွေဖြစ်ကုန်ကြရော၊ဒါပေမဲ့ ဒီနှစ်ခုစလုံးဟာအစွန်းရောက်တဲ့သဘောပါ၊ အာဟာရချို့တဲ့တဲ့ကလေးတစ်ယောက်ဟာ မိဘ၊ ဘိုးဘွားတွေ အရပ်ဘယ်လောက်ရှည်ရှည်ဒီကလေးအရပ်ပုလာမှာပဲ၊ အစားလွန်တဲ့ကလေးတွေကျတော့ မိဘဘိုးဘွားတွေ ဘယ်လောက်ပိန်ပိန်အဲဒီကလေးဝနေတတ်တယ်၊ ဘာပဲဖြစ်ဖြစ်လေ့လာမှုတွေအရ ကလေးတစ်ယောက်ရဲ့စိတ်ဓာတ်အခြေအနေမှာတော့ပတ်ဝန်းကျင်ကထက်ဗီဇအရမျိုးရိုးလိုက်တာများတယ်၊ ကဲ..မေးစရာမရှိဘူးဆိုရင်တော့ ၁၉၉၀ပြည့်နှစ်၊အောက်တိုဘာလ ၁၂ရက်နေ့ထုတ် သိပ္ပံမဂ္ဂဇင်းထဲကဘူခတ်ရေးတဲ့ဆောင်းပါးကို နောက်တနင်္လာနေ့မတိုင်ခင် ဖတ်ထားကြပါ"

ဂျင်နီက စာရွက်များကို ကောက်ယူလိုက်သည်။ ကျောင်းသားများလည်း စာအုပ်များကိုသိမ်းနေကြ၏။ ဂျင်နီက အတန်းထဲတွင် မမေးရဲသည့်ကျောင်းသားများ တစ်ယောက်ချင်းမေးလိုမေးငြားခပ်ဆိုင်းဆိုင်းလုပ်နေသည်။ စောစောကမေးသည့် ကျောင်းသူကပင်အတန်းရှေ့သို့လျှောက်လာသည်။ သူမမှာ မျက်နှာဝိုင်းဝိုင်း၊ဆံပင်အရောင်ကဖျော့ဖျော့ကောက်ကောက်နှင့်ဖြစ်သည်။ကျောင်းသူက...

"လစ်ဆာနဲ့ပတ်သက်ပြီး ကျွန်မ စိတ်မကောင်းပါဘူး၊ ဘယ်လိုကြောင့်များ ဒီလိုဖြစ်ရပါလိမ့်"

"ရဲတွေလုပ်တာက ဒါထက်ဆိုးသေးတယ်၊ သူ့ကို ဆေးရုံလိုက်ပို့တဲ့ရဲဆိုရင် အတော်အသုံးမကျတဲ့ကောင်၊တကယ်ပြောတာ"

"အဖြစ်ဆိုးလှချည်လား၊ တရားခံကိုတော့ မိမှာပါ၊ ကျောင်းဝင်းတစ်ခုလုံးကို တရားခံရဲ့ပုံတူတွေလိုက်ဝေထားတယ်"

"သိပ်ကောင်းတယ်"

ရဲစုံထောက်မမစ်ရှ် ကွန်ပျူတာဖြင့်ထုတ်လိုက်သည့် တရားခံပုံတူအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဤကျောင်းသူပြောနေခြင်းဖြစ်မည်။ ဂျင်နီကဆက်၍…

"ဒီမနက်ကျွန်မသူ့ဆီကထွက်လာတော့ လစ်ဆာဟာရဲစုံထောက်တစ်ယောက်နဲ့တရားခံရဲ့ပုံတူဆွဲဖို့လုပ်နေတယ်"

"သူရော အခြေအနေဘယ်လိုနေသေးလဲ"

"စိတ်ဆင်းရဲတုန်းပဲပေါ့၊ ဒါပေမဲ့ လန်းလန်းဆန်းဆန်းတော့ရှိပါတယ်"

ကျောင်းသူက ခေါင်းညိတ်လျက်…

"အဲဒါမျိုးကတစ်ဆင့်ချင်းစီဖြစ်သွားတာ၊ ဒီလိုလူနာမျိုး ကျွန်မတစ်ခါတွေ့ဖူးတယ်၊ ပထမအဆင့်ကဘာမှလက်မခံဘူး၊ ဖြစ်ပြီးတာတွေကို ကျွန်မမေ့ထားပြီး ကျွန်မဘဝကိုဆက်ထူထောင်မယ်လို့ပြောတတ်ကြတယ်၊ တကယ်တမ်းကျတော့ ဒီလိုမျိုးနေဖို့လည်းဘယ်လွယ်ပါ့မလဲ"

"သူ မင်းနဲ့ဆွေးနွေးရရင် ကောင်းမယ်"

"ရပါတယ်"

ဂျင်နီစိတ်ပညာဌာနသို့ရွှေ့ကျလာခဲ့သည်။ ကောင်းဘွိုင်ရုပ် ရှင်ကားထဲကစတ်ကောင်လိုမျိုးလူတစ်ယောက် အဆောင်တွေကြားထဲမှ ထွက်လာပြီး သူမအားဆွဲလားရမ်းလားလုပ်မည်လားဟူသောအတွေးဖြင့်သတိထား၍ကာလှည့်ပတ် ကြည့်နေသည်။ ဂျူးဖောတက္ကသိုလ်ကျောင်းဝင်းကလေးမှာ ခေတ်သစ်အမေရိကန်မြို့ပြသဲကန္တာရကြီးထဲမှအေးချမ်းသောအိုအေစစ်လေးပမာတည်း။

တကယ်တော့ဂျူးဖောတက္ကသိုလ်မှာဈေးဆိုင်တွေ၊ ဘဏ်တွေ၊ အားကစားကွင်းတွေ၊ ယာဉ်ရပ်ကွင်းတွေ၊ စားသောက်ဆိုင်တွေ၊ ရုံးခန်းတွေ၊ အိမ်တွေနှင့် မြို့ငယ်လေးတစ်ခုပမာရှိနေသည်။လူဦးရေအားဖြင့် ငါးထောင်လောက်ရှိသည့်အနက် တစ်ဝက်ကကျောင်းဝင်းထဲတစ်ပိုင်း၊ အိမ်မှာတစ်ပိုင်းနေသလိုဖြစ်နေကြ၏။ သို့သော် ယခုတော့ ဆိုးရွားသည့်မြင်ကွင်းကြီးသဖွယ်ဖြစ်ခဲ့ရသည်။ဟိုလူယုတ်မာ ယခုလို လုပ်သွားနိုင်စရာအကြောင်းမရှိ။ မိမိအလုပ်လုပ်ရသည်ကိုပင် ကြောက်လာမိသည်။ ဤအဖြစ်မျိုးကြောင့် ခိုင်မာသောမြေကြီးကိုပင် မတည်မငြိမ်လှုပ်လာသည်ဟု ခံစားလာမိသည်။

ရုံးခန်းထဲသို့ဝင်လာရင်းဘာရင်တန်ဂျွန်းအကြောင်းကိုစဉ်းစားမိသည်။ ဤလူကြီးမှာ ဆွဲဆောင်မှုရှိသောရုပ်လက္ခဏာရှိသည်။ မိန်းမများအပေါ်ဂရုတစိုက် ဆက်ဆံတတ်၏။ သူနှင့်တွေ့သည့်အခါတိုင်းမိမိစိတ်ချမ်းသာမိသည်။ မိမိအား အလုပ်ပေးခဲ့သည့်အတွက်မိမိအပေါ်သူ့ကျေးဇူးလည်းရှိသည်။

သို့တစေ မိန်းမများအပေါ်ထားသည့် သူ့သဘောထားကမရိုးသားချင်။

သူသည် ပညာရေးအသိုင်းအဝိုင်းမှ လူတစ်ယောက်နှင့်မတူ။ သို့တစေ တက္ကသိုလ်လောကတွင်ပါမောက္ခမှန်သမျှကြောင်တောင်တောင်တွေချည်းဖြစ်ရမည်



ဟူ၍လည်းမရှိ။ ဘာရင်တန်သည်ဩဇာအာဏာရှိသူတစ်ယောက်ပမာနေထိုင်လုပ်ကိုင်သည်။ ကြီးကြီးကျယ်ကျယ်သိပ္ပံအောင်မြင်မှုမျိုးလည်းမလုပ်ခဲ့။ ဤသည်မှာလည်းသဘာဝကျသည်။ထူးခြားသောသိပ္ပံအောင်မြင်မှုမျိုးဆိုသည်မှာလည်း အသက် ၃၅ နှစ်အောက်ရှိသိပ္ပံပညာရှင်များအသက်ကြီးလာသည့်အခါ သူတို့၏အတွေ့အကြုံနှင့်ဉာဏ်ပညာကိုလူငယ်များအား ကူညီညွှန်ကြားရုံလောက်သာလုပ်တတ်ကြသည်။

ဘာရင်တန်လည်းထိုအတိုင်းပင်။ ပါမောက္ခတာဝန်သုံးခုလောက်ကိုယူထားပြီးဂျနတီကို ကုမ္ပဏီမှငွေများကို သုတေသနလုပ်ရန်ရယူပေးနိုင်သူဖြစ်သည်။ သူသည်နိုင်ငံရေးနှင့်ပတ်သက်နေသဖြင့် အခြားသိပ္ပံပညာရှင်များက သိပ်သဘောမကျလှ။ သူ၏သိပ္ပံဆိုင်ရာလုပ်ငန်းများမှာကောင်းပြီး သူ၏နိုင်ငံရေးလုပ်ဆောင်ချက်များကတော့ညံ့သည်ဟုဂျင်နီသဘောရသည်။

ဩစတေးလျတက္ကသိုလ်မှ အချက်အလက်များကို ကွန်ပျူတာနှင့်ကူးယူ၍မပိတ်မိခဲ့ဟူသောသူ၏အကြောင်းပြချက်ကို ယုံကြည်မည်ကဲ့သို့ရှိခဲ့သည်။ သို့ရာတွင်နောက်တော့ ဤသည်မှာမရေရာသလိုထင်မိ၏။ စတီလိုဂန်ကိုဘာရင်တန်မြင်စဉ်ကသူ့အမှုအရာမှာစတီသည်ပင်သရဲ၊ တစ္ဆေတစ်ယောက်ပမာဖြစ်သွားသည်။

မိသားစုတိုင်းတွင်မိဘတွေနှင့်ပတ်သက်သော လျှို့ဝှက်ချက်ရှိတတ်သည်။ အိမ်ထောင်သည်မိန်းမများသည် ချစ်သူရှိခဲ့ဖူးသူများဖြစ်၏။သူမ၏ သားသမီးမှာ မည်သူနှင့်ရသည့်ကလေးဟူ၍သူမသာလျှင်အသိဆုံး။ မိန်းကလေးတစ်ယောက်ကိုယ်ဝန်ရှိကာ ကလေးမွေးလာပြီး ထိုကလေးကိုမိခင်အားပေးကာ မိမိညီမအဖြစ်ထားသည်မျိုးရှိတတ်သည်။ ထိုအကြောင်းကိုမိသားစုအတွင်း လျှို့ဝှက်ထားသည်မျိုးလည်းရှိသည်။ ကလေးတွေကိုအိမ်နီးနားချင်း၊ ဆွေမျိုး၊ မိတ်ဆွေများကမွေးစားပြီး ထိုအကြောင်းကိုလျှို့ဝှက်မထားဘဲအဖြောင့်အတိုင်းပြောတတ်သည်ဟုဆိုသည်။ သို့ရာတွင် စတီအားသူတို့မွေးစားထားသည်ကိုထုတ်မပြောနိုင်သည့်အခြားအကြောင်းလည်းရှိနိုင်သည်။

သို့ရာတွင်ဘာရင်တန်နှင့်မည်သို့ပတ်သက်နေသနည်း။ သူကစတီ၏အဖေလော။ ထိုသို့တွေးနေရင်းဂျင်နီပြုံးနေသည်။ ဘာရင်တန်လည်း လူချောတစ်ယောက်ပင်။ သို့သော် စတီထက် အရပ်ဖြလက်မခန့်နိမ့်နေသည်။ အခြားအချက်များဖြစ်နိုင်သည်ဆိုစေဦးတော့ ဤအချက်တစ်ချက်ကတော့ ဖြစ်နိုင်စရာအကြောင်းမရှိ။

ဤထူးဆန်းသည့်အချက်ကြောင့် စိတ်ထဲတွင်မတင်မကျဖြစ်ရသည်။ အခြားအချက်အလက်များအရဆိုလျှင်စတီနှင့်တွေ့ရသည့်အခြေအနေတွေကမိမိ အယူအဆအောင်မြင်ဖို့ရှိသည်။ သူသည်ကြမ်းတမ်းသည့်ရာဇဝတ်ကောင်တစ်ယောက်နှင့် အမြွာညီအစ်ကိုဖြစ်သော၊ ဥပဒေကိုလေးစားလိုက်နာသူနိုင်ငံကြီးသားတစ်ယောက်ဖြစ်နေသည်။စတီကိုတွေ့ရသည်မှာ မိမိ၏ကွန်ပျူတာအချက်အလက်ရှာဖွေရေးပရိုဂရမ်

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်ကြောင်းနှင့် မိမိစရိုက်ဆိုးဆိုင်ရာအယူအဆမှန်ကန်ကြောင်း သာဓကဖြစ်နေသည်။ သို့သော် သက်သေပြနိုင်ဖို့စတီနှင့်ဒင်းနစ်တို့လို အမြွာပေါင်းတစ်ရာလောက် ထပ်၍လေ့လာရဦးမည်။ သို့သော် မိမိ၏ ရှာဖွေရေးပရိုဂရမ်ကိုကောင်းကောင်းအသုံး မချနိုင်ခဲ့ချေ။

မနက်ဖြန်ဆိုလျှင် ဒင်းနစ်ကို မိမိသွားတွေ့ရမည်။ အကယ်၍သာသူသည် ဆံပင်အနက်ကလေးနှင့် လူပုကလေးဖြစ်နေမည်ဆိုလျှင် တစ်ခုခုတော့မှားနေပြီဟု ဆိုရမည်။ အကယ်၍ မိမိထင်သလိုမှန်သည်ဆိုပါကသူသည်စတီ၏အမြွာညီအစ်ကို ဖြစ်ရပေမည်။

စတီမှာ မွေးစားသားဖြစ်မှန်းမသိဟုဆိုသောအချက်ကိုစဉ်းစားမိပြီး ဘဝင်မကျဖြစ်ရပြန်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိဖော်ထုတ်ရဦးမည်။ နောက်ပိုင်းဆိုလျှင် အမြွာများကိုမလေ့လာမိ။ သူတို့၏မိဘများကိုအရင်တွေ့ပြီး သူတို့သ[illegible]းသမီး တွေအား မည်မျှအထိထုတ်ပြောထားသည်ကိုမေးကြည့်ရမည်။ အလုပ်တော့န[illegible] နည်းနေးမည်။ သို့သော် ထိုသို့လုပ်မှဖြစ်မည်။ မိသားစု၏လျှို့ဝှက်ချက်ကိုစပ်စုသည် မျိုးလည်း မလုပ်ချင်။

ထိုပြဿနာက ဖြေရှင်း၍ရနိုင်သည်။ သို့ရာတွင် ဘာရင်တန်၏ မရေမရာ အမေးတွေကြောင့်တစ်ကြောင်း၊ စတီ၏မရေမရာအခြေအနေကြောင့် တစ်ကြောင်း စိတ်ရှုပ်နေမိသည်။ ထို့နောက် မိမိစီမံကိန်း၏နောက်တစ်ဆင့်ကိုစဉ်းစားလိုက်သည်။ မိမိ၏ဆော့ဖ်ဝဲဖြင့် အက်ဖ်ဘီအိုင်မှ ကွန်ပျူတာထဲရှိလက်ဗွေဖိုင်တွဲကိုရှာချင်သည်။

ထိုဌာနတွင် ရှာခြင်းမှာ အတော်အလေးအဆင်ပြေနိုင်သည်။ ထိုဖိုင်ထဲတွင် လူပေါင်း၂၂သန်းမှာ မသင်္ကာဖွယ်ရာလူများ သို့မဟုတ်ရာဇဝတ်မှု ကျူးလွန်ခဲ့သူများ ပါဝင်ကြသည်။ အကယ်၍ မိမိ၏ပရိုဂရမ်သာအဆင်ပြေမည်ဆိုလျှင် ထိုအထဲမှ အမြွာတွဲပေါင်းမြောက်မြားစွာ ထွက်ပေါ်လာနိုင်သည်။ ထိုအထဲတွင်တစ်နေရာစီကြီးပြင်းကြသောအမြွာများလည်းပါလာနိုင်သည်။ ဤသို့ဆိုလျှင် မိမိ၏သုတေသအတွက် အတော်ပင်ထိရောက်မှုရှိသွားမည်။ သို့သော် ထိုသို့ရှာနိုင်ရန်သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ရယူရမည်။

ကျောင်းတုန်းက ပထမဦးဆုံးစ၍ပေါင်းခဲ့သည့်သူငယ်ချင်းတစ်ယောက် ရှိသည်။ သချာတော်သောအာရှသူကုလားမလေးဖြစ်၏။ သူမမှာအက်ဖ်ဘီအိုင်တွင် သင်ကြားရေးဌာနမှ ကျွမ်းကျင်ပညာရှင်တစ်ယောက်ဖြစ်သည်။ သူမမှာဝါရှင်တန်မြို့၌ အလုပ်လုပ်ပြီး ဤဘော်လ်တီမိုးမြို့တွင်နေထိုင်သည်။ ဂီတာသူမရခေါ် ထိုသူငယ်ချင်းက ဂျင်နီအားအကူအညီပေးရန်သူ့အထက်လူကြီးများကိုပြောထားပြီးဖြစ်၏။ ယခုသီတင်းပတ်အကုန်လောက်တွင်ရ,မရသိရမည်ဟုဆိုသည်။ သို့သော် ဂျင်နီဂီတာသူမရ



အား'လော'ပေးချင်သည်။ ထို့ကြောင့်ဖုန်းကောက်ဆက်လိုက်၏။

ဂီတာမှာဝါရှင်တန်တွင်မွေးဖွားသူဖြစ်၏။ သို့သော် ကုလားသံ အနည်းငယ်ဝဲနေ၏။ ဂီတာက

"ဂျင်နီ အခုတစ်ပတ်ပိတ်ရက်မှာ နင်ဘာတွေလုပ်သလဲ"

"အဆင်မပြေပါဘူးဟယ်၊ငါ့အမေနေမကောင်းလို့ရိပ်သာကိုပို့လိုက်ရတယ်"

"အခုလိုကြားရတာစိတ်မကောင်းပါဘူးဟာယ်၊ နင့်အမေဘယ်လိုနေသေးသလဲ"

"သူ့သတိတွေချို့ယွင်းနေတယ်၊ သန်းခေါင်လောက်ကြီးထပြီး အဝတ်အစားမဝတ်ဘဲနွားနို့ထွက်ဝယ်တယ်လေ၊ ပြီးတော့သူနေတဲ့အိမ်ကိုမေ့နေပြီး မပြန်တတ်ဘူးဖြစ်နေတယ်"

"ပြီးတော့ ဘယ်လိုဖြစ်သွားလဲ"

"ရဲနဲ့တွေ့လို့ပေါ့၊ ကံကောင်းချင်တော့ သူ့ပိုက်ဆံအိတ်ထဲမှာ ငါ့ရဲ့ချက်လက်မှတ်ပါသွားတယ်၊ ဒါနဲ့ငါ့ကိုလာစုံစမ်းတာပေါ့"

"အဲဒီတော့ နင်ဘယ်လိုနေသလဲ"

ဤသည်မှာ မိန်းမတွေမေးတတ်သောမေးခွန်းမျိုးဖြစ်သည်။ ယောကျ်ားတွေသာဆိုလျှင် နင်ဘာလုပ်မလဲမေးမည်။ ဂျင်နီက...

"ဘယ်စိတ်ကောင်းပါ့မလဲ၊ ငါ့အမေကိုပြုစုဖို့ အခုငါရှိသေးတယ်၊ ဒါပေမဲ့ ငါ့ကျရင် ဘယ်သူပြုစုမလဲ"

"သူ့အခုရောက်နေတဲ့နေရာကဘယ်လိုနေသလဲ"

"ချေးပေါပေါထဲကပါ၊ သူ့ကျန်းမာရေးအာမခံကရတဲ့ ငွေဟာအဲဒီလောက်ပဲတတ်နိုင်တယ်လေ။ငါလဲငွေရှာပြီး သူ့ကိုဒါထက်ပိုကောင်းတဲ့နေရာ မှာရွှေ့ပြီးထားပေးရအုံးမယ်"တဘက်တွင်အသံတိတ်သွားသည်။ ဂီတာကသူ့ထံတွင်ငွေချေးမည်လားဟု ထင်သွားပုံရ၏။ ထို့ကြောင့် ဂျင်နီကဆက်၍....

"ဒါကြောင့် ရုံးပိတ်ရက်တွေမှာကျူရှင်ပြမလားလို့၊ ဒါထက်ငါပြောထားတာအထက်လူကြီးတွေကိုပြောပြီးပြီလား"

"ပြောတော့ပြီးပါပြီ၊ နင့်ရဲ့ဆော့ဖ်ဝဲကိုဒီကလူတွေအားလုံးစိတ်ဝင်စားနေကြတယ်"

"နင်တို့ဆီမှာကွန်ပျူတာထဲကအချက်အလက်ရှာတဲ့စနစ်မရှိဘူးလား"

"ရှိပါတယ်၊ ဒါပေယ့်နင့်စနစ်ကတို့ဒီမှာရှိတဲ့စနစ်တွေထက်ပိုမြန်တယ်၊ အဲဒါကိုနင့်ဆီကလိုင်စင်ယူပြီးငှားချင်တယ်လို့တောင်ဒီမှာပြောနေကြသေးတယ်"

"ဟော့.. ဒါဆိုရင်ငါကျူရှင်ပြဖို့တောင်မလိုတော့ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂီတက ရယ်လျက်...

"အဲဒီလိုလုပ်မယ်ဆိုရင်နှင့်ရဲ့ဆော့ဖ်ဝဲအလုပ်ဖြစ်၊ မဖြစ်ပြန်စစ်လိုက်ဦး"

"အဲဒါဘယ်တော့လောက်ဖြစ်မလဲ"

"ကွန်ပျူတာကိုအသုံးနည်းတဲ့ညဘက်မှာလုပ်ကြည့်မယ်၊ တစ်ညတော့စောင့်ရမှာပေါ့၊ တစ်ပတ်အတွင်းဖြစ်သွားမယ်၊ အလွန်ဆုံးနှစ်ပတ်ပေါ့"

"ဒါ့ထက်မြန်လို့မရဘူးလား"

"အရေးကြီးလို့လား"

တကယ်တော့ အရေးကြီးသည်။ သို့သော် မိမိ၏စိုးရိမ်မှုကိုဂီတအား မပြောချင်သဖြင့်....

"ငါ့စိတ်က လောနေတာပါ"

"ငါ အတတ်နိုင်ဆုံးမြန်အောင်လုပ်ပေးပါ့မယ်၊ မပူပါနဲ့၊ နှင့်ရဲ့ပရိုဂရမ်ကိုကွန်ပျူတာအတစ်ဆင့် ငါ့ဆီကိုပို့လိုက်ပေါ့"

"စိတ်ချ... နင်အဲဒါလုပ်တဲ့အခါ ငါ အဲဒီကိုလာဖို့လိုသေးသလား"

"ဟင့်အင်း... မလိုပါဘူး"

"ကောင်းပြီလေ.. ဒါတွေကို နင်ကငါ့ထက်ပိုသိပါတယ်"

"ပို့ရမယ့်လိပ်စာက..."

ဂီတက အီးမေးလ်လိပ်စာကိုရွတ်ပြသဖြင့် ဂျင်နီကရေးမှတ်လိုက်၏။ ဂီတက ဆက်၍...

"အဖြေကိုလည်းငါအဲဒီအတိုင်းပို့လိုက်မယ်"

"ကျေးဇူးပဲကွာ။ ဟေ့ဂီတ"

"ဘာလဲဟ"

"ငါအမြတ်နွှန်ရှောင်လို့ရမလား"

"သွားစမ်းပါဟာ"

ဂီတကရယ်လျက်ဖုန်းချသွားသည်။ ဂျင်နီကကွန်ပျူတာကို အင်တာနက်ဖြင့်ဆက်သွယ်လိုက်၏။ သူမ၏ပရိုဂရမ်ကို အက်ဖ်ဘီအိုင်ဌာနသို့ပို့နေစဉ် တံခါးခေါက်ကာ စတီလိုဂန်ဝင်လာသည်။

သူ့ကိုသူမလေးစားစွာကြည့်လိုက်မိ၏။ သူ့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာသတင်းကိုသူသိသွားရလေပြီ။ ဤသည်မှာသူ့မျက်နှာပေါ်တွင်ပေါ်နေ၏။ သို့သော် သိပ်ပုံမပျက်ခဲ့။ စိတ်ဓာတ်တည်ငြိမ်သူတစ်ယောက်ဖြစ်သည်။ သူသာသူ၏အမြွာညီအစ်ကိုလိုရာဇဝတ်ကောင်တစ်ယောက်ဖြစ်နေခဲ့လျှင် ယခုအချိန်လောက်တွင်တစ်စုံတစ်ယောက်နှင့်ထိုးကြိတ်သတ်ပုတ်ပြီးလောက်ပေပြီ။ သူမက..



"နေကောင်းရဲ့လား"

နှုတ်ဆက်လိုက်သည်။ စတီက တံခါးကိုခြေထောက်ဖြင့်နောက်ပြန်ကန်၍ပိတ်လိုက်ပြီးနောက်...

"အားလုံးပြီးသွားပြီ၊ ကျွန်တော့်ကို စမ်းသပ်တာတွေရော၊ မေးမြန်းတာတွေရော၊ မေးခွန်းဖြေတာတွေရော အားလုံးပြီးသွားပြီ"

"ဒါဆိုရင် ရှင်ပြန်လို့ရပါပြီ"

"ဘော်လ်တီမိုးမြို့မှာ တစ်ညနေလောက်နေဦးမလားလို့စဉ်းစားနေတယ်၊ ခင်ဗျား ကျွန်တော်နဲ့ ညနေစာလိုက်စားနိုင်မလားလို့"

ဂျင်နီက အံ့သြသွားပြီး...

"ဘာလုပ်ဖို့လဲ"

တုံးတိတိမေးလိုက်မိသည်။ ထိုမေးခွန်းကြောင့် သူလည်းကြောင်သွားကာ..

"ဟို.. အင်း..ခင်ဗျားရဲ့သုတေသနအကြောင်းနည်းနည်းလေးထပ်သိချင်လို့ပါ"

"ဩော်... အင်း... ကျွန်မကို ညစာစားဖို့ ဖိတ်ထားတာတစ်ခုရှိလို့ပါ"

သူ အတော်ပင် စိတ်ပျက်သွားပုံရသည်။

"ကျွန်တော်သိပ်ငယ်နေလို့လားဟင်"

"ဘာအတွက်ငယ်ရမှာလဲ"

"ခင်ဗျားကို အပြင်ခေါ်ထုတ်ဖို့လေ"

"ရှင် ကျွန်မကိုတွဲခုတ်ဖို့ခေါ်တယ်မထင်လို့ပါ"

သူက ရှက်သွားပြီး...

"ခင်ဗျားကချက်ချင်းအဓိပ္ပာယ်မပေါက်တတ်ဘူးနော်"

"စိတ်မရှိပါနဲ့ရှင်"

မနေ့က သူ့ကိုတင်းနစ်ကွင်းတွင်တွေ့ခဲ့သည်။ ယနေ့တစ်နေ့လုံးလည်း သူ့ကို စမ်းသပ်ခဲ့သည့်လူတစ်ယောက်အနေနှင့်သာမြင်သည်။ အပြင်ခေါ်ထုတ်ရန် သိပ်ငယ်နေသည်ကိုယခုမှစဉ်းစားမိသည်။ သူကအသက်နှစ်ဆယ်နှစ်နှစ်ရှိ ကျောင်းသားတစ်ယောက်။ မိမိကသူ့ထက်အသက်ခုနစ်နှစ်လောက်ကြီးသည်။အတော်ပင် အသက်ကွာ၏။ သူက...

"ခင်ဗျားကို အပြင်ခေါ်ထုတ်တဲ့လူကအသက်ဘယ်လောက်ရှိပြီလဲ"

"ငါးဆယ့်ကိုး၊ ခြောက်ဆယ်လောက်ရှိမယ်"

"ဩော်.. ခင်ဗျားက အသက်ကြီးကြီးကိုမှကြိုက်တတ်တာကိုး"

သူ၏ကမ်းလှမ်းချက်ကို လက်မခံလိုက်မိသည့်အတွက် အားနာသွားမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ကို တစ်စုံတစ်ခုတော့တုန့်ပြန်သင့်သည်ဟုထင်သည်။ကွန်ပျူတာမှပရိုဂရမ်ပို့ပြီးပြီ ဖြစ်ကြောင်းအချက်ပေးခေါင်းလောင်းသံပေါ်လာသည်။ သူမက...

"ကျွန်မဒီမှာတစ်နေ့လုံးရှိမယ်၊ ကျောင်းစားသောက်ဆိုင်မှာ တစ်ခုခုသွားသောက်ရအောင်လား"

သူ့မျက်နှာ ချက်ချင်းဝင်းလက်သွားပြီး....

"ကောင်းသားပဲ၊ ကျွန်တော်ဒီအဝတ်အစားနဲ့ဖြစ်ပါတယ်နော်"

သူက ကာကီဘောင်းဘီနှင့် ချည်ထည်အထူစား အပြာရောင်ရှပ်တို့ကို ဝတ်ဆင်ထား၏။ ဂျင်နီက...

"ရှင့်အဝတ်အစားကဒီမှာရှိတဲ့ပါမောက္ခအတော်များများထက်တောင်ကောင်းနေသေးတယ်"

သူမကပြုံးလျက်ပြောလိုက်သည်။ ပြီးတော့ ကွန်ပျူတာကို ထပိတ်လိုက်၏။ စတီက်..

"ကျွန်တော် အမေ့ဆီကိုဖုန်းဆက်ပြီး ခင်ဗျားရဲ့အယူအဆနဲ့ပတ်သက်လို့ ပြောလိုက်သေးတယ်"

"သူ ရူးမတတ်ဖြစ်သွားရောလား"

"သူက ရယ်တယ်၊ နောက်ပြီး ကျွန်တော့်ကိုလည်း မွေးစားတာမဟုတ်ဘူး၊ ကျွန်တော့်မှာအမြွှာပူးရှိလို့ အဲဒီတစ်ယောက်ကိုတခြားမှာပေးမွေးစားတာလည်း မဟုတ်ဘူးတဲ့"

"ထူးဆန်းလိုက်တာနော်"

သူတို့မိဘများ ယနကိစ္စကို စိတ်မဆိုးသည့်အတွက် ဂျင်နီစိတ်အေးရသည်။ တစ်ဖန် စတီနှင့်ဒင်းနစ်တို့အမြွှာညီအစ်ကိုမဟုတ်ပါရဲ့လားဟု စိတ်လည်းပူသွားမိသည်။

"ရှင်နဲ့ဒင်းနစ်တို့အမြွှာဖြစ်နိုင်တဲ့တခြားအကြောင်းတစ်ခုလည်းရှိသေး တယ်"

"ခင်ဗျား ဘာကိုစဉ်းစားနေသလဲဆိုတာ ကျွန်တော်သိပါတယ်၊ မွေးတုန်းက ဆေးရုံမှာ ကလေးချင်းလဲထားလိုက်တာမျိုးမဟုတ်လား"

သူက အတော်ပင်အကင်းပါးသည်။ ယခုမနက်သူ၏သွက်လက်ပုံများကို တစ်ကြိမ်မကတွေ့ပေသည်။ သူမက...

"ဟုတ်တယ်၊ မိခင်အမှတ်တစ်ကရုပ်တူအမြွှာနှစ်ယောက်မွေးတယ်၊ မိခင်အမှတ်နှစ်နဲ့ မိခင်အမှတ်သုံးမှာလည်း ယောကျ်ားလေးတစ်ယောက်စီမွေးတယ်၊ အမြွှာနှစ်ယောက်ကိုအမှတ်နှစ်နဲ့အမှတ်သုံးကိုပေးလိုက်ပြီးတော့ သူတို့ရဲ့ကလေးတွေကျတော့ မိခင်အမှတ်တစ်ကိုပေးလိုက်တယ်၊ အဲဒီကလေးတွေကြီးလာတော့ အဲဒီမိခင်



အမှတ်တစ်ဟာ သူ့မှာရုပ်ကွဲအမြွှာနှစ်ယောက်မွေးထားတယ်လို့ထင်နေတယ်"

"အဲဒီမိခင်အမှတ်နှစ်နဲ့ အမှတ်သုံးဟာ အသိအကျွမ်းတွေမဟုတ်ကြတော့ သူတို့ရဲ့ကလေးနှစ်ယောက်အံ့သြလောက်အောင်ရုပ်ချင်းတူနေတာကိုလည်း သိကြမှာမဟုတ်ဘူးဆိုပါတော့"

"ဒါက အရင်တုန်းကရေးဖူးကြတဲ့ဝတ္ထုဇာတ်လမ်းတွေမျိုးပေါ့၊ ဒါဟာ မဖြစ်နိုင်ဘူးလို့လည်းပြောလို့မရဘူး"

"အခုပြောတဲ့အမြွှာဇာတ်လမ်းမျိုးစာအုပ်ရှိလား၊ ကျွန်တော်နည်းနည်းထပ်သိချင်သေးတယ်"

"အင်း...ကျွန်မမှာတစ်အုပ်ရှိတယ်"

သူမက စာအုပ်စင်တွင်လိုက်ရှာလိုက်ပြီး....

"သြော်.. အဲဒီစာအုပ်အိမ်မှာကျန်ခဲ့တယ်"

"ဘယ်မှာနေလဲဟင်"

"နီးနီးလေးပါ"

"ခုနသွားသောက်မယ်ဆို ခင်ဗျားအိမ်မှာပဲလိုက်သောက်ရင်ကောင်းမလားလို့"

သူမ အနည်းငယ်တွေဝေသွားသည်။ ဤတစ်ယောက်ကတော့ပုံမှန် အမြွှာဖြစ်မည်။ စိတ္တဇမဟုတ်ဟု မိမိကိုယ်ကို သတိပေးနေရ၏။ သူကဆက်၍....

"ဒီနေ့ကစပြီး ကျွန်တော့်အကြောင်းကိုခင်ဗျားအကုန်သိသွားတော့မှာဆိုတော့ ကျွန်တော်လည်းခင်ဗျားအကြောင်းသိချင်တယ်၊ခင်ဗျားနေတဲ့နေရာကိုလည်း လိုက်ကြည့်ချင်တယ်"

ဂျင်နီက ပခုံးတွန့်လျက်...

"ရပါတယ်၊ ကဲ..သွားကြမယ်"

ညနေ၅နာရီရှိပေပြီ။ စိတ်ပညာဌာနမှထွက်လာတော့အနည်းငယ် အေးစိမ့်စိမ့်ရှိလာပေသည်။ အနီရောင်မာစီးဒီးကားကြီးကိုတွေ့လိုက်သောအခါ စတီကလေချွန်လိုက်ပြီး...

"တယ်ကောင်းတဲ့ကားပါလား"

"ကျွန်မဝယ်ထားတာရှစ်နှစ်ရှိပြီ။ ကျွန်မအင်မတန်မြတ်နိုးတယ်"

"ကျွန်တော့်ကားကတော့ကားတွေရပ်ထားတဲ့နေရာမှာထားခဲ့တယ်၊ကျွန်တော် ခင်ဗျားကားနောက်ကရှေ့မီးဖွင့်ပြီးလိုက်ခဲ့မယ်"

သူထွက်သွားတော့ ဂျင်နီကမိမိကားထဲဝင်ပြီးကားစက်နှိုးလိုက်သည်။ ခဏကြာသောအခါ ကားနောက်ကြည့်မှန်မှ ကားမီးရောင်တစ်ခုကိုတွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမလည်းကားကိုမောင်းထွက်လာခဲ့၏။

ကျောင်းဝင်းအတွင်းမှမောင်းထွက်လာချိန်တွင်စတီ၏ကားနောက်မှ ရဲကား တစ်စီးကပ်လိုက်လာသည်ကို သတိထားလိုက်မိသည်။ သူမလည်းကားကိုကီလိုမီတာ ၃၀ အထိအရှိန်လျှော့ချလိုက်၏။

စတီလိုဂနိမိမိကိုခိုက်နေဟန်တူသည်။ မိမိ သူ့အပေါ်ပြန်မကျနိုင်သော်လည်း ပီတီတော့ဖြစ်နေ၏။ လူငယ်လူချောကလေး၏အသည်းနှလုံးကိုပိုင်ဆိုင်ရသည်မှာ မည်မျှကြည်နူးစရာကောင်းလိုက်ပါသနည်း။

သူ၏ကားမှာ မိမိကားနောက်မှတောက်လျှောက်ပါလာသည်။ မိမိကားကို အိမ်ဘေးတွင်ထိုးရပ်လိုက်သောအခါသူကလည်းနောက်မှကပ်ရပ်လိုက်၏။

ဘော်လ်တီမိုမြို့၏ထုံးစံအတိုင်း အိမ်ရှေ့ဝရန်တာလေးများတန်းစီ၍ရှိနေကြ သည်။ ထိုဝရံတာများပေါ်တွင် လူတွေထွက်၍အအေးခံနေတတ်ကြ၏။ ဂျင်နီက ဝရံတာများကိုဖြတ်ကျော်၍မိမိတံခါးပေါက်ရှေ့တွင်ရပ်ကာသော့ကိုထုတ်လိုက်သည်။

ပတ္တရောင်ကားထဲမှရဲနှစ်ယောက်အပြေးကလေးဆင်းလာကြသည်။လက် ထဲတွင်လည်းသေနတ်တွေနှင့်။ သူတို့ကလက်တွေကိုဆန့်တန်းလျက်ပစ်ခတ်တော့မည့် ဟန်ဖြင့် ဂျင်နီနှင့်စတီတို့အားသေနတ်ဖြင့်ထိုးချိန်ထားသည်။ ဂျင်နီရင်ခုန်သွားရ၏။ စတီက...

"ဒါဘာလုပ်တာ...."

ရဲတစ်ယောက်က...

"ငါတို့ရဲတွေကွ၊ မလှုပ်နဲ့"

ဂျင်နီနှင့်စတီပါလက်မြှောက်ထားလိုက်ကြသည်။ သို့သော်ရဲများကထိုမျှနှင့် မရပ်သေး။

"အောက်မှာမှောက်နေ၊ လက်နှစ်ဖက်ကိုခေါင်းပေါ်မှာတင်ထား"

ဂျင်နီရောစတီပါမှောက်လိုက်ကြရသည်။ ရဲများကသတိထား၍ လျှောက် လာကြသည်။ ဂျင်နီက...

"ဘာဖြစ်လို့ဆိုတာလဲ ပြောကြပါဦး"

"ခင်ဗျားထနိုင်ပြီအမျိုးသမီး"

"ကျေးဇူးပါပဲ"

သူမပြောရင်းထရပ်လိုက်သည်။ သူမရင်တွေအရမ်းခုန်နေ၏။ ရဲတွေ တစ်စုံ တစ်ရာမှားယွင်းသွားခြင်းဖြစ်နိုင်သည်။ သူမက...

"ရှင်တို့လုပ်တာကျွန်မလန့်ပြီးသေတော့မယ်။ ဘာဖြစ်ရတာလဲ"

သူတို့က မဖြေသေး။ သူတို့နှစ်ယောက်စလုံး စတီအားသေနတ်နှင့်ချိန်ထား



သည်။ တစ်ယောက်ကသူ့ဘေးတွင်ဒူးထောက်ထိုင်ကာကျွမ်းကျင်စွာလက်ထိပ်ခတ် လိုက်သည်။ ပြီးမှ....

"မင်းကို ဖမ်းတယ်ကွ၊ အကောင်စုတ်"

ဂျင်နီက..

"ကျွန်မလည်းပြည့်ဝတဲ့ မိန်းမတစ်ယောက်ပါ၊ ဒါပေမဲ့အဲဒီလိုဆဲဖို့လိုလို့လား။ သူကဘာလုပ်မိလို့လဲ"

သူမပြောသည်ကိုမည်သူကမျှအလေးမထား။ အပြာရောင်ရဲကားတစ်စီး ရောက်လာပြီး ပတ္တရောင်ကားနောက်တွင်ရပ်လိုက်သည်။ အတွင်းမှလူနှစ်ယောက် ဆင်းလာ၏။ တစ်ယောက်မှာရဲစုံထောက်မစ်ရှ် ဖြစ်သည်။ သူမမှာ မနက်ကဝတ်ခဲ့သည့် အဝတ်အစားနှင့်ပင်ဖြစ်၏။ သို့သော်အပေါ်မှကုတ်အင်္ကျီကိုထပ်စွပ်ထားပြီး ခါးတွင် ချိတ်ထားသည့် သေနတ်မှာတစ်ဝက်တစ်ပျက် ပေါ်နေသည်။ ပတ္တရောင် ရဲတစ်ယောက်က မစ်ရှ်အား...

"ခင်ဗျားရောက်လာတာ မြန်သားပဲ"

"ကျွန်မ ဒီနားတစ်ဝိုက်မှာပဲ ရှိနေလို့ပါ"

သူမကပြောပြီးအောက်တွင် အားလျားမှောက်နေသည့် စတီကို ကြည့်ကာ...

"သူ့ကိုထူလိုက်တော့"

ပတ္တာရောင်ရဲက စတီ၏လက်မောင်းကိုဆွဲကာ ထူပေးသည်။ မစ်ရှ် က...

"ဟုတ်တာပေါ့၊ သူပဲ၊ လစ်ဆာကိုစော်ကားသွားတဲ့အကောင်လေ"

"စတီလုပ်တယ်၊ ဟုတ်လား"

ဂျင်နီကမယုံနိုင်သလိုမေးလိုက်သည်။ဘုရား.. ဘုရား...သူ့ကိုမိမိ အခန်းထဲသို့ ခေါ်မိတော့မလို့။

"စော်ကားတယ်၊ ဟုတ်လား"

စတီက ပြောလိုက်ခြင်းဖြစ်သည်။ မစ်ရှ်က...

"ပတ္တရောင်တွေကသူ့ကားကျောင်းထဲကထွက်သွားတာကိုတွေ့လိုက်လို့ လေ"

စတီ၏ကားကို ဂျင်နီ ပထမဆုံးအကြိမ်သတိထားကြည့်မိလိုက်သည်။ နီညိုရောင်ဒတ်ဆန်းကားတစ်စီးဖြစ်၏။ သက်တမ်း၁၅နှစ်ခန့်ရှိမည်။ လစ်ဆာပြော တုန်းကသူမအားစော်ကားသွားသည့်တရားခံမှာ အဖြူရောင်ဒတ်ဆန်းကားမောင်းလာ သည်ဟုဆိုသည်။

ထိတ်လန့်တကြားဖြစ်သည်များ အနည်းငယ်ပြေသွားသောအခါ ချိန်ဆ တွေးတောလာနိုင်တော့သည်။ ရဲများကသူ့ကိုမသင်္ကာခြင်းဖြစ်မည်။ ဤသည်မှာ သူ့

www.burmeseclassic.com

www.burmeseclassic.com



တွင်အပြစ်ရှိသည်ဟုမဆိုနိုင်။ ဘာအထောက်အထားရှိသနည်း။ သူမက...

"ဒါဟာ သူလဲဖြစ်နိုင်သလို မဖြစ်နိုင်ဘူးလို့လဲ ပြောလို့ရတယ်"

"ရှင်က သူ့ကို ဘာလုပ်မလို့လဲ"

"သူက သိပ္ပံစမ်းသပ်စစ်ဆေးခံနေတဲ့သူလေ၊ ကျွန်မတို့ သူ့ကိုဓာတ်ခွဲခန်းမှာ စမ်းသပ်စစ်ဆေးနေတာ၊ သူဟာတရားခံဖြစ်မယ်လို့တော့ကျွန်မမထင်ဘူး"

သူမ၏ စမ်းသပ်မှုများအရစတီသည်စရိုက်ဆိုးရှိသည့် မျိုးရိုးရှိကြောင်းကိုတော့တွေ့ရသည်။ သို့သော် တကယ်ပင်ရာဇဝတ်ကောင်တစ်ယောက်ဖြစ်လာနိုင်သည့်အနေအထားတော့မရှိ။ မစ်ရှ်က စတီအား...

"မနေ့ညနေ ၇ နာရီနဲ့ ၈ နာရီကြား မင်းဘာလုပ်နေသလဲ၊ပြောနိုင်မလား"

"ကျွန်တော်ဂျုံးဖောတက္ကသိုလ်ကိုရောက်နေတယ်"

"ဘာလာလုပ်တာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ကျွန်တော့်အစ်ကိုဝမ်းကွဲရစ်ကီနဲ့အပြင်ထွက်မလို့ဟာ၊ သူကမထွက်ဖြစ်တော့လို့ ဒါနဲ့ ဒီနေ့ကျွန်တော်လာရမယ့်နေရာကိုလာကြည့်တာ၊ ဘာမှတော့လုပ်စရာမရှိပါဘူး"

ဂျင်နီသည်ပင်သံသယဝင်သွားမိသည်။ သူတကယ်ပင်တရားခံဖြစ်နေပြီလားဟု စိတ်ပျက်စွာတွေးလိုက်မိ၏။ အကယ်၍ ဟုတ်ပြီဆိုလျှင်မိမိ၏အယူအဆလွှင့်ပစ်ရန်သာရှိတော့သည်။ မစ်ရှ်က...

"မင်း အဲဒီအချိန်မှာ ဘာတွေလုပ်သလဲ"

"ကျွန်တော် တင်းနစ်ရိုက်တာကို ခဏကြည့်တယ်၊ ပြီးတော့ ဘီယာဆိုင်မှာ၂နာရီလောက်ထိုင်တယ်၊ မီးလောင်သွားတာကိုကျွန်တော်မတွေ့လိုက်ရဘူး"

"မင်းပြောတာကို ထောက်ခံမယ့်လူရှိသလား"

"ကျွန်တော် အဲဒီဒေါက်တာဂျင်နီနဲ့စကားပြောခဲ့သေးတယ်၊ အဲဒီတုန်းကတော့ သူဘယ်သူမှန်းမသိခဲ့သေးဘူး"

မစ်ရှ်က ဂျင်နီအား လှည့်ကြည့်သည်။ သူမ၏အမူအရာတွင် ရန်လိုဟန်များတွေ့နေရ၏။ မနက်ကလစ်ဆာအားမစ်ရှ်စည်းရုံးစဉ် မိမိနှင့်ကတောက်ကဆဖြစ်ခဲ့သည်များကို ပြန်သတိရမိ၏။ ဂျင်နီက...

"အဲဒါ ကျွန်မတင်းနစ်ရိုက်ပြီးတော့ပါ၊ မီးမလောင်ခင်ကလေးတင်"

မစ်ရှ်က...

"အခင်းဖြစ်ပွားတဲ့အချိန်မှာ သူဘယ်ရောက်နေသလဲဆိုတာတော့ ရှင်မပြောနိုင်ဘူးပေါ့"

"ဟင့်အင်း၊ ဒါပေမဲ့ ကျွန်မတစ်ခုတော့ပြောနိုင်တယ်၊ ကျွန်မတစ်နေ့လုံး ဒီလူကိုစစ်ဆေးကြည့်နေတာ၊ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာအရသူဟာဒီလိုအလုပ်မျိုးလုပ်မယ့်သူမဟုတ်ဘူးဆိုတာပြောနိုင်တယ်"



မစ်ရှ်က သရော်သလိုကြည့်ကာ...

"ဒါက ခိုင်လုံတဲ့အထောက်အထားမဟုတ်ပါဘူး"

"ရှင်တို့ပြောတာလဲ ဒီအတိုင်းပဲမဟုတ်လား"

သူမက ကွန်ပျူတာပန်းချီပုံကိုပြရင်းပြောသည်။ ပြီးတော့ထိုစာရွက်ကိုလုံးချေကာလွှင့်ပစ်လိုက်၏။ မစ်ရှ်ကရဲများအားခေါင်းဆတ်ပြပြီး...

"ကဲ..သွားကြမယ်"

စတီက တည်ငြိမ်သောအသံဖြင့်...

"နေကြပါဦး"

သူတို့က ရပ်လိုက်ကြသည်။

"ဂျင်နီ၊ ဒီလူတွေဘာပြောပြော ကျွန်တော် ဂရုမစိုက်ဘူး၊ ဒါပေမဲ့ ခင်ဗျားကိုကျွန်တော်ပြောချင်တာကအဲဒီကိစ္စဟာကျွန်တော်လုပ်တာမဟုတ်ဘူး၊ ဒါမျိုးကို ဘယ်တော့မှလဲလုပ်မှာမဟုတ်ဘူး"

သူပြောသည်ကို ဂျင်နီ ယုံသည်။ ဘာကြောင့်ယုံရသနည်း။ မိမိ အယူအဆမှန်စေလို၍ သူ့ကိုအပြစ်မဲ့သူဖြစ်စေချင်သည်လား။ မဟုတ်။ သူ့ကိုစိတ်ပညာအရစစ်ဆေးပြီးခဲ့ပြီ။ သူ့တွင် ရာဇဝတ်ကောင်တစ်ယောက် ၏လက္ခဏာမျိုးမရှိ။ နောက်ပြီး မိမိစိတ်အာရုံဖြင့်သိနေသည်။ သူနှင့်ပတ်သက်၍ မိမိကိုယ်ကို စိတ်ချသည်။ သူ့တွင် မသင်္ကာဖွယ်ရာ လက္ခဏာမျိုး မတွေ့ရ။ မိမိပြောလျှင်သူနားထောင်နေသည်။ မိမိအား အနိုင်ကျင့်မည့် သဘောမျိုးမတွေ့ရ။ ခြေကိုတို့၊ လက်ကိုတို့ လုပ်သည်မျိုးလည်းမရှိ။ ဒေါသကြီး ရန်လိုမှုမျိုးလည်းမတွေ့ရ။ မိန်းမတွေကိုသူသဘောကျတတ်သည်။ မိမိကိုလည်း သူလေးစားသည်။ ယခု တရားခံမှာသူမဖြစ်နိုင်။ သူမက...

"တစ်ယောက်ယောက်ဆီကို ဖုန်းဆက်ပေးရမလား၊ ရှင့်မိဘတွေဆီကိုလေ"

"မဆက်နဲ့၊ စိတ်ပူနေကြဦးမယ်၊ ဒီကိစ္စ ခဏကြာရင် အဆင်ပြေသွားမှာပါ၊ အဲဒီတော့မှပဲ ကျွန်တော် ဖုန်းဆက်လိုက်မယ်"

"ဒီည ရှင်အိမ်ပြန်လာမယ်ဆိုပြီး သူတို့မျှော်နေဦးမလား"

"ကျွန်တော်အစ်ကိုရစ်ကီဆီမှာပဲနေဦးမယ်လို့ပြောထားတယ်"

"ရှင် သေချာတယ်ဆိုလဲ ပြီးတာပဲ"

"သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ..သွားကြမယ်"

မစ်ရှိုက ပြောလိုက်ခြင်းဖြစ်သည်။ ဂျင်နီက....

"ဘာဖြစ်လို့ ဒီလောက်တောင်လောနေရတာလဲ၊ နောက်ထပ် အပြစ်မဲ့တဲ့ သူတစ်ယောက်ကို ဖမ်းစရာရှိသေးလို့လား"

မစ်ရှိုက ဂျင်နီအား စူးစူးရဲရဲကြည့်လိုက်ပြီး...

"ရှင် ဘာပြောစရာရှိလို့လဲ"

"ရှင်တို့ ဘယ်လိုလုပ်ကြမှာလဲ"

"လူတွေကို တန်းစီပြပြီးလစ်ဆာကိုရွေးခိုင်းမယ်လေ၊ အဲဒါဆို ကျေနပ်တယ် မဟုတ်လား ဒေါက်တာဂျင်နီ"

"ရပါတယ်"

○ ○ ○

## အခန်း (၉)

သူတို့စတီအား အပြာနုရောင်ကားကလေးနှင့်ခေါ်သွားသည်။ ရဲစုံထောက်မက ကားကိုမောင်းပြီး နှုတ်ခမ်းမွှေးနှင့်တုတ်ခိုင်သောလူကြီးတစ်ယောက်က သူ့မဘေးတွင်ထိုင်သည်။ တစ်ယောက်မျှ စကားမပြောကြ။

စတီနောင်တရစွာငြိမ်၍ပါလာ၏။ မိမိဂျင်နီ၏အခန်းတွင် အအေးခွက်ကို ကိုင်၍ထိုင်နေရမည့်အစား အဘယ်ကြောင့်လက်ထိတ်ကြီးနှင့် ဤကားထဲတွင်ပါလာရသနည်း။ မြန်မြန် စစ်ဆေးကြလျှင်ကောင်းမည်။

ရဲဌာနချုပ်မှာ ပန်းနုရောင်လိပ်သဲကျောက်များဖြင့်ဆောက်ထားသည့် အဆောက်အဦးဖြစ်သည်။ ခုနစ်လွှာအကဘားခန်းများနှင့်အပြာကားရပ်ရှင်ရုံများကြား တွင်တည်ရှိသည်။ ကားကိုအပေါ်သို့မောင်းတက်သွားပြီး အတွင်းဘက်ကားဂိုထောင် တွင်ကားကိုရပ်လိုက်ကြသည်။ ထိုကားဂိုထောင်ထဲတွင်ရဲကား အမြောက်အမြားနှင့် မိမိတို့စီးလာသည့်ကားကဲ့သို့ အပေါ်စားခပ်သေးသေးကားများပြည့်နေ၏။

သူတို့စတီအားဓာတ်လှေကားဖြင့် ခေါ်သွားပြီးမည်သူမျှမရှိသောအခန်းတစ် ခန်းထဲတွင်ထည့်ထားလိုက်သည်။ ထို့နောက် လက်ထိတ်ကိုချွတ်ပေးကာထားခဲ့၏။ တံခါးသော့ခတ်သွားကြမည်ထင်သည်။ သို့သော် သူသွားမကြည့်တော့။

အခန်းထဲတွင် စားပွဲတစ်လုံးနှင့် ပလတ်စတစ်ကုလားထိုင်နှစ်လုံးရှိသည်။ စားပွဲပေါ်တွင် ဆေးလိပ်ပြာခွက်တစ်ခွက်ရှိပြီး ဆေးလိပ်ပြာခွက်ထဲတွင် စီးကရက်အတို နှစ်ခုတွေ့ရသည်။ယင်းနှစ်ခုစလုံးအစီခံပါပြီး တစ်ခုတွင်နှုတ်ခမ်းနီပေနေသည်။ တံခါး

www.burmeseclassic.com

www.burmeseclassic.com



တွင်အလင်းပိတ်မှန်တစ်ခုတပ်ထားသည်။အပြင်ကိုကြည့်လျှင်မမြင်ရ။ အပြင်က ကြည့်လျှင်တော့ မိမိကိုမြင်မည်ထင်၏။

ဆေးလိပ်ပြာခွက်ကိုမြင်တော့ ဆေးလိပ်သောက်ချင်စိတ်ပေါ်လာသည်။ ဤအခန်းထဲတွင် တစ်ခုခုလုပ်နေဖို့တော့ ကောင်းသည်။ သူက လမ်းလျှောက်နေ၏။

မိမိ ဒုက္ခရောက်ဖွယ်တော့မရှိ။ ကွန်ပျူတာဖြင့်ဆွဲသည့်ပန်းချီပုံကို မိမိကြည့်ခဲ့ရသည်။ ထိုပုံမှာ မိမိနှင့်ခပ်ဆင်ဆင်တော့တူ၏။ သို့သော် မိမိမဟုတ်။ မိမိမှာ တရားခံနှင့်တူကောင်းတူမည်။ သို့သော် အခြားသူများနှင့်တန်းစီရပ်ပြလျှင် အစော်ကားခံရသည့်အမျိုးသမီးမိမိကိုရွေးထုတ်မည်မဟုတ်။ ထိုအမျိုးသမီးမှာ တရားခံကိုကောင်းကောင်းမြင်ခဲ့ကာ မျက်စိထဲတွင်စွဲနေမည်။ မှား၍ရွေးစရာတော့မရှိ။

သို့တစေ ရဲတွေမိမိအား ယခုလိုဖမ်းထားရန်အကြောင်းမရှိ။ မသင်္ကာမှုဖြင့်သာဖမ်းထားခြင်းဖြစ်ပြီး တစ်ညလုံးတော့ချုပ်ထားမည်မထင်။ မိမိမှာဥပဒေကိုလေးစားလိုက်နာသည့်နိုင်ငံကြီးသားတစ်ယောက်မဟုတ်လား။

အမေရိကန်တရားရေးစနစ်ကို မိမိကောင်းကောင်းသိနေသည်။ မိမိရှေ့နေငှားခွင့်ရှိသည်။ နောင်ဆိုလျှင် ပြစ်မှုကျူးလွန်သည့်အမှုသည်အတွက်ပင် မိမိက ကိုယ်စားဆောင်ရွက်ပေးရဦးမည်။ ထို့ကြောင့် တရားခံတစ်ယောက်အချုပ်ခံရစဉ် မည်သို့နေရသည်ကိုသိထားဖို့တော့လိုလိမ့်မည်။

တစ်ချိန်ကလည်းမိမိအချုပ်ခန်းသို့ရောက်ဖူးသည်။ ထိုစဉ်ကတော့ အသက် ၁၅ နှစ်သာရှိသေး၏။ ရဲဌာနသို့ မိမိ၏ဆရာတစ်ယောက် နှင့် သွားခဲ့ရခြင်းဖြစ်သည်။ ရဲဌာနတွင် မိမိ အပြစ်ကျူးလွန်မိသည်ကို ချက်ချင်းဝန်ခံကာ ဖြစ်ပျက်သမျှအလုံးစုံကိုပြောပြခဲ့သည်။ မိမိရရှိခဲ့သည့် ဒဏ်ရာများကိုကြည့်ပြီး တစ်ဖက်သတ်ထိုးကြိတ်ခြင်းမဟုတ်ကြောင်းသူတို့နားလည်သည်။ ထို့နောက်မိဘများရောက်လာပြီး မိမိအား ခေါ်ထုတ်သွားကြသည်။

သို့သော် ယခုတစ်ခါက မိမိအပြစ်ကျူးလွန်ခဲ့သည်လည်းမဟုတ်။

အမျိုးသမီးရဲစုံထောက်ဗိုင်တစ်ခုဖြင့်ရောက်လာသည်။ သူမက အပေါ်ဖုံးအင်္ကျီကိုချွတ်ထားခဲ့သည်။ ခါးတွင်တော့ သေနတ်ချိတ်ထားဆဲ။ အသက်၄၀ ခန့် ရုပ်ရည်သန့်ပြန့်သည့်လူမည်းအမျိုးသမီးဖြစ်ပြီး အနည်းငယ်တုတ်ခိုင်သည်။ လေသံက အပေါ်စီးဆန်လှ၏။ စတီသူမအားကြည့်ပြီး စိတ်သက်သာရာရသွားဟန်ဖြင့်...

"တော်ပါသေးရဲ့"

"ဘာအတွက်လဲ"

"ဖြစ်တာလည်း ဖြစ်ခဲ့တာပေါ့၊ ဒါပေမဲ့ကျွန်တော်ဒီမှာတစ်ညလုံးမနေနိုင်ဘူး"

"ခဏထိုင်ပါဦး"



စတီက ထိုင်လိုက်သည်။ သူမကဖိုင်ထဲမှစာရွက်တစ်ရွက်ကိုထုတ်၍ စားပွဲပေါ်သို့ချရင်း...

"ကျွန်မက ရဲကြပ်ကြီးမစ်ရှ်ပါ၊ရှင့်ရဲ့နာမည်အပြည့်အစုံနဲ့လိပ်စာကိုပြောပါ"

သူကပြောလိုက်တော့ မစ်ရှ်ကလိုက်ရေးသည်။

"အသက်"

"၂၂ နှစ်"

"ပညာအရည်အချင်း"

"ဘွဲ့ရပြီးသား"

သူမက ပုံစံထဲတွင် လိုက်ဖြည့်ပြီး စာရွက်ကိုစတီအားထိုးပေးလိုက်သည်။ စာရွက်တွင် ခေါင်းစည်းစာတန်းမှာ..

**ရဲဌာန၊ ဘော်လ်တီမိုးမြို့၊ မေရီလင်းပြည်နယ်။**

"အဲဒီပုံစံထဲမှာပါတဲ့ ဝါကျငါးကြောင်းကိုဖတ်ပါ၊ ပြီးရင်ဝါကျတစ်ကြောင်းစီရဲ့အဆုံးတွေမှာ လက်မှတ်ထိုးပေးပါ"

သူမက ဘောလ်ပင်ကိုလှမ်းပေးသည်။ စတီကဖတ်ပြီးလက်မှတ်ထိုးပေးလိုက်၏။ သူမကဆက်၍...

"ကျယ်ကျယ်ဖတ်ပါ"

"ကျွန်တော် စာတတ်၊ မတတ်သိချင်လို့လား"

"မဟုတ်ဘူး၊ နောက်ပိုင်းမှာရှင်ဟာစာမတတ်ပါဘူး၊ ကျွန်တော့်ရဲ့အခွင့်အရေးနဲ့ပတ်သက်ပြီး လာပြောပြတာလည်း မသိပါဘူးလို့လိမ်လို့မရအောင်ပါ"

ဤသည်နှင့်ပတ်သက်ပြီး တက္ကသိုလ်၌ မသင်ခဲ့ရ။ စတီကဖတ်သည်။

"လုပ်ဆောင်နိုင်သောအခွင့်အရေးများမှာ **တစ်** ဘာမျှမပြောဘဲ နေပိုင်ခွင့်ရှိသည်၊ **နှစ်** မိမိပြောသမျှရေးသမျှတွေကို တရားရုံး၌ မိမိအပေါ်စွပ်စွဲရန်အသုံးချခွင့်ရှိသည်၊ **သုံး** မေးမြန်းစစ်ဆေးမှုမပြုမီ သို့မဟုတ်မေးသည်များကိုမဖြေကြားမီ သို့မဟုတ် မေးမြန်းစစ်ဆေးနေစဉ်အတွင်း မိမိရှေ့နေနှင့်အချိန်မရွေးတိုင်ပင်ခွင့်ရှိသည်၊ **လေး** ရှေ့နေငှားရန်လိုသော်လည်းရှေ့နေမငှားနိုင်လျှင် တရားရုံးအားရှေ့နေငှားပေးရန်တောင်းဆိုနိုင်သည်၊ **ငါး** မေးမြန်းမှုများကိုဖြေကြားရန်သဘောတူပြီးသည့်အခါ ဖြေကြားမှုကိုအချိန်မရွေးရပ်ဆိုင်းနိုင်ပြီး ရှေ့နေကနောက်ထပ်မေးရန်တောင်းဆိုခွင့်ရှိသည်"

"ကဲ.. လက်မှတ်ထိုးလိုက်ပါ၊ ဒီနေရာနဲ့ ဒီနေရာ"

မစ်ရှ်ကလက်နှင့်ထောက်ပြကာပြောသည်။ စတီကလက်မှတ်ထိုးလိုက်ပြီး...

"အပြစ်ရှိတဲ့သူဆိုရင်ခင်ဗျားဒီလိုလျှောက်လုပ်နိုင်းလို့ဘယ်ရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြန်မပြောဘဲ စာရွက်ပေါ်တွင် လက်မှတ်ထိုးနေသည်။ ပြီးမှ စာရွက်ကို ဖိုင်ထဲထည့်ပြီး သူ့ကိုကြည့်ကာ...

"မင်းတော့ဒုက္ခတွေ့ပြီ စတီ၊ မင်းကိုကြည့်ရတာပုံမှန်လိုပါပဲ၊ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ပြောပြပါလား"

"ဘယ်လိုလုပ် ပြောရမှာလဲ၊ ကျွန်တော်မှ အဲဒီနေရာမှာမရှိတာ၊ ကျွန်တော်က အဲဒီတရားခံနဲ့တူနေလို့ဖြစ်မှာပေါ့"

သူမက ကျောမှီထိုင်ရင်း ခြေထောက်ကိုဆန့်တန်းလျက်သူ့ကို ရင်းနှီးစွာ ပြုံးပြကာ...

"ယောကျ်ားတွေအကြောင်းငါသိပါတယ်၊ အင်မတန်မှမှတ်သိပ်တတ်ကြတာ၊ ငါစဉ်းစားမိတာတစ်ခုပြောမယ်၊ မင်းကလူရိုးလေးဆိုတော့ မင်းကိုအဲဒီမိန်းကလေးကဟန်ရေးပြလိုက်သလားမှမသိတာ"

"ကျွန်တော် အဲဒီမိန်းမကို တွေ့မှမတွေ့ဖူးတာ"

သူပြောသည်ကိုဂရုမစိုက်ဘဲမစ်ရှ်ကစားပွဲကိုကျော်၍သူ၏လက်ကိုဖမ်းကိုင်ပြီး...

"ဒီအမျိုးသမီးဖြားယောင်းလို့ဖြစ်သွားတာထင်တယ်"

စတီ သူမ၏လက်များကိုကြည့်လိုက်သည်။ လက်သည်းများကိုသပ်သပ်ရပ်ရပ်ညှပ်ထားသော်လည်း အတော်ပင် ရင့်ရော်နေသည်။ သူမကမင်းနဲ့ငါနှစ်ယောက်ကြားပဲကွာဟူသောလေသံမျိုးဖြင့်....

"သူကတောင်းဆိုလို့ မင်းကလိုက်လျောလိုက်ရတာမဟုတ်လား"

"ခင်ဗျားက ဘာဖြစ်လို့အဲဒီလိုထင်ရတာလဲ"

စတီက ဒေါသဖြင့်မေးလိုက်သည်။

"မိန်းကလေးတွေအကြောင်းကိုငါသိပါတယ်၊သူတို့တွေဟာ ဒါမျိုးဖြစ်အောင် သူတို့ကပဲစတာ၊ နောက်ပိုင်းကျမှ စိတ်ပြောင်းသွားတတ်ကြတာ၊ဒါပေမဲ့ အဲဒီအချိန်ကတော့မရတော့ဘူး၊ ယောကျ်ားတွေကလည်း တားမရ၊ ဆီးမရဖြစ်ကုန်ရော"

"ကျွန်တော်သဘောပေါက်ပါပြီ၊ တရားခံကိုသူ့အတွက် သက်သာလိုသက်သာငြား အဲဒီနေရာမှာ ရိုးရိုးသားသားဖြစ်သွားပါတယ်လို့ ဝန်ခံအောင်လုပ်၊ အဲဒီလိုဝန်ခံလိုက်ရင် ခင်ဗျားအလုပ်ပြီးသွားရောပေါ့၊ မဟုတ်ဘူးလား"

အမျိုးသမီးရဲကြပ်ကြီးမှာ သူ့အားစိတ်ပျက်စွာစိုက်ကြည့်နေသည်။ မိမိစကားမှန်သွားသည်ဟု စတီတွက်လိုက်မိ၏။ သူမကထရပ်ပြီး..

"ကောင်းပြီ အကောင်စုတ်ကလေး၊ ငါနဲ့လိုက်ခဲ့"

"ဘယ်ကိုသွားမှာလဲ"



"အချုပ်ခန်းကို"

"နေပါဦး၊ ဘယ်တော့တန်းစီပြီးရွေးမိုင်းမှာလဲ"

"တရားလိုကိုရှာပြီးသွားခေါ်လာပြီးမှ"

"တရားရုံးအမိန့်မပါဘဲ ခင်ဗျားတို့ ကျုပ်ကိုချုပ်ချင်တိုင်းချုပ်ထားလို့မရဘူး"

"မင်းကို ဘာတရားရုံးအမိန့်မှမလိုဘဲ ၂၄ နာရီချုပ်ထားနိုင်တယ်၊ အဲဒီတော့ ပါးစပ်ပိတ်၊ ကဲသွားမယ်"

သူမ စတီအားဓာတ်လှေကားဖြင့်အောက်ထပ်သို့ခေါ်သွားသည်။ ထို့နောက် တံခါးပေါက်တစ်ခုမှတစ်ဆင့် ဂိတ်ဝသို့ရောက်လာ၏။ အချုပ်ခန်းစောင့်ရဲမှာ အသက် ၅၀ကျော်ခန့်ရှိလူမည်းကြီးတစ်ယောက်ဖြစ်၍ ခပ်ညှံ့ညှံ့ကောင်တာတစ်ခုတွင်ထိုင်နေသည်။ မစ်ရှ်က...

"ဟော့စပိုက်၊ ကောလိပ်ကျောင်းကလူလိမ်မှာလေးတစ်ယောက် ခေါ်လာတယ်"

သော့ကိုင်အချုပ်ခန်းစောင့်က ရယ်လျက်...

"လူလိမ်မှာလေးတစ်ယောက်ဆိုရင် ဒီအထဲရောက်လာပါ့မလား"

သူတို့ ရယ်ကြသည်။ နောက်ဆိုလျှင်ရဲတွေကိုဘယ်တော့မှ စကားမပြောတော့ဟု စတီ စိတ်ပိုင်းဖြတ်လိုက်သည်။ စပိုက်ဆိုသောရဲမှာ လူကောင်သေးသေး၊ ဆံပင်ဖြူဖြူ၊ နှုတ်ခမ်းမွေးနှင့်ဖြစ်သည်။ သူက သံတိုင်တံခါးကိုဖွင့်ပြီး...

"ခင်ဗျားအချုပ်ခန်းထဲဝင်ဦးမလား၊ ဝင်မယ်ဆိုရင်တော့ သေနတ်ကိုအရင်စစ်ကြည့်လိုက်ဦး"

"လောလောဆယ်တော့သူ့ကိုငါဘာမှဆက်လုပ်စရာမလိုပါဘူး၊ နောက်ပိုင်းကျမှလူတန်းစီပြဖို့လိုမယ်"

ပြောပြီး သူမလှည့်ထွက်သွားသည်။ သော့ကိုင်က စတီအား..

"ဒီဘက်ကိုသွား ချာတိတ်"

သူ အထဲသို့ဝင်သွားသည်။ အချုပ်ခန်းထဲသို့ သူရောက်နေခြင်းဖြစ်သည်။ ကြမ်းပြင်နှင့်နံရံများမှာရွံ့ရောင်များဖြစ်၏။ ပြတင်းပေါက်မရှိ။ ဓာတ်လှေကားမှာ တတိယထပ်တွင် ရပ်ခဲ့ခြင်းဖြစ်သည်။ မိမိ မြေအောက် ခန်းသို့ရောက်နေခြင်းဖြစ်သည်။ မြေညီထပ်သို့ရောက်အောင်တက်ရန်မှာ အတော်ပင်ကြာလိမ့်မည်။

အဝင်ဝအခန်းငယ်ကလေးထဲတွင်စားပွဲတစ်လုံးရှိ၍ ယင်းပေါ်တွင် ကင်မရာတစ်လုံးကိုထောင့်၌တင်ထားသည်။ စပိုက်ကပုံစံတစ်ရွက်ကိုယူ၍ ဖတ်ကြည့်နေသည်။ ယင်းမှာအကျဉ်းသားလှုပ်ရှားမှုအစီရင်ခံစာဖြစ်ကြောင်း ခေါင်းစည်းတွင်တွေ့လိုက်ရသည်။

ရဲကပုံစံကိုဖြည့်စွက်နေသည်။ ပြီးတော့သူကကြမ်းပြင်ပေါ်သို့လက်ညှိုး

www.burmeseclassic.com

www.burmeseclassic.com



ထိုးပြလျက်...

"အဲဒီနေရာမှာ သွားရပ်ပါ"

စတီ ကင်မရာရှေ့တွင် ရပ်လိုက်သည်။ စပိုက်ကခလုတ်ကို နှိပ်လိုက်ရာ ကင်မရာမီးရောင်လက်သွား၏။

"ဘေးစောင်းရပ်ပါဦး"

ကင်မရာမီး မှိန်သွားပြန်သည်။ ထို့နောက် စတီအားလက်ဗွေပုံစံယူသည်။ ထိုသို့ယူနေရင်း စပိုက်က...

"ဗဟိုထောင်ထဲမှာတော့ လက်ဗွေယူတာ ကွန်ပျူတာကိုသုံးတယ်၊ လက်ကို မင်သုတ်စရာမလိုဘူး၊ ဖန်သားပြင်ပေါ်မှာ လက်ကိုကပ်ပေးလိုက်ရုံပဲ၊ ဒီမှာတော့ စနစ်ဟောင်းနဲ့ပဲသွားနေရတယ်"

စတီမှာ ဥပဒေကို မချိုးဖောက်ပါဘဲလျက် ယခုလိုဖြစ်နေသည့်အတွက် ရှက်လာမိသည်။ အားလည်းငယ်လာ၏။ ဂျင်နီ၏အိမ်ရှေ့တွင်ရဲများသေနတ်နှင့် ချိန်ပြီး ကတည်းက မိမိ၏သိက္ခာဆိုသည်လည်းမရှိတော့။ လက်ဗွေနှိပ်ပြီးတော့ လက်ဆေးခိုင်းသည်။ စပိုက်ကခပ်နောက်နောက်လေသံဖြင့်...

"နေမယ့်အခန်းကို လိုက်ပြပါရစေ"

အချုပ်ခန်းတွေ ဝဲယာစီနေသောကြားမှ လာခဲ့ကြသည်။ အချုပ်ခန်းများ၏ လက်ျာဘက်အခြမ်းတွင် နံရံမရှိဘဲသံတိုင်များသာရှိသည်။ အချုပ်ခန်းထဲတွင် အပြင်မှ ကြည့်၍ အတိုင်းသားမြင်နေရ၏။ အချုပ်ခန်းတစ်ခုစီတွင်နံရံကပ် အိပ်စင်တစ်ခုနှင့်သံ မဏီခွက်အိမ်သာပေါက်တစ်ခု၊ လက်ဆေးခွက်တစ်ခုရှိကြ၏။ နံရံကပ်အိပ်စင်များကို လိမ္မော်ရောင်သုတ်ထားပြီးနံရံပေါ်တွင်ညစ်ညမ်းသောစာများဖြင့်ပွနေသည်။ အိမ်သာ ပေါက်မှာအဖုံးမရှိ။ အချုပ်ခန်းသုံးလေးခန်းတွင် အကျဉ်းသားတစ်ယောက်စီ အိပ်စင်ပေါ် ၌လှဲနေကြသည်။ သို့သော် အချုပ်ခန်းအများစုမှာအချုပ်သားမရှိကြ။ စပိုက်ကနောက် ပြောင်ကာ...

"ဒီဟိုတယ်မှာလူရှင်းတယ်ဗျ"

စတီတာမရယ်။ အချုပ်ခန်းတစ်ခန်းအရှေ့သို့အရောက်တွင်ရပ်၏ ရပ်လိုက်ကြ သည်။ သော့ဖွင့်နေစဉ်စတီအထဲကိုလှမ်းကြည့်လိုက်၏။ အထဲတွင်လုံးဝလုံခြုံမှုမရှိ။ အိမ်သာတက်ချင်လျှင် အချုပ်ခန်းရှေ့၌ လူတွေသွားနေသည့်ကြားကသည်အတိုင်း လူမြင်သူမြင်တက်ရမည့်သဘော။ အတော်ပင်ရှက်စရာကောင်းသည်။

စပိုက်က တံခါးကိုဖွင့်ပြီး စတီအား အချုပ်ခန်းထဲသို့သွင်းလိုက်သည်။ ပြီး တော့ တံခါးပြန်ပိတ်ကာ သော့ခတ်လိုက်၏။ စတီသည် အိပ်စင်ပေါ်တွင်ထိုင်လျက်...



"သေလိုက်ပါတော့၊ ဘယ်လိုနေရာကြီးလဲမသိဘူး"

"နောက်တော့ နေသားကျသွားမှာပါ"

စပိုက်ကပြောပြီးထွက်သွားသည်။ ခဏကြာတော့သူထမင်းထုပ်ကလေးနှင့် ရောက်လာပြီး...

"ညစာစားတာ နည်းနည်းကျန်သေးတယ်၊ ကြက်ကြော်နဲ့စားဦးမလား"

စတီက ထမင်းထုတ်ကိုတစ်လှည့်၊ အိမ်သာပေါက်ကိုတစ်လှည့်ကြည့်ကာ ခေါင်းရမ်းပြလျက်...

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော်မဆာတော့ပါဘူး"

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဘာရင်တန်က ရှန်ပိန်မှာလိုက်သည်။

ဂျင်နီအနေနှင့်မူ ယနေ့လို ပင်ပန်းသည့်နေ့မျိုးတွင် အရက်ကောင်းကောင်းကို ရေခဲကလေးနှင့်သောက်ချပစ်လိုက်ချင်သည်။ သို့သော် အရက်ပြင်းပြင်းတိုသောက်လျှင် အလုပ်ရှင်မကြိုက်မည်စိုး၍ မျိုသိပ်နေလိုက်၏။

ရှန်ပိန်ဆိုသည်မှာ မေတ္တာပျိုးသည့်သဘောသက်ရောက်သည်။ ယခင်တွေ့ဆုံခဲ့စဉ်အခါများက ဤလူကြီးသည် ပျူငှာသည့်သဘောလောက်သာရှိသည်။ ယခုကဲ့သို့ မေတ္တာရိပ်တွေမပြ။ သူမိမိအားရစ်နှောင်ချင်ပြီလား။ ထိုအတွေးကြောင့် ဂျင်နီစိတ်မသက်မသာဖြစ်ရသည်။ ဤသည်မှာမိမိအလုပ်ရှင်တည်း။

စတီအကြောင်း သူမသူ့ကိုမပြော။ စားသောက်နေရင်းပြောမိတော့မလိုအကြိမ်ကြိမ်ဖြစ်ခဲ့သည်။ သို့သော် မပြောဘဲနေခဲ့၏။ မိမိထင်သကဲ့သို့မဟုတ်ဘဲ စတီမှာရာဇဝတ်ကောင်တစ်ယောက်ဖြစ်နေသည်ဆိုလျှင်မိမိ၏သိက္ခာရိလုံးဝ မှားသွားပေမည်။ သို့သော်ထိုသို့မဖြစ်စေချင်။

ထိုအကြောင်းလစ်ဆာကိုပြောပြခဲ့သည်။ လစ်ဆာမှာ ထိုလူမိမိအလုပ်လုပ်သည့်စိတ်ပညာဌာနတွင်တစ်နေ့လုံးရှိနေပြီး သူ့ကိုဂျင်နီက အိမ်အထိပင်ခေါ်သွားလိုက်သေးသည်ဟူသောစကားကြောင့် လစ်ဆာအတော်ပင်ချောက်ချားခဲ့သေး၏။ ဂျင်နီကတော့ တရားခံမှာစတီမဖြစ်နိုင်ကြောင်းအခိုင်အမာပြောလိုက်သည်။ လူဖြူလူငယ်ကလေးတွေကို တန်းစီရပ်ပြသည့်အခါ သူမအားစော်ကားသွားသူကို လစ်ဆာ



ရွေးပြနိုင်မည်လား။ သူမ လူမှားပြီးရွေးမပြတန်ရာ။

မိခင်ထံသို့ ဂျင်နီဖုန်းပြောဖြစ်ခဲ့သေးသည်။ မိခင်ထံတွင်ပက်တီနှင့် သူ့ကလေးသုံးယောက်နှင့်ရောက်နေသည်။ စကားပြောပြီးတော့ မိခင်နှင့်ပတ်သက်၍ ဂျင်နီအနည်းငယ်စိတ်အေးသွားရသည်။

"ပင်လယ်ငါး စားလို့ကောင်းရဲ့လား"

ဘာရင်တန်၏အမေးကြောင့် ဂျင်နီအတွေးများပြတ်သွားရသည်။

"အရသာရှိတယ်၊ သိပ်နူးညံ့တာပဲ"

ဘာရင်တန်က သူ၏မျက်ခုံးမွေးများကို ညာဘက်လက်ညှိုးဖြင့်သပ်လိုက်သည်။ ဤသည်မှာကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူသည့်အမူအယာတစ်ခုဟု ဂျင်နီထင်သည်။ ဘာရင်တန်က...

"ကဲ.. ဆရာ မင်းကိုမေးမယ်၊ မင်း အမှန်အတိုင်းပြော"

သူက အလေးအနက်သဘောမဟုတ်သလိုပြုံး၍ပြောသည်။ ဂျင်နီက..

"ကောင်းပါပြီ"

"အချိုပွဲကိုကြိုက်တတ်သလား"

"ဟုတ်ကဲ့၊ ဒီလိုကိစ္စမျိုးကို အမှန်အတိုင်းမဖြေမယ့်မိန်းမမျိုးလို့ ဆရာကျွန်မကိုထင်သလား"

သူက ခေါင်းရမ်း၍..

"မင်းဟာဟန်ဆောင်တာသိပ်မရှိပါဘူး"

"ကျွန်မကိုသိုင်းသိုင်းဝိုင်းဝိုင်းမပြောတတ်ဘူးလို့တောင် အများကပြောကြတယ်"

"ဒါဟာ မင်းရဲ့ အကြီးမားဆုံးအားနည်းချက်ပဲ"

"ဒါကို အားနည်းချက်လို့ထင်ရင် ကျွန်မပြင်မှာပါ၊ ဆရာ့ရဲ့အကြီးဆုံးအားနည်းချက်ကဘာလဲ"

"ချစ်တတ်တဲ့စိတ်လေ"

"ဒါဟာအားနည်းချက်လား"

"ခဏခဏဆိုရင်တော့ အားနည်းချက်ပေါ့"

"တစ်ချိန်တည်းမှာ တစ်ယောက်တည်းမကလို့ ပြောဘာသင့်ဘယ်"

"ဟုတ်မှာပေါ့၊ လိုရိန်းလိုဂန်ဆိကို စာရေးပြီးမေးကြည့်ရဦးမယ်"

ဂျင်နီက ရယ်လိုက်သည်။ စတီအကြောင်းကို မပြောလိုသဖြင့်..

"မှန်းကြည့်ပေါ့"

မှန်းဆအဖြေထုတ်သည့်စကားမျိုး သူမိန်းမအတော်များများနှင့် ကစား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးပုံရသည်။ ဂျင်နီကအချိုပွဲထဲသို့ဇွန်းကိုစိုက်ထားလိုက်၏။ ဤသည်မှာလုပ်ငန်းသဘောသာဖြစ်ပြီး ညစာစားပွဲမဟုတ်။ မကြာမီမိမိနှင့်ဘာရင်တန်တို့အကြား ဘယ်လိုဆက်ဆံသွားရမည်ကိုမိမိဆုံးဖြတ်ရတော့မည်။

ယောကျာ်းတစ်ယောက်ကို မနမ်းရသည်မှာ တစ်နှစ်ခွဲခန့်ရှိပြီ။ မိမိ၏ချစ်သူမိမိအားစွန့်ခွာသွားပြီးနောက် မည်သည့်ယောကျာ်းနှင့်မျှလည်း မတွဲခဲ့။ ချစ်သူဟောင်းကိုတမ်းတနေ၍တော့မဟုတ်။ သူ့ကိုလည်းမချစ်တော့ပြီ။ သို့တစေ ယောကျာ်းများကိုရှောင်လာမိ၏။

သို့သော် သီလရှင်တစ်ယောက်လိုတော့ နေမသွားချင်။ အချိုပွဲစားနေသောဘာရင်တန်အား သူမမျက်လွှာပင့်ကြည့်လိုက်၏။ သူ၏နိုင်ငံရေးအယူအဆမှတစ်ပါး သူသည်သဘောကျစရာကောင်းသည့် ယောကျာ်းတစ်ယောက်ဖြစ်သည်။ သူသည်လူတော်တစ်ယောက်လည်းဖြစ်၏။ မိမိ၏အမျိုးသားသည်ငယ်သောသူဖြစ်ရမည်။ သူ၏သိပ္ပံလုပ်ငန်းကြောင့်သူ့ကိုလေးစားမိသည်။ သူ့ကိုယ်လုံးကသွယ်လျလျ၊ ကျစ်ကျစ်လျစ်လျစ်ရှိသည်။ မျက်လုံးကလည်းအပြာရောင်။

အသက်တော့အတော်ကြီးနေပြီ။ ရင့်ကျက်သည့်ယောကျာ်းကိုတော့ ဂျင်နီသဘောကျသည်။သို့သော်ဤမျှရင့်ရော်သူတော့မဟုတ်။ အကယ်၍သူချဉ်းကပ်လာလျှင်မိမိအလုပ်ကိုစွန့်လွှတ်ပြီးငြင်းနိုင်ပါမည်လား။ သူ၏ချဉ်းကပ်မှုကိုဖခင် တစ်ယောက်လိုသဘောထားဟန်နေလိုက်မည်။သို့ဆိုလျှင် သူ့ကိုစော်ကားရာလည်းမကျတော့။

သူမ ရှန့်ပိန်ကို တစ်ငုံသောက်လိုက်သည်။ စားပွဲထိုးက သူမဖန်ခွက်အားထပ်ဖြည့်ပေး၏။ မိမိ မည်မျှသောက်မိသည်မသိ။ မိမိကားမောင်းရမည်မဟုတ်သဖြင့်တော်သေးသည်။

ထို့နောက်ကော်ဖီများမှာလိုက်ကြ၏။ အနည်းငယ်အမူးပြေစေရန် ဂျင်နီကခါးခါးမျော်နိုင်းသည်။ ငွေရှင်းပြီးသောအခါ ဓာတ်လှေကားဖြင့်ကားရပ်သည့်နေရာသို့ဆင်းလာကြ၏။ ဘာရင်တန်၏ ငွေရောင်ကားကြီးရှိရာဆီသို့လာခဲ့ကြသည်။

ဘာရင်တန်သည် ကမ်းနားဘက်မှပတ်မောင်းပြီးအဝေးပြေးလမ်းမပေါ်သို့မောင်းတက်ရင်း....

“ဟိုဟာထောင်ကြီးလေ၊ အဲဒီအထဲမှာ လောကရဲ့အဆိုးအမိုက်တွေရောက်နေကြတာပေါ့”

ထိုအထဲတွင် စတီတစ်ယောက် ရောက်နေပြီလားဟု ဂျင်နီတွေးနေမိသည်။ သူမ၏အိမ်ရှေ့တွင်ကားကိုထိုးရပ်လိုက်တော့သူမက...

“ဂဲ ဆရာ၊ ကျေးဇူးတင်ပါတယ်”



သူ မိမိအား လက်ဆွဲ၍နှုတ်ဆက်မည်လား၊ နမ်း၍နှုတ်ဆက်မည်လား။ နမ်း၍နှုတ်ဆက်လျှင်တော့ပါးကိုသာထိုးပေးလိုက်မည်။ သို့သော် သူကထိုသို့တစ်ခုမှမလုပ်ဘဲ..

“အိမ်ကဖုန်းမကောင်းလို့ ဖုန်းတစ်ချက်လောက်ထပ်ဆက်ချင်တယ်၊ မင်းဖုန်းနဲ့ဆက်ပါရစေနော်”

“ဟင့်အင်း၊ မဖြစ်ဘူး၊ အများသုံးဖုန်းနဲ့သွားဆက်ပါ”

ဟူ၍ မပြောဖြစ်ခဲ့။ သက်ပြင်းခိုးလေးကိုချရင်း...

“ရပါတယ်၊ အပေါ်ကိုလိုက်ခဲ့လေ”

မိမိ သူ့ကိုကော်ဖီဖြင့်ဧည့်မခံဘဲရှောင်၍ရပါမည်လား။

သူမ ကားထဲမှ လျင်မြန်စွာထွက်၍ ဝရန်တာကလေးများကိုဖြတ်ကျော်ကာလျှောက်လာသည်။အိမ်ရှေ့တံခါးပေါက်မှ ဝင်ဝင်ချင်းဝင်ပေါက်စင်္ကြံခန်းမလေးတစ်ခုရှိသည်။ ထိုခန်းမတွင် တံခါးနှစ်ပေါက်ရှိ၍တစ်ပေါက်မှာ မြေအောက်ထပ်သို့ဆင်းသည့်လှေကားပေါက်ဖြစ်သည်။

သူမအံ့အားသင့်ကာမျက်မှောင်ကြုတ်လိုက်မိ၏။ သူမတံခါးမှာပွင့်နေသည်။

သူမ တံခါးပေါက်မှဝင်ပြီး လှေကားအတိုင်းတက်လာသည်။ အပေါ်ဘက်တွင်လည်းမီးတွေဖွင့်ထား၏။ ထူးဆန်းနေမှသည်။ မိမိတို့ထွက်တုန်းက မိုးမချုပ်သေး။ လှေကားမှတက်လိုက်သည်နှင့်မိမိဧည့်ခန်းသို့ရောက်သည်။ သူမအထဲသို့ ဝင်လိုက်သည်နှင့်အသံကုန်အော်လိုက်မိ၏။

သူသည် ရေခဲသေတ္တာရှေ့တွင် ဖော်ဒကာပုလင်းကိုကိုင်လျက်ရပ်နေသည်။ သူ့ပုံမှာ ညစ်ပတ်ပေရေနေပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေနှင့်။ သူမနောက်ဘက်ဆီမှ ဘာရင်တန်က..

“ဘာဖြစ်လို့လဲဟင်”

“ကိုယ့်အခန်းကို လုံခြုံအောင်လုပ်ထားမှပေါ့ဂျင်နီ၊ မင်း သော့ကိုငါဖွင့်တာ ၁၀စက္ကန့်လောက်ပဲကြာတယ်”

သူမအိမ်သို့ ကျူးကျော်ဝင်ရောက်သူက ပြောနေခြင်းဖြစ်သည်။ဘာရင်တန်က..

“သူကဘယ်ကကောင်လဲ”

ဂျင်နီက တုန်ယင်သောအသံဖြင့်..

“ဘယ်တုန်းကထောင်ကလွတ်လာသလဲအဖေ”

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

တန်းစီပြရမည့်အခန်းမှာ အချုပ်ခန်းနှင့် အထပ်တစ်ထပ်တည်းတွင်ဖြစ်သည်။ထိုအခန်း၏ရှေ့ကပ်လျက်ရှိသောအခန်းကျဉ်းကလေးထဲတွင် စတီအရွယ်လူ ခြောက်ယောက်ရောက်နေသည်။သူတို့ရဲတွေဖြစ်မည်ထင်၏။သူတို့ကစတီကို စကား လည်းမပြော။ မျက်လုံးချင်းဆိုင်၍လည်းမကြည့်။သူ့ကိုရာဇဝတ်ကောင်တစ်ယောက် ပမာသဘောထားကြပုံရသည်။

မိမိတွင် အပြစ်မရှိကြောင်း၊ မိမိ ရာဇဝတ်ကောင်တစ်ယောက်မဟုတ်ကြောင်း ပြောလိုက်ချင်သည်။

သူတို့ကဝတ်ဆင်လာသည့်နာရီနှင့်လက်ပတ်ရတနာများကိုချွတ်ကာ စက္ကူနှင့်လုပ်ထားသည့်ဘောင်းဘီ၊ အင်္ကျီတစ်ဆက်တည်းဝတ်စုံကိုဝတ်ဆင်နေကြသည်။ သူတို့ပြင်ဆင်နေစဉ် လူငယ်တစ်ယောက်ဝင်လာပြီး-

"တရားခံဘယ်သူလဲ"

"ကျွန်တော်ပါ"

စတီက ပြောလိုက်သည်။ ထိုလူက

"ကျွန်တော်က ပြည်သူ့ကာကွယ်ရေးအရာရှိပါ၊ ဒီမှာတန်းစီပြတာ မှန်ကန်မှုရှိ၊မရှိလာပြီးကြည့်ရတာပါ၊ ခင်ဗျား ဘာမေးစရာရှိသေးလဲ"

"အခု ဒါပြီးရင်ကျုပ်ကိုဘယ်တော့ပြန်လွှတ်မှာလဲ"

"တရားလိုက ခင်ဗျားကိုရွေးထုတ်မပြဘူးဆိုရင်တော့ နောက်နှစ်နာရီလောက်



ဆိုရင်လွှတ်မှာပါ"

"နှစ်နာရီတောင်လား၊ ကျုပ်ကအချုပ်ခန်းထဲပြန်ဝင်ရဦးမှာလား"

"ဟုတ်ပါတယ်"

"ဘုရား၊ ဘုရား"

"ခင်ဗျားကို အမြန်ဆုံးပြန်လွှတ်အောင် ကျုပ်ပြောပေးပါ့မယ်၊ဘာမေးစရာရှိသေးလဲ"

"မရှိတော့ပါဘူး"

သူပြန်ထွက်သွားသည်။ အချုပ်ခန်းစောင့်တစ်ယောက်ကသူတို့နှစ်ယောက်အားအခန်းတစ်ခန်းရှိ စင်မြင့်တစ်ခုပေါ်သို့ခေါ်သွားသည်။ စင်မြင့်၏အနောက်ဖက်တွင် နောက်ခံကန့်လန့်ကာတစ်ခုချထား၏။ ကန့်လန့်ကာပေါ်တွင် အရပ်အမြင့်ကိုဖော်ပြသည့်အမှတ်အသားများရေးထားသည်။တစ်မှတစ်ဆယ်အထိတစ်ဦးချင်း၏အမှတ်စဉ်များကိုလည်းရေးထား၏။ အားကောင်းကောင်းမီးရောင်တစ်ခုကသူတို့အပေါ်သို့ထိုးထားသည်။ ထို့နောက်စင်မြင့်နှင့် အခန်း၏ကျန်အပိုင်းကို မှန်လိုက်ကာတစ်ခုဖြင့်ကာရံပိုင်းခြားထားသည်။ မှန်လိုက်ကာကိုကျော်၍ ဘာမျှတော့မမြင်ကြရ။သို့သော် အသံတွေကိုတော့ကြားနေရသည်။

ခြေသံများနှင့်တီးတိုးပြောသံများကိုခေတ္တမျှကြားနေရ၏။အားလုံးယောကျ်ားသံများသာဖြစ်သည်။ ထို့နောက်မိန်းမတစ်ယောက်၏ခြေသံကိုကြားလိုက်ရ၏။ ခဏကြာတော့ တစ်စုံတစ်ရာကိုဖတ်ပြနေသလို ယောကျ်ားသံတစ်ခုကိုကြားနေရသည်။

"ခင်ဗျားရှေ့မှာလူခုနစ်ယောက်ရပ်နေတယ်၊ သူတို့ကိုနံပါတ်တွေတပ်ထားကြတယ်၊ ခင်ဗျားကိုတစ်စုံတစ်ရာလုပ်တဲ့သူ၊ ဒါမှမဟုတ် ခင်ဗျားရှေ့မှာ တစ်စုံတစ်ရာလုပ်တဲ့သူကို သူတို့ရဲ့နံပါတ်အတိုင်းရွေးထုတ်ပြပါ၊ နံပါတ်ကိုပဲပြောပါ၊ သူတို့ကိုတစ်ခုခုပြောခိုင်းချင်ရင် ပြောစေချင်တဲ့စကားကိုကျွန်တော်တို့ကိုပဲပြောပါ၊ ကျွန်တော်တို့ ပြောခိုင်းပေးပါ့မယ်၊ သူတို့ကိုကျောခိုင်းရပ်စေချင်ရင် ဒါမှမဟုတ် ဘေးစောင်းရပ်စေချင်ရင်လည်း သူတို့အားလုံးတစ်ညီတစ်ညာတည်းလုပ်ပြပါလိမ့်မယ်၊ ခင်ဗျားကိုတစ်စုံတစ်ခုလုပ်တဲ့သူ၊ ဒါမှမဟုတ် ခင်ဗျားရှေ့မှာတစ်စုံတစ်ခုလုပ်တဲ့သူကိုမှတ်မိပါသလား"

အသံတွေအားလုံးတိတ်ဆိတ်သွားသည်။ မိမိကိုရွေးထုတ်မပြဟု သိလျက်နှင့် စတီမှာ တစ်ကိုယ်လုံးတောင့်တင်းနေမိသည်။ပြောလိုက်သော တီးတိုး။မိန်းမသံတစ်ခုက..

"သူက ဦးထုပ်ဆောင်းထားတာ"

မိမိအသက်အရွယ်လောက်ရှိမည်ဖြစ်သော လူလတ်တန်းစားပညာတတ်အမျိုးသမီးတစ်ယောက်ဖြစ်မည်ဟု စတီ ခန့်မှန်းမိသည်။ အမျိုးသားအသံက

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာဦးထုပ်တွေရှိပါတယ်၊ သူတို့အားလုံးကိုဦးထုပ်ဆောင်းပြနေစေချင်သလား"

"ကက်ဦးထုပ်ပါ၊ ဘော့စ်ဘောကစားတဲ့ကက်ဦးထုပ်မျိုးပါ"

သူမ၏အသံတွင် ပူပန်သောကဟန်များ ပါနေသည်။ သို့သော် တစ်စုံတစ်ရာဆုံးဖြတ်ထားပြီးပုံလည်းရ၏။ အထစ်အငေါ့မရှိ။ မည်သို့ပင်ပူပန်သောကရောက်နေသည်ဖြစ်စေ အမှန်တရားကို ပြောမည့်မိန်းမမျိုး ဖြစ်ဟန်တူသည်။ စတီ အနည်းငယ်စိတ်အေးသွားရ၏။

"ဟိုဘီရိုထဲမှာ ဘော့စ်ဘောကက်ဦးထုပ်၇လုံးရှိလားကြည့်လိုက်စမ်း"

အတော်ကလေးကြာသွားသည်။ စတီမှာစိတ်မရှည်နိုင်သဖြင့် အံကိုကြိတ်ထားလိုက်မိ၏။ ရဲစုံထောက်တစ်ယောက်စင်ပေါ်တက်လာပြီး ဦးထုပ်တစ်ယောက်တစ်လုံးစီပေးသွားသည်။ သူတို့ဦးထုပ်တွေကိုဆောင်းပြီးသောအခါ ရဲစုံထောက်ထွက်သွားတော့သည်။

မှန်လိုက်ကာ၏ဟိုမှာဘက်ဆီမှ မိန်းမတစ်ယောက်ရှိုက်သံကိုကြားလိုက်ရသည်။ ယောကျ်ားအသံက စောစောကစကားများကိုပြန်ရွတ်နေပြန်သည်။

"ခင်ဗျားမှတ်မိသလား၊ မှတ်မိရင်နံပါတ်ကိုရွေးထုတ်ပြပါ"

"နံပါတ်လေး"

သူမက ငိုသံနှော၍ပြောလိုက်သည်။စတီက သူ့နောက်ဘက်မှကန့်လန့်ကာ တွင်ချိတ်ထားသည့် သူ၏နံပါတ်ကိုကြည့်လိုက်သည်။ မိမိနံပါတ်မှာ 'လေး'။ သူက အော်ဟစ်ကာ..

"မဟုတ်ဘူး၊ ဒါမမှန်ဘူး၊ ကျုပ်လုပ်တာမဟုတ်ဘူး"

ယောကျ်ားသံက

"နံပါတ်လေး အစရပြောတာကြားလိုက်လား"

"ကြားတယ်၊ ဒါပေမဲ့ကျုပ်လုပ်တာမဟုတ်ဘူး"

တန်းစီနေသည့်ကျန်လူများစင်ပေါ်မှဆင်းသွားကြသည်။ စတီမှာမှန်လိုက်ကာကိုစိုက်ကြည့်ရင်း တောင်းပန်နေဟန်လက်နှစ်ဖက်ကိုဆန့်ကားလျက်

"ဖြစ်မှဖြစ်ရလေဗျာ၊ ကျုပ်ကို ဘာဖြစ်လို့ ခင်ဗျားရွေးထုတ်ရတာလဲ၊ ခင်ဗျားကို ကျုပ် ဘယ်လိုနေလဲတောင် ကျုပ်မမြင်ဖူးတာ"

တစ်ဖက်မှ ယောကျ်ားသံက..

"အစ်မဘာမှမပြောနဲ့နော်၊ အခုလိုလာရောက်ကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ ဒီတက်ကထွက်ပါ"



"တစ်ခုခုမှားနေပြီဗျာ၊ ခင်ဗျားမသိဘူးလား"

စတီက အော်ဟစ်ကာ ပြောနေ၏။

အချုပ်ခန်းစောင့်က ရောက်လာပြီး

"ကဲ ပြီးသွားပြီကောင်လေး၊ သွားကြစို့"

စတီ သူ့ကိုစိုက်ကြည့်လိုက်သည်။ ထိုအကောင်သေးသေးလေးကို သွားတွေကျွတ်ကာ ပါးစပ်ထဲဝင်သွားအောင်ထိုးပစ်လိုက်ချင်သည်။ဤသည်ကို အချုပ်ခန်းစောင့် ကသဘောပေါက်သွားပြီးမျက်နှာတင်းကာ

"ပြဿနာမရှာနဲ့ကွာ၊ မင်းမှာ ပြေးစရာလမ်းမရှိတော့ဘူး"

ပြောပြီး သူကစတီ၏လက်ကို သံညှပ်ပမာသန်မာသောလက်ကြီးများဖြင့် ဖမ်းကိုင်လိုက်သည်။ ငြင်းဆန်နေ၍လည်း မရတော့။

စတီမှာကျောကိုကြိမ်တုတ်ဖြင့် ရိုက်လိုက်သလိုခံစားနေရသည်။ သူ၏ပခုံးများညွတ်ကျသွားသည်။ဒေါသဖြစ်လွန်းသဖြင့်..

"ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်လိုဖြစ်ရတာလဲဗျာ"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ဘာရင်တန်က…

"အဖေ ဟုတ်လား"

ဂျင်နီမှာ မိမိလျှာကို ကိုက်ဖြတ်ပစ်ချင်စိတ်ပင်ပေါက်မိသည်။

"ဘယ်တုန်းက ထောင်ကလွတ်လာတာလဲအဖေ"

ဟု မိမိပြောလိုက်သည်မှာ အတော်ပင်မှားသွားသည်။ စောစော ကလေးကမှ လောက၏အဆိုးအမိုက်တွေ ထိုထောင်ထဲတွင် ရှိနေသည်ဟုဘာရင်တန်ပြောခဲ့သေးသည်မဟုတ်လား။

သူမ အတော်ပင်ရှက်သွားမိသည်။ မိမိ၏ဖခင်မှာ ဖောက်ထွင်းသူခိုးဟု မိမိအလုပ်ရှင်သိသွားသည်မှာအတော်ပင်မကောင်းလှ။ နောက်ပြီး ကိုယ်တိုင်ဖခင်ကို မြင်သွားသည်မှာသာ၍ပင်ဆိုးသေးသည်။သူ့မျက်နှာပေါ်တွင်လဲကျထားသည့်ဒဏ်ရာဒဏ်ချက်တွေနှင့်။ မုတ်ဆိတ်မွေးတွေကလည်းရက်ပေါင်းများစွာ မရိတ်ရသေး။ အဝတ်အစားတွေကလည်း ညစ်ပတ်ပြီးနံစော်နေသည်။ သူမမှာရှက်လွန်းသဖြင့် ဘာရင်တန်ကိုပင် လှည့်မကြည့်ရဲ။

တစ်ချိန်ကဆိုလျှင် ဖခင်အတွက်မိမိမရှက်ခဲ့ရ။သူနှင့်ယှဉ်လျှင် အခြားဖခင်များမှာ စိတ်ပျက်စရာပင်ကောင်းနေသေးသည်။ သူက ချောမောလှပပြီး ပျော်ရွှင်တတ်သည်။ သစ်လွင်သောအဝတ်အစားတွေနှင့် အိတ်ထဲတွင်ငွေအပြည့်ထည့်ကာ အိမ်သို့ပြန်လာတတ်သည်။ ရုပ်ရှင်တွေကြည့်၊ အဝတ်အစားအသစ်တွေဝယ်၊ ရေခဲမုန့်တွေစားခဲ့



ရသည်။ မိခင်ကလည်း ညဝတ်အင်္ကျီလှလှကလေးဝယ်ကာ ကိုယ်ရေစစ်အောင်အစားရှောင်လိုက် သေးသည်။

ထို့နောက် တစ်ခါသူအိမ်ကထွက်သွားပြန်သည်။ အသက်ဇနှစ်သမီးအရွယ်လောက်ကျမှအဖြစ်မှန်ကို ဂျင်နီသိရ၏။ကလေးအချင်းချင်းမခံချင်အောင်ပြောရင်းဖခင်ထောင်ကျနေမှန်းသိရသည်။ အသက်ဇနှစ်သမီးအရွယ်မှာပင် တစ်သက်လုံး မသန်မစွမ်းဖြစ်သွားတော့မည်ကဲ့သို့ခံစားရသည်။ထို မလုံမလဲစိတ်ကိုဖျောက်မရခဲ့။

ယခုတော့ မိမိ၏အလုပ်ရှင်ရှေ့တွင် ဖခင်မုတ်ဆိတ်မွေးဗရပျစ်နှင့်ညစ်ပတ်ပေရေကာရပ်နေပြန်လေပြီ။ ဂျင်နီက

"ဒါက ပါမောက္ခ ဘာရင်တန်ဂျုန်းပါ၊ ဆရာ ဒါကျွန်မအဖေ ပီတီဖာရာမီပါ"

ဘာရင်တန်မှာ အတော်ယဉ်ကျေးသူဖြစ်သည်။ သူက ဖခင်အားလက်ဆွဲနှုတ်ဆက်လျက်..

"တွေ့ရတာဝမ်းသာပါတယ် မစ္စတာဖာရာမီ၊ ခင်ဗျားရဲ့သမီးကတော့ အင်မတန်တော်ပါတယ်"

"ဟုတ်မယ်မထင်ပါဘူး"

ဖခင်က ပီတီပြုံးကလေးဖြင့် ပြုံးလိုက်သည်။ ဂျင်နီက..

"ကဲ ဆရာ၊ ကျွန်မတို့ရဲ့မိသားစုလျှို့ဝှက်ချက်ကို ဆရာအခုသိသွားပြီနော်၊ အဖေဟာ ကျွန်မဘွဲ့ရတဲ့နှစ်မှာပဲ တတိယအကြိမ်ထောင်ကျခဲ့တယ်၊ထောင်ဒဏ်ရှစ်နှစ်ခံခဲ့ရတယ်လေ"

ဖခင်က ..

"အမှန်က ၁၅ နှစ်လောက်ကျရမှာ၊ အဲဒီတစ်ခါတုန်းက ငါတို့သေနတ်တွေ တောင်ပါတယ်"

"အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်အဖေ၊ ကျွန်မရဲ့အလုပ်ရှင်ကတော့ အဖေ့ကိုအတော်အထင်ကြီးသွားပြီ"

အဖေ စိတ်ထိခိုက်သွားပုံရသည်။ ကြောင်၍လည်းသွား၏။ မကျေနပ်သည့်ကြားကသူ့ကိုသနား၍ပင် သွားသေးသည်။ သူ၏အားနည်းချက်က သူ့ကိုရောမိသားစုကိုပါထိခိုက်စေခဲ့၏။သူသည်သဘာဝတရား၏ချို့ယွင်းချက်တစ်ခုပေတည်း။ ဂျင်နီလေ့လာခဲ့သည့်ရှုပ်ထွေးသောဒီအင်န်အေဖွဲ့စည်းမှုအရ လူသားမျိုးနွယ်တိုင်းမွေးဖွားသည့်စနစ်တွင် လူတစ်ယောက်နှင့်တစ်ယောက်အနည်းငယ်စီကွဲပြားအောင် ဖန်တီးထားပေသည်။ တစ်ခါတစ်ရံ အိုင်းစတိုင်း၊ လူဝီအမ်စထရောင်း၊ အင်ဒရူးကာနေဂျီတို့ကဲ့သို့ လူတော်များပေါ်လာနိုင်ပြီး တစ်ခါတစ်ရံကျတော့ပီတီဖာရာမီကဲ့သို့ မှစ်ကျန်ကြပြန်သည်။ ဘာရင်တန်ကို အလျှင်ပြန်အောင်လုပ်ရမည်။ ထို့ကြောင့် သူမက

www.burmeseclassic.com



"ဆရာ ဖုန်းဆက်ချင်တယ်ဆိုရင် အိပ်ခန်းထဲကဖုန်းကိုသွားဆက်လေ"

"အင်း မဆက်ရင်လည်းရပါသေးတယ်"

တော်ပါသေးရဲ့။ သူမက လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းလိုက်ပြီး

"ဒီညနေ ခေါ်ကျွေးတဲ့အတွက်ကျေးဇူးတင်ပါတယ် ဆရာ"

"ရပါတယ်၊ သွားမယ်နော်"

သူက ကမန်းကတန်းလက်ဆွဲနှုတ်ဆက်ပြီးထွက်သွားသည်။ ဂျင်နီက ဖခင်ဘက်သို့လှည့်လျက်..

"ဒါကဘယ်လိုဖြစ်တာလဲ"

"ကောင်းကောင်းမွန်မွန်နေထိုင်လို့ဆိုပြီး လျှော့ရက်နဲ့လွှတ်လိုက်တယ်၊ အခုလွှတ်ပြီလေ၊ လွှတ်လွှတ်ချင်းငါ့သမီးလေးကိုတွေ့ချင်လို့"

"သုံးရက်လောက်မှုးပြီးမှတွေ့ချင်တယ်ဆိုပါတော့"

သူ၏မရိုးသားမှုမှာ သိသာပေသည်။ ဂျင်နီ၏စိတ်ထဲ၌ ဖြစ်နေကျ ဒေါသပြန်ဖြစ်ရသည်။ မိမိတွင် အခြားဖခင်များလို ဖခင်မျိုး အဘယ်ကြောင့်မရှိရသနည်း။

"လိမ္မာစမ်းပါ သမီးရယ်"

ဒေါသဖြစ်နေရာမှ ဝမ်းနည်းမိလာပြန်သည်။ မိမိတွင်ဖခင်ကောင်းမရှိခဲ့။ ဘယ်တော့မှလည်းရှိမည်မဟုတ်။ သူမက

"အဲဒီပုလင်းပေးဝါ၊ ကော်ဖီဖျော်ပေးမယ်"

သူက မပေးချင်ပေးချင်ဖြင့် ဗော်ဒကာပုလင်းကို လှမ်းပေးသည်။ ဂျင်နီက ရေစဲသေတ္တာထဲသို့ ပြန်ထည့်လိုက်၏။ ပြီးတော့ ကော်ဖီဖျော်စက်ထဲသို့ ရေထည့်ကာ ခလုတ်ဖွင့်လိုက်သည်။ ဖခင်က သူမအား

"သမီးတောင်အတော်ကလေးရင့်လာပြီပဲ၊ သမီးဆံပင်ကြားမှာ ဆံပင်ဖြူလေးတွေတောင်တွေ့နေရပြီ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

သူမက မတ်ခွက်ထဲသို့ မလိုင်နှင့်သကြားများကိုထည့်လိုက်သည်။ ဖခင်က ဆက်၍..

"သမီးအမေကလည်း စောစောဆံပင်ဖြူတယ်"

"အဲဒါ အဖေ့ကြောင့်လို့သမီးထင်တယ်"

"အဖေသူ့ဆီကိုသွားသေးတယ်၊ သူအဲဒီမှာမနေတော့ဘူး"

"အမေ ရိပ်သာကိုရောက်နေပြီလေ"

"အိမ်နီးနားချင်းတွေကလည်း အဲဒီလိုပြောလိုက်တယ်၊ မစ္စက် မင်ဒီဇာပေးလို့



သမီးရဲ့လိပ်စာကိုရခဲ့တာ၊ သမီးအမေကိုအဲဒီလိုနေရာမျိုးမှာမထားစေချင်ဘူး"

"ဒါဆိုလည်း သွားခေါ်လိုက်လေ၊ သူဟာအဖေ့မိန်းမပဲ၊ အိမ်သေးတစ်ရှာပြီး တိုက်ခန်းကောင်းကောင်းတစ်ခန်းဝယ်၊ အမေ့ကိုပြုစုပေါ့"

"အဖေ အဲဒီလိုလုပ်လို့မရဘူးဆိုတာအသိသားနဲ့၊ ဘယ်တော့မှလည်း ဒီလိုလုပ်နိုင်မှာမဟုတ်ဘူး"

"ဒါဆိုရင်လည်း သမီးလုပ်ထားတဲ့ကိစ္စကိုမဝေဖန်နဲ့ပေါ့"

"သမီးကိုအဖေမပြောပါဘူး၊ အဲဒီလိုနာမကျန်းရိပ်သာမျိုးမှာ သမီးအမေရောက်နေတာ စိတ်မကောင်းတဲ့အကြောင်းပြောတာပါ"

"သမီးလည်းမထားချင်ဘူး၊ ပက်တီကလည်းမထားချင်ဘူး၊ သမီးတို့ ပိုက်ဆံစုပြီး အမေ့ကိုအဲဒီနေရာကခေါ်ထုတ်မလို့၊ တကယ်တော့ အဖေဒီနေရာကထိုင်ပြီး အပြစ် ပြောနေတာပဲလွန်လှပြီ"

ဝမ်းနည်းစိတ်ကြောင့် ကျလုလုမျက်ရည်ကိုထိန်းထားလိုက်ရ၏။ ဖခင်က..

"အေးပါ၊ အေးပါ"

သူ့ကြောင့်ခံစားရမှုများမခံစားချင်တော့။ ထို့ကြောင့် စကားပြောင်းလိုက်သည်။

"ကဲ အဖေ အခုဘာလုပ်မလဲ၊ ဘာအစီအစဉ်ရှိသလဲ"

"ခဏတော့လှည့်ပတ်ကြည့်လိုက်ဦးမယ်"

ဓားပြတိုက်၍ရမည့်နေရာကို လိုက်ကြည့်ဦးမည်ဟုဆိုသည့်သဘော။ ဂျင်နီ ဘာမျှမပြောတော့။ တကယ်တော့ သူကသူနိုး၊ မိမိပြုပြင်၍လည်းရမည်မဟုတ်တော့။

သူက ချောင်းဆိုးနေရာမှ

"အဖေ့ကို ပိုက်ဆံနည်းနည်းပေးကွာ၊ ဒါမှ အဖေ့ဘဝလေးပြန်စလို့ရမှာ"

သူ မိမိကို ရှူးအောင်လုပ်နေပြန်ပြီ။ သူမက လေသံမာမာဖြင့်

"ကျွန်မပြောမယ်၊ အဖေရေချိုးနေတုန်း ကျွန်မအဖေ့အဝတ်တွေလျှော်ပေးမယ်၊ ဖိုပုလင်းကိုအဖေမကိုင်ရင် အဖေ့အတွက်ကြက်ဥနဲ့ပေါင်မုန့်မီးကင်လုပ်ပေးမယ်၊ ပြီးတော့ ညဝတ်ဘောင်းဘီယူဝတ်ပြီးဟိုခုံရှည်ပေါ်မှာအိပ်၊ ဒါပေမဲ့ အဖေ့ကိုတော့ ပိုက်ဆံမပေးဘူး၊ အမေ့ကိုဒါထက်ကောင်းတဲ့ နေရာ ပြောင်းထားဖို့ကြိုးစားနေတာ၊ ငွေကိုအလုအယက်ရှာနေရတယ်၊ ကျွန်မမှာ ခုတစ်ပြားမှမရှိဘူး"

"ကောင်းပါပြီ သမီးရယ်၊ အဖေနားလည်ပါပြီ"

ဂျင်နီ သူ့ကိုလှမ်းကြည့်သည်။နောက်ဆုံးတွင် ရှက်စိတ်၊ ဒေါသစိတ်၊ သနား

www.burmeseclassic.com



စိတ်များအားလုံးပြေပျောက်သွားတော့ သူ့အပေါ်ချစ်ခင်တမ်းတစိတ်များသာ ပေါ်လာတော့၏။ သူ့ကိုတစ်နေရာရာတွင်အတော်ကြာကြာနေပြီး အလုပ်တစ်ခုလုပ်ကာ တည်တည်ငြိမ်ငြိမ်နေစေချင်သည်။ ဖခင်ပီသသော ဖခင်မျိုးဖြစ်စေချင်သည်။ သို့ရာတွင် မိမိ၏ဆန္ဒဘယ်တော့မှပြည့်မည်မဟုတ်။ နှလုံးသားထဲ၌ အဖေ့အတွက်နေရာတစ်နေရာရှိသည်။ သို့သော် ထိုနေရာမှာအမြဲလစ်ဟာနေ၏။

တယ်လီဖုန်းမြည်လာသည်။ ဂျင်နီကကောက်ကိုင်ကာ..

"ဟဲလို"

လစ်ဆာကဆက်ခြင်းဖြစ်သည်။ စိတ်မကောင်းသည့်အသံပါနေ၏။

"ဂျင်နီဟိုဟာသူဖြစ်နေတယ်"

"ဘယ်သူ့ဟာ"

"မင်းရေ့မှာဖမ်းဆွဲတဲ့သူလေ၊ တန်းစီပြတဲ့အထဲက ငါသူ့ကိုရွေးထုတ်ပြလိုက်တယ်၊ ငါ့ကိုစော်ကားသွားတာသူပဲ၊ စတီလိုဂန်"

"သူကဒီလိုကောင်မျိုးဟုတ်လား၊ သေချာရဲ့လားဟာ"

"သေချာပါတယ် ဂျင်နီ၊ သူ့မျက်နှာကိုပြန်မြင်လိုက်တော့ ငါမှတ်လိုက်တာဟာ၊ ပထမတော့ ငါမပြောနိုင်ဘူး၊ သူ့မှာ ဦးထုပ်မပါလို့လေ၊ အဲဒီတော့ ရဲစုံထောက်ကသူတို့အားလုံး ဦးထုပ်တွေဆောင်းခိုင်းလိုက်တော့ ငါသေသေချာချာကိုမှတ်မိသွားတယ်"

"လစ်ဆာ၊ မဖြစ်နိုင်ဘူးထင်တယ်ဟာ"

"နင် ဘာကိုဆိုလိုတာလဲ"

"အဲဒါဆိုရင် သူ့ကိုစမ်းသပ်စစ်ဆေးထားတာတွေအားလုံးမှားကုန်ပြီ၊ သူနဲ့ ငါ အချိန်တော်တော်ကြာကြာစကားပြောခဲ့တာပဲသူမဖြစ်နိုင်ဘူးဆိုတာ ငါသိနေတယ်"

"ငါက သူ့ကိုမှတ်မိနေတာပဲ"

"သိပ်အံ့သြတယ်၊ ငါတော့နားမလည်နိုင်အောင်ပါပဲဟာ"

"ဒါဆိုရင် နင်ရဲ့သီဝရီမှားသွားနိုင်လို့လား၊ အမြွာနှစ်ယောက်မှာ တစ်ယောက်ကကောင်းပြီး၊ တစ်ယောက်ကဆိုးစေချင်တာလား"

"ဟုတ်တယ်၊ ဒီအထောက်အထားပျက်ပြီဆိုရင်တော့ ငါ့ရဲ့သီအိုရီသက်သေပြနိုင်မှာမဟုတ်တော့ဘူး"

"နင့်ရဲ့ပရောဂျက်ဒီတစ်ခုကြောင့်ပျက်သွားမယ်ဆိုရင်တော့ငါ စိတ်မကောင်းပါဘူးဟာ"



"သူမဟုတ်နိုင်ဘူးလို့ပြောတာဒါကြောင့်မဟုတ်ဘူး၊ အင်း ဒါကြောင့်လည်းဖြစ်ချင်ဖြစ်မှာပေါ့လေ၊ ငါမသိတော့ဘူးဟာ၊ နင်အခုဘယ်မှာလဲ"

"အိမ်မှာ"

"နင်နေကောင်းရဲ့လား"

"အေး၊ နေကောင်းပါတယ်၊ အခု သူ့ကို ထောင်ထဲမှာချုပ်ထားလိုက်ပြီ"

"သူ့ကိုကြည့်ရတာ လူကောင်းတစ်ယောက်ပါ"

"အဲဒီလိုလူမျိုးက အဆိုးဆုံးပဲလို့မစ်ရှိုကပြောတယ်၊အပြင်ပန်းက လူကောင်းတစ်ယောက်လို့ထင်ခဲ့တဲ့လူဟာ အင်မတန်ကျွမ်းကျင်ပါးနပ်ပြီး အင်မတန်ရက်စက်တယ်တဲ့၊ မိန်းမတွေကိုနှိပ်စက်ရမှကျေနပ်ကြတယ်တဲ့"

"ဘုရား၊ ဘုရား"

"ငါ အိပ်တော့မယ်ဟာ၊ ငါ ပင်ပန်းနေတယ်၊ အဲဒါနင့်ကိုပြောချင်လို့၊ နင်ဒီညနေဘာတွေလုပ်သလဲ"

"ဒီလိုပါပဲဟာ၊ မနက်ဖြန်မှပြောပြမယ်"

"ရစ်ချ်မွန်မြို့ကိုငါနင်နဲ့လိုက်ချင်ပါသေးတယ်"

ဒင်းနစ်ပင်ကာကို သွားရောက်တွေ့ဆုံမေးမြန်းသည့်အခါ လိုက်ကူညီဖို့ လစ်ဆာအားခေါ်သွားရန်ဂျင်နီစီစဉ်ထားသည်။ သူမက..

"နင်လိုက်ချင်ရဲ့လား"

"အေးဟာ၊ငါလည်းပုံမှန်နေသလိုနေသွားချင်တယ်၊ငါကနေမကောင်းနေတာမှမဟုတ်တာ၊ အနားယူပြီးအားမွေးနေစရာမလိုပါဘူး"

"ဒင်းနစ်ပင်ကာဟာ စတီလိုဂန်ရဲ့အမြွာညီအစ်ကိုဖြစ်နိုင်တယ်နော်"

"ငါသိပါတယ်"

"အေးလေ၊ နင့်ကိုယ်နင်စိတ်ချတယ်ဆိုရင်လည်း ပြီးတာပါပဲ"

"ငါ မနက်စောစောနင့်ဆီဖုန်းဆက်လိုက်မယ်"

"ကောင်းပြီလေ၊ ဂွတ်နိုက်"

ဂျင်နီ လေးကန်စွာတိုင်ချလိုက်သည်။ စတီ၏စိတ်အနေအထားများသည် အပေါ်ယံမျက်နှာဖုံးစွပ်ထားသည့်သဘောမျိုးမဟုတ်။ အကယ်၍ ယခုပြောသည့်အတိုင်းသာမှန်လျှင် လူတစ်ယောက်၏စရိုက်အပေါ်ဆုံးဖြတ်မှု မိမိအစွမ်းပင်ညံ့ဖျင်းသွားခြင်းဖြစ်သည်။တော်တော်ညံ့သည့် သိပ္ပံပညာရှင် တစ်ယောက်လည်းဖြစ်မှာမည်။ ထိုအခါရုပ်တူအမြွာတို့တွင်စရိုက်ဆိုးတွေလည်း တူသွားကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသက်ပြင်းချလိုက်မိ၏။ သူမ၏စရိုက်ဆိုးဖခင်ကတော့ဘေးတွင် ထိုင်လျက်..။

"ဟိုပါမောက္ခဆိုတဲ့လူကရုပ်ရည်တော့မဆိုးပါဘူး၊ ဒါပေမဲ့ အဖေ့ထက်တောင်အသက်ကြီးသေးတယ်၊သူနဲ့သမီးနဲ့ဘယ်လိုလဲ"

ဂျင်နီက နှာခေါင်းရှုံ့ပြလိုက်သည်။ ပြီးတော့..

"ရေချိုးခန်းကဟိုအထဲမှာ အဖေ"

○ ○ ○

## အခန်း (၁၃)

မေးမြန်းစစ်ဆေးပြီးအခန်းထဲသို့ စာတိကိုပြန်ပို့လိုက်ကြသည်။ စီးကရက်တိုနှစ်ခုဆေးလိပ်ပြာခွက်ထဲတွင်ရှိနေဆဲ။ အခန်းကမပြောင်းလဲ။ မိမိသာလျှင် ပြောင်းလဲခဲ့သည်။ ပြီးခဲ့သည့် ၃နာရီလောက်ကမှ မိမိသည်ဥပဒေကိုလေးစားလိုက်နာသည့်နိုင်ငံကြီးသားတစ်ယောက်။ ၂၅မိုင်နှုန်းမောင်းရသည့်ဒေသတွင် ကားကိုမိုင်၆၀မောင်းခဲ့သည့်အဖြစ်မှလွဲ၍ဘိုမလုပ်ခဲ့။ယခုတော့တရားလိုကစွပ်စွဲသဖြင့် အဖမ်းခံ၍နေရသောမုဒိမ်းကောင်ဖြစ်၍နေပေပြီ။ တရားဥပဒေယန္တရားထဲ၌ မိမိရာဇဝတ်ကောင်ဖြစ်နေလေပြီ။ မိမိဘာမှမလုပ်ခဲ့မှန်းသိလျက်သိမ်ငယ်သည့် ရှက်စိတ်များကိုဖျောက်ဖျက်၍မရ။

စောစောက အမျိုးသမီးရဲစုံထောက်ရဲကြပ်ကြီးမစ်ရှိနှင့်တွေ့သည်။ ယခုအမှုတွဲဖိုင်တစ်ခုကိုကိုင်၍ဝင်လာသူကမူ အခြားအမျိုးသားတစ်ယောက်ဖြစ်နေ၏။ ဆံပင်ဖြူတွေ၊ နှုတ်ခမ်းမွေးထိုးထိုးထောင်ထောင်တွေနှင့်ထိုလူက စီးကရက်ဘူးကိုဖွင့်ကာ တစ်လိပ်ကိုထုတ်၍မီးညှိပြီး မီးခြစ်ဆံကိုဆေးလိပ်ပြာခွက်ထဲသို့ထည့်လိုက်သည်။ ပြီးတော့သူကဖိုင်ကိုဖွင့်လိုက်သည်။ဖိုင်ထဲတွင်အခြားပုံစံ စာရွက်တစ်ရွက်ဖြစ်၏။ ထိုပုံစံ ခေါင်းစဉ်မှာ...

မေရီလင်းပြည်နယ်၊ ခရိုင်တရားရုံး။

ဟု ပါရှိသည်။ အောက်တွင်စာမျက်နှာကိုကော်လံ ၂ခုခွဲ၍ တစ်ခုတွင်စစ်ဆေးသူ၊ အခြားတစ်ခုတွင်စစ်ဆေးခံရသူဟူ၍ ခေါင်းစဉ်တပ်ထားသည်။ ယင်းတို့

www.burmeseclassic.com

www.burmeseclassic.com



၏အောက်တွင်စွဲချက်ဟုခေါင်းစဉ်တပ်ထားပြန်သည်။

ရဲစုံထောက်မှာ စကားမပြောဘဲ ပုံစံကိုဖြည့်နေသည်။ ဖြည့်ပြီးတော့ မင်ခံဖြင့် အောက်တွင်ထပ်ထားသောစက္ကူလေးရွက်ကိုစစ်ဆေးနေ၏။ ထို့နောက် ပြန်၍ဖတ် နေသည်။ သူဖတ်ပြမှ တရားလိုအမျိုးသမီး၏အမည်မှာ လစ်ဆာဖြစ်ကြောင်း သိလိုက် ရသည်။ စတိက..

"သူက ဘယ်လိုပုံမျိုးလဲဟင်"

ရဲစုံထောက်က သူ့ကိုကြည့်ပြီး...

"မင်းသောက်ပါးစပ်ကိုပိတ်ထားစမ်း"

စတိ အတော်ဖင်အားငယ်သွားသည်။ ထိုလူမိမိအားဆဲနေသည်ကို မိမိ ဘာမှပြန်မလုပ်နိုင်၍ဖြစ်သည်။ မိမိသိက္ခာကျ အားငယ်အောင်နှိမ်နေသည့်သဘောပင်။ သူ့ကို အပြင်တစ်နေရာ၌ သေနတ်မပါဘဲတွေ့လိုက်ချင်စမ်းပါဘိဟု စိတ်ထဲ၌ ကြိမ်းဝါးနေမိသည်။

ရဲစုံထောက်ကစွဲချက်များကိုရေးဖြည့်နေသည်။ သူကအခင်းဖြစ်သည့် အခြေ အနေနှင့်နေရာတို့ကိုရေးလိုက်သည်။ ထိုအောက်တွင် 'အဆင့်တစ် အတင်းအဓမ္မ ကြံစည်မှု' ဟုရေးလိုက်သည်။ထိုအောက်တွင် နေ့စွဲကိုတစ်ခါရေးလိုက်ပြီးနောက် 'အတင်းအဓမ္မကြံစည်ရန်ရည်ရွယ်ချက်ဖြင့်ထိုးကြိတ်တိုက်ခိုက်မှု' ဟု ရေးလိုက်သည်။

တစ်ဖန်ဒုတိယစာမျက်နှာပေါ်တွင်စွဲချက်ကိုထပ်ဖြည့်ပြန်သည်။ 'အတင်း အဓမ္မကြံစည်မှု' နှင့် 'သွေးသားသောင်းကျန်းမှု' ဟုရေးလိုက်သည်။ စတိက အံ့အား သင့်ကာ..

"သွေးသားသောင်းကျန်းမှု ဟုတ်လား"

"မင်း သောက်ပါးစပ်ကိုပိတ်ထားစမ်း"

စတိ သူ့ကိုလက်သီးဖြင့်ထိုးပစ်ချင်စိတ်ပေါက်လာသည်။ ဤသည်မှာ မိမိ ကိုတမင်လုပ်နေခြင်းဖြစ်၏။ မိမိကိုဆွနေခြင်းဖြစ်သည်။ မိမိသူ့ကိုထိုးလိုက်လျှင် ဤ သည်ကိုအကြောင်းပြု၍ အခြားလူသုံးယောက်ကိုခေါ်ကာမိမိကိုချုပ်ထားခိုင်းပြီး အတင်းကန်ကြေ ာ်ထိုးကြိတ်လုပ်တော့မည်။ မိမိထိုး၍မဖြစ်။

သူရေးပြီးသောအခါ ပုံစံနှစ်ရွက်ကိုစတိထံထိုးပေးလျက်..

"မင်းကတော့အကြီးအကျယ်ဒုက္ခတွေ့ပြီစတိ၊ မင်းဟာ မိန်းကလေးတစ် ယောက်ကိုထိုးကြိတ်၊ အဓမ္မကျင့်ကြံပြီးသွေးသားသောင်းကျန်းခဲ့တယ်"

"ကျွန်တော်မလုပ်ဘူးဗျ"



"တိတ်စမ်း"

စတိ နှုတ်ခမ်းကိုကိုက်လျက် ငြိမ်နေလိုက်ရသည်။

"မင်းဟာဆိုးသွမ်းနေတဲ့လူ့ရမ်းကား၊ အလကားကောင်၊ လူကောင်း၊ သူကောင်းတွေဟာ မင်းနဲ့တောင်တစ်ခန်းတည်းနေရဲမှာမဟုတ်ဘူး၊ မင်းဟာ မိန်း ကလေးတစ်ယောက်ကိုထိုးကြိတ်ပြီး အဓမ္မစော်ကားခဲ့တယ်၊ ဝေါသိသလောက် မင်း ဒီလိုလုပ်တာ ပထမဆုံးအကြိမ်မဟုတ်ဘူး၊ အရင်တုန်းကလည်းလုပ်ခဲ့ဖူးတယ်၊ မင်းကသေသေချာချာစီမံပြီး ကျူးလွန်တယ်၊ ပြီးတော့လွတ်အောင်ပြေးခဲ့တာချည်းပဲ၊ ဒါပေမဲ့ ဒီတစ်ခါတော့မိပြီ၊ မင်းစော်ကားခဲ့တဲ့လူက မင်းကိုရွေးထုတ်ပြသွားပြီ၊ တခြား မျက်မြင်သက်သေတွေကလည်းအခင်းဖြစ်တဲ့နေရာ၊ အခင်းဖြစ်တဲ့အချိန်လောက်မှာ မင်းကိုတွေ့ခဲ့တယ်လို့ထွက်ဆိုခဲ့တယ်၊ နောက်တစ်နာရီလောက်ဆိုရင် ရဲကြပ်ကြီး မစ်ရှိက တရားရုံးမင်းကြီးဆီမှာဖမ်းဝရမ်းယူပြီး မင်းကိုဆေးရုံပို့၊ ဆေးစစ်ရမယ်၊ မင်းရဲ့ ဒီအင်န်အေနဲ့ တရားလိုမှာတွေ့တဲ့ဒီအင်န်အေတွေကိုတိုက်ပြီး စစ်ကြည့်မယ်"

"အဲဒီ ဒီအင်န်အေစစ်တာဘယ်လောက်ကြာမလဲ"

"မင်း သောက်ပါးစပ်ကိုပိတ်ထားစမ်း၊ မင်း ဘာမှမလုပ်နိုင်တော့ဘူး စတိ၊ မင်းဘာဖြစ်နေလဲဆိုတာမင်းသိလား"

စတိက ဘာမျှမပြောတော့။ သူက ဆက်၍...

"အဆင့်တစ် အဓမ္မစော်ကားမှုအတွက်ထောင်တစ်သက်ကျနိုင်တယ်၊ မင်း ကိုထောင်ပို့ရမယ်၊ အဲဒီကိုပို့လိုက်ရင်မင်းဘာဖြစ်လဲသိလား၊ မင်းပြန်ဝင့်လည်တော့ မယ်၊ မင်းဟာလူချောကလေးပဲ၊ လစ်ဆာကိုမင်းလုပ်သလိုမင်းပြန်ခံရတော့မယ်၊ အဲဒီလိုမျိုး နှစ်ပေါင်းများစွာမင်းခံရမယ်"

သူက စကားကိုရပ်ပြီး စီးကရက်ဘူးကိုကောက်ယူကာ စတိအားကမ်းသည်။ စတိမှာအံ့အားသင့်သွားပြီးခေါင်းခါလိုက်သည်။ သူက စီးကရက်တစ်လိပ် မီးညှိရင်း...

"ဒါထက် ငါ့နာမည်က ရဲစုံထောက်ဘရီယန်အလက်စတန်လို့ခေါ်တယ်၊ ဒါဟာ မင်းကိုငါဘာဖြစ်လို့ပြောမိတယ်မသိဘူး၊ ဘာပဲဖြစ်ဖြစ်မင်းသိထားဖို့လိုတယ်"

စတိ မျက်မှောင်ကြုတ်၍စူးစမ်းသလိုကြည့်နေသည်။ နောက်ဘာပြော ဦးမည်မသိ။ ထို့နောက် ရဲစုံထောက်သည်ထကာစားပွဲကိုပတ်လျှောက်လာပြီး စားပွဲ စွန်းတွင်ထိုင်လျက် စတိဘေးသို့ကပ်ကာ တီးတိုးကလေးပြောနေသည်။

"စတိ မင်းကိုငါရှင်းပြဦးမယ်၊ ဒီအမှုမျိုးဟာ ကာယကံရှင်ရဲ့ဆန္ဒပါဘဲ၊ အလိုမတူဘဲ အင်အားသုံးလို့ဖြစ်စေ၊ အင်အားသုံးမယ်လို့ခြိမ်းခြောက်လို့ဖြစ်စေ၊ ကျူးလွန်တာမျိုးကိုခေါ်တာ၊ ဒါကို အဆင့်တစ်အမှုလို့ခေါ်တယ်၊ ဒါထက်ပိုဆိုးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးဆွဲတာတို့၊ လူတို့ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်တာတို့၊ အများနဲ့ဝိုင်းပြီး အဓမ္မစော်ကားတာတို့ဆိုတာတွေလည်းပါတယ်၊ အဆင့်နှစ်ဖြစ်တဲ့အမှုမျိုးကျတော့ ပြစ်ဒဏ်ကသက်သာတယ်၊ ဒီတော့ မင်းဟာ အဆင့်နှစ်ဖြစ်မှုမျိုးကျူးလွန်ခဲ့ပါတယ်လို့ ငါ့ကိုပြောရင်မင်းအတွက်အများကြီးသက်သာမယ်"

စတီ ဘာမျှမပြော။ ရဲစုံထောက်က…

"မင်းတို့ ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ငါ့ကိုပြောပြပါလား"

နောက်ဆုံးတွင် စတီက…

"ခင်ဗျား သောက်ပါးစပ်ကိုပိတ်ထားစမ်း"

ရဲစုံထောက်မှာ အဖော်ပငီလျှင်သည်။ စားပွဲမှခုန်ဆင်းကာစတီအား အင်္ကျီရင်ဘတ်ကိုလှမ်းဆွဲဆုပ်ကိုင်ပြီး အပေါ်သို့မ,တင်ကာ နံရံတွင်ပစ်ကပ်လိုက်သည်။ စတီ၏ဦးခေါင်းမှာ နောက်သို့လန်ကာ နံရံနှင့်ဆောင့်မိသဖြင့်တော်တော်နာသွားသည်။

စတီငြိမ်၍ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကာဘေးတွင်ချထားလိုက်မိသည်။ မိမိပြန်လုပ်၍မဖြစ်။ ပြန်ထိုး၍မရ။ ရဲစုံထောက်မှာအတော်ကလေးဝသည်။ သူ့ကိုမိမိအချိန်မရွေးထိုးလှဲပစ်နိုင်သည်။ သို့သော် စိတ်ကိုချုပ်ထားလိုက်ရ၏။ မိမိစိတ်ကိုသူဆွလာစေကာမှ ထိုအတွက်မိမိသူ့ကိုထိုးလိုက်မိပါက မိမိအပြစ်ရှိသူတစ်ယောက်ပြန်ဖြစ်သွားပေမည်။ သို့ဆိုလျှင် မိမိအရှုံးပေးရတော့မည်။ ထို့ကြောင့်ရဲစုံထောက်က သူ့ကိုပြန်ချပြီး နံရံနှင့် သုံး၊ လေးကြိမ်ပြန်ဆောင့်နေစဉ် အတွင်းအံကို ကြိတ်ကာခံနေမိသည်။ ရဲစုံထောက်က…

"မင်းငါ့ကိုဘယ်တော့မှ ဒီလိုမပြောနဲ့၊ ကလေကချေကောင်"

စတီ၏ဒေါသများလွှင့်ပါးကုန်သည်။ ရဲစုံထောက်လုပ်နေသည်မှာမိမိနာပင်မနာ။ သူ ခြိမ်းခြောက်နေခြင်းသာဖြစ်ကြောင်း သဘောပေါက်လိုက်ပေသည်။ ရဲစုံထောက်၏သရုပ်ဆောင်ပုံကမပီပြင်လှ။ သူက အကြမ်းကိုင်ခြင်းဖြစ်ပြီး မစ်ရှိုက အနုနှင့်ကိုင်ခြင်းဖြစ်သည်။ ခဏကြာတော့ သူမရောက်လာပြီး မိမိကိုကော်ဖီတိုက်ကာ မိတ်ဆွေပမာချဉ်းကပ်လာနိုင်သည်။ သို့သော် ဤသည်မှာလည်းရဲစုံထောက်၏ အကြံအစည်အတိုင်းလာလုပ်ခြင်းဖြစ်မည်။ မိမိမမြင်ဖူးသေးသည့် လစ်ဆာဆိုသည့် မိန်းကလေးအား အဓမ္မစော်ကားမိကြောင်းဝန်ခံစေရန်ဖြစ်သည်။ စတီက…

"အပိုတွေလုပ်မနေနဲ့ဗျာ၊ ခင်ဗျားအလကားလူဆိုတာကျုပ်သိတယ်၊ တကယ်လို့တခြားတစ်နေရာမှာ ခင်ဗျားနဲ့ကျုပ် ခင်ဗျားရဲ့ ခါးကသေနတ်မပါဘဲတွေ့မယ်ဆိုရင်ခင်ဗျားတို့ကျုပ် အမှုန့်ချေပစ်လို့ရတယ်၊ ဟုတ်,မဟုတ် စမ်းကြည့်တဲ့အထိဖြစ်မလာအောင် တော်ကြရင်ကောင်းမယ်"

ရဲစုံထောက်မှာအတော်ဖင်အုံအားသင့်သွားသည်။ စတီကြောက်ပြီး စကား



ပင် မပြောနိုင်ဖြစ်နေမည်ဟုသူထင်ခဲ့၏။ သူက စတီ၏အင်္ကျီရင်ဘတ်ကိုလက်မှလွှတ်ပြီး တံခါးပေါက်ဆီသို့ထွက်သွားသည်။ ပြီးတော့ သူက…

"မင်းဟာလူတော်ကလေးလို့ပြောနေကြတယ်၊ မင်းပညာတတ်တဲ့အတွက် မင်းကိုငါဘာလုပ်မလဲသိလား၊ မင်းကိုအချုပ်ခန်းထဲခဏပြန်ပို့ထားမယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ မင်းမှာအဖော်ရှိမှာပါ၊ အဲဒီမှာမင်းဝက်ကြီးဆိုတဲ့ ကောင်ကြီးနဲ့တွေ့ရမယ်၊ မင်းကိုယ့်မင်းထွားကြိုင်းလှပြီမထင်နဲ့၊ ဟိုကောင်ကြီးကမင်းထက်ထွားတယ်၊ သုံးရက်လုံးလုံးမူးယစ်ဆေးဝါးသုံးလာလို့သူအခုခေါင်းကိုက်နေတယ်၊ မင်းဟိုအမှုကျူးလွန်နေတဲ့အချိန်မှာပဲ သူလည်း သူ့ရဲ့ရည်းစားကို ပန်းခြံသုံးခက်ရင်းနဲ့ထိုးသတ်ပစ်လိုက်တယ်၊ မင်းတို့တစ်ယောက်ကိုတစ်ယောက်အသုံးတော်ခံကြပေတော့၊ ကဲသွားကြစို့"

စတီ အတော်ကြောက်သွားသည်။ သူ၏သတ္တိတွေလွင့်ပျောက် ကုန်ကြသည်။ အကာအကွယ်မဲ့ကာ အရှုံးပေးရတော့မည်ကဲ့သို့ခံစားနေရ၏။ ရဲစုံထောက်သည်မိမိအားကြီးကြီးကျယ်ကျယ်ခြိမ်းခြောက်စရာမလို။ စိတ်ဓာတ်ကျအောင်လုပ်နေသည်။ စိတ်ရူးပေါက်သူတစ်ယောက်နှင့် တစ်ညအတူနေရမည်ဆိုသည်မှာ အတော်ပင်အန္တရာယ်များသည်။

ဤသားသတ်သမားစရိုက်နှင့်လူကြီးမှာလူသတ်မှုတစ်ခုကို ကျူးလွန်ခဲ့ပြီးဖြစ်သည်။ နောက်ထပ်အမှုတစ်ခု ကျူးလွန်၍လည်း သူ့အတွက်ပိုမဆိုးနိုင်။ စတီက ကတုန်ကရင်ဖြင့်…

"ခဏနေပါဦး"

ရဲစုံထောက်က ခပ်ဖြည်းဖြည်း ပြန်လှည့်ကြည့်ရင်း…

"ဘာလဲ"

"ကျွန်တော်ဝန်ခံရင်အခန်းသွတ်တစ်ခုမှာကျွန်တော်တစ်ယောက်တည်းနေရမှာလား"

"နေရမှာပေါ့"

သူ့မျက်နှာပေါ်တွင်စိတ်သက်သာရာရသွားဟန်ရှိသည်။ သူ့အသံဂုဏ်လည်း ချက်ချင်းပင်ရင်းနှီးဟန်ပေါက်လာသည်။ လေသံပြောင်းသွားသဖြင့် မကျေမချမ်းစိတ်ပေါ်လာကာ…

"တကယ်လို့ ကျုပ်ဝန်မခံဘူးဆိုရင် သားသတ်သမားဝက်ကြီး သတ်တာကိုခံရမယ်ပေါ့"

ရဲစုံထောက်က ဤအတိုင်းပဲဆိုသည့်သဘောဖြင့်လက်နှစ်ဖက်ကို ဖြန့်ပြသည်။ စတီ၏စိတ်မှာ ကြောက်နေရာမှမုန်းတီးစိတ်သို့ပြောင်းသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်လည်း စုံထောက်မင်းရယ်သွားသေးလိုက်တော့ဗျာ"

ရဲစုံထောက်မျက်နှာပေါ်တွင် အံ့အားသင့်ဟန်များ ပေါ်လာပြီး..

"မိမစစ်၊ ဖမစစ်ကောင်၊ အေးမင်းနောက်ထပ်နှစ်နာရီလောက် ခေါင်းမာနိုင်ဦးမလားဆိုတာကြည့်ရသေးတာပေါ့၊ ကဲလာ"

သူက စတီအား ခုတ်လှေကားဖြင့် အချုပ်ခန်းများရှိရာသို့ခေါ်လာသည်။ အချုပ်ခန်းထောင့်အား...

"ဒီလူယုတ်မာကို ဝက်ကြီးရဲ့အခန်းထဲမှာထည့်ထားလိုက်"

အချုပ်ခန်းစောင့် စပိုက်က မျက်ခုံးများပင့်တင်လိုက်ပြီး..

"ဒါလောက်တောင်ဆိုးနေသလား"

"အေးကွ၊ ဒါထက်ပို ဟောဒီစတီဆိုတဲ့ကောင်ဟာအိပ်မက်မက်ပြီး ထယောင်တတ်တယ်"

"ဒီလောက်တောင်ပဲလား"

"သူ့အော်သံကြားရင်ထကြည့်မနေနဲ့၊ သူအိပ်မက်မက်ပြီးအော်နေတာ"

"သိပါပြီ"

ရဲစုံထောက်ထွက်သွားသောအခါ စပိုက်က စတီအားအချုပ်ခန်းရှိရာသို့ခေါ်လာသည်။

ဝက်ကြီးမှာအိပ်စင်ပေါ်တွင်အိပ်နေသည်။ ဝက်ကြီးမှာစတီနှင့် အရပ်ချင်းတူသော်လည်းဗိုက်ရွှဲတောင့်တင်းသည်။ ကားမှောက်သည့်အထဲတွင်ပါခဲ့သော အလေးမသမားကြီးတစ်ယောက်နှင့်တူနေသည်။

သွေးစွန်းနေသော သူ၏တီရှပ်အောက်မှ ကြွက်သားကြီးများက ရုန်းထွက်နေကြသည်။ သူသည်အချုပ်ခန်းနောက်ဖက်ကိုခေါင်းပေး၍ အိပ်စင်ပေါ်မှခြေတွဲလောင်းချကာအိပ်နေသည်။ အချုပ်ခန်းကိုသော့ဖွင့်ကာ စတီကိုသွင်းလိုက်တော့ သူတစ်ချက်မျက်လုံးကိုဖွင့်ကြည့်လိုက်သေးသည်။

ထို့နောက် စပိုက်က တံခါးကိုပြန်ပိတ်ပြီး သော့ခတ်သွားသည်။ ဝက်ကြီးက မျက်လုံးဖွင့်ကာ စတီကိုစိုက်ကြည့်သည်။ စတီကလည်း ခေတ္တမျှပြန်စိုက်ကြည့်လိုက်၏။

"အိပ်မက်ကောင်းကောင်းမက်ပါစေကွာ"

စပိုက်က ဆိုသည်။ ဝက်ကြီးမျက်လုံးများပြန်မှိတ်သွားသည်။ စတီက နံရံကိုကျောမှီထိုင်ရင်း ဝက်ကြီးအိပ်နေသည်ကိုစိုက်ကြည့်နေမိသည်။

၀ ၀ ၀

## အခန်း (၁၄)

ဘာရင်တန်ဂျုန်းကားကိုအိမ်သို့ ဖြည်းဖြည်းမောင်းရင်းပြန်လာသည်။ သူ့စိတ်ထဲ၌ စိတ်ပျက်ခြင်းတစ်ဝက်၊ စိတ်သက်သာခြင်းတစ်ဝက်ဖြစ်နေ၏။ အချိန်ရောင်နေသူတစ်ဦး ရေခဲမုန့်ဆိုင်သွားရာသောအခါ ဆိုင်ပိတ်ထားသည့်ကိုတွေ့သည့်မျိုး။ မိမိမလုပ်သင့်သောကိစ္စ မိမိမလုပ်ခဲ့မိခြင်းဖြစ်သည်။

ဂျင်နီ၏လုပ်ငန်းတွင်ရှိသည့်ပြဿနာကို မိမိရှင်းနိုင်ရန်မနီးစပ်သေး။ ထိုကိစ္စပေါ်သွားနိုင်သည်။ မိမိပျော်ရွှင်ဖို့ထက်သူမအားအချိန်ကြာကြာမေးခွန်းတွေမေးနေခဲ့ဖို့ကောင်းသည်။ ကားကိုရပ်၍ အိမ်ထဲသို့ဝင်လာရင်းစိတ်မတင်မကျနှင့်မျက်မှောင်ကိုကြုတ်ထားမိသည်။ တစ်အိမ်လုံးတိတ်ဆိတ်နေ၏။ အိမ်ဖော်မရှိအခန်းမှာ အိပ်ရာဝင်နေလောက်ပြီ။တယ်လီဖုန်းဆီကိုသွား၍ လက်ခံစကားပြောစက်ကိုဖွင့်ကြည့်သည်။ ဖုန်းဆက်သွားသည့်တစ်ဦးသာရှိသည်။

စက်ထဲမှာသံက..

"ပါမောက္ခကြီး ကျွန်မရဲ့စုံထောက်ရဲ့ကြပ်ကြီးမစ်ရှ်ပါ၊ တနင်္လာနေ့ညက ဖုန်းဆက်တာပါ၊ ဒီနေ့ဆရာပုံးပေါင်းကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ်"

လစီဆာမှာစိတ်ပညာဌာနတွင်အလုပ်လုပ်ကြောင်းကိုသာမစ်ရှ်အားပြောလိုက်ခြင်းဖြစ်သည်။ သူမက ဆက်၍...

"ဆရာကလစ်ဆာရဲ့အလုပ်ရှင်လည်းဖြစ်၊ အခင်းဖြစ်တဲ့အခါကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းထဲမှာဆိုတော့ ဒီညနေလူတစ်ယောက်ကိုကျွန်မတို့ဖမ်းထားတယ်ဆိုတဲ့ အကြောင်းပြောချင်လို့ပါ၊ အဲဒီလူဟာ ဆရာတို့ခေတ်ခွဲခန်းမှာ လာအစစ်ခံတဲ့သူပဲ၊ သူ့နာမည်က စတီလိုဂန်"

"ဘုရား၊ ဘုရား"

ဘာရင်တန် တုရားတမိလိုက်သည်။ စက်ထဲမှ မစ်ရှ်၏အသံကဆက်၍...

"တရားလိုဟာ တန်းစီပြထားတဲ့အထဲကနေ သူ့ကိုဆွဲထုတ်ပြတယ်၊ သူဟုတ်၊ မဟုတ်ဆိုတာကို ဒီအင်န်အေနဲ့စမ်းသပ်ကြည့်ရင်အဖြေပေါ်မယ်၊ ဒါကြောင့် ဆရာတို့ကျောင်းကသိသင့်တယ်ထင်တဲ့လူတွေကိုလည်း အဲဒီကိစ္စပြောထားပေးပါ၊ ကျေးဇူးပါပဲ"

"မဟုတ်တော့ဘူး၊ မဟုတ်တော့ဘူး"

ဘာရင်တန်ပြောရင်း လေးကန်စွာထိုင်ချလိုက်မိသည်။ ပြီးတော့ သူငိုကြွေးတော့၏။

ခဏကြာတော့ ငိုကြွေးရင်းအိမ်ဖော်ဝင်လာမည်စိုး၍ တံခါးကိုထပိတ် လိုက်သည်။ ထို့နောက်မီမီစားပွဲသို့ပြန်လာကာ မျက်နှာကိုလက်နှစ်ဖက်နှင့်အုပ်ထားလိုက်မိသည်။ အချိန်အတော်ကြာပြီး မျက်ရည်များခြောက်သောအခါ ဖုန်းကောက်ကိုင်၍ သူ အလွတ်ရနေသောနံပါတ်တစ်ခုကိုဆက်လိုက်သည်။ တစ်ဖက်မှလူငယ်တစ်ယောက်၏ အသံပေါ်လာသည်။

"ဟဲလို"

"ငါပါကွ"

ဘာရင်တန်က ပြောလိုက်ခြင်းဖြစ်သည်။

"နေကောင်းတယ်နော်"

"စိတ်ကတော့ မကောင်းဘူး"

"ဩော်"

သူ့အသံက မလုံမလဲသံပါနေသည်။

"ငါ ဘာကြောင့်ဖုန်းဆက်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"ပြောပါဦး"

"မသိချင်ဟန်ဆောင်မနေနဲ့၊ တနင်္ဂနွေနေ့ညတုန်းက ကိစ္စကို ငါပြောနေတာ"

တစ်ဖက်မှလူငယ်မှာ သက်ပြင်းချလိုက်ပြီး...

"ဟုတ်ပါပြီ"

"မင်းအရူးပဲ၊ မင်းရှကျောင်းဝင်းထဲသွားတယ်မဟုတ်လား၊ မင်း မင်းဒါမျိုး လုပ်ပြန်ပြီလား"



"ကျွန်တော် တောင်းပန်ပါတယ်"

"မင်းကပဲ တောင်းပန်နေသေးတယ်"

"ဘယ်လိုလုပ်သိသလဲ"

"ပထမတော့မင်းလို့မထင်ဘူး၊ မင်းဒီမြို့ကထွက်သွားတယ်လို့ အောက်မေ့ နေတာ၊ မင်းနဲ့ ရုပ်ချင်းတူတဲ့သူတစ်ယောက်အဖမ်းခံရတယ်လေ"

"ဟင် ဒီလိုဆိုတော့ ကျွန်တော်...."

"မင်းက လွတ်နေပြီပေါ့"

"ဟယ် တော်ပါသေးရဲ့"

"ဘာလဲ"

"ရဲတွေ ဘာတွေကို မပြောလိုက်ပါနဲ့"

"မပြောပါဘူး၊ စိတ်ချပါ"

ဘာရင်တန် ရင်လေးစွာပြောလိုက်သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

ရစ်ချ်မွန်မြို့ကလေးမှာ ဒင်းနစ်မင်ကာ၏ မိတ်ဆွေများနှင့်အဆင်ပြေလှ၏။ မိခင်ဖြစ်သူ ရှားလော့ပင်ကာမှာ မဲ့ခြောက်အနည်းငယ်ရှိ၍ ဆံပင်နီနီနှင့် ပိုးဝတ်စုံကို ဝတ်ထားသည်။ သူမမှာအသက်၅၅နှစ်ဟုဆိုသော်လည်း ၆၀နီးပါးရှိမည်ဟု ဂျင်နီ ထင်သည်။ သူမက ဗိုလ်မှူးဟုခေါ်ဝေါ်သုံးစွဲသောခင်ပွန်းသည်မှာလည်း သူမနှင့် သက်တူရွယ်တူခန့်ရှိသည်။ ခင်ပွန်းသည်ကဂျင်နီနှင့်လစ်ဆာတို့အား..

"မိန်းကလေးတွေ ကောက်တေးသောက်ကြမလား"

တောင်ပိုင်းသားလေသံဝဲသောဇနီးသည်မှာစကားပြောသည့်အခါ အနည်းငယ်အသံကျယ်သည်။ သူမက..

"ဖြစ်မှဖြစ်ရလေ ဗိုလ်မှူးရယ်၊ အခုမှ မနက် ၁၀ နာရီပဲရှိသေးတယ်"

ခင်ပွန်းသည်က ပခုံးတွန့်လျက်..

"ပါတီပွဲကလေးကိုကောင်းကောင်းစလိုက်မလားလို့ပါကွာ"

"ဒါပါတီပွဲမဟုတ်ဘူးရှင့်၊ ဒီမိန်းကလေးတွေကကျွန်မတို့ကိုလေ့လာမလို့ လာတာ၊ ကျွန်မတို့သားကလူသတ်သမားဖြစ်နေလို့လေ"

ကျွန်မတို့သားဟုခေါ်လိုက်ပုံကို ဂျင်နီသတိထားမိသည်။ ဤသည်ကလည်း အရေးမဟုတ်။ ဤသို့ဆိုလျှင်လည်း မွေးစားသားတော့ ဖြစ်နိုင်သေးသည်။ ထိုကိစ္စ ကို ဂျင်နီမေးချင်လှပြီ။ သူတို့ကမွေးစားခဲ့ပါသည်ဟုဝန်ခံလိုက်လျှင် ပြဿနာ၏ အဖြေတစ်ဝက်ပေါ်လာမည်။သို့သော် သတိတော့ထားမှ။ ဖြုန်းစားကြီးမေးလိုက်လျှင် သူတို့လိမ်ပြောဖို့များသည်။အချိန်ကျလာအောင်စောင့်ဖို့ ဂျင်နီစိတ်ကူးထား၏။

ဒင်းနစ်ကာပင်၏ရုပ်ရည်ကိုမမြင်ရသေး။စတီလိုဂန်နှင့်ရုပ်ချင်းတူပါမည်လား။



ဧည့်ခန်းပတ်လည်တွင်ချိတ်ဆွဲထားသည့်ဓါတ်ပုံများကိုလိုက်ကြည့်သည်။အားလုံး အတော်ကြာကြာကရိုက်ထားသည့်ဓါတ်ပုံများဖြစ်သည်။ ဒင်းနစ်၏ ဓာတ်ပုံများမှာ ကလေးဘဝက ရိုက်ထားသည့် ဓာတ်ပုံများဖြစ်သည်။ ကြီးမှ ရိုက်သည့်ဓာတ်ပုံမရှိ။ ဓာတ်ပုံများကိုကြည့်၍ဂျင်နီဘာမှအဖြေမရခဲ့။ ဓာတ်ပုံထဲမှဖိနှစ်သားအရွယ် ကလေးငယ် သည်ယခုလိုဂန်နှင့်တစ်ထေရာတည်းတူနေပြီလား။ အသားမည်းမည်း ရုပ်ဆိုးဆိုးလေး တစ်ယောက်ဖြစ်နေပြီလား။

ရှားလော့ရော ဗိုလ်မှူးပါပထမပိုင်းမေးခွန်းအတော်များများကိုရေးဖြေပေး ကြသည်။ ထို့နောက် သူတို့နှစ်ယောက်ကို တစ်နာရီခန့်မေးခွန်းများမေးခဲ့သည်။ လစ်ဆာက ဗိုလ်မှူးအားမီးဖိုခန်းထဲသို့ခေါ်သွားပြီး ဂျင်နီက ရှားလော့အားဆက်၍ မေးသည်။

ဂျင်နီမှာ မေးခွန်းများကိုအတော်ပင်အာရုံစိုက်၍မေးနေရသည်။ သူမစိတ် ထဲက ထောင်ထဲရောက်နေသော စတီထံသို့သာ မကြာခဏရောက်နေသည်။ သူတရား ခံဖြစ်နေသည်ဆိုသောအချက်ကို မည်သို့မျှမယုံနိုင်။ မိမိအယူအဆမှားသွားမည်စိုး၍ မဟုတ်။ သူ့ကို မိမိသဘောကျသည်။သူကကြော့ကြော့မော့မော့ရှိပြီး သွက်လက်သည်။ ကြင်နာ တတ်ပုံလည်းရသည်။ အားလည်းနာတတ်ပုံရသည်။ သူ့တွင် စိတ်မမှန်သည့် အမြွာညီအစ်ကိုတစ်ယောက်ရှိသည်ဟုကြားသောအခါ သူစိတ်ပျက်သွားပုံကသနား စရာ။ ပခုံးကိုဖက်၍ချော့ချင်စိတ်ပင်ပေါက်မိသည်။

ရှားလော့အား မိသားစုထဲတွင် ဥပဒေဖြင့် အရေးယူခံရသူရှိ/မရှိ မေးကြည့် ရာ ရှားလော့က..

"ငါ့အမျိုးထဲက ယောက်ျားမှန်သမျှ အဆိုးတွေချည်းပဲ၊ ငါတို့ အမျိုးတွေက သွေးဆူတတ်တဲ့လူတွေ"

ဤသို့ဆိုလျှင် ဒင်းနစ်ပင်ကာမှာ မွေးစားသားမဟုတ်နိုင်တော့။ သို့မဟုတ် ကလည်းမွေးစားသားဆိုသည်ကို ဝန်မခံချင်သည့်သဘော။ ဂျင်နီ စိတ်ပျက်သွားသည် ကိုဖုံးဖိထားလိုက်သည်။ ဒင်းနစ်သည် အမြွာညီအစ်ကိုရှိသည်ဆိုသည့်အချက်အား ရှားလော့မေ့နေပြီလား။ ဤမေးခွန်းကိုမေးမှသင့်မည်။ ဂျင်နီက..

"ဒင်းနစ်မှာ အမြွာညီအစ်ကိုရှိနိုင်တဲ့အခြေအနေ ရှိနိုင်ပါသလား"

"မရှိပါဘူး"

အဖြေက ပြတ်သည်။ လှည့်စားမှုမပါ။ ရိုးရိုးသားသားပကတိအတိုင်းဖြေ သွားခြင်းဖြစ်သည်။ ဂျင်နီက...

"သေချာရဲ့လား"

ရှားလော့က ရယ်လျက်..

www.burmeseclassic.com

www.burmeseclassic.com



"မွေးတဲ့အမေပဲကွယ်၊ ဘယ်မှားနိုင်ပါ့မလဲ"

"သူ့ကိုမွေးစားတာတော့ မဟုတ်ဘူးဆိုတာသေချာပါတယ်နော်"

"ငါ့ဝမ်းနဲ့လွယ်ပြီး မွေးထားရတာပါကွယ်"

ဂျင်နီစိတ်ဓာတ်ကျသွားသည်။ လိုရိန်းလိုဂန့်ထက်စာလျှင် ရှားလော့ပင်ကာက သူ့သားနှင့်ပတ်သက်၍လိမ်ပြောနိုင်သည်။ သို့တစေ သူတို့နှစ်ဦးကသူတို့၏သားများမှာအမြွှာညီအစ်ကိုမဟုတ်ကြောင်း ငြင်းခဲ့ကြသည်။

နှုတ်ဆက်ပြီးပြန်လာကြသည့်အခါဂျင်နီစိတ်ပျက်လာသည်။ ဒင်းနစ်ကိုတွေ့သည့်အခါသူသည်စတီနှင့်မတူဘဲဖြစ်နေမည်လားဟုတွေးပူနေမိ၏။

သူတို့ငှားလာသည့်ဖို့ဒ်အက်စ်ဗိုင်းယားကားလေးမှာအပြင်ဘက်တွင်ရပ်ထားသည်။ ရာသီဥတုမှာအတော်လေးပူအိုက်လှ၏။ ဂျင်နီမှာလက်ပြတ်အင်္ကျီနှင့်အပေါ်အင်္ကျီစွပ်ထားသည်။ ကားအတွင်းမှလေအေးပေးစက်ကိုဖွင့်လိုက်သည်။ ဂျင်နီကအောက်ခံဘောင်းဘီနှင့်အင်္ကျီကိုချွတ်ကာကားနောက်ခန်းရှိချိတ်တွင်ချိတ်ထားသည်။

ဂျင်နီက ကားမောင်းလာသည်။ အဝေးပြေးကားလမ်းမပေါ်သို့ရောက်သောအခါ လစ်ဆာက...

"ငါ လူရွေးမှားခဲ့တယ်လို့ နင်ထင်နေတာကို ငါ စိတ်မကောင်းပါဘူးဟယ်"

"ငါလည်းဒီလိုပါပဲ၊ နင် မသေချာဘဲမလုပ်ဘူးဆိုတာ ငါသိပါတယ်"

"ငါ မှားပြီးရွေးခဲ့တယ်လို့နင်ဘာကြောင့်ထွက်တာလဲ"

"ဘာရယ်တော့မဟုတ်ပါဘူး၊ စတီလိုဂန်နဲ့ပတ်သက်ပြီး ငါသိနေတယ်ထင်လို့ပါ"

"ကိုယ့်အထင်နဲ့မျက်မြင်သက်သေအကြားချိန်ဆရတဲ့အခါ မျက်မြင်သက်သေကိုယုံရမှာပေါ့"

"ငါသိပါတယ်၊ ဒါပေမဲ့ အဲဖရက်ဟစ်ချကော့ရဲ့ဓာတ်ကားတွေကို နင်ကြည့်ဖူးသလား၊ အဖြူအမည်းရုပ်ရှင်ခေတ်ကလေ၊ အနုရုပ်မြင်သံကြားမှာ ပြန်ပြန်ပြနေတယ်"

"နင်ဆိုလိုတာငါသဘောပေါက်ပါတယ်၊ လမ်းပေါ်ကပြစ်မှုတစ်ခုကိုမျက်မြင်သက်သေလေးယောက်က တွေ့ခဲ့တယ်၊ ဒါပေမဲ့မြင်ပုံကတစ်ယောက်တစ်မျိုး ဖြစ်နေတယ်ဆိုတာမျိုး၊ ဟုတ်ရဲ့လား"

"နင် စိတ်ဆိုးသွားသလား"

လစ်ဆာက သက်ပြင်းချရင်း...

"စိတ်ဆိုးဖို့ကောင်းတဲ့ကိစ္စပါ၊ ဒါပေမဲ့ နင့်ကိုငါသိပ်ခင်မင်လွန်းလို့ စိတ်မဆိုးရက်ဘူး"



ဂျင်နီကလစ်ဆာ၏လက်ကလေးကိုဖမ်းဆုပ်ထားလိုက်သည်။ အတန်ကြာအောင်စကားမပြောဖြစ်ကြ။ နောက်မှလစ်ဆာက...

"ရဲစုံထောက်မစ်ရှ်က အဲဒီလိုစော်ကားတဲ့ ယောကျ်ားတွေဟာ ဗိုမကိစ္စတွေကို စိတ်ဝင်စားလို့မဟုတ်ဘူးတဲ့၊ မိန်းမတွေအပေါ်မှာ အနိုင်ယူချင်တဲ့သဘော၊ ကြောချင်တဲ့သဘော၊ ခြောက်လှန့်အနာတရဖြစ်အောင် လုပ်ချင်တဲ့သဘောကြောင့်တဲ့၊ ဒါကြောင့် မို့ ကြောက်တတ်မယ်ထင်ရတဲ့မိန်းမတွေကိုမှရွေးပြီးလုပ်တာတဲ့"

"မကြောက်တတ်တဲ့သူဘယ်သူရှိလို့လဲ"

"သူကနင့်ကိုတော့မရွေးခဲ့ဘူးမဟုတ်လား၊ နင်ကသူ့ကို ပြန်ထိုးချင်ဆိုးမှာလေ"

"တွေ့ချင်စမ်းတယ်ဟာ"

"ဘာပဲဖြစ်ဖြစ်နင်သာဆိုရင် ငါ့ထက်တော့သူ့ကိုပြန်ပြီးဆိုးကြိတ်သတ်ပုတ်နိုင်မှာ၊ နင် အားငယ်မှာလည်းမဟုတ်ဘူး၊ ကြောက်မှာလည်း မဟုတ်ဘူး၊ ဒါကြောင့်မို့ နင့်ကို တမင်မရွေးတာပေါ့"

လစ်ဆာ ဘာကိုရည်ရွယ်မှန်းမသိသဖြင့် ဂျင်နီက...

"လစ်ဆာရယ်၊ အခုလိုဖြစ်ရတာက နင့်အပြစ်ကြောင့်မှမဟုတ်ဘဲ၊ နင့်မှာဘာအပြစ်မှမရှိဘူး၊ ရထားမှောက်သွားတဲ့အထဲမှာ ပါသွားတဲ့သူလို ဒီလိုဟာမျိုးဟာ ဘယ်သူမဆိုဖြစ်နိုင်တာပဲ"

"ဒါတော့ ဟုတ်ပါတယ်"

နှစ်ယောက်သားမြို့ထဲမှ ၁၀မိုင်ခန့်ထွက်လာခဲ့ပြီး ပြည်နယ်ကူးလမ်းမအရောက်တွင် 'ဂရင်းဝုအကျဉ်းထောင်' ဟူသောဆိုင်းဘုတ်ရှေ့၌ ကားကိုရပ်လိုက်သည်။ အကျဉ်းထောင်မှာ ခေတ်ဟောင်းပုံစံဖြစ်၍ လိပ်သည်းကျောက်အဆောက်အဦးများနှင့်ယင်းတို့ကို ပတ်ဝိုင်းထားသော မြင့်မားသည့်အုတ်တံတိုင်းများပေါ်၌ သံဆူးကြိုးများကာရံထားသည်။ ကားကိုသစ်ပင်ရိပ်တစ်ခုအောက်တွင် ရပ်ထားလိုက်သည်။ ဂျင်နီကအပေါ် အင်္ကျီကိုကောက်စွပ်ပြီး အတွင်းခံသိုင်းကြိုးကိုဖော့ထားခဲ့သည်။

"နင်လိုက်ချင်ဖြစ်ပါ့မလား၊ ငါ့အယူအဆမမှားဘူးဆိုရင်တော့ ဒင်းနစ်ဆိုတဲ့ကောင်ဟာ နင့်ကိုစော်ကားသွားတဲ့ကောင်နဲ့တစ်ထေရာတည်းတူနေမှာနော်"

လစ်ဆာက ခေါင်းညိတ်ပြီး..

"ရပါတယ်"

တံခါးဖွင့်၍ပစ္စည်းပို့သည့်ထရပ်ကားများထွက်လာကြသည်။ ဂျင်နီတို့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အစစ်ဆေးမရှိဝင်လာနိုင်ခဲ့ကြသည်။ အုတ်တံတိုင်းပေါ်တွင် သံဆူးကြိုးများကာရံထားသည့်ကလွဲ၍ လုံခြုံရေးမှာသိပ်မတင်းကျပ်လှဟု ဂျင်နီတွေးမိသည်။ သူတို့လာမည်ကို ကြိုတင်အသိပေးထားခဲ့သည်။ သူတို့မှတ်ပုံတင်များကိုကြည့်ရှုပြီး အစောင့်ကကွက်လပ်ငယ်တစ်ခုကိုဖြတ်၍လိုက်ပို့သည်။ ထိုကွက်လပ်ကြီးထဲတွင် ထောင်ကျအလုပ်ကြမ်းသမားလူမည်းအကျဉ်းသားများ ဘက်စကက်ဘောကစားနေကြ၏။

အုပ်ချုပ်ရေးမှူးရုံးခန်းတွင် လေအေးပေးစက်တပ်ထားသည်။ သူတို့ကို ထောင်ဝါဒါဂျွန်တင်မိုတီ၏ရုံးခန်းသို့ပို့ပေးကြသည်။ ဂျွန်မှာ အကျီလက်တိုနှင့်လည်စည်းတို့ကို ဆင်မြန်းထားသည်။ ဂျင်နီကသူ့ကိုလက်ဆွဲနှုတ်ဆက်ရင်း...

"ကျွန်မ ဂျင်နီဖာရာမီပါ၊ ဂျုံးဖော့တက္ကသိုလ်ကပါ"

"နေကောင်းတယ်နော် ဂျင်နီ"

"ဒါကတော့ ကျွန်မရဲ့လက်ထောက် လစ်ဆာပါ"

"ဟုတ်ကဲ့ပါ"

"ကျွန်မတို့လုပ်ငန်းနဲ့ပတ်သက်ပြီး ကျွန်မစာထဲမှာထည့်ရေးပေးလိုက်ပါတယ်။ ဒါပေမဲ့ မေးစရာရှိသေးရင် မေးနိုင်ပါသေးတယ်"

ဂျွန်က...

"ဒင်းနစ်ပင်ကာဟာ အတော်ကြမ်းတမ်းတဲ့ကောင်တစ်ယောက်ဆိုတာ ခင်ဗျားသိထားဖို့လိုလိမ့်မယ်၊ သူ့ပြစ်မှုနဲ့ပတ်သက်ပြီးခင်ဗျားအသေးစိတ်သိထားပြီးပြီလား"

"ရုပ်ရှင်ရုံထဲမှာမိန်းမတစ်ယောက်ကိုစော်ကားဖို့ကြိုးစားတုန်း မိန်းကလေးကပြန်ပြီးခုခံတဲ့အတွက်ဒီမိန်းမကိုသူသတ်လိုက်တာမဟုတ်လား"

"နီးစပ်ပါတယ်၊ ဂရင်းစ်ဘက်မြို့က အယ်ခေါ်ရာဒိုးရုပ်ရှင်ရုံမှာဖြစ်သွားတာပါ၊ ပြနေတာကသရဲကားလေ၊ ဒင်းနစ်ဟာမြေအောက်ခန်းထဲဆင်းသွားပြီးမီးလိုင်းကိုမိတ်လိုက်တယ်၊ တစ်မိနစ်လောက်မှောင်ထဲမှာလူတွေရုတ်ရုတ်သဲသဲဖြစ်နေတုန်း ဒင်းနစ်ဟာ မိန်းမတွေကိုလိုက်စမ်းတယ်"

ဂျင်နီနဲ့လစ်ဆာတို့ တစ်ယောက်ကိုတစ်ယောက် အလန့်တကြားကြည့်လိုက်မိကြသည်။တနင်္ဂနွေနေ့က ဂျုံးဖော့တက္ကသိုလ်၌ဖြစ်ပွားသည်နှင့်အတော်တူသည်။ တစ်ရုံတစ်ရာဖြစ်အောင်လုပ်ပြီး လူတွေကြောက်လန့်တကြားဖြစ်နေသည့်အခါ စော်ကားချင်သူအတွက်အခွင့်အရေးရသွားသည်။ ဤအဖြစ်အပျက်နှစ်ခုစလုံးတွင် တရားခံကိုယ်တိုင်လုပ်ကိုင်သွားပုံများမှာတစ်ထပ်တည်းဖြစ်၏။ ရုပ်ရှင်ရုံအမှောင်ထဲ



တွင် မိန်းမတွေအားလိုက်စမ်းနေသည်မျိုး၊ အဝတ်လဲခန်းထဲမှမလုံ့တလုံနှင့်မိန်းမတွေထွက်ပြေးကြသည်ကို ကြည့်လိုကြခြင်းမျိုးဖြစ်သည်။ အကယ်၍ဗွတ်လိုဂန်သည် ဒင်းနစ်နှင့်ရုပ်တူအမြွှာဖြစ်သည်ဆိုပါက သူလည်းအလားတူအမှုမျိုးကို ကျူးလွန်ခဲ့ပေလိမ့်မည်။ ဂျွန်ကဆက်၍...

"မိန်းမတစ်ယောက်က နားမလည်ပါးမလည်နဲ့သူ့ကိုပြန်ခုခံတော့ အဲဒီမိန်းမကိုလည်ပင်းညှစ်သတ်ပစ်လိုက်တယ်"

ဂျင်နီက မကျေမနပ်ဖြင့်...

"ရှင့်ကိုလာစမ်းရင်ကော နားမလည်ပါးမလည်နဲ့ခုခံမှာပဲမဟုတ်လား"

"ကျုပ်ကမိန်းမမှမဟုတ်တာ"

ထောင်ဝါဒါက အပေါ်စီးရနေသည့်လေသံမျိုးဖြင့်ပြောလိုက်သည်။ လစ်ဆာကဝင်၍...

"ကဲ တို့အလုပ်စလုပ်ကြရအောင်၊ အလုပ်တွေအများကြီးလုပ်စရာရှိသေးတယ်"

"ဟုတ်တယ်"

ထောင်ဝါဒါက..

"ပုံမှန်အားဖြင့်ဆိုရင်တော့ အကျဉ်းသားကိုတွေ့ချင်ရင် သံတိုင်ကြားကပဲတွေ့ရတယ်၊ ခင်ဗျားတို့က သူ့ကိုအခန်းတစ်ခန်းထဲမှာတွေ့ခွင့်တောင်းထားတယ်၊ အဲဒီလိုခင်ဗျားတို့ကိုတွေ့ခွင့်ပေးဖို့ အထက်ကလည်း ကျုပ်ကိုအမိန့်ပေးထားတယ်၊ ခင်ဗျားတို့နည်းနည်းထပ်စဉ်းစားစေချင်တယ်၊ သူဟာ အင်မတန်ကြမ်းတမ်းပြီး အလွန်အန္တရာယ်ကြီးတဲ့ ရာဇဝတ်ကောင်တစ်ယောက်နော်"

ဂျင်နီ အနည်းငယ်တုန်လှုပ်သွားသည်။ သို့သော် အာမှမဖြစ်သည့်ဟန်ဖြင့်..

"ကျွန်မနဲ့သူ တွေ့နေတုန်း အခန်းထဲမှာလက်နက်ကိုင်အစောင့်ချထားမပေါ့"

"ဒါကတော့လုပ်မှာပေါ့၊ ဒါပေမဲ့ သူနဲ့ခင်ဗျားကြားမှာ သံဇကာခံပြီးတွေ့ရင်ပိုကောင်းမယ်၊ သွေးသားသောင်းကျန်းတတ်တဲ့သူတစ်ယောက်ဟာ ခင်ဗျားတို့လိုမိန်းမချောလေးနှစ်ယောက်နဲ့တွေ့ရတဲ့အခါ မပြောနိုင်ဘူးလေ"

ဂျင်နီက ချက်ချင်းမတ်တပ်ထရပ်လိုက်ပြီး...

"အခုလိုကျွန်မတို့အပေါ်စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့အနေနဲ့ကလည်း သွေးနမူနာယူတာတို့၊ ဓာတ်ပုံရိုက်တာတို့ လုပ်စရာတွေရှိသေးတယ်၊ အဲဒါတွေကို သံတိုင်ကြားကနေရိုက်လို့မရဘူး၊ နောက်ပြီး ကျွန်မတို့နဲ့တွေ့ရမှာက ရင်းရင်းနှီးနှီးနဲ့ညှိညှိနှိုင်းနှိုင်းမေးကြ၊ လုပ်ကြရမှာပါ၊ ဒါကြောင့် ကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



အတားအဆီးတွေရှိနေလို့မရဘူး"

ဂျွန်ကပခုံးတွန့်၍...

"အေးလေ၊ ခင်ဗျားတို့ အဆင်ပြေရင်လည်း ပြီးတာပါပဲ၊ အချုပ်ခန်းအထိ ကျွန်တော်လိုက်ပို့ပေးမယ်"

သူတို့ ရုံးခန်းမှထွက်၍ မြေကွက်လပ်တစ်ခုကိုဖြတ်ကာ နှစ်ထပ်ကွန်ကရစ် အဆောက်အဦးတစ်ခုဆီသို့လာခဲ့ကြသည်။ အစောင့်တစ်ယောက်က ဂိတ်တံခါးကို ဖွင့်ပေးသည်။ အတွင်း၌လည်း အပြင်မှာကဲ့သို့ပင်ပူအိုက်လှ၏။ ဂျွန်က...

"ဟောဒီရောဘတ်ဆင်ဆိုတဲ့လူက ခင်ဗျားတို့ကို ဆက်ပြီးတာဝန်ယူသွားလိမ့်မယ်၊ ခင်ဗျားတို့လိုအပ်တာရှိရင်လည်းသူ့ကိုပြောပေါ့"

"ကျေးဇူးပါပဲ ဝါဒါကြီးရယ်၊ အခုလို လိုက်ပြီးဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ရောဘတ်ဆင်ဆိုသူမှာ အသက်၃၀ခန့်ရှိ အရပ်မြင့်မြင့်လူမည်းတစ်ယောက် ဖြစ်သည်။ ခါးတွင်လည်း ပစ္စတိုတစ်လက်ချိတ်ထား၏။ သူက အခန်းကလေးတစ်ခု သို့ လိုက်ပို့ပေးသည်။ အခန်းထဲတွင်စားပွဲတစ်လုံးနှင့်ကုလားထိုင်ခြောက်လုံးခန့်ရှိ၏။ စားပွဲပေါ်တွင် ဆေးလိပ်ခွက်တစ်ခွက်နှင့် အခန်းထောင့်၌ ရေအေးစက်တစ်ခုရှိသည်။ ယင်းတို့မှတစ်ပါး အခြားဘာမျှမရှိ။ ကြမ်းပြင်မှာ မီးခိုးရောင်ပလတ်စတစ်ရာထိုးများ ခင်းထား၏။ ပြတင်းပေါက်လည်း မရှိ။ ရောဘတ်ဆင်က...

"ဒင်းနစ်ပင်ကာ အခုပဲရောက်လာပါလိမ့်မယ်"

သူက ဂျင်နီတို့အားကူ၍ စားပွဲ၊ ကုလားထိုင်များကို ပြင်ဆင်ပေးနေသည်။ ထို့နောက်သူတို့ထိုင်လိုက်ကြ၏။ ခဏကြာတော့ တံခါးပွင့်လာသည်။

၀ ၀ ၀

# အခန်း (၁၆)

ဘာရင်တန်ဂျုန်းသည် ဂျင်ပရစ်နှင့် ပရက်စတန်ဘတ်တို့အား ဝါရှင်တန်မြို့ ဆီနိတ်လွှတ်တော်ရုံးအနီးရှိ မိုနီကဲစားသောက်ဆိုင်တွင်ဆုံသည်။ ထိုဆိုင်တွင် အထက်တန်းစားပုဂ္ဂိုလ်များ လာရောက်စားသောက်ကြ၏။ မိမိတို့နှင့်သိသူများလည်း အတော်များသည်။ ကွန်ဂရက်အမတ်များ၊ မင်းတိုင်ပင်များ၊ သတင်းစာဆရာများ၊ သမ္မတလက်ထောက်များဖြင့်စုံနေ၏။ ဘာရင်တန်ဂျုန်းမှာလည်း သိသိမှက်မှက် နေစရာမလို။ သူ့တို့ကိုလူတိုင်းသိကြသည်။ အထူးသဖြင့်ထိပ်ပြောင်ပြောင်နှင့်ခေါင်း ကြီးကြီးနှင့်ဆီးနိတ်အမတ်ဂျင်ပရစ်ကိုလူတိုင်းသိကြသည်။

အကယ်၍အခြားလူရှင်းသော စားသောက်ဆိုင်တစ်ခုတွင်မိမိတို့ တွေ့ ဆုံပါက သတင်းစာဆရာတစ်ဦးတလေကတွေ့သွားလျှင် မိမိတို့ဘာကြောင့်လျှို့ဝှက် တွေ့ဆုံနေကြသနည်းဟု၍ရေးကြဦးမည်။ မိမိတို့အား လူပေါင်း ၃၀ခန့်ကမှတ်မိ နေသောနေရာသို့သွားမှသာလျှင် သူလိုငါလိုပုံမှန်လာကြခြင်းဖြစ်သည်ဟု ထင်ကြပေ လိမ့်မည်။

ဘာရင်တန်၏ရည်ရွယ်ချက်က လင်းစ်မင်းကုမ္ပဏီနှင့် ပူးပေါင်းရေး[illegible] အသာမျှောထားရန်ဖြစ်သည်။ ယခုလို ပူးပေါင်းရမည့်ကိစ္စမှာ အတော်လေး[illegible] ရ၏။ ဂျင်နီလုပ်လိုက်၍ ငါးပါးလည်းမှောက်သွားနိုင်သည်။ အမေ[illegible] ပြောင်းလဲတိုးတက်စေရန်မှာ အမေရိကန်လူမျိုးတွေကိုမျိုးသန့်အောင်မွေးပေးသည့် တစ်နည်းသာရှိသည်။ သိပ်နောက်မကျသေး။ ဥပဒေကိုလေးစားလိုက်နာပြီး ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ရေးဆည်းကပ်ကိုးကွယ်ကာ မိသားစုစိတ်ဓာတ်ရှိသည့် အမေရိကန်လူမျိုးတွေဖြစ်ဖို့ကအရေးကြီးသည်။ မိမိတို့လည်းအသက်ဖြဝပတ်ဝန်းကျင်ရှိကုန်ကြပြီ။ ဤတစ်ခါလွတ်သွားလျှင်နောက်ထပ် ဤသို့သောအခွင့်အရေးမျိုးပေါ်လာနိုင်ဖွယ်မရှိတော့။

ထည်ဝါသော ဥမင်ရှပ်နှင့် စွာကျယ်စွာကျယ်ပြောတတ်သော ဂျင်ပရှစ်ကိုဘာရင်တန်လှည့်ပတ်၍ပြောနေရသည်။ ပျော့တိပျော့ဖတ်နှင့်ပရက်စတန်ကမူ အတန်ငယ်ခေါင်းမာ၏။

သူတို့အားမကောင်းသည့်သတင်းတစ်ပုဒ်ပြောရန်ဘာရင်တန်၌ ပါလာသည်။ အစားအသောက်များမှာပြီးပြီးချင်းဘာရင်တန်ကထိုသတင်းကိုပြောလိုက်၏။

"ဂျင်နီတစ်ယောက်တော့ဒီနေ့ရစ်ချမွန်မြို့ကိုသွားပြီးဒင်းနစ်ပင်ကာကိုသွားတွေ့တယ်"

ဂျင်ပရှစ်က...

"ခင်ဗျား ဘာဖြစ်လို့ မတားလိုက်တာလဲ"

သူ၏အသံကသြနေသည်။ ခါတိုင်းလိုပင် သူ၏အမူအရာကြောင့် ဘာရင်တန်စိတ်တိုမိ၏။ ထို့ကြောင့်

"ကျုပ်က ဘာလုပ်ရမှာလဲ၊ သူ့ကို ကြိုးနဲ့ချည်ထားရမှာလား"

ခင်ဗျားက သူ့အလုပ်ရှင်ပဲ"

"ဒါက တက္ကသိုလ်ဗျ၊ စစ်တပ်မဟုတ်ဘူး"

ပရက်စတန်က စိတ်မရှည်စွာဖြင့်...

"တိုးတိုးပြောကြစမ်းပါကိုယ့်လူတို့ရယ်၊ ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာကျုပ်တို့အစကတည်းက တွေးမိကြသားမဟုတ်လား၊ ကျုပ်တို့ကဒါကိုတာဝန်ယူပြီးအနုပဲဝန်ခံလိုက်ကြတာပေါ့"

"ခန်းစိရမယ်မဟုတ်လား၊ ကျုပ်တို့က မဟုတ်တာလုပ်နေလို့လား"

ဂျင်က ပြောလိုက်ခြင်းဖြစ်သည်။ ပရက်စတန်က..

"လူတွေကအဲဒီလိုပဲမြင်မှာ"

"ဒီကိစ္စဖြစ်တာက 'ဆိုဗီယက်သိပ္ပံလောက၏ တီထွင်မှုသစ်' ဆိုတဲ့ စီအိုင်အေအစီရင်ခံစာမဟုတ်လား၊ ဆိုဗီယက်တွေ အနုမြူကိုခွဲစိတ်နိုင်ပြီးဖြစ်ပေါ်လာတဲ့သတင်းနောက်ပိုင်းအစုသတင်းကလည်းအဲဒီလိုမျိုးထိတ်လန့်ရာပဲလို့ သမ္မတနစ်ကဆင်ကိုယ်တိုင်ကပြောခဲ့တာပဲ"

ပရက်စတန်က...

"အဲဒီအစီရင်ခံစာကလည်း မှန်ချင်မှမှန်..."



"ဒါပေမဲ့ ကျုပ်တို့ကမှန်တယ်လို့ တွက်ခဲ့ကြတယ်လေ၊ အရေးအကြီးဆုံးကကျုပ်တို့သမ္မတကိုယ်တိုင်ကလည်းယုံနေတယ်၊ အဲဒီသတင်းဟာအဲဒီတုန်းက ဘယ်လောက်တောင်ကြောက်စရာကောင်းသလဲဆိုတာ ခင်ဗျားတို့လည်းမှတ်မိမှာပေါ့"

ဘာရင်တန်မှတ်မိသည်။ စီအိုင်အေအဆိုအရဆိုဗီယက်တို့သည် လူသားမွေးမြူရေးအစီအစဉ်တစ်ခုကိုလုပ်ခဲ့ကြသည်ဆို၏။ သူတို့က လူတော်သိပ္ပံပညာရှင်တွေ၊ လူတော်စစ်တုရင်ကစားသမားတွေ၊ လူတော်အားကစားသမားတွေ၊ လူတော်စစ်သားတွေထုတ်လုပ်ဖို့စီစဉ်ခဲ့ကြသည်။ ထိုအခါ နစ်ကဆင်ကလည်း အမေရိကန်တပ်မတော်ဆေးသုတေသနတပ်မအား အလားတူအမေရိကန်စစ်သားများမွေးမြူနိုင်ရေးအတွက်လုပ်ဆောင်ရန်အမိန့်ပေးခဲ့သည်။ ဤတာဝန်ကို ဂျင်ပရှစ်အားစေခိုင်းခဲ့သည်။

သူကချက်ချင်း ဘာရင်တန်ထံ လာရောက်အကူအညီတောင်းသည်။ ယင်းမတိုင်မီ တစ်နှစ်နှစ်နှစ်က ဓနီးသည်ဗစ်စီအပါအဝင် လူတိုင်းကိုအံ့သြအောင် ဘာရင်တန်လုပ်ခဲ့သည်။ သူနှင့်သက်တူရွယ်တူ အခြားအမေရိကန်အားလုံးစစ်ဆန့်ကျင်ရေးစိတ်ဓာတ်ရှိနေစဉ်သူကစစ်တပ်ထဲသို့ဝင်ခဲ့သည်။ ၁၉၇၀ ပြည့်လွန်နှစ်များ စောစောပိုင်းတွင်စစ်သားတွေ၏ကြံ့ခိုင်မှုနှင့်စစ်သားစရိုက်များ မျိုးရိုးလိုက်တတ်ခြင်းနှင့်ပတ်သက်၍သူကျွမ်းကျင်ခဲ့သည်။ ထိုအချိန်တွင် ဟားဘတ်တက္ကသိုလ်မှ ပရက်စတန်ကလည်း လူသားတို့တွင် မျိုးအောင်ရေးနှင့်ပတ်သက်သောသိပ္ပံပညာအောင်မြင်မှုတစ်ခုရထားသည်။ ဘာရင်တန်ကသူ့ထံသွား၍ တက္ကသိုလ်မှထွက်ကာမိမိတို့နှင့်ပူးပေါင်းပြီး သိပ္ပံစမ်းသပ်မှုတွင်ပါဝင်ရန်ပြောခဲ့သည်။ ဤသည်မှာ ဘာရင်တန်အတွက်ဂုဏ်အယူရဆုံးအချိန်ဖြစ်သည်။ သူက...

"မှတ်မိသေးတယ်၊ အဲဒီတုန်းကပျော်လိုက်တာ၊ ကျုပ်တို့ဟာ သိပ္ပံလောကမှာ ထိပ်တန်းကရောက်နေတယ်၊ အမေရိကန်နိုင်ငံကြီးကိုကောင်းမွန်အောင်ကျုပ်တို့လုပ်နေတာလေ၊ သမ္မတကိုယ်တိုင်ကကျုပ်တို့ကိုလုပ်ပေးဖို့ခိုင်းလာတာ"

ပရက်စတွန်က....

"အချိန်တွေကပြောင်းကုန်ပြီ၊ သမ္မတကခိုင်းတာပါဆိုပြီးဆင်ခြေပေးလို့မရတော့ဘူး၊ သမ္မတခိုင်းလို့လုပ်ပြီး ထောင်ထဲရောက်ကုန်တဲ့လူတွေအများကြီး"

ဂျင်က...

"ဒါက အပြစ်လား၊ ဒါကိုလျှို့ဝှက်ထားတာတော့မှန်တယ်၊ ဝန်ချတော်ခံဖို့ ဘာလိုလို့လဲ"

"ကျုပ်တို့လျှို့ဝှက်ပြီးလုပ်ခဲ့ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပရက်စတန်က ဆိုသည်။ ဂျင်က မျက်နှာအနည်းငယ်ရဲလျက်..

"ကျုပ်တို့ရဲ့စီမံကိန်းကြီးကိုပုဂ္ဂလိကလက်ထဲအပ်လိုက်တယ်လေ"

ဤသည်မှာ မမှန်သောအကြောင်းပြချက်သာဖြစ်သည်ဟု ဘာရင်တန် တွေးနေသည်။ သို့သော် ဂျင်အားမဆန့်ကျင်။ သမ္မတအရွေးခံရရေးကော်မတီမှ အဖွဲ့ဝင်များဝါးတားဂိတ်အဆောက်အဦးကို ဖောက်ထွင်းဝင်သဖြင့်အဖမ်းခံရသည်။ အစိုးရလည်းကြောက်လန့်တကြားဖြစ်ကုန်၏။

ပရက်စတန်က ဂျုနက်တီကိုအား ပုဂ္ဂလိကကုမ္ပဏီအဖြစ်လုပ်လိုက်သည်။ ပြီးတော့ ငွေအထောက်အပံ့အတွက် ဂျင်ကစစ်တပ်နှင့်နှစ်ကိုယ့်တစ်စိတ်စာချုပ်တွေ ချုပ်ခဲ့၏။ ထို့နောက်တွင်တော့ သန္ဓေအောင်ဆေးခန်းများမှ အောင်မြင်လာခဲ့သည်။ ဆေးခန်းမှရသည့်အမြတ်ငွေဖြင့် သုတေသနလုပ်ငန်းကို စစ်တပ်အကူအညီမပါဘဲ ထောက်ပံ့နိုင်ခဲ့သည်။ ဘာရင်တန်က ပညာရေးလောကသို့ပြန်ဝင်သည်။ ဂျင်လည်း စစ်တပ်မှ ထွက်၍ စီအိုင်အေသို့ဝင်သည်။ ပြီးတော့ အထက်လွှတ်တော်အမတ်ဖြစ်ခဲ့၏။ ပရက်စတန်က...

"ကျုပ်တို့မှားတယ်လို့တော့မပြောလိုဘူး၊ ဒါပေမဲ့ကျုပ်တို့အရင်ကလုပ်ခဲ့တာတွေဟာဥပဒေနဲ့မညီဘူး"

သူတို့နှစ်ယောက် တစ်ယောက်တစ်ဖက်စွန်းစီရောက်နေသည်ကို ဘာရင်တန်မလိုလား။ သူကဝင်၍လေအေးကလေးဖြင့်...

"ခက်တာကစံပြအမေရိကန်ကလေးတွေဖြစ်အောင် ကျုပ်တို့မွေးမပြနိုင်ခဲ့ဘူးလေ၊ စီမံကိန်းကြီးတစ်ခုလုံးလမ်းလွဲနေခဲ့တယ်၊ သဘာဝအတိုင်းမွေးနိုင်းဖို့က လည်းအတော့်ကို မတိကျလှဘူး၊ ဒါပေမဲ့ ဗီဇပြုပြင်နည်းနဲ့လုပ်ရင်ရနိုင်တယ်ဆိုတာ ကျုပ်တို့သိခဲ့တယ်"

"အဲဒီစကားလုံးကို အဲဒီအချိန်တုန်းကဘယ်သူမှသိကြသေးတာမဟုတ် ဘူး"

ဂျင်ကဆိုသည်။ ဘာရင်တန်က ခေါင်းညိတ်လျက်...

"ဂျင်ပြောတာမှန်တယ် ပရက်စတန်၊ ကျုပ်တို့လုပ်ခဲ့တာနဲ့ပတ်သက်ပြီးရှက်စရာမလိုဘူး၊ ဂုဏ်တောင်ယူရဦးမယ်၊ စဉ်းစားကြည့်ရင် အင်မတန်ထူးခြားဆန်းကြယ်တဲ့ကိစ္စကိုကျုပ်တို့လုပ်ခဲ့တာ လူမှာဉာဏ်ရည်တိုးလို့သွက်လက်တက်ကြွမှုတွေရှိစရိုက်တွေဟာ ဗီဇနဲ့ဆိုင်တယ်လို့ကျုပ်တို့လုပ်ပြနိုင်ခဲ့တယ်၊ နောက်ဆုံး ဖန်ပြွန်သန္ဓေသားလောင်းလိုပြုပြင်ဖို့လုပ်ကြည့်ခဲ့တယ်၊ အဲဒီမှာ အောင်မြင်လုနီးပါးဖြစ်ခဲ့တယ် မဟုတ်လား"

ပရက်စတန်က ပခုံးတွန့်လျက်..



"လူသားဇီဝလောကကြီးတစ်ခုလုံးလည်း ဒါကိုပဲလုပ်နေကြတာမဟုတ်လား"

"တစ်ထပ်တည်းတော့မဟုတ်ဘူးလေ၊ ကျုပ်တို့က အာရုံပိုစိုက်သတိထားပြီး လုပ်ခဲ့တာ"

"ဒါတော့မှန်တယ်"

ဘာရင်တန်၏မိတ်ဆွေနှစ်ယောက်မှာ ကိုယ့်အမြင်နှင့်ကိုယ်မျောနေကြသည်။ သူတို့စိတ်ကိုခန့်မှန်း၍ရနိုင်သည်ဟု ဘာရင်တန်တွေးနေမိသည်။ ဂျင်က ခပ်ကြမ်းကြမ်း၊ ပရက်စတန်ကအပျော့ဆွဲ၊ ယခုအချိန်တွင်သူတို့နှစ်ယောက်စလုံး စိတ်ပြေပြီး အခြေအနေမှန်ကို အေးအေးဆေးဆေးစဉ်းစားနိုင်လောက်ပေပြီ၊ ဘာရင်တန်က...

"ကဲ.. ဂျင်နီဖာရာမီအကြောင်းပြန်ပြောကြရအောင်၊ နောက်တစ်နှစ်၊ နှစ်နှစ်လောက်ဆိုရင်လူတွေကိုရာဇဝတ်ကောင်တွေမဖြစ်ဘဲ တက်ကြွသွက်လက်တဲ့လူတော်တွေဖြစ်လာအောင်လုပ်တဲ့နည်း ဒီမိန်းမဖော်ထုတ်လာနိုင်လိမ့်မယ်၊ ဒီပဟေဠိရဲ့နောက်ဆုံးကွင်းဆက်ပုံပေါ်လာလိမ့်မယ်၊ လင်းစ်မင်းကုမ္ပဏီနဲ့ပူးပေါင်းလိုက်ရင် ဒီအစီအစဉ်ကြီးတစ်ခုလုံးကိုလည်းမြန်မြန်လုပ်လို့ရမယ်၊ ဂျင်ပရစ်ကိုလည်း သမ္မတဖြစ်အောင်လုပ်ပေးနိုင်မယ်၊ နောက်ဆုတ်ဖို့အချိန်မဟုတ်တော့ဘူး"

ပရက်စတန်က...

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ကျုပ်တို့ဘာလုပ်ကြမလဲ၊ လင်းစ်မင်းကုမ္ပဏီဟာ အင်မတန်စေ့စပ်တာ၊ ခင်ဗျားတို့လည်းသိသားနဲ့"

ဘာရင်တန်က...

"ပထမဆုံးသိထားဖို့က ဒါဟာ အကျပ်အတည်းကြီးတစ်ခုမဟုတ်ဘူး၊ ပြဿနာကလေးတစ်ခုလောက်ပါပဲ၊ ပြဿနာကလည်း လင်းစ်မင်းကုမ္ပဏီမဟုတ်ဘူး၊ သူတို့ဆီကစာရင်းကိုင်တွေ ကျုပ်တို့စာရင်းစာအုပ်တွေကို နှစ်၁၀၀ လောက်ကြည့်တာတောင် ဒီအကြောင်း ပေါ်မှာ မဟုတ်ဘူး၊ ကျုပ်တို့ရဲ့ပြဿနာက ဂျင်နီဖာရာမီပဲ၊ ဒီမိန်းမ ဒါထက်ပိုမသိအောင်ကျုပ်တို့တားမှဖြစ်မယ်၊ အနည်းဆုံး တနင်္လာနေ့မတိုင်မီအထိပေါ့၊ တနင်္လာနေ့ကျရင် ကုမ္ပဏီနှစ်ခုပေါင်းဖို့ လက်မှတ်ရေးထိုးကြမယ်မဟုတ်လား"

ဂျင်က သရော်ဟန်ဖြင့်...

"ဒီတော့ ခင်ဗျားဒီမိန်းမကို အမိန့်နဲ့တားလို့မရဘူးဆိုတာက စကားမဟုတ်ဘဲ တက္ကသိုလ်ဖြစ်နေလို့ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



ဘာရင်တန်ကခေါင်းညိတ်သည်။ သူတို့နှစ်ယောက်အားမိမိလိုချင်သည့်လမ်းကြောင်းပေါ်သို့တင်နိုင်ခဲ့သည်။ သူကအေးအေးဆေးဆေးဖြင့်...

"မှန်တယ်၊ သူ့ကိုကျုပ်အမိန့်ပေးလို့မရဘူး၊ လူတွေကိုကိုယ်လိုချင်သလိုရအောင်လုပ်ဖို့ စစ်တပ်မှာသုံးတဲ့နည်းထက် သိမ်မွေ့တဲ့တခြားနည်းတွေအများကြီးရှိတယ်၊ ဒီကိစ္စကျုပ်တာဝန်ထား၊ ကျုပ်လုပ်လိုက်ပါ့မယ်"

ပရက်စတန်က ကျေနပ်သွားဟန်ဖြင့်...

"ဘယ်လိုလုပ်မှာလဲ"

ထိုမေးခွန်းနှင့်ပတ်သက်၍ ဘာရင်တန်အကြိမ်ကြိမ်စဉ်းစားထားပြီးဖြစ်သည်။ မိမိတွင် အစီအစဉ်တော့မရှိ။ အကြံတော့ရှိသည်။ သူက...

"ဒီမိန်းမမှာ ကွန်မြူနစ်အချက်အလက်ရဖို့အခက်အခဲရှိနေတယ်၊ လူမှုစည်းကမ်းတွေနဲ့ပတ်သက်နေလို့လေ၊ ဒါကြောင့် သူ့ကိုမလုပ်ဖို့တားနိုင်မယ်ဆိုတာကျုပ်ယုံတယ်"

"သူကလည်းသူ့ကိုယ်သူတားလို့မရအောင်လုပ်ထားမှာပေါ့"

"နိုင်နိုင်မာမာအကြောင်းပြချက်သုံးဖို့မလိုပါဘူး၊ အရိပ်အမြွက်သဘောလောက်ပြောရင်ရနိုင်ပါတယ်"

"ဒီမိန်းကလေးအနေအထားက ဘယ်လိုလဲ"

ဂျင်ကမေးသည်။ ဘာရင်တန်က..

"အသက် ၃၀လောက်ရှိတယ်၊ အရပ်မြင့်မြင့်၊ အားကစားလိုက်စားတယ်၊ ဆံပင်ကအနက်၊ နာခေါင်းမှာ ကွင်းတပ်ထားတယ်၊ လက်ဟောင်းအနီရောင်မာစီဒီးကိုမောင်းတယ်၊ သူ့ကိုကျုပ်လေ့လာနေတာကြာပြီ၊ ဒါပေမဲ့ ညကမှသူ့မျိုးရိုးထဲမှာ စရိုက်မကောင်းတဲ့သူပါနေတယ်ဆိုတာသိခဲ့ရတယ်၊ သူ့အဖေဟာ ရာဇဝတ်ကောင်ပုံစံမျိုး၊ ဒီမိန်းကလေးကတော့လိမ္မာတယ်၊ ဥပဒေကိုလေးစားလိုက်နာတယ်၊ ပြီးတော့ ခေါင်းမာတယ်"

"အိမ်ထောင်နဲ့လား၊ တစ်ခုလပ်လား"

"အပျိုပါ၊ ရည်းစားတောင်မရှိဘူး"

"ရုပ်ဆိုးလို့လား"

"ဟင့်အင်း၊ ချောတယ်၊ ဒါပေမဲ့ကပ်ဖို့မလွယ်ဘူး"

ဂျင်က ခေါင်းညိတ်လျက်...

"ထောက်လှမ်းရေးနယ်ပယ်မှာ ကျုပ်တို့ကိုသစ္စာရှိတဲ့လူတွေ အများကြီးရှိပါတယ်၊ ဒီမိန်းကလေးပျောက်သွားအောင်လုပ်ဖို့သိပ်မခက်ပါဘူး"



ပရက်စတန်က ကြောက်လန့်တကြားကြည့်ကာ...

"အကြမ်းပတမ်းလုပ်မလို့လားဂျင်ရယ်၊ ဘုရား ဘုရား"

စားပွဲထိုးတစ်ယောက်ပန်းကန်များလာသိမ်းသည်။ သူရှိနေစဉ်အားလုံးစကားမပြောကြ။ ယမန်နေ့ညက အမျိုးသမီးရဲ့ရုံးထောက်မစ်ရှ်ထံမှ သိရသည့်ကိစ္စကိုသူတို့အားပြောပြမှုဖြစ်မည်ဟုဘာရင်တန်တွက်သည်။ သူက...

"ခင်ဗျားတို့ကိုပြောပြရဦးမယ်၊ တနင်္ဂနွေညနေကအားကစားရုံမှာ မိန်းကလေးတစ်ယောက်အဓမ္မစော်ကားခံလိုက်ရတယ်၊ ရဲက စတီလိုဂန်ကိုဖမ်းလိုက်တယ်၊ အစော်ကားခံရတဲ့မိန်းကလေးက သူ့ကိုတန်းစီတဲ့အထဲက ဆွဲထုတ်ပြတယ်လေ"

ဂျင်က..

"သူကရော လုပ်လို့လား"

"မလုပ်ဘူး"

"အဲဒီလိုလုပ်တဲ့လူကိုရော ခင်ဗျားသိသလား"

ဘာရင်တန်က သူ့ကိုစာညွှတ်ညွှတ်ကြည့်ပြီး..

"အင်း ကျုပ်သိတယ် ဂျင်"

ပရက်စတန်က..

"သေလိုက်ပါတော့ကွာ"

ဂျင်က...

"တောင်ရေးတွေကို ကျုပ်တို့ဖျောက်ဖျက်ပစ်ရင် ကောင်းမယ်ထင်တယ်"

ဘာရင်တန်မှာ အသက်ရှူကျပ်ပြီး မျက်နှာတွေနီရဲလာသည်။ သူက စားပွဲရှေ့သို့ကုန်းကာ ဂျင်၏မျက်နှာအား လက်ညှိုးငေါက်ငေါက်ထိုးလျက်...

"ခင်ဗျား ဒီစကားမျိုးပြောတာ နောက်ကျုပ်မကြားချင်ဘူး"

သူ၏လက်ညှိုးမှာ ဂျင်၏မျက်လုံးနားထိရောက်သွားသဖြင့် ဂျင်မှာ မျက်တောင်ပင့်ပုတ်ခတ်လိုက်ရသည်။ ပရက်စတန်က..

"တော်ကြစမ်းပါဗျာ၊ ခင်ဗျားတို့နှစ်ယောက် တခြားလူတွေမြင်ကုန်မယ်"

ဘာရင်တန်မှာလက်တို့ရုပ်လိုက်သော်လည်း စိတ်ကမပြေသေး။ လူရှင်းသည့်နေရာသာဆိုလျှင် ဂျင်အားလည်ပင်းထညှစ်ဖြစ်မည်။ သို့တစေ ဂျင်၏အင်္ကျီရင်ဘတ်ကိုဆွဲကာ...

"ဒီကလေးတွေ အသက်ရှင်အောင်ကျုပ်တို့လုပ်ထားရတာ၊ လူ့လောကထဲရောက်အောင်ကျုပ်တို့လုပ်ထားတာ၊ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ သူတို့အပေါ်မှာ ကျုပ်တို့တာဝန်ရှိတယ်"

www.burmeseclassic.com



"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ"

ဂျင်က ဆိုသည်။ ဘာရင်တန်က ဆက်၍…

"ခင်ဗျားနားလည်ထားရမှာက သူတို့ထဲကတစ်ယောက်ယောက်များ အနာတရဖြစ်ရင် ခင်ဗျားခေါင်းကိုကျုပ်ထိုးခွဲပစ်လိုက်မယ်"

စားပွဲထိုး ပြန်ရောက်လာပြီး…

"လူကြီးမင်းတို့အချိုပွဲသုံးဆောင်ကြဦးမလား"

ဘာရင်တန်က ဂျင်၏အင်္ကျီရင်ဘတ်ကိုလွှတ်လိုက်သည်။ ဂျင်ကဒေါသတကြီးဖြင့်ကျေမွသောမိမိအပေါ်အင်္ကျီကိုပွတ်၍ ပြန်နေ၏။ ပရက်စတန်က စားပွဲထိုးအား….

"ပြေစာယူခဲ့ကွာ"

၀ ၀ ၀

## အခန်း (၁၇)

စတီလိုဂန်တစ်ညလုံးမအိပ်ခဲ့ရ။ ဝက်ကြီးခေါ်အမဲသတ်သမားမှာ အိပ်စင်ပေါ်တွင်အိပ်နေပြီးဟောက်ပင်ဟောက်နေသေးသည်။ စတီမှာ ကြမ်းပြင်တွင် ထိုင်ကာ သူ့ကိုစောင့်ကြည့်ရင်း သူလှုပ်လိုက်တိုင်း သူနိုးလာလျှင်ဘာလုပ်မည်နည်းဟု စိုးရိမ်နေမိသည်။ ဝက်ကြီးမိမိအားထိုးကြိတ်လေမည်လား၊ ရိုက်နှက်လေမည်လားဟူ၍..။

စတီတစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ ထောင်ထဲရောက်လျှင် အမြဲတမ်းအရိုက်အနှက်ခံကြရသည်။ အချို့လည်း ဒဏ်ရာတွေရ၊ အချို့လည်းသေ။ အပြင်မှာစောင့်နေသည့်ရဲတွေကလည်းအရေးမလုပ်။ အကျဉ်းသားတွေတစ်ယောက်နှင့်တစ်ယောက်သတ်၍သေကုန်ပြီဆိုလျှင်အမြဲစ်မဲ့ပြည်သူတွေအား နောက်ထပ်ဓားပြမှုတွေ၊ သတ်ဖြတ်မှုတွေ မရှိနိုင်တော့ဟုတွက်ကြဟန်တူသည်။

လူပျော့တစ်ယောက်ဟုမထင်ရအောင် မိမိကိုယ်ကိုအတော်လေးဟန်လုပ်နေရသည်။ မိမိအားလူတွေလျှော့တွက်ချင်ကြသည်။ စောစောကရဲစုံထောက်ကလည်းထိုအတိုင်းပင်။ ရဲစုံထောက်မှာ အတော်ပင်ထွားကြိုင်းသော်လည်း သူလုပ်သွားသည်မှာမိမိတွင်နည်းနည်းလေးမျှမနာ။

မိမိအသွင်အပြင်မှာ ပြန်လည်ထိုးကြိတ်ရန်ဖြစ်နေသည့်ပုံမျိုးပေါက်နေစေရမည်။ မိမိအားကောလိပ်ကျောင်းသားလူသန့်သန့်ကလေးဟု ဝက်ကြီးတွေးမိသွားသည်မျိုးမဖြစ်စေရ။ သို့ဆိုလျှင် မိမိမှာဝက်ကြီးအတွက်ထိုးကြိတ်သတ်မှတ်စရာပစ်မှတ်ဖြစ်သွားပေမည်။ မိမိအပေါ် ဝက်ကြီးခန့်မှန်း၍မရအောင်လုပ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ထိုသို့ အဆင်မပြေခဲ့သော်မည်သို့လုပ်မည်နည်း။

ဝက်ကြီးမှာ မိမိထက်အရပ်ပိုမြင့်ပြီးထွားလည်းထွားကြိုင်းသည်။ ဝက်ကြီးမှာ အခါအားလျော်စွာ လမ်းတွေထဲလိုက်ပြီး ထိုးကြိတ်သတ်ပုတ်ခဲ့သည့်လူမိုက်ပုံစံမျိုး။ မိမိကတော့ကျစ်လစ်ပြီးပို၍မြန်မည်ထင်၏။ သို့ရာတွင် လူတစ်ယောက်ကိုဒေါသတကြီးထိုးကြိတ်ခြင်းမလုပ်ခဲ့သည်မှာ ၇ နှစ်ရှိပေပြီ။

နေရာကျယ်ကျယ်ဝန်းဝန်းသာရှိမည်ဆိုလျှင် ဝက်ကြီးအား ခပ်မြန်မြန်လှဲပစ်ပြီး အနာတရမရှိလွတ်မြောက်သွားပေလိမ့်မည်။ သို့သော် ဤအကျဉ်းခန်းထဲတွင်တော့ မည်သူပဲနိုင်နိုင်သွေးထွက်သံယိုတွေတော့ဖြစ်ကုန်မည်။ ရဲစုံထောက်ပြောသွားသည့်အတိုင်းသာမှန်မည်ဆိုလျှင်တော့ ဝက်ကြီးသည်ပြီးခဲ့သည့် ၂၄နာရီအတွင်းကမှ သတ်ချင်ဖြတ်ချင်စိတ်တွေရှိနေသူတစ်ဦးဖြစ်သည်။ မိမိရောသတ်ချင်ဖြတ်ချင်သူတစ်ဦးလော။

ငယ်ငယ်က ဟာင်းဒရစ်အား မိမိသတ်ခဲ့မိမတော်ဖြစ်ခဲ့ရသည်။ ဤသည်မှာ မိမိလည်းဝက်ကြီးကဲ့သို့ဖြစ်ခဲ့သည်လော။ အကယ်၍ မိမိနှင့်ဝက်ကြီးထိုးကြိတ်သတ်ပုတ်ပြီး မိမိနိုင်ခဲ့သော်ဟူ၍ တွေးကြည့်မိသည်။ ဝက်ကြီး သွေးတို့ဖြင့်ကြမ်းပြင်ပေါ်ကိုလဲနေပြီး စတီက သူ့အပေါ်ခွရပ်နေသည့်ပုံမြင်ယောင်ကြည့်သည်။ အချုပ်ခန်းသော့ကိုင်က..

"အောင်မလေး ဘုရား၊ ဘုရား၊ သေကုန်ပြီထင်တယ်" ဟူသောပြောသံကိုကြားယောင်မိ၏။ မိမိအရှုံးပေးလိုက်သည်ကပိုကောင်းမည်ထင်၏။

မိမိ ထုံပေပေနေလိုက်မည်။ ကြမ်းပြင်ပေါ်တွင် မိမိကွေးအိပ်နေပြီး ဝက်ကြီး မိမိအား အကြိမ်ကြိမ်မောအောင်ကန်သည်ကို မိမိခံနေလိုက်မည်။ သို့သော် ဤသို့ရော ခံနိုင်ပါမည်လား။ သို့ဖြင့် လည်ချောင်းတွေခြောက်၊ ရင်တွေခုန်ကာဝက်ကြီး အားကြည့်နေရင်းမိမိတို့ထိုးကြိတ်သတ်ပုတ်ကြမည့်ပုံကိုစဉ်းစားကြည့်နေမိသည်။

ဤသည်မှာ ရဲတွေ၏လှည့်ကွက်တစ်မျိုးဟူ၍လည်းတွေးမိသည်။ အေးအေးဆေးဆေးစခန်းစလာအောင်ရိုက်နှက်မည့်အစား ထိုအလုပ်ကို အခြားအကျဉ်းသားတစ်ယောက်အားလုပ်နိုင်းခြင်းမျိုး၊ ဝက်ကြီးလိုလူမျိုးနှင့် အချုပ်ခန်းတစ်ခန်းတည်းတွင် အတူထားကာ ကိုယ်မကျူးလွန်သည့်ပြစ်မှုတစ်ခုကိုကျူးလွန်ပါသည်ဟု ဝန်ခံသွားသူ ဘယ်နှစ်ယောက်ရှိခဲ့သည်မသိ။

ဤအချက်ကို သူဘယ်တော့မှမေ့မည်မဟုတ်။ မိမိရှေ့နေဖြစ်သည့်အခါ အစစ်ဆေးခံရသူတစ်ဦး၏ဝန်ခံချက်ကို သက်သေအဖြစ်သက်ခံမည်မဟုတ်။

ယခုမှသတိရသည်။ ယခုကိစ္စတွင်မိမိအားဖြစ်ဒဏ်ချလိုက်ပါက ဥပဒေလောကနှင့်ဝေးရတော့မည်။ မည်သူ့အတွက်မျှလည်း ရှေ့နေလိုက်ပေး၍ ရတော့မည်



မဟုတ်။ မိမိပြစ်ဒဏ်ခံရမည်မဟုတ်ဟု ကိုယ့်ကိုယ်ကိုယ်အားတင်းနေမိသည်။ ဒီအင်န်အေကိုစစ်လိုက်လျှင်ရှင်းသွားမည်။

သန်းခေါင်လောက်က သူ့အား အချုပ်ခန်းထဲမှထုတ်၍ လက်ထိတ်ခတ်ကာ အနီးဆုံးဆေးရုံသို့ခေါ်သွားသည်။ ဟိုရောက်တော့ သွေးဖောက်ယူသည်။ သွေးထဲမှ ဒီအင်န်အေကို ထုတ်စစ်မည်ဖြစ်၏။ ထိုစစ်ဆေးမှုမည်မျှကြာဦးမည်နည်းဟု သူနာပြုဆရာမအားမေးကြည့်တော့ ၃ ရက်ခန့်ကြာမည်ဆိုသဖြင့်စိတ်ညစ်ရပြန်သည်။ သို့ဖြင့် စိတ်ဓာတ်ကျကာအချုပ်သို့ပြန်ခဲ့ရသည်။ သူ့အားဝက်ကြီး၏အခန်းထဲတွင်ပင်ထားသည်။ ဝက်ကြီးမှာသနားစရာအိပ်ပျော်နေရှာ၏။

၂၄ နာရီလောက်တော့မိမိမအိပ်ဘဲနေနိုင်မည်ထင်၏။ တရားရုံး အမိန့်မရှိဘဲ မိမိအား ထိုထက်ချုပ်ထား၍မရ။ မိမိအားညနေ ၆နာရီတွင်ဖမ်းဆီးခဲ့သဖြင့် ယခုည ထိုအချိန်လောက်အထိတော့နေရမည်။ ထို့နောက် မိမိအာမခံလျှောက်နိုင်သည်။ မိမိ လွတ်မြောက်ရန်ဤတစ်လမ်းသာရှိသည်။

တစ်ညလုံး အချုပ်ခန်းထဲသို့လူတွေထပ်ရောက်လာသည်။ အချို့ကလည်း ညည်းညူနေကြ၏။ အချို့ကမူသူတို့တွင်အပြစ်မရှိကြောင်း ကျယ်လောင်စွာကန့်ကွက်ပြောဆိုနေကြသည်။ တစ်ယောက်မှာ ရဲတွေလက်ထဲမှ ရုန်းကန်နေသဖြင့် အရိုက်ခံရ၏။ မနက်၅နာရီလောက်ကျမှ တိတ်ဆိတ်ငြိမ်သက်သွားသည်။ ၈ နာရီလောက်ကျတော့ အခန်းသော့ကိုင်ရဲကဖော့ဘူးကလေးများနှင့် နံနက်စာယူလာသည်။ အစားအသောက်တွေရောက်လာသည်နှင့်လူတွေနိုးကုန်ကြ၏။ ဆူဆူညံညံအသံများကြောင့် ဝက်ကြီးနိုးလာသည်။

စတီလည်း ရှိသည့်နေရာတွင်ထိုင်နေရင်း ကြောင်တောင်တောင်ငေးနေသည်။ ဝက်ကြီးကိုလည်း မျက်လုံးထောင့်ကပ်၍အကဲခတ်လိုက်၏။ ဖော်ရွေသည့် သဘောကို ပြလိုက်လျှင်ပျော့ညံ့ရာကျပေမည်။

ဝက်ကြီးကအိပ်စင်ပေါ်တွင်ထထိုင်နေ၏။ ပြီးတော့ စတီကိုစိုက်ကြည့်နေသည်။ ဘာမျှတော့မပြော။ အကဲခတ်နေသည့်သဘောဖြစ်သည်။ တစ်မိနစ်၊ နှစ်မိနစ်ခန့်ကြာတော့ဝက်ကြီးက...

"မင်း ဒီမှာဘာလာရှုပ်နေတာလဲ"

စတီက ဘာမျှမဖြစ်သလိုအမူအရာဖြင့် မျက်စိကိုတဖြည်းဖြည်းချင်းခွာကာ ဝက်ကြီးကို နောက်ဆုံးမျက်လုံးချင်းဆိုင်ကြည့်လိုက်၏။ ပြီးတော့ အ[illegible]ကြာအောင်စိုက်ကြည့်ထားသည်။ ဝက်ကြီးမှာ လူချောတစ်ယောက်ဖြစ်၏။ [illegible]ပြည့်ပြည့်နှင့် ခပ်ထန်ထန်ဖြစ်သည်။ သူကစတီအား နီရဲသောမျက်လုံးကြီးများဖြင့် အကဲခတ်

www.burmeseclassic.com

www.burmeseclassic.com



သလို ကြည့်နေ၏။ စတီကလည်းသူ့အားပမာမခန့်ကြည့်နေသည်။ ပြီးတော့ဘာမျှမဖြစ်သလိုမျက်နှာကိုလွှဲပစ်လိုက်၏။ မေးသည်ကိုလည်းမဖြေ။ စတီကို ဝက်ကြီး ကြာကြာအကဲခတ်နေရလေ မိမိအတွက်ပို၍လုံခြုံလေဖြစ်သည်။

အချုပ်ခန်းသော့ကိုင်ရဲနံနက်စာကို သံတိုင်ကြားမှထိုးပေးတော့ စတီက မသိယောင်ပြုနေသည်။

ဝက်ကြီးကနံနက်စာကိုသွားယူ၏။ ပြီးတော့ ပါလာသမျှနံကင်တွေ၊ ကြက်ဥတွေအကုန်စားပြီးကော်ဖီကိုလည်းသောက်လိုက်သည်။ ထို့နောက် အိမ်သာပေါက်တွင်မရုက်မကြောက်ကျယ်လောင်စွာအိမ်သာတက်ပြန်သည်။ အိမ်သာတက်ပြီးတော့ ဘောင်းဘီကိုဆွဲတင်ကာ အိပ်စင်ပေါ်ပြန်ထိုင်ရင်းစတီကိုကြည့်ကာ...

"မင်း ဘာအမှုနဲ့ရောက်လာတာလဲအကောင်ဖြူကလေး"

အန္တရာယ်အကြီးဆုံးအချိန်သို့ရောက်လာပေပြီ။ ဝက်ကြီးမိမိအား စမ်းနေပြီတည်း။ မိမိမှာငယ်ငယ်ကတည်းကစထိုးကြိတ်သတ်ပုတ်ဖူးခြင်းမရှိသော အလုတ်တန်းစားခပ်ပျော့ပျော့ကျောင်းသားတစ်ယောက်အသွင်မျိုးပေါက်နေဟန်တူသည်။

စတီကဝက်ကြီးအား ယခုမှမြင်သည့်ဟန်မျိုးဖြင့်လှမ်းကြည့်လိုက်၏။ အတန်ကြာအောင်စိုက်ကြည့်ပြီးမှ အာလေးလျှာလေးဟန်လုပ်ကာ...

"မအေ...က ငါ့ကိုလာရှင့်လို့ငါဖွဲ့ပစ်လိုက်တာ"

ဝက်ကြီးက ပြန်စိုက်ကြည့်နေသည်။ မိမိပြောလိုက်သည်ကိုသူယုံ၊ မယုံတော့မသိ။ အတန်ကြာတော့မှ ဝက်ကြီးက...

"လူသတ်မှုလား"

"မှောက်သွားအောင်ဖွဲ့လိုက်လို့"

"ငါလည်း ဒီလိုပဲကွ"

ဤသို့ဆိုလျှင် ဝက်ကြီးမိမိပြောသည်ကိုယုံသွားပေပြီ။ ပြီးတော့ မျက်ကန်းတစ္ဆေမကြောက်ပြန်မေးလိုက်၏။

"ဒီမအေ... ငါ့ကို နောက်ဘယ်တော့မှမစော်ကားရဲတော့ဘူး"

"တုတ်တာပေါ့"

ဝက်ကြီးကဆိုသည်။ အတန်ကြာအောင်ငြိမ်နေကြ၏။ ဝက်ကြီးစဉ်းစားနေဟန်တူသည်။ နောက်ဆုံးကျမှ...

"ငါတို့နှစ်ယောက်ကို ဘာဖြစ်လို့တစ်ခန်းတည်းမှာထားရတာလဲ"

"သူတို့က ငါ့ကိုဖမ်းဖို့သက်သေမရှိဘူး၊ တကယ်လို့ ငါကမင်းကိုရှင်းပစ်လိုက်မယ်ဆိုရင် သူတို့အတွက်ငါ့ကိုဖမ်းဖို့အထောက်အထားရသွားတာပေါ့"



စတီက ပခုံးတွန့်ရင်းပြောသည်။ ဝက်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း...

"တကယ်လို့ ငါက မင်းကိုရှင်းလိုက်ရင်ရော"

"မင်းကိုအပြစ်ပေးဖို့ သူတို့အထောက်အထားရသွားတာပေါ့"

"အေးလေ၊ ဒီလိုပဲဖြစ်မှာပေါ့"

ဝက်ကြီးမှာ ပြောစရာစကားကုန်သွားဟန်တူသည်။ အတန်ကြာတော့ တုံးလုံးပြန်လှဲသွားပြန်၏။ စတီ စောင့်ကြည့်နေသည်။ ဤမျှဖြင့် ပြီးသွားလေပြီလား။ ခဏကြာတော့ ဝက်ကြီးအိပ်ပျော်သွားဟန်တူသည်။ သူ့ဟောက်သံကြားမှ စိတ်သက်သာရရကာ နံရံတွင်ခပ်ပျော့ပျော့မှီနေလိုက်သည်။ ထိုသည်၏နောက်ပိုင်းနာရီပေါင်းများစွာ ဘာမျှမဖြစ်သေး။

စတီအား စကားလာပြောမည့်သူတစ်ယောက်မျှမရှိ။ ဘာတွေဖြစ်နေသည်ကိုလည်းလာမပြောကြ။ အခြားနေရာတွင်ဆိုလျှင်တော့ စုံစမ်းရေးဌာနရှိမည်။ မိမိဘယ်တော့အာမခံလျှောက်လို့ရမည်ကိုမေးလိုသည်။ သို့သော် မည်သူကမျှမပြော။ အချုပ်ခန်းသော့ကိုင်အသစ်တစ်ယောက်ကို စကားပြောကြည့်သေးသည်။ ထိုရဲက မသိကျိုးကျွံပြုနေ၏။

အချုပ်ခန်းသော့ကိုင်လာပြီး အချုပ်ခန်းတံခါးဖွင့်ပေးစဉ် ဝက်ကြီးမှာအိပ်နေဆဲ။ ထိုရဲက စတီအားလက်ထိတ်ခတ်၊ ခြေထိတ်ခတ်သည်။ ဝက်ကြီးကိုလည်းနှိုးပြီးအလားတူလုပ်သည်။ ပြီးတော့ သူတို့နှစ်ယောက်ကို အခြားလူနှစ်ယောက်နှင့်တွဲ၍ချည်ပြီး အချုပ်ခန်းများအဆုံးသို့ ခေါ်သွားကာရုံးခန်းလေးတစ်ခုဆီသို့ပို့ပေးသည်။

ထိုအခန်းထဲတွင် စားပွဲနှစ်လုံးရှိပြီး ထိုစားပွဲများပေါ်၌ ကွန်ပျူတာတစ်လုံးစီနှင့် လေဆာပရင်တာတစ်လုံးစီရှိသည်။ စားပွဲများရှေ့တွင်ကြိမ်ကုလားထိုင်များတန်းစီ၍ချထား၏။ စားပွဲတစ်လုံးတွင်အသက်၃၀ခန့်ရှိ သားသားနားနားလှမည်းအမျိုးသမီးတစ်ယောက်ထိုင်နေ၏။ သူမကသူတို့ကိုလှမ်းကြည့်ပြီး...

"ထိုင်ကြပါ"

ပြောရင်း သူမက ကွန်ပျူတာကိုဆက်၍ရိုက်နေ၏။

သူတို့အားလုံးကုလားထိုင်များတွင်ဝင်၍ထိုင်သည်။ စတီလှည့်ပတ်ကြည့်လိုက်၏။ သံမဏိဖိုင်ဗီရို၊ ကြော်ငြာသင်ပုန်း၊ မီးသတ်ဘူး၊ ခေတ်ဟောင်း မီးခံသေတ္တာများဖြင့် ပုံမှန်ရုံးခန်းတစ်ခန်းဖြစ်သည်။ အချုပ်ခန်းနှင့်ယှဉ်လျှင်တော့ အတော်သာယာသည့်အခန်းပင်။

ဝက်ကြီးမှာ မျက်စိမှိတ်ထားသည်။ ပြန်၍အိပ်ပျော်နေသည်ထင်၏။ အခြား

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အနက်တစ်ယောက်မှာ ကျောက်ပတ်တီးစီးထားသောသူ၏ခြေထောက်တစ်ဖက်ကို မယုံနိုင်သလိုကြည့်နေ၏။ ကျန်တစ်ယောက်မှာမူ မိမိဘယ်ရောက်နေသည်ကို မသိဟန်ပြူးပြူးကြီးလုပ်နေသည်။ ဘဝင်မြင့်နေသည်လား၊ စိတ်မနှံ့သည်လားမသိ။ နှစ်ခုစလုံးလည်းဖြစ်နိုင်သည်။ နောက်ဆုံးတွင် အမျိုးသမီးကမျက်နှာကို ကွန်ပျူတာမှခွာလျက်..

"ရှင်တို့နာမည်တွေကို ပြောကြပါ"

စတီက ထိပ်ဆုံးမှဖြစ်၍....

"စတီလိုဂန်"

"မစ္စတာလိုဂန်၊ ကျွန်မက ကော်မရှင်နာ ဝီလျံပါ"

သူမက တရားရုံးကော်မရှင်နာပေကိုး။ ကော်မရှင်နာဆိုသည်မှာ တရားရေးအရာရှိတစ်ယောက်ဖြစ်၍ တရားသူကြီးထက်အဆင့်နိမ့်သည်။ ဖမ်းဝရမ်းထုတ်ပေးခြင်းနှင့်အခြားနိမ့်သောတာဝန်များကိုထမ်းဆောင်ရသည်။ အာမခံလည်း ပေးနိုင်၏။ စတီအားတက်သွားသည်။ မိမိအချုပ်မှထွက်ရတော့မည်ထင်၏။ သူမကဆက်၍...

"ရှင်တို့ရဲ့စွဲချက်ရတွေနဲ့ အမှုစစ်မယ့်ရက်စွဲ၊ အချိန်၊ နေရာတို့ကိုပြောမယ်၊ အာမခံ ရ၊ မရ၊ လွတ်၊ မလွတ်ဆိုတာကိုရောပြောမယ်"

သူမပြောသွားသည်မှာ အလွန်မြန်၏။ သို့ရာတွင် အာမခံနှင့်ပတ်သက်၍ သူမ ကိုးကားသွားသည်များကို စတီမှတ်မိနေသည်။ သူမက ဆက်၍...

"ရှင်ဟာ အမျိုးသမီးတစ်ယောက်ကိုမတော်မတရားပြုမှု၊ မတော်မတရားသွေးသားဆောင်းကျန်းဖို့ရည်ရွယ်ချက်နဲ့ အကြမ်းပတမ်းကိုယ်ထိလက်ရောက်ရိုက်နှက်မှုတွေနဲ့ စွပ်စွဲခံထားရတယ်"

သူမက ရုံးထုတ်မည့်ရက်စွဲကို နောက်ထပ်သုံးပတ်ခြား၍ပေးသည်။ သူမကဆက်၍...

"မတော်မတရားစွဲချက်အရ ထောင်တစ်သက်ကျနိုင်တယ်၊ မတော်မတရားပြုဖို့ရည်ရွယ်ချက်နဲ့ကိုယ်ထိလက်ရောက်ရိုက်နှက်မှုအတွက် ထောင်ဒဏ်ရလေးနှစ်ကနေ၁၅နှစ်အထိကျနိုင်တယ်၊ ဒီနှစ်ခုစလုံးဟာ ရာဇဝတ်မှုကြီးတွေ ချည်းပဲ"

အားကစားရုံးတွင်သောင်းကျန်းသွားသည့်တရားခံမှာ အားကစားရုံကိုလည်း မီးရှို့သွားခဲ့သေးသည်ဟုသူကြားထားသည်။ အဘယ်ကြောင့် ထိုစွဲချက် မပါပါလိမ့်။ မီးလောင်သည်မှာထိုတရားခံ၏လက်ချက်ဟုတ်၊မဟုတ်အထောက်အထားမတွေ့သောကြောင့်ဖြစ်မည်။

သူမက စာရွက်နှစ်ရွက်ပေးသည်။ ပထမတစ်ရွက်မှာမိမိ၏အကျဉ်းသား



ရပိုင်ခွင့်များကိုဖော်ပြထားခြင်းဖြစ်သည်။ နောက်တစ်ရွက်မှာ ဥပဒေအကျိုးဆောင်များနှင့် ဆက်သွယ်နိုင်မည့်နည်းလမ်းများကိုဖော်ပြထားသည်။ ထိုနှစ်ရွက်စလုံးကို လက်မှတ်ရေးထိုးပေးလိုက်ရ၏။

သူမကမေးခွန်းများကိုတရစပ်မေးပြီး ယင်းတို့ကိုကွန်ပျူတာတွင်ရိုက်သွင်းနေသည်။

"ရှင့်နာမည်ကိုပြောပါ၊ ဘယ်မှာနေသလဲ၊ ဖုန်းနံပါတ်၊အဲဒီမှာနေတာတယ်လောက်ကြာပြီလဲ၊အဲဒီမတိုင်ခင်ကဘယ်မှာနေသလဲ" စသည်တို့ဖြစ်သည်။

စတီကမိမိမှာမိဘများနှင့်နေထိုင်ကြောင်း၊ ဥပဒေဒုတိယနှစ်ကျောင်းသားဖြစ်ကြောင်း၊ ရာဇဝတ်မှုကျူးလွန်သည့်မှတ်တမ်းမရှိကြောင်းပြောနေရင်း အားတွေတက်လာမိသည်။ မူးယစ်ဆေးဝါးနှင့်အရက်သေစာသောက်စားမှုရှိ၊ မရှိမေးရာ မရှိကြောင်းဖြေကြားခဲ့သည်။မိမိအာမခံဘယ်အချိန်လျှောက်၍ရမည်နည်းဟု မေးချင်သည်။သို့ရာတွင် သူမကလျှင်မြန်စွာပြောနေ၏။ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်နေဟန်တူသည်။

"သွေးသားဆောင်းကျန်းမှုနဲ့ပတ်သက်လို့တော့ ဖြစ်နိုင်တဲ့အနေအထားကို ကျွန်မမတွေ့ရဘူး၊ ဒါပေမဲ့ ဒါကိုမကျူးလွန်ဘူးလို့လဲအမိပွာယ်မသက်ရောက်ဘူး၊ ရဲစုံထောက်ရဲ့အစီရင်ခံစာထဲမှာ ဖြစ်နိုင်ခြေရှိတယ်ဆိုတဲ့အချက်မှိုင်းနိုင်လုံလုံမပါဘူး၊ ကျွန်မအနေနဲ့ကတော့ ဒီစွဲချက်ကို အတည်ပြုပေးဖို့ပဲ"

ရဲစုံထောက်များက ဘာကြောင့်ဒီစွဲချက်ကိုတင်ရသည်မသိ။ သူမကဆက်၍....

"ဒါပေမဲ့ ဒီစွဲချက်အရရှင့်ကိုရုံးကိုတော့တင်ရမှာပဲ"

စတီနားမလည်နိုင်ဖြစ်ရသည်။ ဘာအကြောင်းကြောင့်များ မိမိကိုရုံးတင်ရမည်နည်း။ ဒုတိယနှစ်ဥပဒေကျောင်းသားတစ်ယောက်ပင်လျှင် သူတို့ပြောသမျှလုပ်နေရမည်ဆိုပါက အခြားသူများအဖို့ဆိုဖွယ်ရာမရှိချေ။

"ရှင်ဘာမေးချင်သေးလဲ"

"ကျွန်တော် အာမခံလျှောက်ချင်ပါတယ်၊ ကျွန်တော့်မှာအပြစ်မရှိပါဘူး"

သူမက ကြားဖြတ်၍..

"မစ္စတာလိုဂန် ရှင်ဟာပြစ်မှုကြီးဥပဒေ၆၃၈(ခ)နဲ့ တရားစွဲခံထားရတာ၊ ဒါကြောင့် ကျွန်မကော်မရှင်နာတစ်ယောက်အနေနဲ့အာမခံပေးခွင့်မရှိဘူး၊ တရားသူကြီးကသာပေးခွင့်ရှိတယ်"

မျက်နှာကို လက်သီးနှင့်ထိုးလိုက်သလိုခံစားလိုက်ရသည်။ မိဘပျက်သွားရ

www.burmeseclassic.com

သဖြင့်နေမကောင်းချင်သလိုပင်ဖြစ်သွားရသည်။ ထို့ကြောင့် သူမအားမယုံနိုင်သလို စိုက်ကြည့်ရင်း...

"ဒါ အစီပွာယ်မရှိဘူး"

"အခုအချိန်မှာ ရှင့်ကိုအာမခံမပေးဘဲချုပ်ထားရမှာ"

သူက အသံကိုမြှင့်ကာ...

"ဒါဆို ဘာဖြစ်လို့ ခင်ဗျားဒီမေးခွန်းတွေမေးနေရတာလဲ၊ ကျုပ်က အချုပ်ကထွက်ရတော့မယ် အောက်မေ့လို့"

"ရှင့်ကိစ္စသိရရင် ရှင်နဲ့ပတ်သက်ပြီး အမှုမတိုင်ခင် စုံစမ်းမှုတွေလုပ်ရမယ်၊ စုံစမ်းရေးအရာရှိကတရားရုံးကိုအစီရင်ခံစာတင်မယ်၊ ရှင့်ကို အာမခံပေးဖို့ကိစ္စ မနက်ဖြန်သုံးသပ်ပြီး အာမခံနဲ့ပတ်သက်လို့တရားသူကြီးကဆုံးဖြတ်မယ်"

"ကျွန်တော့်ကို ဒီကောင်ကြီးနဲ့တစ်ခန်းထဲမှာထားဦးမှာလား"

စတီက အိပ်နေသောဝက်ကြီးအား လက်ညှိုးထိုးပြကာပြောသည်။

"အချုပ်ခန်းထားတဲ့ကိစ္စဟာကျွန်မနဲ့မဆိုင်ဘူး"

"ဒီကောင်ကြီးကလူသတ်သမား၊ သူကျုပ်ကိုမသတ်သေးတာက သူမနိုးသေးလို့၊ တရားရုံးအရာရှိတစ်ယောက်အနေနဲ့ခင်ဗျားကိုကျုပ်တရားဝင် တိုင်ကြားမယ်၊ ကျုပ်ဟာစိတ်ပိုင်းဆိုင်ရာနှိပ်စက်ခံရတဲ့အပြင် အန္တရာယ်လည်းရှိနေတယ်"

"အချုပ်ခန်းထဲမှာပြည့်နေရင်တော့ ရှင် ဒီလိုပဲတွဲနေ"

"အချုပ်ခန်းတွေက မပြည့်ပါဘူး၊ ဒီပြတင်းပေါက်က လှမ်းကြည့်ရင်မြင်ရသားပဲ၊ လွတ်နေတဲ့အခန်းတွေအများကြီး၊ ကျွန်တော့်ကိုဒီကောင်ကြီးရိုက်နက်အောင်တမင်ထည့်ထားတာ၊ တကယ်လို့များ သူကျွန်တော့်ကိုတစ်ခုခုလုပ်ရင် ဒီကိစ္စအတွက်ခင်ဗျားကိုတရားစွဲရလိမ့်မယ်"

သူမက အနည်းငယ်လေသံပျော့သွားပြီး...

"ကျွန်မကြည့်လိုက်ပါဦးမယ်၊ ရှင့်ကိုစာရွက်တွေပေးပြီးပြီနော်၊ လက်မှတ်ထိုးပြီး မိတ္တူတစ်စောင်စီယူထားလိုက်ပါ"

ထို့နောက် သူမ ဝက်ကြီးဘက်သို့လှည့်၍...

"နာမည်ပြောပါ"

စတီမှာ ခေါင်းကိုလက်နှစ်ဖက်နှင့်ညှပ်၍ ကိုင်ထားမိသည်။

○ ○ ○

## အခန်း (၁၈)

ဂျင်နီ တွေ့ဆုံမေးမြန်းသည့်အခန်းတံခါးကိုစိုက်ကြည့်နေစဉ် တံခါးဖြည်းဖြည်းချင်းပွင့်လာသည်။ ဝင်လာသူမှာ စတီလိုဂန်၏ကိုယ်ပွားဖြစ်၏။ သူမမှာအေးမှလစ်ဆာ၏ သက်ပြင်းရှိုက်သံကိုကြားလိုက်ရသည်။

ဒင်းနစ်ပင်ကာမှာ စတီနှင့်တူလွန်းသဖြင့် မည်သို့မျှခွဲ၍မရ။

မိမိ၏အယူအဆမှန်လေပြီဟူ၍ ဂျင်နီဝမ်းသာအားရဖြစ်နေမိ၏။ သူမ သက်သေပြနိုင်ပေပြီ။ မိဘများက မည်သို့ပင် ငြင်းသည်ဖြစ်စေ သူတို့ နှစ်ယောက်မှာ အမွှာဖြစ်ရမည်။ သူတို့နှစ်ယောက်မှာ သူမ၏လက်နှစ်ဖက်ပမာတူလွန်းလှ၏။

ရွှေရောင်ပျော့ပျော့နှင့် ကောက်သောဆံပင်များမှာတစ်ပုံစံတည်း ညှပ်ထားသည်။ တိတိညှပ်ကာခွဲထားသေး၏။ ဒင်းနစ်မှာ အကျင်္ီလက်ကို လက်ခေါက်တင်ထားပုံမှာ စတီအပြာရောင်ရှပ်ကိုလက်ခေါက်ထားပုံနှင့် တစ်ထေရာတည်း။ ဒင်းနစ်က တံခါးကိုနောက်ပြန်ခြေထောက်နှင့်ကန်၍ပိတ်ပုံကလည်း စတီစိတ်ပညာဌာနရှိ ဂျင်နီရုံးခန်းထဲသို့ဝင်လာစဉ်က တံခါးပိတ်ပုံနှင့်တူနေသည်။ ယခု ဒင်းနစ်က ဂျင်နီအားပြုံး၍နှုတ်ဆက်ပုံမှာထိုစဉ်က စတီထိုင်၍ သူမအား ပြုံး၍နှုတ်ဆက်ပုံနှင့် တူနေသည်။ ယခုမြင်ရသူမှာ စတီမဟုတ်ဟု ယုံရန်ပင်ခက်နေ၏။

ဒင်းနစ်ကလစ်ဆာအား လှည့်ကြည့်လိုက်သည်။ သူမမှာဒင်းနစ်အား ကြည့်နေရင်း ကြောက်ကာမျက်နှာတွေဖြူရော်လာ၏။ သူမက လေသံမှုဖြင့်

"သူပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဒင်းနစ်က ဂျင်နီအားကြည့်လျက်...

"အမိရဲ့အောက်ခံဖောင်းဘီကျုပ်ကိုမေးမလို့လား"

ဂျင်နီအနည်းငယ်ဝမ်းသာသွား၏။ ဤစကားမျိုးစတီမပြော။ဗီဇတစ်မျိုးတည်းမှပေါက်ဖွားလာသော်လည်း သူတို့နှစ်ဦးတွင်ကွဲပြားမှုရှိသည်။ တစ်ယောက်က ချစ်စရာကောလိပ်ကျောင်းသား၊ နောက်တစ်ယောက်က စိတ္တဇဆန်သူ။ သို့ရာတွင် အပေါ်ယံကြောကွဲပြားမှုမျှသာလော။ အစောင့်ဖြစ်သူရော်ဘင်ဆင်က...

"ကောင်းကောင်းနေနော်ပင်ကာ၊ မဟုတ်ရင်တော့မင်းကောင်းကောင်း ဒုက္ခရောက်သွားလိမ့်မယ်"

ဒင်းနစ်က အစောင့်အား ကလေးတစ်ယောက်သဖွယ်ပြုံးပြသည်။ သို့ရာတွင် သူပြောလိုက်ပုံက ကြောက်စရာ...

"ဘယ်လိုဖြစ်သွားတယ်ဆိုတာ ရော်ဘင်ဆင်တောင်သိလိုက်မှာမဟုတ်ဘူး"

ဂျင်နီဘက်သို့ တစ်ဖန်လှည့်၍...

"မင်းမေးရမှာပါ၊ မင်းဒီကပြန်ထွက်သွားရင်အတွင်းခံမပါဘဲ ထွက်သွားရမယ်"

ဂျင်နီကိုယ့်ကိုယ်ကိုယ်စိတ်တင်းနေရ၏။ သူသက်သက်လေလုံးထွားခြင်းဖြစ်သည်။ ဂျင်နီမှာလျှင်လည်းလျှင်သည်။ သန်လည်းသန်သည်။မိမိတစ်ယောက်တည်းဆိုလျှင်ပင် ဒင်းနစ်မိမိကိုအကြမ်းပတမ်းလုပ်၍ရမည်မဟုတ်။ မိမိဘေးတွင် ထွားကြိုင်းသော အကျဉ်းထောင်အစောင့်ကြီးသေနတ်တစ်လက်၊ တုတ်တစ်ချောင်းဖြင့်ရှိနေလျှင် မိမိအတွက်စိတ်ချရသည်။ သူမက လစ်ဆာအား ခပ်တိုးတိုး...

"နင်ဖြစ်ရဲ့လား"

လစ်ဆာမျက်နှာဖြူရော်နေသည်။ သို့သော် သူမဆုံးဖြတ်ချက်အတိုင်းလုပ်ရန် နှုတ်ခမ်းကိုတင်းတင်းစေ့ထား၏။ ပြီးမှ...

"ရပါတယ်"

ဒင်းနစ်ကိုလည်းသူ့မိဘများကဲ့သို့ ကနဦးပုံစံအမြောက်အမြားဖြည့်နိုင်းလိုက်၏။ ပြီးတော့ လစ်ဆာကရှုပ်ထွေးသောမေးခွန်းများကိုပြင်ဆင်နေသည်။ ထိုသို့လုပ်နေရင်း ဂျင်နီကအဖြေများကိုကြည့်ကာဒင်းနစ်နှင့် စတီတို့ကိုနှိုင်းယှဉ်ကြည့်သည်။ တူညီသည်များမှာအံ့သြလောက်သည်။ ယေဘုယျစိတ်အခြေအနေများ၊ စိတ်ဝင်စားမှုနှင့် ဝါသနာ၊ ကြိုက်သည့်အစားအစာများ၊ ကျွမ်းကျင်မှု၊ အားလုံးမှာအတူတူပင်ဖြစ်၏။ဒင်းနစ်မှာလည်းစတီကဲ့သို့ပင် ဉာဏ်ရည်မြင့်မားသည်ကိုတွေ့ရသည်။

နမျောစရာ။ ဤလူငယ်မှာ သိပ္ပံပညာရှင်တစ်ယောက်၊ ခွဲစိတ်ဆရာဝန်တစ်ယောက်၊ အင်ဂျင်နီယာတစ်ယောက်၊ ကွန်ပျူတာကျွမ်းကျင်သူတစ်ယောက်



ဖြစ်ဖို့ကောင်းသည်။ ယခုတော့ဒီလိုနေရာမျိုးရောက်နေရသည်။

စတီနှင့် ဒင်းနစ်တို့အကြား အဓိကကွဲပြားမှုမှာ လူမှုဆက်ဆံရေးဖြစ်သည်။ စတီမှာ ရင့်ကျက်၍သာမန်ထက်လူမှုဆက်ဆံရေးပိုကောင်းသည်။ သူစိမ်းများနှင့်တွေ့သည့်အခါပြေပြေလည်လည်ဆက်ဆံတတ်ပြီး တရားဝင်အမိန့်များကိုလည်း လွယ်လွယ်ကူကူ နာခံတတ်သည်။ မိတ်ဆွေများနှင့်ပြေလည်အောင်ပေါင်းတတ်ပြီး အသင်းအဖွဲ့များတွင်လည်းဝင်ဆန့်သည်။

ဒင်းနစ်ကတော့ ၃ နှစ်သားကလေးဆက်ဆံသည်မျိုး။ သူလိုချင်သည်ဆိုလျှင် အတင်းဆွဲယူပြီးသူများကိုပြန်မမျှချင်။ သူစိမ်းတွေကိုခြောက်လှန့်သူ၊ လိုချင်သလိုမဖြစ်လျှင် စိတ်ဆိုးပြီးကြမ်းတမ်းလာသည်မျိုး။

ဤအချက်တွင် စတီမှာဒင်းနစ်နှင့်ဘာကြောင့်မတူသနည်း။ပြုစုစောင့်ရှောက်ပုံခြင်းမတူ၍လား။ သို့မဟုတ်ကလည်း မတူဟုထင်စရာရှိနေသည်လား။

စတီက လူမှုဆက်ဆံရေးကောင်းမွန်ပုံမှာ မျက်နှာဖုံးမျှသာဖြစ်၍ အတွင်း၌ ဤစိတ္တဇသမားနှင့်တူနေသည်လား။ ဂျင်နီနားထောင်နေရင်း အခြားကွဲလွဲချက်တစ်ခုကိုသတိထားလိုက်မိသည်။ သူမ ဒင်းနစ်ကိုကြောက်လာမိ၏။ ဘာကြောင့်ရှယ်မှန်းမသိ။ အန္တရာယ်ရှိသလိုထင်လာမိ၏။ ဤသူသည်နောက်ပိုင်းဘာဖြစ်ဖြစ်စိတ်ထဲပေါ်လာသည့်အတိုင်း ဖွတ်တရွတ်လုပ်မည့်ပုံမျိုး။ စတီနှင့်တုန်းကမူ ထိုသို့အတွေးမျိုးမဝင်ခဲ့။

ဂျင်နီကဒင်းနစ်အား ဓာတ်ပုံရိုက်ယူသည်။ နားရွက်နှစ်ဖက်ကိုအနီးကပ်ရိုက်ယူ၏။ အမြွှာများသည် နားရွက်ချင်းပိုတူတတ်ကြ၏။ အထူးသဖြင့် အောက်ဖျားနားသီးနေရာတွင်ပိုတူတတ်သည်။

နောက်ဆုံးတွင် လစ်ဆာက ဒင်းနစ်၏သွားနမူနာကိုယူသည်။ ဂျင်နီမှာ ဒီအင်န်အေချင်းတိုက်ကြည့်ချင်စိတ်ပြင်းပြနေ၏။ စတီနှင့်ဒင်းနစ်တို့၏ဗီဇများတူရမည်ဟုသူမယုံကြည်သည်။ သို့ဖြစ်သည်နှင့် သူတို့နှစ်ယောက်မှာ ရုပ်တူအမြွှာတွေဖြစ်ကြောင်းသံသယရှိစရာမလိုတော့။

လစ်ဆာကထုံးစံအတိုင်းသွေးနမူနာမှုလင်းကိုတံဆိပ်ကပ်၊ လက်မှတ်ထိုးသည်။ ပြီးတော့ ယင်းကိုကားနောက်ခန်းရှိအအေးဘူးထဲသို့သွားထည့်သည်။ ဂျင်နီတစ်ယောက်တည်း မေးမြန်းစစ်ဆေးမှုလုပ်ကျန်ခဲ့၏။

နောက်ဆုံးမေးခွန်းများကိုမေးမြန်းနေရင်း ဂျင်နီကဒင်းနစ်နှင့်စတီတို့နှစ်ယောက်ကို ဓာတ်ခွဲခန်းတွင်တစ်ပတ်လောက်ခေါ်ထားချင်စိတ်ပေါက်မိသည့်အကြိမ်များတွေအားလုံးကို ထိုသို့လုပ်ရန်မဖြစ်နိုင်ချေ။ ရာဇဝတ်ကောင်များကို လေ့လာရသည့်အခါမိမိအတွက် အမြဲတမ်းပြဿနာနှင့်ရင်ဆိုင်နေရမည်။ နောက်ပြီး သူတို့အများစု

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ထောင်ထဲတွင်ရောက်နေသည်ကများသည်။ ခေတ်မီသောစာတ်ရွဲခန်းကိရိယာများဖြင့် ဒင်းနှစ်ကိုစမ်းသပ်ဖို့ဆိုသည်မှာ သူ့ထောင်ကလွတ်မှဖြစ်နိုင်မည်။ သို့တစေ မိမိတွင် အခြားနည်းဖြင့် လေ့လာစရာတွေရှိနေပြီပဲ။

သူမ နောက်ဆုံးမေးခွန်းမေးပြီးနောက်..

"အခုလို စိတ်ရှည်လက်ရှည်ဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စတာပင်ကာ"

"အမိရဲ့အောက်ခံဘောင်းဘီကျုပ်ကိုမပေးရသေးဘူးလေ"

သူက အေးစက်စက်နှင့်ပြောနေသည်။ ရော်ဘင်ဆင်က...

"ကဲ.. ပင်ကာ... မင်းတစ်ချိန်လုံးကောင်းကောင်းမွန်မွန်နေလာပြီးခုမှ မရှုပ်ချင်စမ်းပါနဲ့ကွာ"

ဒင်းနှစ်က ရော်ဘင်ဆင်အား မကျေမနပ်နှင့် တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ သူက ဂျင်နီအား...

"ရော်ဘင်ဆင်က ကြွက်ဆိုရင်သိပ်ကြောက်တတ်တာ၊ အမျိုးသမီးစိတ်ပညာရှင်ကြီးအဲဒါသိရဲ့လား"

ရုတ်တရက်ဂျင်နီစိုးရိမ်သွားသည်။ သူမနားမလည်နိုင်သောအဖြစ်အပျက်တစ်စုံတစ်ခုဖြစ်တော့မည်ဟုထင်လိုက်သည်။ ထို့ကြောင့် ကပျာကယာ မိမိ၏စာရွက်စာတမ်းများကို သိမ်းဆည်းလိုက်၏။ ရော်ဘင်ဆင်က...

"ငါက ကြွက်ကိုမုန်းတာကွ၊ ကြောက်တာမဟုတ်ဘူး"

"ဟောဟိုအခန်းထောင့်က ကြွက်မည်းမည်းကိုလည်းမကြောက်ဘူးပေါ့"

ဒင်းနှစ်ကပြောရင်း လက်ညှိုးထိုးပြလိုက်သည်။ ရော်ဘင်ဆင်ရုတ်ခနဲလှည့်ကြည့်လိုက်၏။ အခန်းထောင့်တွင်ကြွက်မရှိ။ ရော်ဘင်ဆင်တစ်ဖက်သို့လှည့်နေစဉ် ဒင်းနှစ်ကသူ၏အိတ်ထဲမှတစ်စုံတစ်ရာကိုနှိုက်လိုက်ရာ တင်းကျပ်စွာစည်းထားသောအထုတ်တစ်ခုပါလာသည်။ သူ၏လှုပ်ရှားမှုကမြန်လွန်းသဖြင့် သူဘာလုပ်မှန်း ဂျင်နီမသိလိုက်။ အပြာစက်လက်ကိုင်ပဝါဖြင့်ထုပ်ထားသော ထိုအထုပ်ကိုဖြည်လိုက်ရာဝုတ်ပြီး ပန်းရောင်အမြီးရှည်ရှည်နှင့်ကြွက်မည်းကြီးတစ်ကောင်ပေါ်လာသည်။ ဂျင်နီတစ်ကိုယ်လုံးတုန်သွား၏။ မိန်းမတစ်ယောက်အား လည်ပင်းညှစ်သတ်ခဲ့သောလက်ကြီးများထဲတွင် ထိုကြွက်ကြီးအား ချစ်စနိုးပွတ်သပ်နေပုံကိုကြည့်ကာ ဂျင်နီအသည်းတွေယားလာသည်။

ရော်ဘင်ဆင်မိမိတို့ဘက်သို့ပြန်လှည့်မလာမီ ဒင်းနှစ်ကကြွက်ကိုလွှတ်လိုက်၏။ ရော်ဘင်ဆင်လှည့်ကြည့်လိုက်ရာကြွက်ကိုမြင်သဖြင့် မျက်နှာတွေဖြူရော်





သွားပြီး တစ်ချက်ဆဲလိုက်ကာ လက်ကိုင်တုတ်ကိုဆွဲလိုက်သည်။

ကြွက်မှာ အခန်းကိုလှည့်ပတ်ပြေးပြီး ပုန်းအောင်းရန်နေရာရှာနေသည်။ ရော်ဘင်ဆင်က တုတ်နှင့်လိုက်ရိုက်နေ၏။ ကြွက်ကိုမထိဘဲ နံရံကိုသာရိုက်မိနေ၏။

ရော်ဘင်ဆင်ကိုကြည့်နေစဉ် ဂျင်နီစိတ်ထဲတစ်ချက်ထင့်သွား၏။ တစ်စုံတစ်ခုဖြစ်တော့မည်ဟုထင်မိသည်။ ဖြစ်ပျက်နေသည်မှာရယ်စရာတစ်ခုပမာတည်း။ ဒင်းနှစ်မှာ တမင်တကာနောက်ပြောင်တတ်သူမျိုးတော့မဟုတ်။ သူသည် သွေးသားဆောင်းကျွန်းသောလူသတ်သမားသာဖြစ်သည်။ အခုသူလုပ်လိုက်သည်မှာ အဓိပ္ပာယ်မဲ့တော့မဟုတ်ချေ။ထိုသည်မှာ သူ့တွင်အခြားရည်ရွယ်ချက်တစ်ခုကြောင့် လုပ်လိုက်သည့်လှည့်ကွက်တစ်ခုဖြစ်နိုင်သည်ဟု ဂျင်နီရှောက်ချားစွာတွေးလိုက်မိ၏။

သူမဆံပင်အားတစ်စုံတစ်ခုနှင့်ထိလိုက်သလိုခံစားလိုက်ရသည်။ ကုလားထိုင်ပေါ်မှနေ၍ နောက်သို့လှည့်ကြည့်လိုက်ရာနလုံးများရပ်မတတ်ဖြစ်သွားရသည်။

ဒင်းနှစ်မှာ သူမနောက်ကျောတွင်ရောက်နေသည်။ သူမ၏မျက်နှာရှေ့တည့်တည့်တွင်လည်း အိမ်တွင်လုပ်သည့်ဓားတစ်ချောင်းပုံစံမျိုးကိုတွေ့လိုက်ရ၏။ သံဖြူနှင့်လုပ်ထားသောဇွန်းတစ်ချောင်းကိုဖြတ်ကာ သွေးပြီးအဖျားချွန်ထားခြင်းဖြစ်သည်။

သူမအော်ပစ်လိုက်ချင်သည်။ သို့သော် အသံထွက်။ မကြာသေးခင်လေးကမှ မိမိကိုယ်ကိုစိတ်ချလုံခြုံလှပြီဟုထင်ခဲ့မိ၏။ ယခုတွင်မူ လူသတ်သမားတစ်ယောက်၏ဓားဖြင့်ခြိမ်းခြောက်ခြင်းကိုခံနေရပေပြီ။ အဘယ်သို့လျှင် ထိုမျှလျင်မြန်စွာဖြစ်သွားရသနည်း။ ခေါင်းထဲတွင် သွေးများမရှိတော့သလို ဘာကိုမျှစဉ်းစား၍မရတော့။

ဒင်းနှစ်သည် ဘယ်လက်ဖြင့် သူမ၏ဆံပင်ကိုဆုပ်ဆွဲထားပြီးဓားဦးကို သူမ၏မျက်လုံးနားကပ်၍ချိန်ထားသည်။ သူမ၏နားရွက်နားကပ်၍လည်းတီးတိုးပြောနေသည်။ သူ၏ထွက်သက်ကြောင့် သူမဂုတ်ပေါ်တွင်နွေးနေ၏။ ချွေးစော်လည်းနံနေသည်။သူ့အသံကတိုးသဖြင့် ရော်ဘင်ဆင်ထံမှ ဆူညံနေသောအသံတွေကြောင့် သူ့စကားကိုကောင်းကောင်းမကြားရ။

"ငါပြောသလိုလုပ်၊ မလုပ်ရင် မင်းမျက်လုံးတွေကို ထိုးဖောက်ပစ်မယ်"

ကြောက်စိတ်ကြောင့် သူမတစ်ကိုယ်လုံးအရည်ပျော်ကျသွားသလိုခံစားနေရသည်။

"အို..ဘုရား ဘုရား ကျွန်မကို ကန်းအောင်တော့မလုပ်ပါနဲ့ရှင်"

သူမကတောင်းပန်သည်။ မိမိအသံကိုမိမိပြန်ကြားလိုက်ရတော့ အံ့သြမိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေပြန်ဝင်လာ၏။ အချိန်မီအကြံထုတ်ရန်ကြိုးစားလိုက်သည်။ ရော်ဘင်ဆင်မှာ ကြွက်ကိုလိုက်ရိုက်နေဆဲ။ ဒင်းနစ်ဘာလုပ်နေသည်ကို သူသိဟန်မတူ။ ယခုလိုဖြစ်သွားရသည့်အတွက်လည်း ဂျင်နီအံ့အားသင့်မိ၏။ သူတို့မှာ နိုင်ငံတော်အကျဉ်းထောင်တစ်ခုထဲရောက်နေပြီး သူမအတွက်လည်းလက်နက်ကိုင်အစောင့်တစ်ယောက်ပေးထားသည်မှန်လျက် သူမမှာသူတို့၏လက်ခုပ်ထဲကရေလိုဖြစ်နေရ၏။ ပြီးခဲ့သည့်နာရီပိုင်းကလေးကမှ သူသာမိမိကိုအကြမ်းဖက်တိုက်ခိုက်လာလျှင် လွယ်လွယ်ကူကူနှင့်မရနိုင်ဟုတွက်ခဲ့မိသေးသည်။ ကြောက်စိတ်ကြောင့် သူမတစ်ကိုယ်လုံးတုန်နေ၏။

ဒင်းနစ်ကသူမအား ဆံပင်ကိုဆောင့်ဆွဲ၍ထရပ်စေသည်။ ဂျင်နီဆတ်ခနဲရပ်လိုက်ရသည်။

"မလုပ်ပါနဲ့ရှင်"

သူမက ဆိုသည်။ ထိုသို့ပြောနေရင်း ယခုလိုရှက်စဖွယ်တောင်းပန်နေရသည့်အတွက် မိမိကိုယ်ကိုမကျေနပ်ချင်။ သို့ရာတွင် ကြောက်လွန်းသဖြင့်

"ရှင်ခိုင်းတာ ကျွန်မလုပ်ပေးပါမယ်"

သူမနားရွက်သို့ နှုတ်ခမ်းများလာထိကာ...

"မင်းရဲ့အောက်ခံဘောင်းဘီကိုချွတ်လိုက်ပါ"

သူကတီးတိုးဆိုသည်။ ဂျင်နီတစ်ကိုယ်လုံးတောင့်တင်းသွား၏။ မိမိ လွတ်မြောက်ရေးအတွက် မည်မျှရှက်စရာကောင်းသည့်အလုပ်ကိုမဆို သူမလုပ်ရန်အသင့်။ သို့သော် သူမအောက်ခံဘောင်းဘီချွတ်ရန်ဆိုသည်မှာ သူ့အမိန့်ကိုလွန်ဆန်ရသည်ကဲ့သို့ပင် အန္တရာယ်ကြီးလှပေသည်။ သူဘာလုပ်လာမည်ကို မသိသေး။ ရော်ဘင်ဆင်ကိုလှမ်းကြည့်သည်။ သို့သော် ရော်ဘင်ဆင်မှာသူမ၏မျက်ကွယ်သို့ရောက်နေ၏။

ခေါင်းကိုလှည့်၍လည်းမကြည့်ရဲ။ ဓားက မျက်လုံးအနီးမှာရောက်နေသည်။ သို့ရာတွင် ကြွက်ကိုဆဲရေးကာ နောက်မှလိုက်ရိုက်နေသည့်အသံများကိုကြားနေရသဖြင့် ဒင်းနစ်ဘာလုပ်နေသည်ကိုသူမသိသေးမှန်းသိသာသည်။ ဒင်းနစ်ကလေသံကလေးမျှဖြင့်...

"အချိန်သိပ်မရှိဘူး၊ ငါလိုချင်တာမရရင်တော့ မင်းတစ်သက်လုံးနေရောင်ခြည်ကိုမြင်ရတော့မှာမဟုတ်တော့ဘူး"

သူပြောသည်ကို သူမယုံသည်။ သူ့အားဂျင်နီ ၃နာရီခန့်စိတ်ပညာစစ်ဆေးခဲ့ပြီးပြီ။ သူ ဘယ်လိုလူစားဟုလည်းသူမသိနေ၏။ သူ့တွင် အသိစိတ်မရှိ။ သူ့ကိုယ်သူအပြစ်ဟုမမြင်တတ်ဘဲ နောင်တလည်းမရတတ်သည့်လူမျိုးဖြစ်သည်။ သူဆန္ဒရှိပြီဆိုလျှင် မိမိအားမဆိုင်းမတွသူလုပ်ချင်သလိုလုပ်လိုက်မည့်လူမျိုး။



သို့ရာတွင် သူမ အောက်ခံဘောင်းဘီကိုချွတ်ပေးလိုက်ပါက သူဘာလုပ်လာဦးမည်နည်း။ သူကျေနပ်သွားပြီးဓားကိုပြန်သိမ်းသွားမည်လား။ မိမိကို ဓားနှင့်လှီးသွားဦးမည်လား။ နောက်ထပ်ဘာတောင်းဆိုလာဦးမည်မသိ။

ရော်ဘင်ဆင်လည်း ဘာကြောင့် ကြွက်ကိုမသေသေးပါလိမ့်။ ဒင်းနစ်က...

"မြန်မြန်လုပ်"

မိမိ အကန်းဘဝရောက်သည်လောက်တော့ ဆိုးစရာအကြောင်းမရှိ။ ထို့ကြောင့် သူမက

"ကောင်းပါပြီ"

ဒင်းနစ်က သူမ၏ဆံပင်ကိုဆွဲလျက် ဓားဖြင့်ချိန်ထားရင်း သူမကပုံမကျပန်းမကျ ရှေ့သို့ကုန်းကာ စကတ်ကိုလှန်ပြီး အောက်ခံဘောင်းဘီကိုချွတ်လိုက်သည်။ ဘောင်းဘီခြေကျင်းဝတ်သို့လျှောကျအသွားတွင် ဒင်းနစ်ကဝက်ဝံအသံကဲ့သို့ဝမ်းခေါင်းသံကြီးဖြင့်မချင့်မရဲအသံထွက်လာသည်။ ထိုသည်မှာ မိမိအပြစ်မဟုတ်မှန်းသိလျက် သူမရှက်နေမိသည်။ သူမလည်းလျှင်မြန်စွာစကတ်ကိုပြန်ချလိုက်၏။ ပြီးတော့ အောက်ခံဘောင်းဘီထဲမှခြေထောက်များကိုထုတ်ကာအောက်ခံဘောင်းဘီကို ကြမ်းပြင်တစ်နေရာဆီသို့ကန်ပစ်လိုက်သည်။

ဂျင်နီ သူ့ကိုစိုက်ကြည့်ရင်း မှန်းတီးနေမိ၏။ မိမိအသားကိုပင်မထိသော်လည်း ရွံရှာစွာဖြင့်ကြက်သီးထမိသည်။ နောက်ထပ်သူဘာလုပ်ဦးမည်နည်း။

ရော်ဘင်ဆင်၏တုတ်ဖြင့် ခပ်ပျော့ပျော့အရာကိုထိသံပေါ်လာ၏။ ဂျင်နီလှည့်ကြည့်လိုက်တော့ ကြွက်ကိုရိုက်မိသွားပြီဖြစ်ကြောင်းတွေ့လိုက်ရသည်။ သူ၏တုတ်ဒဏ်ကြောင့် ကြွက်၏ကိုယ်လုံးတစ်ဝက်မှာကြေမွကုန်သည်။ အဖြူရောင်ကြမ်းခင်းပေါ်တွင် အနီကွက်များကိုလည်းတွေ့လိုက်ရ၏။ ကြွက်လည်းမပြေးနိုင်တော့။ သို့သော် မသေသေး။ မျက်စိကိုဖွင့်လျက် အသက်ကရှူနေသည်။ ရော်ဘင်ဆင်က ခေါင်းကိုတစ်ချက်ထပ်ရိုက်လိုက်သည်။ ကြွက်မှာမလှုပ်တော့။ ခေါင်းခွံကွဲပြီး အဖြူရေတွေစီးကျလာသည်။

ဂျင်နီက ဒင်းနစ်အားလှည့်ကြည့်လိုက်သည်။ ဒင်းနစ်မှာသူ့ခုံတွင်ပင် ပြန်ထိုင်နေသည်။ စောစောကတစ်ချိန်လုံးထိုင်နေသည့်ပုံစံမျိုး၊ သူတစ်ခါမျှမထသည့်ပုံစံမျိုး၊ အံ့သြစွာတွေ့လိုက်ရ၏။ အပြစ်မဲ့သူတစ်ယောက်ပမာတည်း။ သူမ၏အောက်ခံဘောင်းဘီနှင့်ဓားကိုတော့မတွေ့ရတော့။

သူမအန္တရာယ်ကင်းသွားလေပြီလား။ သို့ဖြင့်ပြီးသွားလေပြီလား။ ရော်ဘင်ဆင်မှာ မောဟိုက်နေသည်။ သူက ဒင်းနစ်အားမသင်္ကာသလိုကြည့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကြွက်ကို မင်းယူလာတာမဟုတ်လား ပင်ကာ"

"မဟုတ်ပါဘူးဆရာ"

ဂျင်နီက..

"ဟုတ်တယ်၊ သူယူလာတာ" ဟုပြောမည်လုပ်ပြီးမှ မပြောဘဲနေလိုက်သည်။ ရော်ဘင်ဆင်က ဆက်၍..

"ဒါမျိုးကို မင်းလုပ်တယ်ဆိုရင်တော့ ငါမင်းကို..."

ရော်ဘင်ဆင်က ဂျင်နီအား လှမ်းကြည့်ကာ သူပြောချင်သည့် စကားလုံးကို မသုံးတော့ဘဲ..

"မင်း နောင်တရသွားစေရမယ်"

"ဟုတ်ကဲ့ပါဆရာ"

မိမိ လုံခြုံစိတ်ချသွားရပြီဖြစ်ကြောင်း ဂျင်နီသိလိုက်သည်။ စိတ်သက်သာရာရသွားသည်နှင့်တစ်ပြိုင်တည်း ဒေါသစိတ်ကပေါ်လာသည်။ သူမက ဒင်းနစ်အား ဒေါသတကြီးစိုက်ကြည့်နေ၏။ သူဘာမျှမဖြစ်သလိုဟန်ဆောင်နေမည်လား။

ရော်ဘင်ဆင်က...

"ကဲ မင်းရေတစ်ပုံးသွားခပ်ပြီး ဒီနေရာကိုဆေးပစ်လိုက်"

"ဟုတ်ကဲ့ပါဆရာ"

"ဒေါက်တာဂျင်နီ မင်းနဲ့ကိစ္စပြီးသွားရင်ပြောတာ"

"ရှင်ကြွက်လိုက်ရိုက်နေတုန်း ကျွန်မဘောင်းဘီကိုသူခိုးသွားတယ်" ဟုပြောမည်လုပ်ပြီးမှ စကားကထွက်မလာ။ပြောရန်လည်း မသင့်တော်။ နောက်ပြီး ထိုအတွက်စုံစမ်းစစ်ဆေးနေသဖြင့် သည်နေရာတွင်နောက်ထပ်တစ်နာရီလောက်နေနေရဦးမည်။ဒင်းနစ်ကိုယ်ပေါ်တွင်လိုက်ရှာပြီး သူမ၏အောက်ခံဘောင်းဘီတွေ့သွားမည်။ ယင်းကိုထောင်ဝါဒါအားသွားပြမည်။ ထောင်ဝါဒါကဘောင်းဘီကို အတွင်းလှန်လိုက်၊ အပြင်လှန်လိုက်နှင့်စစ်ဆေးကြည့်ရှုနေဦးမည်။ ထို့ကြောင့် မိမိပြော၍မဖြစ်။

ဂျင်နီ မိမိကိုယ်ကိုအပြစ်တင်နေမိ၏။ ယောကျ်ားတစ်ယောက်၏ အစော်ကားခံရသည့်မိန်းမများရေငုံနှုတ်ပိတ်နေသဖြင့် စော်ကားသူလွတ်မြောက်သွားသည်မျိုးတွေ့သည့်အခါ ထိုမိန်းမအားအမြဲတမ်းမကျေမချမ်းပြောမိသည်။ ယခု မိမိကိုယ်တိုင် ထိုအတိုင်းဖြစ်နေလေပြီ။

ထိုအချက်ကို ဒင်းနစ်ကလည်း တွက်ထားပုံရသည်။ မိမိမည်သို့ခံစားရပြီး ထိုအတွက် သူလည်းလွတ်သွားမည်ဟုသူကြိုတင်တွက်ထားဖို့ရသည်။ ထိုအတွေးကြောင့် ယခုကိစ္စကို ဂျင်နီဖွင့်ပြောလိုက်မည်ဟုကြံလိုက်သေး၏။ နောက်မှ ထောင်ဝါဒါ



နှင့် ရော်ဘင်ဆင်အပါအဝင်ထောင်ထဲမှလူအားလုံး မိမိကိုကြည့်ကာ အတွင်းခံဘောင်းဘီမပါဟုတွေးနေကြမည့်ကိုမြင်ယောင်ပြီး ရှက်စရာကောင်းသည့်အချက်ကို စဉ်းစားမိသည်။

အတော်ပင်လည်သည့်ဒင်းနစ်ပါပေ။ အားကစားရုံကိုမီးရှို့ပြီး လစ်သောအား စော်ကားသွားသည့် လူကဲ့သို့ပင် တော်ပါပေသည်။ နောက်ပြီး စတီလောက်လည်း....

"ခင်ဗျားကိုကြည့်ရတာလည်း မျက်နှာမကောင်းပါလား၊ ခင်ဗျားလည်း ကျုပ်ထက်ကြွက်ကြောက်ပုံရတယ်"

ဂျင်နီ ဣန္ဒြေပြန်ဆယ်နေလိုက်၏။ အားလုံးပြီးသွားလေပြီ။ အသက်နှင့်ကိုယ် အိုးစားမကွဲသေး။ မျက်လုံးလည်းအန္တရာယ်မရှိခဲ့။ ယခုအဖြစ်ကဘာယ်လောက်များ ဆိုးလို့တုန်း။ မိမိမှာ ခြေတွေ၊ လက်တွေ အဖြတ်ခံရ၊ အမွှေအပြုခံရကိန်းပင်ရှိခဲ့သည်။ ယခုတော့ မိမိမှာ အောက်ခံဘောင်းဘီတစ်ထည်သာဆုံးရှုံးခဲ့ရခြင်းဖြစ်၏။ ကျေးဇူးပင် တင်ရသေးတော့။ သူမက ...

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ဒါဆိုရင်လည်း ကျွန်တော်ခင်ဗျားကိုလိုက်ပို့ပေးမယ်လေ"

သုံးယောက်သား ထိုအခန်းထဲမှထွက်လာခဲ့ကြသည်။ တံခါးအပြင်ရောက်တော့ ရော်ဘင်ဆင်က...

"ကဲ... ကြွမ်းတိုက်အဝတ်သွားယူ"

ဒင်းနစ်က ဂျင်နီအားတစ်နေ့လုံးအတူတူချစ်ရေလူးခဲ့ကြသည့်ချစ်သူနှစ်ဦး ပမာပြုံးဖြီးဖြီးစိုက်ကြည့်နေသည်။ ပြီးတော့ အကျဉ်းထောင်၏အတွင်းပိုင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။ဂျင်နီမှာ စိတ်အေးသွားကာသူ့ကိုလိုက်ကြည့်နေမိ၏။ သို့သော် သူ၏ဘောင်းဘီအိတ်ထဲတွင် မိမိ၏အောက်ခံဘောင်းဘီပါသွားသည်ဟူသောအသိကြောင့်စနိုးစနောင့်ဖြစ်နေမိသည်။ ထိုဘောင်းဘီကို သူဘာလုပ်မည်နည်း။ မိမိအမှတ်နှင့် သူမတော်တရော်တွေပြုနေမည်ဆိုလျှင်တော့ မိမိကိုယ်ရေးကိုယ်တာနှင့်လွတ်လပ်ခွင့်ကို စော်ကားခံရသည်နှင့်အတူတူပင်။

ရော်ဘင်ဆင်က သူမအားထောင်ဘူးဝအထိလိုက်ပို့ပြီး လက်ဆွဲနှုတ်ဆက်သည်။ ဂျင်နီမှာပူပြင်းသောကားရပ်သည့်ကွက်လပ်ကိုကျော်ဖြတ်ကာ မိမိတို့ကားရှိရာသို့ လျှောက်လာရင်း မိမိတို့ ဤနေရာမှထွက်သွားရမည့်အရေးကိုဝမ်းသာနေမိသည်။ ဒင်းနစ်၏ဒီအင်န်အေနမူနာလည်းရခဲ့ပြီ။ ထိုသည်မှာအရေးအကြီးဆုံး။

လစ်ဆာမှာ ယာဉ်မောင်းထိုင်ခုံတွင်ထိုင်နေရင်း ကားအတွင်းပိုင်းတွင် အေးနေစေရန်လေအေးပေးစက်ကိုဖွင့်ထားသည်။ ဂျင်နီက သူမ၏ဘေးထိုင်ခုံတွင်

www.burmeseclassic.com



ဝင်ထိုင်ချလိုက်၏။ လစ်ဆာက ကားကိုမောင်းထွက်ရင်း...

"နှင့်ကိုကြည့်ရတာ မသက်မသာကြီးနဲ့ပါလား"

"ပထမဆုံးတွေ့တဲ့စတိုးဆိုင်တစ်ဆိုင်မှာကားရပ်ဟာ"

"အေးပါ၊ နင်ဘာဝယ်မလို့လဲ"

"ငါပြောပြပါ့မယ်၊ နင်ယုံမယ်တောင်မထင်ဘူး"

○ ○ ○

## အခန်း (၁၉)

ညနေစာစားပြီးတော့ ဘာရင်တန်မှအေးအေးဆေးဆေးတိတ်ဆိတ်သော ဘား တစ်ခုဆီသို့လာခဲ့သည်။

သတ်ပစ်မည်ဟူသော ဂျင်ပရစ်၏အဆိုပြုချက်ကြောင့်ဘာရင်တန်တုန်လှုပ် ခဲ့ရသည်။ ဂျင်၏အကျီရင်ဘတ်ကိုဆွဲကာအော်ဟစ်မိခဲ့သည်မှာလည်း မိမိ၏အမှား မှန်းသိသည်။ သို့သော် ထိုအမှားအတွက်မိမိနောင်တမရနိုင်။ မိမိမည်မျှအထိခံစား ခဲ့ရသည်ကို ဂျင်နီသိသွားစေချင်သည်။

မိမိတို့နှစ်ယောက်ရန်ဖြစ်ခဲ့ရသည်မှာလည်း အထူးအဆန်းမဟုတ်တော့။ ဝါးတားဂိတ်ပြသနာပေါ်သည့် ၁၉၇၀ ပြည့်လွန်စောစောပိုင်းနှစ်များတာ သူနှင့်မိမိ ပထမဆုံးအကြိမ် ကတောက်ကဆဖြစ်ခဲ့သည်ကို မှတ်မိနေ၏။

ဘားခန်းမှာ အတော်ပင်အေးချမ်းလှသည်။ ရုပ်မြင်သံကြားစက်တစ်လုံးဘား ခန်းစားပွဲပေါ်တွင်ရှိသည်။ ဘေ့စ်ဘောပွဲတစ်ခုပြနေ၏။ အသံကိုတော့တိုးထားသည်။ အေးမြမြဂျင်အရက်ကြောင့် ဘာရင်တန်စိတ်များပြေသွားရသည်။ ဂျင်ပရစ်အပေါ်ဖြစ် နေသည့်ဒေါသများပျောက်ကွယ်သွားလေပြီ။ ထို့ကြောင့် ဂျင်နီအကြောင်းကိုစဉ်းစား နိုင်ခဲ့သည်။

စိုးရိမ်စိတ်ကြောင့် မိမိကမန်းကတန်းကတိပေးခဲ့မိသည်။ ဂျင်နီကိစ္စကိုမိမိ ရှင်းပါမည်ဟု ဂျင်နှင့်ပရက်စတန်တို့အား ခပ်ရဲရဲကတိပေးခဲ့မိ၏။ ပြဿနာမှာ သိပ်မ

www.burmeseclassic.com



လွယ်လှသောကိစ္စဖြစ်သည်။ ဒင်းနစ်နှင့်စတိတို့ကိုမေးမြန်းစုံစမ်းခြင်းမပြုရန် သူမအားတားမှဖြစ်မည်။

သည်အလုပ်မှာ အတော်ပင်ခက်ခဲသည့်အလုပ်။ သူမအားငှားပြီးလုပ်ငန်းအတွက်ကုန်ကျငွေကိုစိစဉ်ပေးထားသည်မှန်သော်လည်း သူမအားအမိန့်ပေး၍မရ။ ထိုသည်မှာ တက္ကသိုလ်မဟုတ်ချေလော။ သူမအားဂျူးဖော်တက္ကသိုလ်တအလုပ်ခန့်ထားခြင်းဖြစ်ပြီး ဂျနတီကိုကုမ္ပဏီကတစ်နှစ်စာအသုံးစရိတ်ကိုပံ့ပိုးထားခြင်းမျှသာဖြစ်သည်။ ရေရှည်ဆိုလျှင်တော့ သူ့အားမိမိတားဆီးနိုင်စွမ်းပါသည်။ ယခုကိစ္စမှာ မိမိတို့သုံးယောက်ဒုက္ခမရောက်မီ သူမအားမနက်ဖြန်သဘက်ဆိုသလို ချက်ချင်းရပ်တန်းကရပ်အောင်လုပ်မှဖြစ်မည်။

မိမိကိုယ်ကို စိတ်အေးအေးထားရင်းဆုံးမနေရသည်။သူမ ကာယကံရှင်၏ ခွင့်ပြုချက်မရဘဲ ၎င်းတို့၏ဆေးမှတ်တမ်းများရယူအသုံးပြုနေသည်မှာသူမ၏ပျော့ကွက်ဖြစ်၏။ ထိုကိစ္စမျိုးကိုသတင်းစာများသိသွားလျှင် ပြဿနာအကြီးအကျယ်တက်နိုင်သည်။ တက္ကသိုလ်များမှာအဆိုပါကိစ္စမျိုးကိုအလွန်ကြောက်ကြသည်။ ထိုပြဿနာမျိုးကြောင့် ရန်ပုံငွေရှာဖွေရေးကိစ္စများပါပျက်သွားနိုင်သည်။

ယခုကဲ့သို့ အလားအလာကောင်းသောသိပ္ပံစီမံကိန်းတစ်ခုပျက်သွားရသည်မှာအလွန်နှမြောဖို့ကောင်းသည်။ ဘာရင်တန်၏ ရည်မှန်းချက်များအားလုံးပျက်ရခြင်းဖြစ်၏။ ဂျင်နီကိုမိမိအားပေးခဲ့သည်။ ယခုတော့သူမအား အားဖျက်အောင်လုပ်ရတော့မည်။ သူမလည်းအသည်းကြွေမတတ်ခံစားရရှာမည်။ သူမတွင် မကောင်းသည့်မျိုးရိုးရှိနေ၏။ ထို့ကြောင့် အနှေးနှင့်အမြန်ရှုက္ခတွေ့လာနိုင်စရာအကြောင်းရှိသည်။ သို့ရာတွင်သူမအား ဒုက္ခရောက်အောင်လုပ်သူမှာ မိမိမဖြစ်လို။

မိန်းမတွေနှင့်ပတ်သက်လျှင်တော့ သူ့တွင် အားနည်းချက်ရှိသည်။ အခြားမကောင်းမှုတွေက သူ့ကိုထိုမျှဆွဲဆောင်နိုင်ခြင်းမရှိ။ အရက်ကိုလည်း ပုံမှန်လောက်သာသောက်သည်။ လောင်းကစားမလုပ်။ မူးယစ်ဆေးဝါးသုံးစွဲသူတွေကိုတော့ သူအံ့အားသင့်မိ၏။ ဇနီးသည်ဖြစ်သူဗီဗီကိုသူအလွန်ချစ်၏။ သို့ရာတွင် အခြားမိန်းမတွေနှင့်လည်းမကင်းနိုင်။ ထို့ကြောင့် ဗီဗီကလျှောက်သရမ်းနေသော မိမိအား ပစ်ခွာသွားတော့သည်။ ယခုလည်း ဂျင်နီအကြောင်းကိုစဉ်းစားနေမိသည်။

ထိုအတွေးကြောင့် ကိုယ့်ဘာသာအနည်းငယ်ရှက်သွားမိ၏။ မိမိမှာ သူမ၏ဆရာသမားတစ်ယောက်သာဖြစ်ရမည်။ သူမအပေါ် ဖောက်ပြားသူမဖြစ်သင့်။

စင်စစ် သူမသည်ကလေးမလေးတစ်ယောက်သာလျှင်ဖြစ်သည်။ ဒီကလေးတစ်ယောက်ကအဘယ်သို့လျှင် အန္တရာယ်ပြုလာနိုင်မည်နည်း။ နှာခေါင်းတွင် ကွင်း



ကလေးတပ်ထားသောကလေးတစ်ယောက်သည် မိမိ၊ ဂျင်နှင့် ပရက်စတန်တို့တစ်သက်လုံးလုပ်လာသည့်လုပ်ငန်းကြီးတစ်ခုအောင်မြင်ကာနီးမှ မည်သို့လျှင်ပျက်စီးအောင်လုပ်နိုင်ပါမည်နည်း။ မိမိတို့ကလည်း ထိုကိစ္စကိုနောက်ဆုတ်၍မရ။ ယင်းကိုစဉ်းစားမိတိုင်း ရင်ထိတ်ရသည်။ ဂျင်နီအပေါ် မိမိသာယာချင်စိတ်မရှိသည့်အချိန်တွင်သူမအားလည်းပင်းညှစ်သတ်ချင်သည့်စိတ်ပေါက်မိသည်။

နောက်ပြီး သူမအားလှူသိရှင်ကြားမတားဆီးရ။ သတင်းစာလောကကိုရှောင်၍ရမည်မဟုတ်။ သတင်းစာသမားတွေက ဂျင်နီနောက်မှ လိုက်လံထောက်လှမ်းပြီး မိမိကိုပါထောက်လှမ်းလာနိုင်သည်။ ဤကိစ္စမှာ အန္တရာယ်အများဆုံးဖြစ်သည်။ သို့သော် အခြားနည်းမရှိ။ ဂျင်ပရစ်၏လူသတ်သည့်နည်းထက်တော့တော်သေးသည်။ သူက ခွတ်ထဲမှလက်ကျန်ကိုမော့ချလိုက်သည်။ အရက်ရောင်းသူက နောက်ထပ်မာတင်းနီတစ်ခွက်ထပ်ပေးသည်ကိုသူကငြင်းလိုက်၏။ ဘားခန်းထဲသို့လှည့်ပတ်ကြည့်လိုက်သောအခါ အများသုံးဖုန်းတစ်လုံးကိုတွေ့လိုက်သည်။ သူက အကြွေးဝယ်ကတ်ကိုသုံး၍ဂျင်၏ရုံးခန်းသို့ဖုန်းဆက်လိုက်၏။ သူ၏ရုံးဝန်ထမ်းတစ်ယောက်က...

"ဂျင်ပရစ်ရဲ့ရုံးခန်းကပါခင်ဗျာ"

"ကျုပ် ဘာရင်တန်ဂျုန်းပါ"

"အမတ်မင်း အခုအစည်းအဝေးတက်နေပါတယ်ခင်ဗျာ"

"ကဲဒါဆိုလည်းသူ့ကိုအနှောင့်အယှက်မပေးတဲ့ သိခွင့်ရမလားကြည့်ရအောင်၊ သူ ဒီနေ့ သတင်းထောက်တွေနဲ့ချိန်းထားတာများရှိသလား"

"အဲဒါတော့ မသိပါဘူး၊ ဘာကြောင့်သိချင်ပါလဲခင်ဗျာ"

"မဟုတ်သေးဘူး မောင်ရင်၊ မင်း ငါမေးတာသာဖြေပါ၊ ဒါမှမဟုတ်လည်း ဂျင်ရဲ့ဖုန်းလိုင်းကိုဆက်ပေး၊ အဲဒါမှမဟုတ်ရင် မင်းအလုပ်ပြုတ်ဖို့သာပြင်၊ ကဲ ဘယ်ဟာကြိုက်သလဲ"

"ခဏလေး ကိုင်ထားပါခင်ဗျာ"

အတော်ကလေးကြာသွားသည်။ ထို့နောက်မှ အသံတစ်ခုကပေါ် လာပြီး...

"ပါမောက္ခဂျုန်းခင်ဗျာ၊ အမတ်မင်းနောက်၁၅မိနစ်ဆိုရင် ကွန်ကရက်အမတ်ဒင်ကီရေးတဲ့'အမေရိကန်နိုင်ငံရဲ့ မျှော်လင့်ချက်အသစ်'ဆိုတဲ့ စာအုပ်ထုတ်တဲ့ အထိမ်းအမှတ်သတင်းစာရှင်းလင်းပွဲကိုတက်ဖို့ရှိပါတယ်"

"ဘယ်မှာလဲ"

"ဝါးတားဂိတ်ဟိုတယ်မှာပါခင်ဗျာ"

"သူ့ကိုပြောလိုက်၊ ငါအဲဒီကိုရောက်လာမယ်လို့၊ ညွှန်းညီစာရင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါနာမည်ပါပစေနော်"

ဘာရင်တန်က ပြန်အပြောကိုမစောင့်ဘဲ ဖုန်းကိုချပစ်လိုက်သည်။ ထို့နောက် ဘားဆိုင်မှထွက်၍ အငှားကားတစ်စီးဖြင့် ထိုဟိုတယ်သို့လာခဲ့သည်။

ထိုကိစ္စကို ညှင်ညင်သာသာကိုင်တွယ်မှဖြစ်သည်။ သတင်းစာလောကကို လှည့်စားရသည်က အတော်ပင်အန္တရာယ်များသည်။ သတင်းထောက်ကောင်းတို့က သတင်းနောက်ကြောင်းကိုကျော်ကြည့်တတ်သည်။ ပြီးတော့ထိုကိစ္စကို ဘာရင်တန် စဉ်းစားမိတိုင်းထိုမှထွက်ပေါ်လာမည့်အကျိုးကျေးဇူးကိုတွက်ကာ အားကိုတင်းယူ နေရသည်။

သူက သတင်းစာရှင်းလင်းပွဲလုပ်သည့်အခန်းကိုလိုက်ရှာသည်။ ညွှန်သည့် စာရင်းထဲတွင်သူ့နာမည်မပါ။ ကိုယ့်ကိုယ်ကိုယ်အဟုတ်ကြီးထင်နေသောဝန်ထမ်းများ အလွန်ပင်ပေါ်ပျက်ကြသည်။ သို့ရာတွင်စာအုပ်ထုတ်ဝေသူက သူ့ကိုမှတ်မိသဖြင့် ဖိတ်ခေါ်ခဲ့သည်။

ဘာရင်တန်က အရက်တစ်ခွက်ကိုယူ၍ အခန်းထဲသို့လှည့်ပတ်ရှာသည်။ စာအုပ်မျက်နှာဖုံးကို အကြီးချဲ့၍ကပ်ထားသည့်ရှေ့တွင် စာဟောစင်တစ်ခုရှိသည်။ ဘေးနားကစားပွဲပေါ်တွင်လည်း ထိုစာအုပ်နှင့်ပတ်သက်၍သတင်းစာများတွင်ရေး ထားသည့်သတင်းအချက်အလက်များတင်ထားသည်။ ရုပ်မြင်သံကြားအဖွဲ့တစ်ဖွဲ့က မီးတွေဆင်နေကြ၏။ မိမိနှင့်သိသော သတင်းထောက်တစ်ယောက်နှစ်ယောက်ကို ဘာရင်တန်တွေ့သည်။ သို့သော် မည်သည့်သတင်းသမားကိုမျှသူမယုံ။

နောက်ထပ်လည်းလူတွေထပ်ရောက်လာသည်။ ဘာရင်တန်အခန်းကို လှည့်ပတ်ရှာရင်း စကားစမြည်လျှောက်ပြောနေသည်။ မျက်လုံးကတော့ တံခါးပေါက် ဆီသို့ရောက်နေ၏။ သတင်းစာဆရာတော်တော်များများကသူ့ကိုသိနေသည်။ ထို စာအုပ်ကို သူမဖတ်ရသေး။ သို့ရာတွင် ဒင်ကီသည် သမားရိုးကျလကျာသန်အယူ အဆသမားဖြစ်သည်။ ယင်းမှာဘာရင်တန်၊ ဂျင်နှင့်ပရက်စတန်တို့နှင့်အယူအဆ တူသဖြင့်ထိုစာအုပ်နှင့်ပတ်သက်၍ သတင်းထောက်တို့အား ထောက်ခံပြောကြားရန် ဝန်မလေးပေ။

သုံးနာရီထိုးပြီးသွားလေပြီ။ ဂျင်ပရစ်သည် ဒင်ကီနှင့်အတူရောက်လာ၏။ သူတို့နောက်တွင် နယူးယောက်တိုင်းသတင်းစာမှဟန့်စတုန်းပါလာသည်။ ထိပ်က ပြောင်ပြောင်၊ နားခေါင်းကနီနီ၊ ဗိုက်ကပူပူ၊ ရုပ်အကျီကော်လာတွင် ကြယ်သီးမတပ်၊ လည်စည်းကအောက်သို့လျှော့ချထားသည်။ အနီရောင်ဖိနပ်ကလျော့ရဲရဲ၊ အိမ်ဖြူ တော်အထဲရှိသတင်းစာသမားထဲတွင် ပုံအဆိုးဆုံးတစ်ယောက်ဖြစ်သည်။



ဟန့်ကိုအသုံးချလျှင်ကောင်းမည်လားဟု ဘာရင်တန်တွေးမိသည်။

ဟန့်မှာ နိုင်ငံရေးအယူအဆမည်မည်ရရမရှိ။ ကျန်ခဲ့သည့် ၁၅နှစ်၊ အနှစ် ၂၀ လောက်က ဂျနတ်ကိုကုမ္ပဏီနှင့်ပတ်သက်၍ သူဆောင်းပါးရေးခဲ့စဉ်က ဘာရင်တန် သူနှင့်တွေ့ခဲ့ဖူးသည်။ အစိုးရဌာနတွင်သူအလုပ်ရသောအခါ ဘာရင်တန်၏အယူအဆ များ၊ဂျင်တို့၏အယူအဆများကို ဆောင်းပါးအကြိမ်ကြိမ်ရေးခဲ့သည်။ သို့ရာတွင် ပညာ ရပ်ဆန်ဆန်ရေးသည်ထက် သတင်းဆောင်းပါးထုံးစံအတိုင်းဖတ်ကောင်းအောင်ရေး သွားခြင်းဖြစ်သည်။

ယခုအကြောင်းအရာမှာလည်း သူရေးလျှင်အတော်ဖတ်ကောင်းမည်။ သို့ရာ တွင် ထိုထက်အတွင်းကျကျနိုက်ပြီးမရေးဖို့ ယုံကြည်ရပါမည်လား။ဘာရင်တန်စိတ်မချ။

ဘာရင်တန်ကဂျင်အား နှုတ်ဆက်ပြီး ဒင်ကီနှင့်လက်ဆွဲနှုတ်ဆက်လိုက် သည်။ သူတို့အတန်ကြာအောင်စကားပြောနေကြ၏။ထို့နောက် သတင်းစာရှင်းလင်း ပွဲစတော့သည်။ ဘာရင်တန်ထိုင်နားထောင်နေရင်း စိတ်မရှည်မှုကိုသည်းခံနေရ၏။ အချိန်ကသိပ်မရှိတော့။ အချိန်တစ်ရက်၊ နှစ်ရက်လောက်ရလျှင်တော့ ဟန့်ထက်ပို သင့်တော်မည့်သူကိုရှာဖွေနိုင်ကောင်း၏။သို့ရာတွင် အချိန်ကထိုမျှမရ။နာရီပိုင်း မျှသာရတော့သည်။ နောက်ပြီး ယခုလိုပွဲမျိုးတွင်တွေ့ရသည်က တမင်တကာသွား တွေ့ရသည်ထက် သံသယနည်းသွားနိုင်သည်။

မိနစ်နွန်းများပြောဆိုကြပြီးနောက် ဟန့်ထက်တော်သည့်လူနောက်ထပ် ရှာမတွေ့နိုင်ခဲ့။ သတင်းစာသမားတွေထွက်သွားကြပြီး နောက်ဘာရင်တန်က ဟန့်ထံ သို့လာ၍....

"ခင်ဗျားနဲ့အခုလိုဆုံရတာဝမ်းသာတယ်ဗျာဟန့်၊ ခင်ဗျားအတွက် သတင်း တစ်ပုဒ်ရှိတယ်"

"ကောင်းတာပေါ့"

"ကွန်ပျူတာအချက်အလက်ဖိုင်တွေထဲက ဆေးမှတ်တမ်းတွေကိုအလွဲသုံး စားယူသုံးမှုလေ"

ဟန့် မျက်နှာမဲ့လိုက်ပြီး...

"ကျွန်တော်ကြိုက်တဲ့သတင်းမျိုးတော့မဟုတ်ဘူးဘာရင်တန်၊ ဒါပေမဲ့ ဆက် ပြောပါ"

ဘာရင်တန်ကစိတ်ထဲမှညည်းတွားလိုက်မိသည်။ ဟန့်သည်အလွယ်တကူ လက်ခံချင်စိတ်မရှိပါကလား။ သူက ဆက်၍...

"ခင်ဗျားကြိုက်မယ့်သတင်းမျိုးပါ၊ နောက်ထပ်ဆက်ဖြစ်ပေါ်လာမည့်တဲ့ကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားမှမြင်နိုင်မှာ၊ သာမန်သတင်းထောက်တစ်ယောက်မြင်နိုင်မှာမဟုတ်ဘူး"

"ကောင်းပြီလေ၊ ကြည့်သေးတာပေါ့"

"ပထမဆုံးပြောချင်တာက ကျွန်တော်ပြောတယ်လို့လျှောက်မပြောရဘူး"

"ဒါဆိုတော့ နည်းနည်းပိုပြီးစိတ်ဝင်စားဖို့ကောင်းလာပြီ"

"ဒုတိယအချက်က ကျွန်တော်ဟာ ဒီသတင်းကိုဘာကြောင့်ပေးရသလဲလို့ ခင်ဗျားစိတ်ဝင်စားမယ်၊ ဒါပေမဲ့အဲဒါကိုလည်းမမေးရဘူး"

"ပိုကောင်းသထက်ကောင်းလာပါရောလား"

ဟန့်ကဆိုသည်။ သို့သော်သူကကတိမပေး။ ဘာရင်တန်က အတင်းကတိတောင်းသည့်မျိုးမလုပ်တော့ဘဲ..

"ဂျုံးဖောတက္ကသိုလ်က စိတ်ပညာဌာနမှာ ဒေါက်တာဂျင်နီဖာရာမီဆိုတဲ့ သုတေသနပညာရှင်မိန်းကလေးတစ်ယောက်ရှိတယ်၊ အဲဒီမိန်းကလေးက သူသုတေသနပြုနေတဲ့အချက်အလက်တွေကို ကွန်ပျူတာဆေးမှတ်တမ်းတွေထဲမှာ ကာယကံရှင်တွေရဲ့ခွင့်ပြုချက်မရဘဲ ထုတ်ယူနေတယ်"

"အခုပြောချင်တာက ကွန်ပျူတာကိစ္စလား၊သိပ္ပံဆိုင်ရာကျင့်ဝတ်ကိစ္စလား"

"အဲဒါတော့မသိဘူး၊ ခင်ဗျားက သတင်းစာသမားပဲ"

သူ့ကိုကြည့်ရသည်မှာ စိတ်အားထက်သန်ပုံမရ။

"ဒါဟာ သတင်းထူး၊ သတင်းဦးတစ်ခုတော့မဟုတ်ဘူး"

ကြီးကျယ်နေစမ်းပါနဲ့ဘဲနာကြီးရယ်ဟု ဘာရင်တန်စိတ်ထဲမှကြိတ်ပြောလိုက်မိသည်။ ပြီးတော့မှ ဟန့်၏လက်မောင်းကို ရင်းနှီးစွာကိုင်လိုက်ပြီး...

"ကျုပ်ကိုတစ်ခုလုပ်ပေးပါဗျာ၊ နည်းနည်းလိုက်စုံစမ်းပေးစမ်းပါ၊တက္ကသိုလ်အဓိပတိဆီကိုဖုန်းဆက်လိုက်ပါ၊ သူ့နာမည်ကမော့ရစ်အိုဘဲတဲ့၊ ဒေါက်တာဂျင်နီဖာရာမီဆီကိုလည်းဖုန်းဆက်လိုက်ပါ၊ ပြီးတော့ အဲဒီအကြောင်းကိုသတင်းကောင်းတစ်ခုအဖြစ် သူတို့ကိုပြောပြလိုက်၊ သူတို့ဘာပြောမလဲဆိုတာကြည့်၊ သူတို့ဆီကစိတ်ဝင်စားစရာတုန့်ပြန်မှုမျိုးတွေကိုခင်ဗျားတွေ့ရမယ်"

"မသိသေးဘူးဗျာ"

"ကျုပ်ပြောရဲတယ်၊ ခင်ဗျားအချိန်ကုန်ခံရကျိုးနပ်စေရမယ်"

"အင်း" လို့ပြောစမ်းပါအကောင်ကြီးရာဟု စိတ်ထဲမှဘာရင်တန်ပြောနေမိသည်။ ဟန့်က အနည်းငယ်တုန့်ဆိုင်းနေပြီးမှ...

"ကောင်းပြီလေ၊ လုပ်ကြည့်တာပေါ့"

ဘာရင်တန်က မိမိ၏ဝမ်းသာမှုကိုကျွမ်းကျင်စွာဖုံးဖိထားလိုက်သည်။ သို့သော်



အောင်မြင်သည့်အပြုံးကလေးကိုတော့ပြုံးလိုက်မိ၏။ ထိုသည်ကို ဟန့်တွေ့သွားသဖြင့် သံသယမျက်မှောင်တစ်ချက်ကြုတ်သွားကာ...

"ခင်ဗျား ကျုပ်ကိုဓားစာခံအသုံးချတာတော့မဟုတ်ပါဘူးနော်၊ လူတစ်ယောက်ကို ခြိမ်းခြောက်ချင်လို့ဆိုတာမျိုးပေါ့"

ဘာရင်တန်ကပြုံးကာ ဟန့်၏ပခုံးကိုဖတ်ရင်း...

"ဟန့်ရယ်... ကျုပ်ကိုယုံပါ"

○ ○ ○

www.burmeseclassic.com

## အခန်း (၂၀)

ရစ်ချ်မွန်မြို့၏အပြင်ဘက်ရှိ စတိုးဆိုင်ကြီးတစ်ဆိုင်မှအောက်ခံဘောင်းဘီဒါဇင်ထုပ်သုံးထုပ်ဂျင်နီဝယ်လာခဲ့သည်။ ဘာဂါကင်းဆိုင်ရောက်တော့ အမျိုးသမီးအိမ်သာထဲတွင်ဝင်၍တစ်ထည်ဝတ်လိုက်၏။ ယခုမှ နေသာထိုင်သာရှိသွားတော့သည်။

အောက်ခံဘောင်းဘီမရှိတော့ဟာတာတာနှင့်။ အခြားဘာကိုမှလည်းစဉ်းစား၍မရ။ ဝတ်စားပြီးတော့ ကားဆီသို့ပြန်လာသည်။ လစ်ဆာကကားမောင်းပြီး လေဆိပ်သို့လာခဲ့ကြ၏။ လေဆိပ်ရောက်တော့ငှားထားသည့်ကားကိုပြန်အပ်ပြီး လေယာဉ်ဖြင့် ဘော်လ်တီမိုးမြို့သို့ ပြန်လာခဲ့ကြသည်။

ဤထူးဆန်းသည့်ပြဿနာ၏အဖြေမှာ ဒင်းနစ်နှင့်စတီတို့အား မွေးဖွားသည့်ဆေးရုံတွင်ရှိနိုင်သည်ဟုလေယာဉ်တက်လာစဉ်ဂျင်နီတွေးလာမိခဲ့သည်။ ရုပ်တူအမြွာညီအစ်ကိုနှစ်ယောက်မှာမိခင်တစ်ယောက်ဆီထံတွင်အဆုံးသတ်နေကြသည်။ ဒဏ္ဍာရီပုံပြင်ထဲကလိုဖြစ်ခဲ့ကြသည်လား။ ထိုသည်မှာလည်း ဖြစ်နိုင်ဖွယ်ရှိပေသည်။

သူမက မိမိလက်ဆွဲအိတ်ထဲမှ စာရွက်စာတမ်းများကိုထုတ်ယူ၍ သူတို့နှစ်ယောက်မွေးဖွားစဉ်ကအချက်အလက်များကိုဖတ်ကြည့်နေသည်။ စတီ၏မွေးနေ့မှာ ဩဂုတ်လ ၂၅ ရက်နေ့ဖြစ်သည်။ အံ့သြစရာကောင်းသည်က ဒင်းနစ်၏မွေးနေ့မှာ စက်တင်ဘာလ ၇ ရက်နေ့ဖြစ်နေ၏။ နှစ်ပတ်ခန့်ကွာသည်။

"တစ်ခုခုတော့ မှားနေပြီထင်တယ်၊ ဒါကိုငါအစကဘာကြောင့်မကြည့်မိတာလဲမသိဘူး"



သူမက လစ်ဆာအားပြောရင်း ထိုစာရွက်များကိုပြသည်။ လစ်ဆာက...

"ငါတို့ထပ်ပြီးစစ်ကြည့်သေးတာပေါ့"

"မေးပြီးဖြည့်ထားတဲ့ ငါတို့ရဲ့ပုံစံတွေထဲမှာသူတို့မွေးတဲ့ဆေးရုံတွေ့နာမည်ရောပါသေးလား"

လစ်ဆာက ရယ်လျက်..

"ငါတို့မေးတဲ့အထဲမှာအဲဒီအချက်မပါဘူး"

"ဒီအတိုင်းသာဆိုရင်အဲဒီဆေးရုံဟာစစ်ဆေးရုံပဲဖြစ်နိုင်တယ်၊ ဗိုလ်မှူးကြီးလိုဂန်ကလည်းစစ်ထဲကလေ၊ ဗိုလ်မှူးဆိုတာကလည်းဒင်းနစ်ကိုမွေးတုန်းက သူစစ်ထဲမှာပဲ"

"တို့ထပ်စုံစမ်းကြည့်တာပေါ့"

လစ်ဆာမှာ ဂျင်နီလောက် စိတ်မရှည်မဖြစ်ခဲ့။ သူမအတွက်မူ ဤကိစ္စမှာ သုတေသနလုပ်ငန်းတစ်ခုသာလျှင်ဖြစ်၏။ ဂျင်နီအတွက်မူ အတော်ပင်အရေးပါသည့်ကိစ္စဖြစ်နေသည်။ ဂျင်နီက...

"ငါ ချက်ချင်းပဲ ဖုန်းဆက်ကြည့်ချင်တယ်၊ ဒီလေယာဉ်ပေါ်မှာ တယ်လီဖုန်းရှိသလားမသိဘူး"

လစ်ဆာက မျက်မှောင်ကြုတ်လျက်...

"နင် စတီရဲ့အမေဆီဖုန်းဆက်မလို့လား"

သူမအသံတွင် သဘောမတူသည့်ဟန်မျိုးပါသဖြင့် ဂျင်နီက...

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"သူ အချုပ်ထဲရောက်နေတယ်ဆိုတာသူ့အမေသိလို့လား"

"အေး ဟုတ်ပါရဲ့၊ မသိသေးဘူး၊ ငါသူတို့ကိုအသိပေးသင့်တယ်"

"စတီက ဆက်ချင်ဆက်ထားမှာပေါ့"

"ငါ စတီကိုအချုပ်ထဲသွားတွေ့မယ်၊ တွေ့ခွင့်ရတယ်မဟုတ်လား"

"ရမယ်ထင်တာပဲ၊ ဒါပေမဲ့ ဆေးရုံမှာလိုပဲတွေ့ရတဲ့အချိန်ကိုသတ်မှတ်ထားမယ်ထင်တယ်"

"ဘာပဲဖြစ်ဖြစ် ဒင်းနစ်ပင်ကာတို့မိဘတွေဆီကို ငါဖုန်းဆက်ကြည့်ချင်တယ်၊ လေယာဉ်ပေါ်မှာ ဖုန်းပါသလားမသိဘူး"

"ဟင့်အင်းမပါဘူး"

"ဟာကွာ"

လေယာဉ်မယ်က ပြုံးလျက်...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မမှတ်မိဘူးလား ဂျင်နီ"

ဂျင်နီက သူမအားလှမ်းကြည့်ကာ ချက်ချင်းမှတ်မိသွားပြီး....

"ပင်နီ နင်နေကောင်းလား"

ပင်နီမှာ မင်နီဆိုးတာတက္ကသိုလ်တွင် ဂျင်နီနှင့်အတူ အင်္ဂလိပ်စာဘာသာ ရပ်ပါရဂူဘွဲ့ကိုတက်ယူလာခဲ့သူဖြစ်သည်။

ပင်နီက...

"ကောင်းပါတယ်၊ နင်ရောအခြေအနေဘယ်လိုလဲ"

"ငါ ဂျူးဖော်တက္ကသိုလ်ကိုရောက်နေတယ်၊ သုတေသနပရောဂျက်တစ်ခု လုပ်နေရင်း အခက်အခဲလေးတွေတွေ့နေလို့၊ ငါက နင်ပညာရေးလောကမှာပဲ အလုပ်ရှာမယ်ထင်တာ"

"ရှာပါတယ်၊ ရမှမရဘဲ"

မိမိကအောင်မြင်ပြီး မိမိသူငယ်ချင်းက မအောင်မြင်သည်ကိုတွေ့ရသဖြင့် အားနာသွားမိသည်။

"ကံဆိုးလိုက်တာဟယ်"

"ငါကတော့ ဝမ်းတောင်သာသေး၊ ဒီအလုပ်ကို ငါလည်းသဘောကျတယ်၊ ဒီမှာရတဲ့ငွေက ကောလိပ်တွေမှာရတဲ့လစာထက်ကောင်းတယ်"

သူမပြောသည်ကိုဂျင်နီမယုံ။ ပါရဂူဘွဲ့ရထားသူတစ်ယောက်က လေယာဉ်မယ်လုပ်နေသည်ကိုတွေ့ရသဖြင့် အံ့ဩရသည်။ သူမက...

"နင်တော့ ကျောင်းဆရာမကောင်းတစ်ယောက်ဖြစ်လာမယ်လို့ ငါထင်ခဲ့တာ"

"အထက်တန်းကျောင်းတစ်ကျောင်းမှာ ငါခဏဝင်ပြလိုက်သေးတယ်၊ မက္ကဘက်ပြဇာတ်ကိုသင်နေရင်း ငါ့ရဲ့အယူအဆကိုလက်မခံတဲ့ကျောင်းသားတစ်ယောက်ကငါ့ကိုဓားနဲ့ထိုးလို့၊ ဒါကြောင့် ဒီအလုပ်ကို ဘာဖြစ်လို့ငါလုပ်နေရတာလဲလို့ ကိုယ့်ကိုယ်ကိုယ်မေးကြည့်တယ်၊ အသက်ကိုစွန့်ပြီးခိုးလာတဲ့ပိုက်ဆံနဲ့လမ်းပေါ်ထွက်၊ မူးယစ်ဆေးဝါးသုံးနေတဲ့ကလေးတွေကို ရှိတ်စပီးယားပြဇာတ်တွေသင်ပေးနေရတယ်လေ"

ဂျင်နီက ပင်နီ၏ခင်ပွန်းသည်အမည်ကိုသတိရကာ...

"ဒင်နီတစ်ယောက် နေကောင်းရဲ့လား"

"သူက အနုဒေသဆိုင်ရာအရောင်းမန်နေဂျာဖြစ်နေတယ်၊ ဒါကြောင့် ခရီးတွေလည်းအများကြီးသွားရတယ်၊ လုပ်ရတာတန်တော့တန်ပါတယ်"



"အေး၊ အခုလိုပြန်တွေ့ရတာဝမ်းသာတယ်ဟာ၊ နင်တို့ဌာနက ဘော်လ်တီမိုးမြို့မှာအခြေစိုက်တာလား"

"ဝါရှင်တန်မှာပါ"

"နင့်ဖုန်းနံပါတ်ပေးထားလေ၊ ငါဖုန်းဆက်မယ်"

ဂျင်နီက ဘောလ်ပင်ပေးလိုက်ရာ ပင်နီကဂျင်နီ၏ဖိုင်တစ်ခုပေါ်တွင် ဖုန်းနံပါတ်ရေးပေးလိုက်သည်။ ပင်နီက...

"ငါတို့ ညနေစာစားကြမယ်ဟေ့၊ ပျော်ပျော်ပါးပါးပေါ့"

"အေး"

ပင်နီထွက်သွားသည်။ လစ်ဆာက...

"သူ့ကိုကြည့်ရတာ စာတော်မယ့်ပုံပဲ"

"သူက သိပ်လိမ္မာတာ၊ ငါကဆိုးတာ၊ လေယာဉ်မယ်ဖြစ်တာတော့ အဆန်းမဟုတ်ပါဘူး၊ ဒါပေမဲ့ ပညာကိုနှစ်ပေါင်းအစိတ်လောက်သင်လာပြီးကာမှ နမြောစရာကြီး"

"နင် သူ့ဆီကိုဖုန်းဆက်မလို့လား"

"ဟင့်အင်းမဆက်ပါဘူး၊ သူကအားငယ်နေရသူမဟုတ်လား၊ တို့အရင်က မျှော်မှန်းလာတာလေးတွေကို ငါကသတိပေးချင်တာပါ၊ စိတ်တော့ဘယ်ကောင်းပါ့မလဲလေ"

"ငါတော့ သူ့ကိုသနားတယ်ဟာ"

"ငါလည်း ဒီလိုပါပဲဟာ"

လေယာဉ်ဆင်းဆင်းချင်း ဂျင်နီက အများသုံးတယ်လီဖုန်းတစ်ခုမှတစ်ဆင့် ပင်ကာမိသားစုထံသို့ ဖုန်းဆက်လိုက်သည်။ သို့သော် လိုင်းကမအား။

"နောက်ထပ် ငါတို့လာတဲ့အကြောင်း သူ့ရဲ့ခပ်ဆိုးဆိုးအမျိုးတွေဆီ လှမ်းဆက်နေတာဖြစ်မယ်၊ နောက်မှဆက်ကြည့်မယ်ကွာ"

လစ်ဆာ၏ကားမှာ ကားများရပ်ထားသည့်နေရာတွင်ရပ်ထားသည်။ သူတို့မြို့ထဲသို့မောင်းဝင်လာပြီး လစ်ဆာက ဂျင်နီအား သူမတိုက်ခန်းရှေ့တွင်ရပ်ပေးသည်။ ဂျင်နီက ကားထဲမှမထွက်မီ

"ငါ နင့်ကိုကြီးကြီးကျယ်ကျယ်အကူအညီတစ်ခုတောင်းချင်တယ်"

"ပြောလေ၊ ဒါပေမဲ့ လုပ်ပေးမယ်လို့တော့ အာမမခံဘူးနော်"

လစ်ဆာက ပြောရင်းဆိုသည်။ ဂျင်နီက...

"ဒီအင်န်အေတွေ ဒီညပဲ ခွဲကြည့်ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဂျင်နီရယ်ငါတို့တစ်နေ့လုံးလျှောက်သွားနေရတာ၊ ငါမှာ ညစာအတွက်ဈေးကိုဝင်ရဦးမယ်"

"ငါသိပါတယ်ဟာ၊ ငါလည်း အချုပ်ထဲကိုသွားကြည့်ရဦးမယ်၊ ငါတို့ ဓာတ်ခွဲခန်းမှာ ကိုးနာရီလောက်ပြန်ဆုံကြရအောင်လား"

လစ်ဆာက ပြုံး၍...

"ကောင်းပြီလေ၊ ငါကလည်းစမ်းသပ်ပြီးမှထွက်လာတဲ့အဖြေကို သိချင်နေတာမဟုတ်ပါ"

လစ်ဆာက မယုံသလိုမျက်နှာနှင့်...

"နင်က တချို့အဆင့်တွေကိုကျော်ဖြတ်ပြီးလုပ်မှာလား"

"ဒါပေါ့ကွ"

ပြောပြီး ဂျင်နီကကားထဲမှထွက်လိုက်သည်။လစ်ဆာလည်း မောင်းထွက်သွားသည်။ ဂျင်နီကကားဖြင့်ရဲဌာနသို့တန်းသွားချင်သည်။ သို့ရာတွင် ဖခင်၏အခြေအနေကိုသိလိုသေးသဖြင့်အိမ်ပေါ်သို့တန်းလာခဲ့သည်။ ဖခင်မှာ ရုပ်မြင်သံကြားကြည့်နေသည်။ သူက...

"ဟော့ ဂျင်နီ၊ သမီးအိမ်ပြန်တာနောက်ကျလှချည်လား"

"အလုပ်လုပ်နေတာပါ၊ အလုပ်ကမပြီးသေးဘူး၊ အဖေရော ဒီနေ့အခြေအနေဘယ်လိုလဲ"

"ဒီမှာတစ်ယောက်တည်းနေရတော့ နည်းနည်းပျင်းတယ်"

သူ့ကိုဂျင်နီသနားသွားမိသည်။ သူ့တွင်မိတ်ဆွေအပေါင်းအသင်းလည်းရှိဟန်မတူ။ သို့ရာတွင် သူ့ပုံက ယမန်နေ့ညကထက်များစွာသပ်ရပ်နေသည်။ သူက ရေခဲသေတ္တာထဲမှ စားသောက်ဖွယ်တွေကို နေ့လယ်စာအတွက်ထွေးထားပြီးဖြစ်၏။ မီးဖိုခန်းစားပွဲပေါ်တွင်လည်း ပေကျံနေသောပန်းကန်များပုံထားသည်။ ပန်းကန်များကိုသည်အတိုင်း ထိုးထားရကောင်းလားဟုပြောမည်ကြံပြီးကာမှမပြောဘဲ မျိုသိပ်ထားလိုက်သည်။

ဂျင်နီ လက်ဆွဲအိတ်ကိုချ၍ အခန်းကိုရှင်းလင်းစရာရှိသည်များကို ရှင်းလင်းလိုက်သည်။ ဖခင်ရုပ်မြင်သံကြားလည်းမပိတ်သေးပါလား။ သူမက..

"ကျွန်မ ဒီနေ့ ဗာဂျီးနီးယားပြည်နယ်ရစ်ချ်မွန်မြို့ကိုရောက်ခဲ့တယ်"

"ကောင်းတာပေါ့သမီးရဲ့၊ ညစာအတွက်ဘာရှိလဲ"

မိမိတို့ ဤအတိုင်းဆက်သွား၍တော့မဖြစ်။ သူကမိမိအားအမြဲကို ဆက်ဆံနေသလိုမျိုး ဆက်ဆံနေသည်။ သူမက...



"အဖေပဲ တစ်ခုခုလုပ်လိုက်ပါလား"

သူက လှည့်ကြည့်ပြီး...

"မလုပ်နိုင်ဘူး"

"ကျွန်မလည်း ဒီလိုပဲအဖေ"

သူက မျက်မှောင်ကြုတ်လိုက်သည်။ ပြီးမှ သူက...

"ဒါဆိုလည်း တို့ အပြင်ထွက်စားကြတာပေါ့"

ငယ်ငယ်တုန်းကဆိုလျှင်တော့ ဖခင်သည် မိမိတို့ကိုခေါ်ကာ အပြင်တွင် ပျော်ပျော်ပါးပါးထွက်စားလေ့ရှိသည်။ ယခုလည်းသူကထိုသို့ ပျော်ပျော်ပါးပါးထွက်စားချင်သည်မျိုး။ မိမိလည်း ကိုးနှစ်သမီးအရွယ်ပြန်ရောက်ချင်စိတ်ပေါက်မိသည်။ သို့ရာတွင် မိမိမှာ လူကြီးဖြစ်နေသည်။ ထို့ကြောင့် သူမက...

"အဖေ့မှာ ပိုက်ဆံဘယ်လောက်ရှိလို့လဲ"

သူ့မျက်နှာလေး ငယ်သွားသည်။ ပြီးတော့...

"အဖေ့မှာ မရှိဘူးလေ၊ အဖေပြောထားသားပဲ"

"ကျွန်မမှာလည်း မရှိဘူး၊ ဒါကြောင့် အပြင်ထွက်စားလို့မရဘူး"

သူမကရေခဲသေတ္တာကိုဖွင့်လိုက်သည်။ ဆလတ်ရွက်၊ ပြောင်းဖူး၊ ရှောက်ချိုသီး၊ သိုးသား၊ ခရမ်းချဥ်သီးတစ်လုံး၊ တစ်ဝက်သာကျန်တော့သည့် ထမင်းဘူးတို့ရှိနေသည်။ ထိုအားလုံးကို သူမယူလိုက်ပြီးစားပွဲပေါ်တင်လိုက်၏။ ပြီးတော့ သူမက...

"ဒီမှာအဖေပြောင်းဖူးလည်းရှိတယ်၊ ထောပတ်လည်းရှိတယ်၊ သိုးသားလည်းရှိတယ်၊ ရှောက်ချိုသီးလည်းရှိတယ်၊ အသီးအရွက်သုတ်နဲ့ထမင်းလည်းစားလို့ရတယ်၊ အချိုပွဲအတွက်ရေခဲမုန့်ရမယ်"

"ဟာ ဒါဆိုကောင်းတာပေါ့"

"အဖေစားနှင့် သမီးအပြင်ထွက်လိုက်ဦးမယ်"

သူက မတ်တပ်ရပ်ကာ သူမထုတ်ထားသည့်စားစရာများကိုကြည့်နေ၏။ ဂျင်နီက လက်ဆွဲအိတ်ကိုကောက်ယူကာ...

"သမီး မကြာခင်ပြန်လာခဲ့မယ်၊ ၁၀ နာရီထိုးပြီးလောက်ပေါ့"

"ဒါတွေကို ငါ မချက်တတ်ဘူး"

သူက ပြောင်းဖူးကိုကောက်ယူရင်းပြောလိုက်သည်။ ရေခဲသေတ္တာပေါ်၊ စင်ပေါ်ရှိချက်နည်းပြုတ်နည်းစာအုပ်ကိုယူကာ ဂျင်နီသူ့အားပေးလိုက်သည်။

"အဲဒီအထဲမှာ ကြည့်ပြီးချက်"

သူမကပြောပြီး ဖခင်အား ပါးကိုနမ်း၍နှုတ်ဆက်ကာထွက်[illegible]တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကားကိုမောင်းထွက်လာရင်းဖခင်အပေါ်မိမိမရက်စက်တော့ဟု စိတ်ပိုင်းဖြတ်လိုက်သည်။သူမည်သို့ဖြစ်နေနေ မိမိ၏ဖခင်တစ်ယောက်သာရှိသည်မဟုတ်လား။

ကားကိုကားရပ်သည့်စခန်းတွင် ရပ်ထားခဲ့ပြီးရဲဌာနချုပ်သို့ခြေလျင်လျှောက်လာခဲ့သည်။ စုံစမ်းရေးဌာနတွင် အချုပ်ခံထားရသောစတီလိုဂန်နှင့်တွေ့လိုကြောင်းပြောလိုက်၏။ အတော်ပင်ပြောရမည်ဟုထင်ခဲ့သော်လည်း ခဏကြာတော့ ယူနီဖောင်းဝတ်မိန်းကလေးတစ်ဦးက ဂျင်နီအားဓာတ်လှေကားဖြင့်အပေါ်သို့ခေါ်သွားသည်။

ထို့နောက် အခန်းကျဉ်းကလေးတစ်ခုထဲသို့ ပို့ပေး၏။ ထိုအခန်းထဲတွင်မျက်နှာတည့်တည့်ဆီ၌ အပေါက်တစ်ပေါက်ရှိသည်။ ထိုအပေါက်၏ ဟိုမှာဘက်တွင်အလားတူ အခန်းကျဉ်းကလေးတစ်ခုရှိသည်။ ထိုအခန်းနှစ်ခန်းကိုကူးစရာတံခါးပေါက်မရှိ။

ဂျင်နီကထိုအပေါက်ကလေးမှကြည့်နေရာ၅မိနစ်ခန့်ကြာတော့ တစ်ဖက်အခန်းထဲသို့ စတီလိုဂန်ရောက်လာသည်။သူ့ကိုလက်ထိတ်ခတ်ပြီး ခြေထောက်တွင်သံကြိုးများခတ်ထားသည်။ စတီကမှန်တပ်ထားသော အဆိုပါအပေါက်ကလေးဆီသို့လာချောင်းကြည့်ပြီး ဂျင်နီမှန်းသိသောအခါ အားရပါးရပြုံး၍...

"အတော့်ကို အံ့သြဝမ်းသာရပါတယ်၊ ကျွန်တော့်အတွက်တစ်နေ့လုံး ပျော်စရာဆိုလို့ ဒီတစ်ချိန်ပဲရှိပါတယ်"

ချစ်စရာအမူအရာလေးမှတစ်ပါး သူ့ပုံစံက အတော်ပင်ဆိုးဆိုးဝါးဝါးဖြစ်နေသည်။ အတော်ပင် နွမ်းနေဟန်တူ၏။ ဂျင်နီက...

"နေလို့ထိုင်လို့ကောင်းရဲ့လား"

"နေရတာတော့ အတော်ကလေးကြမ်းတယ်၊ ကျွန်တော့်ကိုမူးယစ်ဆေးဝါးအနာကျနေတဲ့လူသတ်သမားတစ်ယောက်နဲ့ အချုပ်ခန်းတစ်ခန်းထဲမှာထားတယ်၊ ကျွန်တော်အိပ်တောင်မအိပ်ရဲဘူး"

ဂျင်နီရင်ထဲနင့်ခနဲဖြစ်သွားရသည်။ သူသည်လစ်ဆာအား မတော်မတရားပြုသူတစ်ယောက်ဟု ပြောနေကြသည်ကိုသတိရပြီးကာမှ ထိုအကြောင်းကိုမိမိမယုံနိုင်စရာဖြစ်ရသည်။ သူမက...

"ဒီထဲမှာ ဘယ်လောက်ကြာကြာနေရဦးမှာလဲ"

"မနက်ဖြန်ဆိုရင် တရားသူကြီးတစ်ယောက်က ကျွန်တော့်ကို အာမခံပေးဖို့စစ်လိမ့်မယ်၊ အဲဒီမှာ အာမခံမရရင်တော့ ကျွန်တော့်ရဲ့ဒီအင်န်အေကို စစ်ဆေးတဲ့အဖြေရတဲ့အထိ ဒီမှာနေရလိမ့်ဦးမယ်၊ အဲဒါ ၃ရက်လောက်ကြာမယ်ထင်တယ်"



ဒီအင်န်အေဆို၍ မိမိလာရသည့်ရည်ရွယ်ချက်ကို ဂျင်နီ သတိရကာ...

"ဒီနေ့ ရှင့်ရဲ့အမြွှာညီအစ်ကိုတော်တဲ့လူကိုတွေ့ခဲ့တယ်"

"အဲဒီတော့"

"သံသယရှိစရာမလိုတော့ဘူးလေ၊ သူဟာ ရှင့်ရဲ့ကိုယ်ပွားပဲ"

"လစ်ဆာကို မတော်မတရားလုပ်တာ သူဖြစ်မှာပေါ့"

ဂျင်နီ ခေါင်းချလျက်...

"အဲဒီတနင်္ဂနွေနေ့ကသူထောင်ကခဏလွတ်တယ်ဆိုရင်တော့ ဖြစ်နိုင်စရာရှိတာပေါ့၊ ဒါပေမဲ့ သူကထောင်ထဲမှာအချုပ်ခံထားရတယ်လေ"

"သူ ခဏလွတ်သွားပြီး ပြန်ရောက်သွားတာမျိုးရော မဖြစ်နိုင်ဘူးလား၊ သက်သေထားတဲ့သဘောလေ"

"ဖြစ်နိုင်စရာမရှိပါဘူး၊ ဒင်းနစ်ဟာ ထောင်ထဲကလွတ်သွားတယ်ဆိုရင် ထောင်ထဲကို ပြန်လာစရာအကြောင်းမရှိဘူး"

"ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်"

"ရှင့်ကို ကျွန်မမေးစရာနှစ်ခုလောက်ရှိတယ်"

"မေးပါ"

"ရှင့်ရဲ့မွေးနေ့ကို ထပ်ပြီးသိချင်သေးတယ်"

"ဩဂုတ်လ ၂၅ ရက်နေ့လေ"

မိမိရေးမှတ်ခဲ့သောနေ့စွဲမှာလည်း ထိုအတိုင်းပင်။ ဒင်းနစ်၏မွေးနေ့နှင့်နေ့စွဲမှားနေသည်လား။ သူမက...

"ရှင့်ကိုဘယ်မှာမွေးတယ်ဆိုတာရော သိသလား"

"သိတယ်၊ အဲဒီတုန်းကအဖေဟာဗိုလ်ကြီးနဲ့ယားပြည်နယ်၊ ဖို့ဒ်ဗီတပ်မှာကျတယ်လေ၊ ကျွန်တော့်ကို စစ်ဆေးရုံမှာမွေးတာ"

"သေချာလား"

"သေချာပါတယ်၊ အမေကသူရေးတဲ့ 'ကလေးတစ်ယောက်မွေးတော့မယ်ဆိုရင်' စာအုပ်ထဲမှာတောင် ထည့်ရေးထားသေးတယ်"

သူက မျက်လုံးကိုမှေးစင်းထားသည်။ ဤအမူအရာကို ဂျင်နီအတော်ပင်ရင်းနှီးလာပြီဖြစ်၏။ မိမိ ဘာစဉ်းစားသနည်းဟု သူခန့်မှန်းနေပုံရသည်။ သူက...

"ဒင်းနစ်ကိုရော ဘယ်မှာမွေးတာလဲ"

"အဲဒါတော့ ကျွန်မ မသိသေးဘူး"

"ကျွန်တော်တို့နှစ်ယောက် မွေးနေ့တော့တူမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာက သူပြောတဲ့မွေးနေ့ဟာ စက်တင်ဘာလ ၇ရက်နေ့ဖြစ်နေတယ်၊ ဒါလည်းမှားတာဖြစ်နိုင်တယ်၊ ဒီကိစ္စ ကျွန်မထပ်စုံစမ်းကြည့်ဦးမယ်၊ ကျွန်မရုံးကိုပြန်ရောက်ရင် သူ့အမေဆီကိုလှမ်းပြီးဖုန်းဆက်ကြည့်မယ်၊ ရှင့်မိဘတွေနဲ့ရောဆက်သွယ်ပြီးပြီလား"

"ဟင့်အင်း"

"ကျွန်မ ဖုန်းဆက်ပေးရမလား"

"မလုပ်ပါနဲ့၊ ကျွန်တော့်ရဲ့ပြဿနာမရှင်းမချင်း သူတို့ကိုမသိစေချင်ဘူး"

"ရှင်ပြောပြထားတဲ့အတိုင်းဆိုရင် သူတို့ဟာရှင့်အပေါ်အများကြီးစောင့်ရှောက်နိုင်တဲ့သူတွေပဲ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ စိတ်ဆင်းရဲမှာစိုးလို့"

"သူတို့အနေနဲ့ ဘယ်စိတ်ကောင်းပါ့မလဲ၊ ဒါပေမဲ့ သူတို့ကတော့သိချင်မှာပေါ့၊ ဒါမှ ရှင့်ကို သူတို့ကယ်လို့ရမှာ"

"မလုပ်ပါနဲ့၊ ဖုန်းမဆက်ပါနဲ့"

ဂျင်နီက ပခုံးတွန့်လိုက်သည်။ မိမိအားမပြောလိုသည့်အကြောင်းတစ်ခုတော့သူ့မှာရှိမည်။ ဘာပဲဖြစ်ဖြစ် သူ၏ဆုံးဖြတ်ချက်အတိုင်းပေါ့။ သူက...

"ဂျင်နီ၊ သူက ဘယ်လိုပုံစံလဲဟင်"

"ဒင်းနစ်လား၊ ရုပ်ပုံပန်းသဏ္ဌာန်ကတော့ ရှင့်အတိုင်းပဲ"

"သူက ဆံပင်ရှည်ရှည်လား၊ တိုတိုလား၊ နှုတ်ခမ်းမွှေးနဲ့လား၊ လက်သည်းတွေထဲမှာ ဂျီးတွေနဲ့လား၊ ဝက်ခြံတွေနဲ့လား၊ ခြေတစ်ဖက်ထော့နဲ့သလား"

"သူ့ဆံပင်က ရှင့်ဆံပင်လိုပဲ အတို၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးမရှိဘူး၊ သူ့လက်တွေက သန့်ရှင်းတယ်၊ သူ့အသားကကြည်လင်နေတယ်၊ ရှင့်အတိုင်းပဲ"

"ဘုရား၊ ဘုရား"

စတီဗာ အတော်ပင် စိတ်မသက်မသာဖြစ်သွားရဟန်တူသည်။ ဂျင်နီက...

"အတော်ကလေးကွဲတာကတော့ အမူအကျင့်တွေပဲ၊ သူက လူတွေကို လူလိုမဆက်ဆံတတ်ဘူး"

"အတော်ထူးဆန်းပါလား"

"ကျွန်မကတော့ ဒီလိုမထင်ဘူး၊ အခုဟာကြောင့် ကျွန်မရဲ့အယူအဆတွေပိုပြီးခိုင်မာသွားတယ်၊ ရှင်တို့နှစ်ယောက်စလုံးဟာ ကျွန်မအသုံးအနှုန်းနဲ့ပြောရရင် ကလေးရိုင်းကလေးတွေ၊ ဒီအသုံးအနှုန်းကို ပြင်သစ်ရုပ်ရှင်ကားတစ်ကားထဲက ကျွန်မယူထားတာ၊ အကြောက်အလန့်မရှိ၊ ထိန်းလို့သိမ်းလို့မရ၊ လုပ်ချင်တာဖွတ်လုပ်တတ်



တဲ့ကလေးတွေဆိုရင် ကျွန်မအဲဒီလိုပဲခေါ်တယ်၊ အဲဒီကလေးမျိုးတွေဟာ သိပ်လူမဝင်ဆံ့ဘူး၊ ရှားလော့ပင်ကာနဲ့သူ့ယောက်ျားဟာ ဒင်းနစ်ကိုမနိုင်ဘူး၊ ရှင့်ရဲ့မိဘတွေကတော့ ရှင့်ကိုနိုင်အောင်ဆုံးမနိုင်ခဲ့တယ်"

"အဲဒါကလွဲပြီးရင် ဒင်းနစ်နဲ့ကျွန်တော် အကုန်တူတယ်ပေါ့နော်"

"ရှင်တို့နှစ်ယောက်စလုံးဟာ ခပ်ရိုင်းရိုင်းမွေးလာကြတာ"

"ဒါပေမဲ့ ကျွန်တော်က နည်းနည်းပိုယဉ်ကျေးတယ်ဆိုပါတော့"

သူ စိတ်မသက်မသာဖြစ်သွားပုံကို ဂျင်နီတွေ့လိုက်သဖြင့်..

"ဒါကို ရှင်က ဘာစိတ်မကောင်းဖြစ်စရာလိုလို့လဲ"

"ကျွန်တော့်ကိုယ်ကျွန်တော်လူသားတစ်ယောက်လိုပဲမြင်ချင်တယ်၊ လေ့ကျင့်ပေးထားတဲ့လူတစ်ယောက်သဘောမျိုးမဖြစ်ချင်ဘူး"

ဂျင်နီက ရယ်လျက်...

"လူဝံတွေမှာလည်းလူဝံအဆင့်အတန်းတွေရှိတာပဲ၊ တခြားတိရစ္ဆာန်အားလုံးလည်းဒီလိုပဲ၊ ဒါကြောင့်မို့လို့အုပ်စုဖွဲ့နေကြတာပေါ့၊ အဲဒါကြောင့်မို့လည်းရာဇဝတ်မှုဆိုတာ ဖြစ်လာတာပေါ့"

သူက စိတ်ဝင်စားသွားဟန်ဖြင့်..

"အုပ်စုဖွဲ့နေရာကနေလား"

"ဟုတ်တယ်လေ၊ ရာဇဝတ်မှုဆိုတာ အရေးကြီးတဲ့လူမှုစည်းကမ်းတွေကိုဖောက်ဖျက်တဲ့သဘောပဲ၊ တစ်ကောင်တည်းနေတဲ့တိရစ္ဆာန်တွေမှာ ဘာကျင့်ဝတ်စည်းကမ်းမှမရှိဘူး၊ဝက်ဝံတစ်ကောင်ဟာ တခြားဝက်ဝံတစ်ကောင်ရဲ့ဂူကိုသွားဖျက်တာမျိုး၊ အစာကိုလုစားတာမျိုး၊ ဝက်ဝံကလေးတွေကိုသတ်တာမျိုးလုပ်တတ်ကြတယ်၊ ဝံပုလွေအုပ်စုတွေကျတော့ အဲဒါမျိုးမလုပ်ဘူး၊ အဲဒီလိုလုပ်ရင်လည်း အဲဒီအုပ်စုထဲမှာနေလို့မရဘူး၊ ဝံပုလွေဟာတစ်လင်တစ်မယားစနစ်ကျင့်သုံးတဲ့သတ္တဝါမျိုး၊ တခြားဝံပုလွေတွေရဲ့သားသမီးတွေကိုလည်း စောင့်ရှောက်တယ်၊ တခြားတစ်ဦးရဲ့နေရာပိုင်နက်ကိုလည်းလေးစားတတ်တယ်၊ တစ်ဦးတစ်ယောက်ဟာ အများနဲ့ဆိုင်တဲ့စည်းကမ်းဥပဒေကိုချိုးဖောက်ခဲ့ရင်သူ့ကိုအပြစ်ပေးတယ်၊ မနာခံရင် အုပ်စုထဲကနေနှင်ထုတ်လိုက်တယ်"

"သိပ်အရေးမကြီးတဲ့ လူမှုစည်းကမ်းတွေကိုချိုးဖောက်ရင်ရော"

"ခတ်လေ့ကားထဲမှာ လေလည်တာမျိုးလား၊ ဒါကိုတော့မကောင်းတဲ့ အမူအကျင့်လို့ခေါ်တယ်၊ အဲဒါမျိုးဆိုရင်တော့ အများကသူ့ကိုသဘောမကျတာနည်းနဲ့ဆုံးမတယ်၊ အဲဒီနည်းဟာ ဘယ်လောက်အောင်မြင်တယ်မှတ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူမှုကျင့်ဝတ်တွေကိုဖောက်ဖျက်တဲ့လူတွေအပေါ် ခင်ဗျားဟာကြောင့် ဒီလောက်စိတ်ဝင်စားရတာလဲ"

ဖခင်ကို ဂျင်နီ ပြေးသတိရလိုက်မိသည်။ မိမိတွင်ရော ရာဇဝတ်မှုဗီဇ ပါ,မပါ မသိသေး။ မိမိတွင်လည်း ဤသို့သောဗီဇမျိုးရှိသည်ဟုသိရလျှင် စတိအနည်းငယ် စိတ်ချမ်းသာမည်။ သို့သော် ဖခင်နှင့်ပတ်သက်၍ ကြာမြင့်စွာဖုံးကွယ်ထားခဲ့သဖြင့် ထိုကိစ္စကို မိမိမဆွေးနွေးချင်။ သူမက...

"ဒါဟာ အင်မတန်ကြီးကျယ်တဲ့ပြဿနာကြီးပဲ၊ ရာဇဝတ်မှုကိုလူတိုင်းစိတ်ဝင်စားကြတာချည်းပဲ"

ထိုစဉ် သူမနောက်ဘက်ဆီမှ တံခါးပွင့်လာပြီးရဲအရာရှိမကလေး ခေါင်းပြူကြည့်ကာ...

"အချိန်ပြည့်ပါပြီ၊ ဒေါက်တာဂျင်နီဖာရာမီ"

"ကောင်းပါပြီ၊ ဒါထက် စတိ၊ လစ်ဆာဟာ ဒီဘော်လ်တီမိုးမြို့မှာ ကျွန်မရဲ့ အချစ်ဆုံးသူငယ်ချင်းဆိုတာရှင်သိသလား"

"မှင့်အင်း မသိဘူး"

"ကျွန်မတို့အလုပ်လည်းအတူတူလုပ်တယ်၊သူက ကျွမ်းကျင်ပညာရှင်လေ"

"သူ့ပုံက ဘယ်လိုပုံစံမျိုးလဲ"

"သူဟာမသေချာဘဲ အရမ်းကာရောစွပ်စွဲတတ်တဲ့လူမျိုးတော့မဟုတ်ဘူး"

သူက ခေါင်းညိတ်လိုက်သည်။ ဂျင်နီက ဆက်၍..

"တစ်ချိန်တည်းမှာပဲ ဟိုကိစ္စရှင်လုပ်ခဲ့တယ်လို့ ကျွန်မမယုံဘူး ဆိုတာလည်း ရှင်သိထားစေချင်တယ်"

ထိုအချိန်ကလေးတွင် သူငိုသွားမည်လားမှတ်လိုက်ရသည်။ သူက...

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီစကားဟာ ကျွန်တော့်အတွက်ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ပါပဲ"

"ရှင်ပြန်လွတ်ရင် ကျွန်မဆီဖုန်းဆက်ပါ"

ပြီးတော့ သူမ၏ဖုန်းနံပါတ်ကိုရွတ်ပြလိုက်သည်။ ဂျင်နီမပြန်ချင်သေး။ သူမထံမှပေးနိုင်သည့် တစ်ခုတည်းသောအားပေးအပြုံးကလေးကိုပြုံးပြရင်း...

"ကံကောင်းပါစေရှင်"

"ကျေးဇူးတင်ပါတယ်၊ အဲဒါဟာကျွန်တော့်အတွက် ဒီအထဲမှာအလိုအပ်ဆုံးပဲ"

သူမ လှည့်ထွက်လာခဲ့သည်။ ရဲအရာရှိမကဂျင်နီအားအပေါက်ဝအထိ



လိုက်ပို့သည်။ ကားရပ်စခန်းသို့လမ်းလျှောက်ပြန်လာစဉ်အမှောင်ကကျနေသည်။ သူမက ဂျုံးဖောအမြန်လမ်းပေါ်မောင်းထွက်လိုက်ရင်း ကားမီးကိုဖွင့်လိုက်သည်။ ကားကိုမြောက်ဘက်သို့ဦးတည်ကာ တက္ကသိုလ်သို့ရောက်လိုစောဖြင့် အတင်းမောင်းလာခဲ့၏။ သူမမှာ အမြဲတမ်းမြန်မြန်မောင်းတတ်၏။ ကားကိုကျွမ်းကျင်စွာလည်း မောင်းတတ်သည်။ အန္တရာယ်တော့ရှိသည်။ သို့ရာတွင် တစ်နာရီ ၅၅မိုင်နှုန်းနှင့်မောင်းနေရသည်ကို သူမစိတ်မရှည်နိုင်။

လစ်ဆာ၏ အဖြူရောင်ဖွန်ဒါကားကလေးကို စိတ်ပညာဌာနအပြင်ဘက်၌ ရပ်ထားလျက်တွေ့ရ၏။ ဂျင်နီကမိမိကားကိုထိုကားဘေးတွင်ထိုးရပ်ကာ အထဲသို့ဝင်လာခဲ့သည်။ လစ်ဆာမှာဓာတ်ခွဲခန်းတွင်းရှိ မီးများကိုဖွင့်နေဆဲ။ ဒင်းနစ်ပင်ကာ၏သွေးနမူနာထည့်ယူလာသော ရေခဲဘူးမှာခုံရှည်ပေါ်တွင်ရှိနေသည်။

ဂျင်နီ၏ရုံးခန်းက စကြံ၏ဟိုမှာဘက်မျက်နှာချင်းဆိုင်တွင်ဖြစ်သည်။ ဂျင်နီက မိမိ၏သော့ဖွင့်ကတ်ပြားကိုသော့ပေါက်စက်ထဲသို့ထိုးထည့်လိုက်၏။ ထို့နောက် သူမစားပွဲတွင်ထိုင်ရင်း ရစ်ချ်မွန်မြို့ရှိပင်ကာတို့အိမ်သို့ဖုန်းဆက်လိုက်သည်။ ဒင်းနစ်ပင်ကာ၏မိခင် ရှားလော့ပင်ကာကဖုန်းလာကိုင်သည်။

"အန်တီရဲ့သား နေကောင်းလား"

"နေကောင်းပါတယ်၊ အကူအညီလည်းအများကြီးရပါတယ်"

ဂျင်နီက ပြန်ပြောလိုက်သည်။ သူ့အပြုအမူများနှင့်ပတ်သက်၍တော့ မပြောလိုက်။

"သားရဲ့အမှုအရာတွေက သိပ်ပြီးသိမ်မွေ့တာ"

"မစ္စက်ပင်ကာရှင့် သူ့ရဲ့မွေးနေ့နဲ့ပတ်သက်ပြီး ကျွန်မထပ်ပြီးမေးချင်လို့ပါ"

"သူ့ကိုမွေးတာ စက်တင်ဘာလ ၇ ရက်နေ့လေ"

ရှားလော့က အလွတ်ရထားသည့်နေ့စွဲတစ်ခုမှာ ချက်ချင်းပြောနိုင်၏။ ယင်းမှာ ဂျင်နီမမျှော်လင့်သောအဖြေဖြစ်သည်။ သူမက...

"သူ့ကို ဘယ်ဆေးရုံမှာမွေးတာလဲ"

"အဲဒီတုန်းက တို့ဟာ မြောက်ကာရိုလိုင်းနားပြည်နယ်ရဲ့ဖို့ဒ်ဘရက်တပ်ရင်းမှာရောက်နေတယ်လေ"

ဂျင်နီ အလွန်ပင်အံ့အားသင့်သွားရ၏။ ရှားလော့ကဆက်၍...

"ဗိုလ်မှူးက ဗီယက်နမ်စစ်အတွက် လေ့ကျင့်ရေးသင်တန်းမှူးလေ၊ အဲဒီ တပ်မတော်စစ်ဆေးရုံဟာအကြီးကြီးပေါ့၊ အဲဒီမှာပဲဒင်းနစ်ကိုမွေးတာ"

ဂျင်နီ ဘာဆက်ပြောရမှန်းပင်မသိတော့။ ထူးဆန်းမှုတွေကပို၍ပို၍

www.burmeseclassic.com

www.burmeseclassic.com



တိုးလာသည်။ သူမက..

"အခုလိုဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်မစ္စက်ပင်ကာ"

"ရပါတယ်"

ဂျင်နီ စာတိုက်ခန်းသို့ပြန်သွားပြီး လစ်ဆာအား...

"စတီနဲ့ ဒင်းနစ်တို့ဟာမွေးတာ ၁၃ရက်လောက်ကွာပြီး ပြည်နယ်တစ်ခုဆီမှာမွေးခဲ့ကြသလိုဖြစ်နေတယ်၊ ငါတော့ နားမလည်နိုင်အောင်ပဲ"

လစ်ဆာက စမ်းသပ်ဖန်ပြွန်ဘူးအသစ်တစ်ခုကိုဖောက်ရင်း..

"ဘယ်လိုမှငြင်းလို့မရနိုင်တဲ့ စမ်းသပ်မှုတစ်ခုနဲ့ပဲအဖြေထုတ်လို့ရမယ်၊ သူတို့ရဲ့ဒီအင်န်အေတွေဟာအတူတူဆိုရင် သူတို့မွေးတာနဲ့ပတ်သက်ပြီး ဘာတွေပဲပြောပြော သူတို့ဟာရပ်တူအမြွှာတွေပဲဖြစ်ရမယ်"

သူမက စမ်းသပ်ဖန်ပြွန်လေးနှစ်ခုကိုထုတ်ယူလိုက်သည်။ ယင်းတို့မှာ နှစ်လက်မခန့်ရှည်ကြ၏။ အဖုံးပါ၍ အောက်ဖက်တွင်ကန်တော့ပုံသဏ္ဍာန်ပါရှိသည်။ ပြီးတော့ တံဆိပ်ကပ်ရန် စက္ကူကလေးနှစ်ခုခွာယူပြီး တစ်ခုတွင် 'ဒင်းနစ်ပင်ကာ' နောက်တစ်ခုတွင် 'စတီလိုဂန်'ဟုရေးကာ စမ်းသပ်ဖန်ပြွန်လေးနှစ်ခုတွင်အသီးသီးကပ်လိုက်၏။

ပြီးတော့ ဒင်းနစ်ထံမှယူလာသည့် သွေးနမူနာပုလင်းထဲမှ တစ်စက်ကို စမ်းသပ်ဖန်ပြွန်ထဲသို့ထည့်လိုက်သည်။ တစ်ဖန်ရေခဲသေတ္တာထဲမှ စတီ၏သွေးနမူနာပုလင်းကိုထုတ်ကာအလားတူတစ်စက်ယူပြန်သည်။

ထို့နောက် ပိပက်ဖြင့်ကလိုရိုဖောင်းကိုစုပ်ယူကာစမ်းသပ်ဖန်ပြွန်အသီးသီးတွင်ထည့်လိုက်သည်။ ထို့နောက် ပိပက်အသစ်ကိုထုတ်ယူပြီးဖိနောအရည်ကို ထုထည်အတိအကျစုပ်ယူကာစမ်းသပ်ဖန်ပြွန်များတွင်ထည့်ပြန်သည်။

သူမက စမ်းသပ်ဖန်ပြွန်နှစ်ခုစလုံးကိုယူ၍ မွှေစက်ပေါ်တင်လိုက်သည်။ ကလိုရိုဖောင်းကြောင့် အဆီများပျော်ပြီး ဖိနောက ပရိုတင်းများကိုထုတ်ယူမည်။ သို့ရာတွင် ဒီအင်န်အေမှာပုံမပျက်တည်ရှိနေမည်ဖြစ်သည်။ လစ်ဆာက စမ်းသပ်ဖန်ပြွန်များကို စင်ပေါ်ပြန်တင်ရင်း...

"အခုလောလောဆယ်တော့ ငါတို့ ဒါကိုပဲလုပ်လို့ရမယ်"

နောက်တစ်ဆင့်ကိုမူ မနက်ဖြန်ကျမှလုပ်၍ရမည်။ ထိုစဉ် တယ်လီဖုန်းမြည်လာသည်။ ဂျင်နီ မျက်မှောက်ကြုတ်လိုက်၏။ မိမိရုံးခန်းထဲမှဖုန်းဖြစ်မည်။ ဂျင်နီက စင်္ကြံကိုဖြတ်၍ မိမိရုံးခန်းသို့သွားပြီးဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့"



"ဒေါက်တာဂျင်နီဖာရာမီလား"

"ကျွန်မ ဂျင်နီဖာရာမီပါ၊ အခုပြောနေတာ ဘယ်သူလဲ"

"နယူးယောက်တိုင်းသတင်းစာက နာအိုမီပါ၊ ကျွန်မမေးစရာလေးနည်းနည်းရှိလို့"

"အချိန်မတော်ကြီး"

"ကျွန်မက အချိန်ပြည့်အလုပ်လုပ်ပါတယ်၊ ရှင်လည်းအဲဒီလိုပဲထင်လို့"

"ဘာဖြစ်လို့ ကျွန်မဆီဖုန်းဆက်ရတာလဲ"

"ကျွန်မ အခု သိပ္ပံဆိုင်ရာကျင့်ဝတ်နဲ့ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်ရေးဖို့ အချက်အလက်စုဆောင်းလိုပါတယ်"

"ဪ"

စတီသည် သူမသိဘဲမွေးစားခံထားရသည်ဆိုသောအချက်ကို ဂျင်နီ ချက်ချင်းစဉ်းစားမိလိုက်၏။ ဤသည်မှာကျင့်ဝတ်သိက္ခာဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်နေသည်။ မည်သို့ဖြစ်စေ ဤသည်ကိုတော့တိုင်းသတင်းစာကသိဖွယ်မရှိ။ သူမက..

"ရှင် ဘာသိချင်တာလဲ"

"ရှင်ဟာ ရှင်လေ့လာချင်သူတွေနဲ့ပတ်သက်ပြီးကွန်ပျူတာထဲက ဆေးဘက်ဆိုင်ရာအချက်အလက်တွေကို လိုက်ယူနေတယ်လို့ထင်ပါတယ်"

ဂျင်နီ အနည်းငယ်စိတ်သက်သာရာရသွားသည်။ ဤသည်လောက်ကတော့ ကိစ္စမရှိတန်သေး။ သူမက..

"ဪ ဟုတ်ကဲ့၊ ကျွန်မကွန်ပျူတာတွေထဲက အချက်အလက်ရှာပရိုဂရမ်တစ်ခုကိုဆွဲပြီး ကွန်ပျူတာထဲကအချက်အလက်တွေကို တစ်ခုနဲ့တစ်ခုတိုက်ဆိုင်စစ်ဆေးကြည့်နေပါတယ်၊ အမြွှာတွေကိုရှာချင်တဲ့သဘောပါ၊ ဒီပရိုဂရမ်ဟာ ဘယ်ကွန်ပျူတာအချက်အလက်အခန်းတွေကိုမဆိုရှာလို့ရနိုင်ပါတယ်"

"ဒီပရိုဂရမ်မှာအသုံးချဖို့ရှင် ဆေးမှတ်တမ်းတွေကိုရယူထားတယ်မဟုတ်လား"

"ရယူတယ်ဆိုတဲ့စကားကို အဓိပ္ပာယ်ဖော်ပုံကအရေးကြီးပါတယ်၊ ကျွန်မဟာ ဘယ်သူ့ရဲ့အတွင်းရေးကိစ္စကိုမှ ကျူးကျော်ဖော်ထုတ်တာမျိုးမဖြစ်အောင် သတိထားပါတယ်၊ ဘယ်သူ့ရဲ့ဆေးဘက်ဆိုင်ရာအချက်အလက်အသေးစိတ်တွေကိုမှ ကျွန်မယူမကြည့်ပါဘူး၊ ကျွန်မရဲ့ပရိုဂရမ်ဟာ အဲဒီအချက်အလက်တွေကိုထုတ်ယူတာမျိုးလည်းမလုပ်ပါဘူး"

"ဒါဆို ဘာတွေကူးယူသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူနှစ်ယောက်တစ်တွဲရဲ့နာမည်တွေ၊ သူတို့ရဲ့လိပ်စာတွေနဲ့ ဖုန်းနံပါတ်တွေပါ"

"လူနှစ်ယောက်တစ်တွဲစီရဲ့နာမည်တွေကို ပုံနှိပ်ကူးယူတယ်ပေါ့"

"ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ"

"ဒါဆိုရင် သိုလှောင်ထားတဲ့ ကွန်ပျူတာအချက်အလက်တွေထဲက၊ ဆိုကြပါစို့၊ ဂျွန်ဒိုးရဲ့ဦးနှောက်လှိုင်းနဲ့ဂျင်ဖစ်ရဲ့ဦးနှောက်လှိုင်းတွေ တူ၊မတူ တိုက်ကြည့်တာမျိုးပေါ့"

"အတူတူလား၊ ဆင်တူတာလားဆိုတာမျိုးပေါ့၊ အဲဒီလိုတိုက်ကြည့်ရုံနဲ့ ဒီလူနှစ်ယောက်ရဲ့ကျန်းမာရေးအခြေအနေကို ကျွန်မမသိနိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ဂျွန်ဒိုးဟာ စိတ်ကစင့်ကလျားရောဂါရှိနေတယ်လို့ ရှင်မှလကတည်းကသိထားရင် ဂျင်ဖစ်ဟာလည်းဒီလိုပဲဆိုတာသိနိုင်တာပေါ့"

"ကျွန်မတို့ ဒါမျိုးတွေမသိပါဘူး"

"ရှင် ဂျွန်ဒိုးကိုတော့သိမှာပေါ့"

"ဘယ်လိုလုပ်သိမှာလဲ"

"ရှင့်ဆီက သန့်ရှင်းရေးဝန်ထမ်းဖြစ်နိုင်တာမျိုးပေါ့"

"အို မဟုတ်တာ"

"ဖြစ်နိုင်စရာရှိတာပေါ့"

"ရှင်ရေးမှာက အဲဒီအကြောင်းလား"

"ဟုတ်ကောင်းဟုတ်မယ်"

"သဘောအရတော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဆင်ခြင်စဉ်းစားတတ်သူဆိုရင် ဒါမျိုးတွေမလုပ်ပါဘူး"

"ဒါကတော့ အငြင်းပွားရမယ့်ကိစ္စပဲ"

သတင်းထောက်သည် အချက်အလက်ကိုသိချင်သည်ထက်မိမိကို ဒေါသဖြစ်သွားအောင်ဆွနေသည်ဟု ဂျင်နီထင်သည်။ သူမအနည်းငယ်စိုးရိမ်မိ၏။ ဤသတင်းစာနှင့်မဖတ်သက်ခင်ကပင် မိမိ၌ ပြဿနာကရှိနေပြီးသား။ သူမက..

"ဘယ်လိုဖြစ်လို့လဲ၊ ကိုယ်ရေးကိုယ်တာကိုချိုးဖောက်ခံရတယ်လို့ ပြောတဲ့သူကို ရှင်တွေ့လို့လား"

"ဖြစ်လာနိုင်စရာရှိတာကို တွေ့လို့ပါ"

"ဒါထက် ကျွန်မကိုဖုန်းဆက်ဖို့ ရှင့်ကိုဘယ်သူပြောလိုက်သလဲ"

"ရှင် ဘာဖြစ်လို့မေးတာလဲ"



"ရှင် ကျွန်မကိုမေးတဲ့အကြောင်းရင်းနဲ့ပဲပတ်သက်နေတယ်၊ ကျွန်မ အမှန်အတိုင်းသိချင်တယ်"

"ကျွန်မ မပြောနိုင်ပါဘူး"

"စိတ်ဝင်စားစရာပဲ၊ ကျွန်မကတော့ ကျွန်မရဲ့သုတေသနနဲ့ ကျွန်မသုံးတဲ့နည်းတွေကို ရှည်ရှည်ဝေးဝေးရှင့်ကိုပြောပြီးပြီ၊ ကျွန်မမှာ ဘာမှဖုံးကွယ်ထားစရာမရှိဘူး၊ ဒါပေမဲ့ ရှင့်ကျတော့ပြောမပြနိုင်ဘူး၊ ရှင့်မှာ ရှက်စရာအကြောင်းရှိနေပုံရတယ်၊ ကျွန်မရဲ့ပရောဂျက်တွေကို စုံစမ်းတဲ့နည်းဟာ ရှင့်အတွက်ရှက်စရာဖြစ်နေသလား"

"ကျွန်မ ဘာကိုမှမရှက်ပါဘူး"

"တစ်ယောက်ယောက်ကတော့ရှက်နေပါတယ်၊ မဟုတ်ရင်အဲဒီလူရဲ့နာမည်ကို ဘာဖြစ်လို့ရှင့်မပြောရတာလဲ"

"ကျွန်မကိုသတင်းပေးတဲ့ပုဂ္ဂိုလ်အပေါ် ကျွန်မကာကွယ်ပေးရမယ်"

"ဒါဖြင့်ရင် ဘာကနေကာကွယ်ပေးရမှာလဲ၊ ကျွန်မခုနကပြောသလို ကျွန်မသုံးတဲ့နည်းတွေက ဘာမှမှားစရာမရှိဘူး၊ ဘယ်သူ့ရဲ့ပုဂ္ဂိုလ်ရေးကိစ္စကိုမှ အန္တရာယ်မပေးဘူး၊ ဒါဆိုရင် ဘာဖြစ်လို့ရှင့်ကိုသတင်းပေးတဲ့လူက လျှို့ဝှက်ချင်နေရတာလဲ"

"လူတိုင်း ကိုယ့်အကြောင်းနဲ့ကိုယ်ရှိတာပေါ့လေ"

"ရှင့်ကိုသတင်းပေးတဲ့သူဟာ မလိုတမာစိတ်ရှိပုံရတယ်"

"အဲဒါနဲ့ပတ်သက်လို့တော့ ဘာမှမပြောချင်ပါဘူး"

"ဘာမှမပြောချင်ဘူး၊ ဟုတ်လား၊ ဒီစကားကို ကျွန်မ မှတ်ထားပါ့မယ်"

"ဒေါက်တာဂျင်နီဖာရာမီ ခုလိုကူညီဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

ပြောပြီး ဂျင်နီက ဖုန်းကိုချလိုက်သည်။ ပြီးတော့ ဖုန်းကိုအတန်ကြာအောင်စိုက်ကြည့်နေပြီး....

"ဒါက ဘာသဘောလဲ"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

ဘာရင်တန်ဂျုန်း ကောင်းကောင်းအိပ်မရ။

ယနေ့ည ပစ်ပါးဟာပင်ဒ်ဇ်ကို ဘာရင်တန်ခေါ်ထားသည်။ ပစ်ပါးမှာ ရူပဗေဒဌာနမှုအတွင်းရေးမှူးမလေးဖြစ်သည်။ သူမအား အိမ်ထောင်ရှိသူတွေအပါအဝင် ပါမောက္ခအတော်များများ အပြင်သို့ခေါ်ထုတ်သော်လည်း ဘာရင်တန်တစ်ယောက်ကိုသာ သူမလက်ခံပြီး လိုက်ခဲ့ခြင်းဖြစ်သည်။ ဘာရင်တန်က အလှပဆုံးဝတ်ဆင်ပြီး သူမကိုခေါ်ကာ လွတ်လပ်သည့်စားသောက်ဆိုင်တစ်ဆိုင်တွင် အကောင်းဆုံးဝိုင်ကို မှာသောက်ကြသည်။ အရုပ်ဆိုးဆိုးဇနီးမောင်နှံများနှင့် လာရောက်စားသောက်ကြသည့် အခြားယောကျ်ားများက ဘာရင်တန်အား အားကျမနာလိုကာ လှမ်းကြည့်ကြသည်။ ပြီးတော့ သူမအားအိမ်သို့ခေါ်လာခဲ့၏။

မနက် ၄နာရီလောက်ကျတော့ သူနိုးလာပြီး မိမိအစီအစဉ်ပျက်နိုင်မည့် အကြောင်းအရာများကိုတွေးနေမိသည်။မနေ့ညနေက ဟန့်စတုန်းမှာ မိမိနှင့်ပြောသည့်စကားများကိုသတိမှုရပါလေစ။ အကယ်၍ သူသတိရသည်ဆိုလျှင်လည်း နယူးယောက်တိုင်းသတင်းစာမှသတင်းထောက်များ ထိုသတင်းကိုလိုက်ချင်မှလိုက်ကြမည်။ သူတို့ နည်းနည်းပါးပါး စုံစမ်းကြည့်ပြီးလျှင် ဂျင်နီလုပ်နေသည်မှာ အမှားအယွင်းမရှိဟု တွေ့သွားသည့်လည်းဖြစ်နိုင်သည်။ သို့မဟုတ်ကလည်း တဖြည်းဖြည်းစုံစမ်းနေရသဖြင့် နောက်သတင်းပတ်ထဲသို့ကူးသွားသည်အထိ ကြာကောင်းကြာမည်။ သို့ဆိုလျှင်သိပ်နောက်ကျသွားနိုင်သည်။



အတန်ကြာအောင်ဟိုစောင်းဒီလှည့်လုပ်နေရာမှ ပစ်ပါးကအိပ်မှုန်စုံမွှားအသံဖြင့်..

"ဘာဖြစ်နေတာလဲ ဘာရင်တန်"

သူက သူမ၏ရှည်လျားသောရွှေရောင်ဆံပင်များကိုပွတ်သပ်ပေးလိုက်သည်တွင် သူမညည်းသံတစ်ချက်ပြုလိုက်၏။ မိန်းမချောလေးတစ်ယောက်နှင့် ဤသို့နေရသည်မှာ စိတ်သောကတွေသက်သာရာရစေ၏။ သို့သော် မိမိမှာမူ ယခု ထိုသို့မဖြစ်ခဲ့။ စိတ်တွေကလေးနေသည်။ မိမိပြဿနာများကို ပစ်ပါးအားပြောပြလိုက်ရလျှင် စိတ်သက်သာရာရမည်ထင်၏။ သူမကဉာဏ်ကောင်းသည်။ နားလည်လွယ်သည်။ သနားလည်းသနားတတ်သည်။ သို့ရာတွင် မိမိ၏လျှို့ဝှက်ချက်ကိုထုတ်မပြောရ။

ခဏကြာတော့ သူထပြီးအပြင်ထွက်၍ အပြေးလေ့ကျင့်ခန်းလုပ်သည်။ ပြန်ရောက်လာသောအခါ သူမ မရှိတော့။ ကျေးဇူးတင်ကြောင်းစာလေးတစ်ကြောင်းကို အနက်ရောင်နိုင်လွန်ခြေအိတ်ရှည်ဖြင့်ပတ်ကာထားသွား၏။

၈ နာရီထိုးကာနီးလောက်တွင် အိမ်ဖော်ရောက်လာပြီး သူ့အတွက် ကြက်ဥမွှေကြော်လုပ်ပေးသည်။ အိမ်ဖော်မေရီအန်းမှာ ပိန်၍ကြောက်တတ်သူဖြစ်၏။ ခရစ်ပီယံပင်လယ်ထဲမှ ပြင်သစ်ပိုင်မာတီနစ်ကျွန်းမှလာသူဖြစ်သည်။ သူမမှာ အင်္ဂလိပ်လိုအနည်းငယ်သာပြောတတ်ပြီး သူမအား သူမအရပ်သို့ပြန်ပို့မည်ကိုအလွန်ကြောက်နေသူဖြစ်သည်။ သူမမှာလှလည်းလှသည်။ ဖိုမကိစ္စတွင်လည်း သူမအားမိမိလိုချင်တိုင်းရသည်။ သို့ရာတွင် ဘာရင်တန်မှာ မိမိအနိုင်းအစေများနှင့်ဖောက်ပြန်တတ်သူမဟုတ်။

ထို့နောက် သူကအဝတ်အစားများကိုကျကျနနဝတ်ဆင်ပြီး တက္ကသိုလ်ရှိရာသို့ကားမောင်း၍လာကာ မိမိရုံးခန်းသို့ဝင်ပြီး ကွန်ပျူတာကိုဖွင့်လိုက်သည်။ သူက ပညာရေးလောကတွင် အကျော်အမောတစ်ယောက်ဖြစ်သည်နှင့်အညီ စာကိုသိပ်မသင်တော့။ ဤဂျုံးဖောတက္ကသိုလ်တွင် တစ်နေ့လျှင်သူ တစ်ကြိမ်သာပို့ချသည်။ သူ့အလုပ်က ဌာနရှိသိပ္ပံပညာရှင်များအား သုတေသနလုပ်ငန်းများ၌ ကွပ်ကဲလမ်းညွှန်ရုံနှင့် သတင်းစာများ၌ မိမိ၏ကောင်းသတင်းကိုရေးကာ သိက္ခာတက်စေရန်လုပ်ရုံမျှသာဖြစ်သည်။ လေးလေးနက်နက်တော့ သူဘာအလုပ်ကိုမျှအာရုံစိုက်၍မရ။ ထို့ကြောင့် ပြတင်းပေါက်မှတစ်ဆင့် တင်းနစ်အားကစားကွင်းတွင်လူငယ်များ နှစ်ယောက်တွင်းရိုက်နေသည်ကိုကြည့်ရင်း တယ်လီဖုန်းကိုစောင့်နေသည်။

သိပ်မစောင့်လိုက်ရ။ ၉ နာရီခွဲလောက်တွင်ဂျုံးဖောတက္ကသိုလ်၏ အဓိပတိ မောရစ်အိုဘဲဖုန်းဆက်လာသည်။ သူက..

"ကျုပ်တို့တော့ ပြဿနာတက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဘာရင်တန် အနည်းငယ်တွန့်သွားသည်။

"ဘာဖြစ်လို့လဲ မောရစ်"

"နယူးယောက်တိုင်းသတင်းစာကမိန်းမတစ်ယောက် ကျုပ်ဆီကိုအခုပဲ ဖုန်းဆက်တယ်၊ ခင်ဗျားဌာနကတစ်ယောက်ယောက်ဟာ အများပြည်သူတွေရဲ့ပုဂ္ဂိုလ်ရေးအကြောင်းအရာတွေကိုကျူးကျော်ရယူနေတယ်တဲ့၊ ဒေါက်တာဂျင်နီဖာရာမီဆိုတဲ့ တစ်ယောက်ပေါ့"

တော်ပါသေးရဲ့ဟု ဘာရင်တန်တွေးလိုက်မိသည်။ မိမိပြောခဲ့သည့်အတိုင်း ဟန့်စတုန်းလုပ်ခဲ့သည်ပဲ။ သူကအသံကိုစိတ်မကောင်းသည့်ဟန်ပြုလျက်..

"ကျွန်တော်လည်းအဲ့ဒါမျိုးဖြစ်မှာကို စိုးရိမ်နေတာ၊ ကျွန်တော် အခုပဲလာခဲ့မယ်"

တယ်လီဖုန်းကိုပြန်ချပြီး ဘာရင်တန်စဉ်းစားနေသည်။ အောင်ပွဲခံရန် စောနေသေး၏။ ဖြစ်စဉ်က ယခုမှစရုံပင်ရှိသေးသည်။ မောရစ်ကိုရော၊ ဂျင်နီကိုပါ မိမိလိုချင်သလိုကြိုးဆွဲနိုင်တော့မည်။

မောရစ်အသံကစိတ်ပူနေပုံရ၏။ ဤသည်မှာ စစချင်းကောင်းသည့်အချက်ပင်။ သူ့ကိုဆက်၍ စိတ်ပူအောင်လုပ်ထားရမည်။ ရှေ့ဆက်၍ ဂျင်နီကွန်ပျူတာအချက်အလက်များကိုထုတ်ယူသုံးစွဲနေမှုများ ချက်ချင်းမရပ်လျှင် အရေးအခင်းကြီးတစ်ခုထိ ဖြစ်သွားနိုင်သည်ဟု မောရစ်ယုံကြည်သွားအောင်လုပ်ရမည်။ ဤသည်ကို အရေးယူဆောင်ရွက်တော့မည်ဟု မောရစ်ဆုံးဖြတ်လိုက်သည်နှင့်ဘာရင်တန်အတွက် ပြဿနာပြေလည်သွားနိုင်သည်။ ဤကိစ္စတွင် ဇွေစပ်ညှိနှိုင်းကာ အလျှော့အတင်းလုပ်၍မရ။ ဂျင်နီမှာ ဇွေစပ်ညှိနှိုင်းအလျှော့အတင်းလုပ်၍ရမည့်သူမဟုတ်။သို့ရာတွင် သူမ၏ အနာဂတ်တစ်ခုလုံးပျောက်ကွယ်ရမည်ဆိုလျှင်တော့ သူမလိုက်လျောကောင်းလိုက်လျောလာမည်။ သူမအား ဒေါသဖြစ်အောင်ဆွပြီး ရန်လိုတိုက်ခိုက်ချင်စိတ်ဖြစ်အောင် လုပ်ရမည်။

ဤသည်အားလုံးကို မိမိက စေတနာကောင်းနှင့်လုပ်သည့်ပမာလုပ်ရမည်။ မောရစ်က ဂျင်နီအား အတင်းဖိလာသောအခါ ဂျင်နီစိတ်ဆိုးလာမည်။ ထိုအခါ မိမိက ဂျင်နီဘက်က အကာအကွယ်ပေးသလိုလုပ်ရမည်။

ဘာရင်တန် စိတ်ပညာဌာနမှထွက်လာပြီး တက္ကသိုလ်အဓိပတိရုံးသို့လာခဲ့သည်။ ဘာရင်တန်က ဒေါက်တာအိုဘဲ၏အတွင်းရေးမှူးမလေးအား..

"ဆရာ သူနဲ့ချိန်းထားလို့"

"တစ်ခါတည်း ဝင်သွားပါဆရာ"



မောရစ်မှာ မြက်ခင်းပြင်ကိုငုံ့ကြည့်၍ မြင်ရသောပြတင်းပေါက်အနီးတွင် ထိုင်နေသည်။ အရပ်ပုပု၊ ရင်အုပ်ကျယ်ကျယ်၊ ဇီယက်နမ်စစ်ကြောင့် ဘီးတပ်ကုလားထိုင်ဖြင့်သွားနေရသည့် အောက်ပိုင်းသေနေသူဖြစ်သည်။ သူ၏မိဘမျိုးရိုးမှာ စစ်တပ်မျိုးရိုးဖြစ်၍ဆက်ဆံရအဆင်ပြေသည်။ မိမိတို့နှစ်ဦးကြားတွင် အကြိုက်ခြင်းလည်းတူသည်။

သူက သူ၏ဘီးတပ်ကုလားထိုင်ကိုရွှေ့၍ သူ့စားပွဲဆီသို့တွန်းသွားရင်း...

"သူတို့က သိပ္ပံပညာရပ်ဆိုင်ရာကျင့်ဝတ်တွေနဲ့ပတ်သက်ပြီးရေးမယ်လို့ပြောနေတယ်၊ ကျွန်တော့်အနေနဲ့ ဂျုံးဖောတက္ကသိုလ်ဟာသိပ္ပံပညာကျင့်ဝတ်သိက္ခာပျက်စေမယ့်အဖြစ်မျိုးမလုပ်စေချင်ဘူး၊ ကျုပ်တို့ရဲ့အလှူရှင်တွေစေတနာပျက်ကုန်ကြလိမ့်မယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီးကျွန်တော်တို့တစ်ခုခုလုပ်မှဖြစ်မယ်"

"အဲဒီမိန်းမက ဘယ်သူလဲ"

မောရစ်က သူမှတ်ထားသော စာရွက်ထဲတွင်ကြည့်ပြီး...

"နာအိုမီတဲ့၊ သူက ကျင့်ဝတ်သိက္ခာဆိုင်ရာအယ်ဒီတာလေ၊ သတင်းစာတွေမှာ ကျင့်ဝတ်သိက္ခာဆိုင်ရာအယ်ဒီတာဆိုတာရှိသလား၊ ကျုပ်တော့မသိဘူး"

"နယူးယောက်တိုင်းသတင်းစာမှာရှိတယ်"

"အဲဒီလူတွေ လိုက်ပြီးမထောက်လှမ်းဘူးလို့တော့ ပြောလို့မရဘူးနော်၊ အဲဒီလူတွေ ဒီဆောင်းပါးကိုသတင်းစာထဲမှာထည့်လိုက်ကြလိမ့်မယ်၊ ဒါပေမဲ့ မနေ့ကတော့ ခင်ဗျားရဲ့ဒေါက်တာဂျင်နီဖာရာမီနဲ့ပတ်သက်ပြီး သတင်းအစအနထွက်လာတယ်လို့ သူကပြောတယ်"

"အဲဒါ ဘယ်ကထွက်လာတာတုန်း"

"သစ္စာမရှိတဲ့သူတွေအများကြီးရှိတာပဲ"

"ဟုတ်မှာပေါ့လေ"

မောရစ်က သက်ပြင်းချရင်း..

"ဒါဆိုရင် အဲဒါမမှန်ဘူးမဟုတ်လား၊ ဒေါက်တာဂျင်နီဟာ လူတွေရဲ့အတွင်းရေးကိစ္စတွေကိုလိုက်မစုံစမ်းဘူးပေါ့"

ဘာရင်တန်ကမိမိစိတ်ထင်းကျပ်နေသည်ကို စိတ်အေးလက် အေးဟန်မျိုးပေါက်အောင် ခြေထောက်နှစ်ချောင်းကိုချိတ်ထိုင်လိုက်သည်။ ယခုမူမိမိမှာ ကြိုးစားပေါလမ်းလျှောက်နေသလိုဖြစ်နေရသည်။ သူက..

"သူ မဟုတ်တာတွေလုပ်မယ်လို့တော့မထင်ဘူး၊ သူက ကိုယ်နဲ့အမြွာညီအစ်ကိုရှိမှန်းမသိတဲ့လူတွေရဲ့ဆေးမှတ်တမ်းတွေကို ကွန်ပျူတာမှတ်တမ်းတွေထဲက

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရှာယူတာ၊ လုပ်တာလည်းကျွမ်းကျင်မှုရှိတယ်၊ ပြောရရင်တော့…"

"လူတွေရဲ့ဆေးမှတ်တမ်းတွေကိုရှာတဲ့အခါ ကာယကံရှင်မှတ္တိုလ်တွေရဲ့ ခွင့်ပြုချက်မပါဘဲယူတာလား"

ဘာရင်တန်က မေ့သွားသည့်ဟန်မျိုးလုပ်လျက်…

"အင်း၊ အဲဒီလိုမျိုးပေါ့"

"ဒါဆိုရင်တော့ သူ့ကိုတားရမှာပဲ"

"ခက်တာက ဒီအချက်အလက်တွေဟာ သူ့ရဲ့သုတေသနလုပ်ငန်းအတွက် တကယ်လိုအပ်နေတာ"

"ဒါဆိုလည်း သူ့ကိုလျော်ကြေးပေးတန်ပေးလိုက်တာပေါ့"

ဂျင်နီအားငွေပေးလာဘ်ထိုးရန် ဘာရင်တန်မစဉ်းစားမိခဲ့။ ဤသို့လုပ်၍လည်းရဟန်မတူ။ သို့ရာတွင် ကြိုးစားကြည့်လျှင် အန္တရာယ်မရှိနိုင်။ ထို့ကြောင့်သူက…

"ဒီအကြံကောင်းတယ်"

"သူ့ရဲ့အလုပ်လုပ်တဲ့ကာလသတ်မှတ်ချက်ရှိသလား"

"သူက ဒီစာသင်နှစ်ကျမှ လက်ထောက်ပါမောက္ခအနေနဲ့ရောက်လာတာ၊ သူ့ရဲ့လုပ်သက်ကာလက ၆ နှစ်ကျန်သေးတယ်၊ ဒါပေမဲ့ ကျုပ်တို့သူ့ကို လစာတိုးပေးလိုက်တာပေါ့၊ သူ့မှာလည်းငွေလိုနေတယ်လို့သူပြောတယ်"

"သူ အခုဘယ်လောက်ရပြီလဲ"

"တစ်နှစ်ကို ဒေါ်လာသုံးသောင်း"

"နောက်ထပ် ဘယ်လောက်ထပ်ပေးရင် ရနိုင်မလဲ"

"အတော်ကလေးတော့ ပေးမှရမယ်၊ နောက်ထပ် ရှစ်ထောင်သို့မဟုတ် တစ်သောင်းလောက်"

"အဲဒီလိုပေးဖို့ကောရှိသလား"

ဘာရင်တန်က ပြုံးလျက်…

"ဂျနတီကိုကုမ္ပဏီကိုလွှဲပြီးရင်တော့ ရမယ်ထင်တယ်"

"ဒါဆိုရင် အဲဒီအတိုင်းလုပ်မှာလား၊ အဲဒီမိန်းကလေးကိုဖုန်းဆက်လိုက်လေ၊ ကျောင်းထဲမှာရှိရင်တော့ ဒီကိုတစ်ခါတည်းခေါ်လိုက်၊ ကိုယ်ကျင့်တရားထိန်းသိမ်းရေးရဲ့တွေ နောက်တစ်ကြိမ်ဖုန်းမဆက်ခင် ဒီကိစ္စရှင်းလိုက်ကြရအောင်"

ဘာရင်တန်က မော်ရစ်၏တယ်လီဖုန်းကိုကောက်ယူပြီး ဂျင်နီ၏ ရုံးခန်းသို့ ဆက်လိုက်သည်။ ချက်ချင်းပင်ဖုန်းကိုင်၏။

"ဂျင်နီဖာရာမီပါ"



"ဘာရင်တန်ပါ"

"မင်္ဂလာပါဆရာ"

သူမက စိတ်ထင့်နေသည့်အသံဖြင့်ပြောသည်။ တနင်္လာနေ့ညက သူမအား မိမိရအောင်ကြံမည်ဟု စိတ်ကူးခဲ့သည်ကိုသူမသိလေပြီလား။ ထိုအတိုင်း နောက်တစ်ကြိမ်ကြိုးစားရန် မိမိကြံနေသည်ကိုသူမတွေးနေပြီလား။ သို့မဟုတ်ကလည်း နယူးယောက်တိုင်းသတင်းစာမှ ပြဿနာပေါ်နေသည်လား။ သူက…

"မင်းကို အခုတွေ့ချင်တယ်"

"ဆရာ့ရုံးခန်းမှာလား"

"ငါ ဒေါက်တာအိုဘဲရဲ့ရုံးခန်းမှာရောက်နေတယ်"

သူမက သက်ပြင်းတစ်ချက်ချလိုက်ပြီး…

"ဒါ နာအိုမီဆိုတဲ့အမျိုးသမီးတစ်ယောက်ဖုန်းဆက်တဲ့ကိစ္စလားဆရာ"

"အေး"

"အလကားပါဆရာရယ်၊ ဆရာလည်း သိသားနဲ့"

"သိပါတယ်၊ ဒါပေမဲ့ ရှင်းရမယ်လေ"

"ကျွန်မ အခုပဲလာခဲ့မယ်"

ဘာရင်တန်က ဖုန်းကိုချလိုက်ပြီး…

"သူ အခုပဲလာလိမ့်မယ်၊ တိုင်းသတင်းစာကကိစ္စ သူသိပြီးနေပုံရတယ်"

ခဏကြာလျှင်တော့အတော်ပင်ပွဲကြမ်းတော့မည်။ ဂျင်နီကလည်း သူ့ကိုယ်သူကာကွယ်လျှင် မော်ရစ်ကလည်းဗျူဟာကိုပြောင်းလဲကောင်းပြောင်းမည်။ ဘာရင်တန်ကမော်ရစ်အား ဂျင်နီအပေါ် ရန်မပြုအောင်ထိန်းပေးရမည်။ သူမမှာ စိတ်မြန်သည်။ စိတ်ကမာလည်းမာ၏။ သူမမှန်သည်ဆိုလျှင် အလျှော့အတင်းလုပ်၍ ညှိရန်မလွယ်။ ဘာရင်တန် မဝင်လျှင် သူမ မော်ရစ်အား ရန်ပြိုင်ဖွဲ့သွားနိုင်သည်။ သူမမှာ ချိုချိုသာသာနှင့်ပြော၍ရနိုင်မည်ဆိုလျှင်တော့ ဒုတိယအစီအစဉ်တစ်ခုရှိထားဖို့လိုလိမ့်မည်။ သူက…

"ကျုပ်တို့စောင့်နေရင်း သတင်းစာရှင်းလင်းချက်တစ်ခုရေးထားရင်ကောင်းမယ်"

"ကောင်းတယ်"

ဘာရင်တန်က စာရွက်တစ်ရွက်ကိုဆွဲယူ၍ကောက်ရေးသည်။ ဂျင်နီသဘောမတူနိုင်မယ့်ကိစ္စမျိုး သူ့အားထိခိုက်ကာ သူမ၏မာနတွေကျိုးသွားစေမည့်ကိစ္စမျိုးကို ရှောင်ရမည်။ သူက ဂျိုးဇော်တက္ကသိုလ်မှ မှားယွင်းစွာလုပ်ခဲ့မိကြောင်း၊ တက္ကသိုလ်အနေဖြင့် ပုဂ္ဂလိကကိုယ်ရေးကိုယ်တာကိစ္စများကို ဖောက်ဖျက်မိသည့်အတွက် သက်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များအားတောင်းပန်ကြောင်း၊ တက္ကသိုလ်အနေနှင့် ထိုလုပ်ငန်းအစီအစဉ်ကို ယနေ့မှစ၍ ရပ်ဆိုင်းရန်ကတိကဝတ်ပြုကြောင်းစသည်ဖြင့် ရေးလိုက်သည်။

သူက ရေးပြီးသောစာရွက်ကို မောရစ်၏အတွင်းရေးမှူးမလေးအား ကွန်ပျူတာဖြင့်စာရိုက်ရန်ပေးလိုက်သည်။

ဂျင်နီ မျက်နှာသုန်သုန်မှုန်မှုန်နှင့်ရောက်လာသည်။ မြစိမ်းရောင်တီရှပ်ပွပွ၊ အနက်ရောင်ဂျင်းဘောင်းဘီ၊ ယခုခေတ်စားနေသော အင်ဂျင်နီယာရှူးဖိနပ်ဟုခေါ်သောဖိနပ်ကိုစီးထားသည်။ နှာခေါင်းတွင်လည်း ငွေကွင်းလေးတစ်ခုဖောက်၍စွပ်ထားသည်။ မည်းမှောင်သောဆံပင်များကိုလည်းနောက်ဖက်သို့စုစည်းထား၏။ မိန်းမချောလေးတစ်ယောက်ပါပေ။ တက္ကသိုလ်အဓိပတိကမူ သူမ၏အဝတ်အစားများကို အထင်မကြီး။ ဘာရင်တန်အတွက်မူ သူမမှာတာဝန်မဲ့အငယ်တန်းပညာရေးဝန်ထမ်းတစ်ဦးဖြစ်ပြီးဂျူးဖောတက္ကသိုလ်အား ဒုက္ခပေးမည့်မိန်းမတစ်ဦးအဖြစ်မြင်နေသည်။

မောရစ်က သူမအားထိုင်ခိုင်းပြီး သတင်းစာမှတယ်လီဖုန်းဆက်သည့်အကြောင်းကိုပြောပြလိုက်သည်။ သူ့အမူအရာကခပ်တင်းတင်း။ သူကလူကြီးတစ်ယောက်ပီပီ ဂျင်းဘောင်းဘီအကျပ်ဝတ်ထားသောမိန်းမများဆိုလျှင် ကြည့်ရဟန်မတူ။ ဂျင်နီက မကျေမနပ်သံဖြင့်...

"ကျွန်မဆီ တယ်လီဖုန်းဆက်တာလည်း အဲဒီမိန်းမပဲ၊ တော်တော်လည်းရယ်စရာကောင်းတယ်"

"ဒါပေမဲ့ မင်းကလည်းကွန်ပျူတာထဲကဆေးမှတ်တမ်းတွေကိုထုတ်ယူတယ်မဟုတ်လား"

"ကျွန်မ ကွန်ပျူတာအချက်အလက်တွေကို ကြည့်တာမဟုတ်ဘူး၊ လူမှန်ရင်သူများရဲ့ဆေးဝါးမှတ်တမ်းတွေကိုဘယ်ကြည့်မလဲ၊ ကျွန်မရဲ့ပရိုဂရမ်က အမြွှာတွေရဲ့နာမည်တွေနဲ့သူတို့ရဲ့လိပ်စာတွေကိုရှာပေးတာ"

"ဒါလဲပဲ"

"ကျွန်မတို့ဟာ အစစ်ခံဆေးခံမယ့်လူရဲ့ခွင့်ပြုချက်မရဘဲ ဘာမှမလုပ်ပါဘူး၊ အဲဒီလူတွေဟာ ကျွန်မတို့လေ့လာနေတာတွေကိုလက်ခံမလာမချင်း သူတို့အမြွှာပူးတွေဆိုတာကျွန်မမပြောပါဘူး၊ ဒါဆိုရင် သူများရဲ့ကိုယ်ရေးကိုယ်တာကိုစွက်ဖက်ရာကျမလား"

ဘာရင်တန်က သူမဘာက်မှ လိုက်သည့်ဟန်ဖြင့်...

"ကျုပ်မပြောလား မောရစ်၊ တိုင်းသတင်းစာကိုယ်တိုင်ကမှားနေတာပါလို့"

"သူတို့ကဒီလိုမမြင်ဘူးလေ၊ ကျုပ်အနေနဲ့ကလည်းတက္ကသိုလ်ရဲ့ဂုဏ်



သိက္ခာကိုကြည့်ရမယ်"

"ကျွန်မအခုလုပ်နေတာတွေဟာ တက္ကသိုလ်ရဲ့သိက္ခာတွေကိုတက်လာနိုင်တယ်ဆိုတာယုံပါ၊ အနုဒီပရောဂျက်ဟာ အင်မတန်ကိုအရေးကြီးပါတယ်၊ ဒုစရိုက်ဗီဇတွေကိုလေ့လာနိုင်တာ ကျွန်မတစ်ယောက်ပဲရှိပါတယ်၊ အဖြေတွေကိုထုတ်ပြန်လိုက်နိုင်ရင် လူတွေအများကြီးစိတ်ဝင်စားသွားကြမှာပါ"

"သူပြောတာဟုတ်တယ်"

ဘာရင်တန်က ဝင်ပြောသည်။ မှန်လည်းမှန်သည်။ သူမလုပ်နေသည်မှာ အတော်ပင်စိတ်ဝင်စားဖို့ကောင်းသည်။ ဤအလုပ်ကို ရပ်ပစ်ဖို့မှာ နှမြောစရာ။ မောရစ်က ခေါင်းကိုရမ်းလျက်..

"ဒီတက္ကသိုလ်မှာ ပြဿနာမတက်ဖို့ကကျုပ်အလုပ်"

"ပညာရေးဆိုင်ရာလွတ်လပ်ခွင့်ရှိဖို့ကလည်း ဆရာ့တာဝန်ပဲ"

"တက္ကသိုလ်အဓိပတိတစ်ယောက်အနေနဲ့ မင်းဆီကပို့ချချက်တွေ ယူနေစရာမလိုဘူး မိန်းကလေး"

"ဟုတ်လား၊ ဒါဆိုရင် ထိပ်တိုက်တွေ့နေပြီပေါ့၊ တစ်ဖက်ကလည်း သတင်းစာတစ်စောင်က အမှန်တရားကိုလိုက်နေတယ်၊ ဒီမှာ တက္ကသိုလ်အဓိပတိတစ်ယောက်ကဖိအားပေးတဲ့အတိုင်းလုပ်နေမယ်ဆိုရင် မျှော်လင့်စရာဘာရှိတော့လို့လဲ"

ထို့နောက် ဂျင်နီ သဘောပေါက်သွားဟန် လမ်းကြောင်းလွှဲ၍...

"တစ်နည်းပြောရရင် တက္ကသိုလ်သိက္ခာကျဖို့ ဘယ်သူမှမလုပ်ချင်ကြပါဘူး၊ ဆရာစိုးရိမ်နေတဲ့ကိစ္စလည်း ကျွန်မသဘောပေါက်ပါတယ် ဆရာ"

မောရစ်က လေသံပျော့သွားကာ..

"မင်းအနေနဲ့လည်း အခက်အခဲရှိသွားမယ်ဆိုတာ ဆရာသဘောပေါက်ပါတယ်၊ တက္ကသိုလ်ကမင်းကိုလျော်ကြေးပေးတဲ့အနေနဲ့တစ်နှစ်ကို ဒေါ်လာတစ်သောင်းထပ်တိုးပေးမယ်"

ဂျင်နီ အလန့်တကြားဖြစ်သွားဟန်တူသည်။ ဘာရင်တန်ကား..

"အဲဒါဆို မင်းရဲ့အမေကို မင်းမကြိုက်တဲ့ ဟိုနေရာကနေတခြားကိုပို့လို့ရတာပေါ့"

ဂျင်နီက ခေတ္တမျှတုန့်ဆိုင်းပြီးမှ...

"အဲဒီအတွက် အရမ်းကျေးဇူးတင်ပါတယ်၊ ဒီလိုလုပ်ပေးမယ့်ပြဿနာပြေပြီးသွားမှာမဟုတ်ဘူး၊ ကျွန်မရဲ့သုတေသနအတွက် စရိုက်ဆိုးရှိတဲ့အမြွှာတွေဆက်ပြီးလေ့လာသွားရမှာပဲ၊ အဲဒီလိုမှမလေ့လာရင် ဘာကိုသွားလေ့လာရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမအား လာဘ်ထိုး၍မရနိုင်ကြောင်းဘာရင်တန်သိထားပြီးဖြစ်သည်။ မောရစ်က...

"ဟုတ်ပါတယ်၊ မင်းလေ့လာနိုင်ဖို့အတွက်အချက်အလက်တွေရှာဖို့ တခြားနည်းလမ်းရှိနိုင်ပါတယ်"

"မရှိနိုင်ဘူး၊ ကျွန်မလေ့လာချင်တာက တစ်ယောက်တကွဲကြီးပြင်းကြရတဲ့ ရှပ်တူအမြွှာတွေ၊ အနည်းဆုံးတစ်ယောက်က ရာဇဝတ်ကောင်ဖြစ်ရမယ်၊ အဲဒါက အဓိကပဲ၊ ကျွန်မရဲ့ကွန်ပျူတာပရိုဂရမ်ဟာ ကိုယ့်မှာအမြွှာညီအစ်ကိုရှိမှန်းမသိတဲ့လူတွေကိုရှာပေးနိုင်တယ်၊ အဲဒါထက်ကောင်းတဲ့နည်းမရှိတော့ဘူး"

"ဆရာ့အနေနဲ့ ဒီလောက်ထိမသိသေးဘူး"

ထိုစဉ် မောရစ်၏အတွင်းရေးမှူးမလေးဝင်လာပြီး စာရွက်တစ်ရွက်ပေးသည်။ ယင်းမှာ ဘာရင်တန်ရေးသော သတင်းစာရှင်းလင်းချက်စာရွက်ဖြစ်၏။ မောရစ်က ထိုစာရွက်ကိုဂျင်နီအားပြလျက်...

"ဒီကိစ္စသတင်းစာထဲမပါစေချင်ဘူး၊ ငါတို့ဒီလိုဟာမျိုးသတင်းထုတ်ပြန်ရလိမ့်မယ်"

ဂျင်နီက လျင်မြန်စွာကောက်ဖတ်လိုက်ပြီး ဒေါသပြန်ဖြစ်လာကာ...

"ဒါက အပိုတွေပဲ၊ ကျွန်မတို့ ဘာမှားတာလုပ်မိလို့လဲ၊ ဘယ်သူ့ရဲ့အတွင်းရေးကိုမှကျွန်မတို့စွက်ဖက်တာမရှိဘူး၊ ဒါကိုတိုင်တန်းတဲ့လူလည်းရှိသေးတာမဟုတ်ဘူး"

ဘာရင်တန် ဝမ်းသာသွားသည်ကိုဖုံးဖိနေရသည်။ တကယ်တော့ ဂျင်နီမှာ ဆတ်ဆတ်ကြဲတစ်ယောက်ဖြစ်သော်လည်း သိပ္ပံလုပ်ငန်းတွင် သူမစွဲရှိ၍ စိတ်ရှည်ပါပေသည်။ သူမ ခေါ်တွေ့လေ့လာသူများ သူမအပေါ်စိတ်ဆိုးခြင်းမရှိ။ မကျေနပ်ခြင်းလည်းမရှိခဲ့။ ထိုလူများ၏ မကောင်းသောအမူအကျင့်များကိုလည်း ဂျင်နီသည်းခံဆက်ဆံနိုင်ပေသည်။ သူတို့ပြောသည်များကို ဂျင်နီလိုက်၍ရေးမှတ်သည်။ ပြီးတော့ ကျေးဇူးတင်ကြောင်း ရိုးရိုးသားသားပြောပေသည်။ လုပ်ငန်းအပြင်ဘက်တွင်တော့ သူမမှာ ပေါ့ပေါ့ဒိုင်းဒိုင်း။

ဘာရင်တန်မှာ စေ့စပ်ရေးသမားဟန်ဖြင့်...

"ဒါပေမဲ့ ဂျင်နီရယ်၊ ဒေါက်တာအီဘဲက တို့အနေနဲ့ခိုင်မာတဲ့ဖြေရှင်းချက်တစ်ခုပေးသင့်တယ်ထင်လို့ပါ"

"ကျွန်မရဲ့ ကွန်ပျူတာပရိုဂရမ်သုံးနေတဲ့ကိစ္စကိုတော့ရပ်ပစ်လို့မဖြစ်ဘူး၊ အဲဒါရပ်ပစ်လိုက်ရင် ကျွန်မရဲ့လုပ်ငန်းကြီးတစ်ခုလုံးရပ်သွားလိမ့်မယ်"



မောရစ် မျက်နှာတင်းမာသွားပြီး...

"ဂျူးဖောတက္ကသိုလ်က သိပ္ပံပညာရှင်တွေဟာ ပုဂ္ဂလိကအတွင်းရေးတွေကို ဝင်ရောက်စွက်ဖက်နေတယ်ဆိုတဲ့သတင်းမျိုး နယူးယောက်တိုင်းသတင်းစာထဲမှာပါလာတာကိုငါလက်မခံနိုင်ဘူး၊ အဲဒီလိုမျိုးလုပ်လိုက်ရင်အလှူငွေတွေသန်းနဲ့ချီပြီး ဆုံးရှုံးသွားရလိမ့်မယ်"

"ဒါဆိုလည်း ကြားကျတဲ့နည်းလမ်းတစ်ခုရှာကြရအောင်၊ ဆိုပါတော့ ဆရာက ဒီပြဿနာနဲ့ပတ်သက်ပြီးသိချင်တယ်ဆိုရင် ကော်မတီတစ်ရပ်ဖွဲ့လိုက်ပေါ့၊ လိုအပ်ရင် ပုဂ္ဂိုလ်ရေးစွက်ဖက်မှုကိုကာကွယ်တာမျိုးဖြစ်အောင်လုပ်ကြရမှာပေါ့"

ဤနည်းကတော့လုံးဝမဖြစ်။ အလွန်အန္တရာယ်ရှိသည်ဟု ဘာရင်တန်စိတ်ထဲတွေးနေမိသည်။ သူက..

"တို့မှာ ကိုယ်ကျင့်တရားဆိုင်ရာ စည်းကမ်းကော်မတီရှိတာပဲ၊ ဒီကော်မတီဟာ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့အောက်ကအဖွဲ့အစည်းပဲ၊ ဒီပြဿနာတွေကိုကိုင်တွယ်ဖို့ သူတို့ဆီတင်ပေးလိုက်ပေါ့"

တက္ကသိုလ်အုပ်ချုပ်ရေးကော်မတီတွင် အချိန်ပိုင်းပါမောက္ခများလည်းပါ၏။ သို့ရာတွင် လုပ်ငန်းကိုတော့ ကော်မတီကသာ လုပ်ကိုင်သည်။ မောရစ်က...

"မကောင်းဘူး၊ လူတွေအကုန်သိကုန်မယ်"

ဂျင်နီက...

"ဒါကိုဆရာက ချက်ချင်းအရေးယူဆောင်ရွက်လိုက်မယ်ဆိုရင် အေးအေးဆေးဆေးဆွေးနွေးလို့ရတာကိုလက်မခံသလိုဖြစ်သွားမှာပေါ့"

နှစ်ဘက်ဆွဲစေ့ရမည့်အချိန်ကိုရောက်ပြီဟု ဘာရင်တန်ဆုံးဖြတ်လိုက်သည်။ သူတို့နှစ်ယောက်စလုံးမှာ ထိပ်တိုက်တွေ့နေကြပြီဖြစ်၏။ နှစ်ယောက်စလုံးကလည်း အလျှော့မပေးချင်ကြ။ သူတို့နှစ်ယောက်အပေးအယူလုပ်ပြီးစေ့စပ်မလာမီ မိမိဖြတ်ပေးမှဖြစ်တော့မည်။ ထို့ကြောင့် သူက..

"ဒါ မှန်တယ်ဂျင်နီ၊ ဒီမှာ ကျုပ်တစ်ခုပြောချင်တယ်၊ ခွင့်ပြုမလားမောရစ်"

"ရပါတယ် ပြောပါဦး"

"ပြဿနာက နှစ်ခုဖြစ်နေတာ၊ တစ်ခုကတက္ကသိုလ်ကို ပြဿနာမတက်စေဘဲ ဂျင်နီရဲ့သုတေသနလုပ်ငန်းတိုးတက်လာနိုင်မယ့်နည်းလမ်းကိုရှာဖို့၊ ဒါကိုတော့ ကျုပ်နဲ့ဂျင်နီနောက်ပိုင်းမှာ ရှည်ရှည်ဝေးဝေးဆွေးနွေးအဖြေရှာဖို့ပဲ၊ ဒုတိယအချက်က ကျုပ်တို့ဌာနနဲ့တက္ကသိုလ်အနေနဲ့ကမ္ဘာကိုဘယ်လိုတင်ပြမလဲ၊ ဒါကတော့ ခင်ဗျားနဲ့ကျွန်တော်ဆွေးနွေးရမယ့်ကိစ္စပဲ မောရစ်"

မောရစ်က စိတ်သက်သာရာရသွားဟန်ဖြင့်..

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှန်တယ်"

ဘာရင်တန်က...

"အခုလို ချက်ချင်းလာတွေ့တဲ့အတွက်ကျေးဇူးတင်တယ် ဂျင်နီ"

မိမိအား နှင်ခနေမှန်းသိသဖြင့် ဂျင်နီကနားမလည်နိုင်သလိုမျက် မှောင်ကြုတ်လျက်မတ်တတ်ထရပ်သည်။ သူတို့၏ဇာတ်ပြောက်အသာရသွားကြောင်းသူမသဘော ပေါက်လိုက်သော်လည်း မည်မျှအထိအသာရသွားသည်ကိုမူ သူမမခန့်မှန်းနိုင်။ သူမက ဘာရင်တန်အား...

"ဆရာ ကျွန်မဆီဖုန်းဆက်မှာလား"

"ဆက်မှာပေါ့"

"ကောင်းပြီလေ"

သူမအနည်းငယ်တုန့်ဆိုင်းနေပြီးမှ ထွက်သွားသည်။ မောရစ်က..

"အတော်မလှယ်တဲ့မိန်းမပဲ"

ဘာရင်တန်မှာ လက်နှစ်ဖက်ကိုယှက်ကာရှေ့သို့ကိုင်းလျက်...

"ကျုပ်မှာ အဖြစ်ရှိသလိုခံစားရတယ် မောရစ်ရယ်၊ ဂျင်နီကိုကျုပ်ငှားထားတာ၊ ဒါပေမဲ့ ဒီကွန်ပျူတာပရိုဂရမ်ကိုသူတီထွင်ပြီးသုံးမယ်လို့မသိလိုက်ဘူး၊ ဘာပဲဖြစ်ဖြစ် ကျုပ်မှာတာဝန်ရှိတယ်လေ၊ ဒီအတွက် ခင်ဗျားမှာတာဝန်မရှိပါဘူး"

"ခင်ဗျား ဘာပြောချင်တာလဲ"

"ဟောဟိုသတင်းစာရှင်းလင်းချက်မယုတ်ပြန်ပါနဲ့လို့ ခင်ဗျားကိုကျုပ်ပြောခွင့်မရှိပါဘူး၊ သုတေသနလုပ်ငန်းတစ်ခုအတွက် တက္ကသိုလ်ကောင်းဖို့ကိစ္စကို ခင်ဗျားပစ်ပယ်လို့မရဘူးဆိုတာလည်း ကျုပ်သဘောပေါက်ပါတယ်"

ပြောရင်းသူကမော့ကြည့်သည်။ မောရစ်မှာ သူ့အားချောင်ပိတ်မိအောင်လုပ်နေသည်ဟု သူသံသယဖြစ်နေသည်လား။ ဘာရင်တန်တွေးကာ စိုးရိမ်သွားမိ၏။ ထိုအတွေးမှာ သူ့ခေါင်းထဲသို့ဖျတ်ခနဲဝင်လာပြီးပျောက်သွားသည်။ မောရစ်က...

"အခုလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘာရင်တန်၊ ဂျင်နီနဲ့ပတ်သက်ပြီး ခင်ဗျားဘာလုပ်မလဲ"

ဘာရင်တန် စိတ်သက်သာရာရသွားသည်။ မိမိလို့ချင်သလိုဖြစ်တော့မည်ထင်၏။ သူက...

"ဂျင်နီက ကျုပ်ကိုစွပါ၊ ကျုပ်တာဝန်ထားလိုက်"

ဝ ဝ ဝ

# အခန်း (၂၂)

ဗုဒ္ဓဟူးနေ့မိုးမလင်းမီ စတီ မှေးခနဲအိပ်ပျော်သွားသည်။

ထောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။ ဝက်ကြီးမှာအိပ်ရင်းဟောက်နေသည်။ စတီမအိပ်ရသည်မှာ ၄၈ နာရီရှိပြီထင်၏၊ နောက်တစ်နေ့မနက် အာမခံလျှောက်မည့်လျှောက်လွှာကို အကြိမ်ကြိမ်ပြန်ဖတ်နေရင်း မအိပ်ဘဲနေခဲ့သည်။ ထိုသို့နေရင်းမှ တရားသူကြီးကပြုံးကာ "အာမခံပေးတယ်၊ ဒီလူကိုလွှတ်လိုက်ပါ" ဟု ပြောနေသည်ကိုအိပ်မက်မက်သလို မြင်ယောင်လိုက်မိသည်။ ပြီးတော့မှ အချုပ်ခန်းကြမ်းပြင်ပေါ်တွင်လက်ရှိအတိုင်းထိုင်ကာ ခေါင်းမှာငိုက်ကျသွားသည်။ ထိုသို့ဖြင့် ခေါင်းကိုအကြိမ်ကြိမ်ပြန်ထောင်ကာအိပ်မပျော်အောင်လုပ်နေရသည်။ သို့ရာတွင် နောက်ဆုံး၌ သဘာဝတရားက တင်းထားသည့်စိတ်အားကိုကျော်လွန်အနိုင်ယူသွားခဲ့သည်။

သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေစဉ် နံဘေးတွင် ပြင်းထန်စွာနာကျင်မှုကြောင့်လန့်နိုးခဲ့ရသည်။ သူအင့်ခနဲဖြစ်သွားပြီး မျက်လုံးကိုဖွင့်ကြည့်သည်။ ဝက်ကြီး သူ့ကိုပိတ်ကန်လိုက်ခြင်းဖြစ်ပြီး ဝက်ကြီးမှာသူ့အပေါ်မိုး၍ကြည့်နေသည်ကိုတွေ့လိုက်ရသည်။ မျက်လုံးကြီးကိုလည်းပြူးလျက်အော်ဟစ်ကာ...

"မင်း ငါ့ဘိနပ်ဖြူကိုခိုးတယ်မဟုတ်လား၊ ပြော၊ကောင်ဘယ်မှာဝှက်ထားသလဲ၊ မင်းပြန်ပေးရင်ပေး၊ မပေးရင်သေပြီသာမှတ်"

စတီ စဉ်းစားမနေတော့ဘဲ ခုန်ထကာ ညာလက်ကိုဆန့်ထုတ်လိုက်စဉ် လက်ချောင်းနှစ်ချောင်းက ဝက်ကြီး၏မျက်လုံးနှစ်လုံးကိုထိုးမိသွားသည်။ စတီက

www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားပြီး သူ၏လက်ချောင်းများဖြင့် ဝက်ကြီး၏မျက်စိကိုထိုးလိုက်ပြန်သည်။ အဝေးတစ်နေရာဆီမှအော်ဟစ်ဆဲဆိုနေသည့်ဝက်ကြီး၏အသံကို စတီကြားယောင်နေ၏။

ဝက်ကြီးမှာ နောက်တစ်ချက်ထပ်ဆုတ်ကာအိမ်သာခွက်ပေါ်တွင် ဖင်ထိုင်လျက်သားကျသွားပြီး မျက်လုံးနှစ်လုံးကိုလက်နှစ်ဖက်ဖြင့်အုပ်ထားသည်။

စတီက သူ၏ဂုတ်ကိုလက်နှစ်ဖက်ဖြင့်ကိုင်ကာ ခေါင်းကိုဆွဲမော့သည်။ ပြီးတော့ သူ့မျက်နှာကိုဒူးနှင့်တိုက်ပစ်လိုက်သည်။ ဝက်ကြီးပါးစပ်မှ သွေးတွေစီးထွက်နေ၏။ တစ်ဖန် စတီက ဝက်ကြီးအင်္ကျီရင်ဘတ်ကိုကိုင်ကာ ကြမ်းပြင်ပေါ်သို့ဆွဲချလိုက်၏။ ထို့နောက် ကန်မည်ပြုစဉ် အသိတရားပြန်ဝင်လာသည်။ ဝက်ကြီးကို ငေးကြည့်လိုက်တော့ သွေးတွေထွက်ကာကြမ်းပြင်ပေါ်တွင်လဲကျနေ၏။ ဒေါသများရုတ်တရက်ပျောက်သွားပြီး...

"ဟာ ဒုက္ခပါပဲ၊ ငါ ဘာလုပ်လိုက်မိပါလိမ့်"

အချုပ်ခန်းတံခါးဝုန်းခနဲပွင့်သွားပြီး ရဲနှစ်ယောက်တုတ်များကိုင်လျက် ပြေးဝင်လာကြသည်။

စတီက လက်နှစ်ဖက်ဖြင့်မျက်နှာကိုကာထားလိုက်၏။ ရဲတစ်ယောက်က...

"တော်ကြ၊ တော်ကြ"

"ကျွန်တော် ဘာမှမလုပ်တော့ပါဘူး"

စတီက ဆိုသည်။ ရဲများက သူ့အားလက်ထိပ်ခတ်ကာအချုပ်ခန်းအပြင်သို့ခေါ်သွားသည်။ တစ်ယောက်ကသူ့ဗိုက်ကိုခပ်ပြင်းပြင်းတစ်ချက်ထိုးလိုက်၏။ သူလည်း အင့်ခနဲဖြစ်ကာကွေးသွားသည်။ ရဲက..

"အဲဒါ နောက်တစ်ခါပြဿနာဖြစ်ဦး"

အချုပ်ခန်းပင်မပေါက်။ တံခါးပိတ်သံကြားလိုက်ရပြီးနောက် အချုပ်ခန်းသော့ကိုင်ရဲ၏နောက်ပြောင်ပြောလိုက်သံကိုကြားလိုက်ရ၏။

"မင်းကိုဆေးကုပေးရတော့မှာပဲ ဝက်ကြီးရယ်၊ အရှေ့ဘော်လ်တီမိုးလမ်းမှာ တီရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်ရှိတယ်"

ပြီးတော့ သူ့ဟာသကိုသူသဘောကျကာ ဟက်ခနဲရယ်လိုက်သည်။ စတီက အနာသက်သာသွားသဖြင့်ကိုယ်ကိုပြန်မတ်လိုက်၏။ နာတော့နာနေတုန်းပင်။ သို့သော် အသက်ရှူ၍တော့ရလေပြီ။ သူကသံတိုင်ကြားမှဝက်ကြီးအား လှမ်းကြည့်လိုက်သည်။ ဝက်ကြီးမှာ ထထိုင်နေပြီး သူ့မျက်လုံးများကိုပွတ်နေ၏။ ပါးစပ်ထဲက သွေးတွေထွက်နေရင်း အချုပ်ခန်းသော့ကိုင်စပိုက်အား



"သွားသေလိုက်ပါလား အကောင်စုတ်"

စတီ အနည်းငယ် စိတ်သက်သာရာရသွားသည်။ ဝက်ကြီးမှာ ဆိုးဆိုးရွားရွားဖြစ်မသွားခဲ့။ စပိုက်က...

"မင်းကို အဲဒီအခန်းထဲကထုတ်ပေးဖို့အချိန်ကျပြီ ကောလိပ်ကျောင်းသားလေး၊ ဒီပုဂ္ဂိုလ်တွေက မင်းကိုတရားရုံးပို့ပေးဖို့လာခေါ်တာနေပါဦး၊ မြောက်ပိုင်းခရိုင်တရားရုံးမှာဘယ်သူကျပါလိမ့်၊ မစ္စတာရောဘတ်စင်ဒီလင်းပဲ၊ သူ့ကို ဆနစ်လို့လဲခေါ်တယ်"

သူကစာရွက်များကိုကြည့်ရင်းပြောနေသည်။ အချုပ်ခန်းထဲမှအခြားလူသုံးယောက်ကိုလည်းထုတ်ကာ စတီနှင့်တွဲ၍ကြိုးချည်လိုက်သည်။ထို့နောက် ရဲနှစ်ယောက်က သူတို့အားကားကိုထောင်ထဲသို့ခေါ်သွားပြီး အချုပ်ကားပေါ်တင်လိုက်ကြသည်။ မိမိ ဤနေရာသို့ပြန်မလာပါရစေနှင့်ဟု စတီဆုတောင်းနေသည်။

တရားစီရင်ခန်းမှာဘုရားရှိခိုးကျောင်းနှင့်တူနေသည်။ အစိမ်းရောင်ကော်ဇောခင်းထားပြီးခုံရှည်တန်း၉တန်းရှိနေသည်။

နောက်ဆုံးတန်းတွင် စတီ၏မိခင်နှင့်ဖခင်ထိုင်နေကြ၏။ စတီမှာရှုံ့အားသင့်ကာဖင့်သက်ရှိုက်လိုက်မိသည်။

ဖခင်က ဗိုလ်မှူးကြီးယူနီဖောင်းကိုဝတ်ဆင်လာ၏။ ဦးထုပ်ကိုမူ ချိုင်းတွင်ညှပ်ထားသည်။သူက သတိဆွဲနေသည့်ပမာ ခပ်တောင့်တောင့်ထိုင်နေသည်။ မျက်လုံးကအပြာရောင်၊ ဆံပင်ကအမည်းရောင်၊ မုတ်ဆိတ်၊ ပါးသိုင်းမွေးများကိုရိတ်ထားသဖြင့် ပါးပေါ်တွင်စိမ်းနေ၏။ သူ့ကိုကြည့်ရသည်မှာ စိတ်တင်းထားပုံရသည်။ မိခင်ကတော့ သူ့ဘေးတွင်ထိုင်နေ၏။ မိခင်မှာခပ်သေးသေးဝိုင်းဝိုင်းဖြစ်ပြီး လှပသည့် သူမ၏မျက်နှာမှာငိုထားသဖြင့်မို့နေ၏။

စတီမှာ ကြမ်းပြင်ပေါ်သို့လှဲချပစ်လိုက်ချင်သည်။ ဝက်ကြီး၏အချုပ်ခန်းထဲသို့ပြန်ပြေးချင်စိတ်ပင်ပေါက်မိတော့သည်။ သူက ရပ်ပြီးစိတ်ဆင်းရဲနေရှာသောမိဘများကိုကြည့်လိုက်ရာ ချည်ထားသောကြိုးများအားလုံးတင်းသွားသည်။ ရဲက နောက်မှ သူ့ကိုတွန်းလိုက်ရာ စတီမှာ ရှေ့ဆုံးထိုင်ခုံတန်းပေါ်သို့ငိုက်ကျသွားသည်။

စာရေးမတစ်ယောက်က တရားရုံးထိပ်မှ အကျဉ်းသားများကို မျက်နှာမူကာထိုင်နေ၏။ အစောင့်ရဲသားတစ်ယောက်က အပေါက်ဝတွင်စောင့်နေသည်။ အခြားလူဆို၍ အသက် ၄၀ခန့်ရှိကုတ်အင်္ကျီ၊ ဂျင်းဘောင်းဘီများဝတ်ထားသောမှန်တပ်ထားသည့်လူမည်းအမျိုးသားတစ်ယောက်သာရှိသည်။ သူကအကျဉ်းသားများ၏နာမည်များကိုမေးပြီး စာရင်းနှင့်တိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



စတီက နောက်ဖက်သို့ပြန်လှည့်ကြည့်လိုက်ရာ မိမိ၏မိဘနှစ်ဦးမှလွဲ၍ အခြားပရိသတ်မရှိ။ ယခုလို မိဘများမိမိအပေါ်ဂရုစိုက်ကာလိုက်လာသဖြင့် ကျေးဇူးတင်မိသည်။ အခြားအကျဉ်းသားများအတွက်မူ ထိုသို့လိုက်လာသူမရှိ။ ယခုလိုမိမိ၏ရှက်စရာမြင်ကွင်းကိုအခြားသူများမမြင်သည့်အတွက်လည်း ကျေးဇူးတင်မိသည်။

ဖခင်ကထကာ သူ့ထံသို့လျှောက်လာသည်။အပြာရောင်ကျင်းဘောင်းဘီနှင့်လူကဖခင်အား...

"အမိန့်ရှိပါခင်ဗျား"

"ကျွန်တော်က စတီလိုဂန်ရဲ့ဖခင်ပါ၊ ကျွန်တော်သူနဲ့စကားပြောချင်တယ်၊ ခင်ဗျားနာမည်ကိုလည်း သိပါရစေ"

ဖခင်က အရာရှိတစ်ယောက်လေသံဖြင့် မေးလိုက်သည်။

"ဒေးဗစ်မါဒီပါ၊ အမ္မဝေစ်ခန်းကြိုတင်စုံစမ်းရတဲ့စုံစမ်းထောက်လှမ်းရေးမှူးပါ၊ ဒီနေ့မနက်လူကြီးမင်းဆီဖုန်းဆက်တာကျွန်တော်ပါပဲ"

ဤသည့်ကြောင့် ဖခင်နှင့်မိခင်သိသွားကြသည်ကိုး။

မိမိ ထိုသို့တွက်မိဖို့ကောင်းသည်။ တရားရုံးမင်းကြီးကလည်း မိမိ၏အသေးစိတ်အချက်အလက်များကို စုံစမ်းထောက်လှမ်းရေးမှူးတစ်ယောက်က စုံစမ်းမည်ဟုပြောခဲ့သည်မဟုတ်လား။ ထိုသူကပင်...

"ဒီဘောက်လ်တီမိုးမြို့မှာမှုခင်းမှုနဲ့အဖမ်းခံထားရတဲ့ စတီလိုဂန်ရဲ့လိပ်စာမှန်၊ မမှန် သိချင်လို့ပါ၊ ဒါကသူ့အမေလား"

ဖခင်က ထိုသူကို လက်ဆွဲနှုတ်ဆက်ပြီး...

"တွေ့ရတာဝမ်းသာပါတယ်မစ္စတာဝါဒီ"

"လူကြီးမင်းရဲ့သားကိုစကားပြောလို့ရပါတယ်၊ လုပ်ပါ၊ ပြဿနာမရှိပါဘူး"

ဖခင်ကခေါင်းညိတ်ကာခုံတန်းနှစ်တန်းကြားမှဝင်လာပြီး စတီ၏နောက်တည့်တည့်တွင်ထိုင်လိုက်သည်။ ပြီးတော့စတီပခုံးကိုလက်နှင့် ခပ်ရှရှဖျစ်လိုက်သည်။ စတီ မျက်ရည်တွေဝဲလာ၏။

"အဖေ၊ သားလုပ်တာ မဟုတ်ဘူး"

"သိပါတယ် သားရယ်"

သားအပေါ်ဤမျှ ယုံကြည်သည့်အတွက်ရင်ထဲ၌မကောင်းဖြစ်ကာငိုချလိုက်မိသည်။ ဆာလောင်မှုနှင့်အိပ်ရေးပျက်မှုကြောင့် အတော်ကလေးအားနည်းနေ၏။ ပြီးခဲ့သည့်နှစ်ရက်ကခံစားနေခဲ့ရမှုများကြောင့် မျက်ရည်များသွန်၍ကျလာသည်။ ခဏကြာတော့ ဖခင်က...



"သားအတွက်ရှေ့နေငှားမလို့ပဲ၊ အချိန်ကမရဘူး၊ ဒါကြောင့် ဒီမှာပဲစီစဉ်ရတော့မယ်"

စတီကခေါင်းညိတ်လိုက်သည်။ မိမိသာစိတ်တည်ငြိမ်အောင်ထားနိုင်မည်ဆိုလျှင် မိမိကိုယ်တိုင်မိမိ၏ရှေ့နေအဖြစ်ဆောင်ရွက်နိုင်သည်။

မိန်းကလေးနှစ်ဦးကို အမျိုးသမီးရဲတစ်ဦးက ခေါ်သွင်းလာသည်။လက်ထိတ်တော့ခတ်မထား။ သူတို့ကထိုင်ပြီးခိုစနဲ့ရယ်ကြသည်။၁၈နှစ်လောက်သာ ရှိဦးမည်ထင်၏။ ဖခင်က စတီအား...

"ဘယ်လိုကြောင့်များ အခုလိုဖြစ်ရတာလဲကွာ"

"အဲဒီလိုကျူးလွန်သွားတဲ့လူနဲ့ ကျွန်တော်ကရုပ်ချင်းတူလို့ဖြစ်မယ်၊ တရားလိုမိန်းကလေးက တန်းစီထားတဲ့လူတွေထဲမှာ ကျွန်တော့်ကိုဆွဲထုတ်ပြသွားတယ်၊ အဲဒီလိုအခင်းဖြစ်တဲ့အချိန်မှာ ကျွန်တော်ကလည်းအဲဒီအနီးအနားမှာရောက်နေတယ်၊ ဒါကို ကျွန်တော်ရဲကိုပြောလိုက်မိတယ်၊ ဒီအင်န်အေချင်းတိုက်ဆိုင်စစ်ဆေးကြည့်ရင် ဒီကိစ္စရှင်းသွားမှာပါ၊ ဒါပေမဲ့ အဲဒါက ၃ ရက်လောက်တောင်ကြာမယ်၊ ဒီနေ့တော့ ကျွန်တော် အာမခံရမယ်ထင်တယ်"

"ငါတို့ရောက်နေတဲ့အကြောင်း တရားသူကြီးကိုပြောလိုက်၊ ဒါဆိုရင် အခြေအနေပိုကောင်းလာချင်ကောင်းလာမှာ"

စတီအား ကလေးတစ်ယောက်ပမာ ဖခင်က ချော့မော့နှစ်သိမ့်နေသည်။ ထိုစဉ် တရားသူကြီးဝင်လာသည်။

တရားသူကြီးမှာ အသက် ၅၀ ခန့်ရှိ အမျိုးသမီးချောကြီးတစ်ဦးဖြစ်ပြီး လူပုံသေးသေးနှင့် သပ်သပ်ရပ်ရပ်ရှိလှသည်။

စတီကသူမအားအကဲခတ်လိုက်၏။ သူမမှာရက်စက်တတ်သူလော၊ သနားတတ်သူလော၊ စိတ်လက်မှ ကြည်လင်ပါရဲ့လား စသည်ဖြင့် ဖြစ်၏။ သူမက တရားခံများထားရာခုံတန်းကိုကြည့်လိုက်ပြီး...

"အားလုံး မင်္ဂလာပါ၊ အာမခံပေးဖို့သုံးသပ်ပါ့မယ်"

သူမ၏အသံမှာတိုးသော်လည်း ကြည်လင်ပြတ်သားလှသည်။

"မောင်မင်းတို့အပေါ်တင်ထားတဲ့စွဲချက်စာရွက်တွေရပြီလား"

သူတို့အားလုံးရရှိပြီးဖြစ်သည်။ သူမက ဆက်၍ တရားခံများရပိုင်ခွင့်၊ ရှေ့နေခေါ်ယူပိုင်ခွင့်များကိုရွတ်ပြသည်။ ပြီးတော့...

"နာမည်ခေါ်ရင် လက်ထောင်ပြပါ"

တရားသူကြီးက တစ်ယောက်စီကိုစိစစ်၍အာမခံပေးနေသည်။ တစ်ယောက်၊

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အပြီး၌ တရားသူကြီးက စာရွက်ကိုကြည့်ကာ..

"စတီဗင်ချားစ်လိုဂန်"

စတီက လက်ထောင်လိုက်သည်။

"မောင်မင်းဟာ အဆင့် ၁၊ မုဒိမ်းမှုနဲ့စွဲချက်တင်ခံထားရတယ်။ ဒီအမှုဟာ ထောင်ဒဏ်တစ်သက်ကျနိုင်တယ်"

နောက်ဖက်ဆီမှ မိခင်၏ရှိုက်သံကိုကြားလိုက်ရသည်။ တရားသူကြီးက စွဲချက်နှင့်ပြစ်ဒဏ်များကိုဖတ်ပြနေ၏။ ထို့နောက် တရားခွင်ကနဦးစုံစမ်းစစ်ဆေးရေးမှုုထမတ်တပ်ရပ်သည်။ သူက စတီ၏အသက်၊ လိပ်စာ၊ အလုပ်အကိုင်တို့ကိုရွတ်ပြပြီး ရာဇဝတ်မှုကျူးလွန်ဖူးသည့် မှတ်တမ်းမရှိကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲဖူးသည့် မှတ်တမ်းမရှိကြောင်း ထွက်ဆိုနေသည်။ အခြားအချုပ်သားများနှင့် ယှဉ်လျှင်မိမိသည် စံပြနိုင်ငံသားကောင်း တစ်ယောက်ဖြစ်သည်ဟု စတီတွေးနေ၏။ ဤသည်ကို တရားသူကြီးလည်းသတိပြုမိသည်မှာသေချာသည်။ စုံစမ်းစစ်ဆေးရေးမှုုပြောပြီးသောအခါ စတီက

"ကျွန်တော့်ကို စကားပြောခွင့်ပြုပါ တရားသူကြီးမင်းခင်ဗျာ"

"ပြောပါ"

"ကျွန်တော့်မှာ အပြစ်မရှိပါဘူး တရားသူကြီးမင်းခင်ဗျာ၊ ဒါပေမယ့် ဒီအမှုကို ကျူးလွန်တဲ့လူနဲ့ ကျွန်တော်ဟာ ရုပ်ချင်းတူနေပုံရပါတယ်၊ တကယ်လို့ ကျွန်တော့်ကို အာမခံပေးမယ်ဆိုရင် တရားလိုမိန်းကလေးနားမသွားနဲ့ဆို သိတောင်မသိပါဘူး"

မိမိုအားလွှတ်ပေးရန်စတီလျှောက်လဲချင်၏။ အချုပ်ခန်းတွင်းတုန်းကပြောမည်ဟုကြိုစည်လာသောစကားလုံးများဘယ်ပျောက်ကုန်သည်မသိ။ ဘာပြောရမည်မသိတော့။ ကတုန်ကယင်ဖြစ်လာသဖြင့်ထိုင်ချလိုက်သည်။ နောက်ဖက်ဆီမှဖခင်က ထရပ်ကာ..."တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော်ဟာစတီရဲ့ဖခင်မိုလ်မှုုကြီးချားလ်လိုဂန်ပါ၊ တကယ်လို့ တရားသူကြီးမင်းမေးချင်တာရှိရင်ကျွန်တော့်ကိုမေးပါ"

တရားသူကြီးမင်းကအေးစက်စက်ပြန်ကြည့်လျက်..

"မလိုပါဘူး"

ဖခင်ဝင်ပြောလာသည်ကိုသူမဘာကြောင့်မကျေနပ်ပါလိမ့်။ စစ်ဘက်ရာထူးကိုအထင်မကြီးသည်လည်းဖြစ်နိုင်သည်။ သူမက..

"အဆင့်အတန်းတွေဘယ်လိုပဲရှိရှိ တရားရုံးမှာလူတိုင်းဟာတမြေးညီရရှိခံစားရမှာပဲ"

ဟု ပြောချင်သည့်ပုံမျိုး။



ဖခင်ပြန်ထိုင်သွားသည်။ တရားသူကြီးက စတီအားကြည့်လျက်..

"မစ္စတာလိုဂန် အခင်းမဖြစ်ခင်က အခုပြောတဲ့မိန်းကလေးကိုမြင်ဖူးပါသလား"

"ကျွန်တော်သူနဲ့တစ်ခါမှမဆုံဖူးပါဘူး"

"မြင်ဖူးသလားလို့မေးတာပါ"

တရားသူကြီးမှာ လစ်ဆာဆိုသောမိန်းကလေးအား မတော်မတရားမပြုမီ မိမိလိုက်ချောင်းလေသလားဟု မေးလိုခြင်းဖြစ်မည်။ စတီက..

"ကျွန်တော်မပြောတတ်ပါဘူး၊ သူ ဘယ်လိုပုံပန်းဆိုတာတောင် မသိပါဘူး"

တရားသူကြီးက ထိုအချက်ကိုခေတ္တမျှစဉ်းစားနေသည်။ စတီ လက်ဖျားတွေအေးလာသည်။သူမထံမှထွက်လာသည့်စကားတစ်လုံးက မိမိအားကယ်တင်နိုင်မည်ဖြစ်သည်။ အာမခံကိုပယ်ဖျက်လိုက်လျှင်တော့ ငါးပါးမှောက်တော့မည်။ နောက်ဆုံးတွင် တရားသူကြီးက...

"အာမခံငွေ ဒေါ်လာနှစ်ရာတင်ပြီးရင် အချုပ်ကလွှတ်ပြီ"

ဝမ်းသာမှုများတစ်ကိုယ်လုံးလွှမ်းသွားသည်။ တော်ပါသေးရဲ့ဟူ၍လည်း တီးတိုးရေရွတ်မိ၏။

"မောင်မင်းဟာ တရားလိုမိန်းကလေးလစ်ဆာနေတဲ့အိမ်နားတောင်မသွားရဘူး"

ဖခင်ကမိမိပခုံးကိုလာ၍ဖျစ်သည်။ စတီကဖခင်၏လက်အားလှမ်းကိုင်လိုက်၏။

မလွှတ်မီနောက်ထပ်တစ်နာရီ၊ နှစ်နာရီတော့ကြာရဦးမည်။ သို့သော် ကိစ္စမရှိ။ လွတ်မည်သေချာနေသည်ပဲ။ အစားတွေလိုမ့်စားလိုက်ဦးမည်။ ရေမိုးချိုးအဝတ်အစားတွေသန့်သန့်ဝတ်လိုက်ဦးမည်။ စကားပြောတိုင်းဆဲဆိုသည့်စကားမပါဘဲ ပြောတတ်သောလူတွေကြားတွင် ပြန်ရောက်ချင်လှပြီ။

မိမိအလိုလားဆုံးမှာကျွင်နီဖာရာမီထံဖုန်းဆက်လိုခြင်းပင်ဖြစ်သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

ဂျင်နီ စိတ်မကြည်မလင်ဖြစ်ကာ ရုံးခန်းသို့ပြန်လာသည်။ မောရစ်မှာ သူ့ရဲဘောကြောင်သူဖြစ်၏။ သတင်းစာက ဘာမသိ၊ ညာမသိဖြင့် ဝင်စွက်လာသည်ကိုသူကကြီးကြီးကျယ်ကျယ်ဖြစ်နေသည်။ ဘာရင်တန်ကလည်း မိမိဘက်မှ ရပ်တည်မပေးနိုင်။

မိမိ၏ရှာဖွေရေးကွန်ပျူတာပရိုဂရမ်မှာ မိမိအတွက်အကြီးဆုံးအောင်မြင်မှုဖြစ်၏။ လူတွေဆိုးသွမ်းမှုကိုသုတေသနပြုသည့်အခါ ဤသို့ပရိုဂရမ်မျိုးမရှိဘဲ မိမိလေ့လာရမည့်လူများကိုရှာဖွေရန်ခက်ခဲမည်ဟု သဘောပေါက်ကတည်းက ထိုပရိုဂရမ်ကိုမိမိတီထွင်ခဲ့ခြင်းဖြစ်သည်။ ထိုပရိုဂရမ်အောင်မြင်ဖို့ သုံးနှစ်တိတိကြိုးစားခဲ့ရ၏။ မိမိတင်းနှစ်ချန်ပီယံဖြစ်ခဲ့သည်ကလွဲလျှင် ဤသည်မှာ မိမိအအောင်မြင်ဆုံးစွမ်းဆောင်ချက်ဖြစ်သည်။ ဤပရိုဂရမ်သာမကောင်းလျှင် မိမိလည်းဘာမျှတန်ဖိုးမရှိတော့။ ထိုသို့ဆိုလျှင် မိမိလည်း ပင်နီလိုလေယာဉ်မယ်သွားလုပ်ရန်သာရှိတော့သည်။

ရုံးခန်းရောက်တော့ အန်းနက်ကိုတွေ့တော့ _အံ့ အားသင့် သွားရသည်။ အန်းနက်မှာဘွဲ့ရကျောင်းသူတစ်ယောက်ဖြစ်ပြီး သူမ၏စာတမ်းကိုဂျင်နီက ကြီးကြပ်ပေးရသည်။ပြီးခဲ့သည့်အပတ်က အန်းနက်သည်တစ်နစ်တာလုပ်ဆောင်မည့်လုပ်ငန်းများကို ရေးသားတင်ပြလာသည်။ ထိုကိစ္စနှင့်ပတ်သက်၍ဆွေးနွေးရန် ယနမနက်ချိန်းထားခဲ့၏။ ပထမတော့ သူ့ထက်အရေးကြီးသည့်ကိစ္စများကိုလုပ်စရာရှိနေ၍ သူမချိန်း



ထားသည်ကို ပယ်ဖျက်ရန်ကြံလိုက်သေးသည်။ နောက်မှ တက်ကြွနေသည့်အန်းနက်၏မျက်နှာကိုမြင်လိုက်ရပြီး ယခုကိစ္စမှာကျောင်းသားတစ်ယောက်အနေနှင့်မည်မျှအရေးကြီးကြောင်းသတိရပြီး မပြုံးချင်ပြုံးချင်ပြုံးကာ

"မင်း စောင့်နေရတာအားနာလိုက်တာ၊ ကဲ အခုပဲစကြတာပေါ့"

တင်ပြချက်များကိုဂျင်နီကဖတ်ရှုပြီးဖြစ်၏။ အန်းနက်က အမြွာများနှင့်ပတ်သက်ပြီး ရရှိပြီးသည့်အချက်အလက်များကိုထုတ်နုတ်ကာ အမြွာများတွင် နိုင်ငံရေးသဘောထား၊ စိတ်နေသဘောထားပါတူ၊ မတူလေ့လာထားသည်။ ဤသည်မှာအတော်ပင် စိတ်ဝင်စားစရာကောင်း၏။ ဂျင်နီကအနည်းငယ်ပြင်ပေး ပြီး ဆက်လုပ်ရန်ခိုင်းလိုက်သည်။

အန်းနက်ထွက်သွားတော့ တက်ရန်ဆန်တံခါးပေါက်မှခေါင်းပြူကြည့်ရင်း...

"ခင်ဗျားကိုကြည့်ရတာ တစ်ယောက်ယောက်ကိုသတ်ချင်နေသလိုပဲ"

"ဒါပေမဲ့ ရှင့်ကိုတော့မဟုတ်ပါဘူး၊ ကဲဝင်ပါဦး၊ ကော်ဖီလေးဘာလေးသောက်ရအောင်"

"ကောင်းတာပေါ့"

ရန်ဆန်မှာ ဂျင်နီအခင်မင်ဆုံးအမျိုးသားတစ်ယောက်ဖြစ်သည်။ အာရုံသိစိတ်ပညာကိုလေ့လာနေသည့် တွဲဖက်ပါမောက္ခဖြစ်ပြီး ပျော်ရွှင်ချမ်းမြေ့သောအိမ်ထောင်သည်တစ်ဦးဖြစ်ကာ ကလေးနှစ်ယောက်လည်းရှိသည်။ မိမိအပေါ် သူသဘောကျနေကြောင်းသိသော်လည်း သူကဘာမျှမကြိုးစားခဲ့။ ထိုကိစ္စနှင့် ပတ်သက်၍ နှစ်ယောက်ကြားဘာပြဿနာမှမရှိခဲ့။

ဂျင်နီက စားပွဲဘေးမှ ကော်ဖီစက်ကိုခလုတ်ဖွင့်လိုက်ရင်း နယူးယောက်တိုင်းသတင်းစာနှင့်မောရစ်အိုဘဲ၏အကြောင်းကိုပြောပြနေသည်။ သူမက...

"ခက်တာက သတင်းစာကိုဘယ်သူကလက်ဆောက်ချလိုက်တာလဲ"

"ဆိုးဖီလ်ဖြစ်မှာပေါ့"

ဆိုးဖီလ်မှာ စိတ်ပညာဌာနတွင် ရှိနေသည့် အခြားအမျိုးသမီးတစ်ဦးဖြစ်သည်။ အသက် ၅၀ နီးပါးရှိပြီး ပါမောက္ခတစ်ယောက်ဖြစ်သော်လည်း စတွေ့ကတည်းက ဂျင်နီအပေါ်ပြိုင်ဘက်လိုသဘောထားကာမနာလိုဟန်ပြမူခဲ့သည်။ ဂျင်နီ၏ မိနီစကတ်မှအစ ဂျင်နီကားရပ်ပုံအဆုံးအပြစ်ရှာပြောလေ့ရှိ၏။ ဂျင်နီက...

"ဒီမိန်းမ ဒါမျိုးလုပ်တတ်သလား"

"မှန်းကြည့်တာလေ"

"ရှင်ပြောတာဟုတ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းသိပ္ပံပညာရှင်များကို ဂျင်နီ သိပ်အထင်မကြီးလှ။ တစ်ခါက သချာင်္ပညာရှင်တစ်ယောက်သည်။ လက်ဖက်ရည်ဆိုင်ထဲတွင်တန်းစီနေသည်ကို ကြားဖြတ်သည်ဟုဆိုကာ ရူပဗေဒပညာရှင်တစ်ယောက်အား လက်သီးနှင့်ထိုးခဲ့ဖူးသည်။ ဂျင်နီကပင်...

"ဒါဆိုရင် ကျွန်မ သွားမေးရင်ကောင်းမလား"

ရန်ဆန်က မျက်ခုံးများပင့်ကာ..

"သူက ဘယ်အမှန်ပြောမလဲ"

"သူလုပ်တယ်ဆိုရင် သူ့မျက်နှာမှာပေါ်မှာပဲ"

"ရန်တွေဘာတွေဖြစ်ကုန်ပါဦးမယ်ဗျာ"

"ရန်ကတော့ အခုလည်းဖြစ်နေရပြီပဲ"

တယ်လီဖုန်းမြည်လာသည်။ ဂျင်နီက ဖုန်းကိုကောက်ကိုင်ရင်း ရန်ဆန်အား ကော်ဖီမစ်သောက်ရန် လက်ဟန်ပြသည်။

"ဟဲလို"

"နာအိုမီပါ"

ဂျင်နီ အနည်းငယ်တွေဝေကာ

"ရှင်နဲ့စကားပြောစရာမလိုဘူးထင်တယ်"

"ရှင့်ရဲ့သုတေသနအတွက် ဆေးဘက်ဆိုင်ရာကွန်ပျူတာအချက်အလက်တွေ ထုတ်ယူတာရပ်လိုက်ပြီလား"

"ဟင့်အင်း"

"ဟင့်အင်းဆိုတာဘာလဲ"

"မရပ်သေးဘူးလို့ပြောတာ၊ ရှင်ဖုန်းဆက်လိုက်ကတည်းကကျွန်မတို့ဆွေးနွေးကြတယ်၊ ဒါပေမဲ့ ဘာမှမဆုံးဖြတ်ရသေးဘူး"

"တက္ကသိုလ်အဓိပတိကြီးဆီက သတင်းစာရှင်းလင်းချက်တစ်စောင် ကျွန်မဆီကိုရောက်လာတယ်၊ အဲဒီထဲမှာ တက္ကသိုလ်အနေနဲ့ လူတွေရဲ့ပုဂ္ဂိုလ်ရေးကိစ္စတွေကို ဝင်စွက်တာတွေအတွက်တောင်းပန်ထားတယ်၊ နောက်ပြီး အဲဒီအစီအစဉ်ကိုလည်းရပ်လိုက်ပါမယ်လို့အာမခံထားတယ်"

ဂျင်နီ အလန့်တကြားဖြစ်သွားမိသည်။

"အဲဒီသတင်းစာရှင်းလင်းချက်ကိုသူတို့ပို့လိုက်ပြီလား"

"ရှင်မသိဘူးလား"

"စာကြမ်းတော့ ဖတ်ခဲ့ရပါတယ်၊ ဒါပေမဲ့ကျွန်မမှာသဘောမတူဘဲ'



"ဒါဆိုတော့ ရှင့်ကိုမပြောဘဲ သူတို့က ရှင့်ရဲ့လုပ်ငန်းကို ချုပ်ပစ်လိုက်တာပေါ့"

"သူတို့ ဒီလိုလုပ်လို့ ဘယ်ရမလဲ"

"ရှင်ဘာကိုဆိုလိုတာလဲ"

"ကျွန်မကတက္ကသိုလ်နဲ့စာချုပ်ချုပ်ထားတာ၊ သူတို့လုပ်ချင်တိုင်းလုပ်လို့ဘယ်ရမလဲ"

"ဒါဆိုတော့ရှင်ကတက္ကသိုလ်အာဏာပိုင်တွေကိုအာခံပြီး ဒါကိုဆက်လုပ်မယ်ပေါ့"

"ဒါအာခံတာမဟုတ်ဘူး၊ သူတို့မှာကျွန်မကိုအမိန့်ပေးနိုင်တဲ့ဩဇာမရှိဘူး"

ဂျင်နီကရန်ဆန်ကိုလှမ်းကြည့်လိုက်တော့သူကလက်ကာပြသည်။ သူပြော သည်မှာမှန်သည်။ သတင်းစာများကိုထိုသို့မပြောသင့်။ သူမ စကားပြောင်းပြီး လေသံပြေပြေဖြင့်..

"ဒီမယ်၊ဒီကိစ္စမှာ လူတွေရဲ့အတွင်းရေးကိုစွက်ဖက်ရှာကျလာနိုင်တယ်လို့ ရှင်ပဲပြောခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆိုရင် ကျွန်မရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး တိုင်မယ့်ကြားမယ့်သူလည်း ရှင် ရှာလို့မတွေ့သေးဘူးမဟုတ်လား၊ ဒီတော့ဒီသုတေသနကိုဆက်လုပ်ရေး၊ မလုပ်ရေး နဲ့ပတ်သက်ပြီး ရှင်အကဲဖြတ်စရာမလိုဘူးထင်တယ်"

"ကျွန်မကစီရင်ချက်ချတဲ့သူမဟုတ်ဘူး၊ သတင်းရေးတဲ့သူ"

"ကျွန်မရဲ့သုတေသနလုပ်ငန်းကဘာလဲသိလား၊ ရာဇဝတ်ကောင်တွေ ဘယ် လိုဖြစ်လာသလဲဆိုတာ ကျွန်မရှာနေတာ၊ ဒီကိစ္စကိုလေ့လာတဲ့လူတွေထဲမှာ အောင်မြင်နိုင်တဲ့အလားအလာရှိတာ ကျွန်မပထမဆုံးပဲ၊ ဒါသာအောင်မြင်သွားရင် ကျွန်မတွေ့တဲ့အချက်အလက်တွေနဲ့ရှင့်မြေးတွေကြီးပြင်းအောင် ပျိုးထောင်ဖို့ကောင်းမယ့် အမေရိကန်နိုင်ငံကြီး တစ်ခုဖြစ်အောင်ထူထောင်နိုင်မှာ"

"ကျွန်မမှာ မြေးတွေမရှိပါဘူး"

"ဒါကြောင့် ရှင်က ဒီလိုပြောနေတာလား"

"ကျွန်မမှာ ဘာအကြောင်းပြချက်မှရှိစရာမလို.."

"ထားပါတော့၊ လူတွေပိုပြီးအလေးထားတဲ့ ကိုယ်ရေးကိစ္စတွေ စွက်ဖက်ခံရတဲ့သတင်းမျိုးကိုလိုက်ရှာပါလား၊ အဲဒါဆိုရင် သတင်းစာအတွက် သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ခုဖြစ်မှာပေါ့"

"ဒါကိုတော့ ကျွန်မဘာသာဆုံးဖြတ်ရမှာပဲ"

ဂျင်နီ သက်ပြင်းချမိသည်။ သူမဘက်မှအကောင်းဆုံးလုပ်ခဲ့ပြီပဲ။ အံကိုကြိတ်ကာစကားကိုအေးအေးဆေးဆေးနှင့်အဆုံးသတ်လိုသဖြင့်

"ကောင်းပါပြီ၊ ကျန်းမာချမ်းသာပါစေရှင်"

"အခုလိုကူညီဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ် ဒေါက်တာဂျင်နီဖာရာမီ"

"ဒါပဲနော်"

ဂျင်နီက ဖုန်းချလိုက်ပြီး

"ကမြင်းမ"

ရန်ဆန်က သူမအား ကော်ဖီခွက်ကိုလှမ်းပေးရင်း..

"ခင်ဗျားရဲ့လုပ်ငန်းကိုဖျက်လိုက်ပြီလို့ သူတို့ကြေညာလိုက်ပြီထင်တယ်"

"အဲဒါကို ကျွန်မနားမလည်နိုင်တာပေါ့၊ ဘာရင်တန်ကဒီကိစ္စကို သူနဲ့နောက်မှဆွေးနွေးမယ်လို့ပြောထားတယ်"

"ဘာရင်တန်အကြောင်း ခင်ဗျားကျုပ်လောက်မသိပါဘူး၊ ကျုပ်ပြောတာ ယုံ၊ ဒီလူက မြွေလိုပဲ၊ သူ့ကိုယုံယုံကြည်ကြည်နဲ့ကျောခိုင်းပြီး မနေရဘူး"

"တစ်ခုခုမှားသွားတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒေါက်တာမောရစ်အိုဘဲရဲ့အတွင်းရေးမှူးမက စာကိုမှားပြီးပို့လိုက်တာများလား"

"ဖြစ်နိုင်စရာတော့ရှိပါတယ်၊ ဒါပေမဲ့ကျွန်တော်ပြောတဲ့မြွေအယူအဆ ဘက်ကကျွန်တော်လောင်းရဲတယ်"

"ကျွန်မသတင်းစာတိုက်ကိုဖုန်းဆက်ပြီးခုနဖုန်းကိုင်လိုက်တာ အခြားတစ်ယောက်ကကျွန်မဟန်ဆောင်ပြီးပြောသွားတာလို့ပြောလိုက်ရင်ကောင်းမလား"

ရန်ဆန်က ရယ်လျက်..

"ခင်ဗျား ဘာရင်တန်ရဲ့ရုံးခန်းကိုသွားပြီး ခင်ဗျားကိုမဆွေးနွေးဘဲ စာကိုပို့လိုက်တယ်ဆိုတာဟုတ်သလား၊လို့သွားမေးသင့်တယ်"

"ဒီအကြံကောင်းတယ်"

သူမက ကော်ဖီကိုမော့သောက်လိုက်ပြီး မတ်တပ်ရပ်လိုက်သည်။ ရန်ဆန်ကတံခါးပေါက်ဆီသို့ ပြန်လှည့်သွားကာ..

"ကံကောင်းပါစေဗျာ၊ ကျုပ်ကတော့ခင်ဗျားဘက်ကအားပေးတယ်"

"ကျေးဇူးပါပဲ"



ထို့နောက် ဂျင်နီကဘာရင်တန်၏ရုံးခန်းရှိရာသို့တက်သွားသည်။ ရုံးခန်းတံခါးမှာသော့ခတ်ထား၏။ ပါမောက္ခအားလုံးကိုအလုပ်လုပ်ပေးနေသည့် အတွင်းရေးမှူးမလေး၏ရုံးခန်းသို့သွားပြီး..

"ဟေ့ ဂျူလီ၊ ဆရာဘာရင်တန်ကော"

"ပြန်သွားပြီ၊ သူကတောင်ရှင်နဲ့မနက်ဖြန်တွေ့ဖို့ဆိုပြီး ချိန်းခိုင်းထားသေးတယ်"

သေစမ်း။ ဒီလူကြီး မိမိကိုရှောင်သွားခြင်းဖြစ်မည်။ ရန်ဆန်၏အယူအဆမှန်နေလေပြီ။ သူမက...

"မနက်ဖြန် ဘယ်အချိန်လဲ"

"၉ နာရီခွဲ"

"တို့လာခဲ့မယ်"

သူမ အောက်ထပ်သို့ဆင်းလာခဲ့ပြီး မာတ်ခွဲခန်းသို့ဝင်သည်။ လစ်ဆာမှာခုံရှည်တွင်ထိုင်၍ ဒင်းနစ်တို့၏ ဒီအင်န်အေများကို စမ်းသပ်ဖန်ပြွန်များထဲသို့ထည့်ကာ အရောင်တောက်ဆေးနှင့်စပ်နေသည်။ ဆေးကဒီအင်န်အေနှင့်တွေ့တော့ အရောင်တောက်လာသည်။ ယင်းကိုရေပြွန်တိုင်းမီတာဖြင့်တိုင်းထွာကြည့်ရှုကာ ဒီအင်န်အေအရေအတွက်ကို သိနိုင်သည်။ ဂျင်နီက..

"နင် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

ဂျင်နီက လစ်ဆာ၏မျက်နှာကိုစိုက်ကြည့်လိုက်သည်။ သူမခံစားနေရဆဲဆိုသည်ကို သိသာသည်။ အလုပ်ကိုအာရုံစိုက်လုပ်နေစဉ် သူမအမူအရာကတည်ငြိမ်ဟန်ရှိသော်လည်း စိတ်ထဲတွင် တင်းကျပ်မှုကပြေပြောက်မသွားသေး။ ဂျင်နီက...

"နင့်အမေကို ပြောပြီးပြီလား"

လစ်ဆာ၏မိဘများမှာ ပစ်တ်ဘာတ်မြို့တွင်နေထိုင်ကြသည်။ လစ်ဆာက..

"သူတို့စိတ်ပူမှာစိုးလို့"

"မအောပဲ၊ ပူရမှာပေါ့၊ ဖုန်းဆက်လိုက်ပါ"

"နောက်ကျမှပဲ ဆက်တော့မယ်"

လစ်ဆာအလုပ်လုပ်နေသည်ကို ဂျင်နီဘေးမှထိုင်၍ နယူးယောက်တိုင်းသတင်းစာမှသတင်းဆောက်ကီစွကိုပြောပြနေသည်။ကြားရတော့ လစ်ဆာက တော့တည်ဖြစ်နေ၏။ သို့ရာတွင် ထင်သလောက်စိတ်ထိခိုက်ပုံမရ။ ကျန်ခဲ့သည့်ရက်လောက်ကမှသူမအကြီးအကျယ်စိတ်ဆင်းရဲခဲ့ရသည်ဖြစ်၍ ထိုအဖြစ်အပျက်နှင့်စာလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီ၏အဖြစ်ကဘာမျှမဖြစ်လောက်ဟု ယူဆ၍လည်းဖြစ်နိုင်သည်။ လစ်ဆာက…

"နင် ဒီလုပ်ငန်းကိုရပ်လိုက်ရင် နင်ဘာဆက်လုပ်မလဲ"

"ငါလည်းမပြောတတ်ဘူး၊ ဒါပေမဲ့ဒါကိုတော့ရပ်လို့ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး"

သိပ္ပံပညာရှင်တစ်ယောက်၏ စိတ်ထက်သန်မှုကိုလစ်ဆာနားလည်နိုင်မည်မထင်။အတတ်ပညာရှင်ဖြစ်သောလစ်ဆာအဖို့ သူတေသနလုပ်ငန်းတစ်ခုနှင့်တစ်ခုအကြားဘာမျှခြားနားခြင်းမရှိ။

ထို့နောက် ဂျင်နီရုံးခန်းသို့ပြန်လာပြီး မီခင်ရှိရာရိပ်သာသို့ ဖုန်းလှမ်းဆက်လိုက်သည်။ လူနာများထမင်းစားနေသည်ဆိုသဖြင့် မီခင်အား မီမီဖုန်းဆက်ကြောင်းနှင့်နောက်မှပြန်ဆက်မည်ဖြစ်ကြောင်းပြောပေးရန် မှာကာဖုန်းချလိုက်သည်။

မီခင်ကို ထိုနေရာမှ အခြားနေရာသို့ပြောင်းပေးရမည်။ မီမီမှာ ကျောင်းပိတ်ရက်ကျူရှင်ပြဖို့ကိစ္စလည်း ဘာမျှမလုပ်ရသေး။

နာရီကိုကြည့်လိုက်တော့ နေ့လယ် ၁၂ နာရီထိုးပြီးစရှိနေပြီ။ သူမက ကွန်ပျူတာတွင်ထိုင်၍စက်ကိုဖွင့်ကြည့်သည်။ ဤလုပ်ငန်းရပ်ပစ်ရမည်ဆိုလျှင် ဤအလုပ်သည်လည်းဘာမျှလုပ်ရန်မလိုတော့။ ဒေါသဖြစ်ကာယနေ့အဖို့ ရုံးဆင်းသွားရန် ဆုံးဖြတ်လိုက်သည်။

သူမက ကွန်ပျူတာကိုပိတ်၍ အခန်းကိုသော့ခတ်ကာထွက်လာခဲ့သည်။ သူမတွင် အနီရောင်မာစီဒီးကားကြီးတော့ ရှိနေသေးသည်ပဲ။ သူမကကားထဲဝင်ထိုင်ပြီးကားလက်ကိုင်ဘီးကို ပွတ်သပ်နေမိသည်။

သူမ မိမိကိုယ်ကိုအားပေးနေ၏။ မိမိတွင် ဖခင်တစ်ယောက်ရှိနေသည်ပဲ။ ဤသည်ကပင် ကံကောင်းနေသည်။ မိမိဖခင်နှင့်အတူနေကာမေတ္တာရိပ်ကိုခံယူသင့်သည်။ကမ်းနားဘက်သို့ကားနှင့်သွားပြီးလမ်းလျှောက်သည်မျိုး၊ ဖခင်အား အဝတ်အစားအသစ်များဝယ်ပေးသည်မျိုးလုပ်သင့်သည်။ မိမိတွင် ပိုက်ဆံတော့မရှိ။ သို့သော်ဝယ်ပေးရမည်။လူ့ဘဝမှာတိုတောင်းလှပေသည်။စိတ်ပြေသည်နှင့် ကားနှင့်အိမ်သို့ပြန်လာကာကားကို အိမ်ရှေ့တွင်ရပ်ထားလိုက်လေသည်။

"ဖေဖေ သမီးပြန်လာပြီ"

သူမကပြောကာလှေကားမှတက်သွားသည်။ ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် တစ်စုံတစ်ခုတော့ဖြစ်နေပြီဖြစ်ကြောင်း စိတ်ထဲမှသိလိုက်၏။ ခဏကြာတော့ ရုပ်မြင်သံကြားစက်မရှိတော့ကြောင်းသိလိုက်ရသည်။ ဖခင်အိပ်ခန်းထဲသို့ယူသွားပြီးကြည့်နေသည်လား။ နောက်တစ်ခန်းသို့ဝင်ကြည့်လိုက်တော့ ဖခင်လည်းမရှိ။ ထို့နောက်



ဧည့်ခန်းထဲသို့ ပြန်လာသည်။

"အလိုလေးတော်"

သူမ ညည်းလိုက်မိသည်။ ဗီဒီယိုအောက်စက်လည်းမရှိတော့။ ကက်ဆက်လည်းမတွေ့ရ။ သူမ၏ကွန်ပျူတာလည်းစားပွဲပေါ်မှပျောက်နေ၏။

"အမလေး.. ဖြစ်မှဖြစ်ရလေ"

သူမ အိပ်ခန်းထဲသို့သွားပြီး ရတနာသေတ္တာလေးကိုဖွင့်ကြည့်လိုက်တော့ ချစ်သူဟောင်းပေးထားသည့် ၁ ကာရက်ရှိစိန်ကွပ်ထားသည့် နားခေါင်းတပ်ကွင်းကလေးမရှိတော့ပြီ။ ဤတွင် တယ်လီဖုန်းမြည်လာသဖြင့်သူမကချက်ချင်းဖုန်းကိုကောက်ကိုင်လိုက်၏။ တစ်ဖက်အသံရှင်က…

"စတီလိုဂန်ပါ။ ဘယ့်နှယ့်နေကောင်းရဲ့လား"

"ဒီနေ့တော့ ကျွန်မတစ်သက်မှာအဆိုးဆုံးနေ့ပဲ"

ပြောပြီးသူမငိုချလိုက်တော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

စတီက ဖုန်းကိုချလိုက်သည်။ စတီမှာရေမိုးချိုး၊ မုတ်ဆိတ်ရိတ်၊ အဝတ်အစားသန့်သန့်လဲကာ မိခင်စီစဉ်ပေးသည့်အစားအသောက်များကိုအဝစားသွားလိုက်သည်။ ဖြစ်ပျက်သမျှအားလုံး မိဘများအားအသေးစိတ်ပြောပြခဲ့၏။

မိဘများက ရှေ့နေငှားမည်ဟု အတင်းပြောသော်လည်း သူက ယခုအမှုတွင် ဒီအင်န်အေစစ်ဆေးမှုများပြီးပါက အမှုပြီးသွားနိုင်သည်ဟုဆိုပြီး မနက်ဖြန်မနက်စောစော ရှေ့နေတစ်ယောက်နှင့်တွေ့မည်ဖြစ်ကြောင်းပြောလိုက်သည်။ ဘော့လ်တီမိုးမြို့မှ ဝါရှင်တန်မြို့သို့အပြန်လမ်းတွင် ဖခင်၏ကားနောက်ခန်းထဲ၌အိပ်ရင်းစီး၍လိုက်လာသည်။တစ်ညခွဲလုံးလုံးမအိပ်ခဲ့ရသည်ကို အပြည့်အဝအစားထိုးမအိပ်ရသော်လည်း အတော်လေးအိပ်ရေးဝသွားသည်။ နောက်ပြီးဂျင်နီကိုလည်းတွေ့ချင်သည်။

သူမထံ ဖုန်းမဆက်ခင်ကသူမအား အတော်ကလေးတွေ့ချင်နေသည်။ သူမ၏ပြဿနာကိုသိလိုက်သောအခါပို၍ပင်တွေ့ချင်လာသည်။ သူမအားဖက်၍ ဖြေသိမ့်ချင်သည်။

နောက်ပြီး ထိုပြဿနာမှာ မိမိပြဿနာနှင့်ဆက်နွှယ်နေမည်ဟုထင်နေ၏။ မိမိအား သူမ၏အထက်အရာရှိနှင့်မိတ်ဆက်ပေးရာ ဘာရင်တန် ဣန္ဒြေပျက်သွားသည်ကိုသိပြီးကတည်းက မိမိတို့နှစ်ယောက်စလုံးကိုပြဿနာအမျိုးမျိုးတက်နေသည်။

မိမိပြဿနာ၏ဆန်းကြယ်မှုကိုသိချင်နေသည်။ထိုကိစ္စကိုတော့ မိဘများအားမပြောခဲ့။ ထိုကိစ္စမှာ ရှုပ်ထွေးပြီးစိတ်ညစ်စရာလည်းကောင်းသည်။ သို့ရာတွင်



ဂျင်နီကိုတော့ ပြောပြဖို့လိုပေမည်။

သူမထံ ဖုန်းပြန်ဆက်ရန်စိတ်ကူးပြီးမှ မဆက်ဘဲနေလိုက်သည်။ သူမတစ်ယောက်တည်းနေချင်သည်ဆို၏။ စိတ်ဆင်းရဲသည့်အခါလူတွေ ထိုအတိုင်းပင်။ သူမထံရုတ်တရက်ရောက်သွားပြီး "ကဲ.. တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန်ဖြေသိမ့်ကြရအောင်" ဟု ပြောလျှင်ကောင်းမည်ထင်၏။

မီးဖိုခန်းထဲဝင်သွားတော့ မိခင်မှာ ပန်းကန်တွေဆေးကြောနေသည်။ ဖခင်ရုံးသို့ထွက်သွားသည်မှာလည်း ၁ နာရီခန့်ရှိပြီ။ စတီက မိခင်အားကူညီရင်း....

"မေမေကြားရင်တော့ မေမေအတွက်အဆန်းတကြယ်ဖြစ်နေမလားမသိဘူး"

"မင်း ကောင်မလေးတစ်ယောက်ဆီသွားမလို့မဟုတ်လား"

"မေမေ ဘယ်လိုလုပ်သိသလဲ"

"ငါကမင်းအမေပဲကွာ။ဗိုက်ထဲမှာပုဏ္ဏားလေးရှိတယ်လေ။အဲဒီမိန်းကလေးနာမည်က ဘယ်သူတဲ့လဲ"

"ဂျင်နီဖာရာမီတဲ့။ ဒေါက်တာဖာရာမီပေါ့"

"အမေက ဂျူးလူမျိုးပါ။ သူက ဆရာဝန်ဆိုတော့ ဝမ်းသာစရာပေါ့"

"သူက သိပ္ပံပညာရှင်တစ်ယောက်ပါ။ ဆရာဝန်မဟုတ်ပါဘူး"

"သူက ပါရဂူဘွဲ့ရပြီးသားဆိုရင်တော့ မင်းထက်အသက်ကြီးမှာပေါ့"

"အသက်က ၂၉ နှစ်လေ"

"ဪ.. သူ့ပုံစံက ဘယ်လိုနေသလဲ"

"တော်တော်ချောတယ်လို့ပြောရမယ်။ အရပ်မြင့်တယ်။ ကျစ်ကျစ်လျစ်လျစ်ရှိတယ်။တင်းနစ်ကစားတာသိပ်ကျွမ်းတာပဲ။ ဆံပင်ကလည်းနက်မှောင်ပြီး သိပ်ကောင်းတယ်။ မျက်လုံးက အမည်းရောင်၊ နှာခေါင်းက ချွန်ချွန်၊ နှာခေါင်းမှာလည်း ငွေကွင်းလေးတပ်ထားတယ်။ သွက်လက်တက်ကြွတယ်။ သူပြောချင်တယ်ဆိုရင် တိုက်ရိုက်ပြောချလိုက်တာပဲ။ ရယ်ရယ်မောမောလည်းရှိတယ်။ ကျွန်တော်ပြောလို့ သူ နှစ်ခါတောင်ရယ်သွားတယ်"

မိခင်က သူ့အား အတန်ကြာအောင်စိုက်ကြည့်နေပြီး...

"ဪ..သားရယ်.. ဒီလောက်တောင်ဖြစ်နေလား"

"ဟို...ဟို.. ဟုတ်တယ်မေမေ။ ကျွန်တော် သူ့အပေါ် အရူးအမူး ဖြစ်နေပြီ"

"သူ့ဘက်ကလည်း ဒီလိုပဲလား"

"သူ့ဘက်ကတော့ ဒီလိုမဟုတ်ဘူး"

မိခင်က ချစ်စနိုးပြုံးလျက်..

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...သား... သွားတွေ့ချေ။ သူ့ဘက်ကလိုက်လျှောပါစေလို့ ဆုတောင်းပါတယ်"

စတီက မီခင်ကိုနမ်း၍...

"မေမေက အရမ်းလိုမှာတာ"

စတီ၏ကားမှာ အိမ်အပြင်တက်တွင်ရပ်ထားသည်။ သူ၏ကားကို ဂျူးဖောတက္ကသိုလ်ခြံဝင်းထဲမှယူခဲ့ပြီး မီခင်က ဝါရှင်တန်မြို့သို့ပြန်မောင်းလာခဲ့ခြင်းဖြစ်သည်။ ယခု ဤကားဖြင့် ဘော်လ်တီမိုးမြို့သို့ပြန်လာနေသည်။

ဂျင်နီတွင်မေတ္တာခက်လိုနေသည်။ သူမထံဖုန်းဆက်စဉ်က သူမ ဖခင်အိမ်မှပစ္စည်းများခိုးယူသွားသည့်အကြောင်းနှင့် တက္ကသိုလ်အဓိပတိက သူမအား အပြစ်တင်သည့်အကြောင်းများပြောပြခဲ့သည်။ သူမအားချော့မော့ဖြေသိမ့်ရန် တစ်စုံတစ်ယောက်လိုနေပြီ။ ထိုသို့လုပ်နိုင်သူမှာမိမိတစ်ယောက်သာရှိ၏။

လမ်းပေါ်ရှိ ကုန်တိုက်တစ်ခုကိုရောက်တော့ကားကိုရပ်ကာ စားသောက်စရာများဝင်ဝယ်သည်။ ထိုစဉ်ဝေါစတြီဂျာနယ်မျက်နှာဖုံးမှဂျနတီကိုဟူသော ခေါင်းစီးစာလုံးမည်းကြီးကို သူမျက်လုံးရောက်သွားသည်။ ထိုကုမ္ပဏီမှာ ဂျင်နီအား အမြွှာများနှင့်ပတ်သက်၍သုတေသနပြုလုပ်ရန် ငွေကြေးထောက်ပံ့နေသောကုမ္ပဏီဖြစ်သည်။ထိုကုမ္ပဏီအားဂျာမန်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် လင်းစ်မင်းကုမ္ပဏီက ဝယ်ယူတော့မည်ဖြစ်သည်။ စတီက ထိုသတင်းစာကိုတစ်စောင်ဝယ်လိုက်သည်။

စတီမှာ ပျော်ရွှင်ကြည်နူးနေသည့်ကြားကဂျင်နီတစ်ယောက်အိမ်တွင် ရှိမှရှိပါမည်လား။ ရှိသော်လည်းမိမိကိုတံခါးဖွင့်မပေးဘဲနေမည်လား။ သို့မဟုတ်ကလည်း ဧည့်သည်ရောက်နေသည်လားစသည်ဖြင့်တွေးကာပူပန်နေမိသည်။

သူမ၏အိမ်အနီးတွင်အနီရောင်မာစီဒီးကားကြီးရပ်ထားသည်ကို တွေ့လိုက်ရသည်။ သူမအထဲတွင်ရှိမည်။သို့ရာတွင် အပြင်သို့ခြေကျင်ထွက်သွားသည်လည်းဖြစ်နိုင်သည်။ အငှားကားသို့မဟုတ်မိတ်ဆွေတစ်ယောက်၏ကားနှင့်ထွက်သွားလေပြီလား။

သူမ၏အိမ်ပေါက်ဝတွင် အင်တာကွန်းဖုန်းတစ်လုံးရှိသည်။ စတီက ခလုတ်ကိုနှိပ်၍ စောင့်နေလိုက်၏။ ခဏကြာတော့ အတွင်းမှ ဒေါသသံဖြင့်....

"ဘယ်သူလဲ"

"စတီလိုဂန်ပါ။ ခင်ဗျားကို အားပေးရအောင်လာတာပါ"

တစ်ဘက်က အတန်ကြာအောင်တိတ်ဆိတ်နေပြီးမှ...

"ကျွန်မ ဧည့်သည်တွေကို မတွေ့ချင်သေးဘူး စတီ"

"အခုယူလာတဲ့ပန်းကလေးတွေတော့ ပေးခဲ့ပါရစေ"



သူမ ဘာမှပြန်မပြော။ သူမကြောက်နေပြီလား။ စိတ်ပျက်နေပြီလားမသိ။ မိမိတွင်အပြစ်မရှိကြောင်း သူမယုံကြည်သည်ဟုပြောခဲ့သည်။ ဤသည်မှာလည်း မိမိအချုပ်ခန်းထဲရောက်နေ၍ စိတ်ချရသဖြင့်ပြောခြင်းလည်းဖြစ်နိုင်သည်။ ယခုမူ မိမိမှာသူမ၏အိမ်တံခါးဝသို့ရောက်နေပြီး သူမမှာလည်းတစ်ယောက်တည်းဖြစ်နေသည်။ စတီက...

"ကျွန်တော်နဲ့ပတ်သက်ပြီး ခင်ဗျားမှာ သဘောထားမပြောင်းလဲသေးဘူးမဟုတ်လား။ ကျွန်တော့်မှာအပြစ်မရှိဘူးလို့ ယုံကြည်နေတုန်းပဲမဟုတ်လား။ အဲဒီလိုမဟုတ်ရင်တော့ ကျွန်တော်သွားပါတော့မယ်"

အလိုအလျောက်တံခါးဖွင့်စက်သံပေါ်လာပြီး တံခါးပွင့်သွားသည်။ သူမသည် မခံချင်အောင်ပြောသည်ကို ခံနိုင်ရည်မရှိသောမိန်းမတစ်ယောက်ပါပေ။

အထဲကိုဝင်လိုက်တော့ နောက်ထပ်တံခါးပေါက်နှစ်ပေါက်ရှိနေသည်။ တံခါးတစ်ပေါက်မှာပွင့်နေပြီးလှေကားဆီသို့သွားရာအပေါက်ဖြစ်သည်။ လှေကားထိပ်တွင် အစိမ်းရောင်တောက်တောက်တီရှပ်နှင့် ဂျင်နီရပ်နေသည်။

"အပေါ်တက်ခဲ့လေ"

သိပ် လှိုက်လှိုက်လှဲလှဲကြိုဆိုသည်မျိုးတော့မဟုတ်။ သို့သော် စတီက ပြုံးပြပြီး စက္ကူအိတ်ဖြင့်ထည့်လာသည့် မိမိလက်ဆောင်ပစ္စည်းများကိုယူကာတက်လာခဲ့သည်။ ဂျင်နီက စတီအား မီးဖိုခန်းသုံးပစ္စည်းများပါရှိနေသည့် ဧည့်ခန်းထဲသို့ခေါ်သွားသည်။

စတီက စက္ကူအိတ်ကို မီးဖိုခန်းစားပွဲပေါ်တင်ကာ...

"ခင်ဗျား စိတ်ပြေလက်ပျောက်တစ်ခုခုစားဖို့ကောင်းတယ်"

သူက အိတ်ထဲမှ ပီဇာမုန့်များကိုထုတ်ရင်း...

"ဝိုင်တစ်ခွက်လောက်သောက်ရင် စိတ်ကြည်လင်သွားမယ်။ အဲဒီလိုကနေစားချင်သောက်ချင်စိတ်ပေါ်လာတဲ့အခါ ဒီအထဲမှာအိုက်စ်ခရင်တွေပါတယ်။ ပန်းကန်ထဲထည့်စားစရာတောင်မလိုဘူး။ စားစရာသောက်စရာတွေကုန်ပြီဆိုရင်တော့ ဖော့ဒီမှာ ပန်းတွေလည်းပါတယ်။ ဒီမှာကြည့်"

သူမက သူ့ကို တအံ့တဩကြည့်နေသည်။ သူက ဆက်၍....

"ဘာပဲဖြစ်ဖြစ် အခုအချိန်မှာ ခင်ဗျားအတွက် စိတ်ပြေလက်ပျောက်ပြောဆိုဖြေသိမ့်မယ့်သူတစ်ယောက်လိုနေတာအမှန်ပဲ"

သူမ မျက်ရည်တွေဝဲလာသည်။ သူမက...

"သေလိုက်ပါတော့။ ကျွန်မ ဘယ်တုန်းကမှ မငိုခဲ့မူးဘူး"

www.burmeseclassic.com

www.burmeseclassic.com



စတီကသူမ၏ပန်းများကို လှမ်းကိုင်လိုက်သည်။ ဤသည်မှာ သူမအသား ကိုပထမဆုံးထိဖူးခြင်းဖြစ်၏။ ပြီးတော့တဖြည်းဖြည်းချင်းဆွဲ၍ဖက်လိုက်သည်။ သူမလည်း မရုန်း။ မိမိကံကောင်းလိုက်လေခြင်း၊ သူမ၏ပန်းလေးကိုဖက်ထားမိသည်။ သူမ၏အရပ်မှာ မိမိ၏အရပ်နီးပါးမျှရှိ၏။ သူမက စတီ၏ပခုံးပေါ်တွင် ခေါင်းတင်ကာ တသိမ့်သိမ့်ရှိုက်နေ၏။ စတီက သူမ၏ဆံပင်လေးများကိုသပ်ပေးနေသည်။ နူးညံ့၍ ထူထဲသော ဆံပင်များပါပေ။ သူက...

"အားလုံးအဆင်ပြေသွားမှာပါ၊ အဆင်ပြေအောင်လုပ်ယူကြရမှာပေါ့"

ဂျင်နီမှာ စတီ၏ရင်ခွင်ထဲတွင် အချိန်အတန်ကြာအောင် ခွေခွေကလေးရှိ နေဆဲ။ အလွန်အရသာရှိသည့်ကာလများပါပေ။ သူမ၏ကိုယ်ငွေ့နှင့်သူမ၏ကိုယ် သင်းရနံ့လေးများရနေ၏။ သူမကိုနမ်းလိုက်ရကောင်းမည်လား။ ဖြန်းစားကြီးမို့သူမ ငြင်းလိုက်မည်စိုး၍မနမ်းရဲ။အတန်ကြာတော့မှ သူမကိုယ်ချင်းခွာသွားသည်။

သူမက တီရှပ်ပွပွကြီး၏အကျီအောက်စဖြင့် နှာခေါင်းကိုသုတ်နေသည်။ ညှတ်နူးဖွယ်ရာ မိုက်သားလေးများကိုလှစ်ခနဲတွေ့လိုက်ရ၏။ သူမက...

"ကျေးဇူးပါပဲ၊ ကျွန်မမှာ ခေါင်းတုာင်ပြီးငိုစရာပခုံးလိုနေတာပါ"

သူမ၏လေသံကသာမန်ကာလျှံကာဆန်လှ၏။ မိမိအတွက်မူ အလွန်ကြည် နူးစရာကာလဖြစ်ပြီး သူမအတွက်မူ စိတ်ပြေရုံမျှသာသဘောထားနေခြင်းဖြစ်သည်။ စတီက...

"ဒါက ကျေးမွေးဧည့်ခံပွဲရဲ့ဧည့်ခံမှုတစ်ခုပါပဲ"

ဂျင်နီက ဗီရိုကိုဖွင့်၍ပန်းကန်များကိုထုတ်ကာ

"ကျွန်မ အတော်ကလေးစိတ်ပြေသွားပါပြီ၊ ကဲစားကြရအောင်"

ဂျင်နီမှာ အလွန်အမင်းချောမောလှပသူတစ်ယောက်တော့မဟုတ်။ သို့ရာ တွင် အတော်ကလေးကျက်သရေရှိပြီး မိမိကိုဖမ်းစားနိုင်စွမ်းသည်။ ဂျင်နီက...

"ရှင့်ကို ကျွန်မနောက်ဆုံးတွေ့တုန်းက ရှင့်ကိုကြည့်ရတာ အတော်မသက် မသာနဲ့၊ အဲဒါက လွန်ခဲ့တဲ့ ၂၄ နာရီကပဲ၊ အခုတော့လည်း ရှင့်ကိုကြည့်ရတာ ကြော့လို့"

"ကျွန်တော်က ဘာမဆိုပြေလွယ်တယ်၊ နေနိုင်ပါတယ်၊ ရဲစုံထောက်က ကျွန်တော့်ခေါင်းကို နံရံနဲ့ဆွဲရိုက်တုန်းက အနာတစ်ခုရသွားတယ်၊ ဒီမနက် ၅ နာရီက ဝက်ကြီးဆိုတဲ့ကောင် ကျွန်တော့်နံဘေးကိုခြေထောက်နဲ့ကန်တုန်းကလည်း ညိုမည်း သွားသေးတယ်၊ ဒါပေမဲ့ နောက်တစ်ခါထောင်ထဲပြန်မဝင်ရဘူးဆိုရင်တော့ ဒါတွေ က အရေးမကြီးတော့ပါဘူး"

ထိုအကြောင်းများကို သူ့စိတ်ထဲမှထုတ်ပစ်ထားလိုက်သည်။ သူပြန်ဝင်



ရတော့မည်မဟုတ်။ ဒီအင်န်အေစမ်းသပ်စစ်ဆေးပြီးလျှင် မိမိ တရားခံမဟုတ်ကြောင်း ထင်ရှားသွားပေလိမ့်မယ်။

စတီက ဂျင်နီ၏စာအုပ်စင်ကို ကြည့်လိုက်သည်။ စာအုပ်စင်ပေါ်၌ ကျမ်း စာအုပ်ဖတ်တော်တော်များများ၊ ထင်ရှားသောသိပ္ပံပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ စတီမဖတ်ဖူးသေးသော အမျိုးသမီးစာရေးဆရာများရေးသည့် ဝတ္ထုများဖြင့်စုံနေ၏။

သူတို့ စ၍စားကြသည်။ ဂျင်နီက အတန်ကြာအောင်စကားမပြောဘဲ နေပြီးမှ...

"ကျွန်မ ဒီနေ့တော်တော်လေးမှားသွားတယ်၊ ဒီပြဿနာတစ်ခုလုံးကိုခပ် အေးအေးဖြေရှင်းရမှာ၊ ကျွန်မအနေနဲ့ ဒီကိစ္စကိုအရေးတကြီးမဆုံးဖြတ်ကြပါနဲ့၊ အေး အေးဆေးဆေးဆွေးနွေးကြပါလို့ပြောရမှာ၊ ကျွန်မကအဲဒီလိုမပြောဘဲ တက္ကသိုလ် အာဏာပိုင်တွေကိုအာခံခဲ့မိတယ်၊ နောက်ပြီးပိုဆိုးတာကသတင်းစာတွေကိုပါပြော လိုက်မိတယ်"

စတီက သူဝယ်လာသော ဝေါ့စကြီဂျာနယ်ကိုပြကာ..

"ခင်ဗျားတို့ဌာနဟာ လောလောဆယ်နာမည်ပျက်မခံချင်ရတဲ့ အကြောင်းက ဒါကြောင့်ပဲ၊ ခင်ဗျားတို့ကိုတာဝန်ယူထားတဲ့ကုမ္ပဏီကိုရောင်းတော့မှာ"

သူမက ပထမဆုံးစာပိုဒ်ကိုဖတ်လျက်....

"ဒေါ်လာသန်း တစ်ရာ့ရှစ်ဆယ်.. ဟောတော့"

သူမက ပါးစပ်ထဲတွင် စားနေသည်များကိုဝါးရင်းသတင်းစာကို ဆက်ဖတ် နေသည်။ ဖတ်ပြီးတော့ ခေါင်းကိုရမ်းလျက်...

"ရှင့်ရဲ့အယူအဆကတော့ စိတ်ဝင်စားစရာကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်မ လက်မခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မကို ဆန့်ကျင်နေတာက မောရစ်ပဲ၊ ဘဲရင်တန်မဟုတ်ဘူး၊ ဒါပေမဲ့ တချို့ပြောနေတဲ့အတိုင်းဆိုရင် ဘဲရင်တန်ကလည်း ဉာဏ်နီဉာဏ် နက်များတယ်တဲ့၊ ဘာပဲဖြစ်ဖြစ်ကျွန်မဆိုတာကဒီလောက်အရေးကြီးတဲ့သူမှမဟုတ်တာ၊ ဂျိနက်တီကို ကုမ္ပဏီကထောက်ပံ့နေတဲ့သုတေသနလုပ်ငန်းမှာကျွန်မကပမွှားပါ၊ တကယ်လို့ ကျွန်မ ဟာတခြားလူတွေရဲ့ကိုယ်ရေးကိုယ်တာကို ဖောက်ဖျက်မိတယ်ပဲထားဦး၊ ဒီဟာ လောက်နဲ့ သန်း ၁၈၀ တန်အရောင်းအဝယ်ကိုစွကြီးပျက်သွားလောက်အောင်တော့ မဖြစ်နိုင်ပါဘူး"

စတီက လက်ကို စက္ကူလက်သုတ်ပဝါဖြင့်သုတ်ပြီးမှန်ခေါင်းပြထားသည်

www.burmeseclassic.com

www.burmeseclassic.com



ကလေးချီထားသောအမျိုးသမီးဓာတ်ပုံတစ်ပုံကို ယူကြည့်လိုက်သည်။ပြီးတော့ သူက...

"ခင်ဗျားညီမလား"

"ဟုတ်တယ်၊ ပက်တီတဲ့၊ ကလေး၃ယောက်ရှိတယ်၊ အားလုံးယောကျ်ားလေးတွေချည်းပဲ"

"ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမရယ်လို့မရှိဘူးဗျာ၊ ဒင်းနစ်ပင်ကာကိုထည့်မတွက်ဘူးဆိုရင်ပေါ့"

ဂျင်နီ၏မျက်နှာအမူအရာပြောင်းသွားသည်။ သည်တော့ စတီက..

"ခင်ဗျား ကျွန်တော့်ကိုကြည့်နေပုံက နမူနာပစ္စည်းတစ်ခုကိုကြည့်နေသလိုပဲ"

"ဩော်..စိတ်မရှိပါနဲ့၊ ရေခဲမုန့်စားမလား"

"ကောင်းတာပေါ့"

ဂျင်နီကရေခဲမုန့်ဘူးကိုစားပွဲပေါ်တင်လိုက်ပြီး ဇွန်းနှစ်ချောင်းထိုးလိုက်သည်။ ဤသည်ကိုစတီကကျေနပ်နေမိ၏။ဘူးတစ်ဘူးတည်း နှစ်ယောက်အတူတူစားရသည်မှာ သူမကိုနမ်းရရေးအတွက်ပထမခြေလှမ်းပင်မဟုတ်လော။ သူမကအားရပါးရ စားနေသည်။ စတီက...

"ခင်ဗျား ကျွန်တော့်စကားကိုယုံတဲ့အတွက်သိပ်ဝမ်းသာတာပဲ၊ ရဲတွေကတော့ မယုံတာသေချာတယ်"

"ရှင်သာသွေးသားသေဘင်းကျန်းတဲ့တရားခံဆိုရင် ကျွန်မရဲ့သီအိုရီတွေအလကားဖြစ်ကုန်မှာပေါ့"

"ဒါဆိုရင်တောင်မိန်းမအတော်များများဟာ ဒီညကျွန်တော့်ကိုအိမ်ထဲပေးဝင်မှာမဟုတ်ဘူး၊ အထူးသဖြင့် ကျွန်တော်ဟာဒင်းနစ်ပင်ကာနဲ့ဗီဇချင်းတူနေတယ်လို့ယုံနေကြလို့လေ"

"ကျွန်မတောင်ချီတုန်ချတုန်ဖြစ်သွားသေးတယ်၊ ဒါပေမဲ့ကျွန်မအယူအဆမှန်တယ်ဆိုတာရှင်သက်သေပြလိုက်ပါပြီ"

"ဘယ်လိုသက်သေပြတာလဲ"

သူမ အစားအသောက်များကို မေးငေါ့ပြလျက်..

"ဒင်းနစ်ပင်ကာဆိုရင် မိန်းမတစ်ယောက်ကိုသူသဘောကျတာနဲ့ဓားကိုထုတ်ပြီး သူလိုချင်သလိုခိုင်းတော့မှာပဲ၊ ရှင်ကတော့ အစားအသောက်တွေယူလာတယ်"

စတီက ရယ်သည်။ ဂျင်နီကဆက်၍...

"ဒါဟာရယ်စရာတော့ဖြစ်နေတယ်၊ ဒါဟာမတူတဲ့အချက်ပဲ"



"ကျွန်တော်နဲ့ပတ်သက်ပြီး ခင်ဗျားသိသင့်တာတစ်ခုတော့ရှိသေးတယ်၊ လျှို့ဝှက်ချက်တစ်ခုပေါ့"

"ဘာလဲ"

"တစ်ခါတုန်းကကျွန်တော်ဟာ လူတစ်ယောက်ကိုသတ်မလို့အထိ ဖြစ်ခဲ့ဖူးတယ်"

"ဘယ်လိုဖြစ်လို့လဲ"

သူငယ်ငယ်ကရန်ဖြစ်ခဲ့သည့်အကြောင်းကိုပြန်ပြောလိုက်သည်။

"ဒါကြောင့်မို့ ဒါကိုအကြောင်းပြုလို့ ကျွန်တော့်ရဲ့ဇစ်မြစ်နဲ့ပတ်သက်ပြီး မတင်မကျဖြစ်ရတယ်၊ ဖေဖေနဲ့မေမေဟာ ကျွန်တော့်ရဲ့မိဘတွေမဟုတ်ဘူးလို့အပြောခံရတဲ့အခါ ကျွန်တော်အတော်ကလေးစိတ်အနှောင့်အယှက်ဖြစ်မိတယ်၊ တကယ်လို့များကျွန်တော့်အဖေအစစ်ဟာ လူသတ်သမားတစ်ယောက်ဖြစ်နေရင်ရော"

ဂျင်နီ ခေါင်းကိုရမ်းလျက်..

"ရှင် ကျောင်းသားလေးဘဝက စိတ်မထိန်းနိုင်လို့ရန်ဖြစ်သတ်ပုတ်ခဲ့တာပဲ၊ ဒါကို စိတ္တဇသမားလို့ မဆိုနိုင်ဘူး၊ တစ်ဘက်ကောင်လေးကရော၊ တစ်ပ်ဆိုတာလေ"

"နောက်နှစ်နှစ်လောက်ကြာတော့ သူလည်းအသတ်ခံလိုက်ရတယ်၊ အဲဒီအချိန်မှာ သူဟာမူးယစ်ဆေးဝါးတွေအရောင်းအဝယ်လုပ်နေတယ်၊ သူ့ကိုဖြန့်နေတဲ့လူနဲ့သူစကားများပြီး ဟိုလူကသူ့ခေါင်းကိုသေနတ်နဲ့ပစ်သတ်လိုက်တာ"

"သူကမှ စိတ္တဇသမားလို့ကျွန်မထင်တယ်၊ ဒါကြောင့်မို့လည်း အဲဒီလိုဖြစ်တာ၊ ဒီလူတွေဟာပြဿနာမရှာဘဲမနေနိုင်ကြဘူး၊ ရှင့်လိုသန်မာထွားကြိုင်းတဲ့ကလေးတစ်ယောက်အနေနဲ့ တစ်ချိန်မှာတော့ ဥပဒေကိုမလွတ်ကင်းတာမျိုးရှိမှာပေါ့၊ ဒါပေမဲ့ ဒါတွေကိုကျော်လွန်ပြီး ရှင်ဟာ ပုံမှန်ဘဝနဲ့နေသွားနိုင်တယ်၊ ဒင်းနစ်ကျတော့ ထောင်ထဲကိုဝင်လိုက်၊ ထွက်လိုက်နဲ့၊ တစ်ယောက်ယောက်က သူ့ကိုသတ်မပစ်မချင်း ဒီလိုပဲနေသွားမှာပဲ"

"ခင်ဗျားအသက် ဘယ်လောက်ရှိပြီလဲဂျင်နီ"

"ရှင့်ကိုသန်မာထွားကြိုင်းတဲ့ကလေးတစ်ယောက်လို့ခေါ်တာမကြိုက်လို့လား"

"ကျွန်တော့်အသက် ၂၂ နှစ်ရှိပြီ"

"ကျွန်မက ၂၉ နှစ်၊ အတော်ကွာတယ်"

"ခင်ဗျားအမြင်မှာ ကျွန်တော်ဟာ ကလေးတစ်ယောက်ဖြစ်နေသလား"

"ဒီမယ်၊ အသက်၃၀ရှိတဲ့လူတစ်ယောက်ဟာဝါရှင်တန်ကနေ ... ကားနဲ့

www.burmeseclassic.com

www.burmeseclassic.com



လာပြီး မုန့်တွေယူလာမှာမဟုတ်ဘူး၊ ဒါဟာစေတနာပဲ"

"ဒီလိုယူလာတာကို ခင်ဗျားမကြိုက်လို့လား"

"မဟုတ်ပါဘူး၊ သိပ်ကြိုက်တာပေါ့"

သူမကသူ့လက်ကိုကိုင်လျက်ပြောလိုက်သည်။ ယခုထိ သူမ၏အနေအထားကို စတီမသိသေး။ သို့ရာတွင် မိမိပခုံးပေါ်သူမခေါင်းတင်၍ငိုခဲ့သည်။ ကလေးတစ်ယောက်ဆိုလျှင် သူမ ထိုသို့လုပ်မည်မဟုတ်။ သူက

"ကျွန်တော့်ရဲ့ဗီဇတွေနဲ့ပတ်သက်ပြီး ဘယ်တော့သိရမလဲ"

သူမက နာရီကိုကြည့်လျက်...

"အခုအချိန်ဆိုရင် ရေတော့ခြောက်လောက်ပါပြီ၊ လစ်ဆာက မနက်ကျရင် ဖလင်တွေကူးလိမ့်မယ်"

"စမ်းသပ်လို့ပြီးပြီဆိုတဲ့သဘောလား"

"ပြီးကာနီးပါပြီ"

"အဲဒီအဖြေကို အခုကျွန်တော်တို့ကြည့်လို့မရဘူးလား၊ ကျွန်တော်နဲ့ဒင်းနစ် ဒီအင်န်အေချင်းတူနေတယ်ဆိုတာကို ကျွန်တော်သိချင်လှပြီ"

"ရမယ်ထင်တာပဲ၊ ကျွန်မကိုယ်တိုင်လည်း သိပ်သိချင်နေတယ်"

"ဒါဆိုရင်လည်း ဘာစောင့်နေဖို့လိုသေးလဲ"

○ ○ ○

# အခန်း (၂၅)

ဘာရင်တာန် စိတ်ပညာဌာန၏တံခါးတိုင်းကိုဖွင့်နိုင်သည့် ပလတ်စတစ်ကတ်ပြားကလေးရှိသည်။

ဤသည်ကို မည်သူမျှမသိ။ အခြားပါမောက္ခများသည်ပင်လျှင် သူတို့၏အခန်းမှာလုံခြုံလှပြီဟုထင်နေကြသည်။ သန့်ရှင်းရေးသမားများတွင်တော့ အခန်းတိုင်း၏သော့ရှိသည်။ လုံခြုံရေးအစောင့်များတွင်လည်းအလားတူသော့တွဲများရှိသည်။ ပါမောက္ခများအနေဖြင့် သန့်ရှင်းရေးသမားများထံမှ မိမိတို့၏အခန်းသော့မိတ္တူကို ပြန်သိမ်းရန်မခက်လှ။

ဘာရင်တာန်အနေနှင့်လည်း ဤပလတ်စတစ်ကတ်ပြားကို ဘယ်တော့မျှမသုံးခဲ့။ ဤကဲ့သို့ ခိုးကြောင်ခိုးဝှက်အလုပ်မျိုးလုပ်သည်မှာသိက္ခာမရှိ။ ဤအလုပ်မျိုးသူလုပ်လေ့မရှိ။အခန်းတိုင်းတွင် သက်ဆိုင်ရာပုဂ္ဂိုလ်၏ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ပစ္စည်းများရှိနေကြမည်ဖြစ်သည်။ ထိုသည်များကို ဘာရင်တာန်စိတ်မဝင်စား။ ဤကတ်ပြားလေးမှာအရေးပေါ်သည့်အခါကျမှသာသုံးရန်ဖြစ်သည်။

ယခု အရေးပေါ်လေပြီ။

တက္ကသိုလ်အနေဖြင့် ဂျင်နီအားသူမ၏ကွန်ပျူတာအချက်အလက်များ ရှာဖွေရေးပရိုဂရမ်ကိုရပ်တန့်ရန်တားမြစ်ခဲ့သည်။ ဤကိစ္စကို မိမိတို့ဆက်မ[illegible]ပါ ဟူ၍လည်းကမ္ဘာသို့ကြေညာထားခဲ့ပြီးဖြစ်သည်။ သို့သော် စိတ်မချရသေး။ [illegible] ဖုန်းလိုင်းကိုအသုံးပြုကာကွန်ပျူတာအချက်အလက်များကို ရှာဖွေ[illegible]

www.burmeseclassic.com



မိမိအနေဖြင့် သိနိုင်မည်မဟုတ်။ သူမ နောက်ထပ်အခြားနေရာမှ ကွန်ပျူတာအချက်အလက်များရှာဖွေတောင်းယူနေမည်ဟုမိမိတစ်နေ့လုံး တွက်နေမိသည်။ သူမဘာတွေတွေ့သွားပြီလည်းဟူ၍လည်းမသိနိုင်သေး။

ထို့ကြောင့် မိမိရုံးခန်းသို့ပြန်ပြီးစားပွဲတွင်ထိုင်နေသည်။ ကျောင်းဝင်းအတွင်းရှိ နီနီရဲရဲအုတ်တိုက်အဆောက်အဦးများပေါ်သို့ အမှောင်ထုကလွှမ်းမိုးစပြုနေသည်။ သူသည် ပလတ်စတစ်ကတ်ပြားလေးဖြင့် ကွန်ပျူတာမောက်စ်ကလေးကိုခေါက်ရင်း မိမိအတွက်အနှောင့်အယှက်ဖြစ်လာနိုင်သည့်ကိစ္စမှန်သမျှကာကွယ်တားဆီးရန် အသင့်ပြင်နေသည်။

သူ၏သိက္ခာမှာ အလွန်ပင်တန်ဖိုးကြီးလှသည်။ ဤသိက္ခာကို မိမိဘာသာစောစောကပင်တည်ဆောက်လာခဲ့ရ၏။

သူကနာရီကိုကြည့်လိုက်သည်။ ယခုအချိန်လောက်ဆိုလျှင် ဓာတ်ခွဲခန်းပိတ်လောက်ပြီ။ မိမိ၏လုပ်ဖော်ကိုင်ဖက်အတော်များများလည်း ယခုအချိန်လောက်ဆိုလျှင် မြန်ကုန်လောက်ပေပြီ။ ဤသည်မှာ အချိန်ကောင်းဖြစ်၏။ အဆောက်အဦး ထဲတွင်လူလုံးဝမရှိဟုတော့အာမမခံနိုင်။ သိပ္ပံပညာရှင်များသည် သူတို့စိတ်ပါလျှင်စိတ်ပါသလိုအလုပ်လုပ်တတ်သည်မျိုး။အကယ်၍ မိမိကိုတစ်စုံတစ်ယောက်တွေ့သွားလျှင်တော့မျက်နှာပြောင်တိုက်ရမည်။

ထို့နောက် ရုံးခန်းမှထွက်၍လှေကားမှဆင်းကာစင်္ကြံအတိုင်း ဂျင်နီ၏ရုံးခန်းရှိရာသို့လာခဲ့သည်။ အနီးအနားတွင်တစ်စုံတစ်ယောက်မျှမရှိ။ သူက ကတ်ပြားကလေးကိုတံခါးမှသော့အိမ်၏ကတ်ပြားထည့်သော့ပေါက်ထဲသို့ ထိုးသွင်းလိုက်ရာဂျင်နီ၏တံခါးပွင့်သွားသည်။ သူကအထဲသို့ဝင်ကာမီးခလုတ်ကိုဖွင့်ပြီး တံခါးကိုပြန်ပိတ်လိုက်သည်။

အခန်းမှာ အခြားအခန်းများထက်ကျဉ်းသည်။ စင်စစ်ထိုအခန်းမှာ စတိုခန်းဖြစ်၏။ သို့ရာတွင် ဆိုဗီချက်ဝဲလ်က စိတ်ယုတ်မာဖြင့်ဂျင်နီအား ထိုအခန်းတွင်ထားရန်အတင်းတိုက်တွန်းခဲ့ခြင်းဖြစ်သည်။ အခြားခန်းကျယ်တစ်ခန်းကိုမူ စာရွက်စာတမ်းများထည့်ထားသည့်သေတ္တာများထားရန်ဟု အဓိပ္ပာယ်မဲ့အကြောင်းပြသည်။ အခန်းကကျဉ်းပြီးခပ်သေးသေးပြတင်းပေါက်တစ်ခုရှိသည်။ သို့ရာတွင် ဂျင်နီက သပ်သပ်ရပ်ရပ်နေတတ်သည်။

ထိမ်မွှော်ရောင်သုတ်ထားသော ကုလားထိုင်နှစ်လုံး၊ ပန်းအိုးထဲတွင်ထည့်ပိန်းပန်းနီနီကလေးနှင့်။ ပီကာဆို၏မိတ္တူပန်းချီကားတစ်ချပ်လည်း ချိတ်ထားသည်။

သုံးထောင့်စားပွဲပေါ်မှ ခုန်ဘောင်တပ်ထားသည့်ဓာတ်ပုံကိုယူ၍ ကြည့်လိုက်



သည်။ ပါးသိုင်းမွေးနှင့်လူရုပ်ချောချောတစ်ယောက်၊ ပြတ်သားသည့်မျက်နှာနှင့်အမျိုးသမီးတစ်ယောက်တို့၏ဓာတ်ပုံဖြစ်သည်။ [illegible] ကျင်နီ၏မိဘများဖြစ်နိုင်သည်။ ထိုသို့ည်မှအပ သူမ၏စားပွဲပေးတွင် [illegible] သပ်ရပ်လှသည့်မိန်းကလေးပါပေ။

သူက စားပွဲတွင်ထိုင်၍ ကွန်ပျူတာကိုဖွင့်လိုက်သည်။ ပြီးနောက် စားပွဲများကိုဖွင့်ရှာကြည့်၏။ အပေါ်ဆုံးအံဆွဲတွင် ဘောလ်ပင်များ၊ အကြမ်းရေးခြစ်ရန် စာအုပ်ကလေးများရှိသည်။ နောက်အံဆွဲတစ်ခုတွင်အမျိုးသမီးကိုယ်တွင်းသုံးပစ္စည်းများကိုတွေ့ရ၏။ နောက်အံဆွဲတွင်မူ အိပ်ဆောင်အဘိဓာန်လေးတစ်အုပ်နှင့် ရာမြေပေါင်းများစွာ ဆိုသည့်စာအုပ်တစ်အုပ်ကိုတွေ့ရသည်။ ဘာလျှို့ဝှက်ချက်မှမတွေ့ရသေး။

ကွန်ပျူတာပေါ်တွင် သူမ၏ဖိုင်စာရင်းများပေါ်လာသည်။ ဘာရှင်တန်ကကွန်ပျူတာထဲမှ သူမ၏ပြက္ခဒိန်ကိုဖော်ထုတ်ကြည့်လိုက်သည်။ အတန်းများတွင် ပို့ချရက်များ၊ ဓာတ်ခွဲခန်းတွင်လုပ်ရမည့်ရက်များ၊ တင်းနစ်ကစားရန်ရက်များ၊ အရက်သောက်ရက်၊ ရုပ်ရှင်ကြည့်ရက်များကိုတွေ့ရသည်။ စနေနေ့တွင်လည်း ဘောလုံးပွဲသွားကြည့်ဦးမည်ဟု တွေ့ရ၏။ [illegible]နေ့တွင် တက်ရန်ဆံနှင့်မနီးတို့က [illegible] စားစားရန်ဖိတ်ထားသည်။ တနင်္လာနေ့တွင် သူမ၏ကားကိုရေဆေးဆီထိုးလုပ်ရန်ရှိ၏။ အာမခံကုမ္ပဏီမှဆေးဘက်ဆိုင်ရာ အချက်အလက်များကိုရှာကြည့်ရန်ဟူသောအမှတ်အသားကိုမတွေ့ရ။ သူမလုပ်မည့်ကိစ္စများကိုရေးမှတ်ထားရာတွင် ဗီတာမင်ဆေးများကိုဝယ်ရန်၊ ဂီတာထံဖုန်းဆက်ရန်၊ လစ်ဆာ၏မွေးနေ့လက်ဆောင်၊ ကွန်ပျူတာမိုဒမ်ကိုစစ်ရန် ဟူ၍သာပါ၏။

သူက ထိုနေ့စဉ်မှတ်တမ်းကိုကွန်ပျူတာပေါ်မှဖယ်ထုတ်လိုက်ပြီး ကွန်ပျူတာဖိုင်များကိုဖွင့်ကြည့်ပြန်သည်။ စာရင်းမယားအမြောက်အမြားကိုတွေ့ရ၏။ သူမရေးထားသည့်စာများထားရာဖိုင်မှာ သိပ်မများလှ။ ပေးစာအချို့၊ မေးမြန်းစစ်ဆေးရန်မေးခွန်းအချို့နှင့်ဆောင်းပါးမူကြမ်းတစ်ခုကိုသာတွေ့ရသည်။ အချက်အလက်ရှာဖွေရေးပရိုဂရမ်ကိုနောက်တစ်ကြိမ်ဘယ်တော့သုံးဦးမည်ဟုမသိရသေး။ တစ်ခုခုတော့ရှိကိုရှိရမည်။

အခန်းထဲတွင် ဖိုင်ဘီရိုတစ်လုံးလည်းရှိသည်။ အထဲတွင်လည်း ဖိုင်သိပ်မရှိ။ သူမရောက်လာသည်မှာ သိတင်းပတ်အနည်းငယ်သာရှိသေးသည်။ နောက်[illegible] နှစ်နှစ်လောက်ကြာလျှင် ထိုဘီရိုထဲ၌စာရွက်စာတမ်းများနှင့်ပြည့်နေတော့မည်။ ယခုတော့ ဝင်စာဖိုင်တစ်ဖိုင်၊ ဌာနမှထုတ်ပြန်သည့်စာဖိုင်ကတစ်ဖိုင်၊ [illegible]ပါး၊ မိတ္တူများကတစ်ဖိုင်တို့သာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အခြားဘီရိုတစ်လုံးတွင် တော့မှန်ဘောင်တပ်ကာမှောက်၍ ချထားသည့် ဓာတ်ပုံတစ်ပုံကိုတွေ့ရသည်။ ဂျင်နီနှင့်အရပ်မြင့်မြင့်၊ မုတ်ဆိတ်မွေးတွေရှိသော လူတစ်ယောက်တို့ဆိုင်ကာယ်တစ်စီးနှင့် ကန်ဘေးတွင်ရိုက်ထားသည့်ဓာတ်ပုံဖြစ်သည်။ ပြတ်စဲသွားသည့်ချစ်သူစုံတွဲဓာတ်ပုံဖြစ်မည်။

ဘာရင်တန်ပို၍စိုးရိမ်လာသည်။ ဤအခန်းမှာ စည်းစနစ်ကျန၍ ဘာမဆိုအစီအစဉ်ချပြီးမှ လုပ်ကိုင်ဆောင်ရွက်တတ်သောလူတစ်ဦး၏အခန်းဖြစ်သည်။ သူမသည် လက်ခံရရှိလာသောစာများနှင့် မိမိကပေးပို့လိုက်သောစာများကိုမိတ္တူကူးကာဖိုင်များဖြင့်ထားသည်။ သူမဆက်လုပ်မည့်ကိစ္စမှန်သမျှ အထောက်အထားတွေရှိရမည်။ သူမ ဤသည်ကိုလျှို့ဝှက်ထားရန်အကြောင်းမရှိ။ ယနေ့မတိုင်မီကအထိ ဤကိစ္စနှင့်ပတ်သက်၍ ဘာမျှပြဿနာမရှိခဲ့။ကွန်ပျူတာမှ နောက်ထပ်အချက်အလက်ရှာဖွေမှုတစ်ခုလုပ်ရန် သူမစီစဉ်ထားနိုင်သည်။ ယခုလို သဲလွန်စရှာမတွေ့ရသည်မှာ သူမနှင့်အလွန်ရင်းနှီးသည့် သူငယ်ချင်းတစ်ယောက်ထံဖုန်းဆက်ကာစီစဉ်ခြင်းမျိုးကြောင့်ဖြစ်နိုင်သည်။ ဤသို့ဆိုလျှင် သူမအခန်း၌ ထိုသဲလွန်စရှာတွေ့နိုင်ဖွယ်မရှိ။

အခန်းအပြင်စင်္ကြံဘက်ဆီမှ ခြေသံတစ်သံကိုကြားလိုက်ရသည်။ ဘာရင်တန်တစ်ကိုယ်လုံးတောင့်တင်းသွား၏။ သော့ပေါက်ထဲသို့ကတ်ပြားထိုးသွင်းသည့်အသံဖျော့ဖျော့ကိုကြားလိုက်ရပြန်သည်။ ဘာရင်တန်တံခါးကိုအကြောင်သား ငေးကြည့်နေမိ၏။ ဘာမျှလုပ်၍မရတော့။ လက်ပူးလက်ကြပ်အမိခံရတော့မည်။ မတော်တဆရောက်လာခြင်းဖြစ်သည်ဟု ဟန်ဆောင်ရဖို့မလွယ်။

တံခါးပွင့်လာသည်။ဂျင်နီဝင်လာမည်ဟုထင်ခဲ့၏။ သို့သော် လုံခြုံရေးတစ်ယောက်ဖြစ်နေသည်။ သူကမိမိကိုမှတ်မိပြီး...

"ဟာ ပါမောက္ခကြီး၊ မီးလင်းနေတာတွေ့လို့လာကြည့်တာ၊ ဒေါက်တာဂျင်နီက သူရှိနေရင်တံခါးကိုအမြဲဖွင့်ထားတယ်"

ဘာရင်တန်က မျက်နှာမပျက်အောင်ထိန်းရင်း...

"ရှပါတယ်၊ ငါကတော့တံခါးပိတ်ထားလေ့ရှိတယ်"

"ကောင်းပါတယ်"

အစောင့်က စကားမပြောဘဲရပ်နေရင်း မိမိရှင်းပြဖို့စောင့်နေဟန်တူသည်။ ဘာရင်တန်က နှုတ်ဆိတ်နေလိုက်၏။ နောက်ဆုံးတွင် အသက်ဝင်က...

"ကဲ မင်္ဂလာပါ၊ ပါမောက္ခကြီး"

"အေး မင်္ဂလာပါကွာ"

အစောင့်ထွက်သွားသည်။ ဘာရင်တန်စိတ်အေးသွားရ၏။ ပြဿနာမရှိတော့။



ကြည့်လိုက်တော့ သူမ၏ကွန်ပျူတာတယ်လီဖုန်းလိုင်းဖွင့်ထားသည်ကိုတွေ့ရသည်။ သူကခလုတ်နှိပ်၍ သူမ၏ကွန်ပျူတာစာတိုက်ပုံးကိုထုတ်ကြည့်လိုက်သည်။ သူမထံသို့ စာသုံးစောင်ဝင်နေသည်။ ထိုစာများကိုသူမက လက်ခံရယူထားပြီးဖြစ်၏။ပထမတစ်စောင်က အင်တာနက်အသုံးပြုနှုန်းတွေတက်သွားကြောင်းအကြောင်းကြားစာဖြစ်သည်။ ဒုတိယတစ်စောင်က မင်နီဆိုးတားတက္ကသိုလ်မှထည့်လိုက်သည့်စာဖြစ်ပြီး...

*ကိုယ်ဘော်လ်တီမိုးမြို့ကို သောကြာနေ့ရောက်မယ်။ အတိတ်ကို အမှတ်တရအနေနဲ့ အရက်အတူသောက်ချင်တယ်။*

*ချစ်လျက်*

*ဝေလျှံ*

ဟုရေးထားသည်။ ဝေလျှံဆိုသူမှာဓာတ်ပုံထဲတွင်ဆိုင်ကယ်နှင့်ရိုက်ထားသည့်လူပေလား။ တတိယတစ်စောင်ကိုဖတ်ကြည့်လိုက်ပြန်၏။ ဤတွင် ဘာရင်တန်ကျားကိုက်ခံရသလိုဖြစ်သွားရသည်။

*မင်း စိတ်အေးအေးထားတော့။ ငါတို့ရဲ့လက်မှတ်မှုပုံစံကွန်ပျူတာဖိုင်ကို မင်းပရိုဂရမ်ပေါ်တင်ပေးလိုက်မယ်။*

*ဖုန်းပြန်ဆက်ပါ။*

*ဂီတ*

ဤသည်မှာအက်ဖ်ဘီအိုင်အဖွဲ့မှစာဖြစ်သည်။ ဘာရင်တန်တီးတိုး ရေရွတ်နေမိ၏။

"သေလိုက်ပါတော့၊ ဒါငါတို့ကိုသတ်မယ့်ကိန်းပဲ"

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဂျင်နီနှင့် အက်ဖ်ဘီအိုင်လက်ဗွေမှတ်တမ်းဖိုင်အကြောင်းကို ဘာရင်တန် တယ်လီဖုန်းထဲမှမပြောရ။ တယ်လီဖုန်းအတော်များများကို ထောက်လှမ်းရေးဌာနများကဖမ်းယူနားထောင်ကြသည်။ ယခုခေတ်တွင်ထိုသို့ထောက်လှမ်းနားထောင်သူမှာကွန်ပျူတာများသာဖြစ်ပြီး အကယ်၍ 'ပလူတိုနီယံ' သို့မဟုတ် 'ဘိန်းဖြူ' သို့မဟုတ် 'သမ္မတကိုသတ်' စသည်ကဲ့သို့စကားလုံးများကြားလိုက်သည်နှင့်ကွန်ပျူတာက ထိုအသံများကိုအလိုအလျောက်အသံဖမ်းယူကာ မှတ်တမ်းတင်ထားလိုက်သည်။ ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိသူအား နားထောင်စေ၏။

ထို့ကြောင့် မိမိကားကြီးဖြင့် ဘော်လ်တီမိုးမြို့မှ ဝါရှင်တန်မြို့သို့အသွားလမ်းမကြီးပေါ်ဝယ် တစ်နာရီမိုင် ၃၀ နှုန်းဖြင့် မောင်းလာခဲ့သည်။

ကားမောင်းလာရင်း ထောက်လှမ်းရေးလောက၌ ဂျင်ပရစ်၏အဆက်အသွယ်ရှိလေမည်လားဟု ဘာရင်တန်တွေးလာခဲ့၏။ ဂျင်ပရစ် စီအိုင်အေအဖွဲ့ထဲမှထွက်လာခဲ့သည်မှာအတော်ပင်ကြာခဲ့လေပြီ။

ညဥ့်နက်လှပြီဖြစ်သော်လည်း ဂျင်သည် လွှတ်တော်အဆောက်အဦးထဲမှ ဘာရင်တန်အားစောင့်နေမည်ဖြစ်သည်။

"ဖုန်းထဲမှာ မပြောနိုင်လောက်အောင် ဘာတွေများဖြစ်နေလို့လဲ"

ဂျင်က ဆီးပြောသည်။ ဘာရင်တန်က..

"ဂျင်နီဟာ အက်ဖ်ဘီအိုင်အဖွဲ့ရဲ့ကွန်ပျူတာထဲက လက်ဗွေပုံစံဖိုင်ကိုရှာမလို့လုပ်နေတယ်"



ဂျင်ပရစ်မျက်နှာ ဖြူရော်သွားသည်။ သူက ...

"လုပ်လို့ရပါ့မလား"

"သွားမှတ်တမ်းနဲ့တောင် လုပ်လို့ရသေးတာပဲ၊ လက်ဗွေမှတ်တမ်းနဲ့ဘာလို့မရရမှာလဲ"

"ဒုက္ခပါပဲ"

ဘာရင်တန်က..

"အဲဒီဖိုင်ထဲမှာ လက်ဗွေပေါင်းဘယ်လောက်ရှိမလဲ"

"ကျုပ်မှတ်မိသလောက်တော့ အစုံပေါင်း သန်း ၂၀ကျော်တယ်၊ အဲဒါတွေအားလုံးဟာရာဇဝတ်ကောင်တွေချည်းမဟုတ်ဘူး၊ အမေရိကန်နိုင်ငံမှာ ရာဇဝတ်ကောင်တွေ ဒီလောက်ဘယ်များမလဲ"

"အဲဒီအထဲမှာ သေသွားတဲ့လူတွေရဲ့လက်ဗွေတွေလည်း ပါချင်ပါမယ်၊ ဒီမယ်ဂျင်၊ အဲဒီကိစ္စမလုပ်နိုင်အောင် ခင်ဗျားမတားနိုင်ဘူးလား"

"အဲဒီဌာနမှာ ဒီမိန်းမရဲ့အဆက်အသွယ်က ဘယ်သူလဲ"

ဘာရင်တန်က ဂျင်နီထံသို့ကွန်ပျူတာဖြင့်ပို့သည့်စာမိတ္တူကို လှမ်းပေးလိုက်သည်။ ဂျင်စာဖတ်နေစဉ်ဘာရင်တန်က အခန်းကိုလှည့်ပတ်ကြည့်လိုက်၏။ အခန်းနံရံများပေါ်တွင်သမ္မတကာနေ ဒီနောက်ပိုင်းသမ္မတများနှင့်ဂျင်တို့တွဲရိုက်ထားသည့်ဓာတ်ပုံများချိတ်ဆွဲထားသည်။ သမ္မတဂျွန်ဆင်အား အလေးပြုနေသည့် ဗိုလ်ကြီးဂျင်ပရစ်၊ သမ္မတကာတာအားစိုက်ကြည့်နေသည့် ဗိုလ်မှူးကြီးဂျင်ပရစ်၊ သမ္မတရေဂင်နှင့်အတူရယ်မောပြောနေသော စီအိုင်အေညွှန်ကြားရေးမှူးဂျင်ပရစ်၊ သမ္မတကလင်တန်အားလက်ညှိုးထိုးကာ စကားပြောနေသည့်အထက်လွှတ်တော်အမတ်ဂျင်ပရစ်၊ ဗြိတိသျှဝန်ကြီးချုပ်မာဂရက်သက်ချာနှင့်တွဲရိုက်နေသည့်ဂျင်ပရစ်၊ ဒုသမ္မတဘော့ဒိုးနှင့် ဂေါက်သီးရိုက်နေသည့်ဂျင်ပရစ်စသည်တို့ဖြစ်၏။ ထိုကဲ့သို့သောပုံများဘာရင်တန်ထံတွင်အနည်းငယ်မျှသာရှိသည်။ ဂျင်ကတော့ ပြပွဲတစ်ခုစာမျှရှိနေ၏။ လူလေးစားအောင်သူလုပ်နေသည်လားမသိ။ သူ့ကိုယ်သူလေးစားအောင် လုပ်နေခြင်းလည်းဖြစ်နိုင်သည်။

"ဂိတသုခုမဆိုတဲ့နာမည် ကျုပ်တစ်ခါမှမကြားဖူးဘူး၊ အဆင့်မြင့်ထဲကတော့မဖြစ်နိုင်ဘူး"

ဂျင်ကဆိုသည်။ ဘာရင်တန် စိတ်မရှည်နိုင်ဘဲ...

"အက်ဖ်ဘီအိုင်မှာ ခင်ဗျားသိတဲ့သူဘယ်သူရှိသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒေးဗစ်နဲ့ ဟီလရီခရင်းလင်မယားနဲ့ ခင်ဗျား-ဆုံဖူးလား"

ဘာရင်တန်က ခေါင်းခါလိုက်တော့ ဂျင်ကာ ဆက်၍-

"ယောကျ်ားက လက်ထောက်ညွှန်ကြားရေးမှူးလေ၊ အမျိုးသမီးက အရက်ဖြတ်ထားတဲ့မိန်းမ၊ နှစ်ယောက်စလုံး အသက် ၅၀လောက်ရှိကြမယ်၊ ကျုပ် စီအိုင်အေမှာလုပ်တုန်းက ဒေးဗစ်ဟာ ကျုပ်အတွက်နိုင်ငံခြားသံရုံးတွေနဲ့ သူတို့ရဲ့သူလျှိုအဖွဲ့တွေကတယ်လီဖုန်းတွေကို အသံခိုးဖမ်းပေးရတယ်၊ ကျုပ်သူ့ကိုသဘောကျတယ်၊ တစ်နေ့မှာတော့ ဟီလရီဟာ အရက်မူးပြီး ကားမောင်းထွက်သွားရာက ဖနှစ်အရွယ်လှမည်းမိန်းကလေးတစ်ယောက်ကိုတိုက်လိုက်တာသေသွားရော၊ ဒါနဲ့ဟီလရီဟာ ကားကိုဆက်မောင်းသွားပြီး ကုန်တိုက်တစ်ခုရှေ့မှာရပ်လိုက်တယ်၊ ပြီးတော့ သူ့ယောကျ်ားဆီကိုဖုန်းဆက်လိုက်တယ်၊ ဒေးဗစ်လည်း သူ့ကားနဲ့လိုက်သွားပြီး သူ့မိန်းမကို အိမ်ပြန်ခေါ်လာတယ်၊ ပြီးတော့ သူ့မိန်းမရဲ့ကားအခိုးခံရတယ်လို့ တိုင်ချက်ဖွင့်လိုက်တယ်"

"ဒါပေမဲ့ အဆင်မပြေဘူးဆိုပါတော့"

"အခင်းဖြစ်ပွားတာကိုမြင်လိုက်တဲ့မျက်မြင်သက်သေတစ်ယောက်ကရှိနေတယ်လေ၊ သူကကားမောင်းသွားတဲ့သူဟာ သက်လတ်ပိုင်းအရွယ်လူဖြူအမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း သေသေချာချာတွေ့လိုက်ရတယ်တဲ့၊ နောက်ပြီး ရဲစုံထောက်ကလည်း အမျိုးသမီးကားသူခိုးရယ်လို့မရှိဘူးဆိုပြီး အခိုင်အမာပြောတယ်၊ မျက်မြင်သက်သေဟာဟီလာရီဖြစ်ကြောင်းအခိုင်အမာပြောနိုင်ခဲ့တယ်။ဒီတော့ ဟီလာရီလည်းလက်လျှော့ပြီးဝန်ခံလိုက်ရတယ်"

"နောက်တော့ ဘာဖြစ်သွားလဲ"

"ကျုပ်လည်း ခရိုင်ဥပဒေအရာရှိဆီသွားတယ်၊ အဲဒီလူကသူတို့ လင်မယားနှစ်ယောက်စလုံးကိုထောင်ချချင်နေတာ၊ ကျုပ်ကဒီကိစ္စဟာ နိုင်ငံတော်လုံခြုံရေးနဲ့ပတ်သက်နေတယ်ဆိုတဲ့အကြောင်းပြောပြီး အမှုကိုပိတ်လိုက်ဖို့နားချခဲ့ရတယ်၊ ဟီလာရီလည်းအဲဒီကတည်းက နောင်တရပြီးအရက်ဖြတ်သွားတော့တာပဲ"

"ဒေးဗစ်လည်း အက်ဖ်ဘီအိုင်အဖွဲ့ကိုရောက်သွားပြီး ကောင်းကောင်းမွန်မွန်လုပ်နေတယ်ဆိုပါတော့"

"အေးလေ၊ ကျုပ်ရဲ့ကျေးဇူးသူ့အပေါ်မှာရှိတယ်"

"ဒီလူက ဂီတဆိုတဲ့မိန်းမကိုတားပေးနိုင်မလား"

"သူဟာဒုတိယညွှန်ကြားရေးမှူးကိုတာဝန်ခံရတဲ့ လက်ထောက်ညွှန်ကြားရေးမှူး ၉ ယောက်ထဲကတစ်ယောက်ပဲ၊ လက်ဗွေဌာနကိုတော့သူမကိုင်ဘူး၊ ဒါပေမဲ့



သူလည်း အတော်ကလေး ဩဇာရှိတဲ့လူပဲ"

"သူက လုပ်ပေးနိုင်ပါ့မလား"

"ဒါတော့မသိဘူး၊ ကျုပ်မေးကြည့်မယ်လေ၊ သူကလုပ်ပေးနိုင်ရင်လုပ်ပေးမှာပါ"

"ကောင်းပြီ၊ ဒါဆိုလည်း သူ့ဆီကို အခုပဲဖုန်းဆက်ကြည့်ပေးစမ်းပါ"

o o o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

ဂျင်နီက ခေတ်ခွဲခန်းထဲတွင် မီးခလုတ်ကိုဖွင့်လိုက်သည်။စတီက သူမနောက်မှ လိုက်ပါလာ၏။ ထို့နောက် ဂျင်နီက စတီအား ဒီအင်န်အေ၏ သဘောတရားများကို ရှင်းပြနေသည်။

ထို့နောက် ဒီအင်န်အေများကိုခွဲခြမ်းစိတ်ဖြာ၍ တိုက်ဆိုင်ကြည့်ရန်ပြင်ဆင်နေသည်။ပြီးတော့ စတီအား...

"အခုစမ်းသပ်လို့ရတဲ့အဖြေကို ရှင်ကြည့်ချင်ရဲ့လား"

"ရပါတယ်"

"ကောင်းပြီ"

ဂျင်နီ ပြင်ဆင်ထားသည့် စလင်ပြားပေါ်ဝယ်လျှောကားထစ်သဖွယ်လမ်းကြောင်းကလေးများအထက်အောက်ရှိနေကြသည်။ ယင်းတို့၏အောက်တွင် နံပါတ်အမှတ်အသားများရေးထားကြ၏။

"အမှတ် ၃ လမ်းကြောင်းက ရှင့်ရဲ့သွေးပဲ"

ထိုလမ်းကြောင်းပေါ်တွင် ဂျင်နီပြောထားသည့်အနက်အမှတ်ကလေးနှစ်ခုမှာ တစ်လက်မခန့်သာကွာပြီးလမ်းကြောင်း၏အလယ်လောက်တွင်ရှိနေကြသည်။ ဂျင်နီက...

"လမ်းကြောင်းကလေးတစ်ခုကနှိုင်းယှဉ်စံနှုန်းတစ်ခုပါ၊ ဒါကကျွန်မရဲ့သွေး ဖြစ်ချင်ဖြစ်မယ်၊လစ်ဆာရဲ့သွေးဖြစ်ချင်ဖြစ်မယ်၊ အဲဒီအပေါ်က အမှတ်ကလေး



တွေဟာ တခြားဟာတွေနဲ့လုံးဝမတူနိုင်ဘူး"

ထိုလမ်းကြောင်းပေါ်ရှိ အမှတ်ကလေးနှစ်ခုမှာလမ်းကြောင်း၏အောက်ခြေလောက်တွင်ရှိနေကြသည်။ ဂျင်နီက ဆက်၍...

"လမ်းကြောင်း ၅ကတော့ဒင်းနစ်ပင်ကာရဲ့သွေးပဲ၊ အဲဒီအပေါ်က အနက်အမှတ်ကလေးနှစ်ခုဟာ ရှင့်သွေးလမ်းကြောင်းပေါ်က အနက်မှတ်ကလေးနဲ့တူရဲ့လား"

"အတူတူပဲ၊ တစ်ထေရာတည်းပဲ"

ဂျင်နီ သူ့ကိုကြည့်ကာ..

"စတီ၊ ရှင်တို့နှစ်ယောက်ဟာအမြွှာတွေပဲ"

ဤစကားကို စတီ မယုံချင်။ သူက..

"တစ်ခုခုအမှားအယွင်းတော့ မရှိနိုင်ဘူးလား"

"ရှိနိုင်ပါတယ်၊လူတစ်ရာမှာတစ်ယောက်လောက်ကတော့ တခြားလူတစ်ယောက်နဲ့ အခုလို ဒီအင်န်အေပုံစံချင်းတူတာမျိုးဖြစ်တတ်ပါတယ်၊ ကျွန်မတို့က စမ်းသပ်နည်းလေးမျိုးလောက်နဲ့ စမ်းသပ်ကြည့်တာပါ၊ အဲဒီလိုစမ်းသပ်ကြည့်လိုက်ရင် မှားနိုင်တဲ့ရာခိုင်နှုန်းဟာ တစ်သန်းပုံတစ်ပုံလောက်ပဲရှိတော့မယ်၊ နောက်ထပ် စမ်းသပ်နည်းသုံးနည်းနဲ့ လစ်ဆာထပ်စမ်းသပ်လိမ့်မယ်၊ နေ့ဝက်လောက်တော့ကြာဦးမယ်၊ အဲဒီလိုစမ်းသပ်ရင်အဖြေအယ်လိုထွက်လာမယ်ဆိုတာ ကျွန်မသိပြီးသားပါ၊ရှင်လည်းသိနေပြီပဲ၊ မဟုတ်ဘူးလား"

"ဆိုပါတော့၊ ကျွန်တော်ယုံရတော့မလိုဖြစ်လာပြီ၊ ကျွန်တော်ဟာ ဘယ်ကလာတာပါလိမ့်"

ဂျင်နီက သူ့အား လေးနက်စွာကြည့်နေရင်းက...

"ရှင်ပြောတာတစ်ခုကျွန်မစိတ်ထဲမှာစွဲနေတယ်၊ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမဆိုတာမရှိဘူးဆိုတာလေ၊ ရှင်ပြောတာတွေကိုထောက်ရင် ရှင့်ရဲ့မိဘနှစ်ပါးဟာကလေးတွေအများကြီးလိုချင်တဲ့ပုံမျိုးပဲ၊သုံးလေးယောက်ပေါ့"

"ခင်ဗျားပြောတာမှန်ပါတယ်၊ ဒါပေမဲ့အမေ့မှာကိုယ်ဝန်ရဖို့အခက်အခဲရှိတယ်၊ သူ့အသက် ၃၃နှစ်အဖေနဲ့အိမ်ထောင်ကျပြီး ၁၀နှစ်အကြာမှာ ကျွန်တော့်ကိုမွေးတာ၊ အဲဒီအကြောင်းနဲ့ပတ်သက်ပြီး အမေကစာအုပ်တစ်အုပ်တောင်ရေးသေးတယ်၊ 'ကိုယ်ဝန်မရလျှင်ဘာလုပ်မည်နည်း'ဆိုတဲ့စာအုပ်ပေါ့၊ အဲဒီစာအုပ်ဟာ အမေ့ရဲ့ပထမဆုံးရောင်းအကောင်းဆုံးစာအုပ်ပဲ၊ အဲဒီကရတဲ့ပိုက်ဆံနဲ့ ဗာဂျီးနီးယားပြည်နယ်မှာ အမေဟာ နေဖို့အိမ်တစ်လုံးတောင်ဝယ်လိုက်သေးတယ်"

"ဒင်းနစ်ကိုမွေးတော့ ရှားလော့ပင်ကာက ၃၉ နှစ်ရှိပြီ၊ သူ့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်မရနိုင်တဲ့ပြဿနာရှိမယ်ဆိုတာ သေချာတယ်၊ ဒီအချက်ဟာထူးခြားနေသလား မသိဘူး"

"ဘယ်လိုဖြစ်လို့လဲ"

"အဲဒါတော့မသိဘူး၊ ရှင့်အမေမှာဒါနဲ့ပတ်သက်လို့ အထူးတလည်ကုသရတာမျိုးရှိသလား"

"ကျွန်တော်လည်းအဲဒီစာအုပ်ကိုမဖတ်ဖူးဘူး၊ ကျွန်တော်ဖုန်းဆက်မေးလိုက်ရမလား"

"ကောင်းသားပဲ"

"အခုလို ထူးဆန်းတဲ့အဖြစ်အပျက်နဲ့ပတ်သက်ပြီး ကျွန်တော်သူတို့ကိုမပြောပြဖို့အချိန်တန်ပြီ"

ဂျင်နီက စားပွဲတစ်လုံးဆီသို့ညွှန်ပြလျက်..

"လစ်ဆာရဲ့ဖုန်းကိုပဲသုံးလိုက်ပါ"

ဖုန်းခေါ်လိုက်သောအခါမိခင်ကဖုန်းကိုင်သည်။

"အမေ"

"ဟိုမိန်းကလေး မင်းကို ကျေကျေနပ်နပ်နဲ့လက်ခံပြီးတွေ့ရဲ့လား"

"ပထမတော့ဘယ်လက်ခံမလဲ၊ ဒါပေမဲ့ ကျွန်တော်အခုသူနဲ့အတူရှိနေတယ်"

"ဒါဆိုတော့ သူက မင်းကိုမမုန်းဘူးပေါ့"

စတီက ဂျင်နီအားလှည့်ကြည့်ကာ..

"သူ ကျွန်တော့်ကိုမမုန်းပါဘူးအမေ၊ ဒါပေမဲ့ ကျွန်တော်ကသိပ်ငယ်နေတယ်လို့ သူထင်နေပုံရတယ်"

"အခုပြောတာတွေ သူနားထောင်နေသလား"

"ဟုတ်တယ်၊ သူရှက်နေသလားမသိဘူးအမေ၊ နောက်တစ်ခုက ကျွန်တော်တို့နှစ်ယောက်ကဓာတ်ခွဲခန်းထဲရောက်နေတယ်၊ ကျွန်တော်တို့မှာမရှင်းတာတစ်ခုရှိနေလို့၊ ကျွန်တော့်ရဲ့ဒီအင်န်အေဟာ သူစမ်းသပ်လေ့လာနေတဲ့ ဒင်းနစ်ပင်ကာဆိုတဲ့ တခြားကောင်တစ်ကောင်ရဲ့ ဒီအင်န်အေနဲ့သိပ်တူနေတယ်"

"တစ်ထပ်တည်းတော့ဘယ်တူနိုင်ပါ့မလဲ၊ တူရင်မင်းတို့နှစ်ယောက်အမြွာတွေဖြစ်ကုန်မှာပေါ့"

"အဲဒီလိုဖြစ်မယ်ဆိုရင် ကျွန်တော့်ကို မွေးစားတာမဖြစ်နိုင်စရာရှိတယ်"

"မင်းကိုမွေးစားတာမဟုတ်ဘူးသား၊ မင်းကအဲဒီလိုထင်နေသလား၊ နောက်ပြီးမင်းကအမြွာတစ်ယောက်လည်းမဟုတ်ဘူး၊ မင်းကိုအမြွာတစ်ယောက်အနေနဲ့မွေး



တာမဟုတ်ဘူးဆိုတာဘုရားသခင်အသိဆုံးပဲ"

"ဒါထက် ကျွန်တော့်ကိုမမွေးခင်က ကိုယ်ဝန်ဆောင်မှုပြဿနာနဲ့ပတ်သက်ပြီး အမေကုသခံရဖူးသလား"

"အေး ကုသခံဖူးတယ်၊ ဆရာဝန်ကအရာရှိတော်တော်များများရဲ့ဇနီးတွေတက်တဲ့ ဖီလဒဲဖီးယားမြို့ကဆေးခန်းတစ်ခန်းကိုသွားပြခိုင်းတယ်၊ အေဗင်တိုင်းဆေးခန်းတဲ့၊ အမေ့ကိုဟော်မုန်းကုသနည်းနဲ့ကုသပေးလိုက်တာ"

ယင်းကို စတီက ဂျင်နီအားပြောပြလိုက်သည်။ ဂျင်နီကစာရွက်ပေါ်တွင်ရေးခြစ်မှတ်သားလိုက်၏။ မိခင်က တစ်ဖန်..

"အဲဒီလိုကုသလိုက်တာအတော်ကို အောင်မြင်တယ်၊ အဲဒါကြောင့် မင်းကိုရတာပေါ့၊ အခုတော့မွေးရကျိုးနပ်ပြီပေါ့၊ ဒီဝါရှင်တန်မြို့မှာပြန်လာပြီး ခေါင်းဖြူနေတဲ့အမေ့ကိုပြုစုရမယ့်အစား ဘော်လ်တီမိုးမြို့မှာသွားထိုင်ပြီး ကိုယ့်ထက်အသက်၇နှစ်လောက်ကြီးတဲ့မိန်းမကိုငမ်းနေတယ်လေ"

စတီကရယ်လျက်...

"ကျေးဇူးပဲအမေ"

"ဟော့ စတီ"

"နားထောင်နေပါတယ်အမေ"

"သား နောက်မကျနဲ့ကွာ၊ မနက်ကျရင် မင်းရှေ့နေတစ်ယောက်နဲ့တွေ့ရဦးမယ်၊ မင်းရဲ့ဒီအင်န်အေကိစ္စကို နောက်မှာထား၊ လောလောဆယ်မင်းရဲ့အမှုကိုရှင်းအောင်လုပ်ရဦးမယ်"

"နောက်မကျပါဘူးအမေ၊ ဒါပဲနော်"

သူက ဖုန်းကိုချလိုက်သည်။ ဂျင်နီက....

"ရှားလော့ပင်ကာဆီကိုကျွန်မအခုပဲဖုန်းဆက်မယ်၊ သူတော့ မအိပ်လောက်သေးပါဘူး"

သူမက ဖုန်းနံပါတ်ကိုလှည့်လိုက်သည်။ ခဏကြာတော့..

"ဟဲလို မစ္စက်ပင်ကာလား၊ ကျွန်မဒေါက်တာဂျင်နီဖာရာမီပါ၊ ဂျုံးဖောတက္ကသိုလ်ကလေ၊ ဟုတ်ကဲ့နေကောင်းပါတယ်၊ ကျေးဇူးပဲ၊ အန်တီကောနေကောင်းရဲ့လား၊ စိတ်တော့မရှိပါနဲ့၊ ကျွန်မတစ်ခုလောက်ထပ်မေးချင်လို့၊ ဟုတ်ကဲ့ ဒင်းနစ်ကိုကိုယ်ဝန်မရှိစဉ်က ကိုယ်ဝန်မဆောင်နိုင်တဲ့ပြဿနာနဲ့ ကုသခံယူဖူးတာရှိပါသလား"

ဂျင်နီ အတန်ကြာအောင် စကားမပြောဘဲ နားထောင်နေသည်။ ထို့နောက်သူ၏မျက်နှာ ဝင်းလက်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ဖီလာဒဲဖီးယားမြို့မှာဟုတ်လား၊ ဟုတ်ကဲ့၊ ကျွန်မကြားဖူးပါတယ်၊ ဟော်မုန်းကုသမှုနော်၊ အတော်စိတ်ဝင်စားစရာကောင်းတယ်၊ ဒီအချက်ဟာ ကျွန်မကိုအများကြီး အထောက်အကူပြုပါတယ်၊ ကျေးဇူးပဲနော်"

သူမ ဖုန်းကိုချလိုက်ပြီး...

"ဟုတ်ပြီကွ၊ ရှားလော့လည်း အဲဒီဆေးပေးခန်းကိုပဲသွားတာ"

"အတော်ထူးဆန်းတာပဲ၊ အဲဒီတော့ ဘယ်လိုအဓိပ္ပာယ်ဖွင့်မလဲ"

"ကျွန်မလည်းမသိဘူး"

ဂျင်နီက ပြောပြီး ဖုန်းကိုကောက်ယူကာ ဖုန်းနံပါတ်ငါးခုကိုလှည့် လိုက်သည်။ ပြီးတော့ သူမက...

"ဖီလာဒဲဖီးယားမြို့ ပြန်ကြားရေးဌာနကို ဘယ်လိုဆက်ရမလဲ၊ ကျေးဇူးပါပဲ"

သူမက ဖုန်းကိုချလိုက်ပြန်သည်။

"အေဗင်တိုင်းဆေးပေးခန်းဖုန်းနံပါတ်ကိုသိချင်ပါတယ်"

သူမအတန်ကြာအောင်စောင့်နေရသည်။သူမက စတီအားလှမ်းကြည့်ကာ...

"အဲဒီဆေးပေးခန်းဟာ နှစ်အတော်ကြာကြာကတည်းက ပိတ်သွားတာလည်းဖြစ်ချင်ဖြစ်မယ်"

စတီမှာသူမအားကြည့်ကာ အညို့ခံနေရသလိုဖြစ်နေသည်။ သူမ၏မျက်နှာကလေးမှာစိတ်အားထက်သန်စွာဝင်းပနေ၏။ ထို့နောက် ရုတ်တရက်သူမက ခဲတံတစ်ချောင်းကောက်ယူပြီး နံပါတ်တစ်ခုကိုရေးခြစ်မှတ်သားနေသည်။

"ကျေးဇူးပါပဲ၊ အဲဒီဆေးပေးခန်း အဲဒီမှာရှိသေးတယ်နော်"

သူမကပြောပြီး ဖုန်းကိုချလိုက်သည်။ စတီမှာတွေတွေကြီးဖြစ်နေသည်။ ခက်ခဲလှစွာသောသူ၏ဇီဇနှင့်ပတ်သက်၍အဆုံးအဖြတ်ကိုသိရတော့မည်။ သူက...

"အဲဒီဆေးပေးခန်းမှာတော့မှတ်တမ်းတွေရှိမှာပဲ၊ အဲဒီအထဲမှာသဲလွန်စရနိုင်တယ်"

"ကျွန်မအဲဒီကိုသွားမှဖြစ်မယ်၊ ရှားလော့ပင်ကာဆီက ခွင့်ပြုချက်လက်မှတ်ထိုးပေးထားတာရှိတယ်၊ ကျွန်မတို့ကအင်တာဗျူးလုပ်တဲ့လူတိုင်းကို အဲဒီလိုခွင့်ပြုချက်လက်မှတ်တောင်းထားလေ့ရှိတယ်၊ သူတို့လက်မှတ်ထိုးထားတဲ့ အဲဒီခွင့်ပြုချက်နဲ့ဆိုရင် ကျွန်မတို့ ဘယ်ဆေးမှတ်တမ်းကိုမဆိုတောင်းကြည့်လို့ရတယ်၊ ရှင့်အမေဆီကရော အဲဒီလိုလက်မှတ်တစ်ခုလောက်ထုတ်ခိုင်းပေးပါလား၊ ပြီးတော့ ကျွန်မဆီကိုဖက်စ်နဲ့ ပို့ပေးလေ"

"စိတ်ချ"



ဂျင်နီက နောက်တစ်ကြိမ် ဖုန်းနံပါတ်များကို လှည့်နေသည်။ ပြီးတော့...

"မင်္ဂလာပါရှင်၊ အေဗင်တိုင်းဆေးခန်းကပါလား၊ ညဘက်တာဝန်ကျမန်နေဂျာရှိပါသလား၊ ကျေးဇူးတင်ပါတယ်"

အတန်ကြာအောင်ငြိမ်သက်နေသည်။ သူမက စိတ်မရှည်နိုင်သလို ခဲတံကို တဒေါက်ဒေါက်ခေါက်နေ၏။ စတီက သူမအားမြတ်နိုးစွာကြည့်နေမိသည်။ သည်လိုအခြေအနေမျိုးတစ်ညလုံးဖြစ်နေချင်၏။

"မင်္ဂလာပါ မစ္စတာဂရင်းဝုဒ်၊ ကျွန်မကဒေါက်တာဂျင်နီဖာရာမီပါ၊ ဂျူးဗောတက္ကသိုလ်စိတ်ပညာဌာနကပါ၊ ကျွန်မလေ့လာနေတဲ့ပုဂ္ဂိုလ်နှစ်ယောက်ဟာ လူကြီးမင်းတို့ဆေးပေးခန်းမှာ ကျွန်ခဲ့တဲ့နှစ်ဆယ့်သုံးနှစ်လောက်က တက်ခဲ့ပါတယ်၊ သူတို့ရဲ့မှတ်တမ်းလေးတွေကို တစ်ချက်ပြန်ကြည့်ချင်လို့ပါ၊ သူတို့လက်မှတ်ထိုးထားတဲ့ ခွင့်ပြုချက်တွေလည်းကျွန်မမှာရှိပါတယ်၊ အဲဒါတွေကိုကျွန်မဖက်စ်နဲ့အရင်ပို့ပေးနိုင်ပါတယ်၊ ဒါဆိုရင်အဆင်ပြေပါတယ်၊ မနက်ဖြန်ဆိုရင်ဖြစ်မလားမသိဘူး၊ နေ့လယ် ၂ နာရီလောက်ပေါ့၊ သိပ်ကိုကျေးဇူးတင်ပါတယ်၊ ဟုတ်ကဲ့ပါရှင် ကျေးဇူးတင်ပါတယ်"

စတီက စဉ်းစားလျက်...

"သားဖွားဆိုင်ရာဆေးပေးခန်းတွေပဲ၊ ဝေါစတြီဂျာနယ်ထဲကသတင်းကို မဖတ်မိရင်ဒီဆေးပေးခန်းတွေဟာ ဂျနတီကိုကူမှုကိုပိုင်တယ်ဆိုတာသိမှာမဟုတ်ဘူး"

ဂျင်နီက သူ့အား ပါးစပ်အဟောင်းသားနှင့်စိုက်ကြည့်နေမိသည်။ ပြီးတော့မှ သူမက တိုးတိုးသံဖြင့်...

"ဘုရား၊ ဘုရား၊ ဒီလိုကိုး"

"ဒီနှစ်ခုဟာ အဆက်အစပ်ရှိမလားမသိဘူး"

"ရှိဖို့သေချာတာပေါ့"

"ရှိတယ်ဆိုရင် ဘယ်လိုဖြစ်မလဲ"

"ရှင်နဲ့ပတ်သက်ပြီး ဘာရင်တန်ဂျူးဟာ အများကြီးသိနေတာဖြစ်မှာပေါ့၊ နောက်ပြီး ဒင်းနှစ်နဲ့ပတ်သက်လို့လည်း၊ သူသိနေလိမ့်မယ်"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ယနေ့တစ်နေ့လုံး သေချင်စော်ကိုနံရော။ တော်သေး၍အားလုံး အဆင်ပြေသွားခဲ့သည်။ ထိုသို့တွေးရင်းဘာရင်တန် ရေပန်းအောက်မှထွက်လိုက်၏။

ကိုယ့်ကိုကိုယ် မှန်ထဲမှာပြန်ကြည့်လိုက်သည်။ အသက် ၃၉ နှစ်ပေမယ့် နုပျိုဆဲ။ သွယ်သွယ်ဖြောင့်ဖြောင့်၊ အသားက မဖြူလွန်း၊ ဗိုက်က ရှပ်ရှပ်။ သို့သော် ယနေ့ကစပြီး ဂျင်နီ့အကြောင်းကိုသာမိမိစဉ်းစားနေခဲ့ရသည်။ သူမမှာ မိမိထင်ထားသည်ထက် ခေါင်းမာသူတစ်ယောက်ဖြစ်၏။ သူမအား လျှော့တွက်၍မဖြစ်။

ဝါရှင်တန်မှအပြန် ပရက်စတန်၏အိမ်ကိုဝင်ကာ နောက်ဆုံးအခြေအနေကို ရှင်းပြခဲ့ရသေး၏။ ထုံးစံအတိုင်းပရက်စတန်မှာလိုသည်ထက်ပို၍ စိတ်ပူနေပြန်သည်။ သူ့ကိုကြည့်ကာ အိမ်သို့ကားမောင်းပြန်လာရင်း စိတ်တွေနောက်ကျိလာရသည်။ အိမ်ထဲကိုဝင်လိုက်တော့တယ်လီဖုန်းကမြည်နေသည်။ ဂျင်ပရစ်ထံမှဆက်သောဖုန်းဖြစ်သည်။သူကအက်ဗ်ဘီအိုင်အနေနှင့်ဂျင်နီကိုအကူအညီမပေးရန် ဒေးဗစ်ကတားပေးမည်ဖြစ်ကြောင်းပြောခြင်းဖြစ်သည်။ လိုအပ်လျှင်မိမိထံဖုန်းထပ်ဆက်မည်ဟူ၍ လည်းဆို၏။

ဘာရင်တန်ကိုယ်ကိုတဘက်နှင့်ရေသုတ်ပြီး အပြာရောင်ညဝတ်ဘောင်းဘီ အပြာနှင့်အဖြူစင်းညဝတ်အင်္ကျီတို့ကိုဝတ်ဆင်လိုက်သည်။ အိမ်ဖော်မေရီအန်းပြန်သွားလေပြီ။ သို့ရာတွင် ရေခဲသေတ္တာထဲ၌အစားအသောက်များစီစဉ်ခဲ့ကြောင်း ကလေးလက်ရေးဖြင့် စာကလေးတစ်ကြောင်း၊ နှစ်ကြောင်းရေးခဲ့သည်။ ထိုစာကိုမီးဖိုထဲပစ်ထည့်ပြီး



ဖန်ခွက်ထဲသို့ဝီစကီထည့်လိုက်၏။ပထမတစ်ငုံသာသောက်လိုက်ရသေး တယ်လီဖုန်းမြည်လာပြန်သည်။

တယ်လီဖုန်းမှာ ကွဲသွားသောဇနီးဟောင်း ဗီဗီထံမှဖြစ်သည်။ သူမက...

"ဝေါစထရီဂျာနယ်ထဲမှာရေးထားတယ်၊ ရှင် ချမ်းသာတော့မယ်ဆိုပါလား"

"မင်း ကိုယ့်ဆီကိုပြန်လာချင်လို့လား"

"ကျွန်မလည်း စဉ်းစားတာပဲ၊ ဒါပေမဲ့ ၁၀ စက္ကန့်လောက်ပဲ အလေးအနက်စဉ်းစားဖြစ်ပါတယ်၊ ဒေါ်လာ သန်း ၁၈၀ လောက်နဲ့တော့ ပြန်လာဖြစ်မယ်မဟုတ်ဘူး"

ထိုစကားကြောင့် ဘာရင်တန်ရယ်မိသည်။ သူမတဆက်၍...

"တကယ်ပြောတာဘာရင်တန်၊ ကျွန်မရှင့်အတွက်ဝမ်းသာတယ်"

သူမတကယ်ရိုးရိုးသားသားပြောနေမှန်း ဘာရင်တန် သဘောပေါက်သည်။ သူမကိုယ်တိုင်လည်း ငွေတွေအများကြီးချမ်းသာသူဖြစ်၏။ မိမိနှင့်ကွဲသွားပြီးနောက် သူမသည် အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းများကိုလုပ်ကိုင်ရာ အောင်လည်းအောင်မြင်ခဲ့သည်။ ဘာရင်တန်က...

"ကျေးဇူးတင်ပါတယ်"

"အဲဒီပိုက်ဆံတွေနဲ့ ရှင်ဘာလုပ်မလဲ၊ ကောင်လေးအတွက်ပေးခဲ့မှာလား"

သူတို့သားမှာ စာရင်းအင်းပညာတက်ရောက်သင်ကြားနေသူဖြစ်သည်။ ဘာရင်တန်က...

"သူ့အတွက်မလိုပါဘူး၊သူ့ရဲ့စာရင်းကိုင်အလုပ်နဲ့အများကြီးချမ်းသာသွားနိုင်တယ်၊ အဲဒီပိုက်ဆံထဲက တချို့တစ်ဝက်ကိုဂျင်ပရစ်ကိုပေးရမယ်၊ သူကသိမ္မာဝင်အရွေးခံမှာလေ"

"ရှင့်အတွက်ဘာအကျိုးရှိမှာမို့လဲ၊ ရှင်ကပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးဖြစ်ချင်လို့လား"

"ဟင့်အင်း၊ ကိုယ်ကဆရာဝန်ကြီးချုပ်ဖြစ်ချင်တာ"

"ရှင်တကယ်ပြောနေတာလား၊ တယ်လီဖုန်းထဲမှာ ရှင့်အဲဒီလောက်အများကြီးပြောဖို့မကောင်းဘူးထင်တယ်"

"ဟုတ်တယ်"

"ကျွန်မ - အမြင့်ကိုတစ်ယောက်နဲ့ချိန်းပြီးသွားဖို့ရှိတယ်၊ဟောတံခါးခေါင်းလောင်းတီးနေပြီ၊ မကြာခင် ပြန်တွေ့ကြသေးတာပေါ့"

ဘာရင်တန်ဖုန်းကိုပြန်ချလိုက်သည်။ သူမအပြင်သို့ချိန်း၍သွားမည်ဆိုတော့စိတ်အားငယ်မိသည်။ ထိုအမျိုးသားက ဘယ်သူများပါလိမ့်။ မိမိမှာတော့ အိမ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ယောက်တည်း ဝီစကီတစ်ခွက်နှင့်နေနေရသည်။ ဖခင်သေဆုံးမှုပြီးလျှင် ဗိုဗို မိမိထံမှထွက်သွားသည်ကို ဝမ်းအနည်းရဆုံးဖြစ်ခဲ့သည်။သူမထွက်သွားသည်ကိုလည်း အပြစ်မတင်လို။ မိမိမှာလည်း စိတ်ပျက်စရာကောင်းလောက်အောင်သစ္စာမဲ့ခဲ့သူဖြစ်၏။ သို့တစေ မိမိသူမကိုချစ်သည်။ မိမိတို့ကွာရှင်းပြီးနောက် ယခု ၁၃ နှစ်ကြာသည် အထိ သူမကိုလွမ်းနေဆဲ။ မိမိဘက်က အပြစ်ဖြစ်ရသဖြင့်ပို၍ဝမ်းနည်းရသည်။သူမနှင့် တယ်လီဖုန်းစကားပြောလိုက်ရသဖြင့် မိမိတို့အတူနေစဉ်ကပျော်ခဲ့ပုံများကိုပြန်လည် သတိရနေမိသည်။

ထို့နောက် ဟင်းများကိုနွေးရင်း ရုပ်မြင်သံကြားကိုဖွင့်လိုက်သည်။ မီးဖိုပေါ်မှ ဟင်းအိုးကိုလှမ်းယူမည်ပြုစဉ် တယ်လီဖုန်းမြည်လာသည်။ ဤတစ်ကြိမ်တွင်မူ ပရက်စတန်ထံမှဖြစ်၏။ သူက အသံတုန်တုန်ရင်ရင်ဖြင့်..

"ဗီလဒီဗီးယားမြို့က ဒစ်မင်စကီဆီက အကြောင်းကြားလာတယ်၊ ဂျင်နီဟာ အေဗင်တိုင်းဆေးပေးခန်းကိုလာဖို့ချိန်းနေသတဲ့"

ဘာရင်တန်က လေးကန်စွာထိုင်ချလိုက်သည်။

"ဒုက္ခပါပဲ၊ ဒီဆေးပေးခန်းကို ဒီမိန်းမဘယ်လိုလုပ်သိသွားပါလိမ့်"

"အဲဒါတော့မသိဘူး၊အဲဒီမှာဒစ်လည်းမရှိဘူး၊ညဘက်တာဝန်ကျမန်နေဂျာ ကဖုန်းကိုင်တာတဲ့၊ ဒါပေမဲ့ပြောပုံအရတော့ ဂျင်နီသုတေသနလုပ်နေတဲ့လူတွေထဲက တချို့ဟာ ဟိုအရင်ကတည်းကအဲဒီဆေးပေးခန်းမှာကုသခံခဲ့ဖူးလို့ အဲဒီဆေးမှတ်တမ်း တွေကြည့်ချင်တာတဲ့၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေရဲ့ခွင့်ပြုချက်တွေကိုလဲ ဖက်စ်ကတစ် ဆင့်ပို့ပေးမယ်တဲ့၊ အဲဒီကိုနေ့လယ်(၂)နာရီလောက် သူရောက်မယ်လို့ပြောတယ်၊ ကံကောင်းလို့ ဒစ်လဲဂျူတီဝင်ရော ညတာဝန်ကျမန်နေဂျာက အဲဒီကိစ္စတွေပြောပြတယ်"

ဒစ်မင်စကီမှာ ၁၉၇၀ ပြည့်လွန်နှစ်များဆီက ဂျနတ်ကိုကုမ္ပဏီမှာ ပထမ ဆုံးအလုပ်ခန့်သည့်လူတွေထဲမှတစ်ယောက်ဖြစ်သည်။ထိုစဉ်က စာပို့ဌာနမှအလုပ်သ မားလေးတစ်ယောက်မျှသာဖြစ်သည်။ယခုတော့ ဆေးပေးခန်း၏အထွေထွေမန်နေဂျာ ဖြစ်နေလေပြီ။ ကုမ္ပဏီ၏အတွင်းစည်းထဲမှ လူတစ်ယောက်တော့မဟုတ်။အတွင်း စည်းထဲတွင်ကျင်၊ ပရက်စတန်နှင့်ဘာရင်တန်တို့သာရှိ၏။သို့ရာတွင် ဒစ်မင်စကီသည် ကုမ္ပဏီ၏အတိတ်ကလျှို့ဝှက်ချက်များကိုသိထားသူဖြစ်သည်။ နှုတ်လည်းအလွန် လုံ၏။ ဘာရင်တန်က...

"ဒစ်ကို ခင်ဗျားဘယ်လိုပြောလိုက်သလဲ"

"တွေ့ဖို့ချိန်းထားတာကိုဖျက်လိုက်လို့ပြောတာပေါ့၊တကယ်လို့ ဂျင်နီရောက် လာရင်လည်းပြန်လွှတ်လိုက်၊ ဒီမှတ်တမ်းတွေကိုကြည့်ခွင့်မရှိဘူးလို့ ပြောလိုက်ဖို့ မှာထားတယ်"



ဘာရင်တန်က ခေါင်းကိုရမ်းလျက်..

"ဒါလည်း မကောင်းသေးဘူး"

"ဘာဖြစ်လို့လဲ"

"အဲဒါဆိုရင် သူက ပိုပြီးသိချင်လာမှာပေါ့၊ ဒီဖိုင်တွေကိုကြည့်နိုင်ဖို့ သူတခြား နည်းလမ်းတစ်ခု ရှာလိမ့်မယ်"

"ဘယ်လိုဟာမျိုးလဲ"

"သူ့နေရာမှာကျုပ်သာဆိုရင်လင်းစ်မင်းကုမ္ပဏီက မိုက်ကယ်မက်ဒီဂန်ရဲ့ အတွင်းရေးမှူးမလေးကိုဖုန်းဆက်ပြီး အေဗင်တိုင်းဆေးပေးခန်းရဲ့ ကျန်ခဲ့တဲ့၂၃နှစ် လောက်က မှတ်တမ်းတွေကိုမိုက်ကယ်ယူကြည့်ဖို့ပြောခိုင်းမှာပေါ့၊အဲဒါဆိုရင် မိုက်ကယ် ကမေးလားစမ်းလားလုပ်လာနိုင်တယ်"

"ဒါဆိုရင် ခင်ဗျားက ဘယ်လိုဖြစ်ချင်သလဲ"

"၁၉၇၀ ပြည့်လွန်နှစ်တွေက မှတ်တမ်းတွေကိုဖျက်ဆီးပစ်လိုက်ရမှာပေါ့"

"အဲဒီမှတ်တမ်းတွေဟာ သိပ်အရေးကြီးတယ်ဘာရင်တန်၊ သိပ္ပံဘက်ဆိုင် ရာအရ တန်ဖိုးမဖြတ်နိုင်..."

"ဒါကို ကျုပ်မသိတာမှမဟုတ်ဘဲ"

"တခြားနည်းလမ်းရှာပါဦးဗျာ"

ဘာရင်တန်သက်ပြင်းချလိုက်မိသည်။ မိမိလည်း ပရက်စတန်လိုပင် ခံစားနေ ရ၏။အနာဂတ်ကာလတစ်နေ့တွင် မိမိတို့၏ရှေ့ဆောင်စမ်းသပ်ချက်များ၊ ထက်မြက် သော သိပ္ပံပညာရပ်ကိုရဲရဲတင်းတင်းလုပ်ဆောင်ခဲ့သည်များ ကမ္ဘာကိုသိအောင် တစ်စုံ တစ်ယောက်က ရေးသားဖော်ပြပေးလိမ့်မည်ဟုတွေးတောထားခဲ့သည်။ ယခုတော့ ဤ အထောက်အထားအချက်အလက်တွေကို မသိမသာသောနည်းဖြင့်ဖျက်ဆီးပစ်ရမည်ဆို သောအခါ အသည်းကွဲမတတ်ခံစားရသည်။ သို့ရာတွင် ရှောင်လွှဲ၍လည်းမရတော့။ သူက...

"ဒီမှတ်တမ်းတွေရှိနေရင် ကျုပ်တို့အတွက်အန္တရာယ်ပဲ၊သူတို့ကို ဖျက်ဆီး ပစ်မှဖြစ်မယ်၊ ဒါဆို အခုချက်ချင်းလုပ်ရလိမ့်မယ်"

"ဝန်ထမ်းတွေကို ကျုပ်တို့ ဘယ်လိုပြောမလဲ"

"သွားစမ်းပါဗျာ၊ ကျုပ်ဘယ်သိမလဲ၊ တစ်ခုခုကြံပြောလိုက်ပေါ့၊ ကုမ္ပဏီ ရဲ့စာရွက်စာတမ်းတွေနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာမူဝါဒတစ်ခုလို့ပြောလိုက် ပေါ့၊ မနက်ဖြန်မနက် သူတို့စာရွက်စာတမ်းတွေကိုပြေးဖျက်ဆီးပစ်ရင်ပြီးရော၊ ခင်ဗျား ဘာသာပြောချင်ရာပြောလိုက်"

"ခင်ဗျားပြောတာမှန်ပါလိမ့်မယ်၊ ကောင်းပြီလေ၊ကျုပ်ဒစ်ဆီကို အခုပဲဖုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်မယ်၊ ခင်ဗျားကဂျင်ဆီကိုဖုန်းဆက်ပြီး အဲဒီအကြောင်းတွေပြောလိုက်"

"ကောင်းပြီ"

"ဒါပဲလေ"

ဘာရင်တန်ကဂျင်၏အိမ်သို့ဖုန်းဆက်လိုက်သည်။ ဂျင်၏မိန်းမက ဖုန်းကိုကိုင်ပြီး ဂျင်ထံသို့လွှဲပေးသည်။ ဂျင်က

"ကျုပ် အိပ်ရာထဲရောက်နေပြီ ဘာရင်တန်၊ ကဲဘာပြောမလို့လဲ"

ဘာရင်တန်အကြောင်းစုံရှင်းပြလိုက်သည်။ ပြီးတော့မိမိတို့ မည်သို့လုပ်ပစ်မည်ကိုလည်းပြောပြ၏။ ဂျင်က...

"အဲဒီလိုလုပ်လိုက်တာကောင်းတယ်၊ ဒီလောက်နဲ့မရသေးဘူး၊ဒီဂျင်နီဆိုတဲ့မိန်းမဟာ နောက်တစ်မျိုးနဲ့ဒုက္ခပေးလာနိုင်သေးတယ်"

ဘာရင်တန်ဒေါသထွက်သွားသည်။ဂျင်မှာ တော်ရုံတန်ရုံနှင့် အားရသူမဟုတ်။ သူ့ကိုတင်ပြလိုက်လျှင် သူကအမြဲတမ်းအကြမ်းနည်းကိုသုံးချင်သည်။ အဆုံးစွန်ဆောင်ရွက်မှုမျိုးလုပ်ချင်သည်။ ထို့နောက် ဘာရင်တန်စိတ်ကိုထိန်းလိုက်ရ၏။ ဤတစ်ကြိမ် ဂျင်ပြောသည်မှာ မှန်ပေလိမ့်မည်။ ဂျင်နီမှာ အမဲလိုက်ခွေးတစ်ကောင်ပမာအနံ့ရလျှင် မနားတမ်းလိုက်တတ်သည်မျိုး။ တစ်ချက်လောက်အခက်အခဲရှိရုံနှင့် သူမလက်လျှော့မည်မဟုတ်။ ဘာရင်တန်က...

"ခင်ဗျားပြောတာကျုပ်လက်ခံတယ်၊ နောက်ပြီးတော့ စတီလိုက်နဲလည်းအချုပ်ထဲကလွတ်လာပြီ၊ ဒါကြောင့်ဂျင်နီတစ်ယောက်တည်းမဟုတ်တော့ဘူး၊ ကျုပ်တို့ဒီမိန်းမကို ကြိုးရှည်ရှည်နဲ့လှန်ရမယ်"

"သူ့ကိုကြောက်သွားအောင်လုပ်ရမယ်"

"ခုက္ခပါပဲ ဂျင်ရယ်"

"ဒီကိစ္စကိုခင်ဗျားကတော့ကြိုက်မှာမဟုတ်ဘူး၊ ဒါပေမဲ့ ဒါကိုလုပ်ကိုလုပ်ရမယ်"

"ထားလိုက်စမ်းပါဗျာ"

"ဒီမယ်"

"ခဏနားထောင်စမ်းပါဦး၊ ကျုပ်မှာ အဲဒါထက်ကောင်းတဲ့အကြံရှိပါတယ်"

"ကောင်းပြီ၊ နားထောင်မယ်လေ"

"ကျုပ် သူ့ကို အလုပ်ထုတ်ပစ်လိုက်မယ်"

ဂျင်က အနည်းငယ်စဉ်းစားလိုက်ပြီးနောက်...

"အဲဒါတော့ မသိဘူး၊ အဲဒီလိုလုပ်ရင် အဆင်ပြေမလား"

"ပြေတာပေါ့၊စဉ်းစားကြည့်လေ၊ဒါဟာဝဆိုင်ရာထူးခြားမှုတစ်ခုကို ခလုတ်



တိုက်ပြီးတွေ့တာ၊ ဒါကိုအကြောင်းပြုပြီးသူ့အလုပ်ရထားတာ၊ဒါပေမဲ့ ဒါရဲ့နောက်ကွယ်မှာဘာတွေရှိနေတယ်ဆိုတာသူမသိသေးဘူး၊သူယုံကြည်ထားတာက ဒီတာ့ဗ္ဗသိုလ်ဟာလူ့ထုရဲ့အငြိုအငြင်မခံနိုင်ဘူးဆိုတာလောက်ပဲ၊ သူဒီအလုပ်ကပြုတ်သွားရင်ဒီကိစ္စကိုစုံစမ်းဖို့လည်းမဖြစ်နိုင်တော့ဘူး၊ဒီကိစ္စကိုဖက်တွယ်နေစရာလည်းအကြောင်းမရှိတော့ဘူး၊ နောက်ပြီးနောက်အလုပ်တစ်ခုရဖို့လုံးပန်းနေရတာနဲ့ အားမှာလည်းမဟုတ်ဘူး၊သူ့မှာငွေလိုနေတယ်ဆိုတာကျုပ်သိနေတယ်လေ"

"ခင်ဗျားပြောတာ မှန်ပါလိမ့်မယ်"

ဂျင်ပရုစ် ယခုလိုအလွယ်တကူလက်ခံလိုက်သည့်အတွက်ဘာရင်တန်မယုံသင်္ကာဖြစ်သွားရသည်။ သူက..

"ခင်ဗျားသဘောနဲ့ခင်ဗျားတော့ဘာမှမလုပ်နဲ့နော်"

ဂျင်က ထိုစကားကိုရှောင်လွှဲကာ...

"ခင်ဗျားလုပ်လို့ရပါ့မလား၊ သူ့ကိုအလုပ်ထုတ်ပစ်လို့ရပါ့မလား"

"ရပါတယ်"

"ဒါထက် ခင်ဗျားအင်္ဂါနေ့တုန်းကပြောတော့ဒါဟာတက္ကသိုလ်၊ စစ်တပ်မဟုတ်ဘူးဆို"

"ဟုတ်တယ်လေ၊ ခင်ဗျားတို့ဆီမှာလိုလူတွေကိုအော်ဟစ်ပြီးနိုင်း၊ နိုင်းတဲ့အတိုင်းလုပ်တာမျိုးမရှိဘူး၊ ကျုပ်ပညာရေးလောကကိုရောက်တာနှစ်ပေါင်း ၄၀ ရှိပြီ၊ ဒီနယ်ပယ်မှာဘယ်လိုလုပ်ရတယ်ဆိုတာ ကျုပ်သိတယ်၊ လိုအပ်လာရင် လက်ထောက်ပါမောက္ခကိုတောင် အသာကလေး အလုပ်ထုတ်ပစ်လိုက်လို့ရတယ်"

"ကောင်းပြီလေ"

ဘာရင်တန်က မျက်မှောင်ကြုတ်လျက်...

"ဒီကိစ္စမှာ ကျုပ်တို့နှစ်ယောက်တစ်သဘောတည်းနော်ဂျင်"

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ အိပ်ပျော်အောင်အိပ်လိုက်တော့"

"မင်္ဂလာညပါ"

ဘာရင်တန်တယ်လီဖုန်းကိုချလိုက်သည်။ သူစားမည့်ဟင်းကအေးချွမ်နေလေပြီ။ ထိုဟင်းကိုအမှိုက်ပုံးထဲသို့သွန်ထည့်လိုက်ပြီး အိပ်ရာဝင်သွားတော့သည်။

ဂျင်နီအကြောင်းကို အိပ်မပျော်ဘဲအတန်ကြာအောင်စဉ်းစားနေမိ၏။ မနက်၂နာရီထိုးတော့ထပြီးအိပ်ဆေးသောက်သည်။ နောက်ဆုံးတွင်သူ အိပ်ပျော်သွားတော့သည်။

၀ ၀ ၀

www.burmeseclassic.com

## အခန်း (၂၉)

ဖီလဒဲဖီးယားမြို့တွင် မှုအိုက်သောညတစ်ညဖြစ်သည်။ နေပေါင်းအိမ်ရာတိုက်ကြီးတစ်လုံးတွင် ပြတင်းပေါက်အားလုံးဖွင့်ထားကြ၏။ အခန်းတိုင်းတွင် လေအေးပေးစက်မရှိကြ။ အပေါ်ဆုံးထပ်အခန်းနံပါတ် ၅(က)တွင် အခန်းပေါ်မှအသံဗလံများလွင့်မျောတက်လာကာကြားနေရ၏။ ကားဟွန်းသံများ၊ ရယ်သံများ၊ တေးဂီတသံများဖြစ်သည်။ စီးကရက်မီးလောင်သဖြင့် ကျွမ်းနေသောအကွက်များရှိရာ ထင်းရှူးသားအပေါ်စား စားပွဲပေါ်တွင် တယ်လီဖုန်းတစ်လုံးကမြည်နေသည်။

သူက ဖုန်းကိုကောက်ကိုင်လိုက်၏။ တစ်ဖက်မှ ခွေးဟောင်သံနှင့်တူသော အသံတစ်သံက…

"ငါ့ ဂျင်ပါကွ"

"ဪ၊ အန်ကယ်ဂျင် နေကောင်းတယ်နော်"

"ငါ မင်းအတွက် စိတ်ပူနေတာ"

"ဘယ်လိုကြောင့်လဲ"

"တနင်္ဂနွေနေ့က အဖြစ်အပျက်တွေငါသိတယ်"

သူက မည်သို့ပြန်ပြောရမည်မှန်းမသိသဖြင့် အနည်းငယ်တုန့်ဆိုင်းနေပြီးမှ…

"အဲဒီကိစ္စအတွက်သူတို့တစ်ယောက်ကိုဖမ်းသွားတယ်၊ ဒါပေမဲ့ အဲဒီကောင်



ရဲ့ရည်းစားကသူ့မှာအပြစ်မရှိဘူးလို့ထင်နေတယ်"

"အဲဒီတော့"

"အဲဒီမိန်းကလေး မနက်ဖြန်ဖီလဒဲဖီးယားမြို့ကိုလာလိမ့်မယ်"

"ဘာလုပ်ဖို့လဲ"

"အဲဒါတော့ ငါမသိဘူး၊ ဒါပေမဲ့ ဒီမိန်းကလေးကအန္တရာယ်ကောင်ပဲ"

"ဟာ…"

"အဲဒီမိန်းမကို မင်းတစ်ခုခုလုပ်ပစ်လိုက်စမ်း"

"ဘယ်လိုဟာမျိုးလဲ"

"အဲဒါကတော့မင်းအပေါ်မှာမူတည်တယ်"

"ကျွန်တော်ကသူ့ကိုဘယ်လိုလုပ်ရှာရမလဲ"

"အေဗင်တိုင်းဆေးပေးခန်းကို မင်းသိတယ်မဟုတ်လား၊ မင်းနေတဲ့ပတ်ဝန်းကျင်မှာပဲ"

"သိတယ်၊ ချက်စ်နပ်လမ်းမှာလေ၊ ကျွန်တော်အဲဒီရှေ့ကနေ့တိုင်းဖြတ်သွားတာပဲ"

"အဲဒီမိန်းမ အဲဒီကို ၂ နာရီမှာရောက်လာလိမ့်မယ်"

"သူမှန်း ကျွန်တော်က ဘယ်လိုလုပ်သိမှာလဲ"

"အရပ်မြင့်မြင့်၊ ဆံပင်ကအနက်၊ နှာခေါင်းကချွန်ချွန်၊ အသက် ၃၀ လောက်ရှိမယ်"

"အဲဒီလိုပုံစံမျိုးမိန်းမတွေကအများကြီးပဲဟာ"

"သူက အနီရောင်မာစီဒီးကားဟောင်းကြီးတစ်စီးမောင်းလာနိုင်တယ်"

"ဒါဆိုရင်တော့ နည်းနည်းနီးစပ်သွားပြီ"

"နောက်ပြီး မင်းသိထားရမှာက ဟိုတာခြားတစ်ကောင်ဟာ အာမခံနဲ့လွတ်နေတယ်"

သူက မျက်မှောင်ကြုတ်လျက်…

"အဲဒီတော့ ဘာဖြစ်လဲ"

"အဲဒီတော့ မင်းကိုဒီမိန်းမနဲ့အတူမြင်သွားကြပြီးတဲ့နောက် ဒီမိန်းမမတော်တဆတစ်ခုခုဖြစ်သွားတာမျိုးဆိုရင်…"

"ကျွန်တော်သဘောပေါက်ပြီ၊ လူတွေက အဲဒါဟာ ဟိုအကောင်လို့ပဲထင်ကြမယ်"

"မင်းဟာ အတော်သဘောပေါက်လွယ်တဲ့ကောင်ပဲ၊ လူကလေး

www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်လျက်..

"အန်ကယ်ကလည်း တော်တော်အကြံကောင်းတာပဲ"

"နောက်တစ်ခုရှိသေးတယ်"

"ကျွန်တော်နားထောင်နေပါတယ်"

"အဲဒီမိန်းမက အတော်လှတယ်ကွ၊ နည်းနည်းခံစားကြည့်လိုက်ပေါ့ကွာ"

"ဒါပဲနော်အန်ကယ်၊ ကျေးဇူးပဲ"

○ ○ ○

# အခန်း (၃၀)

ဂျင်နီ အိပ်ရာမှလန့်နိုးတော့ တံခါးခေါင်းလောင်းသံနားထဲမှာကြားနေရသည်။ အချိန်မှာ မနက် ၆နာရီသာရှိသေး၏။ သူမခဏမှိန်း၍လှဲနေသည်။ ပြီးမှနံတင်ပေါ်မှ ဆင်းကာ တံခါးပေါက်နှင့်ဆက်ထားသည့်အင်တာကွန်းဖုန်းဆီသို့သွားပြီး...

"ဟဲလို"

"ဂီတာပါ၊ ထစမ်းပါဦး၊ ငါအထဲဝင်ပါရစေ"

ဂီတာမှာဘော်လ်တီမိုးမြို့တွင်နေထိုင်ပြီး ဝါရှင်တန်ရှိအက်ဖ်ဘီအိုင်ဌာနချုပ်သို့သွားရောက်အလုပ်ဆင်းရသူဖြစ်သည်။ သူမမနက်စောစောရုံးသွားရင်းဝင်လာခဲ့ဟန်ရှိ၏။ ဂျင်နီကအောက်ထပ်ရှိအိမ်အဝင်တံခါးကိုဖွင့်သည့်ခလုတ်ကိုနှိပ်လိုက်သည်။

ပြီးတော့ သူမက အလွန်ကြီးသောတီရှပ်ကြီးကိုစွပ်ချလိုက်ရာ တီရှပ်မှာဒူးအထိဖုံးသွားတော့သည်။ မိန်းကလေးသူငယ်ချင်းဆိုတော့ကိစ္စမရှိ။ ဂီတာလှေကားမှတက်လာသည်။အောင်မြင်နေသောကုမ္ပဏီအမှုဆောင်ဒါရိုက်တာ လူကြီးတစ်ယောက်ဟန်ပန်မျိုးဖြင့် ကျကျနနဝတ်စားထား၏။ဆံပင်ကလည်း ဂုတ်ဝဲညှပ်ထားသည်။ အပေါ်စားဖန်ထည်နားကပ်ကိုလည်းဝတ်ဆင်ထား၏။ ဂီတာမှာ နယူးယောက်တိုင်းသတင်းစာကို ချိုင်းတွင်ညှပ်လျက်က...

"ဘာတွေဖြစ်ကုန်ကြတာလဲ"

"ငါလည်းဘာမှမသိဘူး၊ ငါအခုမှနိုးတာ"

ဂျင်နီကပြောလိုက်သည်။ မကောင်းသည့်သတင်းကြားရတော့မည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂီတက…

"ငါ့အထက်အရာရှိကမင်းနဲ့ဘာမှဆက်မလုပ်ပါနဲ့လို့ ညကငါ့ကိုပြောတယ်"

"ဟယ်၊ သေစမ်းပါဟာ၊ ဘာကြောင့်လဲလို့ သူကပြောသေးလား"

မိမိကွန်ပျူတာပရိုဂရမ်ကောင်းမွန်ကြောင်း သက်သေပြရန် အက်ဖ်ဘီအိုင်မှ အချက်အလက်များရရှိဖို့ လိုသည်။ ဂီတက…

"နင်လုပ်ပုံက အများပြည်သူရဲ့ပုဂ္ဂိုလ်ရေးကိစ္စကိုစွက်ဖက်ရာကျတယ်တဲ့"

"ဒီလိုကိစ္စမျိုးလေးလောက်ကို အက်ဖ်ဘီအိုင်ကအရေးတယူလုပ်နေတာ ထုံးစံတော့ သိပ်မဟုတ်ဘူး"

"နယူးယောက်တိုင်းသတင်းစာထဲမှာလည်း အဲဒီအတိုင်းပဲရေးထားတယ်"

ဂီတကဂျင်နီအားသတင်းစာပြသည်။မျက်နှာဖုံးပေါ်ရှိ သတင်းဆောင်းပါး၌

*ဗီဇသုတေသနကျွမ်းဝင်၊ သံသယစိုးရိမ်စိတ်နှင့်*

*ဂျင်နီဖာရာမီမှာ ဆုံးဖြတ်ချက်အတိုင်းလုပ်တတ်သောမိန်းကလေးတစ်ယောက်ဖြစ်သည်။ သိပ္ပံပညာလုပ်ဖော်ကိုင်ဖက်များနှင့်ဂျုံးဖောတက္ကသိုလ် အဓိပတိတို့၏ဆန္ဒကိုဆန့်ကျင့်ကာခေါင်းမာစွာဖြင့်အမြွှာများကိုရှာဖွေရန် ဆေးဖက်ဆိုင်ရာ အချက်အလက်များကို ဆက်လက်ပြီး…*

*"ကျွန်မက စာချုပ်နဲ့လုပ်တာ၊ ကျွန်မကိုအမိန့်ပေးလို့မရဘူး" ဟု ပြောသည်။*

*ကျင့်ဝတ်သိက္ခာနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်ရှိသော်လည်း သူမကနောက် မဆုတ်။*

*ဂျုံးဖောတက္ကသိုလ်စိတ်ပညာဌာနမှ ဒေါက်တာဂျင်နီဖာရာမီကြောင့် တက္ကသိုလ်အာဏာပိုင်များခေါင်းခဲနေကြရသည်။ တက္ကသိုလ်အဓိပတိမောရစ်အိုဘဲနှင့် စိတ်ပညာပါမောက္ခဘာရင်တာန်ဂျုံးတို့က ဤလုပ်ရပ်မှာသိပ္ပံပညာကျင့်ထုံးသိက္ခာနှင့် မညီညွတ်ဟုဆိုသော်လည်းသူမကထိုအလုပ်ကိုရပ်တန့်ခြင်းမရှိခဲ့။ သူမကိုဖြောင်းဖြ၍မရ။*

ဂျင်နီက သတင်းကိုဆုံးအောင်ဖတ်ကြည့်သော်လည်း ဤလုပ်ရပ်မှာ ကျင့်ဝတ်သိက္ခာအရ အပြစ်မရှိကြောင်း မိမိ၏ပြောကြားချက်ကိုဖော်ပြထားခြင်းမရှိပေ။ သတင်းတစ်ခုလုံးမှာမိမိဘက်ကအာခံမည့်သဘောပေါ်လွင်အောင် ရေးထားခြင်းသာ ဖြစ်သည်။

ဤသို့ပုတ်ခတ်ရေးသားခံရသည်မှာရှက်စရာလည်းကောင်း၊ နာကြည်းစရာလည်းကောင်းသည်။သတင်းထောက်မှာ ဤသတင်းကိုမလိုတမာ၊ မဆင်မခြင်ရေးလိုက်သည့်မှန်သော်လည်းမိမိမှာတကယ်ပင် မဟုတ်မဟပ်လုပ်မိသကဲ့ သို့ရှက်မိသည်။



မိမိအဖို့တစ်နိုင်ငံလုံးကမေးငေါ့စရာလည်းဖြစ်လာသည်။ ဂျင်နီက…

"ငါ့အဖို့တော့ ဒီကွန်ပျူတာအချက်အလက်တွေရှာဖွေပေးမယ့်လူတွေ့ဖို့ မလွယ်တော့ဘူး။ ကဲ နင်ကော်ဖီသောက်ဦးမလား၊ ငါလည်းလန်းသွားအောင် တစ်ခုခု သောက်ဦးမှဖြစ်မယ်၊ စောစောစီးစီး ဒီလိုဆိုးဝါးတဲ့အခြေအနေမျိုးနဲ့ တစ်ခါမှမကြုံဖူး သေးဘူး"

"စိတ်မကောင်းပါဘူး ဂျင်နီရယ်၊ အခုဟာကငါတို့ဌာနနဲ့ပတ်သက်နေတော့ ငါပါ ပြဿနာတက်နေတယ်"

ဂျင်နီက ကော်ဖီဖျော်စက်ကိုပြင်ဆင်နေရင်း အတွေးတစ်ခုဝင်လာကာ…

"ဒီဆောင်းပါးဟာမတရားဘူး၊မင်းအထက်အရာရှိညကမင်းကိုပြောတယ် ဆိုတော့သူဒီဆောင်းပါးကြောင့်ပြောတာမဖြစ်နိုင်ဘူး"

"ဒီဆောင်းပါး ပါလာမယ်ဆိုတာ သူသိနေလို့ဖြစ်မှာပေါ့"

"ဒါကိုဘယ်သူ့လက်ထောက်ချလိုက်ပါလိမ့်"

"အဲဒါတော့အတိအကျသူမပြောဘူး၊ ဒါပေမဲ့သူ့ကိုလွှတ်တော်က ဖုန်းဆက် တာလို့ပြောတယ်"

ဂျင်နီ မျက်မှောင်ကြုတ်လျက်…

"ဒါဆိုရင်တော့နိုင်ငံရေးနဲ့တောင်ပတ်သက်နေတဲ့သဘောပဲ၊ အထက်လွှတ် တော်အမတ်ဒါမှမဟုတ် အောက်လွှတ်တော်အမတ်တစ်ယောက်က အက်ဖ်ဘီအိုင်ကို ငါနဲ့မပတ်သက်ဖို့ပြောတဲ့အထိဖြစ်လောက်အောင်ငါလုပ်တာကိုသူက ဘာကြောင့်များ ဒီလောက်တောင်စိတ်ဝင်စားနေရတာလဲ"

"ဒါကတော့ ဒီဆောင်းပါးနဲ့ပတ်သက်ပြီး သိနေတဲ့တစ်ယောက်ယောက်က ရင်းရင်းနှီးနှီးနဲ့ သတိပေးတဲ့သဘောလည်းဖြစ်နိုင်တာပဲ"

ဂျင်နီက ခေါင်းကိုရမ်းလျက်…

"ဆောင်းပါးထဲမှာအက်ဖ်ဘီအိုင်နဲ့ပတ်သက်ပြီးဘာမှမပါဘူး၊ အက်ဖ်ဘီအိုင် က ကွန်ပျူတာဖိုင်ကိုငါကြည့်မယ်ဆိုတာဘယ်သူမှမသိဘူး၊ ဘာရင်တန်ကိုတောင် ငါမပြောဘူး"

"ဖုန်းဆက်တာဘယ်သူလဲဆိုတာငါစုံစမ်းကြည့်မယ်"

ဂျင်နီက ရေခဲသေတ္တာထဲကို ငေးကြည့်ရင်း…

"နင် မနက်စာစားပြီးပြီလား၊ ဒီမှာစားစရာတွေရှိတယ်"

"နေပါစေတော့ဟာ"

"အေး၊ ငါလည်း သိပ်မဆာဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီက ရေခဲသေတ္တာတံခါးကိုပိတ်လိုက်သည်။ သူမအတော်ပင်စိတ်ညစ်နေမိ၏။ မိမိဘာမျှမလုပ်နိုင်တော့ဘူးလား။ သူမက…

“ဂီတာ၊ ငါ့ကီစွကိုမင်းအထက်အရာရှိမသိဘဲနဲ့လုပ်မပေးစေချင်ဘူးဟာ”

“ငါ နင့်ဆီကိုမနေ့ကအီးမေးလ်နဲ့ပို့လိုက်တဲ့စာရသလား”

“ငါ မနက်အစောကြီးထွက်သွားတာ၊ အဲဒီထဲမှာ ဘာတွေရေးထားသလဲ”

“အဲဒီညမှာ မင်းကိစ္စကို ငါလုပ်ပေးမယ်လို့ရေးထားတာ”

“အဲဒီတော့ နင်လုပ်လိုက်သလား”

“အေး၊ ဒါကြောင့်မို့နင့်ဆီကိုငါလာတွေ့တာ၊ ငါ့အထက်အရာရှိ ငါ့ဆီကိုဖုန်းမဆက်ခင် ငါလုပ်ပြီးသွားပြီ”

ရုတ်တရက် ဂျင်နီ မျှော်လင့်ချက်များပြန်လည်ပြည့်ဝလာသည်။ သူမက…

“ဘာ၊ နင်အဲဒီအဖြေတွေပို့လိုက်ပြီပေါ့၊ ဟုတ်လား”

“အဲဒါတွေကို ငါ နင့်ဆီ အီးမေးလ်နဲ့ပို့လိုက်ပြီ”

ဂျင်နီ အတော်ပင်ပျော်သွားသည်။ သူမက…

“ဟာဝမ်းသာစရာကြီး၊ နင်အဲဒါတွေဖတ်ကြည့်လိုက်သေးသလား၊ အဲဒါတွေထဲမှာအမြွာတွေအများကြီးပဲလား”

“အများကြီးပဲ၊ အတွဲပေါင်း ၂၀၊ ၃၀လောက်ရှိမယ်”

“သိပ်ကောင်းတာပဲ၊ ဒါဆိုရင် ငါ့ရဲ့ပရိုဂရမ်အောင်မြင်တာပေါ့”

“ဒါပေမဲ့အထက်အရာရှိကို ငါဒီလိုလုပ်မပေးလိုက်ပါဘူးလို့ပြောထားတယ်၊ ငါလည်းကြောက်တာနဲ့လိမ်လိုက်ရတယ်”

ဂျင်နီက မျက်မှောင်ကြုတ်လျက်…

“အဲဒါတော့ သိပ်မကောင်းဘူး၊ တကယ်လို့ တစ်ချိန်ချိန်မှာအဲဒီအကြောင်းသူသိသွားရင်ဘယ့်နှယ့်လုပ်မလဲ”

“ဟုတ်တယ် ဂျင်နီရယ်၊ အဲဒီစာရင်းကို နင်ဖျက်ဆီးပစ်လိုက်ပါ”

“ဘာ”

“တကယ်လို့များ သူသိသွားရင် ငါတော့သေပြီပဲ”

“ဒါတော့ ငါမဖျက်ဆီးနိုင်ဘူး၊ ငါ့ဘက်ကမှန်တယ်ထင်လို့ကတော့ ဖျက်ဆီးလို့မဖြစ်ဘူး”

ဂီတာ မျက်နှာတည်တည်ဖြင့်…

“နင် ဖျက်ကိုဖျက်ဆီးပစ်ရမယ်”

“ဘယ်ဖြစ်မလဲဟယ်၊ ငါ့ကိုကယ်တင်မယ့်ကိစ္စတစ်ခုကို ငါဘယ်လိုလုပ်



ဖျက်ဆီးပစ်နိုင်မှာလဲ”

“နင့်ကိုငါကူညီမိလို့ ငါချောက်ကျရပြီ၊ ဒါကိုနင်ပြန်ကယ်မှဖြစ်မယ်”

ဤသည်မှာ သူမ၏အပြစ်ဟု ဂျင်နီမထင်။ ဂျင်နီက…

“နင့်အထက်အရာရှိကိုလိမ်ပါလို့ငါမပြောခဲ့ပါဘူး”

ဤတွင် ဂီတာက ဒေါသဖြစ်ကာ…

“ငါ သိပ်ကြောက်တယ်”

“ခဏနေဦး၊ တို့ အေးအေးဆေးဆေးစဉ်းစားတာပေါ့၊ တကယ်လို့ ဒီနေ့နင်အလုပ်သွားရင် နင့်အထက်အရာရှိကိုသူအထင်လွဲတာပါလို့ပြောလိုက်၊ နင်က ကွန်ပျူတာထဲမှာဒါကိုဖျက်ပစ်ဖို့ခိုင်းတဲ့အမိန့်ရိုက်ထားတယ်၊ နောက်ပိုင်းမှာ အဲဒီအတိုင်း ကွန်ပျူတာကဆောင်ရွက်တာတွေ့ရတယ်လို့ပြောလိုက်ပေါ့”

ဂီတာက ကော်ဖီခွက်ကိုလှမ်းယူသည်။ သို့သော် သူမကမသောက်သေး။ သူမ မျက်ရည်များဝဲနေသည်။ ပြီးတော့ သူမက…

“နင် အက်ဖ်ဘီအိုင်အဖွဲ့အကြောင်းမသိဘူး၊ ငါဟာတကယ့်လူပါ၊ လူနှပ်တွေနဲ့ရင်ဆိုင်နေရတာ၊ အဲဒီလိုငါဆင်ခြေပေးလိုက်ရင် ကွန်ပျူတာကတစ်ဆင့် ဒီလိုဖျက် ပစ်တာမျိုး ဘယ်မိန်းမကမှ မလုပ်တတ်ဘူးဆိုတာသူတို့ပြောလာလိမ့်မယ်”

“ဒါပေမဲ့ နင့်ကိုတော့အလုပ်ဖြုတ်ပစ်မှာမဟုတ်ပါဘူးဟာ”

“နင်က ငါ့ကိုသေနတ်ပြောင်းဝအရောက်ပို့နေတာ”

ဂီတာမည်သို့ပြောပြော ဂျင်နီအားပြော၍ရမည်မဟုတ်။ ဂျင်နီက…

“ဒီလိုလည်းမဟုတ်သေးပါဘူးဟာ”

“ဟုတ်တယ်၊ ဒီအတိုင်းပဲဖြစ်မှာ၊ ငါပြောနေတာကနင်အဲဒါတွေကို ဖျက်ဆီးပစ်လိုက်ဖို့ပဲ”

“ငါ မဖျက်ဆီးနိုင်ဘူး”

“ဒါဆိုရင်လည်းနောက်ထပ်ဘာမှပြောစရာမလိုတော့ဘူး”

ပြောပြီး ဂီတာက တံခါးဆီသို့လျှောက်သွားသည်။ ဂျင်နီက…

“ဒီလိုတော့ ပြောမသွားပါနဲ့ဟာ၊ ငါတို့သူငယ်ချင်းတွေဖြစ်လာကြတာကြာပြီပဲ”

ဂီတာထွက်သွားသည်။ ဂျင်နီက မချင့်မရဲမြည်တွန်တောက်တီးကာကျန်ခဲ့၏။ အောက်ထပ်အိမ်တံခါးဝဆောင့်ပိတ်သံကိုလည်းကြားလိုက်ရသည်။ မိမိ၏သူငယ်ချင်းဟောင်းတစ်ယောက်ဆုံးရှုံးအောင်လုပ်လိုက်မိသည်လား။

ဂီတာတစ်ယောက်တော့မိမိကိုပစ်ပစ်ခါခါလုပ်သွားရက်လေသည်။ သူမကို

www.burmeseclassic.com

www.burmeseclassic.com



လည်းနားလည်နိုင်ပါ၏။အလုပ်ကိုတန်ဖိုးထားသည့်မိန်းကလေးတစ်ယောက်အဖို့ အကြီးအကျယ်ဖိအားပေးခံနေရရှာပြီလေ။ တကယ်တော့မူ အတိုက်ခံနေရသည့်က ဂီတမဟုတ်။ မိမိသာလျှင်ဖြစ်သည်။ ဤအကျပ်အတည်း၏အဆုံးသတ်မှုဒဏ်ကို ဂီတ၏ခင်မင်မှုက မခံနိုင်ဖြစ်ခဲ့ရခြင်းသာဖြစ်သည်။ အခြားသူငယ်ချင်းများရော ဤအတိုင်းဖြစ်ကုန်ကြရမည်လော။

စိတ်မချမ်းမသာနှင့် ရေမိုးချိုးပြီး အဝတ်အစားများလဲဝတ်လိုက်သည်။ ပြီးတော့ အတွေးတွေကိုဖျောက်လိုက်၏။ ဤတိုက်ပွဲကိုမိမိနွဲရမည်။ ထိုအတွက် အဝတ်အစားများလည်းအပြည့်ရှိနေ၏။ သူမကဂျင်းဘောင်းဘီနှင့် အနီရောင်တီရှပ်ကို ချွတ်လိုက်ပြန်သည်။ ခေါင်းကိုလျှော်၍ဆံပင်ကို အခြောက်ခံကိရိယာနှင့်မှုတ်သည်။ မျက်နှာကို ကျကျနနပြင်သည်။အနက်ရောင်အပေါ်ဝတ်စုံ၊ မီးခိုးရောင်ဘလောက်စ်၊ နိုင်လွန်ခြေအိတ်၊ သားရေဖိနပ်များကိုစီးလိုက်၏။နှာခေါင်းတွင်တပ်ထားသည့်ကွင်းကို ရိုးရိုးပြောင်ကွင်းဖြင့်လဲလိုက်သည်။

ထို့နောက်ကိုယ်လုံးပေါ်မှန်ရှေ့တွင် မိမိကိုယ်ကိုကြည့်လိုက်၏။ မိမိရုပ်ရည်မှာအန္တရာယ်ရှိပြီး တုံးတိုက်တိုက်ကျားကိုက်ကိုက်လုပ်မည့်ပုံမျိုးပေါက်နေ၏။

"သတ်လိုက်ဂျင်နီ၊ သတ်လိုက်"

သူမ ရေရွတ်နေမိ၏။ ထို့နောက် သူမအိမ်မှထွက်လာခဲ့တော့သည်။

၀ ၀ ၀

## အခန်း (၃၁)

ဂျုံးဖော်တက္ကသိုလ်သို့ကားမောင်းလာရင်း စတီလိုဂန်အကြောင်းကိုဂျင်နီစဉ်းစားလာခဲ့သည်။သူ့အား မိမိကလေးကြီးဟုခေါ်ခဲ့သည်။စင်စစ်တွင် သူသည် အခြားယောကျ်ားများထက်ရင့်ကျက်ပေသည်။ သူ့ပခုံးပေါ်မိမိခေါင်းတင်၍ငိုခဲ့သည်။ဤသည်ကြောင့် သူသည်ယုံကြည်စရာကောင်းသောလူတစ်ယောက်ဖြစ်ပေသည်။ သူ၏ကိုယ်သင်းနံ့ကိုမိမိသဘောကျ၏။ထိုအနံ့မှာ မီးမညှိရသေးသောစီးကရက်ထဲမှ ဆေးရွက်ကြီးနံ့နှင့်တူ၏။ သူသည် ယခုအရွယ်ထက်၁၀နှစ်၊ ၁၅နှစ်ခန့်ကြီးလျှင် မည်မျှကောင်းမည်နည်း။

စတီကိုတွေ့တော့ ရည်းစားဦးဘော်ဘီကိုသတိရသည်။ ထိုစဉ်သူက ၁၅ နှစ်အရွယ် မိမိက ၁၃ နှစ်အရွယ်။ အချစ်နှင့်ပတ်သက်၍ ဆွဲဆောင်နိုင်အားရှိပုံများတွင် စတီနှင့်ဘော်ဘီတို့တူညီကြသည်။

လက်ရှိအခြေအနေတွင် မိမိအတွက်စိတ်ချမ်းသာစရာဆို၍ သူတစ်ယောက်သာရှိသည်။မိမိမှာအကြီးအကျယ်ဒုက္ခတွေ့နေပြီ။ဂျုံးဖော်တက္ကသိုလ်မှ မိမိအလုပ်မထွက်နိုင်။မိမိနှင့်ပတ်သက်၍သတင်းစာတွေရေးပုံအရ မိမိနောက်ထပ်အလုပ်ရနိုင်ဖွယ်မရှိချေ။ မိမိသာပါမောက္ခဆိုပါကဤကဲ့သို့ဒုက္ခပေးနေသော လူတစ်ယောက်ကိုမိမိပြန်ခန့်မည်မဟုတ်။

ယခုအချိန်ကျမှတော့ သတိနှင့်လုပ်နေ၍လည်းမရတော့။ မိမိခေါင်းမာစွာရှေ့သို့တိုးရမည်။ အက်ဖ်ဘီအိုင်မှရသည့်အချက်အလက်များနှင့် သို့ အခြေအနေများ

www.burmeseclassic.com



ကိုထုတ်၍မိမိလုပ်ရပ်မှာကျင့်ဝတ်သိက္ခာနှင့်ညီ၊ မညီ ဆွေးနွေးလာသည်အထိ လုပ်လာရတော့မည်။

ကားရပ်သည့်နေရာတွင် မိမိကားကိုရပ်လိုက်တော့ ၉ နာရီထိုးပေပြီ။ ကားတံခါးကိုသော့ခတ်၍ စိတ်ပညာဌာနထဲသို့လမ်းလျှောက်လာရင်း ဗိုက်ထဲတွင်လိပ်တက်လာသည်။ စိတ်တင်းကျပ်လွန်းသည်ကတစ်ကြောင်း၊အစာမရှိသည်ကတစ်ကြောင်းတို့ကြောင့်ဖြစ်မည်။

မိမိရုံးခန်းထဲသို့ဝင်လိုက်သည်နှင့် ထိုအခန်းထဲသို့တစ်စုံတစ်ယောက်လာသွားကြောင်းသိလိုက်သည်။

သန့်ရှင်းရေးသမားများမဟုတ်နိုင်။ သန့်ရှင်းရေးသမားများကြောင့် ခြေရာလက်ရာပျက်သည့်မျိုးကိုမိမိသိနေသည်။ ကုလားထိုင်များ၊ တစ်လက်မ၊ နှစ်လက်မခန့်ရွေ့နေသည့်မျိုး၊ အမှိုက်ခြင်း၊ စားပွဲတစ်ဖက်မှအခြားတစ်ဘက်သို့ရောက်နေသည့်မျိုးလောက်သာခြေရာလက်ရာပျက်သည်။တစ်စုံတစ်ယောက် မိမိ၏ကွန်ပျူတာစားပွဲတွင်ထိုင်သွားခဲ့သည်။ လက်နှိပ်စက်ခလုတ်အိမ်မှာ အနည်းငယ်စောင်းနေသည်။ဝင်လာသူမှာအမှတ်တမဲ့သူ့စိတ်ကြိုက်အနေအထားသို့ရွှေ့သွားခဲ့ခြင်းဖြစ်မည်။ မောက်စ်မှာအောက်ခံပြားအလယ်တည့်တည့်တွင်ထားခဲ့သည်။ မိမိမှာမူ မောက်စ်ကိုလက်နှိပ်စက်ခလုတ်အိမ်အစပ်တွင် သပ်သပ်ရပ်ရပ် ထားလေ့ရှိ၏။ လှည့်ပတ်ကြည့်လိုက်တော့ ဗီရိုမှာအနည်းငယ်ဟနေပြီး အတွင်းမှစာရွက်ထောင့်တစ်ခုထွက်နေသည်ကိုတွေ့ရသည်။

အခန်းကိုရှာဖွေသွားခြင်းဖြစ်မည်။

ဝင်သွားသူမှာ ဤအလုပ်မျိုးကိုလုပ်နေကျလူမျိုးမဟုတ်။မိမိနောက်မှစီအိုင်အေထောက်လှမ်းရေးအဖွဲ့ လိုက်နေခြင်းမဖြစ်နိုင်။ ဂျင်နီမှာ စိတ်မသက်မသာဖြစ်ကာ ရင်တလှပ်လှပ်ခုန်ရင်း ကွန်ပျူတာစားပွဲတွင်ထိုင်လိုက်သည်။ မည်သူဝင်သွားပါလိမ့်။ မိမိတို့ဌာနမှတစ်စုံတစ်ယောက်ပေလား။ ကျောင်းသားတစ်ယောက်ပေလား။ လုံခြုံရေးအစောင့်လား၊ လာဘ်ထိုး၍နိုင်သည်မျိုးပဲလား။ အပြင်ကတစ်စုံတစ်ယောက်လား။ အဘယ်ကြောင့်ဤသို့လုပ်သနည်း။

အခန်းတံခါးအောက်မှ စာအိတ်တစ်အိတ်ထိုးသွင်းလာသည်။ လော်ရိန်းလိုဂန်ထံမှ ခွင့်ပြုချက်စာရွက်ဖြစ်သည်။ စတိကမိမိထံသို့ဖက်စ်နှင့်ပို့လိုက်ခြင်းဖြစ်သည်။ ဂျင်နီက ရှားလော့ပင်ကာ၏ခွင့်ပြုလက်မှတ်ကိုဖိုင်ထဲမှထုတ်၍ လက်မှတ်နှစ်ခုစလုံးကိုလက်ဆွဲအိတ်ထဲသို့ထည့်လိုက်သည်။ထိုနှစ်စောင်ကို အေဗင်တိုင်းဆေးပေးခန်းသို့ဖက်စ်နှင့်မိမိပို့မည်။



ကွန်ပျူတာမှအီးမေးလ်ခလုတ်ကိုနှိပ်လိုက်သည်။ အက်ဖ်ဘီအိုင်ရုံးမှ ပို့လိုက်သည့်စာရင်းပေါ်လာသည်။

ထိုစာရင်းကိုကြည့်လိုက်တော့ အမည်များနှင့်လိပ်စာများကိုတွေ့ရသည်။ မိမိ၏ပရိုဂရမ်မှာ အမြွှာစုံတွဲများကိုရှာဖွေနိုင်ခဲ့သည်။သူမက စတိနှင့် ဒင်းနစ်စ်တို့ကဲ့သို့အမည်တူများကိုလိုက်ရှာကြည့်မိ၏။

ဂီတသည် မိမိခိုင်းသည်ကိုလုပ်ပေးမည်ဖြစ်ကြောင်း အီးမေးလ်ဖြင့် ပထမစာတစ်စောင်ကိုပို့လိုက်သည်ဟု သူမပြောသွားသည်ကိုအမှတ်ရမိသည်။ ထိုစာဘယ်ရောက်သွားသနည်း။ဤအခန်းထဲသို့ ညကဝင်ရောက်သွားသူက ထိုစာကိုဖျောက်ဖျက်သွားသည်လား။ဤသို့ဆိုလျှင်ဖြင့် ဂီတ၏အထက်အရာရှိကသူမထံ ညကြီးမင်းကြီးဖုန်းဆက်သည်မှာ ထိုအကြောင်းကြောင့်ဖြစ်နိုင်သည်။

စာရင်းထဲမှနာမည်များကိုလျှောက်ဖတ်ကြည့်မည်ပြုစဉ် တယ်လီဖုန်းမြည်လာသည်။ တက္ကသိုလ်အဓိပတိထံမှဖြစ်၏။ သူက…

"မောရစ်အိုဘဲပါ၊ နယူးယောက်တိုင်းသတင်းစာထဲကသတင်းနဲ့ပတ်သက်ပြီး ဆရာတို့ဆွေးနွေးကြရအောင်လား"

ဂျင်နီ ဗိုက်ထဲတွင်လိပ်တက်လာသည်။ငါးပါးတော့မှောက်ကုန်ပြီ။ ပြဿနာကစလေပြီလား။ သူမက…

"ဟုတ်ကဲ့ပါ၊ ဆရာဘယ်အချိန်တွေ့ချင်ပါသလဲ"

"မင်း ဆရာ့အခန်းကိုအခုလာနိုင်မလား"

"ငါးမိနစ်အတွင်း ကျွန်မအရောက်လာခဲ့မယ်ဆရာ"

ဂျင်နီက အက်ဖ်ဘီအိုင်မှရသောစာရင်းကို ကွန်ပျူတာဒစ္စကတ်တွင်ကူး၍ အင်တာနက်ဆက်သွယ်ချက်ကို ဖျက်လိုက်သည်။ ပြီးတော့ သူမကဒစ္စကတ်ကိုကွန်ပျူတာမှထုတ်၍ဘောလ်ပင်တစ်ချောင်းယူကာ ခေတ္တမျှစဉ်းစားလိုက်သည်။ ပြီးတော့ ဒစ္စကတ်ပေါ်တွင် 'ဈေးဝယ်စာရင်း'ဟုရေးမှတ်လိုက်၏။ ဤမျှသတိထားနေစရာတော့မလို။ သို့ရာတွင် ပို၍ စိတ်ချရစေရန်ဖြစ်၏။

ထို့နောက် ထိုဒစ္စကတ်ကို အခြားဒစ္စကတ်များလည်း သည့်ဘူးထဲတွင်ထည့်ကာထွက်လာခဲ့သည်။

တက္ကသိုလ်ခြံဝင်းထဲကိုဖြတ်လာရင်း မောရစ်အိုဘဲကိုတွေ့သည့်အခါ မိမိပိုင်ပိုင်နိုင်နိုင်တောင်းဆိုမည့်ကိစ္စကိုစဉ်းစားလာခဲ့သည်။ မိမိ၏သုတေသနလုပ်ငန်းကိုဆက်လုပ်ခွင့်ရရေးမှာ မိမိ၏ရည်မှန်းချက်ဖြစ်သည်။ မိမိအနေဖြင့် တင်းမာ၍၊ အနိုင်ကျင့်၍မရကြောင်းကိုပြရမည်။ သို့သော် တက္ကသိုလ်တာဝန်ရှိပုဂ္ဂိုလ်များအား မျှော်မှောကာ

www.burmeseclassic.com

www.burmeseclassic.com



တင်းမာမှုဖြစ်အောင်လုပ်ရပေမည်။

မိမိဝတ်စုံအနက်ဝတ်လာမီသည်မှာ မှန်နေပေသည်။ အတွင်းပိုင်းမှာတော့ ချွေးတွေထွက်နေ၏။ ဤဝတ်စုံကြောင့် အရွယ်ရင့်ပြီးအရှိန်အဝါရှိသော သဘောဆောင်နေ၏။ သူမ၏ခေါက်မြင့်ဖိနပ်မှာတခေါက်ခေါက်မြည်ကာဝင်သွားတော့ သူမအား တက္ကသိုလ်အဓိပတိ၏ရုံးခန်းသို့လိုက်ပို့ပေးကြသည်။

အခန်းထဲရောက်တော့ ဘာရင်တန်ဂျူန်းမှာ နယူးယောက်တိုင်းသတင်းစာ တစ်စောင်ကိုင်လျက်ထိုင်နေသည်ကိုတွေ့ရသည်။ လူရင်းတစ်ယောက်ကို တွေ့သဖြင့် ဝမ်းသာသည့်အနေဖြင့် သူမကသူ့အားပြုံးပြလိုက်၏။ သူက ခပ်အေးအေးခေါင်းညိတ်ပြရင်း...

"မင်္ဂလာပါဂျင်နီ"

မောရစ်အိုဘဲမှာ သူ၏စားပွဲကြီးနောက်တွင်ဆုံလည်ကုလားထိုင်နှင့်ထိုင်နေသည်။ သူကခါတိုင်းလိုမဟုတ်ဘဲရုတ်တရက်ကြီး...

"တက္ကသိုလ်အနေနဲ့ ဒီကိစ္စကိုသည်းမခံနိုင်ဘူး ဒေါက်တာဂျင်နီဖာရာမီ"

တက္ကသိုလ်အဓိပတိက သူမအားထိုင်ရန်ပင်မပြော။သို့ရာတွင် ဂျင်နီမှာ ကျောင်းသူကလေးတစ်ယောက်အား မာန်မဲသည်မျိုးတော့မခံနိုင်။ ထို့ကြောင့် သူမက ကုလားထိုင်တစ်လုံးကို ရှာ၍ယူလာပြီး ထိုင်ချကာခြေထောက်နှစ်ချောင်းကိုချိတ်လျက်...

"ဆရာတို့ဟာကိုယ့်မှာလုပ်ပိုင်ခွင့်ရှိသလား၊ မရှိသလားမသိတဲ့ သတင်းစာကို ကျွန်မရဲ့လုပ်ငန်းရပ်လိုက်ပြီလို့အကြောင်းကြားတာ အဲဒါကို စိတ်မကောင်းစရာပဲ၊ တက္ကသိုလ်အနေနဲ့ ဒီကိစ္စကြောင့်သိက္ခာကျသွားတယ်ဆိုတာကိုတော့ ကျွန်မ လက်ခံပါတယ်"

ဂျင်နီက လေသံအေးအေးဖြင့် ပြောနေသည်။ မောရစ်အိုဘဲက...

"တက္ကသိုလ်ကို သိက္ခာကျအောင်လုပ်တာဆရာမဟုတ်ဘူး"

တင်းမာမှုက ထိုမျှလောက်နှင့်လုံလောက်ပေပြီ။ သူတို့နှစ်ယောက်မှာ တစ်ကျိတ်တည်း၊တစ်ညာဏ်တည်းဆိုသည်ကိုပြောရန်အချိန်ကျလေပြီ။ သူမက ချိတ်ထားသောခြေထောက်ကိုပြန်ချလျက်...

"ဆရာတော့မဟုတ်ပါဘူး၊ အမှန်တော့ ကျွန်မတို့သိမ်လောသွားကြတယ်၊ ဒါကိုသတင်းစာကကျွန်မတို့ကိုအခွင့်ကောင်းယူသွားတာ"

ဤတွင် ဘာရင်တန်က ဝင်၍...

"ပြဿနာက လွန်သွားပြီ၊ အခုမှဝန်ချနေလို့အပိုပဲ"



"ကျွန်မက ဝန်ချတောင်းပန်နေတာမဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မတို့ချင်း အချင်းများနေတဲ့ကိစ္စရပ်ဖို့တော့ကောင်းပြီ"

ဘာရင်တန်က တစ်ဖန်...

"ဒါလည်းပဲလွန်ကုန်ပြီ"

"ကျွန်မကတော့ ဒီလိုမထင်ဘူး"

ဘာရင်တန်ကထိုစကားကို ဘာကြောင့်ပြောပါလိမ့်။ သူ့အနေနှင့်ရှင်းပြ ကြားစေပေးရန်သာရှိသည်။ အချင်းများကုန်ကြရသည်ကို သူ့အနေနှင့်လိုလားရန်မရှိ။ ဂျင်နီက တက္ကသိုလ်အဓိပတိအား ပြုံးကြည့်လျက်...

"ကျွန်မတို့တစ်တွေဟာ အတွေးအခေါ်ရှိတဲ့လူတွေပဲ၊နည်းလမ်းရှာပြီး ညှိနှိုင်းလို့ရမယ်ဆိုရင် ကျွန်မရဲ့လုပ်ငန်းကိုလည်းဆက်လုပ်လို့ရမယ်၊ တက္ကသိုလ်လည်း သိက္ခာတက်မယ်"

ထိုအယူအဆကိုမောရစ်အိုဘဲ စိတ်ဝင်စားဟန်တူသည်။ သို့ရာတွင် သူက မျက်မှောင်ကြုတ်လျက်...

"ကျုပ်အနေနဲ့မြင်တာကတော့..."

"ဒါ သက်သက်အချိန်ဖြုန်းနေတာပဲ"

ဘာရင်တန်က စိတ်မရှည်သလိုဝင်ပြောလိုက်သည်။ဤသည်မှာ သူတတိယ အကြိမ်မြောက်စကားဝင်ပြောခြင်းဖြစ်၏။ ဘာကြောင့်သူယခုလိုဖြစ်နေသည်လဲ။ မိမိ၏သုတေသနလုပ်ငန်းကိုရပ်ကာ မိမိပြဿနာတက်ပြီး မိမိရောတက္ကသိုလ်ပါသိက္ခာ ကျအောင်သူလုပ်ချင်နေသည်လား။ ယခုတော့ ထိုသဘောမျိုးဖြစ်နေသည်။ မိမိရုံးခန်းသို့ဝင်ကာ မိမိကွန်ပျူတာထဲမှအီးမေးလ်စာကိုထုတ်ယူ၍ အက်ဘီအိုင်သို့သတိပေး သည်မှာသူလေလား။ နယူးယောက်တိုင်းသတင်းစာကိုလက်ထောက်ချကာ ယခုပြဿ နာကိုစလိုက်သူမှာလည်း သူလေလား။ သူ၏အပြုအမူကြောင့် ဂျင်နီမှာ မှင်တက်မိကာ ငြိမ်နေမိသည်။ ဘာရင်တန်က...

"တက္ကသိုလ်အနေနဲ့အရေးယူဖို့ဆရာတို့ဆုံးဖြတ်လိုက်ပြီ"

ဤအခန်းထဲရှိလူများအကြား အထက်အောက်အနေအထားကို ဂျင်နီ အတွက်မှားခဲ့သည်။စင်စစ် ဘာရင်တန်မှာအာဏာအရှိဆုံးလူ၊အိုဘဲမဟုတ်၊ ဘာရင်တန်သည် အိုဘဲအတွက် လိုအပ်သောသုတေသနရံပုံငွေသိန်းပေါင်းများစွာကို ဂျနတီကိုကုမ္ပဏီ မှရယူပေးနိုင်သူဖြစ်သည်။ ဘာရင်တန်အနေနှင့် အိုဘဲအား ကြောက် ရန်မလို။ အိုဘဲကသာလျှင် ကြောက်ရသူဖြစ်သည်။

ယခုတော့ ဘာရင်တန်သည် တက္ကသိုလ်အဓိပတိသာလျှင် အာဏာအရှိဆုံး၊

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဟန်ဆောင်မှုကိုခွာပြလိုက်သူဖြစ်၏။ သူက…

"ဆရာတို့မင်းကိုခေါ်တာက မင်းရဲ့သဘောထားကိုမေးဖို့မဟုတ်ဘူး"

"ဒါဖြင့် ကျွန်မကို ဘာဖြစ်လို့ခေါ်တာလဲ"

"မင်းကို အလုပ်ဖြုတ်ပစ်မလို့"

သူမ ကြက်သေသေသွားရသည်။ သူမအားအလုပ်ဖြုတ်ပစ်သည်အထိ ခြိမ်းခြောက်လာမည်ကို တွက်ထားပြီးသား။ သို့သော် တကယ်ဖြုတ်မည်လို့တော့မထင်။ ဤသည်ကို မိမိခံနိုင်စွမ်းမရှိ။ သူမက…

"ဆရာ ဘာကိုဆိုလိုတာလဲ"

"မင်းအလုပ်ပြုတ်ပြီလို့ပြောတာ"

ဘာရင်တန်ကဆိုသည်။ သူကမျက်ခုံးမွေးများကိုညာလက်ညှိုးနှင့်သပ်နေသည်။ သူ့ကိုယ်သူကျေနပ်နေသည့်သဘော။

ဂျင်နီမှာတော့ အရှိက်ကိုအထိုးခံလိုက်ရသည့်ပမာခံစားနေရသည်။ မိမိအလုပ်ပြုတ်၍မဖြစ်။ မိမိဤဌာနသို့ရောက်သည်မှာ သီတင်းပတ်အနည်းငယ်သာရှိသေးသည်။ အလုပ်ကိုကောင်းကောင်းလုပ်ခဲ့သည်။ ကြိုးစားလုပ်ခဲ့သည်။ ဆိုဖီချက်ပဲကလွဲလျှင်မိမိအားလူတကာကခင်မင်လေးစားသည်။ အဘယ်ကြောင့်များ ယခုလိုအလဟဿဆုံးဆယ်ဖြစ်သွားရပါလိမ့်။ သူမက အတွေးများကိုပြန်လည်စုစည်းပြီး…

"ဆရာတို့ ကျွန်မကိုအလုပ်ဖြုတ်လို့ဘယ်ရမလဲ"

"ငါတို့ကတော့ ဖြုတ်လိုက်ပြီပဲ"

"ဖြုတ်လို့မရပါဘူး၊ ဆရာတို့က ဒီမှာရှာသူကြီးမဟုတ်ဘူး၊ လုပ်ထုံးလုပ်နည်းတွေရှိတယ်"

တက္ကသိုလ်တွင် တာဝန်ရှိပုဂ္ဂိုလ်တစ်ယောက်အား ကြားနာစစ်ဆေးမှုမပြုဘဲ အလုပ်ထုတ်၍မရပေ။ မိမိတို့၏ စာချုပ်ထဲတွင်လည်း ထိုအချက်ပါသည်။ သို့သော် ဂျင်နီအသေးစိတ်ဖတ်မကြည့်ခဲ့ပေ။ အခုတော့ ရတ်တရက်ကြီး၊ ထိုအချက်မှာ အရေးပါလာသည်။ မောရစ်အိုဘဲက…

"တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ရဲ့စည်းကမ်းကော်မတီက ကြားနာစစ်ဆေးမှုတွေအရင်လုပ်မှာပါ၊ ပုံမှန်ဆိုရင်တော့ လေးပတ်ကြိုတင်သတိပေးရတယ်၊ ဒါပေမဲ့ အခုလိုအမျှားမြင်မကောင်းတဲ့ပြဿနာမျိုးကျတော့ ကျုပ်အဓိပတိတစ်ယောက်အနေနဲ့ အရေးယူအစီအစဉ်မျိုးချမှတ်ရတယ်၊ မနက်ဖြန်မနက် ကြားနာစစ်ဆေးမှုပြုလုပ်မယ်"

သူတို့ ဤမျှမြန်မြန်ကြီး ဆောင်ရွက်လိုက်သည့်အတွက် ဂျင်နီမှာဘာလုပ်ရမှန်းမသိဖြစ်သွားရသည်။ စည်းကမ်းကော်မတီအရေးပေါ်အစီအစဉ် ---



မနက်ဖြန်မနက် ---။ ဤသည်တို့မှာဆွေးနွေးနေခြင်းမဟုတ်။ ဤသည်မှာ ဖမ်းဆီးခြင်းကဲ့သို့မျိုးဖြစ်နေသည်။ မိမိ၏အခွင့်အရေးနှင့်ပတ်သက်၍ အိုဘဲတဖတ်ပြမည်ဟု သိပ်မထင်ခဲ့။ သို့သော် စားပွဲပေါ်ရှိ ဖိုင်တစ်ခုကို မိမိဘက်သို့တွန်းပို့ရင်း…

"ဒီကော်မတီရဲ့လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်ပြီးအဲဒီအထဲမှာရှိတယ်၊ မင်းအနေနဲ့ရှေ့နေတစ်ယောက်ငှားချင်ငှားနိုင်တယ်၊ ဒါပေမဲ့ကော်မတီကိုတော့ ကြိုတင်အကြောင်းကြား"

နောက်ဆုံးတွင် ဂျင်နီက မေးသင့်သောမေးခွန်းတစ်ခုကိုမေးလိုက်သည်။

"ကော်မတီဥက္ကဋ္ဌက ဘယ်သူလဲ"

"ဂျက်ဘာတ်ဂျန်"

အိုဘဲကဆိုသည်။ ဘာရင်တန်က ဆတ်ခနဲလှမ်းကြည့်လျက်…

"အဲဒီအတိုင်း ဆုံးဖြတ်ပြီးပြီလား"

"ကော်မတီဥက္ကဋ္ဌကိုတစ်နှစ်တစ်ခါခန့်တာပဲ၊ ဂျက်ဟာဒီစာသင်နှစ်အစကတည်းကဥက္ကဋ္ဌဖြစ်လာတာ"

"ကျွန်တော်တောင်မသိလိုက်ဘူး"

ဘာရင်တန် အနည်းငယ်စိတ်ညစ်သွားပုံရသည်။ ဘာကြောင့်ဟူသည်ကို ဂျင်နီသိနေ၏။ ဂျက်ဘာတ်ဂျန်မှာ ဂျင်နီနှင့်တင်းနစ်ရိုက်ဖက်။ ဤသည်မှာ အားရှိစရာ။ မိမိအပေါ်တော့ တရားမျှတစွာဆက်ဆံမည်ထင်၏။ မျှော်လင့်ချက်က မဆုံးသေး။ ပညာရှင်နှစ်ယောက်၏ရှေ့မှောက်တွင် မိမိကိုယ်ကိုနှင့် မိမိ၏သုတေသနလုပ်ငန်းကို ကာကွယ်နိုင်မည့်အခွင့်အရေးတော့ရှိနေပေသည်။ ပြဿနာကိုအလေးအနက်ဆွေးနွေးရမည်။ နယူးယောက်တိုင်းသတင်းစာထဲမှ ဘာမဟုတ်သည့်အကြောင်းအရာတွေကို မဆွေးနွေး။

မိမိတွင် အက်ဖ်ဘီအိုင်ဌာနမှရရှိသည့် စာရင်းရှိနေပေသည်။ ထိုအချက်များကို ကော်မတီအားတင်ပြမည်။ ကံကောင်း၍ ထိုအထဲ၌ မိမိတို့အမြွာဖြစ်မှန်းမသိသော အမြွာတစ်စုံ၊ နှစ်စုံပါလာနိုင်ကောင်းသည်။ ထိုသို့ပါလာလျှင်သူတို့လည်း သဘောကျမည်။ နောက်ပြီး မိမိလည်းလူတစ်ဦးချင်း၏ပုဂ္ဂိုလ်ရေးရာများကိုကာကွယ်ရန်အတွက်သတိထားဆောင်ရွက်ကြောင်း ရှင်းလင်းပြမည်။ မောရစ်အိုဘဲက…

"ကဲ၊ ဒါပါပဲ"

မိမိအား နှင်နေလေပြီ။ သူမ မတ်တပ်ရပ်လျက်…

"ဒီအခြေအနေအထိဖြစ်သွားတာ စိတ်မကောင်းစရာပဲ"

ဘာရင်တန်က ချက်ချင်းပင်… "ဒီလိုဖြစ်အောင် မင်းပဲလုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ရသည်မှာ အငြင်းသန်သောကလေးတစ်ယောက်နှင့်တူနေသည်။ ဤကဲ့သို့ အခိုးပွားယဲ့မှုငြင်းခုံမှုမျိုးကို မိမိသည်းမခံနိုင်။ သူမက ဘာရင်တန်အားအထင်သေးစွာကြည့်လျက် အခန်းထဲမှထွက်လာခဲ့သည်။

ကျောင်းဝင်းကိုဖြတ်လာရင်း မိမိ၏ရည်ရွယ်ချက်လုံးဝမအောင်မြင်ကြောင်းတွေးလာမိခဲ့သည်။ သူမအနေဖြင့် စေ့စပ်ညှိနှိုင်းလိုခဲ့သည်။ သို့ရာတွင် ဘာရင်တန်နှင့်အိုဘဲတို့က သူမမရောက်မီဆုံးဖြတ်ပြီးသားဖြစ်နေကြသည်။တွေ့ဆုံသည်ဆိုသည်ကလည်းသဘောမျှသာဖြစ်သည်။

စိတ်ပညာဌာနသို့ သူမပြန်လာခဲ့၏။မိမိရုံးခန်းအနီးသို့ရောက်တော့ သန့်ရှင်းရေးသမားက ပလတ်စတစ်အိတ်အနက်တစ်လုံး အခန်းရှေ့တည့်တည့်တွင်ချသွားကြောင်းတွေ့တော့စိတ်တိုသွားမိသည်။ တံခါးကိုဖွင့်ကြည့်တော့ တံခါးကကျပ်နေ၏။ ပလတ်စတစ်ကတ်ကိုသော့ပေါက်၏ကတ်ပြားသွင်းသည့်အပေါက်ထဲသို့ အကြိမ်ကြိမ်ထည့်ကြည့်သည်။ သို့သော် တံခါးကမပွင့်။ ညွှန်ကြားဌာနသို့သွားကာ တံခါးသော့ကိုပြင်ဆင်ပေးရန်ပြောမည်ဟုပြုပြီးမှ တစ်ချက်စဉ်းစားလိုက်မိသည်။

ပလတ်စတစ်အိတ်ကိုဖွင့်ကြည့်လိုက်တော့အမှိုက်စုတ်တွေ၊ တစ်ခါသုံးစက္ကူကော်ဖီခွက်တွေကိုမတွေ့ရဘဲ မိမိ၏ဆလင်းဘက်လက်ကိုင်အိတ်ကိုသာတွေ့လိုက်ရသည်။ထိုအိတ်ထဲတွင်လည်း မိမိအံဆွဲထဲမှမိမိအသုံးအဆောင်များ၊ 'လယ်မြေကဗေါင်းများစွာ' ဟူသောစာအုပ်၊ မှန်ပေါင်တပ်ဓာတ်ပုံနှစ်ပုံနှင့် သူမခေါင်းဖြီးသည့်ဘီးတစ်ချောင်းတို့ကိုသာတွေ့ရသည်။

မိမိစားပွဲကိုရှင်းကာ မိမိအား တံခါးသော့ပိတ်၍ အခန်းမှနှင်ထုတ်ကြလေပြီ။

ဂျင်နီ အဝေါ်ပင်ယူကျုံးမရဖြစ်ရ၏။ဤသည်မှာ မောရစ်အိုဘဲ၏ ရုံးခန်းထဲ၌ဖြစ်ပျက်ခဲ့သည်ထက် ပြင်းထန်သောထိုးနက်ချက်ဖြစ်သည်။ ဟိုမှာတုန်းကတော့ စကားလုံးများနှင့်သာဖြစ်၏။ယခုမူ မိမိဘဝ၏အစိတ်အပိုင်းတော်တော်များများကိုဖြတ်တောက်ပစ်ခြင်းဖြစ်သည်။ ဤသည်မှာ မိမိ၏ရုံးခန်းဖြစ်သည်။ အဘယ်ကြောင့်သူတို့မိမိအားအဝင်မခံရသနည်း။

"လူယုတ်မာတွေ"

သူမအသံထွက်ကာ ပြောလိုက်သည်။ မိမိအိုဘဲ၏ရုံးခန်းသို့ရောက်နေစဉ်လုံခြုံရေးများက လုပ်သွားကြခြင်းဖြစ်သည်။ မိမိကိုလည်း ကြိုတင်အကြောင်းမကြားကြ။ ကြိုတင်အကြောင်းကြားလျှင်တော့ မိမိလိုအပ်သည်များကိုယူ၍ရဦးမည်။ သူတို့၏ရက်စက်မှုများကိုတစ်ကြိမ်အငိုက်မိခံလိုက်ရပြန်လေပြီ။ဤသည်မှာ ခြေတွေလက်တွေကိုဖြတ်လိုက်သကဲ့သို့ဖြစ်၏။ မိမိ၏သိပ္ပံပညာ၊ မိမိ၏အလုပ်နှင့်အဆက်ဖြတ်ပစ်



လိုက်ကြပြီ။ ဘာလုပ်ရမည်လည်းမသိ။ ဘယ်သွားရမည်လည်းမသိ။ ၁၁နှစ် လုံးလုံးတက္ကသိုလ်ကျောင်းသားဘဝ၊ ဘွဲ့ရကျောင်းသားဘဝ၊ ပါရဂူဘွဲ့ကျောင်းသားဘဝ၊ ပါရဂူဘွဲ့လွန်ဘဝ၊လက်ထောက်ပါမောက္ခဘဝဖြင့် သိပ္ပံပညာရှင်တစ်ယောက်ဖြစ်လာခဲ့သည်။

ယခု ရုတ်တရက်ကြီး ဘာမျှမဟုတ်သည့်လူတစ်ယောက်ဖြစ် သွားရလေပြီ။ စိတ်ပျက်လက်ပျက်ဖြစ်နေသည့်ကြားက အက်ဖ်ဘီအိုင်အဖွဲ့မှရရှိသည့်အချက်အလက်စာရင်းကိုသတိရလိုက်မိသည်။ပလတ်စတစ်အိတ်ထဲတွင် မွှေနှောက်ရှာကြည့်သော်လည်း ကွန်ပျူတာဒစ္စကတ်များကိုမတွေ့ရ။မိမိအားအကာအကွယ်ပေးနိုင်မည့် ထိုပစ္စည်းမှာအခန်းထဲတွင်ကျန်နေလေပြီ။သူမက တံခါးကိုလက်သီးဖြင့်အားကုန်ထုတ်နေမိ၏။ ဖြတ်လျှောက်သွားသောမိမိ၏အတန်းသားတစ်ယောက်က သူမအား အလန့်တကြားကြည့်ကာ...

"ကျွန်တော် ဘာလုပ်ပေးရမလဲဆရာမ"

"ဒီတံခါးကိုကန်ပြီးဖွင့်ပေးစမ်းကွာ"

သူက တံခါးကိုလှေ့လာကြည့်နေရင်း မရေမရာဖြစ်နေဟန်တူသည်။ ဂျင်နီက..

"အလကားပြောတာပါကွာ၊ ငါ ဘာမှမဖြစ်ပါဘူး၊ ကျေးဇူးပဲ"

သူက ပခုံးတွန့်ပြီးထွက်သွားတော့သည်။ သော့ခတ်ထားသည့်တံခါးကိုရပ်၍ကြည့်နေရန်လည်းအကြောင်းမရှိတော့။ သူမကပလတ်စတစ်အိတ်ကိုကောက်ယူလျက် ဓာတ်ခွဲခန်းထဲသို့ဝင်လာခဲ့သည်။ လစ်ဆာမှာစားပွဲတွင်ထိုင်ရင်း ကွန်ပျူတာထဲသို့အချက်အလက်များရိုက်သွင်းနေသည်။

"ငါတော့ အလုပ်ပြုတ်သွားပြီကွာ"

လစ်ဆာက သူမအားစိုက်ကြည့်လျက်...

"ဘာပြောတယ်"

"သူတို့ ငါ့ရုံးခန်းကိုသော့ပိတ်ပြီး ငါ့ပစ္စည်းတွေကိုဒီပလတ်စတစ်အိတ်ထဲမှာထည့်ပေးထားတယ်"

"မယုံနိုင်စရာပဲ"

ဂျင်နီကလတ်စတစ်အိတ်ထဲမှ မိမိလက်ဆွဲအိတ်ကိုထုတ်လျက် ထိုအိတ်ထဲမှနယူးယောက်တိုင်းသတင်းစာကိုဆွဲထုတ်ကာ

"ဒီကိစ္စကြောင့်လေ"

လစ်ဆာက ပထမစာပိုဒ်နှစ်ပိုဒ်ကိုဖတ်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



"အလကားပေါက်ကရတွေ"

ဂျင်နီက ထိုင်လျက်..

"ငါလည်းသိပါတယ်၊ဒါကို ဘာဖြစ်လို့ဘာရင်တန်ကအလေးအနက်ဖြစ်သလိုဟန်ဆောင်နေရတာလဲ"

"သူ ဟန်ဆောင်နေတယ်လို့နင်ထင်လို့လား"

"သေချာပါတယ်ဟာ၊ ဒီဘာမှမဟုတ်တဲ့ကိစ္စလေးကိုအကြောင်းပြုပြီး သူတုန်လှုပ်နေပုံလုပ်ပြနေတာ အတော်ကလေးပိရိတယ်၊ သူ့မှာ တခြားအကြောင်းတော့ရှိမယ်၊ ဒီအတွက်ဆိုသူဘာမဆိုလုပ်မယ့်ပုံပဲ၊ သူ့အတွက်အကြီးအကျယ်ထိခိုက်စရာတစ်ခုခုတော့ရှိမယ်"

ထိုအဖြေအား အေဗင့်တိုင်းဆေးပေးခန်းမှမှတ်တမ်းများကိုကြည့်လျှင်တွေ့နိုင်မည်ဖြစ်သည်။ ထိုဆေးပေးခန်းသို့ မိမိနှစ်နာရီအရောက်သွားရမည်။ ခဏကြာလျှင်သွားမှဖြစ်မည်။ လစ်ဆာမှာ ကြားရသည်ကိုမယုံနိုင်သလိုရှိနေရင်းမှ...

"နင့်ကို သူတို့အလုပ်ဖြုတ်ပစ်လို့ဘယ်ရမလဲ"

"မနက်ဖြန်မနက်မှာ စည်းကမ်းကော်မတီကကြားနာစစ်ဆေးမယ်"

"ဘုရား၊ ဘုရား သူတို့တကယ်လုပ်နေတာပါလား"

"ဟုတ်တာယ်"

"ငါဘာလုပ်ပေးရမလဲဟင်"

လုပ်နိုင်းချင်စရာတစ်ခုတော့ရှိသည်။ သို့သော် ခိုင်းရမည်ကို ဂျင်နီတွန့်နေမိ၏။ သူမကလစ်ဆာအားလေးစားစွာကြည့်နေသည်။ ပူလောင်နေသည့်ကြားကလက်ရှည်ဆွယ်တာကြီးကိုဝတ်လာခဲ့မိသည်။အဓော်ကားမခံရစေရန် တစ်ကိုယ်လုံးလုံလုံခြုံခြုံဝတ်လာခဲ့မိသည့်သဘော။

သူမမှာ ပူဆွေးသောကရောက်နေသူပမာရှိနေဆဲ။ လစ်ဆာ၏ခင်မင်မှုမှာလည်းဂီတကဲ့သို့ပျက်ပြားလွယ်လေမည်လား။လစ်ဆာက မိမိကိုဥပေက္ခာပြုမည်ဆိုလျှင် မိမိအတွက်မည်သူကျန်တော့မည်နည်း။ဤအချိန်မှာ မသင့်တော်သည့်အချိန်ဖြစ်သော်လည်းမိမိသူမအားစမ်းသပ်ကြည့်ချင်သေးသည်။ ထို့ကြောင့် ဂျင်နီက..

"နင် ငါ့အခန်းထဲဝင်ပေးပါလားဟယ်၊ အက်ဖ်ဘီအိုင်ကစာရင်းတွေ အဲဒီထဲမှာကျန်နေခဲ့လို့"

လစ်ဆာ ရုတ်တရက် အဖြေမပေးသေးဘဲ..

"သူတို့က နင့်သော့ကိုပြောင်းခတ်သွားသလားမှမသိတာ"

"အဲဒါထက်တောင်လွယ်သေးတယ်၊ သော့ရဲ့ကုတ်နံပါတ်ကိုလျှပ်စစ်နည်းနဲ့ပြောင်းထားလိုက်ရုံပဲ၊ အဲဒါကြောင့်သော့ဖွင့်ကတ်ပြားနဲ့ဖွင့်လို့မရတာပေါ့၊ နောက်ပိုင်းဆိုရင် ငါဒီအဆောက်အဦးထဲတောင် ဝင်လို့ရမှာမဟုတ်တော့ဘူး"



"အခုလို ဗြုန်းစားကြီးဖြစ်သွားလိုက်တာ ယုံချင်စရာတောင်မရှိဘူး"

လစ်ဆာအား အတင်းစွန့်၍သွားခိုင်းရန်ဂျင်နီမလုပ်လို။

"ငါ့အာသာဝင်ယူရင်တော့ရမလားမသိဘူး၊ သန့်ရှင်းရေးသမားတွေ ဖွင့်ခိုင်းရင်တော့ရနိုင်ကောင်းရဲ့၊ဒါပေမဲ့ သူတို့ကတ်ပြားနဲ့လည်း လောလောဆယ်ဖွင့်လို့ရမယ်မထင်ဘူး၊ ဒီအခန်းထဲမှာငါမနေဘူးဆိုတော့ သန့်ရှင်းရေးလုပ်စရာလည်း မလိုတော့ဘူးပေါ့၊ ဒါပေမဲ့ လုံခြုံရေးသမားတွေအနေနဲ့တော့ ဝင်လို့ရမယ်ထင်တယ်"

"သူတို့ကလည်း နင့်ကိုကူညီမှာမဟုတ်ဘူး၊ နင့်ကိုတမင်တံခါးပိတ်ထားတယ်ဆိုတာ သူတို့သိမှာပေါ့"

"ဟုတ်တယ်၊ သူတို့က နင့်ကိုတော့ဝင်ခွင့်ပေးချင်ပေးမှာ၊ ငါ့ အခန်းထဲမှာ နင်လိုချင်စရာတစ်ခုရှိလို့ဆိုပြီးပြောပေါ့"

လစ်ဆာက စဉ်းစားနေသည်။ ဂျင်နီက..

"နင့်ကိုခိုင်းရမှာလည်း အားနာပါတယ်ဟာ"

ရုတ်တရက် လစ်ဆာ အမူအရာပြောင်းသွားပြီး

"အေး ဟုတ်ပြီ၊ ငါကြိုးစားကြည့်မယ်"

ဂျင်နီ တံတွေးများသီးမတတ်ဖြစ်သွားရသည်။ထို့နောက် နှုတ်ခမ်းကိုကိုက်လျက်..

"ကျေးဇူးပဲဟာ၊ နင် သူငယ်ချင်းပီသပါပေတယ်"

ဂျင်နီကစားပွဲကိုကျော်ကာ လက်လှမ်းလျက်လစ်ဆာ၏လက်ကိုဖျစ်ထားလိုက်မိသည်။ လစ်ဆာမှာဂျင်နီ၏စိတ်လှုပ်ရှားမှုအမူအရာကြောင့် ရှက်သလိုဖြစ်သွားကာ..

"အက်ဖ်ဘီအိုင်စာရင်းက နင့်အခန်းထဲ ဘယ်နေရာမှာထားတာလဲ"

ဂျင်နီက ပြောပြလိုက်သည်။

"အဲဒီစာရင်းကို ကွန်ပျူတာဒစ္စကတ်ထဲမှာထည့်ထားတာ၊ အဲဒီဒစ္စကတ်ကိုတော့ 'ဈေးဝယ်စာရင်း' လို့စာကပ်ထားတယ်၊ ငါ့အံဆွဲထဲက ဒစ္စကတ်တွေထည့်တဲ့ဘူးကလေးထဲမှာ.."

"သိပြီ၊ ငါနားမလည်တာက နင့်ကိုဘာကြောင့်များသူတို့အသဲအသန်ဖြစ်နေကြရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စတွေအားလုံး စတီလိုဂန်ကစခဲ့တာ၊ သူ့ကိုဘာရင်တန်ဒီအခန်းထဲမှာ တွေ့ကတည်းကစပြီး ပြဿနာတွေစတော့တာပဲ၊ ဒီအကြောင်းတွေကိုနားလည်နိုင်မယ့် လမ်းကြောင်းကို ငါတွေ့ပြီလို့ထင်တာပဲ"

ပြောပြီး ဂျင်နီက မတ်တပ်ရပ်သည်။ လစ်ဆာက..

"မင်း အခုဘာလုပ်မလဲ"

"ငါ ဖီလဒဲဖီးယားမြို့ကိုသွားမယ်"

○ ○ ○

## အခန်း (၃၂)

ဘာရင်တန်ရုံးခန်းပြတင်းပေါက်မှ အပြင်သို့လှမ်းကြည့်လိုက်သည်။ ယနေ့ မနက် တင်းနစ်ကစားကွင်းတွင်ကစားသူမရှိကြ။ ထိုကစားကွင်းထဲတွင် ဂျင်နီအား မြင်ယောင်နေမိသည်။ ယခု စာသင်နှစ်၏ ပထမနေ့သို့မဟုတ် ဒုတိယနေ့တွင် တင်းနစ် ကစားကွင်းထဲ၌ ဂျင်နီပြေးလွှားကစားနေသည်ကိုမြင်ခဲ့ရ၏။စကတ်ကတိုတို၊ အညို ရောင်ခြေထောက်တွေကဖြိုးဖြိုး၊အဖြူရောင်ဖိနပ်ကတလက်လက်။ သူမကို မိမိအလွန် သဘောကျနေမိ၏။သူမ၏ အားကစားဟန်ကို မိမိဘာကြောင့်သဘောကျနေမိပါလိမ့်။

အမျိုးသမီးတွေကစားနေသည်မှာ အတော်ပင်ကျက်သရေရှိ၏။ တောရိုင်း သဘာဝရုပ်ရှင်ထဲမှ ခြင်္သေ့တစ်ကောင်တစ်ဟုန်ထိုးပြေးနေသည်ကိုကြည့်ရသည်နှင့် လည်းတူသည်။သူမ၏အရေပြားအောက်မှ ကြွက်သားတွေကလှုပ်ရှားနေကြ၏။ ဆံပင် များက တဖွားဖွားဖြစ်နေသည်။ ခန္ဓာကိုယ်မှာလည်း လှုပ်ရှားလိုက်၊ ရပ်လိုက်၊ လှည့် လိုက်နှင့်ကြည့်နေရသည်မှာ အညို့ခံနေရသူပမာရှိနေ၏။ယခုတော့ သူမတွင် မိမိတစ် သက်လုံးလုပ်လာခဲ့သည့်လုပ်ငန်းကို ဖျက်ဆီးမည့်အန္တရာယ်ရှိနေပေသည်။ သို့တစေ သူမ တင်းနစ်ကစားသည်ကိုတော့ တစ်ကြိမ်လောက်ကြည့်ချင်သေးသည်။

သူမ၏လစာကို မိမိကပေးနေရသည်ဖြစ်သော်လည်း သူမအား အလုပ်ပြုတ် မပစ်ချင်။ ဂျူးဖောတက္ကသိုလ်က သူမအားအလုပ်ခန့်ထားခြင်းဖြစ်သည်။ ဂျူးဖော တက္ကသိုလ်သို့ဂျူနတီကိုကုမ္ပဏီမှ ငွေကြေးထောက်ပံ့ထားသည်။ တက္ကသိုလ်ဆိုသည်မှာ

www.burmeseclassic.com



ဝန်ထမ်းများကို စားသောက်ဆိုင်မှစားပွဲထိုးတွေ အလုပ်ဖြုတ်ပစ်သလို လွယ်လွယ်ကူကူ အလုပ်ဖြုတ်ပစ်၍ရသည်မဟုတ်။ ထို့ကြောင့်လည်း မိမိ ဤမျှအထိရှည်ရှည်ဝေးဝေး လှည့်ပတ်နေရခြင်းဖြစ်သည်။

ဘာရင်တန်တစ်ယောက်တည်းမြည်တွန်ရေရွတ်ရင်း စားပွဲဆီသို့ပြန်လျှောက်လာခဲ့သည်။

ယခုမနက် မိမိတို့သုံးယောက်တွေ့ဆုံစဉ်က အစပိုင်းတော့အဆင်ပြေသား။ ထို့နောက် ဂျက်ဘာဂျင်အကြောင်းပေါ်လာသည်။မောရစ်အိုဘဲအား မိမိကောင်းကောင်း ကိုင်တွယ်နိုင်ခဲ့သည်။ အလျှော့ပေးစေ့စပ်သည်မျိုးမလုပ်အောင်လည်းကာကွယ်နိုင်ခဲ့သည်။ သို့ရာတွင် စည်းကမ်းကော်မတီ၏ ဥက္ကဋ္ဌဖြစ်နေသူက ဂျင်နီနှင့်တင်းနစ်ရိုက်ဖက်။ ထိုအကြောင်းကိုမိမိကြိုတင်မစုံစမ်းမိခဲ့။ ဥက္ကဋ္ဌရွေးချယ်ပွဲတွင် မိမိ၏အရှိန်အဝါသုံး၍ရနိုင်သည်ဟုတွက်ခဲ့မိသည်။ သို့ရာတွင် ဥက္ကဋ္ဌမှာခန့်ပြီးသားဖြစ်နေ၍ စိတ်ညစ်သွားရသည်။ အကယ်၍သာဂျက်က ဂျင်နီ၏တင်ပြချက်ကိုလက်ခံသွားလျှင် အကြီးအကျယ်အန္တရာယ်ပင်။

ဘာရင်တန်မှာ ပညာရေးအသိုင်းအဝိုင်းကလူတွေနှင့် သိပ်မဝင်ဆန့်ခဲ့။ သို့တစေ ဂျက်ဘာဂျန်အကြောင်းကိုတော့သိနေသည်။ ဂျက်မှာကြေးစားတင်းနစ်သမားဘဝက အသက် ၃၀အရွယ်တွင်အနားယူခဲ့ပြီး ကျောင်းပြန်တက်ကာ ပါရဂူဘွဲ့ကိုယူခဲ့သည်။ အသက်ကကြီးနေသဖြင့် သူ၏ဘာသာရပ်ဖြစ်သောဓာတုဗေဒကို မသင်ကြားနိုင်တော့ဘဲ အုပ်ချုပ်ရေးပိုင်းတွင်းသာနေခဲ့သည်။ တက္ကသိုလ်စာကြည့်တိုက်များကိုကိုင်တွယ်ပြီး ဘာသာရပ်ဌာနများအချင်းချင်း အဆင်ပြေအောင်ညှိနှိုင်းပေးခဲ့သည်။

ဂျက်အား မည်သို့သိမ်းသွင်းရမည်ပါလိမ့်။ ဂျက်မှာ မဟုတ်မဟတ်လုပ်မည့်သူတော့မဟုတ်။ စိတ်ထားပျော့ပြောင်းသော်လည်း လူနုံလူအတစ်ယောက်တည်း မဟုတ်။ သူ့အားစည်းရုံးသိမ်းသွင်းလျှင်ဖြစ်စေ၊ လာဘ်ထိုးလျှင်ဖြစ်စေ သူအတော်ပင်စိတ်ဆိုးလိမ့်မည်။သို့သော် သူမသိအောင် ဖိအားပေးလျှင်တော့ရနိုင်ကောင်းသည်။

တစ်စုံတစ်ယောက်ကိုလာဘ်ထိုးရသည်မှာ မိမိကိုယ်တိုင်လာဘ်ယူရသကဲ့သို့ပင်ဆိုးဝါးလှ၏။သို့တစေ ဂျက်ဘာဂျန်ကိုတော့လာဘ်ထိုး၍ရလျှင်လာဘ်ထိုးရမည်။ ဤသည်ကို စဉ်းစားလိုက်မိရုံဖြင့် စက်ဆုပ်သွားမိ၏။သို့သော် မလုပ်၍မရ။ မိမိမှာ အရေးတကြီးဖြစ်နေလေပြီ။

ဘာရင်တန် ခေတ္တမျှစဉ်းစားပြီး ဖုန်းကိုကောက်ကိုင်ကာ ဂျက်ထံ ဖုန်းဆက်လိုက်သည်။ သူက..



"ဇီဝရူပဌာနစာကြည့်တိုက်ဓာတ်ခွဲ့ဆောင်အတွက် စိမ်ချက်တွေပို့လိုက်တာကို ကျေးဇူးတင်တယ်ဗျာ"

"ဪ၊ ဟုတ်ကဲ့၊ ကျွန်တော် ခုနလေးကမှပို့လိုက်တာ၊ အခုလို အချိန်ယူဖတ်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်"

စင်စစ် ဘာရင်တန် ထိုစာရွက်များကို တစ်ချက်မျှသာကြည့်ရသေးသည်။ သူက..

"ခင်ဗျားရဲ့တင်ပြချက်တွေကအတော့်ကိုကောင်းတယ်၊ တကယ်လို့ စီစစ်ရေးကော်မတီကသုံးသပ်တဲ့အခါ ကျွန်တော်ခင်ဗျားဘက်ကလိုက်ပြီး ထောက်ခံပြောပေးမယ်လို့ အခုဖုန်းဆက်တာပါ"

"သိပ်ကျေးဇူးတင်ပါတယ်"

"နောက်ပြီး ဂျနတီကိုကုမ္ပဏီကိုလည်း ငွေကြေးတချို့တစ်ဝက်ပံ့ပိုးပေးဖို့ ကျွန်တော် ပြောပေးပါ့မယ်"

ထိုစကားကြောင့် ဂျက် အတော်ပင်စိတ်အားထက်သန်လာသည်။

"အဲဒါဆိုရင် ဒီစာကြည့်တိုက်ကို ဂျနတီကိုစာကြည့်တိုက်လို့နာမည်ပေးထားလိုက်တာပေါ့"

"ကောင်းလိုက်တဲ့အကြံ၊ အဲဒီအကြောင်း ကျွန်တော်သူတို့ကိုပြောလိုက်ပါ့မယ်"

ဂျင်နီနဲ့ပတ်သက်၍ ဂျက်ကစပြောမည်ကို ဘာရင်တန်စောင့်နေသည်။ တင်းနစ်နှင့်ပတ်သက်၍ ပြောလိုက်လျှင် ထိုအကြောင်းပေါ်လာနိုင်သည်။ ထို့ကြောင့် သူက..

"အခု နွေရာသီမှာ ခင်ဗျားအခြေအနေဘယ်လိုလဲ၊ ဝင်ဘာလေဒန်ကွင်းမှာ ခင်ဗျားသွားကစားဖြစ်သေးလား"

"ဒီနှစ်တော့ မကစားဖြစ်ဘူး၊ အလုပ်သိပ်များနေလို့"

"အေးဗျာ၊ စိတ်မကောင်းစရာပဲ"

ဘာရင်တန်က ဖုန်းချတော့မည်ဟန်ဆောင်၍

"ကဲ နောက်မှပြောကြတာပေါ့ဗျာ"

တွက်ထားသည့်အတိုင်းပင် ဂျက်က..

"ဪ ဘာရင်တန်၊ ဒီနေ့သတင်းစာထဲမှာပါတဲ့မဟုတ်မဟတ်သတင်းတွေနဲ့ပတ်သက်ပြီး ခင်ဗျားဘယ်လိုသဘောရသလဲ၊ ဂျင်နီနဲ့ပတ်သက်တဲ့သတင်းလေ"

ဘာရင်တန်က ဝမ်းသာမှုကိုဖုံးဖိကာ..

www.burmeseclassic.com

www.burmeseclassic.com



"ခြော် ဒါလား၊ အသေးအမွှားကိစ္စတွေပါ"

"ကျွန်တော်တောင် ဂျင်နီဆီကို ဖုန်းဆက်သေးတယ်၊ ဒါပေမဲ့သူရုံးခန်းထဲမှာမရှိဘူး"

"ဂျနတီကိုနဲ့ပတ်သက်လို့တော့ မစိုးရိမ်ပါနဲ့ဗျာ၊ ဒီကိစ္စအတွက်သူတို့ကတော့ အေးအေးဆေးဆေးပါ၊ မောရစ်အိုဘဲကလည်း ဒါကိုချက်ချင်းပဲအရေးယူဆောင်ရွက်နေတယ်"

"စည်းကမ်းကော်မတီကြားနာမှုနဲ့ပတ်သက်ပြီးပြောတာလား"

"လုပ်ထုံးလုပ်နည်းအတိုင်းတော့ လုပ်ရမှာပဲ၊ ဒီမိန်းကလေးက တက္ကသိုလ်သိက္ခာကျအောင်လုပ်ခဲ့တာပဲ၊ မလုပ်ဖို့တားတော့လည်းမရဘူး၊ နောက်ပြီး သူ့ကြောင့် သတင်းစာထဲမှာပါကုန်ရတယ်၊သူ့ကိုယ်သူကာကွယ်ရင်တော့ သူဒုက္ခရောက်လိမ့်မယ် ထင်တယ်၊ဂျနတီကိုကုမ္ပဏီကလူတွေကိုလည်း ဒီကိစ္စအတွက်အဆင်ပြေအောင် ဆောင်ရွက်ပါ့မယ်လို့ ကျုပ်ပြောထားတယ်၊ လောလောဆယ်တော့ သူတို့နဲ့ကျုပ်ဆက်ဆံရေးမှာအန္တရာယ်မရှိပါဘူး"

"ကောင်းပါတယ်"

"ဒါပေါ့ တကယ်လို့ကော်မတီအနေနဲ့မောရစ်ရဲ့သဘောထားကို ဆန့်ကျင်ပြီး အကြောင်းကြောင်းကြောင့် ဂျင်နီ့ဘက်ကလိုက်ပြီး ဆုံးဖြတ်မယ်ဆိုရင်တော့ ကျုပ်တို့အားလုံးဒုက္ခရောက်ကုန်ကြလိမ့်မယ်၊ဒါပေမဲ့ ဒီလိုလဲဖြစ်လာနိုင်စရာအကြောင်းမရှိပါဘူး"

ဘာရင်တန် ပင့်သက်ကိုရှိုက်ထားလိုက်မိသည်။ ဂျက်က..

"အဲဒီကော်မတီရဲ့ဥက္ကဋ္ဌက ကျွန်တော်ဆိုတာခင်ဗျားသိတယ်နော်"

ဂျက်က စကားကိုရှောင်လွှဲနေသည်။ ဘာရင်တန်ကစိတ်ထဲမှကျိန်ဆဲကာ..

"သိပါတယ်၊ အခုလိုကိစ္စမျိုးမှာ ခင်ဗျားလိုခေါင်းအေးတဲ့လူနဲ့ ကြုံရတော့ ဝမ်းသာစရာပါပဲ" ဒဿနိကဌာနကာမှခေါင်းတုံးနှင့် ပါမောက္ခကိုရည်ညွှန်းလျက်..

"အဲဒီမယ်လီကွန်ဆန်းနက်လိုလူသာဥက္ကဋ္ဌဆိုရင် ဘာတွေဖြစ်ကုန်မလဲမသိဘူး"

ဂျက်ကရယ်လျက်..

"အဲဒီတော့အုပ်ချုပ်ရေးအဖွဲ့ကလည်းသဘောပေါက်တယ်လေ၊ မယ်လ်ကွန်လိုလူမျိုးကိုထားရင်သူကကော်မတီကိုအသုံးချသွားမှာပေါ့"

"ဟုတ်တယ်၊ ခင်ဗျားကဥက္ကဋ္ဌဆိုတော့ တက္ကသိုလ်အဓိပတိကိုလည်း အထောက်အကူပေးနိုင်တာပေါ့"



"ကော်မတီဝင်အားလုံးကိုတော့ ပုံသေတွက်လို့မရဘူး"

ဘာရင်တန်က စိတ်ထဲမှ ကျိန်ဆဲလျက်..

"ဒါပေမဲ့ ဥက္ကဋ္ဌဆိုတာကအရုပ်မှမဟုတ်တာ"

ပြောရင်း ဘာရင်တန် နဖူးမှချွေးများကိုသုတ်ပစ်လိုက်သည်။ တစ်ဖက်တွင် အနည်းငယ်ငြိမ်နေပြီးမှ ဂျက်က..

"ကျွန်တော့်အနေနဲ့ ပြဿနာကိုကြိုတင်အဆုံးအဖြတ်ပြုရင် မှားနိုင်တယ်၊ ဒါပေမဲ့ ဂျနတီကိုကုမ္ပဏီအနေနဲ့စိတ်ပူစရာမလိုဘူးလို့တော့ကျွန်တော်ပြောနိုင်တယ်"

"ကျေးဇူးပဲဂျက်၊ ဒီအတွက်ကျွန်တော်လေးစားပါတယ်"

"ဒီကိစ္စကို ခင်ဗျားနဲ့ကျွန်တော်နှစ်ယောက်ကြားမှာပဲထားပါနော်"

"စိတ်ချပါ"

"ဒါဆို မနက်ဖြန်ခင်ဗျားနဲ့ကျွန်တော်တွေ့မယ်"

ဘာရင်တန် ဖုန်းချလိုက်သည်။ အတော်မလွယ်ပါလား။

သူ့အားလာဘ်ထိုးလိုက်သည်ကို ဂျက်တစ်ယောက်တကယ်မသိသည်သား။ မသိချင်ဟန်ဆောင်နေသည်လား။

ဤသည်မှာကိစ္စမရှိ။ ကော်မတီအား ပုံမှန်ကိုင်သွားနိုင်ဖို့ အရေးကြီးသည်။

ဤသည်မှာလည်း ကိစ္စပြီးသွားသည်တော့မဟုတ်သေး။တက္ကသိုလ်အုပ်ချုပ်ရေးကော်မတီက စည်းကမ်းကော်မတီ၏ဆုံးဖြတ်ချက်ကိုအတည်ပြုရပေဦးမည်။ ဂျင်နီအနေနှင့်လည်း ရှေ့နေတစ်ယောက်ခေါ်ကာ ဤတက္ကသိုလ်ကိုတရားစွဲပြီး လျော်ကြေးတောင်းလာကောင်းတောင်းလာနိုင်သည်။ အမှုမှာနှစ်နှင့်ချီ၍ကြာသွားနိုင်သည်။ ဤတွင်သူ့မစွန့်စားနေသည်များလည်းရပ်ဆိုင်းသွားတော့မည်။ ထိုသို့ဖြစ်ဖို့က အဓိက။

သို့တစေကော်မတီ၏ဆုံးဖြတ်ချက်ကမရေရာသေး။ အကယ်၍ မနက်ဖြန်မနက်တွင်အလွဲလွဲအချော်ချော်ဖြစ်သွားပါက ဂျင်နီမှာသူ့ရုံးခန်းထဲပြန်ရောက်ပြီး ဂျနတီကိုကုမ္ပဏီ၏ အပြစ်မကင်းသောလျှို့ဝှက်ချက်တွေကို ဆက်လက်စုံစမ်းသွားပေတော့မည်။ ဘာရင်တန် တုန်လှုပ်သွားမိ၏။ ဘုရားကယ်ပါ။ ပြီးတော့ စာရေးစက္ကူများကိုဆွဲလျက် ကော်မတီဝင်အမည်များကို ချရေးလိုက်သည်။

ဂျက်ဘာဂျန်စာကြည့်တိုက်။

တင်နီယဲဘစ်ဒါဟန်အနုပညာသမိုင်း။

မိလ်တန်ပါဝါသချာ။

မတ်ထရိုက်ဒါရှေးဟောင်းသမိုင်း။

ဂျိန်းအီးဒဲဘိုရိုရူပဗေဒ။

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ဒါဟာန်၊ ပါဝါနှင့် ထရိုက်ဒါတို့သည် သမရိုးကျသဘောထားရှိသူဖြစ်ပြီး ဂျုံးဖောတက္ကသိုလ်၏သန္တေဝင်ပါမောက္ခကြီးများဖြစ်သည်။ သူတို့သည် တက္ကသိုလ်အဓိပတိအားထားလောက်သည့် လူများဖြစ်ပေသည်။အီးဒါဘိုရိုဆိုသောမိန်းမတစ်ယောက်သာပြဿနာရှိနိုင်သည်။ ထိုမိန်းမကိုတော့မိမိကြည့်ရှင်းရမည်။

○ ○ ○

## အခန်း (၃၃)

ဖီလဒဲဖီးယားမြို့သို့ကားမောင်းလာရင်း စတီလိုဂန်အကြောင်းကိုဂျင်နီစဉ်းစားလာမိသည်။

ယမန်နေ့ညက ဂျုံးဖောတက္ကသိုလ်ဝင်းအတွင်းရှိ ကားရပ်သည့်နေရာတွင်မိမိသူ့ကိုနမ်း၍နှုတ်ဆက်ခဲ့သည်။ မိမိ၏အနမ်းက အသက်ပါသလိုဖြစ်ခဲ့သဖြင့် နောင်တရမိသည်။ သူ၏နှုတ်ခမ်းများကဖူးပြည့်ကာခြောက်သွေ့နေ၏။ သူ့အသားတွေကနွေးထွေးနေသည်။ သည်လိုမျိုးနောက်တစ်ကြိမ်လောက် နှုတ်ဆက်ချင်မိ၏။

သူ့အသက်မိမိထက်ငယ်သည်ကိုအကြောင်းပြု၍ မိမိဘာကြောင့်တွေဝေနေပါလိမ့်။ အသက်ကြီးတော့ရောဘာများထူးခြားလာမည်နည်း။ မိမိချစ်သူဟောင်းမှာအသက် ၃၉နှစ်ရှိပြီဖြစ်သော်လည်း မိမိကိုထားခဲ့ကာ ဘာမျှအတွေးအခေါ်မရှိလှသည့်မိန်းမတစ်ယောက်နောက်သို့လိုက်သွားသည်မဟုတ်လား။ ရင့်ကျက်သူတစ်ယောက်အတွက်ဖြစ်သင့်သည်လား။

မိမိ ဂျင်နီဖာရာမီဆိုသောမိန်းမတစ်ယောက်သည် လောကကြီးကိုဘက်တိုက်ပြီး မိမိလုပ်ချင်သည့်ကိုလုပ်တတ်သည်လား။

မှန်သည်။ ဤသည်မှာလည်း ဖခင်ကြောင့်ဖြစ်ရခြင်းဖြစ်သည်။ ဖခင်ကိုအကြောင်းပြု၍ နောက်ထပ် ဤသို့တာဝန်မဲ့သောယောကျ်ားတွေကို အလိုမရှိချင်တော့။ တစ်နည်းအားဖြင့်လည်း အသက်ကြီးသောယောကျ်ားတွေမှာ အသက်ငယ်သောယောကျ်ားတွေကဲ့သို့ပင် တာဝန်ကိုမသိတတ်ကြောင်း၊ ဖခင်ကသာသေသေပြလျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။

ယနေ့လောက်ဆိုလျှင် ဖခင်တစ်ယောက်ဘော်လ်တီမိုးမြို့ရှိအပေါ်စားဟိုတယ်တစ်ခုတွင်အိပ်နေလေတော့မည်။ မိမိ၏ကွန်ပျူတာနှင့်ရုပ်မြင်သံကြားစက်ကိုရောင်း၍ရသည့်ငွေဖြင့် သောက်လိုက်၊ စားလိုက်၊ လောင်းကစားလုပ်လိုက်ဖြင့်ထိုငွေလည်းကြာကြာခံမည်မဟုတ်။

ထိုအခါ သူကတစ်စုံတစ်ရာခိုးမည်။သို့မဟုတ်ကလည်း အခြားသမီးဖြစ်သောပက်တီအားသနားခံ၍လက်ဖြန့်ခံမည်။မိမိပစ္စည်းများအား ခိုးသွားသည့်အတွက်သူ့ကိုမုန်းမိ၏။သို့ရာတွင် ထိုသို့ခိုးသွားသည့်အတွက် စတီလိုဂန်အားလူကောင်းအဖြစ်မြင်လာသည်။ သူနှင့်ယှဉ်လျှင်စတီမှာ မင်းသားလေးတစ်ပါးပင်တည်း။ နောက်တစ်ခါ သူနှင့်တွေ့လျှင်သူ့ကို မိမိနမ်းပစ်လိုက်မည်။ ကောင်းကောင်းကိုနမ်းပစ်လိုက်မည်။

ဗီလဒဲဗီးယားမြို့လယ်လူတွေကြားထဲသို့ မာစီဒီးကားကိုဂျင်နီမောင်းဝင်လာသည်။ ဤခရီးမှာအကြီးအကျယ်အောင်မြင်တော့မည့်ခရီးဖြစ်၏။စတီနှင့်ဒင်းနစ်တို့နှင့်ပတ်သက်သော ပဟေဠိကိုဖော်ထုတ်နိုင်တော့မည်ဖြစ်၏။အေဗင်တိုင်းဆေးပေးခန်းမှာ မြစ်၏အနောက်ဘက်တက္ကသိုလ်အဆောက်အဦးများနှင့် ကျောင်းသားဆောင်များအနီးတွင်ရှိသည်။ ဂျင်နီက ကားကိုရပ်ပြီးဆေးပေးခန်းထဲသို့ဝင်လာခဲ့၏။

လူနာများစောင့်သည့်နေရာတွင် လူလေးယောက်ကိုတွေ့ရသည်။ ညှို့ကြိုစာရေးကဂျင်နီအားထိုင်ခိုင်းလိုက်၏။ ဂျင်နီကဂျုနတီကိုကုမ္ပဏီ လက်ကမ်းကြော်ငြာစာရွက်တစ်ရွက်ကိုကောက်ယူလိုက်ပြီး နံရံပေါ်ရှိစိတ္တဇပန်းချီကားတစ်ချပ်ကိုအမိပွှာယ်မဲ့စွာကြည့်ရင်း စိတ်မရှည်နိုင်စွာကောဇောခင်းကြမ်းပြင်ကို ခြေထောက်ဖြင့်ပုတ်နေမိသည်။

ထို့နောက် ဂျင်နီပြန်ထပြီးအခန်းထဲတွင်လမ်းလျှောက်နေသည်။ ခဏကြာတော့ လူတစ်ယောက်ပေါ်လာပြီး မိမိအမည်ကိုအသံကျယ်ကျယ်ဖြင့်ခေါ်လိုက်သည်။ ထိုလူမှာ အသက် ၅၀ ခန့်ရှိပြီး နဖူးကျယ်ကျယ်နှင့်ဖြစ်သည်။ ထိုလူက မမျှော်လင့်ဘဲလိုက်လိုက်လှဲလှဲပျူငှာစွာဖြင့်

"အေးဗျာ၊ တွေ့ရတာဝမ်းသာပါတယ်"

ဂျင်နီက သူ့ကိုလက်ဆွဲနှုတ်ဆက်လိုက်သည်။

"ညတုန်းက ကျွန်မ မစ္စတာရင်းဝုဒ်နဲ့တယ်လီဖုန်းစကားပြောခဲ့ပါတယ်"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်ကသူနဲ့လုပ်ဖော်ကိုင်ဖက်ပါ၊ ကျွန်တော့်နာမည်က ဒစ်မင်းစကီးပါ"



ဒစ်မှာ အကြောလိုက်ပြီး မျက်စိတစ်ဖက်မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသည်။ ဂျင်နီသူ့ကိုသနားသွား၏။ သူက ဂျင်နီအားအပေါ်ထပ်သို့ ခေါ်သွားရင်း

"အခုလိုလာပြီးစုံစမ်းတာ ဘာအကြောင်းကြောင့်များပါလိမ့်"

"ဆေးဘက်ဆိုင်ရာ ထူးခြားဆန်းကြယ်မှုတစ်ခုကြောင့်ပါ၊ မိန်းမနှစ်ယောက်မှာ ကလေးနှစ်ယောက်ရှိနေတယ်၊ အဲဒီကလေးတွေဟာ တစ်ယောက်နဲ့တစ်ယောက်အမျိုးလည်းမတော်ဘူး၊ ဒီမိန်းမနှစ်ဦးရဲ့တစ်ခုတည်းသောဆက်သွယ်ချက်ကတော့သူတို့ကိုယ်ဝန်ရှိစဉ်ဒီဆေးပေးခန်းမှာကုသခံရဖူးတယ်တဲ့"

"ဒီလိုလား"

သူကပြောလိုက်သည့်စကားကိုနားမထောင်မိလိုက်သလိုဝတ် ကျေတန်းကျေပြောနေသည်။ ဂျင်နီအတော်အံ့ဩသွား၏။ သူ့အတော်ပင်စိတ်ဝင်စားမည်ဟု မိမိထင်ခဲ့သည်။ ထောင့်တစ်ထောင့်ရှိရုံးခန်းတစ်ခုထဲသို့ဝင်လာစဉ်သူက

"ကျွန်တော်တို့ရဲ့မှတ်တမ်းတွေအားလုံးကွန်ပျူတာနဲ့ထိန်းထားတယ်၊ ကဲကျွန်တော်တို့စိတ်ဝင်စားတဲ့လူနာတွေက"

"ရှားလော့ပင်ကာနဲ့ လိုရိန်းလိုဂန်"

"ရှာလိုက်ရင်ခဏလေးပါ"

သူကကွန်ပျူတာခလုတ်များတွင် ထိုအမည်များကိုနှိပ်နေသည်။ဂျင်နီစိတ်ရှည်ရှည်ထားနေရ၏။ဖိုင်တွဲများတွင်ရှိကောင်းမှရှိမည်။သူမအခန်းကိုလှည့်ပတ်ကြည့်လိုက်၏။ မှတ်တမ်းကိုင်စာရေးတစ်ယောက်နေရသည့်အခန်းမှာ အတော်ပင်ခမ်းနားနေ၏။ ဒစ်မှာမစ္စတာရင်းဝုဒ်၏လုပ်ဖော်ကိုင်ဖက်ထက်မကဖြစ်နိုင်သည်။ သူမက

"ဒီဆေးပေးခန်းမှာ ရှင့်ရဲ့တာဝန်ကဘာလဲ"

"ကျွန်တော်က အထွေထွေမန်နေဂျာပါ"

ဂျင်နီ၏မျက်ခုံးများမြင့်တက်သွားမိသည်။သူကတော့ မော့မကြည့်ဘဲ ကွန်ပျူတာကိုနှိပ်နေ၏။ မိမိ၏စုံစမ်းမှုကိုထိပ်တန်းမှူးကြီးတစ်ယောက်က အဘယ်ကြောင့်ဆောင်ရွက်ပေးနေသနည်း။ စဉ်းစားရင်း စိတ်ထဲတွင်မတင်မကျဖြစ်လာသည်။ ဒစ်က

"ကော်တာပဲ၊ အဲဒီနာမည်နှစ်ခုစလုံး ကွန်ပျူတာမှတ်တမ်းထဲမရှိဘူးလို့ ကွန်ပျူတာကပြောနေတယ်"

သံသယစိတ်တွေမှာ ပို၍တိုးလာသည်။ မိမိအလိမ်ခံရတော့မည်ထင်၏။ ပဟေဠိအဖြေမှာ နီးမလိုလိုနှင့်ပို၍ဝေးသွားပြန်သည်။ အားတက်နေမှုများလျော့ပါးသွားစိတ်ညစ်သွားရသည်။ သူကကွန်ပျူတာကိုလှည့်ကာဂျင်နီမြင်အောင်ပြရင်း

"နာမည်တွေရဲ့စာလုံးပေါင်းရော မှန်ရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"ဒီလူနာတွေ ဒီမှာဆေးရုံလာတက်တာဘယ်တုန်းလောက်ကလဲ"

"ကျန်ခဲ့တဲ့ ၂၃ နှစ်လောက်ကပဲ"

"ဩော် ဖြစ်မှဖြစ်ရလေ၊ ဒါဆိုရင်တော့ ခင်ဗျားလာတာလာဒရကျိုးမနပ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်တို့မှာ အဲဒီလောက်ကကြာတဲ့မှတ်တမ်းတွေကို သိမ်းထားလေ့မရှိဘူး၊ ဒါကကျွန်တော်တို့ဌာနရဲ့စာရွက်စာတမ်းဆိုင်ရာလုပ်ထုံးလုပ်နည်းတစ်ခုပဲ"

ဂျင်နီက သူ့ကိုမျက်စိကျဉ်းမြောင်းအောကြည့်ရင်းက

"မှတ်တမ်းအဟောင်းတွေကို ရှင်တို့လွှင့်ပစ်လိုက်တာလား"

"မှတ်တမ်းကတ်ပြားတွေကို နှစ်၂၀ကျော်ရင် ဆုတ်ဖြဲပစ်လိုက်တယ်၊ တကယ်လို့လူနာဟာဆေးရုံပြန်မတက်ဘူးဆိုရင်ပေါ့၊ အဲဒီလိုပြန်တက်တဲ့အခါကျရင်တော့ မှတ်တမ်းတွေကိုကွန်ပျူတာမှာပြန်ထည့်ပေးထားတယ်"

အတော်ပင် စိတ်ပျက်စရာကောင်းနေသည်။ မနက်ဖြန်ကြုံရမည့်အခြေအနေတွင်မီမီကိုယ်ကိုမီမီကာကွယ်ရန် ပြင်ဆင်ဖို့လိုအပ်သောတန်ဖိုးရှိသည့်အချိန်ကလေးအလဟဿဖြစ်ရချေပြီ။ သူမက စိတ်ပျက်လက်ပျက်ဖြင့်

"ညက မစ္စတာရှင်းဝုဒ်နဲ့တယ်လီဖုန်းစကားပြောတော့ အဲဒီအကြောင်းကိုသူထည့်မပြောတာ အတော်ထူးဆန်းတာပဲ"

"အေးလေ၊ သူကလည်းပြောသင့်တာပေါ့၊ ခင်ဗျားကလည်းဘယ်အချိန်ကဆေးရုံတက်တယ်ဆိုတာမပြောလို့နေမှာပေါ့"

"အဲဒီမိန်းမတွေ ဒီဆေးရုံတက်တာ ကျန်ခဲ့တဲ့ ၂၃နှစ်တလို့ ကျွန်မအသေအချာပြောလိုက်တယ်"

ပို၍သေချာစေရန် စတီ၏အသက်ကိုပင်ထည့်ပြောလိုက်သေးသည်ကို မီမီမှတ်မိနေသည်။

"ဒါဆိုရင်တော့ နားမလည်နိုင်စရာပဲ"

မည်သို့ပင်ဖြစ်စေ၊ယခုလိုဖြစ်လာရသည့်အတွက်သိပ်ပြီးအံ့ဩစရာတော့မရှိ။ ဒစ်မင်စကီမှာ ရင်းနှီးဖော်ရွေသည့်အမူအရာရှိသော်လည်း မလုံမလဲဖြစ်နေသည့်ဟန်မျိုးကိုတွေ့နေရသည်။

သူက ကွန်ပျူတာအား မူလပုံစံအတိုင်းပြန်လှည့်ထားလိုက်သည်။ အားနာသည့်လေသံဖြင့် သူက



"အေးဗျာ၊ ကျွန်တော့်အနေနဲ့လည်းဘာမှမတတ်နိုင်ပါဘူး"

"မစ္စတာရှင်းဝုဒ်အနေနဲ့ဒီမှတ်တမ်းကတ်ပြားတွေကို ဖြဲပစ်တဲ့အကြောင်းကျွန်မကိုဘာဖြစ်လို့မပြောလိုက်တာလဲဆိုတာကျွန်မတို့သူ့ကိုမေးကြည့်ရအောင်လား"

"သူ ဒီနေ့နေမကောင်းလို့ရုံးမလာဘူး"

"တိုက်ဆိုင်လိုက်တာနော်"

သူက စိတ်ဆိုးသည့်အမူအရာမျိုးပြလျက်

"ကျွန်တော်တို့က ခင်ဗျားကိုဖုံးကွယ်နေတယ်လို့များထင်နေသလား"

"ကျွန်မက ဒီလိုဘာလို့ထင်ရမှာလဲ"

"မသိဘူးလေ၊ ကဲ ကျွန်တော်လည်းအချိန်သိပ်မရှိတော့ဘူး"

ဂျင်နီက ထပြီးသူ့နောက်မှတံခါးပေါက်ဆီသို့လိုက်သွားသည်။စစ်ကလည်းသူမအားအောက်ထပ်အပေါက်ဝအထိလိုက်ပို့ပြီးနှုတ်ဆက်သည်။သူမကလည်းပြန်နှုတ်ဆက်လိုက်၏။

အပြင်ဘက်ရောက်တော့ ဂျင်နီအနည်းငယ်တုန်ဆိုင်းနေသည်။သူမရှိတုန်ချတုန်ဖြစ်နေ၏။မီမီအပေါ်တစ်ပတ်ရိုက်၍မရကြောင်း သူတို့သိအောင်လုပ်ပြချင်သေးသည်။မသိမသာလှည့်ပတ်စုံစမ်းရန်သူမဆုံးဖြတ်လိုက်၏။ကားရပ်သည့်နေရာတွင်ဆရာဝန်ကားများအမြောက်အမြားရှိနေသည်။နောက်ဆုံးပေါ်အကောင်းစားကားများဖြစ်၏။သူမက အဆောက်အဦးတစ်ဖက်သို့လျှောက်လာခဲ့၏။ မုတ်ဆိတ်မွေးဖြူဖြူနှင့်လူမည်းကြီးတစ်ယောက် အမှိုက်သရိုက်အညစ်အကြေးများကိုရေပိုက်ဖြင့်ထိုးချနေသည်။ဤမှာဘက်တွင် ဘာမျှစိတ်ဝင်စားစရာမတွေ့ရ။ သူမက နံရံကိုကပ်လျက်လာလမ်းအတိုင်းပြန်လျှောက်လာသည်။

မျက်နှာစာဘက်ရှိ ပြတင်းပေါက်တစ်တစ်ပေါက်မှ ဒစ်မင်စကီကိုတွေ့လိုက်ရသည်။သူသည်အောက်ထပ်အဝင်ဝခန်းမထဲတွင်ရှိနေဆဲ။သူက ညှိုကြိုမကာလေးနှင့်စကားပြောနေသည်။ဂျင်နီဖြတ်လျှောက်သွားသည်ကိုမြင်တော့ သူကစိုးရိမ်သလိုလိုက်ကြည့်နေ၏။

အဆောက်အဦးကိုပတ်၍အခြားတစ်ဖက်သို့ရောက်တော့ ကားဂိုဒေါင်တစ်ခုကိုတွေ့ရသည်။ လက်အိတ်စွပ်ထားသောလူသုံးယောက်အမှိုက်များကို ထရပ်ကားတစ်စီးပေါ်တင်နေ၏။မီမီလုပ်နေသည်မှာမဟုတ်သေး။မီမီသည်ဝတ္ထုထဲက စုံထောက်တစ်ယောက်လိုလုပ်နေခြင်းဖြစ်၏။

သူမ ပြန်လှည့်မည်ပြုစဉ် တစ်စုံတစ်ရာကိုတွေ့လိုက်ရသည်။လူများသည်ပေါ့ပါးဟန်ရှိသော အမှိုက်များထည့်ထားသည့်အညိုရောင်ပလတ်စတစ်အိတ်ကြီးများကိုစပ်သာသာပင်မ,နိုင်သည်ကိုတွေ့ရသည်။ဆေးပေးခန်းအနေဖြင့်အထုပ်ကြီးပြီးဝန်

www.burmeseclassic.com

www.burmeseclassic.com



ပေါ့သည့်ဘာပစ္စည်းတွေများလွှင့်ပစ်ကြမည်ပါလိမ့်။

ဆုတ်ဖြဲထားသောစက္ကူတွေလား။

ဒစ်မင်စကီ၏အသံကိုကြားလိုက်ရသည်။သူကကြောက်လန့်နေသောအသံဖြင့်

"ခင်ဗျား ပြန်ပါတော့ဗျာ၊ ဒေါက်တာဂျင်နီဖာရာမီရယ်"

သူမ လှည့်ကြည့်လိုက်သည်။သူက အဆောက်အဦးထောင့်ချိုးမှပေါ်လာခြင်းဖြစ်ပြီး သူ့နောက်တွင်ရဲသားပုံစံယူနီဖောင်းဝတ်ထားသောလုံခြုံရေးအစောင့်လည်းပါလာသည်။

သူမက အမှိုက်ထုပ်များဆီသို့ခပ်မြန်မြန်လျှောက်သွားလိုက်၏။ ဒစ်မင်စကီကအော်လျက်,

"ဟေး"

အမှိုက်သိမ်းသမားများက သူမအားဖြုံးကြည့်နေကြသည်။ သူမက သူတို့ကိုဂရုမစိုက်။ ပြီးတော့အိတ်တစ်အိတ်ကိုဆွဲဖြဲပြီး အထဲကိုလက်နှိုက်ကာအထဲမှာရှိနေသည်များကိုလက်တစ်ဆုတ်နှိုက်ယူလိုက်သည်။

လက်ထဲတွင် ဆုတ်ဖြဲထားသောအညိုရောင်ကတ်ပြားအပိုင်းအစများပါလာသည်။ထိုအပိုင်းအစများကိုဖတ်ကြည့်လိုက်တော့ အချို့ဖောင်တိန်နှင့်၊ အချို့လက်နှိပ်စက်နှင့်ရိုက်ထားသည့်စာများကိုတွေ့ရသည်။ဤသည်များမှာ ဆေးရုံမှတ်တမ်းကတ်ပြားများကို ဆွဲဖြဲထားသည့်အပိုင်းအစများဖြစ်မည်။

ဤအပိုင်းအစ အိတ်ပေါင်းများစွာကို ယနေ့မှသယ်ထုတ်နေကြသည်မှာအကြောင်းရှိမည်။ဤမှတ်တမ်းများကို ယနေ့မနက်မှဆုတ်ဖြဲပစ်ခြင်းဖြစ်မည်။မိုးတယ်လီဖုန်းဆက်ပြီးနာရီပိုင်းအတွင်းစ၍လုပ်ကြခြင်းဖြစ်မည်။ သူမက ထိုအပိုင်းအစများကို မြေကြီးပေါ်ပစ်ချပြီးထွက်လာခဲ့သည်။ အမှိုက်သိမ်းသမားတစ်ယောက်က မကျေမနပ်အော်ပြောနေ၏။ သူမကဂရုမစိုက်။

သံသယတော့ရှိစရာမလိုတော့။

သူမက ဒစ်မင်စကီ၏ရှေ့တွင်ခါးထောက်ရပ်လိုက်သည်။ မိမိအား သူလိမ်ညာခဲ့သည်။ ထို့ကြောင့်လည်း သူမျက်နှာပျက်နေခြင်းဖြစ်မည်။ သူမက

"ရှင်တို့မှာ အင်မတန်ရှက်စရာကောင်းတဲ့လျှို့ဝှက်ချက်တစ်ခုရှိနေတယ်မဟုတ်လား၊ဒါကြောင့် ဒီမှတ်တမ်းတွေဖျက်ဆီးပြီး ရှင်တို့ဖုံးကွယ်ဖို့ကြိုးစားနေတာမဟုတ်လား"

သူမက အော်ဟစ်ကာပြောနေသည်။ ဒစ်မှာအတော်ပင်ကြောက်နေ၏။



သူက

"မဟုတ်ပါဘူး၊ နောက်ပြီး ခင်ဗျား အခုလိုပြောတာစော်ကားရာကျတယ်"

"ဘာမဟုတ်ရမှာလဲ"

ဂျင်နီအတော်ပင်ဒေါသဖြစ်နေသည်။သူမကကိုင်ထားသောဂျာနယ်ကိုကုမ္ပဏီလက်ကမ်းကြော်ငြာဖြင့်သူ့ကိုထိုးလျက်

"အခု ကျွန်မစုံစမ်းနေတာဟာ ကျွန်မအတွက်သိပ်အရေးကြီးတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မကိုလိမ်နေတဲ့သူဟာ ဒုက္ခတွေ့သွားမယ်ဆိုတာယုံလိုက်၊ ကျွန်မမအောင်မြင်သေးရင်တော့နေနှင့်ဦးပေါ့"

"ကျေးဇူးပြုပြီး ပြန်ပါဗျာ"

လုံခြုံရေးအစောင့်က သူမ၏ဘယ်ဘက်တစ်တောင်ဆစ်ကိုလာဆွဲသည်။ သူမက

"ကျွန်မသွားမှာပါ၊ ကျွန်မကိုကိုင်စရာမလိုဘူး"

သို့သော် လုံခြုံရေးအစောင့်က လက်ကိုမလွှတ်ဘဲ

"ဒီဘက်ကကြွပါခင်ဗျာ"

"ထိုသူမှာသက်လတ်ပိုင်းရှိပြီးဆံပင်ဖြူကာဗိုက်ပူသည်။ ယခုလို စိတ်မကြည်မလင်ဖြစ်နေသည့်အချိန်တွင် မိမိအားကြမ်းကြမ်းတမ်းတမ်းကိုင်သည်ကိုမကြိုက်။ သူမကမိမိညာလက်ဖြင့် မိမိအားကိုင်ထားသောသူ့လက်ကိုဖမ်းဆုတ်လိုက်သည်။ သူ၏လက်များကတင်းမထား။ သူမက

"လွှတ်ပါ"

သူမက သူ့လက်ကိုဖျစ်ညှစ်လိုက်သည်။သူမ၏လက်မှာ တော်ရုံတန်ရုံယောကျ်ားတွေထက်သန်မာသည်။ အစောင့်မှာသူမ၏တံတောင်ဆစ်ကိုကိုင်ထားလျက်က နာလာသဖြင့်လွှတ်ပေးလိုက်သည်။ သူမက

"ကျေးဇူးပါပဲ"

သူမထွက်သွားသည်။

ဂျင်နီ ကျေနပ်သွား၏။ ဤဆေးပေးခန်းတွင်သဲလွန်စရှိနိုင်သည်ဟု မိမိထင်ထားသည်မှာမှန်နေပေသည်။

မိမိမသိအောင် သူတို့ဖုံးဖိနေသည်ကိုကြည့်ခြင်းအားဖြင့် သူတို့တွင်မှုမမှန်သော လျှို့ဝှက်ချက်တစ်ခုရှိနေသည်မှာသေချာနေသည်။ လျှို့ဝှက်နက်နဲသောပြဿနာ၏အဖြေမှာ ဤနေရာနှင့်ဆက်စပ်နေသည်။ သို့သော် မိမိအနေနှင့်ဘာမျှမသိရ။

သူမ မိမိကားဆီသို့လျှောက်သွားသည်။သို့သော် ကားထဲမဝင်သေး။ စိတ်

www.burmeseclassic.com

www.burmeseclassic.com



တွေသိပ်လှုပ်ရှားနေသဖြင့် ဘာမျှမစားချင်။ကော်ဖီတစ်ခွက်သာသောက်ချင်၏။ လမ်း၏တစ်ဖက်တစ်ချက်တွင်ကော်ဖီဆိုင်တစ်ဆိုင်ရှိနေသည်။ဈေးပေါပြီး သန့်ရှင်းပုံလည်းရ၏။ သူမလမ်းကိုဖြတ်ကူးပြီးဆိုင်ထဲသို့ဝင်လိုက်၏။

စင်စစ် မိမိ မင်စကီအားခြိမ်းခြောက်ခဲ့သည်မှာ ဘာမျှမဟုတ်လှ။ မိမိအနေနှင့်သူ့ကိုဒုက္ခပေးနိုင်ရန်လက်ဆုပ်လက်ကိုင်မရှိ။ သူ့ကို ခြောက်လှန့်ခဲ့၍လည်း ဘာမျှမရခဲ့။ တကယ်တော့ သူတို့မိမိအားလိမ်နေကြောင်း မိမိသိနေသည်ကိုတော့ပြနိုင်ခဲ့သည်။ သို့ရာတွင် သူတို့ဘက်ကလုံလုံခြုံခြုံနေနိုင်သွားပေပြီ။

ကော်ဖီဆိုင်ကလေးမှာတိတ်ဆိတ်ပြီး ကျောင်းသားအချို့နေ့လယ်စာစားနေကြသည်။ သူမကကော်ဖီတစ်ခွက်နှင့်အသီးအရွက်သုတ်တစ်ပွဲမှာလိုက်သည်။သူမစောင့်နေရင်းဆေးပေးခန်းမှယူလာသောလက်ကမ်းကြော်ငြာကိုဖွင့်၍ ဖတ်လိုက်သည်။

**အေဗင်တိုင်းဆေးပေးခန်းကို ၁၉၇၂ခုနှစ်ကဂျနတ်ကိုကုမ္ပဏီမှ တည်ထောင်ခဲ့သည်။သတင်းစာများတွင် ဖန်ပြွန်သန္ဓေသားဟုခေါ်သောဖန်ပြွန်ထဲ၌လူ့သားသန္ဓေအောင်ခြင်း သုတေသနလုပ်ငန်းကိုရှေ့ပြေးဆောင်ရွက်သည့်ဌာနဖြစ်သည်။**

အားလုံးရှင်းသွားပေပြီ။

○ ○ ○

## အခန်း (၃၄)

ဂျိန်းမှာ အသက် ၅၀ကျော်ရှိပြီး မုဆိုးမတစ်ယောက်ဖြစ်သည်။ အရိုးအစားပြေပြစ်တောင့်တင်းသော်လည်း သပ်သပ်ရပ်ရပ်မရှိလှ။တိုင်းရင်းသားဝတ်စုံကိုဖြစ်သလိုဝတ်သည်။တကယ်တော့ သူမမှာအသိပညာရှင်၊အတတ်ပညာရှင်တစ်ယောက်ဖြစ်၏။သို့သော် မည်သူကမျှထိုသို့မထင်ကြ။ အလွန်တော်သည့်လူတွေဘာကြောင့်များဖြစ်သလိုဝတ်စားကြပါလိမ့်။

ထိုသို့သော လူမျိုးအတော်များသည်။သို့သော် ဘာရင်တန်အဖို့တော့ သူတို့နှင့်မတူ။ သပ်သပ်ရပ်ရပ်ဝတ်ဆင်တတ်၏။

ယနေ့လည်း ဘာရင်တန် ရှုရှုကလေးနေအောင်ဝတ်စားဆင်ယင်လာသည်။ ပြီးတော့ သူကမှန်ထဲတွင် သူ့ရုပ်ကိုသူပြန်ကြည့်ကာ ဂျိန်းနှင့်တွေ့ရန်ရုံးခန်းထဲမှ ထွက်လာခဲ့သည်။

သူက ကျောင်းသားသမဂ္ဂရုံးသို့ဦးတည်ထွက်လာခဲ့၏။ တက္ကသိုလ်ဝန်ထမ်းတွေ ထိုနေရာတွင်သွားရောက်စားသောက်လေ့မရှိ။ ဘာရင်တန်ကို ထိုအဆောက်အဦးထဲသို့ဝင်ဝင်မဝင်ဖူးခဲ့။သို့ရာတွင် ထိုကျောင်းသားသမဂ္ဂအဆောက်အဦးထဲ၌ ကိုးနေ့လယ်စာစားတတ်ကြောင်း ရူပဗေဒဌာနမှစကားဖွာတတ်သည့်အတွင်းရေးမှူးမကလေးတစ်ယောက်ပြောသည်ကိုကြားခဲ့ဖူးသည်။

သမဂ္ဂအဆောက်အဦး၏ဝင်ပေါက်ခန်းမထဲတွင် လူငယ်အတော်များများ

www.burmeseclassic.com

www.burmeseclassic.com



ဘဏ်ငွေထုတ်စက်ထဲမှငွေထုတ်ရန်တန်းစီနေကြသည်။ ဘာရင်တန်က ကော်ဖီခန်းထဲသို့သွားပြီးလှည့်ပတ်ကြည့်လိုက်၏။ သူမမှာအခန်းထောင့်တစ်ထောင့်တွင် ဂျာနယ်တစ်စောင်ဖတ်ရင်း စားနေသည်။

စားသောက်စရာများမှာ လေဆိပ်၊ကုန်တိုက်များတွင်တွေ့ရသည့်စားသောက်ဖွယ်ရာများတွေချည်း။ သူကလင်ပန်းတစ်ခုကိုကောက်ယူပြီး ကော်ဖီယူသည့်နေရာသို့လာခဲ့၏။သာမန်အားဖြင့်ဆိုလျှင် မိမိဤနေရာမျိုးတွင်စားမည့်အစား အခြားပြည်နယ်တစ်ခုသို့ သွားစားလိုက်ချင်သည်။

ခက်တော့အခက်သား။ဂျိန်းမှာ မိမိကြိုက်တတ်သည့်မိန်းမစားထဲကမဟုတ်။စည်းကမ်းကော်မတီကြားနာမှုတွင် သူမ၏ဆုံးဖြတ်ချက်မှာတစ်ဖက်သို့ယိုင်သွားဖို့များသည်။မိမိအနေနှင့် သူမအားအချိန်တိုအတွင်းမိတ်ဖွဲ့ရမည်။မိမိအစွမ်းကိုအကုန်ထုတ်ရတော့မည်။

သူက ဒိန်ခဲကိတ်တစ်ခု၊ကော်ဖီတစ်ခွက်ကိုဝယ်ပြီး ဂျိန်းထိုင်နေသည့်စားပွဲသို့ ယူလာခဲ့သည်။ လန့်တော့အလန့်သား။ သို့သော် သူကခပ်တည်တည်ဖြင့်

"ဟာ ဂျိန်း၊ ဆုံပဲဆုံတတ်ပလေ၊ ကျွန်တော်ခင်ဗျားနဲ့အတူလာစားမယ်နော်"

"ရပါတယ်"

သူမကဖော်ရွေစွာဆိုပြီး ဂျာနယ်ကိုဘေးသို့ချထားလိုက်သည်။သူမမျက်မှန်ကိုချွတ်လိုက်တော့ အညိုရောင်မျက်ကွင်းနက်နက်များတွင် ဝမ်းသာသည့်အရေအကြောင်းလေးများပေါ်လာ၏။ သို့သော် သူမ၏ပုံပန်းက မလှမပ။ ရှည်လျားသောသူမ၏ဆံပင်များကို အရောင်အဆင်းမရှိတော့သောအဝတ်စတစ်ခုဖြင့်ချည်နှောင်ထားသည်။ ဝတ်ထားသည့်အစိမ်းပုပ်ရောင်ပုံမကျပန်းမကျဘလောက်အင်္ကျီမှာလည်းချိုင်းတွင်ချွေးကွက်တွေနှင့်။ သူမက

"အရင်တုန်းက ရှင့်ကိုဒီမှာတစ်ခါမှမတွေ့ဖူးပါဘူး"

"ကျွန်တော်တစ်ခါမှမလာဖူးပါဘူး၊ ဒါပေမဲ့ကျွန်တော်တို့အသက်အရွယ်တောဟာနေရာသတ်သတ်မှတ်မှတ်ထားလို့ မသင့်တော်ဘူးလေ"

"ကျွန်မက ရှင့်ထက်တော့အသက်ငယ်ပါတယ်၊ ဒါပေမဲ့ဒီလိုသဘောမျိုးပြောတာတစ်ခါမှမကြားဖူးဘူး"

"ဟုတ်ပါလိမ့်မယ်"

သူက ကိတ်မုန့်ကိုတစ်ကိုက်ကိုက်လိုက်သည်။ ကိတ်မုန့်အောက်ခံမှာ အလျှော့မာနေ၏။အရသာက လိမ္မော်နံ့သင်းသောမှတ်ဆိတ်ရိတ်ဆေးနှင့်တူသည်။ သူက ကြီးစားမျိုးချရင်း



"ဂျက်ဟာဂျန်းတင်ပြတဲ့ဗီဝ၊ရူပစာကြည့်တိုက်နဲ့ပတ်သက်ပြီး ခင်ဗျား ဘယ်လိုထင်သလဲ"

"အဲဒီကိစ္စကြောင့် ရှင်ကျွန်မကိုလာတွေ့တာလား"

"ခင်ဗျားကိုလာတွေ့တာမဟုတ်ပါဘူး၊ ဒီကအစားအသောက်တွေကိုလာမြည်းကြည့်တာ၊ မလာမိခဲ့ရင်ကောင်းမှာ၊ အတော်ဆိုးတာပဲ၊ ဒီမှာခင်ဗျားရှိစားနိုင်တယ်"

သူမက အချိုပွဲတစ်ခုကို ဇွန်းနှင့်ခပ်ရင်း

"အစားကိုလည်း အရသာခံပြီး စားမနေနိုင်ပါဘူးရှင်၊ ကျွန်မက ကျွန်မရဲ့ရူပအမှုန်အရိုင်မြင့်စက်အကြောင်းကိုသာ စဉ်းစားနေတာပါ၊ စာကြည့်တိုက်အကြောင်းနဲ့ပတ်သက်ပြီးပြောပြပါဦး"

ဘာရင်တန်သည် တစ်ချိန်ကသူမလိုပင်အလုပ်ကိုသာစိတ်ဝင်စားနေခဲ့ဖူးသည်။ထို့ကြောင့် လမ်းသလားမနေနိုင်ခဲ့။ လူငယ်သိပ္ပံပညာရှင်တစ်ယောက်ပီပီ မိမိ၏တွေ့ရှိမှုများအပေါ်ကြည်နူးနေခဲ့သည်။သို့ရာတွင် သူ့ဘဝမှာတစ်မျိုးပြောင်းလာခဲ့၏။ လောလောဆယ်တွင်မူ မိမိပြောင်းလဲလာသည့်လမ်းကြောင်းတွင် ပျော်မှပျော်ပါရဲ့လား၊ အပေါစားအစာကိုစားရင်း ချူးကလီးယားရူပဗေဒပြဿနာများကိုတွေးနေလျက် အေးချမ်းရောင့်ရဲနိုင်သောအဖြစ်မျိုး မိမိမရဖူးခဲ့။

"ခင်ဗျားဟာ ဒီတက္ကသိုလ်မှာအင်မတန်ကျော်ကြားတဲ့ အထက်တန်းရူပဗေဒပညာရှင်တစ်ယောက်ပဲ၊ ဒီစာကြည့်တိုက်နဲ့ပတ်သက်ပြီး ခင်ဗျားလည်းဝင်ဆောင်ရွက်သင့်တယ်"

"ဒီစာကြည့်တိုက်ကတကယ်ဖြစ်မှာလား"

"ဂျနတီကိုကုမ္ပဏီကငွေကြေးထောက်ပံ့မယ်လို့ထင်တယ်"

"ဒါဆိုရင်တော့ သတင်းကောင်းပဲ၊ဒါနဲ့ပတ်သက်ပြီး ရှင်ကဘာလို့စိတ်ဝင်စားနေရတာလဲ"

"ပြီးခဲ့တဲ့ နှစ် ၃၀ လောက်တုန်းကကျွန်တော်ဟာ လူတွေရဲ့မျိုးရိုးဗီဇရိုက်နဲ့နောက်မှရလာတဲ့စရိုက်ကိုမေးမြန်းလေ့လာရာက နာမည်ကြီးလာခဲ့ဖူးတယ်၊အဲဒီကျွန်တော်လုပ်ခဲ့ဖူးတဲ့လုပ်ငန်းကြောင့်ရယ်၊တခြားလူတွေလုပ်ခဲ့တဲ့ အလားတူသုတေသနတွေကြောင့်ရယ်၊အခုဆိုရင်ကျွန်တော်တို့ဟာလူတွေရဲ့စိတ်ပုံသဏ္ဌာန်မှာ ပတ်ဝန်းကျင်ကရိုက်ခတ်လာတဲ့စိတ်ထက် မျိုးရိုးဗီဇစိတ်ကပိုအရေးကြီးတယ်ဆိုတာသိလာကြပြီလေ"

"သဘာဝက ပယောဂထက်အရေးကြီးတယ်ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ လူသားဆိုတာသူ့ရဲ့ဒီအင်နဲ့အေပဲလို့ ကျွန်တော်သက်သေပြခဲ့တယ်၊အဲဒီသဘောတရားကို အခုလူငယ်မျိုးဆက်တွေစိတ်ဝင်စားလာကြတယ်၊ ကျွန်တော့်မှာအပြာရောင်မျက်လုံးရှိအောင် ခင်ဗျားမှာနက်ရှိုင်းတဲ့ချောကလက်လို အညိုရောင်မှိုင်းမှိုင်းမျက်လုံးမျိုးတွေရှိလာအောင် ဓာတုပေါင်းစပ်မှုတွေကဖန်တီးပေးတာလို့ သိလာကြပြီ"

"ဘာရင်တန်ရယ်၊ကျွန်မဟာ အသက်၃၀လောက်အရွယ်ဖွံ့ဖွံ့ဖြိုးဖြိုးနဲ့ အတွင်းရေးမှူးမလေးတစ်ယောက်သာဆိုရင်တော့ အခုရှင်ပြောနေတာတွေဟာ ကျွန်မကို လူပျိုလှည့်နေတယ်လို့ထင်မိမှာပဲ"

အခြေအနေကောင်းလာလေပြီ။သူမဘက်က ရေလာမြောင်းပေးလုပ်လာပြီတည်း။ ဘာရင်တန်က တမင်တကာသူမအားခြေဆုံးခေါင်းဖျားကြည့်လျက်

"အခုလည်းဖွံ့ဖွံ့ဖြိုးဖြိုးရှိပါသေးတယ်"

သူမကရယ်နေသည်။ သို့သော် သူမပီတိဖြစ်သွားသည်မှာထင်ရှား၏။ နောက်ဆုံးတော့ သူမအားမိမိစည်းရုံးနိုင်ပြီတည်း။ ထို့နောက် သူမက

"ကဲ ကျွန်မသွားတော့မယ်"

သေလိုက်ပါတော့။အခြေအနေကိုမိမိမထိန်းနိုင်တော့။သူမစိတ်ဝင်စားလာအောင်အမြန်ဆုံးလုပ်ရမည်။ သူကသူမနှင့်အတူပြန်ရန်ထရပ်လိုက်ရင်း

"စာကြည့်တိုက်အသစ်ဆောက်ဖို့ ဖြစ်မြောက်ရေးကော်မတီတစ်ရပ်ဖွဲ့ရမယ်၊ ဘယ်သူတွေနဲ့ဖွဲ့သင့်တယ်ဆိုတာ ခင်ဗျားရဲ့သဘောထားကိုကျွန်တော်သိချင်တယ်"

"ဩော် ဒါကတော့စဉ်းစားရဦးမယ်လေ၊ လောလောဆယ် ဒြပ်မဲ့ဘာသာရပ်နဲ့ပတ်သက်ပြီးပို့ချစရာရှိသေးလို့"

သွားပါပြီ။ မိမိ သူမအားလက်လွှတ်ရပြီတည်း။ ထို့နောက်သူမက ဆက်၍

"ကျွန်မတို့ထပ်ဆွေးနွေးကြတာပေါ့"

ဘာရင်တန်က ရလာသည့်ကောက်ရိုးတစ်မျှင်ကိုဖမ်းဆုတ်လျက်

"ညစာစားရင်းပြောကြရအောင်လား"

သူမက အလန့်တကြားဖြစ်ကာ

"ကောင်းပြီလေ"

"ဒီညလေ"

"ကောင်းသားပဲ"

သူမ ရွှင်ပြသွားပုံရသည်။ မိမိအတွက်အခွင့်အရေးကောင်းတစ်ကြိမ်ရနိုင်ကောင်း၏။ စိတ်အေးသွားသဖြင့်သူက



"ကျွန်တော်ခင်ဗျားကို ညစ်နာရီလာခေါ်မယ်"

"ကောင်းပါပြီ"

သူမကလိပ်စာကိုပြောပြသည်။ ဘာရင်တန်ကအင်္ကျီအိတ်ထဲက လိပ်စာစာအုပ်လေးတွင်ရေးမှတ်လိုက်၏။သူက

"ခင်ဗျားက ဘာအစားအသောက်မျိုးကြိုက်တတ်သလဲ၊ဩော် မပြောနဲ့ ကျွန်တော် မှတ်မိပြီ၊ ခင်ဗျားကခင်ဗျားရဲ့ရုပအမှုန်အကြောင်းတွေ ကိုသာတွေးနေတာပဲ၊ ကဲ ညကျမှ တွေ့မယ်"

နှစ်ယောက်သား ထွက်လာရင်း ဘာရင်တန်က သူမ၏လက်မောင်းကို ဖွဖွကလေးညှစ်လိုက်သည်။ သူမက

"ဘာရင်တန်ရယ်၊ ရှင့်မှာ ရည်ရွယ်ချက်တစ်ခုခုများရှိနေသလား"

ဘာရင်တန်က သူမအား မျက်စိမှိတ်ပြလျက်

"ခင်ဗျားမှာရောဘာတွေရှိနေသလဲ"

သူမကရယ်လျက်ထွက်သွားသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၅)

ဖန်ပြွန်သန္ဓေသား၊ ဖန်ပြွန်ထဲ၌ သန္ဓေအောင်ခြင်း၊ ယင်းနှင့်ပတ်သက်မည်ဟု ဂျင်နီ တွက်လိုက်သည်။

ရှားလော့ပင်ကာနှင့် လိုရိန်းလိုဂန်တို့သည် နှစ်ယောက်စလုံးအေဗင်တိုင်း ဆေးပေးခန်း၌ ကိုယ်ဝန်ရရန်အတွက်ကုသခံခဲ့ကြသည်။ ထိုဆေးပေးခန်းမှာ ဖန်ပြွန်ထဲ၌သန္ဓေဆောင်စေသည့်လုပ်ငန်းကိုပထမဦးဆုံးဆောင်ရွက်ခဲ့၏။ မိခင်၏သန္ဓေမျိုးနှင့် ဖခင်၏သန္ဓေမျိုးတို့ကိုယူ၍ဓာတ်ခွဲခန်းထဲ၌မျိုးစပ်သည်။ရလာသည့်ကလာလရေကြည်ကိုမိခင်၏ဝမ်းဗိုက်ထဲသို့ထည့်ပေးလိုက်သည်။

မိခင်၏ဝမ်းဗိုက်အတွင်း၌ ကလာလရေကြည်နှစ်ပိုင်းကွဲသွားလျှင် အမြွာပြ လာသည်။ ယင်းမှာ စမ်းသပ်ဖန်ပြွန်ထဲ၌လည်းကွဲနိုင်ပေသည်။ထိုကွဲသွားသော ကလာလရေကြည်များကို မိန်းမနှစ်ဦးတွင် တစ်ဦးစီထည့်ပေးလိုက်ပါကဖြစ်နိုင်သည် ဤသို့ဖြင့် သွေးမတော်၊ သားမစပ်မိန်းမနှစ်ယောက်ထံမှရုပ်တူအမြွာများမွေးဖွား လာနိုင်သည်။ ဟုတ်ပြီ။

အစားအသောက်များယူလာသည်။ ဂျင်နီဝမ်းသာလွန်းသဖြင့်စားပင် မစား ချင်တော့။

၁၉၇၀ ပြည့်လွန်စောစောပိုင်းကာလများ၌ ဖန်ပြွန်သန္ဓေသားဆိုသည် သီဝရီတစ်ခုမျှသာရှိသေးသည်။ သို့ရာတွင် ဂျနတီကိုကုမ္ပဏီကထိုသုတေသနလုပ် ကို တစ်နှစ်ခန့်စော၍ လုပ်နိုင်ခဲ့ပုံရသည်။



လိုရိန်းနှင့်ရှားလော့တို့နှစ်ယောက်စလုံးက သူတို့နှစ်ဦးစလုံးဟော်မုန်းကုထုံး ဖြင့်ကုသခံခဲ့ကြောင်းပြောခဲ့သည်။ဤသည်မှာ အေဗင်တိုင်းဆေးခန်းကသူတို့အား လိမ်ပြောခဲ့ခြင်းဖြစ်မည်။

ထို့ပြင်နှင့်ပင် အတော်ဆိုးလှချေပြီ။ နောက်ထပ်ဖြစ်နိုင်ချက်တစ်ခုကို စဉ်းစားမိတော့ ယင်းမှာ သာ၍ပင်ဆိုးနေတော့သည်။ ကလာလရေကြည်မှာ လိုရိန်းနှင့် ရှားစ်လင်မယားတို့မှလည်းကောင်း၊ ရှားလော့နှင့်ဗိုလ်မှူးတို့လင်မယားထံမှလည်း ကောင်းရသည့်သန္ဓေပိုးများကို စပ်ထားခြင်းဖြစ်ပေမည်။လင်မယားတစ်စုံမှရသည့် သန္ဓေပိုးများဖြင့်ထွက်ပေါ်လာသည့်ကလာလရေကြည်ကို အခြားလင်မယားတစ်စုံတွဲ အား ထည့်ပေးလိုက်ခြင်းဖြစ်မည်။

သို့မဟုတ်ကလည်း ထိုလင်မယားနှစ်စုံတွဲစလုံးအားအခြား လူစိမ်းများထံ မှရသည့်ကလာလရေကြည်များထည့်ပေးခဲ့သော်ဟူသောအတွေးကြောင့် ဂျင်နီအတော် ပင်တုန်လှုပ်သွားမိသည်။

ဂျနတီကိုကုမ္ပဏီသည် မိမိ၏လူနာများကို ဤသို့လျှင်အဘယ်ကြောင့် လိမ်ညာခဲ့ပါလိမ့်။ ထိုနည်းပညာမှာလက်တွေ့မစမ်းသပ်ရသေး။ ထိုအတွက် သူတို့တွင် စမ်းသပ်ခံလူသားများလိုအပ်နေခြင်းဖြစ်မည်။ကုမ္ပဏီက တရားဝင်ခွင့်ပြုချက်တောင်း သော်လည်းမရသည်လည်းရှိနိုင်သည်။ သို့မဟုတ်ကလည်း သူတို့တွင်အခြားလျှို့ဝှက် စရာအကြောင်းလည်းရှိနိုင်သည်။

ထိုမိန်းမများအား သူတို့ မည်သည့်အကြောင်းကြောင့် လိမ်ညာခဲ့သည်ဖြစ်စေ ယခုမိမိစုံစမ်းနေသည်မှာ ဂျနတီကိုကုမ္ပဏီအတွက်ကြောက်လန့်တကြားဖြစ်သွားနိုင် သည်ဟု ဂျင်နီသဘောပေါက်သွားသည်။ မိန်းမတစ်ယောက်အား သူမမသိဘဲအခြား တစ်စုံတစ်ယောက်၏ကလာလရေကြည်ကိုထည့်ပေးသည်ဆိုခြင်းမှာ ဆေးပညာကျင့် ဝတ်သိက္ခာနှင့်မည်သို့မှမညီနိုင်။ထိုကိစ္စကို သေပြေးရှင်ပြေးဖုံးဖိနေသည်မှာလည်း အံ့ဩ စရာမရှိချေ။အကယ်၍ လိုရိန်းသာထိုအဖြစ်ကိုသိသွားမည်ဆိုလျှင် သူတို့လျော်ကြေး ပေး၍ဆုံးမည်မဟုတ်တော့။

ဂျင်နီ ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ ဖီလဒဲဖီးယားမြို့သို့လာခဲ့သည် မှာလည်းအချည်းအနှီးမဖြစ်ခဲ့။အဖြေကိုမသိသေးသော်လည်း ပဟေဠိဗဟိုချက်ကိုတော့ တွေ့ခဲ့ရလေပြီ။ အတော်ပင် ကျေနပ်စရာကောင်း၏။

မော့ကြည့်လိုက်တော့ စတီဝင်လာသည်ကိုအံ့ဩစွာတွေ့လိုက်ရ၏။

သူမက မျက်လုံးကိုမှေးကာသူ့ကိုစိုက်ကြည့်လိုက်သည်။စတီမှာ ခါကီ ရောင်ဘောင်းဘီနှင့် အပြာရောင်အင်္ကျီလေးကိုဝတ်ဆင်ထား၏။သူက အခန်းထဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်လာပြီးတံခါးကို နောက်ပြန်ဖနောင့်နှင့်ကန်၍ ပိတ်လိုက်သည်။

သူမက ပြုံးကာ

"စတီ"

ဂျင်နီက အားရပါးရခေါ်လိုက်သည်။ပြီးတော့ သူမ သူ့ကိုသိုင်းဖက်ကာ နမ်းပစ်လိုက်၏။ယနေ့သူ့အနံ့ကတစ်မျိုး။ဆေးလိပ်နံ့သိပ်မနံဘဲ ဟင်းခတ်အမွှေးအကြိုင် အနံ့ပို၍နံနေသည်။သူကလည်း သူမကိုဖက်၍ပြန်နမ်းသည်။သူမက သူ့ကိုလွှတ်ပေးလိုက်ပြီး

"ဒီမှာထိုင်၊ ဘာစားဦးမလဲ၊ အသီးအရွက်သုတ်ပဲအတူစားမလား၊ ရှင်ဒီကို ဘာလာလုပ်တာလဲ၊ ထင်တောင်မထင်ဘူး၊ ရှင်ကျွန်မနောက်ကိုလိုက်လာတာပဲဖြစ်ရမယ်၊ ဒါမှမဟုတ်လည်း ဒီဆေးပေးခန်းနာမည်ကို ရှင် သိထားတော့ ဒီမှာကျွန်မကို လာတွေ့တာဖြစ်မယ်"

"ခင်ဗျားနဲ့ စကားပြောချင်လို့ပါ"

သူက ပြောရင်းလက်ညှိုးထိပ်ကလေးဖြင့် မျက်ခုံးမွေးများကိုသပ်နေသည်။ ထိုအမူအရာကြောင့် ဂျင်နီ စိတ်ထဲမှာတွေဝေသွားမိ၏။ ဤသို့လုပ်သည့်မျိုး မည်သူလုပ်ခဲ့ဖူးပါလိမ့်။သို့သော် သူမမစဉ်းစားဘဲထားလိုက်သည်။ သူမက

"ရှင်ဝင်လာတာ ကျွန်မသိပ်အံ့သြသွားတာပဲ"

"ဟုတ်လား"

"မထင်ဘဲရောက်လာတာမျိုးလုပ်ပြချင်တာလား"

"ဆိုပါတော့"

သူမက သူ့ကိုပြုံးကြည့်လျက်

"ရှင့်ကိုကြည့်ရတာဒီနေ့နည်းနည်းထူးသလိုပဲ၊ ဘာတွေများစဉ်းစားနေတာလဲ"

"ဒီမယ်မင်းကိုကြည့်ရတာကျုပ်စိတ်မထိန်းနိုင်တော့ဘူး၊ ကဲ သွားကြရအောင်လား"

"ရတယ်"

သူမက ငါးဒေါ်လာတန်တစ်ရွက်ကို စားပွဲပေါ်ဓာင်ကာမတ်တပ်ရပ်လိုက်သည်။ အပြင်ကိုရောက်တော့ သူမက

"ရှင့်ကားက ဘယ်မှာလဲ"

"မင်းကားနဲ့ပဲသွားကြတာပေါ့"

နှစ်ဦးသားအနီရောင်မာစီဒီးကားကြီးထဲသို့ဝင်လိုက်ကြသည်။ သူမက ထိုင်ခုံ



ခါးပတ်ကိုပတ်လိုက်၏။သူကတော့ထိုင်ခုံခါးပတ်ကိုမပတ်။ကားမောင်းထွက်လာသည်နှင့်သူကဂျင်နီနားသို့တိုးကပ်လာကာဆံပင်ကိုဖယ်၍ ဂုတ်ကိုနမ်းနေသည်။ သူမကလည်းသဘောကျနေ၏။ သို့ရာတွင် အနည်းငယ်ရှက်သဖြင့် သူမက

"ကျွန်မတို့အရွယ်ကကားထဲမှာ ဒီလိုလုပ်ရမယ့်အရွယ်မဟုတ်တော့ဘူး"

"ကောင်းပါပြီ"

သူက ဆက်၍မလုပ်တော့။ ပြီးတော့ မျက်နှာကိုရှေ့တူရူတွင်ထားကာ သူမ၏ပခုံးများကိုလာပက်ထားသည်။ ဂျင်နီကကားကိုအရှေ့ဘက်သို့ ချက်စနတ်လမ်းအတိုင်းမောင်းလာခဲ့၏။ တံတားနားကိုရောက်တော့ သူက

"အမြန်လမ်းက မောင်းပါ၊ အမိတိုကျုပ်ပြစရာတစ်ခုရှိလို့"

ထို့ကြောင့် သူမကညာဘက်သို့ချိုးကွေ့လိုက်သည်။ မီးပွိုင့်တွေ့တော့ သူမကကားကိုရပ်လိုက်၏။ပခုံးကိုဖက်ထားသောသူ၏လက်များ သူမ၏ရင်ဘတ်ဆီသို့ ရောက်လာကြသည်။ ဂျင်နီက

"စတီ ကျွန်မကျေနပ်ပါတယ်၊ ဒါပေမဲ့ ရှင်ကသိပ်လောလွန်းတယ်"

သူက ဘာမှပြန်မပြော။ ဂျင်နီက သူ၏လက်များကိုပုတ်ချလိုက်သည်။ မီးစိမ်းတော့ သူမအမြန်လမ်းအတိုင်းမောင်းလာခဲ့၏။ သူက မကျေမနပ်နှင့်

"မင်းဘာသဘောလဲဆိုတာ ကျုပ်နားမလည်ဘူး၊ပထမတုန်းကတော့အငမ်းမရကျုပ်ကိုနမ်းလိုက်တာ၊အခုတော့လည်းအေးစက်စက်နဲ့"

"ဒီမယ် မိန်းကလေးတစ်ယောက်ကရှင့်ကိုနမ်းတယ်ဆိုတာ နမ်းချင်လို့နမ်းတာဒါဟာ ရှင့်ကိုလုပ်ချင်တာလုပ်ခွင့်ပေးတဲ့လိုင်စင်မဟုတ်ဘူး၊နောက်ပြီး သူများကိုအနှောင့်အယှက်ဖြစ်အောင်လည်းမလုပ်သင့်ဘူး"

သူမက ကားကိုနှစ်လမ်းမောင်းအမြန်လမ်းအတိုင်းတောင်ဖက်သို့မောင်းလာသည်။

"တချို့မိန်းကလေးတွေကအသားနာမှကြိုက်တာယ်"

သူ၏လက်က သူမ၏ဒူးပေါ်သို့ရောက်နေပြန်သည်။ သူမက သူ၏လက်ကို ဆွဲဖယ်လိုက်ရင်း

"ရှင်ပြချင်တယ်ဆိုတာ ဘာလဲ"

သူမကအာရုံကိုလွှဲပြောင်းရန် ပြောလိုက်သည်။

"ဒါပဲလေ"

သူကပြောရင်း သူမ၏ညာလက်ကိုအတင်းဆွဲယူလိုက်သည်။ ဤတွင်သူမ၏လက်မှာမဖွယ်မရာများကိုစမ်းသပ်မိလိုက်၏။ သူမကမိမိ၏လက်ကို ရုန်းဖယ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ဘုရား ဒီလိုမလုပ်ပါနဲ့ စတီ၊ ကလေးကလားနဲ့"

နောက်တစ်ဖန် သူမသိလိုက်သည်မှာ ပြင်းထန်သောလက်သီးတစ်ချက် မျက်နှာတစ်ခြမ်းပေါ်သို့ ကျရောက်ခြင်းဖြစ်သည်။

သူမ ငယ်သံပါအောင်အော်ပြီး ကားမှာလည်းတစ်ဖက်သို့ဆွဲသွားသည်။ ကားသည် အလယ်မျဉ်းကြောင်းကိုကျော်ကာ တစ်ဖက်လမ်းကြောသို့ကူးသွားရာ တစ်ခု ဘက်မှလာနေသည့် ထရပ်ကားကြီးတစ်စီးနှင့်မျက်နှာချင်းဆိုင်တွေ့မိသည်၌ ကား ဟွန်းသံများဆူညံသွားတော့သည်။သူမ၏ပါးရိုးမှာနာကျင်ပူလောင်နေပြီ။ သွေးများ ထွက်နေသည်ပင်ထင်ရ၏။ ဝေဒနာကိုကြိတ်မှိတ်ခံစားရင်းကားကို ပြန်ထိန်းလိုက်ရ သည်။

မိမိကိုသူလက်သီးနှင့်ထိုးလိုက်ကြောင်း အံ့ဩစွာသိလိုက်ရသည်။ မိမိအား ထိုသို့ မည်သူမျှမလုပ်ဖူးခဲ့။ သူမက ငယ်သံပါအောင်အော်လျက်

"နင် အယုတ်တမာကောင်"

"ကဲ ကျုပ်နိုင်းတဲ့အတိုင်း လုပ်ချင်လုပ်၊ မလုပ်ရင်တော့သေပြီသာမှတ်"

"သွားသေလိုက်ပါလား"

သူမက အော်ပစ်လိုက်သည်။ နောက်တစ်ကြိမ်ထပ်ထိုးရန် လက်သီးကို နောက်သို့အားယူနေကြောင်း မျက်လုံးထောင့်မှမြင်လိုက်ရသည်။သူမဘာမျှစဉ်းစား မနေဘဲဘရိတ်ကိုဆောင့်နင်းလိုက်၏။

သူလည်း ရှေ့သို့အားလွန်ကာသူမကိုမထိုးမိဘဲ သူ့ခေါင်းလည်းရှေ့လေ ကာမှန်နှင့်ဝင်ဆောင့်မိသွားသည်။ကားဘီးများလည်းကျွီခနဲအော်မြည်သွားကြ၏။ အဖြူရောင်ကားတစ်စီးမှာလည်း မိမိတို့ကားကိုကွေ့ရှောင်လိုက်ရ၏။ကားကိုပြန် ထိန်းနိုင်သည့်အချိန်တွင် သူမကဘရိတ်ကိုလွှတ်လိုက်သည်။ကားမှာရှေ့သို့ဆောင့် ထွက်သွားပြန်၏။မိမိသည် အမြန်လမ်းပေါ်ယာဉ်ကြောအမှတ်တစ်တွင် ခေတ္တမျှရပ် လိုက်ပါက သူကြောက်သွားပြီးကားကိုဆက်မောင်းရန် သူတောင်းပန်လာနိုင်သည်။ သူမဘရိတ်ကိုနင်းလိုက်ပြန်၏။ သူလည်းရှေ့သို့စိုက်ထွက်သွားပြန်သည်။

ဤတစ်ကြိမ်တွင်တော့ သူ့ကိုယ်ကိုလျင်မြန်စွာပြန်ထိန်းလိုက်နိုင်သည်။ ကားလည်းရပ်သွား၏။အခြားကားများဟွန်းတွေဆူညံစွာတီးပြီး ကွေ့ကျော်သွားကြ သည်။ ဂျင်နီကြောက်နေ၏။ အခြားကားတစ်စီးစီးမိမိတို့ကားကိုဝင်တိုက်လေ မည်လား။

သို့ရာတွင် မိမိအစီအစဉ်မအောင်မြင်ခဲ့။ သူ့ကိုကြည့်ရသည်မှာကြောက် ဟန်မရှိ။ သူက မိမိစကတ်ကိုဆွဲ၍အတွင်းခံကိုဆွဲဖြဲနေသည်။



သူမက သူ့ကိုအတင်းတွန်းလွှတ်ရန်ကြိုးစားသော်လည်းမရခဲ့။ ယခုလို အမြန်လမ်းအလယ်တွင်တော့ မိမိကိုမတော်မတရားလုပ်မည်မဟုတ်။ သူမ စိတ်ညှစ် စွာဖြင့် ကားတံခါးကိုတွန်းဖွင့်လိုက်သည်။ သို့သော် ထိုင်ခုံခါးပတ်ပတ်ထားသဖြင့် ထ၍မရဖြစ်နေသည်။ ခါးပတ်ကိုဖြုတ်ရန်ကြိုးစားသော်လည်း စတီက ဖိုင်ထားသဖြင့် ဖြုတ်၍မရ။သူမ၏လက်ဝဲဘက်တွင် မျက်နှာချင်းဆိုင်ကားများ တစ်နာရီမိုင်ခြောက်ဆယ် ဖြင့်ဖြတ်၍မောင်းနေကြသည်။အနိုင်ကျင့်ခံနေရသည့် အမျိုးသမီးတစ်ဦးအား ကူညီရန် မည်သည့်ကားသမားတစ်ဦးတလေမျှ ကားကိုရပ်ပြီးဆင်းမလာကြ။သူမကသူ့ကို အတင်းတွန်းနေရင်း ဘရိတ်ကိုနင်းထားသော ခြေထောက်ကြွလိုက်သဖြင့် ကားမှာရှေ့ သို့ဆောင့်ထွက်သွားပြန်သည်။သူယိုင်သွားမည်ထင်၏။ ပြီးတော့သူမက ကားကိုထိန်း လိုက်သည်။ဤသည်မှာ သူမ၏အခွင့်အရေးတစ်ရပ်ဖြစ်သည်။သူမက ကမန်းကတမ်း ဖြင့်လီဘာကိုနင်းချလိုက်သည်။

ကားမှာ တစ်ဟုန်ထိုးဆောင့်ထွက်သွားသည်။ဘတ်စ်ကားကြီးတစ်စီး ဘရိတ်နင်းကာတွေ့ရှောင်လိုက်သဖြင့် မိမိကား၏ဘန်ပါနှင့်သီသီကလေးလွဲသွား သည်။ စတီလည်း ထိုင်ခုံပေါ်တွင်နောက်ပြန်လဲကျသွားသည်။သို့ရာတွင် သူကပြန်ထ လာပြီး ဂျင်နီ၏ဆံပင်ကိုယ်လုံးတွင် လက်သရမ်းနေတော့သည်။ ဂျင်နီလည်း ဘာလုပ် ရမှန်းမသိဖြစ်နေ၏။မိမိတို့နှစ်ယောက်စလုံးကားတိုက်သေဆုံးမည်ကိုပင် သူသိဟန် မရှိ။ သူ့ကိုမည်သည့်နည်းဖြင့် တားနိုင်ပါမည်နည်း။

သူမက ကားကိုဘယ်ဘက်သို့အတင်းချိုးကွေ့ချလိုက်သည်။သူလည်း တစ် ဖက်တံခါးပေါက်ဆီသို့လန်ကျသွား၏။မိမိကားမှာ အမှိုက်ကားတစ်စီးနှင့်တိုက်မိ တော့မလိုဖြစ်သွားသည်။သူမက ကားကိုတစ်ဖက်သို့ပြန်ကွေ့လိုက်ရာ အန္တရာယ် မှလွတ်မြောက်သွားတော့သည်။

စတီက သူမအား လှမ်းဆွဲလာပြန်သည်။ သူမက ဘရိတ်ကိုဆောင့်ဖမ်းပြီး လီဘာကိုအတင်းဆောင့်နင်းလိုက်ပြန်သည်။သူလည်း လူးတာလိမ့်ကာလဲရင်း တဟားဟားရယ်နေသည်။ဘုရားပွဲ၌ချားစီးနေသည်ဟုထင်နေသည်လားမသိ။ ပြီးတော့ သူမထံသို့ ရောက်လာပြန် သည်။

သူမကသူ့ကိုညာဘက်တံတောင်ဆစ်နှင့်လည်းကောင်း၊ လက်သီးဖြင့် လည်းကောင်း ပြန်ထိုးနေ၏။ သို့ရာတွင် ကားကိုမောင်းနေရသဖြင့် အားက မပါလှ။ သို့ရာတွင် စက္ကန့်ပိုင်းမျှတော့သူတန့်သွားသည်။

ဤသည်တို့ သူမမည်မျှကြာကြာခံစားနေရမည်နည်း။ ဤမြို့တော်ရဲကား တွေများမရှိရှာသလော။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဖခုံးမှကျော်၍ ကုန်းတက်လမ်းတစ်ခုကို မိမိတို့ဖြတ်နေကြောင်း ဂျင်နီ တွေ့လိုက်ရသည်။ မိမိတို့ကားနောက်ဖက်တွင် မိုးပြာရောင်ကက်ဒီလက်အမျိုးအစား ကားတစ်စီးကပ်ပါလာ၏။ နောက်ဆုံးအချိန်တွင် သူမကကားကိုချိုးကွေ့လိုက်သည်။ လမ်းနှင့်ဘီးပွတ်သံများဆူညံသွားတော့သည်။

ကားမှာလည်း ရှေ့ဘီးနှစ်ဘီးလွတ်ကာမြောက်တက်ပြီးသွားနေ၏။ စတီ လည်း ဂျင်နီပေါ်သို့လဲကျလာသည်။ အပြာရောင်ကက်ဒီလက်ကားမှာ သူမ၏ကား ကိုကွေ့ရှောင်လိုက်ရာဟွန်းသံတွေဆူညံသွားပြီး ကားချင်းတိုက်သံ၊ မှန်ကွဲသံများအစီ အရီထွက်ပေါ်လာကြသည်။မြောက်တက်သွားသော သူမ၏ကားဘီးများလမ်းပေါ် သို့ဝုန်းခနဲပြန်ကျလာသည်။သူမအတက်လမ်းပေါ်သို့ရောက်နေလေပြီ။ သူမနောက်မှ ကပ်ပါလာသောကားမှာလက်ရန်းများကိုဝင်တိုက်မလိုဖြစ်နေသည်။ သူမကမူ ဖြောင့် ဖြောင့်သွားနေ၏။

သူမက ရှည်လျားသောကုန်းတက်လမ်းကိုအရှိန်မြင့်ကာ မောင်းနေသည်။ ကားပြန်လည်ငြိမ်သွားသည့်အခါ စတီကလာ၍လက်သရမ်းနေပြန်သည်။သူမက လည်းရုန်းကန်နေ၏။သူ့မျက်နှာကိုမော့ကြည့်လိုက်တော့ မျက်လုံးများပြူးကျယ် လျက်ပြူးနေသည်။ ချွေးများလည်းထွက်နေပြီး ရာဂမွန်နေသည့်မအေတည်း။

ရှေ့ဘက်နှင့် နောက်ဘက်တွင် ကားများမရှိ။ အတက်လမ်းမှာ မီးပွိုင့်တစ်ခု တွင်ဆုံးနေသည်။ မီးပွိုင့်ကမီးစိမ်းနေ၏။ လက်ဝဲဘက်တွင်သချိုင်းကုန်းရှိသည်။ မြို့လယ်သို့ဟူသော ဆိုင်းဘုတ်တစ်ခုကိုတွေ့လိုက်သဖြင့် ထိုဘက်သို့သူမချိုးကွေ့ လိုက်သည်။

မြို့တော်ခန်းမနှင့်လမ်းထဲတွင် လူသူများ သွားလာနေသည့်နေရာဖြစ်မည်ဟု မျှော်မှန်း၍လာခဲ့ခြင်းဖြစ်သည်။သို့ရာတွင် လမ်းများပေါ်၌လူသူခြောက်ကပ်ပြီး လူသူ မရှိသည့်ဟောခန်းများ၊ လေသာဆောင်များကိုသာတွေ့ရသဖြင့် စိတ်ညစ်သွားရသည်။ ရှေ့တွင်တွေ့ရသည့်မီးပွိုင့်တွင် မီးမှာနီနေသည်။ ဤနေရာတွင် ကားကိုရပ်လိုက်ပါက ဒုက္ခများတော့မည်။

စတီက လက်သရမ်းနေလျက်က

"ကားကိုရပ်လိုက်"

သူလည်း ဂျင်နီလိုပင် ဤနေရာ၌ သူမအားစော်ကားမည်ဆိုပါက အနှောင့် အယှက်ကင်းနိုင်သည်ဟုတွက်ပုံရသည်။

သူ၏လက်သရမ်းနေမှုကိုနာကျင်စွာခံစားနေရသည်။ သို့ရာတွင် နာကျင် သည်ထက် ကြောက်စိတ်ကပိုများနေ၏။သူမက မီးနီကိုအရှိန်မြင့်ကာဖြတ်ကျော်



လိုက်သည်။

လက်ဝဲဘက်မှလာသောသူနာတင်ကားတစ်စီး၊ သူမကားရှေ့မှ ဖြတ်ဝင်လာ သည်။ သူမကဘရိတ်ကိုနင်း၍ကွေ့ရှောင်လိုက်သည်။တိုက်လိုက်မိလျှင်လည်း အကူ အညီရနိုင်ကောင်း၏ဟု စိတ်ရှုပေါက်ကာတွေးမိသည်။

ရုတ်တရက် စတီက လက်ကိုရုတ်၍ ဂီယာကိုဆွဲဖြုတ်လိုက်သည်။ ကားမှာ အရှိန်သေသွား၏။သူမက ဂီယာကိုပြန်သွင်းကာ လီဘာကိုအဆုံးနင်းချရင်း လူနာ တင်ကားကိုကွေ့ရှောင်လိုက်သည်။

ဤအတိုင်း မည်မျှကြာအောင်နေရဦးမည်နည်း။ နောက်ဆုံးကားမရပ်မီ သို့မဟုတ် ကားမတိုက်မီ လူသူပတ်ဝန်းကျင်ရှိသည့်နေရာသို့ရောက်ချင်စမ်းလှဘိ။ သို့ရာတွင် ဗီလဒဲဖီးယားမြို့မှာလူသူကင်းလှသည်။

စတီက ကားလက်ကိုင်ဘီးကိုဆွဲယူကာ လမ်းဘေးသို့ဆွဲယူနေသည်။ ဂျင်နီ ကကားလက်ကိုင်ဘီးကို အတင်းဆွဲလုယူလိုက်ရာ ကားမှာပြန်ကွေ့တက်လာပြီး လူနာ တင်ကားမှာလည်း ဟွန်းတွေအဆက်မပြတ်တီးနေ၏။

သူက တစ်ကြိမ်ကြိုးစားလာပြန်သည်။သည်တစ်ကြိမ်တွင်တော့ သူက အလွန်ပါးနပ်သည်။လက်တစ်ဖက်ကဂီယာကိုဖြုတ်ရင်း ကျန်လက်တစ်ဖက်က လက်ကိုင်ဘီးကိုဆွဲကွေ့နေသည်။ ကားလည်းအရှိန်သေကာရပ်သွား၏။

ဂျင်နီက လက်နှစ်ဖက်ကို လက်ကိုင်ဘီးမှဖြုတ်လျက် စတီ၏ရင်ဘတ်ကို အားကုန်ဆောင့်တွန်းချလိုက်သည်။သူလည်းအငိုက်မိကာ နောက်သို့လန်ကျသွား တော့သည်။ထို့နောက် ဂီယာကိုပြန်သွင်းကာ လီဗာကိုအဆုံးနင်းချလိုက်၏။သူ အချိန်မရွေးကားကိုရပ်အောင်လုပ်လာနိုင်သည်။ ထိုအခါ မိမိသူနှင့် ဤကားထဲတွင် ချောင်ပိတ်မိနေမည်။

သူမက ကားကိုညာဘက်သို့ချိုးလိုက်ရာ အကွေ့တစ်ခုတွင်သူပြန်ထလာ ၏။သူကလက်ကိုင်ဘီးကို လက်နှစ်ဖက်နှင့်လာကိုင်နေ၏။သည်တစ်ကြိမ်တွင်တော့ မိမိဘာမျှလုပ်၍ရမည်မဟုတ်တော့။ကားချိုးကွေ့လိုက်သည်တွင် မြင်ကွင်းမှာရုတ် ချည်းပြောင်းလဲသွားတော့သည်။

လမ်းထဲတွင် လူများစည်ကားလှ၏။ဆေးရုံတစ်ရုံလည်းရှိသည်။ လူတွေက လည်းအပြင်တွင်ရပ်နေကြ၏။အငှားကားများလည်း တန်းစီရပ်နေသည်။ လမ်းဘေး ဆိုင်ကလေးများတွင် တရုတ်အစားအသောက်များရောင်းနေ၏။

"ဟုတ်ပြီ"

ဂျင်နီဝမ်းသာအာရအော်လိုက်မိသည်။ သူမကဘရိတ်ကို ဆောင့်နင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ စတီက ကားလက်ကိုင်ဘီးကိုဆွဲကွေ့သည်။ သူမကလည်းပြန်ဆွဲထား၏။ နောက်မှလိုက်လာသောကားမှာ လမ်းအလယ်ခေါင်တွင် ဘရိတ်အုပ်လိုက်သည်။ ဆိုင်ထဲတွင်စားသောက်နေကြသည့် ကားသမားများလည်း ပြိုင်တူလှည့်ကြည့်ကြ၏။

စတီလည်း ကားတံခါးကိုဖွင့်ကာထွက်ပြေးတော့သည်။

"တော်ပါသေးရဲ့"

ယခုမှဂျင်နီအသက်ရှူနိုင်တော့၏။ ခဏကြာတော့စတီပျောက်ကွယ်သွားတော့သည်။ ဂျင်နီမှာထိုင်ရင်းမောဟိုက်နေ၏။ သူမရှိတော့ပြီ။ အိပ်မက်ဆိုးကြီးမှလည်းလွတ်မြောက်သွားလေသည်။

ကားသမားတစ်ယောက်ကလျှောက်လာပြီး ကား၏တစ်ဖက်သော ပြတင်းပေါက်မှခေါင်းလျှိုဝင်ကာကြည့်သည်။ဂျင်နီလည်း အဝတ်အစားများကို နေသားတကျဖြစ်အောင်ပြင်နေရ၏။ ကားသမားက

"အဆင်ပြေရဲ့လား အမျိုးသမီး"

"ဟုတ်ကဲ့ ဆိုပါတော့"

"ဘယ်လိုဖြစ်လို့လဲ"

"ပြောတောင်မပြောတတ်တော့ပါဘူးရှင်"

သူမက ခေါင်းကိုရမ်းကာ ပြန်ပြောနေ၏။

ဝ ဝ ဝ

# အခန်း (၃၆)

ဂျင်နီ၏အိမ်အနီး အုတ်တံတိုင်းနိမ့်နိမ့်ကလေးတစ်ခုပေါ်တွင် စတီထိုင်၍ ဂျင်နီအား စောင့်နေသည်။ နေကပူသဖြင့် သစ်ပင်ကြီးတစ်ပင်၏ အရိပ်အောက်တွင် ထိုင်နေခြင်းဖြစ်သည်။ဂျင်နီ၏အိမ်မှာ အလုပ်သမားလူတန်းစားများနေထိုင်သည့် အစဉ်အလာအတိုင်း အိမ်တန်းကလေးများရှိသောရပ်ကွက်တွင်ဖြစ်၏။အနီးအနားရှိ ကျောင်းတစ်ကျောင်းမှ ကျောင်းသားကလေးများအိမ်ပြန်လာကြသည်။ရယ်သူရယ်၊ရန်ဖြစ်သူဖြစ်၊သကြားလုံးစားသူစားနှင့် မိမိလည်းသူတို့ကလေးတွေလိုနေလာခဲ့ရသည်မှာ သိပ်မကြာလှသေး။ ရှစ်နှစ်ကိုးနှစ်သာရှိဦးမည်။

ယခုတော့ မိမိမှာ စိတ်ပူပြီး ဆိုင်ရမလို၊ ထရမလိုဖြစ်နေရသည်။ ယခုနေ့လယ်ပိုင်းတွင်မိမိ၏ ရှေ့နေကလင်မူဆိုင်ရာမှုခင်းဌာနမှရဲစုံထောက်ရဲကြပ်ကြီးမစ်ရှ်နှင့် တွေ့ဆုံမည်။ ရဲကြပ်ကြီးမစ်ရှ်က မိမိ၏ဒီအင်န်အေစမ်းသပ်စစ်ဆေးမှု အဖြေကိုလည်းရပြီဟုပြောသွားသည်။လစ်ဆာ၏ခန္ဓာကိုယ်ပေါ်မှတွေ့ရသည့် စော်ကားသူအမျိုးသား၏ ဒီအင်န်အေကိုစတီ၏ သွေးထဲမှတွေ့သည့်ဒီအင်န်အေနှင့် တိုက်ဆိုင်စစ်ဆေးမည်ဖြစ်သည်။

ဒီအင်န်အေနှင့် စမ်းသပ်စစ်ဆေးလိုက်လျှင်တော့ မိမိ၏ပြဿနာများ ပြေလည်သွားမည်။

ရှေ့နေကတော့ မိမိတွင်အပြစ်မရှိဟုဆိုခြင်းကိုယုံကြည်ကြောင်း ။ မိခင်နှင့် ဖခင်ကတော့ယုံကြည်သည်။သို့ရာတွင် သူတို့လည်းဇဝေဇဝါဖြစ်နေကြ၏။ ဒီအင်န်အေ

www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးမှုကတော့ စိတ်ချရသည်ဟုသူတို့သိထားသည်။

ယခုလိုကံမကောင်းသည့်အချိန်တွင်မိမိအနေနှင့်မဟုတ်မဟပ်လုပ်နေမိသည်လား။ အခြားသော စတီတစ်ယောက်ကဝင်၍မိန်းမတွေကိုစော်ကားပြီး မိမိအား တရားခံရှာခြင်းသာဖြစ်မည်။

မိမိနှင့်ဒင်းနစ်ပင်ကာတို့အကြား ထူးဆန်းသည့်အဖြစ်အပျက်ကြောင့် မိမိအတွက်မျှော်လင့်ချက်ရောင်ခြည်ရှိနေသည်။ ဒင်းနစ်မှာ မိမိနှင့်ဒီအင်န်အေတူနေ၏။ တစ်ခုခုတော့မှားနေလေပြီ။ ဤသည်ကိုသဘောပေါက်သူမှာလည်း ဂျင်နီတစ်ယောက်သာရှိသည်။

ကလေးများလည်းသူတို့အိမ်အတွင်းသို့အသီးသီးဝင်ကာ ပျောက်ကွယ်သွားသည်။နေလည်းလမ်းဟိုမှာဘက်ရှိ အိမ်များနောက်ကွယ်သို့ထိုးကျပျောက်ကွယ်သွားသည်။ ဖြနာရီထိုးကာနီးတော့ မာစီဒီကားအနီမှာစတီနှင့်ကိုက်ငါးဆယ်ခန့်အကွာရှိ ကားရပ်သည့်နေရာတွင်ထိုးရပ်လာသည်။ ထို့နောက် ဂျင်နီကားထဲမှထွက်လာ၏။ စတီကိုလည်းမမြင်။ သူမက ကားနောက်ခန်းအံဖုံးကိုဖွင့်၍ပလတ်စတစ်အမှိုက်အိတ်တစ်အိတ်ကိုဆွဲထုတ်လိုက်သည်။ ထို့နောက် ကားကိုတံခါးပိတ်၍ စတီရှိရာဘက်ဆီသို့ ဦးတည်ကာလာနေ၏။

သူမဝတ်စားထားသည်မှာ ပုံမှန်အတိုင်းသာဖြစ်၏။ အနက်ရောင်စကတ်နှင့်အပေါ်အင်္ကျီများဖြစ်သည်။သို့ရာတွင် အဝတ်အစားများမှာဖရိုဖရဲနှင့်။သူမလမ်းလျှောက်နေပုံကလည်း သောကတစ်ခုရှိပုံရသည်။ စတီသူမအတွက်စိတ်ပူမိသည်။ ဤသို့ ပုံပျက်ပန်းပျက်ဖြစ်အောင်ဘာများဖြစ်ခဲ့ပါလိမ့်။ သို့တစေ သူမကတော့လှနေဆဲ။ သူမအား စတီလွမ်းမောစွာငေးကြည့်နေမိသည်။

အနီးသို့ သူမရောက်လာတော့ စတီကမတ်တပ်ထရပ်ပြီး ပြုံးကာ သူမအနီးသို့ တစ်လှမ်းတိုးသွားသည်။

သူမကစတီအားမော့ကြည့်လာပြီး စတီမှန်းသိသွားသည်။သူမ၏မျက်နှာပေါ်တွင်ကြောက်ရွံ့နေသည့်အမူအယာများလည်းပေါ်လာ၏။ သူမမှာ ပါးစပ်အဟောင်းသားဖြစ်ကာ အံ့သြကုန်အော်တော့သည်။ စတီလည်း ဆက်မလှမ်းရဲ။ သူက

"ဂျင်နီ ဘာဖြစ်လို့လဲ"

"ရှင် အနားမကပ်နဲ့၊ ရှင် ကျွန်မကိုမထိနဲ့နော်၊ ကျွန်မ ရဲကိုခေါ်တိုင်လိုက်မယ်"

စတီမှာ နားမလည်နိုင်သလိုဖြစ်ကာ လက်ကိုကာရင်း

"အင်းပါ၊ အင်းပါ၊ ခင်ဗျားပြောတဲ့အတိုင်းဖြစ်ရပါစေမယ်၊ ခင်ဗျားကို မထိပါဘူးနော်၊ဘာဖြစ်လို့ဖြစ်ရတာလဲ"



ဂျင်နီနေသည့်အိမ်ကြီးမှာ အခြားအခန်းတစ်ခန်းကလူတစ်ယောက်ထွက်လာသည်။ ဂျင်နီ၏အောက်ထပ်ကဖြစ်မည်။သူကလူမည်းအဘိုးကြီးတစ်ယောက်ဖြစ်ပြီး ရုပ်အင်္ကျီအစင်းနှင့်လည်စည်းကိုဝတ်ထားသည်။ ထိုလူကြီးက

"ဂျင်နီ ဘာဖြစ်လို့လဲ၊ အော်လိုက်သံကြားသလားလို့"

"ကျွန်မအော်လိုက်တာပါ မစ္စတာအော်လီဗာ၊ ဟောဒီအယုတ်တမာကောင်က ဒီနေ့ပဲကျွန်မဖီလဒဲဖီးယားမြို့ကအပြန်ကားပေါ်မှာစော်ကားဖို့ကြိုးစားတယ်လေ"

"ကျွန်ုပ်က ခင်ဗျားကို..ဟုတ်ပါ့မလားဗျာ"

ဂျင်နီက

"ရှင်လူယုတ်မာ၊ ကျန်ခဲ့တဲ့နှစ်နာရီကမှ ရှင်ကျွန်မကိုဒီလိုလုပ်တာ"

ဤသို့ ယုတ်ယုတ်မာမာပြုသည်ဟု အစွပ်စွဲခံရသည့်အတွက် အတော်ပင်မသတီဖြစ်သွားရသည်။ သူက

"ခင်ဗျားမဟုတ်တာမပြောနဲ့၊ ကျုပ်ဖီလဒဲဖီးယားမြို့ကိုမရောက်တာ နှစ်ပေါင်းအတော်ကြာပြီ"

မစ္စတာအော်လီဗာကဝင်၍

"ဒီသူငယ်အဲဒီအုတ်ခုံပေါ်မှာထိုင်နေတာ နှစ်နာရီလောက်ရှိနေပြီဂျင်နီ၊ သူဟာဒီနေ့လယ် ဖီလာဒဲဖီးယားမြို့ကိုဘယ်လိုမှမရောက်နိုင်ဘူး"

ဂျင်နီမှာ ဒေါသတကြီးဖြင့်ကြည့်နေသည်။ မစ္စတာအော်လီဗာအား လူလိမ်ကြီးဟုပြောနေခြင်းဖြစ်၏။

ဂျင်နီမှာ ခြေအိတ်ဝတ်မထား။ခြေထောက်မှာပြောင်တင်းတင်းဖြစ်နေသည်။ ဤအဝတ်အစားနှင့်ခြေထောက်ပြောင်ကြီးဖြစ်နေသည်မှာကြည့်မကောင်းလှ။ သူမ၏မျက်နှာတစ်ခြမ်းမှာလည်းရောင်ပြီး နီရဲနေသည်။တစ်စုံတစ်ယောက် သူမအားတိုက်ခိုက်လိုက်ပြီဟုသိသဖြင့် စတီဒေါသထွက်လာမိသည်။သူမမျက်နှာလေးအားပွတ်သပ်ကာချော့ချင်နေသည်။ထိုအကြောင်းကြောင့် မိမိကိုကြောက်လန့်နေသည့်အတွက်ပို၍ပင် စိတ်မကောင်းဖြစ်ရသည့်သူက

"သူက မင်းကိုအနာတရဖြစ်အောင်လုပ်လိုက်သလား၊ ဒီလူယုတ်မာ"

သူမ အမူအရာပြောင်းလဲသွားသည်။ ကြောက်လန့်စိတ်များပျောက်ကွယ်သွား၏။ သူမက မစ္စတာအော်လီဗာအား

"သူ ဒီကိုရောက်နေတာနှစ်နာရီလောက်ရှိပြီ ဟုတ်လား"

မစ္စတာအော်လီဗာက ပခုံးတွန့်လျက်

"တစ်နာရီနဲ့ မိနစ် ၄၀၊ ၄၅ မိနစ်လောက်ရှိပြီ"

www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား"

"ဂျင်နီရယ်၊ ကျန်ခဲ့တဲ့၂နာရီလောက်က သူဟာဖီလဒဲဖီးယားမြို့မှာရှိမယ်ဆိုရင် သူ ဒီအချိန်ဒီကိုရောက်ဖို့ ကွန်ကော့လေယာဉ်နဲ့လာမှရမယ်"

ဂျင်နီက စတီကိုကြည့်လိုက်ရင်း

"ဒါဆို ဟိုကောင်ဟာဒင်းနစ်ဖြစ်ရမယ်"

စတီက သူမထံလျှောက်သွားသည်။ သူမကနောက်မဆုတ်။ စတီက လက်လှမ်း၍ယောင်နေသော သူမ၏ပါးကိုလက်ဖျားကလေးနှင့်တို့ကြည့်ရင်း

"ဖြစ်မှဖြစ်ရလေ ဂျင်နီရယ်"

"ကျွန်မက ရှင်လို့ထင်နေတာ"

ပြောရင်း သူမကမျက်ရည်များဝဲလာသည်။ စတီကသူမအား ဖက်ထားလိုက်၏။သူမ၏ကိုယ်ကလေးမှာတောင့်တင်းနေရာမှ ပျော့ပျောင်းလာသည်။သူမက စတီအပေါ်ယုံကြည်စိတ်ချစွာမှီ၍နေ၏။စတီမှာလည်း သူမ၏လှိုင်းကောက်ဆံပင်လေးများကိုမွှတ်သပ်ပေးနေသည်။သူမ၏ကိုယ်စနွာမှာ သွယ်၍တောင့်တင်းသဖြင့် ဒင်းနစ်လည်း ဒဏ်ရာဒဏ်ချက်တွေရသွားနိုင်သည်ဟု စတီတွက်လိုက်မိသည်။ မစ္စတာအော်လီဗာကချောင်းဆိုးလျက်

"ကဲ သူငယ်တို့၊ သူငယ်မတို့ ကော်ဖီလေးတာလေးသောက်ပါဦးလား"

ဂျင်နီက စတီကိုယ်ထဲမှရုန်းထွက်ရင်း

"နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ ကျွန်မ အဝတ်အစားမြန်မြန်လဲချင်ပြီ"

သူမ၏မျက်နှာပေါ်တွင် တင်းမာနေဆဲ။ သို့တစေ ဆွဲဆောင်မှုရှိနေတုန်းပင်။ မိမိသူမကိုချစ်မိနေပြီ။သူမအား ကာမဂုဏ်စိတ်ဖြင့်ချစ်သည်မျိုးမဟုတ်။ မိတ်ကောင်းဆွေကောင်းတစ်ယောက်အနေနှင့်ချစ်မိခြင်းဖြစ်သည်။ သူမနှင့်အတူထိုင်၍ တီဗီကြည့်ချင်သည်။ ဈေးကိုအတူသွား၊ သူမနေထိုင်မကောင်းဖြစ်သည့်အခါ ဆေးကိုကိုယ်တိုင်တိုက်လုပ်ချင်သည်။ သူမသွားတိုက်နေသည်ကို၊ အဝတ်အစားဝတ်နေသည်ကို၊ စားသောက်နေသည်ကိုထိုင်ကြည့်နေချင်သည်။ ဒီလိမ္မော်ရောင်နှုတ်ခမ်းနီ ကျွန်မနဲ့လိုက်ရဲ့လား၊ အိမ်ဘယ်အချိန်ပြန်ရောက်မလဲ၊ စသည်များမေးသည်ကိုကြားချင်သည်။ မုတ်ဆိတ်ရိတ်ဓားဝယ်ပေးသည်မျိုးဖြစ်စေလိုသည်။

ဤသည်များကို မိမိသူမအားပြောရဲပါမည်လား။ ဂျင်နီက အိမ်တံစက်မြိတ်များအောက်မှ ဖြတ်လျက်သူမ၏တံခါးပေါက်ရှိရာဆီသို့လျှောက်သွားသည်။ စတီတန့်ဆိုင်းနေ၏။ သူမနောက်သို့ လိုက်သွားချင်သည်။ သို့သော် မဖိတ်ဘဲ မလိုက်ချင်။ တံခါးပေါက်ကိုရောက်တော့ သူမကလှည့်လျက်



"လာလေ"

စတီလည်းတက်လိုက်သွားသည်။ ဧည့်ခန်းထဲရောက်တော့ သူမက အနက်ရောင်ပလတ်စတစ်အိတ်ကို ကြမ်းခင်းကော်ဇောပေါ်သို့ပစ်ချလိုက်သည်။ ဂျင်နီက မီးဖိုထဲဝင်ပြီး ဖိနပ်ကိုချွတ်လိုက်ပြီး ဖိနပ်များကိုမီးဖိုခန်းထဲရှိအမှိုက်ပုံးထဲသို့ပစ်ထည့်လိုက်သည်။ ပြီးတော့ သူမက

"ဒီအဝတ်အစားတွေကို ဘယ်တော့မှမဝတ်တော့ဘူး"

သူမ ဒေါသတကြီးပြောရင်း အပေါ်အင်္ကျီကိုချွတ်ကာလွှင့်ပစ်လိုက်သည်။ ပြီးတော့ စတီတအံ့တသြကြည့်နေစဉ်မှာပင် ဘလောက်အင်္ကျီ ကြယ်သီးများကို ဖြုတ်၍ အမှိုက်ပုံးထဲထည့်လိုက်သည်။

တဖန် ကျန်အဝတ်အစားများကိုအကုန်ချွတ်ကာ အမှိုက်ပုံးထဲသို့ထည့်ပြန်သည်။ ပြီးတော့ သူမက

"ကျွန်မ ရေချိုးလိုက်ဦးမယ်"

ဟုဆိုကာ အဝတ်မပါဘဲသူ့ရှေ့မှဖြတ်ပြီး ရေချိုးခန်းသို့လျှောက်သွားသည်။ စတီမှာ မွှတ်သိပ်စွာနောက်မှကြည့်ရင်းကျန်ခဲ့၏။

ခဏကြာတော့ ရေကျသံများ ကြားနေရ၏။

"ဘုရား ဘုရား"

သူက ဘုရားတရင်း အနက်ရောင်ဆိုဖာကုလားထိုင်ပေါ်တွင်ထိုင်ချလိုက်သည်။ ဤသည်မှာ ဘာသဘောနည်း။ မိမိကို စမ်းသပ်နေသည်လား။ ဘာအဓိပ္ပာယ်ဆောင်သနည်း။

သူမ အတန်ကြာအောင်ရေချိုးနေသည်။ နောက်ဆုံးကျတော့ ရေကျသံများရပ်သွားပြီး သူမရေချိုးခန်းထဲမှ တဘက်ကြီးတစ်ထည်ပတ်၍ထွက်လာသည်။ ဆံပင်များလည်း ရေစို၍ကပ်နေကြ၏။ သူမက စတီ၏ဘေးတွင်ဝင်ထိုင်ပြီး

"ကျွန်မ အိပ်မက်မက်နေတာလား၊ တကယ်ပဲရှင့်ရှေ့မှာကျွန်မ အဝတ်အစားတွေချွတ်မိသလား"

"အိပ်မက်မဟုတ်ဘူး၊ ခင်ဗျားအဝတ်အစားတွေကိုချွတ်ပြီး အမှိုက်ပုံးထဲထည့်လိုက်တာ"

"ဘုရားရေ ကျွန်မ ဘာတွေဖြစ်ကုန်တယ်မသိဘူး"

"ကျုပ်ကိုယုံကြည်ပြီးဒီလိုလုပ်တဲ့အတွက် ဘယ်လောက်စမ်းသာသလဲဆိုတာပြောတောင်မပြတတ်ဘူး"

"ကျွန်မ စိတ်ဖောက်သွားတယ်လို့ပဲသဘောထားပါ"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ခင်ဗျားဟာ ဖီလဒဲဖီးယားမြို့မှာဖြစ်ခဲ့တာတွေကြောင့် စိတ်ဂယောင်ခြောက်ခြားဖြစ်သွားတာပါ"

"ဟုတ်ပါလိမ့်မယ်၊ အဲဒီလိုဖြစ်ခဲ့တုန်းက အဝတ်အစားတွေကို လွှင့်ပစ်တယ်ဆိုတာလောက်ပဲ ကျွန်မမှတ်မိတယ်"

"ဒါဆိုရင် ဒီအချိန်မှာ ရေခဲသေတ္တာထဲသိမ်းထားတဲ့ ဘော်ဒကာပုလင်းကိုဖွင့်ဖို့အကောင်းဆုံးအချိန်ပေါ့"

သူမက ခေါင်းခါလျက်

"ကျွန်မကတော့စပယ်နဲ့သင်းတဲ့လက်ဖက်ရည်တစ်ခွက်ပဲသောက်ချင်တယ်"

"ကျွန်တော်ဖျော်လိုက်မယ်"

သူက ထပြီး မီးဖိုခန်းထဲသို့ဝင်သွားရင်း

"ဒီပလတ်စတစ်အိတ်ကြီးက ဘာလုပ်ဖို့လဲ"

"ကျွန်မ ဒီနေ့အလုပ်ပြုတ်သွားပြီလေ၊ သူတို့ကကျွန်မရဲ့ပစ္စည်းတွေကို အဲဒီအိတ်ထဲမှာထည့်ပြီး အခန်းကိုသော့ပိတ်လိုက်တယ်"

"ဘာဖြစ်တယ်၊ ဘယ်လိုဖြစ်ရတာလဲ"

"ဒီနေ့ နယူးယောက်တိုင်းသတင်းစာထဲမှာပါတဲ့ သတင်းတစ်ပုဒ်ကြောင့်ပေါ့၊ ကျွန်မအသုံးပြုတဲ့ကွန်ပျူတာအချက်အလက်တွေဟာ အများပြည်သူတွေရဲ့ကိုယ်ရေးကိုယ်တာတွေကိုချိုးဖောက်ရာကျတယ်လို့စွပ်စွဲထားတယ်၊ ဒါပေမဲ့ကျွန်မထင်တာကတော့ ဘာရင်တန်ဂျုန်းဟာ ဒီကိစ္စကိုအကြောင်းပြုပြီး ကျွန်မကိုရှင်းပစ်တယ်လို့ထင်တယ်"

စတီ ဒေါသဖြစ်သွားသည်။ သူမဘက်မှဝင်၍ကာကွယ်ပြီး သူမအား ကယ်တင်ချင်စိတ်လည်း ပေါက်သွားသည်။ သူက

"သူတို့က ခင်ဗျားကိုဒီလိုထုတ်ပစ်လို့ရမလား"

"အဲဒီလိုတော့မဟုတ်ဘူး၊မနက်ဖြန် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့စည်းကမ်းကော်မတီကကြားနာမှုလုပ်မယ်"

"ခင်ဗျားနဲ့ကျွန်တော်နှစ်ယောက်စလုံး ဒီတစ်ပတ်လုံး ကံမကောင်းဘူးနော်"

စတီက ဒီအင်န်အေစမ်းသပ်စစ်ဆေးမှုနဲ့ပတ်သက်ပြီး ပြောမည်ပြုစဉ် သူမက ဖုန်းကိုကောက်ကိုင်လိုက်၏။ ဂျင်နီက ဖုန်းထဲတွင်

"ဗာဂျီးနီးယားပြည်နယ်ရစ်ချ်မွန်မြို့က ဂရင်းဝုဒ်အကျဉ်းထောင်ဖုန်းနံပါတ်ကိုသိချင်ပါတယ်"

ထိုစဉ် စတီမှာ ရေချိုးအိုးထဲရေဖြည့်နေသည်။ ဂျင်နီက တစ်စုံတစ်ခုကို



ရေးခြစ်မှတ်သားနေ၏။

"ထောင်ဝါဒါတမ်မိုနီနဲ့စကားပြောပါရစေရှင်၊ --- ကျွန်မနာမည်ခေါ်တာဂျင်နီဖာရာမီပါ၊ --- ဟုတ်ကဲ့၊ ကိုင်ထားပါ့မယ်၊ -- နေကောင်းတယ်နော် ဆရာ၊ --- ဟုတ်ကဲ့ကောင်းပါတယ်၊ မေးရမှာတော့ ရယ်စရာလိုဖြစ်နေမလားမသိဘူး၊ ဒါထက် ဒင်းနစ်ပင်ကာတစ်ယောက်ထောင်ထဲမှာရှိရဲ့လား၊ --- သေချာရဲ့လား၊ --- ရှင့် မျက်စိနဲ့ တပ်အပ်မြင်တာနော်၊ --- ကျေးဇူးပါပဲ၊ ဒါပဲနော်"

သူမ စတီအား လှမ်းကြည့်ရင်း

"ဒင်းနစ်ဟာ ထောင်ထဲမှာရှိနေတုန်းပဲတဲ့၊ အဲဒီထောင်ကြပ်က ကျွန်ခဲ့တဲ့တစ်နာရီလောက်ကပဲ ဒင်းနစ်နဲ့စကားပြောခဲ့သေးတယ်တဲ့"

စတီက ကော်ဖီအိုးထဲသို့စပယ်နံ့သင်းလက်ဖက်ခြောက်ကို ထည့်ကာ ကော်ဖီခွက်နှစ်ခွက်ရှာလိုက်သည်။ ပြီးတော့ ဂျင်နီအား

"ဂျင်နီ ဒီအင်န်အေစမ်းသပ်စစ်ဆေးတဲ့အဖြေရဲ့အဖွဲ့ကိုရောက်သွားပြီတဲ့"

ဂျင်နီက

"အဲဒီတော့"

"လစ်ဆာ ကိုယ်ပေါ်ကတွေ့တဲ့ ဒီအင်န်အေနဲ့ ကျွန်တော့်သွေးထဲကတွေ့တဲ့ ဒီအင်န်အေအတူတူပဲတဲ့"

ဂျင်နီက ရှင်ပျသောအသံမျိုးဖြင့်

"ကျွန်မစဉ်းစားနေတာမျိုး ရှင်လည်းစဉ်းစားနေတယ်မဟုတ်လား"

"ကျွန်တော်နဲ့ရုပ်ချင်းတူပြီး ကျွန်တော်နဲ့ဒီအင်န်အေတူတဲ့လူတစ်ယောက်က လစ်ဆာကို တနင်္ဂနွေနေ့မှာမတော်မတရားလုပ်သွားတယ်၊အဲဒီလူကပဲ ဒီနေ့ဖီလဒဲဖီးယားမြို့မှာခင်ဗျားကိုတစ်ခါကြံပြန်တယ်၊ အဲဒီကောင်ဟာဒင်းနစ်ပင်ကာမဟုတ်ဘူး"

နှစ်ယောက်သား မျက်လုံးချင်းဆိုင်ကြည့်ရင်း ဂျင်နီက

"ရှင်တို့က သုံးယောက်ဖြစ်နေပြီ"

"ဘုရား ဘုရား ဒါကပိုတောင်မဖြစ်နိုင်သေးတယ်၊ရဲတွေကဒါကိုယုံမှာမဟုတ်ဘူး၊ ဒါမျိုးဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ"

ဂျင်နီက

"နေဦး၊ နေဦး၊ ဒီနေ့ခင်းရှင့်ကိုယ်ပွားနဲ့မတွေ့ခင် ကျွန်မဘာတွေ့ခဲ့တယ်ဆိုတာ ရှင်မသိသေးဘူး၊ ကျွန်မ အဖြေတွေ့ပြီ"

"ဘုရားရေ အဲဒါပဲ မှန်ပါစေ"

"ရှင်သိရင် အတော်အံ့သြသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး၊ ကျွန်တော် သိချင်တယ်"

သူမက အနက်ရောင်ပလတ်စတစ်အိတ်ကြီးကိုယူ၍ အထဲမှ ဆလင်းဘတ် အိတ်ကလေးကိုထုတ်ယူကာ ထိုအထဲမှာ လက်ကမ်းကြော်ငြာစာရွက်ကလေးတစ်ခု ထုတ်ယူလိုက်သည်။ သူမက ပထမစာမျက်နှာကိုဖြန့်ပြရင်း

"ဒီမှာကြည့်စမ်း"

သူမက လှမ်းပေးသဖြင့် စတီက ဖတ်ကြည့်လိုက်သည်။

*အေဗင်တိုင်းဆေးပေးခန်းမှာ ၁၉၇၂ ခုနှစ်က ---*

"ကျွန်တော်နဲ့ ဒင်းနစ်တို့ဟာ ဖန်ပြွန်သန္ဓေသားလို့ ခင်ဗျားထင်နေတာလား"

"ဟုတ်တယ်"

စတီမှာ ဗိုက်ထဲက ဖျို့ချင်သလိုလိုပ်တက်လာသည်။ ထို့ကြောင့် သူက

"နားမလည်နိုင်စရာပဲ၊ ကဲ အဲဒီတော့ ဘာဖြစ်လဲပြောပါဦး"

"ရုပ်တူအမြွာတွေကို ဓာတ်ခွဲခန်းထဲမှာ သန္ဓေအောင်ခိုင်းလို့ရတယ်၊ ပြီးတော့ မိန်းမတစ်ယောက်ချင်းဆီကို ထည့်ပေးလို့ရတယ်"

စတီမှာ ပို၍ပင် စိတ်မအီမသာဖြစ်သွားရသည်။ သူက

"နေပါဦး၊ အဲဒီအဖိုမျိုးဥနဲ့ အမမျိုးဥဟာ ကျွန်တော့်အဖေနဲ့အမေဆီကယူတာ လား၊ ဒါမှမဟုတ် ဒင်းနစ်ပင်ကာရဲ့အဖေနဲ့အမေဆီကယူတာလား"

"ဒါတော့ ကျွန်မမသိဘူး"

"ဒါဆိုရင် ဒင်းနစ်ပင်ကာရဲ့အဖေနဲ့အမေဟာလည်း ကျွန်တော့်ရဲ့မိဘတွေ ပေါ့၊ ဘုရား ဘုရား"

"တခြားဖြစ်နိုင်တာတစ်ခုလည်းရှိသေးတယ်"

ဆက်ပြောမည့်စကားကြောင့် စတီစိတ်ထိခိုက်သွားမည်ကိုစိုးရိမ်နေသည့် အမူအရာများ သူမမျက်နှာပေါ်တွင်ပေါ်နေသည်။ သူ့စိတ်ကလောနေသဖြင့် သူမပြော လာမည့်စကားကို မှန်းဆကာ

"အဲဒီလို အဖိုမျိုးဥနဲ့အမမျိုးဥဟာ ကျွန်တော့်မိဘတွေဆီကရော၊ ဒင်းနစ် ပင်ကာရဲ့မိဘတွေဆီကရောမဟုတ်ဘဲ ကျွန်တော်တို့မသိတဲ့တခြားမိဘနှစ်ပါးရဲ့ ကလေးတွေဖြစ်နိုင်တယ်လို့ပြောမလို့လား"

သူမက ပြန်မဖြေ။ သို့ရာတွင် မိမိပြောသည်မှာမှန်နေကြောင်း သူမအမူ အရာကပြနေသည်။

စတီ ဆောက်တည်ရာမရဖြစ်နေသည်။ အိပ်မက်ထဲတွင် အမြင့်တစ်နေရာမှ လေထဲသို့ခုန်ချလိုက်သည့်ခံစားမှုမျိုး ခံစားနေရ၏။ သူက



"ယုံဖို့တောင် အတော်ခက်တယ်၊ ကျွန်တော့်ရဲ့ရုပ်ရည်ဟာ အဖေနဲ့ရောအမေ နဲ့ပါမတူဘူး၊ ကျွန်တော့်ရုပ်က ဒင်းနစ်ပင်ကာရဲ့မိဘတွေနဲ့ တူသလား"

ရေနွေးအိုးမီးခလုတ်အလိုအလျောက်ပိတ်သွားသည်။ စတီက လက်ဖက် ရည်ခွက်များထဲသို့ရေနွေးလောင်းထည့်နေ၏။ ဂျင်နီက

"မတူဘူး"

"ဒါဆိုရင် တခြားတစ်စုံတစ်ယောက်ဆီကဖြစ်ဖို့များတာပေါ့"

"စတီရယ်၊ ဒီလိုဖြစ်တာနဲ့ပဲရှင့်အဖေနဲ့အမေက ရှင့်အပေါ်ချစ်တာ ရှင့်ကို ပြုစုပျိုးထောင်လာတာ သူတို့ရဲ့ဘဝကိုပုံအပ်လာတာတွေပျက်ပြယ်သွားမှာ မဟုတ် ပါဘူး"

စတီက တုန်ယင်သောလက်များဖြင့် ခွက်များထဲသို့လက်ဖက်ရည်များ ထည့်နေသည်။ သူကဂျင်နီအားတစ်ခွက်ပေးပြီး

"တတိယအမြွာကျတော့ကော ဘယ်လိုဖြစ်တာလဲ"

"ဓာတ်ခွဲခန်းထဲမှာ အမြွာတွေကိုသန္ဓေအောင်တာမှန်ရင် သုံးမြွာလည်းဖြစ်နိုင် တာပဲ၊ဒါလည်း ခုနလိုပဲနောက်တစ်ဆင့်ခွဲထွက်တာပေါ့၊ သဘာဝအရလည်း ဒီလိုဖြစ် တတ်တယ်လေ၊ ဒါကြောင့် ဓာတ်ခွဲခန်းထဲမှာ အဲဒီလို ခွဲထုတ်တာလို့ ကျွန်မထင်တယ်"

စတီမှာ လေထဲတွင် ပတ်ချာလည်နေသကဲ့သို့ ခံစားနေရသည်။ သို့ရာတွင် အနည်းငယ် စိတ်သက်သာသလိုတော့ရှိ၏။ နားမလည်နိုင်စရာတော့ကောင်းသည့် အဖြစ်မျိုး။ သို့ရာတွင် ဤအချက်ကြောင့်သာလျှင် မိမိအား ရာဇဝတ်မှုကြီးနှစ်ခုနှင့် ပတ်သက်၍ အစွပ်စွဲခံရခြင်းဖြစ်မည်။ သူက

"ကျွန်တော့်အဖေနဲ့အမေ ဒီအကြောင်းတွေကိုသိသလား"

"သိမယ်မထင်ဘူး၊ ရှင့်အမေရော၊ ချားလော့ပင်ကာရော နှစ်ယောက်စလုံး အဲဒီဆေးပေးခန်းမှာ ဟော်မုန်းကုသခံခဲ့ရဖူးတယ်လို့ပြောကြတယ်၊ ဖန်ပြွန်တွင်းသန္ဓေ အောင်တဲ့ကိစ္စမျိုးတွေ အဲဒီတုန်းကမရှိကြဘူး၊ဒါပေမဲ့ ဂျနတီကိုကုမ္ပဏီဟာ ဒီလုပ်ငန်း မှာတစ်နှစ်လောက်စောပြီး ဒီနည်းကိုရခဲ့တာဖြစ်မယ်၊ ဒါကြောင့် လူနာတွေကို မပြောဘဲ ဒါမျိုးကိုလက်တွေ့စမ်းသပ်တာဖြစ်မယ်လို့ထင်တယ်"

"ဂျနတီကိုကုမ္ပဏီကြောက်နေတယ်ဆိုတာလည်း အံ့ဩစရာမရှိဘူး၊ ဘာရင် တန်က ခင်ဗျားကိုနှိပ်ကွပ်နေတဲ့အကြောင်း ကျွန်တော်အခုသဘောပေါက်ပြီ"

"ဟုတ်တယ်၊ သူတို့လုပ်ခဲ့တာတွေကကျင့်ဝတ်သိက္ခာဖောက်ဖျက်တာ ... တွေ၊ လူတွေရဲ့ကိုယ်ရေးကိုယ်တာကို အသေးအမွှားလို့သဘောထားပြီး ဖောက်ဖျက် ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျင့်ဝတ်သိက္ခာနဲ့မညီတာတင်မကဘူး၊ဂျနတီကိုကုမ္ပဏီလည်း ပျက်စီးသွားနိုင်တယ်၊ ငွေရေးကြေးရေးအရရောပေါ့"

ဂျင်နီ ပျော့သွားပြီး

"ဒီအချက်ဟာ အဓိပ္ပာယ်အများကြီးရှိတယ်၊ သူတို့ဘယ်လိုဘယ်ပုံပျက်စီးဆုံးရှုံးသွားနိုင်သလဲ"

"ဒါဟာအသရေဖျက်မှုပဲ၊ တရားမကြောင်းအရ မှားယွင်းမှုလေ၊ ပြီးခဲ့တဲ့နှစ်က ဥပဒေကျောင်းမှာကျွန်တော်တို့သင်ခဲ့ရတယ်၊ တကယ်လို့ ဂျနတီကိုကုမ္ပဏီဟာ မိန်းမတစ်ယောက်ကိုဟော်မုန်းကုထုံးနဲ့ကုသမယ်ပြောပြီး တခြားတစ်ယောက်ရဲ့သန္ဓေသားကို အသိမပေးဘဲထည့်ပေးလိုက်တာဟာလိမ်လည်မှုပဲ"

"ဒါပေမဲ့ ဒီလိုဖြစ်တာကတော့ကြာခဲ့ပြီ၊ ဒီလိုဟာမျိုးမှာကာလသတ်မှတ်မှုရှိသလား"

"ရှိတယ်၊ ဒါပေမဲ့ လိမ်လည်မှုမှန်းသိတဲ့အချိန်ကစပြီးအချိန်ကိုသတ်မှတ်ရတာ"

"ဒီလိုနဲ့ ဒီကုမ္ပဏီဘယ်လိုပျက်စီးနိုင်တယ်ဆိုတာကျွန်မ နားမလည်သေးဘူး"

"ဒါကတော့ နစ်နာမှုပြစ်ဒဏ်ချတဲ့နေရာမှာ ထူးခြားတဲ့အမှုတစ်ခုပေါ့၊ ဆိုလိုတာက တရားလိုကိုလျော်ကြေးပေးရုံနဲ့မရဘူး၊ ဒီကလေးကိုပြုစုစောင့်ရှောက်ခဲ့ရတဲ့တန်ဖိုးပါပေးရလိမ့်မယ်၊ ဒါမှ ဒီလိုလုပ်တဲ့သူကို ပြစ်ဒဏ်ခတ်ရာကျမယ်၊ ဒါမှ သူတို့ရော တခြားသူတွေရောဒါမျိုးနောက်မလုပ်ရဲမှာ"

"ဘယ်လောက်များများ ပေးရမှာလဲ"

"ဂျနတီကိုကုမ္ပဏီဟာ မိန်းမတွေရဲ့ခန္ဓာကိုယ်ကို သူတို့ရဲ့လျှို့ဝှက်တဲ့ရည်ရွယ်ချက်အတွက် သိလျက်နဲ့အသုံးချခဲ့တာ၊ နားလည်တဲ့ရှေ့နေတစ်ယောက်ဆိုရင် ဒီအမှုမျိုးမှာသန်းတစ်ရာလောက်လျော်ကြေးတောင်းလိမ့်မယ်"

"မနေ့ညကသတင်းစာထဲမှာပါတဲ့သတင်းအရဆိုရင်ဒီကုမ္ပဏီမှာ အားလုံးပေါင်းမှသန်း၁၈၀ပဲရှိတယ်"

"ဒါကြောင့် သူတို့ ပျက်စီးသွားနိုင်ကြတာပေါ့"

"အမှုကလည်း တစ်နှစ်လောက် ကြာသွားနိုင်တယ်"

"ခင်ဗျားသဘောမပေါက်ဘူးထင်တယ်၊ ဒီအန္တရာယ်ဟာကုမ္ပဏီကိုလုံးပြောင်းယူမယ့်ကိစ္စပျက်သွားနိုင်တယ်လေ"

"ဘယ်လိုပျက်နိုင်တာလဲ"

"အခုလိုလျော်ကြေးတွေအများကြီးပေးလိုက်ရမယ်ဆိုရင် ရှယ်ယာကန်ရှိ



တွေလည်းကျသွားမှာပေါ့၊ လင်းစခင်းကုမ္ပဏီဟာဂျနတီကိုကုမ္ပဏီအနေနဲ့ ဘယ်လောက်ပေးစရာရှိသလဲဆိုတဲ့အပေါ်မှာမူတည်ပြီး ရက်ရွှေ့ဆိုင်းသွားနိုင်တယ်"

"ဟယ် ဒါဆိုရင် ကျော်ကြားနေတဲ့သူတို့နာမည်တွေလည်းပျက်ရောပေါ့၊ ပိုက်ဆံတွေလည်းအကုန်ဆုံးမှာပဲ"

"သေချာတာပေါ့၊ ဒီကိစ္စကတော့ ကျွန်တော့်အတွက်တော့ဘာမှအကျိုးထူးမလာဘူး၊ခင်ဗျားပြောတဲ့ တတိယအမြွှာရှိတယ်ဆိုတာကို ကျွန်တော်သက်သေပြဖို့လိုတယ်၊ အဲဒါကတော့သူ့ကိုတွေ့အောင်ရှာဖို့ပဲ၊ ခင်ဗျားရဲ့ကွန်ပျူတာထဲက ရှာဖွေရေးပရိုဂရမ်ကို သုံးလို့ရမလား၊ ကျွန်တော်ပြောတာသဘောပေါက်ရဲ့လား"

"ရပါတယ်"

သူက ပျော့သွားပြီး

"တကယ်လို့ ပထမတစ်ခါရှာတာ ကျွန်တော်နဲ့ဒင်းနစ်ကိုတွေ့တယ်ဆိုရင် အခုတစ်ခါ ကျွန်တော်နဲ့တတိယတစ်ယောက်။ ဒါမှမဟုတ်ဒင်းနစ်နဲ့ အဲဒီတစ်ယောက်၊ ဒါမှမဟုတ်လည်း သုံးယောက်စလုံးတွဲပြီးတွေ့နိုင်တာပေါ့"

"ဟုတ်တယ်"

သူမကတော့ ထင်သလောက်ဝမ်းသာဟန်မရှိ။ စတီက

"ခင်ဗျား လုပ်ပေးလို့ရမလား"

"အခုလိုသတင်းစာထဲပါသွားတော့ ကျွန်မတခြားကွန်ပျူတာတွေက အချက်အလက်တွေကိုရယူဖို့ခက်သွားပြီ"

"သေလိုက်ပါတော့ဗျာ"

"ဖြစ်နိုင်တာတစ်ခုတော့ရှိတယ်၊ ကျွန်မမှာ အက်ဖ်ဘီအိုင်လက်ဗွေဖိုင်ထဲက စာရင်းတော့ကူးထားတာရှိတယ်"

စတီ ဝမ်းသာသွားပြန်သည်။ ထို့ကြောင့် သူက

"အဲဒီဖိုင်ထဲမှာ ဒင်းနစ်ရဲ့နာမည်ပါမှာတော့သေချာတယ်၊ အဲဒီအထဲမှာ တတိယအမြွှာပါရင်တော့တွေ့မှာပဲ၊ သိပ်ကောင်းတယ်"

"ဒါပေမဲ့ အဲဒီစာရင်းဟာ ကျွန်မရဲ့ရုံးခန်းထဲကကွန်ပျူတာဒစ္စကတ်ထဲမှာ ရှိနေတာ"

"ဟာဗျာ အဲဒီအခန်းကိုသော့ခတ်ထားတာမဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ကျွန်တော်အဲဒီတံခါးကိုသွားဖျက်ပစ်လိုက်မယ်၊ ကဲအခုပဲသွားကြရအောင်၊ ဘာစောင့်နေစရာလိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ထောင်ထဲတစ်ခါပြန်ရောက်သွားလိမ့်မယ်၊ တခြားနည်းလမ်းတော့ ရှိနိုင်ပါသေးတယ်"

စတီ ပြန်ငြိမ်လိုက်ရသည်။ ပြီးတော့ သူက

"အဲဒါ ဟုတ်တယ်၊ ဒီဒစ္စကတ်ကိုယူလို့ရတဲ့တခြားနည်းရှိနိုင်တယ်"

ဂျင်နီက ဖုန်းကိုကောက်ကိုင်လိုက်ပြီး

"ကျွန်မဆရာကိုကျွန်မအခန်းထဲဝင်ခဲ့ပါလို့ခိုင်းထားတယ်၊ ရမလားမသိဘူး"

"ဟော့ လစ်ဆာ၊ နေကောင်းလား"

"ငါလား သိပ်မကောင်းပါဘူးဟယ်၊ ဒီမယ် နင်တော့ယုံမလားမသိဘူး"

သူမက မိမိတွေ့ခဲ့သည်များကို အတိုချုံးပြန်ပြောလိုက်သည်။

"ယုံနိုင်စရာတော့မရှိဘူး၊ဒါပေမဲ့ငါ့ရဲ့ဒစ္စကတ်ကိုပြန်ရရင် ဒီကိစ္စကိုသက်သေ ပြနိုင်မှာ၊ နင်ငါ့ရုံးခန်းထဲကိုဝင်မပေးနိုင်ဘူးလား၊ --- သေလိုက်ပါတော့ဟာ"

ဂျင်နီ မျက်နှာညိုးသွားသည်။ ပြီးတော့ ဆက်၍

"အေးပါလေ၊ အခုလိုကြိုးစားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ နင်လည်း အဆင်မှမပြေတာ၊ အခုလိုလုပ်ပေးတဲ့အတွက်လေးစားပါတယ်၊ ---- အေး ဒါပဲဟာ"

သူမက တယ်လီဖုန်းကိုပြန်ချရင်း

"လစ်ဆာက လုံခြုံရေးအစောင့်ကိုအဲဒီရုံးခန်းထဲဝင်ပါရစေလို့ပြောတယ်၊ ပထမတော့ သဘောတူသလိုပဲ၊ ဒါပေမဲ့ နောက်တော့လုံခြုံရေးအစောင့်က သူ့အထက်အရာ ရှိသွားပြောတော့ ကံကောင်းလို့အလုပ်မပြုတ်တယ်တဲ့"

"နောက်ထပ်ဘယ်နည်းရှိသေးလဲ"

"မနက်ဖြန်မနက်ကြားနာပွဲမှာ ကျွန်မအလုပ်ပြန်ရရင် ကျွန်မရုံးခန်းထဲပြန်ဝင် လို့ရပြီပေါ့"

"ခင်များရဲ့ရှေ့နေက ဘယ်သူလဲ"

"ကျွန်မမှာ ရှေ့နေမလိုဘူး၊ ရှေ့နေမှမလိုအပ်တာ"

"တက္ကသိုလ်ဘက်ကတော့အကောင်းဆုံးရှေ့နေတစ်ယောက်ငှားမှာသေချာတယ်"

"ကျွန်မမှ ရှေ့နေမငှားနိုင်ဘဲ"

စတီမှာ စိတ်ထဲရှိသည်ကို မပြောရဲပြောရဲဖြစ်နေသည်။

"ကဲရှေ့နေက ကျွန်တော်လေ"

ဂျင်နီက သူ့အား ချိန်ဆသလိုကြည့်နေသည်။ စတီကဆက်၍

"ကျွန်တော်က ဥပဒေကျောင်းမှာ တစ်နှစ်ပဲတက်ခဲ့ရသေးတယ်၊ အတန်း



ထဲမှာတော့အမှတ်အကောင်းဆုံးရခဲ့တယ်"

မိမိသူမအား ရှေ့နေလိုက်ပေးရမည်ဟူသောအသိကြောင့်စတီပျော်နေသည်။ မိမိကိုသိပ်ငယ်ပြီးအတွေ့အကြုံနုသူ ဟုသူမတွက်နေသည်လား၊ သူမကို အကဲခတ် ကြည့်တော့လည်း အကဲခတ်၍မရ။ သူမက သူ့ကို စိုက်ကြည့်နေသည်။ သူကလည်း သူမအား ပြန်စိုက်ကြည့်နေ၏။ မိမိ ဤအလုပ်ကိုလုပ်ပေးနိုင်လိမ့်မည်ဟု တွေးနေမိ၏။ ထို့နောက် သူမက ရှေ့သို့ကုန်းကာဖွဖွကလေးနမ်းလိုက်၏။ ပြီးတော့

"စတီရယ်၊ ရှင်ဟာလေတကယ့်လူပါပဲ"

လျင်မြန်သောအနမ်းဖြစ်သော်လည်း လျှပ်စစ်လိုက်သကဲ့သို့ခံစားလိုက်ရ သည်။ ကြည်နူး၍လည်းသွားမိ၏။

"တကယ့်လူပါပဲ" ဆိုသည်မှာ ဘာအဓိပ္ပာယ်မှန်းမသိသော်လည်းကောင်း မည့်အဓိပ္ပာယ်တော့ဖြစ်မည်။

သူမ မိမိအပေါ် ယုံကြည်မှုရှိ၊ မရှိ ကြည့်ရမည်။ ကြားနာမှုနှင့် ပတ်သက်၍ အနည်းငယ်တော့ စိုးရိမ်မိ၏။ ထို့ကြောင့် သူက

"အဲဒီကြားနာမှုကော်မတီရဲ့စည်းမျဉ်းတွေ၊လုပ်ထုံးလုပ်နည်းတွေသိသလား"

သူမက ကင်းဘတ်အိတ်ထဲမှ ကတ္တူဖိုင်တစ်ခုကို သူ့အားပေးလိုက်၏။

စတီကဖတ်ကြည့်သည်။စာရင်းဇယားများမှာ တပ်မတော်၏အစဉ်အလာ များနှင့်ခေတ်သစ်ဥပဒေစကားရပ်များရောထွေးနေသည်။ ဂျင်နီနှင့်ပတ်သက်သော အမှုမှာတက္ကသိုလ်ကိုနာမည်ပျက်စေမှုဖြစ်သည်။

စည်းကမ်းကော်မတီမှာ နောက်ဆုံးအဆုံးအဖြတ်ပေးရမည့်အဖွဲ့ အစည်း မဟုတ်။ တက္ကသိုလ်အုပ်ချုပ်ရေးကော်မတီကအဆုံးအဖြတ်ပေးရန်ထောက်ခံရမည့်အဖွဲ့ သာလျှင်ဖြစ်သည်။ ဤမျှသိရလျှင် လုံလောက်ပြီ။ အကယ်၍ မနက်ဖြန်တွင် ဂျင်နီရှုံး မည်ဆိုလျှင် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့သို့အသနားခံစာတင်ခွင့်ရှိသည်။ စတီက

"မင်းမှာ စာချုပ်မိတ္တူရှိသလား"

"ရှိတယ်"

ဂျင်နီကအခန်းထောင့်ရှိစားပွဲဆီသို့သွားကာအံဆွဲကိုဖွင့်၍ယူလာ သည်။

စတီကခပ်မြန်မြန်ဖတ်လိုက်၏။အပိုဒ်၁၂တွင်တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကိုနာခံပါမည်ဟုပါရှိနေသည်။ ဤသို့ဆိုလျှင်နောက်ဆုံး ဆုံးဖြတ်ချက်ကို ဥပဒေကြောင်းအရစုခံနိုင်ခွင့်မရှိ။ သူကစည်းကမ်းကော်မတီ၏စည်းမျဉ်းများကိုပြန် ဖတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ မင်းရှေ့နေတစ်ယောက်ကိုဖြစ်စေ၊ အခြားတစ်စုံတစ်ယောက်ကိုဖြစ်စေ မင်းကိုယ်စားလျှောက်လဲစေချင်တယ်ဆိုရင် ဥက္ကဋ္ဌကိုကြိုတင်အကြောင်းကြားရမယ်"

"ကျွန်မ ဂျက်ဘာကျန်ကို အခုပဲအကြောင်းကြားလိုက်မယ်၊ အခုဆို နာရီထိုးပြီး၊ သူ့အိမ်မှာရှိမယ်"

သူမက ဖုန်းကိုကောက်ကိုင်လိုက်သည်။ စတီက

"နေဦး ပြောရမယ့်စကားတွေကို အရင်စဉ်းစားကြည့်ရအောင်"

"အဲဒါဟုတ်တယ်၊ ရှင်ဟာစနစ်တကျတွေးတတ်တယ်၊ ကျွန်မကအဲဒီလိုမတွေးတတ်ဘူး"

စတီပီတီဖြစ်သွားသည်။ ရှေ့နေတစ်ယောက်အနေနှင့်ပထမဆုံးပေးသည့်အကြံမှာမှန်ကန်သွားသည်။ သူက

"အဲဒီလူဟာ မင်းရဲ့ကံကြမ္မာကို ကိုင်ထားတာ၊ သူက ဘယ်လိုလူစားမျိုးလဲ"

"သူကစာကြည့်တိုက်မှူးလေ၊ နောက်ပြီးကျွန်မနဲ့လည်းတင်းနစ် ရိုက်တယ်"

"တနင်္ဂနွေနေ့က မင်းနဲ့တင်းနစ်ရိုက်နေတဲ့လူလား"

"ဟုတ်တယ်၊ သူကပညာရေးဝန်ထမ်းမဟုတ်ဘူး၊ အုပ်ချုပ်ရေးပိုင်းက တင်းနစ်ရိုက်လည်းကောင်းတယ်၊ တင်းနစ်ချန်ပီယံဖြစ်ချင်လို့ဆိုပြီး တစ်ဖက်သားကိုသတ်ပစ်တဲ့လူစားမျိုးမဟုတ်ဘူး"

"ကောင်းပြီ၊ ဒါဆိုတော့ သူကမင်းအပေါ်ပြိုင်ဘက်သံယောဇဉ်တော့ရှိနိုင်တာပေါ့"

"ထင်တာပဲ"

"ကဲ သူ့လေးစားလာအောင်ကိုယ်တို့ဘက်ကဘာပေးနိုင်မလဲ၊ ပထမအချက်ကကိုယ်တို့အနေနဲ့နိုင်ရမယ်ဆိုတဲ့အသွင်မျိုးပြရမယ်၊ မင်းကကြားနာမှုကို တက်တက်ကြွကြွသွားရမယ်၊ မင်းမှာအပြစ်မရှိဘူး၊ အပြစ်မရှိကြောင်းဝမ်းသာအာရပြတာမျိုး၊ ကော်မတီက ဘာဂျန်ရဲ့ကောင်းမွန်တဲ့ဦးဆောင်မှုအောက်မှာ မှန်မှန်ကန်ကန်ဆုံးဖြတ်လိမ့်မယ်လို့မင်းယုံကြည်မှုထားရမယ်"

"ကောင်းပါပြီ"

"ဒုတိယအချက်က မင်းဟာတွယ်ရာမဲ့အားကိုးမရှိတဲ့မိန်းကလေး"

"ရှင် နောက်နေတာလား"

သူက ပြုံးလျက်

"မင်းဟာ ဘာရင်တန်တို့၊ အိုအဲတို့နဲ့ယှဉ်ရင် အငယ်တန်းပညာရေးဝန်ထမ်း



တစ်ယောက်၊ နောက်ပြီးရှေ့နေမငှားနိုင်တဲ့လူတစ်ယောက်၊ ဘာဂျန်က ဂျူးလူမျိုးလား"

"မသိဘူး၊ ဟုတ်မယ်ထင်တာပဲ"

"ဟုတ်ပါစေလို့ဆုတောင်းရတယ်၊ လူနည်းစုလူမျိုးတွေဟာ အုပ်ချုပ်ရေးပိုင်းကိုဆန့်ကျင်တဲ့စိတ်ဓာတ်ရှိတယ်၊ တတိယအချက်က ဘာရင်တန်အပေါ် နှိပ်ကွပ်ရတဲ့အကြောင်းရင်းကိုထုတ်ပြောရမယ်၊ ဒီကိစ္စကတော့ အတော်ယုံနိုင်စရာမရှိတဲ့အကြောင်းပဲ၊ ဒါပေမဲ့ ပြောမှုဖြစ်မယ်"

"အဲဒီလိုပြောလို့ ကျွန်မအတွက် ဘာအကျိုးထူးမှာလဲ"

"ဒါမှ ဘာရင်တန်မှာဖုံးကွယ်ထားတဲ့အကြံတစ်ခုရှိနိုင်တယ်လို့ သူတို့သဘောပေါက်မှာ"

"ကောင်းတယ်၊ နောက်ဘာရှိသေးလဲ"

"မရှိတော့ပါဘူး"

ဂျင်နီက တယ်လီဖုန်းနံပါတ်ကိုလှည့်၍ ဖုန်းကို စတီအားပေးလိုက်သည်။ စတီက အနည်းငယ်လန့်နေသည်။ စတီက ဤသည်မှာ ရှေ့နေတစ်ယောက်အနေနှင့် မိမိပထမဆုံးလုပ်ရသည့်အလုပ်ဖြစ်၏။ မမှားပါစေနှင့်။ တယ်လီဖုန်းခေါ်သံကိုစောင့်နေရင်း ဂျက်ဘာဂျန်တင်းနစ်ကစားနေသည်ကိုပြန်လည်မြင်ယောင်ကြည့်နေသည်။ ထိုစဉ်က စတီမှာ ဂျင်နီကိုသာအာရုံစိုက်ကြည့်နေခဲ့မိသည်။အသက် ၅၀ခန့် ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်၏ကစားပုံကိုလည်း မှတ်မိနေသည်။ ဘာဂျန်မှာ ငယ်ရွယ်၍ အားကောင်းသော ဂျင်နီကိုပင်နိုင်အောင်ရိုက်ခဲ့သည်။ သူ့ကိုလျှော့တွက်၍မရ။ တစ်ဖက်မှ ဖုန်းကိုင်၍ယဉ်ကျေးသောအသံဖြင့်

"ဟဲလို"

"ပါမောက္ခဘာဂျန်ပါလား၊ ကျွန်တော့်နာမည် စတီလိုဂန်ပါ"

တစ်ဖက်မှ အနည်းငယ်ငြိမ်သွားပြီးနောက်

"ခင်ဗျားနဲ့ကျွန်တော်က သိလို့လား"

"မသိပါဘူးခင်ဗျာ၊ ကျွန်တော်ဟာမနက်ဖြန်မှာဒေါက်တာ ဂျင်နီဖာရာမီနဲ့ အတူလိုက်ပြီး ရှေ့နေအဖြစ်ဆောင်ရွက်ရမယ့်လူဖြစ်ကြောင်း ဂျုံးစ်ဖော့တက္ကသိုလ် စည်းကမ်းကော်မတီဥက္ကဋ္ဌကို အကြောင်းကြားတာပါ၊ ဂျင်နီကလည်း အဲဒီကြားနာမှုကိုတက်ပြီးဒီပြဿနာကိုရှင်းဖို့ စိတ်ထက်သန်နေပါတယ်"

"ခင်ဗျားက ရှေ့နေလား"

စတီမှာ အပြေးသမားတစ်ယောက်ပမာ အသက်ရှူမြန်သွားသည်။ ပြီးမှ စိတ်ကိုထိန်းလျက်

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဥပဒေကျောင်းတက်နေပါတယ်၊ ဒေါက်တာဂျင်နီက ရှေ့နေ မငှားနိုင်ဘူးလေ၊ ကျွန်တော်ဟာသူ့ရဲ့အမှုကိုရှင်းရှင်းလင်းလင်း ဖြစ်အောင်လျှောက်လဲပါ့မယ်၊ ကျွန်တော်လုပ်တာမှားရင်တော့ ကျွန်တော့်ကိုကြိုက်သလိုလုပ်ပါ"

စတီက စကားကိုရပ်ပြီး သူတုန့်ပြန်လာမည့်စကားကို နားထောင်နေသည်။ သို့သော် မပြောဲတော့မှ

"တက္ကသိုလ်ဘက်က အကျိုးဆောင်ဘယ်သူတက်မလဲ"

"ရှေ့နေကြီး ဟင်နရီကွင်းကိုငှားထားတယ်"

စတီလန့်သွားသည်။ ဟင်နရီကွင်းဥပဒေအကျိုးဆောင်ကုမ္ပဏီမှာ ဝါရှင်တန်မြို့တွင်သက်တမ်းအရှည်ဆုံးကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ သူက ပုံမှန်လေသံဖြင့်

"လေးစားလောက်တဲ့ ဥပဒေအကျိုးဆောင်ကုမ္ပဏီပါပဲ"

"ဒါပေါ့"

မိမိဘက်က ပျော့ပျော့ပျောင်းပျောင်းပြောနေသည်မှာမအောင်မြင်ခဲ့။ ခပ်မာမာပြောရန်အချိန်ကျလေပြီ။

"ပြောစရာတစ်ခုရှိသေးတယ်၊ ဘာရင်တန်ဂျုန်းဟာ ဘာဖြစ်လို့ဒေါက်တာဂျင်နီဖာရာမီအပေါ်နိပ်ကွပ်နေရသလဲဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီးပြောချင်တယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကြားနာမှုကိုဖျက်သိမ်းတာမျိုး ကျွန်တော်တို့ဘက်ကလုံးဝလက်မခံနိုင်ဘူး၊ အဲဒီလိုဖျက်သိမ်းလိုက်ရင် ဒေါက်တာဂျင်နီဖာရာမီအဖို့ တန့်နံ့ခံစားနေရလိမ့်မယ်၊ အဖြစ်မှန်ဟာ ဖော်ထုတ်မှဖြစ်မယ်"

"ကျွန်တော်သိသလောက်တော့ ကြားနာမှုကိုဖျက်သိမ်းပေးဖို့ တင်ပြတာမျိုး မရှိသေးပါဘူး"

"တကယ်လို့ရှိလာတယ်ဆိုရင်လည်း ဒီကိစ္စဟာဒေါက်တာဂျင်နီဖာရာမီအတွက် လက်ခံနိုင်စရာမရှိဘူးလို့ပြောလိုက်ပါပါမောက္ခကြီးခင်ဗျား၊ အခုလို လက်ခံစကားပြောပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မနက်ကျရင် ကျွန်တော်တို့တွေ့ကြဖို့မျှော်လင့်နေပါတယ်"

"ဒါပဲနော်"

စတီက တယ်လီဖုန်းကိုပြန်ချရင်း

"ဟေး ကောင်းလိုက်တဲ့အခြေအနေ"

ဂျင်နီက နားမလည်သလိုဖြင့်

"ပုံမှန်ဆိုရင်တော့ သူက ဒီလိုပုံစံမျိုးမဟုတ်ဘူး၊ အခု သူကလုပ်ငန်းသဘော ဆန်ဆန်ပြောသွားပုံရတယ်"



ဘာကျန်မှာ စိတ်ဆိုးဖြတ်ပြီးသားဖြစ်ကာဂျင်နီအပေါ်လည်း အပြုံးရှိကောင်း ရှိနိုင်သည်။ ဤသည်ကိုတော့ စတီသူမအားမပြော။

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့ရဲ့အချက်သုံးချက်နဲ့ပတ်သက်ပြီး ကိုယ်တို့ လုပ်ထား ပြီ၊ ပြီးတော့ သူတို့ဘက်ကဟင်နရီကွင်းကိုငှားထားတယ်လို့လည်း သိလိုက်ရတယ်"

ဟင်နရီကွင်းမှာတကယ့်အကျော်အမော်တစ်ယောက်ဖြစ်သည်။ ဟင်နရီကွင်းနှင့်ရင်ဆိုင်ရမည်ဟူသောအသိကြောင့် စတီခြေလက်တွေပင်အေးသွားရ၏။ သို့သော် ဂျင်နီအားစိတ်ဓာတ်ကျမသွားစေချင်။

"အရင်ကတော့ သူက အတော်ကလေး တော်ခဲ့တဲ့လူတစ်ယောက်ပါ၊ အခု သူ့ခေတ်ကုန်ပါပြီလေ"

"ကျွန်မတို့ ဘာလုပ်သင့်သလဲ"

"ကြားနာမှုမှာ သူတို့မေးလာနိုင်တဲ့မေးခွန်းတွေကို လေ့ကျင့်ကြရမယ်၊ ဒီညကိုယ်တို့လုပ်စရာတွေအများကြီးရှိတယ်"

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

ဂျိန်းအီဗဲဘိုရီ ဝတ်စားလာသည်မှာ မလုံ့တလုံ။

သူမက ပန်းရောင်အိပ်ရာခင်းပေါ်တွင်လဲလျောင်းနေ၏။ ကြည်လင်ပျော့အိသောသူမအသားမှာ သူမဝတ်နေကျရွှေရောင်အဝတ်အစားတွေထက်စာလျှင် နှစ်လိုဖွယ်ကောင်းလှသည်။ ခန္ဓာကိုယ်ကိုလုံခြုံစွာဖုံးကွယ်အောင်ဝတ်သည့် သူမ၏အဝတ်အစားများမှာ လျော့ရဲရဲရှိလှ၏။ သူမမှာ အမေရိုဒေ့သက မိန်းမနယ်ဖွံ့ဖြိုးလှ၏။ သို့သော် ထိုအဝတ်အစားများက သူမနှင့်လိုက်ဖက်သည်။

သူမက အပြာရောင်လက်ပေ့ထိုးဘောင်းဘီကိုဝတ်ထားသည့် ဘာရင်တန်အားခုတင်ပေါ်မှလှမ်းကြည့်ရင်း

"ဟော့ ပျော်လိုက်တာ"

ချစ်ရေးချစ်ရာတွင် သူမအတော်ကလေးကျွမ်းကျင်သည်။ ဆေးလိပ်အသောက်များသော သူမ၏ခင်ပွန်းသည်မှာ ကျန်ခဲ့သည့်၁၀နှစ်က ကွယ်လွန်ခဲ့သည်။ သူတို့လင်မယားလည်းသာယာခဲ့ကြမည်ထင်၏။ ဂျိန်းက

"ကျွန်မစိတ်ထဲမှာ မလုံဘူး၊ အခုလိုမဟုတ်တဲ့အလုပ်မျိုးမလုပ်တာကြာပြီ"

ဘာရင်တန်က ဖိနပ်ကြိုးကိုချည်ရင်း

"မဟုတ်တဲ့အလုပ်ဟုတ်လား၊ ကျုပ်ကတော့ အဲဒီလိုမထင်ပါဘူး၊ မင်းဟာလွတ်လပ်တယ်၊ ပြီးတော့ ကျုပ်တို့နှစ်ယောက်စလုံးအိမ်ထောင်မရှိကြဘူး"

သူမ မျက်နှာရှုံ့သွားသည်ကိုတွေ့ရသည်။



"မဟုတ်တာလုပ်တယ်ဆိုတာ အဲဒါကိုပြောတာမဟုတ်ဘူး။ မနက်ဖြန်လုပ်မယ့်ကြားနာမှုမှာ ကျွန်မပါနေတယ်ဆိုတာသိလို့ ရှင်အခုလိုကြံတာမဟုတ်လား"

ဘာရင်တန်မှာ လည်စည်းကို စည်းနေရင်းက ကြက်သေသေသွားရသည်။ သူမက ဆက်၍

"ရှင်ကကျွန်မကို ကျောင်းသားတွေထိုင်တဲ့လက်ဖက်ရည်ဆိုင်ထဲမှာတွေ့လိုက်တယ်၊ ပြီးတော့ ကျွန်မကိုခိုက်လောက်တယ်လို့ပြောလိုပြော၊တကယ်တော့ ကျွန်မဟာ အထူးသဖြင့် ရှင့်လိုအကောင်းကြိုက်လူမျိုးတွေအတွက် ခိုက်လောက်တဲ့မိန်းမတစ်ယောက်မဟုတ်ပါဘူး။ ရှင့်မှာတခြားအကြောင်းတစ်ခုခုရှိရမယ်၊ ဘာအကြောင်းဖြစ်မလဲလို့ ကျွန်မစဉ်းစားလိုက်တာ၊ ငါးစက္ကန့်နဲ့အဖြေထွက်ပါတယ်"

ဘာရင်တန် ရှက်သွားသည်။ ဘာပြန်ပြောရမည်ပင်မသိ။

"မင်းဟာ ဆွဲဆောင်မှုရှိတာအမှန်ပါပဲ၊ ကိုယ်လုံးလေးကလည်းချစ်စရာ၊ ဝတ်စားဆင်ယင်ပုံကလည်းကောင်းတယ်၊ ကိုယ်သင်းနံ့လေးကလည်းမွှေးလို့၊ နောက်ပြီးတော့ မင်းဟာမိန်းမပီသတယ်ဆိုတာမြင်သာပါတယ်၊ မင်းဟာယောကျ်ားမှန်သမျှကိုဆွဲဆောင်နိုင်တယ်၊နောက်ပြီးတကယ်ဆိုတော့ မင်းဟာတစ်ညတာချစ်စရာပါ၊ ကျေးဇူးလည်းတင်ပါတယ်"

သူမက ကိုယ်ကိုတစောင်းလှဲ၍ မျက်လုံးများကိုမှိတ်ထားသည်။ ဘာရင်တန်ကအဝတ်အစားများကိုအမြန်ဆုံးဝတ်ပြီး ခုတင်စွန်းတွင်ထိုင်ကာ

"မင်း မနက်ဖြန်ကိုယ့်ဘက်ကထောက်ခံပေးမလားဟင်"

သူမက ထထိုင်ပြီး

"သက်သေထွက်ဆိုချက်တွေကို နားထောင်ပြီးမှဆုံးဖြတ်လို့ရမယ်"

ဘာရင်တန်ကအံကြိတ်လျက်

"ဒီကိစ္စဟာ ကိုယ့်အတွက်ဘယ်လောက်အရေးကြီးတယ်ဆိုတာ မင်းမသိဘူး"

သူမက စာနာစွာ ခေါင်းညိတ်ပြသည်။ သို့ရာတွင် သူမ၏အဖြေက

"ဂျင်နီဖာရာမီအတွက်လည်း အလားတူအရေးကြီးနေတယ်လို့ထင်ပါတယ်"

"မင်းအတွက် ဘယ်သူကအရေးကြီးသလဲ၊ ဂျင်နီလားကိုယ်လား"

"ယောကျ်ားတွေကြီးစိုးတဲ့တက္ကသိုလ်တစ်ခုမှာ ပညာရှင်မိန်းမတစ်ယောက်ရဲ့အနေအထားဘယ်လိုရှိတယ်ဆိုတာ ကျွန်မသိပြီးသား၊ ဒါကိုကျွန်မကတော့မေ့မှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါတော့ကွာ"

"ရှင် ဒီမှာတစ်ညနေသွားလေ၊ မနက်ကျမှစီစဉ်ကြတာပေါ့"

သူက ထမက်တပ်ရပ်ပြီး

"ကျုပ် ခေါင်းထဲမှာရှုပ်နေတယ်"

သူမက မျက်လုံးကလေးကိုမှေးကာ

"ကိုကလည်းကွယ်"

သူ ထွက်သွားတော့သည်။ ကားရပ်သည့်နေရာတွင် သူမ၏ကားဘေးတွင် ရပ်ထားသော မိမိ၏ကားဆီသို့လျှောက်လာခဲ့၏။သူမ၏ကားကိုမြင်တော့ သတိရ လိုက်သည်။တကယ်တော့ မိမိအသုံးချခံလိုက်ရခြင်းသာဖြစ်၏။သို့သော် ကျေနပ်ပါ သည်လေ။ တစ်ခါတစ်ရံ မိန်းမများသည် သူတို့အပေါ်မိမိကျူးလွန်ပြီးမှ သူတို့၏ဆန္ဒ ကိုဖြည့်လိုက်ရမှန်းသိရသည်။

မနက်ဖြန်ကြားနာမှုအတွက် အိမ်သို့ကားနှင့်ပြန်လာခဲ့သည်။ ကော်မတီတွင် ပါဝင်သည့်လူလေးယောက်မှာ မိမိဘက်တွင်ပါနေလေပြီ။သို့သော် ဂျိန်းကိုတော့ ကတိ ရသည်အထိ မစည်းရုံးနိုင်ခဲ့။ မိမိဘာလုပ်နိုင် သေးသနည်း။ ယခုအချိန်ရောက်မှ မိမိ ဘာမျှလုပ်နိုင်တော့မည်မဟုတ်။

အိမ်ကိုရောက်တော့ တယ်လီဖုန်းလက်ခံစကားပြောစက်ပေါ်တွင် ဂျင်ပရှစ် ဖုန်းဆက်သွားကြောင်း တွေ့လိုက်ရသည်။ သတင်းဆိုးတော့ မဖြစ်ပါစေနှင့်။ သူက စားပွဲတွင်ထိုင်ပြီး ဂျင်ပရှစ်၏အိမ်ကို ဖုန်းဆက်လိုက်သည်။ သူက

"ဘာရင်တန်ပါ"

"အက်ဖ်ဘီအိုင်ဌာနကတော့ အဆင်မပြေဘူး"

ဂျင်မှာ နိဒါန်းမပျိုးဘဲပြောချလိုက်၏။ ဘာရင်တန်၏ရင်ထဲ ဟာခနဲဖြစ် သွားရသည်။ သူက

"ပြောပါဦး"

"သူတို့ကို ဒီရှာဖွေရေးစနစ်ဖျက်ပစ်ဖို့ ပြောလိုက်တယ်၊ ဒါပေမဲ့ အမိန့်က အချိန်မီရောက်မသွားဘူး"

"သေလိုက်စမ်းပါကွာ"

"စာရင်းတွေက ဂျင်နီဆီကို အီးမေးလ်နဲ့ရောက်သွားတယ်"

"စာရင်းထဲမှာ ဘယ်သူတွေပါသွားလဲ"

"ဒါတော့ မသိဘူး၊ အဲဒီဌာနမှာ မိတ္တူလက်ခံမကျန်ခဲ့ဘူး"

"ကျုပ်တို့ ဒါကိုသိရမှဖြစ်မယ်"



"ဒါတော့ ခင်ဗျားလိုက်ရှာပေါ့၊ ဒီစာရင်းဟာ ဂျင်နီရဲ့ရုံးခန်းထဲမှာရှိနိုင်တယ်"

"အဲဒီအခန်းကို သူဝင်လို့မရအောင်သော့ပိတ်ထားတယ်၊ အီးမေးလ်ထဲကနေ သူထုတ်ယူဖြစ်ချင်မှ ထုတ်ယူဖြစ်ဦးမယ်"

ထိုမျှော်လင့်ချက်ကလေးဖြင့် ဘာရင်တန်အနည်းငယ်စိတ်ပေါ့သွားရသည်။ ဂျင်က

"ခင်ဗျား လုပ်နိုင်ပါ့မလား"

"ဖြစ်တယ်၊ ကျုပ် အခုပဲ အဲဒီအခန်းထဲဝင်မယ်"

"ခင်ဗျားသိတာနဲ့ ကျုပ်ဆီဖုန်းဆက်ဦး"

"စိတ်ချ"

ဘာရင်တန်က ဂျိုးဖောတက္ကသိုလ်သို့ကားဖြင့်ပြန်လာသည်။ ကျောင်းဝင်း တစ်ခုလုံးမှောင်မည်းကာလူသူကင်းရှင်းလျက်ရှိ၏။ သူက စိတ်ပညာဌာနအပြင်ဘက် တွင်ကားကိုရပ်လိုက်သည်။ ဂျင်နီ၏ရုံးခန်းထဲသို့ဒုတိယအကြိမ်ခိုးကြောင်ခိုးဝှက်ဝင် ရခြင်းအတွက်သိပ်မရှက်တော့။ ယခုကိစ္စကသိက္ခာကို သိပ်ထိန်း၍မနေနိုင်တော့။

သူက ကွန်ပျူတာတွင်ထိုင်၍ ပို့စာအခန်းကိုဖွင့်လိုက်သည်။အထဲတွင် စာ တစ်စောင်သာရှိနေ၏။ထိုစာမှာ အက်ဖ်ဘီအိုင်မှစာရင်းဖြစ်ပါစေဟုသူဆုတောင်းသည်။ ထိုစာကိုသူဖွင့်ကြည့်လိုက်သည်။ ထိုစာမှာမင်နီဆိုးတားတက္ကသိုလ်မှ သူမ၏သူငယ် ချင်းတစ်ယောက်ပေးပို့လိုက်သောစာဖြစ်နေကြောင်း စိတ်ပျက်ဖွယ်တွေ့လိုက်ရသည်။

*မနေ့ကကိုယ်အီးမေးလ်နဲ့ပို့လိုက်တဲ့စာရလား၊ မနက်ဖြန်ကိုယ်ဘော်လ်တီမိုး မြို့ကိုရောက်မယ်။ မင်းကိုတွေ့ချင်သေးတယ်ကွာ။ ခဏပဲဖြစ်ဖြစ်ပေါ့။ ကိုယ့်ဆီကို ဖုန်းဆက်ပေါ့။ ချစ်သော*

**ဝေလျှံ**

ယမန်နေ့ကစာကို သူမရမသွား။ ဘာရင်တန်ကထို စာကိုထုတ်ယူဖျက်ပစ် ခဲ့ခြင်းကြောင့်ဖြစ်သည်။ ယခု စာလည်းသူမရမည်မဟုတ်။ သို့တစေ အက်ဖ်ဘီအိုင်မှ စာရင်းကဘယ်မှာနည်း။ယမန်နေ့မနက်က သူမ၏အခန်းအား လုံခြုံရေးများက သော့ မပိတ်မီသူမထုတ်ယူသွားခြင်းဖြစ်မည်။

သူမဘယ်မှာသိမ်းထားသည်လဲ၊ ဘာရင်တန်က ဂျင်နီ၏ဒစ္စကတ်များတွင် အက်ဖ်ဘီအိုင်ဆိုသော အမှတ်အသားကိုလိုက်ရှာသည်။ မတွေ့။ အံဆွဲထဲမှဒစ္စကတ် ထည့်သည့်ဘူးကလေးထဲတွင်ရှာကြည့်ပြန်သည်။ သို့ရာတွင် ယင်းတို့မှာ သူ့ကွန်ပျူ တာထဲတွင်ရှိပြီးသား အချက်အလက်များကိုသာကူးထားခြင်းဖြစ်သည်။

"ဒီမိန်းမ ဈေးဝယ်စာရင်းကိုတောင် ဒစ္စကတ်ထဲမှာကူးထားပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ယောက်တည်းရေရွတ်သလိုပြောနေသည်။ သူက ဂျင်နီ၏ဖုန်းဖြင့်ဂျင်ပဲရစ်ထံသို့ ဆက်လိုက်ကာ

"ရှာလို့မတွေ့ဘူး"

"အဲဒီစာရင်းထဲမှာ ဘယ်နာမည်တွေပါသလဲဆိုတာ ကျုပ်တို့ သိရမှဖြစ်မယ်"

"ကျုပ်က ဘယ်လိုလုပ်ရမှာလဲ၊ ဒီမိန်းမကို ပြန်ပေးဆွဲပြီး နှိပ်စက်ရမှာလား"

"ဒီစာရင်း သူ့လက်ထဲမှာရှိရမယ်၊ ဟုတ်တယ်မဟုတ်လား"

"သူ့ရဲ့ကွန်ပျူတာပေးစာအခန်းထဲမှာတော့မရှိဘူး၊ သူ ကွန်ပျူတာထဲကနေ ထုတ်ယူသွားတာဖြစ်မယ်"

"သူ့ရုံးခန်းထဲမှာမရှိဘူးဆိုရင် သူ့အိမ်မှာရှိမှာပေါ့"

"ဖြစ်နိုင်တယ်၊ ဒီလိုဆိုရင် သူ့အိမ်မှာ ရှာလို့ရမလား"

"အက်ဖ်ဘီအိုင်အဖွဲ့ကို သွားရှာခိုင်းလိုက်ပါ"

ဟု ဖုန်းထဲတွင် မပြောလိုသဖြင့်

"ခင်ဗျား ရှာပေးလို့ရမလား"

"ရမယ်ထင်တာပဲ၊ ဒေးဗစ်ဟာ ပထမကျွန်တော်နိုင်းထားတာမအောင်မြင်တဲ့အတွက် သူ့အပေါ်အကြွေးကျန်နေတယ်၊ ကျုပ်သူ့ဆီကိုဖုန်းဆက်လိုက်မယ်"

"မနက်ဖြန်ဆို မကောင်းဘူးလား၊ ကြားနာမှုက ၁၀နာရီမှာလုပ်မယ်ဆိုတော့ ကြားနာမှုမှာဂျင်နီနှစ်နာရီလောက်ရှိနေလိမ့်မယ်"

"ဟုတ်ပြီ၊ကျုပ်လုပ်လိုက်မယ်၊နေပါဦး၊ဂျင်နီက အဲဒါကိုသူ့လက်ကိုင်အိတ်ထဲထည့်ယူသွားရင်ဘယ်နဲ့လုပ်မလဲ"

"ဒါတော့ မသိဘူး၊ ဒါပဲ ဂျင်"

"ကောင်းပြီလေ"

တယ်လီဖုန်းကိုချပြီးနောက် ဘာရင်တန်နေရာတွင်ပင်ထိုင်၍ ဂျင်နီနေထိုင်သွားသောအခန်းကိုလိုက်ကြည့်နေမိသည်။မနက်ဖြန်မိမိတို့ဘက်က အခြေအနေမကောင်းလျှင်တော့ ဂျင်နီဤစားပွဲတွင် နေ့လယ်စာစားချိန်လောက်ပြန်ရောက်လာတော့မည်။ ပြီးတော့ အက်ဖ်ဘီအိုင်ဌာနမှရသည့်စာရင်းဖြင့် စုံစမ်းထောက်လှမ်းရေးအလုပ်ကိုဆက်လုပ်ကာ မိမိတို့သုံးဦးသားဘဝပျက်အောင်လုပ်ပေတော့မည်။

ဝ ◉ ဝ

## အခန်း (၃၈)

အဖြူရောင်နံရံများနှင့်ခပ်ကျဉ်းကျဉ်းသေးသည့်ခန်းထဲရှိ ထိုင်ခုံရှည်ပေါ်တွင် ဂျင်နီမှာ ရေချိုးတဘက်ပတ်လျက်သား စတီ၏လက်မောင်းပေါ်တွင် အိပ်ပျော်နေရာမှ လန့်နိုးလာသည်။

မိမိ မည်သို့ ဤနေရာတွင် ရောက်နေသနည်း။ မိမိတို့ညက ယနေ့ကြားနာမှုအတွက် ညဝက်ခန့်လေ့ကျင့်ခဲ့ကြသည်။ ဂျင်နီရင်တွေပိုသွားရ၏။ မိမိဘဝကို ယနေ့မနက် အဆုံးအဖြတ်ပေးမှာပါကလား။

သို့တစေ မိမိ ဘာကြောင့်ဤနေရာတွင် လဲလျောင်းနေပါလိမ့်။

မနက် ၃ နာရီလောက်ကမိမိသန်းဝေပြီး မျက်စိကိုခေတ္တမှိတ်ထားလိုက်မိသည်။ နောက်ပြီးတော့

မိမိအိပ်ပျော်သွားခြင်းဖြစ်မည်။ စတီက အိပ်ခန်းထဲဝင်ပြီး အပြာနှင့်အနီစင်းဂွမ်းကပ်ကိုယူကာ သူမ ခေါင်းအောက်တွင်ခုပေးခဲ့သည်။ ထို့ကြောင့်လည်း ထိုဂွမ်းကပ် မိမိခေါင်းအောက်တွင်ရှိနေခြင်းဖြစ်သည်။

သူမ စတီ၏ပေါင်ကို ခေါင်းအုံး၍ သူ့ခါးကိုဖက်ကာ အိပ်နေခြင်းမှာ သူ့တွင်တာဝန်မရှိ။ မိမိကအိပ်ပျော်နေရင်း မသိဘဲထိုသို့ဖြစ်သွားခြင်းသာဖြစ်မည်။အသည်းငယ်တော့ ရှက်စရာအကောင်းသား။ မိမိအဖြစ်ကဘောင်လွတ်နေသည်။ သူ့ရှေ့တွင်ပင် အဝတ်အစားတွေချွတ်ဖြစ်ခဲ့သည်။ သူ့ပေါင်ပေါ်တွင်အိပ်ပျော်ခဲ့သည်။ ဘာကယ်သမီး

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတွေအတိုင်း။

ယခု မိမိအနေအထိုင်မဆင်ခြင်မှုကိုသာ စဉ်းစားနေမိသည်။ တစ်ပတ်လုံး မိမိအဖြစ်ဆိုးနေသည်ကိုမတွေးမိ။

ရဲပတ္တရောင်က အပေါက်ဆိုးဆိုးဆက်ဆံသွားသည်။ ဖခင်က ပစ္စည်းတွေကို ခိုးသွားသည်။ နယူးယောက်တိုင်းသတင်းစာက မတရားစွပ်စွဲသည်။ ဒင်းနစ်ပင်ကာဘက စားနှင့် ခြိမ်းခြောက်ခဲ့သည်။ တက္ကသိုလ်က အလုပ်ဖြုတ်ခံရသည်။ မိမိကားထဲတွင် စော်ကားရန်ကြိုးစားသည်ကိုခံခဲ့ရသည်။ အဘော်ကိုအဖြစ်ဆိုးခဲ့ရသည်။

မနေ့ကလက်သီးဖြင့်အထိုးခံခဲ့ရသည့်မျက်နှာမှ ဒဏ်ရာကအနည်းငယ်နာနေသည်။ အသားနာသည်က ထိုမျှမဟုတ်။ ထိုသို့ကြံစည်ခံရသည့်အတွက် စိတ်တွင် ဒဏ်ရာကျန်ခဲ့သည်။ ထိုအကြောင်းကို ပြန်စဉ်းစားမိတော့ ဒေါသဖြစ်ကာ ထိုလူကိုလည်းပင်းဖျစ်သတ်ချင်စိတ်ပေါက်မိသည်။ ထိုအကြောင်းကို မစဉ်းစားမိသည့်အချိန်၌ပင် မိမိကိုယ်ကို တန်ဖိုး မရှိတော့သည့်မိန်းမတစ်ယောက်အဖြစ် ခပ်ရေးရေး ခံစားနေရသည်။

ယောကျ်ားတွေကိုယုံမိသည့် မိမိအဖြစ်က အံ့ဩစရာကောင်းလှသည်။ နောက်ပြီး မိမိအားတိုက်ခိုက်သူနှင့်တစ်ထေရာတည်းတူသော ယောကျ်ားတစ်ယောက် ပေါင်ပေါ်တွင်အိပ်နေမိသည်ကအံ့ဩစရာကောင်းနေသည်။ စတီမှာပို၍ပင် ယုံကြည်စရာကောင်းလာ၏။ ကျန်နှစ်ယောက်နှင့်ဆိုလျှင် ဤသို့ညဘက်တွင်အတူနေသည့်အခါ မိမိအား အတင်းမကြံဟုမပြောနိုင်။

စတီမျက်မှောင်ကြုတ်မိသည်။ ညကစတီတစ်စုံတစ်ခုလုပ်ခဲ့သည်ကို ခပ်ဝါးဝါးသတိရမိသည်။ အိပ်မက်လိုလိုသတိရမိသည်က ကြီးမားသောလက်ကြီးများ မိမိ၏ဆံပင်များကို အတန်ကြာအောင်သပ်ပေးနေခြင်းဖြစ်သည်။

ယခု သူမ ပြုံးကာ လူးလွန့်လိုက်သည်၌ စတီက

"နိုးပြီလား"

သူမက သန်းဝေ၍ အပျင်းကြောဆန့်ရင်း

"ကျွန်မ ရှင့်အပေါ်မှာအိပ်ပျော်သွားတယ်၊ ရှင်ဘာများဖြစ်သွားသေးလဲ"

"မနက် ၅ နာရီလောက်က ကိုယ်ဘယ်ဘက်ခြေထောက်မှာ သွေးမလျှောက်တော့ဘူး၊ ဒါပေမဲ့ နောက်ပိုင်းနေသားကျသွားတော့အဆင်ပြေသွားပါတယ်"

သူမက ထထိုင်လိုက်သဖြင့် သူ့မျက်နှာကိုကောင်းစွာမြင်ရသည်။ သူ့အဝတ်အစားတွေကကျေနေပြီး ဆံပင်တွေလည်းပွနေသည်။ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေလည်းထွက်နေ၏။ ဂျင်နီက

"ရှင် အိပ်ရသေးလား"



သူက ခေါင်းခါလျက်

"မင်းကိုကြည့်နေရတာနဲ့ ကျုပ်အိပ်ရေးဝသွားပါပြီ"

"ကျွန်မ ဟောက်များဟောက်သေးလားမသိဘူး"

"မဟောက်ပါဘူး၊ အာပုတ်ရေကျတာတစ်ခုပါပဲ"

သူက ဘောင်းဘီပေါ်မှ ကွက်၍စိုနေသောနေရာကိုပြကာပြောသည်။ သူမက

"ဟင် အားနာလိုက်တာ"

ပြီးတော့ သူမက ထရပ်သည်။ နံရံပေါ်မှနာရီကိုကြည့်လိုက်တော့ ရှစ်နာရီခွဲနေပေပြီ။ သူမက အလန့်တကြားဖြင့်

"ကျွန်မတို့ အချိန်သိပ်မရှိတော့ဘူး၊ ကြားနာပွဲက ဆယ်နာရီစမှာ"

"မင်း ရေချိုးလိုက်လေ၊ ကိုယ် ကော်ဖီဖျော်လိုက်မယ်"

စတီကယုယစွာဆိုသည်။ ဂျင်နီကသူ့အားစိုက်ကြည့်နေ၏။ တကယ့်လူပါပေပဲ။ သူမက

"ရှင် နတ်ပြည်ကများလာတာလား"

စတီက ရယ်လျက်

"မင်းပြောတဲ့အတိုင်းဆိုရင် ကျုပ်က စမ်းသပ်ဖန်ပြွန်ထဲကလာတာလေ၊ မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

ပြောရင်း သူ့မျက်နှာညှိုးလျော်သွားပြန်သည်။ သူ့မျက်နှာညှိုးတော့ ဂျင်နီလည်းစိတ်နောက်ကျိသွားရပြန်၏။ သူမကအိပ်ခန်းထဲသို့သွားပြီး အဝတ်အစားများကိုချွတ်ကာရေချိုးခန်းသို့ဝင်သည်။ ခေါင်းလျှော်နေရင်း မိမိယနေ့၌အခြေအနေတိုးတက်ရောက်အောင်ကြိုးစားခဲ့ရပုံများကိုပြန်တွေးနေမိသည်။ မိမိကသိပ္ပံပညာရှင်တစ်ယောက်ဖြစ်ချင်သည်။လူသားတွေ မိမိတို့အကြောင်းနားလည်လာအောင်လုပ်ပေးချင်သည်။ ယခုတော့ ဘာရင်တန်ဂျုန်းက ဤအလုပ်များကို ဖျက်ဆီးပစ်နေ၏။

ရေချိုးလိုက်တော့ လန်းသွားသည်။ ဆံပင်များကို တဘက်နှင့် သုတ်နေစဉ် တယ်လီဖုန်းမြည်လာသည်။ သူမက ခုတင်ဘေးရှိ လိုင်းခွဲဖုန်းနှင့်ကောက်ကိုင်လိုက်ပြီး

"ဟုတ်ကဲ့"

"ဂျင်နီလား၊ ညီမ ပက်တီပါ"

"ဟော့ ညီမလေး၊ ဘာဖြစ်လို့လဲ"

"ဖေဖေရောက်လာတယ်"

ဂျင်နီ ခုတင်စွန်းတွင်ထိုင်ရင်း

"သူ နေကောင်းရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ညှင်းသိုးသိုးနဲ့ ဒါပေမဲ့ကျန်းမာပုံတော့ရပါတယ်"

"သူ ငါ့ဆီအရင်လာတာ၊ တနင်္လာနေ့က ရောက်လာတယ်လေ၊ အင်္ဂါနေ့ကျတော့ ငါကသူ့ကိုချက်မကျွေးလို့ဆိုပြီးစိတ်ဆိုးသေးတယ်၊ ဗုဒ္ဓဟူးနေ့ကျတော့ ငါ့အိမ်က ရုပ်မြင်သံကြားရော၊ ကွန်ပျူတာရော၊ ကက်ဆက်ရော အကုန်မ,ချသွားတယ်၊ အဲဒါတွေရောင်းရတဲ့ငွေနဲ့ သူလောင်းကစားပစ်မှာပေါ့"

"အို ဂျင်နီရယ်၊ ဖြစ်မှဖြစ်ရလေ"

"ထားပါတော့လေ၊ ဒါကြောင့်မို့လို့နင့်အဖိုးတန်ပစ္စည်းတွေကို သော့ခတ်ထား"

"ကိုယ့်မိသားစုပစ္စည်းတွေကိုတောင် ပြန်ခိုးရတယ်လို့၊ ဖြစ်မှဖြစ်ရလေ၊ ငါ့ယောကျ်ားသာသိရင်တော့ သူ့ကိုမောင်းချမှာ"

"ပက်တီ ငါ့မှာအဲဒါထက်ဆိုးတဲ့ပြဿနာတက်နေတယ်၊ ဒီနေ့ငါအလုပ်ပြုတ်ချင်ပြုတ်တော့မှာ"

"ဘာဖြစ်လို့လဲ"

"အခုလောလောဆယ်တော့ပြောပြဖို့အချိန်မရသေးဘူး။ နောက်မှ ဖုန်းဆက်ပြီးပြောမယ်"

"ကောင်းပြီလေ"

"နင် အမေနဲ့ရော စကားပြောဖြစ်သေးလား"

"နေ့တိုင်းပြောဖြစ်တယ်"

"အေးဟယ် အခုမှပဲစိတ်ချမ်းသာတော့တယ်၊ ငါလည်းသူ့ဆီကို ဖုန်းတစ်ခါဆက်သေးတယ်၊ နောက်တစ်ခါဆက်တော့ သူ နေ့လယ်စာစားနေလို့မတွေ့ရဘူး"

"အဲဒီက ဖုန်းကိုင်တဲ့သူတွေဟာ စိတ်ကောင်းမရှိကြဘူးဟ၊ ငါတို့ အမေ့ကို အဲဒီနေရာကနေ အမြန်ခေါ်ထုတ်မှဖြစ်မယ်"

မိမိ ယနေ့သာအလုပ်ပြုတ်လျှင်တော့ အမေ့ကို ထိုနေရာ၌အတန်ကြာ အောင်ထားရတော့မည်။

"ငါနင့်ဆီကို နောက်မှဆက်မယ်"

"အေး ကံကောင်းပါစေဟာ"

ဂျင်နီဖုန်းကိုချလိုက်သည်။ ခုတင်ဘေးရှိစားပွဲပေါ်တွင်အငွေ့တထောင်းထောင်းနှင့်ကော်ဖီခွက်ကိုတွေ့လိုက်ရ၏။သူမအံ့သြကြီးစွာဖြင့်ခေါင်းကိုရမ်းနေမိသည်။ ဤသည်မှာကော်ဖီတစ်ခွက်မျှသာဖြစ်သော်လည်း မိမိလိုအပ်ချက်ကိုသိနေသော စတီအပေါ်အံ့သြရသည်။ ယုယစွာလုပ်ကိုင်ပေးသည်မှာ သူ၏ပင်ကိုစိတ်ဓာတ်ထင်၏။



နောက်ပြီး ထိုအတွက် သူကဘာမျှပြန်လိုချင်သည်မျိုးမရှိ။ ဂျင်နီ၏အတွေ့အကြုံအရဤသည်မျိုးမှာအတော်ပင်ရှားသည်။ယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်၏လိုလားချက်ကိုဖြည့်ဆည်းကူညီပေးသည်ဆိုလျှင် သူမနှင့်တစ်လခန့်ပျော်ပါးချင်သည့်စိတ်ဓာတ်ရှိစမြဲ။

စတီကတော့ ထိုသို့မဟုတ်။ ထိုကဲ့သို့သောယောကျ်ားမျိုးရှိသည်ဟု မိမိသိခဲ့ရလျှင် မိမိအိမ်ထောင်ကျပြီးသည်မှာကြာလေပြီ။

ယနေ့တွင်မူ ဂျင်နီမှာ အထီးကျန်တစ်ယောက်မဟုတ်တော့၊ အားကိုးစရာ စတီရှိနေလေပြီ။ သူ၏အရည်အချင်းကအရေးမကြီး၊ ကြားနာပွဲမှပါမောက္ခငါးယောက်အထင်ကြီးစေရန် ဝါရှင်တန်မှအတော်ဆုံးရှေ့နေတစ်ယောက်ငှားရန်မလိုတော့။ စတီရှိနေဖို့သာအရေးကြီးသည်။ သူမက တဘက်ကိုခြုံ၍ စတီထံသို့လှမ်းကာ

"ရှင် ရေချိုးဦးမလား"

"ချိုးမယ်၊ အကျီသန့်သန့်ကလေးတစ်ထည်လောက်ရှိရင် သိပ်ကောင်းမှာပဲ"

"ကျွန်မမှာ ယောကျ်ားဝတ်ရုပ်အကျီတော့မရှိဘူး၊ ခြော် ခဏနေဦး၊ ရှိတယ် ရှိတယ်"

အားကစားရုံမီးလောင်ပြီးစက လစ်ဆာငှားလာသော အဖြူရောင်ရှပ်အကျီကိုသွားသတိရသည်။သချႌာဌာနမှ လူတစ်ယောက်၏အကျီဖြစ်၏။ဂျင်နီက ပင်မင်းပေးကာဗီရိုထဲတွင် ဆီစိပ်စက္ကူဖြင့်ပတ်၍သိမ်းထားသည်။ သူမက ထိုအကျီအား စတီကိုယူပေးသည်။ စတီက

"ကိုယ်ဝတ်နေကျဆိုဒ် ၁၇၊ ၃၆ ပါလား၊ အတော်ပဲ"

"ဒီအကျီ ဘယ်ကရသလဲလို့မမေးနဲ့၊ ပြောရမှာအရှည်ကြီး။ ကျွန်မမှာ လည်စည်းလည်းရှိမယ်ထင်တယ်"

သူမက အံဆွဲကိုဖွင့်လိုက်ပြီး သူမတစ်ခါတစ်ရံဝတ်လေ့ရှိသော အပြာရောင်ပိုးသားလည်စည်းကိုထုတ်ယူကာ

"ရော့"

"ကျေးဇူးပဲ"

စတီက ပြောကာ ရေချိုးခန်းကျဉ်းကျဉ်းကလေးထဲသို့ဝင်သွားသည်။

ဂျင်နီက ထိုင်ကာ မိတ်ကပ်လိမ်းနေ၏။ စတီရေချိုးခန်းထဲက ထွက်လာတော့ ရှပ်အကျီလည်စည်းတွေနှင့် ချောမောလှပနေသည်။ သူမက

"ရေခဲသေတ္တာထဲမှာ စားစရာတွေရှိတယ်၊ စားချင်ရင် မိုက်ကရိုဝေ့မီးဖိုနဲ့နွေးပြီးစား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကောင်း၊ အမိရော ဘာစားဦးမလဲ"

"စားချင်စိတ်မရှိတော့ပါဘူး၊ ကော်ဖီတစ်ခွက်ပဲထပ်သောက်မယ်"

သူမက မီတ်ကပ်လိမ်းပြီးကစ်နီးတွင် စတီကကော်ဖီယူလာပေးသည်။ သူမက ကော်ဖီကိုမြန်မြန်သောက်၍အဝတ်အစားလဲသည်။သူမ အဝတ်အစားလဲပြီး ထွက်လာတော့စတီမှာမီးဖိုခန်းစားပွဲတွင် စားသောက်ပြီးနေလေပြီ။ ဂျင်နီက

"ကဲ သွားကြစို့"

သူမ လှည့်ထွက်မည်ပြုစဉ် စတီက သူမလက်ကို လှမ်းဆွဲလျက်

"ခဏနေပါဦး"

"ဘာလဲ"

"ဂျင်နီရယ် ကိုယ်မင်းနဲ့အခုလိုရင်းရင်းနှီးနှီးနေရတာ အင်မတန်ပျော်စရာကောင်းပါတယ်၊ ဒါပေမဲ့ကိုယ်ဒီလောက်နဲ့မကျေနပ်နိုင်ဘူး၊ သိတယ်မဟုတ်လား"

"သိပါတယ်"

"ကိုယ် ဂျင်နီကို ချစ်နေပြီကွာ"

ဂျင်နီ သူ့ကိုစေ့စေ့ကြည့်လိုက်သည်။ သူ၏မျက်နှာမှာပကတိ ရိုးသားနေ၏။ သူမက

"ကျွန်မလည်း ရှင့်ကို သံယောဇဉ်ဖြစ်နေပါပြီ"

သူမက သူ့လက်ကိုဆွဲလျက်

"ဒီမယ်၊ ပထမဆုံးကျွန်မကိုကယ်တင်ဖို့ကအရေးကြီးတယ်၊ ပြီးမှ ရှင့်ကိုကယ်တင်ရမယ်၊ ကျွန်မတို့ ပျော်စရာအချိန်တွေ အများကြီးရှိပါသေးတယ်"

စတီက သူမ၏လက်ကိုညှစ်လျက်

"ကောင်းပြီလေ"

သူတို့ အပြင်ကိုရောက်တော့ ဂျင်နီက

"ကျွန်မတို့ကားတစ်စီးတည်းနဲ့သွားကြမယ်၊ အပြန်ကျမှကျွန်မကားနဲ့ ရှင့်ကားဆီကိုလိုက်ပို့ပေးမယ်"

နှစ်ယောက်သား ဂျင်နီ၏မာစီဒီးကားထဲသို့ဝင်လိုက်ကြသည်။ ကားရေဒီယိုကိုဖွင့်လိုက်သောအခါ ဂျူနတီကိုကုမ္ပဏီဟူသောအမည်ကိုသတင်းကြေညာသူပြောသံကြားလိုက်သဖြင့် ဂျင်နီကရေဒီယိုကိုအသံမြှင့်လိုက်သည်။

"ယခင် စီအိုင်အေညွှန်ကြားရေးမှူးဖြစ်ခဲ့သူ အထက်လွှတ်တော်အမတ် ဂျင်ပရစ်က လာမည့်နှစ်မှာ သမ္မတမအဖြစ်ဝင်ရောက်အရွေးခံမယ်ဆိုတာနဲ့ပတ်သက်ပြီးယနေ့အတည်ပြုပြောကြားသွားပါတယ်၊ မဲဆွယ်ပွဲအသုံးစရိတ်အတွက် ဂျူနတီကို



ဆေးသုတေသနကုမ္ပဏီလွှဲပြောင်းရောင်းချလိုက်တဲ့အထဲက ဒေါ်လာသန်းပေါင်းများစွာရှိမှု စရာမလိုဘူးလို့ဝေဖန်သူများကဆိုပါတယ်၊ အားကစားသတင်းအနေနဲ့..."

ဂျင်နီ ရေဒီယိုပိတ်လိုက်ပြီး

"အဲဒါနဲ့ပတ်သက်ပြီး ရှင်ဘာယ်လိုထင်သလဲ"

စတီက စိတ်ပျက်သလို ခေါင်းရမ်းရင်း

"တန်ဖိုးက ပိုတက်လာတယ်၊ ဂျူနတီကိုကုမ္ပဏီနဲ့ပတ်သက်တဲ့ အဖြစ်မှန်ကို ကိုယ်တို့ဖော်ထုတ်လိုက်ရင် ကုမ္ပဏီလွှဲပြောင်းယူမယ့်ကိစ္စပျက်သွားပြီးတော့ ဂျင်ပရစ် လည်းမဲဆွယ်ပွဲအတွက်ငွေထည့်နိုင်မှာမဟုတ်တော့ဘူး၊ နောက်ပြီး ဂျင်ပရစ်ဟာ အင်မတန်ယုတ်မာတဲ့ကောင်၊ ဆင်ကြံကြံတတ်တယ်၊ စီအိုင်အေဟောင်းတစ်ယောက်လေ၊ လက်နက်ဖျက်သိမ်းရေးကိုလည်းဆန့်ကျင်ခဲ့တယ်၊ စုံလို့ပဲ၊ မင်းဟာအန္တရာယ်ရှိတဲ့ လူတွေကြားထဲမှာလျှောက်နေရတယ်ဂျင်နီ"

ဂျင်နီက အံကိုကြိတ်လျက်

"ဒါဆိုရင် သူတို့ကိုတိုက်ခိုက်ရတာ ပိုပြီးတန်တာပေါ့၊ ကျွန်မစစ်ရှိနိမ့်မြင့် တော့မယ်စတီ၊တကယ်လို့သာ ဂျင်ပရစ်သမ္မတဖြစ်လာမယ်ဆိုရင် ကျွန်မတို့လိုမိန်းကလေးတွေ ဆံပင်အလှပြုပြင်တဲ့လုပ်ငန်းပဲလုပ်စားရတော့မှာ"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၉)

လူအုပ်စုလေးတစ်ခု တက္ကသိုလ်အုပ်ချုပ်ရေးရုံးအပြင်တွင်ဆန္ဒပြနေကြသည်။ ကျောင်းသားသုံးလေးဆယ်ခန့်ရှိသည်။ အများအားဖြင့် မိန်းမများဖြစ်ပြီး လှေကား ရှေ့တွင်စုဝေးရပ်နေကြ၏။ တိတ်ဆိတ်စွာစည်းကမ်းရှိရှိဆန္ဒပြနေကြခြင်းဖြစ်သည်။ အနီးကိုရောက်တော့ စတီကပိုစတာတစ်ခုကိုဖတ်လိုက်၏။

"ဂျင်နီဖာရာမီကို ပြန်ခန့်ပါ"

ဤသည်မှာ နိမိတ်ကောင်းတစ်ခုထင်၏။ စတီကဂျင်နီအား

"သူတို့က မင်းကိုထောက်ခံနေတာ"

ဂျင်နီက အနီးကပ်ကြည့်လိုက်ပြီး ဝမ်းသာနေမှုဖြင့်မျက်နှာတစ်ခုလုံးဝင်း လက်သွားသည်။ သူမက

"ဟုတ်တယ်၊ ဘုရား ဘုရား ကျွန်မကိုချစ်တဲ့သူတွေရှိပါသေးလား"

အခြားပိုစတာတစ်ခုက

"ဂျုံးဖော့မှာ ဒီလိုလုပ်လို့မရဘူး"

ကျောင်းသားများက ဂျင်နီကိုတွေ့သောအခါ အော်ဟစ်အားပေးကြသည်။ ဂျင်နီကလည်း ပြုံးကာ သူတို့ထံသို့လျှောက်သွား၏။ စတီကသူမအတွက် ဂုဏ်ယူစွာ နောက်ကလိုက်သွားသည်။ မည်သည့်ပါမောက္ခမျှကျောင်းသားတို့၏ ဤသို့ထောက် မှုမျိုးမရရှိကြ။ ဂျင်နီကယောကျ်ားကလေးများကိုလက်ဆွဲနှုတ်ဆက်သည်၊ စတီမှ



ရွှေရောင်ဆံပင်နှင့်ခပ်ချောချောမိန်းကလေးတစ်ယောက် မိမိအားစိုက်ကြည့်နေသည်ကို သတိထားလိုက်မိသည်။ ဂျင်နီက လူအုပ်ထဲမှအသက်ကြီးကြီးအမျိုးသမီးတစ်ဦးကို ဖက်၍ နှုတ်ဆက်ရင်း

"ဆိုဖီရယ်၊ ကျွန်မဘာယ်လိုပြောရမလဲတောင်မသိတော့ဘူး"

"အထဲရောက်ရင်တံကောင်းပါစေကွာ"

ဂျင်နီက ပြုံးရွှင်စွာလူအုပ်ထဲမှခွာပြီးအဆောက်အဦးဆီသို့လျှောက်သွား သည်။ စတီက

"မင်း အလုပ်ပြန်ရသင့်တယ်လို့ သူတို့ထင်နေပုံရတယ်"

"အခုလိုတွေ့လိုက်ရတာ ကျွန်မအတွက်ဘယ်လောက်ဝမ်းသာသလဲဆိုတာ ပြောတောင်မပြတတ်တော့ဘူး၊ အဲဒီအသက်ကြီးကြီးမိန်းမဟာ ဆိုဖီချက်ပဲလ်တဲ့၊ စိတ်ပညာဌာနက ပါမောက္ခတစ်ယောက်ပါ၊ သူကျွန်မကိုမုန်းနေတယ်လို့ထင်နေတာ၊ အခုလိုကျွန်မဘက်ယပ်ဝင်ရပ်ပေးတဲ့အတွက်ယုံတောင်မယုံနိုင်ဘူး"

"ရှေ့တန်းနားက ခပ်ချောချောမိန်းကလေးက ဘယ်သူလဲ"

ဂျင်နီက သူ့အား စူးစမ်းသလိုကြည့်ရင်း

"ရှင် သူ့ကိုမမှတ်မိဘူးလား"

"ကိုယ်သူ့ကိုတစ်ခါမှမမြင်ဖူးဘူး၊ ဒါပေမဲ့သူကကိုယ့်ကိုမျက်လုံးတောင် မခတ်ဘဲ စိုက်ကြည့်နေလိုက်တာ၊ ဪ ဘုရား ဘုရား အဆော်ကားခံရတယ်ဆိုတာ သူထင်တယ်"

"လစ်ဆာလေ"

"ဒါဆိုတော့ ကျွန်တော့်ကိုစိုက်ကြည့်နေတာမဆန်းပါဘူး"

ပြောပြီးသူကပြန်လှည့်ကြည့်မိသည်။ သူမအတော်လှသည်ပဲ။ သွက်သွက် လက်လက်လည်းရှိပုံရသည်။

သို့သော် အနည်းငယ်သေးပြီးဟုတ်နိုင်၏။ ဖိမိ၏အမြွာဖြစ်သူမှာ သူမအား ကြမ်းပေါ်သို့တွန်းလှဲပြီး မတော်တရားပြုကျင့်ခဲ့၏။ စိတ်ထဲတွင် မသတီသလိုဖြစ်သွားရ သည်။ သူမမှာ သာမန်မိန်းမတစ်ယောက်သာဖြစ်သည်။ ယခုတော့ သူမမှာ တစ်သက် လုံးအမှတ်ရသွားမည့်အိပ်မက်ဆိုးကြီးတစ်ခုမက်ခဲ့လေပြီ။

အဆောက်အဦးမှာ ခမ်းနားသည့်တိုက်ဟောင်းကြီးတစ်ခုဖြစ်သည်။ ဂျင်နီက စတီအားခေါ်ကာ ကျောက်လှေကားအတိုင်းတက်သွားသည်။ အပေါ်ရောက်တော့ ထမင်းစားခန်းဟောင်းဟုရေးထားသည့်တံခါးပေါက်မှဝင်လာခဲ့ကြ၏။ အခန်းမှာမှောင် နေပြီး မျက်နှာကျက်မှာလည်းမြင့်မားလှသည်။ မြေထောက်တုတ်တုတ်နှင့် ဝက်သစ်

www.burmeseclassic.com

www.burmeseclassic.com



ချထားစားပွဲကုလားထိုင်များလည်းရှိ၏။မီးလင်းဖို၏ရှေ့နားတွင် စားပွဲရှည်ကြီးတစ်လုံးချထားသည်။

ယောကျ်ားလေးယောက်နှင့်သက်လတ်အရွယ်မိန်းမတစ်ယောက် စားပွဲ၏တစ်ဖက်တွင်ထိုင်နေကြ၏။ အလယ်မှ ထိပ်ပြောင်ပြောင်နှင့်လူကြီးကိုစတီ မှတ်မိလိုက်သည်။ဂျင်နီနှင့်တင်းနစ်ရိုက်ဖက်ဖြစ်သူ ဂျက်ဘာဂျန်ဖြစ်သည်။ ဤသည်မှာ စည်းကမ်းကော်မတီဖြစ်မည်။ဤကော်မတီသည် ဂျင်နီ၏ကံကြမ္မာကို ကိုင်ထားသူများဖြစ်၏။ စတီ အသက်ကိုပြင်းပြင်းတစ်ချက်ရှိုက်လိုက်မိသည်။ စတီက စားပွဲကိုကျော်၍ ဂျက်ဘာဂျန်ကို လက်ဆွဲနှုတ်ဆက်ကာ

"မင်္ဂလာပါဒေါက်တာဘာဂျန်၊ကျွန်တော်ကစတီလိုင်ဂန်ပါ၊ ခုနက ကျွန်တော်တို့တယ်လီဖုန်းနဲ့စကားပြောခဲ့ကြသေးတယ်လေ"

စတီကပြောပြီး စိတ်ကိုတင်းထားလိုက်သည်။နောက်ပြီး ကျန် အဖွဲ့ဝင်များကိုလည်းတစ်ယောက်ချင်းလက်ဆွဲနှုတ်ဆက်လိုက်သည်။

ထိုစားပွဲ၏တစ်ဖက်ထိပ် မလှမ်းမကမ်းတွင် လူနှစ်ယောက်ထိုင်နေကြသည်။ ရေတပ်အပြာရောင်ဝတ်စုံနှင့် ခပ်သေးသေးလူမှာ ဘာရင်တန်ဂျုန်းဖြစ်ပြီး ပြီးခဲ့သည့် တနင်္လာနေ့က သူ့ကိုစတီတွေ့ခဲ့ဖူးသည်။ ခပ်ပိန်ပိန်၊ ဆံပင်နီကြောင်ကြောင်နှင့် အနက်ရောင်ဝတ်စုံဝတ်ထားသူမှာ ဟင်နရီကွင်းဖြစ်သည်။ စတီက သူတို့နှစ်ယောက်နှင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

ကွင်းက အထက်စီးမျက်နှာထားမျိုးနှင့် စတီအား စိုက်ကြည့်ကာ

"မောင်ရင်က ဥပဒေနဲ့ပတ်သက်ပြီး ဘယ်အဆင့်ရှိသလဲ"

စတီက သူ့ကို ပြုံးလျက် အခြားလူများမကြားနိုင်စေရန် အသံတိုးတိုးဖြင့်

"သွားသေလိုက်ပါလား"

ကွင်းမှာ အရိုက်ခံလိုက်ရသည့်ပမာ တစ်ချက်တွန့်သွားသည်။ ဤသည်မှာ မိမိအား နောက်ဆုံးနိမ့်ချဆက်ဆံခြင်းဖြစ်ရမည်ဟု စတီတွက်နေသည်။

ထို့နောက် စတီက ဂျင်နီအတွက် ကုလားထိုင်ပြင်ပေးပြီး နှစ်ယောက်သား ထိုင်လိုက်ကြသည်။ ဂျက်ဘာဂျန်က

"ကဲ စကြရအောင်၊ အခုအမှုတွဲဟာ လုပ်ရိုးလုပ်စဉ်မျိုးမဟုတ်ဘူး၊ ညွှန်ကြားချက်တွေလည်း ရပြီးပြီလို့ထင်ပါတယ်၊ ဒါကြောင့် စည်းမျဉ်းတွေတော့နားလည်မှာပါ။ စွဲချက်တင်တဲ့သူက ဘာရင်တန်ဂျုန်းပါ၊ သူက ဂျင်နီဟာရာမီဟာ ဂျုံးဖော့တက္ကသိုလ်ကို နာမည်ပျက်အောင်လုပ်လို့အလုပ်ဖြုတ်သင့်တယ်လို့တင်ပြလာပါတယ်"

ဂျက်ဘာဂျန်ပြောနေစဉ် စတီက ကျန်အဖွဲ့ဝင်များက သနားကြင်နာစိတ်ပြ



မပြ အကဲခတ်နေ၏။သို့သော် သိပ်အကဲခတ်၍မရ။ အမျိုးသမီးကြီးဖြစ်သော ဂျိန်း အီဒဲဘိုရိုတစ်ယောက်သာ ဂျင်နီအားကြည့်နေသည်။ ဂျင်နီကတော့မကြည့်။ အစက တည်းက လေးယောက်တစ်ယောက်ဖြစ်နေလေပြီ။ ဂျင်နီက စိတ်မကောင်း၊ ဂျက်က

"ဘာရင်တန်ကဲ မစ္စတာကွင်းကိုအကျိုးဆောင်လုပ်ပေးဖို့တင်ပြလာပါတယ်"

ကွင်းက မတ်တပ်ရပ်ကာ လက်ဆွဲအိတ်ကိုဖွင့်လိုက်သည်။ သူ့လက်များမှာ စီးကရက်သောက်လွန်းသဖြင့်ဝါနေသည်ကို စတီတွေ့လိုက်ရ၏။ သူက လက်ဆွဲအိတ်ထဲမှ နယူးယောက်တိုင်းသတင်းစာပါဆောင်းပါးကို မိတ္တူကူးထားသောစာရွက်များ ဆွဲထုတ်ပြီး အခန်းထဲရှိသမျှလူများကို လိုက်ဝေပေးနေသည်။ ထို့ကြောင့် စားပွဲပေါ်တွင် 'ဗီဇသုတေသနနှင့်ကျင့်ဝတ်သိက္ခာ၊ သံသယစိုးရိမ်စိတ်နှင့်ပူညံပူညံ' ဟု ခေါင်းစဉ်ပါ ဆောင်းပါးမိတ္တူများပြန့်ကျဲသွားတော့သည်။ဤသည်မှာ ဂျင်နီ၏ပြဿနာကိုထပ် ချဲ့ပေးလိုက်သလိုရှိသွားသည်။ကွင်း၏စာရွက်များကိုလှမ်းမိုးနိုင်စေရန် မိမိ အခြားသော သတင်းစာဆောင်းပါးမိတ္တူများကူးယူပြီး ဝေလိုက်ရအကောင်းသားဟု စတီတွေး နေမိသည်။

တရားရေးတိုက်ပွဲတွင် ကွင်းကဤသို့ဖြင့်စဖွင့်သည်။ တရားခွင်အတွေ့အကြုံ နှစ်ပေါင်း ၃၀မျှရှိသောသည်လိုလူမျိုးကိုမည်သို့လျှင်ရင်ဆိုင်ရပါမည်နည်း။ မိမိ မနိုင်နိုင်ဟူသောအတွေးဖြင့် စတီစိတ်ဆင်းရဲသွားသည်။

ကွင်းကစတင်လျှောက်လဲသည်။သူ့အသံကပြတ်ပြတ်သားသားရှိ၏။သူက ဖြည်းဖြည်းနှင့် ပီပြင်စွာတင်ပြနေသည်။ကွင်းက စည်းကမ်းကော်မတီဖြစ်ပေါ်လာပုံနှင့် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် စည်းကမ်းကော်မတီ၏အခန်းကဏ္ဍများကို အကျဉ်းချုပ်တင်ပြနေသည်။ နာမည်ဖျက်သည်ဟူသောစကားရပ်ကို သူကအဓိပ္ပာယ်ဖွင့်ဆိုကာ ဂျင်နီ၏အလုပ်ခန့်စာချုပ်မိတ္တူကို သက်သေပြသည်။ ကွင်းပြောနေစဉ် စတီမှာ အနည်းငယ်စိတ်သက်သာရာရလာသည်။ နောက်ဆုံးတွင် သူ၏လျှောက်လွှဲချက်ကို နိဂုံးချုပ်ကာ ဘာရင်တန်အား မေးခွန်းများထုတ်နေသည်။ သူက ဘာရင်တန်အား ကွန်ပျူတာရှာဖွေရေးပရိုဂရမ်ရှိကြောင်းကို မည်သည့်အချိန်ကကြားခဲ့သနည်းဟုစ၍မေးသည်။ ဘာရင်တန်က

"ကျန်ခဲ့တဲ့ တနင်္လာနေ့ညနေကပါ"

ပြီးတော့ သူနှင့်ဂျင်နီတို့စကားပြောကြပုံကိုပါပြောပြနေသည်။ ထိုအကြောင်းကို ဂျင်နီက စတီအားပြောပြပြီးဖြစ်၏။ ဘာရင်တန်ကဆက်၍

"အဲဒီလိုလည်း ကျွန်တော်သိရရော ဒီလိုလုပ်တာတရားမဝင်တဲ့အကြောင်း ကျွန်တော်သူ့ကိုပြောခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်"

ဂျင်နီကအော်ပစ်လိုက်သည်။ ဟင်နရီက သူမကိုဂရုမစိုက်ဘဲ ဘာရင်တန်အားဆက်၍မေးနေပြန်သည်။

"အဲဒီတော့ သူကဘာပြောသလဲ"

"သူအတော်စိတ်ဆိုးသွားတယ်လေ"

"ရှင်လူလိမ်ကြီး"

ဂျင်နီပြောပစ်လိုက်သည်။ ထိုသို့ပြောလိုက်သဖြင့် ဘာရင်တန်မျက်နှာကြီးနီရဲသွား၏။ ဂျက်ဘာဂျန်ကဝင်၍

"ကြားကဖြတ်မပြောပါနဲ့"

စတီက ကော်မတီကိုအကဲခတ်နေသည်။ ကော်မတီဝင်အားလုံး ဂျင်နီအားကြည့်နေကြ၏။ စတီက စိတ်လျှော့လိုက်ဆိုသည့်သဘောဖြင့် ဂျင်နီ၏လက်မောင်းကိုကိုင်လိုက်၏။ သူမက

"သက်သက်ကြီးဖြောင်လိမ်နေတာ"

စတီက အသံတိုးတိုးဖြင့်

"ပြောမှာပေါ့၊ သူ့အနေနဲ့မပြောလို့မှမရတာ"

"ကျွန်မတောင်းပန်ပါတယ်"

"တောင်းပန်မနေနဲ့၊ အဲဒီအတိုင်းဆက်နေ၊ မင်းရဲ့ဒေါသဟာ တကယ်အမှန်အတိုင်းဖြစ်နေတယ်ဆိုတာ ကော်မတီကသိနေတယ်"

ဘာရင်တန်က ဆက်၍

"အဲဒီတုန်းက သူဟာ အခုလိုပဲစိတ်တိုစရာမရှိတိုနေတယ်၊ သူ လုပ်ချင်တာလုပ်မယ်တဲ့၊ သူက စာချုပ်နဲ့လုပ်တာတဲ့"

ကော်မတီထဲမှ တင်နီယဲဘာမ်ဒန်ဟန်က မျက်မှောင်ကြုတ်သွားသည်။ ယခုလိုအယေတန်းပညာရေးဝန်ထမ်းကပါမောက္ခတစ်ယောက်ကို စာချုပ်နှင့်အကြောင်းပြသည်ကို သူကြိုက်ဟန်မတူ။ဘာရင်တန်အတော်ကိုလည်သည်ဟု စတီသဘောပေါက်လိုက်၏။ သူကအမှတ်ကိုရအောင်ယူတတ်သည်။ ထိုအမှတ်ဖြင့်အသာစီးရအောင်လုပ်မည်ဖြစ်၏။ ထို့နောက် ဘာရင်တန်အား

"ဒီတော့ ဆရာကဘာလုပ်သလဲ"

"ဒီကိစ္စဟာမမှန်ဘူးလို့ ကျွန်တော်သဘောပေါက်တယ်လေ၊ ကျွန်တော်က ရှေ့နေတစ်ယောက်မဟုတ်ပါဘူး၊ ဒီတော့ ဥပဒေအကြံပေးတစ်ယောက်ငှားမယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ကျွန်တော်တွေးတဲ့အတိုင်းဖြစ်သွားမယ်ဆိုရင် ကျွန်တော်ကသူ့



ကိုသက်သေအထောက်အထားနဲ့ပြရမှာပေါ့၊ တကယ်လို့သူလုပ်တာမှန်တယ်ဆိုရင်လည်း ထိပ်တိုက်မတွေ့ဘဲလက်လျှော့လိုက်မှာပါ"

"ဒီတော့ ဥပဒေအကြံပေးဆီက အကြံဉာဏ်ယူသလား"

"အခြေအနေက တစ်မျိုးဖြစ်သွားတယ်၊ ကျွန်တော်ရှေ့နေမငှားခင် ဒီပြဿနာကိုနယူးယောက်တိုင်းသတင်းစာကသိသွားတယ်လေ"

ဂျင်နီကတိုးတိုးကလေးဖြင့်

"အလကား ပေါက်ကရတွေ"

"အဲဒီအတိုင်းသေချာရဲ့လား"

စတီက သူမအားမေးသည်။

"သိပ်သေချာတာပေါ့"

သူက ဤသည်ကို ရေးမှတ်ထားလိုက်သည်။ ကွင်းက ဘာရင်တန်အား

"ဗုဒ္ဓဟူးနေ့က ဘာတွေဖြစ်သလဲဆိုတာ ပြောပြပါလား"

"ကျွန်တော်စိုးရိမ်တဲ့အတိုင်း ဖြစ်လာပါတယ်၊ တက္ကသိုလ်အစီမံတီမောရစ်အိုဘဲလ်က ကျွန်တော့်ကိုခေါ်ပြီး ကျွန်တော်ဌာနက သုတေသနအကြောင်းကို သူကရှင်းနိုင်းတယ်၊ ပြီးတော့ အဲဒီဆွေးနွေးချက်အပေါ်မှာမူတည်ပြီး သတင်းစာရှင်းလင်းချက်စာတစ်စောင်ကိုအကြမ်းရေးတယ်၊ ပြီးတော့ ဒေါက်တာဂျင်နီဖာရာမီကိုခေါ်တွေ့တယ်"

"ဖြစ်မှဖြစ်ရလေ"

ဂျင်နီ တီးတိုးရေရွတ်နေသည်။ ဘာရင်တန်က ဆက်၍

"သတင်းစာရှင်းလင်းချက်ကိစ္စနဲ့ပတ်သက်ပြီး သူက အရှင်းလင်းမခံဘူး၊ နောက်ပြီးအကြီးအကျယ်ဒေါသဖြစ်သွားပြန်တယ်၊ အဲဒီနောက်ဆောင့်ဆောင့်အောင့်အောင့်နဲ့အခန်းထဲကထွက်သွားတယ်"

စတီက ဂျင်နီအား မေးခွန်းထုတ်သလိုကြည့်လိုက်သည်။ သူမက လေသံတိုးတိုးဖြင့်

"အတော်ပိရိတဲ့မုသားပဲ၊ သူကျွန်မကိုသတင်းစာရှင်းလင်းချက်ပြတော့ အချောရေးပြီးသားသဘောမျိုးပြတာပါ"

စတီက ခေါင်းညိတ်လိုက်၏။ အပြန်အလှန်မေးခွန်းထုတ်သည့်အခါ ထိုအချက်ကိုထည့်မမေးဟုတွက်ထားလိုက်၏။ ဂျင်နီဆောင့်အောင့်ပြီးထွက်သွားသည့်မျိုးမလုပ်နိုင်ဟုကော်မတီက တွက်နိုင်ပေသည်။ ဘာရင်တန်က ဆက်၍

"သတင်းထောက်အမျိုးသမီးက အဲဒီနေ့၁၂နာရီမှာနောက်ဆုံးအကြောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com



ပေးပါလို့ပြောတယ်၊ ဒေါက်တာအိုဘဲလ်ကတက္ကသိုလ်အနေနဲ့ တစ်ခုခုဆုံးဖြတ်ပြီး အကြောင်းပြန်သင့်တယ်လို့ထင်တယ်၊ ကျွန်တော်လည်း သူပြောတာကိုလုံးဝလက်ခံတယ်"

"အဲဒီတော့ ခင်ဗျားတို့ရဲ့ကြေညာချက်ဟာ ခင်ဗျားမျှော်လင့်သလိုဖြစ်လာရဲ့လား"

"ဟင့်အင်း၊ လုံးဝမဖြစ်ခဲ့ပါဘူး၊ ဒီလိုဖြစ်ရတာ ဒေါက်တာဂျင်နီဖာရာမီလုပ်လို့ပါ၊သူက သတင်းထောက်အမျိုးသမီးကို ကျွန်တော်တို့စကားကို သူနားထောင်မှာမဟုတ်တဲ့အကြောင်းနဲ့သူ့ကိုကျွန်တော်တို့က ဒီလိုတားဆီးခွင့်မရှိတဲ့အကြောင်းပြောလိုက်လို့ပါ"

"တက္ကသိုလ်ပြင်ပကလူတွေထဲကရော ဒီအကြောင်းနဲ့ပတ်သက်ပြီး ဝေဖန်တာတွေရှိသလား"

"ရှိပါတယ်"

ထိုစကားကြောင့် စတီတစ်စုံတစ်ခုသတိရသွားပြီးရေးမှတ်ထားလိုက်သည်။

"ကျွန်တော့်ဆီကို ပရက်စတန်ဘတ်ဖုန်းဆက်ပါတယ်၊ သူက ဂျူနတီကိုကုမ္ပဏီရဲ့ဥက္ကဋ္ဌပါ၊ ဂျူနတီကိုကုမ္ပဏီဆိုတာကလည်းတက္ကသိုလ်ကို ငွေထောက်ပံ့ပေးပြီး အမြှာပူးသုတေသနအတွက်ငွေကြေးကျခံနေတဲ့ကုမ္ပဏီပါ၊ သူကလည်း သူ့ငွေတွေသုံးစွဲပုံသုံးစွဲနည်းနဲ့ပတ်သက်ပြီး စိုးရိမ်တာပေါ့၊ သတင်းဆောင်းပါးထဲမှာ ရေးထားပုံအရတက္ကသိုလ်အာဏာပိုင်တွေဟာ ညံ့ဖျင်းတဲ့သဘောသက်ရောက်နေတယ်၊ ပရက်စတန်က တက္ကသိုလ်မှာကိုင်တွယ်နေတာ ဘယ်သူလဲလို့မေးပါတယ်၊ ဒီလိုမေးခံရတာ အင်မတန် ရှက်ဖို့ကောင်းပါတယ်"

"ခင်ဗျားအဓိကစိုးရိမ်တာဟာ ဒီကိစ္စလား၊ တက္ကသိုလ်ရဲ့အငယ်တန်းအရာရှိတစ်ယောက်က အာခံတဲ့အတွက်ရှက်တဲ့သဘောလား"

"ဒီလိုမဟုတ်ပါဘူး၊ အဓိကပြဿနာက ဒေါက်တာဂျင်နီဖာရာမီရဲ့လုပ်ရပ်ကြောင့် ဂျူးဓာတက္ကသိုလ်ပျက်စီးသွားနိုင်တဲ့သဘောကြောင့်ပါ"

ပါးနပ်လှချည်ရဲ့ဟု စတီစိတ်ထဲမှတွေးနေမိသည်။တက္ကသိုလ်လက်ထောက်ပါမောက္ခတစ်ယောက်က အထက်လူကြီးအား အာခံသည်ကိုတော့ ကော်မတီဝင်များကြိုက်ကြမည်မဟုတ်။ ဘာရင်တန်ကကော်မတီအား သူ့ဘက်ပါအောင်ဆွဲနေလေသည်။ ကွင်းကလည်းတက္ကသိုလ်က အငယ်တန်းဝန်ထမ်းတစ်ဦးအားအလုပ်ထုတ်ပစ်ခြင်းသည် ထိုပုဂ္ဂိုလ်အား အပြစ်ပေးသည့်သဘောသက်သက်မကတော့ဘဲ တက္ကသိုလ်အား အဖတ်ဆယ်သလိုလည်းကျသည်ဟု သဘောသက်ရောက်သွားအောင်လုပ်နေ



သည်။ ဘာရင်တန်က

"တက္ကသိုလ်ဆိုတာ အများပြည်သူရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကိုလေးစားရမယ်၊အလှူရှင်တွေကလည်း ကျွန်တော်တို့ကိုငွေတွေလှူနေကြတယ်၊ တက္ကသိုလ်ဆိုတာလေးစားလောက်တဲ့ပညာသင်ကြားရေးဌာနဖြစ်လို့ ကျောင်းသားတွေကလည်း အလုအယက်ကြိုးစားနေကြရတယ်၊ တကယ်လို့ကျွန်တော်တို့ဟာ ပြည်သူ့အခွင့်အရေးတွေကိုကာကွယ်မယ်လုပ်မယ်ဆိုရင် ဘယ်ကောင်းနိုင်တော့မလဲ"

ဤသည်မှာ ကော်မတီဝင်လူကြီးများလက်ခံချင်လာအောင်ဆွဲပြောနေခြင်းဖြစ်သည်။ စတီကယင်းကိုထောက်ခံသည့်သဘောခေါင်းတညိတ်ညိတ်လုပ်နေ၏။ ဤသည်ကို အများလည်းအကဲခတ်မိကြပေလိမ့်မည်။သို့ဆိုလျှင် ထိုအချက်ကို အဓိကပြဿနာအဖြစ် မြင်ကြသည်မဟုတ်။ ထို့နောက် ကွင်းကဘာရင်တန်အား

"ဒီလိုဆိုတော့ ဒီနေရာမှာ ဖြေရှင်းစရာဘယ်လမ်းတွေ့သလဲ"

"တစ်ခုတည်းပဲရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ လူတွေရဲ့အတွင်းရေးတွေကိုစပ်စုတာမျိုးလက်မခံတဲ့သဘောပြရမယ်၊ နောက်ပြီး ကျွန်တော်တို့ရဲ့စည်းမျဉ်း၊ စည်းကမ်းတွေကို တိတိကျကျလိုက်နာအောင် တင်းတင်းကျပ်ကျပ်လုပ်နိုင်တဲ့အာဏာမျိုးရှိတဲ့အကြောင်းလည်းပြရမယ်၊ဒီလိုလုပ်ဖို့ဆိုတာက ဒေါက်တာဂျင်နီဖာရာမီကို အလုပ်ထုတ်ပစ်ရုံကလွဲပြီးဘာမှမရှိပါဘူး"

"ကျေးဇူးပါပဲ ပါမောက္ခကြီးခင်ဗျာ"

ပြောကာ ကွင်းထိုင်ချလိုက်သည်။ စတီ စိတ်လေးသွားရ၏။ ကွင်းမှာ ထင်သည့်အတိုင်းကျွမ်းကျင်ပိုင်နိုင်လှပေသည်။ ဘာရင်တန်ကလည်း အံ့သြလောက်၏။ သူသည် စိတ်ဆတ်သောမိမိ၏လက်အောက်ငယ်သားတစ်ယောက်နှင့် ဆက်ဆံရာတွင် ခြေခြေမြစ်မြစ်နှင့် လူသားဆန်စွာအကောင်းဆုံးဆောင်ရွက်ခဲ့ကြောင်း ပေါ်လွင်အောင် တင်ပြသွားပေသည်။ ဤသည်မှာ အဖြစ်မှန်နှင့်လည်းနီးစပ်၏။ ဂျင်နီမှာ စိတ်ဆတ်သူတစ်ယောက်ဖြစ်သည်။

သို့ရာတွင် သူတင်ပြသွားသည်မှာ အမှန်တော့မဟုတ်။ စတီအနေနှင့် ဂျင်နီဘက်က မှန်ကန်ကြောင်းသက်သေပြဖို့လိုသည်။ ဂျက်ဘာဂျန်က

"မေးစရာရှိသေးလား မစ္စတာစတီလိုဂန်"

"ရှိပါတယ်ခင်ဗျား"

စတီက ပြောကာစကားကိုခေတ္တရပ်လိုက်ပြီး အတွေးများကိုစုစည်းလိုက်သည်။

မိမိမှာ တကယ့်တရားရုံးအတွင်းသို့ရောက်နေခြင်းမဟုတ်၊ မိမိကလည်း

www.burmeseclassic.com



ရှေ့နေအစစ်တစ်ယောက်မဟုတ်သေး။ သို့ရာတွင် ဩဇာအာဏာကြီးမားသောဌာနကြီးတစ်ခုက နှိပ်ကွပ်ထားသည့်အာဏာမဲ့လက်အောက်ခံဝန်ထမ်းတစ်ယောက်ဘက်မှ တာကွယ်ပေးနေရခြင်းဖြစ်သည်။ အခြေအနေကတော့ မိမိဘက်ကတစ်ပန်းရှုံးနေလေပြီ။ သို့ရာတွင် မိမိဘက်၌အမှန်တရားရှိ၏။ ဤအခြေအနေမျိုးကို မိမိကိုအမြဲတမ်းတခဲ့သည်။

စတီက မတ်တပ်ရပ်ပြီး ဘာရင်တန်အား စူးစူးရဲရဲကြည့်လိုက်သည်။ အကယ်၍ ဂျင်နီပြောသည့်အတိုင်းမှန်လျှင် ယခုလိုအခြေအနေမျိုးတွင် ထိုလူကြီး တစ်စုံတစ်ရာခံစားနေရမည်မှာ အမှန်ပင်။ စတီက ဘာရင်တန်၏ဇာတိရုပ်ကိုဆွဲပေးပြီးမှ လိုအပ်သည့်အချက်အလက်များကို လျှောက်လွှဲရန်စိတ်ကူးလိုက်သည်။ စတီက

"ပါမောက္ခကြီးကျွန်တော့်ကိုသိပါတယ်နော်"

ဘာရှင်တန်မှာ ပျာပျာသလဲဖြစ်သွားပြီး

"ဩော် ခင်ဗျားနဲ့ကျွန်တော်တနင်္လာနေ့က တွေ့လိုက်တယ်ထင်တယ်"

"ကျွန်တော့်အကြောင်းတွေအားလုံးကိုလည်း ခင်ဗျားသိထားတယ်မဟုတ်လား"

"ကျုပ် သိပ်သဘောမပေါက်ဘူး"

"ခင်ဗျားတို့ရဲ့ဓာတ်ခွဲခန်းမှာ ကျွန်တော်တစ်နေ့လုံးစမ်းသပ်ခံခဲ့ရတယ်လေ၊ အဲဒီတော့ ကျွန်တော်နဲ့ပတ်သက်တဲ့အကြောင်းတွေ ခင်ဗျားအများကြီးသိထားမှာပေါ့"

"ခင်ဗျားဆိုလိုတာကို ကျွန်တော်သဘောပေါက်ပါပြီ၊ ဟုတ်ပါတယ်၊ သိပါတယ်"

ဘာရင်တန် ကျွန်ရွှေမရဖြစ်နေသည်မှာ ထင်ရှားပေသည်။

စတီက ဂျင်နီ၏ကုလားထိုင်နောက်မှာ သွားရပ်လိုက်သည်။ ထို့ကြောင့်သူမအားအားလုံးကမြင်နေရပေသည်။ မိမိအားစိုက်ကြည့်နေသည်ကို မကြောက်မရွံ့ပြန်ကြည့်ရဲသူအား အပြစ်ရှိသည်ဟုတွက်ရန်ခက်သည်။ စတီက ဆက်၍

"ပါမောက္ခကြီးခင်ဗျား၊ ဆရာရဲ့ပထမစွဲချက်ကိုစပြီးဆွေးနွေးပါမယ်၊ တနင်္လာနေ့ကဆရာဟာ ဒေါက်တာဂျင်နီဖာရာမီနဲ့စကားပြောအပြီး ဥပဒေအကြံပေးဌာနကို စိတ်ကူးခဲ့တယ်လို့ဆိုပါတယ်"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ ဆရာဘယ်ရှေ့နေကိုမှသွားမတွေ့ဘူးမဟုတ်လား"

"မတွေ့ပါဘူး၊ တွေ့ဖို့မလိုအောင်ဖြစ်သွားလို့ပါ"

"ဆရာရှေ့နေတစ်ယောက်ယောက်နဲ့တွေ့ဖို့ အချိန်းအချက်လုပ်တာလည်း



မရှိဘူးနော်"

"အချိန်မရှိ"

"ဆရာဒေါက်တာဂျင်နီဖာရာမီနဲ့စကားပြောတဲ့အချိန်ရယ်၊ ဒေါက်တာအိုဘဲလ်ရဲ့နယူးယောက်တိုင်းသတင်းစာထဲက ဆောင်းပါးအကြောင်းဆွေးနွေးတဲ့အချိန်ကြားမှာ ၂ရက်ခြားတယ်၊ အဲဒီကြားထဲမှာဆရာရဲ့အတွင်းရေးမှူးမိန်းကလေးကို ရှေ့နေတစ်ယောက်နဲ့အချိန်းအချက်လုပ်ပေးဖို့မှာတာလည်းမရှိခဲ့ဘူး"

"မရှိပါဘူး"

"ဘယ်ရှေ့နေနဲ့သင့်တော်မလဲလို့ ကိုယ်လုပ်ဖော်ကိုင်ဖက်ထဲ လျှောက်စုံစမ်းတာမျိုးရော မရှိဘူးပေါ့"

"မရှိပါဘူး"

"ဒါဆိုရင် ဆရာအခုလိုပြောတာမရိုးသားတဲ့သဘောပေါ့"

ဘာရင်တန်က ပြုံးလျက်

"ကျုပ်ဟာ အင်မတန်ရိုးသားတဲ့သူတစ်ယောက်ရယ်လို့ လူတိုင်းသိနေတာပဲ"

"ဒေါက်တာဂျင်နီဖာရာမီဟာ အဲဒီလိုပြောဆိုခဲ့တာတွေနဲ့ပတ်သက်ပြီး ကောင်းကောင်းမှတ်မိနေပါတယ်"

"ကောင်းပါတယ်"

"သူ့အပြောအရ ဆရာဟာ ဥပဒေဆိုင်ရာပြဿနာနဲ့ပတ်သက်လို့ရော အများရဲ့ကိုယ်ရေးကိုယ်တာနဲ့ပတ်သက်လို့ရော ပူပန်တယ်ဆိုတာရောလုံးဝမပြောခဲ့ဘူးတဲ့၊ ဆရာအဓိကပူပန်တာက ကွန်ပျူတာရှာဖွေရေးပရိုဂရမ်နဲ့ပတ်သက်လို့တဲ့"

"သူမေ့နေလို့ဖြစ်ပါလိမ့်မယ်"

"ဆရာမေ့နေတာလည်းဖြစ်နိုင်ပါတယ်"

ဤအချက်တွင် မိမိအသာရသွားသည်ဟုသဘောပေါက်ကာ စတီက နည်းဗျူဟာတစ်ခုပြောင်းလျက်

"နယူးယောက်တိုင်းသတင်းထောက်နာအိုမီကဒေါက်တာဖာရာမီရဲ့လုပ်ငန်းနဲ့ပတ်သက်ပြီး သူဘယ်လိုသိရတယ်ဆိုတာရော၊ ပြောသေးလား၊"

"ပြောသလား၊ မပြောသလားတော့မသိဘူး။ ဒေါက်တာအိုဘဲလ်ကတော့ ကျွန်တော့်ကို ပြောမပြခဲ့ဘူး"

"ဆရာကလည်း မေးမကြည့်ဘူးလား"

"မေးမကြည့်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသတင်းထောက်သိသွားတာကို ဆရာ့အနေနဲ့မအံ့သြဘူးလား"

"သတင်းထောက်တွေမှာ သူတို့ကို သတင်းပေးမယ့်နေရာရှိတတ်တယ်လို့ ကျုပ်ယူဆပါတယ်"

"ဒေါက်တာဂျင်နီဖာရာမီဟာ ဒီကိစ္စကိုလူသိရှင်ကြားကြေညာထားတာ မဟုတ်တဲ့အတွက် အဲဒီသတင်းထွက်နေတဲ့နေရာဟာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဆီကပဲဖြစ်ရမယ်"

ဘာရင်တန်ကတွေဝေလျက် ကွင်းအားအကူအညီတောင်းသည့် သဘော လှမ်းကြည့်သည်။ ကွင်းက ထမတ်တပ်ရပ်ပြီးဂျက်ဘာဂျန်ဘက်လှည့်ကာ

"ဆရာမျက်မြင်သက်သေအနေနဲ့ အပူအဆသဘောထားမျိုးတွေတင်ပြခွင့် မရှိပါဘူး"

ဘာဂျန်က ခေါင်းညိတ်သည်။ စတီက ဆက်၍

"ဒါဟာ တကယ့် တရားရေးဆိုင်ရာကြားနာမှုမျိုးမဟုတ်ပါဘူး၊ ဒါကြောင့်မို့ တရားရုံးထဲမှာလို တင်းကျပ်တဲ့လုပ်ထုံးလုပ်နည်းတွေနဲ့ချုပ်နှောင်ထားဖို့မလိုပါဘူး"

ဂျိန်းအိုးဒဲဘိုရိုက ပထမဆုံးအကြိမ်စ၍ပြောသည်။

"ဒီမေးခွန်းကအတော်ကလေးစိတ်ဝင်စားဖို့ကောင်းတယ်၊ ကျွန်မ စိတ်ဝင်စားတယ်ဂျက်"

ဘာရင်တန်ကသူမအား မျက်ထောင့်နီနှင့်တစ်ချက်လှမ်းကြည့်သည်။ ဂျိန်းကလည်းတောင်းပန်သည့်သဘောမသိမသာပခုံးတွန့်ပြလိုက်၏။ နှစ်ကိုယ်ကြားနားလည်မှုသဘောမျိုးဖြစ်သည်။သူတို့နှစ်ဦးကြား မည်သည့်ဆက်ဆံရေးမျိုးရှိနေကြပါလိမ့်။

ဂျက်ဘာဂျန်က ဂျိန်း၏အဆိုကိုအခြားကော်မတီဝင်ထဲမှ ကန့်ကွက်မည့်သူရှိလိုရှိငြား စောင့်ကြည့်နေသည်။ မရှိတော့မှ သူက

"ကောင်းပြီလေ၊ ဆက်ပြောပါ မစ္စတာလိုဂန်"

လုပ်ထုံးလုပ်နည်းဆိုင်ရာ ပထမဆုံးအငြင်းပွားမှုတွင် မိမိနိုင်လိုက်သည့်အတွက် စတီယုံပင်မယုံနိုင်ခဲ့။ ပါမောက္ခများသည်ရှေ့နေကောင်းတစ်ယောက်က မည်သည့်မေးခွန်းမျိုးမှတရားဝင်သည်ဟု လမ်းညွှန်မှုမျိုးကိုကြိုက်ကြဟန်မရှိ။ စိတ်လှုပ်ရှားမှုကြောင့် စတီလည်ချောင်းတွေခြောက်လာသည်။ သူက သောက်ရေချိုင့်ထဲမှ ရေကိုဖန်ခွက်ထဲသို့ တုန်ရင်သော လက်များဖြင့်ထည့်လိုက်၏။

သူက ရေကို တစ်ကျိုက်သောက်လိုက်ပြီး ဘာရင်တန်ဘက်သို့ လှည့်ကာ

"မစ္စနာအိုမီဟာ ဒေါက်တာဂျင်နီဖာရာမီရဲ့လုပ်ငန်းကို သာမန်သိသင့်တာထက် ပိုသိနေတယ်၊ ဟုတ်တယ်မဟုတ်လား"



"ဟုတ်ပါတယ်"

"ဒေါက်တာဂျင်နီဖာရာမီဟာ တစ်နေရာစီမှာ ကြီးပြင်းခဲ့ကြရတဲ့ အမြွှာတွေကို ကွန်ပျူတာအချက်အလက်တွေထဲကနေရှာဖွေနေတယ်ဆိုတာ မစ္စတာနာအိုမီ သိနေတယ်၊ အဲဒီလိုရှာဖွေတဲ့နည်းကို ဆရာနဲ့စိတ်ပညာဌာနကတခြား လုပ်ဖော်ကိုင်ဖက် နည်းနည်းလောက်ပဲသိကြတယ်"

"ဆိုပါတော့"

"ဒီလိုဆိုတော့ အဲဒီသတင်းဟာဌာနတွင်းက ပဲပေါက်ကြားသွားတာဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား"

"ဖြစ်နိုင်ပါတယ်"

"ဒီလိုဆိုတော့ အဲဒီလုပ်ဖော်ကိုင်ဖက်ဟာ ဒေါက်တာဂျင်နီဖာရာမီရဲ့လုပ်ငန်းကို ဘာကြောင့်များဖျက်လိုဖျက်ဆီးလုပ်ချင်တာလဲ"

"အဲဒါတော့ ကျုပ်လည်းမပြောတတ်ဘူး"

"ဒါဟာယုတ်မာတဲ့သဘောမလို့တမာဖြစ်တဲ့သဘောပြိုင်ဆိုင်တဲ့သဘော လို့ပြောနိုင်တယ်မဟုတ်လား"

"ဖြစ်နိုင်ပါတယ်"

စတီက ကျေနပ်ဟန်ခေါင်းညိတ်လိုက်သည်။ မိမိလိုချင်သည့်အတိုင်း ပုံဖော်နိုင်သည်ဟုလည်း တွက်လိုက်မိသည်။ မိမိနိုင်မည်ဟုလည်းယူဆမိသည်။

အိပ်အားရမနေသင့်သေး။ အမှတ်ကလေးရရုံဖြင့် အမှုတစ်ခုလုံးနိုင်သည့်သဘောမျိုးမဟုတ်သေး။ သူက ဆက်၍

"ဆရာစွပ်စွဲတဲ့ ဒုတိယအချက်နဲ့ပတ်သက်ပြီး မေးချင်ပါတယ်၊ မစ္စတာဘွန်းဆရာ့ကိုမေးတုန်းက သတင်းစာထဲကသတင်းနဲ့ပတ်သက်ပြီးအပြင်က ပေဖန်တဲ့သူတွေရှိသလားလို့မေးတော့ ဆရာကရှိတယ်လို့ပြောခဲ့ပါတယ်၊ ဒီအဖြေကို ဆရာကလက်ခံထားဆဲပဲလား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ပရက်စတန်တတ်ဆီက ဖုန်းအပြင် ဘယ်အလှူရှင်တွေဆီကရော ဖုန်းလာသေးလဲ"

"အင်း ဟပ်အဗရာဟမ်ဆီကလည်း--"

ဤသည်မှာ ပြီးလိုက်ခြင်းဖြစ်သည်ဟု စတီတွက်လိုက်သည်။ ထို့ကြောင့် သူက

"ခွင့်လွှတ်ပါဆရာ၊ ကျွန်တော်ဖြတ်ပြောပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ဘာရင်တန် အံ့အားသင့်သလို ကြည့်နေသည်။ သို့သော်သူက ဆက်မပြော။

"ဟပ်ဗရာဟမ်က ဆရာဆီဆက်တာလား၊ ဆရာက သူ့ဆီဆက်တာလား"

"ဪ ကျွန်တော်ကသူ့ဆီကိုဆက်တာပါ"

"အဲဒီလိုဆိုရင် နယူးယောက်တိုင်းသတင်းစာထဲကသတင်းဆောင်းပါးနဲ့ ပတ်သက်ပြီး စိုးရိမ်လို့ဆက်တဲ့အလှူရှင်ဘယ်နှယောက်များရှိသလဲ"

ဘာရင်တန် ကြောင်သွားသည်။ ပြီးမှ

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဆက်တဲ့လူတွေ ဘယ်နှစ်ဦးရှိတယ်ဆိုတာ အတိအကျမပြောနိုင်ဘူး"

"ဆရာတို့တက္ကသိုလ်ကိုတက်မယ့်ကျောင်းသားတွေထဲကရော ဘယ်နှယောက်များဆက်သလဲ"

"မရှိပါဘူး"

"ဒီဆောင်းပါးနဲ့ပတ်သက်ပြီး တခြားလူတွေထဲကရောဆက်တဲ့လူရှိသလား"

"မရှိဘူးထင်တယ်"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ရေးလိုက်တဲ့စာတွေရောရှိသလား"

"မရှိပါဘူး"

"ဒါဆိုရင်တော့ ဒီကိစ္စဟာကြီးကျယ်တဲ့ပြဿနာတစ်ခုမဟုတ်ဘူးလို့ထင်ပါတယ်"

"ဒီလိုကောက်ချက်ဆွဲလို့တော့ မရဘူးထင်တယ်"

ဤသည်မှာအားပျော့သောတုန့်ပြန်မှုဖြစ်သည်။ စတီက ဤအချက်ကို သိသာရန်စကားကိုရပ်ထားလိုက်၏။ ဘာရင်တန်ရှက်နေပုံရသည်။ ကော်မတီအဖွဲ့ဝင်များမှာဆုံးဖြတ်ချက်များကိုအသေးစိတ်နားထောင်ကာ စိတ်ဝင်စားနေပုံရ၏။ ဂျင်နီကိုကြည့်လိုက်တော့ သူမမျက်နှာကအားရဟန်ဝမ်းသာနေသည်။ စတီက ဆက်၍

"ဂျနတီကိုကုမ္ပဏီဥက္ကဋ္ဌ ပရက်တန်ဘတ်ဆီကလာတဲ့ဖုန်းနဲ့ပတ်သက်ပြီး ပြောကြရအောင်၊ သူက သူလှူထားတဲ့ငွေတွေနဲ့ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်နေတယ်လို့ ဆရာပြောသွားတယ်၊ သူစိုးရိမ်တာ အဲဒါထက်မကဘူးမဟုတ်လား၊ ဆရာနဲ့သူ ဘယ်တုန်းက တွေ့ခဲ့တာလဲ"

"ကျန်ခဲ့တဲ့နှစ်လေးဆယ်လောက် ကျုပ် ဟားဗတ်တက္ကသိုလ်မှာ ရှိတုန်းက တွေ့တာပါ"

"ဒါဆိုရင် သူဟာ ဆရာ့ရဲ့မိတ်ဆွေဟောင်းတစ်ယောက်ပေါ့"

"ဟုတ်ပါတယ်"



"ဆရာတို့ကုမ္ပဏီကို ဂျာမန်ဆေးဝါးကုမ္ပဏီစုကြီးက လွှဲယူတော့မယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီလိုလွှဲယူလိုက်တဲ့အခါ မစ္စတာဘတ်အနေနဲ့ငွေတွေအတော်များများ ရလိုက်မှာပေါ့"

"ဒါပေါ့"

"ဘယ်လောက်များပါလဲ"

"ဒါက အတွင်းရေးကိစ္စပါ"

စတီက ထိုငွေကြေးကိစ္စကို ဆက်မမေးတော့၊ ထိုငွေအရေးအတွက်ကို မပြောချင်သည်ကပင် လုံလောက်နေပြီ။

"ဆရာ့ရဲ့မိတ်ဆွေတစ်ယောက်မှာလည်း ထိခိုက်သွားနိုင်တယ်၊ လွှတ်တော်အမတ်ဂျင်ပရစ်လေ၊ ဒီနေ့ဖတ်ခဲ့ရတဲ့သတင်းအရအခုလို ကုမ္ပဏီလွှဲပြောင်းလို့ရတဲ့ငွေတွေကို သူ့ရဲ့သမ္မတမဲဆွယ်ပွဲမှာသုံးမယ်လို့ သိရတယ်"

"ဒီနေ့မနက် ကျုပ်သတင်းစာမဖတ်ခဲ့ရသေးဘူး"

"ဂျင်ပရစ်ဟာ ဆရာ့ရဲ့မိတ်ဆွေမဟုတ်လား၊ သူ သမ္မတအရွေးခံဖို့စဉ်းစားနေတယ်ဆိုတာ ဆရာသိမှာပေါ့"

"သူ ဒီလိုစဉ်းစားနေတယ်ဆိုတာ လူတိုင်းအသိပဲ"

"အခုလိုလွှဲပြောင်းယူလိုက်တဲ့အခါမှာ ဆရာ့အတွက်ရော့ပိုက်ဆံရမှာလား"

"ဟုတ်တယ်"

စတီက ဂျင်နီ့အနားမှခွာပြီး ဘာရင်တန်အနီးသို့ လျှောက်သွားသည်။ သို့မှသာ အားလုံးက ဘာရင်တန်အား အာရုံစိုက်ကြည့်နိုင်မည်ဖြစ်၏။

"ဒါဆိုတော့ ဆရာက အစုရှယ်ယာဝင်ပဲ၊ အကြံပေးသက်သက်မှမဟုတ်ဘဲ"

"အဲဒီနှစ်ခုစလုံးလို့ ပြောလို့ရပါတယ်"

"ဆရာ့အနေနဲ့ အခုလိုကုမ္ပဏီလွှဲပြောင်းယူလိုက်တဲ့အခါ ပိုက်ဆံဘယ်လောက်ရနိုင်မလဲ"

"ဒါကျုပ်ရဲ့ကိုယ်ရေးကိုယ်တာပါ"

ဒီတစ်ကြိမ်တွင်တော့ စတီအလျှော့မပေး။

"ဝေါစတြီဂျာနယ်ထဲမှာပါတဲ့ သတင်းအရတော့ရမယ့်ငွေဟာ ဒေါ်လာသန်း ၁၈၀ လို့သိရပါတယ်"

"ဟုတ်ပါတယ်"

"ဒေါ်လာ သန်း ၁ [illegible] ၄ပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူကစကားကိုရပ်ထားသဖြင့် အတန်ကြာအောင်တိတ်ဆိတ်ငြိမ်သက်နေသည်။ ဤဌေမှာ ပါမောက္ခတစ်ယောက်အတွက်မည်သို့မျှ မမြင်ဖူးနိုင်သောဌေဖြစ်မည်။ ထိုအချက်ကြောင့် ကော်မတီဝင်များက ဘာရင်တန်သည် မိမိတို့နှင့်ဘဝတူမဟုတ်ဟု အမြင်ရောက်သွားစေမည်။

"ဒီဒေါ်လာ သန်း ၁၈ဝကိုရမယ့်အထဲမှာ ဆရာလည်းပါတယ်ပေါ့"

ဘာရင်တန်က ခေါင်းညိတ်သည်။

"ဒါဆိုရင် နယူးယောက်တိုင်းသတင်းစာထဲက သတင်းခေါင်းပါးနဲ့ပတ်သက်ပြီး ဆရာအတော်စိတ်ပူမှာပေါ့၊ ဆရာ့ရဲ့မိတ်ဆွေပရက်စတန်ဘတ်က ဒီကုမ္ပဏီကိုရောင်းပစ်မှာ၊ ဆရာ့ရဲ့မိတ်ဆွေဂျင်ပရစ်ကလည်း သမ္မတဝင်အရွေးခံမှာ၊ ဆရာ့အနေနဲ့လည်းချမ်းသာသွားတော့မှာပေါ့၊ ဒါဆိုရင် ဒေါက်တာဂျင်နီဖာရာမီကို အလုပ်ထုတ်ပစ်တဲ့ကိစ္စမှာ ဂျူးဖောတဏ္ဍသိုလ်နာမည်ပျက်မည့်ကိစ္စသက်သက်ပဲလား၊ တခြားကိစ္စအတွက်ရောစိတ်ပူတာမဟုတ်ဘူးလား၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဆရာရယ် ဆရာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားတယ်မဟုတ်လား"

"ကျုပ်အနေနဲ့..."

"သတင်းစာထဲကကြောက်စရာကောင်းတဲ့သတင်းကို ဆရာဖတ်လိုက်ရတဲ့ အခါကုမ္ပဏီဆုံးရှုံးရမယ့်ကိစ္စပျက်သွားနိုင်တယ်ဆိုပြီး ဆရာကမန်းကတန်းလုပ်လိုက်တာမဟုတ်လား၊ နယူးယောက်တိုင်းသတင်းစာက ဆရာ့ကိုခြိမ်းခြောက်လိုက်တဲ့ သဘောဖြစ်အောင်လုပ်လိုက်တာလေ"

"နယူးယောက်တိုင်းသတင်းစာခေါင်းပါးကြောင့် ကျုပ်ကြောက်သွားရဲ့ တင်မဟုတ်ဘူးခေါင်းရင်၊ ကျုပ်ကမြန်မြန်ဆန်ဆန်ဆုံးဖြတ်ပြီး လုပ်လိုက်တာ၊ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ကမန်းကတန်းလုပ်လိုက်တာမဟုတ်ဘူး"

"ဒီသတင်းဘယ်ကထွက်တယ်ဆိုတာ ဆရာဖော်ထုတ်ဖို့မကြိုးစားခဲ့ပါဘူး"

"ဟုတ်တယ်"

"အခုလို စွပ်စွဲချက်အတိုင်းအမှန်ကိုပေါ်အောင် ဆရာဘယ်နှစ်ရက်လောက်စုံစမ်းခဲ့သလဲ၊ ဒါမှမဟုတ် မစုံစမ်းခဲ့ဘူးလား"

"သိပ်မကြာ"

"ရက်ပိုင်းတောင်မဟုတ်ဘူး၊ နာရီပိုင်းပဲခြားမယ်"

"ဟုတ်ပါတယ်"

"ဒေါက်တာဖာရာမီရဲ့အစီအစဉ်ကိုဖျက်လိုက်တဲ့အကြောင်း သတင်းစာ ရှင်းလင်းချက်မပို့ခင်အချိန်နဲ့ တစ်နာရီတောင်မကြာခဲ့ဘူးမဟုတ်လား"



"တစ်နာရီမကကြာပါတယ်"

"ကဲ နှစ်နာရီကြာတယ်ထား၊ အဲဒီလောက်ရမလား"

စတီက ဂျင်နီအားလှည့်ကြည့်သည်။အားလုံးကလည်း သူမအားလှမ်းကြည့်စေချင်သည့်ဆန္ဒကြောင့်ဖြစ်၏။ သူက ဆက်၍

"နှစ်နာရီလောက်နဲ့ သိပ္ပံပညာရှင်တစ်ယောက်ရဲ့ သုတေသနအစီအစဉ်ကို ဖျက်ဖို့ဆရာဆုံးဖြတ်ခဲ့တယ်ပေါ့"

ဂျင်နီ၏မျက်နှာပေါ်တွင် စိတ်မကောင်းသည့်အမူအရာများပေါ်သွား၏။ စတီ သူမအားသနားသွားမိသည်။ သို့ရာတွင် သူမ၏ထိခိုက်ချက်ကို မိမိအသုံးချမည်ဖြစ်၏။ အနာကို ဓားနှင့်ဆွရမည်။ သူကပင်ဆက်၍

"နှစ်နာရီကြာပြီးလုပ်ခဲ့တဲ့အလုပ်တစ်ခုကို ဆရာကနှစ်နာရီနဲ့ဖျက်ပစ်ဖို့ဆုံးဖြတ်ခဲ့တာလား၊ အလားအလာရှိတဲ့အလုပ်အကိုင်တစ်ခုကိုအလုပ်ဖြုတ်ခံရတဲ့အခါဖြစ်အောင်လုပ်တာလား၊မိန်းမတစ်ယောက်ကို ဘဝပျက်အောင်လုပ်တာလား"

"ကျုပ်က သူ့ကိုထုချေဖို့ပြောပါသေးတယ်၊ သူကဒေါမှပြီး အခန်းထဲက ခြေဆောင့်ထွက်သွားတယ်လေ"

စတီ တွေဝေသွားသည်။ပြီးမှ အကောင်းဆုံးစွန့်စားမှုတစ်ခုကိုလုပ်လိုက်၏။

"သူကအခန်းထဲကခြေဆောင့်ထွက်သွားတယ်ဟုတ်လား"

သူက အံ့သြသည့်အမူအရာလုပ်ကာပြောသည်။

"သူက အခန်းထဲက ခြေဆောင့်ထွက်သွားတယ်နော်၊ သူ့ရဲ့အစီအစဉ်တွေကို ရပ်ပစ်တော့မယ့်အကြောင်း သတင်းစာကိုပို့မယ့်စာရွက်သူ့ကိုပြလိုက်တယ်၊အဲဒီ သတင်းထဲမှာဒီသတင်းဘယ်ကရတယ်ဆိုတာလည်းမပါဘူး၊ ဒီလိုစွပ်စွဲချက်ဘယ်လောက်အထိမှန်မှာတယ်ဆိုတာလည်းမပါဘူး၊ ဆွေးနွေးတဲ့အချိန်လည်းမပါဘူး၊ လုပ်ငန်းစဉ်သဘောတွေလည်းမပါဘူး၊ သူခြေဆောင့်ထွက်သွားတယ်ဆိုတဲ့တစ်ချက်နဲ့ ဒီသိပ္ပံပညာရှင်ကလေးရဲ့ဘဝပျက်သွားနိုင်တဲ့ဆုံးဖြတ်ချက်ကိုဆရာချလိုက်တယ်"

ဘာရင်တန်၏ကတစ်စုံတစ်ခုပြောမည်ဟု ပါးစပ်ဟလိုက်စဉ် စတီက သူ့မပြောနိုင်မီ

"ဆရာဗုဒ္ဓဟူးနေ့ကလုပ်လိုက်တဲ့ မိုက်မိုက်မဲမဲမတရားကိစ္စကြောင့် ဒေါက်တာဂျင်နီဖာရာမီအနေနဲ့သည်းခံပြီးသေသေဝပ်ဝပ်ငြိမ်ခံနေမယ်လို့ ကျွန်တော်မထင်ဘူး"

သူက မိမိနေရာသို့ပြန်လျှောက်သွားကာ ကော်မတီဘက်သို့လှည့်၍

"မေးစရာမရှိတော့ပါဘူး"

ဂျင်နီ မျက်လွှာချထားသည်။ ပြီးတော့ စတီလက်ကိုဆွဲထား၏။ စတီက

www.burmeseclassic.com

www.burmeseclassic.com



ငုံ့၍ တီးတိုးသံဖြင့်

"စိတ်မကောင်းဖြစ်နေသလား"

"ရပါတယ်"

စတီကသူမလက်ကလေးကိုပုတ်နေသည်။ ကိုယ်တို့နိုင်ပြီဟုပြောလိုက်ချင်၏။ သို့သော် ကံကြမ္မာ၏အဆုံးအဖြတ်ကကျန်သေးသည်။

ဟင်နရီကွင်းမတ်တပ်ထရပ်လိုက်၏။ သူ့ပုံမှာ ဣန္ဒြေရရပင်။ စတီလျှောက်လဲပြီးနောက် သူစိတ်ပူပန်သွားဖို့ကောင်းသည်။

မိမိအက်က မည်မျှပင် အရေးနိမ့်စေကာမူ ဣန္ဒြေမပျက်နေတတ်သည်က သူ၏ကျွမ်းကျင်မှုတစ်ရပ်ပင်ဖြစ်လိမ့်မည်။ ကွင်းက

"ပါမောက္ခကြီးခင်ဗျား၊ တကယ်လို့တက္ကသိုလ်အနေနဲ့ ဒေါက်တာဂျင်နီဖာရာမီရဲ့လုပ်ငန်းကိုရပ်မပစ်ဘဲ သူ့ကိုလည်းအလုပ်ထုတ်မပစ်ဘူးဆိုရင် ဂျနတီကိုကုမ္ပဏီကို လင်းစမင်းကုမ္ပဏီကလွဲပြောင်းယူမယ့်ကိစ္စပျက်သွားနိုင်မလား"

"လုံးဝမပျက်နိုင်ပါဘူး"

"ကျေးဇူးတင်ပါတယ်၊ မေးစရာမရှိတော့ပါဘူး"

ထိုမေးခွန်းက အတော်ပင်ထိရောက်သွားသည်။ စတီ၏ ပြန်လှန်မေးခွန်းများကိုထိုးဖောက်သွားနိုင်၏။ မိမိမျက်နှာပေါ်တွင် စိတ်ပျက်သွားသည့်အမူအယာမျိုး ဂျင်နီတွေ့မသွားစေရန် ကြိုးစားနေသည်။

ဂျင်နီ၏အလှည့်သို့ရောက်လာသည်။စတီမတ်တပ်ရပ်ပြီး သူမအားသူမတွေ့ရှိသမျှကိုတင်ပြနိုင်းသည်။ဂျင်နီကလည်း တစ်နေ့ရာစီကြီးပြင်းခဲ့ကြရသည့်ရာဇဝတ်ကောင်အမြွှာများကိုလေ့လာရန် မည်မျှအရေးကြီးကြောင်းအေးအေးဆေးဆေး ပြတ်ပြတ်သားသားရှင်းပြနေသည်။ ကာယကံရှင်များ၏ခွင့်ပြုချက်မရှိဘဲ သက်ဆိုင်ရာတို့၏ဆေးမှတ်တမ်းပါအသေးစိတ်များကို ပေါက်ကြားခြင်းမရှိအောင် ဂရုတစိုက်လုပ်ခဲ့ကြောင်းလည်းတင်ပြ၏။

ကွင်းအနေနှင့်သူမအားပြန်လှန်မေးခွန်းထုတ်ကာ သက်ဆိုင်ရာပုဂ္ဂိုလ်တို့၏ကိုယ်ရေးကိုယ်တာ အတွင်းရေးများမတော်တဆပေါက်ကြားနိုင်သည်မျိုးရှိနိုင်ကြောင်းဖြစ်အောင် မေးလာနိုင်သည်ဟုထင်ထားခဲ့သည်။ ထို့အတွက် ညကတည်းက စတီနှင့်ဂျင်နီတို့ကြိုတင်၍ဖာတ်တိုက်ထားပြီးသား။ သို့ရာတွင် ကွင်းကလုံးဝမမေး။ တကယ်အံ့ဩရသည်။ ဂျင်နီက ဘာကွယ်ပြောကြားမည်ကို စိုးရိမ်၍လား၊ သို့မဟုတ်ကလည်း ကွင်းအနေနှင့်သူ့ဘက်ကနိုင်မာနေပြီဟု ကျေနပ်နေ၍လားမသိ။

ကွင်းကလျှောက်လှဲနေသည်။သူက ဘာရင်တန်တွေ့ကြုံခဲ့ရသည်များကို



တင်ပြနေ၏။စတီထင်သည်ထက်ပို၍ပျင်းစရာကောင်းနေသည်။သူက နိဂုံးကိုခပ်တိုတိုချုပ်လိုက်၏။

"ဒီလိုအဖြစ်အပျက်မျိုး နောက်ထပ်မဖြစ်သင့်တော့ပါဘူး၊ တက္ကသိုလ်အာဏာပိုင်တွေအနေနဲ့ တရားနည်းလမ်းတကျပြုမူဆောင်ရွက်သင့်ပါတယ်၊ ဒါဟာဒေါက်တာဂျင်နီဖာရာမီကရော်ကမယ်လုပ်လိုက်တဲ့အတွက် ဖြစ်လာရတဲ့အဖြစ်အပျက်တွေပါ၊သူ့မှာစာချုပ်ရှိတာတော့မှန်ပါတယ်၊သူ့ကိုအလုပ်ခန့်ထားတဲ့လူတွေနဲ့ဆက်ဆံတဲ့နေရာမှာလည်း ဒီစာချုပ်အတိုင်းဆက်ဆံဖို့လိုပါတယ်၊ အထက်အာဏာပိုင်တွေအနေနဲ့အောက်လက်အရာရှိတွေကို ကြီးကြပ်ကွပ်ကဲဖို့လိုပါတယ်၊အောက်လက်အရာရှိတွေကလည်း စိတ်ဓာတ်အမှန်ရှိမယ်ဆိုရင် ကိုယ့်ထက်အသက်ကြီးပြီး အတွေ့အကြုံများတဲ့ ကိုယ့်အထက်အရာရှိတွေရဲ့စကားကိုနားထောင်ရပါမယ်၊ ဒေါက်တာဂျင်နီဖာရာမီရဲ့ခေါင်းမာပြီးအာခံမှုကြောင့် ပြဿနာကြီးတစ်ခုဖြစ်လာတာပါ၊ ဒီပြဿနာကိုဖြေရှင်းဖို့ကတော့ ဒီမိန်းကလေးဒီတက္ကသိုလ်ကထွက်သွားဖို့ပါပဲ"

ပြောပြီး သူကထိုင်လိုက်သည်။စတီပြောဖို့အလှည့်ရောက်လာလေပြီ။ ထို့အတွက် တစ်ညလုံးသူလေ့ကျင့်ထားပြီးသား။ သူကမတ်တပ်ရပ်၍လျက်

"ဂျုံးဖောတက္ကသိုလ်ဆိုတာ ဘာလုပ်ဖို့လဲ"

သူက စကားကိုခဏရပ်ထားလိုက်သည်။ ပြီးမှဆက်၍

"ဒီအမေးကို စကားလုံးတစ်လုံးတည်းနဲ့ဖော်ပြလို့ရပါတယ်၊ ပညာဗဟုသုတအတွက်ပါပဲ၊အမေရိကန်လူ့အဖွဲ့အစည်းမှာ တက္ကသိုလ်တွေရဲ့အခန်းကဏ္ဍကို အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်းဆိုရင်ပညာဗဟုသုတဖြန့်ဝေဖို့နဲ့ ရှာဖွေဖို့ပဲဖြစ်ပါတယ်"

သူက ကော်မတီအဖွဲ့ဝင်များကိုထောက်ခံမှုရှိမရှိလိုက်ကြည့်သည်။ ဂျိန်းအီးဒဲလ်ဘိုရိုကခေါင်းညိတ်၏။ ကျန်လူများကတော့ ခပ်မဆိတ်နေကြသည်။ သူက ဆက်၍

"အဲဒီလုပ်ငန်းကို မကြာခဏတိုက်ခိုက်ခံနေရပါတယ်၊ တစ်ကြောင်းမဟုတ်တစ်ကြောင်းနဲ့ အမှန်တရားကိုဖုံးကွယ်ချင်နေတဲ့သူတွေလည်းရှိတယ်၊ နိုင်ငံရေးရည်ရွယ်ချက်၊ ဘာသာရေးရည်ရွယ်ချက်တွေနဲ့ပေါ့၊ ဒါမှမဟုတ်လည်း စီးပွားရေးအကျိုးအမြတ်ကိုမျှော်ကိုးလို့ပေါ့၊ ကျောင်းနဲ့အသိပညာရှင်ဆိုင်ရာလွတ်လပ်ခွင့်ဟာ အဲဒီကျောင်းနာမည်ရဖို့အတွက် အင်မတန်အရေးပါတယ်ဆိုတာ အခုဒီမှာရှိတဲ့လူတိုင်းလက်ခံကြမှာပါ၊အဲဒီလွတ်လပ်မှုဆိုတာကလည်း အများပြည်သူတစ်ဦးချင်းစီရဲ့လူမှုအခွင့်အရေးလိုဟာမျိုးတွေကိုလည်း ထောက်ထားရမှာဖြစ်ပါတယ်၊ ဘာပဲဖြစ်ဖြစ်တက္ကသိုလ်ရဲ့အသိပညာလိုက်စားနိုင်မှုအခွင့်အရေးကို အကာအကွယ်ပေးတာဟာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ တက္ကသိုလ်မို့ပြီး နာမည်တက်စေတယ်ဆိုတာစဉ်းစားတတ်တဲ့သူတိုင်းသိပါတယ်

"ဂျူးဖောတက္ကသိုလ်ဟာ ဒီမှာရှိနေတဲ့လူတိုင်းအတွက် အရေးပါနေပါတယ်၊ ဒီမှာအလုပ်လုပ်နေတဲ့လူတွေရဲ့အတက်အကျဟာ ဒီတက္ကသိုလ်ပေါ်မှာပဲမူတည်ပါတယ်၊ ဂျူးဖောတက္ကသိုလ်ဟာစိတ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ရှိတဲ့ တက္ကသိုလ်တစ်ခုအဖြစ်နာမည်ရမှသာအားလုံးအတွက်အကျိုးရှိမှာပါ၊နေ့စဉ်သတင်းစာတစ်စောင်ရဲ့ အသိပညာမေးသိမ်တဲ့ ဆော်ကားမှုတစ်ခုကြောင့် တက္ကသိုလ်ကပျောက်သွားရမှာလား၊ စီးပွားရေးလုပ်ငန်းတစ်ခု လက်လွှဲပြောင်းမှုကိုအကြောင်းပြုပြီး သုတေသနလုပ်ငန်းစဉ်တစ်ခုကိုပျောက်ပစ်ရမှာလား၊ ကျွန်တော်ကတော့မလုပ်သင့်ဘူးလို့ထင်တယ်၊ ဒီကော်မတီအနေနဲ့ဂျူးဖောတက္ကသိုလ်ရဲ့နာမည်ကို 'အမှန်တရား' ဆိုတဲ့တန်ဖိုးတစ်ခုပြီး ထိန်းထားရပါလိမ့်မယ်"

မိမိစကားထိရောက်မှုရှိမရှိ အကဲခတ်သည့်အနေဖြင့်သူက ကော်မတီဝင်များအားလိုက်ကြည့်နေသည်။ မိမိစကားထိရောက်သည်၊ မထိရောက်သည်ကို အကဲခတ်၍မရ။ ကောကြောကြော သူပြန်ထိုင်သွားသည်။ ဂျက်ဘာဂျန်က

"ကျေးဇူးတင်ပါတယ်၊ ကဲ ကော်မတီအဖွဲ့ဝင်တွေကလွဲပြီး ကျန်တဲ့လူတွေအပြင်ထွက်ပေးကြပါ၊ ကျွန်တော်တို့ကိုင်ပင်လိုက်ကြပါဦးမယ်"

စတီက ဂျင်နီထွက်ရန် တံခါးကိုဖွင့်ပေးပြီး သူမနောက်မှကြိမ်ခန်းမထဲသို့ထွက်လာခဲ့သည်။ထို့နောက် နှစ်ယောက်သားအဆောက်အဦးအပြင်သို့ထွက်ကာ သစ်ပင်တစ်ပင်အရိပ်အောက်ရွှင်ရမ်လိုက်ကြ၏။ဂျင်နီမှာ မျက်နှာလေးများဖြူလျော်လျက်

"ရှင်ဘယ်လိုထင်သလဲ"

"ကိုယ်တို့နိုင်မှာပါ၊ကိုယ်တို့မှန်တာပဲ"

"ကျွန်မတော့ ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး၊ နီဗရာစကာကိုပဲပြောင်းရကောင်းမလား၊ကျောင်းဆရာမလုပ်ရရင်ကောင်းမလား၊ပင်နီလိုလေယာဉ်မယ်လုပ်ရရင်ကောင်းမလားမသိဘူး"

"ပင်နီဆိုတာ ဘယ်သူလဲ"

ဂျင်နီက ပြန်မဖြေမည်ပြုစဉ် စတီ၏ပခုံးပေါ်မှကျော်၍ တစ်စုံတစ်ခုကိုမြင်လိုက်သဖြင့် တုန့်ဆိုင်းသွားသည်။စတီလှည့်ကြည့်လိုက်တော့ စီးကရက်သောက်နေသော ကွင်းတို့တွေ့လိုက်ရသည်။ ကွင်းက

"မောင်ရင်ဟာ အတော်ထက်မြက်တာပဲ၊ မောင်ရင်နဲ့ ပညာချင်းယှဉ်ရတာ ကျုပ်အတွက်ဂုဏ်မငယ်ပါဘူး"



ဂျင်နီက စက်ဆုပ်သလိုအသံမျိုးပြုသည်။

စတီကတော့ကျေနပ်ရနေနိုင်၏။ရှေ့နေဆိုသည်မှာ ဤအတိုင်းပင်။ တရားရုံးအပြင်ဘက်၌ ပြိုင်ဖက်ရှေ့နေနှင့် ရင်းရင်းနှီးနှီးနေတတ်ကြစမြဲ။ နောက်ပြီး တစ်နေ့ မိမိ မစ္စတာကွင်းထံတွင် အလုပ်မတောင်းရဟုလည်း မပြောနိုင်။ ထို့ကြောင့် သူက

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ယဉ်ကျေးစွာပြောလိုက်သည်။ကွင်းက အံ့ဩစရာကောင်းလောက်အောင် ပွင့်ပွင့်လင်းလင်းဖြင့်

"မောင်ရင်ချေပသွားတာတွေ အတော့်ကိုကောင်းပါတယ်၊တစ်ဖက်ကကြည့်ပြန်ရင်လည်း ဒီလိုအမှုမျိုးမှာ လူတွေဟာကိုယ်သန်ရာသန်ရာကိုရွေးပြီး ဆုံးဖြတ်တတ်ကြတယ်၊ကော်မတီအဖွဲ့ဝင်တွေဆိုတာကလည်း အထက်တန်းပါမောက္ခကြီးတွေ၊ လျှောက်လဲချက်ဘယ်လောက်ကောင်းကောင်း သူတို့နဲ့သက်တူရွယ်တူအရွယ်ကိုကျော်ပြီး လူငယ်တစ်ယောက်ဘက်ကိုလိုက်ဖို့တော့ခက်လိမ့်မယ်"

"သူတို့က ပညာတတ်တွေပါ၊ အခြေအမြစ်ရှိတာတွေကိုပဲလုပ်ကြမှာပါ"

ကွင်းကခေါင်းညိတ်လျက်

"မောင်ရင်ပြောတာမှန်မှာပါ၊ဒီကိစ္စမှာအရင်းမြစ်ကိစ္စကိုမောင်ရင်သိသလား"

"ဘာကိုဆိုလိုတာလဲ"

"ဘာ့ရင်တန်ဟာတစ်ခုခုကိုသိပ်ကြောက်နေတယ်၊အဲဒါက တက္ကသိုလ်နာမည်ပျက်ရမယ့်ကိစ္စမဟုတ်ဘူး၊ မောင်ရင်နဲ့ ဒေါက်တာဂျင်နီဖာရာမီတို့ အဲဒါကိုများသိသလားလို့"

"သိတော့ သိထားပါတယ်၊ ဒါပေမဲ့ အဲဒါကို ကျွန်တော်တို့အနေနဲ့သက်သေမပြနိုင်သေးဘူး"

ကွင်းက စီးကရက်ကို မြေသို့ချကာ မြေထောက်နင့်နင်းချေလျက်

"ဆက်ကြိုးစားပါ၊ ဂျင်ပရစ်သမ္မတမဖြစ်အောင် ဘုရားသခင်ကတားဆီးလိမ့်မယ်"

သူက ပြောပြီးလှည့်ထွက်သွားသည်။ဘာအဓိပ္ပာယ်ပါလိမ့်၊ စတီတွေးနေ၏။ လစ်ဘရယ်သမားလေလား။

ဂျက်ဘာဂျန် တံခါးပေါက်ဝကပေါ်လာပြီး လက်ယပ်လှမ်းခေါ်သည်။ စတီက ဂျင်နီ၏လက်မောင်းကိုဆွဲလျက် ပြန်ဝင်လာခဲ့၏။

သူက ကော်တီဝင်များ၏မျက်နှာကိုသာ အကဲခတ်သည်။ ဂျက်ဘာဂျန်နှင့် မျက်လုံးချင်းဆုံပြီး ဂျိန်းအီဒဲလ်ဘိုရီကထိုးယဲပြုံးပြသည်။ ဤသည်မှာ ကောင်းသော

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာဖြစ်၏။ စတီးမျှော်လင့်ချက်များတက်လာသည်။ ထို့နောက် အားလုံးထိုင်လိုက်ကြ၏။

ဂျက်ဘာဂျန်က မလိုအပ်ဘဲလက်ထဲမှစာရွက်များကို အပေါ်အောက်ပြန်ထပ်နေရင်း

"ဒီကြားနာပွဲကို သိက္ခာရှိရှိကျင်းပနိုင်တဲ့အတွက်နှစ်ဖက်စလုံးကိုကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်ကတော့အားလုံး တစ်ညီတစ်ညွတ်တည်းပါ၊ ဒေါက်တာဂျင်နီဖာရာမီကို တက္ကသိုလ်ကအလုပ်ဖြုတ်ပစ်ဖို့ တက္ကသိုလ်အုပ်ချုပ်ရေးကော်မတီကို ကျွန်တော်တို့ထောက်ခံတင်ပြပေးလိုက်ပါမယ်"

ဂျင်နီမှာ ခေါင်းငုံ့ကာမျက်နှာကိုလက်နှစ်ဖက်နှင့်အုပ်ထားလိုက်တော့သည်။

○ ○ ○

# အခန်း (၄၀)

ဂျင်နီတစ်ယောက်တည်းကျန်နေသောအခါ စုတင်ပေါ်ပစ်လှဲငိုချလိုက်တော့သည်။

အတန်ကြာအောင်ငိုပြီးသောအခါ ခေါင်းအုံးကိုလက်သီးနှင့်ထု၊ အော်ဟစ်ကာ ညစ်ညမ်းသောစကားများဖြင့်ရေရွတ်နေသည်။ ထို့နောက် တစ်ဖန်မွေ့ရာတွင် မျက်နှာကိုဖိလျက်ငိုပြန်သည်။ အိပ်ရာခင်းလည်းမျက်ရည်တွေနှင့်စိုရွှဲကာမျက်ခွံလိမ်းအလှခြယ်ဆေးတွေနှင့် မည်းကုန်တော့သည်။

အတန်ကြာတော့ ပြန်ထပြီး မျက်နှာသစ်ကာကော်ဖီကိုကျိုလိုက်သည်။ တစ်ယောက်တည်းရေရွတ်ကာ

"ငါကင်ဆာရောဂါဖြစ်တာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုစိတ်တင်းစမ်း"

သို့သော် တင်း၍မရ။ မိမိသေသွားခြင်းမဟုတ်သည်တော့မှန်သည်။ သို့ရာတွင် မိမိအတွက်အစစအရာရာဆုံးရှုံးရပြီတည်း။

သူမ ခုံရှည်တွင်ထိုင်ကာ ကော်ဖီကိုသောက်နေသည်။ ဖခင်ရှိ‌းသွားသဖြင့် စိတ်ပြေလက်ပျောက်ကြည့်ရန် ရုပ်မြင်သံကြားပင်မရှိတော့။ အရက်တွေသောက်ပစ်လိုက်ချင်၏။ သို့သော် ပိုဆိုးသွားနိုင်သည်။ ဈေးဝယ်ထွက်လျှင်ရော။ ဈေးဝယ်ချမှုချုံးပွဲချငိုမိလျှင်အခက်။ တစ်ခါမျှ ဤသို့စိတ်မဆင်းရဲဖူးခဲ့။

နှစ်နာရီထိုးလောက် ... ်င်လာသည်။ ဂျင်နီက ဖုန်းကိုကိုင်ဘဲ ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ သို့ရာတွင် ဖုန်းကအဆက်မပြတ်မြည်နေသည်။ ဖုန်းမြည်သံနားငြီးသဖြင့် နောက်ဆုံးတွင် ဖုန်းကိုကောက်ကိုင်လိုက်၏။

စတီဖြစ်နေ၏။ ကြားနာပွဲပြီးတော့ သူကဝါရှင်တန်သို့ပြန်ပြီး သူ့ရှေ့နေနှင့်တွေ့သည်ဆို၏။ သူက

"ကိုယ်အခုဥပဒေရုံးခန်းမှာရောက်နေတယ်၊ ဂျူးဖော်တက္ကသိုလ်ကိုဥပဒေအကြောင်းအရ အက်ဖ်ဘီအိုင်ဌာနက စာရင်းပြန်တောင်းစေချင်တယ်၊ အဲဒီကုန်ကျစရိတ်ကို ကိုယ်တို့မိသားစုကကျခံမယ်၊ တတိယအမြွာကိုတွေ့မယ်ဆိုရင် အဲဒီငွေကုန်ရကျိုးနပ်တယ်လို့ ကိုယ့်မိဘတွေကပြောနေတယ်"

"အဲဒီ တတိယအမြွာနဲ့ပတ်သက်ပြီး ကျွန်မဘာမှမလုပ်တော့ဘူး"

"ဒါဟာ ကိုယ့်အတွက်တော့ သိပ်အရေးကြီးနေတယ်"

သူမသက်ပြင်းချမိသည်။ မိမိ၏ဒုက္ခတွေထက်စတီအတွက် မိမိစိတ်ပူမိသည်။ သူကပင်လျှင် မိမိအတွက်စစ်ကူပေးခဲ့သည်မဟုတ်လား၊ သူမ ရှက်မိသဖြင့်

"စတီ ကျွန်မကိုခွင့်လွှတ်ပါ၊ ကျွန်မကိစ္စနဲ့ ကျွန်မစိတ်မကောင်း ဖြစ်နေလို့ပါ၊ ကျွန်မ ရှင့်ကိုကူညီပါ့မယ်၊ ကျွန်မဘက်က ဘာလုပ်ရမလဲ"

"ဘာမှလုပ်စရာမလိုဘူး၊ မင်းဆီကခွင့်ပြုချက်ရရင်ရှေ့နေက တရားရုံးကိုသွားလိမ့်မယ်"

"ဒါဆိုရင် နည်းနည်းအန္တရာယ်ရှိမသွားနိုင်ဘူးလား၊ တကယ်လို့ တက္ကသိုလ်ကို ကျွန်မတို့ရဲ့လျှောက်ထားချက်နဲ့ပတ်သက်ပြီး သတိပေးအကြောင်းကြားလိုက်ရင် ဘာရင်တန်ဟာ ဒီစာရင်းဘယ်မှာထားတယ်ဆိုတာသိသွားလိမ့်မယ်၊ အဲဒီတော့ ကျွန်မတို့လက်မဦးခင်သူကအရင်ယူသွားမှာပေါ့"

"ဟာ မင်းပြောတာသိပ်မှန်တယ်၊ အဲဒီအတိုင်း ရှေ့နေကိုကိုယ်ပြောလိုက်မယ်"

ခဏကြာသော့ ဖုန်းထဲတွင် အခြားအသံတစ်သံပေါ်လာပြီး

"ဒေါက်တာဂျင်နီဖာရာမီ၊ ကျွန်တော်က ရန်စီမံဘာရှူးဝါးပါ၊ ကျွန်တော်တို့အခု စတီနဲ့ဖုန်းသုံးလိုးတစ်ပြိုင်နက်ပြောနေပါတယ်၊ အဲဒီအချက်အလက်စာရင်းက ဘယ်မှာထားခဲ့တာလဲ"

"ကျွန်မရဲ့စားပွဲအံဆွဲထဲက ဈေးဝယ်စာရင်းလို့စာကပ်ထားတဲ့ကွန်ပျူတာဒစ္စကတ်ထဲမှာပါ"

"ကျွန်တော်တို့က ဘာကိုရှာမယ်ဆိုတာမပြောဘဲ ခင်ဗျားရဲ့ရုံးခန်းထဲမှာ ရှာဖွေခွင့်လျှောက်ထားမယ်လေ"



"အဲဒါဆိုရင် သူတို့က ကျွန်မကွန်ပျူတာထဲကအချက်အလက်တွေအားလုံး၊ ရောဒစ္စကတ်ထဲက အချက်အလက်တွေအားလုံးရောဖျက်ပစ်လိုက်မှာပေါ့"

"ဒါဆိုတော့လည်း မပြောတတ်တော့ဘူး"

စတီက

"ဒါဆိုရင် ဖောက်ထွင်းသမားတစ်ယောက်လိုတယ်"

ဂျင်နီက

"ဟောတော့"

"ဘာဖြစ်တာလဲ"

ဖေဖေ

"ဘာဖြစ်လို့လဲ ဒေါက်တာဂျင်နီဖာရာမီ"

"အဲဒီတရားရုံးကိုတင်မယ့်လျှောက်လွှာမတင်ပါနဲ့ဦး"

"ဟုတ်ကဲ့၊ ကျွန်တော်တို့ကလည်း တနင်္လာနေ့ကျမှတင်ဖြစ်မှာပါ၊ ဒါထက်ဘာဖြစ်လို့လဲ"

"ကျွန်မမှာ အကြံတစ်ခုရထားလို့၊ ကျွန်မလုပ်ကြည့်ဦးမယ်၊ လုပ်လို့မရရင်တော့ နောက်အပတ်ထဲမှာ ဥပဒေကြောင်းအတိုင်း ဆောင်ရွက်တာပေါ့၊ စတီ"

"ပြောနေပါတယ်"

"ကျွန်မဆီကို ဖုန်းပြန်ဆက်ပါ"

"စိတ်ချ"

ဂျင်နီ ဖုန်းချလိုက်သည်။ မိမိရုံးခန်းထဲသို့ ဖခင်ဝင်နိုင်မည်ထင်၏။

ဖခင်မှာ မိမိ၏ညီမပက်တီ၏အိမ်ဘွားင်ရောက်နေပေသည်။ သူ့တွင် ဝင်ငွေမရှိသဖြင့် ဘယ်ကိုမျှလည်းသွားမည်မဟုတ်။ သူ့အပေါ် မိမိအကြွေးရှိနေသည်။

မိမိ တတိယအမြွာကိုရှာနိုင်လျှင် စတီ၏ အမှုရှင်းသွားနိုင်သည်။ အကယ်၍ ဘာရင်တန်နှင့် သူ၏မိတ်ဆွေများ ၁၉၇၀ ပြည့်လွန်နှစ်များဆီကလုပ်သည့်ကိစ္စများကို ဖော်ထုတ်ကာ ကမ္ဘာအားပြနိုင်လျှင် မိမိလည်း အလုပ်ပြန်ရမည်။

ဖခင်အား မိမိထိုသို့လုပ်ရန်ခိုင်းရက်ပါမည်လား။ ဤသည်မှာ ဥပဒေနှင့်ဆန့်ကျင်သည့်အလုပ်။ တစ်ခုခုလွဲချော်သွားသည်နှင့် ဖခင်ထောင် ထဲတွင် မြန်းရမည်။ သူလည်း ထိုအတိုင်းအမြဲစွန့်စားခဲ့သည်ပဲ။ သည်တစ်ကြိမ်ကတော့ မိမိ၏ အပြစ်သာဖြစ်ချေမည်။ ဖခင်အဖမ်းခံရမည်မဟုတ်ဟု တွက်မိသည်။

ထို့နောက် တယ်လီဖုန်းမြည်လာသည်။ သူမတာ ကောက်ကိုင်လိုက်ပြီး

"ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် အလုပ်ပြုတ်တာထက် ဆိုးရွားတာတွေဖြစ်နိုင်သေးတယ်"

ယောကျ်ားတစ်ယောက်၏ အသံဖြစ်သည်။ တစ်စုံတစ်ခုနှင့်ပါးစပ်ကိုပိတ်ပြောသဖြင့် အသံကခပ်အုပ်အုပ်ဖြစ်နေ၏။ ဂျင်နီက

"ဘယ်သူလဲ"

"ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေကို လိုက်စုံစမ်းတာရပ်တန်းကရပ်တော့"

"ဘယ်ဟာတွေလဲ"

"မင်း ဖီးလဒဲဖီးယားမှာတွေ့ခဲ့တဲ့ကောင်က မင်းကိုသတ်မလို့"

ဂျင်နီ အသက်ပင်မရှူမိတော့။ ရုတ်တရက်လည်း သိပ်ကြောက်သွားသည်။ တစ်ဖက်အသံရှင်က ဆက်၍

"သူ ပြဿနာတက်လို့ထွက်ပြေးရတယ်၊ ဒါပေမဲ့ မင်းဆီကိုလာလိမ့်ဦးမယ်"

"အို ဘုရား ဘုရား"

"သတိထား"

တစ်ဖက်မှ ချောက်ခနဲအသံကြားလိုက်ရသည်။ သူဖုန်းချသွားပြီတည်း။ ဂျင်နီကလည်း ဖုန်းကိုချကာ ဖုန်းကိုစိုက်ကြည့်နေမိသည်။

မိမိအားသတ်မည်ဟု ခြိမ်းခြောက်ခံရဖူးခြင်းမရှိခဲ့။အခြားလူသားတစ်ယောက်ကမိမိဘဝကိုအဆုံးစီရင်မည်ဟုသိရသောအခါ ကြောက်ရွံ့တုန်လှုပ်မိသည်။ အကြောတွေ သေသွားသလိုတည်း။ မိမိဘာလုပ်မည်နည်း။

သူမခုံရှည်တွင်ပြန်ထိုင်ကာ ကိုယ့်ကိုယ်ကိုယ်အားတင်းနေမိ၏။ အရှုံးပေးချင်စိတ်ဖြစ်မိသည်။အမှောင်ထဲမှ အင်အားကောင်းသော ဤရန်သူများနှင့်တိုက်ခိုက်ရသည်မှာ မိမိတွင်ဒဏ်ရာဒဏ်ချက်တွေလည်းရ၊ နှမ်းချိ၍လည်းလာပေသည်။ သူတို့က အလွန်ပင်အင်အားကောင်းလှ၏။ မိမိအားအလုပ်ဖြုတ်ပစ်နိုင်ခဲ့သည်။ မိမိအား တိုက်ခိုက်စော်ကားနိုင်ခဲ့သည်။ မိမိရုံးခန်းကိုလည်း ရှာဖွေနိုင်ခဲ့သည်။ ဘယ်အရာတွေမဆိုသူတို့လုပ်နိုင်ကြ၏။ မိမိအားသတ်ချင်လျှင်လည်းသတ်နိုင်သည်လေ။

လုံးဝမတရား။သူတို့ဤသို့လုပ်ခွင့်ရှိသည်လား။မိမိမှာသိပ္ပံပညာရှင်ကောင်းတစ်ယောက်။သူတို့ မိမိအလုပ်ကိုဖျက်ဆီးပစ်ခဲ့သည်။သူတို့သည် စတီအား လစ်ဆာကိုအမွှေစော်ကားမှုအတွက်ထောင်ကိုလည်းပို့ခဲ့သည်။မိမိအား သတ်မည်ဟုလည်းခြိမ်းခြောက်သည်။ သူမ ဒေါသဖြစ်လာ၏။ သူတို့ကိုသူတို့ ဘာများမှတ်နေကြသနည်း။

တခြားသူတွေဖြစ်ချင်ရာဖြစ်၊ မိမိတို့အကျိုးအတွက် လုပ်ချင်ရာလုပ်ကြသော ဤလူယုတ်မာများကြောင့် မိမိဘဝတော့ အပျက်မခံနိုင်။ ထိုအကြောင်းကို တွေးလေသူမ ဒေါသပိုဖြစ်ရလေဖြစ်၏။သူတို့ကို အရှုံးမပေး။ သူတို့ကိုလည်း ထိခိုက်အောင်



မိမိလုပ်နိုင်စွမ်းသည်။ ဤသို့လုပ်နိုင်စွမ်းသည်ကိုသိသဖြင့် သူတို့ကမိမိကိုသတ်မည်ဟုခြိမ်းခြောက်ကြခြင်းဖြစ်၏။ ထိုလုပ်နိုင်စွမ်းကို မိမိအသုံးချရမည်။ ဘာတွေပဲဖြစ်ဖြစ် မိမိဂရုမစိုက်။ သူတို့ဒုက္ခရောက်လျှင်ပြီးရော။ မိမိကလည်းမည့်။ မိမိသည် ဂျင်နီဖာရာမီပဲ။ ကဲ သတိထားကြတော့။ မျိုးမစစ်တွေရေ ငါလာပြီဟေ့။

o o o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

ဂျင်နီ၏ဖခင် ရှုပ်ပွေနေသော ပက်တီ၏ညှော်ခန်းထဲ၌ထိုင်လျက် ကော်ဖီ
တစ်ခွက်ကို ပေါင်ပေါ်တင်ကာ ကိတ်မုန့်စားရင်း ရုပ်မြင်သံကြားကြည့်နေသည်။

ဂျင်နီ ဝင်သွားပြီး သူ့ကိုမြင်တော့ စိတ်ကိုမထိန်းနိုင်ဘဲ

"လုပ်မှလုပ်ရက်ပလေ အဖေရယ်၊ ကိုယ့်သမီးရဲ့ပစ္စည်းတွေကိုတောင် ခိုးရက်
သလား"

ဖခင်မတ်တပ်ရပ်လိုက်သဖြင့် ကော်ဖီများဖိတ်ကုန်ပြီး ကိတ်မုန့်တွေ လွင့်ကျ
သွားသည်။ ပက်တီလည်းဂျင်နီနောက်မှ ဝင်လာကာ

"ရတ်ရတ်သဲသဲတွေမလုပ်ကြပါနဲ့၊ကျွန်မသောကျော်အခုတင်ပြန်လာ
တော့မှာ"

ဖခင်က

"အဖေတောင်းပန်ပါတယ် ဂျင်နီရယ်၊ အဖေရှက်လည်းရှက်ပါတယ်"

ပက်တီက ဒူးထောက်ထိုင်လျက်ဖိတ်သွားသောကော်ဖီများကို လိုက်သုတ်
နေသည်။ ဂျင်နီက အော်လျက်

"ကျွန်မ အဆင်မပြေဘူးဆိုတာ အဖေသိတယ်၊ ကျွန်မအမေ၊ အဖွားမိန်းမ
ရိုပ်သာကောင်းကောင်းတစ်ခု ပို့နိုင်ဖို့ ကျွန်မငွေစုနေတယ်ဆိုတာသိရဲ့သားနဲ့၊ ဒါတော
ကျွန်မရဲ့ရုပ်မြင်သံကြားကိုခိုးရက်တယ်"



ဖခင်က

"တောင်းပန်ပါတယ်သမီးရယ်"

"ကျွန်မနားလည်လို့မရဘူး"

ပက်တီက

"ထားလိုက်ပါတော့ ဂျင်နီရယ်"

"သိချင်လို့ပါ၊ ဘယ်လိုကြောင့်များ အဖေဒီလိုလုပ်ရတာလဲ"

"ကောင်းပြီ၊အဖေပြောပြမယ်၊အာကြောင့်ဒီလိုလုပ်ရတယ်ဆိုတာ အဖေပြော
ပြမယ်၊ ငါ အရင်ကလိုမရဲတော့ဘူး၊ ငါတခြားသူစိမ်းတွေရဲ့ပစ္စည်းကိုမခိုးရဲလို့ ကိုယ့်
သမီးရဲ့ပစ္စည်းကိုကိုယ်ပြန်ခိုးရတာပါ၊ ကမ်းအခုအမှန်အတိုင်း သိသွားပြီမဟုတ်လား"

ပြောရင်း သူ့မျက်လုံးများတွင်မျက်ရည်များဝဲလာသည်။ သနားစရာကောင်း
လှသဖြင့် ဂျင်နီ၏ဒေါသများ ရုတ်ချည်းပျောက်ကွယ်ကုန်ကြ၏။

"ဩော် အဖေရယ်၊သမီးကိုခွင့်လွှတ်ပါ၊ထိုင်ပါဦး သမီးမုန့်ထပ်ယူပေးမယ်"

သူမက မှောက်သွားသောကော်ဖီခွက်ကိုယူကာ မီးဖိုခန်းထဲသို့ဝင်သွားသည်။
သူမပြန်ထွက်လာတော့ မုန့်များပါလာ၏။ ပက်တီကဖိတ်သွားသောကော်ဖီများသုတ်
၍ ပြီးသွားလေပြီ။ ဖခင်က ထိုင်ချရင်း

"အဖေဟာ ဒီလောကပြုစုဖို့ကောင်းတဲ့ လူတစ်ယောက်မဟုတ်ပါဘူးသမီး
တို့ရယ်"

ပက်တီက

"ကျွန်မ နောက်ထပ်ကော်ဖီတစ်ခွက်ယူလာပေးမယ်"

ဂျင်နီက ရုပ်မြင်သံကြားကိုပိတ်ပြီး ဖခင်ဘေးတွင်ဝင်ထိုင်ကာ

"မရဲတော့ဘူးဆိုတာ ဘာကိုဆိုလိုတာလဲအဖေ၊ ဘာဖြစ်လို့လဲ"

သူက သက်ပြင်းချလျက်

"အဖေထောင်ကထွက်လာတော့ ကျောတောင်းမြို့မှာအဆောက်အဦးတစ်ခု
ကိုဖောက်တယ်၊ အဲဒါကဗိသုကာလုပ်ငန်းတစ်ခုလေ၊အဲဒီအထဲမှာ ကွန်ပျူတာ ၁၅လုံး၊
အလုံး၂၀လောက်ရှိတယ်၊ ပရင်တာတွေ၊ ဖက်စ်တွေလည်းရှိတယ်၊ အဲဒီကုမ္ပဏီကို အဲဒီ
ပစ္စည်းတွေရောင်းတဲ့ကောင်ကအဖေ့ကို လက်ထောက်ချတယ်၊ သူက အဲဒီပစ္စည်းတွေ
အဖေ့ဆီက ပြန်ဝယ်မယ်တဲ့၊ ပြီးရင် အဲဒီကုမ္ပဏီလုံခြုံမှုအာမခံလျော်ကြေးငွေရတဲ့အခါ
ဒီပစ္စည်းတွေကိုအဲဒီမှာပဲ ပြန်ရောင်းမယ်တဲ့၊ အဖေ့အတွက် တစ်သောင်းလောက်ရှိ
တယ်လေ"

ပက်တီက

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေ ကျွန်မသားတွေမကြားပါစေနဲ့"

သူမက စကြိုခန်းဘက်သို့လှမ်းကြည့်ပြီး ကလေးတွေမရှိတော့မှ တံခါးကို ပြန်ပိတ်လိုက်သည်။ ဂျင်နီက ဖခင်အား

"အဲဒါ ဘယ်လိုဖြစ်သွားသလဲ"

"အဖေလည်း ဗင်ကားတစ်စီးနဲ့ အဲဒီအဆောက်အဦးရဲ့ အနောက်ဖက်ကို ရောက်လာတယ်၊ သူခိုးဖမ်းကိရိယာတွေကိုဖြုတ်လိုက်တယ်၊ ပြီးတော့ ကုန်တင်ကုန်ချ တံခါးကြီးကိုဖွင့်လိုက်တယ်၊ အဲဒီမှာတင် တကယ်လို့များ ရဲတွေရောက်လာရင် ဘယ်လို လုပ်မလဲလို့ အဖေသွားတွေးမိတယ်၊ အရင်တုန်းကဆိုရင်တော့ ဘယ်ဂရုစိုက်လိမ့်မလဲ၊ ဒါပေမဲ့အခုကတော့ဒါမျိုးမလုပ်တာလည်းဆယ်နှစ်ရှိပြီလေ၊ အဲဒီမှာတင် အဖေ ကြောက်လာပြီး တစ်ကိုယ်လုံးတုန်လာတော့တယ်၊ပြီးတော့ အထဲဝင်ပြီး ကွန်ပျူတာ တစ်လုံးကိုဖြုတ်၊ အပြင်ကိုထုတ်၊ ကားပေါ်တင်ပြီးမောင်းပြေးခဲ့တာပဲ၊ နောက်နေ့ကျ တော့ သမီးအိမ်ကိုရောက်လာတာပဲ"

"ပြီးတော့ သမီးပစ္စည်းကိုလည်းခိုးတယ်ဆိုပါတော့"

"အဖေ ဒီလိုလုပ်ဖို့ဘယ်တုန်းကမှမရည်ရွယ်ခဲ့ပါဘူးသမီးရယ်၊ အဖေ့ခြေ ထောက်ပေါ်အဖေရပ်နိုင်အောင် တရားဝင်အလုပ်ကလေးတစ်ခုလုပ်ဖို့ သမီးကရှာပေး မယ်ထင်ခဲ့တာ၊ အဲဒီနောက် သမီးထွက်သွားတော့ အရင်ကစိတ်တွေပြန်ပေါ်လာတယ်၊ ကက်ဆက်ကိုကြည့်ပြီး ဒေါ်လာ ၂၀၀ လောက်ပဲရနိုင်တယ်၊ ရုပ်မြင်သံကြားက ဒေါ်လာ ၁၀၀ လောက်ရနိုင်တယ်လို့တွေးပြီးလုပ်လိုက်မိတာပါ၊ အဲဒါတွေကိုလည်း ရောင်းပြီးရော အဖေဟာ ကိုယ့်ကိုယ်ကိုယ်သတ်သေချင်တဲ့စိတ်ပေါ်မိတယ်၊ အဖေကျိန်ပြောရဲပါတယ်"

"ဒါပေမဲ့ သတ်ပြီးတော့မသေခဲ့ဘူးမဟုတ်လား"

ပက်တီက

"ဂျင်နီကလည်းဟယ်"

ဖခင်က

"အဲဒီမနက် အဖေ အရက်ကလေးနည်းနည်းသောက်တယ်၊ ပိုကာနည်းနည်း ကစားတယ်၊ မနက်လဲကျရော ပြန်မွဲသွားတာပါပဲ"

"ဒါကြောင့် ဖေဖေပက်တီဆီကိုလာတယ်ဆိုပါတော့"

"သမီးကိုတော့ ဒီလိုမလုပ်ပါဘူး ပက်တီရယ်၊ ဘယ်သူ့ဆီကမှလည်း မခိုး တော့ဘူး၊ ဖေဖေ ဖြောင့်ဖြောင့်မတ်မတ်ပဲနေသွားတော့မယ်"

"ပိုကောင်းတာပေါ့"

ဖခင်က



"မနေလို့မရတော့ဘူး၊ ဒီတစ်နည်းပဲရှိတော့တာ"

ဂျင်နီက

"ဒါပေမဲ့ ခဏတော့ နေပါဦး"

သူတို့နှစ်ယောက်စလုံး ဂျင်နီကိုဝိုင်းကြည့်နေကြသည်။ ပက်တီက ထိတ် ထိတ်ပျာပျာဖြင့်

"ဂျင်နီ နင်ဘာပြောလိုက်တာလဲ"

"အဖေ နောက်ထပ်အလုပ်ကလေးတစ်ခုထပ်လုပ်ပေးပါဦး၊ ကျွန်မအတွက် ပါ၊ ဒီည တစ်ခါလောက် ဖောက်ထွင်းပေးပါဦး"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၂)

ဂျုံးဖောတက္ကသိုလ်ဝင်းထဲသို့ သူတို့ဝင်သွားတော့မှောင်စပျိုးနေလေပြီ။ ဂျင်နီက မာစီဒီးကားကြီးကို ကျောင်းသားများကားရပ်သည့်နေရာသို့ မောင်းဝင်လိုက်တော့ ဖခင်က-

"ငါတို့မှာ သူလိုငါလိုကားမျိုးမရှိတာနာတာပဲကွာ၊ ဖို့ဒ်တောရပ်စ်အမျိုးအစား၊ ဗွစ်ရီဂဲအမျိုးအစားတို့ဆိုရင် တစ်နေ့ကိုအစီးငါးဆယ်လောက်မြင်နေရတာ၊ ဒီကားတွေဆိုရင်ဘယ်သူ့ကားရယ်လို့ တိတိကျကျဘယ်သူမှမှတ်မိမှာမဟုတ်ဘူး"

ဖခင်က အညိုရောင်သားရေလက်ကိုင်အိတ်ကြီးကိုဆွဲလျက်ကားထဲမှ ထွက်လိုက်သည်။ ရုပ်အကျီအကျား၊ တွန့်ကြေနေသော ဘောင်းဘီ၊ မသပ်မရပ်ဆံပင်နှင့် ခပ်ဟောင်းဟောင်းဖိနပ်များကိုစီးထားသည့်အတွက် သူ့ပုံမှာပါမောက္ခတစ်ယောက်နှင့် တူနေသည်။

ဂျင်နီအတွက်တော့ဆန်းနေ၏။ ဖခင်မှာ သူခိုးတစ်ယောက်ဟု နှစ်ပေါင်းများစွာသိလာခဲ့သော်လည်း မိမိအနေနှင့်မူ ကားကို မိုင်၄၀မောင်းသည်မျိုးမှတစ်ပါး ဥပဒေနှင့်ဆန့်ကျင်သည့်အလုပ်ကို မလုပ်ဖူးခဲ့။ ယခုတော့ သူမအဆောက်အဦးတစ်ခုကို ဖောက်ထွင်းဝင်ရောက်တော့မည်။အရေးကြီးသောစည်းတစ်ခုကိုကျော်ရတော့မလို ခံစားနေရ၏။ မိမိဘက်ကမှားသည်ဟုတော့မထင်။ သို့ရာတွင် စိတ်ထဲကတော့မလုံလဲ။ မိမိကိုယ်ကိုအမြဲတမ်းဥပဒေလိုက်နာသည့် နိုင်ငံသားတစ်ယောက်ဟုယူဆခဲ့သည်။ ဖခင်အပါအဝင် ရာဇဝတ်ကောင်များအား အခြားသောသတ္တဝါများအဖြစ်မှတ်ယူခဲ့



သည်။ယခုတော့ မိမိလည်းသူတို့အထဲတွင်ပါရတော့မည်။

ကျောင်းသားနှင့်ဆရာအများစုမှာအိမ်သို့ပြန်ကုန်ကြလေပြီ။နွေရာသီနေသူ အနည်းငယ်သာရှိ၏။နောက်တျခံကာ အလုပ်လုပ်သောပါမောက္ခများ၊စမျာ်ရန်ပါ၊ ရန်ထွက်လာကြသည့်ကျောင်းသားများ၊ တံခါးသော့ခတ်နေကြသောဆန်ရှင်းရေး သမားများ၊ပတ္တာရောင်လှည့်နေကြသော လုံခြုံရေးသမားများလောက်သာရှိ၏။ မိမိ အသိတွေနှင့်မတွေ့ပါစေနှင့်ဟု သာ ဂျင်နီဆုတောင်းနေမိသည်။

သူမမှာ အချိန်မရွေးပြတ်သွားနိုင်သောတင်းနေသည့်ဂစ်တာကြိုးပမာတည်း။ မိမိအတွက်ထက် ဖခင်အတွက်သာစိတ်ပူနေမိသည်။ သူသာအဖမ်းခံရလျှင်တော့ မိမိ သိက္ခာကျရတော့မည်။ သို့ရာတွင် မိမိရုံးခန်းအား ဖောက်ထွင်းမှုအတွက် မိမိကိုတရားရုံးက ထောင်မချနိုင်ပေ။ သို့ရာတွင် ဖခင်မှာသူ၏ရာဇဝတ်မှတ်တမ်းကြောင့် နှစ်နှင့်ချီ၍ ထောင်ကျသွားနိုင်ပေသည်။ ထောင်မှသူထွက်လာသည့်အခါ အတော်ပင်အသက်ကြီးနေပေတော့မည်။

လမ်းမီးများနှင့်အဆောက်အဦးမျက်နှာစာမီးများလင်းလာလေပြီ။ ဂျင်နီတို့သားအဖနှစ်ယောက်တင်းနစ်ကွင်းကိုဖြတ်ကျော်လာခဲ့သည်။တင်းနစ်ကွင်းထဲတွင် အမျိုးသမီးနှစ်ယောက် ထိန်လင်းသောမီးရောင်အောက်တွင် တင်းနစ်ရိုက်နေကြ၏။ ပြီးခဲ့သည့် တနင်္ဂနွေနေ့က မိမိတင်းနစ်ရိုက်အပြီး စတီလာ၍စကားပြောခဲ့သည်ကို အမှတ်ရမိသည်။ မိမိကသူ့ကိုချက်ချင်းပင်ခါချခဲ့၏။ သူကတော့ ယုံကြည်စိတ်အပြည့် ဖြင့်ကြည်နူးနေသည့်ပုံမျိုး။ မိမိ၏ပထမဦးဆုံးအကြိမ် အကဲဖြတ်မှုမှာ မှားယွင်းခဲ့သည်။

သူမက စိတ်ပညာဌာနအဆောက်အဦးကို မေးငေါ့ပြရင်း

"အဲဒီနေရာက ဒီအဆောက်အဦးကို လူတိုင်းကတော့ အရူးအိမ်လို့ခေါ်ကြတယ်"

"မှန်မှန်ကလေးဆက်လျှောက်၊ အဝင်ဝတံခါးပေါက်ကနေ သမီးဘယ်လိုဝင်သလဲ"

"ကျွန်မရုံးခန်းမှာသုံးတဲ့ ပလတ်စတစ်ကတ်နဲ့ပဲ ထိုးဖွင့်ပြီးဝင်ရတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ကတ်ကတော့ဖွင့်လို့မရတော့ဘူး၊တစ်ယောက်ယောက်ဆီကငှားမှဖြစ်မယ်"

"မလိုပါဘူး၊ အဖေ်တွေဘာတွေပါလာတာကိုမကြိုက်ဘူး၊ နောက်ဖေးဘက်ကိုဘယ်လိုသွားရသလဲ"

"ကျွန်မပြမယ်"

မြက်ခင်းပြင်ပေါ်ရှိ လူသွားလမ်းကလေးမှာ စိတ်ပညာဌာန၏တစ်ဖက်ဆိပ် ရှိသည်များကားရပ်သည့်နေရာဆီသို့ဦးတည်နေသည်။ဂျင်နီက ...လမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာပြီး အဆောက်အဦးအနောက်ဘက်ရှိအင်္ဂတေခင်းကွက်လပ်ဆီသို့လာခဲ့သည်။ ဖခင်မှာ ကျွမ်းကျင်သောမျက်လုံးများနှင့်အဆောက်အဦးအပေါ်ဘက်ဆီသို့ လျှောက်ကြည့်နေ၏။ ပြီးတော့ သူက

"ဟိုတံခါးက ဘာလဲ"

"မီးသတ်အရေးပေါ်တံခါးပေါက်ထင်တယ်"

"အဲဒါဆိုရင် တံခါးကိုတွန်းဖွင့်ဖို့ ခါးလောက်မြင့်တဲ့ကန့်လန့်ဖြတ်သံပိုက်ရှိနိုင်တယ်"

"ရှိမယ်ထင်တယ်၊ ကျွန်မတို့ အဲဒီကဝင်ရမှာလား"

"ဟုတ်တယ်"

ထိုတံခါး၏ အတွင်းဘက်တွင် 'ဤတံခါး၌သူခိုးဖမ်းအချက်ပေးကိရိယာရှိသည်' ဟုရေးထားသည့် ဆိုင်းဘုတ်တစ်ခုရှိကြောင်း ဂျင်နီသတိရနေသည်။ သူမက

"သူခိုးဖမ်းကိရိယာကို မမြည်အောင်လုပ်မှရမယ်ထင်တယ်"

"ဟာ့ဒ်အင်းလုပ်စရာမလိုဘူး၊ လူတွေ ဒီနောက်ဖေးဘက်ကို အတော်များများလာတတ်သလား"

သူက ဟိုကြည့်၊ ဒီကြည့်နှင့်မေးသည်။ ဂျင်နီက

"မလာဘူး၊ အထူးသဖြင့် ညဘက်မှာပေါ့"

"ကောင်းပြီ၊ ဒါဆို အလုပ်စကြမယ်"

သူက လက်ဆွဲအိတ်ကိုမြေကြီးပေါ်ချပြီးဖွင့်ကာ အတွင်းမှဒိုင်ခွက်ပါသည့် ပလတ်စတစ်ဘူးကလေးတစ်ခုကို ထုတ်ယူလိုက်သည်။ ဘူးခွံမှခလုတ်ကိုနှိပ်ပြီး တံခါးဘောင်တစ်လျှောက်ဘူးကလေးကိုလိုက်ကပ်ကြည့်ရင်း ဒိုင်ခွက်ကိုကြည့်နေသည်။ ဘူးကလေးက တံခါး၏ညာဘက်အပေါ်ထောင့်အနီးသို့ရောက်သောအခါ ဒိုင်ခွက်လက်တံမှာခုန်တက်လာ၏။ သူက ကျေနပ်ဟန်အသံတစ်ခုကိုပြုသည်။

ပြီးတော့ ဘူးကလေးကိုလက်ဆွဲအိတ်ထဲသို့ပြန်ထည့်ပြီး အလားတူကိရိယာတစ်မျိုးကိုထုတ်လိုက်ပြန်သည်။ ယင်းနှင့်အတူလျှပ်စစ်သုံးတိတ်ခွေတစ်ခွေကိုလည်းထုတ်လိုက်၏။ သူကကိရိယာကလေးကိုတံခါး၏ညာဘက်အပေါ်ထောင့်တွင် တိတ်နှင့်ကပ်လိုက်ပြီး ခလုတ်ကိုတင်လိုက်သည်။

"ဒါဆိုရင် သူခိုးဖမ်းကိရိယာမမြည်တော့ဘူး"

ထို့နောက် ယခင်က အဝတ်လှန်းကြိုးအဖြစ် သုံးခဲ့ဟန်တူသော ဝါယာကြိုးခပ်ရှည်ရှည်တစ်ခုကိုထုတ်လိုက်ပြန်သည်။ ယင်းကို သူကကွေးပြီးဖိမ်လိုက်သည်။ ပြီးမှ ချိတ်သဏ္ဌာန်ဖြစ်နေသော ထိုဝါယာကြိုးကို တံခါးကြားသို့သွင်းလိုက်၏။ ခေတ္တမျှ



ဟိုလှည့်သည်လှည့်လုပ်ကာဆွဲလိုက်သည်။

တံခါးလည်းပွင့်သွားတော့၏။ သူခိုးဖမ်းအချက်ပေးကိရိယာလည်း မမြည်တော့။ သူက လက်ဆွဲအိတ်ကိုကောက်ကိုင်လိုက်ပြီး အထဲသို့ဝင်လိုက်သည်။ ဂျင်နီက

"နေဦး၊ ဒီလိုလုပ်လို့ မဖြစ်သေးဘူးထင်တယ်၊ တံခါးကိုပြန်ပိတ်ပြီး ကျွန်မတို့ပြန်ကြရအောင်"

"လာစမ်းပါ ကြောက်မနေပါနဲ့"

"အဖေ့ကို ကျွန်မမခိုင်းရက်ဘူး၊ အဖေ့ကိုမိသွားရင်တော့ ထောင်ထဲမှာအသက် ၇၀လောက်အထိနေသွားရလိမ့်မယ်"

"ဒီကိစ္စကို အဖေကိုယ်တိုင်လုပ်ပေးချင်နေတာပါသမီးရယ်၊ အဖေဟာသမီးတို့အပေါ် အဖေဆိုးတစ်ယောက်အနေနဲ့နေလာခဲ့တာ အတော်ကြာခဲ့ပြီ၊ အခုမှသမီးကို အဖေကူညီခွင့်ရတာ၊ ဒါဟာ အဖေ့အတွက်အရေးကြီးတယ်လာပါကွယ်"

ဂျင်နီ အထဲကိုဝင်လိုက်သည်။ သူက တံခါးကိုပိတ်လိုက်ပြီး

"ရှေ့ကသွား"

သူမက ဒုတိယထပ်သို့ လှေကားမှတက်လာပြီး စင်္ကြံမှတစ်ဆင့် မိမိရုံးခန်းသို့ခပ်သွက်သွက်ကလေးလာခဲ့သည်။ ဖခင်က နောက်မှကပ်၍ပါလာ၏။ သူမက မိမိတံခါးပေါက်ဆီသို့ လက်ညှိုးထိုးပြလိုက်သည်။

ဖခင်ကလက်ဆွဲအိတ်ထဲမှ အခြားလျှပ်စစ်ကိရိယာတစ်မျိုးကိုထုတ်လိုက်ပြန်သည်။ ထိုကိရိယာတွင် အကြွေးဝယ်ကတ်အရွယ်မျှရှိသော သတ္တုပြားကလေးတစ်ခုပါရှိပြီး ယင်းနှင့်ကိရိယာအား ဝါယာကြိုးဖြင့်သွယ်ထားသည်။ သူက သတ္တုပြားကလေးကိုသော့အိမ်မှ ကတ်ပြားထည့်အပေါက်ကလေးထဲသို့ ထိုးသွင်းလိုက်ပြီး ကိရိယာခလုတ်ကိုဖွင့်ရင်း

"ဒီကိရိယာက ကတ်ပြားသုံးတဲ့ ဘယ်သော့ကိုမဆိုဖွင့်နိုင်တယ်"

ယခုလိုခေတ်မီလုံခြုံရေးကိရိယာများတပ်ဆင်ထားသည့် အဆောက်အဦးထဲသို့ သူအလွယ်တကူဝင်လာနိုင်သည့်အတွက် ဂျင်နီအံ့ဩနေမိသည်။ သူက

"သိလားသမီး၊ အဖေလုံးဝမကြောက်ဘူး"

"ဘုရား ဘုရား၊ သမီးတော့ကြောက်တယ်"

"တကယ်လား၊ အဖေ့မှာ ပုံမှန်သတ္တိတွေပြန်ဝင်လာပြီ၊ အဲဒါ သမီး ပါလာလို့ နှစ်ယောက်တွဲမိတာကြောင့်ကွာ"

သူက ရယ်ကျဲကျဲနှင့်ဆိုသည်။ ဂျင်နီက ခေါင်းခါလျက်

"အဲဒါတွေ ထားလိုက်စမ်းပါ၊ ရင်တုန်နေရတာ သမီးခံနိုင်ရည်မရှိတော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘာရင်တန် ဤနေရာသို့ရောက်လာပြီး မိမိ၏ကွန်ပျူတာနှင့်စားပွဲကို သိမ်းသွားခဲ့ပြီလားဟု စိုးရိမ်နေသည်။ သို့ဆိုလျှင် ယခုလိုစွန့်စားရကျိုးမနပ်တော့။ သူမက စိတ်မရှည်နိုင်စွာဖြင့်

"အဲဒါက ဘယ်လောက်ကြာဦးမလဲ"

"ခုပဲရတော့မှာပါ"

ခဏကြာသောအခါ တံခါးမှာငြိမ့်ငြိမ့်ကလေးပွင့်သွားတော့သည်။ ဖခင်က

"သမီး အထဲမဝင်တော့ဘူးလား"

သူမက အထဲကိုဝင်ကာမီးကိုဖွင့်လိုက်သည်။ သူမ၏ကွန်ပျူတာမှာ စားပွဲပေါ်တွင်ရှိနေဆဲ။ ဂျင်နီကစားပွဲအံဆွဲကိုဆွဲဖွင့်လိုက်သည်။ ဒစ္စကတ်များထည့်ထားသောဘူးကလေးလည်းတွေ့ရသည်။ ဒစ္စကတ်များကိုကမန်းကတန်းလှန်လှောရှာဖွေလိုက်၏။ 'ဈေးဝယ်စာရင်း'ဟုရေးထားသောဒစ္စကတ်ကလေးရှိနေသေးသည်။ သူမက ကောက်ယူကာ

"တော်ပါသေးရဲ့"

ဒစ္စကတ်ကလေးကိုရလေပြီ။ ထိုအထဲတွင်ပါသည့်အချက်အလက်များကို ကြည့်နေစရာမလို။ စိတ်ပညာဌာနမှ ကမန်းကတန်းထွက်ရမေမည်။ဒစ္စကတ်ထဲမှ အချက်အလက်များကို ဤနေရာတွင်ပင်ကြည့်ချင်သေး၏။အိမ်တွင် မိမိကွန်ပျူတာမရှိတော့။ ဖခင်က ရောင်းစားပစ်လိုက်လေပြီ။ ဤဒစ္စကတ်ကိုကြည့်နိုင်ရန် ကွန်ပျူတာတစ်လုံးငှားရပေဦးမည်။ ထိုသို့ငှားရန်အချိန်ကလည်းကုန်၊ အကြောင်းကလည်းပြနေရဦးမည်။

စမ်းကြည့်ရပေဦးမည်။ သူမ ဆုံးဖြတ်လိုက်၏။ သူမကကွန်ပျူတာကိုဖွင့်လိုက်ပြီး စောင့်နေ၏။ ဖခင်က

"သမီး ဘာလုပ်နေတာလဲ"

"ဒစ္စကတ်ထဲကဟာတွေကိုဖတ်မလို့"

"အိမ်မှာဖတ်လို့မရဘူးလား"

"အိမ်မှာကွန်ပျူတာမရှိတော့ဘူးဖေဖေ၊ အခိုးခံလိုက်ရတယ်"

"ဒါဆိုလည်း မြန်မြန်လုပ်"

သူက ပြတင်းပေါက်ဆီသို့ သွားပြီးအပြင်သို့လှမ်းကြည့်လိုက်သည်။ ကွန်ပျူတာပွင့်လာသဖြင့် ဒစ္စကတ်ကိုကွန်ပျူတာထဲထည့်လိုက်သည်။ ပြီးတော့ ပရင်တာခလုတ်ကိုဖွင့်လိုက်၏။

အချက်ပေးကိရိယာအသံများပေါ်လာသည်။ ဂျင်နီမှာမိမိနှလုံးရပ်သွားသည်



ဟုပင် ထင်လိုက်ရသည်။ အသံကကျယ်လောင်လှ၏။ သူမက

"ဘာဖြစ်တာလဲ"

ဖခင်မှာလည်း ကြောက်လွန်းသဖြင့် မျက်နှာတွေဖြူရော်သွားသည်။ သူက

"ဟိုမှာတပ်ခဲ့တဲ့ကိရိယာတစ်ခုခုဖြစ်သွားသလား၊ ဒါမှမဟုတ် ဆဲဗ်ကိရိယာကို အစ်ယောက်ကဆွဲဖြုတ်သလားမသိဘူး၊ ဖေဖေတို့မလွယ်တော့ဘူး၊ ဂျင်နီပြေး၊ ပြေး"

သူမမှာ ကွန်ပျူတာထဲမှ ဒစ္စကတ်ကိုဆွဲနှုတ်ပြီး ကဆုန်ပေါက်ပြေးချင်သည်။ သို့သော် စိတ်ကိုတင်းကာ ခေါင်းအေးအေးထားရန်ကြိုးစားလိုက်၏။ အကယ်၍ မိမိအဖမ်းခံရပြီး ဒစ္စကတ်ကိုပြန်ယူသွားလျှင် အရာရာဆုံးရှုံးရပြီတည်း။ ဤဒစ္စကတ်ထဲမှအချက်အလက်များမိမိကြည့်ရမှုဖြစ်မည်။သူမကဖခင်၏လက်မောင်းကို ကိုင်လျက်

"ခဏလေးပါ အဖေ"

သူက ပြတင်းပေါက်မှ

"ဒုက္ခပါပဲ၊ ဟိုဟာ လုံခြုံရေးသမားနဲ့တူတယ်"

"ဒီထဲကဟာတွေကို ကျွန်မကူးချင်လို့ ခဏစောင့်ပါဦး"

ဖခင်က တုန်ရီလျက်

"မစောင့်နိုင်တော့ဘူး ဂျင်နီ၊ စောင့်လို့မဖြစ်ဘူး၊ အဖေတောင်းပန်ပါတယ်"

သူက လက်ဆွဲအိတ်ကြီးကိုဆွဲယူကာ ပြေးတော့သည်။ ဂျင်နီက ဖခင်အား သနားသွားမိသည်။ မိမိအလုပ်ကိုလည်း ရပ်၍မဖြစ်။ ယခုအချိန်ထိ ဘာမှမဖြစ်သေး။ ကွန်ပျူတာမှအလုပ်မလုပ်သေး။ သူမကကျိန်ဆဲပစ်လိုက်မိ၏။ ပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ လုံခြုံရေးသမားနှစ်ယောက်မျက်နှာစာပေါက်မှ ဝင်လာနေသည်ကို တွေ့လိုက်ရသည်။

သူမက အခန်းတံခါးကိုပိတ်လိုက်၏။ ပြီးတော့ကွန်ပျူတာကိုစိုက်ကြည့်ရင်း

"မြန်မြန်လုပ်စမ်းပါ၊ မြန်မြန်လုပ်စမ်းပါ"

နောက်ဆုံးတွင် စက်မှ အသံမြည်လျက် အသင့်ထိုးပေးထားသော စာရွက်ကို ဆွဲယူသွားတော့သည်။ ထို့နောက် သူမကဒစ္စကတ်ကိုထုတ်ယူ၍ အပေါ်အင်္ကျီအိတ်ထဲသို့ထည့်လိုက်၏။

ကွန်ပျူတာမှာ စာရွက်လွှေးရွက်ကို ကူးပေးပြီးနောက် ရပ်သွားတော့သည်။ ရင်တွေလည်း တဒိန်းဒိန်းခုန်နေ၏။ ဂျင်နီကူးထားသည့်စာရွက်များကို ခပ်သုတ်သုတ် လှော်ကဖတ်ကြည့်လိုက်သည်။

အတွဲပေါင်းသုံးလေးဆယ်ခန့်ပါသည်။ အများစုမှာ ယောကျ်ားများဖြစ်၏။ ဤသည်မှာလည်း မဆန်း။ ရာဇဝင်မှုကျူးလွန်သူများအများစုမှာ ယောကျ်ားများသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အချို့လိပ်စာများမှာထောင်အမည်များသာဖြစ်၏။ စာရင်းမှာ မိမိမျှော်လင့်ထားသည့်အတိုင်းဖြစ်သည်။မိမိထူးထူးခြားခြားသိချင်နေသည့်အချက်တစ်ချက်ရှိသည်။ သူမက စတီလိုဂန်သို့မဟုတ် ဒင်းနစ်ပင်ကာဟူသော နာမည်များကိုလိုက်ရှာနေသည်။

ထိုနာမည်နှစ်ခုလုံးကိုတွေ့ရသည်။ သူတို့နှင့်တွဲလျက်ဝိန်း စတက်နာဟူသော တတိယတစ်ယောက်ကိုတွေ့လိုက်ရသည်။

"ဟုတ်ပြီ"

ဂျင်နီ ဝမ်းသာအာရအော်မိသည်။ လိပ်စာမှာ နယူးယောက်မြို့တွင်ဖြစ်ပြီး ဖုန်းနံပါတ်လည်းပါသည်။

ဝိန်းစတက်နာဟူသောနာမည်ကိုကြည့်ရင်း၍လူသည်လစ်ဆာကို စော်ကားသွားပြီး မိမိအား ဖီလ်ဒဲဖီးယားမြို့တွင်အတင်းကြံစည်ခဲ့သည့်လူဖြစ်ရမည်ဟုတွက်သည်။ သူမက ဆဲရေးလိုက်ပြီး

"နင့်ကို ငါတို့မိအောင်ဖမ်းမယ်"

ပထမဆုံး ဤအချက်အလက်များနှင့်အတူ လွတ်အောင်ပြေးဖို့လိုသည်။ သူမက စာရွက်များကိုအိတ်ထဲထည့်၍ မီးပိတ်ကာတံခါးကိုဖွင့်လိုက်သည်။

သူခိုးဖမ်းအချက်ပေးကိရိယာမြည်သံကို ကျော်၍စကားပြောသံများကြားလိုက်ရသည်။ မိမိသိပ်နောက်ကျသွားလေပြီ။ တံခါးကိုဂရုတစိုက်ပြန်ပိတ်လိုက်၏။ နောက်ပြန်မှီကာအသံများကိုနားစွင့်လိုက်သည်။ လူတစ်ယောက်အော်ပြောသံကိုကြားလိုက်ရ၏။

"သည်အခန်းတစ်ခန်းခန်းမှာ စောစောကမီးဖွင့်ထားတာတွေ့တယ်၊ သေချာတယ်"

အခြားအသံတစ်သံက

"တစ်ခန်းချင်းလိုက်စစ်ကြည့်ကြရအောင်"

အပြင်မှဝင်လာသည့်လမ်းမီးရောင်မှိန်မှိန်နှင့် ဂျင်နီအခန်းကိုလှည့်ပတ်ကြည့်လိုက်၏။ ပုန်းစရာနေရာလည်းမရှိ။

တံခါးကိုအနည်းငယ်ဟကြည့်လိုက်သောအခါ အပြင်တွင်ဘာမျှလည်းမတွေ့ရ။ အသံလည်းမကြားရ။ ခေါင်းကိုအသာပြူကြည့်လိုက်သည်။ စင်္ကြံတစ်ဖက်ထိပ်ဆီမှ အခန်းတစ်ခန်းတွင် အတွင်းမှမီးရောင်မှထွက်နေသည်ကိုတွေ့လိုက်ရသည်။ သူမစောင့်ကြည့်လိုက်သောအခါ အစောင့်များပြန်ထွက်လာပြီးမီးကိုပိတ်ကာ တံခါးများပြန်ပိတ်လိုက်သည်ကိုတွေ့လိုက်ရ၏။ပြီးတော့ နောက်တစ်ခန်းဖြစ်သည့်ဓာတ်ခွဲခန်း



ထဲသို့ဝင်ကြပြန်သည်။ သူတို့ဝင်ရှာနေလျှင် တစ်မိနစ်နှစ်မိနစ်သောက်တော့ ကြာဦးမည်။သူတို့ဝင်နေတုန်း မိမိအချိန်မီသူတို့ကိုဖြတ်ကျော်၍ လှေကားဆီသို့သွားနိုင်ပါမည်လား။

ဂျင်နီကစင်္ကြံထဲသို့ထွက်ကာ တုန်ရင်သောလက်များဖြင့် တံခါးကိုပြန်ပိတ်လိုက်သည်။သူမစင်္ကြံအတိုင်းလျှောက်လာသည်။ အပြေးသွားချင်စိတ်ကိုမနည်းထိန်းထားရ၏။

ဓာတ်ခွဲခန်းတံခါးပေါက်ကိုကျော်မိလေပြီ။ အထဲသို့တစ်ချက်လှမ်းကြည့်ချင်စိတ်ကိုထိန်းမရ။ အစောင့်နှစ်ယောက်စလုံး မိမိကိုကျောပေးထားသည်။ တစ်ယောက်ကစာရေးကိရိယာထည့်ထားသော ဗီရိုကိုလိုက်ကြည့်နေသည်။ နောက်တစ်ယောက်က ဒီအင်န်အေများကို စမ်းသပ်ရိုက်ကူးထားသော ဖလင်များအား အလင်းပေါက်အိမ်တွင်တင်ကြည့်နေသည်။ မိမိကိုသူတို့မမြင်။

လှေကားသို့ရောက်တော့မည်။ စင်္ကြံအဆုံးသို့ရောက်သောအခါ သူမက ဆင်နားရွက်တံခါးကိုဖွင့်လိုက်၏။ ရှေ့သို့လှမ်းမည်ပြုစဉ် အသံတစ်သံက

"ဟေ့ ဟေ့ ရပ်စမ်း"

စိတ်ထဲတွင် ထွက်ပြေးချင်စိတ်ပေါက်မိသည်။ သို့ရာတွင် သူမကထိန်းထားလိုက်၏။ထို့နောက် ဆင်နားရွက်တံခါးကိုလွှတ်လိုက်ပြီး ပြန်လှည့်ကာပြုံးပြလိုက်သည်။အစောင့်နှစ်ယောက်မှာ သူမထံသို့ပြေးလာကြသည်။ သူတို့နှစ်ယောက်စလုံး အသက် ၅၀ကျော်ခန့်စီရှိကြပြီး ရဲတပ်ဖွဲ့မှအနားယူထားသူများဖြစ်ဟန်တူပေသည်။

ဂျင်နီမှာ လည်ချောင်းတွေကျုပ်ပြီး သက်ပင်မရှူရဲ။ သူမက

"မင်္ဂလာပါရှင်၊ လူကြီးမင်းတို့ကို ကျွန်မဘာအကူအညီပေးရမလဲ"

သူခိုးဖမ်းအချက်ပေးကိရိယာအသံကြားမှ သူမ၏အသံကပေါ်လာသည်။

"အဆောက်အဦးထဲက သူခိုးဖမ်းအချက်ပေးကိရိယာမြည်နေတယ်"

"ဖောက်ထွင်းဝင်လာတဲ့သူရှိလို့လား"

"ဖြစ်နိုင်တယ်၊ တစ်ခုခုမသင်္ကာစရာတွေ့တာကြားတာများရှိသလားပါမောက္ခခင်ဗျား"

အစောင့်များက မိမိအားပါမောက္ခဟုဖြင့်ထင်နေကြသည်။ ဤသည်မှာ ကောင်းသောအချက်ပင်။

"ကျွန်မ မှန်ဗွဲသံလိုလိုတော့ကြားလိုက်သလိုပဲ။အသံကအပေါ်ထပ်ကလာတာ၊ ဘာရယ်လို့တော့အသေအချာမသိဘူး"

အစောင့်နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သွားကြည့်ရအောင်"

တစ်ယောက်ကဆိုသည်။ အခြားတစ်ယောက်က သိပ်စိတ်မပါဟန်ဖြင့်

"ဆရာမအကျီအိတ်ထဲမှာ ဘာတွေပါလိမ့်"

"စာရွက်တချို့ပါ"

"ကျွန်တော်ကြည့်လို့ရမလား"

ဂျင်နီက စာရွက်များကိုမည်သူ့ကိုမျှမပေးလို။ ယင်းတို့မှာ အလွန်အဖိုးတန်လှ၏။သူမကခွင့်ပြုမည်ဟန်ဆောင်ပြီး စိတ်ပြောင်းသွားသည့်သဘောမျိုးဖြင့် စာရွက်များကို ခေါက်၍ပြန်ထည့်ပြီး

"အခုမှသတိရတယ်၊ ရှင်တို့ကြည့်လို့မဖြစ်ဘူး၊ ဒါတွေကအတွင်းရေးတွေ"

"ကျွန်တော်တို့ကတော့ ကြည့်ရမှဖြစ်မယ်၊ ကျွန်တော်တို့သင်ကြားလာရတာ အစာရွက်စာတမ်းဆိုတာ ဘာမဆိုသိပ်အဖိုးတန်တာမျိုးတဲ့"

"သူနိုးဖမ်းအချက်ပေးကိရိယာမြည်တာနဲ့ပဲ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာပေးစာတွေကို ကျွန်မရှင်တို့ကိုမပြနိုင်ဘူး"

"ဒါဆိုရင်လည်း လုံခြုံရေးရုံးမှာ ကျွန်တော်တို့ရဲ့ကြီးကြပ်ရေးမှူးနဲ့လိုက်စကားပြောပါ"

"ကောင်းပြီ ကျွန်မ ရှင်တို့ကိုအပြင်မှာတွေ့မယ်"

သူမကပြောပြီး ဆင်နွှားရှက်တံခါးကိုဖွင့်ကာ လှေကားမှခပ်သုတ်သုတ်ကလေးဆင်းလာသည်။ အစောင့်များက နောက်မှပြေးလိုက်လာရင်း

"နေဦးလေ"

သူမက အောက်ထပ်ရှိဝင်ပေါက်ခန်းမသို့ရောက်မှ သူတို့အား အမိခံလိုက်သည်။ တစ်ယောက်က သူမ၏လက်မောင်းကိုကိုင်ကာတံခါးကိုဖွင့်လိုက်၏။ သူတို့အပြင်သို့ထွက်လာကြသည်။ သူမက

"ကျွန်မလက်ကိုကိုင်စရာမလိုပါဘူး"

"တိုင်မှဖြစ်မယ်"

ပြေးရင်း အစောင့်မှာ လှေကားမှပြေးလိုက်လာသည့်အရှိန်ကြောင့်မောနေသည်။ သူမက အစောင့်၏လက်ကောက်ဝတ်ကို ကိုင်ကာညှစ်လိုက်သည်။ အစောင့်မှာ 'အား' ဟုအော်ကာ လက်လွှတ်လိုက်သည်။ ဤတွင် ဂျင်နီပြေးတော့သည်။ သူတို့က နောက်မှလိုက်လျက်

"ဟေ့ ခွေးမရပ်စမ်း"

သူတို့လိုက်၍မမီ။ သူမမှာ သူတို့ထက်အသက်အစိတ်လောက်ငယ်ပြီး



ပြိုင်မြင်းတစ်ကောင်မှာတည်း။ သူတို့နှင့် ပို၍ဝေးလာသည်နှင့်အမျှ ကြောက်စိတ်များပျောက်လာသည်။သူမကလေ၏အဟုန်ကဲ့သို့ပြေးရင်းရယ်နေသည်။ သူတို့က ကိုက်အနည်းငယ်မျှလိုက်ပြီး လက်လျှော့လိုက်ကြ၏။ သူမကပြန်လှည့်ကြည့်လိုက်သောအခါ နှစ်ယောက်သားမောပြီးခါးတွေကုန်းနေကြသည်။

ဂျင်နီက ကားရပ်နေသည့်နေရာအထိပြေးလာခဲ့၏။ ဖခင်မှာ သူမကားဘေးတွင်ရပ်နေသည်။သူမကကားကိုသော့ဖွင့်ပြီး နှစ်ယောက်သားဝင်လိုက်ကြသည်။ ဂျင်နီက ကားကိုမီးမဖွင့်ဘဲတအားမောင်းထွက်လာခဲ့၏။

"အဖေတောင်းပန်ပါတယ် ဂျင်နီ၊အဖေဟာ ကိုယ့်အတွက်ကိုယ်မလုပ်ရဲပေမယ့် သမီးအတွက်လုပ်ရဲမယ်လို့ထင်ခဲ့တာ၊ ဒါပေမဲ့အလကားပဲ၊ အခုမ မဟုတ်တော့ဘူး၊ သမီး၊ အဖေ နောက်ဘယ်တော့မှမခိုးတော့ဘူး"

"ဒါဟာ ကောင်းသောသတင်းပဲ၊ ကျွန်မလိုချင်တာလည်းရပြီလေ"

"အဖေဟာ သမီးအတွက်ဖခင်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်၊ ဒါပေမဲ့ အခုမှစဖို့ဆိုတာ သိပ်နောက်ကျသွားပြီ"

ဂျင်နီက ကျောင်းဝင်းထဲမှလမ်းပေါ်သို့ကားကိုမောင်းထွက်ရင်း ရှေ့မီးများကိုဖွင့်ကာ

"နောက်မကျသေးပါဘူးဖေဖေ၊ တကယ်ပြောတာ"

"ဟုတ်ပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် အဖေ သမီးအတွက်တော့ အတတ်နိုင်ဆုံးကြိုးစားခဲ့တယ်မဟုတ်လား"

"အဖေ့ကြောင့် ကျွန်မ အထဲကိုရောက်နိုင်တာ၊ ကျွန်မတစ်ယောက်တည်းဆိုဒီလိုလုပ်လို့မရနိုင်ဘူး"

"အင်း သမီးပြောတာလဲဟုတ်ပါလိမ့်မယ်"

သူမက အိမ်ကိုအမြန်ဆုံးမောင်းလာခဲ့သည်။ စာရွက်ထဲမှဖုန်းနံပါတ်ကို သူမဆက်ကြည့်ချင်နေ၏။ ထိုဖုန်းနံပါတ်မှာ နံပါတ်ဟောင်းဖြစ်နေလျှင်တော့ ပြဿနာပင်။ ဝိန်းစတက်နာ၏အသံကို ကြားချင်နေသည်။

တိုက်ခန်းထဲကိုရောက်ရောက်ချင်း ဖုန်းကိုကောက်ကိုင်ကာထိုနံပါတ်ကိုလှည့်လိုက်သည်။

တစ်ဖက်မှ ယောကျာ်းတစ်ယောက်၏အသံက

"ဟဲလို"

ထိုအသံမျှလောက်နှင့် အကဲခတ်၍မရသေး။ သူမက

"ဝိန်းစတက်နာနဲ့ စကားပြောပါရစေရှင်"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်၊ ဝိန်း စကားပြောနေပါတယ်၊ အခုပြောနေတာဘယ်သူလဲ”

စတီ၏အသံနှင့် အတော်ပင်တူသည်။ သူမစိတ်ထဲမှသူ့ကိုကျိန်ဆဲပစ်လိုက်မိသည်။ သူမက မကျေနပ်သည်ကိုမြိုသိပ်လျက်

“မစ္စတာစတက်နာ ကျွန်မဈေးကွက်လေ့လာရေးကုမ္ပဏီတစ်ခုကပါ၊ ကျွန်မတို့ကုမ္ပဏီအနေနဲ့ ရှင့်ကိုရွေးချယ်ပြီး အထူးကမ်းလှမ်းချက်တစ်ခုလုပ်ချင်ပါ..”

“သွားသေလိုက်ပါလား”

ဝိန်းက ပြောပြီး ဖုန်းချသွားသည်။ ဂျင်နီက ဖခင်အား

“သူပဲအဖေ၊ စတီနဲ့လည်း အသံချင်းတူတယ်၊ စတီကစကားပြောတဲ့အခါ ပိုယဉ်ကျေးတာတစ်ခုပဲ”

သူမက ဖခင်အား အတိုချုံးရှင်းပြလိုက်သည်။ ဖခင်ကလည်း အကြမ်းဖျင်းသဘောပေါက်သွား၏။ သို့ရာတွင် သိပ်မရှင်းသေးသဖြင့်

“သမီးဘာလုပ်မလဲ”

“ရဲကိုတိုင်မယ်”

သူမက တယ်လီဖုန်းကို ဖိုမဆိုင်ရာဌာနသို့ဆက်လိုက်ပြီး ရဲကြပ်ကြီးမစ်ရှ်နှင့်စကားပြောလိုကြောင်း ပြောလိုက်သည်။ ဖခင်ကအံ့သြသလို ခေါင်းတရမ်းရမ်းလုပ်ကာ

“အဖေ့အနေနဲ့တော့ ရဲတွေနဲ့အလုပ်လုပ်ဖို့သိပ်မလွယ်ဘူး၊ ဒီရဲကြပ်ကြီးကတော့ အဖေတွေ့ဖူးသမျှ တခြားရဲစုံထောက်တွေနဲ့ကွာမယ်ထင်ပါတယ်”

“ကွာမှာပါအဖေ”

မစ်ရှ်တစ်ယောက် သူ့စားပွဲတွင်ရှိတော့မည်မထင်။ညဇနာရီရှိလေပြီ။ မရှိလျှင်လည်း သူမထံအရေးပေါ်အကြောင်းကြားပေးရန်ပြောမည်။ သို့သော် ကံကောင်းသဖြင့် သူမရှိနေ၏။

“ကျွန်မလည်း စာရွက်စာတမ်းကိစ္စလေးလုပ်နေရလို့၊ ကဲ ဘာလဲဆို”

“စတီလိုဂန်နဲ့ ဒင်းနစ်ပင်ကာတို့ဟာ နှစ်မြွာပူးမဟုတ်ဘူး”

“ကျွန်မထင်တာက..”

“သူတို့က သုံးမြွာပူးတွေပါ”

တစ်ဖက်မှ အတန်ကြာအောင်ငြိမ်သွားသည်။ မစ်ရှ်ပြောလာသောအခါ အတော်ပင် ထိန်းထိန်းသိမ်းသိမ်းရှိလှ၏။

“ရှင်က ဘယ်လိုလုပ်သိတာလဲ”

“သွေးဘက်ဆိုင်ရာအချက်အလက်တွေထဲက တူညီတာတွေကို လိုက်ရှာနေရာက စတီနှင့်ဒင်းနစ်တို့ကို ကျွန်မတွေ့ခဲ့တယ်လို့ပြောဖူးတယ်နော်”



“ဟုတ်တယ်”

“ဒီအပတ်ထဲမှာ ကျွန်မ အက်ဖ်ဘီအိုင်ဌာနကလက်ဗွေပုံစံမှတ်တမ်းတွေထဲမှာ တူတာတွေကိုလိုက်ရှာကြည့်တယ်၊ အဲဒီအထဲကနေ စတီရယ်၊ ဒင်းနစ်ရယ် အပြင် တတိယတစ်ယောက်ကိုထပ်တွေ့တယ်”

“သူတို့မှာ လက်ဗွေပုံစံတွေကအတူတူပဲလား”

“တစ်ထေရာတည်းတော့မဟုတ်ဘူး၊ ဆင်တာ၊ ကျွန်မ အဲဒီတတိယလူကို ဖုန်းဆက်ကြည့်တယ်၊ သူ့အသံက စတီရဲ့အသံနဲ့သိပ်တူတယ်၊ သူတို့နှစ်ယောက် ရုပ်ချင်းဆင်ရမယ်လို့ ကျွန်မအတတ်ပြောရဲတယ်၊ ကျွန်မပြောတာယုံပါ”

“ရှင့်မှာ သူ့လိပ်စာရှိလား”

“ရှိတယ်၊ နယူးယောက်မြို့မှာ”

“ကျွန်မကိုပေးစမ်းပါ”

“တစ်ခုတော့ ပြောရမယ်”

“ဂျင်နီရယ်၊ ကျွန်မက ရဲပါ၊ ကျွန်မကို ဈေးဆစ်မနေပါနဲ့၊ မေးတာသာဖြေပါ၊ အဲဒီလိပ်စာပေးပါ”

“ကျွန်မသေချာအောင်လုပ်ချင်သေးတယ်၊ ကျွန်မသူ့ကိုတွေ့ချင်တယ်”

“ရှင် ထောင်ကျချင်သလား၊ ရှင် အဲဒီလိပ်စာကျွန်မကိုမပေးရင်တော့ အဲဒီလိုပဲမေးရလိမ့်မယ်”

“မနက်ဖြန် ရှင်ရော၊ ကျွန်မရောနှစ်ယောက်စလုံးသွားတွေ့ချင်တယ်”

“ရှင့်ကို တရားခံအားပေးအားမြှောက်မှုနဲ့ ကျွန်မထောင်ချပစ်ရင် ကောင်းမယ်ထင်တယ်”

“မနက်ဖြန် နယူးယောက်မြို့မနက် လေယာဉ်ခေါက်ကို ကျွန်မတို့မီမယ်ထင်တယ်”

“ကောင်းပြီလေ”

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၃)

သူတို့နံနက်၆နာရီ ၄၀မိနစ် လေယာဉ်ခေါက်ဖြင့် နယူးယောက်မြို့သို့ရောက် ခဲ့ကြသည်။ဂျင်နီမှာများစွာမျှော်လင့်ထား၏။ဤသည်မှာ စတီ၏အိပ်မက်ဆိုးကြီး အတွက်နိဂုံးဖြစ်နိုင်သည်။ ညကသူ့ထံသို့ မိမိဖုန်းဆက်ပြီး နောက်ဆုံးအခြေအနေများ ကိုပြောပြလိုက်သည်။သူကလည်းအတော်ပင်အားတက်နေ၏။သူက နယူးယောက်မြို့ သို့လိုက်ချင်သည်ဟုဆိုသည်။ သို့ရာတွင် ရဲစုံထောက်မစ်ရှ်ကလက်ခံမည်မဟုတ် နောက်ထပ် သိရှိမည့်အချက်အလက်များရှိလျှင် မိမိဖုန်းဆက်ပါမည်ဟု ကတိပေး ခဲ့သည်။

မစ်ရှ်က သံသယစိတ်ကိုသည်းခံ၍ထိန်းထားနိုင်သည်။ ဂျင်နီ ပြောစကားများ ကို သိပ်မယုံချင်။ သို့သော် ဟုတ်၊ မဟုတ်ကြည့်ဖို့လိုလိမ့်မည်။

စတက်နာ၏လက်ဗွေပုံစံ အဘယ်ကြောင့်အက်ဖ်ဘီအိုင်ဖိုင်ထဲသို့ရောက်နေ သည်ကို ဂျင်နီ၏အချက်အလက်များတွင်မတွေ့ရှိရ။ သို့သော် မစ်ရှ်က ညတွင်းချင်း စုံစမ်းပြီး ထိုအကြောင်းများကိုလေယာဉ်ပေါ်ရောက်မှ ဂျင်နီအားပြောပြသည်။ လွန် သည့်၃နှစ်က ၁၄နှစ်သမီးကလေးတစ်ယောက်ပျောက်သွားသဖြင့် မိဘများကစိတ် ပြီးလိုက်ရှာရာ နယူးယောက်မြို့ရှိစတက်နာ၏တိုက်ခန်းတွင်တွေ့ခဲ့ရသည်။ မိဘများ က သူ့အားပြန်ပေးဆွဲသည်ဟုစွပ်စွဲသည်။သူကငြင်းသည်။ ကလေးမကလေးကလည်း မိမိကိုယ်တိုင်သူ့ကိုချစ်နေပါသည်ဟုပြောခဲ့သည်။ထိုစဉ်က ဝိန်းစတက်နာမှာ အသက် ၁၉နှစ်သာရှိသေးသည်။ သို့ဖြင့် နောက်ဆုံးတွင် အမှုမလုပ်ကြတော့။



ဤသည်ကိုကြည့်ခြင်းဖြင့် စတက်နာမှာ မိန်းမကျသူတစ်ယောက်ဟု ထင် စရာရှိသည်။သို့သော် ဂျင်နီအနေနှင့်မူ ဤသည်မှာ မိန်းကလေးများအားစော်ကား တတ်သူတို့၏စိတ်ဓာတ်မျိုးနှင့်မညီဟုယူဆသည်။သို့သော် မစ်ရှ်က ထိုသို့ပုံသေ ကားချယူ၍မရဟုဆိုသည်။

မိမိ ဖီလဒဲဖီးယားမြို့သို့သွားစဉ်က မိမိအားစော်ကားရန်ကြိုးစားသူတစ် ယောက်အကြောင်းကိုတော့ မစ်ရှ်အားဂျင်နီမပြောပြခဲ့။ကိုယ့်မှာ စတီမဟုတ်ဟုပြော လျှင်လည်းမစ်ရှ်ယုံမည်မဟုတ်။မစ်ရှ်က စတီအားကိုယ်တိုင်မေးမြန်းကြည့်ပေလိမ့် မည်။ထိုသို့မေးရန်ကားမလို။ ထို့ကြောင့်လည်း ယမန်နေ့က မိမိအား တယ်လီဖုန်း နှင့်ခြိမ်းခြောက်သည့်လူ အကြောင်းကိုလည်း မပြောပြခဲ့။ ထိုအကြောင်းကို မည်သူ့ကိုမျှ ဂျင်နီ ပြောမပြသေး။ စတီကိုပင် ပြောမပြခဲ့။ သူ့ပို၍စိတ်ပူမှာစိုးလို့လေ။

လေဆိပ်သို့ စနံ့ာရီထိုးပြီးမှရောက်ကြသည်။ထို့နောက် အငှားကားဖြင့် နယူး ယောက်မြို့ထဲသို့လာခဲ့ကြ၏။ ဝိန်းစတက်နာမှာ မြို့လယ်၌နေထိုင်သည်။

နေသာသောစနေနေ့ဖြစ်၍ လမ်းများပေါ်၌ ဝယ်ခြမ်းသွားလာနေကြသော လူငယ်များကိုတွေ့ရ၏။

နယ်ခံရဲစုံထောက်က အဆောက်အဦးအပြင်ဘက်တွင်ကားတစ်စီးဖြင့် သူတို့ ကိုစောင့်နေသည်။ ထိုရဲက လက်ဆွဲနှုတ်ဆက်ပြီး သူ့ကိုယ်သူဟပ်ရိတ်အဖြစ်မိတ်ဆက် သည်။ သူ့ကိုကြည့်ရသည်မှာ အလုပ်နည်းသူဖြစ်မည်။

"စနေနေ့ကြီးမှာတောင် အခုလိုကျွန်မတို့ကိုကူညီဖို့ထွက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

မစ်ရှ်ကဆိုသည်။ဓာတ်လှေကားရပ်သွား၏။ဓာတ်လှေကားတံခါးပွင့်လိုက် သောအခါ အခြားတံခါးတစ်ခုကကပ်လျက်သားပေါ်လာသည်။ ထို့ကြောင့် ဓာတ်လှေ ကားထဲမှသူတို့ထွက်၍မရသေး။မစ်ရှ်က လူခေါ်ခေါင်းလောင်းကိုနှိပ်လိုက်သည်။ အတန် ကြာအောင်အသံမကြားရ။ဟပ်က ဓာတ်လှေကားတံခါးကိုဖွင့်ပေးထားသည်။ ဝိန်းတစ် ယောက် စနေရုံးပိတ်ရက်အပြင်မထွက်ပါစေနှင့်ဟု ဂျင်နီဆုတောင်းနေမိ၏။ ဂျင်နီမှာ စိတ်စောနေသည်။မစ်ရှ်က လူခေါ်ခေါင်းလောင်းခလုတ်ကိုဆက်၍နှိပ်ထားသည်။ နောက်ဆုံးတွင် အတွင်းမှ အသံတစ်သံက

"ဘယ်ကဟာတွေလဲကွ"

သူမှသူပဲ။ ထိုအသံကိုကြားလိုက်သည်နှင့် ဂျင်နီမှာကျောထဲတွင် စိမ့်သွား အောင်ကြောက်သွားမိ၏။ ဟပ်က

"ရဲတွေကွ တံခါးဖွင့်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ အသံရှင်မှ လေသံပြောင်းသွားပြီး

"ခင်ဗျားတို့ရဲ့ ရဲမှတ်ပုံတင်ကတ်တွေကို ခင်ဗျားတို့ရှေ့မှာရှိတဲ့မှန်ပြတင်းပေါက်ရှေ့မှာထောင်ပြကြပါ"

ဟပ်က သူ၏ရဲစုံထောက်တံဆိပ်ကိုထောင်ပြလိုက်သည်။

"ကောင်းပါပြီ၊ ခဏနေော်"

ဟုတ်ပေပြီ။ မိမိသူ့ကိုတွေ့ရတော့မည်ဟူ၍ ဂျင်နီတွေးနေ၏။ တံခါးဖွင့်လိုက်သောအခါ ခေါင်းစုတ်ဖွားနှင့်ဖိနပ်မပါသောလူငယ်တစ်ယောက် အိပ်ရာခင်းကိုပတ်လျက် တွေ့ရသည်။

ဂျင်နီ သူ့ကိုစိုက်ကြည့်ရင်းစိတ်ဂဏှာမငြိမ်ဖြစ်မိသည်။ သူသည် စတီ၏ကိုယ်ပွားပင်တည်း။ ဆံပင်မည်းနေသည်သာပြောစရာရှိသည်။ ဟပ်က

"ဝိန်းစတက်နာနော်"

"ဟုတ်ပါတယ်"

သူ ဆံပင်ကိုဆေးဆိုးထားခြင်းဖြစ်မည်။ မနေ့ကသို့မဟုတ် ကြာသပတေးနေ့ညက ဆိုးထားခြင်းဖြစ်မည်။

"ငါက ရဲစုံထောက်ဟတ်ရိတ်ပါ"

"ကျွန်တော်လည်း ရဲအဖွဲ့ကိုအမြဲတန်းအကူအညီပေးခဲ့တာပဲ"

သူကပြောပြီး မစ်ရှိနှင့်ဂျင်နီတို့ကို လှည့်ကြည့်သည်။ မိမိအား မှတ်မိသည့်လက္ခဏာမျိုးမတွေ့ရ။ သူကပင်

"ကဲ အထဲဝင်ကြပါဦး"

သူတို့ အထဲဝင်လိုက်ကြသည်။ပြတင်းပေါက်မရှိသောအိမ်ရှေ့ခန်းတွင် အနက်ရောင်ဆေးသုတ်ထားသည်။ဆေးကျောင်း၌အသုံးပြုသောလူအရိုးစုကြီးတစ်ခု အခန်းထောင့်၌ရှိနေ၏။သို့ရာတွင် အရိုးစု၏ပါးစပ်ထဲတွင် အနီရောင်ပဝါတစ်ခုကိုထိုးထည့်ထားပြီး လက်တွင်လည်းရဲများသုံးသည့်လက်ထိပ်များဖြင့်ခတ်ထားသည်။

ဝိန်းက သူတို့အား အနီရောင်တံခါးပေါက်တစ်ခုမှခေါ်သွားပြီး မျက်နှာကျက်မြင့်မြင့်အခန်းထဲသို့ရောက်လာသည်။ပြတင်းပေါက်များကို အနက်ရောင်ကတ္တီပါလိုက်ကာများဖြင့်ပိတ်ထားပြီး အခန်းတွင်း၌မီးအိမ်မှိန်မှိန်ကလေးတစ်လုံးထွန်းထား၏။နံရံတစ်ခုပေါ်တွင် နာဇီအလံကြီးတစ်ခုအပြည့်ကပ်ထားသည်။အကျီချိတ်စင်တစ်ခုပေါ်တွင် ကြာပွင့်မျိုးစုံကိုတင်ထားပြီး ယင်းကိုမီးမောင်းတစ်ခုဖြင့်ထိုးကာ အလှပြထားသည်။ ပန်းချီဆွဲသည့်စင်ပေါ်တွင် လက်ဝါးကပ်တိုင်တစ်ခုပေါ်၌ကားစင်တင်ထားသည့် ဆီဆေးပန်းချီကားကြီးတစ်ခုကိုတွေ့ရသည်။ ဂျင်နီအနီးကပ်ကြည့်လိုက်သောအခါ



ကားစင်တင်ခံထားရသူမှာ ခရစ်တော်မဟုတ်။ အဝတ်အစားကင်းမဲ့နေသည့် ဆံပင်ရှည်ရှည်နှင့် ရာဂမွှန်နေသောမိန်းမတစ်ဦး၏ပုံဖြစ်သည်။ ဂျင်နီရွံရှာသဖြင့် ကြက်သီးပင်ထသွား၏။

ဤအိမ်မှာ ရာဂမွှန်ကာ ရက်စက်တတ်သူတစ်ဦး၏အိမ်ဖြစ်ချေသည်။ ဤပစ္စည်းများကိုမြင်ရုံဖြင့် သိသာပေသည်။ ဟပ်က လှည့်ပတ်ကြည့်ပြီးအံ့သြစွာဖြင့်

"ခင်ဗျား ဘာလုပ်စားသလဲ မစ္စတာစတက်နာ"

"ဒီနယူးယောက်မြို့မှာကျွန်တော်ပိုင်တဲ့နိုက်ကလပ်နှစ်ခုရှိတယ်၊ ရှင်းရှင်းပြောရရင် အဲဒါကြောင့်ပဲ ကျွန်တော်ဟာရဲတွေကိုမူးပေါင်အကူအညီပေးနိုင်တာပေါ့၊ လုပ်ငန်းကြောင့် ကျွန်တော့်မှာအမည်းစက်အတင်မခံနိုင်ဘူး"

ဟပ်က လက်ဖျစ်တီးလိုက်ပြီး

"ဟုတ်တာပေါ့ ဝိန်းစတက်နာ၊ ခင်ဗျားအကြောင်းနယူးယောက်မဂ္ဂဇင်းထဲမှာကျွန်တော်ဖတ်ဖူးပါတယ်၊ မဟာဗ္ဗန်မြို့ရဲ့လူငယ်သန်းကြွယ်သူဌေးဆိုတာလေ၊ ဒီနာမည်ကိုကျွန်တော်မှတ်မိဖို့အကောင်းသား"

"ထိုင်ကြပါဦး"

ဂျင်နီကအရင့်စ၍သွားထိုင်သည်။ ထိုင်ခုံမှာ လျှပ်စစ်သေဒဏ်ပေးကုလားထိုင်ဖြစ်နေကြောင်းတွေ့လိုက်ရ၏။ ဂျင်နီကြည့်ပြီးရှုံ့မဲ့သွားမိသည်။ ထို့ကြောင့် အခြားကုလားထိုင်တစ်လုံးကိုပြောင်းထိုင်လိုက်၏။ ဟပ်က

"ဒါကတော့ ရဲကြပ်ကြီးမစ်ရှိဒယ်လာဝဲပါ၊ ဘော်လ်တီမိုးမြို့ရဲဌာနကပေါ့"

"ဘော်လ်တီမိုးမြို့ဟုတ်လား"

ဝိန်းက အံ့သြသလိုမေးလိုက်သည်။ ဂျင်နီက သူကြောက်လန့်သွားလေမည်လားဟုသူ့အမူအရာကိုအကဲခတ်နေ၏။ သို့ရာတွင် သူကတော့အတော်ပင် အမူအရာကောင်း၏။ သူက ဆက်၍

"ဘော်လ်တီမိုးမြို့မှာရာဇဝတ်မှုဖြစ်လို့လား"

သူက သရော်သည့်လေသံဖြင့်မေးနေသည်။

"ရှင့်ဆံပင်က ဆိုးထားတာမဟုတ်လား"

မစ်ရှိက ဂျင်နီအား မကြိုက်သလိုလှည့်ကြည့်လိုက်သည်။ ဂျင်နီမှာ မေးခွန်းမေးခွင့်ရသူမဟုတ်သဖြင့်... ခတ်ရန်သာဖြစ်ပြီး မေးမြန်းခွင့်မရှိ။သို့ရာတွင် ဝိန်းကတော့ ဖိုသို့မေးသည်ကိုမဆိုးဘဲ

"ခင်ဗျားက တယ်တော်ပါလား၊ သတိထားမိသားပဲ"

မိမိထင်သည်မှာမှန်နေလေပြီဟု ဂျင်နီစဉ်းစားသွား၏။သူမှသူပဲ၊ မိမိ၏

www.burmeseclassic.com



အဝတ်အစားများကိုဆုတ်ဖြဲခဲ့သည့် သူ၏လက်များကိုလှမ်းကြည့်လိုက်သည်။ ရှင် တော့နာပြီသာမှတ်ပေတော့ သေချင်းဆိုးကောင်ဟုစိတ်ထဲမှကြိမ်းလိုက်မိသည်။ သူမက

"ဘယ်တုန်းကဆိုးထားတာလဲ"

"ကျွန်တော် ၁၅ နှစ်သားကတည်းကပါ"

လူလိမ်။ သူက ဆက်၍

"ကျွန်တော်မှတ်မိတဲ့ခေတ်ကတည်းက ဆံပင်အနက်ဟာဖက်ရှင်တစ်မျိုး ပဲလေ"

သို့သော် သူဘာကြောင့်လိမ်နေသနည်း။ မိမိတို့ကရွှေရောင်ဆံပင်နှင့်လူ တစ်ယောက်ကိုမသင်္ကာဖြစ်နေသည်ဟု သူသိနေ၍လား။ သူက

"ကဲ ဘာကိစ္စပါလိမ့်၊ ကျွန်တော့်ရဲ့ဆံပင်အရောင်တွေက သဲလွန်စမို့လို့လား၊ ကျွန်တော်ကတော့ သဲထိတ်ရင်ဖိုဇာတ်လမ်းတွေဆိုရင်သိပ်ကြိုက်တာ"

မစ်ရှီက ကမျာကယာဝင်၍

"အချိန်သိပ်မကြာစေရပါဘူး၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ ညနေ စနာရီလောက်မှာ ရှင် ဘယ်မှာရှိတယ်ဆိုတာ ပြောပြနိုင်မလား"

သူ့တွင် သက်သေအထောက်အထားများရှိနေသည်လား။ အဆင့်အတန်း သိပ်မရှိသူများနှင့် ဖဲကစားနေသည်ဟုပြောမည်လား။ထိုလူများကိုလည်း ငွေပေး၍ သူ့စကားမှန်ကြောင်းထောက်ခံခိုင်းမည်။ သို့မဟုတ်ကလည်း မိန်းမပျက်တစ်ယောက် နှင့်အတူရှိနေပါသည်ဟုပြောမည်လား။ထိုမိန်းမကလည်း ငွေစားလျှင်ဟုတ်ပါသည်ဟု ထွက်ဆိုပေလိမ့်မည်။ သို့သော် သူက

"လွယ်လွယ်ကလေးပါ၊ ကျွန်တော် ကာလီဖိုးနီးယားကိုရောက်နေတယ်"

"အဲဒီလိုရောက်နေတယ်ဆိုတဲ့အကြောင်း တစ်ယောက်ယောက်ကိုသက်သေ ပြနိုင်သလား"

သူက ရယ်လျက်

"သက်သေပြနိုင်တဲ့လူတွေ သန်းပေါင်းရာနဲ့ချီပြီးရှိပါတယ်"

ဂျင်နီက မယုံချင်တော့။ သူ့မှာဟုတ်ပါသည်ဟု ထွက်ဆိုပြောမည့်သူမရှိခြင်း ဖြစ်ပေမည်။ သူသည် မုဒိမ်းကောင်ပဲဖြစ်မည်။ မစ်ရှီက

"ရှင် ဘာကိုဆိုလိုတာလဲ"

"ကျွန်တော် အမ္မီဆုပေးပွဲအခမ်းအနားမှာ တက်နေတာလေ"

ဂျင်နီ မှတ်မိသွားသည်။ လစ်ဆာဆေးရုံတက်စဉ်က သူမအခန်းထဲတွင်ရှိ သည့်ရုပ်မြင်သံကြား၌ အမ္မီဆုပေးပွဲမှညစာစားပွဲသတင်းကိုကြည့်ခဲ့ရ၏။ထိုအခမ်း



အနားသို့ဝိန်းအဘယ်ကြောင့်ရောက်နေသနည်း။ ဂျင်နီဆေးရုံသို့ရောက်သွားသည့် အချိန်တွင် သူလေဆိပ်ကိုပင်ရောက်မည်မဟုတ်သေး။

"ကျွန်တော်ကတော့ ဘာဆုမှမရပါဘူးဗျာ၊ အဲဒီလုပ်ငန်းကကျွန်တော့် လုပ်ငန်းမှမဟုတ်ဘဲ၊ ဒါပေမဲ့ ကျွန်တော့်မိတ်ဆွေဟောင်းဖြစ်တဲ့ဆယ်လီနာဂျူးဆုရ တယ်လေ"

သူကပြောရင်း ဆီဆေးပန်းချီကားကြီးကိုတစ်ချက်လှမ်းကြည့်သည်။ ဒီတော့ မှ ပန်းချီကားထဲမှမိန်းမမှာ 'ဆရာများသားသေ' ဟူသောရုပ်ရှင်ကားထဲမှ မင်းသမီးနှင့် တူနေသည်ကို ဂျင်နီ သတိထားမိသည်။ ထိုမင်းသမီးက ကိုယ်ဟန်ပြကာ ပန်းချီအဆွဲ ခံခဲ့သည်ထင်၏။ သူက

"ဆယ်လီနာဟာ ဟာသကားတစ်ကားမှာအကယ်ဒမီရတယ်လေ၊ သူဆု ဖလားကိုယူပြီး စင်ပေါ်ကဆင်းအလာမှာ ကျွန်တော်သူ့ပါးနှစ်ဖက်ကိုနမ်းပြီး ဂုဏ်ပြုခဲ့ သေးတယ်၊အရမ်းအဖိုးတန်တဲ့အချိန်ကလေးပေါ့၊ရုပ်မြင်သံကြားကင်မရာတွေကရိုက် ပြီး တစ်ကမ္ဘာလုံးကိုဖြန့်ခဲ့တယ်လေ၊ ဟောဒီပီးပဲမဂ္ဂဇင်းထဲမှာတောင် အဲဒီဓာတ်ပုံ ပါသေးတယ်"

ကော်ဖီစားပွဲပေါ်၌ကျနေသော မဂ္ဂဇင်းတစ်စောင်ကို သူကညွှန်ပြနေသည်။ ဂျင်နီက မဂ္ဂဇင်းကိုကောက်ယူလိုက်၏။ ဝိန်း၏ဓာတ်ပုံကို တွေ့လိုက်ရသည်။ သူက ဆယ်လီနာအားနမ်းနေပြီး ဆယ်လီနာကအမ္မီရွှေစင်ဆုကြီးကိုပိုက်ထားသည်။ သူ့ ဆံပင်ကအနက်ရောင်။ ဓာတ်ပုံ၏အောက်တွင်ပါသည့်စာက

"ဟောလိဝုဒ်တွင် တနင်္ဂနွေနေ့ညက ဆရာများသားသေဇာတ်ကား၌ အမ္မီဆု ကြီးကိုရရှိသွားသော ဆယ်လီနာဂျူးအား နယူးယောက်နိုက်ကလပ်ပိုင်ရှင်ဝိန်းစတက်နာ ဂုဏ်ပြုနှုတ်ဆက်နေစဉ်"

ဤသည်ထက်ခိုင်မာသောသက်သေမရှိတော့။ အဘယ်ကြောင့် ဤသို့ဖြစ်ရ သနည်း။ မစ်ရှီက

"ကောင်းပါပြီး မစ္စတာစတက်နာ၊ရှင့်ရဲ့အချိန်ကို ကျွန်မတို့ဆက်မဖြုန်း တော့ပါဘူး"

"ကျွန်တော်ဘာလုပ်ခဲ့တယ်လို့ ထင်လို့လဲ"

"ကျွန်မတို့ တနင်္ဂနွေနေ့ညက ဘော်လ်တီမိုးမြို့မှာဖြစ်သွားတဲ့ မုဒိမ်းမှုတစ်ခု ကို စုံစမ်းနေတာပါ"

"ကျွန်တော်တော့ မဟုတ်ပါဘူးဗျာ"

မစ်ရှီက ပန်းချီကားကြီးကိုကြည့်လိုက်ရာ သူကလည်းလိုက်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဒဏ်ကိုလာခံတဲ့လူတွေဟာ သူတို့ဘာသာစိတ်လိုလက်ရလာကြတာပါ"

သူကပြောပြီး မစ်ရှီအား စိုက်ကြည့်နေသည်။ မစ်ရှီမှာ ရှက်သွေးဖြာသွားပြီး မျက်နှာလွှဲပစ်လိုက်၏။ ဂျင်နီမှာမချင့်မရဲဖြစ်နေသည်။ မိမိ၏မျှော်လင့်ချက်များ ပျက်ရလေပြီ။ သို့သော် ဦးနှောက်ကိုအမြန်ဆုံးအလုပ်ပေးကာ အကြံဉာဏ်ထုတ်ရင်း သူမက

"ကျွန်မတစ်ခုလောက်မေးပါရစေ"

"မေးပါ"

"ရှင့်မှာ ညီအစ်ကိုမောင်နှမတွေများရှိသလား"

"ကျွန်တော်က တစ်ဦးတည်းသောသားပါ"

"ရှင့်ကိုမွေးတဲ့အချိန်မှာ ရှင့်အဖေကစစ်ထဲမှာထင်တယ်၊ ဟုတ်တယ်မဟုတ်လား။"

"ဟုတ်ပါတယ်၊ သူက ရဟတ်ယာဉ်လေယာဉ်မှူးသင်တန်းဆရာပါ၊ ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

"ရှင့်အမေမှာ ကလေးမရနိုင်တဲ့ပြဿနာမျိုးရှိတယ်လို့ ရှင်ကြားဖူးပါသလား"

"ဒီမေးခွန်းက ရယ်စရာကြီးပဲ၊ ရဲတွေမေးတဲ့မေးခွန်းမှမဟုတ်ဘဲ"

"ဒေါက်တာဂျင်နီဖာရာမီဟာ ဂျုံးဖောတက္ကသိုလ်ရဲ့သိပ္ပံပညာရှင်တစ်ယောက်ပါ၊ သူလုပ်နေတဲ့ သုတေသနလုပ်ငန်းဟာ ကျွန်မကိုင်နေတဲ့အမှုနဲ့ ဆက်စပ်မှုရှိနေလို့ပါ"

မစ်ရှီက ဝင်ပြောသည်။ ဂျင်နီက

"ရှင့်အမေဟာ ကိုယ်ဝန်ရအောင် ကုသခံခဲ့ရတယ်လို့ပြောတာမျိုး ရှင်ကြားဖူးသလား"

"ကျွန်တော့်ကိုတော့ မပြောဘူး"

"ကျွန်မ သူ့ကိုမေးကြည့်ချင်တယ်ရမလား"

"သူက သေပြီပဲ"

"စိတ်မကောင်းပါဘူးရှင်၊ ရှင့်အဖေကရော"

"သူ့ကိုတော့ ခင်ဗျားဆက်ကြည့်ချင်ဆက်ကြည့်ပေါ့"

"ဟုတ်ကဲ့ ဆက်ကြည့်ချင်တယ်"

"သူက မိုင်ယာမီမှာနေတယ်၊ ကျွန်တော်ဖုန်းနံပါတ်ပေးမယ်"

ဂျင်နီက သူ့အား ဘောပင်တစ်ချောင်းလှမ်းပေးသည်။ သူက တယ်လီဖုန်းနံပါတ်တစ်ခုကို ပီးပဲမဂ္ဂဇင်းစာရွက်ထောင့်တစ်ခုတွင်ရေးပြီး ယင်းကိုဆုတ်၍ပေးသည်။



သူတို့ တံခါးပေါက်ဆီသို့လျှောက်လာရင်း ဟပ်က

"အခုလိုကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ် မစ္စတာစတက်နှာ"

"ရပါတယ်"

သူတို့ဓာတ်လှေကားဖြင့်ဆင်းလာရင်း ဂျင်နီကမချင့်မရဲဖြစ်ကာမေးလိုက်သည်။

"သူပြတဲ့သက်သေကို ရှင်တို့ယုံကြလား"

"ကျွန်မ စုံစမ်းကြည့်လိုက်ဦးမယ်၊ ဒါပေမဲ့ ခိုင်လုံတယ်လို့တော့ထင်တာပဲ"

မစ်ရှီက ဆိုသည်။ ဂျင်နီက ခေါင်းကိုရမ်းလျက်

"သူ့မှာ အပြစ်မရှိဘူးလို့ ကျွန်မမယုံဘူး"

"သူဟာ သိပ်ကိုအပြစ်ရှိတဲ့သူပေါ့၊ ဒါပေမဲ့ ဒီအမှုတော့မဟုတ်ဘူး"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

စတီမှာ ပုန်းနားတွင်ထိုင်စောင့်နေသည်။ကျော့တောင်းမြို့ရှိ မိဘများ၏အိမ်တွင် မီးဖိုခန်းအကျယ်ကြီးထဲ၌ထိုင်လျက် မိခင်အသားသွတ်ပေါင်မုန့်လုပ်နေသည်ကို ကြည့်ရင်း ဂျင်နီထံမှဖုန်းကိုမျှော်နေသည်။ဝိန်းစတက်နာမှာ မိမိအမြွာတကယ်ပင်ဖြစ်နေသည်လား။ဂျင်နီနှင့်ရဲကြပ်ကြီးမစ်ရှိဒယ်လဝဲ ထိုလူကို နယူးယောက်လိပ်စာအတိုင်း ရှာတွေ့ကြပြီလား။ လစ်ဆာကိုမတော်မတရားပြုခဲ့ပါသည်ဟု ဝိန်းကဝန်ခံလေမည်လား။

မိခင်က ကြက်သွန်လှီးနေသည်။ မိခင်မှာ ၁၉၇၂ခုနှစ် ဒီဇင်ဘာလ အော့ဗင်တိုင်းဆေးခန်း၌ သူမအားမည်သို့ပြုလုပ်ခဲ့သည့်အကြောင်းကြားရသောအခါ အတော်ပင်အံ့အားသင့်နေသည်။ သိပ်တော့မယုံ။ သို့ရာတွင် အငြင်းမပွားလိုသဖြင့် ယောဘယူလက်ခံလိုက်ရသည်။ ပြီးတော့ ရှေ့နေနှင့် စကားပြောခဲ့ကြ၏။ ညကလည်း စတီသည် ညဉ့်နက်သည်အထိ မိခင်၊ဖခင်များနှင့်အတူထိုင်ကာ မိမိတို့၏ထူးဆန်းသော အကြောင်းများကိုပြောခဲ့သည်။ ဤတွင်မိခင်က ကာယကံရှင်၏ခွင့်ပြုချက်မရဘဲ ဆရာဝန်များက မိမိအား သိပ္ပံစမ်းသပ်မှုတစ်ခုလုပ်လိုက်သည်ကိုသိရသောအခါ အတော်ပင် ဒေါသထွက်နေသည်။ မိန်းမများအဖို့မိမိတို့၏ခန္ဓာကိုယ်ကို ထိန်းသိမ်းခွင့်ရှိသင့်သည်ဟု သူမက ဆို၏။

ဖခင်ကတော့အေးအေးဆေးဆေးပင်။ဤအကြောင်းကိုသိရလျှင် ယောကျ်ားတစ်ယောက်အနေနှင့် ဖခင်အတော်ဒေါသဖြစ်မည်ဟုစတီထင်ခဲ့၏။ သို့ရာတွင် ဖခင်က



ကျိုးကြောင်းဆင်ခြင်တုံတရားရှိနေပြီး ဂျင်နီ၏အယူအဆကိုဆွေးနွေးရင်း သုံးမြွာပူးပင်ဖြစ်နိုင်ကြောင်းရှင်းပြကာ ဂျင်နီ၏အယူအဆမှန်နိုင်သည်ဟု ကောက်ချက်ချသည်။

သို့တစေ ဖခင်၏အေးဆေးတည်ငြိမ်မှုမှာ သူ၏ပင်ကိုယ်စရိုက်ဖြစ်၏။သူ၏အမူအရာကိုကြည့်လျက် သူ၏စိတ်ထဲ၌ မည်သို့ဖြစ်နေသည်ကိုမခန့်မှန်းနိုင်။ ယခုလည်း သူခြံထဲသို့ဆင်းကာ ပန်းအိုးကလေးကိုကြည့်နေသည်။စိတ်ထဲတွင်တော့ ဗလောင်ဆူနေမည်ထင်၏။

မိခင်ကကြက်သွန်များကိုကြော်နေသည်။ထိုအနံ့ကြောင့် စတီသွားရေများကျလာကာ

"အသားသွတ်အားလူးကက်တလိပ်နဲ့ခရမ်းချဉ်သီးအချဉ်ရေဟာအကောင်းဆုံးဟင်းပဲ"

မိခင်က ပြုံးလျက်

"သား ငါး နှစ်သားလောက်တုန်းက အဲဒါကိုနေ့တိုင်းကျွေးခိုင်းတယ်"

တယ်လီဖုန်းမြည်လာသဖြင့် စတီကဆတ်ခနဲကောက်ကိုင်ကာ

"ဟဲလို"

"ဂျင်နီပါ"

"ဘယ်လိုလဲ၊ အဲဒီလူအဲဒီမှာရှိသလား"

"ရှိတယ်၊ သူလည်း ရှင်နဲ့တစ်ထေရာတည်းပဲ၊ ဒါပေမဲ့ သူကဆံပင်ကိုအနက်ရောင်ဆိုးထားတယ်"

"ဘုရားရေ ဒါဆိုရင် ကိုယ်တို့က သုံးယောက်ပေါ့"

"ဟုတ်တယ်၊ ဝိန်းရဲ့အမေကတော့သေပြီ၊ သူ့အဖေဆီကို အခုပဲဖုန်းဆက်ကြည့်တယ်၊ ဒါကြောင့် သူ့အမေလည်း အော့ဗင်တိုင်းဆေးပေးခန်းမှာဆေးကုသခံရဖူးတယ်လို့ပြောသွားတယ်"

ကြားလိုက်ရသည့်သတင်းမှာ အတော်ပင်ကောင်းသည်။ သို့သော် ဂျင်နီမှာ စိတ်တက်ကြွဟန်မရှိ။ ထို့ကြောင့် သူက

"မင်းကိုကြည့်ရတာ ဝမ်းသာတဲ့အသံမျိုးလည်းမဟုတ်ပါလား"

"တနင်္ဂနွေနေ့က သူဘာခြားမှာရှိနေတယ်ဆိုတာ သက်သေအထောက်အထားရှိနေတယ်"

"သေလိုက်ပါတော့ကွာ၊ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ သူ့သက်သေကဘယ်လိုဟာမျိုးလဲ"

"အတော်ခိုင်မာတယ်၊ သူက အမှိုက်ထုပ်ပေးပွဲအခမ်းအနားတက်နေတာ၊ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တွေလည်းရှိနေတယ်"

"သူက ရုပ်ရှင်လုပ်ငန်းလုပ်လို့လား"

"နိုက်ကလပ်ပိုင်ရှင်ပါ၊ နည်းနည်းပါးပါးထင်ရှားတဲ့ပုဂ္ဂိုလ်မို့ပါ"

သူမတက်ကြွမှုမရှိခြင်းကို စတီသဘောပေါက်လိုက်သည်။ဝိန်းကိုရှာတွေ့ခြင်းသည် အောင်မြင်မှုတစ်ခုတော့ဖြစ်သည်။ သို့ရာတွင် ဘာမျှဆက်လုပ်၍မရ၍ ထို့ကြောင့် စိတ်တွေရှုပ်ထွေးကာ နားမလည်နိုင်အောင်ဖြစ်ရသည်။ သူက

"ဒါဆိုရင် ဖေစ်ဆာကို ဘယ်သူကမတော်မတရားလုပ်တာလဲ"

"ရှားလော့ဟုမ်းရေးခဲ့တာ ရှင်မှတ်မိသေးလား၊ ဖြစ်နိုင်စရာရှိတာကို ချေဖျက်လိုက်ပြီဆိုရင်တော့ ဘာကျန်သေးလဲ၊ မဖြစ်နိုင်ဘူးဆိုတာက အမှန်တရားပေါ့"

"အမှန်တရားက ဘာလဲ"

"အမြွာလေးယောက်ပေါ့"

"လေးမြွာပူး ဟုတ်လား၊ ဂျင်နီ ကိုယ်တော့ ရူးချင်ပြီ"

"လေးမြွာပူးမဟုတ်ပါဘူး၊ ဒီကလာလရေကြည်ဟာ မတော်တဆလေးပိုင်းကွဲသွားတယ်လို့တော့ ကျွန်မမထင်ဘူး၊ ဒါတမင်လုပ်တာဖြစ်ရမယ်၊ ဒါဟာလည်း စီစမ်းသပ်မှုထဲမှာ အစိတ်အပိုင်းတစ်ခုဖြစ်ရမယ်"

"ဖြစ်နိုင်ပါ့မလား"

"ဒီနေ့ဆိုရင်ဖြစ်နိုင်နေပြီ၊ လူဖန်တီးတဲ့သားလောင်းအကြောင်း ရှင်ကြားဖူးမှာပေါ့၊၁၉၇၀ ပြည့်လွန်နှစ်တွေကတော့ ဒါမျိုးလုပ်ဖို့ ကြံစည်ခဲ့တာပဲရှိမယ်၊ဒါပေမဲ့ ဂျနတီကိုကုမ္ပဏီကတော့ ဒီနယ်ပယ်မှာတစ်နှစ်လောက် ခေတ်ရှေ့ပြေးနေပုံရတယ်၊ သူတို့က ဒါကိုတိတ်တိတ်လုပ်နေပြီးလူသားတွေအပေါ်မှာ လက်တွေ့စမ်းသပ်တာဖြစ်နိုင်တယ်"

"ကိုယ်ဟာ လူဖန်တီးတဲ့သားလောင်းလို့ မင်းဆိုလိုတာလား"

"ဒီလိုပဲဖြစ်ရမယ်၊ စိတ်တော့မရှိနဲ့နော် စတီ၊ ကျွန်မ ရှင့်ကိုစိတ်မကောင်းစရာသတင်းတွေပဲ ပြောနေမိတယ်၊ ရှင့်မှာမိဘရှိနေတယ်ဆိုတာ ကောင်းတဲ့အချက်ပါ"

"ဟုတ်ပါပြီလေ၊ ဒါထက် ဝိန်းဆိုတဲ့လူကဘယ်လိုလူစားမျိုးလဲ"

"လူညီ၊ လူယုတ်တစ်ယောက်ပဲ၊ ရုပ်ရှင်မင်းသမီးဆယ်လီနာရဲ့ အဝတ်ဗလာနဲ့လက်ဝါးကပ်တိုင်မှာကပ်ချည်ထားတဲ့ပုံကို သူကပန်းချီဆွဲထားတယ်၊ကျွန်မ အခန်းထဲက ပြန်ထွက်ချင်လိုက်တာလေ၊မပြောပါနဲ့တော့"

စတီဘာမျှမပြော။မိမိ၏အမြွာတစ်ယောက်က လူသတ်သမား၊ အခြားတစ်ယောက်က ရာဂရူး၊နောက်တစ်ယောက်က မုဒိမ်းကောင်၊မိမိအတွက် ဘာကောင်းစရာ



ရှိတော့မှာသေးသနည်း။ ဂျင်နီက

"လူဖန်တီးတဲ့သားလောင်းဆိုတဲ့အယူအဆကြောင့် ရှင်တို့မွေးနေ့တွေမတူတာရှင်းသွားပြီ၊ ကလာလရေကြည်တွေကို ဓာတ်ခွဲခန်းထဲမှာသိမ်းထားပြီး မိန်းမတစ်ယောက်ရဲ့ကိုယ်ထဲကိုထည့်တဲ့အချိန်ချင်းမတူဘူးလေ"

ဤအဖြစ်မျိုး မိမိတွင်မှဘာကြောင့်လာဖြစ်ရသနည်း။ မိမိသည် အခြားလူတွေလို ဘာကြောင့်မဖြစ်ရသနည်း။ ဂျင်နီက

"လေယာဉ်တံခါးပိတ်တော့မယ်၊ ကျွန်မသွားလိုက်ဦးမယ်နော်"

"ကိုယ် မင်းနဲ့တွေ့ချင်တယ်၊ ကိုယ် ဆော်လ်တီမိုးမြို့ကို ကားနဲ့လာခဲ့မယ်"

"ကောင်းပြီ ဒါပဲ"

စတီက ဖုန်းကိုချလိုက်ပြီး သူ့မိခင်အား

"ကြားလိုက်တယ်မဟုတ်လား"

"ကြားလိုက်တယ်၊ သူဟာမင်းနဲ့ရုပ်ချင်းတူတယ်၊ သူတရားခံမဟုတ်ကြောင်း သက်သေအထောက်အထားရှိနေတယ်၊ ဒါကြောင့်မို့ ဂျင်နီက မင်းတို့လေးယောက်ဖြစ်ရမယ်လို့ယူဆတယ်၊ ပြီးတော့ မင်းတို့ဟာလူဖန်တီးတဲ့လူသားတွေ"

"ကျွန်တော်တို့အားလုံးဟာ ဖန်တီးထားတဲ့အမြွာတွေဆိုရင် ကျွန်တော်လည်းသူတို့နဲ့တူရမှာပေါ့"

"ဟင့်အင်း၊ဘယ်တူမလဲ၊ မင်းကအမေ့သားပဲ"

"ကျွန်တော်ကအမေ့သားမှမဟုတ်တာ"

အမေမျက်နှာညှိုးသွားသည်ကို တွေ့လိုက်ရသည်။ မိမိလည်း စိတ်ထိခိုက်နေရသည်ပဲ။ သူက ဆက်၍

"ကျွန်တော်ဟာ ဂျနတီကိုကုမ္ပဏီရဲ့သုတေသနသိပ္ပံပညာရှင်တွေက ရွေးချယ်ခဲ့တဲ့ သူစိမ်းတွေရဲ့သားပဲ၊ ဒါဟာ ကျွန်တော်လူဖြစ်လာရတဲ့လမ်းကြောင်းပါ"

"ကျန်တဲ့လူတွေက သားနဲ့မတူဘူး၊ သားရဲ့အမူအကျင့်တွေက သူတို့နဲ့တခြားစီပဲ"

"ဒီတော့ ကျွန်တော့်ရဲ့စိတ်နေသဘောထားက သူတို့နဲ့မတူတူးလို့ပြောနိုင်သလား၊ ဒါမှမဟုတ်လည်း ကျွန်တော်ကပဲ ဟန်ဆောင်ဖုံးဖိနေလို့လား၊ ဒီလိုဖြစ်အောင်အမေကလုပ်တာလား၊ ဂျနတီကိုကုမ္ပဏီကလုပ်တာလား"

"ဒါတော့ မသိဘူး သားရယ်၊ အမေလည်း မပြောတတ်ဘူး"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၅)

ဂျင်နီ ခေါင်းလျှော်ရေချိုးပြီး မျက်လုံးကိုအလှခြယ်သည်။ နှုတ်ခမ်းနီကိုမူ မဆိုးတော့။ ပြီးတော့ ခရမ်းရောင်လည်ဟိုက်ဆွယ်တာကိုဝတ်ကာ ကိုယ်ကျပ်ဘောင်းဘီကိုဝတ်လိုက်၏။ မှန်ထဲတွင်ကြည့်လိုက်တော့ မိမိမှာအတော်ပင်ညှိုးအားကောင်းနေသည်။ 'ကဲ... ဘုရားကျောင်းကိုသွားတော့မိန်းကလေး' ဟု သူ့ကိုယ်သူ အသံထွက်ပြောပြီး မှန်ထဲတွင် မိမိကိုယ်ကို မျက်စိမှိတ်ပြကာညှို့ခန်းထဲသို့ထွက်လာသည်။

ဖခင်လည်း ထွက်သွားပြန်ချေပြီ။ ဖခင်က မြေးဥယောက်နှင့်နေရ၍ စိတ်ချမ်းသာသော ပက်တီတို့အိမ်တွင်သာနေချင်၏။ မိမိနယူးယောက်မြို့သို့ သွားနေခိုက်ဖခင်အား ပက်တီလာခေါ်သွားခြင်းဖြစ်သည်။

ဂျင်နီတွင် အခြားလုပ်ရန်မရှိ၊ စတီကိုထိုင်စောင့်ရုံပင်။ ယနေ့တွင် ကြုံခဲ့ရသည့် စိတ်ပျက်စရာကောင်းသောအခြေအနေကို ပြန်မတွေးချင်။ သူမ အနည်းငယ်ဆာလာ၏။ သူမကော်ဖီအိုးကိုတစ်နေ့လုံးတည်ထားသည်။ မိမိစားနှင့်လျှင် ကောင်းမည်လား။ စတီလာသည်အထိစောင့်လျှင် ကောင်းမည်လားမသိ။

ယခုမှ သတိရသည်။ ရေခဲသေတ္တာထဲတွင်ဘာဆားစရာမျှမရှိ။ သူရောက်လာပြီးကျွေးစရာမရှိလျှင် အတော်ပင်အားနာဖို့ကောင်းမည်။ သူမကရိုးရိုးဘောင်းဘီတစ်ထည်ကောက်စွပ်ပြီး ကားနှင့်ဥဖိလမ်းထောင့်ရှိကုန်တိုက်တွင် စားသောက်စရာများကိုဝယ်သည်။ ငွေရှင်းရန်ရပ်နေစဉ် မိမိမရှိခိုက် သူအိမ်သို့ရောက်လေမည်လားဟု စဉ်းစားမိလိုက်သေးသည်။



မိမိကိုမတွေ့လျှင် သူပြန်၍ထွက်သွားလေမည်လား။ ကုန်တိုက်ထဲမှ ပစ္စည်းတွေတစ်ပွေ့တစ်ပိုက်ကြီးဖြင့် ထွက်လာပြီး အိမ်သို့ရောက်အောင် ကားကိုတရကြမ်းမောင်းလာခဲ့သည်။ တံခါးပေါက်ဝတွင်သူရပ်စောင့်ရင်း စိတ်မရှည်ဖြစ်နေမှာစိုးလို့လေ။

သူမ၏အိမ်ရှေ့ပေါက်ဝတွင် မည်သူ့ကိုမျှမတွေ့။ စတီ၏အဲချေးတက် ဒတ်ဆန်းကားကလေးကိုလည်း မတွေ့ရ။ သူမအိမ်ထဲဝင်ပြီးစားဖွယ်၊ သောက်ဖွယ်များကိုရေခဲသေတ္တာထဲသို့ထည့်လိုက်သည်။ ကြက်ဥများကိုတော့ ကြက်ဥဗန်းထဲသို့ ထည့်လိုက်ပြီး ဘီယာခြောက်ဘူးပါအထုပ်ကိုလည်းဖွင့်လိုက်၏။ ပြီးတော့ ကော်ဖီကိုလည်း ထည့်လိုက်သည်။ နောက်ထပ်ဘာမျှလုပ်ရန်မရှိပြန်။

မိမိ၏အပြုအမူတွေကထူးထူးခြားခြားဖြစ်နေသည်။ ယခင်က ယောက်ျားတစ်ယောက်ဆာလောင်မည်ကိုစိုးရိမ်မှုမျိုးမရှိခဲ့။ ယခင်ရည်းစားနှင့်တုန်းကလည်း ဆာလျှင် [illegible]သွားစားပါ၊ ဆိုင်ပိတ်နေလျှင်လည်း သူ့ဘာသာသူကားနဲ့သွားထွက်စား။ ယခုတော့ မိမိမှာအိမ်သူမဆန်နေလေစွ။ စတီကို မိမိတွေ့ခဲ့သည်မှာ ရက်ပိုင်းမျှသာရှိသေးသော်လည်း သူသည်မိမိကိုလွှမ်းမိုးနေလေပြီ။

တံခါးလူခေါ်ခေါင်းလောင်းမှာ ပေါက်ကွဲသံတစ်မျှမြည်သွားသည်။ ဂျင်နီ ရင်တွေတုန်ပြီး ထခုန်လိုက်မိ၏။ ပြီးတော့ အင်္ဂတေကွန်းဖုန်းနှင့် လှမ်းဆက်ကာ...

"ဟုတ်ကဲ့ပါ"

"ဂျင်နီ စတီပါ"

သူမ အပြင်ဘက်တံခါးကိုဖွင့်မည့်ခလုတ်ကိုနှိပ်လိုက်သည်။ ပြီးတော့ အတန်ငယ်မျှငြိမ်၍ရပ်နေရင်း ရှက်သလိုလည်းဖြစ်မိ၏။ မိမိမှာဆယ်ကျော်သက်အရွယ်မိန်းကလေးတစ်ယောက်ပမာဖြစ်နေပြီတည်း။ မီးခိုးရောင်တီရှပ်၊ အပြာရောင်ဂျင်းဘောင်းဘီခပ်ပွပွတို့ဖြင့် တက်လာနေသောစတီအား ဂျင်နီကြည့်နေမိ၏။ သူ့မျက်နှာမှာကျန်ခဲ့သည့် ၂၄ နာရီအတွင်း စိတ်ပျက်ဖွယ်ရာအဖြစ်အပျက်များ၏ဝေဒနာကိုဖော်ပြနေသည်။ သူမက သူ့အားသိုင်းဖက်လိုက်၏။ သူ၏သန်မာသောခန္ဓာကိုယ်ကြီးမှာ အတန်ငယ်တောင့်တင်းသွားသည်။

ဂျင်နီက သူ့ကို ဧည့်ခန်းထဲသို့ခေါ်လာခဲ့၏။ သူကဆိုဖာပေါ်တွင်ထိုင်နေစဉ် ဂျင်နီက ကော်ဖီစက်ခလုတ်ကိုဖွင့်လိုက်သည်။ မိမိမှာ သူနှင့်ရင်းနှီးလွန်းနေ၏။ ထုံးစံအတိုင်း ချိန်းဆိုကာ စားသောက်ဆိုင်သို့သွားသည်မျိုး၊ ရုပ်ရှင်အတူကြည့်သည်မျိုး စသောလုပ်လေ့လုပ်ထရှိသည့်ကိစ္စများလည်းမလုပ်ခဲ့။ မမြင်ရသော ရန်သူမျှ၏ နှိပ်ကွပ်မှုကို နှစ်ယောက်သားလက်တွဲကာတိုက်ခိုက်ခဲ့ခြင်းသာရှိသည်။ ဤသည်ကပင်လျှင် မိမိတို့နှစ်ယောက်ကို ပို၍ရင်းနှီးစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်မလား"

သူက ခေါင်းခါလျက်..

"လက်ကလေးတွေကိုပဲ ကိုင်[illegible]"

သူမက သူ့ဘေးတွင်ဝင်ထိုင်လိုက်[illegible] သူက [illegible]ကို ကိုင်သည်။ သူကသူမအပေါ်သို့ကိုင်းညွတ်လာသော[illegible] သူမက [illegible]ကို မော့ပေးလိုက်သည်။ သူက နှုတ်ခမ်းများကိုနမ်းလိုက်[illegible]သည်မှာ မိမိတို့[illegible]အနမ်းဖြစ်သည်။မိမိသွားမှတိုက်ခဲ့သေးရဲ့လားဟုတွေးတော [illegible]ဖြစ်သွားသည်။ နောက်မှ တိုက်ခဲ့မိကြောင်းသတိရ[illegible]သွားသည်။ နှစ်ယောက်သား တစ်ယောက်ကိုတစ်[illegible] [illegible]နေမိကြသည်။

မိမိတို့အဖြစ်အပျက်က မြန်ဆန်[illegible]သည်။

သူက ကိုယ်ချင်းစာ၍ သူမအား[illegible]သည်။ [illegible]တွင် သူမ၏ ရုပ်လွှာစွဲနေသည်အထိစိုက်ကြည့်နေ၏။ သူကလည်း[illegible]လေးနှင့် သူမ၏မျက်ခုံးမွေးကလေးများ၊ပါးကလေးများ၊နှာသီးဖျားကလေး[illegible]နှုတ်ခမ်းကလေးများကို ထွဲကြသွားမည်စိုးသကဲ့သို့ ရှုရှုကလေးလိုက်ထိနေသည်။[illegible] ခေါင်းကိုပါ[illegible] သည့် ဘက်ယိမ်းလျက်မယုံနိုင်သည့်ပမာဖြစ်နေဟန်ရှိသည်။

သူစိုက်ကြည့်နေရင်း သူ့[illegible]ကိုတွေ့နေရသည်။ သူ မိမိအားအတော်ပင် တပ်မက်နေသည်[illegible]စိတ်ထွေနီးကြားလာသည်။ ဤသို့မဖြစ်ခဲ့သည်မှာ [illegible] မိမိကိုယ်တိုင်လည်း သူ၏အချစ်ကိုတောင့်တမိ၏။

သူမက သူ၏ခေါင်းကို လက်[illegible]လိုက်သည်။ သူမ ဆိုဖာရှည်ပေါ်တွင်လဲလျောင်းလိုက်မိ၏။ ပြီးတော့ သူ့ကို[illegible] အိပ်ခန်းထဲ သွားရန်ပြောလိုက်သည်။

သူမက ရှေ့မှအရင်ဝင်သွားသည်။ [illegible] သူ ဝင်လာပြီး တံခါးကို ခြေဖနောင့်နှင့်ကန်ကာပိတ်လိုက်သည်။ သူတို့[illegible]။ အားလုံးပင် တံခါးကိုခြေဖနောင့်နှင့်ကန်ကာ ပိတ်တတ်ကြသည်။

သူက ဖိနပ်ကိုချွတ်၍ခါးပတ်ကိုချွတ်လိုက်သည်။ သူ့[illegible] အစားကျလှ၏။ ပခုံးကကျယ်ကျယ်၊ ရင်အုပ်မှာ ကြွက်သားတွေနှင့်အပြည့်၊ ခါး[illegible]သေးသည်။

သို့သော် သူက ဘာယ်တစ်ယောက်[illegible]။ သူကရှေ့သို့တိုးလာသည်။ သူမ



[illegible]သွား၏။ မိမိထံဖုန်းဆက်သောလူတစ်ယောက်က..

"သူ မင်းဆီကိုတစ်ခါလာလိမ့်ဦးမယ်"

သူက မျက်မှောင်ကြုတ်လျက်..

"ဘာဖြစ်တာလဲ"

သူမ ရုတ်တရက်[illegible]သွားသည်။ ထို့ကြောင့် သူမက...

"မဖြစ်ဘူး၊ မဖြစ်ဘူး"

သူက အသက်ကို ပြင်းပြင်းရှူလျက် သက်ပြင်းတစ်ချက်မှုတ် ထုတ်လိုက်ရင်း...

"ဟာကွာ"

ပြောပြီး သူက မျက်နှာကိုလွှဲသွားသည်။

"ဘယ်သူလဲဆိုတာ ကျွန်မ မပြောနိုင်ဘူး"

"မြစ်မှုဖြစ်ရသေးကွာ"

သူက သူမကိုကျောခိုင်းလျက် ခုတင်ပေါ်တွင်ထိုင်ချလိုက်သည်။ စိတ်ပျက်သည့်ဟန်ဖြင့် သွန်မှုန်ကာထိုင်နေ၏။ ဤသည်မှာ ဟန်ဆောင်သည်လည်းဖြစ်နိုင်သည်။ သူက...

"မင်းက ကျုပ်တို့ ဗီလဒဲဖီးယားမြို့မှာတွေ့ခဲ့တဲ့ကောင်လို့ ထင်နေတယ်ပေါ့"

"သူ့ကိုတွေ့တုန်းကလည်း စတိလို့ကျွန်မထင်ခဲ့တာ"

"သူက ဘာဖြစ်လို့ကိုယ့်ဟန်ဆောင်ရတာလဲ"

"ဒါက အရေးမကြီးဘူးလေ"

"သူ အဲဒီလိုလုပ်တာက မင်းကိုအတည်ကြံတဲ့သဘောမှမဟုတ်တာ၊ ကိုယ့်ရဲ့အမြှာတွေဟာ သူတို့အချစ်ရှင်[illegible]လုပ်ကြတာ၊ ဒါပေမဲ့ အဲဒီတစ်ယောက်က အဲဒီလိုတော့မဟုတ်ဘူး၊ သူသာလိုချင်ရင် မင်းကိုဓားနဲ့ထောက်မယ်၊ မင်းအဝတ်တွေကို ဆွဲဆုတ်မယ်၊ အဆောက်အဦးကိုမီးရှို့မယ်၊ ဟုတ်တယ်မဟုတ်လား"

"ဘယ်သူမှန်းမသိဘူး၊ ကျွန်မဆီကို လူတစ်ယောက်ဖုန်းဆက်တယ်၊ သူက ဖီလဒဲဖီးယားမှာ မင်းတွေ့ခဲ့တဲ့လူက မင်းကိုသတ်လိမ့်မယ်၊ သူအခု ပြသနာတက်မှာစိုးလို့ခဏရှောင်နေတယ်၊ ဒါပေမဲ့ မင်းဆီကိုတော့ တစ်ခါလာလိမ့်ဦးမယ်လို့ သူပြောသွားတယ်၊ ဒါကြောင့် ရင်အခုပြန်တော့"

သူမက ကြမ်းပြင်ပေါ်မှ ဆွယ်တာအင်္ကျီကို ဆတ်ခနဲဆွဲယူကာ ကောက်စွပ်လိုက်သည်။ ဤမျှဖြင့်လည်း စိတ်ကမလုံသေး။ သူ့မျက်နှာပေါ်တွင် အကြောက်ရိပ်များ လွှမ်းနေသည်။ သူက...

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေဂျင်နီရယ်၊ ဟိုကောင်က မင်းကိုအတော် ကြောက်အောင် လုပ်ခဲ့တာပဲ၊ ကိုယ် စိတ်မကောင်းပါဘူး"

သူက ထရပ်ပြီး ဂျင်းဘောင်းဘီကို ပြန်ဝတ်သည်။

မိမိများသွားသည်မှာ သူမရုတ်ချည်းတွေးလိုက်၏။ ဖီလာဒဲဖီးယားတွင် တွေ့ခဲ့သည့်ကောင်ဆိုလျှင်တော့ ယခုလိုအခြေအနေမျိုးတွင် အဝတ်အစားကိုပြန်ဝတ်မည်မဟုတ်။ မိမိကို အတင်းကြမ်းမည်။ သည်လူကတော့ ဤသို့မဟုတ်။ ဤသည်မှာ စတီပင်ဖြစ်မည်။ သူ့ကို ပြေးဖက်ချင်စိတ်များထိန်းမရအောင် ဖြစ်လာသည်။ သူမက...

"စတီ"

သူက ပြုံးလျက်...

"ကိုယ်ပါကွာ"

ဤသည်မှာ တမင်အမူအရာလုပ်နေသည်လား။ မိမိသူ့ကိုယုံပြီးလိုက်လျော လိုက်လျှင် နဂိုစတီရုပ်ပြန်ပေါ်လာမည်လား။ သူမ ကြောက်ပြီးကျောတုန်ကယင် ဖြစ်မိသည်။ မဖြစ်သေး။ သူမက မျက်နှာကိုလွှဲလျက်...

"ရှင်ပြန်ရင်ကောင်းမယ်"

"မင်း ကိုယ့်ကိုမေးချင်တာမေးကြည့်လေ"

"ကောင်းပြီ ကျွန်မ စတီကိုဘယ်မှာတွေ့တာလဲ"

"တင်းနစ်ကွင်းမှာလေ"

အဖြေကမှန်နေသည်။

"ဒါပေမဲ့ စတီရော၊ မုဒိမ်းကောင်ရောဟာ အဲဒီနေ့က ဂျူးဖေတက္ကသိုလ်ကို နှစ်ယောက်စလုံးရောက်ခဲ့တာပဲ"

"တခြားတစ်ခုမေးဦးလေ"

"သောကြာနေ့တုန်းက စတီသစ်ဂျပိုးကိုတ်မုန့်ဘယ်နှခုစားသွားသလဲ"

သူက ရယ်ကျဲကျဲနှင့်...

"ရှစ်ခု၊ ရှက်လည်းရှက်ပါတယ်"

သူမက စိတ်ညစ်ကာ ခေါင်းကိုရမ်းနေမိသည်။

"ဒီအခန်းကို အသံခိုးဖမ်းတာလည်းဖြစ်နိုင်တာပဲ၊ ကျွန်မရဲ့ရုံးခန်းကိုတောင် ဝင်ရှာပြီး ကွန်ပျူတာထဲကအီးမေးစာတွေကိုယူသွားသေးတယ်၊ အခုတောင် ကျွန်မတို့ ပြောတာတွေကိုနားထောင်နေရင် နားထောင်နေကြမှာမဖြစ်သေးပါဘူး၊ စတီအကြောင်း ကို ကျွန်မ ကောင်းကောင်းမသိသေးဘူး၊ ကျွန်မသိတာထက် ဟိုလူတွေကပိုသိနေ လိမ့်မယ်"



"မင်းပြောတာ ဖြစ်နိုင်ပါတယ်"

သူကပြောပြီး တီရှပ်ကိုပြန်ဝတ်လိုက်သည်။ သူက ခုတင်ပေါ်ထိုင်ကာ ဖိနပ် ကိုပြန်စီးနေ၏။ သူမက သူအဝတ်အစားများပြန်ဝတ်နေသည်ကို မကြည့်လိုသဖြင့် ရေချိုးခန်းထဲသို့ထွက်လာခဲ့၏။ ဤသည်မှာ ကြောက်စရာကောင်းသော အမှားတစ်ခု လေလား၊ သို့မဟုတ်ကလည်း မိမိ၏အကောင်းဆုံးလုပ်ဆောင်ချက်ပေလား။ သို့သော် ဝိန်းစတက်နာနှင့်တူသူတစ်ယောက်နှင့်အတူခုတင်ရပေါ်တွင် ရင်ဆိုင်ရမည့်အဖြစ်ကိုတွေး လိုက်တိုင်းကြောက်ရွံ့တုန်လှုပ်မိသည်။

အဝတ်အစားအပြည့်အစုံနှင့် သူထွက်လာ၏။ သူမကမိမိ၏ သံသယစိတ် များမှန် မမှန် သူ့မျက်နှာကို အကဲခတ်ကြည့်မိသည်။

'ရှင်ဘယ်သူလဲဆိုတာ ကျွန်မမသိသေးဘူးလေ' မိမိအတွေးကို သူအကဲ ခတ်လျက်..

"ကိုယ်ပြောနိုင်လည်း အလကားပဲ၊ ယုံကြည်မှုဆိုတာဟာ မရှိတော့ဘူး ဆိုရင် ပြန်ပြင်လို့မရတော့ဘူး"

သူ ဒေါသဖြစ်နေသည်ကိုကြည့်ကာ ဂျင်နီကြောက်နေမိသည်။ မိမိလည်း သန်မာပါသည်။သို့သော် သူက မိမိထက်သန်မာသည်။သူ့အား မိမိအိမ်မှ အမြန်ထွက် စေချင်နေ၏။ ဤသည်ကိုသိ၍ထင်၏။ သူက..

"ကောင်းပြီလေ၊ ကိုယ်သွားပါတော့မယ်၊ ဟိုလူဆိုရင် ဒီလိုပြန်မှာမဟုတ်ဘူး ဆိုတာ မင်းသိမှာပါ"

သူမ ခေါင်းညိတ်သည်။

"ကိုယ်မပြန်သရွေ့ မင်းစိတ်မချဖြစ်နေဦးမယ်၊ အခုသွားပြီ၊ ပြန်လာမယ်ဆို ရင်လည်း မင်းစိတ်ချဦးမှာမဟုတ်ဘူး၊ မင်းသိဖို့က ကျုပ်ဟာစတီအစစ်ပါ၊ အခု တကယ်သွားပါတော့မယ်"

"ဟုတ်ကဲ့"

သူ တကယ်ပင် စတီအစစ်ဖြစ်ကြောင်း ဂျင်နီယုံကြည်သွားမိသည်။ သို့သော် သူတကယ်ထွက်မသွားမချင်းတော့ သံသယစိတ်များပြေပျောက်ဦးမည်မဟုတ်။

"ကိုယ်တို့နှစ်ယောက်ကြားမှာ စကားဝှက်တစ်ခုတော့ထားမှဖြစ်မယ်၊ ဒါမှ ကိုယ်ဆိုတာ မင်းယုံမယ်"

"ကောင်းပါပြီ"

"ကိုယ် တစ်ခုစဉ်းစားလိုက်ဦးမယ်လေ"

"ကောင်းပါပြီ"

www.burmeseclassic.com

"သွားမယ်၊ မင်းကိုနမ်းဖို့မကြိုးစားတော့ဘူး"

သူက ယောက်ားမဆန်ဆင်းသွားရင်း...

"ကိုယ့်ဆီကိုမှန်းဆကပ်ပါ"

သူက မေးပြောသွားသည်။ သူမမှာ နေရာတွင်ပင်တွေတွေကြီးရပ်နေမိသည်။ စကားကြာတော့ အပြင်တံခါးဆောင့်ပိတ်သံကြားလိုက်ရ၏။

ဂျင်နီ နှုတ်ခမ်းကိုကိုက်ထားလိုက်၏။ ငိုချင်လာမိ၏။ ပြီးတော့ မီးဖိုခန်းထဲသို့သွားပြီး မတ်ခွက်တစ်ခွက်ထဲသို့ကော်ဖီထည့်လိုက်သည်။ မတ်ခွက်ကိုနှုတ်ခမ်းတွင်တေ့လိုက်စဉ် လက်ထဲမှချော်ထွက်သွားပြီး ကြမ်းပြင်ပေါ်ကျကွဲသွားသည်။

"သေစမ်းပါဟယ်"

သူမခြေထောက်များ၌အားမရှိတော့သဖြင့် ခုန်ရှည်ပေါ်တွင်ထိုင်ချလိုက်သည်။ကြောက်စရာကောင်းသော အနာဂတ်တစ်ခုနှင့်ရင်ဆိုင်ခဲ့ရသည့်ပမာ ခံစားမိရ၏။ထိုအနာဂတ်မှာလည်း မိမိကထင်ခြင်းမျှသာဖြစ်သည်။ ဤအခြေအနေလွန်မြောက်သွားသည့်အတွက်ကျေးဇူးပင်တင်နေတော့၏။

၀ ၀ ၀

# အခန်း (၁၆)

တာဝန်ကျချိန်အတွက် သိက္ခာမရှိဖြစ်ရသည်။

ဂျင်နီအတွက် မိမိအနိုင်ရနေသည်မှန်သော်လည်း အဖြစ်ကကောင်းလှသည်တော့မဟုတ်။မိမိမှာ သူနိုးတစ်ယောက်ပမာ ဟိုနားယောင်ပေယောင်ပေးသည့်နား ယောင်ပေယောင်ပေလုပ်နေရသည်။သတင်းစာကိုက်သို့လည်း မသိသလို အာသလိုလိုနှင့်သတင်းကိုဖွင့်ချခဲ့ရသည်။ဂျင်နီ၏ ရုံးခန်းထဲသို့ချွတ်နင်းဝင်ကာ သူမ၏စားပွဲအံဆွဲများကိုလည်း ရှာဖွေခဲ့ရသည်။ယခုလည်း သူမအိမ်ကြီးအားစောင့်ကြည့်နေရ၏။ စိုးရိမ်မှုမနှိပ်စက်ကြောင့် ဤအလုပ်ကို မလုပ်၍လည်းမဖြစ်။ မိုးပြီးမှတွက်ဖြစ်နေရသည်။ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေရ၏။

ဤအလုပ်မျိုးတွေကိုလုပ်ရမည်ဟု ဘယ်တုန်းကမှမထင်ခဲ့။ ယခု အသက် ၆၀ ပြည့်၍ ရက်ခွန်းလာတော့မှလုပ်နေရသည်။ကားကို လမ်းဘေးထွင်ရပ်၍ ကားထဲ၌ထိုင်နေရင်း တစ်စုံတစ်ယောက်၏အိမ်တံခါးဝကို နှိုးဆြောင်းမှုကြည့်နေရသည့် အဖြစ်မျိုး။ အမေသာသိလျှင် မည်သို့ပြောမည်နည်း။ အမေမှာ သားသေးသွယ်သွယ်နှင့် ဝတ်ကောင်းစားလှဝတ်ဆင်ကာအသက်ရှင်နေဆဲ။ အသက်က ၈၄ နှစ်ရှိနေပြီ။ မိန်း(န်)မြို့တွင် နေထိုင်လျက်ရှိ၏။ ဒေသခံသတင်းစာများသို့လည်း အမေတွေးအစ ပါသောမေးစာများရေးနေဆဲ။ အမေသာ သူ့သားအဖြစ်ကိုသိလျှင်တုန်လှုပ်သွား အောင်ရှက်သွားပေလိမ့်မည်။

www.burmeseclassic.com



မိမိ၏အသိတွေနှင့်မတွေ့ရှိတော်သေးသည်။ကားအေးမှဖြတ်လျှောက်သွားသူများနှင့်မျက်နှာချင်းမဆိုင်မိအောင်လည်း သတိထားနေရ၏။မိမိကားမှာ သိသာမြင်သာလှသည်။ဤအနီးအနားတစ်ဝိုက်၌ ရပ်ထားသည့်ကားများတွင် မိမိ၏ကားမျိုးမရှိ။နောက်ပြီး မိမိမှာလည်း ဆံပင်ဖြူဖြူနှင့်မို့ လူတွေအကြားမထင်မရှား နေသွားနိုင်သည့်ပုံစံမျိုးမဟုတ်။

ဂျင်နီဘာတွေလုပ်နေသည်မသိ။ အက်ဖ်ဘီအိုင်ကလည်းသူမ၏ခတ်ခွဲခန်းထဲတွင် အမြွာစာရင်းကိုရှာ၍မတွေ့ခဲ့။အဆိုးဆုံးအခြေအနေသာဖြစ်လာနိုင်သည်။ထိုစာရင်းကြောင့် နောက်ထပ်အမြွာစာရင်းကိုသူမသိသွားလေပြီလား။ ဤသို့ဘာဆိုလျှင် အန္တရာယ်ကသိပ်မဝေးတော့။ ဘာရင်တန်၊ ဂျင်နှင့် ပရက်စတန်တို့လူတွေကြား သိက္ခာကျဆင်းကာ ဘဝပျက်ရန်သာရှိတော့သည်။

ဂျင်နီ၏အိမ်ကြီးကိုစောင့်ကြည့်ရန် ဂျင်ပရစ်ကအကြံပြုခဲ့ခြင်းဖြစ်သည်။

"သူ ဘာလုပ်နေတယ်ဆိုတာ ကျုပ်တို့သိမှဖြစ်မယ်၊ သူ့အိမ်ကိုဘယ်သူတွေဝင်တယ်၊ ထွက်တယ်ဆိုတာသိဖို့လိုတယ်"

ဂျင်ကဆိုသည်။ ဘာရင်တန်လည်းစိတ်မပါတပါနှင့်သဘောတူလိုက်ရ၏။ ဤနေရာသို့ မိမိအစောကြီးရောက်နေခဲ့သည်။မနက်ပိုင်းတွင် ဘာကိုမျှမတွေ့ခဲ့ရ။နေ့လယ်လောက်ကျမှ လိင်မှုဆိုင်ရာမှုခင်းဌာနမှလူမည်းအမျိုးသမီးစုံထောက်တစ်ယောက်ကဂျင်နီအားကားနှင့်ခေါ်လာပြီးချပေးသွားသည်။ထိုရဲစုံထောက်မမှာ တနင်္လာနေ့က မိမိအားလာရောက်မေးမြန်းတွေ့ဆုံသွားသေးသည်။ထိုမိန်းမမှာ အတော်ပင်ဆွဲဆောင်မှုအရှိသား။သူမ၏နာမည်ကိုပင် မိမိကမှတ်မိနေသည်။ ရဲကြပ်ကြီးမစ်ရှ်ဒဲလာဝဲဖြစ်၏။

ဘာရင်တန်က ဂျင်ပရစ်ထံ အများသုံးတယ်လီဖုန်းမှတစ်ဆင့်ဆက်ကာ အကြောင်းကြားလိုက်သည်။ ဂျင်ပရစ်ကအက်ဖ်ဘီအိုင်ဌာနမှမိတ်ဆွေများအား ဂျင်နီတို့မည်သူနှင့်တွေ့ခဲ့သည်ကို စုံစမ်းနိုင်းပေးမည်ဟုဆို၏။ အက်ဖ်ဘီအိုင်စုံထောက်က...

"ရဲကြပ်ကြီး မစ်ရှ်ဒဲလာဝဲဟာ ကျွန်တော်တို့ထောက်လှမ်းစောင့်ကြည့်နေတဲ့မသင်္ကာစရာလူတစ်ယောက်ကိုဒီနေ့သွားတွေ့တယ်၊ တာဝန်အရ ကျွန်တော်ဒါထက်ပိုပြောမပြနိုင်ပါဘူး၊ ဒါပေမဲ့ အဲဒီရဲစုံထောက်မဒီမနက်ဘာလုပ်တယ်၊ ဘယ်အမှုကိုလိုက်နေတယ်ဆိုတာသိရရင် ကျွန်တော်တို့အဖို့လည်းတန်ဖိုးရှိမှာပါ"

ဟုဆိုခဲ့သည်။ နောက် ၁၂ နာရီခန့်ကြာသောအခါ ဂျင်နီကမန်းကတန်းအပြင်သို့ထွက်သွားသည်။ပန်းရောင်ဆွယ်တာနှင့် အတော်ကလေးဖွဲ့မက်စရာကောင်း၏။ သူမကားနောက်သို့မိမိလိုက်မသွားခဲ့။ သို့ရာတွင် သိပ်မကြာလိုက်စတိုးဆိုင်သုံး



အနီရောင်အိတ်များဖြင့်ထည့်ထားသော ပစ္စည်းတွေတစ်ပွေ့တစ်ပိုက်ကြီးဖြင့် ဂျင်နီပြန်ရောက်လာသည်။နောက်တစ်ခါ စတီလိုဂန်ဟုထင်ရသော အမြွာတစ်ယောက်ရောက်လာသည်။

သူ သိပ်ကြာကြာမနေလိုက်။ သူ့နေရာတွင် မိမိသာဆိုလျှင် ဂျင်နီယခုလိုဝတ်စားထားပုံမျိုးနှင့်ယခုတစ်ညလုံး၊ တနင်္ဂနွေနေ့တစ်နေ့လုံးနီးပါးကြာအောင်နေသွားမည်။

ဘာရင်တန် ကားထဲတွင်ရှိသောနာရီကို အကြိမ် ၂၀ မြောက်ကြည့်လိုက်ပြီး ဂျင်ထံသို့ဖုန်းဆက်ရန်ဆုံးဖြတ်လိုက်သည်။ ယခုလောက်ဆိုလျှင် အက်ဖ်ဘီအိုင်ထံမှ စကားပြန်ရနေလောက်ပြီ။

ဘာရင်တန်ကားပေါ်မှဆင်း၍ လမ်းထောင့်ဆီသို့လျှောက်လာသည်။ ဟမ်ဘာဂါအနံ့ကြောင့်ဗိုက်ထဲဆာလာသည်။ ဖော့ဘူးနှင့်ထည့်ထားသည့် ဟမ်ဘာဂါကို အပြင်တွင်မစားချင်။ ထို့ကြောင့်ကော်ပီကြမ်းတစ်ခွက်ဝယ်ကာ အများသုံးတယ်လီဖုန်းဆီသို့လျှောက်လာသည်။ ဖုန်းထဲတွင် ဂျင်က သူ့အား...

"သူတို့နယူးယောက်ကိုသွားကြတယ်"

ဘာရင်တန် စိုးရိမ်သည့်အတိုင်းပင်။

"ဝိန်းစတက်နာဆီကိုပေါ့"

"ဟုတ်တယ်"

"သေပါတော့ကွာ၊ သူတို့ဘာသွားလုပ်တာလဲ"

"ပြီးခဲ့တဲ့တနင်္ဂနွေနေ့က သူဘယ်ရောက်သလဲလို့သွားမေးတာ၊ သူက အမှီဆုပေးပွဲမှာရောက်နေတယ်၊ ပီးပဲမဂ္ဂဇင်းထဲမှာတောင် သူ့ဓာတ်ပုံပါလာသေးတယ်၊ ဆောင်းပါးအဆုံးမှာလေ"

"ဂျင်နီ နောက်ထပ်ဘာလုပ်ဖို့စီစဉ်နေသလဲဆိုတာသိလား"

"ဟင့်အင်း၊ ဆီမီမှာရော ဘာတွေဖြစ်နေသလဲ"

"ဘာမှတော့ ထူးထူးခြားခြားမရှိပါဘူး၊ သူ့ရဲ့တံခါးပေါက်ကို ဒီကနေကျုပ်မြင်နေရတယ်၊ သူဈေးဝယ်ထွက်သွားတယ်၊ စတီလိုဂန်လာပြီး ပြန်သွားတယ်၊ ဘာမှတော့မထူးခြားဘူး၊ သူတို့အကြံကုန်နေကြပုံရတယ်"

"ဟုတ်ချင်မှလည်းဟုတ်မယ်၊ ခင်ဗျား သူ့ကိုအလုပ်ဖြုတ်လိုက်တာလည်း ဘာမှထူးခြားမလာဘူး"

"အေးပါ၊ သိပ်လည်းပူမနေပါနဲ့ဦး၊ ဂျင်နီထွက်လာပြီ"

ဂျင်နီမှာ အဝတ်အစားလဲထားသည်။ အဖြူရောင်ဂျင်းဘောင်းဘီနှင့်ရေတာပ်အပြာရောင်လက်တိုအင်္ကျီကိုဝတ်ထားရာ သန်မာသောသူမ၏လက်မောင်းကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ရပါနေ၏။ ဂျင်က...

"နောက်ကလိုက်သွားဗျာ"

"ဟာ ခုထွပါပဲ၊ ကားထဲဝင်သွားပြီ"

"သူ့အယ်သွားသလဲဆို တောသိရမှ ဖြစ်မယ် ဘာရင်တန်"

"ကျုပ်ကလည်း ရဲမဟုတ်ဘူးဗျ"

"ဟော ကားကိုမောင်းထွက်သွားပြီ"

"ခင်ဗျား ကားထဲကိုဝင်စောင့်လေ"

"သွားသေလိုက်ပါလား ဂျင်"

"နောက်ကလိုက်စမ်းပါ"

ပြောပြီး ဂျင်ကဖုန်းချသွားသည်။ ဘာရင်တန်လည်း ဖုန်းကိုချလိုက်၏။ ဂျင်နီ၏ကားမှာ အနီးမှထွက်သွားပြီး တောင်ဘက်သို့ ချိုးကွေ့သွားသည်။ ဘာရင်တန်လည်း သူ့ကားဆီသို့ အပြေးလာခဲ့ရတော့သည်။

၀ ၀ ၀

# အခန်း (၅၃)

စတီ၏ဖခင်ကို ဂျင်နီ အကဲခတ်နေသည်။ စတီ၏ဖခင် ချားလီမှာ ဆံပင်က အနက်ရောင်၊ မုတ်ဆိတ်မွေးလည်းရှိနေသည်။ မျက်နှာထားကတင်းပြီး အမူအရာက တိကျပြတ်သားပုံရသည်။ စနေနေ့ဖြစ်သော်လည်း မန်းဆင်းကလေးကိုဖြူပြင်နေ၏။ မီးပွကျဲ အနက်ရောင်ဘောင်းဘီ၊ လက်တိုအကျႌတို့ကိုဆင်မြန်းထား၏။ ရုပ်ရည်က စတီနှင့်မတူ၊ သမားရိုးကျအဝတ်အစားတွေဝတ်ဆင်တတ်ပုံသာတူကြ၏။ ဂျင်နီ၏ ကျောင်းသားအတော်များများမှာ ဘောင်းဘီကိုအပေါက်ဖောက်၍ သားရေဂျာကင်အနက် နှင့်ချည်း၊ စတီကတော့ ကာကီအကျႌကိုဝတ်လေ့ရှိ၏။

စတီ အိမ်သို့ပြန်မရောက်သေး။ မုဒိမ်းမှုဆိုင်ရာဥပဒေစာအုပ်များကို ကျောင်း တွင်သွားဖတ်နေခြင်းဖြစ်မည်ဟု စတီ၏ဖခင်ချားလီကဆိုသည်။ မိခင်ကတော့ လေ လျှောက်နေ၏။ ချားလီက ရှောက်ချိုသီးဖျော်ရည်ကိုဖျော်ပြီး ဂျင်နီနှင့်အတူ အိမ်ရှေ့ မြေကွက်လပ်သို့ထွက်ကာ ကုလားထိုင်များပေါ်တွင်ထိုင်လိုက်ကြသည်။

ဂျင်နီအတွေးတစ်ခုကြောင့် အိပ်ငိုက်နေရာမှသတိရသည်။ စတုဏ္ဍအဖြေ ကိုရှာရန်အကြံရလာ၏။ သို့သော် ချားလီ၏အကူအညီလိုသည်။ အကူအညီတော ၍ရမှ ရပါမည်လား။ ချားလီကအအေးခွက်ကို သူမအားလှမ်းပေးပြီးထိုင်ချလိုက်...

"မင်းကို ဂျင်နီလို့ခေါ်လို့ရမလား"

"ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဦးကိုလည်း ချားလ်လို့ခေါ်ပါ"

"ကောင်းပါပြီ"

နှစ်ယောက်သား အအေးသောက်ရင်း ချားလ်က..

"ဘယ်လိုတွေဖြစ်နေသလဲဆိုတာ ပြောပြပါလား ဂျင်နီ"

ဂျင်နီက အအေးခွက်ကိုချရင်း...

"သိပ္ပံစမ်းသပ်မှုတစ်ခုလုပ်တယ်လို့ထင်ပါတယ်၊ ဘာရင်တန်နဲ့ဂျင်ပရစ်တို့ဟာ အခုဂျနက်တီကိုကုမ္ပဏီကိုမထူထောင်ခင်ကလေးအထိ စစ်တပ်ထဲမှာပဲရှိကြသေးတယ်၊ ဒီကုမ္ပဏီကလည်း စစ်တပ်ရဲ့စီမံချက်တစ်ခုဖုံးကွယ်ဖို့ဟန်ပြထားတဲ့ကုမ္ပဏီလို့ထင်ပါတယ်"

"ငါလည်းတစ်သက်လုံးစစ်သားလုပ်လာတာပါကွာ၊ စစ်တပ်က ပေါက်ကရလုပ်တယ်ဆိုတာတွေကို ငါယုံလာပါပြီ၊ ဒါပေမဲ့ မိန်းမတွေကိုသန္ဓေပေးတဲ့ကိစ္စဟာ သူတို့အတွက် ဘာအကျိုးရှိလို့လဲ"

"ဒီလိုစဉ်းစားကြည့်ပါလား၊ စတီနဲ့သူ့ရဲ့အမြွှာတွေဟာ အရပ်မြင့်တယ်၊ သန်မာထွားကြိုင်းကြတယ်၊ ကျန်းမာရေးကောင်းပြီး လူချောတွေချည်းပဲ၊ သူတို့အားလုံး ဉာဏ်လည်းထက်မြက်ကြတယ်၊ သူတို့လိုချင်တာကိုရဖို့အတွက် စွမ်းစွမ်းတမံလုပ်တတ်တယ်၊ စတီနဲ့ဒင်းနစ်တို့ဟာဉာဏ်ရည်အဆင့်အတန်းမှာ စံချိန်လွန်နေတယ်၊ တခြားနှစ်ယောက်လည်း ဒီအတိုင်းဖြစ်နေမယ်လို့ကျွန်မထင်တယ်၊ ဝိန်းဆိုရင်လည်း အသက် ၂၂ နှစ်နဲ့သန်းကြွယ်သူဌေးဖြစ်နေပြီ၊ စတုတ္ထတစ်ယောက်ကလည်း သူ့ကိုဖမ်းလို့မမိအောင် ရှောင်တိမ်းတဲ့နေရာမှာ အင်မတန်ကျွမ်းကျင်တယ်"

"အဲဒီတော့ မင်းကဘာယ်လိုယူဆသလဲ"

"အဲဒါတော့မသိဘူး၊ စစ်တပ်အနေနဲ့တကယ့်စစ်သားကောင်းဖြစ်နိုင်တဲ့လူတွေကို မွေးထုတ်ပေးတာများဖြစ်နိုင်မလားလို့"

ရှိမ်းသမ်တွက်ဆ၍ အမှတ်တမဲ့ပြောလိုက်သော ထိုစကားကြောင့် ချားလ်မှာ တုန်လှုပ်သွားပြီး...

"အို.. ဘုရား..ဘုရား"

သူမျက်နှာတစ်ခုလုံး အံ့ဩထိတ်လန့်သည့်အမူအရာများပေါ်လာသည်။ သူက ဆက်၍..

"အဲဒီကိစ္စမျိုးတွေအန်ကယ်ကြားဖူးသလိုပဲ"

"အန်ကယ် ဘာကိုဆိုလိုတာလဲ"

"၁၉၇၀ ပြည့်လွန်နှစ်တွေက ကောလာဟလတစ်ခု စစ်တပ်ထဲမှာဖြစ်ခဲ့ဖူး



တယ်၊ ရုရှားနိုင်ငံမှာ လူမွေးမြူရေးအစီအစဉ်တစ်ခုလုပ်နေတယ်တဲ့၊ သူတို့ဟာ တကယ့်စစ်သားကောင်းတွေ၊ တကယ့်အားကစားသမားကောင်းတွေ၊ စစ်တုရင်သမားကောင်းတွေ စသည်ဖြင့် မွေးထုတ်နေတယ်ဆိုပဲ၊ တချို့ကဆိုရင် ဒီမှာလည်း ဒီလိုလုပ်ဖို့ကောင်းတယ်လို့ ပြောနေကြတယ်၊ တချို့ကတော့ ဒီမှာလည်းလုပ်နေတယ်လို့တောင်ဆိုကြတယ်"

"ဒါဆိုဟုတ်ပြီပေါ့၊ သူတို့ဟာ ကျန်းမာပြီးတက်ကြွထက်မြက်တဲ့အပြင် ရွှေရောင်ဆံပင်နဲ့ ယောကျ်ားတစ်ယောက်၊ မိန်းမတစ်ယောက်ကိုရှာမယ်၊ သူတို့ဆီက မိုမျိုးနဲ့မမျိုးတွေကိုအလှူခံမယ်၊ ပြီးတော့ ဒီနှစ်ခုကိုသားစပ်ပြီး ကလာသရေကြည်ဖြစ်အောင်လုပ်မယ်၊ ဒါပေမဲ့ သူတို့တကယ်စိတ်ဝင်စားတာက သူတို့ဖန်တီးတဲ့စစ်သားကောင်းယောကျ်ားတွေကိုပွားယူချင်တဲ့ကိစ္စပဲ၊ အဲဒီလက်တွေ့စမ်းသပ်မှုမှာ အရေးပါဆုံးအပိုင်းကကလာလရေကြည်ကို အပိုင်းပိုင်းခွဲပြီး မွေးမယ့်မိခင်လောင်းတွေရဲ့ကိုယ်ထဲကိုထည့်ပေးဖို့ပဲ၊ သူတို့လုပ်တာ အောင်မြင်ခဲ့တယ်၊ နောက်ဘာဆက်ဖြစ်မလဲဆိုတာ ကျွန်မမတွေးတတ်ဘူး"

"ဒီအဖြေ ငါသိတယ်၊ ဝါးတားဂိတ်ပြဿနာလေ၊ အဲဒီပြဿနာနောက်ပိုင်း၊ ဒီ ရှုးကြောင်ကြောင်စီမံချက်ကို ဖျက်သိမ်းပစ်လိုက်ကြတယ်"

"ဒါပေမဲ့ ဂျနက်တီကိုကုမ္ပဏီကတော့ မာဖီးယားဂိုဏ်းတွေလို တရားဝင်ရှိနေတာပဲ၊ ဖန်ပြွန်သန္ဓေသားလုပ်နည်းကို သူတို့ တကယ်တွေ့ထားကြတော့ ကုမ္ပဏီလည်း အကျိုးအမြတ်ရှိခဲ့တယ်၊ အဲဒီအမြတ်တွေနဲ့ ဗီဇပြုပြင်ရေးသုတေသနကို ငွေကြေးကူညီပံ့ပိုးပေးခဲ့တာ အခုထိပဲ၊ ကျွန်မလုပ်နေတဲ့သုတေသနလုပ်ငန်းကလည်း အဲဒီစီမံကိန်းရဲ့ အစိတ်အပိုင်းတစ်ရပ်ပဲလို့ ကျွန်မထင်တယ်"

"ဘယ်လိုဟာလဲ"

"အဖက်ဖက်ပြည့်စုံတဲ့ အမေရိကန်လူမျိုးတွေမွေးထုတ်ဖို့လေ၊ ဉာဏ်ကောင်းရမယ်၊ တက်ကြွရမယ်၊ ရွှေရောင်ဆံပင်ရှိရမယ်၊ လူတော်လူကောင်းမျိုးရိုးဖြစ်ရမယ်၊ ဒါကိုတော့ အရင်ကတည်းကစဉ်းစားလာခဲ့ကြတာပါ၊ ဒါပေမဲ့ အခုခေတ်မှာတော့ ခေတ်မီဗီဇနည်းပညာတွေနဲ့ဖြစ်နိုင်လာပြီလေ"

"ဒါဆိုလည်း သူတို့က ဘာဖြစ်လို့ကုမ္ပဏီကိုရောင်းပစ်လိုက်တာလဲ၊ ဒီအချက်က ဆက်စပ်လို့မရဘူး"

"ဆက်စပ်မှုရှိပါတယ်၊ ကုမ္ပဏီကိုလွှဲပြောင်းရောင်းချလိုက်မယ်ဆိုရင် နောက်ထပ်တစ်ဆင့် တက်လှမ်းနိုင်တယ်လို့ သူတို့မြင်နေကြတယ်၊ ဒီကရတဲ့ငွေကြေးနဲ့ဂျင်ပရစ်ဟာ သမ္မတအရွေးခံနိုင်ပြီလေ၊ အိမ်ဖြူတော်ထဲကိုသူတို့ရောက်တာနဲ့ သူတို့လုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့သုတေသနလုပ်ငန်းတွေကိုအကုန်လုပ်နိုင်မယ်၊ သူတို့ရဲ့အကြံအစည်တွေလည်း လက်တွေ့အကောင်အထည်ဖော်နိုင်မယ်"

ချားလ်က ခေါင်းညိတ်လျက်....

"ဂျင်ပံရှစ်ရဲ့အကြံအစည်နဲ့ပတ်သက်ပြီး ဒီနေ့ဝါရှင်တန်ပို့စ်သတင်းစာထဲမှာ ပါလာတယ်၊ ငါလည်း ဒီလောကကြီးထဲမှာနေတောင်မနေချင်တော့ပါဘူးကွာ၊ ငါတို့ အားလုံးဟာတက်ကြွထက်မြက်ပြီး အမိန့်နာခံတတ်တဲ့စစ်သားကောင်းတွေအားလုံး ဖြစ်ကုန်မယ်ဆိုရင်ကဗျာတွေကို ဘယ်သူတွေရေးကြမလဲ၊ အလွမ်းသီချင်းတွေ ဘယ်သူ တွေတီးကြမလဲ၊ စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲတွေ ဘယ်သူတွေလုပ်ကြမလဲ"

ဂျင်နီက မျက်ခုံးနှစ်ဖက်ကို ပင့်တင်လိုက်သည်။ စစ်ဟာ အဓိပ္ပာယ်ရှိတယ်၊ ကျွန်မတို့တစ်တွေ မိဘတွေနဲ့မတူအောင်မွေးလာရတာ အကြောင်းရှိတယ်လေ၊ လူ့ဆင့် ကဲဖြစ်စဉ်ဆိုတာစမ်းကြည့်လိုက်မှားလိုက်ဆိုတဲ့လုပ်ငန်းစဉ်မျိုး၊ သဘာဝရဲ့အောင်မြင် စမ်းသပ်မှုတွေကိုမချေဖျက်ဘဲမအောင်မြင်တဲ့စမ်းသပ်မှုတွေကို တားဆီးလို့မရဘူး"

ချားလ်က သက်ပြင်းချလျက်...

"ဒီအားလုံးရဲ့အဓိပ္ပာယ်က ကျူပ်ဟာစတီရဲ့ဖခင်မဟုတ်ဘူးဆိုတဲ့သဘောပဲ"

"အဲဒီလိုတော့လည်း မပြောပါနဲ့"

ချားလ်က ဗိုင်တစ်ခုကိုဖွင့်လျက် ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက် ပြီး...

"မင်းကိုတစ်ခုပြောမယ် ဂျင်နီ၊ ဖန်တီးထားတဲ့လူသားဆိုတဲ့ အယူအဆကို ငါသံသယမရှိဘူး၊ဒါပေမဲ့ စတီမှာငါနဲ့တူတာဘာပါသလဲဆိုတာ ငါမကြာခဏကြည့် ဖြစ်ခဲ့တယ်"

"မတွေ့ရဘူးလား"

"တူတာရှိတယ်"

"ရုပ်ရည်အနေနဲ့တော့တူတာမရှိဘူး၊ ဒါပေမဲ့ စတီဟာ တာဝန်အသိစိတ် ရှိတယ်၊ တခြားအမြွှာတွေကတော့ တာဝန်ဆိုတာကို လုံးဝနားမလည်ဘူး၊ ဒီအချက်ဟာ သူ အန်ကယ်ဆီက သန္ဓေပါလာတာပေါ့"

"သူမှာဆိုးတဲ့အချက်တွေရှိတယ်၊ ဒါကိုတော့ငါသိတယ်"

ဂျင်နီက သူ့လက်ကိုလှမ်းကိုင်လျက်...

"ဒီမယ်အန်ကယ်၊ စတီဟာ ကလေးဆိုးကလေးတစ်ယောက်ပါ၊ ပြောစကား နားမထောင်ဘူး၊လုပ်ချင်တာမရရအောင်လုပ်တယ်၊ ကြောက်စိတ်မရှိဘူး၊ ခွန်အား ရှိတယ်၊ဟုတ်တယ်မဟုတ်လား"



ချားလ်က မဲ့ပြုံးပြုံးလျက်...

"ဟုတ်ပါတယ်"

"ဒင်းနစ်ပင်ကာနဲ့ဝိန်းစတက်နာတို့လည်း ဒီကလေးတွေဟာ ကောင်း ကောင်းမွန်မွန်ကြီးပြင်အောင်မွေးဖို့မလွယ်လှဘူး၊ ဒါကြောင့်လဲဒင်းနစ်ဟာ လူသတ် သမားဖြစ်တယ်၊ ဝိန်းကတော့ ရာဂကျူးတယ်၊ ဒါပေမဲ့ စတီကတော့သူတို့လိုမဟုတ် ဘူး၊ အဲဒါဟာအန်ကယ့်ကြောင့်ပါ၊ စိတ်ရှည်ရှည်နဲ့နားလည်မှုရှိပြီး ချိုသာနူးညံ့တဲ့ မိဘတွေမှသာ ဒီလိုကလေးတွေကိုပုံမှန်လူသားတွေဖြစ်အောင် မွေးမြူလာနိုင်မယ်၊ စတီကတော့ ပုံမှန်ဖြစ်နေပါပြီ"

"မင်းပြောတဲ့အတိုင်းဖြစ်ပါစေလို့ပဲဆုတောင်းတယ်"

ချားလ်က ဓာတ်ပုံကိုပြန်ထည့်ထားလိုက်သည်။ ဂျင်နီက...

"ကျွန်မကြည့်ပါရစေ"

"ရပါတယ်"

ဓာတ်ပုံကိုကြည့်လိုက်တော့ မကြာသေးခင်ကမှရိုက်ထားသော စတီ၏ ဓာတ်ပုံဖြစ်သည်။ စတီမှာ အပြာစင်းရုပ်အင်္ကျီဝတ်ထားပြီး ဆံပင်ရှည်ရှည်နှင့်ဖြစ်၏။ သူက ရှက်ပြုံးကလေးပြုံးနေသည်။ ဂျင်နီက ဓာတ်ပုံကိုပြန်ပေးရင်း...

"သူ့ဓာတ်ပုံကျွန်မမှာမရှိဘူး"

"အဲဒါယူလိုက်လေ"

"ဘယ်ယူလို့ဖြစ်မလဲ၊ ဒီဓာတ်ပုံက အန်ကယ်အသည်းနှလုံးသားမှာထားရ မှာပဲ"

"ငါ့မှာ သူ့ဓာတ်ပုံတွေအများကြီးရှိပါတယ်"

"ဒါဆိုလည်း ကျေးဇူးပဲ"

"မင်းကိုကြည့်ရတာ တကယ်ပဲသူ့ကိုသဘောကျနေပုံရတယ်"

"ကျွန်မသူ့ကိုချစ်ပါတယ်"

"ဟုတ်လား"

ဂျင်နီက ခေါင်းညိတ်လျက်...

"သူ ဒီမုဒိမ်းမှုအတွက် ထောင်ကျတော့မယ်ဆိုတုန်းက ကျွန်မသူ့အစား ထောင်ကျခံချင်စိတ်တောင်ဖြစ်မိတယ်"

"အန်ကယ်လည်း ဒီလိုပါပဲလေ"

"ဒါဟာ အချစ်ပဲမဟုတ်လားဟင်"

"သိပ်ဟုတ်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဤစကားများကို စတီ၏ဖခင်အားပြောရန်မရည်ရွယ်ခဲ့။ ဤသည်တို့ မိမိကိုယ်တိုင်ပင်မသိခဲ့။ ဤစကားများအလိုအလျောက်ပြောဖြစ်ခဲ့သည်။ ဤသ များမှာ အမှန်ဟုတ်ကြောင်း သူမသိလာလေပြီ။ ချားလ် က...

"စတီကရော မင်းအပေါ်ဘယ်လိုသဘောထားသလဲမသိဘူး"

ဂျင်နီက ပြုံးလျက်..

"ကျွန်မပြောရမှာလည်းအလေးကလား"

"ကိစ္စမရှိပါဘူး"

"သူ ကျွန်မကိုအရူးအမူးဖြစ်နေတယ်"

"ဒါကိုအန်ကယ်မအံ့ဩပါဘူး၊ မင်းသိပ်လှလို့ချည်းမဟုတ်ဘူး၊ တောင့်တင် ကြံ့ခိုင်မှုလည်းရှိလို့ပါ၊သူ့မှာ ဒီလိုကြံ့ခိုင်တဲ့လူတစ်ယောက်လိုအပ်တယ်လေ၊ အထူ သဖြင့် အခုလိုအစွပ်စွဲခံနေရတဲ့အခါမျိုးမှာပေါ့"

ဂျင်နီက သူ့ကို အကဲခတ်သလိုကြည့်သည်။ သူ့ကိုမေးရန် အချိန်ကျလေပြီ

"အန်ကယ့်အနေနဲ့ လုပ်ပေးနိုင်တဲ့ကိစ္စတစ်ခုရှိတယ်"

"ပြောလေ ဘာလဲ"

ပြောရမယ့်စကားများကို ဂျင်နီ ကားထဲတွင် လေ့ကျင့်လာခဲ့သည်။ သူမက...

"ကျွန်မ တခြားကွန်ပျူတာအချက်အလက်တွေကိုရနိုင်မယ်ဆိုရင် မှဒီမ်း ကောင်အစစ်ကို ကျွန်မရှာပေးနိုင်မှာပါ၊ ဒါပေမဲ့ နယူးယောက်တိုင်းသတင်းစာထဲက သတင်း လူတွေသိသွားပြီးတဲ့နောက် ဘယ်အစိုးရဌာနနဲ့အာမခံကုမ္ပဏီတွေကမှ ကျွန်မ ကို ကူညီမှာမဟုတ်ဘူး၊ တကယ်လို့.."

"ဘာလဲ"

"ဂျနတီကိုကုမ္ပဏီဟာ စစ်သားတွေရဲ့ဇနီးတွေကိုလက်တွေ့စမ်းသပ်မှုလုပ်ခဲ့ တာ၊ဒီဇနီးတွေကလည်း စစ်တပ်ဆေးရုံတွေမှာတက်ခဲ့တာလေ၊ ဒါကြောင့်မို့ အခုအမြွာ တွေဟာ စစ်တပ်ဆေးရုံတွေမှာပဲ ဖြစ်ခဲ့ပုံရတယ်"

ချားလ်က ဖြည်းဖြည်းချင်း ခေါင်းညိတ်သည်။ ဂျင်နီက ဆက်၍...

"ဒီကလေးတွေဟာ ကျန်ခဲ့တဲ့ ၂၂ နှစ်က တပ်မတော်ဆေးမှတ်တမ်းတွေမှာ ရှိနိုင်တယ်၊ အဲဒီမှတ်တမ်းတွေ အခုလည်း ရှိနိုင်သေးတယ်"

"သေချာတာပေါ့၊ တပ်မတော်ဟာ ဘာကိုမှစွန့်ပစ်တာမျိုးမရှိဘူး"

ဂျင်နီ မျှော်လင့်ချက်တွေတက်လာသည်။သို့သော် အခြားပြဿနာတစ်ခု ရှိသေးသည်။ သူမက...

"ဟိုအရင်တုန်းကဆိုရင်တော့ အဲဒီမှတ်တမ်းတွေဟာ စာရွက်စာတမ်းတွေ



မှတ်ထားမှာ၊ အဲဒါတွေကို ကွန်ပျူတာထဲပြောင်းထည့်ချင်လည်းထည့်ကြမှာ"

"ဒါလည်း သေချာပါတယ်၊ ဒီမှတ်တမ်းတွေကို ဒီလိုသိမ်းထားမှလည်းရမယ် လေ"

"ဒါဆိုရင် ဖြစ်နိုင်စရာရှိတယ်"

ဂျင်နီက ဝမ်းသာမှုကို ဖုံးဖိရင်း ပြောလိုက်သည်။ ချားလ်က စဉ်း စားသလို ကြည့်နေ၏။ ဂျင်နီက သူ့အားစူးစိုက်ကြည့်ရင်း...

"ကျွန်မကို အဲဒါတွေယူပေးနိုင်မလား"

"မင်းက ဘယ်လိုလုပ်မှာလဲ"

"ကျွန်မရဲ့ပရိုဂရမ်ကို ကွန်ပျူတာထဲမှာထည့်ပြီး အဲဒီဖိုင်တွေကိုရှာချင်တယ်"

"အဲဒါက ဘယ်လောက်ကြာမလဲ"

"အဲဒါကတော့ မသိသေးဘူး၊ ကွန်ပျူတာရဲ့အချက်အလက်အနည်းအများ နဲ့ ကွန်ပျူတာရဲ့စွမ်းအားပေါ်မှာမူတည်တယ်"

"တကယ်လို့မိသွားရင်တော့ ငါ့အလုပ်ပြုတ်ပြီ"

"ဟုတ်လား"

"သိပ်ဟုတ်တာပေါ့"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

အိမ်ရှေ့မြေကွက်လပ်တွင် ဂျင်နီထိုင်၍ ရောက်ချိုရည်သောက်ရင်း ဖခင်နှင့် ရင်းရင်းနှီးနှီးစကားပြောနေသည်ကိုတွေ့ရ၍ စတီဝမ်းသာသွားသည်။ မိမိကလည်း ဤသို့မြင်ချင်နေသည်။ မိမိဘဝထဲသို့ ဂျင်နီ ရောက်နေစေချင်သည်။ ထိုသို့ ရောက်လာလျှင်တော့ မိမိဘာမဆိုရင်ဆိုင်ရဲသည်။

သူက ကားဂိုထောင်မှမြက်ခင်းပေါ်ဖြတ်လျှောက်လျက် ပြုံးပြုံးကြီးလှမ်းလာရင်း သူမအားဖွဖွကလေးနမ်းလိုက်သည်။ ပြီးတော့ သူက...

"ဒီနှစ်ယောက် ဘာတွေကြိတ်ကြံနေသလဲ"

ဂျင်နီက မိမိတို့၏အစီအစဉ်များကိုပြောပြလိုက်သည်။စတီမှာလည်း မျှော်လင့်ချက်တွေတက်လာ၏။ ဖခင်က ဂျင်နီအား...

"အန်ကယ်က ကွန်ပျူတာသိပ်မကျွမ်းဘူး၊ မင်းရဲ့ပရိုဂရမ်ကို ကွန်ပျူတာထဲထည့်ဖို့ အကူအညီလိုလိမ့်မယ်"

"ကျွန်မလိုက်မယ်လေ"

"မင်းမှာ မှတ်ပုံတင်မပါဘူးမဟုတ်လား"

"ဟုတ်ကဲ့ မပါဘူး"

"မှတ်ပုံတင်မပါဘဲ မင်းကိုမှတ်တမ်းဌာနထဲ ခေါ်သွားလို့မရဘူး"

"ကျွန်မ အိမ်ပြန်ယူမယ်လေ"



"ကျွန်တော်လိုက်မယ်အဖေ၊ အပေါ်ထပ်မှာ ကျွန်တော့်မှတ်ပုံတင်ရှိတယ်၊ ပရိုဂရမ်ကို ကွန်ပျူတာထဲကျွန်တော်ထည့်တတ်တယ်"

စတီက ဖခင်အားပြောသည်။ ဖခင်က ဂျင်နီအား မေးခွန်းထုတ်သလိုကြည့်လိုက်ရာ သူမက ခေါင်းညိတ်လျက်....

"အဲဒါကလွယ်လွယ်ကလေးပါ၊တကယ်လို့ လုပ်ရင်းအခက်အခဲရှိရင်လည်း ဟိုကနေဖုန်းပြန်ဆက်လိုက်ပေါ့၊ ကျွန်မဖုန်းထဲကပြောလိုက်မယ်လေ"

"ဟုတ်ပြီ"

ဖခင်က မီးဖိုခန်းထဲသွား၍ဖုန်းတစ်လုံးယူလာသည်။သူက ဖုန်းကိုလှည့်လိုက်ပြီးတော့...

"ဒွန်ရေ ချားလ်ပါကွ၊ ဂေါက်သီးရိုက်တာ ဘယ်သူနိုင်သွားသလဲ၊ မင်းနိုင်မယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမဲ့ နောက်အပတ်ကျရင် မင်းကိုငါအနိုင်ရိုက်ပြမယ်၊ ကြည့်နေ၊ဒီမယ်အကူအညီတစ်ခုတောင်းချင်လို့၊ ထူးထူးဆန်းဆန်းလေးပေါ့၊ ငါ့သား ရဲ့အရင်က ဆေးမှတ်တမ်းကိုပြန်ကြည့်ချင်တယ်၊ဟုတ်တယ်၊ သူ့ရဲ့ကျန်းမာရေးအခြေ အနေကဆန်းဆန်းပြားပြားလေးဖြစ်နေလို့၊သေလောက်တဲ့ရောဂါမျိုးတော့မဟုတ်ဘူး ပေါ့၊ဒါပေမဲ့ရောဂါကတော့ နည်းနည်းကြီးတယ်၊ ဒါကြောင့် သူ့ရဲ့အရင်ဆေးမှတ်တမ်း တွေထဲမှာတစ်ခုခုတွေ့နိုင်မလားလို့၊ အဲဒါကြောင့် စစ်ဌာနချုပ်မှတ်တမ်းဌာနထဲဝင်လို့ ရအောင် လုံခြုံရေးကိစ္စမင်းစီစဉ်ပေးနိုင်မလား"

တစ်ဖက်မှ အတန်ကြာအောင်ငြိမ်သွားသည်။ နောက်ဆုံးကျမှ ဖခင်က ဆက်၍....

"ကျေးဇူးပဲ ဒွန်၊ တကယ့်ကိုကျေးဇူးတင်တယ်ကွာ"

စတီက လေထဲသို့ လက်သီးဆိုးဟန်ပြုလျက်...

"ဟုတ်ပြီကွ"

ဖခင်က ပါးစပ်ကိုလက်ညှိုးဖြင့်ပိတ်ကာ တိုးတိုးပြောရန်လက္ခဏာပြသည်။ ပြီးတော့ ဖုန်းထဲတွင်ဆက်၍စကားပြောနေ၏။

"စတီလည်း ငါနဲ့ပါမယ်၊ ငါတို့ နောက်ထပ် ၁၅ မိနစ်၊ မိနစ် ၂၀ ဆိုရင် ရောက်လာမယ်၊ ကျေးဇူးပဲ"

သူဖုန်းကိုချလိုက်သည်။ စတီက သူ့အခန်းဆီသို့ပြေးတက်သွားပြီး မှတ်ပုံ တင်ယူ၍ပြန်ဆင်းလာသည်။ဂျင်နီက ကွန်ပျူတာဒစ္စကက်များကို ပလတ်စတစ်ဘူး ကလေးတစ်ခုထဲသို့ထည့်နေ၏။ ယင်းတို့ကို သူမက စတီအားပေးရင်း...

"နံပါတ်ဒလို့ရေးထားတဲ့ဒစ္စကက်ကိုအရင်ထည့်လိုက်၊ ကွန်ပျူတာမှာ ပေါ်သား

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပေါ်မှာ ညွန်ကြားချက်တွေပေါ်လာလိမ့်မယ်"

စတီက ဖခင်အားကြည့်လျက်...

"အသင့်ဖြစ်ပြီလား"

"ကဲ သွားကြစို့"

"ကံကောင်းပါစေ"

ဂျင်နီကပြောလိုက်သည်။သူတို့ လင်ကင်းအမျိုးအစားကားကြီးဖြင့် ပင်တဂွန်စစ်ဌာနချုပ်သို့လာခဲ့ကြသည်။ရောက်တော့ ကမ္ဘာပေါ်တွင်အကြီးဆုံးယာဉ်ရပ်သည့်နေရာ၌ ကားကိုရပ်လိုက်သည်။အမေရိကန်အနောက်အလယ်ပိုင်းရှိ အချို့မြို့များဆိုလျှင် ပင်တဂွန်ယာဉ်ရပ်စခန်းလောက်ပင်မကျယ်ပြော။သူတို့ဒုတိယထပ်သို့ လှေကားမှတက်လာခဲ့ကြသည်။

အသက် ၁၃နှစ်တုန်းက မိမိဤရုံးခန်းသို့လာလည်ခဲ့ဖူးသည်။ အထပ်ငါးထပ်ရှိ၍ဓာတ်လှေကားမရှိ။မိမိမှတ်မိနေသည်က ခြံဝင်းထဲရှိ အသားညှပ်ပေါင်မုန့်ရောင်းသော ဧာစ်ထပ်တိုက်ကလေးတစ်ခုဖြစ်သည်။

ဖခင်က ရှေ့မှသွားကာဆံပင်ညှပ်ဆိုင်ကိုကျော်၊ စားသောက်ဆိုင်ကိုဖြတ်ပြီး လုံခြုံရေးဂိတ်ကိုရောက်လာသည်။ စတီက မိမိ၏မှတ်ပုံတင်ကိုပြပြီး ဧည့်သည်စာရင်းတွင် လက်မှတ်ထိုးပြီးသောအခါ ဝင်ခွင့်လက်မှတ်ကိုစတီရင်ဘတ်တွင်ချိတ်ပေးလိုက်သည်။

စနေနေ့ညနေမို့လူသိပ်မရှိကြ။ စင်္ကြန်များတွင်လူသူကင်းရှင်းလျက်ရှိသည်။ ယူနီဖောင်းဝတ်အချိန်ပိုအလုပ်သမားများနှင့် လေးလံသောပစ္စည်းများ၊ အရေးကြီးပုဂ္ဂိုလ်များကိုတင်ဆောင်လာသော ကားငယ်ကလေးများကိုသာရံဖန်ရံခါတွေ့ရသည်။ စတီ အရင်တစ်ခါရောက်တုန်းက ဤအဆောက်အဦးကြီးမှာ မိမိအတွက်အကာအကွယ်ဖြစ်ခဲ့သည်ဟုထင်ခဲ့သည်။ ယခုတော့မူ ဤနေရာမှာ မိမိအားမွေးဖွားစေသည့် လျှို့ဝှက်အကြံစည်ကြီးဓာတ်ခုစတင်ရာနေရာဖြစ်နေပေပြီ။ဤအထဲတွင် မိမိရှာနေသော လျှို့ဝှက်အမှန်တရားတစ်ခုရှိနေ၏။ ကြည်း၊ ရေ၊ လေ ယူနီဖောင်းဝတ်ယောကျ်ား၊ မိန်းမများမှာ ယခု မိမိ၏ရန်သူဖြစ်နေလေပြီ။

အပေါ်ထပ်သို့လှေကားဖြင့်တက်သွားရာ စည်းကြိုးကလေးများဖြင့် ဝိုင်းထားသော လုံခြုံရေးဂိတ်တစ်ဂိတ်နှင့်ဆုံရပြန်သည်။ ဤဂိတ်တွင် ပို၍ကြာ၏။ စတီ၏ နာမည်အပြည့်အစုံ၊ လိပ်စာတို့ကိုပေးလိုက်ရသည်။ ကွန်ပျူတာမှ စစ်ဆေးနေသဖြင့် တစ်မိနစ်၊ နှစ်မိနစ်ခန့် စောင့်နေရသည်။

ထိုမှကျော်လာသောအခါ ဟိုကွေ့သည်ကွေ့ဖြင့် မှန်တံခါးပေါက်တစ်ခုသို့



ရောက်လာသည်။ ထိုတံခါးပေါက်၏ဟိုမှာဘက်တွင် ရှုံ့ငယ်စစ်သားအတော်များများ ကွန်ပျူတာများဖြင့် အလုပ်လုပ်နေကြ၏။ အပေါက်ဝမှအစောင့်က စတီ၏မှတ်ပုံတင်ကို စစ်ဆေးပြန်သည်။ ပြီးမှ ဝင်ခွင့်ပေးလိုက်၏။

အခန်းထဲတွင်ကော်ဇောခင်းထားပြီး တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ပြတင်းပေါက်မရှိဘဲ မီးကလှဲလှဲကလေးလင်းနေသည်။လေကသန့်ရှင်းနေ၏။ထိုဌာနကို ဆံပင်ဖြူဖြူ၊ နှုတ်ခမ်းမွေးကျင်စွယ်နှင့် ဗိုလ်မှူးကြီးတစ်ယောက်က ဦးဆောင်သည်။ သူက စတီ၏ဖခင်ကိုမသိ။

သို့သော် သူတို့ကိုထိုဗိုလ်မှူးကြီးကစောင့်နေ၏။ သူက ခပ်သုတ်သုတ်ပြောပြီး မိမိတို့အသုံးပြုရမည့်ကွန်ပျူတာကိုပြသည်။မိမိတို့လာသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ပုံလည်းရ၏။ ဖခင်ကသူ့အား...

"ကျန်ခဲ့တဲ့ ၂၂ နှစ်လောက်က စစ်ဆေးရုံမှာမွေးသွားတဲ့ကလေးတွေရဲ့မှတ်တမ်းကိုရှာချင်တာပါ"

"ဒီမှတ်တမ်းတွေက ဒီမှာသိမ်းမထားဘူးဗျ"

စတီ ရင်ထဲနင့်သွားသည်။ မိမိ အလွယ်တကူအောင်နိုင်ဖို့မဖြစ်နိုင်ပါလား။

"ဘယ်မှာသိမ်းထားတာလဲ"

"စိန့်လူးဝစ္စမြို့မှာ"

"အဲဒါတွေကို ဒီကနေလှမ်းယူကြည့်လို့မရဘူးလား"

"အဲဒီလိုလုပ်ဖို့ဆိုရင် ခွင့်ပြုချက်တောင်းရလိမ့်မယ်၊ အဲဒီလိုခွင့်ပြုချက်မျိုးခင်ဗျားတို့ပါမလာဘူးမဟုတ်လား"

"ဒီလိုအခြေအနေမျိုးဖြစ်မယ်လို့မထင်လို့ပါဗိုလ်မှူးကြီးရယ်၊ ကျွန်တော် ဗိုလ်ချုပ်ကြီးခရိန်နာကို ဖုန်းဆက်လိုက်ရမလား၊ စနေနေ့ကြီးကြမှဒီလိုဒုက္ခပေးတဲ့အတွက် သူကကျေနပ်မှာတော့မဟုတ်ဘူး၊ ဗိုလ်မှူးကြီးတင်းခံနေရင်တော့ ကျွန်တော်ဆက်ရမှာပဲ"

ဗိုလ်မှူးကြီးမှာ စည်းမျဉ်းစည်းကမ်းကိုအနည်းငယ်ကျော်လွန်၍ လုပ်ပေးရလျှင်ကောင်းမည်လား၊ ဗိုလ်ချုပ်ကြီးကို စိတ်ဆိုးအောင်လုပ်ရလျှင် ကောင်းမည်လား ချိန်ဆဟန်တူသည်။

"ဒါဆိုလည်း ရပါတယ်၊ အဲဒီလိုင်းကိုလည်းမသုံးတာကြာပြီ၊ ဒီရုံးပိတ်ရက်မှာ လိုင်းကောင်းမကောင်းစမ်းကြည့်စရာလည်းရှိတယ်"

"ကျေးဇူးပါပဲ"

ဗိုလ်မှူးကြီးက ဗိုလ်အဆင့်ရှိယူနီဖောင်းနှင့်မိန်းမတစ်ယောက်ကိုလှမ်းခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကာရိုလိုင်းဂမ်းဘိုးဟူ၍ စတီတို့နှင့်မိတ်ဆက်ပေးသည်။ သူမမှာ အသက်၅၀ခန့်ရှိပြီး အတော်ကလေးဝသည်။ ဖခင်ကဗိုလ်မှူးကြီးကိုပြောခဲ့သည့်အတိုင်း ပြန်ပြောလိုက်သည်။ ဂမ်ဘိုးက...

"အဲဒီမှတ်တမ်းတွေဟာ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေနဲ့ထိန်းချုပ်ထားတယ်ဆိုတာ ဗိုလ်မှူးကြီးသိပါသလား"

"သိပါတယ်၊ ကျွန်တော်တို့မှာခွင့်ပြုချက်လည်းရထားလို့ပါ"

သူမက ကွန်ပျူတာတစ်ခုတွင် ခလုတ်များကို နှိပ်နေ၏။ ပြီးတော့

"ဗိုလ်မှူးကြီးတို့က ဘယ်လိုဟာမျိုးကို ရှာချင်ပါသလဲ"

"ကျွန်တော်တို့မှာ ရှာဖွေမယ့်ပရိုဂရမ်ပါပါတယ်"

"ဟုတ်ကဲ့ရှင့်၊ ဒါဆိုရင် ကျွန်မ အဲဒါနဲ့လုပ်ပေးပါ့မယ်"

ဖခင်က စတီအားလှမ်းကြည့်သည်။ စတီကပခုံးတွန့်ပြပြီး မိန်းမကြီးအား ဒစ္စကတ်များကိုလှမ်းပေးသည်။ သူမကပရိုဂရမ်ကိုကွန်ပျူတာထဲတွင်ထည့်လိုက်ပြီးနောက် စတီအား စူးစမ်းသလိုကြည့်ကာ...

"ဒီပရိုဂရမ်ဘယ်သူရေးတာလဲ"

"ဂျူးဖောတဗ္ဗသိုလ်က ပါမောက္ခတစ်ယောက်ပါ"

"အတော်ကျွမ်းတာပဲ၊ ဒီလိုဟာမျိုး ကျွန်မတစ်ခါမှမမြင်ဖူးသေးဘူး"

သူမနောက်ဖက်တွင်ရပ်ကြည့်နေသော ခေါင်းဆောင်ဗိုလ်မှူးကြီးအားကြည့်လျက်...

"ဗိုလ်မှူးကြီးရောမြင်ဖူးသလား"

ဗိုလ်မှူးကြီးက ခေါင်းခါသည်။ သူမက ဆက်၍...

"အထဲကိုတော့ထည့်ပြီးပြီ၊ ကျွန်မရှာပေးရမလား"

"လုပ်လိုက်ပါ"

ဗိုလ်ဂမ်ဘိုးက ခလုတ်များကိုနှိပ်နေသည်။

○ ○ ○

# အခန်း (၄၉)

ဗိုလ်မှူးကြီးချားလ်လိုဂန်၏ လင်ကင်းကားနက်ကြီးရေချိုတောင်းမြို့ရှိ သူ့အိမ်ထဲမှထွက်လာကတည်းက နောက်မှလိုက်ရမည်ဖြစ်ကြောင်း ဘာရစ်တာန်သိနေသည်။ ထိုကားထဲတွင် ဂျင်နီပါမပါမသေချာ။ ရှေ့ခန်းထဲတွင်တော့ ဗိုလ်မှူးကြီးနှင့်စတီကိုတွေ့နေရသည်။နောက်ခန်းထဲတွင် သူမတိတ်တဆိတ်ပါလာကောင်းပါလာမည်။

လုပ်စရာအလုပ်ပေါ်လာသဖြင့် ကျေးဇူးတောင်တင်နေမိ၏။ လုပ်စရာကလည်း ဘာမျှမရှိ။ စိတ်ကလည်းပူနေရသဖြင့် စိတ်ပင်ပန်းရသည်။ကျောတွေတောင့်ပြီး ခြေထောက်တွေလည်းညောင်းလာသည်။ ဘာမှမလုပ်တော့ဘဲ ထွက်သွားချင်စိတ်ပင်ပေါက်မိ၏။ စားသောက်ဆိုင်တစ်ခုခုတွင် ဗိုင်တစ်ပုလင်းနှင့်ထိုင်ချင်ထိုင်၊ အိမ်တွင်စီဒီနားထောင်ချင် နားထောင် လုပ်နေဖို့ကောင်းသည်။

ထို့နောက် ဤအလုပ်မှမိမိ၏အကျိုးအမြတ်ကိုတွက်လိုက်မိ၏။ မိမိဝေစုအဖြစ် သန်းဖြဝရမည်ပင်။ နောက်ပြီး ဂျင်ပရှာ်အိမ်ဖြူတော်သို့ရောက်သောအခါ မိမိလည်းဆရာဝန်ချုပ်ဖြစ်မည်။ နောက်ဆုံးတွင် မိမိတို့အောင်မြင်သွားလျှင် ၂၁ရာစုနှင့်ထူးခြားဆန်းသစ်သော အမေရိကန်နိုင်ငံဖြစ်သွားပေတော့မည်။ အမေရိကန်နိုင်ငံမှာ ခါတိုင်းလိုပင်အင်အားကြီးမားပြီး သန့်ရှင်းစင်ကြယ်သောနိုင်ငံဖြစ်ရပေမည်။ ထို့ကြောင့် အံကိုကြိတ်ကာ စိတ်ကိုတင်းထားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝါရှင်တန်မြို့၏ နေ့ကွေးသောယာဉ်ကြောထဲတွင် လိုဂန်တို့သားအဖအား နောက်မှလိုက်ရသည်မှာလွယ်နေပေသည်။သူက ရှေ့ကားကိုကားနှစ်စီးခြားကာ လိုက်လာခဲ့၏။ လင်းကင်းကားကြီးမှာ အတော်ပင်ကျက်သရေရှိလှသည်။

လင်းကင်းကားကြီးက မီးပွိုင့်ကိုကျော်၍ချိုးကွေ့သွားသည်။ထိုစဉ် ရတ်တရက်မီးကနီသွားပြီ။ဘာရင်တန်၏ရှေ့မှကားမှာရပ်လိုက်သဖြင့် လိုဂန်တို့သားအဖကားကိုမျက်ခြည်ပြတ်သွားသည်။ဘာရင်တန်ကကျိန်ဆဲရင်း ကားဟွန်းကိုတအားတီးလိုက်မိ၏။စိတ်ပျက်ကာ ခေါင်းကိုရမ်းနေမိသည်။ ထောက်လှမ်းနေရသည့်အရှိန်ကြောင့် အာရုံစူးစိုက်မှုများလည်းကုန်ခမ်းရလေသည်။ မီးပြန်စိမ်းတော့ ကားကိုချိုးကွေ့ကာ တအားကုန်မောင်းတော့သည်။

ခဏကြာတော့ အနက်ရောင်လင်းကင်းကားကြီးမှာ မီးပွိုင့်၌ရပ်နေသည်ကို တွေ့လိုက်ရသည်။ ဒီတော့မှ အသက်မှန်မှန်ရှူနိုင်တော့၏။

သူတို့မှာ လင်းကင်းအမှတ်တရကျောက်တိုင်ကိုပတ်ကာ ပိုတိုမက်မြစ်ကို ဖြတ်တားမှဖြတ်ကျော်ခဲ့၏။ သူတို့လေဆိပ်ကိုသွားနေသည်လား။ ဝါရှင်တန်နှစ်ဖက်သွားလမ်းပေါ်ရောက်မှ သူတို့ပင်တာဂွန်စစ်ဌာနချုပ်သို့သွားနေမှန်း သဘောပေါက်လိုက်မိသည်။

ဘာရင်တန်က ပင်တာဂွန်စစ်ဌာနချုပ်ခြံဝင်းထဲသို့ လင်းကင်းကားကြီးနောက်မှကပ်၍မောင်းလိုက်လာသည်။တစ်နေရာတွင် သူကကားကိုရပ်၍စက်ပိတ်ကာ စောင့်ကြည့်နေသည်။ စတီတို့သားအဖမှာကားပေါ်မှဆင်း၍ အဆောက်အဦးဆီသို့သွားနေသည်ကိုတွေ့လိုက်ရ၏။

ဘာရင်တန်က သူတို့နောက်မှ ကိုက် ၂၀၊ ၃၀ ခန့်ခွာ၍လိုက်သွားသည်။ မိမိအားတွေ့သွားမည်ကိုလည်းကြောက်နေ၏။ မိမိကိုတွေ့သွားလျှင် မိမိဘာပြောရမည်နည်း။ အတော်ပင်ရှက်စရာကောင်းသည့်အဖြစ်။

သူတို့နှစ်ယောက်စလုံးပြန်လှည့်မကြည့်၍တော်သေးသည်။ နှစ် ယောက်သား လှေကားမှတက်၍ အဆောက်အဦးထဲသို့ဝင်သွားသည်။ လုံခြုံရေးစားပွဲဆီသို့ သူတို့နှစ်ယောက်ရောက်သွားသည်အထိ စောင့်ကြည့်နေလိုက်သည်။ ပြီးမှ လှည့်ပြန်ခဲ့၏။

ဘာရင်တန်က အများသုံးတယ်လီဖုန်းဖြင့် ဂျင်ပရစ်ထံသို့ဆက်လိုက်သည်။

"ကျုပ် ပင်တာဂွန်စစ်ဌာနချုပ်ကိုရောက်နေတယ်၊ ဂျင်နီနောက်ကနေ လိုဂန်တို့အိမ်အထိလိုက်သွားတယ်၊ နောက်ပြီးတော့ စတီလိုဂန်နဲ့သူ့အဖေတို့နောက်ကနေ ဒီအထိလိုက်လာတာ၊ ကျုပ်စိတ်ပူတယ်ဂျင်ရယ်"



"ဗိုလ်မှူးကြီးက ပင်တာဂွန်စစ်ဌာနချုပ်မှာ အလုပ်လုပ်တာမဟုတ်လား"

"ဟုတ်တယ်လေ"

"ဒါဆိုလည်း ရိုးရိုးသားသားသွားတာဖြစ်မှာပေါ့"

"ဒါဆို သူက ဘာဖြစ်လို့ စနေနေ့ညနေမှ ရုံးကိုသွားရတာလဲ"

"ဗိုလ်ချုပ်ကြီးရဲ့ရုံးခန်းထဲမှာ ပိုကာဝိုင်းရှိလို့ဖြစ်မှာပေါ့၊ ကျုပ် စစ်တပ်ထဲမှာ ရှိတုန်းက အဲဒါမျိုးတွေ ကြုံခဲ့ဖူးတာပဲ"

"ကိုယ့်သားကိုတော့ ဘယ်အရွယ်ပဲရှိရှိ ပိုကာဝိုင်းကိုခေါ်မသွားတန်ကောင်းပါဘူး"

"ပင်တာဂွန်မှာ ကျုပ်တို့အတွက်ဘာအန္တရာယ်ရှိနိုင်သလဲ"

"မှတ်တမ်းတွေလေ"

"ကျုပ်တို့လုပ်တာနဲ့ပတ်သက်ပြီး စစ်တပ်မှာ ဘာမှတ်တမ်းမှမရှိဘူး၊ အဲဒါတော့သေချာတယ်"

"သူတို့ ဘာလုပ်နေတယ်ဆိုတာကိုတော့ကျုပ်တို့သိရမှဖြစ်မယ်၊ အဲဒါကို သိရအောင်လုပ်တဲ့နည်း ခင်ဗျားမှာမရှိဘူးလား"

"ပင်တာဂွန်မှာ ကျုပ်မိတ်ဆွေမရှိဘူးဆိုရင် ဘယ်နေရာမှာမှ ကျုပ်မိတ်ဆွေ ရှိတော့မှာမဟုတ်ဘူး၊ ကျုပ်ဖုန်းနည်းနည်းဆက်လိုက်ဦးမယ်၊ အဆက်အသွယ်မပြတ်စေနဲ့"

ဘာရင်တန်ကဖုန်းကိုချပြီး ဖုန်းကိုစိုက်၍ကြည့်နေမိသည်။ စိတ်ဂဏှာမငြိမ်ဖြစ်ရသည်မှာလည်း ရှူးမတတ်ပင်။ မိမိတစ်သက်လုံးလုပ်လာခဲ့သည့်အလုပ်တစ်ခုလုံး အန္တရာယ်နှင့်ရင်ဆိုင်နေရလေပြီ။ မိမိဘာလုပ်မည်နည်း။လူတွေကိုနောက်က စုံထောက်မျက်လုံးဖြင့်လိုက်ကြည့်နေရသည်။ မိမိအနေနှင့်ဘာမှမလုပ်နိုင်။ စိတ်ငြိမ်းရိစွာဖြင့် စောင့်နေရန် မိမိကားဆီသို့ပြန်လာခဲ့သည်။

၁ ၁ ၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၀)

စတီမှာ ရင်တထိတ်ထိတ်နှင့်စောင့်နေသည်။ မိမိတို့သိချင်သည်များသိရလျှင် လစ်ဆာအား မည်သူကအဓမ္မပြုကျင့်သည်ကိုပြောနိုင်တော့မည်။သို့ဖြင့် မိမိမှာအပြစ်မရှိကြောင်းသက်သေပြနိုင်ပေမည်။သို့ရာတွင် ထိုသို့ဖြစ်မလာခဲ့လျှင်ရော။ ရှာဖွေရေးပရိုဂရမ်က အဆင်မပြေခဲ့လျှင်ဖြစ်စေ၊ကွန်ပျူတာအချက်အလက်သိုလှောင်ခန်းထဲ၌ ဆေးမှတ်တမ်းများပျောက်ဆုံးခြင်း၊သို့မဟုတ် ဖျက်ပစ်ထားခြင်းများဖြစ်လျှင် မည်သို့တတ်နိုင်မည်နည်း။

ကွန်ပျူတာမှအချက်ပေးသံမြည်လာသည်။စတီက ကွန်ပျူတာဖန်သားပြင်ကိုကြည့်လိုက်၏။ရှာဖွေမှုကပြီးသွားလေပြီ။ကွန်ပျူတာပေါ်၌ လူနှစ်ယောက်တွဲအမည်နှင့် လိပ်စာများစာရင်းပေါ်လာ၏။ ဂျင်နီ၏ ပရိုဂရမ်မှာအောင်မြင်ပေသည်။ သို့ရာတွင် ထိုအမည်မှာလူဖန်တီးသောလူသားများပေလော။

စတီက ဝမ်းသာမှုကိုထိန်းထားလိုက်ရသည်။ ပထမဦးဆုံးအရေးကြီးသည်က ထိုစာရင်းမိတ္တူရရှိရေးပင်။ သူကဒစ္စကက်ထည့်သောဘူးထဲမှ ဒစ္စကက်အသစ်တစ်ခုကိုယူ၍ကွန်ပျူတာထဲထည့်လိုက်သည်။ပြီးတော့ ထိုစာရင်းကိုကူး၍ဒစ္စကက်ကိုထုတ်ကာ ဘောင်းဘီနောက်အိတ်ထဲသို့ထည့်လိုက်၏။

ထိုသို့ထည့်ပြီးတော့မှ စာရင်းထဲမှအမည်များကို ကွန်ပျူတာတွင်ကြည့်လိုက်သည်။



ထိုအထဲမှ အမည်များကိုသူတစ်ယောက်မျှမသိ။ သူကကွန်ပျူတာလေ့တ်ကိုနှိပ်ကာ အောက်မှစာရင်းများပေါ်လာသည်အထိလုပ်ကာမော်ကြည့်၏။ စာမျက်နှာအတော်များမည်ထင်၏။စာရွက်ပေါ်တွင်ကြည့်ရလျှင် ပို၍လွယ်မည်။သူက အမျိုးသမီးစစ်ဗိုလ်အား..

"ဒီကွန်ပျူတာမှာ စာရွက်နဲ့မိတ္တူထုတ်လို့ရသလား"

"ရပါတယ်၊ ပေါ့ဟိုလေဆာပရင်တာကိုသုံးပေါ့"

သူမကလိုက်လာပြီး လုပ်ပုံလုပ်နည်းကိုသင်ပြပေးသည်။ပရင်တာမှ စာရွက်များထွက်လာသည်ကို စတီရပ်ကြည့်နေသည်။မိမိနာမည်နှင့်အတူ ဒင်းနစ်ပင်ကာ ဝိန်းစတက်နာနှင့်လစ်ဆာအား စော်ကားသွားသည့်အကောင်၏အမည်များပေါ်လာမည်ကို မြင်ယောင်နေမိ၏။ ဖခင်က နောက်မှရပ်ကြည့်နေသည်။

ပထမစာမျက်နှာတွင် နှစ်ယောက်တွဲအမည်များသာပါ၏။ သုံးယောက်တွဲ လေးယောက်တွဲအမည်များမပါ။

ဒုတိယစာမျက်နှာတစ်ဝက်လောက်တွင် 'စတီလိုဂန်' ဟူသော အမည်ကိုတွေ့လိုက်ရ၏။ ဖခင်ကလည်း တစ်ချိန်တည်းတွင်တွေ့လိုက်သဖြင့်..

"ပေါ့ဟိုမှာသားနာမည်"

သူကဝမ်းသာမှုကိုထိန်းကာပြောလိုက်သည်။သို့ရာတွင် မိမိအမည်နှင့်အတူ အခြားအမည်အများအပြားကိုတွေ့ရ၏။ စတီလိုဂန်ဟူသော အမည်နှင့်အတူ ဒင်းနစ်ပင်ကာ၊ ဝိန်းစတက်နာ၊ ဟင်နရီအာဝင်ကင်း၊ ပါးအာရစ်ဆန်၊ မာရေးကလော့က်၊ ဟာဗေးဂျွန်ဂျုံး၊ ဂျော့ဒက်ဆော့စသည့်အမည်များကိုတွေ့ရ၏။ စတီ စိတ်တွေရှုပ်ထွေးသွားသည်။ ဖခင်က မျက်မှောင်ကြုတ်လျက်...

"အဲဒါတွေက ဘယ်သူတွေလဲကွ"

စတီ ရေတွက်ကြည့်လိုက်ပြီး...

"နာမည်က ရှစ်ယောက်တောင်"

"ရှစ်ယောက် ဟုတ်လား"

ဖခင်က မေးသည်။ ထို့နောက် စတီ သဘောပေါက်လျက်....

"ဒါဟာ ဂျုနတီကိုကမ္ဘာဖန်တီးလိုက်တဲ့လူအရေအတွက်ပေါ့၊ ကျွန်တော်တို့ကရှစ်ယောက်လေ"

"ဖန်တီးလူသားရှစ်ယောက်တောင်မှပါလား၊ ဒီကောင်တွေ ဘာတွေလျှောက်လုပ်နေတာလဲ"

"ကွန်ပျူတာရှာဖွေရေးပရိုဂရမ်က ဒါတွေကို ဘယ်လိုလုပ်သလဲဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အံ့ဩနေတာ"

စတီကပြောရင်း နောက်ဆုံးထွက်လာသည့်စာရွက်ကိုကြည့်လိုက်သည်။ စာရွက်၏အောက်ခြေတွင် 'ဘုံစရိုက်လက္ခဏာ၊ လျှပ်စစ်နလုံးတိုင်းတာမှု(အီးစီဂျီ)' ဟူသောစာတမ်းကိုတွေ့လိုက်ရသည်။ ဖခင်က...

"အဖေသေခါနီးပြီကွ၊ မင်းကိုမွေးလို့တစ်ပတ်အကြာမှာ မင်းကိုအီးစီဂျီရိုက်တယ်၊ ဘာဖြစ်လို့ရိုက်တယ်ဆိုတာငါမသိဘူး"

"ကျွန်တော်တို့အားလုံးကိုရိုက်တာဖြစ်မယ်၊ ရုပ်တူအမြွှာတွေမှာနလုံးချင်းလည်းတူတယ်"

"ယုံတော့မယုံနိုင်စရာပဲကွ၊လောကမှာ ရုပ်တူအမြွှာကောင်လေးရှစ်ယောက်ရှိတယ်လို့"

"လိပ်စာတွေကိုကြည့်လိုက်စမ်းပါဦး၊ အားလုံးဟာ တပ်မတော်အခြေစိုက်စခန်းတွေရဲ့လိပ်စာတွေချည်းပဲ"

"ဒီလူတွေအားလုံး အခုဒီလိပ်စာအတိုင်းရှိမှာတော့မဟုတ်ဘူး၊ ဒီရှာဖွေရေးပရိုဂရမ်ဟာ တခြားအချက်အလက်တွေကိုရော ရှာပေးလို့ရမလားမသိဘူး"

"မရဘူး၊ လူတွေရဲ့ ကိုယ်ရေးကိုယ်တာ အတွင်းရေးတွေကို ဝင်ရောက်စွက်ဖက်ရာကျသွားမယ်"

"ဒါဆိုရင် ဒီလူတွေကို ဂျင်နီဘယ်လိုလုပ်ရှာမလဲ"

"အဲဒီအကြောင်းကိုကျွန်တော်လည်းမေးကြည့်တယ်၊ တက္ကသိုလ်မှာတယ်လီဖုန်းလမ်းညွှန်ကို စီဒီရွမ်နဲ့သိမ်းထားတာရှိတယ်၊ အဲဒီလိုမှရှာလို့မရရင် ကားမောင်းလိုင်စင်မှတ်ပုံတင်ဌာနက ရှာကြည့်မယ်၊ အကြွေးဝယ်ကတ်ထုတ်ပေးတဲ့ ဌာနတွေကိုစုံစမ်းကြည့်မယ်၊ ပြီးတော့ တခြားနည်းတွေလည်းရှိပါတယ်"

"ကိုယ်ရေးကိုယ်တာဝင်စွက်တာ မစွက်တာထားလိုက်စမ်းပါ၊ အဖေ ဒီကလေးတွေရဲ့ ဆေးမှတ်တမ်းတွေကိုရှာကြည့်မယ်၊ သဲလွန်စရလိုရငြားပေါ့"

"ကျွန်တော် ကော်ဖီတစ်ခွက်လောက် သောက်ချင်တယ်၊ ဒီနားမှာဝယ်လို့ရမလားမသိဘူး"

"မှတ်တမ်းဌာနမှာ အဖျော်ယမကာဆိုင်ဖွင့်ခွင့်မပေးဘူး၊ အရည်တွေဘာတွေဖိတ်ကျသွားရင် ကွန်ပျူတာကိုဒုက္ခပေးနိုင်တယ်၊ ဟိုထောင့်မှာတော့ နားနေတဲ့အခန်းရှိတယ်၊ အဲဒီထဲမှာ ကော်ဖီဖျော်စက်နဲ့ ကိုကာကိုလာရောင်းတဲ့စက်ရှိတယ်"

"ကျွန်တော် အခုပဲပြန်လာခဲ့မယ်အဖေ"

စတီက မှတ်တမ်းဌာနမှထွက်လာပြီးအပေါက်ဝမှအစောင့်အား ခေါင်းဆတ်



နှုတ်ဆက်လိုက်သည်။ နားနေသောနေရာ၌ စားပွဲနှစ်လုံး၊ ကုလားထိုင်အနည်းငယ်နှင့် ဆိုဒါနှင့်သကြားလုံးရောင်းသော စက်များရှိသည်။ စတီက ကော်ဖီတစ်ခွက် မုန့်နှစ်ခုကို အမြန်စားပြီး မှတ်တမ်းဌာနသို့ပြန်လာခဲ့၏။

သူက မှန်တံခါးပေါက်ရှေ့တွင်ရပ်လျက်ကြည့်လိုက်၏။ အထဲတွင် လူအမြောက်အများထပ်ရောက်နေသည်။ ဗိုလ်ချုပ်ကြီးတစ်ယောက်နှင့်အတူ လက်နက်ကိုင်စစ်ရဲနှစ်ယောက်လည်းပါ၏။ ဗိုလ်ချုပ်ကြီးက ဖခင်နှင့်ငြင်းခုံနေသည်။ နှုတ်ခမ်းမွေးကျင်စွယ်နှင့်ဗိုလ်မှူးကြီးကလည်းဝင်ပြောနေ၏။ သူတို့၏အမူအရာများကိုကြည့်ကာ စတီစိုးရိမ်လာသည်။ အခြေအနေတစ်ခုခုတော့ဆိုးနေပြီထင်၏။ သူက အခန်းထဲသို့ဝင်သွားပြီးတံခါးနားတွင်ရပ်နေသည်။ မိမိအား အာရုံမစိုက်မိစေရန်နေဖို့စိတ်ကသိနေ၏။ ဗိုလ်ချုပ်ကြီး၏အသံကိုကြားလိုက်ရသည်။

"ကျုပ်အမိန့်ပေးတယ် ဗိုလ်မှူးကြီးလိုဂန်၊ ခင်ဗျားကိုကျုပ်ဖမ်းတယ်"

စတီတစ်ကိုယ်လုံးအေးစက်သွားသည်။ ဘာကြောင့် ဤသို့ဖြစ်သွားပါလိမ့်။ ဖခင်အနေနှင့်အခြားသူများ၏ အတွင်းရေးမှတ်တမ်းများကိုနှိုးကြည့်သည့်သဘောကြောင့်တော့မဟုတ်တန်ရာ။အခြားကြီးကျယ်သည့်အကြောင်းအရာတစ်ခုကြောင့်ဖြစ်နိုင်သည်။

သို့သော် ဖမ်းရလောက်အောင်တော့မဟုတ်။ ဂျူနတီကိုကုမ္ပဏီက စီစဉ်ခြင်းဖြစ်နိုင်သည်။

မိမိ ဘာလုပ်ရမည်နည်း။ ဖခင်က ဒေါသတကြီးဖြင့်...

"ခင်ဗျားမှာ ဖမ်းခွင့်မရှိဘူး"

ဗိုလ်ချုပ်ကြီးက ပြန်လည်အော်ငေါက်ကာ..

"ကျုပ်လုပ်ခွင့်မရှိဘူး ရှိတယ်ဆိုတာနဲ့ပတ်သက်ပြီး ခင်ဗျားကျုပ်ကိုစာချနေစရာမလိုဘူး ဗိုလ်မှူးကြီး"

ဤအထဲတွင် မိမိဝင်ပါ၍မရ။အမည်စာရင်းပါသည့်စာရွက်မှာ မိမိ၏ဘောင်းဘီထဲတွင်ရှိနေသည်။ဖခင်မှာဒုက္ခရောက်နေလေပြီ။သို့တစေ မိမိအလွတ်ရုန်းသွားမှတော်တော့မည်။ကွန်ပျူတာစာရွက်ကိုယူ၍ မိမိထွက်သွားမှတော်တော့မည်။

သူက မှန်တံခါးပေါက်မှထွက်လာခဲ့သည်။ ပြီးတော့ ခပ်သုတ်သုတ်လျှောက်လာ၏။လမ်းမမှားစေရန် နောက်သို့တစ်ချက်လှမ်းကြည့်လိုက်၏။မိမိမှာဝရမ်းပြေးတစ်ယောက်ပမာတည်း။ဝက်ပါကဲ့သို့သောလမ်းဖြင့် မိမိဝင်ခဲ့သည်ကို ပြန်လည်တွေ့မိအောင်ကြိုးစားနေရ၏။ နှစ်ကြိမ်ခန့်ချိုးကွေ့လိုက်သည်တွင် လုံခြုံရေးစစ်ဆေးသည့်နေရာသို့ရောက်လာ၏။ အစောင့်က...

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနေပါဦးဆရာ"

စတီက ရပ်၍လှည့်ကြည့်သည်။ ရင်ထဲကလည်း တဒိန်းဒိန်းနှင့်။

"မှတ်ကဲ့"

သူက အလုပ်များနေသည့် လူတစ်ယောက်စိတ်မရှည်သည့် ဟန်မျိုးဖြင့် ခပ်တည်တည် ပြောလိုက်သည်။

"ဆရာ့ကို ကျွန်တော်ကွန်ပျူတာနဲ့ စစ်ဆေးစရာရှိပါတယ်။ မှတ်ပုံတင်လေး တစ်ဆိတ်ပြပါ"

"ရပါတယ်"

စတီက မှတ်ပုံတင်ပြလိုက်သည်။ အစောင့်ကဓာတ်ပုံကိုကြည့်ပြီး ကွန်ပျူတာထဲတွင် သူ၏နာမည်ကိုရိုက်သွင်းလိုက်သည်။ ပြီးတော့ မှတ်ပုံတင်ကိုပြန်ပေးရင်း...

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စတီစကြီန့်အတိုင်းလျှောက်လာ၏။နောက်တစ်ကြိမ်စစ်ဆေးသည့်နေရာကိုကျော်လျှင် မိမိလွတ်လေပြီ။ သူ့နောက်မှ အမျိုးသမီးစစ်ဗိုလ်ကာရီးလိုင်းဂမ်ဘိုး၏ အသံကို ကြားလိုက်ရသည်။

"မစ္စတာလိုဂန် ခဏလေးနေပါဦး"

နောက်ကို အသာလှည့်ကြည့်လိုက်တော့ စကြီန့်အတိုင်း သူမပြေးလိုက်လာသည်ကို တွေ့ရသည်။ မျက်နှာကလည်းနီရဲနေ၏။

"သေပါပြီ"

စတီ ညည်းလိုက်မိ၏။ ထောင့်ချိုးတစ်ခုကို အသာဝင်ကွယ်လိုက်သည်တွင် လှေကားတစ်ခုကိုတွေ့လိုက်ရသည်။သူက လှေကားအတိုင်းအောက်ထပ်သို့ဆင်းလာ၏။မိမိ၏အမှုပြုကျင့်မှုစွဲချက်ကိုလွတ်မြောက်နိုင်မည့် နာမည်စာရင်းမှာမိမိတွင် ရှိနေသည်။ မိမိ၍နေရာမှထွက်မသွားနိုင်အောင် မည်သူ့ကိုမျှအတားခံမည်မဟုတ်။ အမေရိကန်စစ်တပ်ကြီးပင်တား၍ရမည်မဟုတ်။ အပြင်ထွက်ဖို့အစွန်ဆုံးကျသော (င) အဆောင်ကိုရောက်ဖို့လိုသည်။ သူက စကြီန့်အတိုင်း (ဂ) အဆောင်ကိုဖြတ်လာခဲ့၏။ သန့်ရှင်းရေးပစ္စည်းများတင်ထားသော ဂေါက်ကွင်းသုံးလှည်းကလေးတစ်စီးတူရှုဘက်ဆီ၌ဖြတ်သွားနေသည်။ (ဃ) အဆောင်အလယ်လောက်အရောက်တွင် အမျိုးသမီးစစ်ဗိုလ်၏အသံကိုကြားရပြန်၏။

"မစ္စတာလိုဂန်"

သူမ လိုက်လာနေဆဲပင်။ သူမက နောက်ဖက်ဆီမှအော်ပြောနေ၏။

"ဗိုလ်ချုပ်ကြီးက ရှင်နဲ့ စကားပြောချင်လို့တဲ့"



လေတပ်ယူနီဖောင်းဝတ်ထားသောလူတစ်ယောက်က တံခါးပေါက်ဆီမှ လှမ်းကြည့်လိုက်၏။ ကံကောင်းသဖြင့်စနေနေ့မို့လူသိပ်မရှိလှ။ လှေကားတစ်ခုကိုတွေ့သဖြင့် စတီအပေါ်ထပ်သို့တက်သွားသည်။ဝတိုင်သောအမျိုးသမီးစစ်ဗိုလ်သွက်သွက် လက်လက် တက်လာနိုင်မည်မဟုတ်။

အပေါ်ထပ်သို့ရောက်သွားသောအခါ အဆောင်(ဂ)သို့သွားသည့် စကြီန့် အတိုင်းလိုက်သွားပြီး နှစ်ကြိမ်လောက်ကွေ့သွားပြီးနောက် အောက်ထပ်သို့တစ်ဖန် ပြန်ဆင်းလာခဲ့ပြန်သည်။

ဗိုလ်ဂမ်ဘိုး၏အရိပ်အရောင်ကိုမတွေ့ရတော့။ သူမအား မိမိမျက်ခြေဖြတ် နိုင်ခဲ့သည်ဟူ၍စိတ်သက်သာရာရမိ၏။

ထွက်ပေါက်ရှိရာအထပ်သို့ မိမိရောက်လာခဲ့သည်မှာသေချာသည်။(ဃ) အဆောင်ကိုလက်ယာရစ်ပတ်၍ နောက်ထပ်စကြီန့်တစ်ခုကိုရောက်လာသည်။ ဝင်လာ ခဲ့စဉ်က မိမိ၏လမ်းကိုမှတ်မိနေ၏။စကြီန့်အတိုင်းလျှောက်လာခဲ့ရာ မိမိတို့ဝင်ဝင်ချင်း တွေ့ရသည့် စစ်ဆေးရေးစားပွဲသို့ရောက်လာသည်။ လွတ်ကာနီးလေပြီ။

ထို့နောက် ဗိုလ်ဂမ်ဘိုးအားတွေ့လိုက်ရ၏။သူမမှာ စစ်ဆေးရေးအပေါက် တွင် အစောင့်နှင့်အတူရပ်နေပြီး မျက်နှာတွေနီမြန်းကာမောဟိုက်နေ၏။ အတင်းဖွတ် တိုးထွက်ရန်စတီဆုံးဖြတ်လိုက်သည်။ သူကလုံခြုံရေးအပေါက်စောင့်ထံသို့သွားပြီး ရင်ဘတ်မှသည့်သည်ကတ်ကို ဖြုတ်လိုက်သည်။ ဗိုလ်ဂမ်ဘိုးက...

"အဲဒါကိုဆက်တပ်ထားပါ၊ ဗိုလ်ချုပ်ကြီးက ရှင်နဲ့စကားပြောချင်လို့"

စတီက ညှပ်သည်ကတ်ပြားကိုစားပွဲပေါ်ပစ်တင်လိုက်ပြီး ခပ်တည်တည် ဖြင့်...

"အားနာပါတယ်၊ ကျွန်တော့်မှာအချိန်မရှိလို့ပါ၊ကဲ သွားမယ်ဗိုလ်ကြီး၊ ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကျွန်မ တားရလိမ့်မယ်"

သူမက ပြောနေ၏။ စတီက စိတ်မရှည်သည့်အမူအရာဖြင့်...

"ခင်ဗျား ကျုပ်ကိုတားပိုင်ခွင့်မရှိဘူး၊ ကျုပ်က အရပ်သား၊ ခင်ဗျား ကျုပ်ကို အမိန့်ပေးလို့မရဘူး၊ကျုပ်ဟာမှုမဟုတ်တာမလုပ်ဘူး၊ဒါကြောင့် ခင်ဗျားကျုပ်ကိုဖမ်း လို့မရဘူး၊ခင်ဗျားသိတဲ့အတိုင်း စစ်ဘက်နဲ့ပတ်သက်တဲ့ပစ္စည်း ကျုပ်ဘာမှယူလာ တာမဟုတ်ဘူး၊ ခင်ဗျားကျုပ်ကိုဖမ်းမယ်ဆိုရင် ဥပဒေနဲ့ဆန့်ကျင်နေလိမ့်မယ်"

သေချင်းဆိုးနောက်ဖက်မှဒေစ္စကက် အပြင်သို့မထွက်ပါစေနှင့်ဟု ဆုတောင်း နေမိသည်။ သူမက အသက်ဝစေနဲ့ရှိပြီး စတီထက် အနည်းငယ်ပုသောအစောင့်အား...

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုမထွက်စေနဲ့"

စတီက အစောင့်အားပြုံးပြလျက်...

"ခင်ဗျား ကျုပ်ကိုထိဝံ့ထိကြည့်၊ထိတာနဲ့ ခင်ဗျားကျုပ်ကိုတိုက်ခိုက်တဲ့သဘောပဲ၊အဲဒါဆိုရင် ခင်ဗျားကိုကျုပ်ထိုးပစ်ဖို့တရားနည်းလမ်းကျတယ်၊ ကျုပ်ပြောတာယုံ၊ ကျုပ် တကယ်လုပ်မှာ"

ဗိုလ်ဂမ်ဘိုးက အကူအညီရလိုရငြား လှည့်ပတ်ကြည့်လိုက်သည်။ သို့ရာတွင် အနီးအနားၛွ် သန့်ရှင်းရေးအလုပ်သမားနှစ်ယောက်နှင့် မီးပြင်နေသောလျှပ်စစ်သမားတစ်ယောက်သာရှိသည်။စတီက အပေါက်ဝဆီသို့လျှောက်သွားသည်။ ဗိုလ်ဂမ်ဘိုးက အော်လျက်...

"သူ့ကိုတားထားပါ"

နောက်ဖက်ဆီမှ အစောင့်၏အော်ပြောသံကိုကြားလိုက်သည်။

"ရပ်ပါ၊ မရပ်ရင် ကျုပ်ပစ်ထည့်လိုက်မယ်"

စတီက ပြန်လှည့်လိုက်သည်။အစောင့်မှာ ပစ္စတိုသေနတ်ကိုထုတ်ပြီး သူ့ကိုချိန်ထားလိုက်၏။သန့်ရှင်းရေးသမားနှင့်လျှပ်စစ်သမားတို့ ကြက်သေသေကာ ရပ်ကြည့်နေကြသည်။အစောင့်၏လက်များမှာ စတီအား သေနတ်နှင့်ချိန်ထားရင်း တဆတ်ဆတ်တုန်နေ၏။

စတီမှာ သေနတ်ပြောင်းကိုစိုက်ကြည့်ရင်း တစ်ကိုယ်လုံးပျော့ခွေချင်လာသည်။သို့သော် သူကကြိုးစား၍ စိတ်ကိုတင်းလိုက်၏။ ပင်တဂွန်စစ်ဌာနချုပ်မှ အစောင့်တစ်ယောက်အနေဖြင့် လက်နက်မဲ့အရပ်သားတစ်ယောက်ကိုပစ်သတ်မည်မဟုတ်။ သူက...

"ခင်ဗျားကျုပ်ကိုပစ်လို့မရပါဘူး၊ ပစ်လိုက်ရင်လူသတ်မှုပဲ"

ပြောပြီး လှည့်ကာ တံခါးဆီသို့လျှောက်သွားသည်။ယခုတစ်ကြိမ်လမ်းလျှောက်ရသည်မှာ တစ်သက်တွင်အကြာဆုံးဖြစ်သည်ဟုထင်နေမိ၏။ အကွာအဝေးမှာ ၃-၄ ကိုက်မျှသာရှိသော်လည်း တစ်နှစ်လောက်ကြာအောင်သွားနေရသည်ဟု ထင်မိသည်။ ကျောကလည်းတယားယားနှင့်။

တံခါးကိုကိုင်လိုက်သည်တွင် သေနတ်သံထွက်ပေါ်လာသည်။ တစ်စုံတစ်ယောက်အော်သံကိုလည်း ကြားလိုက်ရ၏။

မိမိခေါင်းပေါ်သို့ ကျော်၍ပစ်လိုက်သည်ဟုထင်သည်။သို့သော် လှည့်မကြည့်။ စတီက တံခါးဖွင့်ပြီးထွက်ကာ လှေကားအတိုင်းဆင်းလာခဲ့၏။

ရုံးထဲတွင် မှောင်နေလေပြီ။ ကားရပ်ထားသည့်နေရာတွင်မူ လမ်းမီးတိုင်ဖြင့်



ထိန်လင်းနေ၏။နောက်ဖက်ဆီမှ အော်ပြောသံတစ်ခုကို ကြားလိုက်ရသည်။ ထို့နောက် သေနတ်သံတစ်ချက်လည်းပေါ်လာ၏။ လှေကားရင်းကိုရောက်တော့ လူသွားလမ်းကလေးမှဆင်းကာ ချုံပုတ်များအကြားဝင်ခဲ့သည်။

လမ်းပေါ်ရောက်သည်နှင့် တစ်ဟုန်ထိုးပြေးတော့သည်။ထို့နောက် ကားမှတ်တိုင်များဆီသို့ရောက်လာ၏။သူကအရှိန်ကိုလျှော့၍ လမ်းလျှောက်လာသည်။ မှတ်တိုင်တစ်ခုတွင် ဘတ်စ်ကားတစ်စီးဆိုက်လာ၏။ကားပေါ်မှ စစ်သားနှစ်ဦးဆင်းလာပြီး အရပ်သူအမျိုးသမီးတစ်ဦးကားပေါ်တက်သွားသည်။စတီက သူမနောက်မှ တက်လိုက်သွားသည်။

ဘတ်စ်ကားထွက်သွားလေပြီ။ဘတ်စ်ကားမှာ အမြန်လမ်းမကြီးအတိုင်း မောင်းထွက်လာခဲ့ရာ ပင်တဂွန်စစ်ဌာနချုပ်လည်း နောက်တွင်ကျန်ခဲ့လေသည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၁)

နှစ်နာရီလောက်အတွင်းမှာပင် လိုရိန်းလိုဂန်ကို ဂျင်နီသဘောကျသွားမိတော့သည်။

သတင်းစာထဲ၌ သူမ၏ဆောင်းပါးနှင့်အတူပါလာသော သူမ၏ဓာတ်ပုံထက် အပြင်တွင်အနည်းငယ်ပို၍ဝသည်။ ပြုံးလိုက်တော့ မျက်နှာတွင် ပါးရေကလေးများတွန့်သွားသည်။သူမထံသို့ မိသားစုပြဿနာများနှင့်ပတ်သက်၍ လူတွေစာရေးမေးကြပုံအကြောင်းကို ဝေဝေဆာဆာပြောရင်း နှစ်ဦးစလုံးသောကများ ခေတ္တပြေငြိမ်းရသည်။ မည်သည့်အကြောင်းအရာကိုပဲပြောပြော သူမပြောသည့်အကြောင်းအရာများ မိမိ ယခင်က ဘာ့ကြောင့်မသိခဲ့ပါလိမ့်ဟု ဂျင်နီတွေးမိသည်။

နှစ်ယောက်သား အိမ်ရှေ့မြေကွက်လပ်တွင်ထိုင်ရင်း စတီတို့သားအဖအပြန်ကို စိတ်မောစွာစောင့်နေကြသည်။လစ်ဆာဖြစ်ပျက်ပုံနှင့်ပတ်သက်၍ ဂျင်နီကပြောပြတော့ လိုရိန်းက...

"ဒါကိစ္စ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် သူ့အတော်ကိုအချိန်ယူပြီး မေ့ဖျောက်ပစ်ရမယ်"

"ဟုတ်တယ်၊ သူ့အခုအဲဒီအတိုင်းပဲ"

"အဲဒါဟာ ၆ လလောက်ကြာနိုင်တယ်၊ အနေးနဲ့အမြန်ဆိုသလို သူမေ့မေ့ပျောက်ပျောက်ဖြစ်သွားမယ်၊ဒါပေမဲ့ အိမ်ထောင်ကျပြီဆိုရင်တော့ ဒီကိစ္စတွေပြန်သတိရပြီး အိမ်ထောင်ရေးအဆင်မပြေဖြစ်နိုင်တယ်၊ အဲဒါနဲ့ပတ်သက်ပြီး လူတွေ အန်တီ့ဆီကို



အများကြီးစာရေးခဲ့ဖူးတယ်"

အတန်ကြာအောင်ငြိမ်သက်သွားကြသည်။ ပြီးမှ လိုရိန်းက...

"စတီက သမီးကိုသိပ်ချစ်တာ"

ဂျင်နီက ခေါင်းညိတ်လျက်...

"ဟုတ်ကဲ့၊ ကျွန်မကလည်းအဲဒီအတိုင်းယူဆပါတယ်"

"အမေဆိုတာ သိတာပေါ့ကွယ်"

"ဒါဆို အရင်က သူ့ဆီမှာရည်းစားရှိခဲ့ဖူးမှာပေါ့"

"သမီးကလည်း တယ်အကင်းပါးတာကိုး၊ ဟုတ်ပါတယ်၊ ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ တစ်ခါတည်းပါ"

ထိုစဉ် အပြင်ဘက်မှ ကားတစ်စီးဆိုက်သံကို ကြားလိုက်ရသည်။ လိုရိန်းကထပြီး အိမ်ထောင့်ဆီမှလမ်းထဲသို့လှမ်းကြည့်သည်။ သူမကနားမလည်နိုင်သောလေသံဖြင့်...

"စတီ အငှားကားနဲ့ပြန်လာတယ်"

ဂျင်နီက မတ်တတ်ထရပ်ပြီး...

"သူ့အခြေအနေဘယ်လိုရှိသလဲ"

လိုရိန်းပြန်မပြောနိုင်မီ စတီ ရောက်လာသည်။ လိုရိန်းက...

"မင်းအဖေကော.."

"အဖေ အဖမ်းခံနေရတယ်"

ဂျင်နီက...

"အို ဘုရား ဘုရား ဘာဖြစ်လို့လဲ"

"ကျွန်တော်လည်း မသိဘူး၊ ကျွန်တော့်အထင်တော့ ဂျနတီကိုကုမ္ပဏီက လူတွေဟာ ကျွန်တော်တို့လုပ်မယ့်ကိစ္စကိုသိသွားလို့ဖြစ်စေ၊ ဒီလိုလုပ်မယ်လို့ ထင်လို့ဖြစ်စေမလုပ်နိုင်အောင်ကာကွယ်တာပဲဖြစ်ရမယ်၊ သူတို့က စစ်ရဲနှစ်ယောက်ကိုလွှတ်ပြီးအဖမ်းခိုင်းတာ၊ ကျွန်တော်ကတော့ထွက်ပြေးလာတယ်"

လိုရိန်းက မယုံသင်္ကာဖြင့်...

"သားရယ်.. မင်းအမေ့ကို မပြောဘဲထားတာတစ်ခုခုတော့ရှိမယ်ထင်တယ်"

"အစောင့်တစ်ယောက်က ကျွန်တော့်ကိုသေနတ်နဲ့နှစ်ချက်ပစ်သေးတယ်"

လိုရိန်းမှာ ခပ်တိုးတိုးကလေးအော်လိုက်မိသည်။ စတီက..

"သူက ကျွန်တော့်ခေါင်းကိုချော်ပစ်ပုံရတယ်၊ ဘာပဲဖြစ်ဖြစ်၊ ကျွန်တော့်ကိုတော့မထိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီမှာ အာစေးထည့်ခံရသလိုဖြစ်သွားသည်။ သေနတ်ကျည်ဆံ စတီ၏ ကိုယ်ထဲသို့ဝင်သွားလျှင်ဟူသောအတွေးကြောင့် ကြောက်လန့်တကြားဖြစ်သွားရ၏။ ထိုသို့ဆိုလျှင်တော့ သူသေနေလောက်ပြီ။ စတီကဘောင်းဘီ နောက်အိတ်ထဲမှ ဒစ္စကက် ကိုထုတ်လျက်...

"ကွန်ပျူတာနဲ့ရှာတဲ့ကီစ္စအဆင်ပြေတယ်၊ ဒီမှာစာရင်း၊ ဒီထဲမှာ ဘာတွေပါ သလဲ နားထောင်ဦး"

ဂျင်နီက တံတွေးကိုမျိုချရင်း..

"ဘာတွေပါလို့လဲ"

"ကျွန်တော်တို့ကိုယ်ပွားအမြွာက လေးယောက်တည်းမဟုတ်ဘူး"

"ဘယ်လိုဖြစ်လို့လဲ"

"ရှစ်ယောက်တောင်"

ဂျင်နီ ပါးစပ်အဟောင်းသားဖြစ်သွားပြီး..

"ရှစ်ယောက်တောင် ဟုတ်လား"

"တူညီတဲ့ နှလုံးခုန်နှုန်းတိုင်းထွာချက်ရှစ်ခုကို တွေ့ခဲ့ရတယ်"

ဂျနတီကိုကုမ္ပဏီသည် ကလာလရေကြည်ကိုခုနစ်ကြိမ်ခွဲထုတ်ပြီး ယင်းတို့ကို တစ်ယောက်နှင့်တစ်ယောက်မသိသော မိန်းမရှစ်ယောက်၏ကိုယ်ထဲသို့ ထည့်လိုက်ခြင်းဖြစ်သည်။ ယုံနိုင်စရာပင်မရှိ။

မည်သို့ရှိစေ ဂျင်နီမသင်္ကာနေသည်များ မှန်နေလေပြီ။ ထို့ကြောင့်လည်း ဘာရင်တန်တစ်ယောက် ဤကိစ္စကိုအကြီးအကျယ်ဖုံးကွယ်နေခြင်းဖြစ်၏။ အကယ်၍ ဤသတင်းသာကြေညာလိုက်လျှင် ဂျနတီကိုကုမ္ပဏီသိက္ခာကျပြီး စတီလည်း အမှုမှ လွတ်သွားပေတော့မည်။ ဂျင်နီက စတီအားဖက်လျက်

"ရှင် ရလာခဲ့ပြီနော်၊ ဒါပေမဲ့ အဲဒီရှစ်ယောက်ထဲက လစ်ဆာကိုစော်ကားသွားတာ ဘယ်တစ်ယောက်လဲ"

"ကျွန်တော်တို့ရှာကြည့်ရမှာပေါ့၊ သိပ်တော့မလွယ်ဘူး၊ ကျွန်တော်တို့ရထားတဲ့လိပ်စာတွေဟာ သူတို့မိဘတွေ သူတို့ကိုမွေးစဉ်ကနေခဲ့တဲ့လိပ်စာတွေ၊ ဒီလိပ်စာတွေကကြာပြီပဲ"

"သူတို့ကို ခြေရာခံကြည့်လို့ရနိုင်ပါတယ်၊ ဒီကိစ္စမှာ လစ်ဆာသိပ်ကျွမ်းတယ်၊ ကျွန်မဘော်လ်တီမိုးမြို့ကိုပြန်မှဖြစ်မယ်၊ ဒီကိစ္စကတစ်ညလုံးကြာဦးမှာ"

"ကျွန်တော်လည်းလိုက်ခဲ့မယ်"

"ရှင့်အဖေကိစ္စကရော၊ ရှင် သူ့ကိုစစ်ရဲတွေရဲ့လက်ထဲက ကယ်ထုတ်ရဦးမယ် မဟုတ်လား"



လိုရိန်းက

"မင်းအိမ်မှာနေမှရမယ်စတီ၊ ငါ ရှေ့နေဆီ ဖုန်းဆက်လိုက်မယ်၊ သူ့အိမ် ကဖုန်းနံပါတ်ကို ငါသိတယ်၊ မင်းက သူ့ကို အကြောင်းစုံပြောပြမှရမယ်"

"ကောင်းပါပြီ"

သူက မပြောချင်ပြောချင်နှင့် ပြောလိုက်သည်။ ဂျင်နီက

"ကျွန်မမထွက်ခင် လစ်ဆာဆီကိုဖုန်းဆက်လိုက်ဦးမယ်၊ဒါမှ သူအသင့်ပြင် ထားလို့ရမှာ"

တယ်လီဖုန်းမှာ အိမ်ရှေ့မြေကွက်လပ်တွင်ရှိသည်။

"ဆက်မယ်နော်"

"ဆက်ပါ"

ဖုန်းနံပါတ်ကိုလှည့်လိုက်တော့ တစ်ဖက်တွင် ဖုန်းခေါ်သံလေးကြိမ်ကြား ရသည်။ ထို့နောက် အနည်းငယ်ရပ်သွားပြီး တယ်လီဖုန်းလက်ခံစက်အားပြောစက်၏ အသံပေါ်လာ၏။ ဂျင်နီက စက်ထဲမှပြောသံကို နားထောင်ပြီးနောက်

"လစ်ဆာရေ ငါ့ဆီကိုဖုန်းဆက်စမ်းပါ၊ ငါအခုဝါရှင်တန်ကနေ ထွက်လာပြီ၊ အိမ်ကို ၁၀ နာရီပတ်ဝန်းကျင်လောက်ရောက်မယ်၊ သိပ်အရေးကြီးနေတယ်"

သူမက ဖုန်းကိုချလိုက်သည်။ စတီက

"ကိုယ် မင်းကိုကားအထိလိုက်ပို့ပေးမယ်"

ဂျင်နီက လိုရိန်းအား နှုတ်ဆက်လိုက်သည်။ လိုရိန်းက သူမအားဖက်၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ အပြင်ဘက်ရောက်တော့ စတီက သူမအား ဒစ္စကတ်ကို ပေးရင်း

"ဒါကို ဂရုတော့စိုက်ကွာ၊ မိတ္တူလည်းမရှိဘူး၊ နောက်ထပ်ရဖို့လည်းမလွယ် ဘူးလေ"

ဂျင်နီက ယင်းကိုအိတ်ထဲယူထည့်ရင်း

"မပူပါနဲ့၊ ဒါဟာကျွန်မရဲ့အနာဂတ်လို့လည်း ပြောလို့ရပါတယ်"

ပြောရင်း သူမက သူ့ကိုနမ်း၍နှုတ်ဆက်လိုက်သည်။ ခဏကြာတော့ သူက

"အေးကွာ၊ ကိုယ်တို့နှစ်ယောက်ဒီလိုမျိုးနေချင်လိုက်တာ"

"အင်းပါ၊ လောလောဆယ် ကိုယ့်ကိုယ်ကိုယ်အန္တရာယ်မရှိစေနဲ့၊ ရှင့်ကို ကျွန်မအဆုံးရှုံးမခံနိုင်ဘူး၊ ဂရုစိုက်ပါနော်"

သူက ပြုံးလျက်

"ကိုယ့်အပေါ် အခုလိုစိတ်ပူတဲ့အတွက်သိပ်ဝမ်းသာတယ်၊ ဘာပဲပြစ်ဖြစ်တန်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လေ"

သူမက သူ့ကိုနမ်း၍ နှုတ်ဆက်ပြန်သည်။

"ကျွန်မ ဖုန်းပြန်ဆက်မယ်"

သူမ ကားထဲဝင်ပြီး မောင်းထွက်သွားသည်။ကားကိုအမြန်မောင်းကာ အိမ်ကို တစ်နာရီအတွင်းရောက်လာခဲ့၏။

မိမိ၏တယ်လီဖုန်းလက်ခံစကားပြောစက်တွင် လစ်ဆာဖုန်းဆက်သည့် အသံကိုမတွေ့ရသဖြင့်စိတ်ပျက်သွားမိသည်။ လစ်ဆာအိပ်ပျော်နေသည်လား။ ရုပ်မြင်သံကြားကြည့်နေ၍ မိမိဖုန်းဆက်လိုက်သည်ကို မသိသေးသည်လား။ ဂျင်နီအပြင်ပြန် ထွက်ပြီး လစ်ဆာ၏တိုက်ခန်းရှိရာဆီသို့ကားဖြင့်လာခဲ့သည်။ အပြင်ဘက်အင်တာ ကွန်းမှ လူခေါ်ခလုတ်ကိုနှိပ်လိုက်တော့လည်း အတွင်းမှပြန်ထူးသံမကြားရ။ လစ်ဆာ ဘယ်ရောက်နေသည်လဲ။ ဒီည်လိုညမျိုးတွင် အပြင်သို့ထွက်လည်ရန်လည်း ရည်းစား မရှိ။ ပစ်ဘာတ်မြို့ရှိ မိဘဆီထံသွားလည်သည်မျိုးမဖြစ်ပါစေနှင့်ဟု ဆုတောင်းနေမိသည်။

လစ်ဆာ၏တိုက်ခန်းမှာ ၁၂(ခ)ဖြစ်သည်။ဂျင်နီက ၁၂(က)အခန်း၏ အင်တာကွန်းကိုနှိပ်လိုက်သည်။ ဤတွင်လည်း ပြန်ထူးသံမကြားရ။ အင်တာကွန်း တွေပျက်နေသည်လား။၁၂( င)အင်တာကွန်းကို ကမန်းကတန်းနှိပ်ကြည့်လိုက်ပြန် သည်။ ယောကျ်ားသံတစ်သံက

"ဘယ်သူလဲ"

"အားတော့နာပါတယ်ရှင်၊ ကျွန်မဟာ ရှင်နဲ့ဘေးချင်းကပ်နေတဲ့အခန်းက လစ်ဆာရဲ့သူငယ်ချင်းပါ၊ ကျွန်မသူနဲ့အရေးတကြီးတွေ့စရာရှိနေလို့ သူဘယ်သွားတယ် ဆိုတာများသိမလားလို့ရှင်"

"ဒီဟာကို အယ်လိုနေရာမျိုးမှာ ခင်ဗျားထင်သလဲ မိန်းကလေး၊ ကျုပ်ဘေး အခန်းကလူကိုမြင်တောင်မြင်ဖူးတာမဟုတ်ဘူး"

ပြီးတော့ ဖုန်းချသွားသည်။ဂျင်နီအိမ်သို့ ကားနှင့်အမြန်ဆုံးမောင်းကာ ပြန်လာခဲ့၏။ လက်ခံစကားပြောစက်ထဲသို့

"လစ်ဆာ မင်းရောက်ရောက်ချင်းငါ့ဆီကိုဖုန်းဆက်ပါ။ညကြီးသန်းခေါင်ဖြစ် နေလည်း ကိစ္စမရှိဘူး၊ ငါတယ်လီဖုန်းနားမှာ ထိုင်စောင့်နေမယ်"

မိမိအနေနှင့် ဘာမှမလုပ်တတ်တော့။ လစ်ဆာမပါလျှင် စိတ်ပညာဌာန သို့မှင်ဝင်ရန်မလွယ်။

ဂျင်နီ ရေမိုးချိုး၍ ပန်းရောင်တဘက်ကြီးကိုပတ်လိုက်သည်။ ဆာလာသလို ရှိသဖြင့် ရေခဲသေတ္တာထဲမှစားသောက်ဖွယ်ရာများကို မိုက်ကရိုဝေ့မီးဖိုဖြင့်နွေး



စားသည်။စားချင်စိတ်မရှိသဖြင့် အစားအသောက်များကိုသွန်ပစ်ကာ ကော်ဖီကိုနို့စပ်ပြီး သောက်လိုက်သည်။ကြည့်စရာရုပ်မြင်သံကြားရှိလျှင်လည်း အကောင်းသား။

စတီ၏ ဖခင်ပေးလိုက်သော စတီ၏ဓာတ်ပုံကိုထုတ်လိုက်သည်။ ယင်းကို ဘောင်ကွပ်ရဦးမည်။ဂျင်နီက ထိုဓာတ်ပုံအား ရေခဲသေတ္တာတံခါးတွင်ကပ်ထားလိုက် သည်။

ထို့နောက် အယ်လ်ဘန်ကိုလှန်ကြည့်မိ၏။ညီမဖြစ်သူ ပက်တီလမ်း လျှောက်တတ်စအရွယ်လှည်းကလေးထဲတွင် ထည့်၍တွန်းနေသောဖခင်၏ဓာတ်ပုံ၊ ချစ်သူဟောင်း၏ဓာတ်ပုံများကိုတွေ့ရပြန်သည်။ ထိုစဉ် ဖုန်းမြည်လာ၏။

ဂျင်နီ အယ်လ်ဘန်ကို ကြမ်းပြင်ပေါ်ပစ်ချလိုက်ပြီး တယ်လီဖုန်းကိုဆတ်ခနဲ ကောက်ယူကာ

"လစ်ဆာလား"

"ဟေ့ ဂျင်နီ ဘာများအရေးတကြီးကိစ္စပေါ်လာလို့လဲ"

ဂျင်နီက ခုံရှည်ပေါ်သို့ပစ်ထိုင်ချလိုက်ကာ

"တော်ပါသေးရဲ့ဟယ်၊ငါနင့်ဆီကိုဖုန်းဆက်တာ ကျန်ခဲ့တဲ့တစ်နာရီလောက် ကတည်းက၊ နင်ဘယ်ရောက်နေလဲ"

"ငါကက်သရင်းတို့၊ ဘေဘီတို့နဲ့ရုပ်ရှင်သွားကြည့်တာ၊ အဲဒါရာဇဝတ်မှု လား"

"စိတ်မဆိုးပါနဲ့ဟယ်၊ ငါနင့်ကိုဒီလိုမမေးသင့်ဘူး"

"ရပါတယ်ဟာ၊ သူငယ်ချင်းတွေပဲဟာ၊ ငါလည်း တစ်နေ့နင့်ကို ဒါမျိုးမေးမိ ရင်မေးမိမှာပေါ့"

ဂျင်နီက ရယ်လျက်

"ကျေးဇူးပဲ၊ ကဲ နားထောင်၊ ငါ စာရင်းတစ်ခုရထားတယ်၊ အဲဒီအထဲမှာ နာမည်ငါးခုဟာ စတီရဲ့အမြွှာတွေဖြစ်နိုင်တယ်၊အဲဒီည သူတို့လိပ်စာတွေကိုရှာချင် တယ်၊ နင်ငါ့ကိုကူညီမလားဟင်"

တစ်ဖက်တွင် ခေတ္တမျှ အသံတိတ်သွားသည်။ ပြီးမှ

"ဂျင်နီရယ် နင့်ရုံးခန်းထဲငါဝင်တော့ ငါအကြီးအကျယ်ပြဿနာတက်တော့ မလို့၊ ငါ့ဘာသာငါတော့ ဘာမှမဖြစ်အောင်နေလို့ရသွားတယ်ဒါပေမဲ့ လုံခြုံရေး အစောင့်ကတော့အလုပ်ဖြုတ်ခံလိုက်ရတယ်၊နင့်ကိုတော့ ကူညီချင်ပါတယ်မှာသိ၊ ငါ့အလုပ်ဖြုတ်ခံလို့တော့မဖြစ်ဘူး"

ဂျင်နီ စိုးရိမ်စိတ်များဖြင့် တစ်ကိုယ်လုံးအေးစက်သွားသည်။ယခုလို ရအောင်

www.burmeseclassic.com



**မြင်ကာနီး**မှ ငါ့ကိုတော့ ဒီလိုမရက်စက်ပါနဲ့ဟာဟု၍ စိတ်ထဲမှပြောနေမိသည်။ ပြီးမှ

"လုပ်ပါဟာ"

"ငါကြောက်တယ်ဟာ"

စိုးရိမ်စိတ်များမှတစ်ဆင့် ပြင်းထန်သောဆုံးဖြတ်ချက်အဖြစ်ပြောင်းလိုက်သည်။ ငါ နင့်ကိုခေါင်းရှောင်ခွင့်မပေးနိုင်ဘူးဟု၍ စိတ်ထဲမှရေရွတ်ရင်း

"လစ်ဆာ ဒီနေ့ဟာတနင်္ဂနွေနေ့နော်၊ ကျန်ခဲ့တဲ့အပတ်က မီးလောင်နေတဲ့ အဆောက်အဦးတစ်ခုထဲကို ငါဝင်ပြီးနင့်ကိုရှာခဲ့တယ်လေ"

"အေး သိပါတယ်၊ သိပါတယ်"

"အဲဒီတုန်းက ငါလည်းကြောက်လိုက်တာ"

တစ်ဖက်တွင် အတန်ကြာအောင်တိတ်ဆိတ်သွားသည်။ နောက်ဆုံးကျတော့ လစ်ဆာက

"နင်ပြောတာ မှန်ပါတယ်၊ ကောင်းပြီလေ ငါလုပ်ပေးမယ်"

ဂျင်နီက ဝမ်းသာမှုကို ထိန်းချုပ်ရင်း

"နင် အဲဒီကို ဘယ်အချိန်လောက်အမြန်ဆုံးရောက်မလဲ"

"၁၅ မိနစ်အတွင်း"

"အပြင်ဘက်က ငါစောင့်နေမယ်"

တယ်လီဖုန်းကိုချပြီး အိပ်ခန်းထဲသို့ပြေးဝင်ကာ ပတ်ထားသောတဘက်ကို ခွာချလျက် ဂျင်းဘောင်းဘီအနက်၊ တီရှပ်နီညိုရောင်တို့ကိုစွပ်လိုက်သည်။ အပေါ်မှ ဂျင်းကုတ်အင်္ကျီတစ်ထည်ကိုစွပ်ကာညဘက်ကြီးအိမ်မှထွက်လာခဲ့တော့သည်။

○ ○ ○

## အခန်း (၃၂)

တက္ကသိုလ်သို့ လစ်ဆာမရောက်မီ ဂျင်နီရောက်နှင့်နေသည်။ကားကို ညွှန်သည်ကားများထားသည့်နေရာ၌ရပ်လိုက်၏။ထင်သာမြင်သာရှိသော မိမိ၏ ကားကြီးကို စိတ်ပညာဌာနရှေ့၌ သူများတွေမမြင်စေချင်။ ထို့နောက် လူသူရှင်းသော တက္ကသိုလ်ဝင်းကြီးထဲ၌ မှောင်ရိပ်ကိုခိုကာလျှောက်လာခဲ့သည်။ စိတ်ပညာဌာနရှေ့၌စိတ်စောစွာစောင့်နေရင်းလမ်း၌ တစ်ခုခုဝင်စားခဲ့လျှင်အကောင်းသားဟု တွေးနေမိ၏။တစ်နေ့လုံးဘာမျှမစားခဲ့ရ။နောက်ဆုံးတွင် အဖြူရောင်ဟွန်ဒါကားကလေးဖြင့် လစ်ဆာရောက်လာသည်။သူမကကားထဲမှထွက်ပြီး ဂျင်နီ၏လက်ကိုဆွဲကာ

"ငါ ရှက်တောင်ရှက်မိတယ်၊ နင်ဟာ ငါ့ရဲ့သူငယ်ချင်းကောင်းဆိုတာ နင် သတိမပေးဘဲ ငါသိဖို့ကောင်းတယ်"

"ငါနားလည်ပါတယ်ဟာ"

"ငါတောင်းပန်ပါတယ်ဟာနော်"

ဂျင်နီက သူမအား ဖက်လိုက်သည်။ ထို့နောက် သူတို့အထဲသို့ဝင်ကာ မီးတွေဖွင့်လိုက်ကြသည်။လစ်ဆာက ကွန်ပျူတာနှင့်အလုပ်လုပ်နေစဉ် ဂျင်နီကကော်ဖီစက်ကိုဖွင့်လိုက်သည်။ညကြီးသန်းခေါင်ဓာတ်ခွဲခန်းထဲသို့ရောက်နေသည်မှာ ထူးဆန်းတော့ ပင်ကြောင်လှသည်။ပတ်ဝန်းကျင်ရှိ ဓာတ်ခွဲခန်းပစ္စည်းများကိုကြည့်ကာ ရေငုံကြက်ကြီး တစ်ခုပမာထင်မိ၏။

လုံခြုံရေးအဖွဲ့များ အနေးနှင့်အမြန်ရောက်လာလိမ့်မည်ဟု ဂျင်နီတွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ရုံးခန်းကိုဖောက်ထွင်းဝင်ပြီးသည့်နောက်ပိုင်း စိတ်ပညာဌာနကိုဂရုတစိုက်စောင့်ကြပ်ကြသည်။ နောက်ပြီး မီးရောင်ကိုလည်း သူတို့မြင်ကြမည်။ ဓာတ်ခွဲခန်းသိပ္ပံပညာရှင်များ ညဥ့်နက်သန်းခေါင်အလုပ်လုပ်သည်မှာမဆန်း။ ယမန့်နေ့ညက မိမိဖောက်ထွင်းစဉ် သူတို့ မိမိအား မှတ်မိမသွားလျှင်ကိစ္စမရှိတန်ရာ။

"လုံခြုံရေးအစောင့်တွေဝင်လာရင်ငါစာရေးကိရိယာထားတဲ့ ဘီဒိုထဲဝင်ပုန်းနေမယ်သိလား၊ အစောင့်တစ်ယောက်ယောက်က ငါဒီကိုလာစရာမလိုဘူးဆိုတာသိချင်သိနေမှာ"

"သူတို့လာပြီဆိုရင် ကြိုပြီးသိနိုင်စရာအကြောင်းရှိပါတယ်"

လစ်ဆာက ဆိုသည်။

"သူတို့လာရင်သိအောင် အချက်ပေးနိုင်တဲ့မျိုးတစ်ခုခုလုပ်ထားရင်ကောင်းမယ်"

ဂျင်နီက အမြွာများကိုရှာရန် အတော်ပင် စိတ်ထက်သန်နေသည်။ သို့ရာတွင် မိမိ၏စိတ်မရှည်နိုင်မှုကို ထိန်းထားနေရ၏။ ဤကိစ္စမှာ တစ်ချက်မှား၍မရ။ ဂျင်နီက လစ်ဆာ၏စားပွဲပေါ်မှပန်းအိုးကိုကြည့်လျက်။

"ဒီဖန်ပန်းအိုးကလေးကို နှင်တော်တော်နှမြောသလား"

လစ်ဆာက ပခုံးတွန့်လျက်

"ငါ ကုန်တိုက်ကဝယ်ထားတာပါ၊ နောက်တစ်လုံးထပ်ဝယ်လည်းရသားပဲ"

ဂျင်နီက ပန်းများကိုလွှင့်ပစ်လိုက်ပြီး ရေများကိုလက်ဆေးခွက်ထဲသို့သွန်ချိုက်သည်။ ပြီးတော့ စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကိုယူ၍ စကြံတစ်ဖက်ထိပ်ရှိလှကားပေါက်ဆင်နားရှက်တံခါးဆီသို့လျှောက်လာသည်။ဆင်နားရွက်တံခါးနှစ်ချပ်ကို အနည်းငယ်အတွင်းသို့ဆွဲ၍ အလယ်မှစာအုပ်ကိုညှပ်လိုက်သည်။ ပြီးတော့ ပန်းအိုးကို ဆင်နားရွက်တံခါး အပေါ်ထိပ်တွင်ချ၍တင်လိုက်သည်။ မည်သူမဆိုဝင်လာလျှင် ထိုဖန်ပန်းအိုးပြုတ်ကျပြီး မကွဲဘဲနှင့်ရောက်မလာတန်ရာ။ သူမကိုကြည့်ရင်း လစ်ဆာက

"သူတို့က ဘာကြောင့်ဒီလိုလုပ်ထားတာလဲလို့မေးရင် ငါဘယ်လိုဖြေရမလဲ"

"တစ်ယောက်ယောက်အနှောင့်အယှက်လာပေးရင် ကြိုတင်သိအောင်လုပ်ထားတာလို့ပြောပေါ့"

လစ်ဆာက ကျေနပ်သလို ခေါင်းညိတ်လိုက်ပြီး

"ငါရှုးနေပြီဆိုတာကိုအထောက်အထားတစ်ခုရသွားတာပေါ့"

"ကဲ ဆက်လုပ်ကြရအောင်" ဂျင်နီကပြောပြီး ဓာတ်ခွဲခန်းထဲသို့ ပြန်ဝင်သည်။



ပန်းအိုးကျကွဲသံကိုကြားရစေရန် အခန်းတံခါးကိုဖွင့်ထားလိုက်၏။ ဂျင်နီက ဒစ္စကတ်ကိုလစ်ဆာ၏ ကွန်ပျူတာထဲထည့်ပြီး ပင်တဂွန်မှရသည့်စာရင်းများကို မိတ္တူကူးယူလိုက်သည်။ ကလေးရှစ်ယောက်မှာနလုံးတိုင်းထွာချက်အတိုင်းအတာများထပ်တူဖြစ်နေကြသည်။ နလုံးကလေးရှစ်ခု၏ခုန်နှုန်းများမှာ တစ်ထပ်တည်းတူနေကြ၏။ ဘာရင်တန်ကထိုကလေးများအားထိုသို့စမ်းသပ်ရန် တပ်မတော်ဆေးရုံတွင် စီစဉ်ခဲ့ခြင်းဖြစ်သည်။ထိုတိုင်းထွာချက်မိတ္တူတစ်စောင်ကို အေဗင်တိုင်းဆေးပေးခန်းသို့ပို့မည်မှာအမှန်။ ကြာသပတေးနေ့ကဖျက်ဆီးပစ်သည့်မှတ်တမ်းထဲတွင် ထိုမိတ္တူပါသွားခြင်းဖြစ်မည်။သို့ရာတွင် တပ်မတော်က မူရင်းမှတ်တမ်းကိုသိမ်းဆည်းထားမည်ဟု ဘာရင်တန်မတွက်ခဲ့။ ဂျင်နီက

"ကဲ ဟင်နရီကင်းကစရအောင်၊နာမည်အပြည့်အစုံက ဟင်နရီအာဝင်ကင်း"

လစ်ဆာတွင် ကွန်ပျူတာစီဒီစက်နှစ်လုံးရှိ၏။တစ်လုံးအပေါ်တစ်လုံးဆင့်ထားသည်။ လစ်ဆာက ထိုစက်နှစ်လုံးထဲသို့ဒစ္စကတ်တစ်ခုစီထည့်လိုက်ပြီး

"ဒစ္စကတ်နှစ်ခုထဲမှာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ အိမ်ဖုန်းအားလုံးရဲ့နံပါတ်တွေရှိတယ်၊ ဒီနှစ်ခုနဲ့တစ်ချိန်တည်းရှာကြည့်မယ်"

လစ်ဆာက ဆက်၍

"ခက်တာက တယ်လီဖုန်းလမ်းညွှန်စာအုပ်တွေထဲမှာ လူတွေဟာ ကိုယ့်နာမည်အပြည့်အစုံကိုထည့်လေ့မရှိဘူး၊ကဲ အမေရိကန်ပြည်ထောင်စုမှာ ဟင်နရီကင်းဘယ်နှစ်ယောက်ရှိတယ်ဆိုတာကြည့်ကြရအောင်"

သူမက ကွန်ပျူတာခလုတ်များဖြင့်ဟင်နရီကင်းဟူသောအမည်ကို ရိုက်လိုက်သည်။ ခဏကြာတော့ ၁၁၂၉ ဟူ၍ နာမည်တူအရေအတွက်ပေါ်လာ၏။ဂျင်နီက စိတ်ပျက်သွားပြီ။

"တစ်ညလုံးကြာမယ့်ပုံပဲ၊ ဖုန်းနံပါတ်တွေလည်း အများကြီးဆက်ရတော့မှာပဲ"

"နေပါဦး လွယ်တဲ့နည်းရှိမှာပါ"

လစ်ဆာက ဟင်နရီအိုင်ကင်း သို့တည်းမဟုတ် ဟင်နရီအာဝင်ကင်းဟူ၍ ရိုက်လိုက်သည်။ ခဏကြာတော့ ကွန်ပျူတာပေါ်တွင် စာရင်းတစ်ခုပေါ်လာ၏။ လစ်ဆာက

"ဟင်နရီအာဝင်ကင်းသုံးယောက်ရှိတယ်၊ ဟင်နရီအိုင်ကင်းဆယ့်ရှစ်ယောက်ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီက မိမိကူးယူထားသည့်စာရင်းစာရွက်ကိုကြည့်လျက်

'ဒီဗင်ခံတပ်၊ မက်ဆာချူးဆက်ပြည်နယ်' ဟူ၍ တွေ့ရသည်။ လစ်ဆာက

"ဟုတ်ပြီ၊ အမ်းဟတ်စ်မြို့မှာ ဟင်နရီအာဝင်ကင်းတစ်ယောက်ရှိတယ် ဘော်စတွန်မြို့မှာတော့ ဟင်နရီအိုင်ကင်းလေးယောက်ရှိတယ်"

"ကဲ သူတို့ဆီ ဖုန်းဆက်ကြည့်ရအောင်"

"အခု ည ၁ နာရီထိုးကြီးဆိုတာ နင်သတိပြုမိရဲ့လား"

"ငါ မနက်ဖြန်အထိ စောင့်မနေနိုင်ဘူး"

"ဒီလိုအချိန်ကြီးမှာ လူတွေဟာဖုန်းပြောမှာမဟုတ်ဘူး"

"ဒါတော့ ဟုတ်ပါတယ်၊ဒါပေမဲ့ ငါက လူသတ်မှုဆက်တိုက်ကျူးလွန်ထားတဲ့လူသတ်သမားတစ်ယောက်ကို လိုက်ထောက်လှမ်းနေတဲ့ရဲတစ်ယောက်ပါလို့ ပြောမှာပေါ့"

"ဒါဟာလည်း ဥပဒေနဲ့မလွတ်ကင်းဘူး"

"အမ်းဟတ်စ်မြို့က ဖုန်းနံပါတ်ကိုပေးစမ်းပါ"

လစ်ဆာက ကွန်ပျူတာဖြင့် ဖုန်းနံပါတ်ကိုဆက်ပေးလိုက်ရာ ကွန်ပျူတာတွင်တပ်ထားသည့် တယ်လီဖုန်းဆက်တိုက်မြည်လာ၏။ဂျင်နီက ဖုန်းကိုကောက်ကိုင်လိုက်သည်။တစ်ဖက်ဖုန်းတွင် ခုနစ်ကြိမ်ခန့်မြည်ပြီး အိပ်ချင်မူးတူးအသံတစ်ခုပေါ်လာသည်။

"ပြောပါ"

"ကျွန်မ အမ်းဟတ်စ်ရဲဌာနက ရဲစုံထောက်ဆူဇန်ဖာဘာပါ၊ အခုလို ညကြီးသန်းခေါင် ဖုန်းဆက်ရတာအားနာပါတယ်၊ ဒါဟာအရေးကြီးတဲ့ ရဲလုပ်ငန်းတစ်ခုမို့ပါ၊ အခုပြောနေတာ ဟင်နရီအာဝင်ကင်းပါလားရှင်"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

အသံမှာ သတ်လတ်အရွယ်လူတစ်ယောက်၏အသံဖြစ်သည်။ သို့ရာတွင် ဂျင်နီက ပို၍သေချာစေရန်

"ဒါဟာ ပုံမှန်စုံစမ်းစစ်ဆေးမှုမျိုးပါ"

"ပုံမှန်ဟုတ်လား၊ ဒီလိုညကြီးမင်းကြီးမှာ"

"ကျွန်မတို့ဟာ လူသတ်မှုဆက်တိုက်ကျူးလွန်သွားတဲ့ လူသတ်သမားတစ်ယောက်ကိုလိုက်ထောက်လှမ်းနေတာပါ၊လူကြီးမင်းကိုမသင်္ကာစရာလူမဖြစ်အောင်လို့ပါ၊ လူကြီးမင်းရဲ့မွေးနေ့သက္ကရာဇ်နဲ့ မွေးတဲ့နေရာလေးသိပါရစေ"

"ကျုပ်ကို မက်ဆာချူးဆက်ပြည်နယ် ဂရင်းဖီးမြို့မှာ မွေးတာ ၁၉၄၅ ခုန



မေလ (၄) ရက်နေ့ပေါ့၊ ရပြီလား"

"လူကြီးမင်းရဲ့သားသမီးထဲမှာ လူကြီးမင်းနဲ့နာမည်တူမရှိပါဘူးနော်"

"ဟင့်အင်း၊ ကျွန်တော့်မှာ သမီးသုံးယောက်ပဲရှိတယ်၊ ကဲ ကျွန်တော်အိပ်လို့ရပြီလား"

"နောက်ထပ်ဒုက္ခပေးစရာမရှိတော့ပါဘူး၊ အခုလို ရဲအဖွဲ့ကိုကူညီတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ စိတ်ချမ်းချမ်းသာသာအိပ်ပါ"

ဂျင်နီက ဖုန်းကိုချလိုက်ပြီး လစ်ဆာဘက်ကိုကြည့်ကာ

"တွေ့တယ်မဟုတ်လား၊ သူ ငါ့ကိုစကားပြောတယ်၊ ပြောတော့မပြောချင်ဘူး၊ ဒါပေမဲ့ ပြောသွားတယ်"

လစ်ဆာက ရယ်လျက်

"ခြေဘ် ဒေါက်တာဂျင်နီဖာရာမီ၊နင့်မှာ လိမ်ညာလှည့်ဖျားတတ်တဲ့ အရည်အချင်းလည်း ရှိသေးတာပဲ"

ဂျင်နီက အသံမထွက်ဘဲ ရယ်လျက်

"ဒီလိုမျိုးက အရက်မရှိမှုဖြစ်တာ၊ ကဲ ဟင်နရီအိုင်ကင်းတွေဆီဆက်ကြရအောင်၊ ပထမနှစ်ယောက်ကိုငါဆက်မယ်၊ ကျန်တဲ့နှစ်ယောက်ကိုနင်ဆက်"

သူတို့ထဲမှ တစ်ယောက်ကိုသာလျှင် ကွန်ပျူတာဖြင့် အလိုအလျောက်ဆက်သွယ်၍ရသည်။ ဂျင်နီက စာရေးစက္ကူတစ်အုပ်ကိုယူ၍ ဖုန်းနံပါတ်နှစ်ခုကို ရေးမှတ်လိုက်၏။ပြီးတော့ တယ်လီဖုန်းကိုလက်ဖြင့်လှည့်ကာဆက်လိုက်သည်။ ယောကျ်ားအသံတစ်သံပေါ်လာ၏။ သူမက

"ဘော်စတွန်မြို့ရဲဌာနက ရဲစုံထောက်ဆူဇန်ဖာဘာပါ"

"ဘာဖြစ်လို့ ဒီလိုညကြီးမျိုးမှာ ကျုပ်ဆီဖုန်းဆက်ရတာလဲ၊ ခင်ဗျား ကျုပ်ကိုသိလို့လား"

"ရှင်ဟာ ဟင်နရီကင်းလို့ထင်လို့ပါ"

"နင် အလုပ်ပြုတ်မယ်လို့ကော မထင်ဘူးလား၊ ငါဘာကောင်လည်း နင်သိလား"

"လူကြီးမင်းရဲ့ မွေးနေ့ကိုသိချင်လို့ပါ မစ္စတာကင်း"

"နင့်ရဲ့မှူးနဲ့ငါစကားပြောမယ်"

"မစ္စတာကင်း"

"ငါပြောသလိုလုပ်စမ်းပါ"

"တိရစ္ဆာန်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဂျင်နီက ဖုန်းကိုချလိုက်သည်။ သူမ ကတုန်ကယင်ဖြစ်နေမိ၏။ ပြီးမှ သူမက

"ညကြီးမှာ စကားပြောရတာအဆင်မပြေပါဘူးဟယ်"

လစ်ဆာကလည်း ဖုန်းကိုချလိုက်ပြီး

"နောက်လူကတော့ ဂျမေကာလူမျိုး၊ သူရဲ့ဝဲတဲ့အသံကိုကြည့်တာနဲ့သိတယ်၊ မင်းလူကတော့ ပျူပျူငှာငှာမရှိလှဘူးထင်တယ်"

"သိပ်ဟုတ်ပေါ့"

"ကဲ ငါတို့ ရပ်ပြီး မနက်ကျမှဆက်ရင်ကောင်းမယ်"

ဂျင်နီမှာ ရိုင်းစိုင်းသောလူတစ်ယောက်ကြောင့် နောက်မဆုတ်နိုင်။ သူမက

"ဘယ်ဖြစ်မလဲ၊ ပါးစပ်နဲ့ဆဲတာလောက်တော့ ငါခံနိုင်ပါတယ်"

"အဲဒီလိုဆိုလည်း ပြီးတာပါပဲ"

"သူ့အသံကိုနားထောင်ရတာ အသက် ၂၂ နှစ်ထက်အများကြီးကြီးပုံရတယ်၊ ဒါကြောင့် သူ့ကိုမေ့ထားလိုက်တော့၊ နောက်ထပ်နှစ်ယောက်ကိုကြိုးစားကြည့်ရအောင်"

ကိုယ့်ကိုယ်ကိုယ်အားတင်းကာ ဂျင်နီ နောက်ဖုန်းနံပါတ်တစ်ခုကိုလှည့်လိုက်ပြန်သည်။ ဤ တတိယဟင်နရီကင်းကတော့ အိပ်ရာထဲမရောက်သေး။ နောက်ဖက်ဆီမှ ဂီတသံများနှင့် စကားပြောသံများကိုကြားနေရသည်။ ထိုလူက

"ဟုတ်ကဲ့ ဘယ်သူလဲ"

အသံကို နားထောင်ရသည်မှာ မိမိလိုချင်သည့်အသက်အရွယ်ဖြစ်ပုံရသည်။ ဂျင်နီ မျှော်လင့်ချက်များတက်လာ၏။ သူမက ထုံးစံအတိုင်း မိမိရဲတစ်ယောက်ဖြစ်ကြောင်း ပြောပြလိုက်သောအခါ သူကမယုံသင်္ကာဖြင့်

"ခင်ဗျားရဲတစ်ယောက်လို့ ကျုပ်ကဘယ်လိုယုံရမလဲ"

အသံမှာ စတီ၏အသံနှင့်တူနေသည်။ ဂျင်နီနှလုံးများပင်ရပ်သွားသည်ထင်ရ၏။ ဤသည်မှာ အမြွှာတစ်ယောက်ဖြစ်ပေလိမ့်မည်။ သို့ရာတွင် မိမိရဲတစ်ယောက်ဖြစ်ကြောင်း သူသံသယရှိနေသည်ကို မည်သို့လုပ်ရမည်ပါလိမ့်။ သူမက စိတ်ကိုတင်းပြီး

"ဒါဆိုရင်လည်း ဒီရဲဌာနကို ရှင်ပြန်ပြီးဖုန်းဆက်ကြည့်လေ"

သူမက စွန့်စွန့်စားစားပြောလိုက်သည်။ တစ်ဖက်တွင် အသံခေတ္တမျှငြိမ်သွားပြီး

"အေးလေ ဒါဆိုလည်း ရပါတယ်"



ဂျင်နီ အသက်မှန်မှန်ပြန်ရှူနိုင်တော့၏။ ထိုလူက

"ကျုပ်က ဟင်နရီကင်းပါ၊ အများကတော့ ဟန့်လို့ခေါ်ကြတယ်၊ ကဲ ခင်ဗျား ဘာသိချင်လဲ"

"ပထမဆုံး ရှင့်ရဲ့မွေးနေ့သက္ကရာဇ်နဲ့ မွေးတဲ့အရပ်ကိုသိချင်တယ်"

"ကျုပ်ကိုမွေးတာဒီဇင်ဘာပ်စခန်းမှာတိတိကျကျပြောရရင်ကျန်ခဲ့တဲ့ ၂၂ နှစ်ကပေါ့၊ ဒီနေ့ ကျွန်တော့်မွေးနေ့ပွဲလေ၊ အမှန်တော့ မနေ့ကစနေနေ့ဟာ ကျွန်တော့်မွေးနေ့ပဲ"

သူမှသူပဲ။ အမြွှာတစ်ယောက်ကို ဂျင်နီတွေ့ခဲ့လေပြီ။ နောက်တစ်ခုကျန်သေးသည်။ တနင်္ဂနွေနေ့တွင် သူ ဘော်လ်တီမိုးမြို့သို့ ရောက်မရောက်မေးရမည်။ ဝမ်းသာမှုအသံတွေပါမသွားရန်ထိန်းရင်း

"ရှင့်ရဲ့ပြည်နယ်ထဲကနေ တခြားနေရာကိုခရီးထွက်တာနောက်ဆုံးခါယ် အချိန်ကလဲ"

"နေဦး ဩဂုတ်လထဲက ကျုပ်နယူးယောက်မြို့ကိုသွားတာလေ"

သူ အမှန်ပြောနေခြင်းဖြစ်သည်ဟု ဂျင်နီတွက်လိုက်သည်။ သို့သော် သူမက ဆက်၍

"ကျန်ခဲ့တဲ့တနင်္ဂနွေနေ့က ဘာလုပ်သလဲ"

"ကျုပ်အလုပ်လုပ်နေတယ်"

"ဘာအလုပ်လုပ်တာလဲ"

"ကျုပ်က အင်ဂျင်နီယာဘွဲ့ရပြီးသား ကျောင်းသားပါ၊ ဒါပေမဲ့ တနင်္ဂနွေနေ့ဆိုရင် ကင်းဘရစ်မြို့က ဘလူးနတ်ကဖီးမှာ ကောင်တာထိုင်တယ်"

ဂျင်နီက ထိုအမည်ကို ရေးမှတ်လိုက်ပြီး

"ကျန်ခဲ့တဲ့ တနင်္ဂနွေနေ့က ရှင် အဲဒီနေရာမှာပေါ့နော်"

"ဟုတ်တယ်၊ ကျွန်တော် လူတစ်ရာလောက်ကို ရောင်းခဲ့ရတယ်"

"ကျေးဇူးပါပဲ မစ္စတာကင်း၊ အဲဒီဆိုင် ဖုန်းနံပါတ်ကလေး ကျွန်မပေးပါလား၊ ကျွန်မအနေနဲ့သေချာအောင်မေးကြည့်ရအောင်ပေါ့"

"ဖုန်းနံပါတ် ကျွန်တော်လည်းမေ့နေတယ်၊ တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာတော့ရှိတယ်၊ ဒါပေမဲ့ ကျွန်တော်က ဘာလုပ်မိလို့လဲ"

"မီးရှို့မှုတစ်ခုအတွက် ကျွန်မတို့လိုက်စုံစမ်းနေတာပါ"

"တော်သေးတာပေါ့၊ ကျွန်တော့်မှာသက်သေရှိနေလို့"

စတီ၏အသံကိုကြားနေရသော်လည်း ပြောနေသူမှာ လူငယ်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသိကြောင့် ရင်ထဲတွင် နိုးလိုးနလုခံစားရသည်။ ဟင်နရီကင်းအား ရုပ်ချင်းပါတူ၊ မတူ ကိုယ်တိုင်ကြည့်လိုက်ချင်သည်။ သူမက စကားကိုလက်စသတ်ချင်သဖြင့်

"ကျေးဇူးပါပဲရှင်၊ ကောင်းသောညချမ်းပါ"

သူမက တယ်လီဖုန်းကိုချလိုက်ပြီး ဟန်ဆောင်ခဲ့ရသည့်ပင်ပန်းမှုကိုပြေပျောက်ရန် သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်သည်။ လစ်ဆာက နားထောင်နေရင်း

"တွေ့ပြီမဟုတ်လား"

"ဟုတ်တယ်၊ သူက ဒီဗင်ခံတပ်မှာမွေးတယ်၊ဒီနေ့သူ အသက် ၂၂ ပြည့်ပြီတဲ့လေ၊ တို့ရှာနေတဲ့ ဟင်နရီကင်းဆိုတာ သူပဲ၊ သေချာတယ်"

"အောင်မြင်တာပေါ့"

"ဒါပေမဲ့သူ့မှာတစ်နေရာရောက်နေတယ်ဆိုတဲ့အကြောင်း အထောက်အထားရှိတယ်၊ သူက ကင်းဘရစ်မြို့က ဘားတစ်ခုမှာအလုပ်လုပ်နေတယ်တဲ့၊ ဆိုင်နာမည်က ဘာလွှားနတ်တဲ့"

"ဒါဆို အဲဒီကိုလှမ်းမေးကြည့်ရအောင်"

ရှာဖွေရေးကိစ္စကို လစ်ဆာ စိတ်အားထက်သန်နေသည်။ ဂျင်နီက ခေါင်းညိတ်လျက်

"ညဥ့်တော့နက်နေပြီ၊ ဒါပေမဲ့ ဘားခန်းဆိုတော့ ဖွင့်ထားချင်ဖွင့်ထားဦးမှာ၊ အထူးသဖြင့် စနေနေ့လိုညမျိုးပေါ့၊ နင့်ရဲ့ကွန်ပျူတာတယ်လီ ဖုန်းလမ်းညွှန်စီဒီထဲက အဲဒီဖုန်းနံပါတ်ကိုရှာကြည့်ပေးပါလား"

"ဒါတွေက အိမ်ဖုန်းနံပါတ်တွေချည်းပဲ၊ အလုပ်နဲ့ရုံးဖုန်းနံပါတ်တွေက ဒစ္စကတ်ထဲမှာချည်းပဲ"

ဂျင်နီက စုံစမ်းရေးဌာနကိုဖုန်းဆက်လိုက်သည်။ ဖုန်းနံပါတ်ရတော့ ထိုနံပါတ်ကိုလှည့်လိုက်၏။ ဖုန်းကို ချက်ချင်းလာကိုင်ကြသည်။

"ကျွန်မက ဘော်စတွန်ရဲဌာနက ရဲစုံထောက်ဆူဇန်ဖာဘာပါ၊ မန်နေဂျာနဲ့ စကားပြောပါရစေရှင်"

"ကျွန်တော် မန်နေဂျာပါ၊ ဘာဖြစ်လို့လဲ"

ထိုလူမှာ အခြားလူမျိုးခြားတစ်ယောက်ဖြစ်နိုင်သည်။ စိတ်ပူနေသည့်အသံလည်းပါလာ၏။

"ရှင့်ဆီမှာ ဟင်နရီကင်းဆိုတဲ့ဝန်ထမ်းတစ်ယောက်ရှိသလား"

"ဟန့်လား ရှိတယ်၊ သူအခုဘာလုပ်ပြန်ပြီလဲ"

ဟင်နရီကင်းမှာ ယခင်ကလည်း ဥပဒေနှင့်ပတ်သက်သော ပြဿနာရှိပုံရ



သည်။ ဂျင်နီက

"ဘာမှတော့မလုပ်ပါဘူး၊ သူ့ကို ရှင် နောက်ဆုံးဘယ်အချိန်ကတွေ့သလဲ"

"ဒီနေ့ပဲလေ၊ ဆိုလိုတာကမနေ့ကစနေနေ့ဆိုပါတော့၊ သူက နေ့ဘက်တာဝန်ကျတယ်လေ"

"အဲဒီမတိုင်ခင်ကကော"

"နေဦး ကြည့်လိုက်ဦးမယ်၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သူ ညနေ ၄ နာရီက ည ၁၂ နာရီထိ အလုပ်လုပ်သွားတယ်"

"ဒါနဲ့ပတ်သက်ပြီး လိုအပ်မယ်ဆိုရင် ကျမ်းကျိန်ဆိုကျိန်ရဲမလား"

"ရပါတယ်၊ ဘယ်သူမဲ့ အသတ်ခံရ ခံရ ဟန့်သတ်တာတော့ မဟုတ်ဘူး"

"အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်၊ လိုအပ်ရင်လည်း ကျွန်တော့်ဆီဖုန်းဆက်ပေါ့"

သူက ဖုန်းချသွားသည်။ ဂျင်နီက စိတ်ပျက်စွာဖြင့်

"အထောက်အထားက ခိုင်မာနေတယ်"

"စိတ်ဓာတ်လည်း မကျပါနဲ့ဟာ၊ ဒီလို နာမည်တူများနိုင်တဲ့လူတစ်ယောက်ကို သူမလုပ်တဲ့အကြောင်း ငါတို့အမြန်ဆုံးဖော်ထုတ်နိုင်တာပဲ၊ ကဲပါ အဲရစ်ဆင်ကို ဆက်ကြည့်ရအောင် အဲဒီနာမည်မျိုးတော့သိပ်မရှိနိုင်ဘူး"

ပင်တဂွန်စာရင်းအရ ပါးအဲရစ်ဆင်ကို ရတ်ကာခံတပ်တွင်မွေးသည်ဆို၏။ သို့ရာတွင် နောက်ပိုင်း ၂၂နှစ်ကြာသောအခါ ထိုနေရာ၌ ပါးအဲရစ်ဆင်မရှိတော့။ ဂျင်နီက ထိုနာမည်ကို ကွန်ပျူတာတွင်ရိုက်ထည့်လိုက်သည်။ ဂျင်နီက

"ဖီလဒဲဖီးယားမြို့မှာ ရှာကြည့်စမ်း၊ ငါ့ကိုစော်ကားဖို့သူကြိုးစားတာ အဲဒီမြို့မှာ"

ဖီလဒဲဖီးယားမြို့တွင် သုံးယောက်ရှိသည်။ တစ်ယောက်က ပီဒါအဲရစ်ဆင်၊ နောက်တစ်ယောက်က အဘိုးကြီးအသံဖြစ်သည်။ နောက်ဆုံးတစ်ယောက်မှာ အမျိုးသမီးဖြစ်ပြီး ပီထရာအဲရစ်ဆင်ဟုဆိုသည်။ ဂျင်နီနှင့် လစ်ဆာတို့ ဤအဲရစ်ဆင်နာမည်တူများကိုလိုက်ရှာရာ အမေရိကန်ပြည်ထောင်စုတွင် ၃၃ ဦးရှိနေသည်။

လစ်ဆာ၏ဒုတိယ ဤအဲရစ်ဆင်မှာ ဒေါသကြီးပြီး အဆဲအဆိုတွေပါသည်။ လစ်ဆာမှာ မျက်နှာတွေဖြူဖတ်ဖြူရော်ဖြစ်ပြီး ဖုန်းကိုပြန်ချလိုက်သည်။ သို့ရာတွင် ကော်ဖီတစ်ခွက်သောက်ကာဆက်၍ကြိုးစားပြန်၏။

ဂျင်နီကတော့ စိတ်ကိုတင်းကာ ရဲဟန်ဆောင်၍မေးသည်။ ဖုန်းဆက်လိုက်တိုင်း သိပ်အဆင်မပြေလှ။ ဂျင်နီ ဖြေကြိမ်မြောက်ဖုန်းဆက်အပြီး မအောင်မြင်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုပြန်ချလိုက်စဉ် လစ်ဆာ၏အသံကို ကြားနေရသည်။

"သြော် စိတ်မရှိပါနဲ့ရှင်၊ ကျွန်မတို့ရထားတဲ့အချက်အလက်တွေက မှားနေ

ဖြစ်ပါလိမ့်မယ်၊ အခုလိုမေးမိတဲ့အတွက်ခွင့်လွှတ်ပါ မစ္စအဲရစ်ဆင်၊ ဒါပဲနော်"

သူမ ဖုန်းကိုချလျက် မျက်နှာမသာမယာဖြင့်

"အဲဒီတစ်ယောက်တော့ ဟုတ်ပုံရတယ်၊ဒါပေမဲ့ ပြီးခဲ့တဲ့ဆောင်းတွင်းမ

သူသေသွားတယ်၊ အခုပြောနေတာသူ့အမေ၊ သူ့အကြောင်းမေးတော့ ဒီမိန်းမကြီ

မျက်ရည်ကျပြီးပေါက်ကွဲသွားတယ်"

ပါးအဲရစ်ဆင်ဆိုသည်မှာ မည်သည့်မိခင်မျိုးဖြစ်နေမည်နည်းဟု ဂျင်နီတွေ

သည်။ဒင်းနစ်ကဲ့သို့ စိတ်ရူးပေါက်နေသူတစ်ယောက်ပေလား။ သို့မဟုတ်ကလည်း

စတီလိုလူမျိုးလား။ သူမက

"သူ ဘယ်လိုသေသွားတာလဲ"

"သူက ရေခဲလျှောစီးချန်ပီယံလေ၊ ကြည့်ရတာစွန့်စွန့်စားစားစီးပြရင်း

ဇက်ကျိုးသေသွားတာထင်တယ်"

"ဒါဆိုရင်တော့ ငါတို့လူထဲကပဲဖြစ်ရမယ်"

ထိုသို့ဆိုလျှင် ထိုရှစ်ယောက်စလုံး အသက်ရှင်နေနိုင်ဖွယ်မရှိ။ကလာလ

ရှေးကြည်ရှစ်ခုထက်မက ခွဲထုတ်ခဲ့ဟန်တူသည်ဟုလည်း ဂျင်နီသဘောရသည်။ ယ

ခေတ်လို နည်းပညာတွေတိုးတက်နေလင့်ကစားအားလုံးတော့ သန္ဓေမအောင်နိုင်။ အချို့

မိခင်တွေကလည်းသားပျက်ကျနိုင်သည်။ ဂျုနတီကိုကုမ္ပဏီသည် မိခင်၁၅ယောက်

၂၀လောက်အထိ ထည့်သွင်းစမ်းသပ်ခဲ့ဟန်တူသည်။ ထို့ထက်လည်း များချင်များမည်

လစ်ဆာက

"အခု ဖုန်းတွေဆက်ရတာလည်း မလွယ်ပါဘူးဟယ်"

"နင် နားချင်နားဦးလေ"

"မနားပါဘူး၊တို့လုပ်တာအဆင်ပြေသားပဲ၊ငါးယောက်ထဲက ဟိုနှစ်ယောက်

မဟုတ်ကြောင်းကိုတော့တို့ပြနိုင်ပြီ၊မနက်သုံးနာရီတောင် မထိုးသေးဘူး၊ကဲ နောက်တ

ယောက်ကဘယ်သူလဲ"

"ဂျော့ဒက်ဆော့"

မိမိတို့ မုဒိမ်းကောင်အား သိကိုသိရမည်ဟု ဂျင်နီယုံကြည်နေသည်။ သို့သေ

နောက်နာမည်တစ်ခုက သိပ်အဆင်မပြေချေ။အမေရိကန်ပြည်ထောင်စုတွင် ဂျော့ဒ

ဆော့ ၇ယောက်သာရှိသည်။သုံးယောက်က ဖုန်းကိုမကိုင်။သူတို့အားလုံးဘော်လ

စီးမြို့ ဖီလဒဲဖီးယားမြို့တို့နှင့် လုံးဝပတ်သက်ခြင်းမရှိ။ ထိုမြို့များနှင့် အလွန်ဝေးသေ



နေရာတွင်ရှိနေသူ များဖြစ်သည်။ သို့သော် ထိုသို့ဝေးနေ၍ မဟုတ်ဟုလည်းမပြောနိုင်။

မိမိတို့အနေနှင့်ကျန်လူများကို ဆက်ကြိုးစားရန်ရှိတော့သည်။ ထိုသုံးယောက်၏ ဖုန်း

နံပါတ်များကို လစ်ဆာကလိုအပ်လျှင် ပြန်ဆက်ရန်မှတ်ထားလိုက်သည်။ ဂျင်နီက

"တစ်ခုတော့ရှိတယ်ဟာ၊ငါတို့လိုချင်တဲ့လူရဲ့ဖုန်းနံပါတ် ဒီအထဲမှာပါနေမယ်

လို့ မပြောနိုင်ဘူး"

"အေး ဟုတ်တယ်၊သူ့မှာဖုန်းမရှိတာလည်းဖြစ်နိုင်တယ်၊ ဒါမှမဟုတ်

သူ့ဖုန်း နံပါတ် ဒီစာရင်းထဲမှာ မပါတာလည်းဖြစ်နိုင်တယ်"

"တခြားနာမည်နဲ့ဖုန်းနံပါတ် မှတ်ပုံတင်ထားတာရောမဖြစ်နိုင်ဘူးလား"

နှစ်ယောက်သား ရယ်မိကြသည်။ သူတို့ရယ်သံမှာ ဖန်အိုးကျကွဲသံကြောင့်

ရပ်သွားကြ၏။ ဂျင်နီက ခွေးခြေပေါ်မှဖွေ့ခနဲထ၍ စာရေးကိရိယာများထည့်ထားသော

ဗီရိုထဲသို့ဝင်ပုန်းလိုက်သည်။သူမက တံခါးကိုပြန်ပိတ်ပြီးမှောင်ထဲတွင် နားထောင်နေ

၏။လစ်ဆာ၏မေးသံကိုကြားလိုက်ရသည်။

"ဘယ်သူလဲ"

"လုံခြုံရေးပါ၊ ဖန်ပန်းအိုးတင်ထားတာခင်ဗျားလား"

"ဟုတ်ပါတယ်"

"ဘာဖြစ်လို့ တင်ထားတာလဲ"

"တစ်ယောက်ယောက်ဝင်လာရင် ကျွန်မလန့်သွားမှာစိုးလို့ ဒီမှာကျွန်မ

ကြောက်ကြောက်နဲ့ ညဉ့်နက်ခံပြီး အလုပ်လုပ်နေရတာ"

"ကောင်းပြီလေ၊ကျုပ်ကတော့ အဲဒီ ဖန်စတွေမရှင်းနိုင်ဘူး၊ ကျုပ်က သန့်ရှင်း

ရေးသမားမဟုတ်ဘူး"

"ရပါတယ်ထားခဲ့ပါ"

"ခင်ဗျားတစ်ယောက်တည်းလားအမိ"

"ဟုတ်ပါတယ်"

"ကျွန်တော် နည်းနည်းဝင်ကြည့်ဦးမယ်နော်"

"သဘောပါရှင်"

ဂျင်နီက ဗီရိုတံခါးကို လက်နှစ်ဖက်နှင့်ဆွဲထားသည်။ သူလာဖွင့်လျှင်တော့

မိမိအတင်းဆွဲထားရမည်။ လုံခြုံရေးသမား စာတိုက်ခွဲခန်းထဲ လျှောက်သွားနေသည့်အသံ

ကိုကြားနေရသည်။နောက်ပြီး သူ၏အသံကိုနီးကပ်စွာကြားလိုက်ရ၏။

"ခင်ဗျားလုပ်နေတဲ့အလုပ်က ဘာတွေလဲ"

"ကျွန်မလည်း စကားလေးဘာလေးတော့ ပြောချင်ပါတယ်၊ ဒါမှ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မှာအချိန်သိပ်မရှိဘူး၊ကျွန်မ တကယ်အလုပ်များနေတယ်"

"ကောင်းပြီလေ၊ ဒါဆိုလည်းကိစ္စမရှိပါဘူး၊ဒီအထဲက ဘာတွေလဲ"

သူ့အသံက ဗီရိုရှေ့တည့်တည့်တွင်ရောက်နေသည်။ ဂျင်နီက တံခါးလက်ကိုင်ကိုအတင်းဆွဲ၍အပေါ်သို့မထားသည်။သူဆွဲလျှင် ပြန်ဆွဲရန်လည်း အသင့်ပြင်ထား၏။ လစ်ဆာက

"အဲဒီအထဲမှာ ရေဒီယိုသတ္တိကြွဗိုင်းရပ်စ်တွေထည့်ထားတာ၊ အထဲမှာ အတော်ကလေးတော့ လုံခြုံပါတယ်၊ ဒါပေမဲ့သော့ပိတ်မထားရင်ရှင်ဝင်ကြည့်ချင်ကြည့်လေ"

ဂျင်နီ ရယ်ချင်စိတ်ကို အတင်းချိုးနှိမ်ထားရ၏။ ရေဒီယိုသတ္တိကြွဗိုင်းရပ်စ်ဟူ၍မရှိ။ အစောင့်က

"ဒါဆိုလည်း မကြည့်တော့ပါဘူး"

အစောင့်၏အသံကိုကြားလိုက်ရသည်။ဂျင်နီက ဆွဲထားသည့်အားကိုလျှော့မည်ပြုလိုက်စဉ် အပြင်မှ ဆတ်ခနဲဆွဲဖွင့်လိုက်သည်ကို သိလိုက်သဖြင့် တံခါးကိုပြန်ဆွဲပြီးမ,ထားသည်။ ပြီးတော့ အစောင့်က

"သော့ပိတ်ထားတာပဲ"

ထို့နောက် အသံမကြားရတော့။ နောက်တစ်ကြိမ်ကြားရသည့် အသံမှာ အတော်ခပ်လှမ်းလှမ်းမှဖြစ်၍ ဂျင်နီစိတ်အေးသွားရသည်။

"ခင်ဗျားတစ်ယောက်တည်းပျင်းနေရင် အစောင့်တဲကိုလာခဲ့လေ၊ ကျွန်တော်ကော်ဖီတိုက်ပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

လစ်ဆာက ဆိုလိုက်သည်။ ဂျင်နီက စိတ်အေးသွားသော်လည်း အားလုံးငြိမ်သွားသည်အထိ စောင့်နေသည်။ ၂ မိနစ်ခန့်ကြာတော့ လစ်ဆာက လာရောက်တံခါးဖွင့်ပေးပြီး

"သူ ပြန်ထွက်သွားပြီ"

သူတို့ တယ်လီဖုန်းများဆီသို့ ပြန်လာခဲ့ကြသည်။ မာရေးကလောက်မှာ ရှားပါးသောနာမည်မျိုးဖြစ်သည်။သူ့ဆီသို့ ချက်ချင်းပင်ဆက်၍ရခဲ့၏။ဂျင်နီက ဆက်ခြင်းဖြစ်သည်။

ဖခင်ဖြစ်သူ မာရေးကလောက်က နာနာကျည်းကျည်းနှင့်ပြောပြနေသည်။ သူ၏သားမှာ ကျန်ခဲ့သည့်၃နှစ်က အေသင်မြို့၌ရန်ဖြစ်ရင်း ခါးထိုးမှုဖြစ်ကာ ထောင်သုံးနှစ်ကျနေကြောင်း အစောဆုံးလာမည့်ဇန်နဝါရီလကျမှ လွတ်မည်ဖြစ်ကြောင်း



ပြောပြပြီးနောက် သူက

"ကျုပ်သားဟာ ဘာကောင်မဆိုဖြစ်လာနိုင်တဲ့ကလေးပဲ၊အာကာသယာဉ်မှူးဖြစ်နိုင်တယ်၊နိုဗယ်ဆုရနိုင်တယ်၊ရုပ်ရှင်မင်းသားဖြစ်နိုင်တယ်၊အမေရိကန်သမ္မတဖြစ်နိုင်တယ်၊ဦးနှောက်လည်းကောင်းတယ်၊ချစ်စရာလည်းကောင်းတယ်၊ ရုပ်ရည်ကလည်းချောတယ်၊ဒါတွေအကုန်လုံးကိုသူအလကားလုပ်ပစ်တယ်၊အလကားဖြစ်ကုန်တာပဲ"

ဖခင်တစ်ယောက် မည်သို့ခံစားရမည်ကိုသူမနားလည်သည်။သူက သူ့တွင်တာဝန်ရှိသည်ဟု ယူဆနေပုံရသည်။ဂျင်နီက အမှန်အတိုင်းပြောချင်သော်လည်း ပြင်ဆင်မထားသည့်အပြင်အချိန်ကလည်းမရ။နောက်မှ သူ့ထံဖုန်းပြန်ဆက်ပြီး ဖျောင်းဖျတော့မည်ဟု စားမှတ်ထားလိုက်ရသည်။သူမ ဖုန်းပြန်ချထားလိုက်၏။

ဟာဗေးဂျုန်းတစ်ယောက်သာ ကျန်တော့သည်။ထိုတစ်ယောက်မှာ အခက်အခဲဆုံးဖြစ်မည်ထင်၍ချန်ထားခြင်းဖြစ်သည်။ဂျုန်းဟူသောအမည်များ အမေရိကန်နိုင်ငံတွင်သန်းချီ၍ရှိနေသည်။အီတ်ချ်ဆိုသောအမည်မှာလည်း အတော်ပင်အသုံးများသည်။သူ၏အလယ်အမည်က ဂျွန်ဖြစ်သည်။သူ့ကို ဝါရှင်တန်ဓရိုင်ဝေါလ်တာရိဒ်ဆေးရုံတွင်မွေးဖွားခြင်းဖြစ်၏။ ဂျင်နီနှင့်လစ်ဆာတို့ ဂျုန်းအမည်မှန်သမျှလိုက်ဖုန်းဆက်ကြည့်သည်။တစ်ယောက်မျှ အသက်၂၂နှစ်မဟုတ်။ဝေါလ်တာရိဒ်တွင် မွေးဖွားသူများလည်းမဟုတ်ကြ။ ဖုန်းမကိုင်သူတွေလည်းဆက်၍မရခဲ့။ဂျုန်းဆိုသောလူ ၂၀၊ ၃၀ ခန့်ကိုလည်း ဆက်သွယ်၍မရခဲ့။မိမိရှာဖွေသည့် နည်းလမ်းမှာတွက်ရေးအားဖြင့်တော့ အတော်ပင်ကောင်းသည်။သို့သော် ဖုန်းမကိုင်သည့်လူများကို မည်သို့မေး၍ရမည်နည်း။ မျက်လုံးများလည်း ဝေဝါးလာသည်။ ကော်ဖီတွေအသောက်များခြင်းနှင့် မအိပ်ရသည့်ဝေဒနာများအကြားခံစားနေရသည်။

နံနက် ၄နာရီခန့်တွင် လစ်ဆာနှင့်ဂျင်နီဖီလ်ဒဲဖီးယားမြို့ရှိ ဂျုန်းနှင့် စသည့်အမည်များကို စ၍ဆက်သွယ်သည်။ ၄ နာရီခွဲတွင် ဂျင်နီ သူနှင့်ဆက်မိတော့သည်။

သူမက အခြားတစ်ယောက်ဖြစ်မည်ဟုထင်ခဲ့သည်။တစ်ဖက်ဖုန်းတွင် လေးကြိမ်မြည်သည်။ ထို့နောက် ဖုန်းခေါ်သံရပ်သွားပြီး တယ်လီဖုန်းလက်ခံစကားပြောစက်အသံပေါ်လာသည်။ စက်ထဲမှအသံကို အသဲယားဖွယ်မှတ်မိနေသည်။

"ဟာဗေးဂျုန်းရဲ့အိမ်ကပါ"

စက်ကပြောလိုက်ခြင်းဖြစ်သည်။ဂျင်နီဂုတ်မွေးများထောင်သွားသည်ထင်ရ၏။ စတီ၏အသံကို နားထောင်ရသကဲ့သို့ရှိသည်။ ဖုန်းထဲက အသံကလက်၍

"ကျုပ်ဖုန်းနားမှာအခုလောလောဆယ်မရှိဘူး၊ဒါကြောင့် မှာချင်ရင် အသံ

www.burmeseclassic.com

www.burmeseclassic.com



ရှည်မြည်သံဆုံးတဲ့အခါ မှာချင်တာမှာခဲ့ပါ"

ဂျင်နီက ဖုန်းကိုပြန်ချပြီး လိပ်စာကိုပြန်ကြည့်သည်။ ယင်းမှာ တက္ကသိုလ်ရပ်ကွက်၊ စပရုလမ်း၊ အေဗင်တိုင်းဆေးပေးခန်းနှင့်မလှမ်းမကမ်းတွင်ဖြစ်သည်။ မိမိလက်များ တဆတ်ဆတ်တုန်နေသည်ကိုသတိထားမိလိုက်သည်။ သူ့လည်ပင်းကိုပြေး၍ညှစ်ချင်သောကြောင့်တည်း။ သူမက လစ်ဆာအား

"တွေ့ပြီဟ"

"အို ဘုရား ဘုရား"

"စက်ထဲမှာပြောလိုက်တဲ့အသံပဲ၊ ဒါပေမဲ့ သူ့အသံမှ သူ့အသံ၊ နောက်ပြီး ဖီလဒဲဖီးယားမြို့မှာနေတယ်၊ ငါ့ကိုအတင်းကြိတ်တဲ့နေရာနားမှာ ပေါ့"

"ငါ့နားထောင်ကြည့်ဦးမယ်"

ပြောပြီး ဖုန်းကိုကောက်ရှည့်လိုက်သည်။ သူမ နားထောင်နေစဉ် ပန်းနုရောင်သူမ၏ပါးများမှာ ဖြူရော်သွားသည်။ ပြီးတော့ သူမက တယ်လီဖုန်းကိုကိုင်ကာ

"သူ ငါ့ကိုပြောလိုက်တဲ့အသံ အခုထက်ထိ ကြားယောင်နေတုန်းပဲ"

ဂျင်နီက ဖုန်းကို ကောက်ကိုင်ပြီး ရဲဌာနသို့ ဆက်လိုက်သည်။

၀ ၀ ၀

# အခန်း (၃၃)

စနေနေ့ညတွင် ဘာရင်တန်ဂျုန်း မအိပ်ခဲ့ရ။

ပင်တဂွန်စစ်ဌာနချုပ်၏ ကားရပ်သည့်နေရာတွင် ဗိုလ်မှူးကြီးလိုဂန်၏ အနက်ရောင်ကားကြီးအား သန်းခေါင်အထိစောင့်ကြည့်ခဲ့ရသည်။ဂျင်ပရစ်ထံသို့ ဖုန်းဆက်ကြည့်တော့ ဗိုလ်မှူးကြီးလိုဂန်အား ဖမ်းထားပြီး စတီတစ်ယောက်တော့ လွတ်မြောက်သွားသည်ဟုသိခဲ့ရသည်။ စတီမှာ သူ့ဖခင်၏ကားကို ယူမသွားသဖြင့် မြေအောက်ရထားဖြင့်သော်လည်းကောင်း၊ ဘတ်စ်ကားဖြင့်သော်လည်းကောင်း လွတ်မြောက်သွားခြင်းဖြစ်နိုင်သည်။ သူက ဂျင်အား

"သူတို့က ပင်တဂွန်မှာဘာသွားလုပ်ကြတာလဲ"

"မှတ်တမ်းဌာနကိုသွားတာ၊ ဘာလုပ်တယ်ဆိုတာ စုံစမ်းနေတုန်းပဲ၊ ဇင်ဗျား ရော ကောင်လေးနဲ့ဂျင်နီဖာရာမီတို့ကို ရှာလို့တွေ့ပြီလား၊"

ဘာရင်တန်ထောက်လှမ်းသည့်အလုပ်ကို မလုပ်ချင်တော့။ အခြေအနေမှာ ကသောင်းကနင်းဖြစ်နေသည်။ မိမိမှာလည်း သိက္ခာမရှိတော့။ ဂျင်နီကို တားဆီး၍ မရလျှင် မိမိတွင်သိက္ခာမကျန်တော့။

လိုဂန်တို့၏အိမ်သို့ပြန်သွားသည်တွင် မှောင်၍ လူသူကင်းရှင်းနေသည်ကို တွေ့ရသည်။ဂျင်နီ၏ မာစီဒီးအနီရောင်ကားလည်းမရှိတော့။ထိုနေရာတွင် ၁ နာရီခန့် စောင့်ကြည့်သည်။ မည်သူမျှရောက်လာခြင်းမရှိ။ သူမအိမ်ပြန်သွားသည် အခြေအနေနှင့် ဘော်လတီမိုးမြို့ရှိ သူမတိုက်ခန်းရှိရာသို့လာခဲ့သည်။ သူမအိမ်ရှေ့၌ ကားအမြန်

www.burmeseclassic.com

www.burmeseclassic.com



မောင်းကြည့်သော်လည်း သူမ၏ ကားကိုမတွေ့ရ။ ထို့ကြောင့် အိမ်ကိုပြန်မောင်းလာပြီး အိမ်ရှေ့တွင် ကားကိုရပ်ကာ အိမ်ထဲကိုဝင်၍ ဂျင်ပရစ်ထံဖုန်းဆက်သည်။ သူ့အိမ်ကို ဆက်တော့လည်းဖုန်းမကိုင်။ ရုံးကိုဆက်တော့လည်းဖုန်းမကိုင်။ဘာရင်တန်ခုတင်ပေါ် တွင်လဲလျောင်းနေသည်။မျက်လုံးကိုမှိတ်ထားရာ ပင်ပန်းနွမ်းနယ်နေသော်လည်း စိုးရိမ် စိတ်ကြောင့် အိပ်ချင်စိတ်မရှိ။

၇ နာရီထိုးတော့ ထပြီးဖုန်းဆက်ပြန်သည်။ သို့သော် ဂျင်ပရစ်ကိုဆက်၍မရ။ ထို့ကြောင့် ရေမိုးချိုးမုတ်ဆိတ်ရိတ်ပြီး အဝတ်အစားလဲလိုက်သည်။ထို့နောက် လိမ္မော် သီးတစ်လုံးကိုအရည်ညှစ်ကာ မီးဖိုခန်းထဲတွင်ပင်မတ်တပ်သောက်လိုက်သည်။ ၈ နာရီ ထိုးသောအခါ ဂျင်ပရစ်က ဖုန်းဆက်လာသည်။

ဂျင်ပရစ်သည် ပင်တဂွန်စစ်ဌာနချုပ်တွင် မိတ်ဆွေဗိုလ်ချုပ်ကြီးတစ်ဦးနှင့် ညတစ်ဝက်ခန့်တွေ့ကာ မှတ်တမ်းဌာနဝန်ထမ်းများအား လုံခြုံရေးပေါက်ကြားမှုရှိ မရှိ မေးမြန်းစစ်ဆေးခဲ့သည်။ဗိုလ်ချုပ်ကြီးမှာ ဂျင်ပရစ်စီအိုင်အေတွင်လုပ်စဉ်က သူငယ် ချင်းတစ်ယောက်ဖြစ်သည်။ဗိုလ်ချုပ်ကြီးက ဗိုလ်မှူးကြီးလိုဂန်သည် ၁၉၇၀ ပြည့်လွန် နှစ်များက လျှို့ဝှက်ဆောင်ရွက်မှုတစ်ခုကို လာရောက်စုံစမ်းခြင်းဖြစ်သည်ဟုသိရသည်။ ဂျင်ပရစ်ကယင်းကိုစုံစမ်း၍မရအောင်ဗိုလ်ချုပ်ကြီးအား တားဆီးခိုင်းထားသည်။

အဖမ်းခံထားရသောဗိုလ်မှူးကြီးလိုဂန်ကလည်း 'ကျုပ်ကိုရှေ့နေတစ်ယောက် ခေါ်ပေး' ဟူသည်မှတစ်ပါး၊ ဘာမှမေး၍မရ။သို့ရာတွင် စတီ အသုံးပြုသွားသောကွန်ပျူ တာပေါ်တွင် ဂျင်နီရှာဖွေသွားသည့်အကြောင်းအရာများကျန်ခဲ့သည်။ ထို့ကြောင့် ဂျင်ပရစ်က သူတို့ဘာရသွားသည်ကိုသိလိုက်တော့သည်။ သူက

"ခင်ဗျားက ကလေးတွေကိုနှလုံးခုန်နှုန်းတိုင်းထားခဲ့တယ်ထင်တယ်"

ဘာရင်တန် မေ့နေသည့် ယခုမှပြန်သတိရပြီး

"ဟုတ်တယ်၊ ကျုပ်ခိုင်းခဲ့တယ်"

"အဲဒါတွေကို လိုဂန်တွေ့သွားတယ်"

"အကုန်လုံးလား"

"ရှစ်ယောက်စလုံး"

ဤသည်မှာ အဆော်ဆိုးသောသတင်းဖြစ်သည်။ရုပ်တုအမြွှာရှစ်ယောက်၏ နှလုံးခုန်နှုန်းတိုင်းထွာချက်များမှာ လူတစ်ယောက်တည်းကိုရက်ခြား၍ တိုင်းထွာထား သကဲ့သို့ပင် တစ်ပုံစံတည်းဖြစ်နေသည်။စတီသည် ရှစ်မြွှာထဲက တစ်ယောက်ဖြစ် ကြောင်း စတီတို့သားအဖနှင့်ဂျင်နီပါသိသွားလောက်ပေပြီ။ ဘာရင်တန်က

"ဒုက္ခပဲဗျာ၊ ကျုပ်တို့ ၂၃ နှစ်လုံးလုံး ဒါကိုဖုံးဖိထားခဲ့တာ၊ အခုဒီဘာမဟုတ်



တဲ့ ကောင်မလေးကြောင့်အကုန်ပေါ်ကုန်တော့မယ်"

"ဒီမိန်းမကို ရှင်းမစ်ပါလို့ ကျုပ် အစကတည်းကအပြောသားနဲ့"

ဂျင်ပရစ်မှာ အရေးအကြောင်းနှင့်ကြုံလာလျှင် ကြမ်းချင်ရမ်းချင်စိတ်ရှိသည်။ အိပ်ရေးကပျက်ထားသဖြင့် ဘာရင်တန်လည်း စိတ်မရှည်နိုင်တော့။

"နောက်တစ်ခါ ကျုပ်အပြောသားပဲလို့ခင်ဗျားပြောဦးမယ်ဆိုရင် ခင်ဗျား ခေါင်း ကိုပြုတ်သွားအောင် ကျုပ်လုပ်မယ်၊ ဘုရားစူးရစေရဲ့"

"ကောင်းပါပြီ ကောင်းပါပြီ"

"ပရက်စတန်ကော သိသွားပြီလား"

"သိသွားပြီ၊ သူကတော့ ကျုပ်တို့ ဒီတစ်ခါတော့ သွားပါပြီလို့ ပြောနေတယ်၊ ဒါက သူပြောနေကျစကားပါ"

"ဒီတစ်ခါတော့ သူပြောတာ မှန်ပြီထင်တယ်"

"ခင်ဗျားက လက်လျှော့ချင်နေသလား။မနက်ဖြန် သတင်းစာရှင်းလင်းပွဲလုပ် ပြီးတဲ့အထိ ဒီကိစ္စကိုဆက်ပြီး ဖုံးထားရမယ်၊အဲဒီလိုလုပ်ထားနိုင်ရင် ကုမ္ပဏီလွှဲ ပြောင်းတဲ့ကိစ္စ ပြီးသွားလိမ့်မယ်"

"အဲဒါပြီးတော့ ဘာဖြစ်မလဲ"

"အဲဒါပြီးရင် ကျုပ်တို့ ဒေါ်လာ သန်း ၁၈၀ ရမယ်လေ၊ အဲဒီငွေနဲ့ဆိုရင် ပါးစပ်တွေကို လိုက်ပိတ်လို့ရတာပေါ့"

"ခင်ဗျား တော်တော်တော်တဲ့လူပဲ၊ ပြီးတော့ ကျုပ်တို့ဘာဆက်လုပ်မလဲ"

"သူတို့ဘယ်လောက်အထိသိထားသလဲဆိုတာ ကျုပ်တို့စုံစမ်းမယ်။ စတီ လိုဂန်ထွက်ပြေးသွားတုန်းက သူ့အိတ်ထဲမှာနာမည်နဲ့လိပ်စာစာရင်းပါသွားမသွား ဆိုတာအတတ်မပြောနိုင်ဘူး၊ မှတ်တမ်းဌာနမှာရှိတဲ့အမျိုးသမီးစစ်ဗိုလ်ကတော့ သူ့ မှာပါမသွားဘူးဆိုတာသေချာတယ်တဲ့၊ဒီလိုပြောရုံနဲ့ ကျုပ်လက်မခံနိုင်ဘူး၊ အဲဒီ စာရင်းထဲမှာပါတဲ့လိပ်စာတွေဟာ ကျန်ခဲ့တဲ့ ၂၂နှစ်ကလိပ်စာတွေ၊ ဒီမှာ မေးစရာရှိတာက နာမည်တွေရရုံနဲ့ ဂျင်နီဟာ ဒီလူတွေကိုလိုက်ရှာလို့ရမလား"

"ရတာပေါ့၊ ကျုပ်တို့စိတ်ပညာဌာနကလူတွေဟာ အဲဒါနဲ့ပတ်သက်ပြီး သိပ် ကျွမ်းကျင်တယ်၊ ရုပ်တုအမြွှာတွေကိုလိုက်ရှာရတဲ့အလုပ်၊ ကျုပ်တို့ အမြဲလုပ်နေရတာ။ ပြီးခဲ့တဲ့ညက အဲဒီမိန်းမအဲဒီစာရင်းကိုရသွားရင်တော့ အခုအချိန်လောက်ဆို အဲဒီ ကောင်လေးတွေကို သူတွေ့နေလောက်ပြီ"

"ကျုပ်လည်း အဲဒါကိုစိုးရိမ်နေတာ၊အဲဒါကိုသိရအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဆီကို ကျုပ်ဖုန်းဆက်ပြီး ဂျင်နီဖုန်းဆက်သလားလို့မေးကြည့်ရင်တော့ ရနိုင်တယ်"

"အထူးလျှို့ဝှက်ပြီးလုပ်မှ ကောင်းမယ်နော်"

"ခင်ဗျားက ကျုပ်ကိုအခါခါပေးနေပြန်ပြီ၊ တစ်ခါတလေ ခင်ဗျားဟာ အမေရိကန်တစ်နိုင်ငံလုံးမှာ ခင်ဗျားတစ်ယောက်တည်း ဦးနှောက်ရှိတယ်လို့ထင်ချင်နေတယ်၊ ကျုပ်သိုသိုသိပ်သိပ်လုပ်ပါ့မယ်၊ ကျုပ်ပြန်ဆက်မယ်"

ဘာရင်တန်ဖုန်းကိုချလိုက်သည်။အမြွှာများ၏ အမည်များနှင့် သူတို့၏ဖုန်းနံပါတ်များကို မိမိစာရွက်ဖြင့်မှတ်ထားသည်။ သူက ထိုမှတ်တမ်းစာအုပ်ကို စားပွဲအံဆွဲမှထုတ်၍လှန်ကြည့်လိုက်၏။

ထိုအမြွှာများနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ ဘာရင်တန်စုံစမ်းခဲ့သည်။ သူတို့ထံသို့ နည်းအမျိုးမျိုးဖြင့်ချဉ်းကပ်ကာစုံစမ်းခဲ့သည်။သူတို့၏တိုးတက်မှုအခြေအနေအားလုံးကိုလည်းသိအောင်လုပ်ထားသည်။ဤကလေးများသည် သမိုင်းဝင်လက်တွေ့စမ်းသပ်မှုတစ်ခု၏ ကံကောင်းသော ထောက်ထွက်ပစ္စည်းများသာဖြစ်သည်။ ဤလက်တွေ့စမ်းသပ်မှုအတွက် မိမိနောင်တမရ။ သို့သော် ကလေးများအတွက် မိမိတွင်အပြစ်ရှိနေသည်ဟု ခံစားနေရသည်။ ပါးအဲရစ်ဆင် ရေခဲလျှောစီးရင်း တစ်ပတ်ကျွမ်းထိုးရာမှ သေသွားသောအခါ မိမိငိုခဲ့ရသေးသည်။

ထို့နောက် မာရေးကလောက်၏ဖခင်ထံသို့ဖုန်းဆက်လိုက်သည်။ ဖုန်းမှာအကြိမ်ကြိမ်မြည်နေပြီးဖုန်းမကိုင်ကြ။ နောက်ဆုံးတွင်သူ့ဖခင်မှာ သားဖြစ်သူအားထောင်ဝင်စာသွားတွေ့ခြင်းဖြစ်မည်ဟု တွေးမိလိုက်သည်။

တစ်ဖန် ဂျော့ဒက်ဆော့ကို ဆက်လိုက်ပြန်၏။ ဤတစ်ကြိမ်တွင် ကံကောင်း၏။ ကြားဖူးသော အသံတစ်ခုက

"ဟုတ်ကဲ့ ဘယ်သူလဲ"

ဘာရင်တန်က

"တယ်လီဖုန်းကုမ္ပဏီကပါခင်ဗျာ၊ ဖုန်းသူ့ရဲတွေနဲ့ပတ်သက်ပြီး စုံစမ်းမလို့ပါ၊ ကျန်ခဲ့တဲ့ ၂၄ နာရီလောက်က တစ်ယောက်ယောက်က ကြောင်တောင်တောင်နဲ့ဖုန်းဆက်တာမျိုးရှိသလား"

"မပြောတတ်ဘူး၊ကျွန်တော်သောကြာနေ့ကတည်းက မြို့ကနေထွက်သွားတာ၊ ဒါကြောင့် ဖုန်းလက်ခံပြောဖို့ ကျွန်တော်ဒီမှာမရှိဘူး"

"အခုလို ကျွန်တော်တို့ရဲ့လေ့လာရေးအတွက် ကူညီတာကိုကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒါပါပဲ"



ဂျင်နီဂျော့၏နာမည်ကိုရသွားသော်လည်း ဂျော့ဒက်ဆော့ကိုဖုန်းဆက်၍ရမည်မဟုတ်။ ဘာရင်တန်က ဟာင်နရီကင်း၏ဖုန်းကိုဆက်လိုက်ပြန်သည်။

"ဟုတ်ကဲ့ ဘယ်သူလဲ"

အံ့ဩဖို့ကောင်းသည်မှာ သူတို့အားလုံး ဖုန်းစပြောစဉ် မဖွယ်မရာပြောပုံမှာ တစ်ပုံစံတည်းဖြစ်နေကြသည်။ ဖုန်းပြောပုံပြောနည်းချင်းတူနိုင်သည့် ဗီဇဟူ၍တော့ ရှိမည်မထင်။ ဘာရင်တန်က ဖုန်းထဲတွင်

"အမေရိကန်ကြေးနန်းနှင့်တယ်လီဖုန်းကုမ္ပဏီကြီးကပါ၊ ဖုန်းသူ့ရဲတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့လေ့လာစုံစမ်းနေပါတယ်၊ ကျန်ခဲ့တဲ့၂၄နာရီလောက်က လူကြီးမင်းဆီကို မသင်္ကာစရာသူစိမ်းတစ်ယောက်က ဖုန်းဆက်တာမျိုးရှိပါသလား"

ဟာင်နရီ၏အသံမှာ အာလေးလျှာလေးဖြစ်နေသည်။

"အင်း ကျွန်တော်လည်း ပါတီပွဲလုပ်နေလို့ကောင်းကောင်းမမှတ်မိဘူး၊ ခြော် နေဦး၊ ကျွန်တော်သတိရပြီ၊ ညသန်းခေါင်လောက်ကြီးမှာဆက်တာ၊ အဲဒီမိန်းမက ဘော်စတွန်ရဲ့ဌာနကလို့ပြောတယ်"

"မိန်းမ ဟုတ်လား"

ယင်းမှာ ဂျင်နီဖြစ်နိုင်သည်။ ဤသည်မှာ အမင်္ဂလာသတင်းပင်။

"ဟုတ်တယ်၊ မိန်းမတစ်ယောက်ပဲ"

"နာမည်ရော ပြောသေးလား၊ သူ ဘယ်သူဆိုတာ ကျွန်တော်တို့ ဖော်ထုတ်နိုင်အောင်လို့ပါ"

"အင်း ပြောတယ်၊ ဒါပေမဲ့ ကျွန်တော်မမှတ်မိတော့ဘူး၊ ဆာရာဆိုလား၊ ကာရီးဆိုလား၊ မာဂရက်ဆိုလား၊ ဟိုအဲဟုတ်ပြီ ရဲစုံထောက် ဆူဖန်ဖာဘာတဲ့"

ရှင်းသွားပေပြီ။ ဆူဇန်ဖာဘာဆိုသည်မှာ 'အမြွှာများခွဲထွက်ခြင်း' ဟုဆိုသောစာအုပ်ကိုရေးသည့် စာရေးဆရာမဖြစ်သည်။ ဤဘာသာရပ်နှင့်ပတ်သက်၍ ထိုတစ်အုပ်သာရှိ၏။ ဂျင်နီက သူ့ခေါင်းထဲတွင်ဝင်လာသော ထိုအမည်ကိုအသုံးချလိုက်ခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် အမြွှာများ၏ စာရင်းသူ့တွင်ရှိနေလေပြီ။

"သူက ဘာပြောသွားသေးလဲ"

"သူက ကျွန်တော်ရဲ့မွေးတဲ့နေရာနဲ့မွေးတဲ့နေ့ရက်ကိုမေးတယ်"

ဤသည်မှာ တကယ့်ဟာင်နရီကင်းဟုတ်မဟုတ်သူမစစ်ဆေးခြင်းဖြစ်သည်။ ဟာင်နရီက ဆက်၍

"ခင်ဗျားမဆိုင်လို့တော့ ကျွန်တော်ထင်လိုက်သား၊ကြောင်တောင်တောင်နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ ဒီမိန်းမကိုအာမခံကုမ္ပဏီကနေ စုံစမ်းခိုင်းတာမျိုးဖြစ်နိုင်တယ် ဥပဒေနဲ့တော့မညီဘူး၊ဒါပေမဲ့ သူတို့အဲဒီလိုပဲလုပ်ကြတယ်၊အမေရိကန်ကြေးနန်း တယ်လီဖုန်းကုမ္ပဏီကြီးတစ်ခုအနေနဲ့ လူကြီးမင်းကို အခုလိုနှောင့်ယှက်မိတဲ့အတွက် စိတ်မကောင်းပါဘူး၊ အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ရပါတယ်"

ဘာရင်တန် ဖုန်းကိုချလိုက်သည်။ ဂျင်နီ့ထံတွင် အမည်စာရင်းများရှိနေ သည်ဟူသောအသိကြောင့် အတော်ပင်ထိတ်ထိတ်ပျာပျာဖြစ်မိ၏။ထိုအမည်များကို သူမရှာရန် နာရီပိုင်းမျှသာကြာမည်။ ဘာရင်တန်ဘဝတွင် ဒုက္ခအကြီးအကျယ်တွေ့ နေလေပြီ။

○ ○ ○

## အခန်း (၃၄)

ဖီလ်ဒဲဖီးယားမြို့သို့ ကားဖြင့်သွားကာ ဟာဗေးဂျုန်းအားတွေ့ရန်ဆိုသည်ကို အမျိုးသမီးရဲစုံထောက် မစ်ရှဲလ်ဝဲလ်ဒါးသီးသီးငြင်းခဲ့သည်။ နံနက် ၇ နာရီခွဲတွင် သူမထံသို့ ဂျင်နီဖုန်းဆက်တော့ သူမက

"မနေ့ကလည်း ကျွန်မတို့အဲဒါမျိုးလုပ်ခဲ့သေးတယ်၊ ဒီနေ့ ကျွန်မရဲ့မြေး ကလေးတစ်နှစ်မြောက်မွေးနေ့၊ ကျွန်မမှာလည်း မိသားစုဘဝရှိနေပါတယ်ရှင်"

ဂျင်နီက

"မနေ့ကသွားတုန်းကလည်း ကျွန်မပြောတာမှန်ခဲ့တယ်မဟုတ်လား၊ ဝိန်း စတက်နာနဲ့ပတ်သက်ပြီး ကျွန်မပြောတာမှန်သားပဲ၊ သူဟာ စတီဗ့်ရဲ့ကိုယ်ပွားလေ"

"သူ့ရဲ့ဆံပင်အရောင်ကလွဲလို့ဆိုပါတော့၊ နောက်ပြီး သူ့မှာသက်သေ အထောက်အထားရှိနေတယ်"

"ဒါဆို ရှင်ဘာလုပ်မှာလဲ"

"ဖီလဒဲဖီးယားမြို့ ရဲဌာနကိုဖုန်းဆက်ပြီး ဗိုမ်ဆိုင်ရာမှုခင်းဌာနက တစ် ယောက်ယောက်ကိုခိုင်းလိုက်မယ်လေ၊သူ့ကိုသွားကြည့်ပါလို့၊ကွန်ပျူတာနဲ့ထုတ် ထားတဲ့သူ့ရဲ့ပုံကိုလည်းဖက်စ်နဲ့ပို့လိုက်မယ်၊ ဒီ ဟာဗေးဂျုန်းဆိုတဲ့လူဟာ ဒီဓာတ်ပုံနဲ့ တူ မတူသူတို့ကြည့်မယ်၊နောက်ပြီးကျန်ခဲ့တဲ့ တနင်္ဂနွေနေ့က သူဘာလုပ်သလဲဆို တာလည်း မေးမယ်၊ သူ့ဆီက ဟုတ်တယ်ပဲပြောပြော၊ မဟုတ်ဘူးပဲပြောပြော သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မသင်္ကာစရာအဖြစ်မှတ်ရမှာပဲ"

ဂျင်နီက တယ်လီဖုန်းကိုဆောင့်ချပစ်လိုက်သည်။ မိမိတစ်ညလုံးအိပ်ရေးပျက်ခံထားရသမျှ အလဟဿဖြစ်ရပြီ။

မိမိအနေဖြင့် ရဲတွေခေါ်ဆောင်ရွက်လာသည်ကို ထိုင်စောင့်မနေနိုင်။ မိမိကိုယ်တိုင် ဖီလဒဲဖီးယားမြို့သို့သွားကာ ဟာဗေးအားကြည့်ရန်ဆုံးဖြတ်လိုက်သည်။ သူ့ကိုရင်ဆိုင်တွေ့ကာ စကားပြောသည့်မျိုးတော့မလုပ်။ သူ့အိမ်အပြင်ဘက်တွင် ကားကိုရပ်ကာ သူထွက်အလာကိုစောင့်ကြည့်မည်။ ထိုသို့လုပ်၍အဆင်မပြေလျှင်တော့ စတီ၏ဖခင်ပေးလိုက်သော စတီ၏ဓာတ်ပုံကိုပြကာ အိမ်နီးပါးချင်းများကိုစုံစမ်းကြည့်မည်။ မည်သို့ပင်ဖြစ်စေ ဟာဗေးသည် စတီ၏ကိုယ်ပွားဟုတ်မဟုတ်ကိုသိနိုင်သည်။

ဖီလဒဲဖီးယားမြို့သို့ သူမ ၁၀နာရီခွဲတွင်ရောက်သွားသည်။တက္ကသိုလ်ရပ်ကွက်တွင် ကျကျနနဝတ်စားထားသောလူမည်းမိသားစုများ ဘုရားရှိခိုးကျောင်းရှေ့တွင် ကြိုဆိုနှုတ်ဆက်နေကြသည်။ ဆယ်ကျော်သက်အရွယ်အချို့ အိမ်ဟောင်းကြီးများရှေ့တွင် ဆေးလိပ်သောက်နေကြ၏။ကျောင်းသားများကတော့ အိပ်ရာမှမထကြသေး။သူတို့၏ သံချေးတက်တိုယိုတာကားများ၊ ချက်ပလက်ကားများကိုသာ အပြင်ဘက်တွင်တွေ့ရသည်။

ဟာဗေးဂျူန်းနေသောအဆောက်အဦးမှာဝိတိုရိယခေတ်က တည်ဆောက်ခဲ့သောဖြိုလုလုအဆောက်အဦးကြီးတစ်ခုဖြစ်သည်။ထိုအဆောက်အဦးတွင် တိုက်ခန်းများဖွဲ့စည်းထား၏။ဂျင်နီ၏ထိုအဆောက်အဦး၏မျက်နှာချင်းဆိုင်ကားရပ်သည့် နေရာတွင်ကားကိုရပ်ကာအိမ်ရှေ့ တံခါးပေါက်ဆီသို့ ခေတ္တမျှကြည့်နေမိသည်။ ၁၁ နာရီခန့်တွင် အဆောက်အဦးထဲသို့ သူမဝင်ခဲ့၏။

အိမ်ကြီးမှာ ယခင်က ခမ်းနားကြီးကျယ်ခဲ့သည့် အိမ်ကြီးတစ်ခုဖြစ်ခဲ့ကြောင်း အရိပ်အယောင်မျှကျန်နေသည်။ လှေကားအထစ်များပေါ်တွင် ကော်ဇောအစုတ်တစ်ခုအရှည်လိုက်ခင်းထား၏။ အိမ်ငှားများအား အိမ်ရှင်၏သတိပေးချက်များစာရွက်တွင် လက်ရေးဖြင့် ရေး၍ ကပ်ထားသည်ကိုလည်းတွေ့ရသည်။

ဤသည်မှာ သူနေသည့်နေရာပေပဲ။ သူများရှိလျှင်တော့ဟူသော အတွေးကြောင့် ဂျင်နီ ဗျောထဲတွင်စိမ့်၍ကြောက်သွားမိသည်။

ဟာဗေး၏လိပ်စာအရသူ့အခန်းမှာ၅(ခ)ဖြစ်သည်။ ယင်းမှာ အပေါ်ဆုံးထပ်တွင်ရှိသည်။ ဂျင်နီကမြေညီထပ်မှ အခန်းတစ်ခန်းကို တံခါးခေါက်လိုက်၏။ မျက်လုံးများဝေ၍ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်ဗရပွနှင့်လူတစ်ယောက် ဖိနပ်မပါဘဲ တံခါးလာဖွင့်ပေးသည်။ သူမကသူ့အား ဓာတ်ပုံကိုပြလိုက်၏။ထိုလူက ခေါင်းကိုရမ်း၍ တံခါး



ကိုပြန်ပိတ်သွားသည်။

သူမက အံကိုကြိတ်၍ လှေကားအတိုင်းအပေါ်ဆုံးအထပ်သို့တက်ခဲ့သည်။ အခန်း၅(ခ)၏တံခါးပေါ်ရှိ သံဘောင်တွင် 'ဂျူန်း'ဟု ရေးထားသောကတ်ပြားလေးတစ်ခုထိုးထားသည်ကို တွေ့ရသည်။ အခြားဘာအမှတ်အသားမျှမရှိ။

ဂျင်နီက အပြင်တွင်ရပ်၍နားစွင့်နေ၏။ မိမိ၏နှလုံးခုန်သံမှတစ်ပါး အခြားဘာသံမျှမကြားရ။အထဲမှ ဘာအသံမျှပေါ်မလာ။ အထဲ၌သူမရှိသည်ဘဲဖြစ်မည်။

ဂျင်နီက ထိုအခန်းဘေးရှိ ၅(က)အခန်းကိုတံခါးခေါက်လိုက်သည်။ ခဏကြာတော့ အသက်ကြီးကြီး လူဖြူယောကျ်ားတစ်ယောက်ပေါ်လာသည်။ ဂျင်နီက

"ဒီဘက်အခန်းထဲကလူ အထဲမှာရှိသလားမသိဘူး"

"မရှိဘူး"

ဂျင်နီ စိတ်သက်သာရာရသွားသည်။ တစ်ချိန်တည်းမှာပင် စိတ်လည်းပျက်သွားမိ၏။ သူမက စတီ၏ဓာတ်ပုံကိုထုတ်၍ပြလိုက်ရင်း

"အဲဒီလူဟာ ဒီဓာတ်ပုံထဲကလူနဲ့တူသလား"

ထိုလူက ဓာတ်ပုံကိုယူကြည့်ရင်း

"ဟုတ်တယ်သူပဲ"

မိမိမှန်သွားလေပြီ။ မိမိ၏ကွန်ပျူတာရှာဖွေရေးပရိုဂရမ်မှာ အောင်မြင်ခဲ့လေပြီ။ထိုလူကပင်

"ဒီကောင်က အတော်ချောတယ်နော်"

ထိုလူမှာ မိန်းမလျာတစ်ယောက်ဖြစ်ပေမည်။ မိန်းမလျာအဘိုးကြီးတစ်ယောက်ပင်တည်း။ သူမက

"ကျွန်မလည်း အဲဒီအတိုင်းထင်တာပဲ၊ ဒီမနက် သူဘယ်သွားလဲသိလား"

"တနင်္ဂနွေနေ့ဆို သူလျှောက်သွားနေတာပဲ၊ ၁၀ နာရီကျော်ကျော်လောက်ဆို သူထွက်တယ်၊ ညနေစာစားပြီးလောက်မှသူပြန်လာတယ်"

"ပြီးခဲ့တဲ့တနင်္ဂနွေနေ့ကရော သူအပြင်သွားသေးလား"

"အင်း သွားတယ်မိန်းကလေးရဲ့၊သေချာပါတယ်"

"သူဘယ်သွားလဲသိလား"

"မသိဘူး"

ထိုလူက ဆက်၍

"သူက စကားသိပ်မပြောဘူး၊ လုံးဝမပြောသလောက်ပဲ၊ မင်းက ရဲစုံထောက်လား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မက ရဲစုံထောက်ဖြစ်ချင်နေတာ"

"အဲဒီကောင်က ဘာလုပ်လို့လဲ"

"သူဟာ မုဒိမ်းကောင်တစ်ကောင်ဖြစ်နိုင်တယ်"

အဆိုပါလူက အံ့သြဟန်မပြဘဲ

"ယုံပါတယ်၊ ဒီကောင်ကိုကြည့်ရတာ အကဲမရဘူး၊ ကောင်မလေးတွေ ဒီအခန်းထဲက ငိုပြီးထွက်သွားတာ ခဏခဏမြင်ခဲ့ဖူးတယ်၊ နှစ်ခါလောက်ရှိပြီ"

"ကျွန်မ အထဲကိုဝင်ကြည့်ချင်တယ်"

အဓမ္မပြုစဉ်က အထောက်အထားတစ်စုံတစ်ခု တွေ့ကောင်း တွေ့နိုင်သည်။ သောအခန်းမှလူက

"ငါ့မှာ သော့ရှိတယ်"

"ဟုတ်လား"

"သူမတိုင်ခင် နေသွားတဲ့လူက ပေးသွားတာ၊ အဲဒီတစ်ယောက်နဲ့ ငါနဲ့ခင်တယ်လေ၊ အဲဒီလူပြောင်းသွားတော့ ငါလည်းသော့ပြန်မပေးဘူး၊ ဒီငနဲက ပြောင်းလာတော့လည်းသော့ခလောက်ကိုလဲမပစ်ဘူး၊ ကြည့်ရတာတော့ ဒီကောင်က အတော်ကြီးထွားပြီး ဗလကောင်းတော့ သူ့ကိုလုဖို့ယက်ဖို့မလွယ်ဘူးလို့ထင်ပုံရပါတယ်"

"ကျွန်မဝင်ကြည့်လို့ရမလားဟင်"

ထိုလူက အနည်းငယ်တုန့်ဆိုင်းနေပြီးမှ

"ငါလည်း အထဲကိုဝင်ကြည့်ချင်တာပဲ၊ ဒါပေမဲ့ တို့အထဲရောက်နေတုန်း သူပြန်ရောက်လာရင် ဘယ်လိုလုပ်မလဲ၊ ဒီကောင်က အတော်ထွားတဲ့ကောင်၊ သူ့ဒေါသထွက်မှာကို ငါကြောက်တယ်"

ထိုအတွေးကြောင့် ဂျင်နီလည်းကြောက်သွားသည်။ သို့ရာတွင် ကြည့်ချင်စိတ်က ပြင်းပျနေသဖြင့်

"ဒီကိစ္စ ကျွန်မတာဝန်ထားပါ"

"ဒီမှာခဏစောင့်နေ၊ ကျုပ် အခုပြန်လာခဲ့မယ်"

အထဲတွင် ဘာတွေများတွေ့မည်ပါလိမ့်၊ ဝိန်းစတက်နာ၏အိမ်တုန်းကလို ရာဇဝတ်ဆိုင်ရာပစ္စည်းတွေများ တွေ့နေမည်လား။ ခဏကြာတော့ စောစောကလူကြီးပြန်ရောက်လာပြီး

"သြော် ကျုပ်နာမည်မော်ဒွင်လို့ခေါ်ပါတယ်"

"ကျွန်မက ဂျင်နီပါ"

ထိုလူကြီးက အခန်း ၅(ခ) တံခါးကိုသော့ဖွင့်ပြီး အထဲသို့ဝင်လိုက်သည်။



ဂျင်နီက နောက်မှလိုက်သွား၏။

အခန်းမှာ ကျောင်းသားတစ်ယောက်နေထိုင်သော အခန်းပုံစံမျိုးဖြစ်၏။ ဧည့်ခန်းထဲတွင် ခုတင်ရှိပြီး မီးဖိုခန်းသုံးပစ္စည်းများလည်းရှိသည်။ ရေချိုးခန်း ခပ်ငယ်ငယ်လေးတစ်လုံးလည်းရှိ၏။ ကုလားထိုင်သုံးလုံး၊ ဆိုဖာတစ်လုံးနှင့် ရုပ်မြင်သံကြားခပ်ကြီးကြီးတစ်လုံးလည်းရှိသည်။အခန်းကိုမရှင်းလင်းသည်မှာ အတော်ကြာပြီဖြစ်ဟန်တူ၏။ အိပ်ရာကလည်း ပြင်ဆင်မထား။ စိတ်ပျက်စရာရှုပ်ပွနေသည်။

ဂျင်နီ အခန်းတံခါးကို ပြန်ပိတ်လိုက်သည်။ မော်ဒွင်က

"ဘာကိုမှသွားမကိုင်နဲ့နော်၊ ကြည့်ရုံပဲကြည့်၊ ဒီအခန်းထဲ ကျုပ်ဝင်တယ်ဆိုတာ သူမသကာဖြစ်မှာကျုပ်စိုးတယ်"

ဂျင်နီက အားကစားရုံတုန်းက အဖြစ်အပျက်နှင့်ပတ်သက်သော သဲလွန်စများတွေ့လိုတွေ့ငြားလိုက်ရှာသည်။ လစ်ဆာအား တစ်ပတ်ခန့်ကြိုတင်၍ သူချောင်းမြောင်းကာ ဓာတ်ပုံရိုက်ထားသည်မျိုး ရှိနေမည်လား။ လျှောက်ကြည့်ရင်း ဟာဗေးဂျုန်း၏စိတ်နေသဘောထားကို သိသာနိုင်သော ပစ္စည်းများကိုတွေ့လာသည်။ နံရံတစ်ခုပေါ်တွင် မဂ္ဂဇင်းတစ်ခုထဲမှ ဆုတ်ယူထားသည့် အဝတ်ဗလာမိန်းမတစ်ယောက်၏ပုံကိုကပ်ထားသည်။ ထိုပုံကိုကြည့်ကာ ဂျင်နီကြက်သီးထမိ၏။

သူမက စာအုပ်စင်များကိုလိုက်ကြည့်၏။ ဗိုမဆိုင်ရာစာအုပ်တစ်အုပ်ကိုတွေ့ရသည်။ အညီအဟောက်ဗီဒီယိုတိတ်ခွေများလည်းတွေ့ရ၏။ စီးပွားရေးဆိုင်ရာကျောင်းသုံးစာအုပ်များလည်းတွေ့ရ၏။ဟာဗေးမှာ စီးပွားရေးလုပ်ငန်းဆိုင်ရာ အုပ်ချုပ်ရေးဘွဲ့ယူရန် တက်ရောက်နေသော ကျောင်းသားတစ်ယောက်ဖြစ်မည်။ သူမက

"ကျွန်မ ဒီအဝတ်အစားတွေ ကြည့်ချင်တယ်"

"ကြည့်ပါ၊ ရပါတယ်"

သူမက အဝတ်အစားဗီရိုနှင့်အံဆွဲများကိုဖွင့်ကြည့်သည်။ ဟာဗေးမှာ စတိုက်ကျသို့ပင် ရှေးဆန်သောအဝတ်အစားများ ဝတ်တတ်ပုံရသည်။ ခရစ်သေတ္တာထဲတွင် ဘာမျှသိပ်မရှိ။ဘီယာ ပြောင်းဝင်အထုပ်နှစ်ထုပ်၊ နို့မှုန့်ပုလင်းတစ်လုံးတို့ကိုသာတွေ့ရသည်။ ဟာဗေးအပြင်၌တွင်ထွက်စားပုံရ၏။ ခုတင်အောက်မှ အားကစားပစ္စည်းအိတ်ထဲတွင် ကြက်တောင်ရိုက်တံတစ်ချောင်းနှင့် ညစ်ပတ်နေသောတဘက်တစ်ထည်ကိုတွေ့ရသည်။

ဂျင်နီ စိတ်ပျက်သွား၏။ ဤအခန်းတွင် လူယုတ်မာနေထိုင်သည်မှာ အမှန်။ သို့ရာတွင် လိုချင်သည့်သဲလွန်စမျိုးကိုမတွေ့ရ။ သူမက မော်ဒွင်အား

"တော်ပါပြီ၊ ကျွန်မမှာ ဘာတွေ့ရမယ်လို့ ကြိုတင်ခန့်မှန်းထားတာမျိုးလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ တွေ့လည်းမတွေ့ဘူး"

ထို့နောက် သူမတွေ့သွားသည်။ အခန်းဝင်ပေါက်တံခါးဘေးတွင် ချိတ်ထား ခုနှင့်ချိတ်ထားသည့် အနီရောင်ဘော့စ်ဘောအားကစားဦးထုပ်တစ်လုံး။

ဂျင်နီ အတော်ပင်ဝမ်းသာသွားသည်။ မိမိမှန်လေပြီ။ ဤလူယုတ်မာကို မိမိ တွေ့ပြီတည်း။ သက်သေအထောက်အထားလည်းတွေ့လေပြီ။ သူမအနီးကပ်၍ကြည့် လိုက်၏။ ဦးထုပ်၏ထိပ်တွင် 'လိုခြုံရေး'ဟူသောစာလုံးကို အဖြူရောင်နှင့်ရေးထား သည်ကိုတွေ့ရ၏။ အခန်းထဲတွင် ပျော့ရှင်မြူးတူးကာ လှည့်ပတ်ကချင်စိတ်ပင်ပေါက် မိ၏။

"ဘာတွေ့လို့လဲ"

"အဲဒီလူယုတ်မာ၊ ကျွန်မသူငယ်ချင်းလစ်ဆာကိုစော်ကားတုန်းက အဲဒီ ဦးထုပ်ဆောင်းထားတယ်၊ ကဲ ထွက်ကြရအောင်"

သူတို့အခန်းထဲမှထွက်ပြီး တံခါးကိုပြန်ပိတ်ထားလိုက်သည်။ ဂျင်နီက မော်ဒွင်နှင့် လက်ဆွဲနှုတ်ဆက်ပြီး

"ရှင့်ကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင်မသိဘူးဒေါ် တကယ်ကို အရေးကြီး လို့ပါ"

"ဒါဆို အခု အမိ ဘာလုပ်မလဲ"

"ကျွန်မ ဘော်လတီမိုးမြို့ကိုပြန်ပြီး ရဲကိုဖုန်းဆက်မယ်"

ကားမောင်းပြန်လာရင်း ဟာဗေးဂျုန်းနှင့်ပတ်သက်၍ စဉ်းစားလာခဲ့သည်။ သူဘာကြောင့် တနင်္ဂနွေနေ့တွင် ဘော်လတီမိုးမြို့သို့လာသည်၊ သူရည်းစားကို လာတွေ့ သည်လား၊ ဖြစ်နိုင်သည်က ထိုမြို့တွင် သူ့မိဘများနေသည့်မျိုးဖြစ်မည်။ ကျောင်းသား အတော်များများမှာ ကျောင်းပိတ်ရက်တွင်လျှော်စရာအဝတ်အစားများ အိမ်သို့ပြန်ယူ တတ်ကြ၏။ ယခုလောက်ဆိုလျှင် သူထိုမြို့တွင်ရောက်နေပြီး မိခင်ကျွေးမွေးသည့် ဟင်း လျာများကို စားနေကာစားနေမည်၊ သို့မဟုတ်ကလည်း ဖခင်နှင့်အတူ ရုပ်မြင်သံကြား ဘောလုံးပွဲကြည့်ကောင်းကြည့်နေမည်။သူ့အိမ်အပြန်လမ်းတွင် အခြားမိန်းကလေး တစ်ယောက်အား စော်ကားနေသည့်မျိုးလည်းဖြစ်နိုင်သည်။

ဂျုန်းအမည်နှင့် မိသားစုဘယ်နှစ်ဦးဘော်လတီမိုးမြို့တွင်နေထိုင်ကြသနည်း ထောင်နှင့်ချီ၍ ရှိနိုင်သည်။ မိမိသိသည့်အထဲက တစ်ယောက်တလေလည်းရှိနိုင်သည် မိမိ၏အလုပ်ရှင်ပါမောက္ခဘာရင်တန်ဂျုန်း

အို ဘုရား.. ဘုရား.. ဂျုန်း

သူမ ပြည်နယ်ကူးလမ်းပေါ်တွင်ကားကိုရပ်လိုက်မိသည်။ ဟာဗေးဂျုန်းသည်



ဘာရင်တန်၏သားဖြစ်နိုင်ပေသည်။

ဖီလဒဲဖီးယားမြို့တွင် ကော်ဖီဆိုင်တစ်ဆိုင်၌ဟာဗေးဂျုန်းနှင့်တွေ့စဉ် သူ၏ အမှုအယာတစ်ခုကို ရုတ်တရက်သွားသတိရသည်။သူကလက်ညှိုးကလေးဖြင့် သူ၏ မျက်ခုံးမွေးကိုသမ်ခဲ့သည်။ ထိုစဉ်ကတော့ မတွေးမိ။ ထိုအမူအရာမျိုးကို မြင်ဖူးသည် ဟုသာ ထင်ခဲ့သည်။ ဘယ်သူ့ထံတွင် မြင်ခဲ့ဖူးမှန်းမမှတ်မိခဲ့။စတီဗ်သို့မဟုတ် ဒင်းနစ် တို့ထံတွင် အမြွာပူးခြင်းမို့ အမူအရာခြင်းတူသည်ဟု အမှတ်မဲ့စဉ်းစားမိခဲ့သည်။ ယခု မှသတိရသည်။ ဘာရင်တန်ထံမှဖြစ်၏။ ဘာရင်တန်သည် သူ၏လက်ညှိုးဖြင့် မျက်ခုံး မွေးကိုသပ်တတ်၏။

ထိုအမူအရာကို ဂျင်နီမကြိုက်ခဲ့။ဤအမူအရာမှာ အမြွာအားလုံးတွင်ရှိ သောတံခါးကို ဖနောင့်နှင့်ပြန်ပိတ်တတ်သည့် တူညီသောအမူအရာမျိုးမဟုတ်။ ထို အမူအရာမှာ ဟာဗေးဂျုန်းသည်ဖခင်ထံမှ စိတ်ကျေနပ်သည့်အခါ လုပ်တတ်သည့် အမူအရာအဖြစ် အတုခိုးခဲ့ခြင်းဖြစ်မည်။

ယခုလောက်ဆိုလျှင် ဟာဗေးတစ်ယောက်ဘာရင်တန်၏အိမ်တွင်ရောက် နေပေမည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ပရက်စတာန်ဘတ်နှင့်ဂျင်ပရုစ်တို့ ဘာရင်တန်၏အိမ်သို့ နေ့လယ်လောက်တွင်ရောက်လာပြီး အခန်းငယ်လေးတစ်ခုထဲတွင် ဘီယာသောက်ရင်း ထိုင်နေကြသည်။ သူတို့တစ်ယောက်မျှကောင်းကောင်းမအိပ်ခဲ့ရ။နွမ်းနယ်နေပုံရကြသည်။အိမ်ဖော်မရှိ အခန်းတွ တနင်္ဂနွေနေ့အတွက် နေ့လယ်စာချက်နေရာ မီးဖိုခန်းဘက်ဆီမှ ဟင်းကျွေးနံ့များလှိုင်၍တက်နေသည်။ သို့ရာတွင် မိတ်ဆွေသုံးဦးမှာ ထိုအနံ့များကြောင့်လည်း ရှင်လန်းတက်ကြွခြင်းမရှိကြ။

"ဂျင်နီဟာ ဟင်နရီကင်းနဲ့လည်း ဖုန်းပြောခဲ့တယ်၊ ပါးအဲရစ်ဆင်ရဲ့အမေနဲ့လည်း ဖုန်းပြောသေးတယ်၊တခြားလူတွေဆီကိုတော့ဆက်မကြည့်ရသေးဘူး၊ ဘာပဲဖြစ်ဖြစ် ဒီမိန်းမဟာ မကြာခင်မှာသူတို့အားလုံးကို ခြေရာခံမိတော့မယ်ထင်တယ်"

ဘာရင်တန်က ပြောနေခြင်းဖြစ်သည်။ ဂျင်ပရုစ်က

"ကဲ လက်တွေ့ကျကျ စဉ်းစားကြည့်ကြရအောင်၊ မနက်ဖြန် ဒီအချိန်လောက်ဆိုရင် ဒီမိန်းမ ဘာလုပ်လာနိုင်မလဲ"

ပရက်စတာန်က

"သူ့နေရာမှာ ကျုပ်သာဆိုရင် ဘာလုပ်မလဲသိလား၊ကျုပ်တွေ့ထားတဲ့အချက်အလက်တွေနဲ့ပတ်သက်ပြီး လူသိရှင်ကြားလုပ်ပြမယ်၊သူတို့ထဲက နှစ်ယောက်သုံးယောက်ကိုခေါ်လာပြီးနယူးယောက်မြို့မှာ ရုပ်မြင်သံကြားကနေတစ်ဆင့် လွှင့်ထုတ်ပြမယ်"



"ဘုရားကယ်ပါ"

ဘာရင်တန်ကညည်းလိုက်ခြင်းဖြစ်သည်။ အပြင်ဘက်တွင်ကားတစ်စီး ဆိုက်လာ၏။ ဂျင်ပရုစ်က ပြတင်းပေါက်မှလှမ်းကြည့်ရင်း

"သံချေးတက်နေတဲ့ ဒတ်ဆန်းကားအဟောင်းတစ်စီးပဲ"

ပရက်စတာန်က

"ကျုပ်ကတော့ ဂျင်ရဲ့ စောစောကအကြံကိုကြိုက်တယ်၊ သူတို့အားလုံးကို ဖျောက်ဖျက်ပစ်ချင်တာပဲ"

"ကျုပ်ကတော့ သတ်တာဖြတ်တာတွေမလုပ်ချင်ဘူး"

ဘာရင်တန်က အော်ပစ်လိုက်သည်။ ဂျင်က အလန့်တကြားဖြင့်

"ဘာရင်တန်ကလည်း မအော်ပါနဲ့ဗျာ၊ အမှန်အတိုင်းပြောရရင် လူတွေကို ဖျောက်ဖျက်ပစ်မယ်ဆိုတဲ့စကား ကျွန်တော်ပြောတဲ့အခါ နည်းနည်းကြွားတဲ့သဘောပါ၊ ကျုပ်မှာ ဩဇာအာဏာရှိတုန်းက လူတွေကိုသတ်ဖို့အမိန့်ပေးခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒါတွေကိုကျုပ်မလုပ်တော့ပါဘူး၊ ကျန်ခဲ့တဲ့ရက်ပိုင်းအတွင်း ကျုပ်မိတ်ဆွေဟောင်းတွေဆီကအကူအညီလေးဘာလေးနည်းနည်းပါးပါးတောင်းခဲ့တယ်၊ သူတို့ဆီက နည်းနည်းပါးပါးအကူအညီရပေမယ့် အကန့်အသတ်နဲ့သာရခဲ့တာပါ"

တော်ပါသေးရဲ့ဟု ဘာရင်တန်တွေးလိုက်မိသည်။ ဂျင်က

"ကျုပ် နောက်ထပ်စဉ်းစားထားတာတစ်ခုရှိသေးတယ်"

ကျန်လူနှစ်ယောက်က သူ့ကိုစိုက်ကြည့်နေကြသည်။

သူက

"အဲဒီမိသားစုတွေကိုကျုပ်တို့တိုက်တိုက်ဆိုင်ဆိုင်ဆက်သွယ်မယ်၊ စောစောပိုင်းကာလမှာ ကျုပ်တို့ဆေးပေးခန်းကနေလုပ်ခဲ့တာ မှားတဲ့အကြောင်းဝန်ခံမယ်၊ ပြီးတော့ ဒါကို လူသိရှင်ကြားမဖြစ်စေချင်ဘူးလို့ ပြောပြမယ်၊ အဲဒီအတွက် လျော်ကြေးဒေါ်လာတစ်သန်းစီပေးမယ်၊ ဒါပေမဲ့ ၁၀နှစ်အတွင်းတစ်ရစ်စီပေးသွားမယ်၊ ဒါပေမဲ့ သူတို့ကတစ်ယောက်ယောက်ကိုပြောလိုက်ရင်သတင်းစာကိုပဲဖြစ်ဖြစ်၊ ဂျင်နီဖာရာမီကိုပဲဖြစ်ဖြစ်၊ သိပ္ပံပညာရှင်တွေကိုပဲဖြစ်ဖြစ်ပေါ့၊ ဘယ်သူ့ကိုပြောပြောငွေကိုဆက်မပေးတော့ဘူး"

ဘာရင်တန်က ဖြေးညှင်းစွာ ခေါင်းညိတ်လျက်

"ဒီဟာ အဆင်ပြေနိုင်စရာရှိတယ်၊ ဒေါ်လာတစ်သန်းကိုငြင်းမယ့် သူက သူရှိမှာလဲ"

ပရက်စတာန်က

"လိုရိန်းလိုဂန်ကတော့ ငြင်းလိမ့်မယ်၊ ဒီမိန်းမကြီးက သူ့သားမှာအပြစ်မရှိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အကြောင်းသက်သေပြချင်လို့လေ"

"အဲဒါမှန်တယ်၊ ဒီမိန်းမကြီးကတော့ ၁၀သန်းပေးလည်းလက်ခံမှာမဟုတ်ဘူး"

"ဘယ်သူမဆို တန်ရာတန်ဖိုးတော့ရှိကြမှာပဲ၊ဘာပဲဖြစ်ဖြစ် တခြားကောင်လေးနှစ်ယောက်သုံးယောက် ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ဒီမိန်းမကြီးဘာမှလုပ်နိုင်မှာမဟုတ်ပါဘူး"

ပရက်စတန်က ခေါင်းညိတ်နေသည်။ ဘာရင်တန်ကလည်း မျှော်လင့်ချက်တစ်ခုတော့ရှိသေးသည်ဟုတွက်နေ၏။ လိုဂန်မိသားစုကိုနှုတ်ပိတ်နိုင်သည့် နည်းလမ်းတော့ ရှိနိုင်ကောင်းသည်။ သို့သော် အရေးကြီးသည့်အချက်ရှိနေသေး၏။ သူက

"တကယ်လို့ ဂျင်နီဟာနောက်၂၄နာရီအတွင်း လူသိရှင်ကြားဖော်ထုတ်လိုက်ရင်ဘယ့်နှယ့်လုပ်မလဲ၊လင်းစမင်းကုမ္ပဏီဟာ အဲဒီစွပ်စွဲချက်ကို ဟုတ်မဟုတ်စုံစမ်းဖို့ ကုမ္ပဏီလွှဲပြောင်းဖို့ကိစ္စရက်ရွှေ့ဆိုင်းသွားနိုင်တယ်၊ အဲဒါဆိုရင် ပိတ်ဖို့ဆိုဖို့ငွေတွေ ကျုပ်တို့မရနိုင်တော့ဘူး"

ဂျင်က

"ဂျင်နီရဲ့ရည်ရွယ်ချက်က ဘာလဲ၊ သူဘယ်လောက်သိထားပြီးပြီလဲ၊ ဘာတွေလုပ်ဖို့ စီစဉ်နေသလဲဆိုတာတွေ ကျုပ်တို့သိဖို့လိုတယ်"

"အဲဒီလိုသိနိုင်ဖို့အတွက် နည်းလမ်းတော့ကျုပ်မမြင်ဘူး"

ဘာရင်တန်ကဆိုသည်။ ဂျင်က

"ကျုပ်မှာရှိပါတယ်၊ ဒီမိန်းမက ယုံယုံကြည်ကြည်နဲ့သူ့စိတ်ထဲက ရှိသမျှ ထုတ်ပြောအောင်လုပ်နိုင်တဲ့လူတစ်ယောက်ရှိတယ်"

ဘာရင်တန် ဒေါသဖြစ်လာသည်။

"ခင်ဗျား ဘာစဉ်းစားနေတယ်ဆိုတာ ကျုပ်သိတယ်"

"ကဲ သူလာနေပြီ"

အိမ်ရှေ့တက်စခန်းဆီမှ ခြေသံကိုကြားနေရ၏။ ထို့နောက် ဘာရင်တန်၏ သားဝင်လာသည်။ သူက

"ဖေဖေ မေမေ အန်ကယ်ဂျင်၊ အန်ကယ်ပရက်စတန်နေကောင်းကြတယ်နော်"

ဘာရင်တန်က သူ့အား ဂုဏ်ယူမှုနှင့်ဝမ်းနည်းမှုရောပြွမ်းကာ လှမ်းကြည့်လိုက်သည်။ကောင်လေးမှာ ရေတပ်အပြာရောင်ကော်ကျူရိုင်းဘောင်းဘီနှင့် မိုးပြာရောင် ချည်ဆွယ်တာများဖြင့် အတော်ပင်ချစ်စရာကောင်းနေသည်။ သူကလေးဝတ်စားပုံမှာ မိမိအတိုင်းဖြစ်သည်ဟု ဘာရင်တန် တွေးနေမိ၏။ သူက



"ငါတို့ စကားပြောကြရအောင်ဟာဗေး"

ဂျင်က ထရပ်ပြီး

"ဘီယာသောက်မလားကလေး"

"ဟုတ်ကဲ့"

ဟာဗေးက ဆိုသည်။ ဂျင်မှာ ကောင်လေးအားမကောင်းသည့်အကျင့်နှင့် ပတ်သက်၍ အားပေးချင်စိတ်ရှိသူဖြစ်သည်။ ဘာရင်တန်က

"ဘီယာသောက်မနေစမ်းနဲ့ကွာ၊ ဂျင် ခင်ဗျားနဲ့ပရက်စတန်ညှိခန်းထဲ ခဏသွားထိုင်ကြပါ၊ ကျွန်တော်တို့နှစ်ယောက်စကားပြောချင်လို့"

ပရက်စတန်နှင့်ဂျင်တို့ထွက်သွားကြသည်။ ဘာရင်တန်ကထ၍ ဟာဗေးအားဖက်လိုက်ပြီး

"မင်းဟာသိပ်ဆိုးပေမယ့် မင်းကိုအဖေချစ်ပါတယ်သားရယ်"

"ကျွန်တော်ကမကောင်းလို့လား"

"အားကစားရုံမြေအောက်ခန်းမှာ ဟိုကောင်မလေးကိုမင်းလုပ်လိုက်တဲ့ကိစ္စဟာ ယောက်ျားတစ်ယောက်အနေနဲ့ အင်မတန်ယုတ်မာတဲ့ကိစ္စပေါ့"

ဟာဗေးက ပခုံးတွန့်သည်။ တရား ဘုရား မိမိ သူ့ကိုအမှားအမှန်ဝေဖန်ပိုင်းခြားမှု သင်ပေး၍မရပါကလားဟု ဘာရင်တန်တွေးနေမိသည်။ သို့ရာတွင် ဤနောင်တမှာ ယခုအချိန်တွင် သိပ်နောက်ကျသွားလေပြီ။ သူက

"ထိုင်ပြီးခဏလောက်နားထောင်စမ်း"

ဟာဗေးက ထိုင်လိုက်သည်။ ဘာရင်တန်က

"မင်းအမေနဲ့အဖေဟာ ကလေးရချင်လို့ နှစ်ပေါင်းများစွာကြိုးစားခဲ့တယ်၊ ဒါပေမဲ့ ပြဿနာတွေကရှိနေတယ်၊ အဲဒီအချိန်မှာပရက်စတန်ဟာ ဓာတ်ခွဲခန်းသန္ဓေအောင်နည်းကိုလုပ်နေတယ်၊ ဖိုမျိုးဥနဲ့မမျိုးဥကို ဓာတ်ခွဲခန်းကနေယူလာပြီး ကလာလရေကြည်ဖြစ်အောင်လုပ်တယ်၊ အဲဒီကလာလရေကြည်ကို မိခင်ဗိုက်ထဲမှာထည့်ပြီး သန္ဓေအောင်နည်းပေါ့"

"ကျွန်တော်ဟာ ဖန်ပြွန်သန္ဓေသားလို့ အဖေပြောနေတာလား"

"ဒါဟာ လျှို့ဝှက်ချက်ကွ၊မင်းတစ်သက်လုံး ဘယ်သူ့ကိုမှမပြောရဘူး၊ မင်းအမေကိုတောင် မပြောရဘူး"

"အမေက မသိဘူးလား"

ဟာဗေးက အံ့သြစွာမေးသည်။

"အဲဒါထက်မကသေးဘူး၊ ပရက်စတန်ဟာ ကလာလရေကြည်ကိုခွဲထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး အမြွှာတွေဖြစ်အောင်လုပ်တယ်"

"ဒါဆို မုဒိမ်းမှုနဲ့အဖမ်းခံထားရတဲ့ကောင်က အဲဒီကောင်လား"

"သူက တစ်ခုမကခွဲထုတ်တာ"

ဟာရေးက ခေါင်းညိတ်သည်။ သူတို့အားလုံးညာဏ်ထက်ပြီး နားလည်လွယ်သူတွေချည်း။ သူက

"ဘယ်နှစ်ယောက်တောင်လဲ"

"ရှစ်ယောက်တောင်"

"ဟောဗျာ၊ ဒါဆိုရင်လည်း မိုမျိုးဥက အဖေ့ဆီကမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး"

"ဘယ်သူ့ဆီကလဲ"

"ဘာရက်တပ်မြို့က ဗိုလ်တစ်ယောက်ဆီကပါ၊ အရုပ်မြင့်မြင့်၊ တောင့်တင်းကြံ့ခိုင်တယ်၊ ဉာဏ်ကောင်းတယ်၊ တက်ကြွတယ်၊ ရုပ်ရည်ချောမောတယ်"

"မိခင်မျိုးဥကရော"

"ဗက်စ်ပွိုင့်စစ်တက္ကသိုလ်က အရပ်သားလက်နှိပ်စက်စာရေးမကလေး၊ သူလည်းပဲ ကာယဘက်ရော ဉာဏဘက်ပါပြောစရာမရှိဘူး"

လူငယ်ကလေး၏ ချောမောသောမျက်နှာပေါ်တွင် နာကျင်စွာယှဲ့ယှဲ့ပြုံးကာ

"သူတို့က ကျွန်တော့်ရဲ့တကယ့်မိဘအစစ်တွေပေါ့နော်"

ဘာရင်တန် ဝေဒနာခံစားရဟန် မျက်စိတစ်ဖက်မှိတ်သွားပြီး

"မဟုတ်ပါဘူးကွာ၊ မင်းက မင်းအမေရဲ့ဗိုက်ထဲမှာကြီးပြင်းလာတာပဲ၊ မင်းအမေက မင်းကိုမွေးပေးတာ၊ တကယ်ဝေဒနာခံစားသွားရတာကသူပါ၊ သားကလေးလမ်းစလျှောက်တော့ အဖေတို့တစိမ့်စိမ့်ကြည့်နေခဲ့တယ်၊ သားကလေးပါးစပ်ထဲကိုဝါးဖတ်ကစီနှစ်တွေ ခွံ့ကျွေးခဲ့တယ်၊ သားကလေးစကားစပြောတတ်အောင် အဖေတို့သင်ခဲ့တယ်"

သားဖြစ်သူ၏ မျက်နှာကိုကြည့်ရင်း မိမိစကားကို သူ ယုံမယုံ ဘာရင်တန် မခန့်မှန်းနိုင်ဖြစ်ရသည်။ သူက ဆက်၍

"သားကြီးလာလေ အဖေတို့ပိုချစ်လာရလေပဲ၊ နှစ်စဉ်နှစ်တိုင်း ကျောင်းကနေပညာရည်မှတ်တမ်းတွေဟာ တစ်ပုံစံတည်းပဲ ထွက်လာတယ်"

"သူသည် ထက်မြက်တက်ကြွသည်၊ မျှဝေပေးလိုခြင်းမရှိ၊ ကစားပွဲများ၌ အခက်အခဲကို ကြုံသည့်အခါ အခြားကလေးအားထိုးကြိတ်တတ်သည်၊ ဇောင်းပျက်တတ်သည်၊ မိန်းကလေးများအပေါ် စာနာထောက်ထားခြင်းမရှိတတ်ဆိုတာမျိုးတွေပေါ့၊ ကျောင်းတစ်ကျောင်းက မင်းကိုကျောင်းတစ်ခါထုတ်တိုင်း နောက်ကျောင်းတစ်ကျောင်း



ကိုအပ်လို့ရအောင် အဖေတို့မှာအသနားခံလိုက်ရတာ၊ သားကို ချော့တစ်ခါခြောက်တစ်လှည့်လုပ်ခဲ့ရတယ်၊ ကလေးသူငယ်ဆိုင်ရာ စိတ်ပညာဆရာဝန်နဲ့သုံးကြိမ်လောက်ပြခဲ့သေးတယ်၊ မင်းကြောင့် အဖေတို့အတော်ကလေးစိတ်ညစ်ခဲ့ရတယ်"

"အဖေတို့အိမ်ထောင်ပျက်တာ ကျွန်တော့်ကြောင့်လို့ဆိုလိုတာလား"

"မဟုတ်ပါဘူးသားရယ်၊ ဒါကတော့ အဖေ့အပြစ်ကြောင့်ပါ၊ အဖေပြောချင်တာက သားဘာတွေပဲလုပ်နေလုပ်နေ တခြားမိဘတွေလိုပဲ သားကိုအဖေချစ်ချက်ပါဆိုတာပဲ"

"အဖေ ဒါတွေ ကျွန်တော့်ကိုဘာဖြစ်လို့ပြောနေတာလဲ"

"မင်းရဲ့အမြွှာတစ်ယောက်ဖြစ်တဲ့ စတီလိုဂန်ဟာ အဖေတို့ဓာတ်ခွဲခန်းမှာလေ့လာခံနေရတဲ့လူတစ်ယောက်ပဲ၊ အဖေ သူ့ကိုတွေ့တော့ တအားအံ့သြသွားတယ်၊ စဉ်းစားသာကြည့်ပေတော့၊ အဲဒီနောက် လစ်ဆာကို အဓမ္မပြုကျင့်မှုနဲ့ရဲက သူ့ကိုဖမ်းလိုက်တယ်၊ ဒါပေမဲ့ ပါမောက္ခတစ်ယောက်ဖြစ်တဲ့ ဂျင်နီဖာရာမီက ဒါကိုမှသက်သာဖြစ်တယ်၊ တိုတိုပြောရရင်ကွာသူဟာ မင်းကို ခြေရာခံပြီးလိုက်နေတယ်၊ စတီလိုဂန်ဟာ အပြစ်မရှိဘူးဆိုတဲ့အကြောင်း သူကသက်သေပြချင်တယ်၊ နောက်ပြီး လူဖန်တီးတဲ့အမြွှာတွေဆိုတာကိုဖော်ထုတ်ပြီး ငါ့ကိုပျက်စီးအောင်လုပ်ချင်နေပုံရတယ်"

"ဗီလဒ်ဖီးယားမြို့မှာ ကျွန်တော်တွေ့တာ အဲဒီမိန်းမလား"

ဘာရင်တန် အံ့အားသင့်သွားပြီး

"မင်းက သူ့ကိုတောင်တွေ့ပြီးပြီလား"

"အန်ကယ်ဂျင်က ကျွန်တော့်ဆီကိုဖုန်းဆက်ပြီး သူ့ကိုကြောက်အောင်လုပ်ဖို့ခိုင်းတယ်လေ"

ဘာရင်တန် အတော်ဒေါသထွက်သွားပြီး

"ဒီကောင်ကွာ ခေါင်းပြုတ်အောင် ငါဆော်ပစ်လိုက်ချင်တယ်"

"စိတ်အေးအေးထားပါ အဖေရာ၊ ဘာမှမဖြစ်ပါဘူး၊ အဲဒီမိန်းမကားထဲမှာ ကျွန်တော် ကားလိုက်စီးတာပါ၊ သူက အတော်မဖြောင့်တာပဲ"

ဘာရင်တန်က စိတ်ကိုထိန်းလိုက်ပြီး

"မင်းရဲ့အန်ကယ်ဂျင်ဟာ မင်းနဲ့ပတ်သက်ပြီး ဘာမှတာဝန်မကျေဘူး၊ မင်းရဲ့ကြမ်းကြမ်းတမ်းတမ်းလုပ်ချင်ပုံတွေကို သူကသဘောကျတယ်လေ၊ သူကိုယ်တိုင်ကလည်း ဒီလိုဟာမျိုးပဲကွ"

"ကျွန်တော်လည်း သူ့ကိုသဘောကျပါတယ်"

"ကဲ ပြောစရာရှိတာဆက်ပြောရအောင်၊ ဂျင်နီဖာရာမီရဲ့နောက် ၂၄ နာရီအတွင်းလုပ်မယ့်ရည်ရွယ်ချက်တွေကို အဖေတို့သိဖို့လိုတယ်၊ မင်းရဲ့သစ်စာဆိုတဲ့

www.burmeseclassic.com



ကောင်မလေး ဆက်သွယ်ချက်ကို သူ့မှာအထောက်အထားရှိမရှိသိချင်တယ်၊ သူ့ဆီကို ငါတို့အနေနဲ့ သွားစုံစမ်းဖို့တခြားနည်းမရှိဘူး၊တစ်ခုပဲရှိတယ်"

ဟာမေးက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော့်အနေနဲ့ စတီဟန်ဆောင်ပြီး သူ့ကိုသွားမေးရမယ်ဆိုပါတော့"

"ဟုတ်တယ်"

သူက ပြုံးလိုက်ပြီး

"ပျော်စရာကြီး"

ဘာရင်တန်က ညည်းတွားလျက်

"ပေါက်ကရတွေ ဘာမှလျှောက်မလုပ်ပါနဲ့ကွာ၊ စကားပြောရုံပဲပြောခဲ့ပါ"

"ကျွန်တော် အခုသွားရမှာလား"

"အေး သွား သွား၊သားကို ခိုင်းတော့မခိုင်းချင်ပါဘူး၊ ဒီကိစ္စဟာ မင်းအတွက် အရေးကြီးသလို အဖေ့အတွက်လည်းအရေးကြီးနေလို့ပါ"

"အေးအေးဆေးဆေးပေါ့အဖေရာ၊ ဘာဖြစ်တာမှတ်လို့"

"အဖေကလည်း သိပ်စိတ်ပူနေလို့နေမှာပါကွာ၊ မိန်းကလေးတစ်ယောက်ရဲ့ တိုက်ခန်းကိုသွားတာ ဘာမှကြီးကြီးကျယ်ကျယ်တော့ အန္တရာယ်ရှိပုံမရပါဘူး"

"တကယ့်စတီအစစ် အဲဒီမှာရှိနေရင် ဘယ့်နှယ်လုပ်မလဲ"

"လမ်းထဲမှာ သူ့ကားရှိမရှိကြည့်ပေါ့၊သူ့ရဲ့ဒက်ဆန်းကားကလည်း မင်းကားလိုမျိုးပဲ၊ ဒီအချက်ကြောင့်လည်း ရဲတွေက သူ့ကိုပိုပြီးမသင်္ကာဖြစ်သွားတာ"

"နောက်နေမြန်ပြီ"

"မင်းတို့နှစ်ယောက်ဟာ တကယ့်ရုပ်တူအမြွှာတွေအတိုင်းပဲ၊မင်းတို့ အကြိုက်ချင်းလည်းတူကြတယ်၊ သူ့ကား အဲဒီမှာရှိနေရင်တော့ အထဲမဝင်နဲ့ပေါ့၊ အဲဒါဆိုရင် အဖေ့ဆီကိုဖုန်းဆက်လိုက်၊ သူ့ကိုအထဲကထွက်သွားအောင် အဖေတို့နည်းလမ်းရှာမယ်"

"သူက အဲဒီကိုကားမပါဘဲလာရင်ကော"

"သူက ဝါရှင်တန်မှာနေတာကွ"

"ကောင်းပါပြီ၊ အဲဒီမိန်းမရဲ့လိပ်စာသာပေး"

ဘာရင်တန်က လိပ်စာကို ရေးပေးလိုက်သည်။

"ဂရုတော့စိုက်နော်၊ သိလား"

"စိတ်ချပါ၊ ကဲ သွားမယ်"

၀ ၀ ၀

# အခန်း (၂၆)

ဟာမေးမှာ ဂျင်နီနေထိုင်ရာလမ်းထဲသို့ အသွားအပြန်ကားမောင်းရင်း မိမိကားနှင့်တူသည့်ကား ရှိမရှိလိုက်ကြည့်နေသည်။ ကားအိုကားဟောင်းများ အမြောက်အမြားတွေ့သော်လည်း အရောင်ဖျော့ဖျော့သီချေးတက်ဒတ်ဆန်းကားမျိုးမတွေ့ရ။ စတီလိုဂန် ဤနားတစ်ဝိုက်တွင်မရှိ။

သူက ကားကိုဂျင်နီ၏အိမ်အနီးတွင်ရပ်ပြီး စက်ကိုပိတ်လိုက်သည်။ ပြီးတော့ ခဏထိုင်ကာစဉ်းစားနေ၏။ဥာဏ်ကိုသုံးရမည်။အန်ကယ်ဂျင်တိုက်သော ဘီယာကို မသောက်မိခဲ့သည်မှာတော်သေးသည်။

မိမိကို သူမ စတီဟုယုံကြည်နေမည်။ ဖီလဒဲဖီးယားမြို့တွင်လည်း တစ်ကြိမ်ထိုသို့ဖြစ်ခဲ့သည်မဟုတ်လား။ မိမိတို့နှစ်ယောက်မှာ ရုပ်ရည်အားဖြင့်တစ်ထေရာတည်းတူနေကြပေသည်။ သို့ရာတွင် စကားပြောသည့်အခါတွင်တော့ သိသာနိုင်သည်။ စတီသိထားပြီးသော အကြောင်းအရာတို့ကို သူမကရည်ညွှန်းပြောလာနိုင်သည်။ မိမိကပုံမပျက်မြန်မြန်ဖြေနိုင်မှဖြစ်မည်။မိမိအပေါ် သူမယုံကြည်ပါမှ မိမိနှင့်ပတ်သက်သောသက်သေခံပစ္စည်း သူမဘာရထားသည်၊ သူမဘာဆက်လုပ်မည်စသည်တို့ကို ပြောပြလာမည်။ မိမိအနေနှင့် အချိန်မရွေးလွဲချော်မှားယွင်းနိုင်သည်မျိုးရှိနိုင်သည်။

စတီ ဟန်ဆောင်ရသည်ကိုစိတ်မသက်သာလှသော်လည်း သူမကို မြန်မြန်တွေ့ရမည်ဆို့ ဝမ်းသာနေသည်။သူမ၏ကားထဲတွင် သူမနှင့်တွေ့ရစဉ်က မိမိ အပျော်သုံးဖြစ်ခဲ့ရသည်။ လူတွေ ထိတ်လန့်တကြားပြေးလွှားနေစဉ် အမျိုးသမီးအဝတ်လဲခန်းထဲ၌

www.burmeseclassic.com

www.burmeseclassic.com



မိမိရောက်ခဲ့စဉ်ကထက် ပို၍ပျော်စရာကောင်းသည်။

ယခု မိမိလုပ်ရမည့်ကိစ္စကို အာရုံစိုက်သင့်သည့်မှန်းကိုလည်းသိနေ၏။ သူမ မျက်နှာပေါ်တွင် ကြောက်လန့်သွားသည့်အမူအရာမျိုးမဖြစ်စေရ။ သူမထံမှ သိချင်သည့်အကြောင်းသိရလျှင်ပြန်လာဖို့ပင်။ သို့သော် မိမိတစ်သက်တာတွင် ယခုလိုအသာတကြည်လုပ်ခဲ့သည်မျိုးမရှိခဲ့။

○ ○ ○

အိမ်ပြန်ရောက်ရောက်ချင်း ဂျင်နီရဲ့စခန်းသို့ဖုန်းဆက်လိုက်သည်။ရဲစုံထောက် မစ်ရှ်ဒဲလ်ဝဲမရှိမှန်းတော့သိနေသည်။သို့သော် မိမိအားချက်ချင်းဖုန်းပြန်ဆက်ရန် မှာထားခဲ့၏။ တစ်ဖက်မှ

"ဒီနေ့ စောစောပိုင်းကလည်း အခုလိုပဲအစ်မအရေးတကြီးမှာခဲ့သေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါက နောက်ကိစ္စတစ်ခုပါ၊ ဒါကလည်းအရေးကြီးပါတယ်"

"ကျွန်မလည်း အတတ်နိုင်ဆုံးကြိုးစားပြောပေးပါ့မယ်"

နောက်တဖန် စတီ၏ အိမ်သို့ဖုန်းဆက်လိုက်ပြန်သည်။ ဖုန်းကိုင်မည့် သူမရှိ။ သူနှင့် မိခင်လော်ရိန်းတို့ချားစ်လွတ်မြောက်ရေးအတွက် ရှေ့နေနှင့်သွားစကားပြောနေကြသည့်ထင်၏။ သူ မိမိထံ ဖုန်းပြန်ဆက်လာလိမ့်မည်။

ဂျင်နီမချင့်မရဲဖြစ်နေသည်။ သတင်းကောင်းနှင့်ပတ်သက်၍ တစ်စုံတစ်ယောက်ကို ပြောပြချင်နေ၏။

ဟာဗေးနေသည့်တိုက်ခန်းတွင် တွေ့လာခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ ဖမ်းသာမှုများပျောက်ကွယ်ကာ စိတ်ညစ်လာမိသည်။ ရှေ့လျှောက် ပိုက်ဆံမရှိ၊ အလုပ်မရှိ၊ မိခင်ကြီးအား ကူညီနိုင်မည့်အခြေအနေမရှိအဖြစ်ကိုတွေးမိလာပြန်သည်။

စိတ်ပြေလက်ပျောက် ယမန်နေ့က စတီအတွက်ဝယ်ထားသောအစားအသောက်များကိုစီစဉ်လိုက်သည်။ ပန်းကန်များကိုဆေးမည်ပြုစဉ် တံခါးလူခေါ်ခေါင်းလောင်းသံမြည်လာ၏။ သူမက အင်တာကွန်းဖုန်းကို ကိုင်လျက်

"ဟဲလို"

"ဂျင်နီလား၊ စတီပါ"

"ဝင်ခဲ့လေ"

သူမကဝမ်းသာအားရပြောလိုက်သည်။ သူကချည်ဆွယ်တာကို ဝတ်ဆင်ထားသည်။ အစားအသောက်ကောင်းသဖြင့်ပြည့်ဖြိုးနေဟန်ရှိသည်။ ဂျင်နီက သူ



အားခပ်တင်းတင်းဖက်၍နမ်းပစ်လိုက်၏။သူ၏လက်များက ဂျင်နီ၏တစ်ပါးကိုယ်ကိုကာ သူ့ဘက်သို့ဆွဲကပ်သည်။ ယနေ့သူ့ကိုယ်မှရသည့် ရနံ့ကတစ်မျိုး။ မုတ်ဆိတ်ရိတ်ပြီးနောက်သုတ်သည့်ဆေးက ဆေးမြစ်နံ့သင်းသောဆေးဖြစ်ဟန်တူသည်။သူ့ပါးစပ်မှလည်းကော်ဖီသောက်လာခဲ့ပုံရ၏။ ခဏကြာတော့ သူမက ကိုယ်ချင်းခွာကာ

"ကဲ သိပ်မလောနဲ့၊ အထဲဝင်ပြီး ထိုင်ပါဦး။ ပြောစရာတွေအများကြီးရှိတယ်"

သူက ခုံရှည်ပေါ်တွင်ထိုင်သည်။ သူမက ရေခဲသေတ္တာဆီသို့သွားကာ

"ဝိုင်သောက်မလား၊ ဘီယာသောက်မလား၊ ကော်ဖီသောက်မလား"

"ဝိုင်ဆိုရင် ကောင်းတာပေါ့"

"ကောင်းပါဦးမလား"

ကောင်းပါဦးမလားဆိုသည်မှာ သူမ ဘာကိုဆိုလိုပါလိမ့်။ သူက

"မသိဘူးလေ"

"ကျွန်မတို့ ဒီပုလင်းကိုနောက်ဆုံးဖွင့်ခဲ့တာ ဘယ်တုန်းကပါလိမ့်"

ဩော် သူတို့နှစ်ယောက် ဝိုင်တစ်ပုလင်းတည်းနှစ်ယောက်သောက်ကြပြီး မကုန်သဖြင့် ဖော့ဆို့ပိတ်ကာ သူမက ရေခဲသေတ္တာထဲထည့်ထားဟန်တူသည်။ ယခု သူမက ဝိုင်တွေသိုးနေမည်လားဟုတွေးနေခြင်းဖြစ်သည်။ဤသည်ကို မိမိအား ဆုံးဖြတ်ခိုင်းခြင်းဖြစ်၏။ သူက

"အဲဒါ ဘယ်နေ့လဲမသိဘူး၊ တွက်ကြည့်ရအောင်"

"ဗုဒ္ဓဟူးနေ့ကလေ၊ လေးရက်တောင်ရှိပြီပဲ"

ဝိုင်မှာ အဖြူလား၊ အနီလားပင် မိမိ မမြင်ရသေး။ ဒုက္ခပါပဲ။

"ဖန်ခွက်တစ်ခွက်ထဲ နည်းနည်းထည့်လိုက်လေ၊ မြည်းကြည့်တာပေါ့"

"ကောင်းလိုက်တဲ့အကြံ"

သူမက ဖန်ခွက်ထဲဝိုင်အနည်းငယ်ထည့်၏။ သူက အနည်းငယ်မြည်းကြည့်လိုက်ပြီး

"သောက်လို့ရပါတယ်"

ဂျင်နီက ဆိုဖာနောက်မှီပေါ်မှကျော်၍ ကိုယ်ကိုကိုင်းပြီး

"ကျွန်မ နည်းနည်းမြည်းကြည့်ရအောင်"

ပြောကာ သူမက သူ့ကိုနမ်းလိုက်သည်။ ဘုရား ဘုရားဒီမိန်းမအတော်မြူအဆွယ်ကောင်းပါလား။ နမ်းပြီးတော့ သူမက

"ရှင်ပြောတော့ မှန်တယ်၊ သောက်လို့ရတယ်"

ပြောရင်း သူမက ရယ်လျက် သူ၏ဝိုင်ခွက်ကိုထပ်ဖြည့်ပြီး သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ခွက်ထည့်လိုက်သည်။ သူ့ အနည်းငယ်ပျော်လာလေပြီ။

"သီချင်းလေးဘာလေးဖွင့်ပါလား"

"ဘာနဲ့ဖွင့်ရမလဲ"

သူမ ဘာကိုပြောနေသည်မသိ။ ဘုရား ဘုရားမိမိ အမှားအယွင်းတော့ဖြစ်ပြီထင်၏။ ယခု သူကအခန်းကိုလှည့်ပတ်ကြည့်တော့ မည်သည့်ကက်ဆက်မှမတွေ့။ သေလိုက်ပါတော့။ သူမက

"ကျွန်မရဲ့ကက်ဆက်ကို အဖေခိုးသွားတယ်လေ၊ မှတ်မိသေးလား၊ သီချင်းဖွင့်စရာ ကျွန်မမှာဘာမှမရှိတော့ဘူး၊ နေဦး ရှိတယ်ရှိတယ်"

သူမ တစ်ဘက်ခန်းထဲသို့ဝင်သွားသည်။ထိုအခန်းမှာ အိပ်ခန်းဖြစ်မည်ထင်၏။ ပြန်လာတော့ ရေချိုးခန်းမှရေပန်းတွင်ချိတ်၍ဖွင့်နိုင်သည့် ရေလုံရေဒီယိုတစ်လုံးယူလာသည်။ သူမက

"သိပ်တော့မကောင်းလှဘူး၊ တစ်နှစ်ခရစ္စမတ်မှာ အမေကျွန်မကိုပေးထားတာ၊ သူ့ စိတ်ဂယောက်ဂယက်မဖြစ်ခင်တုန်းကပေါ့"

ဖခင်က သူမ၏ကက်ဆက်ကိုခိုးသွားသည်။မိခင်ကလည်းအရူး၊ ဘယ်လိုမိသားစုကလာသည်မသိ။ သူမက ရေဒီယိုကိုဖွင့်ရင်း

"အသံကတော့ သိပ်မကောင်းဘူး၊ ဒါပေမဲ့ကျွန်မမှာဒါပဲရှိတယ်"

ထို့နောက် ဂျင်နီက ဆိုဖာပေါ်တွင်ဝင်ထိုင်ကာ သူ့ပခုံးပေါ် ခေါင်းတင်ထားရင်း သူ့ရင်ဘတ်ကိုလက်နှင့်ပွတ်နေသည်။ ပြီးတော့ သူမက

"ရှင်ရောက်လာတာ ဝမ်းသာလိုက်တာ"

မိမိသည် သူမအားပွတ်သပ်ကျီစယ်ချင်လာသည်။ သို့သော် ယင်းထက်အရေးကြီးသောကိစ္စများလုပ်ရန်ရှိသည်မဟုတ်လော၊ သူက စိတ်ကိုထိန်းချုပ်ကာ

"ကိုယ်တို့ စကားကောင်းကောင်းပြောကြရအောင်"

"အဲဒါပဲဟုတ်တယ်၊ ရှင်က အရင်စပြော၊ ရှင့်အဖေ အဖမ်းခံရတုန်းပဲလား"

သူမက ထထိုင်ကာ ဝိုင်ကိုတစ်ငုံသောက်ရင်း မေးလိုက်သည်။ ဒုက္ခပါပဲ။ မိမိ ဘယ်လိုပြောရမှာပါလိမ့်။ ပြီးမှ

"ဟင့်အင်း မင်းအရင်စပြော၊ မင်းမှာ ပြောစရာတွေအများကြီးရှိတယ်ဆို"

"ကောင်းပြီ၊ နံပါတ်တစ် လစ်ဆာကိုစော်ကားသွားတာ ဘယ်သူဆိုတာ ကျွန်မသိပြီ၊ သူ့နာမည်က ဟာဗေးဂျွန်ဂျုန်းတဲ့၊ သူက ဖီလဒဲဖီးယားမြို့မှာနေတယ်"

အလိုလေးလေး ဟာဗေး မျက်နှာမပျက်အောင် အတော်ပင်ကြိုးစားဆောင်ထားလိုက်ရ၏။ ယခုလိုလာမိ၍ တော်ပေသေးသည်။ သူက



"သက်သေခံအထောက်အထားရှိလို့လား"

"သူ့အခန်းကို ကျွန်မရောက်သွားတယ်၊ သူ့သားအခန်းကလူက သော့တူနဲ့ အခန်းကိုဖွင့်ပြီး ကျွန်မကိုဝင်ခိုင်းတယ်"

ဤမိန်းမလျာအဘိုးကြီးတော့ ပြန်မှလည်ပင်းကိုလိမ်ချိုးလိုက်ဦးမည်။ ဂျင်နီက

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သူဆောင်းလာခဲ့တဲ့ဘေ့စ်ဘောဦးထုပ်တွေ့ခဲ့တယ်၊ တံခါးဘေးက အင်္ကျီချိတ်စင်မှာချိတ်ထားတာ"

ဟောဗျာ၊ ဤဦးထုပ်ကို မိမိလွှင့်ပစ်ခဲ့ရလျှင်အကောင်းသား။ မိမိအား ခြေရာခံလိုက်မည်ဟု မထင်မိခဲ့။

"မင်းသိပ်တော်တာပဲ"

သူကပြောလိုက်သည်။ ဤသတင်းကိုကြားရလျှင် စတီတစ်ယောက်မည်မျှဝမ်းသာလိုက်မည်နည်း။ သူ့အပြစ်မှလွတ်သွားမည်မဟုတ်လား။ သူကဆက်၍

"မင်းကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင်မသိဘူး"

"ကျွန်မ တစ်ခုစဉ်းစားမိတယ်"

ဖီလဒဲဖီးယားကိုပြန်ပြီး ရဲတွေမလာခင် ထိုဦးထုပ်ကိုဖျောက်ဖျက် ပစ်ရလျှင် ကောင်းလေမည်လား။

"ဒီအကြောင်းနဲ့ပတ်သက်ပြီး မင်းရဲတွေကိုတိုင်ထားပြီးပြီမဟုတ်လား"

"ဟင့်အင်း၊ ကျွန်မ မစ်ရှ်ဆီကိုဖုန်းဆက်ပြီးမှာခဲ့တယ်၊ သူဖုန်းပြန်မဆက်သေးဘူး"

တော်ပါသေးရဲ့။ မိမိတွင် အခွင့်အရေးရှိနေသေးသည်။ ဂျင်နီက ဆက်၍

"မပူပါနဲ့၊ ကျွန်မတို့ သူ့ကိုတွေ့ပြီဆိုတာ သူမသိသေးပါဘူး၊ အကောင်းဆုံးအပိုင်းကို ရှင် မကြားရသေးဘူး၊ ကျွန်မတို့သိထားတဲ့ထဲက ဂျုန်းဆိုတဲ့နာမည်ပါတဲ့လူ ရှင်သိလား"

ဘာရင်တန်ဟုပြောလိုက်ရလျှင် ကောင်းမည်လား။ စတီဆိုလျှင် ထိုသို့ စဉ်းစားနိုင်မည်လား။ သူက

"ဒီနာမည်က အသုံးများတဲ့နာမည်ပဲ"

"ဘာရင်တန်လေ၊ ဟာဗေးကို ဘာရင်တန်က သားအဖြစ်မွေးလာခဲ့တာ"

မိမိ အံ့အားသင့်သည့်အမူအရာမျိုးလုပ်မှဖြစ်မည်။

"အံ့ဩစရာပဲ"

မိမိ မျောက် ဘာဆက်လုပ်ရမည်နည်း။ ဖခင်ဆိုလျှင်တော့ စဉ်းစားတတ်

www.burmeseclassic.com

www.burmeseclassic.com



မည်။ မိမိ၏အကြောင်းတွေကိုဖုန်းဆက်ပြောမှဖြစ်မည်။ မိမိဖုန်းဆက်ရန်အကြောင်း ရှာဦးမှ၊ ဂျင်နီက သူ့လက်ကိုကိုင်လျက်

"ဟော့ ရှင့်လက်တွေကြည့်စမ်း"

ဒုက္ခပါပဲ။ ဘာပြောဦးမည်မသိသေး။

"ဘာဖြစ်လို့လဲ"

"လက်သည်းတွေကအရှည်မြန်လိုက်တာ။ရှင်အချုပ်ထဲက ထွက်လာတုန်းက ရှင့်လက်သည်းတွေကျိုးပဲ့လာခဲ့တယ်မဟုတ်လား၊ အခုတော့လည်း လှလှပပနဲ့ ပါလား"

"ကိုယ်က ဘာမဆိုပုံမှန်ပြန်ဖြစ်လွယ်တယ်"

ဂျင်နီက သူ၏လက်ဖဝါးများကို လျှာနှင့်လျက်နေသည်။ သူက

"မင်း ဒီနေ့သိပ်ကဲနေပါလား"

"ဟုတ်တယ်၊ ကျွန်မစိတ်တွေသိပ်ပြီးပြင်းထန်နေတယ်၊ရှင်ဆိုလိုတာ ကျွန်မ သိပါတယ်၊ ပြီးခဲ့တဲ့အပတ်တုန်းကတော့ ကျွန်မ ရှင့်ကို အတင်းတွန်းလွှတ်ခဲ့ပြီး ခုတော့ ရှင့်ကို ဝါးစားတော့မလိုဖြစ်နေတာကို ပြောတာမဟုတ်လား"

သူက ခေါင်းညိတ်လျက်

"ဟုတ်တယ်လေ အဲဒါမျိုးပေါ့"

"ကျွန်မက အဲဒီလိုပဲ၊ ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး ကျွန်မ ဆုံးဖြတ်လိုက်ပြီဆိုရင် အဲဒီအတိုင်းပဲ၊ ကောင်းပါပြီ၊ ကျွန်မ နောက်ဆုတ်ပါတော့မယ်"

သူမက ဆိုဖာပေါ်မှခုန်ထကာ မီးဖိုခန်းထဲဝင်သွားပြီး ဒယ်အိုးဖြင့် ကြက်ဥမွှေကြော်ကိုယူလာသည်။ လေးလွန်းသဖြင့် လက်နှစ်ဖက်နှင့်မ,လာရ၏။ သူမက

"မနေ့ကတည်းက ရှင့်အတွက် ကျွန်မအစားအသောက်တွေဝယ်ထားတာ၊ ဆာနေပြီလား"

ဒယ်အိုးမှာဖုံတွေတက်နေ၏။ သူမသိပ်ချက်ပြုတ်ဟန်မတူ၊ သူမက ပန်းကန် သုတ်သည့်အဝတ်ဖြင့် ဒယ်အိုးကိုသုတ်လိုက်ပြီး

"ကြက်ဥစားမလား"

"သိပ်မစားချင်ပါဘူး၊ ကဲ ပြောပါဦး၊ မင်းအရင်က လမ်းသရဲလုပ်ခဲ့သေး တယ်မဟုတ်လား"

သူမက ဒယ်အိုးကိုချလျက်

"ဟုတ်တယ်၊ ခဏပါ၊ အဝတ်တွေကိုဆုတ်ပြီးဝတ်တယ်၊ ဆံပင်ကို အစိမ်း ရောင်ဆိုးခဲ့တယ်"



"မူးယစ်ဆေးဝါးရော"

"ကျောင်းမှာ ပိုက်ဆံရှိတဲ့အခါ အက်ဖီတမင်းသောက်တတ်တယ်"

"အသားကို ဘယ်နေရာမှာဖောက်သလဲ"

"နှာခေါင်းမှာဖောက်တယ်၊ အသက်ဆယ့်ငါးနှစ်ကျတော့ ကျွန်မတင်းနစ် စရိုက်ပြီး လမ်းသရဲလမ်းစဉ်တွေ စွန့်ပစ်လိုက်တယ်"

ထို့နောက် ဂျင်နီက ဆက်၍

"ရှင့်အဖေနဲ့ပတ်သက်ပြီး ကျွန်မကို မပြောသေးဘူး၊ ရှင်သူ့ကို လွတ်အောင် လုပ်ပေးခဲ့ပြီလား"

"ကိုယ် အိမ်ကိုဖုန်းပြန်ဆက်ပြီး နောက်ဆုံးအခြေအနေမေးကြည့်ချင်တယ်"

အကယ်၍ တယ်လီဖုန်းတွင် ဂဏန်းခြောက်လုံးလှည့်သံသူမ ကြားသွားမည် ဆိုလျှင် မြို့တွင်းဖုန်းကိုလှည့်နေမှန်း သူမသိသွားမည်။ ဖခင် အပြောအရ စတိလိုဂန်မှာ ဝါရှင်တန်တွင်နေသည်ဟု သိထားရသည်။ထို့ကြောင့် သူကတယ်လီဖုန်းအောက် ခလုတ်ကိုလက်နှင့်အသာဖိထားပြီးတွေ့ကရာဂဏန်းသုံးလုံးကိုကောက်လှည့်လိုက် သည်။ ပြီးမှ ဖခင်၏ဖုန်းဂဏန်းခြောက်လုံးကို လှည့်လိုက်၏။ ဖခင်က ဖုန်းကိုင်သဖြင့် ဟာဗေးက

"ဟဲလို အမေ"

ဟာဗေးက တယ်လီဖုန်းစကားပြောခွက်ကို ခပ်တင်းတင်းဆုပ်ကာ

"ဘယ်သူလဲ၊ ဖုန်းမှားနေတယ်" ဟူ၍ ဖခင် မိမိမှန်းမသိဘဲ ပြောလာမည်ကို စိုးရိမ်နေမိသည်။ သို့ရာတွင် ဖခင်က ချက်ချင်းပင်သိသွားပြီး

"မင်း ဂျင်နီဆီကိုရောက်နေတယ်မဟုတ်လား"

"ဟုတ်တယ်၊ အမေ အချုပ်ကလွတ်ပြီလားဆိုတာလှမ်းမေးတာ"

"ဗိုလ်မှူးကြီးလိုဂန် အဖမ်းခံထားရတုန်းပဲ၊ ဒါပေမဲ့ ထောင်ထဲမှာတော့ မဟုတ်ဘူး၊ စစ်ရဲတွေက ဖမ်းထားတာ"

"ဆိုးတာပဲဗျာ၊ ကျွန်တော်အခုလောက်ဆိုရင် သူလွတ်လောက်ပြီလို့ထင် နေတာ"

ဖခင်က မရိုတရိုဖြင့်

"သား အဖေ့ကိုပြောလို့ရမလား၊ ဘာတွေသိရသလဲ"

ဟာဗေးက ဂျင်နီအား မကြာခဏလှည့်ကြည့်ကာ မိမိ၏ဟန်ဆောင်မှုကို သူ ယုံမယုံအကဲခတ်ချင်သည်။ သို့ရာတွင်ဘေးသို့ကြည့်လိုက်ပါက ဟန်ပျက်သွား နိုင်သည် မို့နံရံကိုသာစူးစိုက်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဂျင်နီကတော့ သိပ်တော်တာပဲ အမေရယ်၊ တကယ့်မုဒိမ်းကောင် အစစ်ကို သူတွေ့ထားပြီ၊ သူ့နာမည်ကဟာဗေးဂျုန်းတဲ့၊ ရဲစုံထောက်ဆီက ပြန်အဆက်ကိုစောင့်နေတာ၊ အဲဒီလူဆက်ရင် အဲဒီသတင်းတွေ သူပြောပြလိုက်မယ်တဲ့"

"ခက်ကုန်ပြီ၊ အတော်ကို ကြောက်စရာပါလား"

"ဟုတ်တယ်၊ ဝမ်းသာစရာမကောင်းဘူးလား"

"ငါတို့ကြိုသိရလို့ တော်သေးတာပေါ့။ ဂျင်နီ ရဲတွေကိုဖွင့်မပြောအောင် ခင်းမလုပ်နိုင်ဘူးလား"

"လုပ်နိုင်မယ်လို့ ထင်တာပဲ"

"ဂျနတီကိုကုမ္ပဏီနဲ့ပတ်သက်လို့ရော ငါတို့နဲ့ပတ်သက်ပြီးရော သူသိထားတာတွေ လူသိရှင်ကြားထုတ်ပြောဖို့အစီအစဉ်ရှိလား"

"အဲဒါတော့ မသိသေးဘူး"

မိမိ ပြောမှားဆိုမှားမဖြစ်မီ ဖုန်းကို ပြန်ချချင်လှပြီ။ ဖခင်က

"အဲဒါကို သိအောင်လုပ်ကွာ၊ အဲဒါက အရေးကြီးတယ်"

"ကောင်းပြီ၊ အဖေအမြန်လွတ်ပါစေလို့ ကျွန်တော်ဆုတောင်းနေမယ်၊ တစ်ခုခုထူးခြားရင် ဒီကိုဖုန်းဆက်လိုက်နော်၊ ဟုတ်လား"

"စိတ်ချရပါ့မလား"

"စတီနဲ့ပြောချင်တယ်လို့သာ ပြောလိုက်ပါ"

သူတာပြောပြီး ဟာသတစ်ခုနှယ် ရယ်လိုက်သည်။

"ဂျင်နီက ငါ့အသံကိုမှတ်မိမှာပေါ့ကွ၊ အေးလေ ပရက်စတန်ကို ဆက်ခိုင်းမယ်"

"အဲဒါကောင်းတယ်"

"ဒါပဲနော်"

ဟာဗေး ဖုန်းချလိုက်သည်။ ဂျင်နီက

"ရဲတပ်ဖွဲ့ကို ကျွန်မဖုန်းထပ်ဆက်ဦးမှဖြစ်မယ်ထင်တယ်၊ ဒါ ဘယ်လောက်အရေးကြီးတယ်ဆိုတာ သူတို့ သဘောပေါက်ပုံမရဘူး"

သူမက ဖုန်းကိုကောက်ကိုင်လိုက်သည်။ မိမိ သူမကိုသတ်ပစ်ရတော့မည်မှန်းသဘောပေါက်နေ၏။ သူက

"ကိုယ့်ကို အရင်နမ်းပါဦးကွာ"

လှမ်းဖက်လာသည့် သူ၏လက်ကြားထဲသို့ ဂျင်နီဝင်လိုက်သည်။ မီးဖိုစားပွဲကိုသူမမှီထား၏။သူနမ်းရန်အတွက် ပါးစပ်ကိုဖွင့်ပေးထားသည်။သူက သူမ၏



နံဘေးကိုပွတ်သပ်လျက်

"ဆွယ်တာလေးက ကောင်းလိုက်တာ"

နောက်ပြီး သူက ဂျင်နီအား ပွတ်သပ်နေသည်။

သို့ရာတွင် သူမစိတ်က ထင်သလောက်မပါလှ။ စိတ်ကိုလျှော့ထားလိုက်သည်။ ထုံးစံအတိုင်း သူမ အနည်းငယ်ရှက်နေမိ၏။

သူမစိတ်ထဲ၌ ထင့်နေသည်။ချစ်ရေးကြိုက်ရေးကို အာရုံစူးစိုက်၍မရ။ မိမိကိုယ်ကိုမကျေမနပ်ဖြစ်နေမိသည်။ ယမန်နေ့ကမှ မိမိမှာစိတ်ရောဂါသည် တစ်ယောက်ပမာ ခါးခါးသီးသီးငြင်းဆန်ခဲ့သည်။ ယနေ့တော့ ထိုအဖြစ်မျိုးမဖြစ်စေချင်။ ဤသည်ကို သူကသိ၍ထင်၏။ ကိုယ်ကိုမတ်မတ်ရပ်ကာ

"ကဲ ထိုင်ကြရအောင်"

သူမလက်ခံသည်အထင်ဖြင့် သူကခုံရှည်ပေါ်တွင်ထိုင်လိုက်သည်။ သူမကလည်း လိုက်လာ၏။ သူက မျက်ခုံးမွေးကိုလက်ညှိုးကလေးဖြင့်သပ်ရင်း သူမကို လှမ်းဆွဲလိုက်သည်။ သူမက နောက်သို့ ရုတ်တရက်ရှောင်လိုက်၏။ သူက

"ဘာဖြစ်တာလဲ"

အို မဖြစ်ဘူး မဖြစ်ဘူး။

"ရှင် ရှင့်မျက်ခုံးမွေးကို ဒီလိုသပ်သလား"

"ဘာကိုလဲ"

သူမက ခုံရှည်ပေါ်မှ ဆတ်ခနဲထရပ်လိုက်သည်။ ပြီးတော့ အသံကုန်အော်ရင်း

"ရှင် လူယုတ်မာ၊ ရဲဇာင်းလှချည်လား"

"ဘာတွေဖြစ်တာလဲ"

သူက ပြောလိုက်သော်လည်း ဟန်ဆောင်မှုကသိပ်မပီပြင်လှ။ သူမမျက်နှာကို အကဲခတ်ခြင်းဖြင့် မိမိကိုသူရိပ်မိနေပြီဟုအလိုလိုသိလိုက်သည်။ သူမက အသံကုန်ဟစ်ကာ

"ရှင် ကျွန်မအိမ်က ချက်ချင်းထွက်သွားပါ"

သူက ဘာမှမဖြစ်သလိုဖြင့်

"ပထမတုန်းကတော့ မင်းကပဲ အသဲအသန်ကဲနေပြီး ခုတော့လည်း ကန်တန်တန်နဲ့"

"ရှင်ဘယ်သူလဲဆိုတာ ကျွန်မသိတယ်၊ သေချင်းဆိုး၊ ရှင်ဟာ ဟာဗေးပဲ"

သူက ဟန်မဆောင်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်လိုလုပ်သိတာလဲ"

"ရှင်က မျက်ခုံးမွေးကို လက်ညှိုးထိပ်ကလေးနဲ့သပ်တယ်၊ ဘာရင်တန်လုပ်တဲ့ပုံစံမျိုး"

"ကဲ အဲဒီတော့ ဘာဖြစ်လဲ၊ ငါတို့နှစ်ယောက်က တစ်ထေရာတည်းတူနေတယ်ဆိုရင် ငါ့ကို စတီလိုပဲသဘောထားလိုက်ပေါ့"

"ရှင် အခုချက်ချင်းထွက်သွားပါ"

"ဒီအချိန်ရောက်လာမှတော့ စနဲ့တင့်ငုံကြီးနဲ့ ကျုပ်ထွက်မသွားနိုင်ဘူး"

ဘုရား အူရား ဒုက္ခတော့လှလှကြီးတွေ့နေပြီ။ ဤအကောင်သည် တကယ့်တိရစ္ဆာန်။

"ရှင် ကျွန်မနားမကပ်နဲ့"

သူက ပြုံးပြုံးကြီးနှင့် ရှေ့သို့တိုးလာရင်း

"မင်းကို အရှေ့ခွဲခွာကြည့်ချင်လို့"

အစွမ့်လူယုတ်မာများသည် သားကောင်ကိုကြောက်ရွံ့အောင်လုပ်ရမှ ကျေနပ်သည်ဟု ရှဲစုံထောက်မစ်ရှ်ပြောသည်ကိုကြားခဲ့ဖူးသည်။သူမက အသံကို တည်ငြိမ်အောင်ထားပြီး

"ကျွန်မ ရှင့်ကိုမကြောက်ဘူး၊ ကျွန်မကိုထိဝံ့ထိကြည့်၊ ကျွန်မရှင့်ကို သတ်ပစ်မယ်၊ တကယ်ပြောတာ"

သူက ကြောက်စရာကောင်းလောက်အောင် လျင်မြန်စွာတိုးကပ်လာပြီး သူမအားဆွဲ၍မ,ကာ ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။

ဖုန်းမြည်လာ၏။ သူမက အော်လျက်

"ကယ်ကြပါ၊ မစ္စတာအော်လီဗာ ကျွန်မကိုကယ်ပါဦး"

ဟာဗေးက ပန်းကန်သုတ်သည့်အဝတ်ကို မီးဖိုစားပွဲပေါ်မှလှမ်းယူပြီး ဂျင်နီ၏ပါးစပ်ထဲသို့အတင်းထိုးထည့်လိုက်ရာ နှုတ်ခမ်းများပင်နာကြင်သွားသည် သူမမှာ အသက်မရှူနိုင်တဲ့ ချောင်းတွေဆိုးလာ၏။သူမအဝတ်ကို ပါးစပ်ထဲမှဆွဲမထုတ်နိုင်စေရန် သူမ၏လက်များကို သူ့ကချုပ်ကိုင်ထားသည်။ဂျင်နီက အဝတ်ကိုလျှာဖြင့်တွန်းထုတ်ကြည့်၏။ သို့သော် မရ။ အဝတ်လုံးမှာ ကြီးလွန်းနေသည်။ မိမိအော်သံကို မစ္စတာအော်လီဗာကြားပါလေစ။ မစ္စတာအော်လီဗာမှာ အသက်ကလည်းကြီးပြီး ရုပ်မြင်သံကြားကို အမြဲတမ်းအကျယ်ကြီးဖွင့်ထားလေ့ရှိသည်။

တယ်လီဖုန်းက ဆက်မြည်နေ၏။

ဟာဗေးက သူမ၏ဂျင်းဘောင်းဘီကို ခါးမှဆွဲနေသည်။ ဂျင်နီက ရုန်းသည်။



သူကမျက်နှာကို ဖျတ်ရိုက်လိုက်သဖြင့် ဂျင်နီကြယ်တွေ လာတွေမြင်သွားရသည်။ သူမ တစ်ချက်တွေဝေနေစဉ် သူက ဂျင်နီ၏ ဂျင်းဘောင်းဘီကို ဆွဲခွာပစ်လိုက်၏။

ဂျင်နီက ပါးစပ်ထဲမှအဝတ်ကိုဆွဲထုတ်လိုက်ပြီး

"ကယ်ကြပါ၊ ကျွန်မကို ကယ်ကြပါ"

ဟာဗေးက သူ၏ကြီးမားသောလက်ကြီးဖြင့် သူမ၏ပါးစပ်ကို ပိတ်ထားရာ သူမအော်သံမှာ တဝူးဝူးတဝါးဝါးဖြစ်နေသည်။ ပြီးတော့ ကြမ်းပြင်ပေါ်သို့ လဲကျသွားရာ အသက်ပင်မရှူနိုင်တော့။ ခေတ္တမျှ သူမဘာမျှမလုပ်နိုင်ဘဲ အသက်ကိုကြိုးစားရှူနေရ၏။သူက လက်သီးဖြင့် ဂျင်နီ၏ပေါင်ကိုထိုးပစ်လိုက်သည်။ပြီးတော့ သူမအပေါ် တက်ဖိလိုက်၏။သူမကအတင်းရုန်းကန်သည်။သို့သော် သူ့ခန္ဓာကိုယ်ကြီးက အတော်ပင် လေးနေသည်။

ဖုန်းက ဆက်၍မြည်နေ၏။ ထို့နောက် တံခါးလူခေါ်ခေါင်းလောင်းမြည်လာသည်။ ဟာဗေးက ရပ်တန့်သွားခြင်းမရှိ။

ဂျင်နီကပါးစပ်ကိုဟလိုက်သည်။ ဟာဗေး၏လက်ချောင်းများ သူမ၏ပါးစပ်ထဲသို့ဝင်လာ၏။သူမကသွားကျိုးချင်ကျိုးပါစေသဘောထားကာ တအားကိုက်ပစ်လိုက်သည်။သွေးပူပူများ ပါးစပ်ထဲသို့စီးကျလာ၏။နာကျင်စွာသူတစ်ချက်အော်လိုက်ပြီး လက်ကိုအတင်းဆွဲထုတ်သွားသည်။

တံခါးလူခေါ်ခေါင်းလောင်းမှာ အဆက်မပြတ်မြည်နေသည်။ ဂျင်နီက ဟာဗေး၏သွေးများကိုထွေးထုတ်လိုက်ပြီး အသံကုန်ဟစ်ကာ

"ကယ်ကြပါ၊ ကယ်ကြပါ၊ ကယ်ကြပါ"

ကျယ်လောင်သော ထုရိုက်သံကြီးတစ်ခု အောက်ထပ်ဆီမှ ကြားလိုက်ရ၏။ နောက်ထပ်တစ်ချက် ကြားလိုက်ရပြန်သည်။ ထို့နောက် သစ်သားကျိုးပဲ့သံများ ထွက်ပေါ်လာ၏။

ဟာဗေးက လက်မှဒဏ်ရာကိုဆုတ်ကိုင်ကာ လူးလဲထသည်။ ဂျင်နီကလည်း လူးလဲထကာ ခြေလှမ်းသုံးလှမ်းမျှ နောက်ကိုဆုတ်လိုက်သည်။

တံခါးဝုန်းခနဲပွင့်လာသည်။ ဟာဗေးက လှည့်ကြည့်လိုက်ရာ ဂျင်နီအား ကျောခိုင်းလျက်သားဖြစ်သွားသည်။ စတီဝင်လာ၏။

စတီနှင့်ဟာဗေးတို့မှာ တစ်ယောက်ကိုတစ်ယောက် အံ့အားသင့်ကာ စေ့စေ့စိုက်ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ တစ်ထေရာတည်း။ နှစ်ယောက်သားထိုးကြိတ်ကြလျှင်တော့ မည်သို့ဖြစ်မည်မသိ။ အရပ်ကလည်းအတူတူ၊ ကိုယ်အလေးချိန်ကလည်းအတူတူ၊ အင်အားကလည်းအတူတူ၊ ကြံ့ခိုင်မှုကလည်းအတူတူ၊ မဆုံးနိုင်အောင်ထိုးကြိတ်သတ်ပုတ်နေရမည့်ပင်။

ရုတ်တရက် ဂျင်နီကဘဲဥမွှေကြော်ဒယ်အိုးကိုလက်နှစ်ဖက်နှင့် ကောက်ကိုင်လိုက်၏။ တင်းနစ်ကွင်းတွင် သူမ၏နာမည်ကြီးလက်နှစ်ဖက်စုံကိုင်၍ လက်ပြန်ရိုက်ချက်မျိုးအတိုင်းရှေ့ခြေကိုအားပြုကာ လက်ကောက်ဝတ်ကိုတောင့်တောင့်ထားလျက်ရှိသမျှအားဖြင့် လွှဲရိုက်ချလိုက်သည်။

ရိုက်ချက်မှာ ဟာဗေး၏နောက်စေ့သို့တည့်တည့်ကြီးထိမှန်သွားတော့သည်။ ကြောက်မက်ဖွယ်ရာ ခွပ်ခနဲအသံနှင့်အတူ ဟာဗေး၏ခြေထောက်များခွေကာ ဒူးထောက်၍ယိုင်သွားသည်။ ဂျင်နီက ပြေးသွားပြီး သူ၏ထိပ်တည့်တည့်သို့ ဒယ်အိုးဖြင့်တအားမြှောက်ကာ ရိုက်ချလိုက်ပြန်သည်။ ဟာဗေးမှာ မျက်လုံးများလည်သွားပြီးကြမ်းပြင်ပေါ်သို့ ဘုံးခနဲလဲကျသွားတော့သည်။

စတီက

"တော်ပါသေးရဲ့၊ လူမှားမရိုက်မိလို့"

ဂျင်နီ တဆတ်ဆတ်တုန်လာသည်။ သူမက ဒယ်အိုးကြီးကိုပစ်ချပြီး မီးဖိုခန်းသုံးခွေးခြေပေါ်သို့ ထိုင်ချလိုက်သည်။ စတီက သူမအားဖက်လျက်

"အားလုံးပြီးသွားပါပြီကွာ"

"မပြီးသေးဘူး၊ အခုမှ အစပဲရှိသေးတယ်"

တယ်လီဖုန်းက မြည်နေပြန်၏။

○ ○ ○

# အခန်း (၅၇)

"မင်းတီးလိုက်တာ ဒီကောင်မှောက်သွားပြီ၊ သူကဘယ်သူလဲ"

စတီက မေးလိုက်သည်။ ဂျင်နီက

"သူ့နာမည်က ဟာဗေးဂျုန်း၊ ဘာရင်တန်ဂျုန်းရဲ့သားလေ"

စတီက အံ့အားသင့်သွားပြီ။

"ဘာရင်တန်က ဒီရှစ်ယောက်မှာတစ်ယောက်ကို သူ့သားအဖြစ်မွေးယူခဲ့တယ်ပေါ့၊ ဖြစ်မှဖြစ်ရလေ"

ဂျင်နီက ကြမ်းပြင်ပေါ်တွင် သတိလစ်နေသော ဟာဗေးကိုစိုက်ကြည့်ရင်း

"ကျွန်မတို့ ဘာလုပ်ကြမလဲ"

"ပထမဆုံး ဖုန်းကိုင်လိုက်ပါလား"

ဂျင်နီ ဖုန်းကိုကောက်ကိုင်လိုက်သည်။ ဖုန်းဆက်သူမှာ လစ်ဆာဖြစ်နေ၏။ ဂျင်နီက ဆိုင်းမဆင့် ဗုံမဆင့်

"ငါ နင့်လိုဖြစ်တော့မလို့"

"ဟယ် ဖြစ်မှဖြစ်ရလေ"

"ဟိုအကောင်ပဲကွ"

"မယုံနိုင်စရာပဲ၊ ငါ အခုလာခဲ့ရမလား"

"ကျေးဇူးပဲ၊ လာရင်ကောင်းတယ်"

ဂျင်နီက ဖုန်းကိုချလိုက်သည်။ ဂျင်နီမှာ ကြမ်းပေါ်သို့ပစ်လျှော့ချလိုက်ရသည့်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ကြောင့် ကိုက်ခဲနေသည်။ ပါးစပ်ထဲသို့ အဝတ်ထိုးသွင်းသည့်ဒဏ်ကြောင့်လည်း ပါးစပ်မှာနာနေသည်။ ပါးစပ်ထဲဟာဖေးသွေးနံ့များရှိနေဆဲ။ ထို့ကြောင့် ဖန်ခွက်ထဲသို့ရေထည့်၍ ပလုတ်ကျင်းကာလက်ဆေးကြွေခွက်ထဲသို့ ထွေးထုတ်လိုက်သည်။ ထို့နောက် သူမက

"ကျွန်မတို့ဟာ အန္တရာယ်နယ်မြေကိုရောက်နေပြီ စတီ၊ ကျွန်မတို့နဲ့ ဆန့်ကျင်ဘက်လူတွေမှာ အာဏာရှိတဲ့မိတ်ဆွေတွေရှိနေတယ်"

"ကိုယ်သိတယ်"

"သူတို့ ကျွန်မတို့ကိုသတ်ချင်သတ်လာမှာ"

"ဖြစ်ပျက်တဲ့အကြောင်းလေး ပြောပြပါဦး"

ထိုအကြောင်းများကိုစဉ်းပင်မစဉ်းစားရဲ။ ဤသည်တို့ကို ကြောက်နေ၍ မရဟုလည်း ဂျင်နီတွေးမိသည်။ သူမက

"တကယ်လို့ ကျွန်မသိထားတာတွေ ဘယ်သူမှလျှောက်မပြောဘူးလို့ ကတိပေးရင် သူတို့ ကျွန်မကိုမသတ်ဘဲလွှတ်နိုင်တယ်လို့ ရှင်ထင်သလား"

စတီက ခေတ္တမျှစဉ်းစားပြီးနောက်

"ကိုယ်ကတော့ မထင်ဘူး"

"ကျွန်မလည်း မထင်ဘူး၊ ဒါဆိုရင် ကျွန်မတို့ ပြန်တိုက်ရုံကလွဲပြီး ဘာမှမရှိတော့ဘူး"

ထို့နောက် လှေကားမှခြေသံကြားပြီး မစ္စတာအော်လီဗာ တံခါးပေါက်မှ ခေါင်းပြူကြည့်နေသည်ကို တွေ့လိုက်ရသည်။ သူက

"ဒီမှာ ဘာတွေဖြစ်နေကြတာလဲ"

ပြောရင်း ကြမ်းပြင်ပေါ်၌ သတိလစ်လဲကျနေသော ဟာဖေးကို ကြည့်လိုက် စတီကိုပြန်ကြည့်လိုက်ဖြင့်

"ဟာ ဖြစ်မှဖြစ်ရလေ"

စတီက ဂျင်နီ၏ အနက်ရောင်ဂျင်းဘောင်းဘီကို ကောက်ယူပြီး သူမအား ပေးလိုက်သည်။သူမကလည်း ကပျာကရာဝတ်လိုက်၏။ မစ္စတာအော်လီဗာက ဟာဖေးကိုညွှန်ပြလျက်

"ဖီလဒဲဖီးယားမြို့တုန်းကကောင်ဆိုတာ သူဖြစ်မယ်၊ သူ့ကိုမင်းရည်းစားလို့ ထင်သွားတာလည်း မမှားဘူး၊ သူတို့နှစ်ယောက်ကအမြွှာတွေဖြစ်ရမယ်"

စတီက

"သူသတိပြန်မရခင် သူ့ကိုကြိုးနဲ့တုပ်ထားဦးမှ၊ ကြိုးရှိလား ဂျင်နီ"



မစ္စတာအော်လီဗာက

"ကျုပ်မှာ ဝါယာကြိုးတွေရှိတယ်၊ လျှပ်စစ်ပစ္စည်းတွေထည့်တဲ့ သေတ္တာထဲမှာ၊ ယူလိုက်ဦးမယ်"

ပြောပြီးသူထွက်သွားသည်။ဂျင်နီက စတီအား ကျေးဇူးတင်စွာဖြင့် လှမ်းဖက်လိုက်၏။ သူမ အိပ်မက်ဆိုးကြီးမှ လန့်နိုးလာသလိုလည်း ခံစားနေရ၏။ သူမက

"သူ့ကို ကျွန်မက ရှင်မှတ်လို့ မနေ့ကအတိုင်းဖြစ်တာ၊ ဒါပေမဲ့ ဒီနေ့တော့ မနေ့ကလို မယုံသင်္ကာမဖြစ်မိဘူး"

"ကိုယ်တို့နှစ်ယောက်ကြားမှာ စကားဝှက်တွေသတ်မှတ်ထားမှ ဖြစ်မယ်၊ ဒါမှ နောက်ထပ်ဒါမျိုးမဖြစ်မှာ"

"ကဲ ဒါဆိုလည်း အခုပဲ လုပ်ကြရအောင်၊ တနင်္ဂနွေနေ့တုန်းက ရှင်တင်းနစ်ကွင်းမှာ ကျွန်မနားကပ်လာပြီး ကျွန်တော်လည်း တင်းနစ်နည်းနည်းပါးပါးရိုက်တတ်တယ်လို့ပြောသွားတယ်"

"မင်းကလည်း နည်းနည်းပါးပါးရိုက်တတ်ရင် ကျွန်မနဲ့ယှဉ်မရိုက်နဲ့လို့ ပြောသွားတယ်"

"အဲဒါတွေဟာ စကားဝှက်ပဲ၊ တစ်ယောက်က ပထမစကားကို ပြောလိုက်ရင် နောက်တစ်ယောက်က ကျန်တဲ့စကားကိုလိုက်ပြောရမယ်"

"ဟုတ်ပြီ"

မစ္စတာအော်လီဗာ လျှပ်စစ်ကိရိယာများထည့်သည့်သေတ္တာဖြင့် ပြန်ရောက်လာသည်။ ပြီးတော့ သူကဟာဖေးကိုပက်လက်လှန်လိုက်ပြီး လက်နှစ်ဖက်ထပ်ကာ ကြိုးဖြင့်ချည်လိုက်သည်။ လက်ချောင်းလေးများကိုလွှတ်ထား၏။ စတီက

"လက်ကို ဘာဖြစ်လို့လက်ပြန်ကြိုးမချည်တာလဲ"

"ကန်တော့ပါရဲ့၊ သူအပေါ့သွားရင် လွယ်ကူအောင်လို့ပါ၊ ကျုပ် စစ်အတွင်းက ဥရောပမှာ အဲဒီနည်းကိုတတ်ခဲ့တာ"

သူက ဟာဖေး၏ခြေထောက်များကို ကြိုးချည်နေရင်း

"ဒီကောင် မင်းတို့ကိုဒုက္ခမပေးနိုင်တော့ပါဘူး၊ကဲ အိမ်ရှေ့တံခါးကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ဂျင်နီက စတီအား လှမ်းကြည့်လိုက်သည်။ စတီက

"ကိုယ် တံခါးကိုချိုးပြီးဝင်လာခဲ့ရတာ"

"ဒါဆို လက်သမားခေါ်မှဖြစ်မယ်"

ဂျင်နီကဆိုသည်။ မစ္စတာအော်လီဗာက

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဖေးခြံထဲမှာ သစ်သားအတိုအစလေးတွေရှိတယ်၊ အဲဒါလေးတွေနဲ့ ကပ်ရိုက်လိုက်မယ်၊ ဒါမှ ဒီညတံခါးပိတ်လို့ရမှာ၊ မနက်ဖြန်ကြမှပဲ ဒါထက်ပိုကောင်းအောင်တစ်ယောက်ယောက်ခေါ်ပြီး လုပ်လိုက်တာပေါ့"

ဂျင်နီ သူ့ကို အတော်ပင်ကျေးဇူးတင်သွားသဖြင့်

"အတော့်ကို ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်၊ ဒုတိယကမ္ဘာစစ်ကြီးပြီးကတည်းက အခုအဖြစ်အပျက်ဟာ ကျုပ်အတွက် စိတ်ဝင်စားစရာအကောင်းဆုံးပဲ"

"ကျွန်တော်ကူလုပ်ပေးမယ်လေ"

စတီကဆိုသည်။ မစ္စတာအော်လီဗာက ခေါင်းခါလျက်

"မောင်ရင်တို့နှစ်ယောက်မှာ ဆွေးနွေးစရာတွေအများကြီးရှိပုံရတယ်၊ မောင်ရင်တို့တီးလိုက်လို့လဲနေတဲ့ကောင်နဲ့ပတ်သက်ပြီး ရဲခေါ်သင့် မခေါ်သင့်ဆိုတာမျိုးပေါ့"

ပြောပြီး စကားပြန်မစောင့်ဘဲလျှပ်စစ်ကိရိယာသေတ္တာကိုယူကာ အောက်ထပ်သို့ပြန်ဆင်းသွားသည်။ ဂျင်နီက စဉ်းစားရင်း

"မနက်ဖြန်ဆိုရင် ဂျနတီကိုကုမ္ပဏီကို ဒေါ်လာသန်းတစ်ရာ့ရှစ်ဆယ်နဲ့ လက်လွှဲတော့မယ်၊ ဂျင်မရှစ်လည်း သမ္မတအရွေးခံဖို့ပြင်တော့မယ်၊ လောလောဆယ် ကျွန်မမှာ အလုပ်လည်းမရှိဘူး၊ နာမည်လည်းပျက်နေတယ်၊ သိပ္ပံပညာရှင်တစ်ယောက်အနေနဲ့ ကျွန်မ ဘယ်တော့မှ အလုပ်ပြန်ရတော့မှာမဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မသိထားတဲ့အချက်အလက်တွေနဲ့ဆိုရင်ဒီကိစ္စတွေအားလုံးကို ပြောင်းပြန်လုပ်ပစ်လို့ရတယ်"

"ဒါဆို မင်းက ဘယ်လိုလုပ်မှာလဲ"

"အင်း ဒီလက်တွေ့စမ်းသပ်မှုနဲ့ပတ်သက်ပြီး ကျွန်မကသတင်းစာရှင်းလင်းချက်တစ်စောင်ထုတ်မယ်"

"သက်သေအထောက်အထားတော့ လိုမှာပေါ့"

"ရှင်နဲ့ဟာဗေးဆိုရင် အင်မတန်ကောင်းတဲ့အထောက်အထားဖြစ်သွားပြီပေါ့၊ အထူးသဖြင့် ရှင်တို့နှစ်ယောက်ကို ရုပ်မြင်သံကြားမှာလွှင့်ထုတ်ပြနိုင်မယ်ဆိုရင်"

"အင်း မိနစ်ခြောက်ဆယ်အစီအစဉ်ဆိုရင် ဖြစ်နိုင်တယ်၊ ဒါပေမဲ့ ဟာဗေးက လက်ခံမလား"

"သူ့ကို ကြိုးတုပ်လျက်သား တီဗီရိုက်မှာပေါ့၊ နောက်ပြီးရဲတွေကိုခေါ်မယ်၊ အဲဒီမှာ တီဗီရိုက်နိုင်တာပဲ"



"ဒါပေမဲ့ ပြဿနာက လင်းစ်မင်းကုမ္ပဏီနဲ့ ဂျနတီကိုကုမ္ပဏီတို့ လက်လွှဲပြောင်းမှုကိစ္စ နောက်ဆုံးမလုပ်ခင် ကိုယ်တို့အရင်လုပ်မှဖြစ်မယ်၊ တကယ်လို့ သူတို့လက်ထဲပိုက်ဆံရောက်သွားရင် သူတို့နာမည်မပျက်အောင်လိုက်ပြီး ပိတ်ဆို့လို့ရနိုင်တာပေါ့၊ နောက်ထပ်နာရီပိုင်းအတွင်းရုပ်မြင်သံကြားမှာပါအောင် လုပ်ဖို့ဆိုတာလည်း မလွယ်ဘူး၊ သတင်းစာအရဆိုရင် သူတို့ရဲ့သတင်းစာရှင်းလင်းပွဲဟာ မနက်ဖြန်မနက်မှာလုပ်မှာ"

"ကျွန်မတို့ကလည်း ကိုယ့်ဘာသာသတင်းစာရှင်းလင်းပွဲလုပ်မှာပေါ့"

စတီ လက်ဖျစ်တစ်ချက်တီးလိုက်ပြီး

"ကိုယ်သိပြီ၊ကိုယ်တို့က သူတို့ရဲ့သတင်းစာရှင်းလင်းပွဲကို အတင်းဝင်ကြမယ်"

"ဟာ ဟုတ်တယ်၊ အဲဒီအခါမှာလင်းစမင်းကုမ္ပဏီကလူတွေဟာ လက်မှတ်မထိုးသေးဘဲ လွှဲပြောင်းမှုပျက်သွားနိုင်တယ်"

"ဒါဆိုရင် ဘာရစ်တန်လက်ထဲငွေတွေမရောက်တော့ဘူး"

"ဂျင်ပရှစ်လည်း သမ္မတဝင်အရွေးမခံနိုင်တော့ဘူး"

"ကိုယ်တို့ဟာ အရှုံးတော့ဆန်နေတယ်၊ ဒီလူတွေဟာ အမေရိကန်မှာ သြဇာ အာဏာအရှိဆုံးလူတွေ၊ ကိုယ်တို့ကသူတို့ကိုဖျက်ဆီးဖို့ပြောနေကြတာ"

အောက်ထပ်ဆီမှတူထုသံကြားနေရသည်။ မစ္စတာအော်လီဗာ တံခါးကိုပြင်နေပြီထင်၏။ ဂျင်နီက

"သူတို့တွေဟာ လူမည်းတွေကိုသိပ်မုန်းတာ၊ ဗီဇကောင်းတွေတို့၊ ဒုတိယတန်းစား အမေရိကန်လူမျိုးတွေတို့ဆိုတာ အလကားလျှောက်ပြောနေတာ၊ သူတို့က လူမျိုးကြီးဝါဒနဲ့ ခေတ်သစ်ဖက်ဆစ်ဝါဒကိုရောစပ်နေတာ၊ မစ္စတာအော်လီဗာလိုလူမျိုးကို သူတို့ကဒုတိယနိုင်ငံသားအဆင့်လောက်သာထားချင်ကြတာ၊ ဒါကိုကျွန်မကတော့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

"တစ်ခုခုတော့ စီစဉ်မှဖြစ်မယ်"

"ကောင်းပြီ၊ ဒီလိုလုပ်မယ်၊ ပထမဆုံး ဂျနတီကိုကုမ္ပဏီသတင်းစာရှင်းလင်းပွဲကို ဘယ်မှာလုပ်မလဲဆိုတာ စုံစမ်းမယ်"

"ဘော်လ်တီမိုးမြို့က ဟိုတယ်တစ်ခုခုမှာဖြစ်မှာပေါ့"

"အဲဒီဟိုတယ်တွေအားလုံးဆီကို ကျွန်မတို့ဖုန်းဆွေလျှောက်ဆက်ကြည့်မယ်"

"အဲဒီဟိုတယ်မှာ အခန်းတစ်ခန်းငှားရင်လည်း ကောင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြံကောင်းတယ်၊အဲဒီကျတော့ ကျွန်မက သတင်းစာရှင်းလင်းပွဲ အလယ်မှာဝင်ရပ်ပြီး သတင်းထောက်တွေ၊ သတင်းသမားတွေကိုစကားပြောမယ်"

"သူတို့က မင်းကိုမပြောနိုင်အောင်လုပ်မှာပေါ့"

"လက်ထဲမှာလည်း သတင်းစာရှင်းလင်းချက်စာရွက်ကို အသင့်ကိုင်ထားမယ်၊ အဲဒီအချိန်မှာရှင်ကဟာဗေးနဲ့အတူဝင်ခဲ့၊ အမြွာတွေဆိုရင် ဓာတ်ပုံဆရာတွေက သိပ်ကြိုက်တာ၊ ရှင်တို့နှစ်ယောက်ကို ကင်မရာတွေက ဝိုင်းရိုက်ကြမှာ"

စတီက မျက်မှောင်ကုတ်လျက်

"ဟာဗေးနဲ့ကိုယ် အဲဒီမှာရောက်နေတာနဲ့ မင်းကဘယ်လိုသက်သေပြမှာလဲ"

"ရှင်တို့နှစ်ယောက်က ရုပ်ချင်းတွေတူတော့ လူတွေက အာရုံစိုက်လာမယ်၊ အဲဒီအခါမှာ သတင်းစာသမားတွေက မေးခွန်းတွေမေးလာလိမ့်မယ်၊ ရှင်တို့နှစ်ယောက်ဟာ အမေတစ်ယောက်ဆီကမွေးတာဆိုတဲ့အကြောင်း သူတို့စုံစမ်းဖို့သိပ်ကြာမှာမဟုတ်ဘူး၊ အဲဒါကိုသူတို့သိတာနဲ့တစ်ပြိုင်နက်အဲဒီနောက်ကွယ်မှာ ထူးဆန်းတဲ့လျှို့ဝှက်ချက်ရှိမယ်လို့တွက်လိမ့်မယ်၊ သိမ္မတလောင်းတွေကိုသူတို့ ဘယ်လိုစုံစမ်းထောက်လှမ်းတယ်ဆိုတာ ရှင်လည်းအသိသားနဲ့"

"နှစ်ယောက်တည်းထက်စာရင် သုံးယောက်ဆိုပိုမကောင်းဘူးလား၊ ကျွန်တော့်လူတွေထဲက နောက်ထပ်တစ်ယောက်လောက်ခေါ်ရင် ရနိုင်မလား"

"စမ်းကြည့်တာပေါ့၊သူတို့အားလုံးကိုဖိတ်ကြည့်မယ်လေ၊အဲဒီထဲက အနည်းဆုံးတစ်ယောက်တော့ရောက်လာမှာပဲ"

ကြမ်းပြင်ပေါ်တွင် ဟာဗေးမှာမျက်လုံးဖွင့်လာပြီး ညည်းတွားနေသည်။ ဂျင်နီ သူ့ကိုပင် မေ့နေမိ၏။ သူ့ကိုကြည့်ရသည်မှာ ခေါင်းအတော်နာသွားပုံရသည်။ မိမိလက်စားချေလိုစိတ်ပြင်းထန်သည့်အတွက် စိတ်ပင်မကောင်းမိ။ သူမက

"ကျွန်မ သူ့ကိုရိုက်လိုက်တဲ့ရိုက်ချက်အရဆိုရင် သူဟာ ဆရာဝန်နဲ့နာနပ်ယူရမှာ"

ဟာဗေးမှာ သတိအရမြန်လှသည်။ သူက

"ငါ့ကိုကြိုးဖြည့်ပေးစမ်း၊ ခွေးမ"

ဂျင်နီက

"ဆရာဝန်လည်း မခေါ်မနေတော့ဘူး"

"ငါ့ကို အခုကြိုးဖြေပေးလေ၊ မပေးရင်တော့ ငါလွတ်တာနဲ့နင်အသေပဲ၊ ငါတကယ်ပြောတာ"

ဂျင်နီက ပန်းကန်သုတ်သည့်အဝတ်စဖြင့် သူ့ပါးစပ်ထဲသို့ ထိုးထည့်လိုက်



သည်။ ပြီးတော့

"ပါးစပ်ပိတ်ထားစမ်း ဟာဗေး"

စတီက

"သူ့ကိုကြိုးတုပ်လျက်သား ဟိုတယ်ထဲခေါ်သွားရင် လူတွေစိတ်ဝင်စားစရာ ဖြစ်လာလိမ့်မယ်"

အောက်ထပ်ဆီမှာ မစ္စတာအော်လီဗာအားနှုတ်ဆက်နေသော လစ်ဆာ၏ အသံကိုကြားလိုက်ရသည်။ ခဏကြာတော့ သူမရောက်လာ၏။သူမမှာ အပြာရောင် ဂျင်းဘောင်းဘီ၊ လည်ရှည်ဖိနပ်များကိုစီးထား၏။ လစ်ဆာက စတီနှင့်ဟာဗေးတို့ကို ကြည့်လိုက်ပြီး

"ဒါတွေဟာ တကယ်ကိုဖြစ်နေပါလား"

စတီက ထရပ်လျက်

"လူတွေကိုတန်းစီပြတုန်းက ခင်ဗျားရွေးပြီးပြလိုက်တာ ကျုပ်ပဲ၊ တကယ်တော့ ခင်ဗျားကိုစော်ကားသွားတာကသူ"

ဂျင်နီက ရှင်းပြသည်။

"နှင့်အပေါ်လုပ်ပုံအတိုင်း ငါ့ကိုလည်းလုပ်ဖို့ကြိုးစားတယ်၊ စတီဟာ လက်မတင်လေးရောက်လာပြီး တံခါးကိုချိုးဝင်ခဲ့လို့ပေါ့"

လစ်ဆာက ဟာဗေးရှိရာသို့သွားပြီး အတန်ကြာစိုက်ကြည့်နေသည်။ ပြီးတော့ သူမစီးထားသည့်လေးလံသောဖိနပ်ကြီးဖြင့်အားယူကာ ဟာဗေး၏နံရိုးကို ကန်ချလိုက်သည်။ ဟာဗေးမှာ နာလွန်းသဖြင့်တွန့်လိမ်သွား၏။ သူမက နောက်တစ်ကြိမ်ထပ်ကန်ပြီး

"ဘယ့်နဲ့ရှိစ၊ ဖော်တော်အရသာရှိသွားသလား"

ထို့နောက် ဂျင်နီက လစ်ဆာအား နောက်ဆုံးတွေ့ရှိချက်များကို ရှင်းပြနေ၏။ သည်တော့ လစ်ဆာက

"ငါ့အိမ်မှာပျော်နေတုန်း အဖြစ်အပျက်တွေအများကြီးဖြစ်သွားတာပါလား"

စတီက

"ခင်ဗျားက ဂျုံးဖေတလ္လဲသိုလ်ရောက်တာ တစ်နှစ်ကျော်ကြာခဲ့တာတောင် ဘာရင်တန်ရဲ့သားကို ခင်ဗျားမမြင်ဖူးတာအံ့ပါရဲ့"

"ဘာရင်တန်ဟာ တက္ကသိုလ်အသိုင်းအဝိုင်းကလူတွေနဲ့ သိပ်ပြီးရောတဝင်နေတာမဟုတ်ဘူး၊ လူသိလည်းသိပ်မခံဘူး၊ တက္ကသိုလ်အသိုင်းအဝိုင်းထဲက

www.burmeseclassic.com



ဟာဗေးကိုသိတဲ့လူတစ်ယောက်မှရှိမှာမဟုတ်ဘူး"

ဂျင်နီက သဘောင်းစာရှင်းလင်းပွဲကိုဖျက်မည့်အစီအစဉ်အား ပြောပြလိုက်သည်။

"ငါတို့အခုလိုပြောနေတာက ကျန်တဲ့အမြွာတွေထဲကတစ်ယောက်ယောက်တော့ အဲဒီကိုရောက်လာလိမ့်မယ်ထင်တာပဲ"

"အင်း ပါးအဲရစ်ဆင်ကတော့ သေပြီ၊ ဒင်းနစ်ဖင်ကာနဲ့မော်ရေးကလောက်တို့ကထောင်ထဲမှာ၊ဒါပေမဲ့သုံးယောက်တော့ကျန်သေးတယ်၊ဟောင်နရီကင်းက ဘော်စတွန်မြို့မှာ၊ ဝိန်းစတက်နာက နယူးယောက်မြို့မှာ၊ ဂျော့ဒက်ဆော့က ဘတ်ဖဲလိုးမြို့မှာလား၊ ဆခရမ်မင့်တိုမြို့မှာလား၊ ဟူစတန်မြို့မှာလား မသိသေးဘူး၊ ဒါပေမဲ့ သူတို့အားလုံးကိုတော့ခေါ်ကြည့်ရမှာပဲ၊ သူတို့ရဲ့ဖုန်းနံပါတ်တွေ အားလုံးငါ့မှာရှိတယ်"

လစ်ဆာက ပြောနေခြင်းဖြစ်သည်။ ဂျင်နီက

"ငါ့မှာလည်းရှိတယ်"

စတီက

"သူတို့ ဒီကို အချိန်မီရောက်လာပါ့မလား"

"လေကြောင်းခရီးစဉ်တွေကို ကွန်ပျူတာထဲမှာရှာကြည့်ရအောင်၊ နင့်ကွန်ပျူတာဘယ်မှာလဲဂျင်နီ"

လစ်ဆာက ဆိုသည်။ ဂျင်နီက

"သူခိုးခိုးသွားတယ်"

"ငါ့ကားထဲမှာ ကွန်ပျူတာအသေးလေးတစ်လုံးပါလာတယ်၊ သွားယူလိုက်ဦးမယ်"

လစ်ဆာထွက်သွားစဉ် ဂျင်နီက

"အဲဒီငနဲတွေ ချက်ချင်း ဒီလိုလာချင်စိတ်ရှိအောင် ကျွန်မတို့ဆွယ်နိုင်တဲ့နည်းစဉ်းစားရအောင်၊ သူတို့အတွက်လည်းကျွန်မတို့ကစရိတ်ခံရမယ်၊ ကျွန်မရဲ့အကြွေးဝယ်ကတ်ထဲမှာတော့ ငွေအဲဒီလောက်များများ စားစားရှိမယ်မထင်ဘူး"

"ကိုယ့်မှာတော့ အမေအရေးပေါ်သုံးဖို့ပေးထားတဲ့ အကြွေးဝယ်ကတ်တစ်ခုရှိတယ်၊ အခုကိစ္စဟာ အရေးပေါ်ဆိုတာတော့ အမေသဘောပေါက်မှာပါ"

"လိမ္မာလိုက်တဲ့အမေ"

ဂျင်နီက အားကျစွာပြောလိုက်သည်။ စတီက



"မှန်တာပေါ့"

လစ်ဆာမှာ ကွန်ပျူတာကလေးနှင့် ပြန်ရောက်လာပြီး ဖလပ်ထိုးနေသည်။ ဂျင်နီက

"ခဏနေဦး နည်းနည်းပြင်ဆင်လိုက်ရအောင်"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅၈)

ဂျင်နီက သတင်းထုတ်ပြန်ချက်ကိုရေးနေသည်။ လစ်ဆာက ကွန်ပျူတာတစ်လုံးဖြင့် လေကြောင်းခရီးစဉ်များကိုလိုက်ရှာနေ၏။ စတိကာ လုပ်ငန်းများဆိုင်ရာ တယ်လီဖုန်းလမ်းညွှန်စာအုပ်ကိုကိုင်ကာ ဟိုတယ်များသို့ဆက်ပြီး

"အဲဒီဟိုတယ်မှာမနက်ဖြန် ဂျူနတီကိုကုမ္ပဏီက သို့မဟုတ်လင်းစ်မင်းကုမ္ပဏီက သတင်းစာရှင်းလင်းပွဲလုပ်ဖို့ရှိမှါသလား"

ခြောက်ကြိမ်ခန့်ဆက်ကြည့်ပြီးနောက်သတင်းစာရှင်းလင်းပွဲကို ဟိုတယ်တွင်လုပ်မည်မဟုတ်ဘဲ စားသောက်ဆိုင်တစ်ခုခု၊ သဘောင်္တစ်စီးပေါ်၊ သို့မဟုတ်ကလည်း ဂျူနတီကိုကုမ္ပဏီ၏ ရုံးချုပ်ရှိ အခန်းမကျယ်ကြီးတစ်ခုတွင်လုပ်လေမည်လားဟု အတွေးဝင်လာမိတော့သည်။ သို့ရာတွင် ခုနစ်ခုမြောက်ဟိုတယ်တွင်မူ

"ရှိပါတယ်ရှင်၊ အစည်းအဝေးခန်းမမှာ နေ့လယ်ဆယ့်နှစ်နာရီလွှမ်မှာပါ"

"ဟုတ်ပြီကွ"

ဂျင်နီက သူ့ကိုလှမ်းကြည့်လိုက်တော့ သူက ပြုံး၍လက်မထောင်ပြကာ

"ကျွန်တော်တို့ အဲဒီမှာ ဒီညအတွက် အခန်းတစ်ခန်းလောက်ငှားလို့ရမလား"

"အခန်းငှားဌာနနဲ့ ဆက်သွယ်ပေးပါမယ်၊ ခဏလေးကိုင်ထားပါနော်"

စတိကာ မိခင်ပေးထားသည့် အကြွေးဝယ်ကတ်ဖြင့် အခန်းတစ်ခန်းငှားလိုက်သည်။ သူတယ်လီဖုန်းကိုပြန်ချစဉ် လစ်ဆာက

"ဟင်နရီကင်း ဒီကိုအချိန်မီရောက်ဖို့ လေယာဉ်ခရီးစဉ်သုံးခုရှိတယ်၊ အားလုံး



အမေရိကန်လေကြောင်းလိုင်းချည်းပဲ၊ တစ်ခုက ခြောက်နာရီခွဲဆယ်ထွက်တယ်၊ တစ်ခုကခုနစ်နာရီလေးဆယ်ထွက်တယ်၊ တစ်ခုက ကိုးနာရီလေးဆယ့်ငါးထွက်တယ်၊ အဲဒီခရီးစဉ်အားလုံး ထိုင်ခုံနေရာရှိသေးတယ်တဲ့"

"ကိုးနာရီလေးဆယ့်ငါးလေယာဉ်ကောင်းတယ်၊ တစ်နေရာဝယ်လိုက်စမ်းပါ"

ဂျင်နီက ပြောလိုက်သည်။ စတိကာ လစ်ဆာအား အကြွေးဝယ်ကတ်ပေးလိုက်သည်။ ဂျင်နီက

"သူလာချင်အောင် ငါဘယ်လိုပြောရမလဲဆိုတာတောင်မသိသေးဘူး"

"သူက ဘားဆိုင်တစ်ဆိုင်မှာလုပ်တဲ့ကျောင်းသားဆို"

စတိကာ မေးသည်။ ဂျင်နီက

"ဟုတ်တယ်"

"သူ့မှာ ငွေလိုမှာပေါ့၊ ကိုယ်တစ်ချက်လောက်စမ်းကြည့်မယ်၊ သူ့ဖုန်းနံပါတ်ပြော"

ဂျင်နီက ပြောရင်း

"သူ့ကို ဟန့်လို့လည်းခေါ်တယ်"

စတိကာ ဖုန်းနံပါတ်ကိုလှည့်လိုက်သည်။ ဖုန်းကိုင်မည့်သူမရှိ။ သူက စိတ်ပျက်စွာခေါင်းရမ်းရင်း

"အိမ်မှာ ဘယ်သူမှမရှိဘူး"

ဂျင်နီက မျက်လွှာချကာ စဉ်းစားနေပြီးနောက် လက်ဖျစ်တီးလျက်

"သူ ဘားခန်းမှာ အလုပ်လုပ်နေတာဖြစ်မယ်"

သူမက စတိအား ထိုဖုန်းနံပါတ်ကို ပေးလိုက်သည်။ စတိက ထိုနံပါတ်အားလှည့်လိုက်၏။ တယ်လီဖုန်းကို အသံဝဲဝဲနှင့်လူတစ်ယောက်ကကိုင်သည်။

"ဘလူးနတ်ဆိုင်ကပါ"

"ကျွန်တော် ဟန့်နဲ့စကားပြောပါရစေခင်ဗျာ"

"သူ အလုပ်လုပ်နေတယ်"

ထိုလူကဆိုသည်။ စတိက ဂျင်နီအား ပြုံးပြလျက် 'သူ အဲဒီမှာ ရှိနေတယ်' ဟု၍ အသံမထွက်ဘဲ ပါးစပ်လှုပ်ကာပြောလိုက်သည်။

"သိမ်အရေးကြီးလို့ပါ၊ မကြာစေရပါဘူး"

ခဏကြာတော့ စတိ၏အသံနှင့်တူသော အသံတစ်သံဖုန်းထဲတွင်ပေါ်လာသည်။

"ဟုတ်ကဲ့ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာန့်လား၊ ကျွန်တော့်နာမည် စတီလိုဂန်ပါ၊ ခင်ဗျားနဲ့ကျွန်တော့် အကြား တူညီတာတွေရှိနေတယ်"

"ခင်ဗျားပဟေဠိရောင်းမလို့လား"

"ခင်ဗျားအမေနဲ့ ကျွန်တော့်အမေဟာ ကျွန်တော်တို့ကိုမမွေးခင်က အေဗင်တိုင်းဆေးပေးခန်းမှာ ဆေးဝါးကုသမှုခံခဲ့ရတယ်၊ အဲဒီအကြောင်း ခင်ဗျားအမေကို မေးကြည့်လေ"

"ဟုတ်ပြီ၊ အဲဒီတော့"

"တိုတိုပြောရရင်ဗျာ၊ အဲဒီဆေးပေးခန်းကိုတရားစွဲပြီး နစ်နာကြေးဒေါ်လာ ဆယ်သန်းတောင်းမလို့၊ ခင်ဗျားကျွန်တော့်ဘက်ကပါမလား"

တစ်ဖက်တွင် ခေတ္တမျှ ငြိမ်နေပြီးမှ

"ခင်ဗျားပြောနေတာတွေဟာ တကယ်လား၊ နောက်နေတာတွေလားလဲ မသိဘူး၊ ဘာပဲဖြစ်ဖြစ် တရားစွဲဖို့ ကျုပ်မှာပိုက်ဆံမရှိဘူး"

"ကုန်ကျစရိတ်ကို ကျွန်တော်ပေးမှာပါ၊ ခင်ဗျားဆီက ပိုက်ဆံမယူပါဘူး"

"ဒါဆိုလည်း ဘာဖြစ်လို့ကျွန်တော့်ကိုပြောနေတာလဲ"

"ဒီအမှုမှာ ခင်ဗျားပါရင်ပိုပြီးနိုင်မှာလာတာပေါ့"

"အဲဒီအကြောင်းအသေးစိတ်ကို စာနဲ့ရေးပြီး ကျွန်တော့်ဆီထည့်လိုက်ရင် ပိုကောင်းမယ်"

"တစ်ခုရှိတာယ်ဗျ၊ ခင်ဗျားဒီဘော်လ်တီမိုးမြို့က စတိုးဖာဟိုတယ်ကို မနက်ဖြန် ဆယ့်နှစ်နာရီအရောက်လာမှဖြစ်မယ်၊ ကျွန်တော်ကတရားမစွဲခင် သတင်းစာရှင်းလင်းပွဲလုပ်မလို့၊ အဲဒီမှာ ခင်ဗျားကိုလာစေချင်တာယ်"

"ဘော်လ်တီမိုးမြို့ကိုတော့ ဘယ်သူက လာချင်မှာလဲ၊ မိုနိုလူလူမှမဟုတ်တာ"

"ခင်ဗျားအတွက် အမေရိကန်လေကြောင်းနဲ့ ကိုးနာရီလေးဆယ့်ငါးမိနစ်ထွက်မယ့် လေကြောင်းခရီးစဉ်မှာ လက်မှတ်တစ်စောင်ဝယ်ထားတယ်၊ လက်မှတ်အတွက်ငွေချေပြီးပြီ၊ မယုံရင်လေကြောင်းလိုင်းကိုစုံစမ်းကြည့်၊ လေယာဉ်ကွင်းမှာ လက်မှတ်ဝင်ယူရုံပဲ"

"ဒေါ်လာဆယ်သန်းထဲက ခင်ဗျား ကျုပ်ကိုလည်းနည်းနည်းခွဲပေးမယ်ဆိုတဲ့သဘောလား"

"ခြော်-မဟုတ်ပါဘူး၊ ခင်ဗျားက ခင်ဗျားအတွက်ဆယ်သန်းရမှာပဲ"

"ခင်ဗျားက သူတို့ကို ဘာအတွက်တရားစွဲမှာလဲ"



"လိမ်လည်မှုနဲ့စွဲမှာ"

"ကျွန်တော်က စီးပွားရေးကျောင်းသားတစ်ယောက်ပါ၊ အဲဒီအမှုမျိုးမှာ အကန့်အသတ်ရှိတယ်မဟုတ်လား၊ ကျန်ခဲ့တဲ့နှစ်ဆယ့်သုံးနှစ်က ဖြစ်ပျက်ခဲ့တဲ့ကိစ္စပဲ"

"အကန့်အသတ်ရှိတာ မှန်တယ်၊ ဒါပေမဲ့ လိမ်လည်မှုကိုသိတဲ့ အချိန်ကစပြီးရေတွက်ရတာ၊ ဒီအမှုကိုပြီးခဲ့တဲ့အပတ်ကမှသိရတာ"

အနောက်ဘက်မှ ဆိုင်မန်နေဂျာ၏အသံကို ကြားနေရသည်။

"ဟေ့ ဟာန့်၊ စားမယ့်လူတွေ အစ်ရာလောက်မင်းကိုစောင့်နေတယ်"

ဟာန့်က ဖုန်းထဲသို့

"ခင်ဗျားစကားက ယုံချင်စရာတော့ကောင်းလာပြီ"

"ဒါဆိုတော့ ခင်ဗျားလာမယ်ဆိုတဲ့သဘောလား"

"ဟင့်အင်း၊ ဒီကိစ္စကို ကျုပ် ဒီညအလုပ်ပြီးမှစဉ်းစားမယ်၊ ကဲ အရက်တွေ သွားချပေးရဦးမယ်"

"ခင်ဗျား ကျွန်တော့်ကိုဆက်သွယ်ချင်ရင် အဲဒီဟိုတယ်ကိုဆက်လိုက်"

သို့ရာတွင် ဟာန့်က ဖုန်းချသွားလေပြီ။ ဂျင်နီနှင့် လစ်ဆာက သူ့ကိုစိုက်ကြည့်နေ၏။ သူက ပခုံးတွန့်လျက်

"သူ ယုံမယုံတော့ ကိုယ်လည်းမသိဘူး"

လစ်ဆာက

"လာ မလာ စောင့်ကြည့်ရုံပဲပေါ့"

"ဝိန်းစတက်နာက ဘာလုပ်စားတာလဲ"

"သူက နိုက်ကလပ်တွေပိုင်တယ်၊ သူဟာ ဒေါ်လာဆယ်သန်းလောက် ချမ်းသာနေပြီ"

"ဒါဆိုတော့ သူ့ကို သိချင်လာအောင် ဆွဲခေါ်ရမယ်၊ သူ့ဖုန်းနံပါတ်ရှိလား"

"ရှိတယ်"

စတီ ဖုန်းဆက်လိုက်သော် တယ်လီဖုန်းလက်ခံစကားပြောစက်အသံကို ကြားရသည်။ စတီက ထိုစက်ထဲသို့

"ဟဲလို ဝိန်း၊ ကျွန်တော့်နာမည်က စတီလိုဂန်ပါ၊ ကျွန်တော့်အသံဟာ ခင်ဗျားအသံနဲ့ သိပ်တူနေတယ်ဆိုတာ ခင်ဗျားသတိထားမိမှာပေါ့၊ ဒါ ဘာကြောင့်လဲဆိုတော့ ယုံချင်လည်းယုံ မယုံချင်လည်းနေ၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ရုပ်တူအမြွာတွေလို့ ကျွန်တော့်အရပ်က ခြောက်ပေနှစ်လက်မ၊ ကိုယ်အလေးချိန်က ပေါင်တစ်ရာကိုးဆယ်၊ ခင်ဗျားနဲ့ကျွန်တော်ဟာဆံပင်အရောင်ကလွဲပြီး ချွတ်စွပ်တူကြတယ်၊ ခင်ဗျားကိစ္စ

www.burmeseclassic.com



တွေမှာလည်းတူတာတွေရှိသေးတယ်၊ ခြေသန်းလေးတွေမှာ ခြေသည်းမရှိတာမျိုးပေါ့၊ ကျွန်တော်စဉ်းစားတဲ့အခါ ဘယ်ဘက်လက်ခုံကိုညာဘက်လက်နဲ့ကုတ်ရင်း စဉ်းစားလေ့ရှိတယ်၊ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ အမြွှာတွေမဟုတ်ဘူး၊ ကျွန်တော်တို့နှစ်ယောက်လို အခြားလူတွေလည်းရှိသေးတယ်၊ တစ်ယောက်ဆိုရင် ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ဂျူးဖောတက္ကသိုလ်မှာမှုဒိမ်းမှုဖြစ်သွားတယ်၊ အဲဒါကြောင့် ဘော်လ်တီမိုးမြို့ကရဲတွေ ခင်ဗျားဆီလာသွားတာပေါ့၊ ကျွန်တော်တို့အားလုံး ဘော်လ်တီမိုးမြို့ကစတိုဖာဟိုတယ်မှာ မနက်ဖြန်ဆယ့်နှစ်နာရီတွေ့ကြမယ်၊ ဒါတွေအားလုံးဟာ မယုံချင်စရာပဲ၊ ဒါပေမဲ့ တကယ့်အမှန်ဖြစ်နေတာ၊ ကျွန်တော့်ဆီကိုဖြစ်စေ၊ ဒေါက်တာဂျင်နီဖာရာမီဆီကိုဖြစ်စေ ဖုန်းဆက်ပါ၊ အတော်စိတ်ဝင်စားစရာကောင်းတယ်”

သူက ဖုန်းချပြီး ဂျင်နီကို လှည့်ကြည့်ကာ

“မင်းဘယ်လိုထင်သလဲ”

သူမက ပခုံးတွန့်လျက်

“သူလာချင်တယ်ဆိုရင်လာဖို့ငွေကြေးတတ်နိုင်တဲ့လူပါ။ သူလည်း စိတ်ဝင်စားမယ်။ နောက်ပြီး နိုက်ကလပ်ပိုင်ရှင်တစ်ယောက်အနေနဲ့ တနင်္လာနေ့မနက်ပိုင်းမှာသိပ်အရေးတကြီးအလုပ်တော့ရှိမှာမဟုတ်ပါဘူး။တစ်ဖက်ကကြည့်ရင်လည်း တယ်လီဖုန်းထဲက ပြောသွားရုံနဲ့လေယာဉ်စီးပြီးလာဖို့ဆိုတာမလွယ်ဘူး”

ထိုစဉ် တယ်လီဖုန်းမြည်လာသည်။ စတီက ချက်ချင်းကောက်ကိုင်လိုက်ပြီး...

“ဟယ်လို..”

“စတီနှင့်စကားပြောပါရစေ”

အသံမှာ မကြားဖူးသောအသံဖြစ်နေသည်။

“ကျွန်တော် စတီပါ”

“အန်ကယ် ပရက်စတန်ပါ။ မင်းအဖေကိုယ်စားဖုန်းဆက်ပေးတာ”

စတီတွင် အန်ကယ်ပရက်စတန်ဆိုသောလူမရှိ။ သူက မျက်မှောင်ကြုတ်ပြီး နားမလည်နိုင်သလိုဖြစ်သွားသည်။ ခဏကြာတော့ ဖုန်းထဲတွင်အခြားအသံတစ်သံပေါ်လာပြီး..

“မင်းအနားမှာ ဘယ်သူတွေရှိသလဲ။ဟိုမိန်းမနားထောင်နေသလား”

ရုတ်တရက် စတီသဘောပေါက်သွားသည်။ အထိတ်တလန့်လည်းဖြစ်သွားမိ၏။ သူက ဘာလုပ်ရမည်မှန်းမသိသဖြင့်..

“ခဏကိုင်ထားဦးနော်”



ဟုပြောကာ စကားပြောခွက်ကို လက်နှင့်ပိတ်လျက် ဂျင်နီအား..

“ဘာရင်တန်ဂျူးထင်တယ်။ သူက ကိုယ့်ကိုဟာဖေးမှတ်နေတာ။ ဘာပြောလိုက်ရမလဲ”

ဂျင်နီက လက်နှစ်ဖက်ဖြန့်ပြလျက်..

“မီးစင်ကြည့်ကလိုက်ပေါ့”

စတီက..

“သြော်.. ဟုတ်ကဲ့။ စတီပြောနေပါတယ်”

“ဘာတွေဖြစ်နေလဲ။ မင်း အဲဒီသွားတာကြာလှချည်လား”

“ဟုတ်တယ်”

“ဂျင်နီ ဘာလုပ်ဖို့စီစဉ်နေလဲဆိုတာ မင်းသိရပြီလား”

“သြော်..ဟုတ်ကဲ့.. သိပါပြီ”

“ဒါဆိုလည်း ပြန်လာခဲ့ပြီး ငါတို့ကိုပြောပြဦးပေါ့ကွ”

“ကောင်းပါပြီ”

“မင်း ထောင်ချောက်မမိဘူးမဟုတ်လား”

“မမိပါဘူး”

“မင်း ကောင်မလေးကို မဟုတ်တရုတ်လုပ်နေတယ်ထင်နေတာ”

“အဲဒီလိုပဲဆိုပါတော့”

“ကဲ..ဘောင်းဘီပြန်ဝတ်။ အိမ်ကိုပြန်ခဲ့ဦး။ ငါတို့ အကြီးအကျယ်ပြဿနာတက်နေတယ်”

“ကောင်းပါပြီ”

“အခု မင်းဖုန်းချလိုက်ရင် မင်းမိဘတွေရဲ့ရှေ့နေအတွက်အလုပ်လုပ်ပေးနေတဲ့ လူတစ်ယောက်နဲ့ပြောတာလို့ပြောလိုက်။ မင်း ဒါရှင်တန်ကိုချက်ချင်းပြန်လာဖို့ ဖုန်းဆက်တာလို့ပြော။ အဲဒီလိုပုံးပြီးပြောမှ မင်းမြန်မြန်ပြန်လာလို့ရမှာ။ ဟုတ်ပြီနော်”

“ကောင်းပါပြီ။ ကျွန်တော်အမြန်ဆုံးပြန်လာခဲ့မယ်”

ဘာရင်တန်က ဖုန်းချလိုက်သည်။ စတီလည်း ဖုန်းကိုချလိုက်၏။ စတီက စိတ်သက်သာရာရသွားဟန်ဖြင့်...

“ကိုယ်ပြောတာကို သူယုံသွားတယ်လို့ထင်တယ်”

ဂျင်နီက..

“သူက ဘာပြောလဲ”

“အတော်စိတ်ဝင်စားဖို့ကောင်းတယ်။ မင်းရဲ့အကြံအစည်ကိုသိချင်လို့

www.burmeseclassic.com

www.burmeseclassic.com



ဟာဖေးကိုစုံစမ်းဖို့လွှတ်လိုက်တာ။ မင်းသိထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး မင်းဘာလုပ်မလဲဆိုတာကို သူတို့စိတ်ပူနေတယ်"

"သူတို့.. ဟုတ်လား။ ဘယ်သူတွေလဲ"

"ဘာရင်တန်နဲ့ အန်ကာယ်ပရက်စတန်ဆိုတဲ့လူတစ်ယောက်ပဲ"

"ပရက်စတန်ဘာတ်ပေါ့။ ဂျန်တီကိုကုမ္ပဏီကဥက္ကဋ္ဌလေ။သူတို့က ဘာဖြစ်လို့ဖုန်းဆက်တာလဲ"

"စိတ်မရှည်နိုင်တော့လို့။ ဘာရင်တန်ဟာ စောင့်ရလွန်းလို့ စိတ်ညစ်လာပြီ။ သူနဲ့သူ့အဖွဲ့ဟာ အဲဒီကိစ္စကိုသိရမှ သူတို့ဘယ်လိုတုန့်ပြန်ရမလဲဆိုတာသိမှာမို့ စောင့်နေကြတာ။ သူက ဝါရှင်တန်ကိုသွားပြီး ရှေ့နေနဲ့သွားတွေ့ရမယ်လို့လိမ်ပြောခိုင်းတယ်။ ပြီးတော့ သူ့အိမ်ကိုချက်ချင်းလာခဲ့တဲ့"

ဂျင်နီက စိုးရိမ်စွာဖြင့်..

"ဒါဆိုရင်တော့ အခြေအနေမကောင်းဘူး။ ဟာဖေးပြန်မလာရင် တစ်ခုခုဖြစ်နေပြီဆိုတာ ဘာရင်တန်တွက်မိလိမ့်မယ်။ဂျန်တီကိုကုမ္ပဏီက လူတွေကိုကြိုးသတ်ပေးလိုက်သလိုဖြစ်မယ်။ အဲဒါဆိုရင် သူတို့ ဘာလုပ်လာမလဲမပြောနိုင်ဘူး။သတင်းစာရှင်းလင်းပွဲကိုနေရာပြောင်းလုပ်ချင်လုပ်မယ်။ကျွန်မတို့ဝင်လို့မရအောင် လုံခြုံရေးတွေချထားချင်ချထားမယ်"

စတီက မျက်မှောင်ကြုတ်လျက် ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ သူ့တွင်အကြံတစ်ခုရှိနေသည်။ သို့ရာတွင် ပြောဖို့ဝန်လေးနေ၏။ နောက်ဆုံးတွင် သူက ...

"ဟာဖေးကို အိမ်ပြန်လွှတ်ရမယ်"

ဂျင်နီက ခေါင်းရမ်းလျက်...

"သူက ဟိုကြမ်းပြင်ပေါ်မှာလဲနေရင်း ကျွန်မတို့ပြောတာတွေကိုနားထောင်နေတာ။ သူက အကုန်ပြန်ပြောမှာ"

"သူ့ကိုယ်စား ကိုယ်သွားရင်တော့ မဖြစ်နိုင်စရာမရှိပါဘူး"

ဂျင်နီနှင့်လစ်ဆာက သူ့ကို အလန့်တကြား စိုက်ကြည့်နေကြသည်။ သူကဆက်၍..

"ကိုယ်ဘာရင်တန်ရဲ့အိမ်ကိုဟာဖေးဟန်ဆောင်ပြီးသွားမယ်။ သူတို့ စိတ်ချလက်ချနေသွားအောင် ကိုယ်လုပ်မယ်"

"သိပ်အန္တရာယ်များပါတယ် စတီရယ်။ သူတို့ရဲ့အနေအထားတွေကိုလည်း ရှင်သိတာမဟုတ်ဘူး။ ရေချိုးခန်းဘယ်နားမှာရှိတယ်ဆိုတာတောင် ရှင်သိတာမဟုတ်ဘူး"



"ဟာဖေးတောင် မင်းကိုအရှုးလုပ်နိုင်ရင် ကိုယ်လည်းဘာရင်တန်ကို အရူးလုပ်နိုင်ပါတယ်"

"ဟာဖေး ကျွန်မကိုအရူးလုပ်လို့မရဘူး။ ကျွန်မသိသွားတာပဲ"

"သူ မင်းကိုခဏတော့အရူးလုပ်နိုင်ခဲ့တာပဲ"

"တစ်နာရီအတွင်းမှာ ကျွန်မသိသွားပါတယ်။ ရှင်က ဟိုမှာအကြာကြီးနေရမှာ"

"သိပ်မနေရပါဘူး။ ပုံမှန်ဆိုရင် ဟာဖေးဟာ တနင်္ဂနွေနေ့ ညနေကျရင် ဖီလဒဲဖီးယားမြို့ကို ပြန်တာပဲ။ သန်းခေါင်လောက်ဆိုရင် ကိုယ်ဒီကိုပြန်လာခဲ့မယ်လေ"

"ဘာရင်တန်ဟာ ဟာဖေးရဲ့အဖေပါ။ ဒါ မဖြစ်နိုင်ဘူးထင်တယ်"

သူမပြောသည်မှာ မှန်နေကြောင်းလည်း စတီသိသည်။ သူက..

"ဒါထက်ကောင်းတဲ့အကြံရော ရှိလို့လား"

ဂျင်နီက အတန်ကြာအောင်စဉ်းစားပြီးမှ...

"မရှိဘူး"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၉)

စတီက ဟာဖေး၏အပြာရောင်ဂျင်းဘောင်းဘီနှင့်အပြာနုရောင်ဆွယ်တာတို့ကိုလဲဝတ်ပြီး ဟာဖေး၏ဒုတ်ဆန်းကားကိုမောင်း၍ထွက်လာသည်။ ဘာရင်တန်၏အိမ်သို့ရောက်တော့ မှောင်နေလေပြီ။သူက ငွေရောင်လင်းကင်း အမျိုးအစားကားကြီးနောက်တွင် သူ၏ကားကိုရပ်လိုက်၏။ ပြီးတော့ ကားထဲတွင်ခဏထိုင်ပြီး သတ္တိမွေးနေရသည်။

ဤကိစ္စကိုအဆင်ပြေအောင်လုပ်မှဖြစ်မည်။မိသွားလျှင်တော့ ဂျင်နီငါးပါးမှောက်ပေတော့မည်။မိမိလည်း ဘာမျှဆက်လုပ်၍မရ။ဘာသတင်းမျှလည်းရမည်မဟုတ်။ ရသမျှသတင်းကို အမြဲနားစွင့်နေရမည်။ အကင်းပါးပါးဖြင့် စနည်းနာရမည်။ မိမိ ရုပ်ရှင်သရုပ်ဆောင်ဖြစ်လျှင် အကောင်းသား။

ဟာဖေးစိတ်ထဲတွင် မည်သို့နေမည်နည်း။ ဂျင်နီနှင့်အပျော်ကျူးနေစဉ် ဖခင်က ချက်ချင်းပြန်ခေါ်သည့်အတွက် သူ စိတ်လက်ကြည်လင်မည်မဟုတ်။

စတီ သက်ပြင်းတစ်ချက်ချလိုက်သည်။ အချိန်ဆွဲနေ၍မဖြစ်။ ထို့ကြောင့် ကားထဲမှထွက်ကာ အိမ်တံခါးဝဆီသို့လျှောက်လာခဲ့သည်။

ဟာဖေး၏သော့တွဲတွင် သော့တွေကအများကြီး ဘာရင်တန်၏အိမ်ရှေ့တံခါးသော့ကိုငုံ့ကြည့်လိုက်တော့ 'ယေး' ဟုရေးထားသော သော့တံကိုရှာသည်။ သူရှာမတွေ့။ ဘာရင်တန်က တံခါးဖွင့်ပေးပြီး...

"ဘာရုပ်လုပ်နေတာလဲ။ အထဲဝင်"



စတီ အထဲဝင်လိုက်သည်။ ဘာရင်တန်က...

"အခန်းကျဉ်းလေးထဲကိုသွား"

ထိုအခန်းကျဉ်းကလေးဆိုသည်မှာ ဘယ်မှာပါလိမ့်။ စိတ်ပင်ပန်းမှုကို စတီ ထိန်းနေရသည်။အိမ်ကြီးမှာ မြို့စွန်ခြံကြီးများထဲ၌ ၁၉၇၀ပြည့်လွန်နှစ်များက ပုံစံအတိုင်းဆောက်ထားသည့်အိမ်ကြီးဖြစ်သည်။ လက်ဝဲဘက်ဆီတွင် ဧည့်ခန်းတစ်ခုစီရှိပြီး ပုံမှန်စားပွဲကုလားထိုင်များရှိသည်။ ထိုအထဲတွင် မည်သူမျှမရှိ။ရှေ့တည့်တည့်တွင်စင်္ကြံလမ်းကလေးဖြစ်ပြီး အခန်းတံခါးအမြောက်အမြားကို ယင်းတို့မှာ အိပ်ခန်းများဖြစ်မည်ထင်၏။ လက်ယာဘက်တွင်မူ တံခါးနှစ်ခုတွေ့ရသည်။ တစ်ခုမှာ အခန်းကျဉ်းကလေးထဲသို့သွားရာဖြစ်မည်ထင်၏။ သို့သော် မည်သည့်တံခါးဖြစ်မည်မသိ။

"အခန်းကျဉ်းကလေးထဲကိုသွားလို့ဆို"

ဘာရင်တန်က ထပ်၍ပြောနေသည်။ စတီကတံခါးတစ်ပေါက်ကို ဆွဲဖွင့်[illegible]သည်။ သူရွေးလိုက်သည်မှာ မှားနေသည်။ ယင်းမှာ ရေချိုးခန်းဖြစ်နေ၏။ ဘာရင်တန်က သူ့ကိုကြည့်ကာ စိတ်တိုနေဟန်ရှိသည်။ စတီမှာရုတ်တရက် တွေဝေနေသည်။ နောက်မှ မိမိစိတ်တိုနေသည့်ဟန် လုပ်ရမည်ကို ပြန်သတိရကာ..

"အပေါ့လေးဘာလေးသွားပါရစေဦး"

သူ ခပ်ပြတ်ပြတ်ပြောလိုက်၏။ ပြောပြီး စကားပြန်မစောင့်ဘဲ စတီက ရေချိုးခန်းထဲဝင်ကာ တံခါးပြန်ပိတ်လိုက်သည်။ ရေချိုးခန်းမှာ ဧည့်သည်များအတွက် ရေချိုးခန်းဖြစ်သည်။ အိမ်သာတစ်ခုနှင့်လက်ဆေးကြွေခွက်တစ်ခုရှိသည်။ သူက လက်ဆေးကြွေခွက်ကိုမှီပြီးရပ်ရင်း မှန်ကိုကြည့်လိုက်သည်။ပြီးတော့ မှန်ထဲမှမိမိအရိပ်ကိုကြည့်ကာ..

"မင်းကတော့ ရူးနေပြီထင်တယ်"

ပြီးတော့ အိမ်သာရေလောင်းခလုတ်ကိုဆွဲချလိုက်၏။လက်ကိုလည်းဆေးလိုက်၏။ အိမ်ကြီး၏အတွင်းဘက်ဆီမှ ယောကျ်ားသံများကို ကြားနေရသည်။ စတီက ရေချိုးခန်းနှင့်ယှဉ်နေသည့်တံခါးပေါက်ကို ဖွင့်လိုက်သည်။ ယင်းမှာ အခန်းကျဉ်းကလေးဖြစ်၏။ စတီကအထဲကိုဝင်ပြီး တံခါးကိုပြန်ပိတ်ကာ လှည့်ပတ်ကြည့်ရှုလိုက်သည်။ စားပွဲတစ်လုံး၊ ထိုင်များထည့်သည့်သစ်သားဗီရိုတစ်လုံး၊ စာအုပ်စင်များ၊ ရုပ်မြင်သံကြားတစ်လုံးနှင့်ဆိုင်ခုံရှည်များကိုတွေ့ရသည်။ စားပွဲပေါ်တွင် အသက်လေးဆယ်ခန့်ရှိခပ်ချောချောမိန်းမတစ်ယောက်၏ဓာတ်ပုံကိုတင်ထားသည်။ သူမဝတ်စားထားသည်မှာ ကျန်ခဲ့သည့်နှစ် ၂၀ခန့်က ဝတ်စားဆင်ယင်ပုံမျိုးဖြစ်၏။ သူမှာ ကလေးတစ်ယောက်ကိုလည်းချီထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရင်တန်၏ဖနီးပောင်း၊ ဟာဗေး၏မိခင်ဖြစ်မည်။ စတီက စားပွဲအံဆွဲများကိုတစ်ခုပြီးတစ်ခုဖွင့်ကြည့်သည်။ ပြီးတော့ဖိုင်များထည့်သည့်ဗီရိုကိုလည်းဖွင့်ကြည့်၏။ ပီစကီတစ်ပုလင်းနှင့်ဖန်ခွက်အချို့ကို ဗီရိုအောက်ဆုံးအံဆွဲထဲ၌တွေ့ရသည်။

အံဆွဲကိုပိတ်လိုက်စဉ် ဘာရင်တန်နှင့်လူနှစ်ယောက်တံခါးပေါက်မှဝင်လာသည်။ဆိနိတ်အမတ်ဂျင်ပရစ်ကို့စတီမှတ်မိ၏။သူ၏ပြောင်သောထိပ်ကြီးနှင့်ကြီးမားသော နှာခေါင်းကြီးများမှာ သတင်းလောကသမားများအဖို့မှတ်မိစရာ၊ ဂျနတီကိုကုမ္ပဏီ၏ဥက္ကဋ္ဌဆိုသူပင်တည်း။

စတီ စိတ်လက်မကြည်သာသောဟန်မျိုးဖြင့်...

"ကျွန်တော့်ကို ဒီလောက်တောင်ကသောကမျောကြီးပြန်ခေါ်ဖို့မကောင်းပါဘူး"

ဘာရင်တန်က လေပြေကလေးဖြင့်..

"အဖေတို့တော့ ညနေစာစားပြီးပြီ။ မင်းစားချင်တယ်ဆိုရင် မေရီအန်းကို ဗန်းနဲ့လာပို့ခိုင်းလိုက်မယ်"

စတီမှာ ရင်တွေထိတ်ကာစားချင်စိတ်မရှိ။သို့ရာတွင် ဟာဗေးဆိုလျှင် ဆာနေရှာမည်။ ထို့ကြောင့် သဘာဝကျအောင်ဟန်ဆောင်ရမည်။

"အင်း.. တစ်ခုခုတော့ စားမယ်"

ဘာရင်တန်က မေရီအန်းကိုအော်ခေါ်လိုက်သည်။ ခဏကြာတော့ အသားမည်းမည်းမျက်နှာငယ်လေးနှင့် မိန်းကလေးတစ်ယောက်တံခါးဝတွင်ပေါ်လာသည်။ ဘာရင်တန်က..

"ဟာဗေးအတွက် ညနေစာဗန်းနဲ့ထည့်ယူလာခဲ့"

"ကောင်းပါပြီဆရာ"

စတီက သူမသွားရာသို့လိုက်ကြည့်နေသည်။ သူမသည် မီးဖိုခန်းကိုသွားရာ၌ ဧည့်ခန်းကိုဖြတ်၍သွားနေကြောင်း သတိထားလိုက်မိသည်။ ထမင်းစားခန်းမှာလည်း၊ ထိုနေရာဘက်တွင်ရှိနိုင်သည်။ ဂျင်ပရစ်ကကိုယ့်ကို ရှေ့သို့ကိုင်းလျက်...

"ကဲ.. လူကလေး မင်း ဘာသိခဲ့ရသလဲ"

စတီက ဂျင်နီလုပ်မည့်အစီအစဉ်နှင့်ပတ်သက်၍ လုပ်ဇာတ်တစ်ခုကိုဆင်ထားသည်။

"လောလောဆယ် စိတ်အေးအေးထားပါ။ ဂျင်နီဟာ သူ့ကို မတရားအလုပ်



ထုတ်ပစ်တဲ့အတွက် ဂျုံးဖောတက္ကသိုလ်ကိုတရားစွဲဖို့လုပ်နေတယ်။ တရားစွဲနေတဲ့ကြားမှာ ကျွန်တော်တို့ရဲ့ကိုယ်ပွားတွေကို လိုက်ရှာဖို့လုပ်တယ်။ အဲဒီမတိုင်ခင်တော့ လူသိရှင်ကြားထုတ်ပြောမှာမဟုတ်သေးဘူး။ဗုဒ္ဓဟူးနေ့မှာ ရှေ့နေတစ်ယောက်နဲ့ သူချိန်းထားတယ်"

အဘိုးကြီးသုံးယောက်မှာ စိတ်သက်သာရာရသွားပုံရသည်။ ဂျင်ပရစ်က...

"မတရားအလုပ်ဖြုတ်ပစ်မှုနဲ့တရားစွဲမယ်တဲ့။ အဲဒါဆိုရင် အနည်းဆုံးအမှုက တစ်နှစ်လောက်ကြာဦးမှာ။ ကျုပ်တို့မှာ အချိန်တွေအများကြီးရမယ်"

ဘာရင်တန်က...

"လစ်ဆာဆိုတဲ့ကောင်မလေးကိစ္စကကော.."

"ကျွန်တော်ဘယ်သူလဲဆိုတာ ဂျင်နီသိနေတယ်။ ကျွန်တော်လုပ်ခဲ့တယ်ဆိုတဲ့အကြောင်းလည်းသူသိတယ်။ဒါပေမဲ့ သူ့မှာသက်သေခံ အထောက်အထားမရှိဘူး။ သူကကျွန်တော့်ကိုစွပ်စွဲချင်စွပ်စွဲမယ်။ ဒါပေမဲ့ အလုပ်ရှင်အဟောင်းအပေါ် လက်စားချေတဲ့အနေနဲ့ ရမ်းပြီးစွပ်စွဲသလိုပဲဖြစ်နေမယ်"

ဘာရင်တန်က ခေါင်းညိတ်ကာ...

"ကောင်းတယ်။ ဒါပေမဲ့ မင်းအတွက်ရှေ့နေတစ်ယောက်တော့လိုမယ်။ အဖေတို့ဘာလုပ်နေသလဲဆိုတာ မင်းသိတယ်မဟုတ်လား။ မင်း ဒီညဒီမှာအိပ်ရမယ်။ ဖီလဒဲဖီးယားကို ကားမောင်းပြန်သွားဖို့လည်းညဥ့်နက်လှပြီမဟုတ်လား"

"မပြောတတ်သေးဘူး"

"မနက်ဖြန် သတင်းစာရှင်းလင်းပွဲကို သွားအဖေနဲ့လိုက်ခဲ့။ အဲဒါ ပြီးရင် ရှေ့နေဟင်နရီကွင်းနဲ့တွေ့ကြမယ်"

အတော်ပင်စွန့်စားရမည့်အလုပ်ပါပေ။ သို့သော် စိတ်ငြိမ်ငြိမ်ထားမှဖြစ်မည်။ အကယ်၍ မိမိယနေ့ညအိပ်လျှင် ဤလူယုတ်မာသုံးယောက်ဘာလုပ်ကြမည်ကိုတိတိကျကျပို၍သိမည်။ထို့ကြောင့် စွန့်စားရကျိုးနပ်သည်။မိမိအိပ်နေစဉ်အတွင်း ဘာမျှတော့မဖြစ်တန်ရာ။ ဂျင်နီထံသို့ တယ်လီဖုန်းခိုးဆက်ပြီး အကြောင်းစုံကိုပြောပြနိုင်သည်။ သူက ချက်ချင်း ဆုံးဖြတ်လိုက်ပြီး...

"ဟုတ်ကဲ့... ကောင်းပါပြီ"

ဂျင်ပရစ်က...

"ကျုပ်တို့လည်း ဒီမှာထိုင်ပြီး ဘာမဟုတ်တဲ့ကိစ္စနဲ့သေမတတ်ဖြစ်သွားမှနေ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်”

ပရက်စတန်မှာ မင်္ဂလာသတင်းကိုကြားရသည့်တိုင် စိတ်မချသေး။ ထို့ကြောင့်…

“ကျွန်တော်ကတော့ အဲဒီကလေးမ ဂျူနတီကိုကုမ္ပဏီလွှဲပြောင်းရေးကိစ္စကို ဖျက်ဆီးဖို့ကြိုးစားလာနိုင်တယ်လို့ထင်တာပဲ”

“သူဟာ တော်တော့်တော်ပါတယ်။ ဒါပေမဲ့ စီးပွားရေးအမြင်မရှိလှဘူး”

ဂျင်ပရုစ်က မျက်စိတစ်ဖက်မှိတ်ပြရင်း…

“ဘယ့်နဲ့လဲ ကောင်မလေးမိုက်ရဲ့လား”

“သိပ်မိုက်တာပေါ့”

စတီ ရယ်ကျဲကျဲနှင့်ပြောလိုက်သည်။ထိုအခါ ဂျင်ပရုစ်မှာ ဝါးလုံးကွဲထရယ်လိုက်၏။ထိုစဉ် မေရီအန်းလင်ဗန်းကလေးနှင့်ဝင်လာသည်။စတီက စားကောင်းသောက်ဖွယ်များကိုကြည့်ကာ သူမအားပြုံးပြလိုက်၏။

“ကျေးဇူးပဲ။ စားကောင်းမယ့်ပုံပဲ”

သူမက စတီအား အလန့်တကြားလှမ်းကြည့်သည်။ဟာဖေးသည် ‘ကျေးဇူးပဲ’ ဟူသောစကားကို သိပ်ပြောလေ့မရှိဖြစ်မည်ထင်၏။ပရက်စတန်မျက်မှောင်ကြုတ်သွားသည့်ကိုလည်း ရုတ်တရက်လှမ်းမြင်လိုက်ရ၏။ ဂရုစိုက်မှဖြစ်မည်။ မိမိအား သူတို့ယုံနေသည်ကို ပျက်ဆီးသွား၍မဖြစ်။အိပ်ရာမဝင်မီ မိမိအလိုက်အထိုက်နေသွားမှဖြစ်မည်။ သူက စ၍ စားနေစဉ် ပရက်စတန်က…

“မင်း ဆယ်နှစ်သားလောက်တုန်းက မင်းကိုနယူးယောက်မြို့က ပလာဇာဟိုတယ်ကိုခေါ်သွားပြီး နေ့လယ်စာကျွေးတာ မှတ်မိသေးလား”

စတီက ဟုတ်ကဲ့ဟုပြောမည်ပြင်ပြီး နားမလည်နိုင်သလို မျက်မှောင်ကြုတ်သွားသော ဘာရင်တန်ကို သတိထားမိလိုက်သည်။ မိမိကို စမ်းသပ်နေသည်လား။ ပရက်စတန်က သံသယရှိနေသည်လား။

“ပလာဇာ ဟုတ်လား”

စတီက မျက်မှောင်ကြုတ်ကာ ပြောလိုက်သည်။ မည်သို့ပင်ဖြစ်စေ မိမိအနေဖြင့် ဖြေရန်တစ်ခုသာရှိသည်။

“ဟာ… ကျွန်တော် မမှတ်မိတော့ဘူး အန်ကယ်ပရက်စတန်”

“ဒါဆိုရင် ငါ့ညီမရဲ့သားကလေးကိုခေါ်သွားခဲ့တာဖြစ်မယ်”



ပရက်စတန်က ဆိုသည်။ ဟူး… တော်ပါသေးရဲ့။ ဘာရင်တန်က မတ်တတ်ထရပ်ပြီး…

“ဒီဘီယာတွေသောက်တာ ငါ့မှာဆီးသွားလိုက်ရတာမြင်းကျနေတာပဲ”

ပြောပြီး သူထွက်သွားသည်။ ဂျင်ပရုစ်က…

“ဝီစကီသောက်ချင်တယ်”

စတီက…

“ဖိုင်ထည့်တဲ့ဗီရိုအောက်ကအံဆွဲထဲမှာသွားရှာကြည့် အဲဒီထဲမှာအဖေသိမ်းထားတတ်တယ်”

○ ○ ○

www.burmeseclassic.com

## အခန်း (၆၀)

မစ္စတာအော်လီဗာက ဒုတိယကမ္ဘာစစ်အတွင်းကသိမ်းထားခဲ့သည့် ပစ္စတို သေနတ်ကို ထုတ်ပေးပြီး...

"ဂျာမန်သုံးပန်းတစ်ယောက်ဆီကယူထားလိုက်တာ။အဲဒီခေတ်တုန်းက လူပြို မဟုတ်ရင် သေနတ်ကိုင်ခွင့်မရဘူး"

သူကပြောပြီး ဂျင်နီ၏ခုံရှည်တွင်ထိုင်ရင်း ဟာဗေးအား သေနတ်ဖြင့်ချိန် ထားသည်။ လစ်ဆာမှာ ဖုန်းတစ်လုံးဖြင့် ဂျော့ဒက်ဆော့အား ဖုန်းဆက်နေသည်။ ဂျင်နီကား...

"ကျွန်မ ဟိုတယ်ထဲကိုသွားပြီး အခြေအနေကို လေ့လာကြည့်လိုက်ဦးမယ်"

သူမက လိုအပ်သည့်ပစ္စည်းများကို လက်ဆွဲသေတ္တာတစ်လုံးထဲ ထည့်ကာ စတိုဖာဟိုတယ်သို့ ကားမောင်းလာ၏။ ဟာဗေးအား ဟိုတယ်ထဲသို့ လူတွေမရိပ်မိစေဘဲမည်သို့သွင်းရမည်ကို စဉ်းစားလာခဲ့သည်။

စတိုဖာဟိုတယ်တွင် မြေအောက်ကားဂိုထောင်ရှိသည်။ သူမက ကားကို ထိုနေရာတွင်ထားခဲ့ပြီး ဓာတ်လှေကားဖြင့်တက်ခဲ့သည်။ ဓာတ်လှေကားမှာ အဝင်ဧ ခန်းမအထိသာရောက်ပြီး ဟိုတယ်ခန်းများဆီသို့မရောက်ကြောင်းတွေ့ရသည်။ ဟိုတယ် ခန်းများဆီသို့တက်ရန် အခြားဓာတ်လှေကားနှင့်တက်ရမည်။ထိုသို့ တက်သည့် ဓာတ် လှေကားများမှာလည်း အဝင်ဝခန်းမဘေးရှိ စင်္ကြံကလေးဘေးတွင်စု၍တည်ရှိနေကြ သည်။ထိုနေရာကို ဧည့်ကြိုစားပွဲမှလှမ်းကြည့်၍မမြင်ရ။ ကားဂိုထောင်မှ တက်သည့်



ဓာတ်လှေကားမှ အခန်းပါဓာတ်လှေကားများဆီသို့ စင်္ကြံကလေးကိုဖြတ်၍ စက္ကန့် ပိုင်းအတွင်းရောက်နိုင်၏။ ဟာဗေးကိုမွေ့ချီလာရမည်လား၊ ဒရွတ်တိုက်ဆွဲလာရမည် လား၊ဟာဗေးက စိတ်လိုလက်ရလမ်းလျှောက်လာမည်လား၊စဉ်းစား၍မရ။သူမက ကောင်တာတွင်ငွေသွင်းပြီး သူမအခန်းကိုသွားကာ လက်ဆွဲသေတ္တာကိုချထားပြီး၊ ချက်ချင်းကားဖြင့်ပြန်ခဲ့သည်။ သူမပြန်ရောက်ရောက်ချင်း လစ်ဆာက ဝမ်းသာအားရ ဖြင့်...

"ဂျော့ဒက်ဆော့ကို ဆက်လို့ရတယ်"

"ဝမ်းသာလိုက်တာ။ သူဘယ်မှာလဲ"

"ဘတ်ဖဲလိုးမြို့ကိုဆက်လိုက်တော့ သူ့အမေဆီကိုရောက်သွားတယ်။ သူ့အမေက နယူးယောက်မှာရှိတဲ့ သူ့ဖုန်းနံပါတ်ကိုပေးတယ်။ သူက ဘရော့ဒွေး ဓာတ်ရုံတွေမှာသရုပ်ဆောင်တယ်လေ"

"မနက်ဖြန် သူလာမယ်တဲ့လား"

"လာမယ်တဲ့ ပရိသတ်နဲ့လုပ်ရတဲ့အလုပ်အကုန်လုပ်တယ်တဲ့။သူ့လေယာဉ် ကိစ္စ ငါစီစဉ်ပေးလိုက်တယ်။ သူ့ကို ငါ လေဆိပ်မှာ လာကြိုမယ်လို့ပြောလိုက်တယ်"

"ဝမ်းသာစရာကြီးတယ်"

"ငါတို့ကိုယ်ပွားသုံးယောက်တော့ရထားပြီး ရုပ်မြင်သံကြားမှာဆို သိပ်ကြည့် ကောင်းမှာပဲ"

ဂျင်နီက မစ္စတာအော်လီဗာဘက်သို့လှည့်၍ ကျွန်မတို့ဟာဗေးကို ဟိုတယ် ထဲသွင်းတဲ့အခါ ကားကိုမြေအောက်ကားဂိုထောင်ထဲမောင်းဝင်လိုက်ရင် ဟိုတယ် အပေါက်စောင့်တွေကို ရင်ဆိုင်စရာမလိုတော့ဘူး။ ကားဂိုထောင်က ဓာတ်လှေကားဟာ မြေညီထပ်ကိုရောက်တယ်။ အဲဒီကနေ တခြားဓာတ်လှေကားနဲ့ကျွန်မတို့အခန်းကို တက်လို့ရတယ်။ အဲဒီဓာတ်လှေကားပေါက်တွေကလည်းကွယ်နေတယ်"

မစ္စတာအော်လီဗာက...

"ကားထဲကနေ အခန်းဆီမရောက်ခင် သူ့ကို ငါးမိနစ်၊ ဆယ်မိနစ်လောက် ငြိမ်သွားအောင်လုပ်ထားမှ ဟိုတယ်က တခြားဧည့်သည်တွေ သူ့ကိုကြိုးတုပ်ထား တာမြင်ရင်ဘယ်လိုလုပ်မလဲ။ သူတို့က မေးလားစမ်းလားလုပ်ချင်လုပ်မယ်။ ဒါမှ မဟုတ် လုံခြုံရေးတွေကို ဖုန်းဆက်အကြောင်းကြားချင်ကြားမယ်"

ဂျင်နီက ဟာဗေးကိုကြည့်လိုက်သည်။ ဟာဗေးမှာ ကြိုးတုပ်လျက်ပေါ်ပါး ပါးစပ်ကို အဝတ်ဆို့လျက်ကြမ်းပြင်တွင်လဲနေ၏။သူက မိမိတို့ကိုကြည့်ရင်း နာ ထောင်နေသည်။ ဂျင်နီက....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း ဒီကိစ္စကိုစဉ်းစားနေတာ။ သူ့ခြေထောက်တွေကို ကြိုးဖြင့် ပြင်ပြီးချည်ပါလား။ ဒါမှ သူလမ်းလျှောက်လို့ရမယ်။ ဒါပေမဲ့ မြန်မြန်လျှောက်လို့မရအောင်လည်းချည်ပေါ့"

"ကောင်းပြီ"

မစ္စတာအော်လီဗာ ထိုသို့လုပ်နေစဉ် ဂျင်နီက မိမိအိပ်ခန်းထဲသို့ဝင်သွားသည်။ သူမက အဝတ်ဗီရိုထဲမှ ပင်လယ်ကမ်းခြေကိုသွားလျှင် သုံးရန်ဝယ်ထားသည့် ရောင်စုံထဘီတစ်ထည်ကိုယူလိုက်သည်။ ပြီးတော့ ပဝါအကြီးကြီးတစ်ခု၊ လက်ကိုင်ပဝါတစ်ထည်နှင့် ဗိုလ်လုပွဲတစ်ခုကရထားပြီး လွှင့်ပစ်ဖို့မေ့နေသည့် သမ္မတဟောင်း ရေဂင်၏ဇနီး နန်စီရေဂင်၏ မျက်နှာဖုံးအတုကိုယူလိုက်သည်။

မစ္စတာအော်လီဗာက ဟာဘေးကိုမတ်တပ်ထူလိုက်သည်။ မတ်တပ်ရပ်လိုက်သည်နှင့် သူ့ကကြိုးတုပ်ထားသောလက်နှစ်ဖက်ဖြင့် မစ္စတာအော်လီဗာအား လွှဲရိုက်လိုက်၏။ ဂျင်နီလည်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ လစ်ဆာလည်း အသံကျယ်အော်နေ၏။ သို့ရာတွင် မစ္စတာအော်လီဗာက ထိုသို့လုပ်လာနိုင်သည်ကိုတွက်ထားပုံရသည်။ သူက အသာလေးရှောင်လိုက်ပြီး ဟာဘေး၏ဗိုက်ကို သေနတ်ဒင်ဖြင့်ထိုးပစ်လိုက်၏။ ဟာဘေးတစ်ချက်ငြီးကာ ရှေ့သို့ကိုင်းသွားသည်။ မစ္စတာအော်လီဗာက သေနတ်ဒင်ဖြင့် ခေါင်းကိုတစ်ချက်ရိုက်လိုက်ပြန်သည်။ ဟာဘေးဒူးထောက်ကျသွား၏။ မစ္စတာအော်လီဗာက သူ့ကိုဆွဲထူသည်။

သည်တစ်ကြိမ်တွင်တော့ သူ ငြိမ်သွားလေပြီ။ ဂျင်နီက..

"သူ့ကို ကျွန်မအဝတ်အစားဝတ်ပေးချင်တယ်"

"လုပ်လေ။ ကျုပ် ဘေးကရပ်ပြီး ကလန်ကဆန်မလုပ်အောင် ထုထုပေးမယ်"

ဂျင်နီက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဟာဘေးအား ခါးမှနေ၍ ထဘီဝတ်ပေးသည်။ သူမလက်များက မငြိမ်ချင်။ သူ့အနီးသို့မကပ်ချင်၍ဖြစ်၏။ ထဘီမှာ ရှည်လျားပြီး ဟာဘေး၏ခြေကျင်းဝတ်အထိဖုံးအုပ်နေသည်။ ထို့ကြောင့် သူ့ခြေထောက်ကိုတုပ်ထားသော ဝါယာကြိုးများကိုမမြင်ရတော့။

ထို့နောက် ပဝါကို သူ့ပခုံးပေါ်မှ ခြုံပေးလိုက်ပြီး ခါးပေါ်တွင်ချည်ထားသော ကြိုးတွင် တွယ်ချိတ်ဖြင့်ချိတ်လိုက်သည်။ ထို့ကြောင့် ပဝါနှစ်စကိုကိုင်ထားသည့်ပုံစံဖြစ်နေသည်။ ထို့ကြောင့် ပါးစပ်ထဲတွင်ဆို့ထားသော အဝတ်ထွက်မသွားနိုင်တော့။ နောက်ဆုံးတွင် သူမကနန်စီရေဂင်၏မျက်နှာဖုံးကို မျက်နှာတွင်တပ်လိုက်ရာ ပါးစပ်ပိတ်ထားသည့်အဝတ်များကို မမြင်ရတော့။ သူမက..

"ထူးထူးဆန်းဆန်း ဝတ်စားဆင်ယင်တဲ့ပါတီပွဲကိုတက်ပြီး အရက်မူးလာ



သဘောမျိုးဖြစ်အောင်လုပ်ထားတာ"

"အတော်ကောင်းတယ်"

မစ္စတာအော်လီဗာကဆိုသည်။ တယ်လီဖုန်းမြည်လာ၏။ ဂျင်နီက ကောက်ကိုင်လိုက်ပြီး....

"ဟယ်လို.."

"ရဲစုံထောက်မစ်ရှိပါ"

သူမကို ဂျင်နီမေ့၍ပင်နေ၏။ သူမထံ မိမိဖုန်းလိုက်ဆက်နေသည်မှာ ဆယ်လေးနာရီလောက်ပင်ကြာခဲ့ပြီ။ ဂျင်နီက...

"ဟဲလို.."

"ရှင်ပြောတာမှန်တယ်။ ဟာဘေးဂျုန်းလုပ်တာ"

"ရှင်ဘယ်လိုသိလဲ"

"ဗီလဒဲဖီးယားရဲတွေက အဲဒော်ကိုမြန်တယ်။ သူတို့ အဲဒီတိုက်ခန်းကိုသွားခဲ့တယ်။ သူတွေ့မရှိဘူး။ ဘေးခန်းကလူက တံခါးဖွင့်ပေးတယ်။ ကွန်ပျူတာရပ်မုံထဲမှာပါတဲ့ ဦးထုပ်တစ်လုံးတွေ့ခဲ့တယ်"

"ဝမ်းသာလိုက်တာ"

"ကျွန်မသူ့ကိုဖမ်းတော့မယ်။ ဒါပေမဲ့ သူ ဘယ်ရောက်နေလဲမသိဘူး။ ရှင်သိလား"

ဂျင်နီက ဟာဘေးကိုကြည့်လိုက်ရင်း....

"ကျွန်မလည်းမသိဘူး။ ဒါပေမဲ့ မနက်ဖြန်ဆယ်နှစ်နာရီမှာသူရှိနိုင်မယ့် နေရာကိုတော့ ကျွန်မသိတယ်"

"ဘယ်မှာလဲ"

"စတိုဖာဟိုတယ်က အစည်းအဝေးခန်းမမှာလုပ်မယ့် သတင်းစာရှင်းလင်းပွဲမှာလေ"

"ကျေးဇူးပဲ"

"မစ်ရှိ ကျွန်မကို တစ်ခုကူညီပါလား"

"ပြော"

"သတင်းစာရှင်းလင်းပွဲမပြီးခင် သူ့ကိုမဖမ်းပါနဲ့။ သူ အဲဒီကို ရောက်လာဖို့က ကျွန်မအတွက် သိပ်အရေးကြီးလို့ပါ"

"ကောင်းပြီလေ"

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီက ဖုန်းကိုချထားပြီး...

"ကဲ.. သူ့ကိုကားထဲတင်ကြ"

မစ္စတာအော်လီဗာက...

"မင်း ရှေ့ကသွားပြီး တံခါးဖွင့်ပေး။ ကျုပ် သူ့ကိုခေါ်ခဲ့မယ်"

ဂျင်နီ ကားသော့ကိုယူပြီး ဆင်းသွားသည်။ မိုးချုပ်နေလေပြီ။ သို့ရာတွင် လင်းလက်သောကြယ်ရောင်များ၊ လမ်းမီးများကရှိနေ၏။ လမ်းတစ်လျှောက်ကြည့်လိုက်တော့ စုတ်ဖြဲထားသောဂျင်းဘောင်းဘီများကိုဝတ်ဆင်ထားသည့် လူငယ်စုံတွဲတစ်တွဲ ရှေ့တူရူဘက်တွင် လက်ချင်းချိတ်ကာလမ်းလျှောက်နေသည်။ လမ်း၏ဟိုမှာဘက်တွင် မြက်ဦးထုပ်နှင့်လူကြီးတစ်ယောက် အဝါရောင်ခွေးတစ်ကောင်ကို လက်ဆွဲကာ လမ်းလျှောက်နေ၏။ သူတို့အားလုံး မိမိတို့ကိုမြင်နိုင်သည်။ မိမိတို့ကိုကြည့်နေကြမည်လား။ မိမိတို့ကို ဂရုစိုက်ကြမည်လား။

ဂျင်နီက ကားတံခါးကိုသော့ဖြင့်ဖွင့်လိုက်သည်။ ဟာဗေးနှင့် မစ္စတာအော်လီဗာ အိမ်ထဲမှထွက်လာကြ၏။ မစ္စတာအော်လီဗာက ဟာဗေးအား ရှေ့သို့တွန်းလိုက်သည်။ ဟာဗေးမှာ ရှေ့သို့ယိုင်ထိုးယိုင်ထိုးနှင့်လာနေ၏။ လစ်ဆာက နောက်မှလိုက်လာပြီး တံခါးကိုပိတ်နေသည်။

ဟာဗေး ကားနားသို့ရောက်လာသည်။ မစ္စတာအော်လီဗာက နောက်ဆုံးတစ်ကြိမ်တွန်းလိုက်၏။ ဟာဗေးမှာ ကားနောက်ခန်းထိုင်ခုံပေါ်သို့ပစ်ကျသွားသည်။ ဂျင်နီက လမ်းပေါ်မှလူများကိုအကဲခတ်လိုက်၏။ မြက်ဦးထုပ်နှင့်လူကြီးမှာ သူ့ခွေးအပေါ်သွားနေသည်ကိုကြည့်နေ၏။ လူငယ်စုံတွဲကလည်း လှည့်မကြည့်။ အခြေအနေကတော့ ကောင်းနေဆဲ။ မစ္စတာအော်လီဗာက...

"ကျုပ် နောက်ခန်းက သူနဲ့တွဲစီးမယ်"

"ဟုတ်ပြီ"

လစ်ဆာက ရှေ့ခန်းမှထိုင်ပြီး ဂျင်နီကမောင်းသည်။

ဟိုတယ်ကိုရောက်တော့ ဂျင်နီက ကားကိုကားဂိုထောင်ထဲသို့မောင်းဝင်လာပြီး ဓာတ်လှေကားနှင့်အနီးဆုံးနေရာတွင် ကားကိုရပ်လိုက်သည်။ မြေအောက်ခန်းကားဂိုထောင်ထဲတွင် လူများရှိနေ၏။ ကားတစ်စီးပေါ်မှ ကျကျနနဝတ်စားထားသောစုံတွဲတစ်တွဲကားထဲမှထွက်ကာ ဟိုတယ်ပေါ်သို့တက်သွားသည်အထိ ကားထဲမှထိုင်စောင့်နေရသည်။ ထို့နောက် လူမရှိတော့မှ ကားထဲကထွက်လိုက်ကြသည်။

ဂျင်နီက ကားနောက်ခန်းထဲမှ ကားပြင်သည့်ခွတစ်ချောင်းကိုယူ၍ ဟာဗေးအားပြလိုက်သည်။ ပြီးတော့ ဂျင်းဘောင်းဘီထဲသို့ထည့်ထားလိုက်၏။ မစ္စတာ



အော်လီဗာကလည်း သူ၏ပစ္စတိုကိုခါးကြားတွင်ထိုးကာ ရှပ်အင်္ကျီကိုအပြင်သို့ထုတ်၍ဖုံးထားသည်။ သူတို့ ဟာဗေးကိုကားထဲမှဆွဲထုတ်သည်။ သူ့အချိန်မရွေး ရုန်းကန်လှုပ်ရှားလာနိုင်သည်ဟု ဂျင်နီ တွက်ထား၏။ သို့ရာတွင် သူက ဓာတ်လှေကားဆီသို့ အေးအေးဆေးဆေးလာခဲ့သည်။

ဓာတ်လှေကားသို့ရောက်ရန် အတော်ပင်ကြာသည်။ ဓာတ်လှေကားသို့ရောက်လာတော့ သူ့ကိုဆွဲသွင်းပြီး ဂျင်နီကဓာတ်လှေကားခလုတ်ကိုနှိပ်လိုက်သည်။ ဓာတ်လှေကားဖြင့်တက်လာရင်း မစ္စတာအော်လီဗာက ဟာဗေး၏ဗိုက်ကို တစ်ချက်ထိုးလိုက်ပြန်သည်။

ဟာဗေးမှာ ညည်းတွားပြီး ခါးကုန်းသွားချိန်တွင် ဓာတ်လှေကားတံခါးပွင့်လာသည်။ ဓာတ်လှေကားစောင့်နေသောလူနှစ်ယောက်က ဟာဗေးအား စိုက်ကြည့်နေသည်။ သူ့ကို အတင်းဆွဲထုတ်ပြီး မစ္စတာအော်လီဗာက...

"လူကြီးမင်းတို့ စိတ်မရှိပါနဲ့ဗျာ။ ဒီသူငယ်ဟာတအားသောက်ထားလို့ပါ"

သူတို့ အေးအေးဆေးဆေး အပြင်သို့ထွက်လာနိုင်ခဲ့ကြ၏။ အခြား ဓာတ်လှေကားတစ်ခု အသင့်စောင့်နေသည်။ သူတို့ ဟာဗေးအား ဓာတ်လှေကားထဲသို့သွင်းပြီး ဂျင်နီက အဋ္ဌမထပ်သို့တက်သည့်ခလုတ်ကို နှိပ်လိုက်သည်။ ဓာတ်လှေကားတံခါးပိတ်သွားတော့မှ ဂျင်နီ သက်မချနိုင်တော့၏။

အဋ္ဌမထပ်သို့ ချောချောမောမောတက်လာနိုင်ခဲ့ကြသည်။ ဟာဗေးမှာ မစ္စတာအော်လီဗာထိုးလိုက်သည့်ဒဏ်မှ သက်သာလာလေပြီ။ မိမိတို့တက်လိုသောအထပ်သို့လည်း ရောက်ကာနီးနေပြီ။

ဂျင်နီက သူမငှားထားသော အခန်းရှိရာသို့ ရှေ့မှသွားနှင့်သည်။ ထိုအခန်းသို့ရောက်သည်တွင် တံခါးပွင့်နေသည်ကိုတွေ့သဖြင့် အတော်ပင်လန့်သွားရ၏။ တံခါးလက်ကိုင်ပေါ်တွင်ကတ်ပြားတစ်ခုချိတ်ထားပြီး 'အခန်းသန့်ရှင်းရေးလုပ်နေသည်' ဟုရေးထားသည်။ သန့်ရှင်းရေးအမျိုးသမီးမှာ ခုတင်ကိုလှဲချထားလေမည်လားဟု၍ ဂျင်နီ စိတ်ပူမိသည်။

ရုတ်တရက် ဟာဗေးမှာ ကိုယ်ကိုတစ်ပတ်လှည့်လိုက်ပြီး မကျေမနပ်ပြောနေသလို လည်ချောင်းသံကြီးဖြင့်အသံပြုလျက် ကိုယ်ကိုတစ်ပတ်လှည့်လိုက်သည်။ ပြီးတော့ ကြိုးတုတ်ခံထားရသော လက်နှစ်ဖက်ကိုလည်း လျှောက်ရမ်းနေ၏။ မစ္စတာအော်လီဗာက သူ့တိုထိုးလိုက်သည်တွင် သူကရှောင်သွားပြီး ကြမ်းပြင်တစ်လျှောက် သုံးလှမ်းမျှလှမ်းလျှောက်သွားသည်။

ဂျင်နီက သူ့ရှေ့မှသွားကာ ငုံ့ပြီး သူ့ခြေထောက်၌ချည်ထားသော ကြိုးများ

www.burmeseclassic.com

www.burmeseclassic.com



ကို လက်နှစ်ဖက်ဖြင့်ဆွဲလိုက်သည်။ ဟာဗေးမှာ ယိုင်သွား၏။ ဂျင်နီက နောက်တစ်ကြိမ်ဆွဲလိုက်သည်တွင် ဆွဲ၍မရ။ သူ့ကိုယ်ကြီးမှာ အတော်ပင်လေးနေ၏။ သူက လက်နှစ်ဖက်ဖြင့် သူမအားလှမ်းရိုက်သည်။ သူမက အသာရှောင်ပြီး ရှိသမျှအားကိုထုတ်ကာဆွဲလိုက်ပြန်သည်။သူ့ခြေထောက်မှာ မြောက်တက်လာပြီး ဟာဗေးလဲကျကာ ရှပ်ခနဲအသံကြား လိုက်ရသည်။

"ဘုရား...ဘုရား... ဘာတွေဖြစ်နေကြတာလဲ"

အခန်းထဲမှ အသက် ၆၀ ခန့်အရွယ် လူမည်းအမျိုးသမီးသန့်ရှင်းရေးမိန်းမကြီးထွက်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။

မစ္စတာအော်လီဗာက ဟာဗေး၏အနီးတွင် ဒူးထောက်ထိုင်ကာ ဟာဗေးအားပန်းမှဆွဲမရင်း....

"ဒီကောင်လေးဟာ ပါတီပွဲမှာ အသောက်များသွားလို့၊ ကျွန်တော်ကားခေါင်းခန်းထဲမှာလည်း အန်ထားလိုက်တာပွနေတာပဲ"

"အသောက်များလို့.. ဟုတ်လား။ ကျွန်မကြည့်တာတော့ ရန်ဖြစ်နေသလိုပဲ"

သန့်ရှင်းရေးအမျိုးသမီးကြီးက ဆိုသည်။ မစ္စတာအော်လီဗာက ဂျင်နီအား...

"အစ်မသူ့ကိုခြေထောက်ကမပေးစမ်းပါ"

ဂျင်နီက မ,ပေးသည်။နှစ်ယောက်သား ဟာဗေးကိုမ,လာခဲ့ကြ၏။ ဟာဗေးမှာ ရန်းကန်နေ၏။ မစ္စတာအော်လီဗာက လွတ်ကျမလိုဖြစ်သွားရာ ဒူးဖြင့်အသာထိန်းထားလိုက်ရသည်။ မိန်းမကြီးက...

"မြန်မြန်လုပ်ပါ။ သူနာသွားပါဦးမယ်"

"နောက်တစ်ခါ ထပ်မ,ပါဦး အစ်မ"

မစ္စတာအော်လီဗာက ဆိုသည်။ သူတို့ ဟာဗေးကို မ,ယူလာပြီး အခန်းထဲသို့သွင်းပေးလိုက်ကြသည်။ ပြီးတော့ အနီးဆုံးခုတင်တစ်လုံးပေါ်သို့ ပစ်တင်လိုက်၏။ မိန်းမကြီးက နောက်မှလိုက်လာရင်း....

"ဒီအထဲမှာတော့ သူအန်မယ်မထင်တော့ပါဘူးနော်"

မစ္စတာအော်လီဗာက သူမအား ပြုံးကြည့်လျက်...

"အမိကို ကျုပ်ဒီနားမှာအရင်ကမတွေ့ပါဘူး။ ကျုပ်ကလည်း ကောင်မလေးချောချောတွေကို လိုက်ကြည့်နေတာ။ ဒါပေမဲ့ အမိကိုသတိမထားမိဘူး"

"နောက်မနေစမ်းပါနဲ့။ ကျွန်မကလည်း ကောင်မလေးမဟုတ်ပါဘူး"

မိန်းမကြီးက ပြောပြီး ပြုံးနေသည်။ မစ္စတာအော်လီဗာက....

"ကျုပ်အသက် ၇၁နှစ်ရှိပြီ။ ခင်ဗျားကတော့ ၄၅နှစ်ထက်ကျော်မယ့်ပုံမရှိဘူး



"ကျွန်မက ၅၉ နှစ်ရှိပြီ။ ရှင့်ရဲ့ရိုသဲ့သဲ့စကားလေးတွေ နားထောင်ရတော့မယ့်အရွယ်မဟုတ်တော့ဘူး"

မစ္စတာအော်လီဗာက သူမလက်ကိုအသာအယာဆွဲ၍ အခန်းထဲမှခေါ်သွားရင်း...

"ဟော့.. ကျုပ် ဒီလူတွေနဲ့ကိစ္စပြီးတော့မယ်။ ကျုပ်နဲ့ကားလိုက်စီးပါလား"

"အန်ဖတ်တွေဗရပွနဲ့များမစီးချင်ပေါင်"

"ဆေးပစ်လိုက်မှာပေါ့"

"ကျွန်မယောကျ်ားက အိမ်မှာစောင့်နေတယ်။ရှင်ဒီလိုပြောနေတာတွေ သူသိသွားရင် ရှင့်ကားထဲမှာ ဒါ့ထက်တောင် အန်ဖတ်တွေပွကုန်ဦးမယ်"

မစ္စတာအော်လီဗာက လက်ကာရင်း...

"အို... အို... ကြောက်ပါတယ်ဗျာ"

သူက ကြောက်သွားဟန်ဆောင်၍ အခန်းထဲပြန်ဝင်ပြီး တံခါးကိုပိတ်လိုက်သည်။ ဂျင်နီက ကုလားထိုင်တွင်ထိုင်ချရင်းက....

"တော်ပါသေးရဲ့အောင်မြင်သွားလို့"

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၁)

စတီက စားသောက်ပြီးသည်နှင့် မတ်တပ်ထရပ်ကာ…

“ကျွန်တော် အိပ်ရာဝင်တော့မယ်”

ဟာဖေး၏အခန်းတွင် မိမိ နားချင်လှပြီ။ မိမိတစ်ယောက်တည်းနေရလျှင် မိမိ ဟန်ဆောင်နေသည်များ ပေါ်မည်မဟုတ်။

သို့ဖြင့် လူစုခွဲကြသည်။ ဂျင်ပရစ်က လက်ကျန်ဝီစကီကိုမော့ချလိုက်၏။ ဘာရင်တန်က ညွှဲသည်နှစ်ယောက်ကိုသူတို့ကားများဆီအထိ လိုက်ပို့လိုက်သည်။ စတီအတွက် ဂျင်နီထံဖုန်းဆက်ရန်အခွင့်အရေးရလေပြီ။သူက ဖုန်းကိုကောက်ကိုင်လိုက်ပြီး တယ်လီဖုန်းစုံစမ်းရေးဌာနသို့ဆက်လိုက်သည်။ ဖုန်းကိုတော်တော်နှင့်မကိုင်။ နောက်ဆုံးတွင် ဖုန်းကိုင်လာတော့ ဟိုတယ်ဖုန်းနံပါတ်ကိုမေးလိုက်သည်။ ပထမအကြိမ် ဖုန်းများလှည့်မိ၍ စားသောက်ဆိုင်တစ်ဆိုင်သို့ရောက်သွားသည်။

“ကျွန်တော် ဒေါက်တာဂျင်နီဖာရာမီနဲ့စကားပြောချင်လို့ပါ”

ဘာရင်တန်အိမ်ထဲပြန်ဝင်လာတော့ စတီ၏အသံကိုကြားသွား၏။

“ဟဲလို..”

“ဟဲလို လင်ဒါလား.. ဟာဖေးပါ”

“စတီလား”

“ဟုတ်တယ်။ကိုယ် ဒီည အဖေတို့အိမ်မှာအိပ်မလို့။ ကားမောင်းပြန်ဖို့က



လည်း နည်းနည်းညဥ့်နက်နေပြီလေ”

“စတီ ရှင်အဆင်ပြေရဲ့လား”

“ဒီမှာနည်းနည်းလုပ်စရာလေးတွေရှိလို့။ဒါပေမဲ့ ကိုယ်ကတော့ ဘာမှမလုပ်တတ်ပါဘူး။ ဒီနေ့ ဘယ့်နှယ့်နေသလဲ”

“သူ့ကိုဟိုတယ်အခန်းထဲခေါ်လာခဲ့ပြီ။သိပ်တော့ မလွယ်ဘူး။ဒါပေမဲ့ ရောက်တော့လာပြီ။လစ်ဆာလည်း ဂျော့ဒက်ဆော့နဲ့ ဆက်သွယ်လို့ရတယ်။သူက လာမယ်လို့ပြောတယ်။ ဒါကြောင့် ကျွန်မတို့မှာ အနည်းဆုံးသုံးယောက်တော့ရပြီပေါ့”

“ကောင်းတယ်။ ဒါဆို ကိုယ်အခုအိပ်တော့မယ်။မနက်ဖြန် ကိုယ်မင်းနဲ့တွေ့ဖြစ်ဦးမယ်ထင်တယ် အချစ်ရယ်။ ဒါပဲနော်”

“အင်း.. အင်း.. ဒါပဲ”

“သိပ်စွဲနေတဲ့ ကောင်မလေးလား”

ဘာရင်တန်က မျက်စိတစ်ဖက်မှိတ်ပြရင်း မေးလိုက်သည်။ စတီက…

“ဒီလောက်လည်း မဟုတ်ပါဘူး”

ဘာရင်တန်က ဆေးလုံးကလေးများကိုထုတ်၍ ဝီစကီနှင့်မြှောသောက်ချလိုက်သည်။ စတီ ဆေးပုလင်းကိုကြည့်နေသဖြင့် ဘာရင်တန်က

“အိပ်ဆေးပါ။ ဒီလိုအခြေအနေမျိုးမှာအိပ်ပျော်အောင် ဒီဆေးသောက်မှဖြစ်မယ်”

“အိပ်တော့မယ် ဒယ်ဒီ”

ဘာရင်တန်က သူ့ပခုံးကိုဖက်၍

“ဘာမှမပူနဲ့၊ အဖေတို့ ဒီကိစ္စတွေအားလုံးပြီးသွားမှာပါ”

ဆိုးသွမ်းနေသောသားကို သူတကယ်ချစ်နေပါလား။ ရုတ်တရက် သားကိုချစ်သော ဖခင်တစ်ယောက်အားလှည့်စားမိသည့်အတွက် စိတ်မကောင်းဖြစ်မိသည်။

ထို့နောက် မိမိအိပ်ခန်းဘယ်နေရာရှိသည်ကိုမသိဖြစ်နေ၏။သူက အခန်းကျဥ်းကလေးထဲမှထွက်၍ အိမ်ခန်းများရှိမည်ထင်သည့် စင်္ကြန်ကလေးတက်သို့လျှောက်လာသည်။ သို့သော် မည်သည့်တံခါးပေါက်သည် ဟာဖေး၏အခန်းနည်း၊ နောက်ကိုလှည့်ကြည့်လိုက်တော့ ဘာရင်တန်အခန်းကျဥ်းကလေးထဲမှ မိမိကိုမြင်နိုင်ကြောင်းတွေ့ရသည်။ ထို့ကြောင့် အလျင်ဆုံးအခန်းကိုအသံမကြားအောင် ဖွင့်ကြည့်လိုက်၏။

ယင်းမှာ ရေချိုးခန်းကျယ်ကြီးဖြစ်ပြီး ရေချိုးဇလုံများ၊ ရေပန်းများလည်းရှိနေသည်။ ထို့ကြောင့် တံခါးကို အသာပြန်ပိတ်လိုက်၏။ နောက်တစ်ခန်းမှာ ဘာက်

www.burmeseclassic.com

www.burmeseclassic.com



တွေ၊ ချည်ထည်ပိတ်သားတွေအပြည့်ရှိနေ၏။သူက ယင်းနှင့်မျက်နှာချင်းဆိုင်အခန်းကိုဖွင့်ကြည့်သည်။ ထိုအခန်းကြီးမှာ အလွန်ကြီးမားပြီး နှစ်ယောက်အိပ်ခုတင်နှင့် ဗီရိုအများအပြားရှိသည်။

အပေါ်ဖုံးစက်စုံတစ်စုံအခြောက်လျှော်ပြီးကာစ တံခါးလက်ကိုင်တွင် ချိတ်ထားသည်ကိုတွေ့ရသည်။ ဟာဗေးတွင် အပေါ်ဖုံးဝတ်စုံမရှိတန်ရာ။ သူက တံခါးကိုပြန်ပိတ်မည်ပြုစဉ် သူ့နောက်နားကကပ်၍ ဘာရင်တန်၏အသံကိုကြားလိုက်ရာလန့်သွားသည်။

"သားက အဖေ့အခန်းထဲက ဘာယူချင်လို့တုန်း"

စတီ မလုံမလဲဖြစ်သွားသည်။ ခဏ္တ ဘာပြန်ပြောရမည်မသိဖြစ်သွား၏။ နောက်မှ စကားလုံးများထွက်လာသည်။

"အိပ်ရင်းဝတ်ဖို့ ကျွန်တော့်မှာ ဘာမှမရှိဘူး"

"မင်း ဘယ်တုန်းက ညဝတ်ဘောင်းဘီ ဝတ်အိပ်လို့လဲ"

ဘာရင်တန်၏အသံမှာ မသက်သသည်လား၊ နားမလည်နိုင်သည်လား စတီ မဝေခွဲတတ်။

"အဖေမှာ သိပ်ပွနေတဲ့တီရှပ်များရှိမလားလို့"

"မင်းနဲ့တော်တာ တစ်ထည်မှမရှိဘူး လူလေး"

ဘာရင်တန်က ပြောပြီးရယ်နေသဖြင့် စတီ စိတ်သက်သာရာရသွားသည်။ သူက ပခုံးတွန့်ပြီး...

"ဒါဆိုလည်း ကိစ္စမရှိတော့ပါဘူး"

ပြောပြီး သူကဆက်လျှောက်လာသည်။စင်္ကြံ၏အဆုံးတွင် မျက်နှာချင်းဆိုင် တံခါးနှစ်ပေါက်ရှိနေသည်။ တစ်ခုက ဟာဗေး၏အခန်းဖြစ်ပြီး တစ်ခုက အိမ်ဖော်၏အခန်းဖြစ်မည်။ ဘယ်အခန်းဖြစ်မည်မသိ။

ဘာရင်တန် သူ့အခန်းထဲဝင်သွားပြီး ပျောက်သွားတော့မှ မိမိအခန်းကိုရှာနိုင်ရန် စတီယောင်လည်လည်လုပ်နေသည်။

စင်္ကြံကို ဆုံးအောင်လျှောက်သွားပြီး နောက်ကိုလှည့်ကြည့်လိုက်တော့ ဘာရင်တန်က မိမိအား စောင့်ကြည့်နေသည်ကိုတွေ့ရသည်။ စတီက...

"အိပ်တော့မယ်နော် အဖေ"

"အေး...အိပ်တော့"

ဘယ်ဘက်က အခန်းလား၊ ညာဘက်က အခန်းလားမသိ။ တစ်ခုခုရမ်းဖွင့်လိုက်တော့မည်။ စတီက ညာဘက်အခန်းကိုရမ်းဖွင့်လိုက်၏။ ကုလားထိုင်



နောက်မှီတွင် လက်ပစ်ဘောလုံးကစားသည့်အခါဝတ်သည့်အင်္ကျီတစ်ထည်ကိုတွေ့ရ၏။ စားပွဲပေါ်တွင်ပလေးဘွိုင်းမဂ္ဂဇင်းကိုလည်းတွေ့ရသည်။ ယောကျ်ားကလေးတစ်ဦး၏အခန်းဖြစ်နေသည်။ တော်ပါသေးရဲ့..။

သူက အခန်းထဲဝင်ပြီး တံခါးကို ဖနောင့်နှင့်ကန်၍ ပိတ်လိုက်သည်။ ပြီးတော့ တံခါးကိုပျော့ခွေကာ နောက်ပြန်မှီထားလိုက်၏။ စိတ်လျှော့လိုက်သဖြင့် အားတွေမရှိတော့။ခဏကြာတော့ အဝတ်အစားချွတ်ပြီး ခုတင်ပေါ်တက်လိုက်သည်။ ဟာဗေးဖခင်၏အိမ်၊ ဟာဗေး၏အခန်း၊ ဟာဗေး၏ခုတင်ပေါ်တွင် ရောက်နေသည်မို့ စိတ်ကလည်းမသိုးမသန့်နှင့်။

သူကမီးကိုပိတ်ကာ အိပ်မပျော်ဘဲ လဲလျောင်းနေရင်း ထူးဆန်းသောအိမ်ကြီး၏အသံများကိုနားစွင့်နေသည်။ခေတ္တမျှအသံများကြားနေရသည်။ တံခါးများပိတ်သံကိုလည်း ကြားနေရ၏။ ထို့နောက် တိတ်ဆိတ်သွားတော့သည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆၂)

စတီ လန့်နိုးလာသည်။ မိမိ ဘယ်ရောက်နေပါလိမ့်။

ညဝတ်ဝတ်စုံအစင်းနှင့် တစ်စုံတစ်ယောက်က မိမိပခုံးကိုလာလှုပ်နှိုးနေသည်။ ဘာရင်တန်ဂျုန်းပါလား။ စတီက ကြောင်တောင်တောင်ဖြစ်နေရာမှ သတိပြန်ရလာသည်။

"သတင်းစာရှင်းလင်းပွဲတက်ဖို့ ကျကျနနဝတ်စားလာခဲ့၊ ဗီရိုထဲမှာ သားကျွန်ခဲ့တဲ့ နှစ်ပတ်လောက်ကထားခဲ့တဲ့ ရှပ်အင်္ကျီတစ်ထည်ရှိတယ်၊ မေရီအန်းလျှော်ဖွတ်ပြီး မီးပူတိုက်ထားတယ်၊ ပြီးတော့ အဖေ့အခန်းမှာကြိုက်တဲ့လည်စည်းတစ်ခုလာယူ"

ပြောပြီးထွက်သွားသည်။ဘာရင်တန်မှာ ပြောစကားနားမထောင်တတ်သောသားတစ်ယောက်အား ပြောသလို ပြောနေ၏။

"ဘာမှပြန်မပြောနှင့်နိုင်းတဲ့အတိုင်းလုပ်" ဟူသောသဘောမျိုးပါ၏။ သို့ရာတွင် ယင်းကဲ့သို့ ခပ်ပြတ်ပြတ်ပြောသဖြင့် စတီအတွက်ပို၍အဆင်ပြေနေသည်။ မိမိဘာမျှသိမ်မြှန်ပြောစရာမလိုသဖြင့် မိမိ၏ဟန်ဆောင်မှုလည်းပေါ်မည်မဟုတ်တော့။

နံနက် ၈နာရီရှိပေပြီ။ စတီက အတွင်းခံဘောင်းဘီကလေးဖြင့် ရေချိုးခန်းသွားကာ ရေချိုးပြီးမုတ်ဆိတ်ရိတ်လိုက်သည်။ သူက ဘာရင်တန်နှင့်စကားများများ မပြောရစေရန် အချိန်ကိုဆွဲ၍လုပ်နေသည်။

ထို့နောက် တဘက်ကိုခါးပတ်ပြီး အမိန့်အတိုင်း ဘာရင်တန်၏အခန်းကိုသွားခဲ့သည်။ဘာရင်တန်မရှိ။စတီက ဗီရိုကိုဖွင့်လိုက်သည်။ဘာရင်တန်၏ လည်စည်း



များမှာသိပ်အတော်မမီ။သူက လည်စည်းကန့်လန့်စင်းတစ်ခုကိုယူလိုက်၏။ အောက်ခံဘောင်းဘီလည်းလိုသေးသည်။သူက ဘာရင်တန်၏ အောင်းဘီတိုတစ်ထည်ကို ထုတ် ယူလိုက်၏။

အဝတ်အစားများဝတ်ပြီးသောအခါ ဆက်လက်ဟန်ဆောင်ရမည့်ကာလအတွက်စိတ်ကိုတင်းလိုက်သည်။နောက်ထပ်နာရီပိုင်းလောက်ဆိုလျှင် အားလုံးပြီးသွားပေမည်။မွန်းတည့်ပြီးသည်နှင့် သတင်းစာရှင်းလင်းပွဲအား ဂျင်နီဝင်ဖျက်ချိန်ရောက်တွင် ဘာရင်တန် မိမိအားမသင်္ကာဖြစ်မည့်ကိုစိုးရိမ်စရာမလိုတော့။

သူက အသက်ပြင်းပြင်းတစ်ချက်ရှူပြီး ထွက်လာခဲ့သည်။ စတီက ဟောင်းလျှာအနံ့များကိုအနံ့ခံရင်း မီးဖိုခန်းဆီသို့ရောက်လာခဲ့သည်။ မေရီအန်းက ချက်ပြုတ်နေ၏။ ဘာရင်တန်က ရုပ်မြင်သံကြားကိုကြည့်နေ၏။

စတီထိုင်လိုက်တော့ မေရီအန်းက ကော်ဖီနှင့်သစ်သီးရည်များထည့်ပေးသည်။ဘာရင်တန်က စကားမပြောနှင့်ဟူသောသဘောဖြင့် လက်ကာပြသည်။ ရုပ်မြင်သံကြားတွင် သတင်းကြေညာသူက ဂျနတီကိုကုမ္ပဏီအား လင်းစမင်းကုမ္ပဏီလက်သို့ လွှဲပြောင်းပေးမည့်သတင်းကို ကြေညာ၏။

ဤတွင် တံခါးလူခေါ်ခေါင်းလောင်းသံပေါ်လာသည်။ ဘာရင်တန်က ခလုတ်တစ်ခုကိုနှိပ်ကာ ထိုအသံကို တိတ်သွားစေ၏။ သူက ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်ရင်း....

"အပြင်ဘက်မှာ ရဲကားတစ်စီးရောက်နေတယ်"

စတီကြောက်သွားမိသည်။ အကယ်၍ ဂျင်နီက မစ်ရှဲလ်ဝဲအား ဟာဗေးနှင့်ပတ်သက်၍ သိသမျှတိုင်ကြားလိုက်လျှင် ရဲက ဟာဗေးအား လာရောက်ဖမ်းပေမည်။ ဤတွင် မိမိဟာဗေးဂျုန်းမဟုတ်ကြောင်း ငြင်းရန်လည်းအခက်။ မိမိကဟာဗေး၏ အဝတ်အစားများဝတ်ထားပြီး ဟာဗေး၏အိမ်တွင်ဟာဗေး၏ ထမင်းချက်ချက်ထားသောအစားအသောက်များကို စားနေခြင်းမဟုတ်လော။

မိမိ ထောင်ထဲသို့ပြန်မဝင်ချင်။ထိုထက်ဆိုးသည်က မိမိအဖမ်းခံရလျှင် သတင်းစာရှင်းလင်းပွဲသို့ မိမိမရောက်နိုင်တော့။ အခြားကိုယ်ပွားများလည်းမလာခဲ့လျှင် ဂျင်နီ၌ ဟာဗေးတစ်ယောက်သာရှိနေတော့သည်။ ထိုတစ်ယောက်နှင့်မည်သို့မျှ သက်သေပြ၍ရမည်မဟုတ်။

ဘာရင်တန်က တံခါးဖွင့်ထွက်သွားတော့ စတီက...

"ကျွန်တော့်ကိုလာဖမ်းတာဆိုရင် ဘယ်နှယ်လုပ်မလဲ"

"မင်း ဒီမှာမရှိဘူးလို့ပြောလိုက်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ အခန်းထဲမှထွက်သွားစဉ် အိမ်ရှေ့တံခါးပေါက်တွင်ပြောနေသည့် စကားသံများကို စတီမကြားရ။ စတီမှာ ထိုင်ရင်း ဘာမျှစားသောက်၍မရဘဲ တစ်ကိုယ်လုံး တောင့်တင်းနေသလိုဖြစ်နေ၏။ မေရီအန်းမှာလည်း မီးဖိုရှေ့တွင်ရပ်ကာ ကြက်သေသေနေသည်။ နောက်ဆုံးတွင် ဘာရင်တန်ရောက်လာပြီး....

"ငါတို့ရဲ့အိမ်နီးနားချင်းသုံးအိမ် ညကဓားပြတိုက်ခံရတယ်။ ငါတို့ကံကောင်းတာပေါ့"

ဝ ဝ ဝ

တစ်ညလုံး ဂျင်နီနှင့်မစ္စတာအော်လီဗာတို့ ဟာဖေးအား တစ်လှည့်စီ စောင့်ကြည့်ရသည်။ တစ်ယောက်စောင့်တော့ တစ်ယောက်အိပ်။ သို့သော် အိပ်၍မရ။ ဟာဖေးကသာ တခေါခေါနှင့် အိပ်ပျော်နေ၏။ မနက်ကျတော့လည်း ရေချိုးခန်းထဲ တစ်ယောက်တစ်လှည့်ဝင်ကြရသည်။ဂျင်နီက လက်ဆွဲသေတ္တာထဲတွင်ထည့်ယူလာသော အဖြူရောင်ဘလောက်စ်၊ အနက်ရောင်စကတ်များလဲလိုက်သည်။သို့မှသာ မိမိအား စားပွဲထိုးဟုထင်ကြမည်ဖြစ်သည်။

နံနက်စာကို အခန်းထဲလာပို့ရန်မှာ၍စားကြသည်။ သူတို့က စားပွဲထိုးအား ဟာဖေးကိုကြိုးတုပ်လျက်သား မြင်သွားမည်စိုး၍အဝင်မခံ။ မစ္စတာအော်လီဗာက အခန်းအပေါက်ဝမှနေ၍ ပြေစာကိုလက်မှတ်ထိုးပြီး..

"ကျုပ်မိန်းမအဝတ်အစားတွေချွတ်ထားလို့ ပစ္စည်းတင်တဲ့လှည်းကို ကျုပ်ပဲ တွန်းယူသွားမယ်"

မစ္စတာအော်လီဗာက ဟာဖေးအား သစ်သီးရည်များ လက်နှင့်ကိုင်၍တိုက်သည်။ ဂျင်နီက နောက်မှရပ်၍ ဟာဖေးတစ်ခုခုလှုပ်ရှားလျှင် ကားပြင်သည့်ခွဖြင့် ရိုက်ရန်အသင့်ပြင်ထား၏။

ဂျင်နီက စတီ၏ဖုန်းအဆက်ကိုစိတ်ပူစွာစောင့်နေ၏။သူဘာတွေဖြစ်နေသည်မသိ။ညက ဘာရင်တန်၏အိမ်တွင်အိပ်သည်။သူ၏ဟန်ဆောင်မှုက အောင်မြင်ပါမည်လား။

၉ နာရီလောက်တွင် လစ်ဆာသတင်းစာရှင်းလင်းချက်စာရွက်များဖြင့် ရောက်လာသည်။ပြီးတော့ ဂျော်ဒက်ဆော့နှင့်အခြားကိုယ်ပွားများ ရောက်လိုရောက် ငြား လေဆိပ်သို့သွားကြသည်။သုံးယောက်စလုံးကဖုန်းပြန်မဆက်။ ၉ နာရီခွဲလောက် တွင် စတီ ဖုန်းဆက်လာသည်။ သူက...

"မြန်မြန်ပြောမှဖြစ်မယ်။ ဘာရင်တန် ရေချိုးခန်းထဲဝင်နေတယ်။ အားလုံး



အဆင်ပြေတယ်။ ကိုယ် သတင်းစာရှင်းလင်းပွဲကို သူနဲ့လိုက်ခဲ့မယ်"

"သူက မသင်္ကာမဖြစ်ဘူးလား"

"ဟင့်အင်း.. တစ်ခါတလေတော့ ကိုယ်ကြောင်သွားတာရှိတယ်။ ဟိုတစ်ယောက်ကော.."

"ကောင်းကောင်းနှိပ်ကွပ်ထားတယ်"

"ဒါပဲနော်"

"စတီ"

"မြန်မြန်ပြော"

"ကျွန်မ ရှင့်ကိုချစ်တယ်"

သူမ ဖုန်းချလိုက်သည်။ မိမိ ထိုသို့မပြောသင့်။ မိန်းကလေးဆိုသည်က ဣန္ဒြေဆောင်ရသည်မဟုတ်လား။ အို.. ဒါတွေလုပ်မနေချင်တော့။

၁၀ နာရီထိုးတော့ သူမ အစည်းအဝေးခန်းမကိုသွားရောက်လေ့လာသည်။ ယင်းမှာ ထောင့်ခန်းတစ်ခန်းဖြစ်၍ စင်္ကြံနှင့်ခန်းမတစ်ခုရှိပြီး အခန်းကျဉ်းကလေးတစ်ခုကို ကျော်ဖြတ်၍ဝင်ရသည်။အခန်းတွင်းပြင်ဆင်သူများရောက်နှင့်နေပြီး နောက်ခံလိုက်ကာများဆင်ကာ ယင်းအပေါ်တွင် ဂျနုတီကိုကုမ္ပဏီ၏တံဆိပ်အမှတ်အသားများကပ်ထားသည်။

ဂျင်နီက တစ်ချက်လှည့်ပတ်ကြည့်ပြီး အခန်းကိုပြန်ခဲ့သည်။ လစ်ဆာက လေဆိပ်မှ ဖုန်းလှမ်းဆက်၏။

"အခြေအနေက မကောင်းဘူး။ နယူးယောက်ကလာတဲ့ လေယာဉ်နောက်ကျမယ်တဲ့"

"ဒုက္ခပါပဲဟာ။ တခြားသူတွေရဲ့အရိပ်အယောင်ကော မတွေ့ဘူးလား။ ဝိန်းတို့ ဟန့်တို့လေ"

"မတွေ့ဘူး"

"ဂျော့စီးမယ့်လေယာဉ် ဘယ်လောက်နောက်ကျမှာလဲ"

"၁၁ နာရီခွဲလောက်ဝင်မယ်လို့ထင်တယ်တဲ့"

"ဒါဆိုလည်း နင်တို့ အချိန်မီရောက်လာနိုင်ပါတယ်"

"အေး..ငါ ကားကို လေလောက်မြန်အောင်မောင်းလာနိုင်ရင်ပေါ့"

၁၁ နာရီထိုးတော့ ဘာရင်တန် သူ့အိပ်ခန်းထဲကထွက်လာပြီး အင်္ကျီကိုကောက်ဝတ်သည်။သူ၏ဝတ်စားဆင်ယင်ပုံက ရှေးဆန်သော်လည်း သပ်ယပ်မှုရှိသည်။ သူက...

www.burmeseclassic.com



"ကဲ..သွားကြမယ်"

စတီက ဟာဖေး၏အားကစားအပေါ်အင်္ကျီကိုဝတ်လိုက်သည်။အင်္ကျီမှာ သူနှင့်အတော်ပင်ဖြစ်နေ၏။နောက်ပြီး စတီတွင်ရှိသော အင်္ကျီနှင့်လည်း အတော်ပင် တူသည်။

သူတို့ အပြင်ကိုထွက်လာသည်။ ပြီးတော့ ငွေရောင်လင်ကွန်းကားကြီးထဲ သို့ဝင်ပြီး လေအေးပေးစက်ကိုဖွင့်သည်။ ဘာရင်တန်က ကားကိုအမြန်မောင်းလာ၏။ ကားမောင်းလာရင်း လမ်းတွင် သူတို့စကားမပြောနိုင်ကြ။ ဘာရင်တန်က ဟိုတယ် ကားဂိုဒေါင်တွင် ကားကိုရပ်လိုက်သည်။အပေါ်သို့ ဓာတ်လှေကားဖြင့်တက်ရင်း ဘာရင်တန်က...

"ဂျူဒီကိုကုမ္ပဏီအနေနဲ့ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကိုငှား ထားတယ်၊ ကုမ္ပဏီထဲမှာရှိတဲ့ ပြည်သူ့ဆက်ဆံရေးအဖွဲ့ကတော့ ဒီလောက်ကြီးတဲ့ပွဲ မျိုးကို မကိုင်ဘူး"

အစည်းအဝေးခန်းမသို့သွားနေစဉ် ကျကျနနဝတ်စားထားသော အမျိုးသမီး တစ်ဦးက ရှေ့မှဆီးလျက်..

"ကျွန်မက ကာရင်းဘင်းမစ်ပါ၊ အခမ်းအနားပြင်ဆင်ကျင်းပရေး အဖွဲ့ကပါ၊ အထူးဧည့်သည်များအခန်းကိုကြွပါရှင်"

သူမက အခန်းကျဉ်းတစ်ခုထဲသို့လိုက်ပို့သည်။ ထိုအခန်းတွင် အစားအ သောက်များဖြင့် ဧည့်ခံနေ၏။

စတီမှာ မချင့်မရဲဖြစ်နေသည်။ အစည်းအဝေးခန်းမအနေအထားကိုကြည့်ချင် နေ၏။ ကြည့်၍လည်း အကြောင်းက သိပ်မထူးလှ။ ဂျင်နီပေါ်မလာမချင်း မိမိအား ဘာရင်တန်က ဟာဖေးဟု ယုံကြည်နေသရွေ့ ပြဿနာမရှိတန်ရာ။ အထူးဧည့်သည် များအခန်းတွင် လူ၆ယောက်၊ ၇ယောက်ခန့်ရောက်နေသည်။ဂျင်ပရစ်နှင့် ပရက် စတန်ဘတ်တို့လည်းရောက်နေ၏။ဂျင်ပရစ်နှင့်အတူ ဗလကောင်းကောင်း လူငယ်တစ် ယောက်အနက်ရောင်ဝတ်စုံနှင့်ရှိနေသည်။သက်တော်စောင့်တစ်ယောက်ဖြစ်မည်ထင် ၏။ဘာရင်တန်က စတီအား လင်းစမင်းကုမ္ပဏီ၏ မြောက်အမေရိကားဆိုင်ရာလုပ်ငန်း တာဝန်ခံ မိုက်ကယ်မက်ဒီကန်နှင့်မိတ်ဆက်ပေးသည်။ ဘာရင်တန်က စိတ်လှုပ်ရှားစွာ ဖြင့် ဝိုင်အဖြူကိုသောက်နေစဉ် စတီကမာတင်နီသောက်ချင်နေ၏။ သို့ရာတွင် စိတ် လွှတ်ကိုယ်လွှတ်နေ၍ မဖြစ်သေး။ သူက ဟာဖေး၏လက်မှရှတ်ယူ၍ ပတ်လာသော နာရီကိုကြည့်လိုက်သည်။ ၁၁ နာရီထိုးရန် ငါးမိနစ်သာလိုတော့သည်။ ကိစ္စပြီးရန် သိပ်မလိုတော့။ ကိစ္စပြီးမှ မာတင်နီသောက်တော့မည်။



ကာရင်းဘင်းမစ်က သူမအားကြည့်ရန်လက်စုပ်တီးလိုက်ပြီး

"လူကြီးမင်းများရှင့်၊ အားလုံးအသင့်ဖြစ်ပါပြီ၊ စင်ပေါ်ကိုတက်ရမယ့်သူများ နေရာယူနိုင်ပါပြီ"

အောင်မြင်ပေပြီ။ ပြီးသွားလေပြီ။

ဘာရင်တန်က စတီဘက်လှည့်ကာ

"မကြာခင် ပြန်တွေ့မယ်၊ မွန်းတည့်မှာ"

ပြောပြီး သူကကြည့်နေသည်။ စတီက

"ရပါတယ်"

ဘာရင်တန်က ပြုံးလျက်

"ရပါတယ်ဆိုတာ ဘာလဲကွ၊ ကျန်တာကို မင်းဆက်ပြောလေ"

စတီက တစ်ကိုယ်လုံးအေးစက်သွားသည်။ ဘာရင်တန် မိမိအား ဘာပြော မှန်းမိမိမသိ။နှစ်ယောက်တည်းသာသိသည့် နှုတ်ဆက်စကားလေလား။ဖြစ်နိုင်ပြေရမည့် စကားက ဘာများပါလိမ့်။စတီ မိမိကိုယ်ကိုကျိန်ဆဲနေမိသည်။ သတင်းစာရှင်းလင်း ပွဲကလည်းစတော့မည်။မိမိနောက်ထပ် စက္ကန့်အနည်းငယ်မျှဟန်ဆောင်ထားဖို့ လိုသည်။

ဘာရင်တန်က နားမလည်နိုင်သလို မျက်မှောင်ကြုတ်လျက် စိုက်ကြည့်နေ သည်။ စတီမှာ နဖူးမှချွေးအေးချွေးပေါက်များထွက်နေ၏။

"မင်းမေ့ဖို့မကောင်းဘူး"

ဘာရင်တန်က ဆိုသည်။ သူ့မျက်နှာပေါ်တွင် သံသယအမှုအရာများတွေ့ နေရ၏။

"ဟုတ်ကဲ့ ကျွန်တော်မမေ့ပါဘူး"

စတီ မြန်မြန်ပြန်ပြောလိုက်၏။ သိပ်မြန်လွန်းသဖြင့် မိမိဝန်ခံလိုက်သလို ဖြစ်သွားမှန်း သတိထားလိုက်မိသည်။

ဂျင်ပရစ်က နားထောင်နေ၏။ ဘာရင်တန်က

"ဒါဆို ကျန်တာဆက်ပြောလေ"

ပြောပြီး သူက ဂျင်ပရစ်၏သက်တော်စောင့်အား လှမ်းကြည့်လိုက်သည်ကို စတီ တွေ့လိုက်ရ၏။ စတီလည်း ကမန်းကတန်းဖြင့်...

"ထမင်းနာရီအတွင်းမှာ အိုက်ဆင့်ဟာပါ"

ခေတ္တမျှ ငြိမ်နေကြသည်။ ထို့နောက် ဘာရင်တန်က

"ကောင်းတယ်၊ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သူကရယ်နေသည်။ ထိုအခါကျမှ စတီစိတ်အေးသွားရ၏။တစ်ကြိမ်လျှင် တစ်မျိုးစီပြန်ပြောရသော ကစားနည်းဖြစ်မည်။ကံကိုပင် ကျေးဇူးတင်ရသေးတော့သည်။ စိတ်သက်သာရာရသွားသည့် အမူအယာမျိုးပေါ်သွားမည်စိုး၍ မျက်နှာကိုတစ်ဖက်သို့လွှဲထားလိုက်သည်။ အခမ်းအနားမှူးက...

"အခမ်းအနားစပါပြီရှင်"

ဂျင်ပရစ်က စတီအား....

"ဒီကလာ၊ လူလေးက စင်ပေါ်ကိုမလိုက်ဘူးမဟုတ်လား"

ပြောပြီး တံခါးတစ်ခုကိုဖွင့်ပေးရာ စတီကဝင်လိုက်သည်။ ယင်းမှာ ရေချိုးခန်းဖြစ်နေသည်။ ထို့ကြောင့် ပြန်လှည့်ကာ...

"ဒါက..."

ဂျင်ပရစ်၏သက်တော်စောင့်က နောက်တွင်ကပ်၍ ရောက်နေသည်။ စတီဘာဖြစ်မှန်းမသိလိုက်နိုင်မီမှာပင် သက်တော်စောင့်က စတီ၏လက်ကိုလိမ်၍ချုပ်ထားလိုက်ပြီး...

"အသံမထွက်နဲ့၊ လက်ကိုချိုးပစ်လိုက်မယ်"

o o o

ဘာရင်တန် ရေချိုးခန်းထဲသို့ သက်တော်စောင့်နောက်မှဝင်လာသည်။ ဂျင်ပရစ်က နောက်မှပါလာပြီး တံခါးကိုပြန်ပိတ်လိုက်သည်။သက်တော်စောင့်က ကောင်လေးအား သက်သက်သာသာပင် ချုပ်ထား၏။ဘာရင်တန်သွေးများ ဆူကာ...

"လူယုတ်မာကလေးမင်းက ဘယ်တစ်ယောက်လဲ၊ စတီလိုဂန်မဟုတ်လား"

ကောင်လေးမှာ ဆက်၍ဟန်ဆောင်နေဆဲ။

"ဖေဖေ ဘာလုပ်နေတာလဲ"

"လုပ်မနေစမ်းပါနဲ့ကွာ၊ သိနေပါပြီ၊ ကဲ... ဘယ်မလဲ ငါ့သား"

ကောင်လေးက မဖြေ။ ဂျင်က...

"ဘာရင်တန် ဘာတွေဖြစ်နေတာလဲ"

ဘာရင်တန်က လေသံကိုလျှော့ကာ...

"ဒီကောင်ဟာ ဟာဖေးမဟုတ်ဘူး၊ ဟိုအထဲကတစ်ကောင်ကောင်ပဲ၊ လိုဂန်ဆိုတဲ့ကောင်လေးဖြစ်မယ်၊ ဒီကောင် မနေ့ကညနေကတည်းက ဟာဖေးဟန်ဆောင်နေတာ၊ ဟာဖေးကို တစ်နေရာမှာချုပ်ထားတာဖြစ်မယ်"



ဂျင်မှာ မျက်နှာတွေဖြူရော်သွားပြီး...

"ဒါဆိုရင် ဂျင်နီရဲ့ရည်ရွယ်ချက်နဲ့ပဖော်သက်ပြီး သူပြောတာတွေမဟုတ်ဘူးပေါ့"

ဘာရင်တန်က ခေါင်းညိတ်လျက်...

"ဒီမိန်းမ သတင်းစာရှင်းလင်းပွဲကို ဖျက်လိုဖျက်ဆီးလုပ်လာနိုင်တယ်"

ဂျင်ပရစ်က...

"သေပါတော့ကွာ၊ ကင်မရာတွေအားလုံးရဲ့ရှေ့မှာမဖြစ်ပါစေနဲ့"

"သူ့နေရာမှာ ကျုပ်သာဆိုရင် ဒီအတိုင်းလုပ်မှာပဲ၊ မဟုတ်ဘူးလား"

ဂျင်ပရစ် ခေတ္တမျှစဉ်းစားလိုက်ပြီး...

"မက်ဒီဂန်က ဒီကိစ္စကိုလက်ခံပါ့မလား"

ဘာရင်တန်က ခေါင်းကိုရမ်းလျက်...

"အဲဒါတော့ မပြောနိုင်ဘူး၊ဒီလွှဲပြောင်းမှုကိစ္စကို သူကရှေ့ဆိုင်းချင်ရှေ့ဆိုင်းမှာ၊ ဒါမှမဟုတ်လဲ တရားစွဲခံရလို့ ရှိသမျှပိုက်ဆံအကုန်လျှော်ပေးရမယ့် ကျုပ်တို့ကုမ္ပဏီကို ဒေါ်လာသန်း၁၈ဝပေးချင်လဲထုတ်ပေးလိမ့်မယ်၊ တစ်ခုခုတော့ သူလုပ်ပေးလိမ့်မယ်"

"ဒါဆိုရင် ဂျင်နီဖာရာမီကို ကျုပ်တို့ရှာပြီး တားဆီးမှဖြစ်မှာပေါ့"

"သူ ဒီဟိုတယ်မှာ အခန်းလာငှားချင်ငှားနေမှာ"

ဘာရင်တန်က အိမ်သာဘေးမှ တယ်လီဖုန်းကို ကောက်ယူလိုက်ပြီး...

"အစည်းဝေးခန်းမှာလုပ်တဲ့ ဂျနတီကိုကုမ္ပဏီရဲ့သတင်းစာရှင်းလင်းပွဲကပါမောက္ခဂျုန်းပါ၊ ကျုပ်တို့ ဒေါက်တာဂျင်နီပါရာမီဆိုတဲ့ အမျိုးသမီးတစ်ယောက်ကိုစောင့်နေတယ်၊ သူတို့ဘယ်အခန်းမှာတည်းသလဲ"

"အခန်းရဲ့နံပါတ်တွေ ကျွန်မတို့ထုတ်ပြောခွင့်မရှိပါဘူးရှင်"

ဘာရင်တန်က ပေါက်ကွဲထွက်မည့်ကဲ့သို့ဖြစ်နေစဉ် တစ်ဖက်အမျိုးသမီးက...

"အဲဒီကို ကျွန်မ ဆက်သွယ်ပေးရမလားရှင်"

"ဟုတ်ကဲ့"

တစ်ဖက်တွင် ဖုန်းခေါ်သံမြည်နေသည်။ ခဏကြာတော့ အသက်ကြီးကြီးလူတစ်ယောက်၏အသံကို ကြားရ၏။ ဘာရင်တန်က...

"လူကြီးမင်းတို့လျှော်နိုင်းထားတဲ့အဝတ်တွေရပါပြီ၊ မစ္စတာဘာလိုနေကပါသေး..."

"ကျွန်တော် အဝတ်လျှော်မခိုင်းပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... စိတ်မရှိပါနဲ့ခင်ဗျာ၊ အဲဒါဘယ်အခန်းလဲမသိဘူး"

"၅၂၁ လေ"

"ကျွန်တော် ၈၁၂ ကိုဆက်တာ၊ တောင်းပန်ပါတယ်နော်"

"ရပါတယ်"

ဘာရင်တန်က ဖုန်းကိုချလိုက်ပြီး....

"သူတို့ အခန်းနံပါတ် ၅၂၁မှာ၊ အဲဒီမှာ ဟာဗေးရှိမှာသေချာတယ်"

ဂျင်ပရစ်က...

"အတင်းစာရင်းလင်းပွဲကလဲ စတော့မယ်"

"ကျုပ်တို့သိပ်နောက်ကျသွားပြီထင်တယ်"

ဘာရင်တန် ချီတုံချတုံဖြစ်နေသည်။ ကုမ္ပဏီအလွဲအပြောင်းကြေညာချက်ကိုတစ်စက္ကန့်မျှပင် နောက်ကျခံ၍မဖြစ်။သို့သော် ဂျင်နီဘာလုပ်လာမည်ကို ကြိုတင်သိဖို့တော့လိုသည်။ ခဏကြာတော့ သူက ဂျင်ပရစ်အား...

"ခင်ဗျားမက်ဒီဂန်နဲ့ပရက်စတန်ကိုခေါ်ပြီး စင်ပေါ်တက်နှင့်ပါ၊ကျုပ်အတတ်နိုင်ဆုံး ဟာဗေးကိုရှာပြီး ဂျင်နီကိုရှင်းမယ်"

"ကောင်းပြီလေ"

ဘာရင်တန်က စတီအားကြည့်လျက်..

"ခင်ဗျားရဲ့သက်တော်စောင့်ကို ကျုပ်ခေါ်သွားချင်တယ်၊ ဒါမေမဲ့ စတီကိုလည်း လွှတ်ပေးလို့မဖြစ်ဘူး"

သက်တော်စောင့်က...

"ရပါတယ်၊ ကျွန်တော် သူ့ကို ပိုက်လုံးနဲ့တွဲပြီး လက်ထိပ်ခတ်ထားခဲ့မယ်"

"ကောင်းတယ်၊ လုပ်လိုက်ကွာ"

ဘာရင်တန်နှင့်ဂျင်ပရစ်တို့ အထူးဧည့်သည်များအခန်းသို့ပြန်လာခဲ့ကြသည်။ မက်ဒီဂန်က သူတို့အား စူးစမ်းသလိုကြည့်ကာ...

"ဘာဖြစ်ကြလို့လဲ လူကြီးမင်းတို့"

"အသေးအမွှားလုံခြုံရေးကိစ္စကလေးပါ၊ ဒီကိစ္စဘာရင်တန်ကြည့်ရှင်းလိုက်လိမ့်မယ်၊ ကျွန်တော်တို့ကြေညာဖို့ကိစ္စဆက်လုပ်ကြရအောင်"

မက်ဒီဂန်က သိပ်မကျေနပ်သေး။

"လုံခြုံရေးကိစ္စဟုတ်လား"

ဘာရင်တန်က...

"ပြီးခဲ့တဲ့အပတ်က ကျွန်တော်အလုပ်ထုတ်ပစ်ခဲ့တဲ့ ဂျင်နီဖာရာမီဆိုတဲ့မိန်းမ



ဒီဟိုတယ်ထဲရောက်နေတယ်၊ သူက ကပျက်ကယက်နှောင့်ယှက်လာမှာစိုးလို့ သူ့ကို ကျွန်တော် ရှင်းလိုက်ပါမယ်"

"ကောင်းပြီလေ၊ ဒါဆိုလည်းပြီးရောပေါ့"

မက်ဒီဂန်၊ ပရက်စတန်ဘတ်နှင့်ဂျင်ပရစ်တို့ အစည်းအဝေးခန်းမထဲသို့ဝင်သွားကြသည်။သက်တော်စောင့်က ရေချိုးခန်းထဲကထွက်လာ၏။ပြီးတော့ သူနှင့် ဘာရင်တန် စင်္ကြံဘက်သို့ထွက်သွားကာ ဓာတ်လှေကားအလာကိုစောင့်နေသည်။ ဘာရင်တန်မှာ အတော်ပင်စိတ်ပူနေ၏။နှောက်ပြီး ဤသို့ ကြမ်းရမ်းရမည့်အလုပ်ကို လည်းမလုပ်ဖူးခဲ့။တက္ကသိုလ်ကျောင်းသားဘဝတုန်းကတော့ အားကစားအနေဖြင့် ထိုး ကြိတ်ခဲ့ရဖူးသည်။ယခုကိစ္စတွင် ထိုးရကြိတ်ရမည့်အလုပ်မျိုးမလုပ်ရဟုမျှော်လင့်သည်။

အဋ္ဌမထပ်ကိုရောက်တော့ အခန်းနံပါတ် ၈၂၁သို့ပြေးလာပြီး တံခါးကို ခေါက်လိုက်သည်။ အတွင်းမှ ယောကျ်ားတစ်ယောက်အသံက...

"ဘယ်သူလဲ"

ဘာရင်တန်က...

"အခန်းရှင်းမလို့ပါ"

"အခန်းရှင်းပြီးသားပါ၊ ကျေးဇူးပဲ"

"ရေချိုးခန်းကို နည်းနည်းကြည့်ချင်လို့ပါ ခင်ဗျား"

"နောက်မှပြန်လာပါ"

"အဲဒီအထဲမှာ တစ်ခုခုဖြစ်နေနိုင်လို့ပါ"

"ကျုပ် အခုအလုပ်များနေတယ်ဗျာ၊ နောက်တစ်နာရီကြာမှ ပြန်လာခဲ့"

ဘာရင်တန်က သက်တော်စောင့်အား ကြည့်လျက်...

"ဒီတံခါးကို မင်းခြေထောက်နဲ့ကန်ပြီးဖွင့်လို့ရမလား"

သက်တော်စောင့်က မျော်သွားပုံရသည်။ ထို့နောက် သူက ဘာရင်တန်၏ ပခုံးပေါ်ကိုကျော်ပြီးကြည့်လျက်တုန့်ဆိုင်းသွား၏။ ဘာရင်တန်လှည့်ကြည့်လိုက်တော့ အသက်ကြီးကြီးလင်မယားနှစ်ယောက်ဈေးဝယ်အိတ်များကိုင်လျက် ဓာတ်လှေကား ထဲမှ ထွက်လာသည်ကိုတွေ့လိုက်ရသည်။သူတို့ကအခန်းနံပါတ် ၈၂၃ သို့ဦးတည်ကာ ဖြည်းဖြည်းချင်းလာနေကြသည်။ သူတို့ကျော်သွားသည်အထိ ဘာရင်တန်စောင့်နေ၏။ သူတို့က အခန်းနံပါတ် ၈၃၈တွင်ရပ်လိုက်ကြသည်။ ယောကျ်ားဖြစ်သူက အိတ်ကို ချပြီး သော့ကိုလိုက်ရှာသည်။ ပြီးတော့ တံခါးကိုသော့ဖြင့်ဖွင့်လိုက်၏။ နောက်ဆုံး သူတို့နှစ်ယောက်အခန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

သက်တော်စောင့်က တံခါးကိုကန်ပစ်လိုက်၏။ တံခါးသောင်း ကျေသွား၊

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မြဲနေဆဲ။ အခန်းတွင်းဆီမှ လှုပ်လှုပ်ရှားရှားခြေသံများကိုကြားနေရသည်။

သူက နောက်တစ်ကြိမ်ကန်ထည့်လိုက်ရာ တံခါးမှာပွင့်သွားသည်။ သူက အတွင်းသို့ခပ်သုတ်သုတ်ဝင်သွားရာဘာရင်တန်က နောက်မှလိုက်သွားသည်။ သို့သော် အသက်ကြီးကြီးလူးမည်းတစ်ယောက် သူတို့အား ပစ္စတိုနှင့်ချိန်ထားသည်ကိုတွေ့ရသဖြင့်လန့်သွားကြ၏။ ထိုလူက

"လက်တွေကိုကပ်ထား၊တံခါးကိုပိတ်လိုက်၊ပြီးတော့ဒီမှာလာပြီး အားလျားမှောက်ကြ၊ မဟုတ်ရင်တော့ ခေါင်းကိုအသေပစ်သတ်လိုက်မယ်၊ မင်းတို့ ဒီအခန်းထဲကို တံခါးဖျက်ပြီးဝင်လာကတည်းက မင်းတို့ကိုသတ်လို့ ဘယ်တရားသူကြီးကမှ ငါ့ကို အပြစ်မပေးဘူး"

ဘာရင်တန်က လက်ကိုမြှောက်ထားသည်။ ရုတ်တရက် သဏ္ဍာန်တစ်ခုက ရုတင်ပေါ်တွင် ဝေါက်ခနဲပေါ်လာ၏။ ဘာရင်တန်ကြည့်လိုက်ရာ လက်တွေ၊ ခြေတွေကိုကြိုးနဲ့တုပ်ပြီး ပါးစပ်ကိုအဝတ်ဆို့ထားသော ဟာဗေးဖြစ်ကြောင်းတွေ့လိုက် ရသည်။ လူကြီးက ဟာဗေးဘက်သို့သေနတ်ကို လှည့်ချိတ်လိုက်သည်။ ဘာရင်တန်က သူ့သားအား ပစ်မည်ကိုကြောက်သွားပြီး...

"မလုပ်ပါနဲ့"

အဘိုးကြီးက ဖျတ်ခနဲလှည့်လိုက်သည်။ သို့သော် သိပ်နောက်ကျသွားလေပြီ။ ဟာဗေး၏ကြိုးတုပ်ထားသော လက်များက သူ့လက်ထဲမှ ပစ္စတိုကိုရိုက်ချလိုက်သည်။ သက်တော်စောင့်ကကော်ဇောပေါ်မှ သေနတ်ကိုပြေးကောက်သည်။ ပြီးတော့ ပြန်ထလာပြီး အဘိုးကြီးကိုချိန်ထားလိုက်၏။

ဘာရင်တန် ယခုမှ အသက်ရှူချောင်တော့သည်။ အဘိုးကြီးက လက်နှစ်ဖက်ကိုမြှောက်ထားသည်။ သက်တော်စောင့်က အခန်းထဲမှ ဖုန်းကိုကောက်ယူကာ...

"ဟိုတယ်လုံခြုံရေး၊ အခန်းနံပါတ်၈၂ကိုလာပါ၊ သေနတ်ကိုင်တဲ့ ဓည့်သည် တစ်ယောက် ဒီမှာရှိနေလို့ပါ"

ဘာရင်တန် အခန်းကို ပတ်ကြည့်လိုက်သည်။ ဂျင်နီ၏အရိပ်အယောင်ကို မတွေ့ရ။

○ ○ ○

ဂျင်နီ ဓာတ်လှေကားထဲမှထွက်လာသည်။ အဖြူရောင်ဘလောက်စ်အင်္ကျီ၊ အနက်ရောင်စကာဒ်နှင့် မိမိတို့အခန်းထဲသို့ လာပို့ရန်မှာထားသော လက်ဖက်ရည်ပွဲကို



ဗန်းတစ်ခုဖြင့်တင်ကာကိုင်လာသည်။ရင်တွေကလည်း တဒိန်းဒိန်းခုန်နေ၏။ စားပွဲထိုး ဟန်ပန်မျိုးခက်သွက်သွက်လျှောက်ရင်း အစည်းအဝေးခန်းမထဲသို့ဝင်လာသည်။ အဝင်ဝအခန်းကလေးထဲတွင် မိန်းမနှစ်ယောက်က ဧည့်သည်စာရင်းများစစ်ဆေးနေ၏။ဟိုတယ်လုံခြုံရေးအစောင့်က ထိုမိန်းမနှင့် စကားပြောနေသည်။ ဝင်ခွင့်မရှိသူများ မဝင်ရထင်၏။ လင်ဗန်းတစ်ချပ်နှင့် စားပွဲထိုးမိန်းကလေးကိုတော့ သူတို့မေးလား။ စစ်လားလုပ်မည်မဟုတ်။ဂျင်နီက အစောင့်အား ပြုံးပြလျက်၊ အတွင်းတံခါးပေါက်ဆီသို့ဆက်လာခဲ့သည်။ လုံခြုံရေးက

"ဟေ"

ဂျင်နီက တံခါးပေါက်ရောက်မှ ပြန်လှည့်ကြည့်ရာ အစောင့်က

"အထဲမှာ ကော်ဖီတွေရော၊ အဖျော်ယမကာတွေရော တစ်ပုံကြီးပဲ"

"ဒါက စပယ်နံ့သင်းလက်ဖက်ရည် အထူးမှာထားလို့"

"ဘယ်သူ့အတွက်လဲ"

"အမတ်မင်း ဂျင်ပါရှိစ်အတွက်"

"ဒါဆိုလဲ ဝင် ဝင်"

သူမက တစ်ကြိမ်ထပ်ပြုံးပြကာ တံခါးကိုဖွင့်၍ အစည်းအဝေးခန်းထဲသို့ ဝင်သွားသည်။တစ်ဖက်ထိပ်တွင် ဝတ်စုံပြည့်ဝတ်ဆင်ထားသောလူသုံးဆယ်ကျော်စင်မြင့်ပေါ်ရှိ စားပွဲတစ်လုံးနောက်တွင်ရှိနေကြ၏။သူတို့၏ ရှေ့တွင် ဥပဒေဆိုင်ရာစာရွက်စာတမ်းတွေ ပုံလျက်ရှိနေ၏။ တစ်ယောက်သောသူက ပုံမှန်မိန့်ခွန်းပြောနေသည်။ ပရိတ်သတ်မှာ ၄၀ခန့်ရှိပြီး မှတ်စုစာအုပ်များ အသံသွင်းကက်ဆက်အငယ်စားများ ရုပ်သံရိုက်ကင်မရာများနှင့်ဖြစ်ကြသည်။

ဂျင်နီက ရှေ့ပိုင်းသို့ လျှောက်လာသည်။ စင်မြင့်၏ဘေးတွင် အနက်ရောင်ဝတ်စုံနှင့် မိန်းမတစ်ယောက်ရပ်နေ၏။ ထိုမိန်းမ၏ရင်ဘတ်တွင် နာမည်ကဒ်ပြားထိုးထားသည်။

<u>ကာရင်းဘင်းမစ် အခမ်းအနားကျင်းပရေး</u>

ထိုမိန်းမမှာ အခမ်းအနားတာဝန်ခံဖြစ်မည်။စောစောက အခမ်းအနားပြင်ဆင်နေစဉ် သူမအားဂျင်နီတွေ့ခဲ့သည်။သူမက ဂျင်နီအား စူးစမ်းသလိုကြည့်သည်။ သို့သော် တစ်စုံတစ်ယောက်ယောက်က မှာ၍လာပို့သည်ပဲဟုယူဆ၍ထင်သည်။ ဂျင်နီအားမတားခဲ့။

စင်မြင့်ပေါ်ရှိ လူများတွင်လည်း နာမည်ကဒ်ပြားများ ရင်ဘတ်တွင်ထိုး

www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်။ ညာဘက်မှ အမတ်မင်းဂျင်ပရစ်ကို ဂျင်နီမှတ်မိနေ၏။ ဘယ်ဘက်တွင်မူ ပရက်စတန်ဘတ်ဖြစ်သည်။ အလယ်မှ မိန့်ခွန်းပြောနေသူမှာ မိုက်ကယ်မက်ဒီဂန်ဖြစ်သည်။ ထိုလူက ငြီးငွေ့ဖွယ်အသံဖြင့်

"ဂျနတီကိုကုမ္ပဏီဟာ အင်တန်စိတ်ဝင်စားစရာကောင်းတဲ့ ဓိဝနည်းပညာကုမ္ပဏီတစ်ခုဖြစ်ရုံတင်မကဘူး"

ဂျင်နီက ပြုံးပြီး သူ့ရှေ့တွင် လင်ဗန်းကိုချပေးသည်။

သူက အံ့ဩသလိုဖြင့် ပြောလက်စကားကိုရပ်လိုက်သည်။

ဂျင်နီက ပရိတ်သတ်ကိုလှည့်လျက်

"ကျွန်မ အထူးကြေညာစရာတစ်ခုရှိပါတယ်ရှင်"

○ ○ ○

စတီမှာ ရေချိုးခန်းကြမ်းပြင်ပေါ်တွင်ထိုင်လျက် လက်တစ်ဖက်က လက်ဆေးကြွေခွက်၏ရေပိုက်ဖြင့် လက်ထိတ်ခတ်ထားသည်။စိတ်ထဲတွင် ဒေါသလည်းဖြစ်၊ ဂဏာမငြိမ်လည်းဖြစ်မိသည်။ ဘာရင်တန်က မိမိအား အချိန်နီးမှကပ်၍ရိုပ်မိသွားသည်။ ယခုဆိုလျှင် သူဂျင်နီကိုရှာနေရော့မည်။ပြီးတော့ မိမိတို့၏အစီအစဉ်အားလုံးကိုဖျက်အောင်လုပ်တော့မည်။ မိမိပြေး၍သတိပေးမှ ဖြစ်မည်။

ပိုက်၏ထိပ်မှာ လက်ဆေးကြွေခွက်၏ ရေထွက်ပေါက်နှင့် ဆက်ထားသည်။ ပြီးတော့ ခပ်ကွေးကွေးဆင်းလာပြီး နံရံထဲသို့ဝင်သွားသည်။

စတီက ကိုယ်ကိုကျုံ့၍ ပိုက်ပေါ်သို့ခြေထောက်တင်လိုက်သည်။ ပြီးတော့ ခြေထောက်ကို နောက်သို့ဆောင့်ကန်ထည့်လိုက်၏။ လက်ဆေးကြွေခွက်တစ်ခုလုံး လှုပ်ခါသွားတော့သည်။ သူက နောက်တစ်ချက်ကန်လိုက်ပြန်၏။

နံရံထဲသို့ ပိုက်ဝင်မည့်နေရာ၌ ပိုက်ပတ်လည်တွင် 'မ' ထားသည့် အင်္ဂတေများကွာထွက်ကုန်သည်။သူက နောက်ထပ်အကြိမ်ပေါင်းများစွာကန်နေသည်။ အင်္ဂတေများပဲ့ထွက်ကုန်သည်။ သို့သော် ပိုက်ကမြဲနေ၏။

သူက ပိုက်နှင့်ကြွေခွက်ဆက်သည့်နေရာကို ကမန်းကတန်းကြည့်လိုက်သည်။ ထိုအဆက်မှဖြုတ်ရန် မို၍လွယ်မည်ထင်၏။သူကပိုက်ကိုလက်နှစ်ဖက်နှင့် စုံကိုင်ကာ အတင်းဆွဲခါပစ်သည်။ စင်တစ်ခုလုံးလှုပ်ရမ်းနေသော်လည်း ဖြုတ်ထွက်ခြင်းတော့မရှိ။

ပိုက်၏ကွေးနေသော နေရာကိုကြည့်လိုက်သည်။ ပိုက်ကွေးသွားသော နေရာအထက်နား၌ ပိုက်ဆက်တစ်ခုရှိနေ၏။ ပိုက်ဆက်သမားများ ထိုနေရာမှဖြုတ်၍



အကွေးထဲသို့သန့်ရှင်းရေးလုပ်ရမည်ထင်၏။သို့သော် ယင်းကိုဖြုန်ရန်ကလည်း လက်နက်ကိရိယာလိုပြန်သည်။ သူက ယင်းကို လက်နှင့်ကိုင်ကာလှည့်ကြည့်သည်။ လက်မှာ ချော်ထွက်သွားပြီး လက်ခေါက်များပင်ပွန်းတုန်သည်။

သူက လက်ဆေးကြွေခွက်၏အောက်ဖက်ကိုခေါက်ကြည့်သည်။ ယင်းမှာ စကျင်ကျောက်ဖြင့် လုပ်ထားဟန်ရှိပြီး အတော်ကိုမာသည်။ ထို့နောက် ပိုက်နှင့်ကြွေခွက်၏ရေထွက်ပေါက် ဆက်ထားသည့်နေရာကို ကြည့်လိုက်သည်။ ထိုနေရာတွင် မံထားသော အင်္ဂတေကိုပဲ့ထွက်အောင်လုပ်နိုင်လျှင်ပိုက်ကို အသာချွတ်နိုင်မည်ဖြစ်၏။ ထိုအခါ မိမိအားခတ်ထားသော လက်ထိတ်ကိုလည်း ပိုက်ထိပ်မှ ချွတ်၍ရနိုင်သည်။

သူက လှုအနေအထားကို ပြန်ပြင်ပြီး ခြေထောက်ကို နောက်ဆုတ်ကာကန်ထည့်လိုက်ပြန်သည်။

○ ○ ○

ဂျင်နီက....

"ကျန်ခဲ့တဲ့ ၂၃ နှစ်က ဂျနတီကိုကုမ္ပဏီက မိန်းမရှစ်ယောက်အပေါ် သူတို့မသိဘဲ တရားမဝင်သိပ္ပံစမ်းသပ်မှုတွေလုပ်ခဲ့ပါတယ်၊ အဲဒီမိန်းမတွေ အားလုံးဟာတပ်မတော်အရာရှိတွေနဲ့ ဇနီးတွေဖြစ်ပါတယ်"

ပရိသတ်ထဲတွင် သူကစတီအားရှာကြည့်သည်။ သူဘယ်ရောက်နေသည်လဲ။ သူ ဤနေရာတွင်ရှိနေရမည်ဖြစ်သည်။ သူလည်း သက်သေခံအထောက်အထားတစ်ခုမဟုတ်လော။

ကာရင်းဘင်းမင်းက တုန်ယင်သောအသံဖြင့်....

"ဒါဟာ သီးသန့်ပွဲတစ်ခုပါ၊ ကျေးဇူးပြုပြီး ချက်ချင်းထွက်သွားပေးပါ"

ဂျင်နီက သူမအား ဂရုမစိုက်ဘဲ...

"အဲဒီမိန်းမတွေဟာ ဂျနတီကိုကုမ္ပဏီရဲ့ ဖီလဒဲဖီးယားမြို့က ဆေးခန်းကိုသန္ဓေရအောင် ဟော်မုန်းအကုသမှုခံယူဖို့သွားခဲ့ကြတယ်၊ သူတို့ကို ခွင့်ပြုချက်မရဘဲ သူစိမ်းတွေဆီက မျိုးဥတွေထည့်ပေးခဲ့တယ်"

ပရိသတ်၏ နောက်ဖက်နားဆီတွင် ရဲစုံထောက်မစ်ရှဲဒ်လဝဲ ယှဲ့ယှဲ့ပြုံးကာ ထိုင်ကြည့်နေသည်ကိုတွေ့လိုက်ရသည်။သို့ရာတွင် အခန်းထဲ၌ ဘာရင်တန်မရှိ။ ယင်းမှာ အံ့ဩစရာကောင်းပြီး စိုးရိမ်စရာလည်းကောင်းနေသည်။ စင်မြင့်ပေါ်တွင် ပရက်စတန်ဘတ်က ထပြီး...

"လူကြီးမင်းများခင်ဗျား၊ဒီအတွက်ကျွန်တော်တောင်းပန်ပါတယ်၊ကျွန်တော်

www.burmeseclassic.com



တို့ကိုအနေခင့်အယှက်ပေးမယ်ဆိုတာ ကျွန်တော်တို့ကြိုတင်သိထားရပါတယ်"

ဂျင်နီက ဆက်၍....

"ဒီကိစ္စကို ၂၃ နှစ်လုံးလုံးဖုံးထားခဲ့ပါတယ်၊ ကြိုဖော်ကြံဖက်သုံးယောက်ကတော့ မရက်စတာနဲ့ဘတ်၊ အမတ်မင်းဂျင်ပရစ်နဲ့ ပါမောက္ခဘာရင်တန်ဂျုန်းတို့ပါပဲ၊ ကျွန်မသိသလောက် သူတို့ဟာ ဒီကိစ္စကိုအတတ်နိုင်ဆုံးဖုံးဖိဖို့ပြင်ဆင်နေပါတယ်"

ကာရင်းဘွင်းမစ်က ဖုန်းကိုကျောက်ကိုင်၍...

"ဟိုတယ်လုံခြုံရေးတွေ ဒီကိုချက်ချင်းလွှတ်ပေးပါ"

ဂျင်နီက လင်ဗန်းအောက်တွင်ကပ်ယူလာသော မိတ္တူပွားထားသည့် သတင်းစာရှင်းလင်းချက်စာရွက်များကိုယူလိုက်ပြီး လက်ဆင့်ကမ်းလိုက်ရင်း....

"အဲဒီစာရွက်ထဲမှာ အသေးစိတ်ပါပါတယ်၊ ပြီးတော့ ဒီမျိုးဥစရုဟာ ကြီးပြင်းပြီး လူဖြစ်လာကြပါတယ်၊ ဒီနေ့အထိ ၇ ယောက်အသက်ရှင်လျက်ရှိပါတယ်၊ အားလုံးသိကြမှာပါ၊ သူတို့အားလုံးဟာ ရုပ်ချင်းအင်မတန်တူကြလို့ပါ"

သတင်းစာဆရာများ၏ အမူအရာကိုကြည့်ခြင်းအားဖြင့် မိမိလိုလားချက်အောင်မြင်ပြီမှာ သိလိုက်သည်။ စင်မြင့်ပေါ်တွင် ဂျင်ပရစ်၏ မျက်နှာမှာမည်းနေပြီး ပရက်စတန်ဘတ်မှာလည်း သေမလိုမျက်နှာကြီးဖြစ်နေသည်။

ယခုအချိန်လောက်တွင် မစ္စတာအော်လီဗာကဟာဗေးကိုခေါ်၍ဝင်လာရမည်။ သို့ဖြင့် သူနှင့်စတီ သို့မဟုတ် ဂျော့ဒက်ဆော့တို့ရုပ်ချင်းတူနေကြောင်း အားလုံးက မြင်သွားမည်ဆိုရာတွင် သူတို့၏အရိပ်အယောင်မျှမမြင်သေး။ နောက်မကျကြပါစေနှင့်၊ ဂျင်နီက ဆက်၍ပြောနေသည်။

"သူတို့ကို အမြွာတွေလို့ထင်ကြမယ်။ တကယ်တော့ သူတို့ဟာဒီအင်နံအေချင်းတူနေကြတာပါ။ သူတို့ကို မိခင်ရယောက်က သီးခြားစီမွေးကြတာပါ။ ကျွန်မဟာ အမြွာတွေကိုလေ့လာနေတဲ့သူပါ။ မတူတဲ့မိခင်ကမွေးပြီး အမြွာတွေဖြစ်နေတာကို အကြောင်းပြုလို့ ကျွန်မဟာ ဒီကိစ္စကိုလိုက်ပြီး စုံစမ်းဖြစ်တာပါ"

အစည်းအဝေးခန်းဝင်ပေါက် တံခါးရုတ်တရက်ပွင့်သွားသည်။ ဂျင်နီက အမြွာတစ်ယောက်အလေများ ဝင်လာသည်လားဟု လှမ်းကြည့် လိုက်၏။ သို့ရာတွင် ခမ်းသုတ်သုတ်ဝင်လာသော ဘာရင်တန်ကိုတွေ့လိုက်ရသည်။ ပြေးလွှားလာရသည့်ပမာ မောဟိုက်စွာဖြင့် ဘာရင်တန်က...

"လူကြီးမင်းများခင်ဗျား၊ ဒီအမျိုးသမီးဟာဦးနှောက်မကောင်းလို့ မကြာခင်က အလုပ်ပြုတ်သွားခဲ့ပါတယ်၊ သူဟာ ဂျနတီကိုကမ္ဘာကိုတလုပ်တဲ့ သုတေသနလုပ်ငန်းက သုတေသနပညာရှင်တစ်ယောက်ပါ၊ အလုပ်ပြုတ်တာကိုအကြောင်းပြုပြီး



ကုမ္ပဏီကို သူရန်ငြိုးဖွဲ့ခဲ့ပါတယ်၊ ဟိုတယ်လုံခြုံရေးတွေကဒီမိန်းမရဲ့အပေါင်းပါတစ်ယောက်ကို တစ်နေရာမှာဖမ်းထားပြီးပါပြီ၊ ဒီမိန်းမကိုဖမ်းခေါ်သွားတဲ့အချိန်မှာ နည်းနည်းကလေးသည်းခံပေးကြပါ၊ သတင်းစာရှင်းလင်းပွဲကို ကျွန်တော်တို့ဆက်လုပ်ပါမယ်"

ဂျင်နီမိုက်ခနဲဖြစ်သွားသည်။ မစ္စတာအော်လီဗာနှင့် ဟာဗေးတို့ ဘယ်ရောက်နေကြသနည်း။ စတီလည်းမည်သို့ဖြစ်နေသည်မသိ။ မိမိပြောနေသည်များနှင့်မိမိဝေငှထားသည့်စာရွက်များ သက်သေခံအထောက်အထားမရှိဘဲ ဘာမျှအရာထင်မည်မဟုတ်။ မိမိအတွက်စက္ကန့်ပိုင်းမျှသာလိုတော့သည်။ ငါးပါးတော့ မှောက်ကုန်လေပြီ။ မိမိ၏အစီအစဉ်ကို ဘာရင်တန်ဖျက်ဆီးနေလေပြီ။

ယူနီဖောင်းနှင့်လုံခြုံရေးအစောင့်တစ်ယောက် အခန်းထဲဝင်လာပြီး ဘာရင်တန်နှင့် တစ်စုံတစ်ရာပြောနေသည်။

ဂျင်နီက ရုတ်တရက် မိုက်ကယ်မက်ဒီဂန်ဆီသို့ လှည့်လိုက်သည်။ သူ့မျက်နှာကသုန်မှုန်နေ၏။ သူသည် ကျကျနနပြင်ဆင်ထားသည့်မိမိတို့၏အစမ်းအနားအား ဝင်ရောက်ဖျက်ဆီးသည်မျိုးကိုကြိုက်တတ်ပုံမရပေ။

"မစ္စတာမက်ဒီဂန်၊ ရှင့်ရှေ့မှာ စာချုပ်စာတမ်းတွေရှိနေပါတယ်၊ ဒါတွေကိုလက်မှတ်မထိုးခင် ဒီကိစ္စကိုစုံစမ်းသင့်တယ်လို့မထင်ဘူးလား၊ တကယ်လို့ကျွန်မပြောတာဟာမှန်မယ်ဆိုရင် အဲဒီမိန်းမတယောက်က ရှင့်အပေါ်တရားစွဲပြီး လျော်ကြေးဘယ်လောက်တောင်းမလဲဆိုတာ စဉ်းစားကြည့်စမ်းပါ"

မက်ဒီဂန်က လေပြေကလေးဖြင့်...

"ကျုပ်ဟာ စိတ်မမှန်သူတစ်ယောက်ပြောတဲ့ စကားလောက်နဲ့ကျုပ်ရဲ့လုပ်ငန်းဆိုင်ရာဖြတ်ချက်ကိုပြင်တာမျိုးမရှိဘူး"

သတင်းစာသမားများက ရယ်ကြသည်။ မိမိမှာ ရယ်စရာတစ်ယောက်လိုဖြစ်နေ၏။ စခန်းသိမ်းလေပြီ။ မိမိရှုံးသွားပြီတည်း။

အစောင့်က သူမအား လက်မောင်းမှတင်းတင်းဆွဲ၍ တံခါးဆီသို့ခေါ်သွားသည်။ သူ့ကို မိမိပြန်လည်တိုက်ခိုက်၍ရသေးသည်။ သို့သော် တိုက်ခိုက်ရန်မလိုတော့။

ဘာရင်တန့်ရှေ့မှဖြတ်တော့ သူပြုံးနေသည်ကိုတွေ့လိုက်ရသည်။ သူမ မျက်ရည်များဝဲလာသည်။ သို့သော် စိတ်ကိုထိန်း၍ ခေါင်းကိုမော့ထားလိုက်သည်။ ရှင်နဲ့နှင့်ပေဦး။ တစ်နေ့ကျွန်မအကြောင်းသိမှာယ်။ နောက်ဖက်ဆီတွင် ကာရင်းဘွင်းမစ်၏အသံကိုကြားလိုက်ရ၏။

"မစ္စတာမက်ဒီဂန် မိန့်ခွန်းကို ဆက်ပြောနိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂျင်နီနှင့်အစောင့်တို့ တံခါးပေါက်အရောက်တွင် တံခါးမှာပွင့်လာပြီး လစ်ဆာဝင်လာသည်။သူမနောက်မှ အမြွှာတစ်ယောက်ကိုတွေ့ရ၍ ဂျင်နီပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ဤသည်မှာ ဂျေဒက်ဆော့ဖြစ်သည်။ သူရောက်လာပြီပဲ။ သို့သော် တစ်ယောက်နှင့်မရသေး။ နှစ်ယောက်ရမှဖြစ်မည်။ စတီရောက်လာလျှင်ရောက်လာ သို့မဟုတ်ကလည်း မစ္စတာအော်လီဗာဟာဗေးနှင့်ပေါ်လာလျှင်ကောင်းမည်။

ထို့နောက် ဒုတိယအမြွှာတစ်ယောက်ဝင်လာသည်ကို တွေ့လိုက်ရပြန်၏။ ယင်းမှာ ဟင်နရီကင်းဖြစ်မည်။ သူမက လိုခြုံရေးလက်ထဲမှ ရုန်းထွက်လိုက်ပြီး...

"ကြည့်ကြပါ၊ ဒီမှာကြည့်ကြပါ"

ထိုသို့ပြောလိုက်စဉ် တတိယအမြွှာဝင်လာပြန်၏။ ဆံပင်က အမည်းနှင့်မို့ ပိန်းစတက်နာဖြစ်ကြောင်း သိသာသည်။ ဂျင်နီက...

"ကြည့်ကြပါရှင် သူတို့ပါပဲ၊ သူတို့ဟာ တစ်ထေရာတည်း တူကြပါတယ်"

ကင်မရာအားလုံး စင်မြင့်ကိုချိန်ထားရာမှ ဝင်လာသူများဘက်ဆီသို့ ချိန်လိုက်ကြသည်။ ကင်မရာမီး တဖျတ်ဖျတ်ဖြင့် ဓာတ်ပုံများလည်း ရိုက်ကြ၏။ ဂျင်နီက သတင်းစာဆရာများအား ဝမ်းသာအားရဖြင့်...

"ကျွန်မပြောတာယ်မဟုတ်လား၊ ကဲ သူတို့မိဘများကိုမေးကြည့်ကြပါ၊ သူတို့ဟာ သုံးမြွှာပူးမဟုတ်ကြပါဘူး၊ သူတို့ရဲ့အမေတွေဟာ တစ်ယောက်နဲ့တစ်ယောက် လည်းမတွေ့ဖူးကြပါဘူး၊ မေးကြပါ၊ ကဲ မေးကြလေ"

ဂျင်နီ သိပ်ဝမ်းသာနေသည်။ မိမိ၏စိတ်ကို ထိန်းရန်ကြိုးစား၏။ သို့သော် အရှိန်မျှော်လွန်းသဖြင့် မထိန်းနိုင်။ သတင်းထောက်အတော်များများမေးချင်၍ လူငယ် ၃ဦးထံသို့ အလုအယက်ပြေးလာကြသည်။ အစောင့်ကဂျင်နီ၏ လက်ကိုဆွဲပြန်သည်။ သို့ရာတွင် လူအုပ်ကြီး၏အလယ်ကို ရောက်နေသဖြင့် ဆက်သွား၍မရဖြစ်နေသည်။ နောက်ဘက်ဆီမှ ဘာရင်တန်၏အသံကိုကြားနေရ၏။

"လူကြီးမင်းများခင်ဗျား၊ တစ်ဆိတ်လောက်နားထောင်ကြပါ၊ ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲကိုဆက်ပြီး လုပ်ချင်ပါတယ်"

သူ့စကားမအောင်မြင်။ သတင်းထောက်များမှာ မိန့်ခွန်းသတင်းထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းသော သတင်းကိုတွေ့နေလေပြီ။

အမတ်မင်း ဂျင်ပရူစီအခန်းထဲမှ လစ်ခနဲထွက်သွားသည်ကို ရုတ်တရက် တွေ့လိုက်ရသည်။ လူငယ်တစ်ယောက်က မိုက်ကရိုဖုန်းကို သူမနားကိုတိုးကပ်ပြီး...

"ဒီသိပ္ပံစမ်းသပ်မှုတွေ လုပ်တယ်ဆိုတာကို ခင်များဘယ်လိုတွေ့ခဲ့တာလဲ"

ဂျင်နီက...



"ကျွန်မနာမည် ဒေါက်တာဂျင်နီဖာရာမီပါ၊ကျွန်မဟာ ဂျုံးဖောတကွာ့သိုလ်ရဲ့ စိတ်ပညာဌာနက သိပ္ပံပညာရှင်တစ်ယောက်ပါ၊ ကျွန်မလုပ်ရတဲ့အလုပ်အရ မွေးမတော်မျိုးမစပ်ဘဲ ရုပ်တူအမြွှာတွေလိုဖြစ်တဲ့လူတွေကိုတွေ့လာခဲ့ရပါတယ်၊ ကျွန်မစုံစမ်းကြည့်တယ်၊ ဒီအမှန်တရားကိုပေါ်မှာကြောက်လို့ ဘာရင်တန်ဂျုန်းက ကျွန်မကို အလုပ်ထုတ်ပစ်ခဲ့ပါတယ်၊ ဒါပေမဲ့ ဒီလိုလူတူကိုယ်ပွားတွေကို ဂျုနတ်ကိုကုမ္ပဏီက စမ်းသပ်နဲ့လုပ်ခဲ့တာပါ"

သူမက အခန်းကိုလှည့်ပတ်ကြည့်လိုက်သည်။ စတီတစ်ယောက်ဘယ် ရောက်နေသည်လဲ။

၀ ၀ ၀

စတီ နောက်တစ်ချက်ထပ်ကန်လိုက်သည်။ ရေပိုက်မှာ လက်ဆေးကြွေခွက်၏ရေထွက်ပေါက်မှပြုတ်ထွက်သွား၏။ကြွေခွက်အသားများနှင့် အင်္ဂတေများပဲ့ထွက်လာ၏။ သူကလက်ထိတ်ကိုပိုက်မှဆွဲတင်ကာအပြုတ် ထွက်လာသော ပိုက်ထိပ်မှ ဖြုတ်လိုက်သည်။ လွတ်သွားတော့ထရပ်၏။

သူက လက်ထိတ်တန်းလန်းကိုလူမမြင်စေရန် ထိုဘယ်ဘက်လက်ကို ကုတ်အင်္ကျီအိတ်ထဲနှိုက်ထား၏။ ပြီးတော့ ရေချိုးခန်းထဲမှထွက်လာသည်။

အထူးဧည့်သည်များအခန်းမှ လူမရှိတော့။ အစည်းအဝေးခန်းထဲတွင် ဘာတွေဖြစ်နေသည်မသိ။ သူကစင်္ကြံဘက်သို့ထွက်လိုက်သည်။ အထူးဧည့်သည်များ အခန်းဘေးတွင်အစည်းအဝေးခန်းဟုရေးထားသော ဆိုင်းဘုတ်ကိုတွေ့ရ၏။ စင်္ကြံ၏ အောက်ဖက်နားဆီတွင်ဓာတ်လှေကားစောင့်နေသောသူနှင့် ရုပ်တူတစ်ယောက်ကို တွေ့လိုက်ရသည်။

သူဘယ်သူလဲ၊ ထိုတစ်ယောက်မှာ သူ၏လက်ကောချိုးခတ်ကိုလက်နှင့် ပွတ်နေသည်။ ပါးနှစ်ဖက်တွင်လည်း ပါးစပ်တွင်အဝတ်ဆို့ထားရသည့်ပမာ နီရဲနေသည်။ ယင်းမှာ ဟာဗေးဖြစ်မည်။

ဟာဗေးက စတီအား လှမ်းကြည့်ရာ မျက်လုံးချင်းဆိုင်မိသွား၏။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်အတန်ကြာအောင် ကြည့်နေမိကြသည်။ မိမိကိုယ်ကို မှန်ထဲတွင်ကြည့်နေရသလိုဖြစ်နေ၏။ထို့နောက် စတီက မျက်နှာကိုလွှဲ၍ အစည်းအဝေးခန်းထဲသို့ဝင်လိုက်သည်။

အထဲတွင် ရုပ်ရှက်ခတ်နေသည်။ ဂျင်နီနှင့်လစ်ဆာတို့ လူအုပ်ကြီးနှင့် ဓာတ်ပုံသမားများအလယ်တွင်ရောက်နေ၏။ သူတို့နှင့်အတူရုပ်တူကိုယ်ပွားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်... နှစ်ယောက်...သုံးယောက် တွေ့လိုက်ရ၏။ သူကလူအုပ်ထဲ တိုးဝင်ပြီး....

"ဂျင်နီ"

သူမက သူ့ကိုမော့ကြည့်ပြီး ကြောင်တောင်တောင်ဖြစ်နေ၏။

"စတီပါ"

ဂျင်နီ၏ဘေးတွင် မစ်ရှဲဒဲလ့ဗ် ရောက်နေသည်။ စတီက မစ်ရှ် အား...

"ခင်ဗျား ဟာဗေးကို လိုက်ရှာနေတယ်ဆိုရင် သူ အပြင်မှာ ဓာတ်လှေကား စောင့်နေတယ်"

မစ်ရှ်က ဂျင်နီအား...

"သူ ဘယ်သူလဲဆိုတာ ရှင်ခွဲပေးပါ"

ဂျင်နီက သူ့ဘက်ကိုလှည့်ကာ...

"ဟုတ်ပြီ၊ ကျွန်မ တင်းနစ်နည်းနည်းရိုက်တတ်တယ်"

သူက ပြုံးလျက်..

"နည်းနည်းရိုက်တတ်တယ်ဆိုရင် ခင်ဗျားကျွန်တော်နဲ့ယှဉ်မရိုက်နဲ့"

"တော်ပါသေးရဲ့"

ဂျင်နီကဆိုသည်။ ပြီးတော့ သူ့ကိုလှမ်းဖက်လိုက်၏။သူက ငုံ့ကာ သူမအား နမ်းလိုက်သည်။

ကင်မရာများ သူတို့ဖက်သို့လှည့်လာကြ၏။ ကင်မရာမီးများ တဖျတ်ဖျတ် ကျရောက်လာကြသည်။ နောက်တစ်နေ့မနက်တွင် တစ်ကမ္ဘာလုံးရှိ သတင်းစာများ၌ သူတို့နှစ်ယောက်၏ ဓာတ်ပုံများမျက်နှာဖုံးတွင် ပါလာကြတော့သည်။

● ○ ○

## အခန်း (၆၃)

ဖောရက်စ်လုန်းရိပ်သာလေးမှာ ဟိုတယ်ကလေးတစ်ခုနှင့်တူသည်။ မိခင်၏ အခန်းမှာ ညှော်ခန်းကလေးတစ်ခုလည်းပါ၏။

"မေမေ ဒါကျွန်မခင်ပွန်းပေါ့"

ဂျင်နီက ပြောလိုက်တော့ စတီကပြုံးပြီး ဂျင်နီ၏မိခင်ကို လက်ဆွဲနှုတ်ဆက်သည်။ မိခင်က...

"လူချောကလေးပဲ။ မင်းက ဘာအလုပ်လုပ်သလဲ"

"ကျွန်တော်က ဥပဒေကျောင်းသားပါ"

"ဥပဒေ.. ဒီအလုပ်က ကောင်းတာပဲ"

ဂျင်နီက...

"သမီးတို့ မင်္ဂလာဆောင်ကိုအဖေတောင်လာသေးတယ်"

"မင်းအဖေတစ်ယောက်နေကောင်းလား"

"ကောင်းပါတယ်၊ အသက်ကြီးလာတော့ ဒီလိုပေါ့၊ နိုးတာ၊ လုတာ၊ တိုက်တာတွေမလုပ်တော့ဘူး၊ ကိုယ်ပိုင်လုံခြုံရေးကုမ္ပဏီတစ်ခုထောင်ထားတယ်၊ အလုပ်လည်းအောင်မြင်ပါတယ်"

"သူ့ကို အမေ မတွေ့ရတာ အနှစ်နှစ်ဆယ်လောက်ရှိပြီ"

"ဟုတ်တာပေါ့ အမေရယ်၊ သူ အမေ့ဆီကိုလာအေးတယ်၊ အမေ မမှတ်နေလို့ ဒါထက် အမေ့ကိုကြည့်ရတာ ကျန်းကျန်းမာမာရှိတဲ့ပုံရတယ်၊ ဒီမှာနေရတာ အရှိန်ရိပ်

www.burmeseclassic.com

www.burmeseclassic.com



သာနဲ့တော့ အများကြီးပိုကောင်းတယ်မဟုတ်လား"

မိခင်မျက်နှာကလေး ငယ်သွားပြီ။

"အမေတို့ ဘယ်လိုလုပ်ပိုက်ဆံပေးမလဲသမီးရယ်၊ အမေ့မှာတော့ ပိုက်ဆံမရှိဘူး"

"ကျွန်မ အလုပ်သစ်တစ်ခုရပြီ အမေ၊ ကျွန်မပေးနိုင်ပါတယ်"

"ဘာအလုပ်လဲ"

"လင်းစမင်းလို့ခေါ်တဲ့ စီဝသုတေသနကုမ္ပဏီကြီးတစ်ခုမှာ ဒါရိုက်တာအလုပ်လေ"

မိုက်ကယ်မက်ဒီဂန်က သူမအား အလုပ်ခန့်ထားခဲ့သည်။ လစာကလည်း ဂျူးဖောတဗ္ဗသိုလ်မှာထက်သုံးဆများ၏။ပို၍ဝမ်းသာစရာကောင်းသည်က စီဝသုတေသနလုပ်ငန်းကို ဆက်လက်ဦးဆောင်နေရခြင်းပင်။ မိခင်က...

"ကောင်းတယ်ကွယ်၊ ဪ.. ဒါထက် သမီးတို့ခုတ်ပုံ သတင်းစာထဲမှာ တွေ့လိုက်တယ်၊ အဲဒါအမေသိမ်းထားတယ်"

မိခင်က လက်ကိုင်အိတ်ထဲမှခေါက်ထားသောသတင်းစာဖြတ်ပိုင်းတစ်ခုကို ထုတ်ယူပြီး သတင်းစာကိုဖြန့်ကာ ဂျင်နီအားလှမ်းပေးလိုက်သည်။ထိုဓာတ်ပုံကို ဂျင်နီမြင်ဖူးပြီးပြီဖြစ်သော်လည်း ယခုမှမြင်ရသည့်ပမာ ပြန်ကြည့်နေသည်။ အေဗင်တိုင်းဆေးခန်းသိပ္ပံစမ်းသပ်မှုနှင့်ပတ်သက်၍ ကွန်ဂရက်စုံစမ်းရေးကော်မတီက သူမအား မေးမြန်းခဲ့သည်။ ထိုကော်မတီ၏ အစီရင်ခံစာမထွက်သေး။ သို့သော် အစီရင်ခံစာတွင် မည်သို့ကောက်ချက်ချမည်ကို မေးရန်မလိုတော့။

ဂျင်ပရှစ်အား မေးမြန်းစစ်ဆေးပုံကို တစ်နိုင်ငံလုံးတွင် ရုပ်မြင်သံကြားဖြင့် လွှင့်ထုတ်ခဲ့ရာ သူ့အကြီးအကျယ်အရှက်ကွဲခဲ့သည်။ ဂျင်ပရှစ်မှာ အော်ကြီးဟစ်ကျယ်ဖြင့် လိမ်ညာထွက်ဆိုခဲ့ရာ ခပြာရင်းဆိုရင်းသူ့အပြစ်များပေါ်လွင်လာ၏။ထိုသို့ မေးမြန်းစုံစမ်းပြီးနောက် သူလည်းအမှတ်ရာထူးမှနုတ်ထွက်သွားသည်။

ဘဝရင်တန်ဂျုန်းကိုမူ အလုပ်ဆက်လုပ်ခွင့်မပေးဘဲ ဂျူးဖောတဗ္ဗသိုလ်စည်းကမ်းကော်မတီကအလုပ်ထုတ်ပယ်ခဲ့သည်။သူလည်း ကာလီဖိုးနီးယားသို့ပြောင်းပြီး ဓနီးယောင်း၏အဆောက်အအုံကလေးဖြင့် နေထိုင်နေသည်ဟုကြားရသည်။

ပရက်စတာန်ဘတ်လည်း ဂျနတီကိုကုမ္ပဏီဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့သည်။ ထိုကုမ္ပဏီလည်း အဖျက်ခံရပြီး မိခင်ရှစ်ယောက်အား လျော်ကြေးပေးရန် သဘောတူခဲ့ရသည်။ငွေအနည်းငယ်ကိုချန်ထားပြီး အဆိုပါကလေးများနှင့်ပတ်သက်၍ကူညီရေးအတွက် အကြီးဥက္ကဌယူရန် အတိုင်းမင်ခံရကြေးအဖြစ်ချန်ထားသည်။



ဟာဗေးဂျုန်းမှာ မီးရှို့မှု ဘလက်ကာယမှုတို့ဖြင့် ထောင်ငါးနှစ်ကျ[illegible]သည်။ မိခင်က...

"သတင်းစာထဲမှာ သမီးတို့သက်သေခံထွက်ဆိုရတယ်ဆို၊ သမီးတို့ [illegible]မရောက်ကြဘူးမဟုတ်လား"

ဂျင်နီက စတီနှင့် အပြုံးချင်းဖလှယ်၍...

"စက်တင်ဘာလတုန်းက တစ်ပတ်လောက်တော့ သမီးတို့ ဒုက္ခရောက်[illegible]တယ် အမေ၊ ဒါပေမဲ့ နောက်ဆုံးကျတော့အားလုံးအဆင်ပြေသွားပါတယ်"

"ကောင်းပါတယ်"

ဂျင်နီက ထဓတ်တှတ်ရပ်ပြီး...

"သမီးတို့သွားဦးမယ်အမေ၊သမီးတို့ပျားရည်ဆမ်းခရီးထွက်မလို့၊ [illegible]အမီ သွားရမယ်"

"ဘယ်ကိုသွားကြမှာလဲ"

"ကရိဘီယံ ပင်လယ်ထဲက အပန်းဖြေကမ်းခြေလေးတစ်ခုကိုပါ၊ အဲဒီနေ[illegible]ဟာ ကမ္ဘာပေါ်မှာ အလှဆုံးလို့ပြောနေကြလို့"

စတီက မိခင်နှင့်လက်ဆွဲနှုတ်ဆက်သည်။ ဂျင်နီက နမ်း၍ နှုတ်ဆက်[illegible]သူတို့ထွက်သွားတော့ မိခင်က...

"ကောင်းကောင်း အနားယူပေါ့သမီးရယ်...၊ အနားယူလိုက်ပါတယ်"

စင်သန်

www.burmeseclassic.com